အပြစ်ပယ်ခံဂိုဏ်းဂဏမှ ကမ္ဘာ့မိတ်သဟာယအဖွဲ့အစည်းသို့
အံ့မခန်းတိုးတက်မှုရှိသော ခရစ်ယာန်အသင်းတော်သမိုင်း

********************************

# ဆူး ရစ်သ ရဖူမှဦး ရစ်သ ရဖူသို့

ဦးဗစ်တာရွှေ
ဘာသာပြန်ဆိုသည်
ပထမအကြိမ်

# ဆူးရစ်သရဖူမှဦးရစ်သရဖူသို့

Ellen G. White ရေးသားပြုစုသော From Trials to Triumph
စာအုပ်ကို သိက္ခာတော်ရမမွဆရာဦးဇစ်တာရွှေက
"ဆူးရစ်သရဖူမှဦးရစ်သရဖူသို့" အမည်ဖြင့် မြန်မာပြန်ဆိုသည်

(ပထမအကြိမ် )

ပထမပုံနှိပ်ခြင်း၊ ၂၀၀၃ခုနှစ်၊ နိုဝင်ဘာလ၊ စောင်ရေ ၅၀၀၀

စာမူခွင့်ပြုချက်အမှတ် ၅၃၇/၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၄၄/၂၀၀၃ (၁၁)

ဓမ္မဒါန

အမှတ်(၆၈)၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့၊ မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်း၊
ဦးဆန်ဒီ၊ ယာယီမှတ်ပုံတင်အမှတ် (၄၄၇) ကထုတ်ဝေသည်

အမှတ် (၂၀၆)၊ ရွှေသစ္စာလမ်း၊ ကံဘဲ့၊ ရန်ကုန်မြို့၊ ကင်းစောင့်ပုံနှိပ်တိုက်၊
ဦးစိုင်းရပ်စ်၊ မှတ်ပုံတင်အမှတ် (၀၂၈၃၀)က ရိုက်နှိပ်သည်။

(ပထမအကြိမ်)

# ဆူးရစ်သရဖူမှဦးရစ်သရဖူသို့

အီး၊ ဂျီ၊ ဝှိုက်

ယေရှုခရစ်တော်၏ ဧဝံဂေလိသတင်းကောင်းကို
ကြွေးကြော်ခြင်း

# စကားချီ

ငါးခုမြောက်သောဓမ္မသစ်ကျမ်းစောင်ကို တမန်တော်များ၏ အမှုတော်ဆောင်ခြင်းမှတ်တမ်းဟု ရှေးဦးခရစ်ယာန်တို့သိမှတ်နားလည်ခဲ့ကြပါသည်။ ၎င်းကို တမန်တော်ဝတ္ထုဟုလည်းခေါ်ပါသည်။ ဤသို့ခေါ်တွင်ရခြင်း၌အကြောင်းရှိ၏။ အမှုတော်ဆောင်များတွင် တပည့်တော်တစ်ဆယ့်နှစ်ပါးသာမက အခြားအခြားသော တမန်တော်များလည်းပါဝင်ကြလေရာ၊ ထိုသူတို့၏အဓိကလုပ်ဆောင်ချက်ဖြစ်ရပ်မှန်များကိုမှတ်တမ်းတင်ထားရှိခဲ့ပါသည်။ ဤသည်ကို ရှေးအကျဆုံးစာမူတစ်ခုဖြစ်သည့်Codex Sinaitieus(ကိုဒက်စိုင်းနိုင်တိုက်ကတ်စ်)တွင် တွေ့ရှိပါ၏။ ဦးဆောင်တမန်တော်ကြီးများမှုကား ပေတရု၊ ယာကုပ်၊ ယောဟန်နှင့်ပေါလုတို့ဖြစ်ကြပါသည်။

ဤတမန်တော်ဝတ္ထုကို ယေရှုချစ်သောသမားတော်လုကာက ရေးသားခဲ့ပါသည်။ သူသည် တစ်ပါးအမျိုးသား ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်၍ သူ၌လူမျိုးရေးခွဲခြားမှုမရှိပါ။ တမန်တော်များခေတ်သည် နှစ်ပေါင်းသုံးဆယ်ကျော်ကြာလတ်၏။ သို့တိုင်အောင်လည်း ခေတ်အဆက်ဆက်ရှင်သန်နေသောအသင်းတော်အတွက် အရေးကြီးသောသင်ခန်းစာများကို ပေးနိုင်စွမ်းရှိလေသည်။ ပေတရုအချိန်ကပင်တေကုတ္တေပွဲနေ့တွင် သက်ရောက်သည့်သန့်ရှင်းသော ဝိညာဉ်တော်အဦးမိုးသည် ယခုတွင်လည်း နောက်မိုးအသွင်ဖြင့် ကျရောက်နိုင်၏။ ဧဝံဂေလိသခင်းကောင်းပျံ့နှံ့စေရန်အတွက်ပင်ဖြစ်သည်မဟုတ်လော။ ပေတရု၊ ပေါလု၊ယောဟန်၊ယာကုပ်တို့ သန့်ရှင်းသောဝိညာဉ်တော်၏အကူအညီဖြင့် ခရစ်ယာန်အမှုတော်ဆောင်ရာ၌အောင်မြင်ခဲ့သကဲ့သို့ ယခုနှစ်ဆယ်ရာစုခေတ်မှီ ဘုရားသခင်၏တပည့်တော်တို့သည်လည်း အမှုတော်မြတ်တွင် အောင်မြင်ရပါလိမ့်မည်။

တမန်တော်ဝတ္ထု၏အဆုံးသတ်ပုံမှာ မြန်ဆန်လွန်းသော်လည်း တည်ငြိမ်မှုထားရှိသည်။ စိတ်အားတက်ဖွယ်ရာဖြစ်ရပ်တို့သည်လည်း ဆက်ရန်ရှိသေး၏။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ထာဝရဘုရားသခင်၏လုပ်ဆောင်ချက်များတို့သည်လည်း ခရစ်ယာန်သမိုင်း၏ ခေတ်အဆက်ဆက်တွင်ဆက်ကပ်၍ ကြွေးကြော်သံများကိုကြားနေရပါဦးမည်။ လူမျိုးတစ်ဆက်ပြီးတစ်ဆက်ပါဝင်အသုံးတော်ခံကြသူများလည်း လှုပတင့်တယ်၍ သြဇာသက်ရောက်ပေဦးမည်။ ဤဝတ္ထုတွင်ဖော်ပြထားသောမှတ်တမ်းတင်လုပ်ရပ်များ၏သော့ချက်မှာ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်၏။ သန့်ရှင်းသောဝိညာဉ်တော်သည် တမန်တော်ခေတ် ခရစ်ယာန်ခေါင်းဆောင်ကြီးများကို အထူးအကြံပေး ကူညီမစခဲ့ပါသည်။ ပင်တေကုတ္တေပွဲနေ့မှာ ဆုတောင်း၍ စောင့်နေကြသော တပည့်တော်တို့အပေါ် သို့ ဝိညာဉ်တော်သက်ရောက်သဖြင့် တန်ခိုးအာနိသင်နှင့်ပြည့်ဝကာ ဧဝံဂေလိသတင်းကောင်းကို ဟောကြားခဲ့၏။ ဝိညာဉ်တော်နှင့်လည်းကောင်း၊ ပညာနှင့်လည်းကောင်း၊ ပြည့်စုံသောအသရေရှိလူခုနှစ်ယောက်တို့ကိုလည်း အသင်းထောက်အဖြစ်ရွေးချယ်ခန့်အပ်ထားကြသည်။ (တမန်တော် ၆း၃)။ ဝိညာဉ်တော်သည်ရှောလုကိုဘိသိက်ပေး၏။ (တမန်တော် ၉း၁၇)။ တစ်ပါးအမျိုးသားတို့ကိုလည်း ခရစ်ယာန်ဖြစ်စေ၏။ (တမန်တော် ၁၀း၄၄-၄၇)။ ဗာနဗနှင့်ရှောလုတို့ကို ခရစ်ယာန်သာသနာပြုလုပ်ငန်းအတွက် ရွေးချယ်ခွဲခန့်ထား၏။ (၁၃း၂-၄)။ ယေရုရှလင်မြို့ခရစ်ယာန်အသင်းတော်ကောင်စီ (၁၅း၂၈)တွင်သော်လည်းကောင်းဝိညာဉ်တော်သည် အုပ်စိုးလမ်းညွှန်လျက်နေ၏။ ဂျူးလူမျိုးနှိပ်စက်ကလူပြုသူများနှင့် ဗေရာမအင်ပါယာလက်အောက်တွင်ရှိခဲ့စဉ်ကလည်း အသင်းတော်သည် ဆင်းရဲဒုက္ခခံရသောအခါ ဝိညာဉ်တော်သည် ယုံကြည်သူများကို တိမ်းစောင်းမှားယွင်းခြင်းမှစောင့်မခဲ့၏။

“ဆူးရစ်သရဖူမှ ဦးရစ်သရဖူသို့” (သို့မဟုတ်) “တမန်တော်များခရစ်ယာန်သာသနာ”စာအုပ်သည် အယ်လင်ဂျီဝှိုက်၏နောက်ဆုံးစာအုပ်များတွင် တစ်အုပ်ဖြစ်သည်။ ကလောင်ရှင်မသေဆုံးမီ ပုံနှိပ်ထုတ်ဝေခဲ့သောစာအုပ်ပေတည်း။ ရေးသားသောစာအုပ်များထဲတွင် ပညာသားပါ၍ ဖတ်ကောင်းသောစာအုပ်တစ်အုပ်ဖြစ်ပါသည်။ စာဖတ်သူတို့သည်လည်း ကျေးဇူးတော်အားဖြင့် ခရစ်တော်အတွက်သက်သေခံများဖြစ်လိုကြပေလိမ့်မည်။ ဤစာစောင်၏နှိုးဆော်ချက်သည် ခေတ်မီ၍ထိုအကျိုးဆက်များအားဖြင့်ယခုနှစ်ဆယ့်တစ်ရာစုခေတ်တပည့်တော်အပေါင်းကို ပင်တေကုတ္တေပွဲနေ့ ဝိညာဉ်တော်တန်ခိုး၏အတွေ့အကြုံမျိုးကို ခံစားသိမြင်စေပါလိမ့်မည်။ ဧဝံဂေလိသတင်းစကား၏ကြွေးကြော်သံသည် နောက်ဆုံးပိုင်းသို့ရောက်ရှိနေလေပြီ။ ယခင်ကထက်အဆပေါင်းများစွာအားကောင်းနေမည်ဖြစ်သည်။

စာဖတ်သူသည် ရှေးဦးအသင်းတော်၏ပြောင်မြောက်သောနှိုးကြားမှုဖြစ်ရပ်မှန်များကို သိမြင်နားလည်ခံစားရ၍ တစ်ချိန်တည်းမှာပင် ယခုခေတ်ဝိညာဉ်ရေးဆိုင်ရာရန်သူကြီး၏ လျှို့ဝှက်သောတုပမှုများစွာကို ခွဲခြားသိမြင်နိုင်ပြီဟုဆိုလျှင် ကျွန်ုပ်တို့၏ဆန္ဒမွန်နှင့် ဆုတောင်းပေးချက်များ ပြည့်စုံလေပြီဟု မှတ်ယူမိပါကြောင်း။

ပုံနှိပ်ထုတ်ဝေသူများ

# မာတိကာ


အခန်း အကြောင်းအရာ စာမျက်နှာ

၁။ အသင်းတော်အတွက်ဘုရားသခင်၏အကြံတော်-----------------၁

၂။ တပည့်တော်တစ်ဆယ့်နှစ်ပါးကိုသင်တန်းပေးခြင်း--------------၁၀

၃။ စေခိုင်းချက်ကြီး -----------------------------------------၁၉

၄။ ပင်တေကုတ္တေပွဲ -----------------------------------------၂၉

၅။ ဝိညာဉ်တော်ဆုကျေးဇူး-------------------------------------၄၂

၆။ ဗိမာန်တော်တံခါးနားမှာ------------------------------------၅၄

၇။ သူတော်ကောင်းဖြစ်ယောင်ဆောင်မှုကိုဆန့်ကျင်သတိပေးချက်--၇၀

၈။ စန်ဟီဒရင်တရားရုံးတော်ရှေ့ဝယ်-----------------------------၇၈

၉။ အသင်းထောက်ခုနှစ်ယောက်-------------------------------- ၈၉

၁၀။ ပထမဦးဆုံးခရစ်ယာန်အာဇာနည်--------------------------၁၀၁

၁၁။ ရှမာရိပြည်ရောက်ဧဝံဂေလိသတင်းကောင်း-----------------၁၀၈

၁၂။ နှိမ့်စက်သူအဖြစ်မှ သည်တပည့်တော်အဖြစ်သို့-------------၁၁၈

၁၃။ ပြင်ဆင်ရန်နေ့ရက်များ -----------------------------------၁၃၁

၁၄။ အမှန်တရားကိုရှာဖွေသူ---------------------------------၁၄၀

၁၅။ အကျဉ်းထောင်မှကယ်ချွတ်ခံရခြင်း------------------------၁၅၂

၁၆။ အန္တိအုတ်မြို့ရောက်ဧဝံဂေလိသတင်းကောင်း---------------၁၆၅

၁၇။ သတင်းကောင်းကိုကြွေးကြော်ခြင်း-------------------------၁၇၆

၁၈။ လူမျိုးခြားတွင်ခရစ်ယာန်သာသနာပြုခြင်း-------------------၁၈၇

၁၉။ ဂျူးလူမျိုးနှင့်တစ်ပါးအမျိုးသား-----------------------------၁၉၈

၂၀။ ကပ်တိုင်တော်ကိုချီးမြှောက်ခြင်း----------------------------၂၁၂

၂၁။ နယ်နိမိတ်လွန်ဒေသများဝယ်------------------------------၂၂၄

၂၂။ သက်သာလောနိတ်မြို့-------------------------------------၂၃၄

၂၃။ ဗေရိမြို့နှင့်အေသင်မြို့-----------------------------------၂၄၅

၂၄။ ကောရိန်သုမြို့------------------------------------------၂၅၈

၂၅။ သက်သာလောနိတ်မြို့သို့ပေးစာများ------------------------၂၇၀

မာတိကာ


၂၆။ ကောရိန်သုမြို့မှာရှိသောအာပေါလု-----------------------၂၈၅
၂၇။ ဧဖက်မြို့--------------------------------------------၂၉၈
၂၈။ ချွေးနှင့်သွေးနှင့်ရင်းရသောနေ့ရက်များ---------------------၃၀၇
၂၉။ သတိပေးခြင်းနှင့်အပူတပြင်းတောင်းပန်ချက်----------------၃၁၃
၃၀။ အဆင့်မြင့်တင်ရန်ဖိတ်ခေါ်မှုခံရခြင်း-----------------------၃၂၃
၃၁။ သတင်းစကားကိုသတိပြုသောအခါဝယ်---------------၃၃၅
၃၂။ စေတနာထက်သန်ခြင်း၏ဝမ်းမြောက်မှု----------------၃၄၆
၃၃။ အခက်အခဲများကြားဝယ်အမှုတော်ကိုဆောင်ရွက်ခြင်း--၃၅၆
၃၄။ ဆက်ကပ်လုပ်ဆောင်ရသောခရစ်ယာန်သာသနာပြုအလုပ်---
----------------------------------------------------၃၆၇
၃၅။ ဂျူးလူမျိုးထံရောက်ကယ်တင်ခြင်းတရား---------------၃၇၉
၃၆။ ဂလာတိမြို့မှဖောက်ပြန်မှုကြီး-------------------------၃၈၇
၃၇။ပေါလု၏ယေရုရှလင်မြို့ရောက်နောက်ဆုံးခရစ်ယာန်သာသနာ
ခရီး----------------------------------------------၃၉၃
၃၈။ ညီအစ်ကိုတို့ကပေါလုကိုအကြံဆိုးပေးခြင်း-------------၄၀၁
၃၉။ ကဲသရိမြို့မှာပေါလုရုံးတင်ခံရခြင်း---------------------၄၁၇
၄၀။ ဘုရင်မင်းစီဇာထံသို့လျှောက်လဲချက်ကိုတင်သွင်းခြင်း---၄၂၄
၄၁။ ကပ်တိုင်တော်ကိုငြင်းပယ်သောရှင်ဘုရင်--------------၄၂၈
၄၂။ ရေကြောင်းခရီးတွင်သင်္ဘောပျက်ခြင်း-----------------၄၃၄
၄၃။ ရောမမြို့တော်ထဲဝယ်-သံကြိုးများနှင့်ဧဝံဂေလိဆရာကြီး-၄၄၁
၄၄။ ဘုရင်မင်းစီဇာ၏စံအိမ်တော်ရှိဆွေတော်မျိုးတော်များ---၄၅၂
၄၅။ ရောမမြို့တော်မှပေါလုရေးလိုက်သောစာစောင်များ-----၄၅၉
၄၆။ လွတ်ပြန်ပြီပေါ့တစ်ခါ-------------------------------၄၇၁
၄၇။ နောက်ဆုံးအပြီးပိုင်အဖမ်းခံရခြင်း--------------------၄၇၅
၄၈။ ဘုရင်မင်းနီရိုးရှေ့တော်မှောက်တစ်ဖန်ရောက်ပေါလု----၄၇၈

မာတိကာ


၄၉။ ပေါလု၏နောက်ဆုံးစာစောင်-------------------------၄၈၄
၅၀။ မိမိအဖို့အသေခံခဲ့သောသခင့်အတွက်ပေါလုအသေခံသွား
ခြင်း---------------------------------------------၄၉၄
၅၁။ သစ္စာရှိသောအစေခံသိုးထိန်းငယ်တမန်တော်ပေတရု---၄၉၈
၅၂။ ပေတရုသည်ရောမမြို့မှာအသေခံခဲ့ခြင်း---------------၅၀၉
၅၃။ အချစ်ဆုံးတပည့်တော်ယောဟန် --------------------၅၁၇
၅၄။ ခရစ်တော်အတွက်သစ္စာရှိသောသက်သေခံသောယောဟန်--
-----------------------------------------------၅၂၃
၅၅။ ယောဟန်ရသောစစ်မှန်သည့်သန့်ရှင်းခြင်း၏လျှို့ဝှက်ချက်---
-----------------------------------------------၅၃၃
၅၆။ ပတ်မုကျွန်းမှာပြည်နှင်ဒဏ်ခံရခြင်း--------------------၅၄၂
၅၇။ ဘုရားသခင်ဖော်ပြသောမြင်ကွင်းကျယ်ရုပ်မြင်သံကြားကို
ယောဟန်မြင်တွေ့ရခြင်း----------------------------၅၅၁
၅၈။ ဘုန်းတောက်သောခေတ်ကာလသည်ကျွန်ုပ်တို့၏ရှေ့မှာရှိ
ခြင်း--------------------------------------------၅၆၂


----o----

## အခန်း(၁)
## အသင်းတော်အတွက်ဘုရားသခင်၏အကြံတော်

အသင်းတော်သည် လူ့အသက်ဝိညာဉ်ကယ်ဆယ်ရေးအတွက် ထာဝရဘုရားသခင်ကိုယ်တော်တိုင်က ခန့်အပ်ထားသော အေဂျင်စီအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ မြေကြီးစွန်းတိုင်အောင် ထာဝရဧဝံဂေလိသတင်းစကားဟောကြားရန်ဖြစ်သတည်း။ ရှေးမဆွကပင် ထာဝရဘုရားသခင်၌အကြံတော်ရှိ၏။ ယင်းကား ကိုယ်တော်၏ဘက်စုံပြည့်ဝစုံလင်ခြင်းနှင့် ဂုဏ်ကျေးဇူးတော်အပေါင်းကို ဤကမ္ဘာလောကကြီးအားအသင်းတော်က ရောင်ပြန်ဟပ်စေရန်ဖြစ်ပါသည်။ ဤနည်းဖြင့် အသင်းသူ/သားတို့သည် မှောင်မိုက်ထဲမှ အံ့ဘွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောဂုဏ်ကျေးဇူးများကို ဖော်ပြရမည်။ အသင်းတော်သည် ခရစ်တော်သခင်၏ ဂုဏ်ကျေးဇူးတော်အပေါင်းကို သိုမှီးထားသောဌာနဖြစ်သည်။ ဘုရားသခင်၏ ထူးဆန်းသောတရားတော်နှင့် အဂ္ဂပေမေတ္တာတော်ကို လောကတစ်ခွင်လုံးသို့ သာမကသေး၊ "ကောင်းကင်အရပ်ရပ်တို့၌အထွတ်အမြတ်အာဏာစက်တို့" သို့တိုင်အောင် ယခုထင်ရှားသိမြင်စေရမည်အကြောင်းတည်း။ (ဧဖက် ၃း၁၀)

အသင်းတော်နှင့်ပါတ်သက်၍ သမ္မာကျမ်းစာတွင်မှတ်တမ်းတင်ထားသည့်အတိုင်း အံ့သြဖွယ်ရာကတိတော်များစွာရှိပါသည်။ "ငါ့အိမ်ကို လူအမျိုးမျိုးဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတ္တံ့"။ (ဟေရှာယ ၅၆း ၇)"သူတို့ကိုလည်းကောင်း၊ ငါ၏တောင်တော်ပတ်လည်၌ရှိသော အရပ်ရပ် တို့ကိုလည်းကောင်း၊ ငါကောင်းချီးပေး၍ အချိန်တန်လျှင် မိုးကိုရွာစေသဖြင့် ကောင်းချီးမိုးရေကျရလိမ့်မည်။ "အသရေရှိသောဥယျာဉ်ကိုလည်း သူတို့အဖို့ငါပြုစုမည်။ နောက်တစ်ဖန်ပြည်၌ အစာအာဟာရခေါင်းပါး၍ သူတို့သည် မွတ်သိပ်ခြင်းကိုမခံရကြ။ တစ်ပါးအမျိုးသားတို့၏ ကဲ့ရဲ့ခြင်းကိုလည်းမခံရကြ။

သူတို့၏ဘုရားသခင်ငါ ထာဝရဘုရားသည် သူတို့နှင့်အတူရှိကြောင်းကိုလည်းကောင်း၊ ဣသရေလအမျိုးသား(ဝိညာဉ်ရေးဆိုင်ရာ) တည်းဟူသောသူတို့သည် ငါ၏လူဖြစ်ကြောင်းကိုလည်းကောင်း သိရကြလိမ့်မည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။

ငါ၏ကျက်စားရာအရပ်၌ရှိ သောသိုးတို့၊ သင်တို့သည်လူဖြစ်ကြ၏။ ငါသည်လည်း သင်တို့၏ဘုရားသခင်ဖြစ်သည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။” (ယေဇကျေလ ၃၄း၂၆၊ ၂၉-၃၁)။

“ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ သင်တို့သည် ငါ့ကိုသိမှတ်ယုံကြည်၍ ငါသည်မှန်ပြီဟုနားလည်မည်အကြောင်း ငါ၏သက်သေ၊ငါရွေးကောက်သောကျွန်ဖြစ်ကြ၏။ ငါ့ရှေ့မှာဖန်ဆင်းရာထဲက အဘယ်ဘုရားသခင်မျှမဖြစ်၊ ငါ့နောက်မှာလည်း အဘယ်ဘုရားသခင်မျှမရှိရာ။ ငါတစ်ပါးသည် ထာဝရဘုရားသခင်ဖြစ်၍ ငါမှတစ်ပါး ကယ်တင်သောသခင်မျှမရှိရာ။ ငါတစ်ပါးသည် ထာဝရဘုရားသခင်ဖြစ်၍ ငါမှတစ်ပါး ကယ်တင်သောသခင်မရှိ။ ငါသည် မိန့်မှာထားသည့်အတိုင်းကယ်တင်ပြီ။ ငါဖော်ပြနိုင်ပြီ။သင်တို့တွင် အခြားတစ်ပါးသော ဘုရားသခင်သည် ဖော်ပြနိုင်သည်မဟုတ်။ ငါသည် ဘုရားသခင်မှန်ပြီဟု သင်တို့သည် ငါ၏သက်သေဖြစ်ကြ၏။”ဟေ ရှာယ၄၃း၁၀-၁၂။ ငါထာဝရဘုရားသည် သင့်ကိုတရားသဖြင့်ခေါ်ထားသည်ဖြစ်၍ လက်ဆွဲလျက်ထောက်မမည်။ သင်သည် ကန်းသောမျက်စိတို့ကိုဖွင့်စိမ့်သောငှာလည်းကောင်း၊ ချုပ်ထားသောသူတို့ကို လွှတ်စိမ့်သောငှာလည်းကောင်း၊ မှောင်မိုက်၌နေသောသူတို့ကို အမှိုက်ထောင်ထဲကနှုတ်ယူစိမ့်သောငှါလည်းကောင်း သင့်ကိုလူများနှင့်ပဋိညာဉ်ဖွဲ့စရာဖို့၊ လူအမျိုးမျိုးလင်းစရာဖို့ခန့်ထားမည်။” ဟေရှာယ ၄၂း၆၊၇။

“ထာဝရဘုရားသခင် မိန့်တော်မူသည်ကား၊ နှစ်သက်ဖွယ်သောအချိန်၌ သင်၏စကားကိုငါနားထောင်ပြီ။ ကယ်တင်ရာကာလ၌ သင့်ကိုမစပြီ။ သင့်ကိုလည်းငါစောင့်ရှောက်၍ သင်သည် ပြည်တော်ကိုပြုပြင်လျက် ဆိတ်ညံသောအမွေခံရာအရပ်တို့ကို အမွေပေးစေမည် အကြောင်း၊ ထွက်ကြလော့ဟု ချုပ်ထားသောသူတို့အားလည်းကောင်း ပြောစေမည်အကြောင်း၊ လူမျိုး အားကတိတော်တရားကိုပြုစရာဖို့ သင့်ကိုခန့်ထားမည်။ သို့ဖြစ်၍ထိုသူတို့သည် လမ်းခရီးတို့အနားမှာစားရ၍ မြင့်သောအရပ်ရပ်တို့၌ ကျက်စားရာကိုတွေ့ရကြလိမ့်မည်။ သူတို့သည် ရေစာကိုမငတ်မမွတ်ရ။ အပူကိုလည်း မခံရကြ။ နေရောင်ခြည်မထိရ။ အကြောင်းမူကား၊ သူတို့ကိုသနားသော သူသည် သူတို့ကိုပို့ဆောင်၍ စမ်းရေတွင်းအနားသို့ လမ်းပြလိမ့်မည်။ ငါ၏တောင် ရှိသမျှတို့ကို သွားရာလမ်းဖြစ်စေမည်။ ငါ၏မြေတံတားများကိုလည်းငါဖို့မည်။”

"အိုမိုးကောင်းကင်တို့၊ သီချင်းဆိုကြလော့။ အိုမြေကြီး၊ ဝမ်းမြောက် ခြင်းရှိလော့။ အိုတောင်များတို့၊ ရွှင်လန်းစွာသီချင်းဆိုကြလော့။ အကြောင်းမူကား၊ ထာဝရဘုရားသခင်သည် မိမိလူတို့ကိုနှစ်သိမ့်စေတော်မူ၏။ ဆင်းရဲ ခံရသောမိမိလူတို့ကို ကယ်မသနားတော်မူ၏။

ဇိအုန်ကလည်း၊ ထာဝရဘု ရားသခင်သည် ငါ့ကိုစွန့်ပစ်တော်မူပြီ။ ဘုရားသခင်သည် ငါ့ကိုမေ့လျော့ တော်မူပြီဟုဆိုလေသော်၊ မိန်းမသည် မိမိဖွားသောသားကို မသနားသည် တိုင်အောင် မိမိနို့စို့သူငယ်ကိုမေ့လျော့နိုင်သလော။ အကယ်၍မေ့လျော့ သော်လည်း သင့်ကိုငါမမေ့လျော့။ ငါသည် ကိုယ်လက်ဝါး၌ သင့်ကိုစာထိုးပြီ။ သင်၏မြို့ရိုးသည် ငါ့ရှေ့မှာအစဉ်ရှိ၏။" ဟေရှာယ ၄၉း၈-၁၆။

အသင်းတော်သည် ထာဝရဘုရားသခင်၏ခိုလှုံရာရဲတိုက်ကြီးဖြစ်တော်မူ၏။ ဤရဲတိုက်သည် ပုန်ကန်သောကမ္ဘာမြေကြီးသားအလယ်တွင်ရှိ လေသည်။ အသင်းတော်ကိုပြင်းပယ်သူမှန်သမျှသည် မိမိအားအသက်ပေး၍ စာတန်လက်မှ ရွေးနှုတ်တော်မူခဲ့သော ဘုရားသခင်၏သားတော်ကိုပြင်းပယ်သဖြင့် စေလွှတ်တော်မူသောဘုရားသခင်ကို သစ္စာဖောက်သည်နှင့်မခြားပါ။ ရှေးမဆွကပင် ထာဝရဘုရားသခင်၌ သစ္စာရှိသောသူတို့သည် ဤ မြေကြီးပေါ်တွင် အသင်းတော်ကို စီရင်ပြဒါန်းခဲ့လေပြီ။

ခေတ်အဆက်ဆက် တွင်လည်းကိုယ်တော်သည် ကင်းစောင့်တို့ကို စေလွှတ်ခဲ့ပါသည်။ ထိုကင်းစောင့်တို့သည် ဘုရားသခင်ပေးသက်သေခံချက်များကို သစ္စာရှိစွာကြွေးကြော်ကြရ၏။ သူတို့တာဝန်ပြီးဆုံး၍ ခရစ်တော်၌အိပ်စက်အနားယူသွား သောအခါ ထိုတာဝန်ကိုနောက်လူတို့က ဆက်လက်ထမ်းဆောင်ကြပါသည်။ ဤသို့ဖြင့် ထာဝရဘုရားသခင်သည် မိမိလူတို့နှင့် ထာဝရပဋိညာဉ်သစ္စာဖွဲ့ကာ ကောင်းကင်ဘုံမှအသင်းတော်နှင့် မြေကြီးပေါ်မှအသင်းတော်ကို ပေါင်းစည်းထားလေ၏။

အစေခံနံ့ဝိညာဉ်ကောင်းကင်တမန်တို့သည်လည်း အသင်းတော်ကို အလုပ်အကျွေးပြုကြည့်ရှုအုံ့သောငှါလည်းကောင်း၊ ဘုရားသခင့်သားသမီးတို့ငရဲတံခါးကိုအောင်မြင်ဖို့ရန်အတွက်သော်လည်းကောင်း၊ ထာဝရဘုရားသခင်ထံတော်မှ ဆင်းသက်လာရပေတော့သည်။

ရာစုနှစ်ပေါင်းများစွာပင် အသင်းတော်သည် နှိပ်စက်ညှဉ်းဆဲခြင်း၊ တိုက်ခိုက်ခြင်းနှင့်အမှောက်ကမ္ဘာတွင် ရေစုန်မျောခဲ့ရပါသည်။ သို့တစေလည်း ထာဝရဘုရားသခင်သည် အသင်းတော်ကိုစောင့်ကြပ်ထိန်းသိမ်းခဲ့ပါသည်။

လူတို့မှ ခံမရပ်နိုင်သော စုံစမ်းနှောက်ယှက်ခြင်းကို ဘုရားသခင်သည် မပေးပါ။ ကိုယ်တော်၏စီရင်ချက်ကိုတုပကာ ဆန့်ကျင်သူတို့၏လုပ်ရပ်များကိုလည်း ကိုယ်တော်သည် ကြိုမြင်ထားပါသည်။ ထာဝရဘုရားသခင်ကြို တင်ဟောကြား ထားသည်အတိုင်း အချိန်တန်လျှင်ဖြစ်ရစမြဲတည်း။

အကြံတော်များသည်လည်း ပြည့်စုံရသည် ချည်းဖြစ်၏။ ထာဝရဘုရား သခင်သခင်၏တရားတော်သည် ပလ္လင်တော်နှင့် စပ်ဆက်လျက်ရှိသဖြင့် အဘယ်ဝိ ညာဉ်ဆိုးမျှ အသင်းတော်ကိုမအောင်မြင်နိုင်ရာ။ အမှန်တရားသည် ကိုယ်တော် ထံမှလာ၍ ကိုယ်တော်သည်စောင့်ထိန်းသဖြင့် ဆန့်ကျင်ဘက်အန္တရာယ် အသွယ် သွယ်ကို အောင်မြင်ရလိမ့်မည်မဟုတ်လော။

အမှောင်ခေတ်ကဆိုလျှင် အသင်းတော်သည် တောင်ထိပ်ပေါ်တွင် တည်ထားသောမြို့တော်နှင့်တူလှ၏။ ခေတ်အဆက်ဆက်နှင့် လူမျိုး အဆက်ဆက် တွင် ကောင်းကင်ဘုံမှညွှန်ကြားထားသောတရားတော် သွန်သင်ချက်များတို့သည် လူတို့တွင်ရှိ၏။

အားနည်း၍မစုံမလင်ပုံပေါ်သော်လည်း ထာဝရဘုရားသခင်သည် အ သင်းတော်ကိုအထူးသဖြင့်ကြည့်ရှုစောင့်ကြပ်၏။ အကြောင်းမူကား၊ အသင်းတော် သည် ကိုယ်တော်၏ကျေးဇူးတော်ထင်ရှားရာ ဇာတ်ရုံကြီးကဲ့သို့ မဟုတ်တုံလော။ ထိုအသင်းတော်အားဖြင့် လူတို့၏ခက်ထန်သောစိတ်နှလုံးကို ပြုပြင်ပြောင်းလဲ ပေး၏။ ဤအမှု၌ ကိုယ်တော်သည် ဝမ်းမြောက်လှပါသည်။

"ထိုမှတစ်ပါး၊ ဘုရားသခင်၏နိုင်ငံတော်ကို အဘယ်သို့ပုံပြအံ့နည်း။ အဘယ်ဥပမာနှင့်ခိုင်းနှိုင်းရအံ့နည်း"(မာကု ၄း၃၀)ဟု ခရစ်တော်သခင်မေးခဲ့ပါ သည်။ ဘုရားသခင်၏နိုင်ငံတော်ကို လူသားကမ္ဘာမှတိုင်းနိုင် ငံများနှင့်ယှဉ်ပြိုင် ၍မရ။ အဘယ်မည်သောလူ့အဖွဲ့အစည်းနှင့်မျှမတူနိုင်။ တိုင်းနိုင်ငံတို့မည်သည် အနိုင်အထက်ပြုအုပ်ချုပ်ပါမှရ၏။ ကြီးနိုင်၊ ငယ်ညှဉ်းသဘောပါ၏။

ခရစ်တော်သခင်၏နိုင်ငံတော်ကား၊ ဇာတိပကတိလက်နက်မျိုး၊ အနိုင် အထက်ပြုအုပ်ချုပ်မှုမျိုးကိုရှောင်၏။ ထိုမျှမကရှုပ်ချ၏။ ကိုယ်တော်၏နိုင်ငံတော် သည် လူသားမျိုးနွယ်ကို ဂုဏ်အသရေတိုးမြင့်စေ၏။ ထိုသို့ဘုရားသခင်၏

အသင်းတော်သည် သန့်ရှင်းသောဝိညာဉ်တော်၏လွှမ်းခြုံမှုဖြင့် လူတိုင်း၏ အသက်တာသည် သန့်ရှင်း၍မျှားပြားသောဆု ကျေးဇူးနှင့်ပြည့်စုံသတည်း။ အသင်းသူ/သားတို့သည်လည်း တစ်ပါးသူကို ကူညီကာ ကျေးဇူးပြုခြင်းဖြင့် ပျော်ရွှင်မှုကိုရယူကြ၏။ ဤသို့လျှင် စစ်မှန်၍ ပျော်ရွှင်သော လူ့အဖွဲ့အစည်းကြီးဖြစ်ရပါတော့သည်။

ထာဝရဘုရားသခင်သည် မိမိ၏နာမတော်ဘုန်း ထင်ရှားခြင်းအလို့ငှါ အသင်းတော်ကိုတည်ဆောက်ထား၏။ အံ့ဩဖွယ်စီရင်ချက်များကို ယေဇကျေလပုရောဖက်၏ရောဂါအနာပျောက်ကင်းစေသော မြစ်ရေမြင်ခြင်းအားဖြင့် သိမြင်နိုင်ပါ၏။ "ထိုသူကလည်း ဤရေသည် အရှေ့သို့စီး၍ တောကိုလျှောက်ပြီးမှအိုင်ထဲသို့ဝင်တတ်သောအားဖြင့် အိုင်ရေသည်ချိုလိမ့် မည်။

အသက်ရှင်၍လှုပ်ရှားတတ်သော သတ္တဝါအမျိုးမျိုးတို့သည် ထိုမြစ်ရေရောက်သမျှသောအရပ်တို့၌ အသက်ရှင်၍ အလွန်များစွာသောငါးတို့လည်းရှိကြလိမ့်မည်။ ထိုမြစ်ရေသည်ချိုသောကြောင့် ရောက်သမျှသောအရပ်တို့၌ သတ္တဝါအမျိုးမျိုးတို့သည် အသက်ရှင်ကြလိမ့်မည်။

မြစ်ကမ်းနားနှစ်ဖက်၌ စားစရာ ကောင်းသောအပင်အမျိုးမျိုး ပေါက်ကြလိမ့်မည်။ အရွက်လည်းမညှိုးမနွမ်းရ။ အသီးလည်းမပြတ်ရ။ လတိုင်းအစဉ်နုသောအသီးကို သီးကြလိမ့်မည်။ အကြောင်းမူကား၊ ထိုရေသည် သန့်ရှင်းရာဌာနထဲကထွက်သတည်း။ အသီးသည် စားစရာဖို့ဖြစ်၏။ အရွက်သည်လည်းအနာရောဂါငြိမ်းစရာ ဖို့ဖြစ်သည်ဟု ငါ့အားပြောဆို၏။"
(ယေဇကျေလ ၄၇း၈-၁၂)။

ရှေးမဆွကပင် ထာဝရဘုရားသခင်သည် လောကီသားတို့ကို ကောင်းချီးမင်္ဂလာပေးရန် မိမိ၏လက်ရွေးစဉ်လူမျိုးစုကို ရွေးချယ်ခဲ့ပါသည်။ ရှေးဟောင်းအီဂျစ်လူမျိုးတို့အတွက် ယောသပ်ကိုဘုရားသခင်ရွေးချယ်ခဲ့ရာ ထိုသူသည် မိမိ၏စုံလင်ခြင်းအားဖြင့် လူတစ်မျိုးလုံးအသက်ချမ်းသာရာရခဲ့၏။

ဒံယေလအား ဖြင့်လည်း ဗာဗုလုန်ပညာရှိများအားလုံးအသက်ရှင်ခွင့်ရခဲ့သည်မဟုတ်လော။ ဤကယ်နုတ်ခြင်းကား လက်တွေ့သရုပ်ပြဩဝါဒများပင်ဖြစ်၏။ ထာဝရဘုရားသခင်ကို ကိုးကွယ်သောယောသပ်နှင့်ဒံယေလတို့အားဖြင့် ကမ္ဘာသူကမ္ဘာသားအပေါင်းတို့သည် ထိုဘုရားသခင်ကိုသိမြင်ဆက်သွယ်လျက်

ဝိညာဉ်ရေးဆိုင်ရာမင်္ဂလာကိုရယူနိုင်ကြောင်း ပုံပြနေခြင်းမဟုတ်လော။ ခရစ်တော် သခင်၌တည်သောသူနှင့် ထိုသခင်၏ မေတ္တာတော်ကို ကမ္ဘာလောကကြီးအား ထင်ရှားပြသသောသူသည် အမှန်ပင် လူသားမျိုးနွယ်အား မင်္ဂလာပြုသောသူဖြစ် ၏။ ဘုရားသခင်နှင့်အတူတကွ အလုပ်လုပ်ကိုင်သူဖြစ်သတည်း။ ကယ်တင်ပိုင် သူထံမှရရှိသော ကျေးဇူးတော်ကို တစ်ပါးသူအားဝေငှပေးခြင်းဖြင့်လည်း ထိုသူသည် ဝိညာဉ်ရေးအသက်တာတွင် ပြည့်ဝသူဖြစ်လာပါသည်။

ထာဝရဘုရားသခင်သည် မိမိ၏သဘောတော်ကို ကမ္ဘာလူသား တစ်နွယ်လုံးအားဖော်ပြရန် အစ္စရေးလူမျိုးကိုရွေးချယ်ခဲ့ပါ၏။ ကိုယ်တော်သည် ထိုလူမျိုးအား ကမ္ဘာပေါ်တွင် အသက်ကယ်တင်ရာစမ်းရေတွင်းများဖြစ်စေလို၏။ ထိုကြောင့်လည်း ကောင်းကင်ဘုံ၏ညွှန်ကြားချက်တရားတော်များကို ဘုရားသခင်၏အလိုတော်ဖော်ပြချက်အဖြစ် ကမ္ဘာကိုတင်ပြရန် အပ်နှင်းခြင်းခံခဲ့ရပါသည်။ အစ္စရေးလူမျိုးပေါ်ထွန်းစကဆိုလျှင် ကမ္ဘာ့တိုင်းနိုင်ငံတို့သည် ယုတ်ညံ့သောအကျင့်ဆိုးများကြောင့် ဘုရားမသိ၊ တရားမရှိဖြစ်ခဲ့သည်။ တစ်ချိန်တစ်ခါက ထိုသူတို့သည် ထာဝရဘုရားသခင်ကိုသိရှိခဲ့သော်လည်း “ဘုရားသခင်ကိုချီးမွမ်းသင့်သည်အတိုင်း မချီးမွမ်း၊ ကျေးဇူးတော်ကိုလည်းမသိမမှတ်၊ အချည်းနှီးတွေးဆခြင်း၊ သတိမရှိသော စိတ်နှလုံးမိုက်မဲခြင်းသို့ရောက်ကြ၏။”ရောမ ၁း၂၁။ သို့သော် ထာဝရဘုရားသခင်သည် သနားခြင်းဂရုဏာတော်ကြီးသောကြောင့် ထိုသူတို့ကိုမဖျက်ဆီးခဲ့ချေ။ မိမိ၏လက်ရွေးစင်လူမျိုးစုအားဖြင့် ဘုရားသခင်၏ရွေးချယ်ခံလူတို့သည် ထာဝရဘုရား သခင်ထံဆုတောင်းသောအခါ ယဇ်ပူဇော်ရ၏။ ထိုယဇ်ပူဇော် ခြင်းအမှုကို ဩဝါဒဖွဲ့၍ ပတ်ဝန်းကျင်လူသားတို့အား သွန်သင်ရလေသည်။

အဓိပ္ပါယ်မှာ၊ တစ်နေ့နေ့တွင် ယဇ်ကောင်နှင့်ပုံဆောင်ထားသောခရစ်တော် ယေရှုသည် ကပ်တိုင်ပေါ်တွင်အသေခံရမည်။ ထိုကပ်တိုင်ကိုကြည့်မြင်ခြင်းဖြင့် ယုံကြည်သူအပေါင်းသည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရမည်ဟူ၍ဖြစ်သည်။ ခရစ်တော်သခင်သည် ဂျူးလူမျိုးတို့၏အိမ်တွင်းရေးအုပ်မြစ်ပင်ဖြစ်တော့သည်။ ထိုသခင်၏အသေခံခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင်က စီမံခဲ့သောလူနှင့်ဖွဲ့ထားသည့်ဧဝံဂေလိသတင်းကောင်း ကတိပြုသဘောတူညီချက်ပင်ဖြစ်သည်မဟုတ်လော။

သို့သော် အစ္စရေးလူမျိုးတို့သည် ထာဝရဘုရားသခင်ကို ကိုယ်စားပြုရသောမြင့်မြတ်အခွင့်ထူးများကို သိသိနှင့်မျက်ခြည်ပြတ်ခဲ့ကြသည်။ ဘုရားသခင်ကိုမေ့၍ သန့်ရှင်းသောတာဝန်ကိုကျောခိုင်းခဲ့၏။ သို့ဖြစ်၍ မိမိတို့ခံစားခဲ့ရသောကောင်းချီးမင်္ဂလာအပေါင်းသည် ကမ္ဘာ့လူသားများအတွက်မဟုတ်တော့ပါ။ တစ်မျိုးကောင်း၊ တစ်နွယ်ကောင်း၊မိမိလူမျိုးဘုန်းဝင့်ဖို့ကိုသာ ကြည့်မှတ်ကြတော့သည်။ တစ်ကိုယ်ကောင်းဆန်လိုက်လေစွ။ အနှောင့်အယှက်ကင်းရန်ကမ္ဘာနှင့်အဆက်အသွယ်ဖြတ်သည်။ နတ်ဘုရားများကို လူဖြင့်ပူဇော်ပသမှုပြုကြကုန်သော တစ်ပါးအမျိုးသားတို့နှင့်ဝေး ဝေးရှောင်ရန် ထာဝရဘုရားသခင်ကမိန့်မှာတော်မူသည်ကို ထိုလူမျိုးသည် သူတို့နှင့်တိုင်းနိုင်ငံများစပ်ကြားအုပ်တံတိုင်းကြီးကိုကာထားကြသည်။ တံခါးပိတ်ဝါဒကျင့်သုံးသည်ဟုလည်းဆိုနိုင်၏။ ဤနည်းဖြင့်လောကသားတို့အတွက် ဘုရားသခင်အမှုတော်ဆောင်ရန်ဘုရားသခင်ပေးတာဝန်ကို ပျက်ကွက်ခဲ့သည်။ လူသားအချင်းချင်း ဘုရားမှန်၊တရားမှန်သို့ရှေ့ဆောင်ကြိုပို့ရမည့်အမှုကိုလည်း မခန့်လေးစားပြုခဲ့ပါသည်။

ယဇ်ပုရောဟိတ်များနှင့် အုပ်ချုပ်သူလူတန်းစားတို့သည်လည်း တရားဥပဒေကခွင့်ပြုထားသောယဇ်ပူဇော်ခြင်းအမှုနှင့် လူ့သွန်သင်ချက် ဝိနည်းအထုံးအဖွဲ့တရားရေးရာများနှင့်သာ အချိန်ကုန်၍ကျေနပ်ကြ၏။ သို့ဖြစ်၍ ကောင်းကင်ဘုံ၏ အသက်ရှင်သောအမှန်တရားများကို လူတို့အားမသွန်သင်ဖြစ် တော့။ မိမိတို့တွင် ကိုယ်ကျင့်တရားဖြောင့်မတ်ခြင်းရှိလျှင် လုံလောက်ပြီ။ ဘာသာရေးတွင် အခြား ကောင်းမွန်၍ မှန်ကန်သောကျင့်ထုံးများကိုလည်း မထည့်သွင်းလိုတော့ပြီ။ မိမိတို့အတွက် အကျိုးကျေးဇူးမရှိဟုထင်မှတ်ရသောလူသားအတွက် ကောင်းမွန်သောဘုရားသခင်အလိုတော်များပင်လျှင် သူတို့၏ဘာသာတရားတွင် ပါဝင်ပါတ်သက်၍နေရာမပေး။

ချစ်ခြင်းမေတ္တာနှင့်လုပ်ဆောင်သော ယုံကြည်ခြင်း လုပ်ရပ်များနှင့် စိတ်ဝိညာဉ်ကို သန့်စင်စေသောယုံကြည်နားထောင်ခြင်းတရား သည်လည်း ဖါရိရှဲများ၏ ဘာသာရေးတွင် ပေါင်းစည်းရန်နေရာမရှိ။ သို့ဖြစ်၍ ၎င်းတို့၏ ဘာသာရေးတွင် လူတို့စီရင်သောတရားတို့ကိုသွန်သင်၍ နည်းဥပဒေသပေးလျက်ပင် ထာဝရဘုရားသခင်ကို အချည်းနှီးကိုးကွယ်ခြင်းဖြစ်၏ဟု ခရစ်တော်သခင်မိန့်တော်မူခဲ့ပါသည်။

အစ္စရေးလူမျိုးနှင့်ပါတ်သက်၍ ထာဝရဘုရားသခင်သည် ဤသို့ မိန့်တော်မူခဲ့သေး၏။ "အကောင်းဆုံးသောစပျစ်နွယ်ပင်အမျိုးစစ်ဖြစ်သော သင့်ကိုငါစိုက်ပျိုးသော်လည်း သင်သည် ငါ့ရှေ့မှာအဘယ်မျှလောက် ဖောက်ပြန်၍ အမျိုးမစစ်သော စပျစ်နွယ်ပင်ဖြစ်ပါသည်တကား။" ယေရမိ ၂း၂၁။ "ဣသရေလသည် အသီးများစွာသီးသော စပျစ်နွယ်ပင်ဖြစ်ပါသည်" ယေရမိ၂း၂၁။ "ဣသရေလသည် အသီး များစွာသီးသောစပျစ်နွယ်ပင်ဖြစ် သည်။" ဟောရှာယ၁၀း၁။ "ယခုမှာ အိုယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့၊ ငါနှင့်ငါ့စပျစ်ဥယျာဉ်အမှုကိုစီရင်ကြပါလော့။ ငါ့စပျစ်ဥယျာဉ်၌ ကျေးဇူးပြုနိုင်လျက် မပြုသေးသောအရာ တစ်စုံတစ်ခုရှိသလော။ စပျစ်သီးကိုသီးမည်ဟု မျှော်လင့်သည်ရှိသော် ဖေါရှသီးကို အဘယ်ကြောင့်သီးသနည်း။

"ယခုနားထောင်ကြ။ ငါ့စပျစ်ဥယျာဉ်၌ ငါပြုမည်အမှုကို သင်တို့အားငါဖော်ပြမည်။ စောင်ရန်းကိုငါပယ်ရှင်းသဖြင့် သူတစ်ပါးတို့သည် စားကြလိမ့်မည်။ အုပ်ရိုးကိုငါဖြိုသဖြင့် သူတစ်ပါးတို့သည် ကျော်နင်းကြလိမ့်မည်။ ဥယျာဉ်ကို ငါရှင်းရှင်းဖျက်ဆီးမည်။ အဘယ်သူမျှမပြင်ဆင်ရ။ အ ဘယ်သူမျှမတူးတဆွရ။ ဆူးပင်အမျိုးမျိုးပေါက်ကြလိမ့်မည်။ ထိုဥယျာဉ်အ ပေါ်မှာလဲ မိုးမရွာစေခြင်းငှါ ငါပညတ်မည်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်၏စပျစ်ဥယျာဉ်ကား ဣသရေလအမျိုးတည်း။ နှစ်သက် တော်မူသောပျိုးပင်ကား ယုဒလူတည်း။ တရားစီရင်ခြင်းကို မျှော်လင့်တော် မူသည်ရှိသော် အသေသတ်ခြင်းကိုငှင်း၊ ဖြောင့်မတ်ခြင်းအရာ၌လည်း ငိုကြွေးခြင်းကိုလည်းကောင်းတွေ့မြင်တော်မူ၏။"ဟေရှာယ၅း၃-၇။ "အားနည်းသောသိုးကိုမစကြ၊ နာသောသိုးကိုဆေးမကုကြ၊ အရိုးကျိုးသောသိုးကို အဝတ်နှင့်မစည်းကြ၊ သူတစ်ပါးနှင်သောသိုးကိုလိုက် ၍မဆောင်ခဲ့ကြ။ ပျောက်သောသိုးကိုမရှာကြ၊ အနိုင်အထက်ပြု၍ ကြမ်းတမ်းစွာစီရင်ကြပြီ။"ယေဇကျေလ၃၄း၄။

ဂျူးလူမျိုးခေါင်းဆောင်တို့သည် သွန်သင်မှုခံယူရန်မလိုအပ်တော့ သောပညာရှိကြီးများဟု မိမိတို့ကိုယ်ကိုထင်မှတ်ကြ၏။ ဖြောင့်မတ်လွန်း၍လည်း ကယ်တင်ခြင်းမလိုအပ်တော့ဟုမှတ်ယူသည်။ ပင်ကိုဂုဏ်သိက္ခာမြင့်မား လွန်း၍လည်း ခရစ်တော်သခင်၏ကျေးဇူးတော်ကိုမလိုအပ်ဟုခံယူကြပါသည်။ သို့ဖြစ်၍ ကယ်တင်ပိုင်သူသည် သူတို့ရှုပ်ချ၍ ဂရုမစိုက်သော မြင့်မြတ်အမှုတော်

ထမ်းရွက်ခြင်းအခွင့်ထူးကို သူတို့ထံမှနှုတ်ပယ်၍ အခြားလူမျိုးခြားဆီသို့ အပ်နှင်းလိုက်ပါတော့သည်။ ထာဝရဘုရားသခင်၏စကားတော်သည် မပြောင်းမလဲတည်တံ့သဖြင့် ကိုယ်တော်၏တန်ခိုးတော်သည် ထင်ရှားရပေမည်။ ခရစ်တော်၏နိုင်ငံတော်သည် ဤကမ္ဘာမြေကြီးတွင် တည်ထောင်ရမည်။ ထာဝရဘုရားသခင်၏ကယ်တင်ခြင်းတရားတော်သည် လူမျိုးအသီးအသီးနိုင်ငံအရပ်ရပ်ဆီသို့ပျံ့နှံ့နေရမည်။ မြေကြီးစွန်းတိုင်အောင် ဘုရားသခင်၏အလိုတော်ဝမ်းမြောက်ဖွယ်သတင်းကို ကြွေးကြော်ရပါမည်။ဤမြင့်မြတ်အမှုတော်ကို ဂျူးလူမျိုးခေါင်းဆောင်တို့ထမ်းဆောင်ရန် တာဝန်ဝတ္တရားပျက်ကွက်ခဲ့သဖြင့် ဘုရားသခင့်တပည့်တော်များ ဖိတ်ခေါ် ရွေးချယ်ခြင်းခံရကာ အမှုတော်မြတ်ကို ဆက်လက်ထမ်းဆောင်သွားခဲ့ခြင်း ပင်မဟုတ်ပါလောမိတ်ဆွေ။

-ဝ-

## အခန်း (၂)
## တပည့်တော်တစ်ဆယ့်နှစ်ပါးကိုသင်တန်းပေးခြင်း

အမှုတော်မြတ် ဆက်လက်ထမ်းဆောင်ခြင်းအတွက်ခရစ်တော်သခင်သည် စကားအပြောအဟောကောင်း၍ ပညာတတ်သောဂျူးလူမျိုး လွှတ်တော်အမတ်များနှင့် ရောမအာဏာပိုင်များကို မရွေးချယ်ခဲ့ပါ။

ငါသာမှန်သည်၊ ဖြောင့် မတ်သည်ဟုမှတ်ယူကြသော ခရစ်ယာန်ကျမ်းတတ်ဆရာကြီးများကိုလည်း ချန် လှပ်ထား၏။ စိတ်နှလုံးနှိမ့်ချ၍ ပညာမတတ်သောသူများကို လောကနိုင်ငံအရပ်ရပ်သို့သွား၍ အမှန်တရားကြွေးကြော်ရန်အတွက် ရွေးချယ်ခဲ့သည်။ ထိုသူတို့ကို အသင်းတော်ခေါင်းဆောင်များဖြစ်ရန် ရည်ရွယ်ချက်နှင့်လက်တွေ့သင်တန်းပို့ချပညာပေးခဲ့ပါသည်။

ထိုတပည့်တော်တို့သည်လည်း ပြန်လည်၍ တစ်ပါးသူကိုပညာပေးကာ ဧဝံဂေလိသာသနာသတင်းဆင့်ပွားပွားစေခဲ့ပါသည်။ အမှုတော်တွင် သန့်ရှင်းသောဝိညာဉ်တော်သည် အဓိကကျ၏။ သူရှိမှအောင်မြင်မည်။ ထာဝရဧဝံ ဂေလိသတင်းစကားပျံ့နှံ့မည်ဖြစ်ပါသည်။

တပည့်တော်တို့သည်ကမ္ဘာပေါ်တွင် အကြီးမြတ်ဆုံးဆရာယေရှုခရစ်တော်၏ အဆုံးအမကိုသုံးနှစ်ခွဲမျှခံယူခဲ့ရ၏။ ထိုသူတို့သည် ဆရာကြီးထံမှအနီးကပ်ပညာဆည်းပူးခဲ့ရသဖြင့် သွားအတူ၊ လာအတူတွင် သခင်၏စကားပြောပုံ၊ ဖျားနာ၍ဒုက္ခရောက်နေရသူတွေကို ရောဂါပျောက်ကင်းစေပုံတို့ကား ဒုနှင့်ဒေး။

ရံဖန်ရံခါသခင်သည် သူတို့အားတောင်ကမ်းပါးယံတွင် တစ်ခါပင်လယ်ကမ်းစပ် တွင်တစ်ချီ၊ လမ်းဘေးတွင်တစ်ဖုံ ဆုံးမဩဝါဒပေး၏။ ဘုရားသခင့်နိုင်ငံတော်၏ လျှို့ဝှက်နက်နဲပုံများကိုလည်းဖော်ပြ၏။

ထွင်းဖောက်သိမြင်နိုင်သော ဉာဏ်ပညာဖြင့် တရားနာလိုသူများကို တွေ့လျှင်လည်း တရားအလင်းကိုပေး၏။ တပည့်တော်တို့အားလည်း ဤသို့လုပ်ပါ၊ဟိုလိုလုပ်ပါဟူ၍အမိန့်မပေး။ “ငါ့နောက်သို့လိုက်လော့”ဟူ၍သာဆို၏။မြို့ထဲဝင်သည်ဖြစ်စေ၊တောသို့သွားသည်ဖြစ်စေ၊ လူအပေါင်းတို့ကိုမြင်လျှင် နှုတ်တော်ကိုဖွင့်၍တရားဟော၏။တပည့်တော်တို့သည်လည်းသက်သေခံကြ၏။သခင်ခွေတာသည်

ကိုလည်းကောင်း၊ ဆာလောင်မွတ်သိပ်ချိန်နှင့် စိုးရိမ်နွမ်းပါးချိန်ရှိသည်ကိုလည်းကောင်း၊ တပည့်တော်တို့သည် သိရှိကြ သည်။ တပည့်တော်တို့သည် သခင်သွားရာ၊ သခင်ရှိရာ၊ သခင်အိပ်စက်အနားယူရာနေရာတိုင်း၌ ထိုသခင်နှင့်အတူရှိ၏။ ထိုသူတို့သည် သခင်၏သက်တော်စဉ်လှုပ်ရှားမှုတိုင်းကို မြင်တွေ့ခွင့်ရကြသူများပင် မဟုတ်ပါလော။

အချိန်မှာ တပည့်တော်တစ်ဆယ့်နှစ်ပါးကို ဘိသိက်ပေးသောအချိန်ဖြစ်၏။ အသင်းတော်ဖွဲ့စည်းခြင်း၏ ပထမခြေလှမ်းပင်ဖြစ်သတည်း။ ခရစ်တော်သခင်ကောင်းကင်ဘုံသို့ကြွမြန်းပြီးသည်နောက် အမှုတော်ကို ဆက်လက်လုပ်ဆောင်ရန်ဦးတည်ပါ၏။ မှတ်တမ်းကိုဤသို့ဖတ်ရပါသည်။ “ထိုအခါ ကိုယ်တော်သည် တောင်ပေါ်သို့တက်၍အလိုတော်ရှိသောသူတို့ကိုခေါ်တော်မူလျှင် အထံတော်သို့လာကြ၏။ ကိုယ်တော်နှင့်အတူရှိနေစေခြင်းငှါလည်းကောင်း၊ တရားဟောသောအခွင့်၊ အနာရောဂါတို့ကိုငြိမ်းစေ၍ နတ်ဆိုးတို့ကိုနှင်ထုတ်နိုင်သောအခွင့်နှင့်စေလွှတ်ခြင်းငှါလည်းကောင်း၊ တစ်ကျိပ်နှစ်ပါးသောသူတည်းဟူသော တပည့်တော်တို့ကိုခန့်ထားတော်မူ ၏။” (မာကု၃း၁၃-၁၄)။

ဤမြင်ကွင်းကိုကြည့်ပါ။ ကောင်းကင်ဘုံ၏ဘုရားသခင်အား ရွေးချယ်ခန့်အပ်ထားပြီဖြစ်သော တပည့်တော်တစ်ဆယ့်နှစ်ပါးက ဝန်းရံထားပါသည်။ ကိုယ်တော်သည် ထိုသူတို့အား အလုပ်ကိုခွဲဝေပေးတော့မည်။ သူတို့သည် သာမန်အားနည်းသူများပင်ဖြစ်ကြ၏။ သို့သော်လည်း ကိုယ်တော်၏ နှုတ်တော်ထွက်စကားနှင့်ဝိညာဉ်တော်အားဖြင့် လူအပေါင်းတို့ထံသို့ ကယ်တင်ခြင်းသတင်းစကားရောက်ရှိရန် သခင်သည် ထိုသူတို့အားပုံစံသွင်းထားနှင့်လေပြီ။

ဤမြင်ကွင်းကိုထာဝရဘုရားသခင်နှင့် ကောင်းကင်တမန်များတို့သည်လည်း ဝမ်းမြောက်ရွှင်လန်းစွာကြည့်မြင်နေကြကုန်၏။ ထိုသူတို့သည် မိမိ၏တစ်ပါးတည်းသောသားတော်ခရစ်တော်အကြောင်းကို ကမ္ဘာ့လူသားအဆက်ဆက်ထံသို့ ကမ္ဘာဆုံးသည်တိုင်အောင် ကောင်းကင်ဘုံ၏အလင်းဆောင်၍ လက်ဆင့်ကမ်းဟောပြောသက်သေခံပြီး ပွဲတင်သံပြုကြမည်ကို ခမည်းတော်ဘုရားသခင်ကသိမြင်နေပါသည်။

ခရစ်တော်သခင်သည် ခမည်းတော်ထာဝရဘုရားသခင်အကြောင်းသက်သေခံသလို တပည့်တော်တို့သည်လည်း နေရာအနှံ့လှည့်လည်၍ သခင်၌

မြင်သမျှ၊ ကြားသမျှကို သက်သေခံကြွေးကြော်ကြရန်ဖြစ်၏။ သူတို့၏အလုပ်သည် လူတို့ကိုအပ်နှင်းထားသောအလုပ်တွင် အရေးကြီးဆုံးအလုပ်ဖြစ်၏။ ခရစ်တော်ပြီးလျှင် ဒုတိယနေရာတွင်ရှိ၏။ လူတို့အားကယ်တင်ရန် ထာဝရဘုရားသခင်နှင့် အတူတွဲ၍လုပ်ရသောအလုပ်ပေတည်း။ ဓမ္မဟောင်းခေတ်က အသက်ကြီးသူတစ်ဆယ့်နှစ်ပါးသည် အစ္စရေးလူမျိုးကို ကိုယ်စားပြုဘိသကဲ့သို့ ဧဝံဂေလိအသင်းတော်ကို ကိုယ်စားပြုရန် တပည့် တော်တစ်ဆယ့်နှစ်ပါးကရပ်တည်နေ၏။

ခရစ်တော်သခင် ဤလောကတွင် အမှုတော်ဆောင်ခဲ့စဉ်က ကိုယ်တော်သည် ဂျူးလူမျိုးနှင့်တစ်ပါးအမျိုးသားတို့စပ်ကြားတည်ရှိနေသောအကာအရံအုတ်တံတိုင်းကြီးကိုဖြိုဖျက်ရန်နှင့် လူသားတစ်နွယ်လုံးဆီသို့ ကယ်တင်ခြင်းသတင်းစကားဟောကြားရန် ကြိုးစားခဲ့ပါသည်။ ထိုသခင်သည်ဂျူးလူမျိုးဖြစ်ပေမယ့်၊ ရှမာရိလူတို့နှင့်ရောနှောခဲ့ပါသည်။ ထိုသူတို့ကို အပယ်ခံရတနာများဟု မှတ်ယူစေသောဖာရိရှဲတို့၏ ဂျူးထုံးစံဓလေ့များကိုလည်း သုညအဖြစ်သို့ရောက်စေ၏။ သူတို့၏အိမ်မိုးအောက်တွင်အိပ်၍ စားပွဲတစ်ခုတည်းပေါ်တွင် အတူစားသောက်ခဲ့၏။ သူတို့လမ်းများပေါ်တွင်လည်း ဘုရားသခင်၏တရားတော်ဟောကြားသွန်သင်ခဲ့လေသည်။

ကယ်တင်ပိုင်သူသည် "ပိုင်းခြားလျက်ရှိသောစပ်ကြား၊ အုတ်တံတိုင်းနံရံကိုဖြိုဖျက်၍"အစ္စရေးနှင့်အခြားတိုင်းနိုင်ငံသားတို့ကို တစ်ခုတည်းဖြစ်စေတော်မူ၏။ "တစ်ပါးအမျိုးသားတို့သည် ဧဝံဂေလိတရားအားဖြင့် ယုဒအမျိုးသားတို့နှင့် အတူ အမွေခံ၍တစ်လုံးတစ်ဝတစ်ကိုယ်တည်းဖြစ်လျက် ခရစ်တော်နှင့်ဆိုင်သောကတိတော်ကို ဆက်ဆံရကြသတည်း" (ဧဖက် ၂း၁၄။ ၃း၆။)ဟူသော အမှန်တရားကို တပည့်တော်တို့အား သိစေလို၏။ သို့ဖြစ်၍ ကပေရနောင်မြို့ရှိတပ်မှူးကြီး၏ယုံကြည်ခြင်းအကျိုးကို တပည့်တော်တို့တွေ့မြင်ကြရ၏။

စီကာ (sychar)ပြည်သားတို့ထံ ဧဝံဂေလိသတင်းကောင်းဟောကြားခဲ့စဉ်ကလည်း သက်သေထင်ရှားရှိခဲ့၏။ ဖိုနီးစီးယားသို့အလည်သွားစဉ် ခါနန်အမျိုးသမီး၏သမီးငယ်ကို နတ်ဆိုး၏ဖိစီးချုပ်နှောင်မှုမှကင်းလွတ်စေ၍ ကျန်းမာပကတိဖြစ်စေပုံကိုလည်း တပည့်တော်တို့ကိုယ်တိုင်ကိုယ်ကျတွေ့မြင်ခဲ့ရပါသည်။ ဤအတွေ့အကြုံများသည် တပည့်တော်တို့အား ခရစ်တော်သဘောတော်ကို

ပိုမိုနားလည်စေ၏။ အများက ကယ်တင်ခြင်းအတွက် မထိုက်တန်ပါဟု ယူဆခြင်းခံရသူ များသည် တကယ်တော့ အမှန်တရား၏အလင်းကို ဆာလောင်ခင်မွတ်နေကြပါ၏တကား။

ထာဝရဘုရားသခင်၏နိုင်ငံတော်တွင် နယ်နိမိတ်ကန့်သက်ချက်မရှိ။ အရောင်အသွေး၊ ဇာတ်အနိမ့်အမြင့်ခွဲခြားခြင်းမရှိ၊ အုပ်ချုပ်သူလူတန်းစားနှင့် အုပ်ချုပ်သူလူတန်းစားဟူ၍လည်းမရှိကြောင်းကို ခရစ်တော်သခင်သည် တပည့်တော်တို့အားသွန်သင်ခဲ့၍ သူတို့သည် လောကနိုင်ငံအရပ်ရပ်သို့သွားပြီး ကယ်တင်ရှင်၏မေတ္တာသတင်းကောင်းကို ကြွေးကြော်ကြရမည်ဖြစ်ပါသည်။ ဤသည်ကို တပည့်တော်တို့သည် သတိမထား၊ နားမလည်ခဲ့ကြသေး။ အချိန်ကာလစေ့သောအခါမှသာ အလိုတော်ကိုသိနားလည်ကြပါတော့သည်။ “ဘုရားသခင်သည် မြေတပြင်လုံး၌နေရသောလူမျိုးမျိုးတို့ကို တစ်သွေးတည်းနှင့်ဖန်ဆင်းတော်မူ၍ သူတို့အားခွဲဝေစီမံသောအချိန်ကာလကိုလည်းကောင်း၊ သူတို့၏နေရာအပိုင်းအခြားကိုလည်းကောင်း မှတ်သားတော်မူ၏။ အကြောင်းမူကား၊ လူတို့သည် ဘုရားသခင်ကိုရှာစမ်းကြသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည်အကြောင်းတည်း။ သို့ဆိုသော်လည်း ဘုရားသခင်သည် ငါတို့တွင် အဘယ်သူမျှနှင့်ဝေးတော်မူမည်မဟုတ်။” (တမန်တော် ၁၇း၂၆-၂၇)။

တပည့်တော်တစ်ဆယ့်နှစ်ပါးတို့သည် တစ်ဦးနှင့်တစ်ဦးအသွင်မတူကြပါ။ ကွဲပြားခြားနားကြ၏။ ထိုသူတို့သည် ကမ္ဘာလုံးဆိုင်ရာဆရာကြီးများဖြစ်ကြရမည်။ လူ့သဘော၊ လူ့ဇာတိတို့သည်လည်းကောင်း၊ အသက်တာ၏နေထိုင်ပြုမူပုံအကျင့်ဓလေ့တို့သည်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားနေကြသဖြင့် ထိုသို့လျှင် ခရစ်ယာန်သာသနာတော်ကို အောင်မြင်စွာဦးဆောင်သွားနိုင်ပါမည်နည်း။ သူတို့သည် တစ်လုံးတစ်ဝတည်းအဖြစ်သို့ခံစားတတ်ရမည်၊ တွေးခေါ်တတ်ရမည်၊ လုပ်ဆောင်တတ်ရမည်ဖြစ်၏။ ဤပေါင်းစည်းမှုကို သခင်ခရစ်တော်ကိုယ်တော်တိုင်က လုပ်ဆောင်ပေးပါသည်။

ထိုသခင်၏ဆုတောင်းချက်ကိုလေ့လာပါ။ “ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှါလည်းကောင်း၊ ကိုယ်တော်သည် အကျွန်ုပ်ကို

စေလွှတ်တော်မူကြောင်းနှင့်အကျွန်ုပ်ကိုချစ်တော်မူကြောင်းနှင့် လောကသားတို့ သည်သိစေခြင်းငှါ ဆုတောင်းပါ၏။" (ယောဟန် ၁၇း၂၀၊၂၃။) ကိုယ်တော်၏ ဆုတောင်းချက်သည် အမှန်တရားအားဖြင့် တပည့်တော်တို့ကိုသန့်ရှင်းစေ ရန်ဖြစ်၏။ ကိုယ်တော်သည် ဤအမှုကိုသေချာပေါက်သိမြင်၏။

အကြောင်းမူကား၊ ကမ္ဘာဦးမှစ၍ ကြိုတင်စီမံထားသော ထာဝရဘုရား သခင်၏အမိန့်တော်ဖြစ်သောကြောင့်တည်း။ ဧဝံဂေလိသတင်းစကားသည် ကမ္ဘာ အနှံ့သက်သေခံဟောကြားလိမ့်မည်။

မယှဉ်နိုင်သော သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးသည် ထိုအမှန်တရား ကို ကာကွယ်ပေးမည်။ နောက်ဆုံးတစ်နေ့တွင် အဆိုးကိုအောင်မြင်၍ အသွေး နှင့်စွန်းထင်းသောအောင်လံအောက်တွင် တပည့်တော်နှင့်တပည့်တော်မတို့၏ ခြိမ့်ခြိမ့်သဲသဲအောင်ပွဲဆင်နွှဲကြမည်ကို သခင်သိမြင်ပါသည်။

မြေကြီးပေါ်၌ ကိုယ်တိုင်ခရစ်ယာန်သာသနာပြုခြင်းအမှုပြီးစီးလုပြီကို ခရစ်တော်သခင်သတိပြုမိသည်နှင့်အမျှ ချစ်တပည့်တော်တို့ကို သခင်၏ ကိုယ် တိုင်ကိုယ်ကျကြီးကြပ်မှုမရှိသော်လည်း ဆက်လက်၍အမှုတော်ထမ်းရွက်နိုင်ရန် မည်သို့မည်ပုံပြင်ဆင်ရမည်ကို ကြားပြောအားပေး၏။

မျှော်လင့်ချက်လည်းပေး၏။ ကိုယ်တော်မရှိသည့်နောက်ပိုင်းတွင် တပည့်တော်တို့သည် ဝံပုလွေများထဲတွင် နေရသောသိုးစုငယ်ကဲ့သို့ဖြစ်မည်ကို သခင်သိ၏။ နှိပ်စက်ညှဉ်းဆဲခြင်းခံရမည်ကိုလည်းကောင်း၊ တရားဇရပ်မှ အပြင်သို့ ဆွဲထုတ်ခံရမည်ကိုလည်းကောင်း၊ အကျဉ်းသားအဖြစ် တပည့်တော်တို့ရင်ဆိုင် ရမည်ကိုလည်းကောင်း ကိုယ်တော်သိ၏။ သခင်ကိုမေရှိယဖြစ်သည်ဟု သက်သေ ခံရုံနှင့် အသေသတ်ခြင်းခံရမည်ကိုလည်း ကြိုမြင်ထား၏။

ကိုယ်တော်သည် မြင်သလိုကြိုတင်ဟောထားပါ၏။ ကြုံတွေ့ရသည့်အခါ ကိုယ် တော်ကိုသတိရ၍ ကိုယ်တော်သည် ကယ်တင်ရွေးနှုတ်ရှင်ဖြစ်ကြောင်း ယုံ ကြည်ကာအားယူဖို့ဖြစ်လေသည်။

ယေရှုသခင်သည် မိမိတပည့်တော်တို့အား မျှော်လင့်ချက်နှင့်ရဲ စွမ်းသတ္တိရှိရန် ဤသို့မိန့်တော်မူခဲ့ပါသည်။ "သင်တို့စိတ်နှလုံးပူပန်ခြင်း မရှိစေနှင့်။ ဘုရားသခင်ကိုယုံကြည်ကြလော့။ ငါ့ကိုလည်းယုံကြည်ကြလော့။ ငါ့အဘ၏အိမ်တော်၌နေစရာအခန်းအများကြီးရှိ၏။ သို့မဟုတ်လျှင်မဟုတ်ကြောင်းကို သင်တို့အားငါမပြောဘဲမနေ၊ သင်တို့နေစရာအရပ်ကိုပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသည်သွား၍ သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍၊ ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှါ သင်တို့ကိုငါ့ထံသို့ သိမ်းဆည်းမည်။ ငါသည် အဘယ်အရပ်သို့သွားသည်ကိုလည်းကောင်း၊ လမ်းခရီးကိုလည်းကောင်း သင်တို့သိကြ၏။ " (ယောဟန် ၁၄း၁-၄)။ ငါ သည် သင်တို့အတွက် ဤကမ္ဘာမြေကြီးပေါ် သို့ဆင်းသက်ခဲ့လေပြီ။ သင်တို့အတွက် အလုပ်လုပ်ပေးခဲ့ပြီ။ ငါသည် သင်တို့နှင့်ခွဲ၍သော်လည်းကောင်း သင်တို့အတွက်အလုပ်ကို အားသွန်ခွန်စိုက်လုပ်ပေးလေဦးမည်။ ငါလာ၍ ကိုယ်ကိုပြရခြင်းကား၊ သင်တို့သည် ငါ့ကိုယုံကြည်ရန်ဖြစ်၏။ ငါသည် ခမည်းတော်ထံသို့ ပြန်သွားသောအခါ ကိုယ်တော်သည် သင်တို့၏အဘလည်းဖြစ်သောကြောင့် သင်တို့ကိုယ်စားငါသည် ခမည်းတော်နှင့်အတူတကွ အလုပ်လုပ်ပေးပါမည်ဟု ယေရှုပြောနေခြင်းဖြစ်သည်။

"ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကိုပြုကြလိမ့်မည်။ ထိုအမှုတို့ထက်သာ၍ ကြီးသောအမှုတို့ ကိုလည်းပြုလိမ့်မည်။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံသို့သွား ၍၊" (ယောဟန် ၁၄း၁၂)။) ဤစကားတော်အားဖြင့် တပည့်တော်တို့၏လုပ်ဆောင်မှုများသည် ကိုယ်တော်သခင့်ထက် ဝင့်ကြွားစရာဖြစ်သည်ဟု မဆိုလိုပါ။ သင်တို့၏လုပ်ဆောင်မှုများသည် ပိုမို၍ကျက်သရေရှိမည်ကို ဖော်ပြခြင်းသာဖြစ်သည်။ သို့ဆိုရာတွင် အံ့ဘွယ်အမှုများသက်သက်ကိုသာ ရည်ညွှန်းပြောဆိုနေခြင်းလည်းမဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်လွှမ်းမိုးမှုအောက်တွင်သာ လုပ်ဆောင်နိုင်မည်ကို ဖော်ပြခြင်းဖြစ်သည်။ "ခမည်း တော်ထံမှထွက်လာ၍ အမှန်တရားနှင့်ပြည့်စုံသော ဝိညာဉ်တော်တည်းဟူ သောခမည်းတော်ထံမှ သင်တို့ဆီသို့ငါစေလွှတ်လတ္တံ့သော သန့်ရှင်းသော ဝိညာဉ်တော်သည် ရောက်လာသောအခါ ငါ၏အကြောင်းကို သက်သေခံလိမ့်မည်။ သင်တို့သည်လည်း ရှေးဦးစွာမှစ၍ ငါနှင့်အ တူရှိနေသောကြောင့် သက်သေခံရကြလိမ့်မည်။" (ယောဟန် ၁၅း၂၆-၂၇)။

ဤစကားများသည် အံ့သြဖွယ်ရာပြည့်စုံခဲ့ပြီးလေပြီ။ သန့်ရှင်းသောဝိညာဉ်တော်
ဆင်းသက်ပြီးသည်နောက် တပည့်တော်တို့သည် ကိုယ်တော်ကိုပို၍ ချစ်မြတ်
နိုးလာ၏။ ကိုယ်တော်အသက်ပေးချစ်ခဲ့သော လူသားတစ်နွယ်လုံးကိုလည်း ချစ်
တတ်လာလေသည်။ သူတို့ပြောသောစကားများ၊ ဆုတောင်းသံများတို့ကို ကြားရသူ
တိုင်းသည်လည်း နှလုံးနူးညွတ်လာလျက် ဝိညာဉ်တော်တန်ခိုးဖြင့် လူတို့သည်
ထောင်နှင့်ချီ၍ ပြောင်းလဲလာကြ၏။

ခရစ်တော်၏တမန်တော်တို့သည် ကိုယ်တော်ကိုကိုယ်စားပြု၍ ကမ္ဘာကို
ထင်ရှားစေရမည်။ နှိမ့်ချသူများဖြစ်သောကြောင့် သြဇာမေးမှိန်သွားရသည်မျိုး
မဟုတ်ပါ။ ကယ်တင်ရှင်၏သတင်းကောင်းကြောင့်လည်းကောင်း၊ မမြင်တွေ့
ရသောတန်ခိုးတော်ကြောင့်လည်းကောင်း၊ အမှန်တရားတော်ကိုနားထောင်သူတို့
တိုးပွါးလာသဖြင့် ပို၍သြဇာညောင်းရပါသည်။ တမန်တော်တို့၏အံ့သြဖွယ်သွန်
သင်ချက်များနှင့် အားပေးနှိုးဆော်ချက်များသည်လည်း သာမန်အဆင့်မျိုးမဟုတ်၊
ခရစ်တော်၏တန်ခိုးတော်ကြောင့်ပင် ဖြစ်၏ဟုလူတို့သိမှတ်ယုံကြည်လာကြ
ပါသည်။ အသက်ရှင်သောထာဝရဘုရားသခင်၏သားတော်၊ အသက်ပေးပိုင်ရှင်
ယေရှုခရစ်တော်ကို ကပ်တိုင် တင်သတ်သူတို့မှာ ဂျူးလူမျိုးများသာဖြစ်ကြောင်းနှင့်
ထိုသခင်၏နာမတော်ဖြင့်သာ အမှုတော်မြတ်ကိုထမ်းဆောင်နေကြောင်း နှိမ့်ချ
စွာဖြင့်လည်း ကြေညာကြွေးကြော်လိုက်လေသည်။

ကယ်တင်ပိုင်သူသခင်ယေရှုခရစ်တော်သည် မိမိအားလက်ဝါးကပ်တိုင်
ပေါ်သို့မတင်မီတစ်ညတွင် မိမိရင်ဆိုင်ကြုံတွေ့ရမည့်အဖြစ်ဆိုးကို ကြိုတင်မြင်
သဖြင့် တပည့်တော်တို့အားပြောနိုင်ပါလျက် မပြောဘဲနေ၏။ သို့သော်လည်း
ယုံကြည်ခြင်းအားကောင်းလာစေရန်အတွက်နှင့် အောင်မြင်သူတို့အား စောင့်ကြို
နေသောဆုလာဘ်ကိုရရှိခြင်း၏ဝမ်းမြောက်မှုကို ခံစားသိမြင်ရန်သာ ဦးတည်၍
ပြောခဲ့ပါသည်။ မိမိပေးထားသောကတိတော်မြတ်အတိုင်း လုပ်ဆောင်ပေးမည်ဆို
ကြောင်းကိုလည်း တပည့်တော်တို့အားမှာကြားခဲ့လေသည်။ ကိုယ်တော်၏ချစ်သ
နားခြင်းဂရုဏာသည် စိတ်ဝိညာဉ်အားသန့်စင်စေလျက် သခင်နှင့်တူသောလူ၊
ခရစ်တူဖြစ်စေကြောင်း၊ ကိုယ်တော်၏အမှန်တရားသည် ဝိညာဉ်တော်တန်ခိုးနှင့်
ပြည့်ဝလျက် အောင်ပွဲအလီလီကို ဆင်နွှဲမည်သာဖြစ်ကြောင်း ကတိပြုအသိပေး
ခဲ့ပါသည်။

"သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှါ ဤစကားကိုငါဟောပြောပြီ။ သင်တို့သည် လောက၌ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်နှင့်။ ငါသည် လောကကိုအောင်ပြီ"ဟု ယေရှုသခင်မိန့်တော်မူခဲ့ပါသည်။ (ယော ဟန်၁၆း၃၃)။ ခရစ်တော်သခင်သည် ကတိတော်ကိုမဖျက်ခဲ့ပါ။ စိတ်အားလည်းမငယ်ခဲ့ပါ။ တပည့်တော်တို့သည်လည်း သခင်ကဲ့သို့ယုံကြည်ခြင်း၌ ခံနိုင်ရည်ရှိရကြပါမည်။

သခင်လုပ်ဆောင်ခဲ့သလို လုပ်ဆောင်၍ ခွန်အားအတွက် သခင်ကိုသာမှီခိုရန်ဖြစ်ပါသည်။ အသက်တာခရီးလမ်းတွင်လည်း မဖြစ်နိုင်စရာအဆီးအတားများစေဦးတော့၊ ကျေးဇူးတော်အားဖြင့် ရှေ့သို့သာချီ၍ စိတ်ဓါတ်အလျှင်းမကျ၊ မျှော်လင့်ချက်သာသာသာထား၍ လုပ်ဆောင်ရပါမည်။

ခရစ်တော်သခင်သည် မိမိအားပေးအပ်ထားသောအလုပ်ကို ပြီးစီးစေခဲ့ပါပြီ။ ထိုအလုပ်ကိုလူသားတို့ဆက်လက်လုပ်ဆောင်ရပေဦးမည်။ သို့ဖြစ်၍ "အကျွန်ုပ်နှင့်စပ်ဆိုင်သောအရာရှိသမျှတို့သည် ကိုယ်တော်နှင့်စပ်ဆိုင်ကြပါ၏။ ကိုယ်တော်နှင့်စပ်ဆိုင်သောအရာရှိသမျှတို့သည်လည်း အကျွန်ုပ်နှင့်စပ်ဆိုင်၍ ထိုအရာတို့အားဖြင့် အကျွန်ုပ်သည်ဘုန်းထင်ရှား ပါ၏။ ယခုမှစ၍ အကျွန်ုပ်သည် ဤလောက၌မရှိပါ။

ဤသူတို့မူကား၊ ဤလောက၌ရှိရစ်ရကြပါမည်။ အကျွန်ုပ်သည် ကိုယ်တော်ထံသို့သွားရပါမည်။ သန့်ရှင်းတော်မူသောအဘ၊ ကိုယ်တော်နှင့် အကျွန်ုပ်သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ အကျွန်ုပ်အားပေးတော်မူသော ဤ သူတို့သည်ဖြစ်ရပါမည်အကြောင်း သူတို့ကို ကိုယ်တော်၏နာမ၌တည်စေတော်မူပါ။" "ထိုသူ တို့အဖို့ကိုသာ အကျွန်ုပ်ဆုတောင်းသည်မဟုတ်ပါ။

သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကိုယုံကြည်သောသူတို့အဖို့ကိုလည်း ဆုတောင်းပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကသားတို့သည် ယုံကြည်မည်အကြောင်း ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊---- ငါတို့သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ အကျွန်ုပ်သည် သူတို့၌ရှိ၍ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ရှိတော်မူသော

အားဖြင့် သူတို့သည် တစ်လုံးတစ်ဝတည်းဖြစ်၍ တစ်လုံးတစ်ဝတည်း၌ စုံလင်စေခြင်းငှါလည်းကောင်း၊ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်း ချစ်တော်မူကြောင်းကို လောကသားတို့သည် သိစေခြင်းငှါလည်း ကိုယ်တော်သည် အကျွန်ုပ်အားပေးတော်မူသောဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အားပေးပါပြီ။" (ယောဟန် ၁၇း၁၀၊၁၁၊၂၀-၂၃။)ဟု မိန့်တော်မူခဲ့ပါသည်။

-ဝ-

## အခန်း (၃)
## စေခိုင်းချက်ကြီး

ခရစ်တော်သခင်သေလွန်ပြီးသည့်နောက် တပည့်တော်တို့သည် အလွန်အမင်းစိတ်ဓာတ်ကျဆင်းကြကုန်၏။ သူတို့၏သခင်ကြီးကား ငြင်းပယ်ခံရ၏။ အပြစ်တင်ခံရရုံမျှမက လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲ့ရလေပြီ။ ယဇ်ပုရောဟိတ်များနှင့် အုပ်ချုပ်သူလူတန်းစားတို့ကလည်း ထိုသခင်အား ဤသို့စက်ဆုတ်ရွံရှာဘွယ်ကြေညာလိုက်သေး၏။

"ဤသူသည် သူတစ်ပါးတို့ကို ကယ်တင်တတ်၏။ ကိုယ်ကိုမကယ်နိုင်ပါတကား။ ဣသရေလရှင်ဘုရင်မှန်လျှင် လက်ဝါးကပ်တိုင်မှ ယခုဆင်းပါလေစေ။ ဆင်းလျှင် ငါတို့ယုံကြည်မည်။" (မဿဲ ၂၇း၄၂။) သို့ဖြစ်၍ တပည့်တော်တို့၏မျှော်လင့်ချက်ကား အလင်းမရှိတော့၊ အမှောင်ကမင်းမူနေ၏။ ရံဖန်ရံခါဆိုသလို "ထိုသူသည် ဣသရေလအမျိုးကို ရွေးနှုတ်အံ့သောသူဖြစ်သည်ဟု ငါတို့သည် အထက်ကမျှော်လင့်ကြပြီ။"(လုကာ ၂၄း၂၁။)ဟု ရေရွတ်မိ၏။ အထီးကျန်ဘဝနှင့် ဟာတာတာအဖြစ်ကို ခံစားနေရရင်း သခင်၏စကားကို သတိယမိပြန်၏။ "စိမ်းသောအပင်ကို ဤသို့ပြုကြလျှင် ခြောက်သောအပင်၌အဘယ်သို့ဖြစ်လိမ့်မည်နည်း။" (လုကာ ၂၃း၃၁)။

ယေရှုသခင်သည် နောင်ဖြစ်မည့်အရာများနှင့်ပါတ်သက်၍ တပည့်တော်တို့အားဖော်ပြရန် ကြိမ်ဖန်များစွာကြိုးစားခဲ့ပါ၏။ သို့တစေလည်း တပည့်တော်တို့သည်ဂရုမစိုက်၊ မဆင်ခြင်ခဲ့ကြ။ ယခုလိုကြုံလာသည့်အခါ၌ကား သူတို့အံ့ဩမိ၏။ ဇာတ်ကြောင်းပြန်သော် သူတို့အမှားကိုသိမြင်သဖြင့် ဝမ်းနည်းခြင်းသာအဖတ်တင်၏။

ခရစ်တော်သခင် ကပ်တိုင်တော်ပေါ်ရှိခဲ့စဉ်က ကိုယ်တော်သခင်ရှင်ပြန်ထမြောက်လိမ့်မည်ကို သူတို့မယုံကြည်ခဲ့ကြ။ သုံးရက်မြောက်သောနေ့တွင် ငါသည်ရှင်ပြန်ထမြောက်အံ့ဟု သခင်ဆိုခဲ့သည်တိုင်အောင် ကိုယ်တော်ကဘာကိုဆိုလိုသည်ကို သူတို့မသိ။ ထွေနေ၏။ ဤသို့နားမလည်သောကြောင့် သခင်သေသောအခါ အကြီးအကျယ် မျှော်လင့်ချက်မဲ့ခဲ့ရ၏။ စိတ်ဓာတ်ကျခဲ့ရ၏။ သူတို့၏ ယုံကြည်ခြင်းမျက်လုံးအစုံသည် စာတန်၏ အရိပ်လွှမ်းမိုးမှုဇုန်ကို ကျော်ဖြတ်၍မမြင်နိုင်တော့။ အားလုံးက သူတို့အတွက်မရေရာ၊

အတိအကျမရှိ၊ ဆန်းနက်နဲလှပေ၏။ အကယ်၍သာ တပည့်တော်တို့သည် မိမိတို့ကယ်တင်ပိုင်ရှင် သခင်ယေရှု၏ စကားတော်ကို ယုံကြည်မည်ဆိုပါက ဝမ်းနည်းကြေကွဲမှုများစွာကို လျော့ ပါးနိုင်ပါလိမ့်မည်မဟုတ်လော။

တပည့်တော်တို့သည် စိတ်ပျက်အားလျော့ညှိုးငယ်ဝမ်းနည်းလျက် အထက်ခန်းမတစ်ခုတွင် စုဝေးဆုံတွေ့ကြ၏။ တံခါးပေါက်ကိုပိတ်၊ တံခါးကျင်ကိုချ၍ မိမိတို့၏ချစ်ဆရာကြီးအဖြစ်ကဲ့သို့ မကျရောက်ရလေအောင် စိုးရိမ်ကြောက်ရွံ့စိတ်နှင့် အခန်းအောင်းကြကုန်၏။ ထိုအချိန်တွင် ကယ်တင်ပိုင်သူသခင်ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်ပြီဖြစ်၍ တပည့်တော်တို့ရှေ့မှောက်တွင် ဘွားကနဲပေါ်လာ၏။ သူတို့ဝမ်းသာကြရလေပြီ။

ခရစ်တော်သခင်သည် ရက်ပေါင်းလေးဆယ်တပည့်တော်တို့နှင့်အတူရှိ၍ အမှုတော်မြတ်မည်သို့မည်ပုံဆက်လက်ထမ်းရွက်ရမည်ကို ရှင်းပြ၏။ အထက်ကနားမလည်ခဲ့သည်များကို ယခုတော့နားလည်ကြလေပြီ။ ထိုသခင်သည် လူ့ဇာတိအဖြစ်ကိုခံယူမည်၊ ဂျူးလူမျိုးတို့ကငြင်းပယ်မည်။ အသေသတ်ခံရမည် စသောပုရောဖက်စကားများ ပြည့်စုံပြီဖြစ်ကြောင်းပြောပြခဲ့၏။ ရှေ့ဆက်လုပ်ငန်းခွင်တွင် တန်ခိုးကိုခံယူနိုင်မည်ဖြစ်ကြောင်း သက်သေတည်းဟုလည်း ထပ်ဆင့်ကတိပြုသေး၏။ “ထိုအခါ ခရစ်ယာန်ကျမ်းစာကို နားလည်စေခြင်းငှါ တပည့်တော်တို့၏ဉာဏ်ကိုဖွင့်တော်မူလျှင် ဤသို့ကျမ်းစာလာ၏။ ဤသို့ခရစ်တော်သည် အသေခံ၍ သုံးရက်မြောက်သောနေ့၌ သေခြင်းမှထမြောက်ရမည်။ ခရစ်တော်၏အခွင့်အားဖြင့် နောင်တတရားနှင့် အပြစ်လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစသော လူမျိုးတကာတို့အား ဟောပြောရမည်။ သင်တို့သည်လည်း ဤအကြောင်းအရာတို့၏ သက်သေ ဖြစ်ကြ၏။” (လုကာ ၂၄း၄၅-၄၈)။

ဤရက်ပိုင်းအတွင်း တပည့်တော်တို့သည် အမှန်တရားအလင်း ထူးခြားစွာရ၏။ ကိုယ်တော်ကိုလည်း လုံးဝယုံကြည်မှုရှိလာကြ၏။ သူတို့ ရောက်လေရာရာတွင် “အဘယ်သူကို ယုံကြည်သည်ဟုငါသိ၏။”(၂တိ မောသေ၁း၁၂)ဟူ၍ ပြောနိုင်လေပြီ။ သူတို့လက်ဝယ်ရောက်ရှိနေသော ဧဝံဂေလိလုပ်ငန်းသဘောသဘာဝနှင့်တိုးချဲ့လုပ်ဆောင်ရမည်ကို သူတို့သတိပြုမိလာ၏။ ခရစ်တော်သခင်၏ သက်တော်စဉ်၊ သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း၊ ဤဖြစ်ရပ်များကို ညွှန်ပြနေသောပုရောဖက်ဟောချက်များ၊ ကယ်တင်ခြင်းစီမံကိန်း၏နက်နဲမှုများ၊

အပြစ်ဖြေလွှတ်နိုင်သော ယေရှု သခင်၏တန်ခိုးတော်စသည်တို့ကို တပည့်တော်တို့သည် လောကကြီးအား သက်သေခံဟောကြားကြရပါမည်။ သူတို့သည် နောင်တရ၍ ကယ်တင်ရှင်၏တန်းခိုးတော်နှင့် မြေကြီးစွန်းတိုင်အောင် ကယ်တင်ခြင်းနှင့်ငြိမ်သက်ခြင်းချမ်းသာဖြစ်သော ဧဝံဂေလိသတင်းကောင်းကို ဟောပြောရမည်မဟုတ်လော။

သို့ဖြစ်၍ ခရစ်တော်သခင်သည် ကောင်းကင်ဘုံသို့မတက်ကြွမီ တပည့်တော်တို့အား ခရစ်ယာန်သာသနာပြုရန်မိန့်မှာခဲ့၏။ ကိုယ်တော်သည် လောကသားအပေါင်းတို့ ထာဝရအသက်ရတနာမြတ်ကို အမွေတော်ခံရန် မိမိတပည့်တော်တို့အား အကျိုးဆောင်အဖြစ်ခန့်အပ်ထားကြောင်းကိုလည်းပြော၏။ ငါဘုရားသခင်၏ပေးဆပ်အပ်နှံသောအသက်တာ၊ အစ္စရေးလူမျိုးတို့အတွက် အလုပ်လုပ်ပေးခဲ့ပုံ၊ ထာဝရအသက်ကိုမလိုလား၍ ငါ့အားငြင်းပယ်ပုံ၊ သို့တစေလည်း ဘုရားသခင်၏သားတော်ကို လက်သင့်ခံရန် အခွင့်အရေးထပ်ပေးပုံများကို လောကသားတို့အား သက်သေခံဟောကြားရန်တာဝန်ကိုလည်းပေးလေ၏။ ငါ့ထံသို့လာ၍ အပြစ်ဝန်ချတောင်းပန် သူကို ငါလက်ခံကြောင်းသင်တို့မြင်ခဲ့ပြီ။ ငါ့ထံသို့လာသောသူကို ငါသည်အလျှင်းမပယ်။ ငါသည် သင်တို့အား ဤဂရုဏာတရားသတင်းကောင်းကို ဟောကြားရန်ခွင့်ပြုလိုက်ပြီ။

ဤတရားကိုရှေးဦးစွာယုဒလူ၊ နောက်မှမယုံကြည်သူ၊ ကမ္ဘာသူ/ သားတို့အားဟောပြောရအံ့။ ယုံကြည်သူအပေါင်းသည် အသင်းတော်တစ်ခုတွင် စုပေါင်းစုရုံးကြစေ။

ဧဝံဂေလိသတင်းကောင်းဟောကြားရန်စေခိုင်းချက်သည် ခရစ်တော်နိုင်ငံတော်၏ ကြီးကျယ်ခမ်းနားသော ခရစ်ယာန်သာသနာပြုစာချုပ်ကြီးပင်ဖြစ်ပါသည်။ တပည့်တော်တို့သည် ထိုဂရုဏာဖိတ်ခေါ်ချက်ကို ကမ္ဘာလူသားတိုင်းဆီသို့ သတင်းပို့ရမည်။ သူတို့ထံသို့တစ်ပါးသူတို့လာရမည်ကို မစောင့်မျှော်ရ။ လူများထံသို့သတင်းကောင်းချီ၍ သွားရောက် ဟောပြောရမည်။

တပည့်တော်တို့သည် ခရစ်တော်၏နာမတော်ကိုဆောင်ကာ ခရစ်ယာန်သာသနာပြု၏။ ပြောသောစကားလုံးတိုင်း၊ ပြုကျင့်သောအပြုအမူ လုပ်ဆောင်မှုတိုင်းသည် ထိုနာမတော်နှင့်မကင်းလွတ်ချေ။ ထိုနာမတော်တွင် တန်ခိုးပါရှိ၏။ အပြစ်သားများကို အပြစ်မှလွှတ်မြောက်စေသော တန်ခိုးပေတည်း။ တပည့်တော်တို့သည် မိမိတို့၏ယုံကြည်ခြင်းကို ထိုသခင်၌ ဗဟိုချက်ပြု၏။

သနားခြင်းနှင့် စွမ်းအားကိုရရှိစေသည်။ ထိုနာမတော်အားဖြင့် ခမည်းတော်ထံတောင်းဆုပန်ကြ၏။ ဆုတောင်းပြည့်ပါသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ပုဂ္ဂိုလ်သုံးပါး ဘုရားသခင်တစ်ပါးတည်း၏နာမ၌ ရေနှစ်ခြင်းကိုပေး၏။ ကြာသော် ခရစ်တော်၏နာမတော်သည် နေရာတကာသုံး အမှတ်အသားပြတံဆိပ်တုံးဖြစ်လာတော့သည်။ နာမတော်အားဖြင့်ယုံ ကြည်သူချင်းစုပေါင်းစုရုံးလာ၏။ လုပ်ဆောင်မှုတိုင်းအတွက် ဩဇာတန်ခိုးဖြစ်လာ၏။ အောင်မြင်ခြင်း၏ သော့ချက်လည်းဖြစ်လာပေသည်။ ကိုယ်တော်၏နိုင်ငံတော်တွင် ထိုနာမနှင့် ကမ္ဗည်းလိပ်စာကင်းကွာသည်ဟူ၍မရှိ။

သင်တို့သွား၍ ငါ၏နာမ၌ ယုံကြည်သူအပေါင်းကို အသင်းတော်တွင် စုရုံးကြစေဟုမိန့်မှာသောအခါ ကိုယ်တော်သည် တပည့်တော်တို့အား ရိုးရိုးလေးသာပြု မူ၊ကျင့်ကြံ၊ ပြောဆို၊ လုပ်ဆောင်ရန်လိုအပ်ကြောင်းကို ပွင့်လင်းစွာ ပြောဆိုခြင်းဖြစ်၏။ အပေါ်ယံဟန်ပြကြွားဝါမှုနည်းလေ၊ အကောင်းဘက်သို့ သူတို့၏ဩဇာလွှမ်းမိုးမှုမှာ ကြီးမားလေဖြစ်၏။ အပြောအဆိုတွင်လည်း သခင်ကဲ့သို့ ရိုးစင်းပီသစွာ ပြောဆိုရန်ဖြစ်၏။ သခင်၏ဩဝါဒစကားများကိုလည်း တရားနာသူတို့ထံသို့ လက်ဆင့်ကမ်းဝေငှသွားရန် ဖြစ်သည်မဟုတ်လော။

တပည့်တော်တို့လုပ်ရမည့်အလုပ်သည် လွယ်ကူ၏ဟု ခရစ်တော်သခင် ကမပြောခဲ့ပါ။ ဆန့်ကျင်မည့်မကောင်းဆိုးဝါးအစည်းအရုံး ပေါင်းဖွဲ့ ခြင်းများသည် အစီအလျှဉ်နှင့်ဆီးကြိုနေမည်ဟူ၍သာ ပြောပြခဲ့ပါသည်။

သူတို့သည် "အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့် လည်းကောင်း၊ လောကမှောင်မိုက်အစိုးတရပြုလုပ် သောမင်းတို့နှင့်လည်း ကောင်း၊ မိုးကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ရကြမည်"ဖြစ်သည်။ (ဧဖက် ၆း၁၂။) သို့သော်လည်း ထိုသူတို့သည် တစ်ကိုယ်တည်း ဘဝတိုက်ပွဲဝင်ရမည်မဟုတ်ပါ။ ဘုရားသခင်သည်သူတို့နှင့်အတူရှိမည်။ ယုံကြည်ခြင်းဖြင့် ဘဝခရီးဆက်က ထာဝရဘုရားသခင်၏စိုးမိုးမှုအောက်တွင် ခိုလှုံကြသည်ဖြစ်၍ အာမခံချက်ရှိကြောင်း၊ အားယူ၍ရဲရင့်ခြင်းရှိလော့။ ကောင်းကင်တမန်များ ထက်ခွန်အားကြီးသောကောင်း ကင်သားအပေါင်းတို့၏ စစ်သူကြီးသည် သင့်တပ်စုတွင်အမြဲရှိ၏ဟု သခင်ကပြောထားလေသည်။ သခင်သည်

အားထုတ်လုပ်ဆောင်မှုပြုသော အမှုတော်မြတ်ကြီးအတွက် ပြည့်ဝစုံလင်သော စီမံမှုများကို ပြုထားနှင့်လေပြီ။ အောင်မြင်မှုအတွက် သခင်ကိုယ်တော်တိုင်က တာဝန်ယူပါသည်။ စကားတော်ကိုနားထောင်၍ ကိုယ်တော်နှင့်မပြတ်ဆက်သွယ်ကာ လုပ်ဆောင်နေသမျှကာလပတ်လုံး ဆုံးရှုံးနိုင်ဖွယ်မရှိပြီ။ သို့ဖြစ်၍ သခင်စေခိုင်းသည်မှာလူ မျိုးတကာသို့သွားလော့။ မြေကြီးစွန်းတိုင်အောင်သွား၍ ယုံကြည်စိတ်ချမှုအပြည့်နှင့်အမှုတော်ကိုထမ်းရွက်ပါလော့။ ငါသည် သင်တို့နှင့်အတူရှိကြောင်း ကိုမမေ့နှင့်။ သင့်ကိုငါစွန့်ပစ်၏ဆိုသောကာလသည် ငါ၌မရှိပြီ။ သင်နှင့်ငါအမြဲအစဉ်ရှိမည်။ သင့်တာဝန်ထမ်းဆောင်ရာတွင် ငါကူညီမစမည်။ လမ်းပြမည်။ နှစ်သိမ့်မည်။ သန့်ရှင်းစေမည်။ စောင်မကြည့်ရှုမည်။ တစ်ပါးသူများကို ကောင်းကင်သို့စွဲဆောင်ရာ၌ သင်ပြောသည့်စကားကိုငါအောင်စေမည်။

လူသားတို့ကိုယ်စား ခရစ်တော်သခင်၏အပ်နှံမှုသည် ပြီးပြည့်စုံပေ၏။ ရန်ပြေမာန်ပြေဖြစ်ခဲ့ရလေပြီ။ ဤလောကသို့ကြွဆင်းလာခဲ့ရခြင်း၏ အကြောင်းရင်းလုပ်ငန်းသည် ပြီးမြောက်ခဲ့ပြီ။ နိုင်ငံတော်တည်ထောင်ခဲ့လေပြီ။ စာတန်နှင့်လုံးထွေးသတ်ပုတ်၍လည်း အောင်မြင်ခဲ့လေပြီ။ ကောင်းကင်သားတို့၏ဂုဏ်ပြုခြင်းကိုထာဝရဘုရားသခင်၏ပလ္လင်တော်ထက်ဝယ်ခံယူရန်သာကျန်ပါတော့သည်။ ယခုတွင် အတောမသတ်နိုင်၊ များပြားစွာသော သြဇာတန်ခိုးကိုခြုံရုံ၍ တပည့်တော်တို့ကိုစေခိုင်းနေပါတော့သည်။ "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည် သင်တို့အားပေးသမျှသောတရားတော်တို့ကို စောင့်ရှောက်ခြင်းငှါ ဆုံးမသြ ဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင်သင်တို့ နှင့်အတူအစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အားမိန့်တော်မူ၏"။ (မဿဲ ၂၈း၁၉-၂၀)။

ခရစ်တော်သခင်သည် ကောင်းကင်ဘုံသို့မတက်ကြွသွားမီ အချိန်တိုလေးတွင် တပည့်တော်တို့အား မိမိ၏နိုင်ငံတော်နှင့်ပါတ်သက်၍ တစ်ဖန်ရှင်းလင်းပြောပြပြန်သေး၏။ သခင်တည်ထောင်မည့်နိုင်ငံတော်သည် တဒင်္ဂလတ်တလောနိုင်ငံတော်မဟုတ်ပါ။ ဤလောကနှင့်မစပ်ဆိုင်ပါ။ သက်ဦးစံပိုင်ဘုရင်ဒါဝိတ်မင်း၏ပလ္လင်ထက်ဝယ် မင်းဆက်မပြတ် ဆက်လက်မင်းလုပ်မည်ဟူ၍လည်း

မရည်ရွယ်ခဲ့ပါ။ ချစ်တပည့်တမန်တော်တို့က" ဘုရားသခင်၊ ယခုအခါ ကိုယ်တော်သည် ဣသရေလအမျိုးသားတို့အား နိုင်ငံကိုပြန်ပေးတော်မူမည်လောဟုမေးလျှောက်ကြလျှင်၊ သခင်ဘုရားက ခမည်းတော်၏ တန်ခိုးအားဖြင့် စီရင်တော်မူသောအချိန်ကာလကို သိရသောအခွင့်သည် သင်တို့၌မရှိ"ဟုအဖြေပေးခဲ့ပါသည်။ (တမန်တော် ၁း၆၊၇။) အနက်မှာ သခင်ဖော်ပြခဲ့သည်များကို မြင်တွေ့ရန်ဖြစ်သည်။ ရှေ့လာမည့်ဖြစ်ရပ်များကို မြင်ရန်မလိုအပ်သေး။ လုပ်ရမည့်အလုပ်မှာ ဧဝံဂေလိသတင်းစကားကို နေ ရာအနှံ့ဟောကြားရမည်သာဖြစ်သည်။

ခရစ်တော်သခင်သည် တပည့်တော်များမျက်မှောက်မှ အထက်သို့ဆောင်၍ ပျောက်ကွယ်ချိန်နီးလုပြီ။ သို့သော် အသစ်သောတန်ခိုးထောက်ပံ့မှုကို တပည့်တော်တို့ခံဖို့ရန်ရှိ၏။ သန့်ရှင်းသောဝိညာဉ်တော်က သူတို့တွင် နေရာတံဆိပ်ခတ်ထားပါမှ အမှုတော်မြတ်အတွက် ပြင်ဆင်နိုင်မည်မဟုတ်ပါလော။ သို့ဖြစ်၍ ကယ်တင်ပိုင်ရှင်ခရစ်တော်သည် ဤသို့ဆို၏။ "ငါ့ခမည်းတော်၏ကတိရှိသည်အတိုင်းသင်တို့၌ငါပြုဦးမည်။ သို့ဖြစ်၍ သင်တို့သည် ကောင်းကင်ကတန်ခိုးကိုမခံမီတိုင်အောင် ယေရုရှလင်မြို့၌နေကြဦးလော့။" "ယောဟန်သည် ရေ၌ဗတ္တိဇံကိုခံရကြလိမ့်မည်။" " သင်တို့အပေါ် သို့သန့် ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင်ငါ၏သက်သေဖြစ်ကြလိမ့်မည်။" (လုကာ ၂၄း၄၉။ တမန်တော် ၁း၅-၈)။

လောကဆန်၍ တစ်ကိုယ်ကောင်းစိတ်သဘောဆောင်သော မာကြောသော နှလုံးသားကို ငြင်းခုံပြောဆိုခြင်းအာဖြင့် မပျော့ပျောင်းစေနိုင်။ မည်မျှပင်အကျိုးအကြောင်းဆင်ခြင်တုံတရားကောင်း၍ စကားပြောင် မြောက်ပါစေဦးတော့၊ ခက်ထန်သောနှလုံးသားကို မကြေမွစေနိုင်သည်ကို ကယ်တင်ရှင်ကသိနှင့်ထားပြီဖြစ်သည်။ ကောင်းကင်ဘုံမှဆုကျေးဇူးလက်ဆောင်ကို ခံယူရရှိပြီးခါမှ နှလုံးသားနှင့်ဟောပြောသောဧဝံဂေလိသတင်းစကားသည် ပီပြင်ထိရောက်မည်ကို သခင်ကသိ၏။ အကြောင်းမူကား၊ တပည့်တော်များအားလုံးကိုသိကျွမ်းသော ထိုသခင်သည် လမ်းခရီး၊ အမှန်တရားနှင့်အသက်ဖြစ်သည်မဟုတ်လော။

တပည့်တော်တို့အား အပ်နှင်းထားသောဝိညာဉ်ကယ်တင်ရေးလုပ်ငန်းကို လုပ်ဆောင်နိုင်ရန် ထိုသူတို့သည် အရည်အချင်းနှင့်ပြည့်စုံရန်လို၏။ အကြောင်းမူကား၊ ဆိုးသွမ်းမှုဒီရေလှိုင်းသည် တပည့်တော်တို့အားဖြိုဖျက်ချေမှုန်းရန် စိုင်းပြင်းနေပြီဖြစ်သောကြောင့်တည်း။

နိုးကြား၍ သံမဏိစိတ်ဓါတ်ရှိသော အမှောင်ထုလောက၏ ဦးစီးမှူးကြီးစာတန်သည် ပြစ်မှုကျူးလွန်ရန် လူကိုအမိန့်ပေးနေ၏။ ခရစ်တော်သခင်၏နောက်လိုက်တို့ကား၊ ထာဝရဘုရားသခင်၏ ဝိညာဉ်တော်အကူအညီအားဖြင့်သာလျှင် ထိုစာတန်နှင့်ရင်ဆိုင်တိုက်လှန်ပွဲဝင်နိုင်မည်ဖြစ်သည်။

တပည့်တော်တို့သည် ဧဝံဂေလိလုပ်ငန်းစဉ်ကို ယေရုရှလင်မြို့တွင် အစပြုလုပ်ဆောင်ရပါမည်။ ထိုမြို့တော်ကြီးကား ခရစ်တော်ယေရှု၏လူသားတစ်နွယ်လုံးအတွက် အံ့သြဖွယ်အပ်နှံမှုကြီးကို ပြုခဲ့သောမြို့ကြီးမဟုတ်လော။ ထိုမြို့တော်ကြီးတွင် ကိုယ်တော်သည် လူသားစစ်စစ်ကဲ့သို့ ဝတ်စားဆင်ယင်၏။ အတူတကွသွားလာပြောဆိုကြ၏။ သို့ရာတွင် ကောင်းကင်ဘုံသည် မြေကြီးနှင့်အလွန်နီးကပ်နေပြီဖြစ်ကြောင်းကိုတော့ သိမှတ်သူနည်းပါး၏။

အများကနာ ဇရက်မြို့သားယေရှုကို မေရှိယသခင်ဟုလျို့ဝှက်စွာယုံကြည်ခဲ့ကြသော်လည်း မနည်းလှသောမြို့မိမြို့ဖတို့သည် အုပ်ချုပ်သူလူတန်းစားနှင့် ယဇ်ပုရောဟိတ်တို့၏ လှည့်ဖြားမှုကိုခံကြရပြန်သည်။ ထိုသူတို့ထံသို့ဧဝံဂေလိသတင်းကိုဟောကြားရလိမ့်မည်။ သူတို့နောင်တတရားရဖို့လို၏။ ခရစ်တော်သခင်တစ်ပါးတည်းသာလျှင် အပြစ်ကိုဖြေလွှတ်နိုင်သော တရားမှန်ကိုရှင်းလင်းစွာဟောပြောရပါမည်။ သခင်၏ ဖြစ်ရပ်များမှာမကြာသေး၍ ပူနွေးနေချိန်မှာပင် တပည့်တော်တို့၏ဟောပြောမှုသည် ပီပြင်ထိရောက်မှုရှိရသည်မှာ အမှန်ပေတည်း။

ယေရှုသခင်အမှုတော်ဆောင်ခဲ့စဉ်က တပည့်တော်တို့အား အနီးကပ်မပြတ်သွန်သင်ဩဝါဒပေးသည်မှာ အသက်ဝိညာဉ်ကယ်တင်ရေးလုပ်ငန်းတွင် သင်တို့သည် ငါနှင့်တစ်ပေါင်းတစ်စည်းတည်းရှိလော့။ တပည့်တော်တစ်ဆယ့်နှစ်ပါးကိုစေလွှတ်ပြီးသည့်နောက် တပည့်တော်အပါးခုနှစ်ဆယ်ကိုလည်း ထပ်မံ၍ခရစ်ယာန်သာသနာပြုရန် စေလွှတ်ပြန်၏။ သခင်ထံမှမြင်တွေ့ကြားနာသိရှိရလေသမျှတစ်ပါးသူတို့အား ဝေမျှဟောပြောစေလော့ဟူလည်း တာဝန်ကိုပေး၏။ ကိုယ်တော်ပေးသော သင်တန်းသည် တစ်ဦးစီက မည်ကဲ့သို့

အမှုတော်ဆောင်ရမည်ကိုဦးစားပေး၏။ တပည့်တော်တစ်ပါးစီသည် အခြားတပည့်တော်တစ်ပါးတိုးပွါးလာရန် သွန်သင်ပေးသည့်နည်းဖြစ်သည်။ သို့ပြုမှ သူတို့အရေအတွက်အတိုင်း သင်းဝင်သူတို့တိုးပွါးလည်မည်ဖြစ်သဖြင့် မြေကြီးစွန်းတိုင်အောင် သတင်းစကား လျှင်မြန်စွာပျံ့နှံ့သွာမည်မဟုတ်လော။ ကယ်တင်ခြင်းသတင်းကောင်းသည် ကမ္ဘာအရပ်ရပ်ရှိလူမျိုးအမျိုးမျိုးဆီသို့ရောက်ရှိရပါမည်။ ဤကား သခင်ပေးသောနောက်ဆုံးသင်ခန်းစာပေတည်း။

ခရစ်တော်သခင် ကောင်းကင်ဘုံအဖခမည်းတော်ထံသို့ မိုးတိတ်စီး၍ ကြွမြန်းချိန်ရောက်သောအခါ ကိုယ်တော်သည် တပည့်တော်တို့ကို ဗေသနိရွာနားဆီသို့တိုင်ခေါ်ဆောင်သွားသည်။ ထိုနေရာတွင်ရပ်နားလျက် တပည့်တော်တို့ကိုစုဝေးစေ၏။ လက်တော်နှစ်ဖက်ကိုလည်းဆန့်၍ စောင့်မကြည့်ရှုထောက်ပံ့နေသည်ဟူသော အာမခံချက်အသွင်မျိုးနှင့်ကောင်းချီးပေးကာ တဖြည်းဖြည်းနှင့် ကောင်းကင်သို့ကြွချီလျက် သူတို့ထံမှခွါသွားတော့၏။ ကျမ်းမှတ်တမ်းအရ၊ "ထိုသို့ကောင်းချီးပေးတော်မူစဉ်တွင် တပည့်တော်တို့နှင့်ခွါ၍ ကောင်းကင်ဘုံသို့ ဆောင်ယူခြင်းကိုခံတော်မူ၏။" (လုကာ ၂၄း ၅၁)။

တပည့်တော်တို့သည် ကောင်းကင်ဘုံသို့တက်ကြွသွားသော သခင်ဘုရားကို မျက်စိတစ်စုံးငေးကြည့်နေစဉ်မှာပင် ကောင်းကင်ဘုံတမန်တော်များ၏ဝမ်းမြောက်ရွှင်လန်းစွာကြိုဆိုမှုကို ကိုယ်တော်သည်ခံရပြန်၏။ ကောင်းကင်တမန်များခြံရံလျက် ကိုယ်တော်ဘုရားသခင်ကို ဂုဏ်ပြုဝန်းရံကာ ကောင်းကင်ထက်နန်းတော်ပလ္လင်ဆီသို့ အောင်မြင်သောကြွေးကြော်သံမျိုးနှင့် ဂုဏ်တော်ကိုချီးမွမ်းကာနေကြ၏။ "မြေကြီးနိုင်ငံတို့၊ ဘုရားသခင့်ရှေ့တော်၌ သီချင်းဆိုကြလော့။ အစအဦး၌ အထက်ကောင်းကင်ဘဝဂ်ကိုစီး၍နေတော်မူသော ထာဝရဘုရားသခင်ကို ထောမနာသီချင်းဆိုကြလော့။ အသံတော်ကိုလွှတ်တော်မူ၍ အားကြီးသောအသံဖြစ်၏။ ဘုရားသခင်သည် တန်ခိုးကြီးတော်မူသည်ဟုဝန်ခံကြလော့။ ဣသရေလအမျိုးကို ဘုန်းတော်လွှမ်းမိုးလျက် တန်ခိုးတော်လည်း မိုးတိမ်တို့တွင် ထင်ရှားလျက်ရှိသတည်း။" (ဆာလံ ၆၈း၃၂-၃၄)။

တပည့်တော်တို့မူကား၊ ကောင်းကင်သို့စေ့စေ့ကြည့် မျှော်လျက်နေကြဆဲပင်။ ထိုအခါ"လူနှစ်ယောက်တို့သည် ဖြူစင်သောအဝတ်ကိုဝတ်ဆင်လျက် တမန်တော်တို့အနားမှာပေါ်လာ၍၊ အိုဂါလိလဲလူတို့၊အဘယ်ကြောင့် ကောင်းကင်သို့

ကြည့်မျှော်လျက်နေကြသနည်း။ သင်တို့နှင့်ခွါ၍ ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက် ၌ကောင်းကင်သို့ကြွသွားတော်မူသည်နည်းတူ တစ်ဖန်ကြွလာတော်မူလတ္တံ့ဟု ပြောဆို၏။" (တမန်တော် ၁း၁၀-၁၁)။

ထိုအခါ တပည့်တော်တို့၏စိတ်နှလုံးအမြင်အာရုံတွင် ခရစ်တော်သခင်တစ်ဖန်ပြန်ကြွဆင်းလာမည်ဆိုသောကတိတော်ကို အမြဲဆန်းသစ်စွဲလန်းစေ၏။ အမှုတော်တွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပါဝင်ကြသူများအပါ အဝင်တပည့်တော်များကို ကိုယ်တော်နှင့်အတူရှိနေဖို့ရန် လာခေါ်မည်ဆို သောအစွဲကသူတို့ကိုဝမ်းမြောက်စေ၏။ "ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင်သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်"ဟူသော အသံတော်မှာလည်း ကောင်းကင်နိုင်ငံတော်သို့ လက်ယပ်ခေါ်ကြိုဆိုနေသကဲ့သို့ ပီတိဖြစ်ရကြလေသည်။

ပုရောဖက်မောရှေလက်ထက် သန့်ရှင်းရာတဲတော်တွင် အမှုထမ်းသောယဇ်ပုရောဟိတ်မင်းသည် မိမိ၏ဂိုဏ်းချုပ်မှသာဝတ်ဆင်ရသော သင်တိုင်းတော်ကိုချွတ်ဖယ်၍ သာမန်ယဇ်ပုရော ဟိတ်တစ်ဦးဝတ်ဆင်ရသော အဖြူရောင်ဝတ်ရုံကို ဝတ်ဆင်သကဲ့သို့ ခရစ်တော်သခင်သည် ဘုရင့်ဝတ်ရုံတော်အဆောင်အယောင်များကိုချွတ်ဖယ်၍ လူသားကဲ့သို့သောအသွင်ကိုဆောင်ကာမိမိကိုယ်ကိုအပ်နှံခဲ့၏။ မိမိသည်သာ ယဇ်ပုရောဟိတ်၊ မိမိသည်သာအသေခံရသောယဇ်ကောင်ဖြစ်ခဲ့ရ၏။ ယဇ်ပုရောဟိတ်မင်းသည် အသန့်ရှင်းဆုံးဌာနဟဂျာဟဂျန်တွင် အမှုဆောင်ပြီး၍ အပြင်တွင်စောင့်ဆိုင်းနေကြကုန်သောလူထုပရိသတ်ထံသို့ ဂိုဏ်းချုပ်ဝတ်ရသောသင်တိုင်းတော်နှင့်ထွက်လာသကဲ့သို့ ခရစ်တော်သခင်သည် ဒုတိယအကြိမ် "ဤမြေ ကြီးပေါ်၌ အဘယ်ခဝါသည်မျှမတတ်နိုင်အောင် မိုးပွင့်ကဲ့သို့အလွန်ဖြူ"၍ ပြောင်လဲ့သောအဝတ်တော် (မာကု ၉း၃)နှင့် တစ်ဖန်ကြွလာတော်မူလတ္တံ့။ ကိုယ်တော်ကြွလာတော်မူသောအခါ မိမိ၏ဘုန်း၊ ခမည်းတော်ဘုရားသခင်၏ဘုန်းနှင့် ကုဋေသင်္ချေမက ခြံရံထားသောကောင်းကင်တမန်အပေါင်းတို့ ၏ ဘုန်းတန်ခိုးတော်နှင့် ကြွလာတော်မူမည်။

ဤနည်းဖြင့် "ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှါ သင်တို့ကိုငါ့ထံသို့သိမ်းဆည်းမည်" (ယောဟန် ၁၄း၃)ဆိုသောကတိတော်သည် တပည့်တော်တို့၌ပြည့်စုံရလတ္တံ့။ သခင်ကိုချစ်၍ သခင့်အလာလမ်းကိုပြင်ဆင်စောင့်ကြို လျက်

ရှိသော ယုံကြည်သူသားသမီးတိုင်းကိုလည်း မသေနိုင်သောအဖြစ်သို့ဝင်စားအံ့သောငှါ ဘုန်းတန်ခိုးနှင့်ပြည့်စုံသောအသက်သရဖူကို သခင်သည် ဂုဏ်ပြုပေးအပ်ပါလိမ့်မည်။ သေလွန်ပြီးသောဖြောင့်မတ်ယုံကြည်သူအပေါင်းတို့သည်လည်း မြေသင်္ချိုင်းမှရှင်ပြန်ထမြောက်၍ သေခြင်းကိုမမြည်းစမ်းလိုက်ရသောယုံကြည်ဖြောင့်မတ်သူများနှင့်အတူ ကောင်းကင်ယံဝေဟင်ပြင်ဝယ် ဆုံစည်းကြပေအံ့။ သခင်ယေရှုခရစ်တော်၏အသံတော်သည်လည်း တေးသံသာထက်ချိုသာစွာထွက်ပေါ်လာ၏။ သင်တို့၏ဘဝတိုက် ပွဲကြီးကားပြီးဆုံးပါလေပြီ။ "ငါ့ခမည်းတော်ထံ ကောင်းချီးမင်္ဂလာကိုခံသော သူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကိုလာ၍ အမွေခံကြလော့။" (မဿဲ ၂၅း၃၄)။

ဤသို့ဖြင့် တပည့်တော်တို့သည် မိမိတို့၏သခင်အပြန်လမ်းကို မျှော်လင့်လျက် ဝမ်းမြောက်နေကြသည်မဟုတ်လော။

-၀-

## အခန်း (၄)
## ပင်တေကုတ္တေပွဲ

တပည့်တော်တို့သည် သံလွင်တောင်မှယေရုရှလင်မြို့သို့ပြန်လာကြ၏။ လူထုကြီးသည် တပည့်တော်တို့၏မျက်နှာပေါ်တွင် ဝမ်းနည်းခြင်း၊ ရှုပ်ထွေးခြင်းနှင့်ဆုံးရှုံးခြင်းတို့က ပေါ်လွင်ထင်ဟပ်နေမည်အထင်နှင့် ကြည့်ရှုကြ၏။ သို့သော် တပည့်တော်တို့ကား ထိုသို့မဟုတ်။

ဝမ်းမြောက်ခြင်းနှင့်အောင်ပွဲဝင်သည့်အသွင် ဖြစ်နေ၏။ တပည့်တော်တို့သည် စိတ်ပျက်ဖွယ် ရာမျှော်လင့်ချက်အတွက် ယခုတွင် မကျေပွဲ၊ မဝမ်းနည်းတော့ပါ။

သေခြင်းကိုအောင်မြင်သောကယ်တင်ရှင်ကို သူတို့ဖူးတွေ့ခဲ့ရလေပြီ။ ထိုသခင်၏ ကတိတော်စကားတို့ကိုလည်း အမြဲမပြတ်ကြားယောင်နေကြသည်။

သခင်၏အမိန့်တော်ကိုနာခံလျက် ချစ်တပည့်တော်တို့သည် ခမည်းတော်ဘုရားသခင်၏ကတိတော်ဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်ကို ယေရုရှလင်မြို့တွင်စောင့်ဆိုင်းနေကြပါ၏။ ပျင်းရိစွာဖြင့် ဝတ်ကျေတမ်းကျေစောင့်ဆိုင်းနေသည်တော့မဟုတ်ပါ။ "ဘုရားသခင်ကို အံ့ဩချီးမွမ်း လျက်ဗိမာန်တော်သို့ရောက်မြဲရောက်ကြ၏။" (လုကာ ၂၄း၅၃)။ တပည့်တော်တို့သည် မိမိတို့တောင်းပန်လိုသည်များကို ခရစ်တော်၏နာမ၌ ခမည်းတော်ထံတောင်းလျှောက်ကြ၏။

ကောင်းကင်ဘုံတွင် မိမိတို့အတွက် ကိုယ်စားလှယ်တော်ကြီးတစ်ဦးရှိနေကြောင်း၊ ဘုရားသခင်ပလ္လင်ထက်ဝယ် မိမိတို့အဖို့ရှေ့နေတစ်ဦးရှိနေကြောင်းကိုသူတို့သိ၏။

"ငါအမှန်အကန်ဆိုသည်ကား၊ သင်တို့သည်ငါ၏နာမကိုအမှီပြု၍သင်တို့သည်အဘယ်ဆုကို မျှမတောင်းကြသေး။ သင်တို့သည် ဝမ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှါ၊ တောင်းကြလော့။ ထိုသို့တောင်းလျှင်ရကြလိမ့်မည်" (ယောဟန် ၁၆း၂၃-၂၄)ဟူသော သခင်၏အာမခံမိန့်မှာချက်ကိုလည်းသတိရကာအတူတကွဆုတောင်းကြ၏။ ဤသို့လျှင်တပည့်တော်တို့၏ယုံကြည်ခြင်းသည်ပို၍အဆင့်မြင့်

ကြီးမားလာ၏။ မေးမြန်းသူရှိမှုကလည်း သက် သေခံလိုစိတ်ပြင်းပြလာလေသည်။ "အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံ၍ ခံသည်သာမက၊ သေခြင်းမှထမြောက်၍ ဘုရားသခင်၏ လက်ယာတော်ဘက်မှနေလျက် ငါတို့အဖို့ဆုတောင်းသောသူကား ခရစ်တော်ပေတည်း။" (ရောမ ၈း၃၄)။

တပည့်တော်တို့သည် သန့်ရှင်းသောဝိညာဉ်တော်မိုးသက်ရောက်မည့်ကတိကိုစောင့်ဆိုင်းနေရင်း မိမိတို့ကိုယ်ကိုနှိမ့်ချလျက်နောင်တရကာ တစ်ဦးကိုတစ်ဦးအပြစ်ဝန်ချတောင်းပန်ကြ၏။ သခင်၏စကားတော်ကို မယုံကြည်ခဲ့၍လည်း စိတ်မကောင်းဖြစ်ခဲ့ရ၏။ သက်တော်မစွန့်မီပြောခဲ့သောစကားတော်တို့ကို ပြန်လည်ဆင်ခြင်အောက်မေ့သောအခါ၌ကား၊ သခင်၏ပြောလိုချက်အပြည့်အစုံကို ပို၍ပို၍နားလည်လာ၏။ နားလည်သ ဘောပေါက်လာသောအမှန်တရားများကိုလည်း တစ်ဦးကိုတစ်ဦးဖွင့်ပြပြောဆိုကြ၏။

ကယ်တင်ပိုင်သူနှင့်ပါတ်သက်၍ အလွဲမှတ် ယူခဲ့သည်များအတွက်လည်း မိမိတို့ကိုယ်ကိုကဲ့ရဲ့အပြစ်တင်မိ၏။ ခုချိန်မှာတော့ သခင်၏ အံ့ဩဖွယ်ရာအသက်တာမြင်ကွင်းတို့သည် တစ်ခုပြီးတစ်ခုအစီအလျဉ်နှင့် မိမိတို့အမြင်အာရုံတွင် ထင်ပေါ်လာ၏။ သခင်၏ဖြူစင်သန့်ရှင်းသော အသက်တာကို ဆင်ခြင်အောက်မေ့သတိရတိုင်းမှာလည်း မိမိတို့ရင်ဆိုင်နေရသောအခက်အခဲ၊ ချွေးဒီးဒီးစီးကျခြင်းတို့သည် ဘာမျှမဟုတ်တော့။ အပ်နှံမှုသည်လည်း မပြောပလောက်သာဖြစ်၏။ သခင်၏ချစ်ဖွယ်ကောင်းသောအကျင့်တော်နှင့် ဂုဏ်အင်္ဂါများကိုသာ တစ်ပါးသူအား သက်သေခံပြောကြားနေရလျှင် ကျေနပ်ပြီဟုစွဲလန်းကြကုန်၏။ အကယ်၍သာ လွန်ခဲ့သည့်သုံးနှစ်ခွဲကလို သခင်နှင့်တစ်ဖန်သွားလာအိပ်စားအတူပြုရပါမူ တကယ်ပင်ထူးခြားစွာအကျိုးဆောင်လိုက်မည့်ဖြစ်ခြင်းဟု ထင်မှတ်ကြကုန်၏။

သခင့်ကိုပြန်လည်တမ်းတကြသည်။ သခင့်ကိုချစ် မြတ်နိုးကြသည်ဟုနှစ်ကိုယ်ကြားပြောချင်ကြ၏။ သူတို့၏မယုံကြည်မှုတို့သည် သခင့်ကိုစိတ်ဆင်းရဲစေကြောင်းသတိရတိုင်း မိမိကိုယ်ကိုအပြစ်တင်မိ၏။ သို့သော် သူတို့သည် သခင်၏အပြစ်လွှတ်ခြင်းကိုခံစားရသဖြင့် အနေသာ၍ နှိမ့်သိမ့်မှုကို ရရှိကြပါသည်။ ရှေ့ဆက်အသက်တာတွင် ဖြစ်နိုင်သမျှ သခင့်အကြောင်းရဲရင့်စွာဖြင့် ကမ္ဘာကို သက်သေခံမည်ဟုလည်း ဆုံးဖြတ်ကြပါတော့သည်။

တပည့်တော်တို့သည် နေ့တိုင်းအစဉ် လူတွေနှင့်ဘယ်လိုတွေ့ဆုံရမည်၊ ခရစ်တော်သခင်ထံ ဘယ်ကဲ့သို့ပို့ဆောင်စကားပြောကြားရမည်အ ကြောင်းကို စိတ်အားကြီး၍ ကျပ်တည်းစွာမခြားမလပ်ဆုတောင်းကြပါ သည်။ အချင်းချင်းကွဲပြားခြားနားမှုများ၊ သူ့ထက်ငါကြီးမြတ်လိုသောစိတ်များကို ဘေးဖယ်ထား၍ တစ်ယောက်နှင့်တစ်ယောက်ချဉ်းကပ်ကာ ခရစ်ယာန်မိတ်သဟာယဖွဲ့ကြ၏။

ဘုရားသခင်နှင့်နီးနိုင်သမျှ နီးကပ်စေ၏။ သခင့်အပေါ် ယုံကြည်အားကိုး စိတ်ချထားမှုများနည်းပါးခဲ့၍ သခင်သည်ပူဆွေးခဲ့ရသည်များ၊ မိမိတို့အကျိုးအလိုငှါ သခင်ပေးသောသင်ခန်းစာများကို နားလည်မှုနှေးကွေးခဲ့သည်များကြောင့် ဝမ်းနည်းမဆုံးဖြစ်ခဲ့ရ၏။

ဤကဲ့သို့ပြင်ဆင်ရာနေ့ရက်တို့တွင် စိတ်နှလုံးအကြွင်းမဲ့နှင့် ထာဝရဘုရားသခင်ကိုရှာလျှင်တွေ့၏။ တပည့်တော်တို့သည်လည်း ဝိညာဉ်ရေးခံစားချက်ကို သိမြင်လာသောအခါ ဘုရားသခင်ထံသန့်ရှင်းသော ခွန်အားသစ်ကိုပေးရန် တောင်းပန်၏။ ထိုသို့ပြုမှ ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင် သူတို့ပီပြင်စွာပါဝင်နိုင်ကြမည်မဟုတ်လော။

သူတို့သည် ကိုယ့်အတွက် သက်သက်သာကောင်းချီးကိုတောင်းခံကြသည်မဟုတ်ပါ။ အသက်ဝိညာဉ်ကယ်တင်ရန် ဝန်ထုတ်နှင့်လေးလံနေကြပြီဖြစ်၍ အများအတွက် မြေကြီးစွန်းတိုင်အောင် ဧဝံဂေလိသတင်းကောင်းပျံ့နှံ့ရန် ခရစ်တော်သခင်ကတိပေးခဲ့သောတန်ခိုးကို သူတို့တောင်းလျှောက်ကြပါပြီ။

ဖခင်များအုပ်စိုးသောခေတ်ကာလကဆိုလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် ထင်ရှားပေါ်လွင်သောအနေအထားနှင့် လူတို့တွင်ဖော်ပြ၏။ သို့သော် အပြည့်အဝတော့မဟုတ်ပါ။

ယခုတွင်ကား ခရစ်တော်သခင်ကယ်တင်ပိုင်သူ၏ စကားတော်ကိုနားထောင်၍ ဤဆုကျေးဇူးကို အသနားခံတောင်းလျှောက်ကာ ခရစ်တော်သခင်သည် ကောင်းကင်ဘုံမှကြားနာ၍ မိမိလူတို့အပေါ်သို့ ဝိညာဉ်တော်ဆုကျေးဇူးသွန်းလောင်းမည်ဖြစ်၏။ "ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ ထိုသူအပေါင်းတို့သည် တညီတညွတ်တည်းစည်းဝေးနေကြ၏။ ထိုအခါ လေပြင်းမုန်တိုင်းကဲ့သို့သောအသံသည် တခဏချင်းတွင် ကောင်းကင်မှလာ၍ ထိုသူတို့နေထိုင်သောအိမ်ကိုဖြည့်လေ၏။ "

ဝိညာဉ်တော်သည် စောင့်ဆိုင်း၍ဆုတောင်းနေကြသော တပည့်တော်တို့၏နှလုံးသားအိမ်ထဲသို့ အပြည့်အဝဝင်ရောက်နေလေပြီ။ ထာဝရဘုရားသခင်၏တန်ခိုးတော်သည် မိမိအသင်းတော်အပေါ် သို့ထင်ရှားနေ၏။ ခေတ်အဆက်ဆက်ချုပ်လှောင်တားဆီးမှုသဘောဆောင်ခဲ့ရသော ဩဇာလွှမ်းမိုးမှုသည် ယခုမှာတော့ကြွယ်ဝပေါများသောဝိညာဉ်တော်၏ ဆုကျေးဇူးအသွင်ဖြင့် အသင်းတော်အပေါ် အလျှံပယ်သက်ရောက်နေသည်မှာ ကောင်းကင်ဘုံ၏ ဝမ်းမြောက်ခြင်းပင်မဟုတ်ပါလော။

ဝိညာဉ်တော်၏ လွှမ်းမိုးမှုအောက်တွင်နောင်တရ၍ အပြစ်ဝန်ချတောင်းပန်သောစကားတို့သည် အပြစ်ဖြေလွှတ်မှုခံစားရခြင်းတို့အတွက် ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းသံများနှင့်အတူ ရောပြွမ်း၍သာနေတော့၏။ ကျေးဇူးတော်ချီးမွမ်းသံကိုကြားရသလို၊ ပုရောဖက်ပြုသံများကိုလည်းကြားရ၏။ ကောင်း ကင်ဘုံတစ်ခုလုံးသည် မြေကြီးသို့ညွှတ်လျက် ပညာတော်နှင့်မယှဉ်သာသော မေတ္တာတော်ကိုကြည်ညိုစိတ်နှင့် ကြည့်ရှုနေသည်ဟုလည်း ထင်မှတ်ရ၏။ တမန်တော်တို့သည်လည်း အံ့ဩဝမ်းမြောက်ခြင်းပီတိနှင့် "ဤသည်ကား ချစ်ခြင်းမေတ္တာပေတည်း" ဟူ၍ ကြွေးကြော်ကြကုန်၏။ ဘုရားသခင်ပေးသောဆုလက်ဆောင်ကို ကိုယ်စီကိုယ်ငှဆုပ်ကိုင်လျက် ဘဝင်တွေ့နေစဉ်မှာပင် ဝိညာဉ်တော်သည် ထက်သောသံလျက်ကဲ့သို့ ကောင်းကင်မှလျှပ် စစ်စွမ်းအားအသွင်ဖြင့် ယုံမှားစိတ်ရှိသူများ၏နှလုံးသားအိမ်ကိုခွင်းသဖြင့် ထိုတစ်ရက်တည်းမှာပင် လူထောင်ပေါင်းများစွာတို့သည် စိတ်ပြောင်းလဲ၍ သင်းဝင်ကြ၏။

ဤအခြင်းအရာနှင့်ပတ်သက်၍ ခရစ်တော်သခင်သည် တပည့်တော်တို့အား ဤသို့ပြောနှင့်ထားပြီ။ "ငါအမှန်အကန်ဆိုသည်ကား၊ ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ဆီသို့မလာ။ ငါသွားလျှင် ထိုသူကိုသင်တို့ဆီသို့ ငါစေလွှတ်မည်။" အမှန်တရားနှင့်ပြည့်စုံသောထိုဝိညာဉ်တော်သည် ရောက်လာသောအခါ အမှန်တရားကိုသင်တို့အားအကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက်ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကိုဟောပြောလိမ့်မည်။ နောင်လာလတ္တံ့သောအရာတို့ကိုလည်းသင်တို့အားဖော်ပြလိမ့်မည်"။ (ယောဟန် ၁၆း၇-၁၃)

ခရစ်တော်သခင်ကောင်းကင်ဘုံသို့တက်ကြွသွားခြင်းက မိမိတပည့်တော်တို့အား ကတိကောင်းချီးများကိုရရှိစေပါသည်။ လုပ်ငန်းခွင်အတွက် ဤကောင်းချီးသည် အထူးလိုအပ်ပါသည်။ ခရစ်တော်သခင်သည် ကောင်းကင်ဘုံဂိတ်တံခါးများကိုလွန်သွားသည့်နောက် ကောင်းကင်တမန်တို့၏အရှိအသေပေးမှုကိုခံယူကာ ပလ္လင်တော်ထက်တွင်ထိုင်တော်မူ၏။

ထိုအခမ်းအနားပြီးလျှင်ပြီးချင်း သန့်ရှင်းသောဝိညာဉ်တော်သည် အရှိန်အဟုန်ပြင်းစွာဖြင့် တပည့်တော်တို့အပေါ် သက်ဆင်းတော့သည်။ ခရစ်တော်သခင်သည်လည်း ကာလအစဉ်အဆက် ဖခမည်းတော်တို့နှင့်အတူရှိခဲ့ပြီဖြစ်သော ဘုန်းတန်ခိုးတော်နှင့်ချီးမြှင့်ခြင်းခံရပါ၏။

ပင်တေကုတ္တေပွဲနေ့၏ သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်မှုသည် ကယ်တင်ရွေးနှုတ်သခင်၏ ကယ်တင်ခြင်းစီမံကိန်းပြီးပြည့်စုံပြီဖြစ်ကြောင်းကို ဖော်ပြသည့်ကောင်းကင်ဘုံ၏ဆက်သွယ်ရေးပင်ဖြစ်တော့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့ကိုဘုရားသခင်ကပေးထားသောစံရုံပင် ဖြစ်ပါသည်။ ထိုစံရုံအားဖြင့် ယေရှုခရစ်တော်သည် ယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင်ဖြစ်လျက် ကောင်းကင်နှင့်မြေကြီးပေါ်ရှိတန်ခိုးအလုံးစုံကို ခံယူရရှိ သောဘိသိက်ခံမေရှိယသခင်ဖြစ်ကြောင်း သိနားလည်ရပါသည်။

"ထိုခဏချင်းတွင် ကွဲပြားသောလျှာတို့သည် မီးလျှာကဲ့သို့ထင်ရှား ၍ ထိုသူအသီးသီးတို့အပေါ်၌တည်နေကြ၏။ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကိုပေးတော်မူသည်အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏"။ သန့်ရှင်းသောဝိညာဉ်တော်သည် မီးလျှာအသွင်ကို ဆောင်၍ လူအစုအဝေးကြီးအပေါ်သို့သက်ရောက်ပါသည်။ ဤကား တပည့်တော်များအားပေးအပ်ထားသောဆုကျေးဇူးအထိမ်းအမှတ်တစ်ခုပင်ဖြစ်သည်။

ထိုဆုကျေးဇူးက တပည့်တော်တို့အား ဘာသာစကားများစွာကို ကျင်လည်စွာပြောနိုင်စေ၏။ မီးလျှာအသွင်ကား တပည့်တော်တို့သည် အားနှင့်မာန်နှင့်အလုပ်ကိုလုပ်ဆောင်သဖြင့် တန်ခိုးတော်သက်ရောက်မည်အကြောင်းကို ပုံဆောင်ထားခြင်းဖြစ်ပါသည်။

"ထိုကာလအခါ၊ ကောင်းကင်အောက်တွင်ရှိလေသမျှသော လူမျိုးထဲက ဘုရားသခင်ကိုရိုသေသောယုဒလူတို့သည် ယေရုရှလင်မြို့၌တည်းနေကြသ တည်း။" အချိန်မှာ ယုဒလူတို့ကမ္ဘာနေရာအနှံ့ကွဲပြားလွင့်စင်နေချိန်ဖြစ်၏။ ပြည်နှင် ဒဏ်ခံကြရသူများသည် မိမိတို့နေထိုင်ရာဒေသခံစကားစုံလင်စွာကို သင်ကြားမှတ် ယူပြောကြားတတ်ရပါသည်။ ပွဲနေ့ရောက်သော် ရောက်လေရာရာမှယေရုရှလင်မြို့ သို့ပြန်လာကာပွဲခံကြ၏။ ဘာသာစကားတူသူများအချင်းချင်းစုဝေးကာ ဝတ်ပြုကိုး ကွယ်ကြလေသည်။ ဤသို့ ဘာသာစကားအချင်းချင်းကွဲပြားနေသူများကို ဧဝံဂေလိ သတင်းစကားဟောကြားနားလည်နိုင်စေရန် များစွာအခက်ကြုံရလေသည်။ သို့ဖြစ် ၍ ထာဝရဘုရားသခင်သည် တမန်တော်တို့၏ ချို့တည့်မပြည့်စုံမှုများကို အံ့သြဖွယ် ရာထောက်ပံ့ကူညီပေးလေတော့သည်။ ဤတွင် သန့်ရှင်းသောဝိညာဉ်တော်ကသူ တို့တစ်သက်တွင်မပြုလုပ်နိုင်သည်များကို ပြီးပြည့်စုံစေခဲ့ပါသည်။ ယခုမှာတော့ တမန်တော်တို့သည် စေ့စပ်သေချာ၊ ကျွမ်းကျင်လိမ်မာစွာ ဘာသာစကားအမျိုးမျိုး ကိုပြောဟော၍ အရပ်လေးမျက်နှာမှရောက်ရှိလာကြကုန်သောပရိတ်သတ်ကြီးကို သတင်းကောင်းဟောပြောကာ ခရစ်ယာန်သာသနာပြုနိုင်ကြလေပြီ။ အားလုံးက လည်းနားလည်ကြပါသည်။ ဤအံ့သြဖွယ်ဝိညာဉ်ဆုကျေးဇူးအားဖြင့် တပည့်တော် တို့၏တာဝန်ထမ်းဆောင်မှုသည် ကောင်းကင်ဘုံကခွင့်ပြုသော တံဆိပ်လက်မှတ်ပါ ၍ အသိအ မှတ်ပြုကြောင်းကို ကမ္ဘာကသက်သေဖြစ်ပါသည်။ ထိုအချိန်မှစ၍ တပည့်တော်တို့သည် တိုင်းရင်းသားဘာသာစကားကိုပြောသည်ဖြစ်စေ၊ နိုင်ငံခြား ဘာသာစကားကိုပြောသည်ဖြစ်စေ၊ စကားလုံးမှာဖြူစင်ရိုးစင်း၍ လိမ္မာပါးနပ်စေ့ စပ်မှန်ကန်နေပါတော့သည်။

"ထိုအသံကိုကြားရသောအခါ လူများတို့သည် စုဝေးလာကြလျှင် အသီး သီးအခြားခြားသောမိမိတို့ဘာသာစကားအားဖြင့် တမန်တော်တို့ဟောပြောသည်ကို ကြားရ၍ မှိုင်တွေလျက်ရှိနေကြ၏။ ထိုလူအပေါင်းတို့သည် အံ့သြမိန်းမောတွေ ဝေလျက်ရှိ၍ ယခုဟောပြောသော သူအပေါင်းတို့သည် ဂါလိလဲလူဖြစ်ကြသည်မ ဟုတ်လော။ သို့ဟုတ်လျှင် ငါတို့သည်အသီးအသီးမွေးဖွားရာဌာန၏ ဘာသာစ ကားများကိုကြားရသည်ကား အဘယ်သို့နည်း။"

ယဇ်ပုရောဟိတ်များနှင့်အုပ်ချုပ်သူအာဏာပိုင်တို့အား ဤအံ့ဖွယ်အဖြစ် ကြောင့် ကြီးစွာစိတ်ဆိုးကြလေသည်။ သို့သော် လူထုပရိသတ်တို့ ရုန်းရင်းခတ်

ဖြစ်ကာ သူတို့ဆီသို့ဒေါသအိုးပေါက်ကွဲမှာကိုတော့ ကြောက်ကြသည်။ အကြောင်းမှာ ထိုသူတို့သည် နာဇရက်မြို့သားယေရှုကိုကပ်တိုင်တင်သတ်ခဲ့ကြပြီမဟုတ်လော။ ခုတော့ ထိုသူ၏တပည့်တော်တို့သည် စာမတတ်ဘဲနှင့် သူတို့သခင်၏သက်တော်စဉ်နှင့် ခရစ်ယာန်သာသနာပြုခြင်းတို့ကို လာသမျှသောသူတို့ကြား၍နားလည်နိုင်ကြကုန်သော ဘာသာစကားအမျိုးမျိုးနှင့် ပြောဟောကြလေပြီ။ သို့နှင့်ယဇ်ပုရောဟိတ်တို့သည် လူထုကို ဤသို့အယုံသွင်း၏။ ထိုတပည့်တော်တို့ ထိုသို့အံ့ဖွယ်တန်ခိုးပြနိုင်ကြသည်မှာ အခြားကြောင့်မဟုတ်ပါ။ ပွဲတော်အတွက်ပြင်ဆင်ထားသောစပျစ်ရည်အသစ်ကို လွန်ကျူးစွာသောက်၍ ဟောပြောသောအရက်စကားသာဖြစ်ကြောင်း အပုပ်ချကြေငြာလေသည်။ ဤကြေငြာချက်ကို စာမတတ်၍ရိုးအသူများကတော့ အမှန်တရားဟုမှတ်ယူကြသည်။ စာတတ်၍ လူရည်လည် သူတို့အား ကြေငြာချက်မှားကြောင်းကို ဝန်ခံကြလေသည်။ တပည့်တော်တို့သုံးစွဲပြောဆိုလိုက်သောဘာသာစကားအသီးသီးတို့သည် ပြောဆိုလိုသော သတင်းစကားပစ်မှတ်ကို ပိုင်ပိုင်နိုင်နိုင်ထိထိမိမိနှင့်မှန်ကန်စွာဖြင့် ခရစ်ယာန်သာသနာတော် ခရီးပေါက်သောကြောင့်ပင်မဟုတ်ပါလော။

ယဇ်ပုရောဟိတ်တို့၏စွပ်စွဲချက်ကို တပည့်တော်ပေတရုက ဤသို့ရှင်းပြသည်။ "ယေရှုရှလင်မြို့သားတို့နှင့် ယုဒလူအပေါင်းတို့၊ သင်တို့သည် ဤအရာကိုသိမှတ်၍ ငါ့စကားကိုစေ့စေ့နာခံကြလော့။

ယခုအချိန်ကား၊ နံနက်တစ်ချက်တီး အချိန်သာရှိသည်ဖြစ်၍ သင်တို့ထင်သည်အတိုင်း ဤသူတို့သည် ယဇ်မူးကြသည်မဟုတ်၊ ဤအရာကား၊ ပုရောဖက်ယောလဟောဖူးသောအရာဖြစ်သတည်း။ ဟောဖူးသောအချက်ကား၊ . . . " "နောင်ကာလ၌ လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည် ပုရောဖက်ဉာဏ်နှင့်ဟောပြောရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည် ဗျာဒိတ်မြင်ခြင်းတို့ကိုမြင်ရကြလိမ့်မည်။ ထိုကာလ၌လည်း ငါ၏အမှုကို နိမိတ်အိမ်မက်တို့ကိုမြင် မက်ရကြလိမ့်မည်။ ထိုကာလ၌လည်း ငါ၏အမှုကို ဆောင်ရွက်သောယောက်ကျား၊ မိန်းမတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်း၍ သူတို့သည် ပုရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။"

ဆက်လက်၍ တပည့်တော်ပေတရုသည် ခရစ်တော်သခင်၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ဝိညာဉ်တော်တန်ခိုးနှင့် ရှင်းလင်းစွာ သက်သေခံပါသည်။ "ဣသရေလလူတို့၊ ငါ့စကားကိုနားထောင်ကြလော့။ သင်တို့သိသည်အတိုင်း နာဇရက်မြို့သားယေရှုသည် ထူးဆန်းသောတန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို သင်တို့တွင်ပြုရသောအခွင့်နှင့် ဘုရားသခင်ပေးတော်မူသော သက်သေကိုရသောသူဖြစ်၍၊ . . . . . အပ်နှံခြင်းကိုခံသော ထိုယေရှုကို သင်တို့သည်ဖမ်းဆီး၍ မတရားသောသူတို့လက်ဖြင့် လက်ဝါးကပ်တိုင်၌ရိုက်၍ ကွပ်မျက်ကြပြီ။ ထိုသူကိုသေခြင်းအဖြစ်သည် အစဉ်ချည်နှောင်ချုပ်ကိုင်၍ မဖြစ်နိုင်သည်နှင့်၊ ထိုအဖြစ်ကို ဘုရားသခင်သည် ချွတ်ပယ်၍ထမြောက်စေတော်မူပြီ။

ပေတရုသည် အသင်းတော်တွင် မည်သည့်အဆင့်ရှိသည်ကိုမပြောပါ။ အကြောင်းမှာ တရားနာပရိသတ်တို့သည် သင်တို့အပေါ်တွင် အမြင်မရှင်း၊ စိတ်ထားယုတ်ညံ့သည်ဖြစ်၍ သူ့ကိုယ်ကိုသူမိတ်ဆက်ပေးနေမည့်အစား၊ သူတို့က ဤသူကား၊ နိုင်ငံခေါင်းဆောင်ဖခင်ကြီးဖြစ်၏ဟု မှတ်ယူသောဒါဝိတ်မင်း၏သက်သေခံချက်ကိုပြောလေ၏။ "ထိုသူ(ယေရှုခရစ် တော်)ကို အကြောင်းပြုလျက်ဒါဝိဒ်မင်းက ငါသည် ထာဝရဘုရားသခင်ကို အစဉ်မပြတ်မျက်မှောက်ပြု၏။ အကြောင်းမူကား၊ ငါလက်ယာဘက်၌တည် ရှိတော်မူသည်ဖြစ်၍ ငါသည် လှုပ်ရှားခြင်းမရှိရ။ ထိုကြောင့် ငါ့စိတ်နှလုံးသည် သာယာခြင်း၊ ငါ့ဝိညာဉ်သည်လည်းရွှင်လန်းခြင်းရှိ၏။ ထိုမှတစ်ပါး ငါ့အသားသည် မျှော်လင့်လျက်တည်ရှိလိမ့်မည်။ အကြောင်းမူကား၊ ကိုယ် တော်သည် အကျွန်ုပ်၏ဝိညာဉ်ကို သေမင်းနိုင်ငံ၌ပစ်ထားတော်မမူ။ ကိုယ်တော်၏သန့်ရှင်းသောသူအားလည်း ပုပ်စပ်ခြင်းကိုရှိစေတော်မမူဘဲလျက် အသက်ရှင်ခြင်းလမ်းကို ပြညွှန်တော်မူလိမ့်မည်။"

"ညီအစ်ကိုတို့၊ အမျိုး၏အဘဖြစ်သောဒါဝိဒ်၏အကြောင်းကို ငါသည် သင်တို့အားအတိအလင်းပြောပါရစေ။ ထိုဒါဝိဒ်သည်သေ၍ သင်္ဂြိုလ်သောတွင်းသည် ယခုတိုင်အောင်ငါတို့၌ရှိ၏။ ထိုသူသည် မိမိအမျိုးအနွယ်ထဲက လူဇာတိအားဖြင့် ခရစ်တော်ကိုထာဝရဘုရားသခင်ထမြောက်စေ၍ . . . . . ခရစ်တော်၏ထမြောက်ခြင်းအကြောင်းကို ရည်မှတ်လျက်၊ ထိုခရစ်တော်၏စိတ်ဝိညာဉ်ကို

သေမင်းနိုင်ငံ၌ ပတ်ထားတော်မမူ။ အသားသည်လည်း ပုပ်စပ်ခြင်းသို့မရောက်ဟုဟောလေ၏။"

ထိုမြင်ကွင်းကား၊ စိတ်ဝင်စားဖွယ်ကောင်းစွတကား။ အရပ်ရှစ်မျက်နှာမှလာကြသော တရားနာပရိသတ်တို့သည် ဗိမာန်တော်ထဲတွင် ခရစ်တော်ရှိသည့် အလား အမှန်တရားကို သက်သေခံနေကြသောတပည့်တော်တို့ထံ တရားတော်နာရန်တိုးဝင်ချဉ်းကပ်ကြကုန်၏။ ဗိမာန်တော်ကြီး ပြည့်ကျပ်၍နေလေ၏။ ယဇ်ပုရောဟိတ်များနှင့် အရာရှိကြီးများတို့ကား မျက်နှာမှောင်ကြုတ်ကြုတ်နှင့်တပည့်တော်တို့ကို ရွံမုန်းကြ၏။ ထိုသူတို့သည် ခရစ်တော်သခင်ကို မုန်းတီးနေကြဆဲ။ လောကသားတို့၏ကယ်တင်ရွေးနှုတ်ရှင်ကြီးကို သူတို့လက်ဝါးကပ်တိုင်ပေါ်တင်၍ သတ်ခဲ့သည့်အမှုမှာလည်းနွေးထွေးနေဆဲ။ သူတို့သည် သခင်ကိုရက်စက်ခဲ့သမျှအတွက် တမန်တော်များသည် ကြောက်ရွံ့ကာနေမည်ဟု ထင်မှတ်ကြ၏။ သို့သော်လည်း တပည့်တော်တို့သည် ကြောက်ရွံ့ခြင်းအလျင်းမရှိ။ ပကတိဝိညာဉ်တော်နှင့်ပြည့်ဝလျက် နာဇရက်မြို့သားယေရှု၏ဘုရားသခင်အဖြစ်တော်ကို တန်ခိုးပါလျက် ဟောပြောကြွေးကြော်နေကြလေ၏။ မကြားစေချင်သည်များ ဆက်လက်ကြားရပါသေးသည်။ မကြာသေးမီက ရှုပ်ချ၊ သရော်၊ ပြက်ရယ်ပြုခြင်းကိုခံ၍ လူသတ်သမားတို့၏ရက်စက်သောလက်၌ရိုက်နှက်ခံကာ နောက်ဆုံး ကပ်တိုင်တင်ခံရသောသခင်သည် ယခုတွင် အသက်သခင်ကြီးဖြစ်လျက် ထာဝရဘုရားသခင်၏လက်ယာတော်ဘက်ပလ္လင်ပေါ်တွင် ချီးမြောက်ခြင်းခံနေရကြောင်းကို ကြားသိရပါသေး၏။

နားထောင်နေသူပရိသတ်ကြီးထဲတွင် တစ်ချို့လည်း ယေရှုသခင်ကိုအပြစ်တင်ကာ ကပ်တိုင်တင်သတ်ခဲ့သည့်တွင်ပါဝင်ကြ၏။ ထိုသူကိုကပ်တိုင်တင်ပါဟု ကြွေးကြော်ခဲ့ကြသောလူညံ့များပေတည်း။ ယေရှုသခင်နှင့် ဗာရဗ္ဗ၊ တရားရုံးတော်ခန်းမ၊ ပိလတ်မင်းရှေ့မှောက်တွင်ရပ်နေစဉ် ပိလတ် မင်းက အဘယ်သူကိုလွှတ်ရအံ့နည်းဟုမေးသောအခါ ထိုသူတို့က"ဤသူမ ဟုတ်ပါ၊ ဗာရဗ္ဗကိုလွှတ်ပါဟု အော်ဟစ်တောင်းဆိုကြပါသည်။ (မဿဲ ၂၇း၁၇။ ယောဟန် ၁၈း၄၀)။ ထိုအခါ ပိလတ်မင်းက ခရစ်တော်သခင်ကို ထိုသူတို့လက်တွင် အပ်နှံ၍ပြောသည်မှာ "သင်တို့သည် သူ့ကိုယူ၍ လက် ဝါးကပ်တိုင်မှာ

ရိုက်ထားကြ။ ငါသည် သူ၌အပြစ်ကိုမတွေ့ဟုဆိုလျှင်။” “ထိုလူအပေါင်းတို့က သူ၏အသွေးသည် ငါတို့၏ခေါင်းပေါ်၌လည်းကောင်း၊ သားမြေးတို့၏ခေါင်း ပေါ်၌လည်းကောင်း တည်ရှိပါစေဟုပြန်ပြော ကြ၏။” (ယောဟန် ၁၉း၆။ မဿဲ ၂၇း၂၄-၂၅)။

ယခုတပည့်တော်များကြေညာဟောပြောသည်ကို ကြားသိရသည်အ တိုင်း ထိုသူတို့လက်ဝါးကပ်တိုင်ပေါ်တင်သတ်ခံရသောသူသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းကိုသိရသောအခါ ယဇ်ပုရောဟိတ်တို့နှင့် ယုဒလူတို့သည် ကြောက်ရွံ့တုန်လှုပ်ကြကုန်၏။ လူထုကြီးသည်လည်း စိတ်ပူပန်၍ပြောင်းလဲခြင်း သို့ရောက်လိုကြ၏။ “ထိုသူတို့သည်ကြားရလျှင် စိတ်နှလုံးပူပန်ခြင်းရှိ၍ ညီအစ်ကိုတို့၊ အဘယ်သို့ပြုရပါမည်နည်းဟုပေတရုမှစ၍ အခြားသောတမန်တော် တို့အား မေးမြန်းကြ၏။” တရားနာသူတို့တွင် ဘာသာတရားကြည်ညိုသူ ယုဒလူ များလည်းရှိကြပါသည်။ တန်ခိုးတော်နှင့်ပြည့်ဝသောဟောပြောစကားကြောင့် ယေရှုသည် အမှန်စင်စစ်မေရှိယပင်ဖြစ်၏ဟု သူတို့ခံယူစွဲမှတ်နေလေတော့သည်။

“ထိုအခါပေတရုကလည်း၊ သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါ နောင် တရ၍တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်။ အကြောင်းမူကား၊ ကတိတော်သည် သင်တို့နှင့်လည်းကောင်း၊ သင်တို့၏သားသမီး တို့နှင့်လည်းကောင်း၊ ဝေးသောသူတို့တွင် ငါတို့၏ဘုရားသခင်ထာဝရဘုရားခေါ် တော်မူသမျှသောသူတို့နှင့်လည်းကောင်းဆိုင်သည်ဟုဟော၏။”

ပေတရုသည် စိတ်နှလုံးပြောင်းလဲလိုသောသူတို့သည် မဆိုင်းမတွဘဲ ခရစ်တော်သခင်ကို ယုံကြည်လက်ခံကြပါရန် အပူတပြင်းတိုက်တွန်းနှိုးဆော်၏။ ယခင်ကဆိုလျှင်၊ ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲတို့၏စကားလှည့် ဖြားမှုတို့ကိုယုံမိ၍ သခင်ခရစ်တော်ကိုငြင်းပယ်ခဲ့မိသည်ကို ယခုတွင် ထိုသူတို့ထံ အကြံဉာဏ်တောင်းခံဦးမည်ဟုဆိုကာ ထိုသခင်ကို ဘယ်သောအခါမျှလက်ခံ ၍ဖြစ်မည်မဟုတ်တော့ကြောင်းပြောကြားပါသည်။ ထိုဩဇာတန်ခိုးရှင်တို့ကား ပြင်ပအဆင်းအားဖြင့် ဘုရားသခင်၌ မွေ့လျော်ဟန်ဆောင်၏။ အတွင်းစိတ်၌ကား၊ မြေကြီးနှင့်ဆိုင်သောကြွယ်ဝချမ်းသာ၍ ဘုန်းတန်ခိုးဝင့်ကြွားလိုသောရည်ရွယ်

ချက်ကြီးသူများပင်ဖြစ်ကြပေသည်။ တရားအလင်းရယူအံ့သောငှါ ခရစ်တော်သခင်ထံတိုးဝင်ချဉ်းကပ်နည်းခံလိုစိတ်ကား၊ ထိုသူတို့၌လားလားမျှမရှိပြီ။

ကောင်းကင်ဘုံအလင်း၏ဩဇာလွှမ်းမိုးမှုအောက်တွင် တပည့်တော်တို့အား ခရစ်တော်သခင်ဖော်ပြရှင်းလင်းခဲ့သော ခရစ်ယာန်ကျမ်းစာများသည် စုံလင်သောအမှန်တရားအဖြစ် တပ်မက်စွဲလမ်းစရာကြီးဖြစ်ရလေသည်။ တစ်ချိန်က အမှောင်ဖုံး၍ ဆင်ကန်းတောတိုးဘဝမျိုးနှင့် မစုံမလင်သိခဲ့ရသည်များ၊ ယခုတော့ခရစ်တော်သခင်၏ ခရစ်ယာန်သာသနာတော်နှင့် နိုင်ငံတော်၏သဘောသဘာဝဦးတည်ချက်ကို စုံလင်ထင်ရှားပီပြင်စွာသိမြင်နားလည်ရပါတော့မည်။ သို့ဖြစ်၍ ကယ်တင်ပိုင်သူအကြောင်းကို တန်ခိုးစွမ်းအားသစ်နှင့် ရဲဝံ့စွာသက်သေခံနိုင်လေပြီ။ ကယ်တင်ခြင်းစီမံကိန်းကိုလည်း ရှင်းလင်းစွာတင်ပြနိုင်လေပြီ။ လူတို့၏စီရင်ထုံးဖွဲ့မှုများနှင့် အယူသီးမှုများတို့ကို စိတ်အာရုံတွင်ပယ်ရှား၍ ကယ်တင်ရှင်သခင်၏သွန်သင်ချက်များကို လက်သင့်ခံနိုင်ကြလေပြီ။

ဤသို့လျှင် "ထိုစကားကိုအသင့်နှလုံးသွင်းမိသောသူတို့သည် ဗတ္တိဇံကိုခံ၍ ထိုနေ့၌အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သောသူတို့သည်ဝင်ကြ၏။"

ယုဒလူအကြီးအကဲတို့သည် သူတို့လက်ဝါးကပ်တိုင်ပေါ်တင်သတ်ခဲ့သော ခရစ်တော်နှင့်အတူ သူ့အမှုတော်ကြီးလည်းပျောက်ကွယ်နစ်မွန်းလေအံ့သတည်း"ဟု ထင်မှတ်ကြသည်တွင် တကယ်တော့ထိုသို့မဟုတ်။ ပင်တေကုတ္တေပွဲနေ့၏အံ့ဩဖွယ်ရာဖြစ်ရပ်မြင်ကွင်းများကို သူတို့ကိုယ်တိုင် တွေ့မြင်ခဲ့ရလေ၏။ တပည့်တော်တို့သည် မသိနားမလည်နိုင်သော တန်ခိုးစွမ်းအားစုနှင့်ပြည့်ဝ၍ ခရစ်တော်အကြောင်းကိုဟောပြောလျက် အံ့ဖွယ်အမှုများကိုပြသကာ မိမိတို့ဟောကြားသောအမှန်တရားကို ခိုင်လုံအတည်ဖြစ်စေကြ၏။ မည်သူမျှမငြင်းနိုင်တော့။ ယုဒဘာသာဝင်များ၏အမာခံနယ်မြေ ယေရုရှလင်မြို့တွင်းမှာပင် နာဇရက်မြို့သားယေရှုသည် မေရှိယသခင်ဖြစ်ပေ၏ဟု မိမိတို့ယုံကြည်ချက်ကို ထောင်ပေါင်းများစွာသော မြို့သူမြို့သားတို့သည် ပွင့်လင်းစွာဝန်ခံကြေညာကြလေသည်။

ဤကဲ့သို့သောအသက်ဝိညာဉ်ရိတ်သိမ်းပွဲကြီးအတွက် တပည့်တော်တို့သည် အတိုင်းထက်အလွန်အံ့ဩဝမ်းမြောက်ကြ၏။ ဤအံ့ဩဖွယ်စုသိမ်းပွဲကား

မိမိတို့၏ကြိုးပမ်းမှုကြောင့်မဟုတ်သည်ကို သူတိုသိကြ၏။ တစ်ပါးသူ၏အလုပ်တွင်ပါဝင်မှုသက်သက်သာဖြစ်ကြောင်း ခံယူမိကြလေသည်။ အမှန်အားဖြင့် ကမ္ဘာဦးလူသားအာဒံကျဆုံးပြီးသည့်နောက် နှုတ် ထွက်စကားတော်တရားမျိုးစေ့ကြဲရန်ခေတ်အဆက်ဆက်တွင် စေတမန်တပည့်တော်များကိုစေလွှတ်ပါ၏။ မိမိ၏အသက်တော်စဉ်တစ်လျှောက်မှာလည်း အမှန်တရားမျိုးစေ့ကို ဤလောကသားတို့၌ကြဲ၏။ မိမိအသွေးတော်နှင့်ရေလောင်းသည်။ ထိုအခါ ပင်တေကုတ္တေပွဲနေ့လိုဝိညာဉ်ရိတ်သိမ်းပွဲကြီးကို တပည့်တော်တို့ဆင်နွှဲခဲ့ရကြပါသည်။ ဤသည်ကားခရစ်တော်သခင်၏ ဝိညာဉ်စပါးကောက်လှိုင်းရိတ်သိမ်းပွဲပါတည်း။ ကိုယ်တော်၏သွန်သင်ချက်များသည်လည်း အချည်းနှီးမဖြစ်ရပါ။

တမန်တော်တို့၏ငြင်းခုံရှင်းလင်းတင်ပြချက်များသည် ပြတ်သားပီပြင်၍စိတ်ဆွဲဆောင်နိုင်စွမ်းရှိပါသော်လည်း လူတို့တွင်စွဲကပ်နေသောငဲ့ကွက်မှုတို့ကိုမပပျောက်စေနိုင်။ သန့်ရှင်းသောဝိညာဉ်တော်ကသာလျှင် ဘုရားသခင်၏တန်ခိုးဖြင့် လူ့စိတ်နှလုံးကိုနူးညွတ်စေနိုင်ပါ၏။ တမန်တော်တို့၏ဟောပြောစကားတို့မှာဘုရားသခင့်ထံတော်မှလာသော အသွားထက်သည့်မြှားထောင့်များကဲ့သို့ဖြစ်လျက်ကြီးမားလှစွာသောအပြစ်လွန်ကျူးမှုကိုပစ်ခွင်းကာ လူကိုနောင်တတရားရစေပါ၏။

ခရစ်တော်သခင်သည် တပည့်တော်တို့အား သန့်ရှင်းသောဝိညာဉ်တော်အထူးလိုအပ်ကြောင်းကို ခံစားသိမြင်တတ်ရန် သွန်သင်ပါသည်။ ဝိညာဉ်တော်သွန်သင်သဖြင့်လည်း တပည့်တော်တို့သည် အရည်အသွေးပြည့်မီကာ မိမိလုပ်ဆောင်ရမည့်အလုပ်ကို အသိတရားကြီးမား၍ ယဉ်ကျေးသိမ်မွေ့စွာဖြင့်လုပ်ကိုင်တတ်ပါလေ၏။ ကွဲပြားခြားနား၍ သူတစ်လူ၊ ငါတစ်မင်း၊ တစ်ယောက်တစ်ပေါက်အဖြစ်မျိုးမရှိတော့ပါ။ မြေကြီးနှင့်ဆိုင်သောကြီးပွါးတိုးတက်ရေးကိုလည်း မမျှော်ကိုးကြတော့ပါ။ သူတို့သည် နေ့တိုင်းအစဉ် "တစ်ညီတစ်ညွတ်"နေ၍ "စိတ်နှလုံးတစ်ညီတစ်ညွတ်တည်းရှိကြပါသည်"။ (တမန်တော် ၂း၄၆။ ၄း၃၂)။ သူတို့သည် သခင်ခရစ်တော်စဉ်းစားသလိုစဉ်းစား၍ ကိုယ်တော်၏နိုင်ငံတော်တည်ထောင်ပြန့်ပွါးဖို့ရန်ကိုသာ ရည်ရွယ်ချက်ထားရှိကြလေသည်။ စိတ်နှင့်ကျင့်ကြံပြုမူပြောဆိုပုံအကျင့်တို့သည် လည်း သခင်ကြီးနှင့်တူလာသည်အကြောင်းကားထိုသူတို့သည် "အထက် ကယေရှုနှင့်အတူရှိသည်ကိုသတိရ"ကြပါသည်။ (တမန်တော် ၄း၁၃)။

ပင်တေကုတ္တေပွဲသည် တပည့်တော်တို့ထံကောင်းကင်ဘုံအလင်းကို ဆောင်ယူလာ၏။ ခရစ်တော်သခင်နှင့်ရှိခဲ့စဉ်က ကိုယ်တော်ပြောသော အမှန်တရားများကို နားမလည်ခဲ့သော်လည်း ယခုတော့နားလည်လေပြီ။ ယုံကြည်ခံယူမှုအာမခံချက်လည်း ယခင်ကထက်တိုးပွါးလာ၍ သန့်ရှင်းသောခရစ်ယာန်ကျမ်းစာသွန်သင်ချက်များကို လက်ခံလာလေပြီ။ ခရစ်တော်သခင်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကိုမမေ့တော့ပါ။ သခင်သည် လူ့ဇာတိကိုဝတ်ခြုံသော မေရှိယသခင်ဖြစ်၏။ ထိုသတင်းနှင့်သူ တို့၏အတွေ့အကြုံကို ယုံကြည်စိတ်ချမှုအပြည့်အဝဖြင့် ကမ္ဘာကိုသက်သေခံလိုပါတော့သည်။

သခင်ယေရှု၏နာမတော်ကို အာမခံအပြည့်အဝနှင့် ဟောပြောသည်ကား ကိုယ်တော်သည် သူတို့၏မိတ်ဆွေလည်းဟုတ်၊ အစ်ကိုကြီး လည်းဖြစ်သောကြောင့်တည်း။ တစ်နေ့တွင် ထိုသခင်နှင့်အတူ ကောင်းကင်ဘုံတွင် အနီးကပ်ဆက်ဆံခွင့်ရလေဦးမည်။ သွားအတူ၊ လာအတူရှိလေဦးမည်။ ဤယုံကြည်ချက်ဖြင့် တပည့်တော်တို့သည် သခင့်အတွက်သက်သေခံရာ၌ ပီပြင်သောသဘော၊ စွမ်းအားထက်သောစကားအသုံးအနှုန်းမျိုးနှင့် လွှမ်းခြုံထားတော့သည်။ စိတ်နှလုံးသည်လည်း အများအကျိုးဆောင်လို သောသဘောနှင့်အလေးပိုနေ၏။ ကျယ်ပြန့်နက်ရှိုင်းသောသဘောရရှိ၍လည်း ထိုသခင်၏တန်ခိုးတော်ကို သက်သေခံရန် မြေကြီးစွန်းတိုင်အောင် ခရီးသွားလိုကြ၏။ ကိုယ်တော်စတင်ခဲ့သောအလုပ်ကို တပည့်တော်များ ဆက်လက်ထမ်းဆောင်လိုကြသည်။ ဤကား ကောင်းကင်ဘုံတွင်တင်ရှိနေ သောအကြွေးတည်း။ ဘုရားသခင်ပေးတာဝန်ပေတည်း။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ပေးသဖြင့် သူတို့သည် စိတ်အားကြီးလာလျက် ကပ်တိုင်တော်၏အောင်ပွဲသံကို တိုးချဲ့ပွဲတင်ထပ်စေပါသည်။ ဝိညာဉ်တော်သည် သူတို့အားဟောပြော၏။ သူတို့၏မျက်နှာပေါ်တွင်လည်း ခရစ်တော်သခင်၏ငြိမ်သက်ခြင်းကိုတွေ့မြင်၏။ ထိုသူတို့သည် သခင့်အမှုတော်မြတ်၌ လုံးလုံးပေးဆပ်အပ်နှံလိုက်သည်မှာ မိမိတို့၏ခရစ်ယာန်သာသနာပြုသက်သေအားဖြင့် သိမြင်နိုင်ပြီမဟုတ်ပါလော။

---o---

## အခန်း (၅)
## ဝိညာဉ်တော်ဆုကျေးဇူး

သခင်ခရစ်တော်သည် မြေကြီးပေါ်တွင် ခရစ်ယာန်သာသနာပြုခြင်း အမှုပြီးလုနီးပြီဖြစ်၍ တပည့်တော်တို့အား သန့်ရှင်းသော ဝိညာဉ်တော်သက်ရောက်စေမည်ဆိုသော ကတိတော်ကိုပေးခဲ့ပါ၏။ ကိုယ်တော်သည်ကပ်တိုင်တော်အရိပ်အောက်တွင် ခိုနားနေစဉ်က ဤလောက၏အပြစ်တစ်ခုလုံးကို ထမ်းရွက်သွားရမည်ဟူသောလေးလံဝန်ကိုလုံးဝဆင်ခြင်မိသည်။ မိမိကိုယ်ကိုပူဇော်ရာယဇ်ကောင်အဖြစ် မအပ်နှံမီ ကိုယ်တော်သည် တပည့်တော်တို့အားအလိုအပ်ဆုံး၊ မရှိမဖြစ်၊ ပြီးပြည့်စုံသောဆုလက်ဆောင်ကိုပေးမည်အကြောင်းကို သွန်သင်ပြောပြခဲ့ပါသည်။ ထိုဆုလက်ဆောင်ကား တပည့်တော်တို့အတွက်အ ကန့်အသတ်မရှိသောစွမ်းအားတည်ရာ ကိုယ်တော်၏ကျေးဇူးတော်သာလျှင်ဖြစ်သည်မဟုတ်လော။

ကိုယ်တော် ပြောခဲ့ပြီ။ "ငါသည် ခမည်း တော်ကိုတောင်း၍ ခမည်းတော်သည် ဖြောင့်မတ်ခြင်းတရားကိုပြသောဝိညာဉ်တော်တည်းဟူသော တစ်ပါးသောဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှါ သင်တို့အားပေးတော်မူမည်။ ထိုဝိညာဉ်တော် ကို လောကသားတို့သည် မသိမမြင်သောကြောင့် မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော် သည် သင်တို့နှင့်အတူတည်နေ၍၊ သင်တို့၌ရှိတော်မူသောကြောင့် သင်တို့သိရကြ၏။" (ယောဟန် ၁၄း၁၆၊၁၇)။ ဤကား ကယ်တင်ပိုင်သူ၏ရည်ညွှန်းချက်ဖြစ်သည်။ ကိုယ်တော်၏ကိုယ်စား သန့်ရှင်းသောဝိညာဉ်တော်သည် ကြီးမားသောအလုပ်ကိုလုပ်ပေလိမ့်မည်။ ရာစုနှစ်ပေါင်းများစွာ ဆည်းပူးစုဆောင်းအားပြုထားသောအပြစ်မကောင်းမှုကို သန့်ရှင်းသောဝိညာဉ်တော်၏ဘုရားသခင်တန်ခိုးဖြင့် တွန်းလှန်ပယ်ဖျက်မည်အကြောင်းတည်း။

ပင်တေကုတ္တေပွဲနေ့ကသက်ရောက်ခဲ့သော သန့်ရှင်းသောဝိညာဉ်တော်၏အကျိုးကား အဘယ်အရာနည်း။ ကယ်တင်ပိုင်သူထမြောက်ပြီဆိုသောသတင်းကောင်းက လူသားရှိရာမြေကြီးစွန်းတိုင်အောင် ရောက်ရှိသွား၏။ ဤရွေးနှုတ်ခြင်းကျေးဇူးတော်သတင်းကို ကြားရသူတိုင်း နှလုံးထိတွေ့၏။ အသင်းတော်သည်

အရပ်လေးမျက်နှာမှလာသောလူ သိုးစုများနှင့်ပြည့်နေသည်။ ဖေါက်ပြန်သူတို့ တစ်ဖန်ပြောင်းလဲကြပြီ။ လောကအပြစ်သားတို့သည်လည်း ယုံကြည်သူများနှင့်ပူးပေါင်းကာ တန်ခိုးကြီးပုလဲရတနာကို ကျမ်းစာထဲမှစေ့စေ့ရှာဖွေကြကုန်၏။ တစ်ချိန်က အသင်းတော်ကိုခါးခါးသီးသီးဆန့်ကျင်သူတို့သည် ဧဝံဂေလိဟောပြောထွင်းဖောက်ရာ၌ချန်ပီယံများဖြစ်လာကြပါသည်။ ပုရောဖက်ဟောပြောသောစကားများပြည့်စုံခဲ့လေပြီ။ "အားနည်းသောသူသည် ထိုကာလ၌ ဒါဝိဒ်မင်းကဲ့သို့လည်းကောင်း၊ ဒါဝိဒ်မင်းမျိုးသည် ဘုရားသခင်ကဲ့သို့လည်းကောင်း၊ သူတို့ရှေ့မှာ ထာဝရဘုရားသခင်၏ ကောင်းကင်တမန်များကဲ့သို့လည်းကောင်းဖြစ်လိမ့်မည်။" (ဇာခရိ ၁၂း၈)။ ထိုအချိန်တွင် ခရစ်ယာန်တိုင်းက မိမိညီအစ်ကိုချင်းကိုချစ်မြတ်နိုး၍ အကျိုးဆောင်ပေးလိုစိတ်ရှိ၏။ သူတစ်ပါးပျော်ရွှင်လျှင် ကိုယ်ပျော်ရွှင်၏။ သူတစ်ပါးစိတ်ဝင်စားရာများကို ကိုယ်ကကြိုးစားဖြည့်တင်းပေးခြင်းဖြင့် အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ပျော်ရွှင် ကျန်းမာစေကြပါသည်။ ယုံကြည်သူများ၏ဦးတည်ရည်ရွယ်ချက်သည် ခရစ်တူအကျင့်မျိုးရရှိစေရန်နှင့် ကိုယ်တော်၏နိုင်ငံတော်ကျယ်ပြန့်စေရန် လုပ်ဆောင်ဖို့သာဖြစ်တော့၏။

"သခင်ယေရှုထမြောက်တော်မူခြင်းအကြောင်းကိုတမန်တော်တို့သည် ကြီးသောတန်ခိုးနှင့်သက်သေခံ၍ ထိုသူအပေါင်းတို့သည် ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြ၏။" (တမန်တော် ၄း၃၃)။ တမန်တော်များလက်အောက်တွင် ရွေးချယ်ခန့်အပ်ထားသောအသင်း လူကြီး၊ အသင်းထောက်များရှိကြပါသည်။ ထိုသူတို့သည် အမှန်တရားနှင့်ပြည့်ဝလျက် တစ်ပါးသူတို့ကိုလည်းငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ကို လက်ဆင့်ကမ်းဝေငှနိုင်စွမ်းရှိကြပါသည်။ သူတို့ကို ယေရှုအကြောင်း သက်သေမခံပါနှင့်ဟူ၍ ခြိမ်းခြောက်လန့်ဖျပ်စေ၍လည်းမရပါ။ ဘုရားသခင်သည် ထိုသူတို့အားဖြင့် အမှုတော်ဆောင်သဖြင့် သူတို့ သွားသည့်နေရာဒေသတိုင်း သူဆင်းရဲတို့သည် ဧဝံဂေလိတရားတော်ကို ကြားနာကြရပါ၏။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အံ့ဖွယ်အမှုများစွာကိုလည်း ပြနိုင်ခွင့်ရှိကြပါသည်။

လူသည် သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းချုပ်မှုအောက်တွင်တည်ရှိနေကာ ထာဝရဘုရားသခင်သည် ကြီးစွာသောအမှုတော်ကို ဆောင်ရွက်နိုင်သည်မဟုတ်လော။

သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်မည်ဆိုသောကတိတော်သည် ခရစ်ယာန်ခေတ်အဆက် ဆက်ရှိ လူသားတစ်နွယ်လုံးကို အကန့်အသတ်မရှိပေးထားပါ၏။ ထာဝရဘုရားသခင်၏သန့်ရှင်း သောဝိညာဉ်တော်လွှမ်းမိုးမှုသည် ကမ္ဘာဆုံးသည်တိုင်အောင် ခရစ်ယာန်များတို့နှင့်အတူရှိသည်ဆိုသောအကြောင်းကို ခရစ်တော်သခင်ဖော်ပြခဲ့လေပြီ။ ပင်တေကုတ္တေပွဲနေ့မှစ၍ ယနေ့တိုင်အောင် ဘုရားသခင်၏အမှုတော်မြတ်အဖို့ မိမိကိုယ်ကိုပေးအပ်ထားပြီဖြစ်သော အစေခံနောက်လိုက်ဘက်တော်သားများနှင့်အတူ ငြိမ်သက်ခြင်းသခင်သည် တည်နေ၏။ သို့ဖြစ်၍ သခင်ခရစ်တော်ကို ပုဂ္ဂလိကကယ်တင်ပိုင်သူအဖြစ် ယုံကြည်လက်ခံသူအပေါင်းတို့ထံသို့ သန့်ရှင်းသောဝိညာဉ်တော်သည် အကြံပေးသူ၊ သန့်ရှင်းစေသူ၊ လမ်းပြရှင်နှင့် သက်သေခံအဖြစ် ရောက်ရှိလာပါသည်။ ထာဝရဘုရားသခင်နှင့် အနီးကပ်မိတ်ဆွေဖွဲ့ လျှောက်လှမ်းလေ၊ ကယ်တင်ရွေးနှုတ်သခင်၏ မေတ္တာတော်နှင့်ကိုယ်တော်၏ကယ်တင်ခြင်းဆုကျေးဇူးတော်သက်သေခံချက်များကို ပိုမိုရှင်းလင်းပီပြင်၍ အရှိန်အဟုန်ကြီးစွာနားလည်လာလေဖြစ်၏။ ဤသည်ကို ရာစုနှစ်များစွာစုံစမ်းနှောင့်ယှက်ခြင်းနှင့် ဖိစီးညှင်းဆဲနှိပ်စက်ခြင်းဘေးကိုကြုံတွေ့ခဲ့ရသော်လည်း အသက်တာတစ်လျှောက်လုံး သန့်ရှင်းသောဝိညာဉ်တော်၏ အဖော်ပြုခြင်းကိုခံရသောအမျိုးသား၊ အမျိုးသမီးတို့၏ဝမ်းမြောက်ခြင်းက သက်သေခံနေပါသည်။ ဤကားကောင်းကင်တမန်တို့ရှေ့၊ လူတို့ရှေ့မှောက်တွင် ပြောင်းလဲခြင်းတန်ခိုးရှိသော ကယ်တင်ပိုင်သူ၏မေတ္တာတော်ကို ပြသနေခြင်းပင်ဖြစ်သည်မဟုတ်လော။

ပင်တေကုတ္တေပွဲနေ့မှာရှိသောသူတို့သည် ကောင်းကင်မှတန်ခိုးကိုခံခဲ့ရပါ၏။ ဆက်လက်၍စုံစမ်းနှောက်ယှက်ခြင်း အခက်အခဲရှိသမျှနှင့် ကင်းလွတ်ပြီဟူ၍တော့မဟုတ်ပါ။ အမှန်တရားနှင့်ဖြောင့်မတ်ခြင်းတရားအတွက် သက်သေခံဟောပြောနေသမျှကာလပတ်လုံးအမှန်တရား၏ရန်သူစာတန်သည် မပြတ်သောဖွဲ့လုံ့လကိုဖက်၍ အောင်မြင်ကြီးစိုးလိုစိတ်နှင့် တိုက်ခိုက်နေမည်မှာအမှန်တည်း။ ရန်သူသည် ခရစ်ယာန်ရင့်ကျက်မှုကို အလိုမရှိသည်ဖြစ်၍ ဘုရားသခင်၏တပည့်တော်၊ တပည့်တော်မအနွယ်ဝင် အကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်၌ ကြီးရင့်လာသည်အထိ ဘုရားပေးတန်ခိုးတော်နှင့် လှုပ်ရှားရုန်းကန်ကာ ရန်သူကိုတားဆီးရပေမည်။

တပည့်တော်တို့သည် စုံလင်ခြင်းကိုမျှော်ကိုး၍ ခရစ်ယာန်၏ ရင့်ကျက်သည်ထက်ပို၍ ရင့်ကျက်လာစေရန် အသစ်သောကျေးဇူးတော်

အထောက်အပံ့များကိုရရှိလို၍ နေ့တိုင်းအစဉ်တောင်းဆုပြုခဲ့ကြပါ၏။ ထိုအခါ သန့်ရှင်းသောဝိညာဉ်တော်၏ ပြုပြင်မှုအားဖြင့် အင်အားအနည်းဆုံးသူသော်လည်း ထာဝရဘုရားသခင်၌ မိမိ၏ယုံကြည်ခြင်းကို လှုပ်ရှားပေးခြင်းဖြင့် တန်ခိုးများတိုးကာ သန့်ရှင်းမြင့်မြတ်လာ၏။ စိတ်နှလုံးနှိမ့်ချစွာဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ပုံစံသွင်းလွှမ်းမိုးမှုအောက်တွင် မိမိကိုယ်ကိုအပ်နှံလိုက်သောအခါ တပည့်တော်တို့သည် ပုဂ္ဂိုလ်သုံးပါးဘုရားသခင်တစ်ပါး၏ပြည့်ဝမှုကို ခံစားသိမြင်ရရှိ၍ ဘုရားသခင်နှင့်ပုံသဏ္ဌာန်ချင်းတူလာလေ တော့သည်။

အချိန်သာကုန်ခဲ့သည်။ သခင့်ကိုယ်စားသန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ပေးမည်ဟူသောကတိတော်ကမပြောင်းလဲပါ။ ထာဝရဘုရားသခင်သည် မနေ့၊ ယနေ့၊ နောင်ကာလမပြောင်းမလဲတည်ရှိတော်မူ၏။ ကတိတော်အရာမှာလည်း ပြောင်းလဲတော်မမူ။ ကျေးဇူးတော်သည်ကြွယ်ဝပေ၏။ အကယ်၍ ကတိတော်ပြည့်စုံမှုကို မြင်တွေ့သင့်ပြီဟု ယခုဆို၍မတွေ့မြင်ရသေးပါသော် ကျွန်ုပ်တို့သည် ထိုကတိတော်ကိုမြတ်နိုးတွယ်တာသင့်သည့်အတိုင်း မတွယ်တာမမြတ်နိုးသေး၍ဖြစ်ပါသည်။ အားလုံးကဆန္ဒရှိပါမူ လူအားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝနေလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်လိုအပ်မှုကို မဆင်မခြင်သေးသမျှကာလပတ်လုံး ဝိညာဉ်ရေးမိုးခေါင်၍ ငတ်မွတ်ခြင်းဘေး၊ မှောင်မိုက်ကမ္ဘာ၌သေမင်းတမန်လွှမ်းမိုးခြင်းဘေး သာရှိတော့အံ့။ ထာဝရဘုရားသခင်က ကြွယ်ဝပြည့်စုံ၍များပြားလှ သော ကောင်းချီးအဖြာဖြာကို မီးရထားတွဲကြီးပမာ၊ သင်ရှိရာသို့သယ် ဆောင်လာပါသော်လည်း သင်သည် အသေးအမွှားကိစ္စများနှင့်သာ အာရုံပြုအချိန်ကုန်စေသည်ဖြစ်၍တက်တက်စင်လွဲချော်ရအံ့။

သို့ဖြစ်၍တန်ခိုးရရှိရန်အလို့ငှါ အကျွန်ုပ်တို့သည် ဘယ်အတွက်ကြောင့် ဝိညာဉ်တော်ဆုကျေးဇူးကို ဆာငတ်ကြပါသနည်း။ ဝိညာဉ်တော်ဆုကျေးဇူးအကြောင်းကို ပြောဟောသွန်သင်လော့။ ဆုတောင်းရယူလော့။ ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို အမှုတော်ထမ်းခရစ်ယာန်ဝန်ဆောင်တိုင်းကို ပေးကမ်းစွန့်ကြဲလိုစိတ် ပြင်းပြလှ၏။ သားသမီးကလေးငယ်များကို မိဘများက ကောင်းသောအရာများပေးကမ်းလိုစိတ်ရှိသကဲ့သို့တည်း။ သို့ဖြစ်၍ အမှုတော်ဆောင်တိုင်းသည် ဝိညာဉ်တော်နှစ်ခြင်းယူရန် နေ့တိုင်းအစဉ် ထာဝရဘုရားသခင်ထံ

တောင်းဆုပန်ရပါမည်။ အဖွဲ့ငယ်များဖွဲ့၍လည်း အထူးအကူအညီနှင့် ကောင်းကင်ဆိုင်ရာဉာဏ်ပညာကိုတောင်းခံရပါမည်။ သို့မှသာ ခရစ်ယာန်သာသနာပြုလုပ်ငန်းကို ဉာဏ်ပညာနှင့်ယှဉ်လျက် စီမံကွပ်ကဲ၍ ပြီးစီးအောင်လုပ်ဆောင်နိုင်မည်မဟုတ်လော။ အထူးသဖြင့် ထာဝရဘုရားသခင်သည် မိမိ၏ရွေးချယ်ခန့်ထားသောသံတမန်များကို သူတို့၏ခရစ်ယာန်သာသနာပြုရာဒေသလုပ်ငန်းခွင်တွင် သန့်ရှင်းသောဝိညာဉ်တော်မိုး အတိုင်းအဆမရှိများပြားစွာ သွန်းလောင်းချပေးပါရန် ကျွန်ုပ်တို့ဆုတောင်းသင့်လေသည်။ ဝိညာဉ်တော်နှင့်ပြည့်ဝသော ထာဝရဘုရားသခင်၏အစေခံကျွန်များ ကြွေးကြော်ဟောပြောသော အမှန်တရားသည် တန်ခိုးပါ၏။ ထိုတန်ခိုးကို ကမ္ဘာကန့်ကွက်နိုင်မည်မဟုတ်ပေ။

မည်သည့်နေရာဒေသတွင်မဆို ထာဝရဘုရားသခင်အဖို့ မိမိကိုယ်ကိုပေးဆပ်အပ်နှံသောအမှုတော်ထမ်းနှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်သည် တည်ရှိ၏။ တပည့်တော်တို့ကိုမှာကြားခဲ့သောစကားသည် ကျွန်ုပ်တို့ကိုလည်း ပြောဆိုနေ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အတွက်ဖြစ်သလိုကျွန်ုပ်တို့အတွက်လည်းဖြစ်၏။ ဝိညာဉ်တော်သည် ဆိုင်ပြိုင်တိုက်လှန်မှုတွင် ခွန်အားကိုပေး၏။

လောကသားတို့၏အမုန်းပင်လယ်ဗွေတွင် အရေးပေါ် ခွန်အားကိုပေး၍ မိမိ၏အား နည်းချက်နှင့်အမှားများကို ပြန်လည်သိမြင်အမှားပြင်နိုင်ခွင့်ပေးလေသည်။ ဆင်းရဲခက်ခဲမှုများမြောင်လှ၍ အတွေ့အမြင်ကိုမှောင်မိုက်ဖုံးကာ ရှေ့ရေးရှုပ်ထွေးလှသဖြင့် အထီးကျန်ဘဝနှင့် အကူအညီကင်းမဲ့နေချိန်တွင် ယုံကြည်စိတ်ချစွာဆုတောင်းလိုက်ပါ။ နှလုံးသားအိမ်ထဲသို့ သန့်ရှင်းသောဝိညာဉ်တော်နေရာယူတည်ရှိကာ နှစ်သိမ့်မှုကိုဖြစ်စေ၏။

ထူးခြားသောအခြေအနေတွင် ဝိညာဉ်ရေးဘဝင်တွေ့၍ ထင်ရှားပေါ်လွင်စေခြင်းဖြင့် လူသည် ခရစ်ယာန်စစ်စစ်တစ်ဦးဖြစ်ကြောင်း နိဂုံးချုပ်အထောက်အထားပါဟူ၍ မမှတ်ယူသင့်ပေ။ သန့်ရှင်းစင်ကြယ်ခြင်းသည် ရွှင်လန်းဝမ်းမြောက်လွန်း၍ခံစားရသော ပီတိမျိုးလည်းမဟုတ်ပါ။ ၎င်းသည် ထာဝရဘုရားသခင်၏ အလိုတော်၌ လုံးလုံးလျားလျားအပ်နှံ ပေးဆပ်ခြင်းဖြစ်၏။ နှုတ်တော်ထွက်အမိန့်တော်ကျအတိုင်း နေထိုင်ကျင့်ဆောင်ခြင်းဖြစ်လေသည်။ ကောင်းကင်ခမည်းတော် အလိုတော်အတိုင်းနေ၍ ဆင်းရဲခြင်းခံရသည်ဖြစ်စေ၊ ချမ်းသာတွေ့ရစဉ်ဖြစ်စေ၊ မှောင်သည်ဖြစ်စေ၊ လင်းသည်ဖြစ်စေ၊ မျက်စိအမြင်ဖြင့်

ဘဝလမ်းခရီးကိုဆက်သည်မဟုတ်ဘဲ ယုံကြည်ခြင်းဖြင့်လျှောက်လှမ်းခြင်းဖြစ်သည်။ မေးခွန်းမထုတ်သောယုံကြည်စိတ်ချမှုမျိုးဖြင့် ထာဝရဘုရားသခင်ကို ခိုလှုံခြင်း၊ မေတ္တာတော်၌ ငြိမ်းချမ်းမှုကိုယူခြင်းဖြစ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်ကို အနက်ဖွင့်ဆိုရန်မလိုအပ်ပါ။ ဝိညာဉ်တော်သည် "ခမည်းတော်ထံမှထွက်လာ၍ အမှန်တရားနှင့်ပြည့် စုံသောဝိညာဉ်တော်"ဟု ခရစ်တော်သခင်ကပြောခဲ့လေပြီ။ "အမှန်တရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ အမှန်တရားကိုသင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။" (ယော ဟန် ၁၅း၂၆။ ၁၆း၁၃)ဟု အတိအလင်းကြေညာထားပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၏သဘာဝကား နက်နဲလှပေစွ။လူသားတို့ဖေါ်မပြတတ်။ အကြောင်းမူကား၊ ဘုရားသခင်က လူသားတို့အားမဖော်ပြထားသောကြောင့်တည်း။ လူတို့သည် စိတ်ကူးယဉ်၍ ခရစ်ယာန်ကျမ်းချက်များစွာကို စုပေါင်းစည်းရုံးကာ လူ့အမြင်နှင့် ဆောက်တည်ကြသော်လည်း ထိုအမြင်သည် အသင်းတော်ကိုမတည်ဆောက်နိုင်ပါ။ ခွန်အားလည်းမဖြစ်စေပါ။ လူသားတို့နားမလည်နိုင်ရာ ဖြစ်သတည်း။ ဤကိစ္စတွင် တိတ်ဆိတ်စွာနေခြင်းက ရွှေစင်ကဲ့သို့တန်ဖိုးကြီးမွန်မြတ်လှ၏။

သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ကိုတော့ ခရစ်တော်သခင်ဖော်ပြခဲ့သည်။ "သန့်ရှင်းသောဝိညာဉ်တော်သည်ရောက်လာလျှင် အပြစ်မကောင်းမှုကိုလည်းကောင်း၊ အပြစ်ကင်းစင်ခြင်းကိုလည်းကောင်း၊ အပြစ်စီရင်ခြင်းကိုလည်းကောင်း၊ လောကီသားတို့အားထင်ရှားစွာဖော်ပြမည်။" (ယောဟန် ၁၆း၈)။ ဝိညာဉ်တော်သည် အပြစ်တရားကိုပြစ်ဒဏ်သင့်သူအကျဉ်းသမားဖြစ်စေ၏။ အကယ်၍ အပြစ်သားသည် ဝိညာဉ်တော်၏လွှမ်းမိုးမှုအောက်တွင် တုံ့ပြန်အသက်ရှင်လှုပ်ရှားအံ့။ သူသည် အပြစ်မှနောင်တရကာ ထာဝရဘုရား၏တောင်းဆိုမှုပညတ်တရားများကို နားထောင်ကျင့်သုံးခြင်းသည် အရေးကြီးကြောင်း သိမြင်နားလည်လာပါလိမ့်မည်။

နောင်တရသူအပြစ်သားသည် ဆက်လက်၍သန့်ရှင်းသောဝိညာဉ်တော်ဖော်ပြမှုဖြင့် ဖြောင့်မတ်ခြင်းတရားကို ဆာငတ်ခင်မွတ်လျက် ဤလောက၏အပြစ်ကို သယ်ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ထံသို့ရောက်ရှိသွားပါ

လိမ့်မည်။ "ထိုသူ(ဝိညာဉ်တော်)သည် ငါ့ဘုန်းကိုထင်ရှားစေလိမ့်မည်။ အကြောင်းမူကား၊ ငါနှင့်စပ်ဆိုင် သောအရာကိုယူ၍ သင်တို့အားဖော်ပြလိမ့်မည်။ အကြောင်းမူကား၊ ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အားဖော်ပြလိမ့်မည်။" "သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အားခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍ ငါပြောခဲ့သမျှသောစကားတို့ကို မှတ်မိသောဥာဏ်ကို သင်တို့အားပေးတော်မူမည်။" (ယောဟန် ၁၆း၁၄)။

ဝိညာဉ်တော်သည် လူကိုအသစ်ပြုပြင်ပေး၏။ ကယ်တင်ရွေးနှုတ်သခင်၏အသေခံခြင်းဖြင့် ကယ်တင်ခြင်းစီမံကိန်းကိုလည်း ထိရောက်စေပါသည်။ လူသားအား ခရစ်တော်ယေရှုသခင်၏လက်ဝါး ကပ်တိုင်တော်ကိုရှုမြင်၊ ဆင်ခြင်၊ အောက်မေ့သတိရစေ၏။ ထာဝရဘုရားသခင်သည် လောကသားတို့အား မည်မျှချစ်မြတ်နိုးကြောင်းကို လည်းဖော်ပြ၏။ တန်ခိုးကြီးမားသောနှုတ်တော်ထွက် ကျမ်းစာဖော်ပြပါအရာများသည် ယုံကြည်စွဲလမ်းစေ၍ ခံယူချက်နှင့်လူအဖြစ်သို့ပို့ဆောင်ပေးလေသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် အပြစ်ကိုရွံရှာမုန်းတီးစေ၍ လူ၌ဖြောင့်မတ်သန့်ရှင်းလိုစိတ်ကို နှိုးဆွပေးပါသည်။ မြေကြီးပေါ်တွင်ရှိသောအရာတို့ကို မစွဲလမ်းစေဘဲ၊ သန့်ရှင်းစင်ကြယ်လိုသောဆန္ဒကိုသာ လူ၌ပြည့်ဝစေပါ၏။ ကယ်တင်ပိုင်သူကြေညာခဲ့ပြီဘဲ။ "ဖြောင့်မတ်ခြင်းတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည်ရောက်လာသောအခါ ဖြောင့်မတ်ခြင်းတရားကိုသင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ " (ယောဟန် ၁၆း၁၃)။ လူသာလျှင် ဝိညာဉ်တော်၏ပုံစံသွင်းမှုကို ခံယူလိုစိတ်ရှိအံ့။ လူ၏ခန္ဓာရုပ်သွင်တစ်ခုလုံးကို ဝိညာဉ်တော်က သန့်ရှင်းစင်ကြယ်စေပါလိမ့်မည်။ ထာဝရဘုရားသခင်နှင့်စပ်ဆိုင်သည်များကိုလည်း တံဆိပ်ရိုက်ထားပေလိမ့်မည်။ ကိုယ်တော်၏တန်ခိုးတော်အားဖြင့်အသက်တာတွင် ပီပြင်သစ်လွင်ခြင်းရှိလာပြီဖြစ်၍ အဘယ်သူမျှလမ်းမလွဲရတော့ပါ။

ရှေးမဆွကပင် ထာဝရဘုရားသခင်သည် အပြစ်သို့ကျဆုံးပြီဖြစ်သောလူသားတစ်နွယ်လုံးအတွက် မိမိ၏ကယ်တင်ခြင်းစီမံကိန်းအကြံတော်ပြီးပြည့်စုံအံ့သောငှါ လူ့အားဖြင့်သန့်ရှင်းသောဝိညာဉ်တော်ကို လှုပ်ရှားစေခဲ့ပါသည်။ ရှေးဘိုးဘေးတို့၏အသက်တာအားဖြင့် ထင်ရှားနေပါ၏။ ပုရောဖက်မောရှေလက်ထက် သိမ်တောရှိအသင်းတော်အတွက်ကို ထာဝရဘုရားသခင်သည်

“သင်တို့အားသွန်သင်စရာဖို့ ကောင်းသောဝိညာဉ်တော်ကိုပေးတော်မူ၏။” (နေဟမိ၉း၂၀)။ တမန်တော်များခေတ်တွင်လည်း ထာဝရဘုရားသခင်အသင်းတော်အတွက် သန့်ရှင်းသောဝိညာဉ်တော်စွမ်းအားဖြင့် ကြီးမားသောအံ့ဖွယ်အမှုနှင့် အမှုတော်ဆောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့လေပြီ။ ရှေးဘိုးဘေးများ၊ ယောရှုနှင့်ကာလက်တို့အား ယုံကြည်ရဲရင့်ခြင်းသတ္တိကိုပေး၍ စောင်မကြည့်ရှုခဲ့သကဲ့သို့ တမန်တော်ခေတ်အသင်းတော်ကို ပို၍ပီပြင်သောစွမ်းအားနှင့် ဖြည့်စွက်လုပ်ဆောင်ပေးခဲ့သကဲ့သို့ ယခုခေတ် ထာဝရဘုရားသခင်၏သစ္စာရှိသားစစ်သမီးမှန်တိုင်းတို့၌လည်း ဝိညာဉ်တော်သည် အလုပ်လုပ်နေပါသည်။ အမှောင်ခေတ်(ခေါ်) အလယ်ခေတ်ကဆိုလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် ဝေါ်လ်ဒန်စီခရစ်ယာန်များအားဖြင့် ဘာသာရေးပြန်လည်ပြုပြင်ပြောင်းလဲရေးအတွက် လမ်းစကိုပြင်ဆင်ချက်ပေးခဲ့ပါသည်။ ထိုတန်ခိုးတော်ကဘဲ မြင့်မြတ်နှလုံးသားရှင်အမျိုးသား၊ အမျိုးသမီးတို့အား ခေတ်မီရှေ့တန်းခရစ်ယာန်သာသနာပြုလုပ်ငန်းများကို အခြေချ၊ တည်မြဲ၊ အောင်မြင်စေသည်မဟုတ်လော။ ခရစ်ယာန်ကျမ်းစာကိုလည်း တိုင်းပြည်နှင့်လူမျိုးအသီးသီးတို့ဖတ်ရှုလေ့လာ၊ ယုံကြည်စွဲလမ်းကာ ယခုဘဝ၊နောင်ဘဝကောင်းစားရေးအတွက် ဘာသစကားအမျိုးမျိုးနှင့် ပြန်ဆိုရေးသား၍ သတင်းကောင်းဖြန့်ဝေနေသည်မှာလည်း ထိုဝိညာဉ်တော်၏ တန်ခိုးသာလျှင်ဖြစ်သည်။

ယနေ့မှာလည်း ဤကမ္ဘာမြေကြီးပေါ်တွင် ထာဝရဘုရားသခင်၏ အကြံတော်မည်သို့ရှိကြောင်း သိမြင်နားလည်စေရန် အသင်းတော်ကို အသုံးပြုနေဆဲဖြစ်ပါသည်။ လက်ဝါးကပ်တိုင်တော်သတင်းကောင်းသည် တစ်မြို့မှသည်တစ်ခြားတစ်မြို့သို့လည်းကောင်း၊ ဒေသတစ်ခုမှအခြားတစ်ခုသို့လည်းကောင်း၊ ယခုတွင်ကြွေးကြော်နေပါသည်။ ဘုရားသခင်ဒုတိယအကြိမ် တစ်ဖန်ကြွဆင်းလာမည့်ခရီးလမ်းကို ပြင်ဆင်ပေးသကဲ့သို့တည်း။ ထာဝရဘုရားသခင်၏တရားတော်သည် ချီးမြှောက်ခြင်းခံရပါသည်။ ထာဝရဘုရားသခင်၏ ဝိညာဉ်တော်သည်လည်း လူတို့၏စိတ်နှလုံးသားအိမ်ကိုပြုပြင်နှိုးဆော်သဖြင့် တုံ့ပြန်သူတိုင်း ထာဝရဘုရားသခင်နှင့် အမှန်တရားအတွက် သက်သေခံဖြစ်ခွင့်ရပါသည်။ နေရာဒေသများစွာတို့တွင် ကိုယ်ကိုအပ်နှံသူ တပည့်တော်၊ တပည့်တော်မတို့သည် ခရစ်တော်သခင်အားဖြင့် ကယ်တင်ခြင်းခရီးလမ်းလျှောက်လှမ်းနိုင်ကြောင်းကို

တစ်ပါးသူတို့အား အလင်းပေးသက်သေခံဆက်ဆံနေကြလေပြီ။ ဤကဲ့သို့ မိမိတွင်ရှိသောအလင်းအိမ်ကို ထွန်းလင်းဝေငှပေးခြင်းဖြင့် ပင်တေကုတ္တေပွဲနေ့က ဝိညာဉ်တော်မိုးသွန်းဖြိုးရွာချသကဲ့သို့ ထိုသူတို့သည် ပို၍ပို၍ဝိညာဉ်တော်တန်ခိုးကိုခံရလေသည်။ ဤသို့လျှင် ထာဝရဘုရားသခင်၏ ဘုန်းတန်ခိုးတော်သည် ဤလောကသားမြေကြီးကမ္ဘာကို တရားအလင်းနှင့် လွှမ်းခြုံနိုင်မည်မဟုတ်လော။

တစ်ဖက်တွင်လည်း လူတစ်မျိုးရှိပါသေး၏။ လက်ရှိအခွင့် အရေးများကို ပညာသတိရှိစွာတိုးပွါးလုပ်ဆောင်နေရမည့်အစား လက်ကိုပိုက်၍ ဝိညာဉ်တော်မိုး ပြန်လည်ဆန်းသစ်စေမည့်အထူးအချိန်ကာလကို အချည်းနှီးစောင့်ဆိုင်းကုန်၏။ လက်ရှိတာဝန်နှင့်အခွင့်အရေးများကို လျစ်လျူရှုပြုကာ မိမိအလင်းကို ထွန်းလင်းရန်ငြင်းဆန်၏။ လုံ့လဝီရိယမစိုက်ထုတ်ဘဲနေ၏။ အထူးကောင်းချီးကိုခံယူရရှိသူများဟူ၍ အဘယ်သို့ခေါ်နိုင်အံ့နည်း။ အမှုတော်မြတ်ကြီးအတွက်လည်း မိမိတို့၏အသက်တာသည် လုံးဝဥဿုံပြောင်းလဲသွားပြီဟုမဆိုနိုင်သေးပေ။

နောက်ဆုံးကာလဘုရားသခင့်အမှုတော်မြတ်ကြီးပြီးဆုံးလုပြီဖြစ်သောကာလ ပေးဆပ်အပ်နှံသူ၊ ယုံကြည်သူလူအများစုတို့သည် သန့်ရှင်းသောဝိညာဉ်တော်လမ်းပြမှုကိုညွှန်ကြားမှုကိုခံရလျက် ဘုရားသခင့်ရှေ့တွင် မျက်နှာရသော အထူးစပါယ်ရှယ်စားရန် ပိုင်ရှင်များဖြစ်ရပေလိမ့်မည်။ အရှေ့အလယ်ပိုင်းဒေသတွင် သီးနှံအတွက်အ ကျိုးပြုသောအလျင်မိုး ၊ နောက်မိုးဟူ၍ရှိ၏။ မျိုးစေ့ကြဲချိန်တွင် အလျင်မိုးကိုရရှိ၍ ဂျုံစပါးရိတ်သိမ်းချိန်တွင် နောက်မိုးရွာပေးပါသည်။ ဤအမှုအရာနှင့်ပါတ်သက်၍ ဟောပြောပုရောဖက်တို့က ထာဝရဘုရားသခင်၏အသင်းတော်တွင် ထူးခြားပေါများစွာသောဝိညာဉ်ဆုကျေးဇူးသက်ရောက်မည်အကြောင်းကို ကြိုတင်ဟောကြားခဲ့ပါသည်။ တမန်တော်များနေ့ရက်ကာလတရားတွင် သက်ရောက်သော ဝိညာဉ်တော်အလျင်မိုးသည် ဘုန်းဝင့်ဖွယ်ရာရလဒ်ကို ခံစားသိမြင်ခဲ့ရပါသည်။ နောက်ဆုံးကာလတွင်လည်း ဝိညာဉ်တော်၏မိတ်သဟာယဖွဲ့ခြင်းသည် မှန်ကန်သောအသင်းတော်နှင့် အတူတည်ရှိနေမည်ဖြစ် သတည်း။

သို့ဖြစ်၍ အသင်းတော်သည် ကြွဆင်းလာမည့်ဘုရားသခင့်သားတော် လူသားအတွက်လမ်းကို ဝိညာဉ်တော်အကူအညီဖြင့် ပြင်ဆင်ပေးရမည်။ နောက်မိုးရွာရာကာလအတွက်လည်း ခရစ်ယာန်တို့သည် စပါးရှင်ဘုရားသခင်ထံရိတ်သိမ်း

သူများပို့ပေးပါရန် တောင်းဆိုတုံ့ပြန်မှုကို ဤသို့တွေမြင်ရသည်။ "ထာဝရဘုရား သခင်သည် လျှပ်စစ်ကိုပြင်ဆင်၍ များစွာမိုးရွာစေသဖြင့် ခပ်သိမ်းသောလူတို့အဖို့ လယ် ပြင်၌အပင်ပေါက်စေတော်မူမည်။" (ဇာခရိ ၁၀း၁)။ "အစအဦး၌လည်း အလျင်မိုးနှင့်နောက်မိုးကို သင်တို့အပေါ် မှာရွာစေတော်မူမည်။" (ယောလ ၂း၂၃)။

သို့ပါသော်လည်း ထာဝရဘုရားသခင်၏အသင်းတော်တွင်ရှိကြကုန် သော ယနေ့အသင်းဝင်သူတို့သည် ဝိညာဉ်ရေးကြီးထွားမှုအပေါင်းကို ဖြစ်စေသော အဓိကဇစ်မြစ်ကြီးနှင့်ဆက်သွယ်သက်ရှင်မှုမပြုကြလျှင်ကား၊ ဝိညာဉ်စပါးရိတ်သိမ်း ချိန်တွင် သူတို့တတွေအဆင်သင့်ရှိနေမည်မဟုတ်ပါ။ အကယ်၍သာ ထိုသူတို့သည် ယခုတွင် မိမိတို့၏ ဆီးမီးခွက်ကိုပြင်ဆင်ထွန်းလင်းခြင်းမပြုကြပါမူ၊ အထူးလိုအပ် ဆုံးအချိန်ကာလတွင် ထပ်လောင်းပေးသနားတော်မူသော ကျေးဇူးတော်ကို မရ လိုက်ဘဲရှိနေလိမ့်မည်။

သစ်လွင်လတ်ဆတ်သောနေ့စဉ်ဆုကျေးဇူးတော် ထောက်ပံ့မှုများကို မပြတ်မလတ်ရရှိသူဖြစ်မှသာလျှင် နေ့စဉ်လိုအပ်သောတန်ခိုးကို အချိုးညီပိုင်ဆိုင်ခွဲ ခန့်နိုင်၍ လိုအပ်သလိုထုတ်သုံး အကျိုးပြုနိုင်မည်ဖြစ်သည်။ ထိုအခါ လက်လှမ်းမမီ၊ တစ်ခေါ်တစ်မျှော်ကြီးတမ်းတမှန်းဆ မြတ်နိုးခင်တွယ်ကာမှ အချိန်တန်လျှင် သက်ရောက်တည်ရှိနေမည့် အထူးဝိညာဉ်တော်တန်ခိုးကို စောင့်ဆိုင်းမျှော်လင့် နေမည့်အစား၊ လက်ရှိအနေအထားတွင် မည်ကဲ့သို့အသက်ဝိညာဉ်ရှာ ဖွေရိတ်သိမ်းရမည်၊ ထာဝရဘုရားသခင်၏အလိုတော်ကို မည်သို့ဝန်ခံ၍ တန်ဆာပ လာအဖြစ် အသုံးတော်ခံရမည်ကို အာရုံပြုလုပ်ဆောင်လာပါလိမ့်မည်။ လက်လှမ်း မီသမျှအသက်ဝိညာဉ်များ သခင်ခရစ်တော်ထံရောက်ရှိရေးအတွက် နေ့စဉ်အခွင့် အရေးကိုမြင့်တင်ကြိုးပမ်းလာပေမည်။ အိမ်မှာနေသည်ဖြစ်စေ၊ အလုပ်ခွင် တွင်ရှိသည်ဖြစ်စေ၊နှိမ့်ချသည်၊ မြင့်မြတ်သည်ဟူ၍ မကြည့်မှတ်တော့ဘဲ သခင့် အတွက်နေ့တိုင်းအစဉ် သက်သေခံမှုတစ်ခုအစဉ်ပြုလာကြပေတော့မည်။

သခင့်အမှုတော်မြတ်အတွက် အသက်တာကို ပေးအပ်ထားသောအမှု တော်ဆောင်တစ်ဦးတွင် အံ့သြဖွယ်နှစ်သိမ့်မှုအသိတရားသည်ရှိနေပါ၏။ ခရစ်တော်သခင်သည် ဤမြေကြီးပေါ်တွင်ရှိခဲ့စဉ်က နေ့တိုင်းအစဉ်လိုအပ်သော

ကျေးဇူးတော်ကို ခမည်းတော်ဘုရားသခင်ထံဆုပန်၏။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ဆက်ဆံကောင်းချီး တောင်းခံဆုတောင်းပြီးမှသာ တစ်ပါးသူအား နေ့စဉ်ခွန်အားနှင့် ကောင်းချီးပေးရန် သွားလာလှည့်လည်တော်မူ၏။ ဘုရားသခင်၏ သားတော်ကိုယ်တိုင်က ခမည်းတော်ဘုရားသခင်ထံ ဒူးထောက်ဦးညွှတ်လျက် တောင်းဆုပန်သည်ကိုကြည့်ပါလော့။ ကိုယ်တော်သည် ဘုရားသခင့်သားတော်ဖြစ်နေလင့်ကစား ယုံကြည်ခြင်းတိုးပွါးလာရန် ဆုတောင်း၏။ ကောင်းကင်ဘုံနှင့် မပြတ်ဆက်သွယ်မှုပြုခြင်းဖြင့် အပြစ်ကိုပယ်ရှားဖို့ရန် တန်ခိုးကိုစုစည်း၏။ ပြီးမှသာ လူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းဖို့အစေခံလေသည်။ ကျွန်ုပ်တို့လူသားတစ်နွယ်လုံး၏အစ်ကိုကြီးအဖြစ်ရပ်တည်နေသော သခင်သည် ကျွန်ုပ်တို့ဘာလိုအပ်နေသည်ကိုသိ၏။ ကိုယ်တော်သခင်၏အမှုတော်မြတ်တွင် ပါဝင်ထမ်းဆောင်လိုသောဆန္ဒရှိပါသော်လည်း အားနည်းချက်ကိုယ်စီနှင့် လောကရေးရာအပြစ်သို့ သွေးဆောင်စုံစမ်းနှောင့်ယှက်မှုများသည် သူတို့၏ပတ်ဝန်းကျင်တွင် ပတ်ဝိုင်းတည်ရှိနေကြောင်းကိုလည်းသိ၏။ သခင့်အစေခံရန်စေလွှတ်ခြင်းခံရသည့်သတင်းဆောင်များသည် အားနည်းသူ၊ အမှားနှင့်လူများဖြစ်ကြောင်းကိုသိ၏။ သို့သော်လည်း အကြင်သူသည် မိမိကိုယ်ကိုလုံးဝဥဿုံအမှုတော်မြတ်အတွက် ပေးဆပ်အပ်နှံလိုက်ပါက ဘုရားသခင့်အထံတော်မှအထောက်အပံ့သည် သက်ရောက်ရလတ္တံ့။ ဘုရားသခင်ကတိတော်ရှိလေပြီ။ သခင်၏ပုံစံနမူနာရှိခဲ့ပြီမဟုတ်လော။ သခင်သည် စိတ်အားကြီးလျက် မလျှော့သောဇွဲလုံ့လနှင့် ထာဝရဘုရားသခင့်ထံ ယုံကြည်ခြင်းဖြင့် တောင်းဆုပန်၏။ ထိုယုံကြည်ခြင်းကား ထာဝရဘုရားသခင်ကိုလုံးလုံးလျားလျားမှီခိုခြင်းပေတည်း။ အမှုတော်မြတ်အတွက်ဆိုလျှင် ကိုယ်တော်အတွက်ချွင်းချန်ထားခြင်းမရှိ၊ ဆရာစားမချန်၊ အရန်မထား၊ အိတ်သွန်ဖာမှောက် လုံးဝပေးဆပ်အပ်နှံထားပါ၏။ ထိုကဲ့သို့သော လူမျိုးနှင့်သန့်ရှင်းသောဝိညာဉ်တော်သည် တည်ရှိလျက် အပြစ်ကိုအောင်မြင်ကာ အသက်ဝိညာဉ်များစွာကို ဘုရားသခင့်ထံတော်ပါးသို့ပို့ ဆောင်နိုင်မည်ဖြစ်ပါသည်။

ဝန်ဆောင်အမှုတော်ထမ်းသူတိုင်းသည် သခင်ခရစ်တော်၏ ခြေတော်ရာကို လျှောက်နင်းလျက် ဘုရားသခင်ကတိပေးဝိညာဉ်တော်တန်ခိုးကိုရယူအသုံးပြုရန်မိမိကိုယ်ကိုပြင်ဆင်ချိန်တန်လေပြီ။ဘုရားသခင်၏အသင်းတော်သည်မှည့်ဝင်း

နေပြီဖြစ်သော ဝိညာဉ်စပါးရိတ် သိမ်းရန်အတွက် ပြင်ဆင်ရပါမည်။ နံနက်အစဉ်အတိုင်း ဧဝံဂေလိခရစ်ယာန်အမှုတော်ဆောင်များနှင့်တကွ ပတ်သက်သူအပေါင်းတို့သည် ဘုရားသခင့်ရှေ့တော်မှောက်တွင် ဒူးထောက်ဆုတောင်းလျက် မိမိတို့၏ပေးဆပ်အပ်နှံပါမည်ဟူသော ကတိဝန်ခံချက်ကို ပြန်လည်ဆန်းသစ်စေရပါမည်။ သို့ပြုလျှင် ကိုယ်တော်သည် မိမိ၏ဝိညာဉ်တော်နှင့် မိတ် သဟာယဖွဲ့စေသဖြင့် ထိုသူအပေါင်းတို့သည် နိုးကြားတက်ကြွခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းတန်ခိုးနှင့် ပြည့်ဝရလိမ့်မည်။ မမြင်တွေ့နိုင်သော သန့်ရှင်းသောဝိညာဉ်တော်စွမ်းအားသတ္တိဖြင့် "ထာဝရဘုရားသခင်နှင့်အတူ အလုပ်လုပ်သူအမှုတော်ထမ်းများ"အဖြစ်သို့ သေချာပေါက်ရောက်ရလေပြီဟုလည်း မိမိတို့ကိုယ်ကိုစွဲမက်ကာ နေ့တိုင်းအစဉ်ထမ်းရွက်ရမည့်တာဝန်များကို ပျော်ရွှင်လန်းဆန်းစွာ အလိုတော်ကိုဝန်ခံလျက် ရှေ့ဆက်ကာအလုပ်ပွါးမည်မှာ ဧကန်မုချတည်း။

-----o------

## အခန်း (၆)
## ဗိမာန်တော်တံခါးနားမှာ
(ဤအခန်းသည် တမန်တော် ၃၊ ၄း၁-၃၁ကို အခြေပြုထားပါသည်)

သခင်ခရစ်တော်၏တပည့်တော်များသည် မိမိတို့ကိုယ်ကို အရည်အချင်းမရှိ၊ မပြည့်မီမှန်းသိ၏။ သိ၍လည်းစိတ်အားငယ်၏။ စော်ကားရှုတ်ချခံရ၍လည်း ဘုရားသခင်ထံဆုတောင်းအသနားခံခြင်းမှတစ်ပါး ဘာကိုမျှမတတ်နိုင်ကြ။ ထိုအခါ သူတို့၏အားနည်းချက်သည် သခင်၏စွမ်းအားနှင့်ပေါင်းစည်းလာ၏။ မသိတတ်၊ နားမလည် မှုများသည်လည်း ကိုယ်တော်၏ဉာဏ်အလင်းနှင့်အလင်းရောင်ဖြာနေတော့၏။

မထိုက်တန်ပါဟုခံစားသိမြင်သောအခါ၌ သခင်၏ ဖြောင့်မတ်ခြင်းသည် သူတို့ကိုစိတ်သက်သာစေ၏။ ဆင်းရဲမွဲတေဖွတ်ဘိုးအေအဖြစ်မှ သည်ရွှင်ပြလန်းဆန်းသောအသွင်သို့ကူးပြောင်းလာ၏။ ဤသို့လျှင် တပည့်တော်တို့သည် အင်အားပြည့်ဖြိုးအလှတိုးကာ ယုံမှားသံသယကင်းရှင်းလျက် သခင်၏အမှုတော်မြတ်တွင် ရှေ့ဆက်ကာ အလုပ်ပွါးလေတော့သည်။

သခင်ဟုဆိုရာ၌ ထိုသခင်၏လူ့ဘဝအစကို အကျဉ်းချုံး၍ရှင်းလင်းရသည်ရှိသော် သဘာဝအားဖြင့် လူသားသည် မိဘနှစ်ပါး၏သန္ဓေပိုးကြောင့် ပဋိသန္ဓေတည်ကာ ကိုးလလွယ်၊ ဆယ်လဖွား၏။ ထိုသခင်၌ကား ဤသို့မဟုတ်ပါ။ ထာဝရဘုရားသခင်၏တန်ခိုးတော်ကြောင့် အပျိုကညာမိရိသည် ကိုယ်ဝန်ဆောင်၍ ကာလအချိန်စေ့လတ်သော် သူငယ်တော်ယေရှုကိုဖွားမြင်၏။

ခရစ်ယာန်မှတ်တမ်းအရ "ဖော်ပြသောအချက်ဟူမူကား ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောက် ကျားကိုဖွားမြင်လတ္တံ့။ ထိုသားကိုဧမာနွေလအမည်ဖြင့်မှည့်ရကြလတ္တံ့ဟုလာသတည်း။ ဧမာနွေလအနက်ကား၊ ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်ဟုဆိုလိုသတည်း။"

ထိုသခင်နှင့်မိခင်မာရိကိုကြည့်ရှုထိန်းသိမ်းရန် ထာဝရဘုရားသခင်အပ်နှင်းထားခြင်းကိုခံရသော သေမျိုးဖြစ်သည့်လူသားစစ်စစ်ယောသပ်သည် ဖြောင့်မတ်မှန်ကန်သူဖြစ်၏။ ခရစ်ယာန်ကျမ်းမှတ်တမ်းအရ "သို့သော်လည်း၊ သားဦးကို

မဖွားမီတိုင်အောင် သံဝါသမပြုဘဲနေ၏။ ထိုသားကိုလည်း ယေရှုဟူသောအမည်ဖြင့်မှည့်လေ၏။"(မဿဲ၁း၂၃-၂၅)။ ယေရှုအနက်ကား၊ ကယ်တင်သခင်၊ ခရစ်တော်၏အနက်ကား၊ ဘုရားသခင့်သားတော်ဟူ၍မှတ်ရ၏။

သို့ဖြစ်၍ ယေရှုခရစ်တော်သခင်သည် မိန်းမဝမ်းမှ ပဋိသန္ဓေယူဆောင်၍မွေးဖွားသန့်စင်လာသဖြင့်သူသည် ရာနှုန်းပြည့်လူသားဖြစ်သည်။ ထာဝရဘုရားသခင်၏တန်ခိုးတော်ကြောင့် လူယောကျ်ားမျိုးစေ့မပါဘဲ အမိဝမ်းမှမွေးဖွားလာသောကြောင့် ရာနှုန်းပြည့်ဘုရားသခင် ဖြစ်၏။ ပုဂ္ဂိုလ်တော်တစ်ဦးတည်းမှ (လူ-ဘုရားသခင်)အဖြစ်သည် ထူးဆန်းနက်နဲလှပါ၏တကား။

ဆက်ရပါဦးမည်။

ထိုသခင်သည် ကောင်းကင်သို့မိုးတိမ်စီး၍တက်ကြွသွားသည် နောက်သန့်ရှင်းသောဝိညာဉ်တော်သည် တပည့်တော်တို့အပေါ် သို့ ဆင်းသက်လာ၏။ ထိုမှလွန်၍ စိတ်အားကြီးစွာဆုတောင်းရာအချိန်နောက်ပိုင်း တစ်ခဏတွင် ပေတရုနှင့်ယောဟန်တို့သည် ဝတ်ပြုကိုးကွယ်ရန် ဗိမာန်တော်သို့သွားကြ၏။ ထိုသို့သွား၍ တင့်တယ်အမည်ရှိသောဗိမာန်တော်သို့သွားကြ၏။ ထိုသို့သွား၍ တင့်တယ်အမည်ရှိသော ဗိမာန်ဂိတ်တံခါးနားသို့ရောက်သော် အနှစ်လေးဆယ်လုံးလုံး မွေးရာပါ ခြေမစွမ်းသူတစ်ယောက်စောင့်ဆိုင်းနေသည်ကိုတွေ့၏။ ဤလူနာသည်အနာရောဂါမှကင်းပျောက်လို၍ သခင်ယေရှုကိုတွေ့မြင်လိုသည်မှာ ကြာလေပြီ။ သို့သော် ကူညီမစမည့်သူမရှိဟူ၍ အဓိကသမားတော်ကြီးနှင့်မတွေ့၊ လွဲခဲ့ရ၏။ နောက်ဆုံးတော့သူ၏တောင်းပန်မှုကြောင့် သူ၏မိတ်ဆွေတစ်ချို့သူ့အား ဗိမာန်တော်တံခါးနားမှာ ပို့ဆောင်ချထားပေးရန် သွေးဆောင်၍ရခဲ့ပါသည်။ အရောက်ကောင်းသော်လည်း အခါနှောင်းခဲ့ရ၏။ သူလုံးဝဥသုံအားကိုးတကြီးနှင့် မျှော်လင့်နေရပါသော ထိုသခင်သည် မကြာသေးမီက ရက်စက်သောအသေဆိုးနှင့် သေခဲ့ရသည်ဟုကြားသိမိပြီ။

သူစိတ်ပျက်ရလေပြီ။ သူရောဂါပျောက်ဖို့ယေရှုသခင်ကို မည်မျှကြာမြင့်စွာစောင့်ဆိုင်းလာရသည်ကို သိနားလည်သောလူတစ်ချို့က သူ့ကိုသနားလာသည်။ သို့ဖြစ်၍ သူ့အလိုပြည့်စုံပါစေတော့ဟူ၍ စေတနာထားကာ ရက်တိုင်းအစဉ် ဗိမာန်တော်တံခါးနားမှာ သူ့ကို သယ်ယူပို့ဆောင်ချပေး၏။ ထိုနေရာမှာ ထိုခြေမစွမ်းသူသည် တောင်း စားလျက်နေပါသည်။ တမန်တော်ပေတရုနှင့် ယောဟန်တို့သည် ထိုဂိတ်တံခါးကိုဖြတ်သွားသောအခါ ထိုသူက သူ့အားအလှူဝတ္ထု

ပေးကမ်းစွန့်ကြဲကြပါရန် တောင်းခံ၏။ တပည့်တော်တို့သည် သနားသောစိတ်ရှိသည်နှင့် "ထိုသူကိုစေ့စေ့ကြည့်ရှု၍ ငါတို့အားမျှော်ကြည့်လော့ဟုဆိုလျှင် ထိုသူသည် တစ်စုံတစ်ခုကိုရမည်ဟုစိတ်ထင်နှင့် တမန်တော်တို့ကို မျှော်ကြည့်လျက်နေ၏။ ပေတရုကလည်း၊ ငါ၌ရွှေငွေမရှိ။" မိမိဆင်းရဲမွဲတေကြောင်းကို ကြေညာလိုက်သောအခါ ထိုလူနာမှာ မျက်နှာနွမ်းသွားမိ၏။

သို့ပါသော်လည်း တမန်တော်ရှေ့ ဆက်ပြောစကားကိုကြားလိုက်ရသောအခါတွင်မူကား မျှော်လင့်ချက်အလင်းရောင် တောက်ပလာလေတော့သည်။ "ရှိသည်အရာကို သင့်အားငါပေးမည်။ နာဇရက်မြို့ သားယေရှုခရစ်တော်၏နာမတော်အားဖြင့် ထ၍လှမ်းသွားလော့ဟုဆိုလျက်၊"

"သူ၏လက်ယာလက်ကို ကိုင်ဆွဲချီကြွလေသောခဏချင်းတွင် ခြေနှစ်ဖက်မျက်စိတို့သည် စွမ်းအားကိုရသဖြင့် ရုတ်တရက်ထ၍ မတ်တတ်ရပ်ပြီးလျှင် လှမ်းသွားလေ၏။ သွားလျက်၊ ခုန်လျက်၊ ဘုရားသခင်ကိုချီးမွမ်းလျက်၊ တမန်တော်တို့နှင့်အတူ ဗိမာန်တော်သို့ဝင်လေ၏။

ထိုသို့လှမ်းသွား၍ ဘုရားသခင်အားချီးမွမ်းသည်ကို လူအပေါင်းတို့သည်မြင်သောအခါ ထိုသူသည် ဗိမာန်တော်၏ တင့်တယ်တံခါးနားမှာ စွန့်ကြဲခြင်းကိုခံ၍ထိုင်နေသောသူဖြစ်သည်ကိုသိကြသောကြောင့် သူ၌ဖြစ်သည့်အမှုကို မိန်းမောတွေဝေခြင်းရှိ၍ ထိုသူသည် ပေတရုနှင့်ယောဟန်ကိုအ မှီပြုလျက်ရှိရာအရပ်၊ ရှောလမုန်ကနားပြင်အမည်ရှိသော ကနားပြင်သို့ပြေးဝင်၍ စုဝေးကြ၏။"

ဤအခြင်းအရာကိုမြင်တွေ့သောသူတို့သည် တပည့်တော်တို့သည်လည်း သခင်ယေရှုကဲ့သို့ အံ့ဖွယ်အမှုများကိုပြုနိုင်သည်ဘဲဟူ၍ အံ့သြမိန်းမောတွေဝေမိကြပါ၏။

ဤလူကား အနှစ်လေးဆယ်လုံးလုံး ခြေမစွမ်းသူဘဝနှင့် အကူအညီမဲ့နေခဲ့ရသည်။ ယခုသော်ကား ကခုန်မြူးထူးလျက် နာကျင်ခြင်းမှကင်းဝေးလျက်၊ ယေရှုသခင်ကို ကျေနပ်ဝမ်းမြောက်စွာယုံကြည်လက်ခံနေလေပြီ။ လူထုကြီးအံ့သြမိန်းမောနေသည်ကို တပည့်တော်တို့သည် မြင်တွေ့သောအခါ ပေတရုက "ဣသရေလလူတို့၊ အဘယ်ကြောင့် ဤအမှုကိုအံ့သြကြသနည်း။ ဤသူသည် လှမ်းသွားနိုင်သောအခွင့်ကို ပေးဘိသကဲ့သို့ အဘယ်ကြောင့် ငါတို့ကို စေ့စေ့ကြည့်ရှုကြ

သနည်း။" ထာဝရဘုရားသခင်အခွင့်နှင့် သေခြင်းမှရှင်ပြန်ထမြောက်တော်မူသော နာဇရက်မြို့သားယေရှုသခင်၏သနားခြင်းဂရုဏာကျေးဇူးတော်နာမအားဖြင့် သာသူ၏အနာရောဂါမှပျောက်ကင်းသွားရ၏။ "ထိုသခင်ကိုယုံကြည် ခြင်းအားဖြင့် ထိုသခင်၏နာမတော်သည် သင်တို့သိမြင်သော ဤသူ အားအစွမ်းကိုပေးတော်မူပြီ။ ထိုသခင်ကြောင့်ရသောယုံကြည်ခြင်းသည်သင်တို့မျက်မှောက်တွင် ဤသူ၌စေ့စုံခြင်းအခွင့်ကိုပေး၍ ရှိပြီ။"

တမန်တော်တို့သည် အသက်ပေးပိုင်ရှိင်သခင်ကိုငြင်းပယ်၍ လက်ဝါးကပ်တိုင်ပေါ်တင်သတ်သည့်ကြီးမားသောပြစ်မှုကို ဂျူးလူမျိုးတို့သည် ကျူးလွန်ခဲ့ကြောင်းကို ပီသရှင်းလင်းစွာမြွက်ဆိုခဲ့၏။ ဤသည်ကို ယုဒလူအကြီးအကဲတို့သည် စိတ်ဆိုးမာန်ဆိုးဖြစ်ခဲ့သော်လည်း ပရိသတ်ကိုထိန်းသည့်အနေဖြင့် ဘာမျှမလုပ်ခဲ့ပါ။ ဆက်လက်၍ ပေတရုကပဲ "သန့်ရှင်းဖြောင့်မတ်တော်မူသော သခင်ကို ငြင်းပယ်၍ လူအသက်ကိုသတ်ခြင်းအပြစ်ရှိသောသူတစ်ယောက်ကိုရမည့်အကြောင်းတောင်းပန်သဖြင့်အသက်ရှင်ခြင်းသို့ပို့ဆောင်တော်မူသော သခင်ကိုကွပ်မျက်ကြပြီတကား။ ထိုသခင်ကို ဘုရားသခင်သည်သေခြင်းမှ ထမြောက်စေတော်မူသည်ကို ငါတို့သည်သက်သေခံဖြစ်ကြ၏။" "ယခုလည်း ညီအစ်ကိုတို့၊ သင်တို့မှစ၍အစိုးရသောသူတို့သည် မသိဘဲလျက် ထိုသို့ပြုကြသည်ကိုငါသိ၏။ ခရစ်တော်သည် အသေခံရမည်ဟု ပုရော်ဖက်အပေါင်းတို့သည်ဟောပြော၍ ဘုရားသခင်ဖော်ပြတော်မူနှင့်သောအမှုကို ထိုသို့အားဖြင့်ပြီးစီးတော်မူပြီ။" သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အားနောင်တရစေ၍ စိတ်နှလုံးပြောင်းလဲခြင်းသို့ ရောက်စေကြောင်း၊ သူတို့လက်ဝါးကပ်တိုင်တင်ကွက်မျက်လိုက်သော ဘုရားသခင်၏သနားခြင်းဂရုဏာတော်မှတစ်ပါး ကယ်တင်ခြင်းအတွက် သူတို့တွင်မျှော်လင့်ချက်မရှိကြောင်းကို ပေတရုဟောကြားခဲ့လေ၏။ ထိုသခင်ကိုယုံကြည် လက်ခံခြင်းရှိမှသာလျှင် သူတို့၏အပြစ်များ ဖြေလွှတ်ကင်းရှင်းနိုင်မည်မဟုတ်ပါလော။

"ထို့ကြောင့် ထာဝရဘုရားသခင်ထံတော်မှ ချမ်းအေးသောအချိန်ကာလသည်ရောက်လာ၍ သင်တို့အဖို့အလို့ငှါ ခန့်ထားတော်မူနှင့်သောယေရှုခရစ်တော်ကိုစေလွှတ်တော်မူမည်အကြောင်း၊ သင်တို့အ ပြစ်များကိုပြေစေခြင်းငှါနောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့။"

"သင်တို့သည်ပုရောဖက်အမျိုးအနွယ်ဖြစ်ကြ၏။ ဘုရားသခင်သည် အာဗြဟံကို သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးကိုခံရကြလိမ့်မည်ဟုဖော်ပြတော်မူ၍ ငါတို့ဘိုးဘေးများတို့အား ပေးတော်မူသောပဋိညာဉ်တရားတော်နှင့် သင်တို့သည် ဆိုင်ကြ၏။ သင်တို့တွင် မိမိအပြစ်မကောင်းမှုတို့ကို ကြဉ်ရှောင်ဖယ်ရှား သောသူရှိသမျှတို့အား ကောင်းချီးကိုပေးစေခြင်းငှါ ဘုရားသခင်သည် မိမိသားတော်ယေရှုကို ထမြောက်စေတော်မူပြီးလျှင် သင်တို့ရှိရာသို့ဦးစွာစေလွှတ်တော်မူသည်ကို လူများတို့အား ပေတရုဟောပြော၏။"

ဤသို့လျှင်တပည့်တော်တို့သည် သခင်ခရစ်တော်သေခြင်းမှ ရှင်ပြန်ထမြောက်ပြီဖြစ်ကြောင်း သတင်းကောင်းကိုဟောပြောခဲ့၏။ ဤ သက်သေခံသတင်းစကားကိုကြားနာလိုသူအများရှိကြလေရာ ကြားသည်နှင့်ယုံကြည်လက်ခံကြ၏။ ခရစ်တော်သခင်သက်တော်မစွန့်မီက မိန့်မြွက်ခဲ့သောစကားကို ပြန်လည်ကြားယောင်မိသောအခါ ထိုသူတို့သည် သတင်းကောင်းကိုယုံကြည်လက်ခံ၍ သခင့်ဘက်တော်သားများ အဖြစ်ရပ်တည်ကြလေတော့၏။ ဤသည်ကား ကယ်တင်ပိုင်ရှင်သခင်၏ကြဲလိုက်သောမျိုးစေ့မှအညှောင့်ထွက်၍ အပင်ပေါက်ကာ အဆုံးတွင်အသီးဆောင်နေခြင်းပင်မဟုတ်လော။

"ထိုသို့တမန်တော်တို့သည် လူများတို့အားဟောပြောစဉ်တွင် ဗိမာန်တော်မှူးစသော ယဇ်ပုရောဟိတ်တို့နှင့် ဇဒ္ဒုကဲများတို့သည်လာကြသဖြင့် တမန်တော်တို့သည် လူများတို့အား ဆုံးမဩဝါဒပေး၍ ယေရှုကိုအကြောင်းပြု လျက်သေခြင်းမှထမြောက်ခြင်း တရားကိုဟောသောကြောင့် ထိုမင်းများတို့သည် စိတ်ပူပန်ခြင်းရှိသည်နှင့်၊"

အကြောင်းရှိပါသည်။ ခရစ်တော်သခင်ရှင်ပြန်ထမြောက်ပြီးသည်နောက် ယဇ်ပုရောဟိတ်တို့သည် မမှန်သတင်းကိုအရပ်လေးမျက်နှာနီးဝေးရပ်များဆီသို့ ပျံ့နှံ့စေ၏။ ရောမစစ်သူရဲများညဉ့်အခါ အိပ်မောကျ၍နေစဉ် ခရစ်တော်တပည့်တော်တို့သည် အလောင်းတော်ကို လာရောက်ခိုးထုတ်ကြသည်ဟူ၍ ယခုလိုတပည့်တော်ပေတရုနှင့်ယောဟန်တို့က ထိုသူတို့ကပ်တိုင်တင်သတ်လိုက်သောယေရှုခရစ်တော်သည် ရှင်ပြန်ထမြောက်ပြီအကြောင်း ဟောပြောသောအခါ သူတို့မကြိုက်၊ မနှစ်သက်ပါ။ အထူးသဖြင့် ဇဒ္ဒုကဲတို့စိတ်ဆိုးကြသည်။

သင်တို့နှစ်သက်၍ ဟောပြောသောရှင်ပြန်ထမြောက်ခြင်းမရှိ ဆိုသောသွန်သင်ချက်သည် အန္တရာယ်နှင့်ရင်ဆိုင်ရသလို၊ သူတို့၏ဂုဏ်သတင်းကောင်းများ ထိခိုက်နစ်နာရချေတော့မည်။

ယုံကြည်ခြင်းအသစ်ဆီသို့ ကူးပြောင်းကြသူများမနည်းတော့ပြီ။ မြန်ဆန်လှ၏။ ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့ ယခုတော့သင့်မြတ်လာ၍ ဤဆရာလက်သစ်များကို ဆီးတားနိုင်မှတော်ရော့မည်။ သို့မဟုတ်လျှင် ယေရှုသခင်မြေကြီးပေါ်တွင် ခရစ်ယာန်သာသနာပြုခဲ့စဉ်ကထက် တပည့်တော်တို့ကြောင့် ထိုသူတို့သည် ဩဇာလွှမ်းမိုးမှုသည် ပိုမို၍စိုးရိမ်ဖွယ်ဖြစ်လာတော့အံ့။ သူတို့စီစဉ်ထားသည့်အတိုင်း တမန်တော်တို့ကိုဖမ်းဆီးပြီးမှုညအချိန်ဖြစ်သောကြောင့် စစ်ဆေးခြင်းမပြုနိုင်ရကား နက်ဖြန်နေ့တိုင်အောင် နှောင်အိမ်၌ချုပ်ထားကြ၏။

တပည့်တော်တို့၏ရန်သူတို့ကား ခရစ်တော်သခင်သေခြင်းမှ ရှင်ပြန်ထမြောက်ပြီအကြောင်းကို ပိတ်ပင်တားဆီးဖို့ရန် မတတ်နိုင်တော့ပြီ။ အထောက်အထားမှာလည်း သံသယဖြစ်ဖွယ်မရှိ ရှင်းလင်းလှပါ၏။ သို့တိုင်အောင် ထိုသူတို့သည် စိတ်နှလုံးခိုင်မာနေကြဆဲ။ ယေရှုသခင်ကိုသူတို့သတ်သည်မဟုတ်ဟု သူတို့ပြောဆိုနေကြဆဲ။ အမှားကိုဝန်မခံ။ နောင်တရရန်ငြင်းဆန်ကြကုန်၏။ တပည့်တော်တို့၏ ဟောပြောသက်သေခံပုံတို့မှာလည်း ဘုရားသခင်ထံတော်မှ အခွင့်ရသူများကဲ့သို့ ပီပြင်ရှင်းလင်းစွာပြုမူပြောဆိုခြင်းသည် ကြွယ်လှသောအထောက်အထားပင်ဖြစ်သည်။ ဤသည်ကိုလည်း ယုဒလူမျိုးအကြီးအကဲတို့သည် အမှန်သတင်းကို ပြောင်တင်းစွာတားဆီးကြပါသည်။ တကယ်တော့လည်း ထိုသူတို့မျှော်လင့်ထားသည်ကတစ်မျိုး၊ ခရစ်တော်ယေရှုလူ့ဇာတိခံယူပုံကတစ်ဖုံ၊ မျှော်လင့်သလိုဖြစ်မလာ၍ ယေရှုသခင်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို ထိုသူတို့သိခွင့်ရခဲ့သည်တိုင်အောင် ထိုအမှန်တရားကိုဖုံးဖိ၍ ကိုယ်တော်ကိုကပ်တိုင်တင်သတ်ခဲ့ကြပါသည်။

ဤသည်ကို ထာဝရဘုရားသခင်သည် ခွင့်လွှတ်၍ ဘုရားသခင်ထံပြန်လှည့်လိုလှည့်ငြား နောက်တစ်ဖန်အခွင့်အရေးပေးပြန်၏။ တပည့်တော်တို့ကိုစေလွှတ်၍သူတို့သတ်သောသူသည် အသက်သခင်ခရစ်တော်ဖြစ်ကြောင်းကိုသိစေ၏။ နောင်တရကာ သခင့်ထံပြန်လာဖို့ တစ်ဖန်ဖိတ်ခေါ်ပြန်၏။ သို့တိုင်အောင် ယုဒလူမျိုးအကြီးအကဲဆရာသမားတို့သည်မိမိတို့ဖြောင့်မတ်ခြင်းကိုအားကိုး၍လုံလောက်ပြီဟု

ယူဆကာ သန့်ရှင်းသောဝိညာဉ်တော်၏ ညွှန်ကြားပြောဆိုချက်တို့ကို ငြင်းပယ်ခဲ့လေသည်။

ခရစ်တော်သခင်ကိုလုံးဝဆန့်ကျင်မည်ဟု သူတို့ဆုံးဖြတ်ထားလေပြီ။ ခရစ်တော်သခင်ကိုဆန့်ကျင်သည့်အချက်တိုင်းသည် ယဇ်ပုရောဟိတ်မင်းတို့အဖို့ စိတ်ထားတင်းမာမှုတို့ကိုသာတိုးပွါးစေသဖြင့် နောက်မဆုတ်တော့ပြီ။ မဆုတ်နိုင်၍တော့မဟုတ်။ မဆုတ်လို၍သာဖြစ်၏။ ဤပြစ်မှုကိုသူတို့ကျူးလွန်ခဲ့သဖြင့် သေစားသေစေအပြစ်ဒဏ်ကိုခံစားထိုက်ပေ၏။ ဘုရားသခင်၏သားတော်ကို ဤသို့သတ်လိုက်သဖြင့်လည်း သူတို့တတွေကယ်တင်ခြင်းနှင့် ဝေးကွာပြတ်တောက်ရကြ၏။ ထာဝရဘုရားသခင်ကိုဆန့်ကျင်ပုန်ကန်သောကြောင့်တည်း။ တရားအလင်းကိုလည်း မလျှော့သောဇွဲမာန်နှင့်ငြင်းဆန်၏။ ဝိညာဉ်တော်၏သွေးဆောင်မှုကိုလည်း စော်ကားခြင်းဖြစ်ပေသည်။ စကားတော်ကို နားမထောင်တတ်ခြင်းသည် ထိုသူတို့ကိုထိန်းချုပ်နေတော့၏။ ထာဝရဘုရားသခင်စေလွှတ်တော်မူသော သူတို့ကိုပင် စော်ကားရှုံ့ချဝံ့ကြပေ၏။ သို့ဖြစ်၍ ဘုရားသခင်၏တပည့်တော်များ ရှင်းလင်းပီပြင်စွာ သက်သေခံဟောပြောသောသတင်းမှန်ကို သူတို့ရွံမုန်းကြ၏။ နေ့တိုင်းအစဉ် နောင်တတရားရရန် ငြင်းဆန်နေသဖြင့်လည်း ဂျူးလူမျိုးအကြီးအကဲတို့သည် သစ်လွင်သောပုန်ကန်မှုကိုပုံမှန်ဖြစ်စေ၍နောက်ဆုံးတွင် မိမိတို့စိုက်သည့်အတိုင်း ရိတ်သိမ်းရပေတော့အံ့။

ထာဝရဘုရားသခင်၏အမျက်တော်သည် ပြစ်မှုကျူးလွန်၍ နောင်တမရသူအပြစ်သားသက်သက်ပေါ်သို့ ကြေညာနေခြင်းမဟုတ်ပါ။ နောင်တရရှိရန် ဖိတ်ခေါ်ခြင်းခံရပါလျက် ကိုယ်တော်နှင့်ငြိမ်းချမ်းရေးကို လက်သင့်မခံ၊ ဆက်လက်၍ဆန့်ကျင်ရန် ရွေးချယ်သူတို့အပေါ်သို့ သက်ရောက်မည်ကို ကြေညာနေခြင်းဖြစ်၏။ ကျူးလွန်ပြီးအပြစ်ကိုသိရှိသော်လည်း ဆက်လက်ကျူးလွန်နေဆဲသူသည် ပေးသနားတော်မူသောအလင်းကို ကလန်ကဆန်လုပ်နေခြင်းဖြစ်၏။ အကယ်၍သာလျှင် ယုဒလူမျိုးအကြီးအကဲတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ပြောင်းလဲစေနိုင်သော တန်ခိုးတော်လက်သို့ မိမိကိုယ်ကိုအပ်နှံထားကြပါမူ၊ သူတို့အပြစ်များလွှတ်ငြိမ်းချမ်းသာခွင့်ရကြပေလိမ့်မည်။ ယခုတော့ ထိုသို့မဟုတ်၊ အခိုင်အမာငြင်းဆန်ကြ၏။အလားတူအပြစ်နွံတွင်းမှာ ဆက်လက်ပျော်ပါးနေသူအပြစ်သားကို သန့်ရှင်းသောဝိညာဉ်တော်သည် မအုပ်စိုးနိုင်။

ခြေမစွမ်းသူကိုကျန်းမာစေပြီးသည့်နောက်တစ်နေ့တွင် မင်းအရာရှိ၊ လူအကြီးအကဲ၊ ခရစ်ယာန်ကျမ်းပြုဆရာတို့နှင့်ယဇ်ပုရောဟိတ် မင်းအန္နတ်၊ ကာယဖတ်မှစ၍ ဗိမာန်တော်တွင် ဂုဏ်အသရေရှိလူအပေါင်းတို့သည် တရားဆိုင်ရန်အတွက် စုဝေးကြ၏။ သူတို့ရှေ့မှောက်သို့လည်း အကျဉ်းသားများကိုခေါ်လာကြပါသည်။ တစ်ချိန်က ဤနေရာ၌ အချို့သောလူကြီးမင်းများရှေ့မှောက်တွင် တမန်တော်ပေတရုသည် မိမိ၏ဘုရားသခင်ကို ရှက်ကြောက်ဖွယ်ရာငြင်းပယ်ခဲ့ဖူး၏။ ယခုတွင် တစ်ဖန် မိမိကိုတရားစွဲရန်အတွက် ပေါ်လာရပြန်၏။ ဤတစ်ကြိမ်တွင်တော့ သူ၏ဖခင်ကသတ္တိနည်း၍ သူရဲဘောကြောင်ခဲ့သည်များကို ပြန်လည်ရွေးနုတ်ရန် သင်ပုန်းချေရန်အခွင့်သာလေပြီဟု မှတ်ယူမိလေသည်။

သူ၏သခင်ကို တရားရုံးတင်ခံခဲ့စဉ်က ပေတရု၏ပြုမူပြောဆိုပုံများကို သတိရသောဂုဏ်သရေရှိလူကြီးတစ်ချို့ကဝင့်ကြွားနေကြသည်။ အကြောင်းမူကား၊ ပေတရုကိုထောင်သွင်းအကျဉ်းချမည်၊ ပြီးလျှင် ထုတ်သတ်မည်ဟုခြောက်လှန့်ပြောဆိုကာ သူများစွာလန့်ဖျပ်သွားမည်ဟု လူကြီးမင်းတစ်ချို့ကမှတ်ထင်ကြပါသည်။ ယခင်ကာလ သခင်အလိုအပ်ဆုံးအချိန်၌ စိတ်ဆတ်၍ မိမိကိုယ်ကိုအပြည့်အဝယုံကြည်စိတ်ချထားသော ထိုပေတရုသည် မိမိသခင်ကို လှလှကြီးငြင်းပယ်ခဲ့သော်လည်း ယခုတော့သူသည် ထိုသို့မဟုတ်တော့ပြီ။ စန်ဟီဒရင်တရားရုံးတော်ရှေ့ဝယ်ထူးခြားလှပေ၏။ သူသည် အသက်တာပြောင်းလဲပြီးသည့် နောက်တွင် မာနထောင်လွှားဝါကြွားခြင်းမရှိတော့ပါ။ မိမိကိုယ်ကိုအထင်မကြီး၊ မယုံကြည်၍စိတ်မချတော့ပါ။ ယခုတော့ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝနေလေပြီ။ တန်ခိုးတော်ကြောင့် ဖောက်ပြန်မှောက်မှားခဲ့မိသောပြစ်စွန်းကွက်များကို လွင့်စဉ်ဖျောက် ဖျက်နိုင်လေပြီ။ တစ်ချိန်က နာမတော်မြတ်ကိုရှုတ်ချစော်ကားခဲ့သည်များကို ယခုတော့ ဂုဏ်ပြုပြဋ္ဌာန်းနိုင်လေပြီ။

ယဇ်ပုရောဟိတ်မင်းတို့သည် လက်ဝါးကပ်တိုင်တော်နှင့် သေခြင်းမှရှင်ပြန်ထမြောက်သောယေရှုသခင်အကြောင်းကို မပြောဆိုကြ။ ဝေးဝေးရှောင်ခဲ့ကြ၏။ ယခုတော့ သူတို့၏ရည်ရွယ်ချက်ပြည့်ဝရေးအတွက် သူတို့တရားစွဲဆိုထားသောသူတို့ကို မည်ကဲ့သို့၊ မည်သည့်တန်ခိုးဖြင့် မသန်စွမ်းသူကို လူကျန်းမာဖြစ်စေဘိသနည်းဟု မေးရပေတော့မည်။ “သင်တို့သည် အဘယ်သို့သောတန်ခိုး၊ အဘယ်သူ၏နာမအား ဖြင့် ဤအမှုကိုပြုသနည်းဟုမေးမြန်းကြ၏။”

ထိုအခါပေတရုသည် သန့်ရှင်းသောရဲရင့်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော် ပြည့်ဝလျက် "လူများကိုအစိုးရသောမင်းတို့နှင့် ဣသရေလအမျိုးအကြီးအကဲတို့၊ အင်္ဂါချို့တဲ့သောသူကိုကျေးဇူးပြု၍ သူသည် အနာရောဂါနှင့် အဘယ်သို့ကင်းလွတ်သနည်းဟု ငါတို့သည် ယနေ့အစစ်ခံရလျှင် သင်တို့သည် လက်ဝါးကပ်တိုင်မှာကွပ်မျက်၍ ဘုရားသခင်သည် သေခြင်းမှထမြောက်စေတော်မူသော နာဇရက်မြို့သားယေရှုခရစ်တော်၏နာမတော်အားဖြင့် ဤသူသည် သင်တို့မျက်မှောက်၌ ကျန်းမာလျက်ရှိသည်ကို သင်တို့မှစ၍ ဣသရေလလူအပေါင်းတို့သိမှတ်ကြလော့။ ထိုသခင်ကား၊ သင်တို့သည် တိုက်ကိုတည် လုပ်သောအခါပယ်ထား၍ နောက်တစ်ဖန်တိုက်ထောင့်အထွတ်ဖျားသို့ ရောက်ပြန်သောကျောက်ဖြစ်တော်မူ၏။ ထိုသခင်မှတစ်ပါး အဘယ် သူမျှကယ်တင်ခြင်းအမှုကိုမတတ်နိုင်။ ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင်မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အားမြွက်ဆို၏။"

ဤကဲ့သို့ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောကာကွယ်ထွက်ဆိုချက်သည် ယုဒလူမျိုးအကြီးအကဲတို့အား ကြောက်ခမန်းလိလိဖြစ်စေ၏။ သူတို့မျှော်လင့်ထင်မှတ်ထားသည်ကတော့ တပည့်တော်တို့သည် စန်ဟီဒရင်တရားရုံးတော်သို့ တင်ပို့ခံရလျှင် ကြောက်ရွံ့တုန်လှုပ်ကာ ခြေမကိုင်မိ၊ လက်မကိုင်မိရှုပ်ထွေးပွေလီသွားလိမ့်မည်။ အရေးနိမ့်မည်။ သို့သော်လည်း ထိုသို့မဖြစ်လာ။ ဤသက်သေခံသူတို့သည် ခရစ်တော် သခင်ကဲ့သို့ တည်ငြိမ်စွာတန်ခိုးပါလျက်ပြောဆိုကာ အပြစ်တင်သူတို့ကို တိတ်ဆိတ်စေပါသည်။ တမန်တော်ပေတရု၏သခင့်အတွက်ကြေညာ ချက်တွင်လည်း တုန်လှုပ်အက်ကွဲသံစိုးစဉ်းမျှမကြားရပါ။ "ထိုသခင်ကား၊ သင်တို့သည် တိုက်ကိုတည်လုပ်သောအခါပယ်ထား၍ နောက်တစ်ဖန်တိုက်ထောင့်အထွတ်ဖျားသို့ ရောက်ပြန်သောကျောက်ဖြစ်တော်မူ၏။"

ဤနေရာတွင် တမန်တော်ပေတရုသည် ယဇ်ပုရောဟိတ်မင်းများကို ပုံပြပြောဆိုသကဲ့သို့ပြော၏။ ပုရောဖက်များပြောခဲ့သော အ ပယ်ခံကျောက်သည် ခရစ်တော် သခင်ကိုယ်တော်တိုင်ဖြစ်လျက်၊ သခင်ကိုယ်တိုင်ယဇ်ပုရောဟိတ်မင်းများနှင့် ယုဒလူအကြီးအကဲတို့ကို ဤသို့ပြောဆိုခဲ့ဖူးပါ၏။ "ယေရှုကလည်း၊ တိုက်ကိုတည်လုပ်သောသူများ ပယ်ထားသောကျောက်သည် နောက်တစ်ဖန်

တိုက်ထောင့်အထွတ်ဖျားသို့ရောက်ပြန်၏။ ထိုအမှုသည် ထာဝရဘုရားသခင်ပြု သောအမှုဖြစ်၏။ ငါတို့မျက်မှောက်၌လည်း အံ့ဩဖွယ်ဖြစ်၏ဟူသောစကားကို ခရစ်ယာန်ကျမ်းစာ၌သင်တို့သည် တစ်ခါတစ်ရံမျှမဖတ်ဖူးပါသလော။ ထို့ကြောင့် ငါဆိုသည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို သင်တို့မှနုတ်၍ နိုင်ငံတော်၏အသီး ကိုသီးအံ့သော လူမျိုးအားပေးရလတ္တံ့။

အကြင်သူသည် ထိုကျောက်အပေါ် သို့ကျ၏။ ထိုသူသည် ကျိုးလတ္တံ့။ အကြင်သူ၏အပေါ်သို့ ထိုကျောက်သည်ကျ၏။ ထိုသူသည် ညက်ညက်ကြေလတ္တံ့ ဟု မိန့်တော်မူ၏။" (မဿဲ ၂၁း၄၂-၄၄)

ယဇ်ပုရောဟိတ်မင်းတို့သည်လည်း တမန်တော်တို့၏ ရဲရင့်ခြင်းသတ္တိကို မြင်၍ လူတတ်မဟုတ်၊ သူသာမညသာဖြစ်သည်ကိုသိမှတ်သဖြင့် အံ့ဩ၍နေကြ ၏။ "ထိုသူတို့သည်လည်းအထက်ကယေရှုနှင့်အတူရှိခဲ့သည်ကို သတိရ၏။"

တပည့်တော်တို့သည် ဘုန်းပွင့်တောင်ပေါ်မှာ "ထူးခြားသော အဆင်းအ ရောင်နှင့် ပြည့်စုံသည်ဖြစ်၍ မျက်နှာတော်သည် နေကဲ့သို့ ထွန်းတောက်လျက် အဝတ်တော်သည် အလင်းကဲ့သို့ဖြူလျက်ရှိ"သော ယေရှုခရစ်တော်၏အံ့ဖွယ်ဘုန်း တော်ကို မြင်တွေ့ခဲ့ရပြီးသည့်နောက် "သူတို့သည် ယေရှုတစ်ယောက်တည်းမှတစ် ပါး၊ အဘယ်သူကိုမျှမမြင်ကြ"(မဿဲ ၁၇း၈)တော့ပါ။ "ယေရှုတစ်ယောက်တည်း မှတစ်ပါး" ဆို သောစကားလုံးတို့က ရှေးဦးအသင်းတော်၏သမိုင်းကို မှတ်ကျောက် တင်ပါသည်။ ထိုမှတ်ကျောက်တင်ကမ္ပည်းစာလုံးတို့သည် လျှို့ဝှက်အသက်တာနှင့် တန်ခိုးအင်အားပင်ဖြစ်ချေတော့၏။

တပည့်တော်တို့ ခရစ်တော်သခင်၏ စကားလုံးတို့ကို ပထမဦးစွာကြားသိ ရသည့်နောက် ကိုယ်တော်သခင်ကို သူတို့လိုအပ်နေကြောင်း ခံစားသိမြင်မိပါ သည်။ ထို့ကြောင့် ကိုယ်တော်ကိုရှာ၍တွေ့သောအခါ နောက်တော်သို့ လိုက်ကြ၏။ ဗိမာန်တော်တွင်လည်းကောင်း၊ ပွဲတော်တည်သောအခါတွင်လည်းကောင်း တောင် ကမ်းပါးယံ၊ လယ်ကွင်းပြင်တို့တွင်လည်းကောင်း ထိုသခင်နှင့်အတူရှိကြပါ၏။

နိဿရည်းဆရာကြီးကိုဆည်းကပ်သောချစ်တပည့်တော်များကဲ့သို့ ဘုရားသခင်ထံတွင်နေ့တိုင်းအစဉ် ထာဝရတရားမှန်သင်ခန်းစာများကို ရယူကြ လေသည်။

ကယ်တင်ပိုင်သူ ထက်ကောင်းကင်သို့ကြွမြန်းပြီးသည့်နောက်တွင်လည်း ဘုရားသခင်၏ဘုန်းတော်သည် သူတို့အာရုံထဲစွဲကျန်ရစ်နေဆဲဖြစ်ပါသည်။ သူတို့တွင်ချစ်မေတ္တာနှင့်တရားအလင်းသည် ထင်ရှားနေ၏။ ယေရှုသခင်ကယ်တင်ပိုင်သူကား သူတို့နှင့်အတူမရှိ၊ ကောင်းကင်သို့တက်ကြွသွားလေပြီ။ သို့တစေလည်း သွားလာအတူ၊ ပြောဆိုစ ကားတောင်းဆုများသုံးနှစ်ခွဲအတူပြုခဲ့ကြသည်မို့ သခင်၌ မြော်လင့်ခြင်း၊ နှစ်သိမ့်မှုနှင့်ငြိမ်သက်ခြင်းသည် တပည့်တော်တို့၌ အစဉ်တည်လျက်ရှိနေ၏။ ကောင်းကင်တမန်များတို့၏ရထားတော်က သခင်ကိုခံယူသောအခါ "ငါသည်လည်းကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့် အတူအစဉ်မပြတ်ရှိသည်ဟုတပည့်တော်တို့အားမိန့်တော်မူ၏။"(မဿဲ ၂၈း၂၀)။ လူ့ဇာတိအသွင်အပြင်နှင့်သခင်သည် ကောင်းကင်သို့ကြွမြန်းသွားပါ၏။ သူတို့၏မိတ်ဆွေမွန်ကယ်တင်ပိုင်သူသည် ထာဝရဘုရားသခင်၏ပလ္လင်ရှေ့မှောက်တွင်ရှိသည်ဟု တပည့်တော်တို့သိကြ၏။ သခင်၏သနားခြင်းဂရုဏာတော်လည်း ပြောင်းလဲခြင်းမရှိသည်ကို သိ၏။ ရောဂါနှင့်ဖက်ယမ်းရသောလူသားဘဝ၏ရုပ်သွင်ကို သခင်သည် ထာဝစဉ်ပေါ်လွင်ထင်ရှားစေတော့မည်။ သခင်သည် ခြေတော်နှင့်လက်တော်များပေါ်တွင် ထာဝစဉ်ကျန်ရစ်နေမည့်အမာရွတ်များကို ထာဝရဘုရားသခင်ရှေ့မှောက်တွင်ဖော်ပြလျက် ကယ်တင်ရွေးနှုတ်ခြင်းအမှုသည် ပြီးမြောက်ခဲ့လေပြီ။ ဤမျှလောက်ကို ကယ်တင်ခြင်းစီမံ ကိန်းအတွက် အဖိုးအခပေးချေခဲ့ရလေပြီ။ ထာဝရသတိယဖို့ကျန်ရစ်နေမည့် အမာရွတ်များသခင်၌ရှိနေသည်။ ဤအတွေးက တပည့်တော်တို့အားခွန်အားကို ပြန်လည်ဆန်းသစ်စေ၏။ သခင့်အတွက်ဆိုလျှင် မည်မျှပင်ဆင်းရဲခြင်းကိုခံရအံ့၊ မည်မျှပင်ကဲ့ရဲ့ပြစ်တင်ခြင်းကိုခံရအံ့။ အကြောင်းမဟုတ်တော့ပြီ။ တပည့်တော်တို့သည် မိမိတို့၏သခင်နှင့် ဝိညာဉ်ရေးအရပေါင်းစည်းမှုကား ခန္ဓာကိုယ်နှင့်သခင်ရှိခဲ့စဉ်ကထက် ပိုမို၍အားကြီးလာ၏။ ခရစ်တော်သခင်စိတ်နှလုံးထဲတွင် တည်ရှိလျက်နေကြောင်း သခင်၏မေတ္တာတော်အလင်းတန်ခိုးက သူတို့တွင်ပေါ် လွင်နေ၏။ ထိုအရာကိုလူတို့တွေ့မြင်၍ အံ့ဩမိန်းမောရပါတော့သည်။

တပည့်တော်ပေတရု၏ကာကွယ်ပြောဆိုသော သက်သေခံစကားလုံးများကို ခရစ်တော်သခင်သည် မိမိ၏တံဆိပ်တုံးနှင့်ခတ်ထားလိုက်သဖြင့် တစ်ဖက်သူတို့ငြင်းခုံဖွယ်မရှိတော့ပြီ။ ခြေမစွမ်းသောသူ အံ့ဩဖွယ်ပကတိကျန်းမာသန်စွမ်း

လာ၍ တပည့်တော်နားရပ်နေသည် ကို မြင်တွေ့ရသဖြင့်လည်း ပေတရု၏ သက်သေခံစကားကို အလေးစီးစေ၏။ ယဇ်ပုရောဟိတ်မင်းများနှင့် ယုဒလူအကြီးအကဲတို့ တိတ်ဆိတ်နေကြလေပြီ။ ထိုသူတို့သည် ပေတရု၏စကားလုံးကို ပြန်လည်မချေပနိုင်သည်တိုင် သင်တို့ခရစ်ယာန်သာသနာခရီးမဆက်နိုင်အောင်တော့ တားမြစ်မည်ဟုဆုံးဖြတ်ကြလေ၏။

ဂူသချိုင်းတွင်းမှာလေးရက်တာမျှရှိပြီဖြစ်သောလာဇရုကို သေခြင်းမှထမြောက်ရှင်ပြန်စေသောခရစ်တော်သခင်၏အဓိကအံ့ဖွယ်အမှုကြီးသည် ယုဒလူအကြီးအကဲဗိမာန်တော်၏အသရေရှိလူကြီးမင်းများ၏သွန်သင်ချက်များနှင့်မညီညွတ်သဖြင့် သူတို့၏တန်ခိုးသြဇာကို ထိခိုက်နစ်နာစေပါသည်။ သို့ဖြစ်၍ ဘုရားသခင်ကို သူတို့လက်ဝါးကပ် တိုင်တင်သတ်ကြ၏။ သို့သော်လည်း ယခုတွင် ထိုသခင်၏နာမဖြင့် အံ့ဖွယ်အမှုပြုလုပ်ခြင်း၊ အမှန်တရားကိုပေါ်လွင်ထင်ရှားစွာ သွန်သင်ဟောပြောခြင်းတို့ကြောင့် ယေရုရှလင်တစ်မြို့လုံးသည် လှုပ်ရှားနိုးကြားလျက်ရှိနေပါ၏။

ထိုအခါ ယုဒလူမျိုးအကြီးအကဲအပေါင်းတို့သည် “တမန်တော်တို့ကို လွှတ်တော်မှထွက်သွားစေပြီးလျှင် ထိုသူတို့ကိုအဘယ်သို့ ပြုရမည်နည်း။ သူတို့သည် ထင်ရှားစွာသောအံ့ဖွယ်အမှုကိုပြုပြီးသည်ကို ယေရုရှလင်မြို့၌နေသောသူအပေါင်းတို့သည် သိမြင်ကြ၏။ ငါတို့သည်လည်း ငြင်းခုန်ခြင်းငှါ မတတ်နိုင်ပြီ။ သို့သော်လည်း လူများအထဲ၌သာ၍မပျံ့နှံ့စေခြင်းငှါ နောက်တစ်ဖန်ထိုနာမကိုအမှီပြုလျက် အဘယ်သူကိုမျှမဟောပြောနှင့်ဟူ၍ သူတို့ကိုကြပ်တည်းစွာ ခြိမ်းခြောက်ကြကုန်အံ့ဟု အချင်းချင်းတိုင်ပင်ပြီးမှ တမန်တော်တို့ကိုခေါ်၍ ယေရှု၏နာမကိုအမှီပြုလျက် ဟောပြောသွန်သင်ခြင်းကိုအလျှင်းမပြုနှင့်” ဟုအမိန့်ရှိကြ၏။

“ပေတရုနှင့်ယောဟန်တို့ကလည်း ဘုရားသခင်၏စကားတော်ကို နားထောင်သည်ထက် သင်တို့၏စကားကိုသာ၍ နားထောင်သော် ဘုရားသခင့်ရှေ့မှာကောင်းမည်မကောင်းမည်ကို ဆင်ခြင်၍စီ ရင်ကြလော့။ ငါတို့သည်ကြားလျက်၊ မြင်လျက်ရှိသောအရာတို့ကို မဟောမပြောဘဲမနေနိုင်ဟု ထိုသူတို့အား ဆိုကြ၏။”

တစ်ချို့သောယဇ်ပုရောဟိတ်မင်းတို့သည်လည်း မိမိတို့၏ဘာသာရေး သွန်သင်ချက်အရ သန့်ရှင်းသောတာဝန်ကို ဦးလည်မသုန်ထမ်းဆောင်ပါမည်ဟု ကျမ်းသစ္စာကျိန်ဆိုထားသည့်အတိုင်း ခရစ်တော်ယေရှု၏အမှုတော်မြတ်တွင် သစ္စာရှိခိုင်မာသော တမန်တော်တို့ကို ပြစ်ဒဏ်ပေးရန်ဆန္ဒရှိကြသော်လည်း "လူအပေါင်းတို့သည် ထိုအမှုကိုထောက်လျက် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းကြ" သဖြင့် လူထုကိုကြောက်ရွံ့၍ တပည့်တော်တို့ကိုတဖန်ခြိမ်းခြောက်ပြီးလျှင် လွှတ်ကြ၏။

ပေတရုနှင့်ယောဟန်တို့အကျဉ်းခံနေရစဉ်အခါ အပြင်မှာရှိနေသော တပည့်တော်တို့သည် ယုဒလူမျိုးတို့၏မုန်းတီးရွံရှာမှုကို သိသောကြောင့် ခရစ်တော်သခင်ကိုရက်စက်ခဲ့သလို မရက်စက်ရလေအောင် တမန်တော်တို့အတွက် ဆုတောင်းပေးကြပါသည်။ "တမန်တော်တို့သည် လွှတ်လာသောအခါ မိမိတို့အပေါင်းအသင်းရှိရာသို့သွား၍ မိမိတို့အားယဇ်ပုရောဟိတ်အကြီးတို့နှင့် လူအကြီးအကဲတို့ပြောဆိုသမျှကို ပြန်ကြားကြ၏။ ယုံကြည်သူတို့သည်ကြားရလျှင် ကြီးစွာသောဝမ်းမြောက်ခြင်းနှင့် "တစ်ညီတစ်ညွတ်တည်းဘုရားသခင့်ထံသို့ အသံကိုလွှင့်လျက် အစိုးရတော်မူသောသခင်၊ ကိုယ်တော်သည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာမှစ၍ ထိုအရပ်တို့၌ရှိသမျှတို့ကို ဖန်ဆင်းတော်မူသောဘုရားသခင်ဖြစ်တော်မူ၏။ ကိုယ်တော်ကလည်း လူမျိုးတို့သည် အဘယ်ကြောင့်ရုန်းရင်းခတ်ပြုကြသနည်း။ လူစုတို့ သည် အဘယ်ကြောင့်အချည်းနှီးကြံစည်ကြသနည်း။ လောကရှင်ဘုရင်တို့သည်ထကြ၍မှူးမတ်အရာရှိတို့လည်း ထာဝရဘုရားသခင်နှင့်ခရစ်တော်ကိုရန်ဘက်ပြုလျက် စည်းဝေး၏ဟု ကိုယ်တော်ကျွန်ဒါဝိတ်၏နှုတ်ဖြင့် ကြိုတင်ဖော်ပြထားတော်မူသည်နှင့်အညီ ဟေရုဒ်မင်း၊ ပုန္တိပိလတ်မင်းမှစ၍ ဣသရေလအမျိုးသား၊ တစ်ပါးအမျိုးသားတို့သည် ကိုယ်တော်၏အလိုရှိသည်အတိုင်း ရှေးမဆွက လက်တော်ဖြင့် ခွဲခန့်မှတ်သားတော်မူနှင့်သမျှတို့ကိုပြုခြင်းငှါ ဘိသိက်ပေးတော်မူသောသားတော်မြတ်ယေရှုကို ဤမြို့၌ရန်ဘက်ပြု၍ စည်းဝေးကြပြီ။ အမှန်ဖြစ်ပါ၏။"

အိုထာဝရဘုရားသခင်၊ ယခုအခါ ထိုသူတို့၏ခြိမ်းခြောက်ခြင်းကိုမှတ်တော်မူပါ။ အနာရောဂါငြိမ်းစေခြင်းငှါ လက်တော်ကိုဆန့်တော်မူ၍သန့်ရှင်းသောသားတော်ယေရှု၏နာမတော်အားဖြင့် ထူးဆန်းသောအမှု၊ အံ့ဖွယ်သောအမှုတို့ကို

ဖြစ်စေတော်မူစဉ်တွင် ကိုယ်တော်၏ကျွန်တို့သည် နှုတ်ထွက်တရားတော်ကို ရဲရင့်စွာဟောပြောပါမည် အကြောင်း ကယ်မသနားတော်မူပါဟုဆုတောင်းကြ၏။"

တပည့်တော်တို့သည် ခရစ်ယာန်သာသနာတော်အတွက် အင်နှင့်အားနှင့် တိုးပွါးလုပ်ဆောင်နိုင်ဖို့ရန် ဆုတောင်းကြပါ၏။ ဆန့်ကျင်မှုကိုတွေ့ဆုံရမည်ကား၊ မလွဲဧကန်တည်း။ တပည့်တော်တို့၏ တစ်စိတ်တစ်သဘောတည်းနှင့် ယုံကြည်စွာစုရုံးဆုတောင်းလိုက်ခြင်းကို ကောင်းကင်ဘုံမှအဖြေပေးပါသည်။ "သူတို့စုဝေးသောအရပ်သည်တုန်လှုပ်၍ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပြည့်သဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်ကို ရဲရင့်စွာ ဟောပြောကြ၏။" "သခင်ယေရှုထမြောက်တော်မူခြင်းအကြောင်းကို တမန်တော်တို့သည် ကြီးသောတန်ခိုးနှင့်သက်သေခံ၍ ထိုသူအပေါင်း တို့သည် ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြ၏။" ဤသို့ တပည့်တော်တို့ ခရစ်တော်၏နာမ၌ရဲရင့်စွာဟောပြော၍ "ဘုရားသခင်၏စကားတော်ကိုနားထောင်သည်ထက် သင်တို့၏စကားကိုသာ၍နားထောင်သော် ဘုရားသခင့်ရှေ့မှာ ကောင်းမည်မကောင်းမည်ကိုဆင်ခြင်၍ စီရင်ကြလော့"ဟု ကြေညာခဲ့ခြင်းအရာသည် အလယ်ခေတ်ကဘာ သာရေးပြန်လည်ပြုပြင်ပြောင်းလဲရေးကာလအတွင်း ရင်ဆိုင်ခဲ့ရသည်များနှင့်ဆင်တူပါ၏။

၁၅၂၉ခုနှစ်တွင် ဂျာမနီနိုင်ငံမင်းညီမင်းသားတို့သည် "ဒိုင်ယက်အော့ဖ်စပီးယား"တွင်စုဝေးလျက် ဘာသာရေး လွတ်လပ်ခွင့်ကိုတားမြစ်သည့်ဥပဒေပညတ်တစ်စုံကို တင်သွင်းညှိနှိုင်းကြပါ၏။ သွန်သင်ချက်အသစ်များ မပျံ့နှံ့သွားရန်တားမြစ်ခြင်းပေတည်း။ ဤသို့လျှင် ကမ္ဘာ့မျှော်လင့်ချက်ကြီး ညက်ညက်ကြေသွားရလေပြီဟု အောက်မေ့ရပါသည်။ မင်းညီမင်းသားများတို့သည် ထိုဥပဒေကိုလက်ခံကြပါမည်လော။ ဝမ်းမြောက်ဖွယ်သတင်းကောင်း အလင်းသည် လူမြောက်မြားစွာတို့အတွက် မှောင်ရိပ်တွင်ရှိနေဆဲဖြစ်ဦးမည်လော။ ကမ္ဘာက စိတ်ဝင်စားနေပါ၏။ ဘာသာရေးပြုပြင်ပြောင်းလဲရေးဝါဒီတို့စုဝေးကာ တစ်စိတ်တစ် သဘောတည်းဆုံးဖြတ်ခဲ့ကြပါ၏။ ဤဥပဒေကို ပယ်ဖျက်ကြပါစို့။ လူ၏အတွင်း စိတ်သဘောရေးရာများသဖြင့် အများစုပင်ဖြစ်လင့်ကစား ဩဇာတန်ခိုးမရှိပါ"ဟု ပြောင်ပြောင်တင်းတင်းကြေညာလိုက်ပါသည်။

ဤအခြေခံသဘောထားကို ယနေ့ခေတ်လူသားတို့သည်လည်း ခိုင်ခိုင်မာမာဆက်လက်ထိန်းသိမ်းသွားရပါမည်။ အမှန်တရားအောင်လံနှင့် ခိုင်ခိုင်မာမာဆက်လက်ထိန်းသိမ်းသွားရပါမည်။ အမှန်တရားအောင်လံနှင့် ဘာသာရေးလွတ်လပ်ခွင့်ကို ထာဝရဇဝံဂေလိအသင်းတော်ကအုတ်မြစ်ချခဲ့၏။ ရာစုနှစ်ပေါင်းများစွာ ထာဝရဘုရားသခင်၏သက်သေခံများကလည်း ဆက်လက်ထိန်းသိမ်းခဲ့ရာကျွန်ုပ်တို့၏ လက်ဝယ်ရောက်ရှိလာသည်ကို ရှုပ်ထွေးတိုက်လှန်မှုများမဖြစ်ပါစေနှင့်။

ဤတာဝန်ကြီးလည်း ထာဝရဘုရားသခင်၏နှုတ်တော်ထွက်စကားနှင့်အကျွမ်းဝင်သူတို့ထွသို့ ကောင်းချီးအဖြစ်သက်ရောက်နေပါသည်။ အကြွင်းမဲ့တန်ခိုးအာဏာအဖြစ် ထိုနှုတ်တော်ထွက်တရားတော်ကို လက်ခံရလိမ့်မည်။ လောကအစိုးရမင်းတို့သည် ကောင်းကင်ကခန့်ထားသူများဖြစ်ကြောင်း တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေပညတ်ကိုနားထောင်လိုက်လျှောက်ခြင်းသည် ပြည်သားတို့၏သန့်ရှင်းသောတာဝန်တစ်ခုဖြစ်ကြောင်း သိမှတ်နားလည်သွန်သင်ညွှန်ကြားရပါမည်။

သို့ရာတွင် လူတို့၏သွန်သင်ချက်ပညတ်ဥပဒေသည် ထာဝရဘုရားသခင် နှင့်ဆန့်ကျင်လာပါက လူ့စကားထက်ဘုရားသခင်၏စကားကို နားထောင်သင့်ပါ၏။ ထာဝရဘုရားသခင်၏အမိန့်တော်ကို လူသားတို့တီထွင်ကြံဆသောတရားဥပဒေသအပေါင်းတို့ထက် သာလွန်ကောင်းမြတ်ကြောင်းကိုတော့ အသိအမှတ်ပြုသင့်ပါသည်။ "ထာဝရဘုရားသခင်မိန့်တော်မူသည်ကား" ဟူသည်ကိုပယ်၍ "အသင်းတော်မိန့်တော်မူသည်ကား" (သို့မဟုတ်) "နိုင်ငံတော်မိန့်တော်မူသည်ကား" ဆိုသည်များကို အမွမ်းမတင်ရပါ။ ခရစ်တော်သခင်ပေးသော အသက်သရဖူကို မြေကြီးသားတန်ခိုးရှင်တို့၏ဦးရစ်သရဖူများထက် ချီးမြှောက်ရပါမည်။

ကျွန်ုပ်တို့သည် အာဏာစက်ကိုမဆန့်ကျင်ရပါ။ ကျွန်ုပ်တို့ပြောသောစကား၊ ရေးသောစာလုံးတို့ကို သေချာတိကျစွာဆင်ခြင်ရပါမည်။ သို့မှသာ ကျွန်ုပ်တို့သည် တရားဥပဒေနှင့်ပညတ်စည်းကမ်းချက်များကို ဆန့်ကျင်ဘက်ပြုသူရန်သူအသွင်မဆောင်ကြောင်းကို မှတ်တမ်းတင်နိုင်ပါလိမ့်မည်။ ကျွန်ုပ်တို့၏ခရစ်ယာန်သာသနာလမ်းခရီးမလိုအပ်ဘဲ မပိတ်ပင်မိစေရန်အတွက်

အပြောအဆို၊ အကျင့်အကြံ၊ အမူအရာတို့ကို ဆင်ခြင်ရပါမည်။ သခင်ခရစ်တော်နှင့်နာမတော်ဖြင့် ခရစ်ယာန်သာသနာခရီးဆက်လှမ်းသွားပါ။ ဤသို့ပြုလုပ်ဆောင်ရွက်ခြင်းကို လူသားတို့ပိတ်ပင်က တမန်တော်များပြောဆိုဘိသကဲ့သို့ "ဘုရားသခင်၏ စကားတော်ကိုနားထောင်သည်ထက် သင်တို့၏စကားကိုသာ၍ နားထောင်သော် ဘုရားသခင့်ရှေ့မှာ ကောင်းမည်မကောင်းမည်ကိုဆင်ခြင်၍စီရင်ကြလော့။ ငါတို့သည်ကြားလျက်၊ မြင်လျက်ရှိသောအရာ တို့ကို မဟောမပြောဘဲမနေနိုင်"ဟု ပြောဆိုဖို့ရန်သာရှိပါတော့သည် မဟုတ်လောမိတ်ဆွေ။

----o----

## အခန်း (၇)
## သူတော်ကောင်းဖြစ်ယောင်ဆောင်မှုကို ဆန့်ကျင်သောသတိပေးချက်

တပည့်တော်တို့သည် ယေရုရှလင်မြို့တွင်ဧဝံဂေလိသတင်းကောင်း၊ အမှန်တရားများကို ကြွေးကြော်ဟောပြောနေစဉ် ထာဝရဘုရားသခင်သည်လည်း သူတို့၏စကားကိုတည်စေသောကြောင့် ယုံကြည်၍ သင်း၀င်သူများတိုးပွါးများပြားလာ၏။ များစွာသောရှေးဦး ယုံကြည်သူတို့သည် စိတ်အားကြီးသောတယူသန်ဂျူးလူမျိုးတို့ကြောင့် မိသားစုစာရင်းမှလည်းကောင်း၊ မိတ်ဆွေစာရင်းမှလည်းကောင်း၊ ပယ်ရှားခြင်းကိုခံရကြ၏။ ထိုအခါ သူတို့အတွက် အစာနှင့်နေစရာစီမံပေးရန် လိုအပ်လာပါတော့သည်။

ခရစ်ယာန်ကျမ်းစာမှတ်တမ်းက ဤသို့ဆိုပါ၏။ “ထိုသူတို့တွင် ဆင်းရဲသောသူတစ်ယောက်မျှမရှိပါ။ အကြောင်းမူကား၊အိမ်၊ မြေကွက်ကိုပိုင်သောသူရှိသမျှတို့သည် ရောင်းပြီးလျှင် လူများဆင်းရဲသည်အတိုင်း အသီးအသီးတို့အားဝေငှပေးကမ်းကြ၏။”

ဤကဲ့သို့ ယုံကြည်သူတို့ရက်ရောစွာပေးကမ်းစွန့်ကြဲခြင်းအမှုသည် သန့်ရှင်းသောဝိညာဉ်တော်မိုးသက်ရောက်ခြင်း၏ရလဒ်ပင်ဖြစ်ပါသည်။ ဧဝံဂေလိတရားကိုလက်ခံပြောင်းလဲသူတို့သည် “စိတ်နှလုံးတညီတညွတ်တည်း ရှိကြပါ၏။”သူတို့အပေါင်း၏တစ်ခုတည်းသောစိတ်ဝင်စားမှုမှာ သူတို့ကိုပေးအပ်ထားသော ခရစ်ယာန်သာသနာပြုလုပ်ငန်းအောင်မြင်ရမည်။

သို့ဖြစ်၍ သူတို့၌တပ်မက်မှုသည် နေရာမရှိတော့ပါ။ ယုံကြည်သူညီအစ်ကိုအချင်းချင်းထားရှိသောချစ်ခြင်းမေတ္တာနှင့်တစ်ဦးကို တစ်ဦးထောက်ပံ့ကူညီလိုသောစိတ်သဘောသည်လည်း ငွေကိုတပ်မက်လိုချင်သောစိတ်ထက် ကြီးမားနေပါတော့သည်။ သူတို့၏လုပ်ဆောင်မှုများကလည်း လောကမြေကြီးချမ်းသာကြွယ်ဝမှုထက် အသက်ဝိညာဉ်သည်ပို၍တန်ဖိုးကြီးမားကြောင်း သက်သေခံနေပါတော့သည်။

ဤသို့လျှင် ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည် လူ၏အသက်တာကို ထိန်းချုပ်လိုက်သောအခါဖြစ်၏။ ခရစ်တော်သခင်ကို ချစ်ကျွမ်းဝင်ကြသူတိုင်း၊ ကျွန်ုပ်တို့ကြောင့် ဆင်းရဲခံရသောထိုသခင်၏ ခြေတော်ရာကိုလိုက်လျှောက်ကြပေလိမ့်မည်။ ကိုယ်တော်ဆင်းရဲခံရသဖြင့် ကျွန်ုပ်တို့ချမ်းသာရသည်မဟုတ်လော့။ ထာဝရဘုရားသခင်ထံတော်မှ လက်ဝယ်ရရှိထားသောငွေကြေး၊ ခနဉစ္စာ၊ အချိန်နှင့်ဩဇာလွှမ်းမိုးမှုရှိသမျှသောဆုကျေးဇူးအပေါင်းသည် ဧဝံဂေလိသာသနာတော်ပြန့်နှံ့ရေးအတွက် တန်ဖိုးထားအသုံးတော်ခံသွားရန်သာဖြစ်သည်မဟုတ်လော။ ရှေးဦးအသင်းတော်ကထိုသို့ဖြစ်ခဲ့၏။ ယနေ့အသင်းတော်သည်လည်း ဝိညာဉ်တန်ခိုးကိုခံစားရ၍ မြေကြီးပေါ်မှာရှိသောအရာတို့ကို စိတ်မစွဲလမ်း၊ လူသားအချင်းချင်း ဝမ်းမြောက်ဖွယ်သတင်းကို ကြားစေလိုသောစေတနာစိတ်နှင့် ပေးကမ်းအပ်နှံလျက် ခရစ်ယာန်သာသနာအမှုတော်မြတ်အမှန်သတင်းများကို ကြွေးကြော်ကြပါမူ ကြားရသူတို့အပေါ်ကြီးစွာသော တန်ခိုးဩဇာသက်ရောက်မည်ကား အလျှင်းဆိုဖွယ်မရှိပြီ။

သူ့အကျိုးကိုမျှော်၍ ကောင်းမှုပြုလိုသောသဘောထားနှင့် စင်းစင်းကြီးဆန့်ကျင်ပေါ်ထွက်လာသော ဥပမာတစ်ခုတော့ရှိပါသည်။ အာနနိနှင့်ရှဖိရေတို့အကြောင်းပါတည်း။ သူတို့ဇနီးမောင်နှံသည် ရှေးဦးအသင်းတော်ကို ရုပ်ဆိုးအကျည်းတန်စေ၏။ တမန်တော်များဟောပြောသောတရားတို့ကိုကြားနာကြရ၏။ ယုံကြည်သက်ဝင်ကြ၏။ တမန်တော်များနှင့်အတူ စိတ်အားထက်သန်စွာ ဆုတောင်းကြပါ၏။ "ငါတို့ဆုတောင်းပြီးမှ စုဝေးသောအရပ်သည် တုန်လှုပ်၍ ထိုသူအပေါင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်"ကြ၏။ ထိုသို့ ယုံကြည်ခံယူချက်ကြီးမားနက်ရှိုင်း၍ ထာဝရဘုရားသခင်၏ဝိညာဉ်တော်လွှမ်းမိုးညွှန်ကြားမှုအောက်ဝယ် မိမိတို့ကိုယ်ကိုမိမိတို့အပ်နှံကြ၏။ ထိုသူအပေါင်းတို့တွင် အာနနိနှင့်ရှဖိရေတို့ပါဝင်ကြလေသည်။ သူတို့ကပင် ဘုရားသခင်ကိုအမှုတော်မြတ်တိုးတက်ကြီးပွါးရေးအတွက် မိမိတို့ပိုင်မြေတစ်ကွက်ကိုရောင်း၍ ရသမျှအဖိုးငွေကိုပေးလှူပါမည်ဟု ကတိပြုသစ္စာဆိုကြ၏။

မြေတန်ဖိုးကား မနေ့တစ်မျိုး၊ ယနေ့တစ်ဖုံတိုး၍သာလေ၏။ ဈေးကောင်းရသဖြင့် လောဘတက်ကာ ငါတို့ဆန္ဒစောခဲ့လေပြီ။ ဆုံးဖြတ်ချက်ပြင်ရင်ကောင်းလိမ့်မည်ထင်တယ်ဟု ထင်မြင်ကြလေ၏။ လင်မယားနှစ်ယောက်

အပြန်အလှန်တိုင်ပင်ဆွေးနွေးပြောဆိုကြရာမှ နောက်ဆုံးတော့ပေးထားသောကတိသစ္စာအတိုင်း သစ္စာဝတ်ကိုမဖြေနိုင်ဘူးဟု ဆုံးဖြတ်ကြပါသည်။ ဤနည်းဖြင့် သူတို့တတွေသန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်နာစေခဲ့ကြသည်။ ယုံကြည်သူတို့ မိမိတို့ပိုင်ဥစ္စာပစ္စည်းများထုခွဲ၊ စိတ်ဖြာရောင်းချ၍ အဆင်းရဲခံသန့်ရှင်းသူတို့အား ပေးဝေစွန့်ကြဲသဖြင့် ယုံကြည်သူအပေါင်းတို့တွင် မျက်နှာရ၊ အလေးအမြတ်ပြုခံရသူများကို တွေ့မြင်ရသည်။ မိမိတို့လည်း ချီးမွမ်းဩဘာပေး ကျေးဇူးတင်ခံလိုကြသည်။ မျက်နှာသာရလိုကြပါသည်။ သို့သော် ယခုလို တစ်ကိုယ်ကောင်းစိတ်ဝင်လာ၍သစ္စာဖျက်သည်ကို တစ်ပါးသူတို့ ရိပ်မိသိရှိကရှက်ဖွယ်ကောင်းလှပေစွ။ ငြူစူစောင်းမြောင်းကြမည်ကား မလွဲဧကန်တည်း။ သို့ဖြစ်၍ ထိုလင်မယားနှစ်ယောက်သည် အေးအေးဆေးဆေးနှင့်ကောင်းစွာစဉ်းစားဆင်ခြင်ချင့်ချိန်၍ ရောင်းရသမျှအဖိုးကိုမပေး။ အများစုကိုကိုယ့်အဖို့ချန်၍အနည်းစုကို အသင်းတော်အတွင်း အထွေထွေသုံးစာရိတ်အတွက် ဘတ်ဂျက်ဖြည့်စွက်ပေးလိုက်လေသည်။ သစ္စာဆိုပြောတော့အဖိုးငွေအကုန်လုံး၊ ပေးတော့အနည်းစုတစ်စုသာ။ ဤသို့လျှင် ထိုလင်မယားတို့သည် အေး၊ အာနနိနှင့်ရှဖိရေတို့များ သိပ်စွန့်ကြဲကြတာဘဲဟု လူ၏အချီးအမွမ်းကိုခံလိုကြ၍ တစ်ဖက်မှာလည်း မိမိတို့ရှေ့ဆက်အသက်ရှင်နေထိုင်ရေးအတွက် မတောင့်မတ၊ မကြောင့်မကြကျက်သရေရှိရှိနေလိုကြသည်မှာ လူ့ဇာတိပကတိစိတ်သဘောပင်မဟုတ်ပါလား။

သို့သော် ထာဝရဘုရားသခင်သည် သူတော်ကောင်းယောင်ဆောင်ခြင်းနှင့် မှားယွင်းမှုတို့ကို ရွံရှာမုန်းတီး၏။ ထိုလင်မယားတို့သည်လည်း ထာဝရဘုရားသခင်ကိုလိမ်လည်၏။ သူတို့ကိုနောင်တရစေသောသန့်ရှင်းသောဝိညာဉ်တော်ကိုလည်း လိမ်လည်ပြောဆို၏။ ဤသို့လျှင် သူတို့၏အပြစ်အတွက် လျှင်မြန်ကြောက်လန့်ဖွယ်စီရင်ခြင်းကိုခံရလေသည်။ အာနနိသည် မိမိ၏တစ်ဖို့သောအလှူတော်ငွေကိုယူဆောင်လာသည်တွင် "ပေတရုကလည်း၊ အာနနိ၊ သင်သည် သန့်ရှင်းသောဝိညာဉ်တော်ကိုလှည့်စား၍ မြေကိုရောင်းသောအဖိုး၏တစ်ဖို့ကို ထိမ်ဝှက်မည်အကြောင်း၊ စာတန်သည် သင်၏စိတ်နှလုံးကို အဘယ်ကြောင့်ပြည့်စေရသနည်း။ ထိုမြေရှိစဉ်တွင် ကိုယ်ပိုင်သည်မဟုတ်လော။ ရောင်း၍ရသောအဖိုးသည် ကိုယ်ဥစ္စာဖြစ်သည်မဟုတ်လော။အဘယ်ကြောင့် ဤသို့ကြံစည်သနည်း။ လူကိုသာလိမ်လည်ပြောပြီမဟုတ်။ အဘယ်ကြောင့် ဤသို့ကြံစည်သနည်း။ လူကိုသာလိမ်လည်ပြောပြီမဟုတ်။ ဘုရားသခင်ကိုလည်း လိမ်လည်ပြောပြီဟု ပေတရုဆို၏။"

"ထိုစကားကိုကြားလျှင် အာနန္ဒာသည် လဲ၍သေ၏။ ထိုအကြောင်းအရာကို ကြားသောသူအပေါင်းတို့သည် အလွန်ကြောက် လန့်ခြင်းသို့ရောက်ကြ၏။"

"ထိုမြေရှိစဉ်တွင် ကိုယ်ပိုင်သည်မဟုတ်လော"ဟု ပေတရုမေးပါသည်။ အာနနိကိုအတင်းအကျပ်ဩဇာမိုး၍ ဘေးကျပ်၊ နံကျပ်ဖြစ်စေပြီးမှ အသင်းတော်၏ အထွေထွေကောင်းမှုပြုအကျိုးဆောင်ရန်အတွက် ပိုင်ဆိုင်မှုများကို စွန့်ကြဲပေးကမ်းးပါရန် ခိုင်းနေခြင်းမျိုးမဟုတ်ပါ။ သူ့ရွေးချယ်မှုနှင့်သူသာဖြစ်၏။ ဘုရားသခင့်တပည့်တော်များကို လိမ်ညာဖို့ကြိုးစားခြင်းသည် ထာဝရဘုရားသခင်ကို လိမ်လည်ပြောသည်နှင့် မခြားဖြစ်ခဲ့ရပါသည်။

"ထို့နောက် သုံးနာရီခန့်လောက်ကြာလျှင် သူ၏ခင်ပွန်းသည် ဖြစ်ခဲ့ပြီးသောအမှုအရာကို မသိဘဲဝင်လာ၏။ ပေတရုကလည်း ဤမျှလောက်နှင့် မြေကိုရောင်းသလော။ ငါ့အားပြောလော့ဟုမေးလျှင် ထိုမိန်းမကဟုတ်ပါ၏။ ဤမျှလောက်နှင့်ပင်ရောင်းပါသည်ဟုဆို၏။ ထာဝရဘုရားသခင်၏ဝိညာဉ်တော်ကိုစုံစမ်းမည်ဟုသဘောတူနှင့် အဘယ်ကြောင့်ကြံစည်ကြသနည်း။ ကြည့်ရှုလော့။ သင်၏ခင်ပွန်းကို သင်္ဂြိုဟ်သောသူတို့၏ခြေသည် တံခါးနားမှာရှိသည်ဖြစ်၍ သင့်ကိုလည်း ဆောင်သွားလေဦးမည်ဟုဆိုသောခဏချင်းတွင် ထိုမိန်းမသည် ပေတရု၏ခြေရင်း၌လဲ၍သေလေ၏။ လုလင်တို့သည်လည်းဝင်၍ ထိုမိန်းမသေသည်ကိုတွေ့လျှင်ဆောင်သွား၍ သူ၏ခင်ပွန်းအနားမှာ သင်္ဂြိုဟ်ကြ၏။ သင်းဝင်သူအပေါင်းမှစ၍ ထိုအကြောင်းအရာကိုကြားရသော သူအပေါင်းတို့သည် အလွန်ကြောက်လန့်ခြင်းသို့ရောက်ကြ၏။"

ထာဝရဘုရားသခင်သည် မိမိ၏အကန့်အသတ်မရှိ၊ ဉာဏ်ပညာနှင့် ကြည့်မြင်သောအခါ ဤသို့တည်း။ နုငယ်သေးသောအသင်းတော်ကို အကျင့်ပျက်ယွင်းခြင်းမှကာကွယ်သည့်အနေဖြင့် ဤကဲ့သို့သော ထာဝရဘုရားသခင်၏ အမျက်တော်ဖော်ပြချက်သည် လိုအပ်နေပါသည်။ သင်းဝင်သူတို့ကား တိုးပွားမြဲတိုးပွားနေ၏။ ဤသို့လျှင်မြန်စွာတိုးပွားနေချိန်တွင် အကယ်၍အမည်ခံဘုရားသခင်ကိုးကွယ်သူဘု ရားသခင်အမှုတော်ဆောင်တပည့်တော်များက ရုပ်ပစ္စည်းကိုသာဦးစားပေးတန်ဖိုးထား၊ အချိန်ကုန်နေစေက အသင်းတော်အတွက် အန္တရာယ်ကြီးမားပေသည်။ ဤစီရင်မှုကြီးက လူသည် ထာဝရဘုရားသခင်အား မလှည့်စားနိုင်ကြောင်းကို သက်သေခံနေ၏။     လူ့အတွင်းစိတ် သဏ္ဍာန်မည်သို့ရှိသည်ကို

ထာဝရဘုရားသခင်သိမြင်နေ၏။ ကိုယ်တော်သည် ပြက်ရယ်ပြောင်လှောင်မှုကို မခံပေ။ ဤအမှုအရာသည်အသင်းတော်သို့ သတိပေးနေခြင်းဖြစ်၏။ ရသင့်ရထိုက်သည်ဟုတောင်းဆိုခြင်း၊ သူတော်ကောင်းဖြစ်ဟန်ဆောင်မှုနှင့် ထာဝရဘုရားသခင်ကို လုယူခြင်းအမှုများသည် သတိပြုရှောင်ကြဥ်ရန်ဖြစ်ပါသည်တကား။

ဤဥပမာသည် ရှေးဦးအသင်းတော်အတွက်သာဖြစ်သည်မဟုတ်ပါ။ ခေတ်အဆက်ဆက်ရှိအသင်းတော်အတွက်လည်းဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် လောဘလွန်ကျူးတပ်မက်မှုမျိုး၊ လိမ်လည်မှုနှင့်သူတော်ကောင်းဖြစ်ယောင်ဆောင်မှုမျိုးတို့ကို ရွံရှာမုန်းတီးပါ၏။ အန္တရာယ်ရှိသည်ဟု သတိပေးနှိုးဆော်ခြင်းလည်းဖြစ်ပါသည်။ ပထမတွင် အာနနိနှင့်ရှဖိရေတို့၌ တပ်မက်မှုဝင်လာ၏။ ထို့နောက် မိမိတို့အတွက် ချန်ထားလိုစိတ်နှင့်ဘုရားသခင်ကို ကတိပေးထားသည့် အပိုင်းကိုမေ့ပျောက်ကာ အမှားအယွင်းနှင့်ယဉ်ပါးနေသော သူတော်ကောင်းအယောင်အဆောင်ဘဝသို့ဆင်းသက်ရလေသည်။

ထာဝရဘုရားသခင်သည် ဝမ်းမြောက်ဖွယ်သတင်းစကားကို ခရစ်ယာန်သာသနာပြုကြွေးကြော်ဖို့ရန် လူ့လုပ်အားနှင့်ပေးကမ်းစွန့်ကြဲလက်ဆောင်များကို မှီခိုပစ္စည်းများအဖြစ်ပြင်ဆင်ထားပါ၏။ အလိုအလျောက်ပေးလှူသောဥစ္စာများနှင့် ဆယ်ဖို့တစ်ဖို့သည် ထာဝရဘုရားသခင်၏အမှုတော်မြတ်တဲရာ ကျယ်ပြန့်ရေးအတွက် စည်းကမ်းချက်ထားပါသည်။ လူသားတို့အား ပေးအပ်ထားသဖြင့်လည်း အပ်ငွေပစ္စည်းဆယ်ပုံတစ်ပုံကို ထာဝရဘုရားသခင်တောင်းခံပါသည်။ ဤ ထက်မကပေးကမ်းစွန့်ကြဲလိုသော် မိမိသဘောသာဖြစ်၏။ သို့ရာတွင် သန့်ရှင်းသောဝိညာဉ်တော်၏ နှိုးဆော်မှုကိုခံရ၍ ဤမျှပေးမည်ဟု သစ္စာပြုကတိပေးဝန်ခံထားပြီးဟုဆိုက မိမိပြုထားသောသစ္စာဝတ်ကိုဖြေရပါမည်။ ထိုအရာသည် လူနှင့်မဆိုင်တော့ပါ။ လူကိုချုပ်ကိုင်ထား ပြီဟုမှတ်ယူရပါမည်။ လူသားအချင်းချင်းချုပ်ဆိုထားသော စာချုပ်ကိုပင်လျှင် လိုက်နာရပါက ထာဝရဘုရားသခင်နှင့် ချုပ်ဆိုထားသောကတိပြုချက်ကို အဘယ်ကြောင့်ပျက်ကွက်ရပါသနည်း။

ကောင်းကင်အလင်းသည် လူ့အတွင်းစိတ်တွင် ထွန်းလင်းလာသောအခါ အမြင်ကြည်၍ တန်ခိုးဝင်လာ၏။ တစ်ကိုယ်ကောင်း ဆန်ဆန်နေတတ်သော တစ်ကိုယ်ကောင်းစိတ်များလျော့ပါးလာ၍ ဘုရားသခင့်သာသနာအတွက် ဒီလိုလုပ်မည်၊ ဟိုလိုလုပ်မည်ဟုစီစဉ်သမှုများ ပြုတတ်လာ၏။ ဤသို့ ခရစ်တော်

သာသနာတော်ထွန်းပြောင်ရေးအတွက် လုပ်ဆောင်မည်ကို စာတန်သည် လုံးဝမကြိုက်မနှစ်သက်ပါ။ ဘုရားသခင့်နိုင်ငံတော် ဤကမ္ဘာမြေကြီးပေါ်တွင် ကျယ်ပြန့်မည့်အရေးကို စာတန်သည် လားလားမျှမတွေမြင်လိုပါ။ သို့ဖြစ်၍ ဤသို့မြင့်မြတ်ကတိပြုခြင်းကို ဖျက်သိမ်းရန်သွေးဆောင်၏။ အမှုတော်မြတ်အတွက် ဤမျှရက်ရောစွာစွန့်ကြဲပါသော် အိမ်တွင်းစီးပွါးရေးလုပ်ငန်း မလည်ပတ်နိုင်သဖြင့် မိသားစုဝင်များချို့တဲ့ကာ ဆင်းရဲရှာတော့မည်ပေါ့ဟူ၍ သွေးထိုး၏။ စာတန်သွေးထိုး၍ သွေးတိုးတက်ကာ များစွာသော ဘုရားသခင်တပည့်တော်တို့သည်လည်း ဘုရားသခင်ကိုမျက်ခြည်မပြတ်၍ ဝိညာဉ်သေရရှာ၏။

အမှန်အားဖြင့် ဥစ္စာပစ္စည်းဟူသည် ဘုရားသခင်ပေးမှုရ၏။ ဘုရားသခင့်သာသနာတိုးပွါးရေးအတွက်ပေတည်း။ ထာဝရဘုရားသခင်သည် မိုးကိုရွာစေ၏။ နေကိုလည်းသာစေ၏။ ထိုအခါ မြေကြီးရနံ့သင်းကာ သီးပင်၊ စားပင်များဝေဆာနေအောင် စိမ်းလန်းစိုပြေစေ၏။ လူကိုကျန်းမာခြင်းပေ၏။ ဥစ္စာစုစောင်းနိုင်ရန် စွမ်းအားသတ္တိကိုလည်း ပေးလေသည်။ ဆုကျေးဇူးအပေါင်းသည် ကိုယ်တော်ဘုရားသခင်၏ ကြွယ်ဝစုံလင်စေသောလက်တော်မှသက်ရောက်ရ၏။ သို့ဖြစ်၍ ထာဝရဘုရားသခင်သည် လူကိုကျေးဇူးသိတတ်စွာဖြင့်  ဘုရားသခင့်မေတ္တာကို တုံ့ပြန်စေလို၏။ ဆယ်ဖို့တစ်ဖို့နှင့်အလှူတော်ငွေများကို သစ္စာရှိရှိ၊ ကျေးဇူးသိတတ်သောသဘောဖြင့်  ပြန်လည်ပေးအပ်ရန်တောင်းဆို၏။  ကျေးဇူးတင်ခြင်းအလှူငွေ၊ ကြည်ညိုသောစေတနာစိတ်အလှူငွေ၊ ကမ္ဘာ့ခရစ်ယာန်သာသနာလုပ်ငန်းထောက်ပံ့ရန်အလှူငွေနှင့် အသင်းတော်ဘတ်ဂျက်ထောက်ပံ့ရန် အလှူငွေများဟူ၍ အသီးအသီးရှိကြလေရာ စေတနာစိတ်နှင့်လှူသောသူကို ဘုရားသခင်သည် နှစ်သက်တော်မူသောကြောင့် ကောင်းချီးမိုးအကုန်အစင်သွန်းလောင်းမည်၊ မသွန်းလောင်းမည်ကို ထိုသို့စုံစမ်းကြလော့။ ဘုရားသခင်စုံစမ်းခိုင်းသည်မဟုတ်လော။ သခင့်အမှုတော်မြတ်ကြီးတိုးချဲ့ပြန့်ပွါးနိုင်မည်ဖြစ်သလို ကျွန်ုပ်တို့သည်လည်း ကတိတော်နှင့်အညီ ဘက်စုံကျန်းမာချမ်းသာရပါလိမ့်မည်။

သို့သော်လည်း လူသားတို့၏နှလုံးသားသည် တစ်ကိုယ် ကောင်းစိတ်နှင့် မာကြောခက်ထန်လျက်နေ၏။ ထာဝရဘုရားသခင်၏ တောင်းဆိုချက်များကို ပြည့်စုံစေပါပြီဟု ဟန်ဆောင်ပြောဆိုပရိယာယ်ပြုလျှင် ကိုယ့်အဖို့ချန်ထားသည်ကား အာနနိနှင့်ရှဖိရေကဲ့သို့တည်း။    လူများစွာသည်  မိမိတို့၏အလိုရမ္မက်

ဖြည့်စွက်ရေးအတွက် ငွေကိုရေလိုသုံး၍ ဖြုန်းတီးနေကြသည်။ ဖို၊ မတို့သည်လည်း အပျော်အပါး လိုက်စား၍ လောကအရာသာခံစားလိုစိတ်နှင့် မိမိတို့ကိုယ်ကို လှည့်စားနေကြ၏။ ထာဝရဘုရားသခင်အဖို့မူကား၊ အလှူတော်ငွေကိုမပေးချင်ပေးချင်နှင့် တွန့်တိုကြကုန်၏။ တစ်နေ့တွင် ထာဝရဘုရားသခင်သည် သူတို့ကိုအပ်ပေးထားသောစည်းစိမ်ချမ်းသာကို ဘယ်ကဲ့သို့အသုံးပြုကြောင်း တိကျစွာစာရင်းတင်ပြရန် တောင်းဆိုပေလိမ့်မည်။ ဒါကို သူတို့မေ့သွားကြပြီလော။

ထိုအခါ ထာဝရဘုရား သခင်သည် အာနနိနှင့်ရှဖိရေတို့၏အလှူတော်ငွေကို လက်မခံဘိသကဲ့သို့ ထိုသူတို့ ဘဏ္ဍာတိုက်ထဲပေးအပ်လိုက်သောငွေကြေးကို ထာဝရဘုရားသခင်ငြင်းပယ်လိမ့်မည်။ ထိုလိမ်လည်ကျိန်ဆိုသူလင်မယားနှစ်ယောက်အား ထာဝရဘုရားသခင်သည် ပြတ်သားတင်းမာသောသဘောနှင့်တိုင်းတာကာ ပြစ်ဒဏ်ချလိုက်ခြင်းကိုထောက်၍ ဘုရားသခင်သည် သူတော်ကောင်းဖြစ်ယောင်ဆောင်သူနှင့် လှည့်စားတတ်ခြင်းသဘောကို ကြီးစွာစက်ဆုပ်ရွံရှာမုန်းတီးကြောင်း ကျွန်ုပ်တို့သင်ခန်းစာယူနိုင်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်ကိုလိမ်ညာသဖြင့်လည်း ယခုဘဝ၊ နောင်ဘဝနှင့်ဆိုင်သောအကျိုးတို့ကိုမရရှိနိုင်တော့ပါ။

ထာဝရဘုရားသခင်သည် သိသိနှင့်မှားယွင်းမှုမှန်သမျှကိုရှုတ်ချပါ၏။ လိမ်ညာတတ်သောနှုတ်ခမ်းကိုလည်း စက်ဆုပ်ရွံရှာပါ၏။ "ညစ်ညူးသောအရာ၊ စက်ဆုပ်ဖွယ်သောအရာ၊ သစ္စာပျက်သောအရာတစ်စုံတစ်ခုမျှ သန့်ရှင်းသော ဘုရားသခင်၏မြို့တော်သို့မဝင်ရ"ဟုကြေညာထားပါသည်။ (Rev. 21;27) ။ အပြောတစ်မျိုး၊ အလုပ်တစ်ခြားမဖြစ်ပါစေနှင့်။ ထိုသို့သောသဘောသည် ဟန်ဆောင်မှုနှင့်ယှဉ်သောကိုယ်ကျိုးစိတ်သ ဘောသာဖြစ်၍ ယုံကြည်ခြင်းတရားကို လက်လွတ်ဆုံးရှုံးစေပါသည်။ "သစ္စာတည်းဟူသောခါးပန်းကိုစည်းလျက်" ယုံကြည်ခြင်း၌ခိုင်ခံ့ခြင်းရှိကြလော့။ (ဧဖက် ၆း၁၄)။ အမှန်စကားမပြောသောသူသည် မိမိကိုယ်ကိုဈေးပေါပေါနှင့် ရောင်းချခြင်းသာဖြစ်၏။ "မုသာမပါ၊ လက်ာမချော"ဟူသောဆိုစကားရှိသဖြင့် အရေးကြီး၍လိမ်ညာရသည်။ ဤသို့ဖြင့် မြွေလိုလိမ္မာ၍ အဆိပ်ပြင်းပါက စီးပွါးရေးလောကတွင် အမြတ်မရှိဆုတ်နစ်ကျဆင်းဖို့ရန်သာရှိတော့သည်ဟုဆိုလျှင် သင်သည်လည်း နောက်ဆုံးတစ်နေ့တွင် အဘယ်သူမျှ သင့်ကိုယုံကြည်စိတ်ချထား၍မရသောအခြေအနေတွင် သင်ရောက်ရှိသွားပေ

လိမ့်မည်။ ကိုယ်ကိုတိုင်က လူလိမ်လူညာဖြစ်သဖြင့် တစ်ပါးသူကိုလည်း ယုံကြည်စိတ်ချထားနိုင်မည့် မြင့်မြတ်နှလုံးသားကိုယ်မှာရှိမည်မဟုတ်တော့ပါ။

အာနနီနှင့်ရှဖိရေတို့၏အမှုမှာ ထာဝရဘုရားသခင်အား အရေခြုံက လိမ်ကျခြင်းအပြစ်ကို သူတို့မနေ့အမြန်ခံခဲ့ရ၏။ အလားတူစွာသောအပြစ်ကို ထပ်ခါတလဲလဲကျူးလွန်ကြသည်မှာ အသင်းတော်သမိုင်းတစ်လျှောက်ပင်ဖြစ်၏။ ယခုခေတ်တွင်လည်း ယုံကြည်သူများစွာက ကျူးလွန်နေကြပါသည်။ တမန်တော်များခေတ်ကလို ထာဝရဘုရားသခင်သည် စိတ်တော်နှင့်မတွေ့၍ ချက်ခြင်းပြစ်ဒဏ်ပေးခဲ့သည်မျိုး မဟုတ်သော်လည်း ထိုခေတ်အချိန်အခါက မနှစ်မြို့စက်ဆုပ်ရွံရှာခဲ့သည်မှာ ယခုလည်း ထိုအတိုင်းပင်ဖြစ်ပါသည်။ သတိတော့အမြဲပေးနေပါသည်။ ဤအပြစ်မျိုးကို ထာဝရဘုရားသခင်စက်ဆုပ်ရွံရှာတော်မူ၏။ အကြင်သူသည် မိမိကိုယ်ကိုလှည့်ဖြား၍ သူတော်ကောင်းဖြစ် ယောင်ဆောင်ကာ တပ်မက်မှုကိုမချုပ်တည်းဘဲနေအံ့၊ ထိုသူ၏အသက်ဝိညာဉ်သည် သေမင်းနိုင်ငံအပယ်ငရဲသို့ ဆင်းသက်ပျက်စီးဖို့ရန် သေချာနေသည်မဟုတ်ပါလော။

----o----

## အခန်း (၈)
## စန်ဟီဒရင်တရားရုံးတော်ရှေ့ဝယ်
(တမန်တော် ၅း၁၂-၄၂ ကိုအခြေပြုထားပါသည်)

လက်ဝါးကပ်တိုင်သည် ရှက်ကြောက်ရွံ့ရှာဖွယ်ဖြစ်၍ အယုတ်ညံ့ဆုံးနိပ်စက်ညှင်းဆဲမှုပြုပြီးမှ လူကိုသေစေသောလူသတ်ပစ္စည်းတစ်ခုဖြစ်ပါ၏။ ထိုကပ်တိုင်တော်က ကမ္ဘာလောကသားတစ်နွယ်လုံးကို ကယ်တင်ခြင်းနှင့် မျှော်လင့်ခြင်းကို ပေးပါသည်။ တပည့်တော်တို့သည် စိတ်နှလုံးနှိမ့်ချသူများဖြစ်၍ ထာဝရဘုရားသခင်၏နှုတ်တော်ထွက် မြွက်ဆိုချက်လက်နက်မှတစ်ပါး ကြွယ်ဝချမ်းသာသူများ မဟုတ်ကြပါ။ သို့သော်လည်း ခရစ်တော်သခင်၏တန်ခိုးတော်ဖြင့် နေရာအနှံ့ ရှေ့သို့သာခရီးဆက်၍ နွားစာခွက်မွေးယာနှင့် လက်ဝါးကပ်တိုင်တော် အံ့ဖွယ်ပုံပြင်တို့ကို ဟောပြောကြကုန်၏။ ရင်ဆိုင်ရသမျှဆန့်ကျင်မှု အဖုံဖုံကိုလည်း ကျော်လွှားအောင်မြင်ခဲ့ကြပါ၏။ ထိုသူတို့၌ လောကပညာ၊ ဂုဏ်ပကာသနဟူသည်မရှိ။ ယုံကြည်ခြင်းသူရဲကောင်းများသာ ဖြစ်ချေ၏။ သူတို့၏နှုတ်ခမ်းမှထွက်ပေါ်လာသော ဘုရားသခင်ပေးတရားစကားအလင်္ကာတို့သည်လည်း ကမ္ဘာကြီးကို သိမ့်သိမ့်တုန်ခါစေခဲ့ပြီမဟုတ်လော။

ယေရုရှလင်မြို့တော်တွင်ကား အရေးပါသောလူတစ်စု၏ ဘက်လိုက်မှု တစ်ဖက်သတ်စကားသည် နေရာအနှံ့ကြားနေရ၏။ ခရစ်တော်ယေရှုသည် ကြီးလေးသောပြစ်မှုပြုကျင့်၍ အပြစ်သားအဖြစ် လက်ဝါးကပ်တိုင်ပေါ်တွင် တင်သတ်ရခြင်းဖြစ်ကြောင်းသတင်းသည် ရှုပ်ထွေးနေတော့၏။ ဤတစ်ဖက်သတ်စကားငဲ့ကွက်မှုကို တပည့်တော်တို့သည် တည်ငြိမ်ရဲရင့်စွာဖြင့် အသက်ဝင်သောစကားလုံးများနှင့် ယုဒလူတို့ရှေ့မှာ ဟောပြောသက်သေခံကြလေသည်။ ခရစ်တော်သခင်၏အမှုတော်ဆောင်ရွက်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့တက်ကြွသွားခြင်းတို့ကို တစ်မြို့လုံးက ကြားသိကြလေပြီ။ ယဇ်ပုရောဟိတ်ကြီးများတို့နှင့် ယုဒလူအကြီးအကဲတို့သည်လည်း ရှင်းလင်းပြတ်သားစွာကြားသိကြရသည်။ ကယ်တင်ပိုင်သူထမြောက်ပြီဆိုသောတန်ခိုးသည်

တပည့်တော်တို့အပေါ်သို့ကျ ရောက်လျက် ခရစ်ယာန်သာသနာပြုရာ၌လည်း အံ့ဖွယ်အမှုများလိုက်ပါလာသဖြင့် ယုံကြည်သူတို့နေ့တိုင်းအစဉ် တိုးပွါးလျက်သာ နေ၏။ တပည့်တော်တို့ဖြတ်ကျော်သွားရမည့်လမ်းများတစ်လျှောက် လူနာတို့ လဲလျောင်းလျက်စောင့်နေကြပါသည်။ "ပေတရုသည် လမ်း၌လျှောက်သွားစဉ် အနာစွဲသောသူတို့တွင် တစ်ယောက်ကိုတစ်ယောက် သူ၏အရိပ်လွှမ်းမိုးစေခြင်းငှါ လူနာတို့ကိုလမ်းနားသို့ထုတ်၍ မွေ့ယာပေါ်မှာထားကြ၏။" နတ်စိုးစွဲသောသူများ၊ နတ်ပူးသူများကိုလည်းခေါ် ဆောင်လာကြရာ လူအုပ်ကြီးသည် အုတ်အုတ်ကျက်ကျက်ဖြစ်လျက် အနာရောဂါပျောက်ကင်းသူတို့သည် ဘုရားသခင်၏နာမတော်ကို ချီးမွမ်းကြွေးကြော်ကာနေကြလေ၏။

လူထုကြီးသည် ခရစ်တော်သခင်ကို သူတို့ထက်ချီးမြှောက်သြဘာပေးကြသည်ကို ယဇ်ပုရောဟိတ်မင်းများနှင့် ယုဒလူအကြီးအကဲတို့ကြားမြင်ကြရသောအခါ စိတ်မကျေမနပ်ဖြစ်ကြ၏။ ဇဒ္ဒုကဲတို့က ရှင်ပြန်ထမြောက်ခြင်းမရှိဟု သွန်သက်ဟောပြောကြ၏။ ယခုတော့ တမန်တော်တို့က ယေရှုခရစ်တော်သခင်သည် သေခြင်းမှရှင်ပြန်ထ မြောက်ကာ ကောင်းကင်သို့မိုးတိမ်စီးလျက် ကြွမြန်းတော်မူခဲ့လေပြီ။ သူ့ကိုယုံကြည်ကြပါလော့ဟု သခင်၏နာမမြတ်ကိုချီးမြှောက်ကာ လိုအပ်သလို၊ ယုံကြည်သည်အတိုင်း အံ့ဖွယ်အမှုကိုဖြစ်စေလျက် ခရစ်ယာန်သာသနာကိုပြုသည်တွင် သူတို့၏ရှင်ပြန်ထမြောက်ခြင်းမရှိဟူသောသွန်သင်ချက်သည် တိမ်ကောပပျောက်သဖြင့် ဇဒ္ဒုကဲတို့၏ဘာသာယုံကြည်ကိုးကွယ်မှု ဤမြေကြီးပေါ်တွင် ပပျောက်သွားမည်ကို စိုးရိမ်ကြ၏။ ဖာရိရှဲတို့သည်လည်း တမန်တော်တို့၏ ယဇ်ပူဇော်ခြင်း အမှုနှင့်ပါတ်သက်သောဝိနည်းအထုံးအဖွဲ့ ပညတ်တရားတို့မလိုအပ်တော့ဟု သွန်သင်ဟောပြောကြပြန်သဖြင့် စိတ်ဆိုးမာန်ဆိုးဖြစ်ကုန်၏။

ယခုတိုင်အောင် တမန်တော်တို့၏ ယုံကြည်မှုအသစ်သွန်သင်ချက်များကို ဖာရိရှဲ၊ ဇဒ္ဒုကဲတို့မတားဆီးနိုင်ကြသေး။ သူတို့၏သခင်ယေရှုကို ကပ်တိုင်ပေါ်တင်သတ်ခြင်းအပြစ်ပေါ်မည်ကိုလည်း စိုးရိမ်ကြသဖြင့် တမန်တော်များကို ရပ်တန်းကရပ်ရမည်ဟု အမိန့်ထုတ်ရန်ဆုံးဖြတ်ကြပါသည်။ ဤသို့လျှင် ကြီးစွာသောအမျက်ဒေါသနှင့် တမန်တော်ပေတရုနှင့်ယောဟန်တို့ကို ထောင်သွင်းအကျဉ်းချထားကြပါတော့သည်။

ယုဒလူမျိုးတာဝန်ရှိခေါင်းဆောင်တို့သည် ထာဝရဘုရားသခင်၏အလိုတော်ကို ပြည့်စုံဖို့ရန်မဆောင်ရွက်၊ ဘေးထွက်ကာ ခေါင်းရှောင်နေကြသဖြင့် ဘုရားသခင်ခန့်အပ်ထားသော အမှန်တရားထိန်းအမှုတော်ဆောင်များအဖြစ် ရပ်ဆိုင်းခံခဲ့ရပါသည်။ သစ္စာမရှိသောကြောင့် ခရစ်တော်သခင်အမှုတော်မြတ်ကြီးသည် တစ်ပါးသူတို့လက် သို့ရောက်သွားရခြင်းပေတည်း။ ယခုတော့ ထိုသူတို့သည် မျက်စိမရှိသောသူကဲ့သို့ စမ်းသပ်ရကြ၏။ ညအချိန်၌ဖြစ်သကဲ့သို့ မွန်းတည့်အချိန်၌ထိမိ၍လဲကြ၏။ စည်းစိမ်ကိုခံစားလျက် သေသောသူကဲ့သို့ဖြစ်ကြ၏။ ကယ်တင်ခြင်းကျေးဇူးကိုမျှော်လင့်သော်လည်း သူတို့နှင့်ဝေးလှ၏။ သူတို့သည် ခရစ်ယာန်ကျမ်းစာအနက်ကို နားမလည်မှောက်လှန်ကြ၏။ ထိုကြောင့်ပင်မဟုတ်လော။ ဆင်ခြင်တုံတရားကင်းမဲ့နေသူများကဲ့သို့ အပြစ်မဲ့၊ ပညာနည်း၊ ဘုရားသခင့်တပည့်တော်တံငါသည်များတို့၏ ရိုးစင်းသောကြားရမြင်ရ ကိုယ်တွေ့ဗဟုသုတသက်သေခံပြော ကြားချက်များကို ပိတ်ပင်လျက် မသိဟန်ဆောင်ပြုခဲ့ကြ၏။ တမန်တော်တို့၏သွန်သင်ချက်များကိုနှိပ်ကွပ်၍ လူကိုလည်း ထောင်ကျအကျဉ်းသားဘဝသို့ သက်ရောက်စေ၏။

ဤကဲ့သို့ပြုကျင့်ခံရသည်ကို တမန်တော်တို့ကလည်း စိုးစဉ်းမျှမကြောက်၊ သန့်ရှင်းသောဝိညာဉ်တော်က ခရစ်တော်သခင်ပြောခဲ့သောစကားကို သူတို့အားပြန်လည်သတိရစေ၏။ "ကျွန်သည် မိမိသခင်ထက်သာ၍ ကြီးမြတ်သည်မဟုတ်ဟုငါပြောခဲ့ပြီးသောစကားကို အောက်မေ့ကြလော့။ သူတို့သည် ငါ့ကိုညှင်းဆဲလျှင် သင်တို့ကို ညှင်းဆဲကြလိမ့်မည်။ ငါ့စကားကိုနားထောင်လျှင် သင်တို့၏စကားကိုနားထောင်ကြလိမ့်မည်။ ထိုသူတို့သည် ငါ့ကိုစေလွှတ်တော်မူသောသူကို မသိသည်ဖြစ်၍ ငါ၏နာမကြောင့် သင်တို့အား ထိုအမှုရှိသမျှတို့ကိုပြုကြလိမ့်မည်။" "လောကသားတို့သည် သင်တို့ကိုတရားဇရပ်မှ နှင်ထုတ်လိမ့်မည်။ သင်တို့ကိုသတ်သောသူမည်သည်ကား၊ ဘုရားသခင့်ဝတ်ကိုငါပြုပြီဟု မိမိထင်မှတ်သောအချိန်ကာလရောက်လိမ့်မည်။" "ထိုအချိန်ကာလရောက်သောအခါ ငါသည်အထက်က ဤသို့ပြောပြီး သည်ကို သင်တို့အောက်မေ့စေခြင်းငှါ ယခုပင် ငါဟောပြော၏။" (ယောဟန် ၁၅း၂၀၊၂၁။ ၁၆း၂၄)။

စကြဝဠာကိုအုပ်စိုးသောအရှင်ကောင်းကင်ဘုရားသခင်သည် တပည့်တော်တို့၏ ထောင်ဒဏ်ကျခံခြင်းအမှုကို မိမိကိုယ်တော်တိုင်က စီရင်တော်မူ၏။ "ညဉ့်အခါ ထာဝရဘုရားသခင်၏ ကောင်းကင်တမန်သည် ထောင်တံခါးကိုဖွင့်ပြီးလျှင် ထိုသူတို့ကိုနုတ်၍ သင်တို့သွားကြလော့။ ဗိမာန်တော်၌ရပ်၍ အသက်ရှင်ခြင်းတရားစကားအလုံးစုံကို လူများတို့အား ဟောပြောကြလော့ဟု မှာထား၏။" ဤအမိန့်သည် ယုဒလူမျိုးအကြီးအကဲတို့၏ ထုတ်ပြန်သောဥပဒေပညတ်နှင့် လုံးဝဆန့်ကျင်နေ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် တရားသူကြီးနှင့်တွေ့ဆုံညှိနှိုင်းခွင့်ပန်ပြီးကာမှ လုပ်နိုင်မည်ဟု တမန်တော်များက မပြောကြပါ။ "သွားလော့"ဟုဆိုလျှင်ဆိုချင်း၊ "ထိုစကားကိုကြားလျှင် နံနက်စောစော ဗိမာန်တော်သို့ဝင်၍ ဆုံးမသြဝါဒပေးကြ၏။"

တမန်တော်ပေတရုနှင့်ယောဟန်တို့သည် ကြံ့ခိုင်ခက်ထန်သောအကျဉ်းထောင်အစောင့်စစ်သူရဲတို့၏လက်မှ ကောင်းကင်တမန်သည် သူတို့အား ဘယ်ပုံဘယ်နည်းကယ်နုတ်ခဲ့ကြောင်း၊ ကြားဖြတ်နှောင့်ယှက်မှုကြောင့် ခေတ္တရပ်ဆိုင်းခဲ့ရသောအမှုတော်မြတ်ကြီးကို ပြန်လည်ပေးအပ်လုပ်ဆောင်စေကြောင်းတို့ကို ယုံကြည်သူတို့အားကြားပြောသောအခါ အံ့သြဝမ်းမြောက်ကြရပါ၏။

ထိုအခါ "ယဇ်ပုရောဟိတ်မင်းနှင့်သူ၏ အပေါင်းအဖော်တို့သည်လာကြသဖြင့် လွှတ်အရာရှိမှစ၍ ဣသရေလလူတို့တွင် အသက်ကြီးသူအပေါင်းတို့ကိုစုဝေးစေပြီးမှ တမန်တော်တို့ကိုခေါ်စေခြင်းငှါ လုလင်တို့ကိုထောင်သို့စေလွှတ်ကြ၏။" အမှန်အားဖြင့် ထိုသူတို့ကို ပုန်ကန်သောင်းကျန်းသူများအဖြစ် တရားစွဲရန်လည်းကောင်း၊ အာနနိနှင့်ရှဖိရေလင်မယားနှစ်ယောက်ကို သတ်သောသူများ၊ ယဇ်ပုရောဟိတ်တို့၏ သြဇာတန်ခိုးကျဆင်းပျောက်ကွယ်စေလိုသည့်သဘောနှင့် အကြံတူမကောင်း ကြံစည်ကြသူများအဖြစ် စွပ်စွဲထားပြီဖြစ်သည်။

ဤသို့လျှင် ယေရှုသခင် ကိုစီရင်နိုင်ခဲ့သလို သူတို့ကိုလည်း လူထုကြီးကစီရင်ကြပေလိမ့်မည်ဟု တွက်ဆထားကြလေသည်။ လူထုကြီးသည်လည်း ယုဒလူမျိုးအကြီးအကဲတို့၏ ထင်ရာမြင်ရာနှင့် အာဏာအလွဲသုံးစားပြုအုပ်ချုပ်နေခြင်းကိုငြီးငွေ့ပြီဖြစ်၍ အပြောင်းအလဲကို မျှော်လင့်တောင့်တကြကုန်၏။ လူထုကြီးက တမန်တော်များကြွေးကြော်ဟောပြောသောအမှန်တရားကို ကျေနပ်သဖြင့် ယေရှုသခင်ကိုမေရှိယအနေဖြင့် မှတ်ယူယုံကြည်ကြပါသော်

လူထုတစ်ရပ်လုံးက ဂျူးဘာသာရေးခေါင်းဆောင်များအား ယေရှုသခင်ကို သတ်သူလူသတ်သမားများဟု မှတ်ယူကြပေလိမ့်မည်။ဤသည်ကို လုံးဝကာကွယ်ထားရန် သူတို့ဆုံးဖြတ်ကြလေပြီ။

"တမန်တော်တို့ကိုခေါ် စေခြင်းငှါ လုလင်တို့ကို ထောင်သို့စေလွှတ်ကြ၏။ မင်းလုလင်တို့သည်ထောင်သို့ရောက်လျှင် တမန်တော်တို့ကိုထောင်ထဲမှာမတွေ့သည်ရှိသော်ပြန်ကြ၍ ထောင်တံခါးလည်းအထူးသဖြင့်လုံခြုံစွာပိတ်လျက် ထောင်ကိုစောင့်သောသူတို့လည်း တံခါးပြင်မှာရပ်လျက်နေကြသည်ကို အကျွန်ုပ်တို့သည်တွေ့ပါ၏။ ဖွင့်ပြီးမှအထဲ၌အဘယ်သူကိုမျှမတွေ့ပါဟုကြားလျှောက်ကြ၏။"

မကြာပါ။ သတင်းတစ်ခုရောက်လာပါသည်။ "ထောင်ထဲမှာ လှောင်ထားသောသူတို့သည် ဗိမာန်တော်၌ရပ်လျက် လူများတို့အား ဆုံးမဩဝါဒပေးကြပါသည်ဟု လျှောက်လေ၏။ ထိုအခါ ဗိမာန်တော်မှူးသည် မင်းလုလင်တို့နှင့်အတူသွားပြန်လျှင် မိမိလူတို့ကို လူများတို့သည် ကျောက်ခဲနှင့်ပစ်မည်ကိုစိုးရိမ်သောကြောင့် တမန်တော်တို့ကို အနိုင်အထက်မပြုဘဲခေါ် ဆောင်လေ၏။"

တမန်တော်တို့သည် အံ့ဩဖွယ်ရာအကျဉ်းထောင်မှ ကယ်နုတ်ခြင်းကိုခံခဲ့ရပါသော်လည်း စစ်ဆေးခြင်းနှင့် အပြစ်ဒဏ်ခံရခြင်းကိုတော့ မလွန်ဆန်နိုင်ခဲ့ပါ။ ထိုအခါ သခင်ခရစ်တော်၏မှာထားချက်ကို သူတို့သတိရမိပါသည်။ "သင်တို့သည်ကိုယ်ကိုကိုယ်သတိပြုကြလော့။ အကြောင်းမူကား၊ သင်တို့ကို လွှတ်ရုံးသို့အပ်နှံကြလိမ့်မည်။" (မာကု ၁၃း၉)။ ထာဝရဘုရားသခင်သည် မိမိ၏ကောင်းကင်တမန်ကိုစေလွှတ်၍ သူတို့အားအကျဉ်းထောင်မှကယ်နုတ်ခဲ့သည်မကဘဲ ထာဝရဘုရားသခင်၏မေတ္တာတော်နှင့်ဝိညာဉ်တော်၏မိတ်သဟာယဖွဲ့အတူရှိနေကြောင်းအာမခံချက်သည် စရန်အဖြစ်ထင်ရှားနေပါ၏။ သည်တော့လည်း သူတို့ဟောပြောသောဧဝံဂေလိတရားရှင်အတွက် အခက်အခဲတွေရင်ဆိုင်ရပါသော်လည်းတည်ငြိမ်မှုတော့ရှိပါသည်။

ပုရောဖက်များနှင့်တမန်တော်များသမိုင်းတွင် ထာဝရဘုရားသခင်၌ သစ္စာရှိမြင့်မြတ်ဂုဏ်ယူဖွယ်ဥပမာများစွာရှိပါသည်။ ခရစ်တော်သခင်၏သက်သေခံတို့သည် ထာဝရဘုရားသခင်၏ ပညတ်တော်များကိုချိုးဖောက်မှောက်လှန်ဖို့ထက် ထောင်ကျအကျဉ်းသားဘဝနှင့် နှိပ်စက်ကလူပြုခံရကာသေသော်လည်း

မြွတ်၏ဆိုသည့်ခံယူချက်တော့ရှိကြသည်။ ဇဝံဂေလိသမိုင်းတစ်လျှောက် ပေတရုနှင့်ယောဟန်တို့၏ ရဲစွမ်းသတ္တိရှိပုံမှတ်တမ်းကား ကျန်ရစ်နေ၏။ ဒုတိယအကြိမ်သေမင်းနှင့်တရားဆိုင်ရသောအချိန်တွင်လည်း စိုးစဉ်းမျှမကြောက်။ တုံ့ဆိုင်းခြင်းလည်းမရှိ။ သူတို့ဘယ်လိုလူတွေလဲဆိုသည်ကို သူတို့၏သဘောထား၊ ပြောစကားများအားဖြင့် ခွဲခြမ်းစိတ်ဖြာသိနားလည်နိုင်ပါ၏။ ယဇ်ပုရောဟိတ်မင်းက "ထိုနာမကိုအမှီပြု၍မဆုံးမ၊ မသွန်သင်မည်အကြောင်း ငါတို့သည် သင်တို့အားကျပ်တည်းစွာ စီရင်မှာထားသည်မဟုတ်လော။ ယခုကြည့်ကြ။ ယေရုရှလင်မြို့ကို သင်တို့အယူဝါဒနှင့်ပြည့်စေသည်ဖြစ်၍ ငါတို့အပေါ်သို့ထိုသူ၏အသွေးကို ရောက်စေခြင်းငှါ သင်တို့ကြံစည်ပါသည်တကားဟုမေးမြန်းပြောဆိုကြသော အခါ၌လည်း ပေတရုနှင့်အခြားသောတမန်တော်တို့က လူ၏စကားထက် ဘုရားသခင်၏စကားတော်ကိုနားထောင်သင့်ပါ၏" ဟုဖြေဆိုကြပါသည်။ သူတို့ကို အကျဉ်းထောင်မှထုတ်ဆောင်ကယ်နုတ်သော ကောင်းကင်တမန်က ဗိမာန်တော်သို့သွားရောက်ဟောပြော သွန်သင်ပါရန်စေခိုင်းခဲ့ပါ၏။ ဘုရားသခင်၏မိန့်တော်မူချက်ကို နားထောင်သည့်အရာ၌ အသက်ပင်ပေးဆပ်ရပါလေစေ၊ ရှေ့သို့သာခရီးဆက် ခရစ်ယာန်သာသနာပြုမည်ကား တမန်တော်တို့၏ စိတ်ဓါတ်ဖြစ်ချေ၏တကား။

ထိုနောက်မှ တပည့်တော်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်မှုတ်သွင်းတော်မူသောအခါ တရားစွဲဆိုခံရသူတို့က တရားလိုများဖြစ်လာကြသည်။ ကောင်စီအစည်းအဝေးတရားခွင်ကို ဖန်တီးကြသူ များသာလျှင်ယေရှုခရစ်တော်ကို ကပ်တိုင်တင်သတ်သူများဖြစ် ကြောင်းစွဲချက်တင်တော့၏။ "သင်တို့သည် သစ်တိုင်၌ဆွဲ၍ ကွပ်မျက်သောယေရှု ငါတို့ဘိုးဘေးများ၏များ၏ဘုရားသခင်သည် ထမြောက်စေတော်မူပြီ။ ဣသရေလလူတို့အား နောင်တတရားနှင့်အပြစ် လွှတ်ခြင်းအခွင့်ကိုပေးစေခြင်းငှါ ထိုသူကို အစိုးရသောသခင်အရာ၌လည်းကောင်း၊ ကယ်တင်သောသခင်အရာ၌လည်းကောင်း ဘုရားသခင်ခန့်ထား၍ မိမိလက်ယာလက်တော်နှင့်ချီးမြှင့်တော်မူပြီ။ ထိုအကြောင်းအရာတို့သည်အမှန်ဖြစ်ကြောင်းကို ငါတို့သည်သက်သေခံဖြစ်ကြ၏။ ဘုရားသခင်၏စကားတော်ကိုနားထောင်သောသူတို့အား ပေးသနားတော်မူသောသန့်ရှင်းသောဝိညာဉ်တော်သည်လည်းသက်သေခံဖြစ်တော်မူသည်ဟုပြောဆိုကြ၏။"

“ထိုစကားကိုကြားလျှင် ထိုသူတို့၏နှလုံးသည် ကွဲပြတ်မတတ်ဖြစ်၍ တမန်တော်တို့ကိုကွပ်မျက်ခြင်းငှါ အချင်းချင်းတိုင်ပင်ပြောဆိုကြ၏။” သူတို့သာလျှင် တရားဥပဒေပုဒ်မရေးဆွဲကြသူများပမာ တရားရုံးဆက်တင်ရန်လည်းမလိုတော့၊ ရောမအရာရှိမင်းများတို့၏ အာဏာ စက်ညွှန်ကြားမှုကိုလည်းမစောင့်ဆိုင်းတော့၊ သူတို့ကိုသတ်ရမည်ဟူ၍သာ စိတ်နှလုံးခိုင်မာလျက်နေတော့၏။ ခရစ်တော်သခင်၏သွေးတော်နှင့်ပြစ်မှုထင်ရှားနေပြီးဖြစ်သော ထိုသူတို့က ထိုသခင်၏တပည့်တော်များကိုလည်းသတ်သဖြင့် ဆက်လက်၍ သွေးစွန်းသောလက်များ ပိုင်ရှင်ဖြစ်လိုကြပါသေး၏တကား။

သို့သော် ကောင်စီအစည်းအဝေးတွင် ထာဝရဘုရားသခင်၏ အသံတော်ကိုမှတ်မိသောလူတစ်ယောက်ရှိ၏။ ထိုသူကား လူအပေါင်းတို့၏အရိုအသေပြုခြင်းကိုခံရသူ၊ ဂါပလေျလအမည်ရှိသောနိသရည်းဆရာ၊ ဖါရိရှဲတစ်ယောက်ဖြစ်၏။ ပညာရှိတွေးကြည့်လျှင် ပြေးကြည့်သည်ထက်ပို၍သေချာ၏ဆိုသကဲ့သို့ ဤလိုဒေါသမျိုးနှင့် ကြမ်းတမ်းမှုခြေလှမ်းကိုမတားက ကြောက်မက်ဖွယ်သောအမှုကြီးကိုရလဒ်အဖြစ်ခံ ရပေတော့မည်။ သို့ဖြစ်၍ သူသည် လွှတ်တော်ပေါ်၌ထ၍ တမန်တော်တို့ကိုပြင်သို့ခဏထွက်စေပြီးလျှင် ကောင်းစွာစဉ်းစားဆင်ခြင်တိုင်းထွာ၍ တည်ငြိမ်သောလေသံဖြင့် “ဣသရေလလူတို့၊ ဤသူတို့အား အဘယ်သို့ပြုမည်အရာကို သတိနှင့်ဆင်ခြင်ကြလော့။ အကြောင်းမူကား အထက်ကယုဒအမည်ရှိသောသူတစ်ယောက်သည်ထသဖြင့် ငါသည် လူသာမညမဟုတ်ဟုဆိုသည်ဖြစ်၍ သူ၌လူလေးရာမျှလောက်ဆည်းကပ်ကြ၏။ ထိုသူသည် ပျက်စီးခြင်းသို့ရောက်၍ သူ့ကိုယုံကြည်သမျှသောသူတို့သည် ကွဲပြားပျောက်ပျက်ကြ၏။ ထိုသူနောက်ငွေတော်ခွဲစဉ်ကာလ ယုဒအမည်ရှိသောဂါလိလဲလူတစ်ယောက်သည်လည်းထ၍ မိမိနောက်သို့လူများကိုသွေးဆောင်လေ၏။ ထိုသူသည်လည်းပျက်စီးခြင်းသို့ရောက်၍ သူ့ကိုယုံကြည်သမျှသောသူတို့သည် ပျောက်လွင့်ကြ၏။ ယခုလည်း ထိုသူတို့ကိုရှောင်ရှား၍ အလိုအလျောက်ရှိကြပါစေဟုငါဆို၏။ ဤအကြံဤအမှုသည် လူ၏အကြံလူ၏အမှုဖြစ်လျှင်ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ ဘုရားသခင်၏အကြံအမှုဖြစ်လျှင် သင်တို့သည် မဖျက်ဆီးနိုင်ကြ။ သင်တို့သည် ဘုရားသခင်၏အာဏာတော်ကိုဆန်သောသူမဖြစ်မည်အကြောင်း သတိပြုကြလော့ဟုပြောဆို၏။”

ယဇ်ပုရောဟိတ်တို့သည်လည်း အကျိုးအကြောင်းဆက်စပ်၍ ညီညွတ်သောထို အမြင်ကိုဝန်ခံသဖြင့် ဂါမလျေလနှင့် သဘောတူကြပါ၏။ သို့တိုင်အောင်လည်း သူတို့၏တစ်ဖက်သတ်အမြင်နှင့်ရွံရှာမုန်းတီးမှုကိုတော့ လွယ်လွယ်နဲ့မချေဖျက်၊ မပျောက်ပျက်စေနိုင်ကြပါ။ ယဇ်ပုရောဟိတ်မင်းကြီးက ဤသို့ဖျောင်းဖျသဖြင့် သဘောတူရသည်။ သိပ်တော့စိတ်မပါလှ။

တမန်တော်တို့ကို ပညာပေးရိုက်နက်ပြီးသော် ယေရှု၏နာမဖြင့်နောက် နောင်ဘယ်သောအခါမျှ မဟောပြောရ။ ဟောပြောသော်အသက်အန္တရာယ်ရှိ သည်ဟုခြိမ်းခြောက်ကာ လွှတ်လိုက်လေသည်။ "တမန်တော်တို့သည်လည်း သခင် ယေရှု၏နာမတော်ကြောင့် မိမိတို့သည် အရှက်ကွဲခြင်းကိုခံထိုက်ကြသည်ဟု မှတ် တော်မူသောကြောင့် ဝမ်းမြောက်သောစိတ်ရှိ၍ လွှတ်တော်မှထွက်သွားကြ၏။ ဗိမာန်တော်၌လည်းကောင်း၊ အိမ်၌လည်းကောင်း နေ့ တိုင်းအစဉ်ဆုံးမသွန်သင် လျက် ယေရှုသည် ခရစ်တော်ဖြစ်၏ဟူ၍ဧဝံဂေလိတရားကိုမပြတ်ဟောပြောလျက် နေကြ၏။ "

ယေရှုခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ အသေမခံမီအချိန်လေး တွင် ချစ်တပည့်တော်များအား သေတမ်းစာတစ်ခုကဲ့သို့ အမိန့်တော်စကားရှိခဲ့ ပါ၏။ "ငြိမ်သက်ခြင်းကို သင်တို့၌ငါထားခဲ့၏။ ငါ၏ ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကသားတို့ပေးသကဲ့ သို့ငါပေးသည်မဟုတ်။ သင်တို့စိတ်နှလုံးပူ ပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်။" (ယောဟန် ၁၄း၂၇)။ ကိုယ်တော်ပေး သောငြိမ်သက်ခြင်းကား လောကပေးသောငြိမ်သက်ခြင်းနှင့်မတူပါ။ တူအောင်လုပ် လည်း နှိုင်းမမှီပါ။ ခရစ်တော်သခင်သည် အပြစ်နှင့်ရောနှောလုံးထွေးနေသော ငြိမ်သက်ခြင်းမျိုးကို ဘယ်သောအခါမျှမပေးပါ။ အပြင်ပန်းသဏ္ဍာန်ထက် အတွင်း သဏ္ဍာန်ငြိမ်သက်ခြင်းကိုဖြစ်စေ၏။ ထိုကြောင့်ပင်မဟုတ်လော။ တမန်တော်များ၊ သက်သေခံများအမှုတော်မြတ်ကြောင့် တိုက်ခိုက်ညှင်းပန်းမှုအခက်အခဲမျိုး စုံနှင့်ကြုံတွေ့ရပါသော်လည်း သီချင်းတစ်ပုဒ်တော့သီဆိုနိုင်ကြပါသေးသည်။

ခရစ်တော်သခင်ပြောခဲ့လေပြီ။ "မြေပေါ် သို့ငြိမ်သက်ခြင်းကို စေလွှတ်အံ့ သောငှါ ငါလာသည်ဟုမထင်ကြနှင့်။ ငြိမ်သက်ခြင်းကိုစေလွှတ်အံ့သောငှါ ငါလာသည်မဟုတ်။ ဓါးကိုစေလွှတ်အံ့သောငှါ ငါလာသတည်း။"မှန်ပါသည်။

ငြိမ်သက်ခြင်းအရှင်သခင်က ကွဲပြားခြားနားမှုကိုတော့ဖြစ်စေပါ၏။ ထိုသခင်သည် ဝမ်းမြောက်ဖွယ်သတင်းကို ကြွေးကြော်လျက် လူတို့ကိုမျှော်လင့်ခြင်းနှင့်ဝမ်းမြောက်ခြင်းကိုဖြစ်စေ၏။ သို့တစေလည်း ဤလောကတွင် အကောင်းနှင့်အဆိုးတိုက်လှန်ပွဲကြီးရှိနေသမျှ လူနှလုံးသားအိမ်သည် ကောင်းရာကိုရွေးချယ်အပ်၏။ သခင်သိ၍နောက်လိုက်တပည့်တော်တို့အား သတိပေးသည်။ "သင်တို့သည် လောက၌ဆင်းရဲခြင်းကိုခံရကြလိမ့်မည်။" "ငါ၏နာမကြောင့် သင်တို့ကိုဖမ်းဆီးညှင်းဆဲ၍တရားဇရပ်၌လည်းကောင်း၊ ထောင်ထဲ၌လည်းကောင်း အပ်နှံကြလိမ့်မည်။ ရှင်ဘုရင်၊ဝန်မင်းထံသို့ပို့ဆောင်ကြလိမ့်မည်။" "သင်တို့မိဘ၊ ညီအစ်ကို၊ ပေါက်ဘော်၊ အဆွေခင်ပွန်းတို့သည် သင်တို့ကိုအပ်နှံကြလိမ့်မည်။ အချို့တို့ကိုလည်းသတ်ကြလိမ့်မည်။" (ယောဟန် ၁၆း၃၃။ လုကာ ၁၂း၁၂၊ ၁၆)။

ဤပုရောဖက်စကားသည် ကွက်ကျားမိုးလိုပြည့်စုံပြီးသောနေရာတို့တွင် ပြည့်စုံခဲ့လေပြီ။ တစ်ချို့နေရာမျိုးတွင်လည်း မပြည့်စုံသေးပါက ပြည့်စုံရန် စောင့်ကြိုနိုင်ကြလေသည်။ စာတန်သည် လူ့စိတ်နှလုံးအိမ်တွင် အကြံဉာဏ်နီ၊ ဉာဏ်နက်များတို့ဖြင့် အကွက်ဆင်တိုက်တွန်းသွေးဆောင်နိုင်သမျှနှင့် အားမနာစတမ်းသူကောင်းကိုရှုတ်ချမည်။ ကြမ်းတမ်းစွာပြစ်တင်ကဲ့ရဲ့မည်၊ ရက်စက်မည်၊ ငရဲလားဖော်ငြိမည်။ ထိုဗျူဟာကို ခရစ်တော်နောက်လိုက်များ ရင်ဆိုင်ရပါသည်။ ကွက်ကျားမိုးလိုစောင့်မျှော်နိုင်ကြပါသေးသည်။ အကြောင်းမူကား၊ ဇာတိစိတ်သဘောသည် ထာဝရဘုရားသခင်၏ပညတ်တော်နှင့် ရန်ငြိုးဖွဲ့နေမြဲဖြစ်၏။ ဘုရားသခင့်အမိန့်တော်ကိုလည်း ဝန်မခံနိုင်။ လောကသားတို့သည် ခရစ်တော်သခင်၏အခြေခံမူစည်းမျဉ်းတို့နှင့်မညီညွတ်သည်မှာ ယခုခေတ်ကာလမှမဟုတ်။ တမန်တော်များလက်ထပ်ကလည်းဤသို့ပင်ဖြစ်ခဲ့၏။ "ထိုသူကိုကပ်တိုင်တင်ပါ၊ ကပ်တိုင်တင်ပါ"ဟု မုန်းတီးစိတ်နှင့်အားပေးအားမြောက်ပြုခဲ့သူတို့သည် ဘုရားသခင့်တမန်တော်တို့ကိုလည်း နှိပ်စက်ညှင်းဆဲပြုရန်ဦးဆောင်နေပါ၏။ စာတန်နှင့်ဆိုင်သောဘုရားသခင့်စကား နားမထောင်သူများရှိနေသမျှ ဤမုန်းတီးမှုသည် ရှိနေဆဲဖြစ်ပါသည်။ အမှောင်ခေတ်ကဆိုလျှင် ဘုရားသခင်၌ သစ္စာရှိခဲ့သူအမျိုးသား၊ အမျိုးသမီးတို့သည် ထောင်ချခံရသည်။ပြည်နှင်ဒဏ်ခံရ၏။ ဘာသာရေးခုံရုံးတင်စစ်ဆေးညှင်းဆဲပြီးသော် လူစီရင်သည့်

ပညတ်ကိုမနာခံပါက ခေါင်းဖြတ်သတ်သည်။ သူတော်စင် "ဘာသိုလိုမြူးကား" သည် ထိုသို့သေပွဲဝင်ရသည်။ "စမစ်သ်ဖီးလ်ဒ်"ဆိုသူသည်လည်း အရှင်လတ်လတ် မီးရှို့ခံရသည်။ သန့်ရှင်းသော ဝိညာဉ်တော်မရှိသူတို့သည် အတောမသတ်နိုင်အောင် အမုန်းတရားပွားလျက် အမှန်တရားကိုခြေဖြင့်နင်းချေသည်မှာ ယခုခေတ်တိုင်အောင်ဖြစ်သတည်း။ အမှန်တရားသမိုင်းကြောင်းသည် အမှားနှင့်အမှန်စပ်ကြားတိုက်လှန်ပွဲကြီးပင်ဖြစ်သလော။ ဧဝံဂေလိသတင်းကောင်း ကြွေးကြော်ဖို့လုပ်ဆောင်တိုင်းလည်း ဆန့်ကျင်မှုများ၊ ဆုံးရှုံးနစ်နာမှုများ၊ ဆင်းရဲခြင်းမျိုးစုံနှင့် ရင်ဆိုင်ရမည်မှာ ဤအပြစ်ကမ္ဘာတည်သမျှဖြစ်ပါသည်တကား။

ယခင်ခေတ်ကာလခရစ်တော်သခင်ကြောင့် ဆင်းရဲနှိပ်စက်ညှင်းဆဲခံရသူများ မည်ကဲ့သို့ခွန်အားကိုရရှိခဲ့ကြပါသနည်း။ ထိုသူတို့သည် ထာဝရဘုရားသခင်၏မေတ္တာတော်ကိုမြတ်နိုး၏။ သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယဖွဲ့ခြင်း ကို အလေးထား၏။ ခရစ်တော်သခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်၏။ ထိုအမှုကြောင့် ပြစ်တင်၊ ကဲ့ရဲ့ နှိပ်စက်မှုကိုခံရကာ မိတ်ဆွေများတို့နှင့် ကွေကွင်းခဲ့ရ၏။ သို့ပေမယ့် ခရစ်တော်သခင်၏မေတ္တာတော်နှင့်ကား၊ အဘယ်သူမျှမဝေးကွာစေနိုင်ပါ။ သခင့်ပညတ်တရားတော်အတွက် အမုန်းခံ၊ အပစ်ပယ်ခံဆင်းရဲခံရသူများအားခရစ်တော်သခင်က "ငါသည်လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင်ထင်ရှားမည်ဟုမိန့်တော်မူ၏။" (ယောဟန်၁၄း၂၁ ) အကြင်ယုံကြည်သူသည် အမှန်တရားကြောင့် မြေကြီးတရားရုံးတွင် တရားစီရင်ခြင်းခံရအံ့။ ထိုသူ့အနားတွင် ခရစ်တော်သခင်ရှိနေကြောင်း သိမှတ်ပါလေ။ သူသည်အခန်းကျဉ်းလေးထဲတွင်ရှိနေပါသော် ကိုယ်တော်သခင်သည် သူ့အားကိုယ်တိုင်ထင်ရှား၍ မေတ္တာတော်နှင့် သူ့နှလုံးသားအိမ်ကို ကြည်နူးစေပါလိမ့်မည်။ အကယ်၍ အသက်အသေခံရပါက ကယ်တင်သခင်သည် ဤသို့ပြောနေသည်ကို မှတ်သားပါ။ ထိုသူတို့သည် သင်၏ခန္ဓာကိုယ်ကိုသာသတ်နိုင်၏။ သင့်စိတ်ဝိညာဉ်ကို မထိပါးနိုင်။ "သို့သော်လည်း မစိုးရိမ်ကြနှင့်၊ ငါသည်လောကကိုအောင်ပြီ။" "မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာရှိ၏။ မကြောက်နှင့်။ သင်၏ ဘုရားသခင်ငါသည် သင့်ကိုခိုင်ခန့်စေမည်။ သင့်ကိုစောင့်မမည်။ ငါ့သစ္စာလက်ယာလက်ဖြင့် ထောက်ပင့်မည်။" (ယောဟန် ၁၆း၃၃။ ဟေရှာယ ၄၁း၁၀)။

“ထာဝရဘုရားသခင်ကို ခိုလှုံသောသူတို့သည် မတုန်မလှုပ်၊ အစဉ်အမြဲတည်သော ဇိအုန်တောင်ကဲ့သို့ဖြစ်ကြ၏။ တောင်ရိုးတို့သည် ယေရုရှလင်မြို့ကို ဝန်းရံသကဲ့သို့ ထာဝရဘုရားသခင်သည် မိမိလူတို့ကို ယခုမှစ၍ ကာလအစဉ်မပြတ်ဝန်းရံတော်မူ၏။ ဖြောင့်မတ်သောသူတို့သည် အပြစ်ကိုပြုသောအခွင့်မရှိစေခြင်းငှါ မတရားသောသူတို့၏ လှံတံသည် ဖြောင့်မတ်သောသူတို့၏အမွေခံရအဖို့ အပေါ်မှာမတည်မနေရ။” သူတို့အသက်ကိုလှည့်စားခြင်းနှင့် ညှဉ်းဆဲခြင်း၏လက်မှ ရွေးနုတ်၍ သူတို့အသွေးကိုနှမြောတော်မူလိမ့်မည်။” (ဆာလံကျမ်း ၁၂၅း ၁-၃။ ၇၂း၁၄)။

“ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်သည် သူတို့ကိုကွယ်ကာတော်မူသဖြင့် ထိုနေ့၌ သူတို့၏ဘုရားသခင်ထာဝရဘုရားသည် မိမိလူတို့ကိုသိုးစုကဲ့သို့ ကယ်တင်တော်မူလိမ့်မည်။ သူတို့သည် မြေတော်၌ထင်ရှားသော သရဖူမျက်မွန်ကဲ့သို့ဖြစ်ကြလိမ့်မည်။” (ဇာခရိ ၉း၁၅၊၁၆)။

----o-----

## အခန်း (၉)
## အသင်းထောက်ခုနှစ်ယောက်
(တမန်တော် ၆း၁-၇ ကို အခြေပြုသည်)

ထိုစဉ်အခါက ယုံကြည်သူများတိုးပွါးလာသည်နှင့်အမျှ လူမျိုး ခွဲခြားမှု၊ မျက်နှာလိုက်မှုများရှိတတ်လာသဖြင့် နေ့ရက်အစဉ်အတိုင်း လုပ်ကျွေးသောအခါ ဟေလေနစ်(ဂရိ)အမျိုး မုဆိုးမတို့ကို မလုပ်မကျွေးဟု ထိုအမျိုးသားတို့သည် မြည်တမ်း၍ ဟေဗြဲလူတို့ကို အပြစ်တင်ကြ၏။

ရှေးဦးအသင်းတော်သည် ဘာသာစကားအသီးအသီးကိုပြော၍ လူ့အလွှာအမျိုးမျိုးနှင့်ပြည့်စုံ၏။ ပင်တေကတ္တေပွဲနေ့သန့်ရှင်း သောဝိညာဉ်တော်သက်ရောက်စဉ်ကာလအခါက "ကောင်းကင်အောက်တွင်ရှိလေသမျှသောလူမျိုးထဲက ဘုရားသခင်ကိုရိုသေသော ယုဒလူတို့သည် ယေရုရှလင်မြို့၌တည်းနေကြသတည်း။" (တမန်တော် ၆း၅)။ ဟေဗြဲလူမျိုးတို့၏ယုံကြည်ချက်ကို လက်ခံစွဲလမ်းသောသူတို့တွင် ဂရိလူမျိုးတို့လည်းပါဝင်လေရာ ပါလက်စတိုင်းဂျူးလူမျိုးတို့သည် ကာလအတန်ကြာမျှဂရိလူမျိုးတို့ကို မယုံကြည်၊ စိတ်မချ။ ဆန့်ကျင်ဘက် အသွင်ဆောင်ကြ၏။

တမန်တော်များဟောပြောသွန်သင်၍ စိတ်နှလုံးပြောင်းလဲကာ နူးညံ့သိမ်မွေ့လာသောသူတို့သည် ခရစ်ယာန်ချစ်ခြင်းမေတ္တာ၌တည်နေကာ စုပေါင်းကြပါသည်။ တစ်ချိန်က ရန်ငြိုးအစွဲ၊ ဒေသအစွဲ၊ တစ်ဖက်သတ်စွပ်စွဲချက်များရှိသည်တိုင်အောင် ယခုတော့တစ်ယောက်နှင့်တစ်ယောက်ညီညွတ်ကြလေပြီ။ သူတို့ညီညွတ်နေသမျှတော့ ဧဝံဂေလိသတင်းကောင်းအမှန်တရားပြန့်ပွါးရေးကို အားနည်းစေနိုင်မည်မ ဟုတ်ကြောင်းကို စာတန်သည် ရှေးမဆွကပင်သိမြင်၏။ ထို့ကြောင့် သူတို့တစ်ချိန်ကတွေးခေါ်ခဲ့သလို အခုတွေးခေါ်စေမှ အသင်းတော်သည် အကွဲကွဲအပြားပြားဖြစ်ချေတော့မည်ဟုမျှော်လင့်ကာ သူ၏ဗျူဟာနည်းပရိယာယ်တို့ကို စတင်လေတော့၏။

တပည့်တော်တို့လည်း တိုးပွားများပြားလာသည်နှင့်အမျှ တစ်ချိန်က တစ်ဦးကိုတစ်ဦးသံသယမျက်လုံးနှင့်ကြည့်မှတ်ထားခဲ့သည်များ၊မနာလိုဝန်တိုခဲ့သည်များသည်ရင့်လာ၍ ဝိညာဉ်ရေးဦးဆောင်သူများကိုပင် အမှားမြင်ဝါဒနှင့်သုံးသပ်ဆက်ဆံကြသဖြင့် " ဟေလနစ်အမျိုးသားတို့သည် မြည်တမ်း၍ ဟေဗြဲလူတို့ကိုအပြစ်တင်ကြ၏။" အပြစ်တင်ခြင်း၏အကြောင်းရင်းကား နေ့ရက်အစဉ်အတိုင်း ဂရိအမျိုးမုဆိုးမတို့ကိုလုပ်ကျွေးသည်တွင် လျစ်လျူရှု၊ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။ ဘက်လိုက်မှု၊ တစ်ဖက်သတ်ငဲ့ကွက်တို့သည် မညီညွတ်ခြင်းကိုဖြစ်စေသဖြင့် ဧဝံဂေလိတရားတော်နှင့်ဆန့်ကျင်၏။ သို့တိုင်အောင်လည်း စာတန်သည် ထိုသံသယကို ထကြွစေနိုင်ခဲ့ပါသည်။ ထိုကြောင့် ထိုမကျေနပ်မှုကို အချိန်မီပပျောက်သွားစေရန်လို၏။ ဖယ်ရှားပစ်ရန်လိုလေသည်။ သို့မှသာ အသင်းတော်အတွင်းကွဲပြားမှုမရှိ၊ အမြဲစည်းရုံးမည်မဟုတ်ပါလော။

ယေရှုသခင်၏တပည့်တော်တို့သည် ခရစ်ယာန်သာသနာခရီးအတွေ့အကြုံတွင် အခက်အခဲတွေ့နေရလေပြီ။ တမန်တော်များ၏ ပညာသတိရှိသောဦးဆောင်မှုအောက်တွင် အမှုတော်လုပ်ငန်းသည် သန့်ရှင်းသောဝိညာဉ်တော်ပါလျက် လျှင်မြန်စွာတိုးတက်လာ၏။ အသင်းတော်သည် အစဉ်အတိုင်းတိုးချဲ့ခဲ့ပါ၏။ တာဝန်ရှိသောသူတို့ သည်သင်းဝင်သူများလာသဖြင့် တာဝန်ပိကာ အခက်ကြုံရ၏။ တစ်ဦးတစ်ယောက်နှင့်ထိန်း၍မရ။ လူတစ်စုလောက်နှင့်လည်း ခရစ်ယာန်သာသနာဝန်ကိုမထမ်းနိုင်။ တာဝန်များကိုမခွဲဝေက တိုးတက်နေသော အသင်းတော်သည် ရန်ဆိုးနှင့်တွေ့ရပေတော့မည်။ တိုးတက်လွန်း၍ ဆုတ်ယုတ်ရပေတော့မည်။ ဤတွင် တမန်တော်တို့သည် အသင်းတော်တွင် ဧဝံဂေလိသတင်းကောင်းပျံ့နှံ့ရေးအတွက် စနစ်တကျရှိစေရန် ယုံကြည်သူရွေးချယ်ပြီးလူတစ်စုအပေါ်လက်တင်ကာ တာဝန်ပေးအပ်သင့်ကြောင်း တွေးမြင်လာ၏။

ထို့ကြောင့် ယုံကြည်သူများကိုအစည်းအဝေးခေါ်၏။ တမန်တော်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက် အသင်းတော်၏ အဖွဲ့အစည်းလုပ်ဆောင်မှုယန္တယား ပို၍ကောင်းမွန်စွာလည်ပတ်နိုင်ရန် စီမံကိန်းချ၊ အာဂျင်းဒါဆွဲ၏။ တမန်တော်များကပြောလာသည်။ ဝိညာဉ်ရေးတွင် ဦးဆောင်သူများသည် အမှုတော်ထွင်းဖောက်ချဲ့ထွင်နိုင်ရေးကို မျက်ခြည်မပြတ်သင့်သောအချန်သည် ယခုပင် ရောက်လာလေပြီ။ ထိုသူတို့သည် အသင်းတော်အတွင်း ကြည့်ရှု

ထောက်ပံ့ကျွေးမွေးဂရုစိုက်ရသောသူဆင်းရဲတို့အရေးနှင့် အခြားသောဝန်ထုပ်ဝန်ပိုးများကိုသစ္စာရှိယုံကြည်သူအချင်းချင်းထဲမှ ရွေးကောက်တင်မြှောက်ကာ တာဝန်ခွဲဝေပေးရလိမ့်မည်။ "ထို့ကြောင့် ညီအစ်ကိုတို့၊ ဝိညာဉ်တော်နှင့်လည်းကောင်း၊ ပညာနှင့်လည်းကောင်းပြည့်စုံလျက် အသရေရှိသောလူခုနှစ်ယောက်တို့ကို သင်တို့တွင်ထင်ရှားကြလော့။ ဤအမှုကိုဆောင်ရွက်စေခြင်းငှါ ထိုသူတို့ကိုငါတို့ခန့်ထားကြမည်။ ငါတို့မူကား၊ ဆုတောင်းခြင်း၊ နှုတ်ထွက်တရားတော်ကို ဟောပြောခြင်းအမှုတို့ကို အမြဲပြု၍နေမည်ဟုဆိုကြ၏။" ထိုစကားကို လူအစုအဝေးအပေါင်းတို့သည် နှစ်သက်ကြသဖြင့် ယုံကြည်ခြင်းနှင့် လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကို တောင့်တသောလူခုနှစ်ယောက်ကိုရွေးကောက်၍ အသင်းထောက်များအဖြစ် အသင်းတော်တာဝန်များကို ခွဲဝေလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ထိုသူတို့အပေါ်၌လက်တင်၍ဆုတောင်းပေးကြပါသည်။

အသင်းတော်အတွင်းထူးခြားသော အိမ်တွင်းခရစ်ယာန်သာသနာပြုလုပ်ငန်းများအတွက် ရွေးချယ်လိုက်သောအသင်းထောက်ခုနှစ်ယောက်တို့ကြောင့် အသင်းတော်သည်ပို၍ ကောင်းချီးတိုးလာပါသည်။ ထိုအသင်းတော်အလုပ်အမှုဆောင်တို့သည် အသင်းတော်၏ အထွေထွေငွေကြေးလိုအပ်ချက်မှအစ အသင်းဝင်တို့ဖျားနာသဖြင့် အခက်အခဲကြုံရသည်များ၊ သာရေးနာရေး၊ လူမှုရေးနှင့်တစ်ဦးချင်းစီ၏လိုအပ်ချက်များကိုစိစစ်၊ ပံ့ပိုးကူညီကာ ဘုရားသခင်၌မွေ့လျော်ခြင်း ပုံသက်သေနှင့်ပညာသတိရှိသော ကွပ်ကဲထိန်းသိမ်းအုပ်ချုပ်မှုဉာဏ်အားဖြင့် အလုပ်အမှုဆောင်အချင်းချင်းနှင့်အသင်းဝင်အားလုံး၏ တိုးတက်ရေးကို တစ်ပေါင်းတစ်စည်းတည်းဖြစ်စေပါသည်။ တစ်နည်းအားဖြင့် ဘက်စုံကျန်းမာသည်ဟုဆိုလိမ့်မည်။

ဤကား သေချာတိကျသော ထာဝရဘုရားသခင်၏အစီအစဉ်ပင်ဖြစ်ပါသည်။ တိုးတက်မှုလျှင်မြန်ပုံကိုကြည့်ပါ။ "ဘုရားသခင်၏အမှုတော်သည် တိုးပွားသဖြင့် ယေရုရှလင်မြို့၌ တပည့်တော်တို့သည် အလွန်ပွားများ၍ ယဇ်ပုရောဟိတ်အပေါင်းတို့သည် ယုံကြည်ခြင်းတရားကိုနားထောင်ကြ၏။" သို့ဖြစ်၍ တမန်တော်တို့သည် လွတ်လပ်လုံခြုံစွာ၊ ပြစ်တင်ရှုပ်ချမှုကင်းလျက် ပိုမို၍ အပြင်သို့အမှုတော်ဆောင်သဖြင့် အသင်းထောက်ခုနှစ်ယောက်တို့သည်လည်း

အသင်းတော်အတွင်းစိတ်အားကြီးစွာတန်ခိုးပါလျက် လုပ်ဆောင်သောကြောင့် အဖြေရလဒ်မှာ ဝိညာဉ်ရိတ်သိမ်းပွဲပင်ဖြစ်တော့၏။ ဤညီအစ်ကိုများကို လက်တင်၍ ဆုတောင်းပေးခြင်းအမှု၌ သူဆင်းရဲတို့၏တစ်ကိုယ်စီလိုအပ်ချက်များကို ထောက်ပံ့ကူညီရန်သာမကသေး၊ ယုံကြည်ခြင်းတိုးပွားခိုင်မြဲရန်ကိုလည်း သွန်သင်ဆုံးမရပါသည်။ မယုံကြည်သူတစ်ပါးအမျိုးသားများကိုလည်းထိုသူတို့သည် အမှန်တရားကိုသွန်သင်နိုင်ရန် အ ရည်အချင်းနှင့်ပြည့်ဝကြပါသည်။ ဤနည်းဖြင့် ထိုသူတို့သည် ခရစ်ယာန်သာသနာပြုအမှုတော်ဆောင်ရွက်ခြင်းအမှု၌ စိတ်အားကြီး၍ အောင်မြင်ကြပါသည်မဟုတ်လော။

ရှေးဦးအသင်းတော်ကို ထာဝရဘုရားသခင်သည် မပြတ်သောတိုးတက်ချဲ့ထွင်မှုဖြင့် ကောင်းချီးပေးအပ်နှင်းပါသည်။ အသင်းတော်သည် အလင်း၏ဗဟိုချက်၊ ကောင်းချီးယိုစီးပြန့်ပွားရာ စမ်းရေပေါက်ပမာဖြစ်နေလေပြီ။ ခရစ်တော်သခင်၏အမှုတော်မြတ် တိုးတက်ပြန့်ပွားရန်ရည်သန်၍ ရိုးသားသောစိတ်ဝိညာဉ်များလည်း ကြည်ဖြူစွာ မိမိကိုယ်ကိုအသက်ရှင်သောယဇ်ကောင် ပမာပေးအပ်ကြလေပြီ။ ဧဝံဂေလိသတင်းကောင်းကို ကမ္ဘာအနှံ့ဖြန့်ချီရမည်။ ခရစ်ယာန်များ ညီညွတ်ပေါင်းစည်းလျက် တစ်လုံးတစ်ဝတည်းမရှိပါမူ အသို့လျှင် ဤမျှအရေးကြီးသောအသက်ဝိညာဉ်ကယ်တင်ရေးလုပ်ငန်းကို ကပ်တိုင်တော်တမန်တော်များသည် မည်သို့ပြည့်စုံစေနိုင်အံ့နည်း။ ထိုသူအပေါင်းတို့သည် ထာဝရဘုရားသခင်၌ခရစ်တော်သခင်နှင့်အတူ တစ်လုံးတစ်ဝတည်းရှိကြောင်းကို ကမ္ဘာကသိမြင်ဖို့ရန် ထင်ရှားပေါ်လွင်စေရပါမည်။

သို့ဖြစ်၍ ဘုရားသခင်၏အဓိကခေါင်းဆောင်ကြီးက ဤသို့ခမည်းတော်ဘုရားသခင်ထံ ဆုပန်ခဲ့သည်မဟုတ်လော။ "သန့်ရှင်းတော်မူသောအဘ၊ ကိုယ်တော်နှင့်အကျွန်ုပ်သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့အကျွန်ုပ်အားပေးတော်မူသော ဤသူတို့သည်ဖြစ်ရပါမည်အကြောင်းသူတို့ကို ကိုယ်တော်၏နာမ၌တည်စေတော်မူပါ။"တပည့်တော်တို့၏အနေအထားကိုလည်း ဤသို့ကြေညာခဲ့ပါ၏။ "အကျွန်ုပ်သည် ဤလောကနှင့်မဆက်ဆံသကဲ့သို့ ဤသူတို့သည်မဆက်ဆံသောကြောင့် လောကသားတို့သည် ဤသူတို့ကိုမုန်းကြပါ၏။" သို့ဖြစ်၍ ထိုသခင်ကခမည်းတော်ဘုရားသခင်ကို တောင်းပန်နေပါသည်။ "ကိုယ်တော်သည်လည်း အကျွန်ုပ်၌ရှိတော်မူသောအားဖြင့် သူတို့သည် တစ်လုံးတစ်ဝတည်းဖြစ်၍

တစ်လုံးတစ်ဝတည်း၌စုံလင်စေခြင်းငှါလည်းကောင်း၊” “ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကသားတို့သည်ယုံကြည်မည်အကြောင်းကိုဆုတောင်းပါ၏။” တပည့်တော်တို့၏ဝိညာဉ်ရေးရှင်သန်ကြီးထွားသောအသက်တာနှင့် အင်အားတန်ခိုးသည် ဇဝ်ဂေလိသတင်းကောင်းပျံ့နှံ့ရန် မြေကြီးစွန်းတိုင်အောင် ဟောပြောသက်သေခံဖို့ စေခိုင်းသောအရှင်သခင်နှင့်မပြတ် အနီးကပ်မှီခိုဆက်သွယ်ဆက်ဆံခြင်းအပေါ် အခြေပြုထားပါသည်မဟုတ်လော။

ခရစ်တော်သခင်နှင့် တစ်လုံးတစ်ဝတည်းရှိမှသာလျှင် တပည့်တော်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးကိုခံစားရ၍ ကောင်းကင်ဘုံမှတမန်တော်များနှင့်အတူတကွလက်ရည်တစ်ပြင် တည်းအမှုတော်မြတ်တွင် လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်၏။ ဤကဲ့သို့ ကောင်းကင်အစေခံနံဝိညာဉ်များ၏ အဖော်ပြုကူညီမစမှုကို ရရှိသဖြင့် အမှောင်ထု၏တနိုးအင်အားကို မပြတ်ဆိုင်ပြိုင်တိုက်လှန်ရာ၌ ဘေးကျပ်နံကျပ်ဖြစ်သော်လည်း နောက်ဆုံးတွင်အောင်မြင်မည် မှာမုချတည်း။ လူရှေ့၊ ကောင်းကင်တမန်များရှေ့၊ ဘုရားသခင့်ရှေ့တွင် ရှေ့တန်းတွင်သော်လည်းကောင်း၊နောက်တန်းတွင်သော်လည်းကောင်း မားမားမတ်မတ်ရပ်တည်၍ ဘုရားသခင်ထံသစ္စာဆိုကြပါမူ ကောင်းမြတ်လှပမည်ဖြစ်ခြင်း။

တမန်တော်တို့သည် အမှုတော်မြတ်၌ စည်းလုံးညီညွတ်စွာဆက်လက်လုပ်ဆောင်ကြ၏။ ကောင်းကင်ဘုံအစေခံနံဝိညာဉ်များတို့သည်လည်း ခရီးလမ်းကိုပြင်ဆင်ဖွင့်ပေး၏။ နှလုံးသားအိမ်များစွာတို့သည်လည်း အမှန်တရား၏ အနှစ်သာရကို မြည်းစမ်းလိုစိတ်ရှိလေရာ များစွာသောအသက်ဝိညာဉ်တို့သည် ခရစ်တော်သခင်၌ အောင်ပွဲခံကြကုန်၏။ ဤကဲ့သို့ စည်းလုံးညီညွတ်စွာ သက်ရှင်လုပ်ဆောင်ရပ်တည်နေသမျှ အသင်းတော်သည် ရှေ့သို့အစဉ် ခရစ်ယာန်သာသနာတော်ခရီးဆက်၍ “လကဲ့သို့တင့်တယ်လျက်၊ နေကဲ့သို့ထွန်းလင်းလျက်၊ စစ်မျက်နှာကဲ့သို့ကြောက်မက်ဖွယ်ဖြစ်လျက်၊ နံနက်ကဲ့သို့မျှော်ရှုသောသတို့သမီး” ကဲ့သို့ဖြစ်ရလိမ့်တကား။ အသင်းတော်ကို အဘယ်မည်သောမြေကြီးတန်ခိုးသြဇာကမျှ ပိတ်ပင်တားမြစ်၍ရမည်မဟုတ်ပါ။ ဧဝံဂေလိသတင်းကောင်းအောင်လံတလူလူလွင့်ထူနေမည်သာတည်း။

ယေရုရှလင်မြို့တော်၏ အသင်းတော်ဖွဲ့စည်းမှုအခြေခံသဘောသည် ကမ္ဘာ့နေရာအနှံ့အသင်းတော်ဖွဲ့စည်းမှုအတွက် ပုံစံနမူနာဖြစ်ပါ၏။ သို့မှသာ လူတစ်ကိုယ်ဝိညာဉ်တစ်လုံးစီမံကိန်းချ၍ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ အသင်းတော်၏အထွေထွေကိစ္စရပ် များကို ကြီးကြပ်၊စောင့်မ၊ ထိန်းသိမ်း၊ ကြည့်ရှုခြင်းတာဝန်ကို ထမ်းဆောင်နေရသောအသင်းတော်၏တာဝန်ရှိပုဂ္ဂိုလ်တို့သည် ဘုရားသခင်၏အမွေတော်ကိုအုပ်စိုးမင်းမူရန်မဟုတ်။ ပညာရှိသောသိုးထိန်းကဲ့သို့ "ဘုရားသခင်၏သိုးတော်စုကို အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှု အုပ်ထိန်းသူ. . . . သိုးတော်စုရှေ့မှာ ပုံသက်သေကိုပြသောသူ"များ ဖြစ်ကြဖို့လိုသည်။ (၁ပေ၊ ၅း၂၃)။ ထိုနည်းတူ သင်းထောက်တို့သည်လည်း "အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူ ပညာသတိနှင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း ပြည့်ဝသူဖြစ်ရမည်။" သို့မှသာလျှင် ထိုသူသည် အသင်းတော်တိုးတက်မှုအတွက် ခိုင်မာသောဆုံးဖြတ်ချက်ဖြင့် အမှတ်ရားကိုထိန်းသိမ်းနိုင်ရုံမျှမက သိုးတော်စုတစ်ခုလုံးအပေါ် စည်းလုံးခြင်းဩဇာကောင်းကိုလွှမ်းမိုးနိုင်မည်မဟုတ်ပါလေ။

နောင်သောအခါ ရှေးဦးအသင်းတော်သမိုင်းတွင် ကမ္ဘာ့နေရာအနှံ့ ယုံကြည်သူများဟိုတစ်စု၊ ဒီတစ်စုနှင့် တိုးပွါးများပြားလာသဖြင့် အသင်းတော်အသီးအသီးကို ဖွဲ့စည်းတည်ထောင်လာကြပါသည်။ ဖွဲ့ စည်းအုပ်ချုပ်မှုမှာလည်း သူတလူငါတစ်မင်းမဟုတ်ဘဲ စည်းကမ်းသေဝပ်၊ ညီညွှတ်လှပါ၏။ အသင်းဝင်တိုင်းသည် မိမိလုပ်ဆောင်ရမည့်အပိုင်းကို မဆိုင်းမတွ၊ ပျော်ရွှင်စွာဆောင်ရွက်ပါ၏။ ဘုရားသခင်ပေးစွမ်းရည်များကိုမခိုမကပ်၊ ပညာရှိရှိနှင့် အသုံးတော်ခံကြပါ၏။ အချို့လည်း အထူးသောဝိညာဉ်တော်ဆုကျေးဇူးများကို အပ်နှင်းခြင်းခံရပါ၏။ "ဘုရားသခင်သည် ပဌမအရာ၌ တမန်တော်တို့ကိုလည်းကောင်း၊ ဒုတိယအရာ၌ ပုရောဖက်တို့ကိုလည်းကောင်း၊ တတိယအရာ၌ဆရာတို့ကိုလည်းကောင်း၊ ထိုနောက်တန်ခိုးပြသော သူတို့ကို လည်းကောင်း၊ ထိုနောက် အနာရောဂါကိုငြိမ်းစေနိုင်သောအခွင့်ရှိသောသူတို့ကိုလည်းကောင်း၊ သင်းထောက်တို့ကိုလည်းကောင်း၊ စီရင်အုပ်စိုးသောသူတို့ကိုလည်းကောင်း၊ အမျိုးမျိုးသောဘာသာစကားကို ပြောနိုင်သောသူတို့ကိုလည်းကောင်း အသင်းတော်၌ခန့်ထားတော်မူ၏။" (၁ကော ၁၂း၂၈)။ ထိုသူတို့အားလုံးသည်လည်း အမှုတော်မြတ်တွင် ညီညွတ်လျောက်ပတ်စွာ ဘုရားသခင်အစေခံဖို့ဖြစ်ပါသည်။

"ဆုကျေးဇူးတော်အထူးထူးအထွေထွေရှိငြားသော်လည်း ဝိညာဉ်တော်တစ်ပါးတည်းရှိ၏။ အမှုဆောင်ဆရာအမှုအထူးထူးအထွေထွေရှိငြားသော်လည်း သခင်တစ်ပါးတည်းရှိ၏။ ပြုပြင်ခြင်းအမှု အထူးထူးအထွေထွေရှိငြားသော်လည်း ခပ်သိမ်းသောသူတို့၌ ပြုပြင်သမျှကို ပြုပြင်တော်မူသောဘုရားသခင်တစ်ပါးတည်းရှိ၏။ ကောင်းသောအကျိုးအလို့ငှါသာ ဝိညာဉ်တော်ကို လူအသီးသီးတို့အား ထင်ရှားစွာပေးတော်မူလျက်ရှိ၏။ အဘယ်သို့နည်းဟူမူကား၊ ဝိညာဉ်တော်အားဖြင့်တစ်ယောက်သောသူအား ပညာတရားကိုပေးတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ပညာတရားကို ပေးတာ်မူ၏။ ထိုဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ထိုးထွင်းခြင်းတရားကိုပေးတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ယုံကြည်ခြင်းကိုပေးတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား အနာရောဂါကိုငြိမ်းစေနိုင်သော အခွင့်ကိုပေးတော်မူ၏။ တစ်ယောက်သောသူအား တန်ခိုးကိုပြနိုင်သောအခါကိုလည်းကောင်း၊ တစ်ယောက်သောသူအား ပုရောဖက်ပြုနိုင်သောအခွင့်ကိုလည်းကောင်း၊ တစ်ယောက်သောသူအား စိတ်ဝိညာဉ်တို့ကိုပိုင်းခြား၍သိနိုင်သောအခွင့်ကိုလည်းကောင်း၊ တစ်ယောက်သောသူအား အမျိုးမျိုးသောဘာသာစကားကိုပြောနိုင်သောအခွင့်ကို လည်းကောင်း၊ တစ်ယောက်သောသူအား ထိုဘာသာစကား၏အနက်ကိုဖော်ပြနိုင်သောအခွင့်ကိုလည်းကောင်း ပေးတော်မူ၏။ ဤအခွင့်ရှိ သမျှတို့ကိုတစ်ပါးတည်းသောဝိညာဉ်တော်သည်ပြုပြင်၍ လူအသီးအသီးတို့အား အသီးအသီးခံရသောအခွင့်ကိုအလိုတော်ရှိသည်အတိုင်း ဝေငှ၍ပေးတော်မူ၏။ ဥပမာကား၊ ကိုယ်တစ်ခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍ တစ်ခုတည်းသောကိုယ်၏ အင်္ဂါအပေါင်းတို့သည်များလျက်နှင့် တစ်ကိုယ်တည်းဖြစ်သကဲ့သို့ ထိုနည်းတူ ခရစ်တော်ဖြစ်၏။" (၁ကော ၁၂း၄-၁၂)။

မြေကြီးပေါ်တွင်ရှိသောဘုရားသခင်၏ အသင်းတော်ကိုဦးဆောင်ရန် ဖိတ်ခေါ်ရွေးချယ်ခံရသောသူတို့အပေါ်သို့ သန့်ရှင်းမြင့်မြတ်သောတာဝန်ဝတ္တရားများသည် သက်ရောက်လျက်ရှိသည်။ ထာဝရဘုရားသခင်ကိုယ်တော်တိုင်တိုက်ရိုက်အုပ်ချုပ်သော စနစ်ခေတ်ကာလကဆိုလျှင် ဘုရားသခင့်ကျွန်ပုရောဖက်မောရှေသည် လေးလံအလုပ်ကြီးငယ်အားလုံးကို တစ်ဦးတည်းကြိုးစားထမ်းရွက်ခဲ့လေရာ မကြာမီ ထိုလေးလံဝန်ထုတ်များကြောင့် မောပန်းကာ အသက်တိုမည်ကိုကြိုမြင်ထားသောသူ့ယောက္ခထီးမိဒန်ယဇ်ပုရောဟိတ် ယေသရောက ပီပြင်သော

အလုပ်တာဝန်ခွဲဝေလုပ်ကိုင်ခြင်းအတွက် စီမံကိန်းရေးဆွဲရန်အကြံပြုပါသည်။ “ငါ့စကားကိုနားထောင်လော့။ ငါအကြံပေးမည်။ ဘုရားသခင်သည်လည်း သင့်ဘက်၌ရှိတော်မူလိမ့်မည်။ သင်သည် ဘုရားသခင်နှင့်ဆိုင်သောအမှု၌လူများတို့၏အမှုကိုစောင့်လျက် ဘုရားသခင်အထံတော်သို့ဝင်၍ လျှောက်ရမည်။ သူတို့အားလည်း ပညတ်တရားတော်များကိုသင်ရမည်။ သူတို့သွားရာလမ်း၊ ပြုရသောအမှုကိုလည်းပြရမည်။ “လူအပေါင်းတို့ထဲက ရွေးကောက်၍ တစ်ထောင်အုပ်၊ တစ်ရာအုပ်၊ ငါးဆယ်အုပ်၊ တစ်ဆယ်အုပ်အရာ၌ခန့် ထားရမည်။” ထိုသူတို့သည် “ဘုရားသခင်ကိုကြောက်ရွံ့လျက် သစ္စာနှင့်ပြည့်စုံလျက်၊ လောကကိုရွံရှာလျက် တတ်စွမ်းနိုင်သောသူများဖြစ်ရမည်။ ထိုသူတို့သည် ခပ်သိမ်းသောအချိန်၌ လူများတို့ကိုတရားစီရင်ကြစေ။ (ကြီးသောအမှု၌ သင်၏အယူကိုခံကြစေ။ ငယ်သော အမှုကိုအလိုလိုစီရင်ကြစေ။ သို့ဖြစ်လျှင် သူတို့သည် ဝိုင်းညီ၍အမှုထမ်းသဖြင့် သင်သည်သက်သာလိမ့်မည်။)

ဘုရားသခင်စီမံရာကို အစဉ်ဝန်ခံလုပ်ဆောင်ကြသည်ဖြစ်သော ဘုရားသခင့်တပည့်တော်၊ တပည့်တော်မအပေါင်းတို့၏ အချိန်နှင့်စွမ်းအင်သည် အသင်းတော်၏တာဝန်ဝတ္တရားများကို ထမ်းဆောင်ဖို့ရန်ဖြစ်သည်။ ထိုသူတို့ကိုဦးဆောင်ဦးရွက်ပြုရန်နေရာဌာနတွင် ဘုရားသခင်ထားရှိပါသည်။ ထိုသူတို့သည် လေးလံဝန်ကိုထမ်းရွက်သဖြင့် အထူးသောဉာဏ်ပညာနှင့်သဘောထားကြီးဖို့လိုအပ်ပါသည်။ သာမန်လူတို့ကိုင်တွယ်နိုင်သောအသေးစားအမှုကိစ္စရပ်များနှင့် သူတို့အချိန်မကုန်သင့်ပါ။ “ကြီးသောအမှု၌သင်၏အမယူကိုခံကြစေ”ဟု ယေသရောက မောရှေကိုအကြံပေးပါ၏။ သို့သော် “ငယ်သောအမှုကို အလိုလိုစီရင်ကြစေ။ သို့ဖြစ်လျှင် သူတို့သည် ဝိုင်းညီ၍အမှုထမ်းသဖြင် သင်သည် သက်သာလိမ့်မည်။ ထိုသို့ဘုရားသခင်အခွင့်နှင့်ပြုလျှင် သင်သည် ခိုင်ခံ့လိမ့်မည်။ ဤလူအပေါင်းတို့သည်မိမိနေရာပြည်သို့ငြိမ်ဝပ်စွာသွားကြလိမ့်မည်ဟုပြောဆို၏။”

“မောရှေသည်လည်း ယောက္ခထီး၏စကားကိုနားထောင်၍ စကားရှိသည်အတိုင်းပြုလျက် တတ်စွမ်းနိုင်သောသူတို့ကို ဣသရေလအမျိုးထဲက ရွေးကောက်၍ လူတစ်ထောင်အုပ်၊ တစ်ရာအုပ်၊ ငါးဆယ်အုပ်၊ တစ်ဆယ်အုပ်အသီးအသီးခေါင်းအရာ၌ခန့်ထားလေ၏။ ထိုသူတို့သည် ခပ်သိမ်းသောအချိန်၌လူတို့ကို

တရားစီရင်ကြ၏။ ခက်သောအမှု၌မောရှေ၏အယူကိုခံကြ၏။ လွယ်သောအမှုကို အလိုလိုစီရင်ကြ၏။" (ထွက်မြောက်ရာကျမ်း ၁၈း၁၉-၂၆)။

နောင်သောအခါ မောရှေသည် မိမိနှင့်တွဲ၍တာဝန်ဝတ္တရားများကိုကူညီ ထမ်းရွက်ရန် အသက်ကြီးသူခုနှစ်ဆယ်ကို တရားသူကြီးအဖြစ်ရွေးချယ်ခန့်အပ် ထားပါ၏။ ထိုအသက်ကြီးသူတို့သည် အများရိုသေလေးစားမှုခံရသူများ၊ အတွေ့အ ကြုံရင့်ကျက်၍ တရားသဖြင့်စီရင်ခြင်းအမှု၌ လိမ္မာကျွမ်းကျင်သူများဖြစ်ကြပါသည်။ မောရှေသည် ထိုအသက်ကြီးသူခုနှစ်ဆယ်ကို လက်တင်မင်္ဂလာဘိသိက် ပေးချိန် တွင် အသင်းတော်ကိုပညာရှိစွာအုပ်ချုပ်သူများပိုင်ဆိုင်အပ်သော အရည်အချင်း တစ်ချို့ကို ကောက်နုတ်တင်ပြမိန့်မြွက်ခဲ့သည်မှာ "သင်တို့ညီအစ်ကို၏အမှုတို့ ကို နားထောင်၍ အမျိုးသားချင်းတရားတွေ့သည်ဖြစ်စေ၊ တစ်ပါးအမျိုးသားနှင့်တွေ့ သည်ဖြစ်စေ၊ တရားသဖြင့်စီရင်ကြလော့။ တရားအမှုကိုစီရင်သောအခါ အဘယ်သူ၏ မျက်နှာမျှမထောက်ရ။ လူငယ်စကားကိုလူကြီးစကားကဲ့သို့မှတ်ရ မည်။ အဘယ်လူကိုမျှမကြောက်ရ။ အကြောင်းမူကား တရားအမှုကိုဘုရားသခင် ပိုင်တော်မူသောကြောင့်တည်း။" (တရားဟောရာကျမ်း ၁း၁၆၊၁၇)။

ရှင်ဘုရင်ဒါဝိတ်သည်လည်း မိမိထီးနန်းကိုမစွန့်မီ သူ့အချိန်ကာလက ဘုရားသခင်ပေးအမှုတော်မြတ်၏ ကြီးလေးသော တာဝန်ကိုထမ်းရွက်နေသူများ အား ဤကဲ့သို့သောမြင့်မြတ်သန့်ရှင်းသည့်တာဝန်အသိစိတ်နှိုးဆော်ပေးသော အမှာစကားကိုပြောကြားခဲ့ပုံ အစီအစဉ်ကိုကြည့်ပါ။ "တစ်ဖန် ဒါဝိတ်မင်းသည် ဣသရေလမင်းများတည်းဟူသောအမျိုးအသီးအသီးကိုအုပ်သောမင်း၊ အလှည့်အ လှည့်အမှုတော်ကိုစောင့်သောတပ်မှူးဗိုလ်မင်း၊ လူတစ်ထောင်အုပ်၊ တစ်ရာအုပ်၊ ရှင်ဘုရင်၏ဘဏ္ဍာစိုး၊ သားတော်၏ဘဏ္ဍာစိုး၊ ခွန်အားရှိသောသူရဲအကြီးအကဲ အရာရှိအပေါင်းတို့ကို ယေရုရှလင်မြို့မှ စုဝေးစေတော်မူ၏။ သင်တို့သည် ဤ ကောင်းသောပြည်ကိုပိုင်၍ သင်တို့၏သားစဉ်မြေးဆက်အမွေခံရာဖို့ချန်ထားလို သောငှါ ထာဝရဘုရားသခင်၏ပရိတ်သတ်တည်းဟူသော ဣသရေလအမျိုးသား အပေါင်းတို့ရှေ့မှာလည်းကောင်း၊ ငါတို့ဘုရားသခင့်အထံတော်တွင်လည်းကောင်း သင်တို့ဘုရားသခင်ထာဝရဘုရား၏ပညတ်တော်ရှိသမျှတို့ကိုရှာ၍ စောင့်ရှောက် ကြလော့။" (၅ရာ ၂၈း၁၊၈)။

သူ့ကိုဆက်ခံမည့်သားတော်ရှောလမုန်အား ဤသို့အထူးအမှာစကားပြောကြားသွားပါ၏။ "ငါ့သားရှောလမုန်၊ သင့်အဘ၏ဘုရားသခင်ကိုသိလော့။ စုံလင်သောနှလုံး၊ ကြည်ညိုသောစိတ်သဘောနှင့်ဝတ်ပြုလော့။ ထာဝရဘုရားသခင်သည် ခပ်သိမ်းသောစိတ်နှလုံးတို့ကိုစစ်၍ အကြံအစည်ရှိလေသမျှတို့ကိုသိတော်မူ၏။ ကိုယ်တော်ကိုရှာလျှင် အတွေ့ခွဲတော်မူမည်။ ကိုယ်တော်ကိုစွန့်လျှင် သင့်ကိုအစဉ်အမြဲစွန့်တော်မူမည်။ သတိပြုလော့. . . သင့်ကို ထာဝရဘုရားသခင်ရွေးကောက်တော်မူသောကြောင့် အားယူ၍တည်ဆောက်လော့ဟု မှာထားတော်မူ၏။" (၁ရာ ၂၈း၉၊၁၀)။

ပုရောဖက်မောရှေနှင့် ရှင်ဘုရင်ဒါဝိဒ်တို့အချိန်က ဘုရားသခင်၏ လူတို့ကျင့်သုံးသက်ရှင်ခဲ့သောဘုရားသခင်၌မွေ့လျော်ခြင်း၊ တရားသဖြင့်စီရင်ဆုံးဖြတ်ခြင်း၊ အခြေခံမူစည်းမျဉ်းတို့ကိုနောင်လာနောက်သား၊ ခေတ်အဆက်ဆက်ဘုရားသခင်၏သားစစ်သမီးမှန်တို့သည် လိုက်နာကျင့်သုံးရပါမည်။ ဧဝံဂေလိသတင်းကောင်းခေတ်ရှိ ဘုရားသခင်အသင်းတော်အဖွဲ့အစည်းသစ်သည်ပင်လျှင် ဤစည်းမျဉ်းကိုကျင့်သုံးရလိမ့်မည်။ တပည့်တော်များသည် အသင်းတော်လုပ်ငန်း အဆင့်ဆင့်နှင့်တာဝန်အသီးသီးကို ထမ်းရွက်သွားမည့်သင့်လျော်လျောက်ပတ်သည့်အမှုဆောင်များကိုရွေးချယ်ဘိသိက်ပေးရာ၌ ဓမ္မဟောင်းကျမ်းခေတ်ကစနစ်ကို ကျင့်သုံးခဲ့ပါ၏။ အသင်းတော်၏တာဝန်ကိုဦးဆောင်ထမ်းရွက်မည့် သူသည် "ဘုရားသခင်၏ဘဏ္ဍာစိုးကဲ့သို့ အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူဖြစ်ရမည်။ ကိုယ့်အလိုသို့လိုက်တတ်သောသူ၊ စိတ်တိုသောသူ၊ စပျစ်ရည်နှင့် ပျော်မွေ့သောသူ၊ သူတစ်ပါးကိုရိုက်ပုတ်သောသူ၊ မစင်ကြယ်သောစီးပွားကိုတပ်မက်သောသူမဖြစ်ရဘဲ ဧည့်သည့်ဝတ်ကိုပြုတတ်သောသူ၊ သူတော်ကောင်းနှင့်အဆွေဖွဲ့သောသူ၊ ကျင့်ကြံစောင့်သောသူ၊ ဖြောင့်မတ်သောသူ၊ သန့်ရှင်းသောသူ၊ ကာမဂုဏ်ကိုချုပ်တည်းသောသူဖြစ်ရမည်။ စင်ကြယ်သောဩဝါဒအားဖြင့် တိုက်တွန်းသွေးဆောင်ခြင်းငှာလည်းကောင်း။ ငြင်းခုံသောသူတို့၏စကားကိုချေခြင်းငှါလည်းကောင်း၊ တတ်နိုင်မည်အကြောင်း ကိုယ်တိုင်သင်ပြီးသောသစ္စာစကားတော်ကို အမြဲစွဲလမ်းသောသူဖြစ်ရမည်။" (တိတု ၁း၇၊၉)

ရှေးဦးအသင်းတော်ထိန်းသိမ်းစောင့်ရှောက်ကျင့်သုံးသွားခဲ့သောအသင်း တော်စည်းမျဉ်းများသည် ခရစ်ယာန်သာသနာတော်ကို ထူးကဲစွာခိုင်မာတိုးပွါး

စေ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ထာဝရဘုရားသခင်၏ ခရစ်ယာန်စစ်သူရဲဝတ်စုံနှင့်လှပတင့်တယ်၊ စည်းကမ်းသေဝပ်စွာတန်ဆာဆင်ထားသောကြောင့်တည်း။ ယုံကြည်သူများတကွဲတပြား နေရာအနှံ့လွင့်ပျံ့နေထိုင်ကြသည်မှာ အင်္ဂါအများရှိသော်လည်း ခန္ဓာကိုယ်တစ်ခုတည်းနှင့် လူကဲ့သို့ဖြစ်ချေ၏။ အားလုံးက ပေါင်းဘက်ကြံစည်၍ တစ်ဦးနှင့်တစ်ဦး ညီညွတ်မှုရှိကြပါသည်။ အကယ်၍ ဒေသခံအသင်းတော်တစ်ခုတွင် ကွဲပြားခြားနားမှုပေါ်ပေါက်လာ၍ ယုံကြည်သူများ အချင်းချင်းသဘောမတူညီမှုများရှိလာသောအခါ တမန်တော်များနှင့်သင်းအုပ်ဆရာ၊ အသင်းလူကြီးများဦးဆောင်သော အထွေထွေကောင်စီမှ တာဝန်ရှိခေါင်းဆောင်များက ထိုနေရာသို့ ကိုယ်စားလှယ်များစေလွှတ်ကာဆုံးဖြတ်စေပါသည်။ ထိုကိုယ်စားလှယ်များတို့သည်လည်း ဒေသခံအသင်းတော်အသီးသီးမှ ရွေးချယ်ခန့်အပ်ထားသော ခေါင်းဆောင်ကိုယ်စားလှယ်များပင်ဖြစ်သည်။ ဤနည်းဖြင့် အန္တိအုတ်မြို့အသင်းတော်ပြဿနာကို ဖြေရှင်းခဲ့ကြပြီမဟုတ်လော။ စာတန်သည် အသင်းတော်များကောင်စီရှိရာ ယေရုရှလင်မြို့နှင့် အလှမ်းဝေးကွာလှသော နေရာရှိအသင်းတော်ကို ဤသို့လျှင် အားစိုက်တိုက်ခိုက်တတ်လေရာ၊ အသင်းတော်များ စုပေါင်းဖွဲ့စည်းတည်ဆောက်ထားသော ဘုရားသခင်ပေးစည်းမျဉ်းအရ စီမံကိန်းအကောင်အထည်ဖော်ပါမှ ရန်သူစာတန်၏အကြံအစည်မှာ အစိတ်စိတ်အမွှာမွှာကွဲ၍ ပျက်စီးမည်ဖြစ်ပါသည်။

"ဘုရားသခင်သည် ရုန်းရင်းခတ်သောအမှုကိုပြုစုတော်မမူ။ သန့်ရှင်းသူတို့၏အသင်းတော်အပေါင်းတို့၌ဖြစ်သကဲ့သို့ အသင့်အတင့်ငြိမ်ဝပ်ခြင်းကို ပြုစုတော်မူ၏။" (၁ကော ၁၄း၃၃)။ ယခင်ခေတ်ဟောင်းကာလများက အသင်းတော်ကိစ္စအရပ်ရပ်ကို တပည့်တော်များ စီမံခန့်ခွဲအုပ်ချုပ်ပုံစနစ်မျိုး ယခုခေတ်သစ်ကာလများတွင်လည်း လက်ခံကျင့်သုံးစောင့်ထိန်းရန် ဘုရားသခင်အလိုတော်ရှိပါသည်။ ကိုယ်တော်သည် မိမိ၏အမှုတော်မြတ်လုပ်ငန်းကို သေချာတိကျစွာခရီးဆက်ရန် အလိုတော်ရှိသည်နှင့်အမျှ အသင်းတော်ကို မိမိ၏ထောက်ခံချက်တံဆိပ်တုံး ရိုက်နှိပ်ထားရန်ဖြစ်ပါ၏။ အသင်းတော်များစည်းလုံးမှုရှိရကြပါမည်။

ယုံကြည်သူ ခရစ်ယာန်များသည် ခရစ်တော်၏မေတ္တာတော်မျိုးထားရှိရပါမည်။ သို့မှသာလျှင် လူသည်ဘုရားသခင်၏အသုံးတော်ခံ

တန်ဆာပစ္စည်းကောင်းဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ လက်တော်အောက် ခံထိန်းချုပ်မှုကိုဝန်ခံကာ စုပေါင်းအင်အားဖြင့် ရှေ့ဆက်ကာ ဧဝံဂေလိသတင်း ကောင်းပြန့်ပွါးစေပါသော် ဤကမ္ဘာလောကတစ်ခွင်တွင် ထာဝရဘုရားသခင် ၏ကျေးဇူးတော်အပေါင်းနှင့် ပြီးပြည့်စုံလေမည်မဟုတ်ပါလောမိတ်ဆွေ။

-----o-----

# အခန်း (၁၀)
# ပထမဦးဆုံးခရစ်ယာန်အာဇာနည်

(တမန်တော် ၆း၅-၁၅မှ သည် (၇) တစ်ခန်းလုံးကိုအခြေပြုထားသည်)

အသင်းထောက်ခုနှစ်ယောက်တို့တွင် သတေဖန်သည် ထင်ရှား၏။ သူသည် ဘုရားသခင်ကို အလွန်ယုံကြည်စိတ်ချ၍ ဘုရားသခင်၌မွေ့လျော်သူဖြစ်သည်။ ဇာတိအားဖြင့် ဂျူးလူမျိုးဖြစ်သော်လည်း ဂရိဟေလသဘာသာစကားကိုပြော၏။ ဂရိလူမျိုးယဉ်ကျေးမှုနှင့် ထုံးစံဓလေ့အစဉ်အလာတို့နှင့်လည်း အကျွမ်းဝင်လေသည်။ သို့ဖြစ်၍သူသည် ဂရိစကားပြောသောဂျူးလူမျိုးတို့၏ တရားဇရပ်များတွင် ဧဝံဂေလိသတင်းကောင်းကိုဟောကြားရန် အခါအခွင့်ယူတတ်လေသည်။ ခရစ်တော်သခင်အကြောင်းနှင့်ပါတ်သက်လာလျှင် သူသည် အလွန်နိုးထတက်ကြွ၏။ မိမိယုံကြည်ခြင်းကိုလည်း ရဲရင့်စွာကြွေးကြော်၏။ ပညာတတ်သုခမိန်ဥပဒေကျမ်းပုဂ္ဂိုလ်များသော်မှ သူ့ကိုလူ့ဘုံအလယ် လူထုတရားဆွေးနွေးပွဲတွင် လွယ်လွယ်နှင့် သေချာပေါက်အနိုင်ရမည်ဟု စိတ်ထင်နှင့် စကားစစ်ထိုးတတ်ကြ၏။ သို့သော် "သူဟောပြော၍သုံးစွဲသောပညာနှင့် ဝိညာဉ်တော်ကို မတားမဆီးနိုင်ကြ။" သတေဖန်သည် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုခံရလျက် ဟောပြောသည်သာမကသေး။ သူသည် တရားဥပဒေကျမ်းကိုကြေညက်၍ ရှေ့အနာဂတ်ကာလတွင် ဘာဖြစ်မည်ကိုလေ့လာသောပုရောဖက်ကျောင်းသားတစ်ဦးလည်းဖြစ်သည်။ သူသည် အမှန်တရားကိုကာကွယ်ပြောဆိုနိုင်သူ၊ သူ့ကိုဆန့်ကျင်ပြောဆိုသူမှန်သမျှကို ရှေ့နေစကားဖြင့် မြွက်ဆိုအနိုင်ယူသူဖြစ်လေသည်။ "ထို့ကြောင့် သင်တို့သည် အဘယ်သို့ပြန်ပြောရမည်ကို ရှေးမဆွက မဆင်ခြင်ခြင်းငှါ သတိထားကြလော့။ အကြောင်းမူကား ရန်သူအပေါင်းတို့သည် မငြင်းခုံမဟန့်တားနိုင်သောနှုတ်သတ္တိ၊ ဉာဏ်သတ္တိကိုငါပေးမည်။"(လုကာ ၂၁း၁၄၊၁၅)ဟူသော ဘုရားသခင့်ကတိတော်သည် သူ၌ပြည့်စုံလေသည်။

လူထုတစ်ရပ်လုံးကို စိတ်ညွတ်အောင် အင်အားတန်ခိုးနှင့်ဟောပြောနေသောသတေဖန်ကိုကြည့်လျက်ယဇ်ပုရောဟိတ်များ၊ယုဒလူအကြီးအကဲများတို့သည်

အလိုလိုနေရင်း သူ့ကိုအမုန်းတရားပွါးကြလေသည်။ သူတင်ပြနေသောဖြစ်ရပ်မှန်အထောက်အထားများကို ခံဝန်ပြောင်းလဲအသက်ရှင်နေထိုင်ရမည့်အစားထိုသူတို့သည် သတေဖန်အား နှုတ်ပိတ်အသေသတ်ရန်ကြံစည်ဆုံးဖြတ်ကြ၏။ ထိုကိစ္စကို အကောင်အထည်ဖော်ရန် သူတို့သည် ရောမအာဏာပိုင်များကို လာဘ်ထိုးကြသဖြင့် လက်အောက်ခံဖြစ်သော်လည်း အမျိုးသားအချင်းချင်းကို ကိုယ်ပိုင်အုပ်ချုပ်တရားစီရင်၍ သေပြစ်ပေးနိုင်သောအာဏာကို လျှို့ဝှက်စွာရယူသုံးစွဲကြပါ၏။

သတေဖန်၏ရန်သူများကား မိမိတို့ကိုကိုယ်အထိအခိုက်မရှိ ကြံလေသမျှအောင်တော့မည်ဟု သံသယကင်းစွာယုံစိတ်ချထားကြလေပြီ။ ဖြစ်လာသမျှအကျိုးဆက်များကိုလည်း ရင်ဆိုင်ကြမည်ဟုဆုံးဖြတ်ကာ သတေဖန်ကိုတရားစွဲ၍ စန်ဟီဒရင်တရားလွှတ်တော်ရုံးသို့ ယူဆောင်လာကြပါသည်။

အနီးပတ်ဝန်းကျင်တိုင်းပြည်များမှ ပညာတတ်ဂျူးလူမျိုးများကိုလည်း အသိပေးကြေညာလျက် အကျဉ်းသားသတေဖန်၏ငြင်းဆိုချက်မှာ မှားယွင်းကြောင်းကြားသိစေရန် ရည်ရွယ်ချက်ဖြင့် ဖိတ်ခေါ်ကြပါ၏။ ထိုသူတို့တွင် တာရှုမြို့သားရှောလုလည်းပါ၏။ သူကား သတေဖန်ကိုဆန့်ကျင်သူများတွင် ခေါင်းဆောင်ဖြစ်သတည်း။ သူနှင့်အတူ အပြောအဟောကောင်းသောဒဿနိက ဗေဒပညာရှင်ကျမ်းတတ်အကျော်အမော်များပါလာ၏။

သတေဖန်မှားကြောင်းနှင့် သူ၏သွန်သင်ချက်များအန္တရာယ်ကြီးမားကြောင်းကို လူထုကြီးအားစိတ်ပြောင်းရန် ပရိယာယ်နှင့်ဟောပြောသိမ်းသွင်းမည်ဟု ရည်ရွယ်ချက်ဖြင့် လိုက်ပါလာကြသည်။ သို့သော် ရှောလုသည် သတေဖန်၌ထူးခြားသောအခြင်းအရာကိုမြင်၏။ ထိုသူသည် တစ်ပါးအမျိုးသားတို့ထံသို့ဧဝံဂေလိသာသနာသတင်းစကားဟောပြောပျံ့နှံ့စေမည့် ဘုရားသခင့်အလိုတော်ကို အကြွင်းမဲ့သိနားလည်သောသူပါတကားဟုမြင်၏။

ယဇ်ပုရောဟိတ်များနှင့် ယုဒလူမျိုးအကြီးအကဲတို့သည် သတေဖန်၏ပညာကိုယှဉ်၍လည်းမရ၊ နိုင်း၍လည်းမမှီဖြစ်ရကား သူတို့၏မုန်းတီးစိတ်အငြိုးကိုကျေနပ်နှစ်သိမ့်စေရန် မမှန်သက်သေပြုမည့်သူများကို ငှားရမ်းကြ၏။ ဘယ်လိုပြောဆိုရမည်ကိုလည်း ထိုသက်သေတို့အားသွန်သင်ပေးလေသည်။ ခရစ်ယာန်ကျမ်းစာမှတ်တမမ်းအရ “မမှန်သောသက်သေတို့ကိုခေါ်၍ ဤသူသည် သန့်ရှင်းသော

အရပ်ဌာနတော်နှင့်ပညတ်တရားတော်ကိုလွန်ကျူး၍ အစဉ်မပြတ်ပြောဆိုလျက်နေပါ၏။ ထိုနာဇရက်မြို့သားယေရှုသည် ဤအရပ်ဌာနတော်ကို ဖျက်ဆီး၍ ငါတို့အားမောရှေအပ်ပေးသော ထုံးနည်းဥပဒေသကို ပြောင်းလဲစေမည်ဟု ဤသူဆိုသည်ကို အကျွန်ုပ်တို့သည်ကြားရပါပြီ" ဟု သက်သေခံကြ၏။

သတေဖန်သည် မိမိအား ဘုရားသခင်ကိုစော်ကားသူဟုတင်လျှောက်ထားသောစွပ်စွဲချက်ကိုချေပရန် တရားသူကြီးများရှေ့တွင် မျက်နှာချင်းဆိုင်ရပ်လျက် ဖြေဆိုမည်ပြုနေစဉ်တွင် တောက်ပသောအလင်းရောင်သည် သူ၏မျက်နှာပေါ်တွင်ထွန်းလင်းသဖြင့် "လွှတ်တော်၌ထိုင်လျက်ရှိသောသူအပေါင်းတို့သည် သတေဖန်ကိုစေ့စေ့ကြည့်ရှုလျှင် သူ၏မျက်နှာသည် ကောင်းကင်တမန်၏ မျက်နှာကဲ့သို့မဖြစ်သည်ဟု ထင်မှတ်ကြ၏။" အများသောသူတို့သည် ထိုအလင်းရောင်ကိုတွေ့မြင်သောအခါ တုန်လှုပ်၍မိမိတို့၏မျက်နှာကိုပုဝါနှင့်ဖုံးကာကြ၏။ သို့သော်လည်း ခေါင်းမာ၍တစ်ဖက်သတ်ဆန်သော ယုဒလူအကြီးအကဲတို့သည် သိမ့်သိမ့်မျှမတုန်လှုပ်၊ ဇဝေဇဝါလည်းမဖြစ်၊ ရှေးဘိုးဘေးများကဲ့သို့ လည်ပင်းခိုင်မာသောသူများဖြစ်ကြပေသည်။

သတေဖန်ကို ရုံးတော်မှတရားစွဲဆိုထားသည့်အတိုင်း မေးခွန်းမေးသောအခါ သူသည် ရှင်းလင်းပြတ်သား၍ တည်ငြိမ်အေးဆေးသောအသံဖြင့် ထုချေလျှောက်တင်ပြာကွယဖြေရှင်းသည့်စကားမှာ ကောင်စီခန်းမကြီးတစ်ခုလုံးကိုမြည်ဟည်းပဲ့တင်ထပ်သွားစေ၏။ စုဝေးနေကြကုန်သောသူကြီးငယ်အပေါင်းတို့သည်လည်းယခင်ခေတ်က ဘုရားသခင်ရွေးချယ်ခံလူလူတစ်စု၏သမိုင်းကြောင်းကို ပြန်ပြောင်းနားထောင်ရကြ၏။ သတေဖန်သည် ယုဒလူမျိုးရေးရာတစ်ခုလုံးကိုခရေစေ့တွင်းကျသိနားလည်သူဖြစ်၏။ ယခုတော့ ခရစ်တော်သခင်အားဖြင့် ဝိညာဉ်ရေးဆိုင်ရာအနက်ကိုဖွင့်ပြရာမေရှိယနှင့်ပတ်သက်သောပုရောဖက်မောရှေ၏ ကြိုဟောပြောစကားကိုပြန်လည်ရွတ်ဆို၏။ "သင်တို့၏ဘုရားသခင်ထာဝရဘုရားသခင်သည် သင်တို့အမျိုးသားချင်းတို့အထဲ၌ ငါနှင့်အတူပုရောဖက်တစ်ပါးကို သင်တို့အဖို့ပေါ်ထွန်းစေ တော်မူမည်။ ထိုပုရောဖက်၏စကားကိုနားထောင်ရကြမည်။" ဤသို့ပြောခြင်းဖြင့် သတေဖန်သည် ထာဝရဘုရားသခင်အပေါ်သစ္စာရှိ၍ ယုဒလူမျိုးတို့၏ယုံကြည်ခြင်းကိုလည်း မပစ်ပယ်ကြောင်းထင်ရှားစေ၏။ ယုဒလူမျိုးတို့ကယ်တင်ခြင်းအ တွက် ယုံကြည်အားထားရပါသောပညတ်တရားသည်လည်း ဣသရေလလူမျိုးကို ဖောက်ပြန်မှုများမှ မကယ်မနိုင်ကြောင်းကိုလည်း

ပြ၏။ ယေရှုခရစ်တော်သည်သာ ယုဒလူမျိုးတို့သမိုင်းကြောင်း၏အဖြေဖြစ်ကြောင်း၊ ဆက်နွှယ်နေကြောင်းကိုသိစေ၏။ ရှောလမုန်မင်းကြီးနှင့်ပုရောဖက်ဟေရှာယတို့၏ ဗိမာန်တော်နှင့်ပတ်သက်၍ စကားကိုရည်ညွှန်းပြောသည်ကား၊ "ကောင်းကင်သည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင်ရာခုံဖြစ်၏။ အဘယ်သို့သောဗိမာန်ကိုငါ့ အဖို့တည်ဆောက်ကြမည်နည်း။ အဘယ်အရပ်သည် ငါ့ကိန်းဝပ်ရာဖြစ်မည်နည်း။ ငါ့လက်သည် ဤအရာအလုံးစုံကို ဖန်ဆင်းသည်မဟုတ်လော။"

သတေဖန်သည် လျှောက်လဲချက်တင်ပြရာ၌ ဤအချက်သို့ရောက်လာသည်နှင့် လူထုကြီးသည် အုတ်အုတ်ကျက်ကျက်ဖြစ်လာသည်။ ခရစ်တော်နှင့် ပတ်သက်သောပုရောဖက်ဟောပြောချက်ကိုပြောဟောရာ၌ ခရစ်တော်သခင်သည် ဤဗိမာန်တော်ကိုဖြိုဖျက်မည် (မိမိခန္ဓာကိုယ်ကို ရည်ညွှန်းပြောဆိုခြင်း) ဟူသောအချက်က သူ့ကိုလုပ်ကြံရန်အကောင်းဆုံးသောချက်ပင်ဖြစ်၏ဟုယူဆကာ ယဇ်ပုရောဟိတ်မင်းသည် တုန်လှုပ်ချောက်ချားဟန်ပြလျက် မိမိဝတ်ရုံတော်ကိုဆုတ်ဖြဲသည်ကား၊ သတေဖန်၏ဟောပြောသံသည် မကြာမီကာလတွင် ထာဝစဉ်တိတ်ဆိတ်ဖို့ လိုပြီဟု သင်္ကေတအမှတ်ပေးသည်နှင့်တူ၏။ သူ့စကားချက်ကို ခုခံဆန့်ကျင်သူတိုးပွားလာသဖြင့်လည်း ဤသည်ကား ငါ၏နောက်ဆုံးသက်သေခံချက်ပင်ဖြစ်ချေတော့အံ့ဟု သိမြင်သဖြင့် မိမိ၏တရားဟောချက်ကို ရုတ်တရက်ဖြတ်တောက်ကာ နိဂုံးချုပ်လိုက်လေသည်။

ရုတ်ချည်းဆိုသကဲ့သို့ သတေဖန်သည် ရှည်လျားသောသမိုင်းကြောင်းကို ဆက်လက်ဟောပြောအနေတော့ဘဲ သူ့ကိုစိတ်ဆိုးနေသောတရားသူကြီးများထံ မျက်နှာပြု၍ "လည်ပင်းခိုင်မာပြီး နှလုံးဖြင့်လည်းကောင်း၊ နားဖြင့်လည်းကောင်း အရေဖျားလှီးခြင်းကိုမခံသောလူတို့၊ သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို အစဉ်မပြတ်ဆန့်ကျင်ဘက်ပြုလေ့ရှိကြ၏။ သင်တို့ဘိုးလေးများ၏အလေ့နှင့် သင်တို့အလေ့တူ၏။ သင်တို့ဘိုးဘေးများသည် အဘယ်ပုရောဖက်ကိုမညှင်းဆဲဘဲ နေသနည်း။ ဖြောင့်မတ်သောသူကြွလာတော်မူမည်အကြောင်းအရာကို ဟောပြောညွှန်ပြသောသူတို့ကို ကွပ်မျက်ကြ၏။ ထိုဖြောင့်မတ်သောသူကိုပင် ယခုလည်း သင်တို့သည်အပ်နှံ၍အသေသတ်ကြပြီ။ သင်တို့သည် ကောင်းကင်တမန်များခင်းကျင်းသောအားဖြင့် ပညတ်တရားတော်ကိုခံရသော်လည်း မစောင့်မရှောက်ကြဟု သတေဖန်မြွက်ဆို၏။"

ထိုစကားကိုကြားလျှင် ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲတို့သည် နှလုံးကွဲပြတ်မတတ်ဖြစ်ပြီး လူသဏ္ဌာန်ပျောက်၍ ရက်စက်သောသားရဲအသွင်ဆောင်ကာ သတေဖန်ထံသို့အံသွားခဲကြိတ်ကာ ပြေးသွားကြသည်။

ကြမ်းတမ်းရက်စက်မည့်မျက်နှာကြော တင်းမာသူများဝန်းကျင်တွင်ရှိနေသဖြင့် အကျဉ်းသားသတေဖန်မှာ မိမိ၏ဖြစ်ပေါ်လာမည့်အခြေအနေမှန်ကို ရိပ်စားမိလေပြီ။ သို့သော်လည်း သူသည် စိုးရိမ်ကြောက်ရွံ့စိတ်အလျှင်းမရှိပြီ။ သေရမည်ကိုလည်းမကြောက်တတ်တော့။

စိတ်ကြွနေသောလူထုကြီးနှင့် ဒေါသအိုးပေါက်ကွဲနေသောယဇ်ပုရောဟိတ်တို့၏ကြောက်မက်ဖွယ်မြင်ကွင်းကိုလည်း သူမမြင်ရတော့။ သူ့အမြင်တွင်ကောင်းကင်ဘုံတံခါးပွင့်လျက်နေ၏။

ကောင်းကင်သို့ စေ့စေ့ကြည့်မျှော်၍ ဘုရားသခင်၏ဘုန်းတော်ကိုလည်းကောင်း ဘုရားသခင်၏လက်ယာတော်ဘက်၌ ယေရှုရပ်နေသည်ကိုလည်းကောင်း သူမြင်၏။ မြင်သည့်အတိုင်း အောင်မြင်သောအသံ နှင့်လည်းကြွေးကြော်လိုက်၏။ "ကြည့်ပါ။ ကောင်းကင်ဖွင့်လှစ်သည်ကိုလည်းကောင်း၊ လူသားသည် ဘုရားသခင်၏လက်ယာတော်ဘက်၌ရပ်နေသည်ကိုလည်းကောင်း ငါမြင်သည်ဟုဆို၏။"

ထိုသို့ သတေဖန်သည် ဘုရားသခင်၏ဘုန်းတော်ကိုတွေ့မြင်ငေးကြည့်နေပုံနှင့် ဖော်ပြပြောဆိုပုံတို့ကို နှိပ်စက်သူတို့သည် ကြားမြင်သဖြင့် မခံမရပ်နိုင်ကြ။ ပြင်းစွာသောအသံနှင့်ဟစ်ကြော်၍ နားကိုပိတ်ဆို့လျက် ညီညွတ်စွာတစ်ဟုန်ထိုးပြေး၍ မြို့မြင်သို့ထုတ်ပြီးမှ ကျောက်ခဲနှင့်ပစ်ကြ၏။ "ကျောက်ခဲနှင့်ပစ်ကြစဉ်သတေဖန်သည် ဆုတောင်းပြုလျက် သခင်ယေရှု၊ အကျွန်ုပ်၏ဝိညာဉ်ကို သိမ်းယူတော်မူပါဟုလျှောက်ဆို၏။ ဒူးထောက်လျက်၊ သခင်၊ ဤသူတို့ပြုသောအပြစ်ကိုမှတ်တော်မမူပါနှင့်"ဟု ကြီးသောအသံနှင့်ကြွေးကြော်ပြီးမှ အိပ်စက်လေ၏။

သတေဖန်လုပ်ကြံခံရသောအမှုနှင့်ပတ်သက်၍ တရားဝင်သေပစ်ခံစေဟူသောတရားစီရင်ခွင့်သည် ယုဒလူမျိုးတို့၌မရှိပါ။

ရောမအာဏာပိုင်များကို ငွေ ကြေးများစွာပေး၍ လာဘ်ထိုးထားသဖြင့် ထိုအမှုနှင့်ပတ်သက်၍လည်း ရှေ့ဆက်စုံ စမ်းစစ်ဆေးခြင်းမပြုကြ။

သတေဖန်၏လုပ်ကြံခံရခြင်းအာဇာနည်အဖြစ်ကို မျက်မြင်သက်သေရှိသူများမေ့မရနိုင်တော့ပြီ။ သူ၏မျက်နှာအပေါ်ထာဝရဘုရားသခင်၏ တံဆိပ်လက်မှတ်ထင်ဟပ်ပုံ၊ သူ၏နောက်ဆုံးပြောသွားသောစကားတို့ကိုကြားရမြင်ရသူတိုင်း စိတ်အာရုံတွင်ကျန်ရစ်တော့၏။ သတေဖန်ဟောကြားသောအမှန်တရားသတင်းကောင်းအလုံးစုံတို့သည်လည်း ကျန်ရစ်၏။ သူ၏သေခြင်းသည် အသင်းတော်ကိုဆန်ခါနှင့်ခါသလိုဖြစ်၏။

သို့သော် ရှောလု၏ပြောင်းလဲခြင်းက အမြတ်ပေါ်ပါသည်။ အကြောင်းမူကား၊ ဤလုပ်ကြံမှုတွင် အဓိကသက်သေဖြစ်သော ရှောလုသည် မိမိတစ်သက်တာတွင်မေ့၍မရနိုင်သောမိမိအာရုံတွင် မပျက်စီးနိုင်သောခရစ်ယာန်အာဇာနည်သူရဲကောင်း၏ယုံကြည်ခြင်းနှင့်စွဲမြဲခြင်း၊ မျက်နှာပေါ်တွင် ထွန်းလင်းသောဘုန်းတန်ခိုးသည် ထာဝစဉ်တည်ရှိသွားပြီဖြစ်သောကြောင့်တည်း။

သတေဖန်၏တရားဆိုင်၍သေရပုံမြင်ကွင်းကား ပထမတွင်ရှောလုကိုပို၍အမျက်ထွက်ကာ ဘာသာရေးတွင်စိတ်အားကြီးစေ၏။ သို့သော် နောက်ပိုင်း၌သတေဖန်သည် လူ့အပယ်ခံဖြစ်သော်လည်း ထာဝရဘုရားသခင်၏ဂုဏ်ပြုခြင်းခံရပုံကိုမိမိ၏အတွင်းစိတ်လျှို့ဝှက်စွာသိနားလည်မှုက သူ့ကိုသူစိတ်ဆိုးမိစေသည်။ ရှောလုသည် ထာဝရဘုရားသခင်၏အသင်းတော်ကိုဆက်လက်ညှဉ်းဆဲ၏။ တွေ့ရာသချိုင်းဓါးမဆိုင်းစိတ်ဓာတ်ဖြင့် အိမ်တွင်းဝင်၍ လူကိုရုံးတင်စစ်ဆေးတရားစီရင်၍ သေပစ်ရှိကသတ်၏။

ဤသို့ စိတ်အားကြီးစွာလုပ်ဆောင်နေသည်ကိုကြား သိလေသူတိုင်းတုန်လှုပ်ရ၏။ ယဇ်ပုရောဟိတ်များနှင့် လုဒလူမျိုးအကြီးအကဲများရှေ့တွင် ရှောလုမျက်နှာရနေလေပြီ။ ယေရုရှလင်မြို့ရှိခရစ်ယာန်များတို့သည်လည်းကြောက်လန့်ကြကုန်၏။ ရောမအာဏာပိုင်များတို့ကား ဤရက်စက်စွာအစုလိုက်၊ အပြုံလိုက်ညှဉ်းဆဲသတ်ဖြတ်မှုကို အထူးအားစိုက်၍မဟန့်တား။ ဂျူးလူမျိုးတို့စိတ်ဘဝင်ကိုတွေ့စေ၍ မျက်နှာရရှိရေးကိုသာ စိတ်ဝင်စားကြလေသည်။

သတေဖန်သည် ခရစ်သခင်၌ အိပ်စက်အနားယူပြီးသည်နောက် ရှောလုသည် စန်ဟီဒရင်လွှတ်တော်ကောင်စီဝင်အမတ်တစ်ဦးဖြစ်လာသည်။ သူ၏စိတ်အားကြီးစွာညှဉ်းဆဲတတ်ခြင်း၏အကျိုးပင်ဖြစ်သည်မဟုတ်လော။ ဘုရားသခင်သားတော်ကို ဆန့်ကျင်ပုန်ကန်၍ စာတန်၏လက်ပါးစေ၊ လက်ကိုင်တုတ်

အဖြစ်အသုံးခံနေသည်မှာ အတန်ကြာမျှဖြစ်၏။ သို့သော်လည်းစိတ်မာန်မလျှော့ဘဲအသင်းတော်ကို နှိပ်စက်ညှဉ်းဆဲခြင်းအမှု၌ ပျော်မွေ့သောသူကို ထာဝရဘုရားသခင်သည် မကြာမီကာလတွင်းမှာပင် အသင်းတော်ကိုပြန်လည်တည်ဆောက်ရန်ရွေးချယ်ခန့်အပ်အလုပ်ခိုင်းထားလေသည်။ စာတန်ထက် တန်ခိုးကြီးသောသခင်က ရှောလုကို ခရစ်ယာန်အာဇာနည်သူရဲကောင်းသတေဖန်နေရာ၌ အစားထိုးခေါ်ယူရွေးချယ်ခန့်အပ်ထားလေပြီမဟုတ်လော။ အဘယ်သူငြင်းဆန်နိုင်သနည်း။ သို့ဖြစ်၍ ရှောလုသည် ပေါလုအမည်သစ်ကိုရရှိကာ ထိုသခင်၏နာမတော်အတွက် အပင်ပန်းဆင်းရဲခံကာ အသွေးတော်အားဖြင့် ကယ်တင်ခြင်းရရှိနိုင်သော ဧဝံဂေလိသတင်းကောင်းကို လောကနိုင်ငံအရပ်ရပ်တို့၌ဟောပြောသက်သေခံသည်မှာ သဘာဝကျပါပေသည်။ ကျွန်ုပ်တို့သည်လည်း သဘာဝကျကျအသက်ရှင်ဖို့လိုအပ်ပါပေသည်။

-----o-----

# အခန်း (၁၁)
# ရှမာရိပြည်ရောက်ဧဝံဂေလိသတင်းကောင်း

(တမန်တော်အခန်းကြီး (၈) ကိုအခြေပြုပါသည်)

အသင်းထောက်သတေဖန်သေဆုံးပြီးသည်နောက် ယေရုရှလင်မြို့၌ရှိသော ယုံကြည်သူများစုဝေးရာ "အသင်းတော်သည် ပြင်းစွာသောညှဉ်းဆဲခြင်းကို ခံရသဖြင့် သင်းဝင်သူအပေါင်းတို့သည် ယုဒပြည်၊ ရှမာရိပြည်အရပ်ရပ်တို့၌ အနှံ့အပြားကွဲပြားကြ၏။" "ရှောလုသည် အသင်းတော်ကိုဖျက်ဆီးလေ၏။ အိမ်များသို့ ဝင်ပြီးလျှင် ယောကျ်ား၊ မိန်းမတို့ကိုဆွဲငင်၍ ထောင်ထဲ၌ထားတတ်၏။" ရှောလုစိတ်အားကြီး၍ လုပ်ဆောင်သောလုပ်ရပ်များကား ရက်စက်ပါပေသည်။ နောင်သောအခါ သူကိုယ်တိုင် ဤသို့ဖွင့်ဟပြောဆို၏။ "နာဇရက်မြို့သားယေရှု၏နာမတော်နှင့် ဆန့်ကျင်သောအမှုများကိုပြုကောင်း၏ဟု အကျွန်ုပ်သည် စိတ်ထင်လျက် ယေရုရှလင်မြို့၌ ထိုအမှုကိုပြုမိပါ၏။

ယဇ်ပုရောဟိတ်မင်းကြီးတို့ထံ၌အခွင့်ရပြီးလျှင် သန့်ရှင်းသူအများတို့ကို ထောင်ထဲမှာလှောင်ထားပါ၏။ သူတို့သည် အသေသတ်ခြင်းကိုခံရသောအခါ အကျွန်ုပ်သည်ဝန်ခံပါ၏။ ထိုသူတို့သည် ဘုရားသခင်ကို နှုတ်ဖြင့် ပြစ်မှားစေခြင်းငှါ အကျွန်ုပ်သည် အနိုင်အထက်ပြု၍ ခပ်သိမ်းသောတရားဇရပ်တို့၌ ကြိမ်ဖန်များစွာဒဏ်ပေးပါ၏။ ပြင်းစွာသောအမျက်ဒေါသနှင့်ယစ်မူးသဖြင့် တစ်ကျွန်းတစ်နိုင်ငံတိုင်အောင် သူတို့ကိုညှဉ်းဆဲနှိပ်စက်ပါ၏။" (တမန်တော် ၂၆း၉-၁၀)။ သို့ဆိုလျှင် ရှောလုသတ်သူများတွင် သတေဖန်တစ်ယောက်တည်းသာမဟုတ်ကြောင်းမှတ်သားရပေမည်။

ဤလိုအခက်အခဲကြုံနေစဉ်ကာလ နိကောဒင်သည် လက်ဝါးကပ်တိုင်ပေါ်မှာအသေခံသွားခဲ့သောကယ်တင်ပိုင်သူအား မိမိသည် အကြွင်းမဲ့ယုံကြည်ပါ၏ဟု ဝန်ခံချက်ပေးလေသည်။ သူသည် စန်ဟီဒရင်လွှတ်တော်အမတ်တစ်ဦးဖြစ်၍ အခြားသူများနည်းတူ ယေရှုသခင်၏သွန်သင်ချက်များဖြင့် နိုးဆော်ခြင်းခံရလေ၏။ ခရစ်တော်သခင်၏အမှုတော်မြတ်ကို သက်သေမျက်မြင်ဖြစ်သောကြောင့်လည်း

ကိုယ်တော်သည် ဘုရားသခင်သားတော်ပင်ဖြစ်၏ဟု စွဲလမ်းမိပါ၏။ ဝမ်းသာဂုဏ်ယူမိလွန်း၍ ဂါလိလဲအိုင်အားဆရာသမားကြီးထံ လျှို့ဝှက်စွာဆည်းကပ်နည်းခံမေးမြန်းခဲ့ပါသေး၏။ ထိုတွေ့ဆုံဆွေးနွေးမှုတွင် ယေရှုသခင်က မိမိ၏ကယ်တင်ခြင်းစီမံကိန်းကိုဖော်ပြလျက် ကမ္ဘာတစ်ဝန်းခရစ်ယာန်သာသနာဖြန့်ရန် ဖိတ်ခေါ်သောအခါ သူတုံ့ဆိုင်းလျက်ရှိဆဲပင်ဖြစ်၏။ အမှန်တရားကိုတော့သိနေပြီ။ သို့သော် သုံးနှစ်သုံးမိုးအသီးပုန်းဘဝနှင့်နေခဲ့၏။

ခရစ်တော်သခင်သည် လူသိရှင်ကြားအသိ အမှတ်ပြုလက်သင့်မခံသည်သာရှိမည်။ ကိုယ်တော်ကိုဆန့်ကျင်ဘက်ပြုရန် စန်ဟီဒရင်ကောင်စီတရားရုံးတော်ကကြံစည်လေတိုင်း သူတားဆီးဆန့်ကျင် (အသေသတ်)ခဲ့သည်။

နောက်ဆုံး မရှောင်သာ၍ လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်သခင်ချိတ်ဆွဲခြင်းခံရသည်ကိုမြင်သောအခါ ထိုနေ့ညသံလွင်တောင်ပေါ်တွင် တွေ့ဆုံဆွေးနွေးပွဲက သခင်ပြောသောစကားတော်ကိုပြန်လည်သတိရမိသည်။ "မောရှေသည် တော၌မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။" (ယောဟန် ၃း၁၄)။ အချိန်စေ့သော် သွေးထွက်အောင်မှန်သော ထိုစကားကြောင့် ယေရှုသခင်သည် ဤလောကကြီး၏ကယ်တင်ရွေးနှုတ်သခင်ဖြစ်တော်မူကြောင်းကို သူတွေ့မြင်ခဲ့ရလေပြီမဟုတ်လော။

အရိမသဲမြို့သားယောသပ်နှင့်အတူ နိကောဒင်သည် ယေရှုသခင်၏ ဈာပနသင်္ဂြိုလ်စရိတ်ကို ဝေမျှပေးဆောင်ခဲ့ပါသည်။ ထိုအချိန်က အရိမသဲမြို့သား ယေသပ်နှင့်နိကောဒင်တို့ရဲရင့်သလောက် ခရစ်တော်နောက်လိုက် တပည့်တော်များသည် ထင်ထင်ပေါ်ပေါ်မိမိတို့ကိုယ်ကိုမဖော်ပြရဲကြပါ။ ထိုခက်ခဲမှုမှောင်မိုက်ကာလတို့အတွင်း ဤကဲ့သို့သောလူကုံထံ၊ သိက္ခာသမာဓိရှိသူများ၏ ကူညီမစမှုသည် အလိုအပ်ဆုံးဖြစ်၏။

သူဆင်းရဲတပည့်တော်များမလုပ်ဆောင်နိုင်သောအမှုကို သူချမ်းသာတို့သည် သေဆုံးသွားသောသခင့်အတွက် လုပ်ဆောင်ပေးနိုင်ခွင့်ရရှိသည်မှာကောင်းချီးပင်ဖြစ်ချေ၏။ သိက္ခာရှိလူကုံထံတို့၏ချမ်းသာကြွယ်ဝမှုသြဇာက တပည့်တော်တို့အား ယဇ်ပုရောဟိတ်များနှင့် ဂျူးလူမျိုးအကြီးအကဲတို့၏ရန်ငြိုးမှအတိုင်းမသိ ကာကွယ်မှုပေးနေသည်မဟုတ်ပါလော။

ယခုလိုယုဒလူများက နုငယ်နေသေးသောအသင်းတော်ကို ဖျက်ဆီးရန် ကြံစည်ကြိုးစားနေသည်ဆိုသောအခါ၌ နိကောဒင်သည် အသင်းတော်ကို ကာကွယ်ဖို့ဦးဆောင်ဦးရွက်ပြုလာပါ၏။ ယခင်ကလိုဘေးကိုကြည့်၍ အမြဲသတိထား ကာရှောင်သင့်မရှောင်သင့်၊ မေးခွန်းထုတ်မနေတော့ဘဲ တပည့်တော်တို့ကို ယုံကြည်ခြင်း၌သစ္စာရှိရန်အားပေးသည်။ ယေရုရှလင်မြို့အသင်းတော်ကို ကြပ်မတ်ကြည့်ရှု၊ စောင့်ထိန်းထောက်ပံ့ရန် မိမိစည်းစိမ်ချမ်းသာကိုအသုံးချ၏။ ဧဝံဂေလိသာသနာလုပ်ငန်းတိုးချဲ့ရန်လည်း ပံ့ပိုးကူညီလေသည်။ သို့ဖြစ်၍ တစ်ချိန်က သူ့အားအရိုအသေပေးသူတို့သည် ယခုတွင် သူ့အားကျိန်ဆဲကာ ညှဥ်းပန်းနှိပ်စက်၏။ လောကစိမ်းစည်ဥစ္စာများကုန်ခန်း၍ ဆင်းရဲတွင်းနက်လာသော်လည်း နိကောဒင်သည် မိမိ၏ယုံကြည်ခြင်းကိုကာကွယ်ရာ၌ဖင့်နွှဲခြင်းမရှိခဲ့ပါချေ။

ယေရုရှလင်မြို့အသင်းတော်သည် နှိပ်စက်ညှဥ်းဆဲခြင်းကိုခံရသဖြင့် ဧဝံဂေလိသာသနာတော်မှာ တိုးပွါးအားကြီးလာ၏။ ထိုနေရာဒေသတိုးပွါးအောင်မြင်လာသည်နှင့်အမျှ တပည့်တော်များကယ်တင်သခင်၏မိန့်မှာချက်အရ ကမ္ဘာအနှံ့ဧဝံဂေလိသာသနာမဖြန့်ဘဲ အချိန်ကြာမြင့်စွာနှောင့်နှေးကြန့်ကြာစေက အမှုတော်မြတ်ကြီးချည့်နဲ့ရပါမည်။ လွယ်လွယ်ကူကူအဆင်ပြေချောမောစွာနှင့်မဟုတ်ဘဲ ရန်ပြိုးရန်စနှင့်လုပ်ဆောင်ရသောအလုပ်သည် မကောင်းမှုကိုတွန်းလှန်ရန် အကောင်းဆုံးခွန်အားကိုဖြစ်စေ၏။ အဆိုးကိုအကောင်းနှင့်အနိုင်ယူရန် အခွင့်အရေးပေတည်း။ "ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကိုငါတတ်စွမ်းနိုင်၏။"(ဖိလိပ္ပိ ၄း၁၃)။ ဤသဘောကို တပည့်တော်တို့မေ့ထားကြသည်။ ယေရုရှလင်မြို့အသင်းတော်ကို ဝိညာဥ်ရေးရန်သူ၏တိုက်ခိုက်မှုမှကာကွယ်ဖို့ရန်သာ အရေးကြီးသည်ဟုစဥ်းစားမိသည်။ သို့ဖြစ်၍ သင်းဝင်သူအသစ်တို့ကိုမကြားသိရသေးသူများသို့ ဧဝံဂေလိသတင်းလက်ဆင့်ကမ်းသယ်ပို့ရန် ပညာပေးသင်တန်းပို့ချရမည့်အစား၊ မိမိတို့၏လက်ရှိအောင်မြင်ပြီးပြည့်စုံမှုနှင့်သာ ရောင့်ရဲကျေနပ်ကြကုန်၏။ အမှန်အားဖြင့် ထာဝရဘုရားသခင်သည် မိမိကိုယ်စားလှယ်တော်များနေရာအနှံ့ပြန့်ပွားရေးအတွက် ထိုသူတို့ကိုနှိပ်စက်ညှဥ်းဆဲခြင်းနှင့်တွေ့ကြုံစေခြင်းသာဖြစ်၏။ ထို့ကြောင့် ယေရုရှလင်မြို့တော်မှ "အရပ်ရပ်သို့ကွဲပြားသောသူတို့သည်လှည့်လည်၍ နှုတ်တော်ထွက်စကားတည်းဟူသော ဧဝံဂေလိတရားကိုဟောပြောကြ၏။"

"သင်တို့သည်သွား၍ လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်" (မဿဲ ၂၈း၁၉)ဟု ကယ်တင်ရှင်သခင်၏စေခိုင်းချက်ကို ခံယူရရှိကြသူတို့တွင် ရိုးရိုးသားသားဖြင့် အသက်မွေးကြသူများစွာပါဝင်၏။ ထိုသူတို့သည် သခင်ကိုချစ်သောစိတ်နှင့်တစ်ကိုယ်ကောင်းမဆန်၊ ကိုယ်ကျိုးမဖက် ဖွဲလုံ့လဖက်၍ သခင်၏ခြေတော်ရာအတိုင်းလိုက်ပါမည်ဟု ဆုံးဖြတ်ပြီးကြသူများဖြစ်၏။ ထိုကဲ့သို့ စိတ်နှလုံးနှိမ့်ချသူများနှင့် သခင်ယေရှုနှင့်အတူတကွသုံးနှစ်ခွဲမျှသွားလာစားသောက်၊ အိပ်စက်အနားယူသူတပည့်တော်များအား မြင့်မြတ်အမှုတော်ကို ယုံကြည်စိတ်ချစွာ အပ်နှင်းထားပါ၏။ ထိုသူတို့သည် ခရစ်တော်သခင်အားဖြင့် ကမ္ဘာအနှံ့ဝမ်းမြောက်ဖွယ်ရာကယ်တင်ခြင်းသတင်းကောင်းကို သယ်ဆောင်ကြွေးကြော်ရကြမည်မဟုတ်ပါလောမိတ်ဆွေ။

ထိုသူတို့သည် နှိပ်စက်ညှဉ်းပန်းခြင်းအမှုကြောင့် နေရာအနှံ့ပြန့်ကျဲကာသွားလာလျက်ရှိသောအခါ သူတို့၏စိတ်နှလုံးတွင် ခရစ်ယာန်သာသနာပြုလိုစိတ်အားကြီးမှုနှင့်သာ ပြည့်နေလေသည်။ သူတို့လက်ထဲတွင်တရားငတ်နေသော လောကသားတို့အတွက် အသက်မုန့်ရှိနေသည်ကိုသိ၏။ ခရစ်တော်သခင်၏ အနိုင်အထက်သွေးဆောင်သောချစ်ခြင်းမေတ္တာတော်မျိုးနှင့် လိုအပ်သူအပေါင်းကိုထိုအသက်မုန့်ချိုးဖဲ့ပေးကမ်းဝေငှရန်ဖြစ်၏။ ဘုရားသခင်သည်လည်း သူတို့နှင့်အတူရှိ၍ သူတို့သွားလေသောနေရာတိုင်းရှိ လူနာများကျန်းမာလာသည်။ သူဆင်းရဲများဝမ်းမြောက်ဖွယ်ရာဧဝံဂေလိတရားကိုကြားနာကြပါသည်။

ယေရုရှလင်မြို့တော်မှမောင်းထုတ်ခံရသူများတွင် အသင်းထောက်ခုနစ်ယောက်အနွယ်ဝင် ဖိလိပ္ပုလည်းပါ၏။ "သူသည် ရှမာရိမြို့သို့သွား၍ ခရစ်တော်အကြောင်းကိုဟောလေ၏။ လူအစုအဝေးတို့သည်ကြား၍ ဖိလိပ္ပုပြုသောအံ့ဖွယ်အမှုတို့ကိုမြင်သောအခါ သူ၏စကားကိုတစ်ညီတစ်ညွတ်တည်းနားထောင်ကြ၏။ အကြောင်းမူကား၊ နတ်ဆိုးစွဲသောသူများတို့၏အထဲမှ နတ်ဆိုးတို့သည် ပြင်းစွာသောအသံနှင့်အော်ဟစ်လျက် ထွက်သွားကြ၏။ ကိုယ်မလှုပ်နိုင်သောသူ၊ ခြေမစွမ်းသောသူအများတို့သည်လည်း ပကတိအဖြစ်သို့ရောက်ကြ၏။ ထိုမြို့သူမြို့သားတို့သည် အလွန်ဝမ်းမြောက်ခြင်းရှိကြ၏။"

ယာကုပ်ရေတွင်းအနားမှာ ရှမာရိအမျိုးသမီးတစ်ယောက်နှင့်ခရစ်တော်ယေရှုစကားပြောခဲ့သည်ကိုသတိရပါ။ သခင်၏သတင်းစကားကြောင့် ဝိညာဉ်

အသီးဆောင်ခဲ့လေပြီ။ ထိုအမျိုးသမီးသည် သခင်၏စကားကိုကြားသိနားလည်ပြီး လတ်သော် မြို့သို့ပြန်၍ မြို့သားတို့အား "အကျွန်ုပ်ပြုဖူးသမျှသောအမှုအရာတို့ကိုထုတ်ဖော်သောသူကိုလာ၍ကြည့်ကြပါ။ ထိုသူသည် ခရစ်တော်မှန်လိမ့်မည်လောဟုပြောဆိုသော် သူတို့သည် မြို့ထဲမှထွက်၍ အထံတော်သို့သွားကြ၏။ ယေရှုတရားတော်ကိုလည်းကြားနာရသဖြင့် ကိုယ်တော်ကိုယုံကြည်ကြ၏။ ပိုမို၍နာကြားလိုကြသဖြင့်လည်း သူတို့နှင့်အတူနေပါမည်အကြောင်းတောင်းပန်ကြ၏။ ဘုရားသခင်သည် သူတို့နှင့်အတူနှစ်ရက်တာမျှနေထိုင်၍တရားဟောသဖြင့် "အခြားသူများတို့သည် (သခင်၏)နှုတ်ထွက်စကားတော်ကြောင့်" ယုံကြည်သက်ဝင်ကြ၏။ (ယောဟန် ၄း၂၉၊၄၁)။

အနှင်ခံတပည့်တော်များအတွက် ရှမာရိမြို့သည် လုံခြုံသောကွန်းထောက်ခိုအရပ်ပင်ဖြစ်၏။ မြို့သားများကလည်း ဧဝံဂေလိသာသနာပြုသူများဆိုလျှင် ကြိုဆိုကြ၏။ တစ်ချိန်က ဂျူးလူမျိုးသည် သူတို့၏အကြီးဆုံးရန်သူဖြစ်ခဲ့သော်လည်း ယခုတော့ ဂျူးခရစ်ယာန်များအားဖြင့် ရှမာရိမြို့တွင် ဝိညာဉ်ဂုံစပါးကိုရိတ်သိမ်းရကြလေပြီ။

ဖိလိပ္ပုသည် ရှမာရိမြို့တွင် ခရစ်ယာန်သာသနာပြုရာ၌ အောင်မြင်သောကြောင့် သူ့ကိုကူညီမစပါရန် ယေရုရှလင်မြို့သို့ လူကိုစေလွှတ်၏။ ထိုအခါ တမန်တော်များသည် ယေရှုသခင်၏မိန့်မြွက်ချက်ကို အပြည့်အဝနားလည်ကြပါသည်။ "သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်။" (တမန်တော် ၁း၈)။

ဖိလိပ္ပုသည် ရှမာရိမြို့တွင် ရှိစဉ်အခါ "သင်ထ၍ ယေရုရှလင်မြို့မှ ဂါဇမြို့သို့သွားရာတောလမ်းတွင် တောင်မျက်နှာသို့သွားလော့ဟုဆိုသည်အတိုင်း ဖိလိပ္ပုသည်ထ၍သွားလေ၏။" သူသည် အမိန့်တော်ကိုချက်ချင်းနာခံပါ၏။ မေးခွန်းမထုတ်ပါ။ မတုံ့ဆိုင်းပါ။ အကြောင်းမူကား၊ သူသည် ထာဝရဘုရားသခင်၏အလိုတော်နှင့်အညီ သဘောတူထားပြီမဟုတ်ပါလောမိတ်ဆွေ။

"ထိုအခါ အဲသယောပိပြည်ကိုအစိုးရသောမိဖုရားကန္ဒက်ထံ၌ ဘုန်းကြီးသောအမတ်ဖြစ်၍ ဘဏ္ဍာတော်ရှိသမျှကို အုပ်စိုးရသောအဲသယောပိပြည်သားတစ်ယောက်သည် ကိုးကွယ်ခြင်းအလို့ငှါ ယေရုရှလင်မြို့သို့သွား၍ပြန်စဉ်တွင်

မိမိရထားပေါ်၌ထိုင်လျက် ပုရောဖက်ဟေရှာယ၏ကျမ်းစာကိုဖတ်လေ၏။" အဲသရောပိအမတ်ကြီးသည် လူရည်မွန်ဖြစ်၍ ဩဇာလွှမ်းမိုးမှုကျယ်ပြန့်၏။ သူသာပြောင်းလဲပါသော် သူရရှိသည့်အလင်းတရားကိုကြီးစားအားထုတ်ဝီရိယစိုက်လျက် ဧဝံဂေလိသာသနာသတင်းကောင်းကိုလက်ဆင့်ကမ်းမည်ကို ထာဝရဘုရားသခင်သိမြင်၏။ ကောင်းကင်တမန်များသည်လည်း ထာဝရဘုရားသခင်ကို ဤသို့ရှာဖွေသူများထံသွား၍ အကူအညီပေးရန်အသင့်ရှိ၏။ သန့်ရှင်းသောဝိညာဉ်တော် လမ်းညွှန်မှုဖြင့် ဘုရားသခင်သည် ထိုသူအားတရားအလင်းပေးပို့နိုင်မည့်သူနှင့် တွေ့ခွင့်ရစေသည်တကား။

ဖိလိပ္ပုသည် အဲသယောပိအမတ်ကြီးထံချဉ်းကပ်လျက် သူဖတ်ရှုနေသည်များကိုသူနားလည်ပါ၏လောဟုမေးမြန်း၍ ရှင်းလင်းဖော်ပြရန်ညွှန်ကြားမှုကိုခံရလေသည်။ "ထိုအမတ်ကလည်း သွန်သင်ပဲ့ပြင်သောသူမရှိလျှင် အဘယ်သို့နားလည်နိုင်မည်နည်းဟုဆိုပြီးမှ မိမိနှင့်အတူ ဖိလိပ္ပုတက်၍ထိုင်နေပါမည်အကြောင်းတောင်းပန်၏။"

ဖတ်သောကျမ်းချက်သည် ခရစ်တော်သခင်နှင့်ပတ်သက်သောပုရောဖက်ဟေရှာယ၏အနာဂတ္တိစကားပင်ဖြစ်၏။ "အသေသတ်ခြင်းငှာဆောင်သွားသောသိုးကဲ့သို့ သူ့ကိုဆောင်သွား၍ သိုးသငယ်သည် အမွေးညှပ်သောသူရှေ့မှာမမြည်ဘဲနေသကဲ့သို့ သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏။ နှိမ့်ချခြင်းကိုခံစဉ်တွင် သူတစ်ပါးတို့သည် ထိုသူကိုမတရားသဖြင့်စီရင်ကြ၏။ ထိုသူ၏အသက်ကို မြေကြီးကရုပ်သိမ်းသည်ဖြစ်၍ သူ၏အမျိုးအနွယ်ကိုအဘယ်သူပြညွှန်မည်နည်းဟု ကျမ်းစာလာသတည်း။"

"ထိုအမတ်ကလည်း ပုရောဖက်သည် အဘယ်သူကိုရည်မှတ်၍ ဤသို့ဆိုပါသနည်း။ ကိုယ်ကိုတည်းဆိုလိုသလော။ သူတစ်ပါးကိုတည်းဆိုလိုသလောဟုတောင်းပန်လျက်ဖိလိပ္ပုအားမေးမြန်းလျှင် ဖိလိပ္ပုသည် မိမိနှုတ်ကိုဖွင့်၍ ထိုကျမ်းချက်ကိုအစွဲပြုလျက် ယေရှုအကြောင်းတည်းဟူသော ဧဝံဂေလိတရားကို ဟောလေ၏။"

ထိုအမတ်သည် ကျမ်းစာကိုနည်းလည်လာသောအခါ မိမိအားပေးအပ်သောအလင်းကိုလက်ခံရန်အသင့်ရှိနေလေပြီ။ မိမိ၏လောကစည်းစိမ်ဂုဏ်ဒြပ်များကိုမှီခိုအစွဲပြု၍ ဧဝံဂေလိတရားကိုမငြင်းပယ်ပါ။ "ထိုသို့လမ်း၌သွားကြစဉ်

ရေရှိရာအရပ်သို့ရောက်၍ အမတ်ကလည်း ဤအရပ်တွင်ရေရှိပါ၏။ အကျွန်ုပ်ကို ဗတ္တိဇံမခံစေခြင်းငှါ မည်သည့်အကြောင်းဆီးတားပါသနည်းဟုပြောဆိုလျှင် ဖိလိပ္ပု က သင်သည်စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လျှင် ခံရသည်ဟုဆိုလေ၏။ အမတ်က လည်း ယေရှုခရစ်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်းကို အကျွန်ုပ် ယုံကြည်ပါသည်ဟုဝန်ခံ၍ ရထားကိုရပ်စေခြင်းငှါစီရင်ပြီးမှ ဖိလိပ္ပုသည် ထိုအမတ် နှင့်တကွရေထဲသို့ ဆင်း၍ ဗတ္တိဇံကိုပေး၏။"

"ရေထဲကတက်ကြလျှင် ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည် ဖိလိ ပ္ပုကိုဆောင်ယူတော်မူ၍အမတ်သည် ဖိလိပ္ပုကိုနောက်တစ်ဖန်မတွေ့မမြင်ရ။ ဝမ်း မြောက်ဝမ်းသာနှင့်မိမိသွားရသောလမ်းကိုသွားလေ၏။ ဖိလိပ္ပုသည်လည်း အာ ဇုတ်မြို့၌ပေါ်လာ၍ ထိုမြို့မှကဲသရိမြို့တိုင်အောင် မြို့ရွာအစဉ်အတိုင်းလျှောက် သွား၍ ဧဝံဂေလိတရားကိုဟောလေ၏။"

ဤအမတ်ကြီးသည် အသင်းထောက်ဖိလိပ္ပုကိုခရစ်ယာန်သာသနာပြု ဆရာများနှင့်ထိတွေ့လိုသောအများစုလူ့အလွှာကို ကိုယ်စားပြုပါသည်။ ကျွန်ုပ်တို့ သည်သာ ထာဝရဘုရားသခင်၏အသံတော်ကိုနားစွင့်လျက် စေလိုရာစေ၊ သွား မည်ဟူသောခံယူချက်နှင့် လူများဖြစ်သင့်ကြပါ၏။

လူများစွာသည် ခရစ်ယာန် ကျမ်းစာ၏အမှန်တရားငိုနားမလည်ဘဲနှင့် ကျမ်းစာကိုဖတ်နေကြ၏။ ကောင်းကင်သို့လည်း တောင့်တောင့်တတသွားလိုကြ ၏။ မျက်ရည်ကျလျက်ဆုတောင်း နေကြသည်မှာလည်း အမှန်တရားကိုသိမြင် ခံစားလိုစိတ်ရှိသောကြောင့်တည်း။ ဘုရားသခင်၏ကျေးဇူးတော်နှင့်သန့်ရှင်းသော ဝိညာဉ်တော်ကို အလွန်လိုချင်သော စိတ်ရှိကြပါသည်။ လူများစွာသည်ကောင်း ကင်နိုင်ငံတော်နှင့်နီးစပ်နေပါပြီ။ သူတို့အားဖိတ်ခေါ်စုသိမ်းဖို့ကိုသာ သူတို့စောင့် မျှော်လျက်နေကြပါ၏။

ဖိလိပ္ပုကိုလမ်းညွှန်သောကောင်းကင်တမန်သည် သူ့အားတရား အလင်းကိုရှာဖွေနေသောသူ ဧဝံဂေလိသတင်းကောင်းကို လက်ခံရန်အသင့်ရှိ သောသူတို့ထံသို့ ပို့ဆောင်သကဲ့သို့ ယနေ့ကောင်းကင်တမန်တို့သည်လည်း သန့် ရှင်းသောဝိညာဉ်တော်ကိုတောင့်တ၍ ကိုယ်၊နှုတ်၊နှလုံးသုံးပါးပေးဆပ်အပ်နှံကာ သန့်စင်မှုကိုလိုလားသောသူတို့၏ခြေလှမ်းကိုထောက်ပင့်လျက်ရှိပါ၏။ ကောင်း ကင်တမန်သည် ဖိလိပ္ပုကိုမသုံးဘဲ မိမိအစီအစဉ်နှင့်အဲသယောပိအမတ်ကြီးအား

စိတ်နှလုံးပြောင်းလဲစေနိုင်ပါ၏။ သို့သော် ဤကားထာဝရဘုရားသခင်၏ လမ်းစဉ်မဟုတ်။ လူ့အတွက်သာလျှင်ပါဝင်၍ ထိုသခင်၏အမှုတော်မြတ်၌ပါဝင်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

ပထမဦးဆုံးသခင့်အစေကိုခံသောဘုရားတပည့်တော်များကို ဘုရားသခင်သည် မြင့်မြတ်အမှုတော်ကိုအပ်နှင်းထားသကဲ့သို့ ခေတ်အဆက်ဆက်ရှိယုံကြည်သူအသင်းတော်တိုင်းအား ထိုအခွင့်ထူးကိုပေးဝေထားပါသည်။ လူတိုင်းသည် ကမ္ဘာ့အနှံ့ခရစ်ယာန်သာသနာဖြန့်ရကြပါမည်။ သစ္စာရှိအမှုတော်ဆောင်များသည် အမြဲတစေအမှုတော်လုပ်ငန်းတွင် အခက်အခဲနှင့်ကြုံတွေ့ရပါ၏။ ရန်ငြိုးရန်စွယ်မရှိ လိုလည်းမရ။ စာတန်သည် ဟောက်သောခြင်္သေ့ကဲ့သို့ ချောင်းမြောင်းလျက်နေ၏။ နာမတော်ချီးမြှောက်ခြင်းခံရဖို့အတွက်ကိုလည်း မိမိပိုင်ပစ္စည်းဥစ္စာများကိုပေးဆက်အပ်နှံလျက် မိမိကိုယ်တိုင်ကအမှုတော်မြတ်ကြီးတွင် စွမ်းအားကိုယ်စီအသုံးတော်ခံကြလေသည်။

တစ်ကိုယ်ကောင်းစိတ်ကင်းမဲ့စွာဖြင့် ခရစ်ယာန်သာသနာတော်ကိုထမ်းရွက်ခဲ့ကြသော ရှေးခေတ်တမန်တော်များ၏စိတ်ဓာတ်ပြည့်လုပ်ရပ်များသည် ကျွန်ုပ်တို့တွင်ရှိသင့်ပါ၏။ ထာဝရဘုရားသခင်၏အသင်းတော်ရှိ အသင်းဝင်သူများတို့သည် ကောင်းမှုပြုရာ၌ စိတ်အားကြီးရပါမည်။ လောကကစည်းစိမ်ဥစ္စာကိုမမျှော်မှန်းဘဲ သခင့်ခြေတော်ရာကိုလျှောက်နင်းလျက် နေရာအနှံ့သွားရောက်ကောင်းမှုပြုရကြမည်။ စိတ်နှလုံးပါလျက် သနားကြင်နာမှုပြည့်ဝစွာအကူအညီလိုအပ်သူများကိုအကျိုးဆောင်ပေးရပါမည်။

ကယ်တင်ပိုင်ရှင်၏မေတ္တာတော်ကို လည်း သိမြင်ခံစားစေရပါမည်။ ထိုလုပ်ငန်းသည် ပင်ပန်းလှပါ၏။ သို့သော် အကျိုးမဲ့တော့မဖြစ်ပါ။ ဦးတည်ရည်ရွယ်ချက်မှန်ကန်စွာနှင့် အမှုတော်ထမ်းရွက်သူသည် ကယ်တင်ရှင်ထံ အသက်ဝိညာဉ်များစွာကိုပို့ဆောင်ပေးနိုင်ပါလိမ့်မည်။ မိမိတို့၏အသီးအပွင့်များကိုလည်း မျက်ဝါးထင်ထင်တွေ့နိုင်ခွင့်ရှိပါလိမ့်မည်။

ဤစေခိုင်းချက်ပြည့်စုံရေးအတွက် (လက်တင်ရ) ဧဝံဂေလိတရားဝန်ဆောင်ဆရာကြီးများအပေါ်၌သာ တာဝန်တည်နေသည်မဟုတ်ပါ။ ခရစ်တော်သခင်ကိုယုံကြည်သူတိုင်းက ကယ်တင်ရှင်၏မေတ္တာတော်ကို လူလူချင်းအားသိစေရပါမည်။ “ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးက

လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်းလာခဲ့ပါဟုဆိုပါစေ။" (ဗျာဒိတ် ၂၂း၁၇)။ ဤဖိတ်ခေါ်ချက်ကို အသင်းတော်ရှိသင်းဝင်သူတိုင်းကပြုရမည်။ ဤဖိတ်ခေါ်ချက်ကိုကြားနာရသူတိုင်းကလည်း လက်ဆင့်ကမ်း၍ ပွဲတင်သံပေးထားသောလှိုင်းချိုင့်ဝှမ်း၊ မြို့သူရွာသားအပေါင်းတို့ကိုသိစေရပါမည်။

အသက်ဝိညာဉ်ကယ်ဆယ်ရေးခရစ်ယာန်သာသနာပြုလုပ်ငန်းသည် အမှုတော်ရေးရာဌာနနှင့်သာဆက်ဆိုင်သောအမှုတော်ဆောင်များနှင့်လက်တင်၍ ဘိသိက်ပေးခံရသူအသင်းတော်မှအလုပ်အမှုဆောင်လူကြီး၊ လူငယ်များအပေါ်၌သာ အခြေပြုမှီခိုနေသည်မဟုတ်ပါ။ စိတ်နှလုံးနှိမ့်ချ၍ ပေးဆက်အပ်နှံသောယုံကြည်သူခရစ်ယာန်တိုင်းကိုသခင်က မိမိ၏စပျစ်ဥယျာဉ်ခြံတော်ကြီးတွင် အလုပ်လုပ်ရန် ဖိတ်ခေါ်စေခိုင်းနေပါ၏။ ဤသည်ကို ဘုရားသခင်၏အသင်းတော်မှဦးဆောင်သူခေါင်းဆောင်များက သိမြင်မှတ်သားရပါမည်။

ယခုတွင် ထောင်ပေါင်းများစွာသောယုံကြည်သူသူတို့သည် ကယ်တင်ခြင်းသတင်းကောင်းကိုလူတို့အားမကြားမပြောဘဲ၊ လမ်းဆုံလမ်းခွရှိစားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတို့တွင်ထိုင်လျက်၊ ရပ်လျက်အချိန်ဖြုန်းနေကြသည်။ ဤသူတို့ကို ခရစ်တော်သခင်က "သင်တို့သည် တစ်နေ့လုံးအလုပ်ကိုမလုပ်ဘဲ ဤအရပ်၌အဘယ်ကြောင့်နေကြသနည်း"ဟုမေး၍ "ငါ့စပျစ်ဥယျာဉ်သို့သွားကြ၊ တော်လျော်စွာရကြလိမ့်မည်ဟု မိန့်မြွက်တော်မူပါသည်။ အဘယ်ကြောင့်ခရစ်ယာန်တို့သည် ထိုဖိတ်ဆခေါ်မှုကို မတုံ့ပြန်ကြပါသနည်း။ တရားပလ္လင်ပေါ်မတက်ရ၍လော။

တရားလွှင်အပြင်ဘက်တွင်ရှိသော လုပ်ဆောင်ရမည့် အမှုတော်မြတ်ကြီးကို လက်တစ်ဆုပ်စာတရားဟောဆရာဝန်ဆောင်အမှုတော်ထမ်းများနှင့်မပြီးနိုင်။ ထောင်ပေါင်းများစွာသောပေးဆက်အပ်နှံပြီးသူ သာမန်အသင်းသားအမှုတော်ဆောင်များ၏လက်တွဲလုပ်ဆောင်မှုအားဖြင့်သာလျှင် အမှုတော်မြတ်ကြီးချဲ့ထွင်ဟောပြောနိုင်မည်ဖြစ်သည်။ သို့ပြီးမှအဆုံးသည်ဖြစ်သတ္တံ့။

အသင်းတော်တွင် အသင်းဝင်တိုင်းဘုရားသခင်ပေးစွမ်းရည်ကိုယ်စီနှင့် သခင့်အတွက်အမှုတော်မြတ်တွင် ကြီးငယ်ရွယ်လတ်မရွေး၊ နိုင်သမျှနှင့်ပါဝင်ထမ်းရွက်ရန် ထာဝရဘုရားသခင်သည် စောင့်မျှော်လျက်ရှိသည်မှာကြာလှပြီဖြစ်၏။ အကယ်၍သာ အသင်းဝင်တိုင်းမိမိထမ်းရွက်ရမည့်အသင်းတော်

ကဏ္ဍအသီးအသီးတွင် သစ္စာရှိရှိအိမ်တွင်းအိမ်ပြင်၊ ပြည်တွင်းပြည်ပ ခရစ်ယာန် သာသနာပြန့်ပွါးရေးကိုလုပ်ဆောင်ကြပါမူ တစ်လောကလုံးက ရက်တိုတိုနှင့်သတိ တရားနောင်တရာက သခင်ယေရှုဘုရားသခင်တန်ခိုးနှင့် ကြွဆင်းလာမည်ကို ဆီး ကြိုနိုင်မည်ဖြစ်သည်။ "လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကိုလောကနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟော ရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်သတ္တံ့။" (မဿဲ ၂၄း၁၄)။

-----o-----

# အခန်း (၁၂)
## နှိပ်စက်သူအဖြစ်မှ သည်တပည့်တော်အဖြစ်သို့
(တမန်တော် ၉း၁-၁၈ ကို အခြေပြုထားပါသည်)

ယုဒလူမျိုးအကြီးအကဲခေါင်းဆောင်များထဲတွင် ထူးခြားထွက်ပေါ်လာသောသူတစ်ယောက်မှာ တာရှုမြို့သားရှောလုဖြစ်၏။ မွေးဇာတိအားဖြင့်ရောမတိုင်းရင်းသားဖြစ်၍ ယုဒလူမျိုးမှဆင်းသက်သဖြင့် ယေရုရှလင်မြို့တော်ရှိ ထူးကဲမြင့်မြတ်သောကျမ်းတတ်ဆရာကြီးတစ်ပါးထံမှ ပညာဆည်းပူးခဲ့သည်။ ရှောလုသည် "ဣသရေလအမျိုး၊ ဗယ်ာမိန်အနွယ်ဖြစ်၏။ ဟေဗြဲလူမှဆင်းသက်သောဟေဗြဲလူစစ်ဖြစ်၏။ တရားအားဖြင့် ဖာရိရှဲဖြစ်၏။ စိတ်အားကြီးခြင်းကိုမေးသော် ငါသည် အသင်းတော်ကိုညှဉ်းဆဲသောသူဖြစ်၏။ ပညတ်တရားအားဖြင့်ရသောဖြောင့်မတ်ခြင်းကိုမေးမြန်းသော် ငါသည် အပြစ်တင်ခွင့် နှင့်ကင်းလွတ်သောသူဖြစ်၏။" (ဖိလိပ္ပိ ၃း၅၊၆)။

သူ၏ကျောင်းထိုင်ဆရာကြီး၊ ကျမ်းတတ်ပုဂ္ဂိုလ်ကျော် များတို့ကလည်း ဤလူငယ်သည် အလားအလာကောင်း၍အားကိုးရသောရှေးဟောင်းယုဒလူမျိုးယုံကြည်ချက်ကို အထူးကာကွယ်ပေးမည့်ထက်မြက်သူဟု မှတ် ယူကြပါသည်။ သို့ဖြစ်၍ စန်ဟီဒရင်တရားလွှတ်တော်ရုံးတွင် ရှောလုသည် တန်ခိုးသြဇာကြီးသောလွှတ်တော်အမတ်ငယ်တစ်ဦးပင်ဖြစ်ချေ၏။

ရှောလုသည် အသင်းထောက်သတေဖန်ကိုရုံးတင်တရားစွဲ၍ သေပြစ်စီရင်ကာ ကျောက်ခဲနှင့်ပေါက်သတ်သူများတွင် ထိပ်မှပါဝင်ပါသည်။ သို့တစေလည်း ယေရှုနောက်တော်သို့လိုက်ကြသောခရစ်ယာန်တို့သည် ဤမျှလောက်ကြီးကျယ်သောစွပ်စွဲချက်နှင့်ရက်စက်မှုကိုမကြောက်၊ ရင်ဆိုင်ဝံ့သည်အရာမှာ ထာဝရဘုရားသခင်သည် သူတို့နှင့်အတူရှိသည်မှာထင်ရှား၏။

ငါသည် အဘယ်ကြောင့် ထိုဖြောင့်မတ်ခြင်းအတွက် ဘာမဆိုရင်ဆိုင်ဝံ့သော ခရစ်ယာန်အာဇာနည်များကို တိုက်ခိုက်လေသနည်း။ ရှောလု၏စိတ်အစုံသည် လှုပ်ရှားလာ၏။ ထိုရှုပ်ထွေးမှုကို သူလုံးဝဥဿုံယုံကြည်စိတ်ချထားပါသည်ဆိုသောပညာသတိနှင့်တရားဆုံးဖြတ်သည့်တရားသူကြီးများထံအသနားခံတင်ပြတောင်းပန်၏။ ထိုအခါ ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများက သတေဖန်သည်

ထာဝရဘုရားသခင်ကိုပြစ်တင်စော်ကားသောသူဖြစ်၏။ သူပြောသောခရစ်တော်သည် ဘုရားသခင်သားတော်မဟုတ်။ သစ္စာဖောက်တစ်ဦးသည်ဖြစ်သည်။ သန့်ရှင်းသောတရားရုံတော်မှာ အမှုဆောင်သောသူများသာလျှင် မှန်ရမည်ဟု သွေးဆောင်ဖြားယောင်းပြောဆိုကာ ရှောလု၏စိတ်ကိုလှုပ်ဆော်ကျေနပ်စေ၏။

ဤအမှုအရာနှင့်ပါတ်သက်၍ ရှောလုကများများမစဉ်းစားရပါ။ အချုပ်အခြာသဘောကိုသိရပါ၏။

နောက်ဆုံးတော့သူသည် ပညာရှိတစ်ဖက်သတ်ဆန်သူ၊လက်ဦးဆရာကြီးများကိုကျိုးနွံရိုသေသူ၊ မာန်မာနနှင့်ယစ်မူးကာလူအများ ချီးမွမ်းသြဘာပေးမှုကိုမြတ်နိုးသူအဖြစ်မိမိကိုယ်ကိုမိမိမြင်လာပါ၏။ ဤအရာများက သူ၏အတွင်း အသိစိတ်နှင့်ထာဝရဘုရားသခင်၏ကျေးဇူးတော်ကို မထီမဲ့မြင်ပြု ဆန့်ကျင်ပုန်ကန်စေ၏။

ထိုသို့နှင့်အညီ ယုဒလူမျိုးအကြီးအကဲများနှင့် ဗိမာန်တော်ယဇ်ပုရောဟိတ်တို့၏အနေအထားသည်မှန်၏။ ယေရှုတပည့်တော်များ၏ သွန်သင်ချက်သည် လုံးဝမှား၏ဟုဆုံးဖြတ်ချက်ချကာ သန့်ရှင်းသူအမျိုးသား၊ အမျိုးသမီးတို့ကိုတရားခုံရုံးရှေ့တွင် တရွတ်တိုက်ဆွဲကာ တရားစီရင်စေ၏။ တစ်ချို့လည်း ထောင်ဒဏ်၊ တစ်ချို့လည်းသေဒဏ်ကျ၏။ ယေရှုသခင်ကိုယုံကြည်သောကြောင့် ဤဘေးကိုကြုံတွေ့ရကြောင်းသိမြင်လာသောနုနယ်သေးသည့်အသင်းတော်သည် စိတ်မကောင်းခြင်းများစွာဖြင့် လုံခြုံရာသို့ရှောင်တိမ်းပြေးလွှားရပါတော့သည်။

ယေရှုရှလင်မြို့တော်မှ "အရပ်ရပ်သို့ကွဲပြားသောသူတို့သည် လှည့်လည်၍ နှုတ်ထွက်တရားတော်တည်းဟူသော ဧဝံဂေလိတရားကိုဟောပြောကြ၏" (တမန်တော် ၈း၄)။ တပည့်တော်စုများတိုးပွားလာသောမြို့များတွင် ဒမာသက်မြို့လည်းပါ၏။

ယဇ်ပုရောဟိတ်များနှင့်ယု၏လူမျိုးအကြီးအကဲတို့ကား ဂျူးဘာသာကိုမှောက်လှန်သောဖောက်ပြန်ရေးသမားများကို ပြင်းပြင်းထန်ထန်နှိပ်ကွပ်ချေမှုန်းမှသင့်လျော်မည်ဟူ၍ သဘောထားကြ၏။ သို့ဖြစ်၍ ယေရုရှလင်မြို့တွင်း ခရစ်ယာန်များသာမက ထိုသွန်သင်မှုအသစ်ရောက်ရှိသော မြို့ရွာအသီးအသီးဆီသို့လည်း နှိပ်ကွပ်မှုခြေလှမ်းလှမ်းရန်ဆုံးဖြတ်ကြသည်။ ဒမာသက်မြို့သားရှောလုကထိုအစီအစဉ်ကိုလက်ခံလိုက်၏။ သူသည် "ဘုရားသခင်၏တပည့်တော်တို့

တစ်ဖက်၌ခြိမ်းခြောက်၍ အသေသတ်ခြင်း၄၁ ပြင်းစွာအသက်ရှူသဖြင့် ထိုဘာသာဝင်ယောက်ကျားမိန်းမတို့ကိုတွေ့လျှင် ချည်နှောင်၍ယေရုရှလင်မြို့သို့ ပို့ဆောင်ရမည်အကြောင်း ဒမာသက်မြို့၌ရှိသောတရား ဇရပ်မှူးတို့ထံသို့ မှာစာကို ပေးပါဟု ယဇ်ပုရောဟိတ်မင်းထံ၌ဝင်၍တောင်းပြီးမှ၊" (တမန်တော်၉း၂)။ မှားယွင်းသော နိုးထမှုမှုနှင့်တောက်လောင်လျက် မိမိ၏အသက်တာတစ်ခုလုံးကို ပြောင်းပြန်လှန်လိုက်သောမေ့မရနိုင်သည့်သမိုင်းဝင်ခရီးစဉ်ကိုဆက်လိုက်ပါသည်။

ခရီးစဉ်၏နောက်ဆုံးရက်တွင် ခရီးပန်းနေကြပြီဖြစ်သောရှောလုနှင့် အဖော်တို့သည် မွန်းတည့်အချိန်၌ဒမာသက်မြို့နှင့်နီးလာလေပြီ။ မြေဆီလွှာကောင်းသောကြောင့် လှပသောဥယျာဉ်ခြံများနှင့် သစ်သီးပင်တို့ဝေဆာနေသည်ကို အဝေးမှမြင်နိုင်ပါသည်။ ပတ်ဝန်းကျင်တောင်တန်းများမှ အေးမြသောစမ်းရေစီးရာချောင်းငယ်များလည်းရှိသည်။ နေပူကျဲကျဲတွင် လွင်တီးခေါင်ပြင်သဲသောင်ပြင်သက်သက်ကိုဖြတ်ကျော်လာခဲ့ရသောခရီးသည်များအတွက် ထိုမြင်ကွင်းသည် စိတ်နှင့် ကိုယ်ကိုပြန်လည်လန်းဆန်းစေပါ၏။

ရှောလုနှင့်သူ့အပေါင်းအပါတို့သည် လှပမြို့တော်နှင့် သစ်သီးပေါင်းစုံဝေဆာနေသောလွင်ပြင်ကို ငေးမောကြည့်ရှုနေရင်းက ရုတ်တရက်ဆိုသလို"နေ၏အရောင်ထက်မကသောအလင်းသည် အကျွန်ုပ်မှစ၍ အကျွန်ုပ်နှင့် အတူသွားသောသူများပတ်လည်၌ကောင်းကင်ထဲကထွန်းတောက်သည်ကိုမွန်းတည့် အချိန်တွင် လမ်းထဲမှာအကျွန်ုပ်မြင်ရပါသည်" (တမန်တော် ၂၆း၁၃)ဟု ရှောလုကိုယ်တိုင်က သက်သေခံပါ၏။ သေမျိုးဖြစ်သောလူသား၏မျက်စိသည် ထိုဘုန်းတော်ကို မခံရပ်နိုင်သဖြင့် ကန်းလျက်၊ စိတ်ရှုပ်ထွေးလျက် မြေပေါ်သို့မှောက်လျက် လဲကျသွားပါတော့၏။

အလင်းတန်းက သူ့အပေါ်လွှမ်းမိုးနေဆဲ။ ထိုအခါ ရှောလုသည် "ဟေဗြဲဘာသာအားဖြင့်ပြောသောစကားသံ"ကိုကြားရသည်ကား၊ "ရှောလု၊ ရှောလု၊ ငါ့ကို အဘယ်ကြောင့် ညှဉ်းဆဲသနည်း။ တုတ်ချွန်ကိုခြေနှင့်ကျောက်လျှင် ခက်လှသည်" "သခင်၊ ကိုယ်တော်သည် အဘယ်သူနည်းဟုအကျွန်ုပ်မေးလျှောက်သော် ငါကား သင်ညှဉ်းဆဲသောနာဇရက်မြို့သားယေရှုဖြစ်သတည်း။"

ရှောလုကြောက်လန့်သွားသည်။ ပြင်းထန်လွန်းသောအလင်းရောင်တန်းကြောင့် သူ့မျက်လုံးအစုံလည်း ကန်းပြီထင်မှတ်ရအောင် ဘာကိုမျှမမြင်တော့။

သူ့အပေါင်းအဖော်များကား အသံတော်ကိုကြားပါ၏။ အသံရှင်ကိုတော့မမြင်ရပါ။ ရှောလုတစ်ဦးတည်းသာ ထိုအသံရှင်ကိုရှင်းလင်းစွာမြင်တွေ့ရ၏။ အသံရှင်ကား၊ ဘုရားသခင်သားတော်ပင်ဖြစ်သည်မဟုတ်ပါလော။ သူ့ရှေ့တွင် ဘုန်းရောင်ပွင့်သော ပုဂ္ဂိုလ်တော်ကား လက်ဝါးကပ်တိုင်တော်ပေါ်မှာ အသေခံခဲ့သောသူပင်ဖြစ်၏။ ထိုကြောက်လန့်တုန်ယင်နေသောယုဒလူ၏စိတ်အာရုံတွင် ကယ်တင်ရှင်၏ မျက်နှာတော်မြင်ကွင်းကား ထာဝစဉ်မှတ်ကျောက်တင်ရစ်ပြီဖြစ်၏။ တစ်ချိန်က မှားမှန်းမသိမှားခဲ့သည်များ၊ ရိုးသားစွာဖြင့်အမှားပြုခဲ့သည်များ၊ ယခုတော့ အလင်း ဒီရေလွှမ်းမိုးမှုကြောင့် သန့်ရှင်းသောဝိညာဉ်တော်၏စောင့်မမှုလိုအပ်နေပြီဆိုသည်ကို သူသိမြင်လာ၏။

ယခုတော့ရှောလုသည် ယေရှုသခင်၏နောက်တော်လိုက် သားသမီးများကို နှိပ်စက်ညှဉ်းဆဲခြင်းသည် အမှန်အားဖြင့် စာတန်ကြီး၏အလုပ်ကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိမြင်လာပါ၏။ ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲတို့၏စကားကိုယုံ၍ ကြည်ညိုစိတ်ချထားမှုရှိသဖြင့် မိမိ၏လှေ့ခွက်ကြီးကျန်အလံမလဲစိတ်ဓာတ်ဖြင့် အမှန်တရားအပေါ်ရပ်တည်ကာ ပေးအပ်သောတာ ဝန်ဝတ္တရားအပေါ်သစ္စာရှိစွာဖြင့် လုပ်ဆောင်မှုကြောင့် ဤသို့ဖြစ်ရချေပြီတကား ဆိုသည်ကိုလည်းသိမြင်လာ၏။ ယေရှုခရစ်တော်သခင်သေခြင်းမာန်မှရှင်ပြန် ထမြောက်ခြင်းသတင်းစကားသည် တပည့်တော်များ၏ပရိယာယ်လုပ်ကြံဇာတ်ခင်းခြင်းသက်သက်ဖြစ်သည်ဟူသောသူတို့၏စကားကိုလည်း ရှောလုသည် ယုံကြည်ခဲ့၏။ ယခုတော့ ယေရှုသခင်ကိုယ်တော်တိုင်က မိမိကိုယ်ကို ထင်ရှားပြလေပြီဖြစ်သောကြောင့် တပည့်တော်များဟောပြောကြွေးကြော်သက်သေခံခြင်းများသည် သွေးထွက်အောင်မှန်သောတရားစကားများဖြစ်ကြောင်းကို သူကိုယ်တိုင်က ခံယူယုံကြည်လာပါတော့သည်။

ကောင်းကင်ဘုံအလင်းရှောလုစိတ်အာရုံထဲ ဝင်ရောက်ထွန်းလင်းလာသည့်နာရီပိုင်းအတွင်းဝယ် သူသည် ခရစ်ယာန်ကျမ်းစာမှပုရောဖက်များ၏ကြိုတင်ဟောပြောချက်မှတ်တမ်းများကိုနားလည်လာ၏။ ယေရှုသခင်ကို ဂျူးလူမျိုးများက ငြင်းပယ်ကြမည်။ လက်ဝါးကပ်တိုင်ပေါ်တင်သတ်ကြမည်။ သုံးရက်မြောက်သောနေ့တွင်းသေခြင်းမှ ရှင်ပြန်ထမြောက်မည်။ ပြီးသော် ကောင်းကင်ပေါ်သို့မိုးတိမ်စီး၍တက်ကြွသွားမည်ဆိုသေပုရောဖက်ဟောစကားများကို အာရုံပြု

မြင်တွေ့လာသောအခါ ထိုယေရှုသခင်သည် ကတိတော်မေရှိယအရှင်ဖြစ်ကြောင်းကိုသူမငြင်းနိုင်တော့ပြီ။ သတေဖန်၏မသေမီနောက်ဆုံးဟောကြားသွားသောတရားတစ်ပုဒ်သည်လည်း သူ၏စိတ်အာရုံကိုအကျိုးပြုလွှမ်းမိုးနေလေပြီ။ သူကိုယ်တိုင်လည်း ထိုခရစ်ယာန်အာဇာနည်သည် ဧကန်အမှန် "ဘုရားသခင်၏ဘုန်းတော်"ကို မြင်တွေ့ပြီဆိုသည်ကို သေချာပေါက်မှတ်ယူခဲ့၏။

"ကြည့်ပါ၊ ကောင်း ကင်ဖွင့်လှစ်သည်ကိုလည်းကောင်း၊ လူသားသည် ဘုရားသခင်၏လက်ယာတော် ဘက်၌ရပ်နေသည်ကိုလည်းကောင်း ငါမြင်သည်" ဟုဆိုသောသတေဖန်၏နောက်ဆုံးစကားကို ယဇ်ပုရောဟိတ်များက ဘုရားသခင်ကိုစော်ကားဆန့်ကျင်သောစ ကားများဟု အတိအလင်းကြေညာခဲ့သော်လည်းထိုစကားသည် အမှန်တကယ်ဖြစ်ကြောင်းကို ရှောလု ယခုတော့လယ်ပြင်မှာ ဆင်ပြောင်ကြီး သွားသကဲ့သို့ ကွက်ကွက်ကွင်းကွင်းကြီးမြင်တွေ့ခံစားသိနားလည်ရချေပြီ။

တန်ဖိုးမဖြတ်နိုင်သောမြင်ခြင်းမြင်ကွင်းပါတကား။ ကတိတော်မေရှိယသည် နာဇရက်မြို့သားယေရှုသခင်အဖြစ် ဤမြေကြီးကမ္ဘာသို့ကြွဆင်းလာကာလူဇာတိကိုခံယူသည်။ လူသားတစ်နွယ်လုံးကိုကယ်တင်ရန်ဖြစ်ပါ၏။ သို့သော် ထိုသခင်ကို လောကလူသားတို့က ငြင်းပယ်၍လက်ဝါးကပ်တိုင်တင်သတ်သည်။ ကယ်တင်ရှင်သည် သင်္ချိုင်းဂူမှရှင်ပြန်ထမြောက်၍ ကောင်းကင်ဘုံသို့ တက်ကြွသွားသည်။

ထိုအကြောင်းကို သက်သေခံသောသတေဖန်သည် မိမိအလိုတူ၊ သဘောပါလျက် မိမိအသက်ကိုအပ်နှံပေးအပ်သွားခဲ့သည်။ သူ့ပုံစံနမူနာကိုယူ၍အခြားအများသောထိုက်တန်သူယေရှုနောက်တော်လိုက်သားသမီးတို့သည်လည်း အလားတူရက်စက်သောနှိပ်စက်မှုကိုခံယူကာ အသက်ပေးဆပ်သွားခဲ့ပါသည်။

ကယ်တင်ပိုင်ရှင်သည် သတေဖန်အားဖြင့် ရှောလုအားပြောသည်ကို သူသည် ခုခံငြင်းပယ်ပြောဆိုရန်မတတ်နိုင်ပြီ။ သူကိုယ်တိုင်က ပညာတတ်ဖြစ်၍ ခရစ်တော်သခင်၏ဘုန်းတော်အ လင်းဖြင့် ရောင်ပြန်ဟပ်နေသောခရစ်ယာန်အာဇာနည်သတေဖန်၏မျက်နှာကိုမြင်တွေ့ခဲ့ရပြီမဟုတ်လော။

"သူ၏မျက်နှာသည် ကောင်းကင်တမန်၏ မျက်နှာကဲ့သို့ဖြစ်သည်ဟု ကျမ်းစာမှတ်တမ်းရှိပါ၏။ (တမန်တော်၆း၁၅) ။ သတေဖန်၏သည်းခံခြင်းရင့်ကျက်မှုနှင့်

သူ့ကိုသတ်သောရန်သူများ၏အပြစ်ကိုလွှတ်ရန် အဖဘုရားသခင်အား တောင်းပန်သံကို သူလည်းကြားခဲ့ရသည်။ သူနှိပ်စက်ညှဉ်းပန်းခဲ့သူတွေ သေလုနီးအချိန်မှာပင် တည်ကြည်သောစိတ်နှင့်ပြုံးပြုံးလေးအသေခံသွားကြသည်ကိုလည်း မြင်တွေ့ခဲ့ရ၏။ မိမိယုံကြည်ခြင်းအတွက် ဤသို့အသက်ပေးဆပ်ခွင့်ရသောကြောင့် ဝမ်းမြောက်သူများရှိကြောင်းကိုလည်း သူတွေ့ခဲ့ရသည်။

ဒါတွေကိုခြုံ၍ ဉာဏ်ပညာအလင်းနှင့်ချိန်ဆသုံးသပ်လိုက်သောအခါ ယေရှုသခင်သည် ကတိတော်မေရှိယအရှင်ဖြစ်ကြောင်းကို ဖုံးအုပ်၍မရဘဲတွန်းဖွင့်လိုက်သလို ရှောလုစိတ်အာရုံထဲပေါ်လွင်ထင်ရှားလာ၏။ အိပ်စက်၍မရသောညပေါင်းများစွာရှိခဲ့သည်။ သူ၏စိတ်အာရုံပေါ်လာတိုင်း ယေရှုသခင်သည်မေရှိယအရှင်မဟုတ်။ သူ့တပည့်တော်များသည်လည်း မှောက်မှားယောင်ယမ်းသော ဘာသာရေးတစ်ယူသန်ကြီးများသာဖြစ်သည်ဟု သူ့ကိုယ်သူနားလည်မှုတ်သားရန် တလွဲပညာပေးခဲ့၏။

ယခုတော့ ခရစ်တော်သခင်ကိုယ်တော်တိုင်က ရှောလုအားအသံတော်ဖြင့် "ရှောလု၊ ရှောလု အဘယ်ကြောင့် ငါ့ကိုညှဉ်းဆဲသနည်း"ဟု ပြောနေ၏။ "သခင်၊ ကိုယ်တော်သည် အဘယ်သူပါလဲ"ဟု ရှောလုမေးသောအခါ ထိုအသံရှင်ကပင် "ငါကား သင်ညှဉ်းဆဲသောယေရှုဖြစ်သတည်း"ဟု ဖြေပါသည်။ ခရစ်တော်သခင်သည် မိမိကိုယ်ကို မိမိလူတို့နှင့်ပေါင်းစည်းညီညွတ်စွာ တည်နေကြောင်း ဖော်ပြပါ၏။ သြ၊ ယေရှုဘက်တော်သားသမီးများကို နှိပ်ကွပ်ခြင်းသည် ကောင်းကင်ဘုံအရှင်သခင်ကို တိုက်ရိုက်ဆန့်ကျင်တိုက်ခိုက်နေခြင်းဖြစ်ကြောင်းကို ရှောလု သိလိုက်ရလေပြီ။ ထိုသူတို့ကို မမှန်မကန်တရားစွဲဆိုဆန့်ကျင်ခြင်းသည် ဤလော က၏ကယ်တင်ရှင်ကို မမှန်မကန်တရားစွဲဆိုဆန့်ကျင်ခြင်းမည်သည် မဟုတ်ပါလော။

သူနှင့်စကားပြောနေသူသည် နာဇရက်မြို့သားယေရှုဖြစ်ကြောင်းကို ရှောလုသံသယမရှိပါ။ ထိုသခင်သည် ဣသရေလ၏မျှော်မှန်းရှင်၊ စိတ်ဖြေရာအရှင်မေရှိယပင်မဟုတ်ပါလော။ ထိုအခါ ရှောလုသည် အံ့သြတုန်လှုပ်စွာဖြင့် သခင်ဘုရား၊ ကိုယ်တော့အတွက် အကျွန်ုပ်ဘာလုပ်ရပါမည်နည်းဟုမေးမြန်းလျှင် "သခင်ဘုရားကလည်း၊ ထ၍မြို့ထဲသို့ဝင်လော့၊ သင်ပြုရမည်အမှုကို ပြောလိမ့်မည်ဟုမိန့်တော်မူ၏။"

ရှောလုအပေါ် ထွန်းလင်းသောအလင်းရောင်ကို ရုပ်သိမ်းလိုက်သည်တွင် သူသည်မြေပေါ်မှထ၍ ဦးစွာခံစားလိုက်ရသည်ကား၊ သူသည် မျက်စိအလင်းကို လုံးဝမတွေ့ရတော့။ ကြောင်တောင်ကန်းဖြစ်သွားလေပြီ။

ပျက်စီးတတ်သောမျက် လုံးများသည် ခရစ်တော်သခင်၏ဘုန်းတော်အလင်းတောက်ပမှုကို မခံမရပ်နိုင်။ နေ့အချိန်မှာပင် စမ်းသပ်၍သွားရ၏။ ဤကား ထာဝရဘုရားသခင်၏အပြစ်ပေးခြင်းတည်း။

သူ၏ရက်စက်ကြမ်းကြုတ်စွာ ခရစ်ယာန်များတို့အား နှိပ်ကွပ်ညှဉ်းဆဲခြင်းတစ်ပတ်လည်ဖြစ်ရပ်သာဖြစ်ကြောင်း ယုံကြည်မိလေသည်။ “ရှောလုသည်လည်း မြေမှထ၍ မျက်စိကိုဖွင့်သော်လည်း အဘယ်သူကိုမျှ မမြင်နိုင်သည်ဖြစ်၍ သူ၏လက်ကိုဆွဲလျက် ဒမာသက်မြို့သို့ပို့ဆောင်ကြ၏။”

ထိုအရေးကြီးဖြစ်ရပ်ထွန်းသောနေ့ရက်၏နံနက်ခင်းတွင် ဒမာသက်မြို့အနားသို့ရောက်လာသောရှောလုသည် ကြီးစွာကျေနပ်ပီတိဖြစ်မိလေ၏။ သူ့အား ယဇ်ပုရောဟိတ်မင်းကြီးက ယုံကြည်စိတ်ချ၍ ထိုတာဝန်ကိုအပ်နှင်းထားကြောင်း ဂုဏ်ယူဝင့်ကြွား၏။

ထိုကြီးမြတ်သောတာဝန်ကို လူသာမန်တို့မထမ်းဆောင်နိုင်။ ဂျူးလူမျိုးတို့၏ဘာသာရေးကိုရှေ့တန်းတင်မည်။ ဒမာသက်မြို့တွင်ပြန့်ပွါးနေသော ယုံကြည် ခြင်းအသစ်ကိုမူ နှိမ့်ချမည်ဟုကြုံးဝါးကာ မိမိလုပ်ဆောင်မှုကြောင့်ရရှိမည့် လောကသားတို့၏မြေကြီးသားဆန်ဆန် စည်းစိမ်ဂုဏ်အသရေကိုမျှော်လင့်လျက်နေပါ၏။

သို့သော်လည်း ယခုတွင် သူထင်မှတ်မြော်မြင်သလိုဖြစ်မလာတော့။ မြို့ထဲမည်သို့ဝင်ရမည်နည်း။ မျက်စိကန်း၍အကူအညီကင်းမဲ့နေ၏။ ကိုယ့်အပြစ်ကိုယ် မြင်၍ နောင်တတရားရကာ ကိုယ့်အပြစ်ကြွေးဘယ်တော့ဆပ်ရမှာပါလိမ့်။

မောပန်းစွာဖြင့် တပည့်တော်ယုဒ၏နေအိမ်ကိုရှာဖွေပါသည်။ ယုဒအိမ်သည် လူဆိတ်ညံရာကန္တာရတွင်ရှိ၏။ ကျယ်ဝန်းသဖြင့် ကိုယ့်အပြစ်ကို ဝန်ချတောင်းပန်အမှားပြင်၍ဆုတောင်းရန်အခွင့်ကောင်းရှိပါသည်။

သုံးရက်ပတ်လုံးရှောလုသည်မျက်စိမမြင်၊ မစားမသောက်ဘဲနေ၏စိတ်သောကရောက်သဖြင့် ရက်များကိုနှစ်များဟု ထင်မှတ်မိပါသည်။ နောက်ကြောင်းကိုဖန်ခါတစ်လဲဆင်ခြင်မိ၏။ သတေဖန်ကိုသတ်သောအပြစ်ကြောင့်စိတ်ဝိညာဉ်

ပူဆွေးရ၏။ ယဇ်ပုရောဟိတ်များနှင့် ယုဒလူမျိုးအကြီးအကဲတို့၏အမုန်းတရား၊ တစ်ဖက်သတ်စကားကိုနားယောင်ကာ ပြစ်မှုကျူးလွန်မိခဲ့သဖြင့် ငါ့မှာကြောက်စိတ်လွှမ်းနေပေါ့လား။

သတေဖန်၏ကောင်းကင်ဘုံကအလင်းထွန်းလင်းသည့်မျက်နှာကိုလည်း သူကိုယ်တိုင်မြင်ခဲ့ရသဖြင့် မိမိကိုယ်ကိုနောင်တရ၍မဆုံးဖြစ်မိသည်။သူသည် မျက်စိကိုမှိတ်၊ နားကိုပိတ်၍ နာဇရက်မြို့သားယေရှုကို ယုံကြည်သူများအား နှိပ်ကွပ်ညှဉ်းဆဲမိသောအပြစ်ကြောင့် ကြေကွဲဝမ်းနည်းဖြစ်ရရှာလေသည်။

ရှောလုမှာတော့ ဤရက်များအတွင်းလူခြေတိတ်ဆိတ်သော သီးသန့်နေရာတွင် စိတ်နှလုံးနှိမ့်ချလျက် မိမိကိုယ်ကိုပြန်လည်စစ်ဆေးမေးခွန်းထုတ်ရင်းနှင့် အချိန်ကုန်သည်။ ဒမာသက်မြို့အတွင်းရှိ ယုံကြည်သူများကတော့ ရှောလုလာသည်မှာ ဒို့တတွေကိုနှိပ်စက်ညှဉ်းဆဲ၊ ထောင်ထဲသွင်း၊ စီရင်စစ်ကြောဖို့ရည်ရွယ်သည်။ သူ့ကိုဝေးဝေးရှောင်ပါ။ ပြေးနိုင်မှလွတ်မည်။ ယခုလာသတင်းသာကြားရသည်။ ကိုယ်ယောင်မပြသေး။

ဤကား ပရိယာယ်သုံးနေခြင်းတည်းဟူ၍ သူ့ကို မသနားသည့်အပြင် စိမ်းကားကြသည်။ ရှောလုသည် မိမိအဖြစ်မှန်ကို စိတ်နှလုံးခိုင်မာနေဆဲ ယုဒလူမျိုး အကြီးအကဲများကိုတင်ပြတောင်းပန်ရန် ဆန္ဒမရှိပြီ။ အကြောင်းမှာ သူနှင့်ထိုသူတို့သည် ခရစ်ယာန်များကိုနှိပ်ကွပ်ညှဉ်းဆဲရန်ကြံစည်၍ တာဝန်ခွဲဝေကာ လုပ်ဆောင်ကြသည်။ ယခုလိုသူပြောင်းလဲသွားပြီကို သူတို့မသိနားမလည်ကြ။ သိရန်ကိုလည်းမကြိုးစား။ ယုံဖို့တော့ဝေးစွ။ ဤသို့နှင့် ရှောလုသည် အပယ်ခံရတနာကဲ့သို့ဖြစ်၍ သူ့ကိုသနားမည့်လူများမရှိကြ။ သနားခြင်းဂရုဏာတော်ကိုသနားခြင်းအရှင်ထာဝရဘုရားသခင်ထံတော်၌သာ ကြေကွဲသောစိတ်နှင့် မျှော်လင့်တောင်းလျှောက်ရန်ရှိပါတော့သည်မဟုတ်လော။ ဤသို့ ရှောလုနှင့်ထာဝရဘုရားသခင်သည် နာရီပေါင်းများစွာအချိန်ယူ၍ နှစ်ကိုယ်တည်းတိုက်ပိတ်ဆွေးနွေးစဉ်ကာလ၊ ခရစ်တော်သခင်၏ ပထမကြိမ် ကြွဆင်းလာ၍ လူဇာတိကိုခံယူမည့်အကြောင်း ခရစ်ယာန်ကျမ်းချက်များကိုပြန်လည်သတိရမိ၏။

သတိတရားကြီးစွာဖြင့် ပုရောဖက်အနာဂတ္တိကျမ်းများကို ခြေရာခံလေ့လာ၏။ သူသည် အကင်းပါးလိမ္မာကျွမ်းကျင်သူဖြစ်သဖြင့် အချိန်တိုတိုနှင့်သိချင်တာတွေအားလုံး သူ့စိတ်အာရုံထဲ ဝင်ရောက်ပေါ် ပေါက်လာ၏။ ဤပုရောဖက်

စကားများ၏အနက်အဓိပ္ပါယ်ကို သူသည် ပြန်လည်ထင်ဟပ်သိမြင်လာသည်နှင့်အမျှ ယခင်က မသိနားမလည်ခဲ့မှုအတွက် မိမိကိုယ်ကိုမိမိအံ့ဩမိသည်။ ယုဒလူမျိုး အများစုကလည်းကတိတော်မေရှိယအရှင်အဖြစ် ယေရှုသခင်သည် ရပ်တည်နေကြောင်းကိုမသိ။

နေ့ခင်းကြောင်တောင် စမ်းတဝါးဝါးနှင့် ဂျူးလူမျိုးသာသနာခရီးကိုဆက်၍သခင့်ကိုငြင်းပယ်ကြကုန်၏။ ယခုတော့ရှောလုအားလုံးရှင်းလင်းစွာမြင်တွေ့ရလေပြီ။ ယခင်က တစ်ဖက်သတ်ဆန်၍မယုံကြည်ခဲ့သောကြောင့် ဝိညာဉ်အမြင်မှာ မကြည်လင်၊ အုံ့မှိုင်းခဲ့၍ ပုရောဖက်ပြောသောမေရှိယအရှင်သည် နာဇရက်မြို့သားယေရှုသာဖြစ်၏ဆိုသည်ကို အဘယ်မှာလျှင်ခွဲခြားသိမြင်နိုင်အံ့နည်း။

ရှောလုသည် မိမိကိုယ်ကိုသန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်၌လုံးလုံးလျားလျားတိမ်းညွတ်ထွေးလုံးသွားသည်နှင့်အမျှ မိမိ၏အသက်တာမှာမှားယွင်း၍ထာဝရဘုရားသခင်၏ပညတ်တော်တောင်းဆိုမှုနှင့် လွန်စွာအလှမ်းကွာဝေးနေကြောင်းသတိပြုမိလာပါသည်။

တစ်ချိန်က ကြွားလုံးထုတ်ခဲ့သောဖာရိရှဲ၊ မိမိ၏ကောင်းမှုလုပ်ရပ်များကြောင့်စိတ်ဘဝင်မြင့်လျက် ဖြောင့်မတ်သူဟု ထင်မြင်မိသူ၊ ယခုတော့ရိုးသားသည့် ကလေးငယ်ပမာ စိတ်နှလုံးနှိမ့်ချစွာဖြင့် ထာဝရဘုရားသခင်ရှေ့တော်မှောက်ဝယ် ဒူးထောက်လျက်နေလေပြီ။ မိမိ၏မထိုက်တန်သောအဖြစ်ကိုမြင်လျက် လက်ဝါးကပ်တိုင်ပေါ်မှာအသေခံ၍ သုံးရက်မြောက်သောနေ့ တွင်သေခြင်းမှရှင်ပြန်ထမြောက်သော ကယ်တင်ပိုင်ရှင်ယေရှုသခင်ထံတော်၌ အသနားခံနေပါတော့၏။ တကယ်တော့ ရှောလုသည် ခမည်းတော်ဘုရားသခင်၊ သားတော်ဘုရားသခင်တို့နှင့် အကြွင်းမဲ့မိတ်သဟာယဖွဲ့လိုသည်မှာ ကြာလှပေပြီ။ ဂရုဏာတော်ပလ္လင်ခြေတော်ရင်းတွင် တိုးဝင်ချဉ်းကပ်လျက် စိတ်အားကြီးသော အသနားခံခြင်းမျိုးနှင့် ဝန်ချတောင်းပန်ကာ မိမိအားလက်ခံအသုံးပြုပါမည်အကြောင်း ဆန္ဒပြုလိုသည့်သဘောမှာလည်းသူ့၌ပြင်းပြလျက်ရှိသည်။

နောင်တရသူဖာရိရှဲရှောလု၏ဆုတောင်းသံများအချည်းနှီးမဖြစ်ပါ။ မိမိ၏အတွင်းစိတ်တွေးခေါ်မြော်မြင်မှုနှင့်လှုပ်ရှားမှုများသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် လုံးဝဥသုံပြောင်းလဲ၍လာလေပြီ။ မိမိ၏မြင့်မြတ်သိမ်မွေ့သောအစွမ်းသတ္တိများသည် ထာဝရဘုရားသခင်၏ထာဝရအကြံတော်များနှင့်ညီညွတ်မှု

ရှိလာလေပြီ။ ခရစ်တော်သခင်နှင့် ကိုယ်တော်၏ဖြောင့်မတ်ခြင်းသည် ရှောလုအတွက် တန်ဖိုးမဖြတ်နိုင်ရကား ကမ္ဘာတစ်ဝန်းလုံးနှင့် မလဲလှယ်နိုင်တော့ပြီ။

ရှောလု၏ပြောင်းလဲခြင်းသည် အပြစ်သားများကို သန့်ရှင်းသောဝိညာဉ်တော်၏အံ့ဖွယ်တန်ခိုးတော်က ပြောင်းလဲပေးနိုင်သည်ဆိုသောသာဓက အထောက်အထားပင်ဖြစ်၏။ နာဇရက်မြို့သားယေရှုသည် ထာဝရဘုရားသခင်၏ပညတ်တော်ကိုအသိအမှတ်မပြု၊ မထီမဲ့မြင်ပြု၍ သူ၏တပည့်တော်တို့သည်လည်း ဘုရားသခင်၏ပညတ်တရားသည် တန်ခိုးမရှိတော့အဆိုကိုသွန်သင်သည်ဟု ရှောလုယခင်ကထင်မှတ်ယုံကြည်ခဲ့သည်။ သို့ရာတွင် သူပြောင်းပြီးသည်နောက် ယေရှုသခင်သည် ခမည်းတော်ဘုရားသခင်၏ပညတ်တော်မှာ မှန်ကန်ကြောင်းဖော်ပြလို သည့်ရည်ရွယ်ချက်ဖြင့် ဤလောကကမ္ဘာသို့ ဆင်းကြွလာကြောင်းရှောလုအသိအမှတ်ပြုသည် ယေရှုသခင်သည် ဂျူးလူမျိုးတို့ကျင့်သုံးသောဝိနည်းအထုံးအဖွဲ့ပညတ်ဖြစ်သည့် ယဇ်ပူဇော်ခြင်းစနစ်တစ်ခုလုံး၏ မူလဇစ်မြစ်အရှင်ဖြစ်ကြောင်း သိမြင်သည်။ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲ့သော ခရစ်တော်သခင်သည် ဓမ္မဟောင်းကျမ်းကပုရောဖက်များဖော်ပြသော ဣသရေလ၏ကယ်တင်ခွေးနှုတ်ရှင်ဖြစ်ကြောင်းပြသောပုံရိပ်ပင်ဖြစ်သည်ကို ရှောလုသိမြင်လာ၏။

ရှောလု၏အသက်တာပြောင်းလဲပုံမှာ မှတ်တမ်းတွင်အရေးကြီးအခြေခံမှုများပါရှိသဖြင့် ကျွန်ုပ်တို့မမေ့အပ်ပါ။ ရှောလုသည် ခရစ်တော်သခင်ထံ တိုက်ရိုက်ပို့ဆောင်ခြင်းကိုခံရ၏။

အရေးကြီးသောလုပ်ငန်းတစ်ခုကိုလုပ်ရန် ခရစ်တော် သခင်ကိုယ်တော်တိုင်က ရွေးချယ်လိုက်သောတန်ဆာပင်ဖြစ်သည်။ သို့တိုင်အောင်လည်း သူလုပ်ရမည့်အလုပ်ကိုချက်ချင်းလက်ငင်း၊ အသားလွတ်ကြီးမခိုင်းစေပါ။ သူ့ကိုဖမ်း၍ မိမိအပြစ်ကိုမြင်စေ၏။ "သခင်၊ အကျွန်ုပ်အဘယ်အမှုကိုပြုလုပ်စေချင်ပါသနည်း" ဟု ရှောလုမေးသောအခါ ကယ်တင်ပိုင်ရှင်ယေရှုသခင်က မိမိအသင်းတော်နှင့် ဆက်သွယ်သော် ထာဝရဘုရားသခင်၏အလိုတော် ဘယ်ကဲ့သို့ရှိကြောင်းကို သင်သိရလိမ့်မည်ဟုပြောပါသည်။

ဖာရိရှဲရှောလု၏အမှောင်ထုကိုခွင်း၍ အလင်းဆောင်ပေးသူသည် ဘုရားသခင်ပင်ဖြစ်၏။ သို့တိုင်အောင်လည်း တပည့်တော်တို့ဆက်လက်လုပ်ဆောင်ပေးရမည့်အလုပ်သည်လည်း ကျန်ရှိနေသေးသည်။ ခရစ်တော်သခင်သည်

အပြစ်သားကို အမှန်တရားဖွင့်လှစ်ဖော်ပြ၍ စိတ်နှလုံးကိုပြောင်းလဲပေး၏။ နောင်တရသောအပြစ်သားကို တရားအလင်းအတိုင်းလျှောက်လှမ်းသွားရန်ကား သခင်၏အမှန်တရားကိုသွန်သင်ပေးရန် ဘုရားသခင်က ကောင်းချီးပေးခန့်အပ်ထားသောတပည့်တော်များက ဆက်လုပ်ရပေမည်။

ရှောလုသည် ယုဒအိမ်တွင် တစ်ကိုယ်တည်းနေစဉ် ဆုတောင်း၍အသနားခံခြင်းအမှုကိုပြု၏။ ထိုအခါ ဘုရားသခင်သည် မြင်ခြင်းကိုဒမာသက်မြို့နေတပည့်တော်အာနနိအားပေး၍ "သင်သည် ထ၍လမ်းဖြောင့်အမည်ရှိသော လမ်းသို့သွားလော့။ ရှောလုအမည်ရှိသောတာရှုမြို့သားကို ယုဒ၏အိမ်၌ရှာဖွေလော့။ အကြောင်းမူကား၊ ထိုသူသည် ဆုတောင်းလျက်နေ၏။ မိမိမျက်စိကိုမြင်ပြန်စေခြင်းငှါ အာနနိအမည်ရှိသောသူသည်ဝင်၍ မိမိအပေါ်၌လက်ကိုတင်သည်ကိုဖော်ပြခြင်းအားဖြင့် မြင်လေပြီဟုမိန့်တော်မူ၏။

အာနနိသည် ကောင်းကင်တမန်ကြီးစကားကိုမယုံနိုင်ဖြစ်၏။ အကြောင်းမူကား၊ ရှောလု၏ပြင်းထန်သောညှဉ်းဆဲနှိပ်စက်မှုသည် ယေရုရှလင်မြို့အနှံ့ကျော်ကြား၏။ သူသည်လည်းကြား၏။ ထိုကြောင့် ထင်ကြေးပေး၍ အပြစ်ကိုဖော်ပြပြောဆိုသည်ကား၊ "သခင်ဘုရား၊ ထိုသူသည် ယေရုရှလင်မြို့တော်၌ ကိုယ်တော်၏သန့်ရှင်းသူတို့ကို အဘယ်မျှလောက်ပင် ညှဉ်းဆဲသည်ကို လူများပြော၍ အကျွန်ုပ်ကြားရပါပြီ။

ဤအရပ်၌လည်း ကိုယ်တော်ကိုဆုတောင်း သောသူရှိသမျှတို့ကိုချည်နှောင်ရမည့်အခွင့်ကို ယဇ်ပုရောဟိတ်အကြီးတို့ထံ ၌ရပါသည်ဟုပြန်လျှောက်၏။ " သို့သော်လည်း၊ အမိန့်တော်သည် အာဏာသံပါ၏။ "ထိုသူကား တစ်ပါးအမျိုးသားတို့နှင့်ရှင်ဘုရင်တို့ထံသို့လည်းကောင်း၊ ဣသရေလအမျိုးသားတို့ရှိရာသို့လည်းကောင်း ငါ၏နာမကိုပို့ဆောင်စေခြင်းငှါ ငါရွေးကောက်သောတန်ဆာဖြစ်၏။"

အာနနိသည် ကောင်းကင်တမန်ကြီး၏ညွှန်ကြားချက်ကိုနာခံလျက်သွား၍အိမ်သို့ရောက်လျှင် "ရှောလုအပေါ်၌ မိမိလက်ကိုတင်၍ ညီရှောလု၊ သင်လာသောလမ်း၌သင့်အားထင်ရှားတော်မူသော သခင်ယေရှုသည် သင်၏မျက်စိ မြင်ပြန်စေခြင်းငှာလည်းကောင်း၊ သင့်ကိုသန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စေခြင်းငှါလည်းကောင်း၊ ငါ့ကိုစေခန့်တော်မူသည်ဟုပြောဆို၏။"

"ထိုခဏ၌ရှောလု၏မျက်စိမှ ငါးကြေးကွာကျသကဲ့သို့ဖြစ်၍ မျက်စိမြင် ပြန်သဖြင့် ထ၍ ဗတ္တိဇံ (ရေနှစ်ခြင်း)ကိုခံပြီးလျှင် အစာအာဟာရကိုသုံးဆောင်၍ အားဖြည့်လေ၏။"

ဤသို့လျှင် ယေရှုသခင်သည် မိမိ၏ဖွဲ့စည်းပြီးအသင်းတော်ကို အခွင့်အာဏာပေး၍ မြေကြီးပေါ်ရှိ ဘုရားသခင်ပေးထိုအင်အားစုများနှင့်အတူ ပူးပေါင်းတွဲဖက်ကာ အမှုတော်ဆောင်ရန် ရှောလုကိုခန့်အပ်ထားလေသည်။ အသင်းတော်သည် မြေကြီးပေါ်ရှိခရစ်တော်သခင်၏ကိုယ်စားလှယ်ဖြစ်၍ နောင်တရသောအပြစ်သားကို သုခဘုံလမ်းသို့ညွှန်ကြားပို့ဆောင်ခြင်းအလုပ်ကို လုပ်ရပါလိမ့်မည်။

အများသောသူတို့သည် သခင်ဘုရားပေးသောအမှန်တရားအလင်းနှင့်အတွေ့အကြုံအတွက် ခရစ်တော်သခင်၌သာလျှင် အကြွေးတင်၍ တာဝန်ရှိသည်ဟု ထင်မှတ်စွဲလမ်းကြပါသည်။ ကိုယ်တော်သခင်အသိအမှတ်ပြုသူကမ္ဘာ့လူသားအချင်းချင်း၌ကား ၊ အကြွေးမတင်၊ လွတ်လပ်ပြီဟုမှတ်ယူတတ်လေ၏။ ယေရှုသခင်သည် အပြစ်သားတို့၏မိတ်ဆွေ၊ သူတို့၏အကျိုးကိုယူတင်ဝတ်ဆောင်သော တစ်ဖက်သတ်ချစ်သူကဲ့သို့ခံစားနေရပါသည်။ ကိုယ်တော်၌ကောင်းကင်တန်ခိုး၊ မြေကြီးတန်ခိုးဟူသည်ရှိ၏။ သို့သော် ကိုယ်တော်သည် လူသားတစ်နွယ်လုံးအား တရားအလင်းပေး၍ ကယ်တင်ရွေးနှုတ်ရန် စီမံချက်များကို ဘိသိက်ပေးထားပြီဖြစ်၍ ထိုအရာများကိုသခင်ထောက်ထားသက်ညှာလေးစားပါ၏။ သို့ဖြစ်၍ ကမ္ဘာကြီးကိုအလင်းဆောင်ရန် ခန့်အပ်ထားသောအသင်းတော်သို့ အပြစ်သားများရောက်ရှိဖို့ရန် လမ်းညွှန်ပေးနေပါသည်။

ရှောလုသည် မိမိ၏အမှားအယွင်းနှင့်တစ်ဖက်သတ်ဆန်မှုတို့တွင် နစ်မွန်းတွေဝေနေစဉ် ခရစ်တော်သခင်ထံတော်မှမြင်ခြင်းကိုရရှိပါ၏။ ထိုအခါ ခရစ် တော်ကိုယုံကြည်သူများအား နှိပ်စက်ညှဉ်းပန်းသူအဖြစ်မှ ဤကမ္ဘာကို အလင်းပေး သည့်အသင်းေတာ်နှင့်ဆက်သွယ်ရန် ဖိတ်ခေါ်မှုခံရသူအဖြစ်သို့ ပြောင်းလဲသွားပါသည်။ ဤအမှုအရာတွင် အာနနိသည် ခရစ်တော်သခင်ကို ပုံဆောင်သည်။ထိုသခင်၏အမှုတော်၌ သခင့်ကိုယ်စားဆက်လက်ထမ်းရွက်ရန် ခန့်အပ်ခြင်းခံရ သူနှင့်လည်းပုံဆောင်၏။ ခရစ်တော်သခင်၏ကိုယ်စား အာနနိသည်ရှောလု၏ မျက်စိများကိုတို့ထိ၏။ ထိုအခါအလင်းရ၏။ ခရစ်တော်သခင်

ကိုယ်စား သူသည် ရှောလုအပေါ် လက်ကိုတင်၏။ ခရစ်တော်၏နာမတော်၌ ဆုတောင်းသဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို ရှောလုရလေသည်။ အမှုအားလုံးကို ခရစ်တော်သခင်၏နာမတော်နှင့်အာဏာတော်အားဖြင့် ပြီးမြောက်စေ၏။ သို့ဖြစ်၍ ခရစ်တော်သခင်သည် အသက်စမ်းရေ၊ အသင်းတော်သည် အသက်စမ်းရေကို စီးဆင်းစေသော ဆက်သွယ်ရေးစမ်းချောင်းပင်ဖြစ်သည်မဟုတ်ပါလော မိတ်ဆွေ။

-----ဝ-----

# အခန်း (၁၃)
## ပြင်ဆင်ရန်နေ့ရက်များ
(ဤအခန်းသည် တမန်တော် ၉း၁၉-၃၀ ကို အခြေပြုပါသည်)

ရှောလုသည် ဗတ္တိဇံရေနှစ်ခြင်းခံပြီးသော်ပေါလုနာမည်သစ်ကိုရ၏။ အစာအာဟာရကိုသုံးဆောင်၍အားဖြည့်လျက် "ဒမာသက်မြို့၌ရှိသော တပည့်တော်တို့နှင့်အတူ ကာလအတန်ကြာနေ၍ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို တရားဇရပ်တို့၌ မဆိုင်းအလင့်ဟောလေ၏။" နာဇရက်မြို့သားယေရှု သည် ဣသရေလတို့ကာလကြာမြင့်စွာမျှော်လင့်စောင့်စားနေသော မေရှိယဖြစ်ကြောင်း၊ ကျမ်းစာလာသည်အတိုင်းကျွန်ုပ်တို့၏ အပြစ်များကြောင့်အသေခံ၊ မြေမြှုပ် သင်္ဂြိုလ်ပြီးမှ သုံးရက်မြောက်သောနေ့တွင် သေခြင်းမှရှင်ပြန်ထမြောက်သော အရှင်ဖြစ်ကြောင်း၊ "သောမသည် ကိုယ်တော်ကိုမြင်ပြီးမှ တစ်ကျိပ်နှစ်ပါးသောသူတို့ သည်မြင်ရကြကြောင်း။ ထိုနောက်ယာကုပ်မြင်ရ၏။ ထိုနောက်တမန်တော်အ ပေါင်းတို့သည်မြင်ရ၏။ နောက်ဆုံး၌ အချိန်မတော်မတန်ဖွားသောသူကဲ့သို့ဖြစ် သောငါပင်မြင်ရ၏"ဟု ပေါလုရဲရင့်စွာကြွေးကြော်ကြေညာလေ၏။ (၁ကော ၁၅း၃၊၄၊၈)။ ပေါလု၏ဟောပြောချက်များသည် ပုရောဖက်စကားများမှအခြေပြု ထားသောကြောင့် ခိုင်လုံတိကျ၏။ ဘုရားသခင့်တန်ခိုးတော်နှင့်လည်းပြည့်ဝသည်။ သို့ဖြစ်၍ ဂျူးလူမျိုးအကြီးအကဲများရှုပ်ထွေးစေ၍ သူ့ကိုပြန်လည်ချေပပြောဆိုရန် မတတ်နိုင်ပြီ။

ပေါလုပြောင်းလဲသွားပြီဆိုသောသတင်းသည် ဂျူးလူမျိုးအကြီးအကဲတို့၌ အလွန်ပင်အံ့ဩသွားရ၏။ "ယဇ်ပုရောဟိတ်အကြီးတို့ပေးသောအခွင့်အရာနှင့်" (တမန်တော် ၂၆း၁၂)။ ဒမာသက်မြို့သို့ ယုံကြည်သူများကိုနှိပ်ကွပ်ရန်သူတို့နှင့်နားလည်မှုယူထားသောသူက ယခုတွင် ကယ်တင်ရှင်၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတည်းဟူသောဝမ်းမြောက်ဖွယ်သတင်းစကားကို ကြွေးကြော်နေ၏။ ဘုရားသခင်တပည့်တော်များကိုလည်း အားပေးနှစ်သိမ့်နေသည်သာမက အသင်းတော်သို့များစွာသောသင်းဝင်သူတို့ကို တိုးပွားများပြားလာစေသောကြောင့် အံ့ဩရကြသည်။

ပေါလုသည် တစ်ချိန်က ယုဒဘာသာကိုကာကွယ်ပေးသောစိတ်အားကြီးသူ၊ ခရစ်တော်နောက်လိုက်များကို မမောမပန်းနိုင်အောင် နှိပ်ကွပ်ညှဥ်းဆဲသူ၊ အပြစ်အများကသိမှတ်ခဲ့ကြသည်။

သူ၏ရဲရင့်ခြင်း၊ မိမိကိုယ်ကိုအားကိုးခြင်း၊ လုံ့လဝီရိယရှိခြင်း၊ စွမ်းရည်သတ္တိများနှင့်သင်တန်းများရရှိသောပညာရပ်များက အဘယ်အလုပ်ကိုမဆိုအားနှင့်မာန်နှင့်၊ လုပ်ရည်ကိုင်ရည်အပြည့်နှင့် ပြီးမြောက်အောင်မြင်စွာလုပ်ဆောင်နိုင်စွမ်းရှိလေသည်။

သူ့ကို ပညာအရာတွင် ဘာနှင့်ဘဲယှဉ်ယှဉ်ထူး ခြားပြောင်မြောက်စွာ၊ ရှင်းလင်းစွာတုံ့ပြန်တွေးခေါ်တတ်သဖြင့် တစ်ဖက်ယှဉ်လာ သူအား ငေါ့တော့တော့စကား၊ စောင်းချိတ်၍နာကျည်းထိလိုက်စေသောစကားဖြင့် အနိုင်ယူကာရန်သူကိုငြိမ်သက်စေ၏။ ဤမျှလောက် တတ်စွမ်းနိုင်သောအားကိုးရမည့်လူငယ်လေးသည် သူတို့လူမဟုတ်တော့ဘဲ ယေရှုနာမတော်ကိုမကြောက်မရွံ့ ရဲဝံ့စွာဟောပြောသောခရစ်တော်လူဖြစ်သွားလေပြီ။

တပ်မှူးသည် တိုက်ပွဲတွင်ကျဆုံးပါက စစ်တပ်အတွက် ဆုံးရှုံးမှုဖြစ်ပါ၏။ တပ်မှူးကျဆုံးသောကြောင့် စစ်အင်အားတော့မတိုးပွားလာပါ။ သို့သော်လည်း ထူးချွန်သောလူသည် တစ်ဖက်အင်အားစုနှင့်ပေါင်းစပ်လိုက်သောအခါ သူ၏လုပ်အားသာဆုံးရှုံးသွားသည်မဟုတ်။ သူ့ကိုရသောသူသည် သေချာပေါက်အကျိုးခံစားရပြီဆိုသည်ကို ကျွန်ုပ်တို့မငြင်းသာပါ။

တာရှုမြို့သားရှောလုသည်လည်း သခင်ဘုရား၏ရိုက်ချက်ကြောင့် ဒမာသက်မြို့သွားရာလမ်းမပေါ်တွင် သူနှင့်အတူ ခရစ်ယာန်နှိပ်ကွပ်ညှဥ်းဆဲပွဲကြီးကိုကျဆုံးစေနိုင်၏။ သို့သော် ယေရှုသခင်သည် ရှောလုကိုချမ်းသာပေး၍ စိတ်နှလုံးကိုပြောင်းလဲစေသောကြောင့် သူသည် ရန်သူ၏ချန်ပီယံအဖြစ်မှသည်ခရစ်တော်သခင်၏ချန်ပီယံအဖြစ်သို့ပြန်ပြောင်းရောက်ရှိလာပါသည်။

စကားပြောကောင်း၍ သေချာစေ့စပ်စွာဖြင့် တစ်ဖက်ရန်သူ၏အမှားအပြစ်ကိုရှာဖွေထောက်ပြတတ်သူပေါလုသည် ခြောက်လှန့်၍မရသော ရဲရင့်ခြင်းမျိုးနှင့်ခိုင်မာသောဦးတည်ရည်ရွယ်ချက်ဖြင့် ရှေးဦးအသင်းတော်၏လိုအပ်နေသော အရည်အချင်းများစွာ ကိုပိုင်ဆိုင်ဖြည့်စွက်ပေးနေသည်မှာ ဧကန်စင်စစ်သခင်ဘုရား၏အလိုတော်ပင်မဟုတ်ပါလောမိတ်ဆွေ။

ပေါလုသည် ဒမာသက်မြို့တွင် ခရစ်တော်ယေရှုအကြောင်းဟောပြောသည်ကို ကြားရသောသူတိုင်းအံ့သြကြသည်။ “ဤသူကား၊ ထိုသခင်ကိုဆုတောင်းသောသူတို့ကို ယေရုရှလင်မြို့၌ဖျက်ဆီးသည်သာမက ထိုသူများကိုချည်နှောင်၍ ယဇ်ပုရောဟိတ်ကြီးတို့ထံသို့ပို့ဆောင်ခြင်းငှါ ဤအရပ်သို့လာသောသူဖြစ်သည်မဟုတ်လောဟု ဆိုကြ၏။”

ပေါလုသည် မိမိ၏ယုံကြည်ခြင်းပြောင်းလဲပုံနှင့်ပတ်သက်၍ သူ့ကိုမည်သည့်လူသားကမျှတိုက်တွန်းအားမြှောက်သည်မဟုတ်၊ ရုတ်တရက်စိတ်ပေါက်လာ၍လည်းမဟုတ်၊ အယူတိမ်း၍လည်းမဟုတ်။ သို့သော် အထောက်အထားခိုင်လုံမှုလွှမ်းမိုးနေ၍သာ ယုံကြည်လက်သင့်ခံကြောင်းရှင်းပြပါသည်။ သူ၏ယုံကြည်ခြင်းအုတ်မြစ်ကား ပုရောဖက်များဟောပြောခဲ့သည့် သေချာစေ့စပ်သော အနာဂတ္တိစကားကို အခြေပြုသည်မဟုတ်ပါလော။

ပေါလုသည် အံ့သြစွာနားထောင်နေကြသောဇဝံဂေလိတရားနာပရိသတ်တို့အား “လူတို့သည်နောင်တရရမည်။ နောင်တရခြင်းနှင့်ထိုက်တန်သောအကျင့်ကိုကျင့်ရမည်”(တမန်တော် ၂၆း၂၀)ဟု တောင်းပန်ပြောဆိုရင်း“ခွန်အားတိုးပွားသဖြင့် ဒမာသက်မြို့၌နေသောယုဒလူ၏ပြောသမျှစကားကိုချေ၍ ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကိုထင်ရှားစွာပြ၏။” သို့သော်လည်း ကြားရသူအများစုက မိမိတို့၏စိတ်နှလုံးကိုခိုင်မာစေကြသည်။ သတင်းစကားကို တုံ့ပြန်ရန်ငြင်းပယ်ကြ၏။ မကြာပါ။ ထိုသူတို့၏အံ့သြမှုသည် ပြောင်းလဲသွား၍ ယေရှုသခင်ကို မုန်းတီးသည်နည်းတူ ပေါလုကိုလည်းရွံရှာမုန်းတီးလာကြပါတော့သည်။

ဆန့်ကျင်သူများ ပိုမိုကြမ်းကြုတ်လာသဖြင့် ဒမာသက်မြို့တွင် ပေါလုသတင်းစကားမပေးတော့ရန် ကန့်ကွက်ကြ၏။ ဤသို့နှင့်ကောင်းကင်ဘုံမှ တမန်တော်တစ်ပါးကသူ့အားဒမာသက်မြို့ကိုစွန့်ခွါ၍ အာရပ်ပြည်သို့သွားရန်ပြော၏။ ထိုနေရာမှာပေါလုအနားရလေသည်။ ဤကဲ့သို့ လူခြေနည်းပါး၍တိတ်ဆိတ်နေသောကန္တာရကြီးထဲတွင် ပေါလုသည် ကျမ်းစာကိုလေ့လာ၍ တရားတော်ကိုဆင်ခြင်အောက်မေ့နိုင်ခွင့်ရလေသည်။

အတိတ်ကဖြစ်ရပ်အထွေထွေကို စိတ်တည် ငြိမ်စွာပြန်လှန်စစ်ကြောလေ့လာ၍ မိမိအမှားများအတွက် နောင်တတရားအမှန်တကယ်ရရှိပြီဖြစ်ကြောင်းပြုလုပ်သည်။ ထာဝရဘုရားသခင်ကိုလည်း စိတ်နှလုံးအကြွင်းမဲ့

ရှာဖွေသည်။ နောင်ရပြီး၍ ဘုရားသခင်သည် အပြစ်မှလုံးဝလွတ်ပြီဖြစ်ကြောင်းသိမြင်တော့မှ သူစိတ်အေးရတော့သည်။ နောင်လာမည့်အမှုတော်လုပ်ငန်းအတွက်လည်း ယေရှုသခင်သည် သူနှင့်အတူအမြဲပါရှိရန် သူမျှော်လင့်နေ၏။ မျှော်လင့်သလိုသူသည် အာမခံချက်ကိုရရှိပါ၏။

ထိုအချိန်တိုင်အောင် သူ၏စိတ်ကိုသံသယဖြင့် လွှမ်းမိုးနေသော တစ်ဖက်သတ်ဆန်မှုများ၊ လူတို့စီရင်သောထုံးစံဓလေ့များကို သူစွန့်ပစ်၏။ အမှန်တရား၏ အရှင်သခင်ထံမှသွန်သင်ညွှန်ကြားမှုကိုရယူ၏။ ယေရှုသခင်သည် သူနှင့်မိတ်သဟာယဖွဲ့သဖြင့် သူသည် ယုံကြည်ခြင်းခိုင်မြဲလာကာ အတိုင်းမသိများစွာသော ပညာဉာဏ်နှင့်ကျေးဇူးတော်ကို သူခံယူရရှိလေသည်။

လူသား၏အသိစိတ်သည် ထာဝရဘုရားသခင်၏သဘောတော်နှင့် ကူးလူးဆက်ဆံ၍ ရစ်ပတ်လုံးထွေးလာသောအခါ သေမျိုးသည် မသေနိုင်သောဘုရားသခင်နှင့်ပေါင်းသင်းဆက်ဆံလာသောအခါ ခန္ဓာ၊ ဝိညာဉ်၊ အသိဉာဏ်ပညာတို့သည် အတိုင်းအဆမရှိသော စွမ်းအားနှင့်ပြည့်ဝလာပါတော့သည်။ ထိုအကျွမ်းဝင်မိတ်သဟာယဖွဲ့ခြင်းကို အမြင့်ဆုံးပညာရေးဟုခေါ်နိုင်သည်။ ထာဝရဘုရားသခင်၏ တိုးတက်ကြီးပွားရေးနည်းစနစ်သာလျှင်ဖြစ်သည်။ "ထာဝရဘုရားသခင်နှင့် အကျွမ်းဝင်မိတ်သဟာယဖွဲ့လော့" (ယောဘ ၂၂း၂၁)ဟူသော နှိုးဆော်ချက်သည် လူသားအတွက် ဘုရားသခင်၏သတင်းစကားတော်ပင်ဖြစ်သည်မဟုတ်ပါလော။

ပေါလုသည် ပထမဦးဆုံးဘုရားသခင့်တပည့်တော်အာနနိနှင့်တွေ့ဆုံ၍ သူပြောဆိုလိုက်သောမြင့်မြတ်သန့်ရှင်းသည့်အမှာစကားကိုကြားရသောအခါ ပေါလုစိတ်တွင်မေ့မရနိုင်အောင်ရှိ၏။ "ညီရှောလု၊ တစ်ဖန်မျက်စိမြင်ခြင်းသို့ရောက်လော့"ဟုဆိုသည်နှင့် ပေါလုသည် ဦးဆုံးဘုရားသခင်၌မွေ့လျော်ကြည်ညို သူ အာနနိကိုတွေ့မြင်ရပါသည်။ အာနနိသည်လည်းသန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက် ပေါလုအား "သင်သည် မြင်လေသမျှ၊ ကြားလေသမျှတို့ကို လူအပေါင်းတို့အားပြော၍ သခင်ဘုရား၏သက်သေဖြစ်ရမည်အကြောင်း၊ သင်သည်ဘုရားသခင်၏အလို တော်ကိုသိစေခြင်းငှာလည်းကောင်း၊ ဖြောင့်မတ်တော်မူသောသူကိုမြင်၍ နှုတ်တော်ထွက်ကိုကြားစေခြင်းငှာလည်းကောင်း ငါတို့ဘိုးဘေးများ၏ ဘုရားသခင်သည် သင့်ကိုခန့်ထားတော်မူ၏။ . . . . . ယခုလည်း

သင်သည် အဘယ်ကြောင့်ဆိုင်းလင့်၍နေသနည်း။ ထလော့။ သခင်ဘုရားကိုဆုတောင်းလျက် ဗိတ္တိဇံ(ရေနှစ်ခြင်း)ကိုခံ၍ သင်၏အပြစ်များကို ဆေးကြောလော့ဟုဆိုပါ၏။" (တမန်တော် ၂၂း၁၃-၁၆)

ဤစကားများသည် ယေရှုသခင်၏စကားများနှင့်ညီညွတ်ပါပေသည်။ ယေရှုသခင်သည် ဒမာသက်မြို့သို့သွားရာလမ်းပေါ်၌ရှောလုကိုအလင်းရောင်နှင့်ရိုက်ဖမ်းခဲ့စဉ်က ပြောဖူးပါ၏။ "ငါသည် ယုဒအမျိုးသား၊ တစ်ပါးအမျိုးသားတို့လက်မှ သင့်ကိုကယ်လွှတ်၍ သင်သည် ယခုမြင်ရသောအကြောင်းအရာတို့နှင့်နောက်မှ ငါသည် သင့်အားထင်ရှားလတ္တံ့သောအကြောင်းအရာတို့မှာ အမှုတော်ဆောင်ရွက်သောသူ၊ သက်သေခံသောသူအရာ၌ သင့်ကိုခန့်ထားစေခြင်းငှါ ငါသည် သင့်အားထင်ရှား၏။ တစ်ပါးအမျိုးသားတို့သည် မှောင်မိုက်မှအလင်းသို့ကူးမြောက်၍ စာတန်၏အာဏာထဲမှ ဘုရားသခင့်အထံတော်သို့ ပြောင်းလဲသောအားဖြင့် အပြစ်လွှတ်ခြင်းကျေးဇူးကိုခံရမည်အကြောင်းနှင့် ငါ့ကိုယုံကြည်သောအားဖြင့် သန့်ရှင်းခြင်းသို့ရောက်သောသူတို့နှင့်ဆက်ဆံ၍ အမွေခံရမည်အကြောင်း၊ သူတို့၏မျက်စိကိုဖွင့်စေခြင်းငှါ သူတို့ဆီသို့သင့်ကိုငါစေလွှတ်မည်။" (တမန်တော် ၂၆း၁၆-၁၈)။

ပေါလုသည် ဤစကားများကိုမိမိနှလုံးသားနှင့်ချိန်ဆစဉ်းစားမိသည်နှင့်အမျှ ငါသည် "ဘုရားသခင်အလိုတော်အားဖြင့် ယေရှုခရစ်တော်၏ တမန်တော်အရာ၌ခန့်ထားသောပေါလု"(၁ကော ၁း၁)ပါတကား။ ငါ့ကိုခေါ်ခြင်းအရာသည်လည်း "လူနှင့်စပ်ဆိုင်၊ လူ၏အခွင့်မရှိဘဲလျက် ယေရှုခရစ်တော်၏အခွင့်နှင့်လည်းကောင်း၊ ထိုသခင်ကိုသေခြင်းမှထမြောက်စေတော်မူသော ခမည်းတော်ဘုရားသခင်၏အခွင့်နှင့်လည်းကောင်း" တည်ကြောင်းကို သူသိမြင်ပါ၏။ (ဂလာတိ ၁း၁)။ အမှုတော်မြတ်၏ကြီးမြတ်ခြင်းအရာသည်လည်း သမ္မာကျမ်းချက်များ ကိုစေ့စေ့လေ့လာခြင်းအပေါ်တည်မှီနေကြောင်း၊ ဧဝံဂေလိတရားဟောကြားရာ၌ "ခရစ်တော်၏လက်ဝါးကပ်တိုင်ကိုအချည်းနှီးမဖြစ်စေခြင်းငှါ နှုတ်ပညာကိုအခွင့်မပေးဘဲနေ"အပ်ကြောင်း၊ သို့မှသာလျှင် ဧဝံဂေလိတရားကိုကြားနာရသောသူတိုင်း ယုံကြည်သက်ဝင်၍ "သင်တို့၏ယုံကြည်ခြင်းသည် လူ့ပညာအားဖြင့်မတည်၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့်တည်စေခြင်းငှါ" "ဝိညာဉ်တော်၏အံ့ဖွယ်သော တန်ခိုးတော်နှင့်တကွရှိကြောင်းကို" လူတို့သိနားလည်လာကြပေလိမ့်မည်။ (၁ကော ၁း၁၇၊ ၂း၄၊၅)။

ပေါလုသည် ခရစ်ယာန်ကျမ်းစာကိုစေ့စေ့လေ့လာဆင်ခြင်သည်နှင့်အမျှ၊ ခေတ်အဆက်ဆက်က "ခေါ်တော်မူသောသူတို့တွင် လောကပညာရှိအများမပါ။ ထင်ရှားသောလူကြီးအများမပါ။ မင်းအမျိုးအနွယ်ဖြစ်သောသူအများမပါ။ ဘုရားသခင်သည် ပညာရှိတို့ကိုရှက်ကြောက်စေခြင်းငှါ လောကအရာ၌မိုက်မဲသော သူတို့ကိုရွေးကောက်တော်မူ၏။

အစွမ်းသတ္တိရှိသောသူတို့ကိုရှက်ကြောက်စေခြင်းငှါ လောကအရာ၌အားနည်းသောသူတို့ကိုရွေးကောက်တော်မူ၏။ မြတ်သောသူတို့ကို ရှက်ကြောက်စေခြင်းငှါ လောကအရာ၌ဆင်းရဲသောသူ၊ မရေရာသောသူ၊ ယုတ်သောသူတို့ကိုရွေးကောက်တော်မူ၏။ ထို့ကြောင့် ဘုရားသခင်ရှေ့၌ အဘယ်သူမျှဝါကြွားစရာအကြောင်းမရှိ"။ (၁ကောဒး၂၆-၂၉)။ ထို့ကြောင့် လက်ဝါးကပ် တိုင်တော်အလင်းကို လောကပညာမျက်စိနှင့် ရှုမြင်သုံးသပ်လိုက်သောအခါ ပေါလုသည် "ယေရှုခရစ် တော်တည်းဟူသောလက်ဝါးကပ်တိုင်မှာ အသေခံတော်မူသောသခင်မှတစ်ပါးအ ဘယ်အရာကိုမျှသင်တို့တွင် ငါမသိမမှတ်ဟု ငါစိတ်ပြဋ္ဌာန်းခြင်းရှိ၏" (၁ကော ၂း၂)ဟု မြွက်ဆိုပါသည်။

သူ၏ခရစ်ယာန်သာသနာပြုနှောင်းပိုင်းကာလတစ်လျှောက် ပေါလုသည် မိမိအားဉာဏ်ပညာနှင့်စွမ်းအင်တန်ခိုးကိုပေးသောအရှင်သခင်ကို ဘယ်သောအခါမျှ မျက်ခြည်အပြတ်မခံပေ။ သူ၏ကြေညာအသိပေးချက်များကိုမှတ်သားပါ။ "ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။" (ဖိလိပ္ပိ၁း၂၁)။ "ထိုမျှမက ငါ၏ သခင့်ယေရှုခရစ်ကိုသိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏။ ထိုသခင်ကြောင့် ခပ်သိမ်းသောအရာတို့ကိုအရှုံးခံရပြီ။

သေခြင်းမှထမြောက်သောအခွင့်ကို ငါရနိုင်ကောင်းလျှင် ကိုယ်တော်သည်အသေခံတော်မူသည်နည်းတူ ငါသည်လည်း အသေခံ၍ ထိုသခင်ကိုလည်းကောင်း၊ ထမြောက်တော်မူခြင်း၏တန်ခိုးကိုလည်းကောင်း၊ ဆင်းရဲခံတော်မူခြင်းကိုဆက်ဆံ၍ခံခြင်းကိုလည်းကောင်း၊ သိကျွမ်းခြင်းငှာ ပညတ်တရားအားဖြင့်ရသောကိုယ့်ဖြောင့်မတ်ခြင်းကိုမကိုးစားဘဲ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်ရသောဖြောင့်မတ်ခြင်းတည်းဟူသောယုံကြည်ခြင်းအတွက်ကြောင့် ဘုရားသခင်ပေးတော်မူသောဖြောင့်မတ်ခြင်းကိုကိုးစားသဖြင့် ခရစ်တော်ကိုအမြတ်ရ၍ ထိုသခင်၌

တည်ပါမည်အကြောင်းခပ်သိမ်းသောအရာတို့ကိုမစင်ကဲ့သို့ငါထင်မှတ်၏။" (ဖိလိပ္ပိ ၃း၈-၁၁)။

ပေါလုသည် အာရေဗျပြည်မှသည် ဒမာသက်မြို့သို့ပြန်သွား(ဂလာတိ ၁း၁၇)ပြီးလျှင် ယေရှုသခင်၏နာမတော်၌ ရဲရင့်စွာဟောပြော၏။ သူ့ကိုမုန်းသော ယုဒလူတို့သည် သူ၏စကားကိုမချေပနိုင်ကြ။ သူ့ကိုသတ်အံ့သောငှါ အချင်းချင်း တိုင်ပင်ကြ၏။ သို့ဖြစ်၍မြို့တော်ဂိတ်တံခါးတို့ကို နေ့ညမပြတ်ဝီရိယကြီးစွာ ပေါလုမလွတ်ထွက်သွားရန် စောင့်ကြည့်ကြ၏။

ဤပြသနာက တပည့်တော်တို့အား ထာဝရဘုရားသခင်ထံ စိတ်အား ကြီးစွာအကူအညီရရှိရန် ရှာဖွေတောင်းလျှောက်စေ၏။ နောက်ဆုံးတော့ "တပည့် တော်တို့သည် ညဥ့်အခါသူ့ကိုယူ၍ တောင်း၌ထည့်ပြီးလျှင် မြို့ရိုးပေါ်ကလျှော့ ချကြ၏။" (တမန်တော် ၉း၂၅)။

ပေါလုသည် ဒမာသက်မြို့မှလွတ်မြောက်သည်နောက် ယေရုရှလင်မြို့ သို့သွား၏။ မြို့တော်သို့သူပြန်မရောက်သည်မှာ သူပြောင်းလဲပြီးသည်မှစ၍ သုံးနှစ် မျှရှိ၏။ မြို့တော်သို့ပြန်လည်ပတ်ရခြင်းအကြောင်းအရင်းမှာ "ပေတရု"ကိုတွေ့ရန် ဖြစ်သတည်း။ (ဂလာတိ၁း၁၈)။ သူ့ကိုမြို့တော်လူအများက "နှိပ်စက်ညှဉ်းဆဲသူ ရှောလု"ဟုသိကြသည်။

"ယေရုရှလင်မြို့သို့ရောက်သောအခါ တပည့်တော်တို့နှင့် ပေါင်းဖော် မည်ပြုသော် သူသည် တပည့်တော်ဖြစ်ကြောင်းကို တပည့်တော်အပေါင်းတို့ သည်မယုံသဖြင့် သူ့ကိုကြောက်ရွံ့ကြ၏။"ယုံရန်ခက်လှသည်မှာမှန်၏။

အကြောင်းသော်ကား၊ ရှောလုသည် တစ်ချိန်က တစ်ယူသန်ဖာရိရှဲတစ် ယောက်၊ အသင်းတော်နှင့်ယေရှုနောက်တော်လိုက်များကို ဖျက်ဆီးခဲ့သူဖြစ်၏။

"ထိုအခါ ဗာနဗသည် သူ့ကိုခေါ်၍ တမန်တော်များထံသို့ ပို့ဆောင် ပြီးလျှင် အထက်ကရှောလုသည် လမ်းခရီး၌သခင်ဘုရားကိုမြင်သည်ဟူ၍လည်း ကောင်း၊ သူ့အား မိန့်တော်မူသည်ဟူလည်းကောင်း၊ ဒမာသက်မြို့၌ယေရှု၏နာ မတော်ကိုအမှီပြုလျက် ရဲရင့်စွာဟောသည်ဟူ၍လည်းကောင်းပြောလေ၏။ "ထိုစကားကိုကြားသည်နှင့် တပည့်တော်တို့သည် ပေါလုအားအဖွဲ့သားတစ်ဦးအ ဖြစ်သတ်မှတ် လက်ခံလိုက်လေသည်။ ပေါလု၏ပြောင်းလဲသောအသက်တာနိုး ကြား တက်ကြွသော ခရစ်ယာန်သဘောထားအတွေအကြုံများကို တပည့်တော်တ

မျက်ဝါးထင်ထင်မြင်တွေ့ရလေပြီ။ တစ်ပါးအမျိုးသားတို့ထံ ခရစ်ယာန်သာသနာပြုမည့်သူသည် မိတ်ဟောင်းဆွေဟောင်းများရှိရာမြို့တော်တွင် ယခုရှိနေပါ၏။ ထိုသူတို့ကိုမေရှိယသခင်အကြောင်းပြောပြလိုသည်။ ထိုသခင်သည် ကယ်တင်ရှင်အဖြစ်ပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း၊ ပုရောဖက်စကားသည်လည်းပြည့်စုံပြီဖြစ်ကြောင်းကို ရှင်းပြခဲ့ပါသည်။ ပေါလုအဖို့မူကား၊ သူနှင့်တစ်ချိန်ကအကျွမ်းဝင်ရင်းနှီးကြကုန်သော ထိုက္ကသရေလဆရာကြီးများတို့သည် သူကဲ့သို့ စိတ်နှလုံးဖြူစင်၍ ရိုးသားသည်ဟု ခံစားမိခဲ့သည်။ သို့ရာတွင်ပေါလုသည် သူ၏ဂျူးလူမျိုးညီအစ်ကိုတော်များ၏သဘောထားကို မှားယွင်းစွာတွက်ဆမိသည်။ မှန်းချက်နှင့်နှမ်းထွက်မကိုက်တော့ပြီ။ "ထိုနောက်မှ ရှောလုသည် ယေရုရှလင်မြို့၌တမန်တော်တို့နှင့် ပေါင်းဖော်ပြီး သခင်ယေရှု၏နာမတော်ကို အမှီပြု၍ ရဲရင့်စွာဟောလျက်နေ၏" အသင်းတော်လူကြီးတရားဇရပ်မှူး(ဂရိလူမျိုး) "ဟေလေနစ်လူတို့နှင့် အပြန်အလှန်နှီးနှော ပြောဆိုသဖြင့် ထိုသူတို့သည် ရှောလုကိုသတ်မည်ဟုအားထုတ်ကြ၏။" ရှောလုဝမ်းနည်းရလေပြီ။ သူတို့တတွေကို အမှန်တရားသို့ပို့ဆောင်ပြီးသော် သူသေရလျှင် ကောင်းသေး၏ဟုဆန္ဒပြုမိပါသည်။ သို့သော် သူသည် သတေဖန်ကိုကျောက်ခဲနှင့် ပေါက်သတ်သောလုပ်ကြံမှုကြီးကို ပြန်သတိရ၍ရှက်မိပါသည်။ ယခုတော့သူ့အ လှည့်ရောက်လာပြီ။ မျက်ခုံးလှုပ်မိသည်။ သူမှားခဲ့သော မဟုတ်တယုတ်စွပ်စွဲချက် ကြီး၏အမည်းစက်ကိုသူဘယ်လိုချေဖျက်ရအံ့နည်း။ သတေဖန်အသက်ပေး၍ ရပ် တည်ခဲ့သောအမှန်တရားအတွက် သူလည်းဘဲ ပြစ်ကြွေးဆပ်ချေဖျက်ရန် ဆန္ဒပြုမိလေပါ၏။

ယေရှုသခင်ကို မယုံကြည်ကြသူများကို ပေါလုဝန်လေးမိသည်။ ဗိမာန်တော်တွင်ဆုတောင်းလျက်နေ၏။ ထိုသို့ဘဝင်ကျ၍ မိန်းမောတွေဝေနေစဉ် ကောင်းကင်ဘုံမှ နံ့ဝိညာဉ်တမန်တော်တစ်ပါးသည်ပေါ်လာ၍ "သခင်ဘုရားက သင်သည် ကြိုးစား၍ယေရုရှလင်မြို့မှအလျင်အမြန်ထွက်သွားလော့။ ငါ၏အကြောင်းကို သင်သည်ပြော၍ သက်သေခံသောစကားကို ဤလူတို့သည် မခံဘဲနေကြလိမ့်မည်ဟုမိန့်တော်မူ၏။" (တမန်တော် ၂၂း၁၈)။

ပေါလုသည် အတိုက်အခံခေါင်းဆောင်များနှင့်ရင်ဆိုင်ရလျှင် ရင်ဆိုင်မည်။ ယေရုရှလင်မြို့မှ အလျှင်တဆောတော့မထွက်ခွာလိုပြီ။ ခုလိုအနေအထားမျိုးနှင့်ထွက်ခွာရပါသော် သူရဲဘောကြောင်သူဟု တစ်ပါးသူတို့မမြင်မိပါလား။

နေဦးမည်။ စိတ်နှလုံးခိုင်မာသော ယုဒလူမျိုးခေါင်းဆောင်တွေ ဧဝံဂေလိသတင်းကောင်းအမှန်တရားကိုလက်ခံ၍ ပြောင်းလဲကောင်းပြောင်းလဲမည်။ မိမိအသက်ပင်ပေးရသော်လည်းပေးမည်ဟု စဉ်းစားဆုံးဖြတ်မိကာ သခင့်ကို၌သို့အဖြေပေး၏။ "အကျွန်ုပ်ကလည်း သခင်၊ ကိုယ်တော်ကို ယုံကြည်သောသူတို့ကို အကျွန်ုပ်သည် ထောင်ထဲ၌လှောင်ထား၍ တရားဇရပ်များ၌ရိုက်သည်အကြောင်းကိုသူတို့သိကြပါ၏။ ကိုယ်တော်၏သက်သေခံဖြစ်သော သတေဖန်၏အသွေးကိုသွန်းသောအခါ အကျွန်ုပ်သည် အနားနေလျက် ကွပ်မျက်ခြင်းအမှုကိုဝန်ခံ၍ ကွပ်မျက်သောသူတို့၏အဝတ်ကိုစောင့်နေပါ၏။" သို့ရာတွင် မလိုအပ်၍မတန်သောအသက်ပေးဆပ်ခြင်းသည် ထာဝရဘုရားသခင်၏ရည်ရွယ်ချက်နှင့် မညီညွတ်ရကား၊ ကောင်းကင်ဘုံတမန်တော်က ဤသို့ပြန်ကြား၏။ "သခင်ဘုရားက၊ သွားလော့၊ ငါသည် တစ်ပါးအမျိုးသားတို့ရှိရာသို့ သင့်ကိုဝေးလှစွာစေလွှတ်မည်။" (တမန်တော် ၂၂း၁၉-၂၁)။

ဤသို့မြင်ခြင်းကိုထောက်လျက် ယုံကြည်သူတပည့်တော်စုသည် ပေါလုကို ယေရုရှလင်မြို့မှလွတ်မြောက်ရေးအတွက် လျှို့ဝှက်စွာစီစဉ်ရလေသည်။ ထိုသို့မှ မပြုလျှင် ပေါလုလုပ်ကြံခံရမည်မဟုတ်ပါလော။ "ထိုအကြောင်းကို ညီအစ်ကိုတို့ သည်ကြားသိလျှင် ပေါလုကိုကဲသရိမြို့သို့ပို့၍ တာရှုမြို့တိုင်အောင်စေလွှတ်ကြ၏။" ပေါလုမရှိသည်နောက်၌ ဂျူးလူမျိုးအကြီးအကဲတို့၏ ကြမ်းကြုတ်သောဆန့်ကျင် မှုကြီးသည် အခိုက်အတန့်ရပ်ဆိုင်းထားသည့်သဘောရှိ၍ အသင်းတော်သည်လည်း အနားရကာ ဧဝံဂေလိတရားတော်သတင်းကောင်းကိုလက်ဆင့်ကမ်းသည်နှင့်အမျှ သင်းဝင်သူများတိုးပွါးများပြားလာသည်မှာ သခင်ဘုရား၏အလိုတော်ပြည့်စုံရေးရည်ရွယ်ချက်ပင်ဖြစ်သည်မဟုတ်လော မိတ်ဆွေ။

-----o-----

## အခန်း (၁၄)
## အမှန်တရားကိုရှာဖွေသူ

(တမန်တော် ၉း၃၂-၁၁း၁၈ ကို အခြေခံထားပါသည်)

ခရစ်ယာန်သာသနာပြုဆရာတစ်ယောက်ဖြစ်သည်မှ တမန်တော်ပေတရုသည် ယုံကြည်သူတပည့်တော်စုရှိရာ လုဒ္ဒမြို့သို့ အလည်အပတ်သွား၏။ ထိုမြို့တွင် ရှစ်နှစ်တာကာလပတ်လုံးခြေလက်သေ၍ အိပ်ရာ၌တုံးလုံးလဲနေသော "အဲနေ" ဆို သူကို ကျန်းမာပကတိဖြစ်စေပါသည်။ "အဲနေ၊ ယေရှုခရစ်သည် သင့်အားချမ်းသာပေးတော်မူ၏။ ထ၍ အိပ်ရာကိုပြင်လော့ဟုဆိုသော် ထိုသူသည် ချက်ချင်းထ၏။ လုဒ္ဒမြို့နှင့်ရှာရုန်မြို့၌နေသောသူအပေါင်းတို့သည် ထိုသူကိုမြင်၍ ဘုရားသခင်ထံ တော်သို့ပြောင်းလဲကြ၏။"

လုဒ္ဒမြို့အနီးတွင် ယုပ္ပေမြို့ရှိ၏။ ထိုမြို့တွင်ဒေါ်ကာဆိုသူတပည့်တော်မတစ်ယောက်ရှိ၏။ သူမသည် ကောင်းသောအကျင့်၊ စွန့်ကြဲခြင်းအကျင့်နှင့်ပြည့်စုံသဖြင့် ချစ်ဖို့ကောင်း၏။ ဘုရားသခင်၏တပည့်တော်မစစ်မှန်ပါ၏။ မည်သူသည် အဝတ်အစားလိုသည်၊ ကြင်နာစကားပြောရန်လိုသည်ဆိုကြောင်းကို သူမသိ၏။ သူဆင်းရဲများ၊ ကြေကွဲဝမ်းနည်းသူများ၏အဖော်ကောင်းပေတည်း။ သူမ၏သေးသွယ်၍အကူအညီပေးတတ်သော၊ ချမ်းအေးသူကိုနွေးထွေးစေသော ကျွမ်းကျင်လက်ချောင်းကလေးများက သူမ၏နှုတ်ထက်ပို၍အလုပ်လုပ်ပါ၏။ သူမသည် "ထိုအခါ၌နာ၍သေလေ၏။" ယုပ္ပေမြို့အသင်းတော်အတွက်ဆုံးရှုံးရလေပြီ။ တမန်တော်ပေတရုသည် လုဒ္ဒမြို့တွင်ရှိကြောင်းကို တပည့်တော်များသိရှိ၍ ယုပ္ပေမြို့သို့မနှေးအမြန်ကြွရောက်လှည့်ပါရန် ပေတရုကိုလူလွှတ်ခေါ်စေ၏။

"ပေတရုသည် အလျှင်အမြန်ကြွလာပါမည်အကြောင်း လူနှစ်ယောက်ကိုစေလွှတ်၍ တောင်းပန်ကြ၏။ ပေတရုသည်ထ၍ ထိုသူတို့နှင့်အတူလိုက်လေ၏။ ရောက်လျှင် အထက်ခန်းသို့ခေါ်ပင့်၍ မုဆိုးမများတို့သည် ငိုကြွေးလျက်၊ သူတို့နှင့်အတူဒေါ်ကာရှိစဉ်အခါ လုပ်ခဲ့သောအကျႌနှင့်အဝတ်များကိုပြလျက်ရှိကြ၏". . . . . ဒေါ်ကာအသက်ရှင်စဉ်က ပြုလုပ်ခဲ့သောကောင်းမှုများ

အတွက် ကျန်ရစ်သူဆင်းရဲသူမုဆိုးမများငိုကြွေးမြည်တမ်း၍ နွေးထွေးသောမျက်ရည်များအသက်မဲ့သောမြေကြီးခန္ဓာပေါ် ကျရောက်မှာ အံ့ဖွယ်မဟုတ်တော့ပါ။

ဤအချင်းအရာကိုမြင်တွေ့ရသောတမန်တော်ပေတရုသည် စိတ်မထိခိုက်ဘဲ အဘယ်မှာလျှင်ရှိနိုင်အံ့နည်း။ သို့နှင့်ငိုကြွေးနေသူချစ်မိတ်ဆွေအပေါင်းတို့ကို အခန်းအပြင်သို့ထွက်စေပြီးလျှင် သူသည် ဒူးထောက်လျက် စိတ်အားကြီးစွာဖြင့် ဒေါ်ကာပြန်လည်အသက်ရှင်လာ၍ ကျန်းမာစေရန် ဆုတောင်းပါတော့သည်။

၄င်းတွက် "ထိုအလောင်းသို့မျက်နှာလှည့်၍ တဗိသထလော့ဟုဆိုလေ၏။ ထိုမိန်းမသည် မျက်စိကိုဖွင့်၍ ပေတရုကိုမြင်လျှင် ထ၍ထိုင်၏။"ဒေါ်ကာသည် အသင်းတော်လုပ်ငန်း၌ကြီးစွာသောမင်္ဂလာကိုဖြစ်စေ၏။ ထာဝရဘုရားသည် သူမအားသင့်လျော်သည်မြင်၍ သေမင်းနိုင်ငံမှပြန်လည်ခေါ်ဆောင်လာပါသည်။ သူမ ၏ကျွမ်းကျင်လိမ္မာမှုနှင့်ခွန်အားတို့သည် တစ်ပါးသူတို့အတွက်မင်္ဂလာများကိုဖြစ်စေသည်မကသေး။ ဤကဲ့သို့ ဘုရားသခင်ဘုန်းတန်ခိုးတော်ထင်ရှားစေရေးအမှု၌ ခရစ်ယာန်သာသနာသည်လည်း အင်အားတိုးပွားလာသည်မဟုတ်ပါလော။

ပေတရုသည် ယုပ္ပေမြို့၌ရှိစဉ်မှာပင် ကဲသရိမြို့နေအီတာလျံစစ်သူကြီးကော်နေလိထံသို့ ဧဝံဂေလိသတင်းကောင်းသယ်ဆောင်သွားရန် ဘုရားသခင်စေခိုင်းပါ၏။ ကော်နေလိသည် ရောမစစ်သူကြီးတစ်ဦးဖြစ်သည်။ ချမ်းသာကြွယ်ဝ၍ သူကောင်းမျိုးဖြစ်၏။ သူသည် ရာထူးကြီး၍ ကျက်သရေရှိသည်။ မယုံကြည်သူဖြစ်သော်လည်း ဂျူးလူမျိုးအသိုက်အဝန်းတွင်ပညာသင်၊ နည်းခံလာခဲ့သူဖြစ်၍ ထာဝရဘုရားအကြောင်းကိုသိရှိသည်။ ထိုဘုရားသခင်ကိုမှန်ကန်သောစိတ်နှင့်ကိုးကွယ်၍ ယုံကြည်သည်နှင့်အမျှ သူဆင်းရဲတို့အားသနားကြင်နာမှုကိုပြ၏။

သူ၏ စွန့်ကြဲတတ်သောသဘော၊ ဖြောင့်မတ်သောအသက်တာကိုရပ်ဝေးရပ်နီးရှိ ယုဒလူမျိုးမယုံကြည်သူတို့သည်လည်းသိရှိကြ၍ သူ့ကိုရိုသေလေးစားကြသည်။ သူနှင့်ဆက်သွယ်သူတိုင်း မင်္ဂလာရှိ၍ ပျော်ရွှင်ကျန်းမာကြသည်။ ကျမ်းစာမှတ်တမ်းအရ "ထိုသူသည် မိမိအိမ်တွင်ရှိသမျှသောသူတို့နှင့်တကွဘုရားသခင်၌မွေ့လျော်၍ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းရှိသဖြင့် လူတို့အားများစွာသောစွန့်ကြဲခြင်းကိုပြု၍ ဘုရားသခင်ကိုအစဉ်ဆုတောင်းလေ့ရှိ၏။"

ဘုရားသခင်ကို ကောင်းကင်၊ မြေကြီးသခင်ဖန်ဆင်းရှင်အဖြစ် ယုံကြည်သောကြောင့် ကိုယ်တော်ကိုချစ်ကြောက်ရိုသေ၍ ကြည်ညိုမြတ်နိုးသည်။ အာဏာတော်ကိုအသိအမှတ်ပြု၏။ အသက်တာ၏အခက်အခဲတိုင်းတွင် ကိုယ်တော်ထံအဖြေရှာ၏။ အိမ်တွင်းမှာဖြစ်စေ၊ တာဝန်နှင့်ဝတ္တရားလုပ်ငန်းခွင်မှာဖြစ်စေ ယေဟောဝါဘုရားသခင်ကိုသစ္စာဆို၏။ မိမိအိမ်ထဲတွင် ထာဝရဘုရား၏ယဇ်ပလ္လင်ကိုတည်ဆောက်ထား၍တာဝန်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်တော့မည်ပြုတိုင်း ဘုရားသခင်ထံအကူအညီတောင်းခံသည်။ စစ်သူကြီးကော်နေလိသည် ပုရောဖက်ကျမ်းများကိုယုံကြည်လေ့လာ၍ ကြွလာမည့်မေရှိယသခင်ကိုစောင့်မျှော်နေသော်လည်း သခင်ခရစ်တော်၏သက်တော်စဉ်နှင့်သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအကြောင်းများကို ကြွေးကြော်သောဧဝံဂေလိတရားအကြောင်းကိုမူ လားလားမျှမကြားသိဖူးသေးချေ။ သူသည် ဂျူးဘာသာဝင်မဟုတ်သောကြောင့် ယုဒဆရာကြီးများက မယုံကြည်သူဆိုလျှင် မစင်ကြယ်ပါဟုမြင်သလို မမြင်ပေ။ သို့သော် “ငါသည် သူ့ကိုသိ၏”ဟု အာဗြဟံကိုပြောဆိုသော သန့်ရှင်းသောကင်းစောင့်ကြီးက စစ်သူကြီးကော်နေလိကိုလည်းသိပါ၏။ ထို့ကြောင့်လည်း သူ့ထံသို့ကောင်းကင်ဘုံသတင်း ကိုတိုက်ရိုက်ပို့ဆောင်နေခြင်းမဟုတ်ပါလောမိတ်ဆွေ။

ကော်နေလိဆုတောင်းနေစဉ် ကောင်းကင်တမန်ကသူ့အား ကိုယ်ယောင်ပြသည်။ စစ်သူကြီးသည် မိမိနာမည်ခေါ်သံကိုကြားလိုက်သည်နှင့် များစွာကြောက်လန့်သွား၏။ သို့တိုင်အောင် ထိုစေတမန်သည် ထာဝရဘုရားသခင်ထံတော်မှဖြစ်ခေကာင်းကိုသူသိသည်။ ထိုကြောင့် “သခင်၊ အဘယ်အခင်းရှိပါသနည်းဟုမေးသော် ကောင်းတမန်က သင်ပြုသောဆုတောင်းခြင်းနှင့်စွန့်ကြဲပေးကမ်းခြင်းတို့သည် ဘုရားသခင့်ရှေ့တော်၌ အောက်မေ့စရာဖို့တက်ကြပြီ။ ထို့ကြောင့် ယခုပင် ယုပ္ပေမြို့သို့ လူတို့ကိုစေလွှတ်၍ ပေတရုအမည်သစ်ကိုရသောရှိမုန်ကိုခေါ်ပင့် လော့။ ထိုသူသည် သားရေလုပ်သမားရှိမုန်၏အိမ်၌တည်းနေ၏။ ထိုအိမ်သည် ပင်လယ်နားမှာရှိသည်ဟုပြောဆို၏။”

ဤကဲ့သို့သောရှင်းလင်းတိကျစွာမြွက်ဆိုသည့်ညွှန်ကြားချက်များကိုထောက်ရှုသော် ကောင်းကင်ဘုံသည် လူ့သမိုင်းမက နေ့စဉ်လုပ်ငန်းလုပ်ဆောင်မှုအရပ်ရပ်တိုင်းနှင့် အကျွမ်းဝင်သိရှိနေသည်ကိုပြသည်။ ထာဝရဘုရားသခင်သည်

မလောက်လေး၊ မလောက်စား နေ့စားအလုပ်သမားတစ်ဦးစီ၏ လုပ်ငန်းနှင့်အတွေ့အကြုံကို အကျွမ်းဝင်သိမှတ်သကဲ့သို့ ပလ္လင်ပေါ်တွင်ထိုင်၍ နန်းစံနေသောရှင်ဘုရင်အထိသော်မှလည်းသိရှိထားပြီဖြစ်ပါသည်။

"ယခုယုပွေမြို့သို့ လူကိုစေလွှတ်၍ ပေတရုအမည်သစ်ကိုရသော ရှိမုန်ကိုခေါ်ပင့်လော့။" ဤသို့လျှင် ထာဝရဘုရားသည် မိမိ၏ဖွဲ့စည်းထားပြီး အသင်းတော် နှင့်ဧဝံဂေလိသာသနာတော်အတွက် ဂရုစိုက်သည်မှာထင်ရှားသည်။ ကောင်းကင် တမန်သည် စစ်သူကြီးကော်နေလိအားကပ်တိုင်အကြောင်းပြောပြရန် စေခိုင်းခြင်းမခံရပါ။ သေမျိုးအချင်းချင်း၊ အပြစ်အနာအဆာနှင့်စုံစမ်းသွေးဆောင်ခြင်းခံရ၍ ယိမ်းယိုင်တတ်သောလူသားအချင်းချင်းသည်သာ ထိုကယ်တင်ရှင်၏ အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ပြောခွင့်ရပါသည်။

ထာဝရဘုရားသခင်သည် လူသားတို့အတွက်အသက်ဝိညာဉ်ရှာဖွေကယ်တင်ရန်အလုပ်ကို အပြစ်ဆိုသည်ကိုနားမလည်မခံစားဖူးသော ကောင်းကင်တမန်များကိုသော်မှ တိုက်ရိုက်မပေးပါ။

သို့ဖြစ်၍ လူသားကိုလက်လှမ်းမီ၍ ခံစားသိမြင်ကာ ကိုယ်ချင်းစာနိုင်ရန် ခရစ်တော်သခင်သည် ဘုရားသခင်အဖြစ်တော်ကိုစွန့်၍ လူအဖြစ်တော်ကိုခံယူခဲ့ခြင်းဖြစ်၏။ လူ၊ ဘုရားသခင်ဖြစ်သည့် ကယ်တင်ပိုင်ရှင်သာလျှင် ကမ္ဘာကိုကယ်တင်နိုင်မည်ဖြစ်ပါသည်။ ထိုမြင့်မြတ်လှသည့်တာဝန်ကို လူသားတို့ခံယူရရှိခြင်းအကြောင်းကား "စစ်၍မကုန်နိုင်သောခရစ်တော်၏ ကြွယ်ဝပြည့်စုံခြင်း(ဧဖက် ၃း၈)ကို ခံစားသိမြင်နိုင်ဖို့ပင်ဖြစ်သည်မဟုတ်ပါလော။

ဘုရားသခင်၏ပညတ်တော်စီစဉ်မှုအရ အမှန်တရားကိုသိရှိနားလည်ပြီး သူသည် မသိနားမလည်သေးသောလူလူချင်းဆီသို့ သိနားလည်စေရန်ပို့ဆောင်ပေး၏။ ရရှိသောအလင်းကိုအမှောင်ခွင်း၍ အလင်းဆောင်ရပေမည်။ လူသည် မိမိအလုပ်၌စွမ်းဆောင်နိုင်မှုအင်အားကောင်းရန် ပညာရှင်ကြီးထံချဉ်းကပ်ရပါမည်။ ထိုသို့ပြုပြီးမှ လူသည် အမှုတော်မြတ်တွင် သခင်၏အစေခံကောင်းဖြစ်လာ၍ တစ်ပါးသူ၏စိတ်အာရုံနှင့်နှလုံးသားအိမ်ကိုလည်း ဧဝံဂေလိသတင်းကောင်းလက်ခံရန် ပြောင်းလဲစေပါလိမ့်မျှည်။ စစ်သူကြီးကော်နေလိသည် မိမိမြင်တွေ့ရသောမြင်ခြင်းအတွက် ဝမ်းမြောက်သည်။ ကောင်းကင်တမန်ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက်၊ . . . . . . . . . . . . . . . . . . . . . . . . သူသည်

"မိမိငယ်သားနှစ်ယောက်နှင့်တကွ မိမိထံ၌မပြတ်ခစားသောလူစုအဝင်၊ ဘုရားသခင်၌မွေ့လျော်သောစစ်သူရဲတစ်ယောက်ကို ခေါ်၍ထိုအကြောင်းအရာအလုံးစုံကိုကြားပြောပြီးမှ ယုပွေမြို့သို့စေလွှတ်၏။

ထိုကောင်းကင်တမန်သည်ပင်လျှင် ကော်နေလိနှင့်စကားပြောပြီးသော် ယုပွေမြို့တွင်တည်းနေသောပေတရုထံရောက်၏။ ပေတရုသည်လည်း ထိုအချိန်၌ အိမ်မိုးပေါ်တစ်နေရာတွင် ဗိုက်ဆာဆာနှင့်ဆုတောင်းနေစဉ် စိတ်ဘဝင်ဖြစ်၍နေ၏။ သူသည် ခန္ဓာကိုယ်အစာဆာသည်သာမက သူ့တိုင်းရင်းသားများအတွက် ကယ်တင်ခြင်းရရှိရန် ဝိညာဉ်ရေးအစာလည်းဆာနေပါ၏။

ထိုအခါမြင်ခြင်းတွင်ပေါ်လာသည်ကား "ကောင်းကင်ဖွင့်လှစ်သည်ကိုလည်းကောင်း၊ ခြုံထည်ကဲ့သို့လေးထောင့်ချုပ်၍ မြေသို့ချလွှတ်သောတန်ဆာသည် မိမိဆီသို့ဆင်းသက်လာသည်ကိုလည်းကောင်းမြင်လေ၏။ ထိုတန်ဆာထဲ၌ သားရဲမှစ၍ မြေ၌ကျင်လည်သောသားမျိုး၊ တွားတတ်သောတိရစ္ဆာန်မျိုး၊ မိုးကောင်းကင် ၌ကျင်လည်သောငှက်မျိုးတို့သည်ရှိကြ၏။ စကားအသံသည်လည်း ပေတရုထ၍ သတ်စားလော့ဟုလာ၏။ ပေတရုကလည်း မဖြစ်နိုင်ပါသခင်၊ ညစ်ညူးသောအရာနှင့် မစင်ကြယ်သောအရာကို အကျွန်ုပ်သည် တစ်ရံတစ်ခါမျှ မစားဖူးပါဟုပြောဆို၏။ နောက်တစ်ဖန် စကားသံကား၊ ဘုရားသခင်စင်ကြယ်စေတော်မူသောအရာကိုညစ်ညူးသည်မထင်နှင့်ဟုလာပြန်၏။ ထိုသို့သုံးကြိမ်မြောက်အောင်လာပြီးလျှင် ထိုတန်ဆာကိုကောင်းကင်ထဲသို့ရုပ်သိမ်းပြန်လေ၏။"

ထိုမြင်ခြင်းသည် ပေတရုအားဆုံးမ၍ဘာလုပ်သင့်သည်ကိုလည်းပြောပါသည်။ ထာဝရဘုရား၏အလိုတော်ပင်မဟုတ်ပါလား။ ခရစ်တော်သခင်အသေခံခြင်းသည် မယုံကြည်သူများအတွက်လည်းပါ၏။ ကယ်တင်ခြင်းမင်္ဂလာကို ဂျူးလူမျိုးများခံစားရရှိသကဲ့သို့ ထိုသူတို့လည်း အမွေတော်ခံများဖြစ်ရပါမည်။ အဘယ် တပည့်တော်မျှ ထိုဝမ်းမြောက်ဖွယ်သတင်းကောင်းကို မယုံကြည်သူတို့ထံသို့မဟောမပြောသေးပါ။

ဂျူးလူမျိုးတို့၏စိတ်အာရုံထဲတွင် ကာဆီးထားသောတံတိုင်းကြီးက မပျောက်သေးပါ။ ခရစ်တော်သခင်က ထိုအကာအဆီးတံတိုင်းကြီးကို လက်ဝါးကပ်တိုင်ပေါ်တွင် အသက်အစတေးခံ၍ ဖြိုဖျက်ခဲ့လေပြီ။ သို့တိုင်အောင်လည်း ဂျူး လူမျိုးများ၏အမြင်မှာတော့ တစ်ပါးအမျိုးသားတို့သည် . . . . . . . . . . .

ဝမ်းမြောက်ဖွယ်သတင်းကောင်းမင်္ဂလာများနှင့် မသက်ဆိုင်ပါဟုသာမြင်တွေ့နေပါသေးသည်။ ယခုတော့ ကမ္ဘာတစ်ခွင်လုံးအတွက် ဘုရားသခင်၏အစီအစဉ်မည်သို့ရှိကြောင်းကို ဘုရားသခင်သည် ပေတရုအားသွန်သင်နေလေပြီ။

မယုံကြည်သူများစွာတို့သည် တမန်တော်ပေတရုနှင့်အခြားတမန်တော်များကြွေးကြော်သောအမှန်တရားများကို စိတ်ဝင်စားစွာနားထောင်ကြပါ၏။ ဂရိဟေလသဘာသာစကားပြောဂျူးလူမျိုးများစွာတို့သည်လည်း ခရစ်တော်သခင်ကိုယုံကြည်လက်ခံကြ၏။ သို့သော် စစ်သူကြီးကော်နေလိ၏ပြောင်းလဲပုံမှာ မယုံကြည် သူအနွယ်တို့တွင် အရေးပါ၍ သမိုင်းဝင်မှတ်တမ်းတင်ရပါမည်။

ခရစ်တော်၏အသင်းတော်တွင် လုံးလုံးလျားလျားတစ်ခေတ်ဆန်းပြီဟုဆိုရပါမည်။ တစ်ချိန်က ငါတို့လူမျိုးမှ ငါတို့လက်ခံမည်ဆိုသော ယုဒအမျိုးယုံကြည်သူတို့ ယခုတော့ ဗိမာန်တော်ဘုရားသခင့်ကျောင်းကို လူမျိုးမရွေးဝင်ရောက်တရားတော်နာနိုင်ပြီဟု ကြေညာပါသည်။ ဧဝံဂေလိတရားတော်ကိုယုံကြည်လက်ခံသော မယုံကြည်သူတို့သည်လည်း အရေဖျားလှီးမင်္ဂလာကိုမခံမယူဘဲ ဂျူးလူမျိုးတပည့် တော်များကဲ့သို့ ညီတူအကျိုးခံစားနိုင်သည်ဟုမှတ်ယူကြပါပြီ။

တမန်တော်ပေတရုသည်လည်း ငယ်စဉ်ကလေးဘဝမှစွဲမြဲလာပြီဖြစ်သော လူမျိုးကြီးအယူအဆ၊ မယုံကြည်သူတို့ကိုအထင်အမြင်သေးသောအစွဲအလမ်းတို့ကိုပပျောက်ချေဖျက်ရန် အလုပ်သည်မလွယ်ကူသောအလုပ်၊ ထိုအလုပ် ကိုဘုရားသခင်သည် ပညာသတိကြီးစွာနှင့်ပုံပမာဆောင်လျက်သွန်သင်၏။ ခြုံ ထည်ထဲမှတွားသွားသောတိရစ္ဆာန်အပါအဝင် ဂျူးလူမျိုးများ၊ မသန့်ရှင်းပါဟု ပညတ်ချက်ရှိထားနှင့်သောသားကောင်များကို ထ၍သတ်စားလော့ဟု ကောင်းကင်ဘုံမှအမိန့်ပေးနေခြင်းသည် အမှန်တကယ်အားဖြင့် လူသားတစ်နွယ်လုံးကို ပုံဆောင်ကြောင်းကိုသိမြင်လာပါ၏။

ထာဝရဘုရားသခင်သည် လူသားတစ်မျိုးနွယ်လုံးကို အသားအရေလူမျိုး၊ အဆင့်အတန်းခွဲခြားခြင်းမရှိ အတူတူချစ်သည်။ အတူတူပင်တန်ဖိုးထားသည်။ အဘယ်လူသားကိုမျှမျက်နှာမလိုက်၊ ဂျူးလူမျိုးနှင့် မယုံကြည်သူတို့အတူတကွ ဧဝံဂေလိတရားတော်၏မင်္ဂလာအဖြာဖြာနှင့်အခွင့် အရေးတို့ကို ညီတူမျှတူခံစား၊ အမွေတော်လူများ ခရစ်တော်သခင်အားဖြင့် ရရှိနိုင်ကြောင်းရှင်းပြသွားခြင်းဖြစ်ပါ၏။

ထိုမြင်ခြင်း၏အနက်အဓိပ္ပါယ်ကို ပေတရုသည်ဆင်ခြင်နေစဉ် မိမိတည်းခိုရာ အိမ်ခြံတံခါးဝ၌ စစ်သူကြီးကော်နေလိကလွှတ်လိုက်သောလူတို့ ရပ်စောင့်နေကြသည်။ ထိုအခါ ဝိညာဉ်တော်က ပေတရုအား "လူသုံးယောက်တို့သည် သင့်ကို ရှာကြ၏။ ထ၍ဆင်းလော့၊ တွေးတောခြင်းမရှိဘဲ ထိုသူတို့နှင့်အတူလိုက်သွားလော့။ အကြောင်းမူကား ထိုသူတို့သည် ငါစေလွှတ်သောသူဖြစ်ကြသည်ဟု မိန့်တော်မူ၏။"

ပေတရုအတွက် ဤမိန့်မှာချက်သည် စမ်းသပ်ခြင်းဖြစ်၏။ ဤတာဝန်ကို ထမ်းဆောင်ရမည်ကိုတွန့်ဆုတ်နေ၏။ သို့သော်လည်း အမိန့်တော်ကို သူမငြင်းဆန်ဝံ့ပြီ။ "ပေတရုသည်ဆင်း၍ ငါကား သင်တို့ရှာသောသူဖြစ်၏။ အဘယ်အကြောင်းရှိ၍လာကြသနည်းဟု ထိုသူတို့အားမေး၏။" ထိုသူတို့ကလည်း တစ်ခုတည်းသောစေခိုင်းချက်ကိုပြန်ပြော၏။ "ဘုရားသခင်ကိုကြောက်ရွံ့၍ ယုဒ၏လူအပေါင်းတို့တွင် ကျက်သရေရှိသောသူတော်ကောင်းတည်းဟူသော စစ်သူကြီးကော်နေလိသည် ကိုယ်တော်ကိုမိမိအိမ်သို့ခေါ်ပင့်၍ ကိုယ်တော်၏စကားကိုနားထောင်ရမည်အကြောင်း၊ သန့်ရှင်းသောကောင်းကင်တမန်အားဖြင့် ဖော်ပြခြင်းကိုခံရပါသည်ဟု ပြန်ပြောကြ၏။"

ဤညွှန်ကြားချက်ကို ပေတရုသည် ထာဝရဘုရားအထံတော်မှတိုက်ရိုက်ရရှိပြီဖြစ်သောကြောင့် ထိုသူတို့နှင့်အတူလိုက်သွားပါမည်ဟု ကတိပြုလိုက်ပါသည်။ နက်ဖြန်နေ့၌ထ၍ ထိုသူတို့နှင့်အတူသွားသဖြင့် ယုပ္ပေမြို့သားဖြစ်သောညီအစ်ကိုခြောက်ယောက်တို့သည်လိုက်ကြ၏။ ထိုညီအစ်ကိုတို့သည် လူသက်သေဖြစ်၍ ပေတရုခိုင်းသမျှ၊ လုပ်သမျှကိုမှတ်သားနာယူကာ အခက်အခဲပေါ်လာလျှင် ရှင်းပြပေးရန်ဖြစ်၏။ အကြောင်းမူကား၊ ပေတရု၏လုပ်ဆောင်ရမည့်အချက်သည် ဂျူးဘာသာသွန်သက်ချက်များနှင့်တက်တက်စင် ဆန့်ကျင်နေသည်မဟုတ်ပါလောမိတ်ဆွေ။

ပေတရုသည် မယုံကြည်သူစစ်သူကြီးကော်နေလိအိမ်ထဲသို့ဝင်သည်နှင့် သူသည် သာမန်ရိုးရိုးဧည့်သည်အဖြစ်ဆီးကြိုခံရသည်မဟုတ်ဘဲ ထာဝရဘုရားပို့ဆောင်လိုက်သော ကောင်းကင်ဘုံမှဂုဏ်ထူးဆောင်ဧည့်သည်ကဲ့သို့ ဧည့်ကြိုခြင်းကိုခံရပါ၏။ အရှေ့ဖျားဒေသ၏ဓလေ့ထုံးစံအရ အိမ်ရှေ့မင်းသား(သို့မဟုတ်) ကျက်သရေကြီးမြင့်သူများကို သာမန်လူများကပျပ်ဝပ်ဦးချကန်တော့. . . . . .

ရပါ၏။ မိဘများကိုသားသမီးများက ဦးချကန်တော့သကဲ့သို့တည်း။ သို့သော်လည်း စစ်သူကြီးကော်နေလိသည် သူ့အားသွန်သင်ရန် ဘုရားသခင်ပို့ပေးလိုက်သောသူကို ရိုသေလွန်း၍ တမန်တော်၏ခြေရင်း၌ပျပ်ဝပ်ကိုးကွယ်လေ၏။ ဤအမှုကိုတမန်တော်ပေတရုသည် ကြောက်ရွံ့တုန်လှုပ်သဖြင့် ကော်နေလိကိုချီပင့်လျက် "ထ လော့၊ ငါကိုယ်တိုင်လူဖြစ်သည်ဟုဆို၏။"

စစ်သူကြီးကော်နေလိတာဝန်ပေးသောယယ်သားတမန်များသည် မိမိတို့တာဝန်အရ ခရီးထွက်ခွာစဉ် ကော်နေလိသည် "မိမိအဆွေအမျိုး၊ မိတ်ခင်ပွန်းများ" တို့ကိုခေါ်ယူစုဝေးစေပြီးလျှင် ဧဝံဂေလိတရားတော်နာရန် မျှော်လင့်လျက်နေကြ၏။ ပေတရုရောက်ရှိလာသောအခါ အမှန်တရားတော်ကြားနာရန် စုဝေးလျက်ရှိကြသောလူများစွာကိုတွေ့ရှိရပါ၏။

ပေတရုသည် မဆိုင်းမတွဘဲ စုဝေးနေသောပရိသတ်ကြီး အားပထမတွင် ဂျူးလူမျိုးတို့၏ထုံးစံဓလေ့ကိုကြားပြော၏။ ဤသို့ ဂျူးလူမျိုးတို့သည် မယုံကြည်သူတို့နှင့် လူမှုရေးအရပေါင်းဖော်ခြင်းပင်လျှင် တရားမဝင်၊ ဝိနည်းအထုံးအဖွဲ့တော် တို့ကိုညစ်ညူးစေကြောင်းပြော၏။ "ယုဒလူဖြစ်သောသူတို့သည် မယုံကြည်သူတို့နှင့် မပေါင်းဖော်မချဉ်းကပ်အပ်သည်ကို သင်တို့သိကြ၏။ သို့သော်လည်း ညစ်ညူးသည်မစင်ကြယ်ဟု အဘယ်သူကိုမျှမခေါ်ရမည်အကြောင်း၊ ဘုရားသခင်သည် ငါ့အားဆုံးမပြသတော်မူပြီ။ ထိုကြောင့် ငါ့ကိုခေါ်ကြသောအခါ ငါသည် မငြင်းမခုံဘဲလျက်လာ၏။ သို့ဖြစ်၍အဘယ်အကြောင်းကြောင့် ငါ့ကိုခေါ်ကြသနည်း။ ငါမေးလိုသည်ဟု ထိုသူတို့အားပြောဆို၏။"

ထိုအခါ ကော်နေလိသည် ကောင်းကင်တမန်၏စကားများနှင့် မိမိ၏ပြင်ဆင်ပုံအကြောင်းများကိုပြန်လည်တင်ပြပြီးသည်နောက် "ထို့ကြောင့် အကျွန်ုပ်သည် ကိုယ်တော်ထံသို့အလျင်အမြန်စေလွှတ်၍ ကိုယ်တော်သည် ကြွလာသောအားဖြင့် ကောင်းမွန်စွာပြုပါပြီ။ သို့ဖြစ်၍ ဘုရားသခင်သည် ကိုယ်တော်၌မှာထားတော်မူသမျှကို နားထောင်ခြင်းငှါ ယခုအကျွန်ုပ်တို့ရှိသမျှသည် ဘုရားသခင်ရှေ့တော်၌အသင့်နေကြပါသည်"ဟု အချုပ်အားဖြင့် ပြောဆိုလိုက်ပါသည်။

"ထိုအခါ ပေတရုသည် နှုတ်ကိုဖွင့်၍ အကယ်စင်စစ်ဘုရားသခင်သည် လူမျက်နှာကိုမှတ်တော်မမူ၊ လူအမျိုးမျိုးတို့တွင် ဘုရားသခင်ကိုကြောက်ရွံ့၍ တရားသဖြင့် ကျင့်ဆောင်သောသူသည် အထံတော်၌မျက်နှာရသည်ကို ငါသိမြင်၏။"

စိတ်ဝင်စားစွာနားစွင့်လျက်နေကြကုန်သောပရိသတ်ကြီးကို ပေတရုသည် ခရစ်တော်သခင်၏သက်တော်စဉ်ပြသောအံ့ဖွယ်အမှုများ၊ သစ္စာဖောက်ခံရခြင်းနှင့်အသေခံရာလက်ဝါးကပ်တိုင်တော်အကြောင်း၊ သေခြင်းမှရှင်ပြန်ထမြောက်၍ ကောင်းကင်ဘုံသို့တက်ကြွသွားခြင်း။ ကောင်းကင်ဘုံတွင်ယခုအချိန်တွင် လူတို့၏ကိုယ်စားလှယ်တော်နှင့် ရှေ့နေအဖြစ်အမှုဆောင်နေကြောင်းများကို ဟောပြောသွားပါ၏။ ယေရှုသခင်သည် အပြစ်သားများ၏တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်ကြောင်းရှင်းပြသည်နှင့်အမျှ စိတ်ဝင်စားစွာနားထောင်ကြကုန်သော ပရိသတ်ကိုထောက်၍ သူမြင်ခဲ့ရသောမြင်ခြင်း၏အနက်အဓိပ္ပါယ်ကို ပို၍ နားလည်လာပါ၏။ အမှန်တရားတော်ကိုဝေမျှရာ၌လည်း ပေတရု၏စိတ်နှလုံးသည် ဝိညာဉ်တော်မီးနှင့်တောက်လောင်နေပါ၏။ ပီတိဖြစ်စရာပင်။

ဤကဲ့သို့ဟောပြောနေစဉ် ရုတ်တရက်သန့်ရှင်းသောဝိညာဉ်တော်သည် သက်ရောက်လာ၏။ "ထိုစကားကိုမြွက်ဆိုစသ် နှုတ်ထွက်တရားတော်ကိုကြားနာရသောသူအပေါင်းတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်သည် သက်ရောက်တော်မူ၏။ မယုံကြည်သူတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်သည် သက်ရောက်တော်မူ၏။ မယုံကြည်သူတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်၏ ကျေးဇူးကိုသွန်းလောင်းသောကြောင့် အရေဖျားလှီးခြင်းခံသောသူတည်းဟူသော ပေတရုနှင့်ပါသမျှသောတပည့်တော်တို့သည် မိန်းမောတွေဝေခြင်းရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် အမျိုးမျိုးသောဘာသာစကားအားဖြင့်ပြော၍ ဘုရား သခင်ကိုချီးမွမ်းသည်ကိုကြားကြလေသည်။

"ထိုအခါပေတရုက၊ ငါတို့ကဲ့သို့သန့်ရှင်းသောဝိညာဉ်တော်ကို ခံရသောဤသူတို့ကို ဗတ္တိဇံ(ရေနစ်ခြင်း)မပေးစေခြင်းငှါ အဘယ်သူသည် ရေကိုမြစ်တားနိုင် သနည်းဟုဆိုလျက် ဘုရားသခင်၏နာမ၌ ဗတ္တိဇံကိုခံစေမည်အကြောင်း စီရင်လေ၏။" ဤသို့လျှင် ဧဝံဂေလိသာသနာတော်သည် ဧည့်သည်လူမျိုးခြားများ၊ တစ်ကျွန်းတစ်နိုင်ငံသားများကိုလည်း ထာဝရဘုရားသခင်၏အိမ်ထောင်စုဝင်သူတော် စင်နိုင်ငံသားများအဖြစ်သို့ ပေါင်းစည်းပေးလေသည်။ စစ်သူကြီးကော်နေလိနှင့်မိမိ အိမ်တွင် ရှိသမျှသောသူတို့၏ခရစ်ယာန်များဖြစ်သွားခြင်းသည် ပထမဦးဆုံးသော ဝိညာဉ်ရိတ်သိမ်းပွဲဟုဆရလိမ့်မည်။ ထိုအိမ်ထောင်စုသည် အနီးပတ်ဝန်းကျင်ရှိ မယုံကြည်သူမြို့ရွာများဆီသို့ ထာဝရဘုရား၏ကျေးဇူးတော်သည် အပြောကျယ်စွာ ပျံ့နှံ့သွားပါတော့သည်။

ယနေ့တွင် ထာဝရဘုရားသခင်သည် ရာထူးကျက်သရေရှိလူချမ်းသာကြီးများဆီသို့လည်းကောင်း၊ နေ့စားအလုပ်သမား၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များထံသို့လည်းကောင်း ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းစကားဟောကြားရန် အလိုတော်ရှိပါ၏။ ဤကမ္ဘာပေါ်တွင် စစ်သူကြီးကော်နေလိလိုလူစားမျိုးများစွာရှိပါ၏။ ထိုသူတို့သည် ဘုရားသခင်၏လူများအပေါ် သနားခြင်းကြင်နာစိတ်ရှိနေပါသော်လည်း လောကစိုးရိမ်မှုများက ကျပ်တည်းစွာချုပ်နှောင်ထားသည်။ ခရစ်တော်သခင်ဘက် မားမားမတ်မတ်ရပ်တည်နိုင်ရန် ထိုသူတို့ကိုစိတ်ဓါတ်ခွန်အားပေးရမည်။ ထိုအသက်ဝိညာဉ်များအတွက် အထူးခွန်အားစိုက်ထုတ်ဖို့လို၏။ အကြောင်းမူကား၊ ထိုသူတို့၏တာဝန်ဝတ္တရားများနှင့် အသိုက်အဝန်းတို့သည် အလွန်မှပင်ဘေးတွေ့နိုင်သောကြောင့်တည်း။

သို့ပါ၍ ထာဝရဘုရားသခင်သည် အဆင့်မြင့်လူ့အလွှာထံဧဝံဂေလိသတင်းစကားရောက်ရှိရန် စိတ်အားကြီး၍ နူးညံ့သိမ်မွေ့နှိမ့်ချသော အမှုဆောင်များကိုအလိုရှိနေပါသည်။ စစ်မှန်သောပြောင်းလဲခြင်းများအတွက် အံ့ဖွယ်အမှုများ လည်းပြုနိုင်ပါလိမ့်မည်။ ယခုတော့ သဲသဲကွဲကွဲခွဲခြား၍မရသေးပါ။ ကမ္ဘာ့သမိုင်းဝင် လူသားများသည် တန်ခိုးကြီးဘုရားသခင်ကိုတော့မလွန်ဆန်နိုင်ပါ။ ထိုသခင်နှင့်တွဲ ဖက်အမှုတော်ထမ်းရွက်သူများသည် အခွင့်ထူးခံလူသားများဖြစ်ရပါလိမ့်မည်။ မိမိ အလုပ်တွင်သာရဲရင့်၍ သစ္စာရှိပါစေ။ ရာထူးမြင့်ပုဂ္ဂိုလ်တော်များ၊ ဩဇာရှိပညာရှိများကို ထာဝရဘုရားကပြောင်းလဲပေးပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော် တန်ခိုးအားဖြင့် လူများစွာသည်လည်း ဘုရားသခင်၏အခြေခံနည်းဥပဒေများကို လက်ခံကြလိမ့်မည်။ ထိုသူတိုပအမှန်တရားလက်ခံပြီးဆိုလျှင် ထာဝရဘုရား၏တ ရားတော်အလင်းကိုလက်ဆင့်ကမ်းထွန်းလင်းကြပါလိမ့်မည်။ ထိုသူတို့သည်လည်း အထူးသဖြင့် ဝိညာဉ်ကယ်ဆယ်လိုစိတ်ပြင်းပြလာ၍ အများကဂရုမစိုက်လျစ်လျူ ရှုပြုသောလူ့အလွှာသို့ ဧဝံဂေလိပြုလိုကြပါမည်။

အချိန်နှင့်ငွေကြေးကိုအမှုတော် မြတ်အတွက် အပ်နှံသုံးစွဲလာသဖြင့်လည်း အသင်းတော်တွင် ရှင်သန်ကြီးထွားမှုနှုန်းသစ်နှင့် အင်အားတန်ခိုးတိုးပွားလာမည်ဖြစ်ပါသတည်း။

စစ်သူကြီးကော်နေလိသည် မိမိအားညွှန်ကြားထားသည် အတိုင်းနားထောင်ကာ သက်ရှင်နေထိုင်သဖြင့် ဘုရားသခင်သည်သူ့အားပိုများသော

အမှန်တရားအသိကိုပေးပါ၏။ ကောင်းကင်ဘုံမှ တမန်တော်တစ်ပါးက ရောမအရာရှိထံစေလွှတ်ခံရသကဲ့သို့ စစ်သူကြီးကော်နေလိထံသို့ ပို၍ကြီးသောအလင်းကိုပြသရန် ပေတရုသွားရပါ၏။

ဤကမ္ဘာမြေကြီးပေါ်တွင် ကျွန်ုပ်တို့ထင်မှတ်သည်ထက် ဘုရားသခင်၏နိုင်ငံတော်နှင့်နီးကပ်သူများစွာရှိလေသည်။ ဤအပြစ်မှောင်မိုက်ကမ္ဘာတွင် ဘုရားသခင်၏ ကျောက်မျက်ရတနာများစွာရှိ၏။ ထိုသူတို့ထံသို့ ဘုရားသခင်သည် မိမိ၏စေတမန်တို့ကိုစေလွှတ်ပါလိမ့်မည်။ သခင်ခရစ်တော် ဘက်တော်သားများဖြစ်၍ စိတ်ဆန္ဒရှိသူများနေရာအနှံ့တွင်ရှိနေပါ၏ ထာဝရဘုရားသခင်၏ဉာဏ်ပညာကို လောကရှိထူးမြတ်သောအရာများထက် တန်ဖိုးထားသူများစွာရှိပါသည်။ ထိုသူတို့သည် သစ္စာရှိသောအလင်းဆောင်များပင်ဖြစ်ပါလိမ့်မည်။

ပေတရုသည် မယုံကြည်သူအိမ်သို့ဝင်၍ ဧဝံဂေလိသတင်းစကားများကို ဟောပြောကြောင်း ယုဒပြည်မှညီအစ်ကိုတို့ကြားသိသောအခါ အံ့ဩမိ၍ စိတ်ထိ ခိုက်ကြပါသည်။ သူတို့၌လည်း ယုံမှားစိတ်ဝင်၍ ကိုယ့်သွန်သင်ချက်ကိုကိုယ်ဆန့် ကျင်ဖျက်ဆီးပစ်လေပြီဟူ၍ စိုးရိမ်ကြောက်ရွံ့ကြ၏။ ပေတရုကိုတွေ့မြင်သောအခါ၌ကား အပြစ်တင်မဆုံးတော့ပြီ။ "သင်သည် အရေဖျားလှီးခြင်းကိုမခံသော လူတို့နှင့်ပေါင်းဖော်၍စားသောက်ပါသည်တကား။ "

ပေတရုသည် ဖြစ်ရပ်အမှန်ကိုခရေစေ့တွင်းကျ ဇာတ်ကြောင်းပြန်ပေး၏။မိမိကိုနားလည်စေသည့်အတိုင်းပြောရမည်ဆိုက ဝိနည်းအထုံးအဖွဲ့ဆိုင်ရာအရေဖျားလှီးသည်ဖြစ်စေ၊ မလှီးသည်ဖြစ်စေ ခွဲထားခြားနားခြင်းကိုလိုက်နာကျင့်သုံးဖို့ရန် မလိုအပ်တော့ကြောင်း၊ မယုံကြည်သူတို့အားလည်း မသန့်ရှင်းသူများဟု မမြင်အပ်တော့ကြောင်းကို ဘုရားသခင်ကအပြစ်ပြ၍အသာအယာဖြည်းညင်းစွာ သူ့အား ဆုံးမကြောင်းကိုရှင်းပြပါသည်။ ဆက်လက်၍ သူ့အား မယုံကြည်သူတို့ထံသွားရန် အထက်မှအမိန့်ပေးပုံ၊ စေတမန်လုလင်များသူ့ထံသို့ရောက်လာပုံ၊ ကဲသရိမြို့သို့ခရီး နှင်ပုံ၊ စစ်သူကြီးကော်နေလိနှင့်တွေ့ဆုံဆွေးနွေးပုံတို့မှစ၍ အကျယ်တဝင့်ရှင်းပြ ပါ၏။

"ငါသည် ဟောပြောစပြုစဉ် သန့်ရှင်းသောဝိညာဉ်တော်သည် ရှေးဦးစွာငါတို့အပေါ်သို့သက်ရောက်တော်မူသည်နည်းတူ ထိုသူတို့အပေါ်သို့လည်း သက်ရောက်တော်မူ၏။ ယောဟန်သည် ရေ၌ဗတ္တိဇံကိုပေး၏။ သင်တို့သည်

သန့်ရှင်းသောဝိညာဉ်တော်၌ဗတ္တိဇံကိုခံရကြလိမ့်မည်ဟု ဘုရားသခင်မိန့်တော်မူသောစကားကို ထိုအခါ ငါအောက်မေ့၏။ သခင်ယေရှုခရစ်ကို ယုံကြည်သောငါတို့အား ဘုရားသခင်သည် ဆုကျေးဇူးကိုပေးတော်မူသည်နည်းတူ ထိုသူတို့အားလည်းပေးတော်မူသည်ဖြစ်သောကြောင့် ငါသည် အဘယ်သို့သောသူဖြစ်၍ ဘုရား သခင်ကိုဆီးတားနိုင်သနည်းဟုပေတရုဆို၏။"

ဤသတင်းကိုကြားရသောအခါ တပည့်တော်များတိတ်ဆိတ်နေကြ၏။ ပေတရု၏ဖြစ်ထွေများသည် ထာဝရဘုရားသခင်၏စီမံချက်ကို တိုက်ရိုက်ပြည့်စုံစေသောအရာများဟုမြင်လာ၏။ သူတို့ထားရှိသောတစ်ဖက်သတ်သဘောများ၊ တစ်ပါးအမျိုးသားများကို မင်္ဂလာစာရင်းတွင်မထည့်၊ ထုတ်ပယ်မှုများတို့သည်လည်း ဧဝံဂေလိသဘောထားနှင့် လုံးဝဆန့်ကျင်နေမှန်းသိမြင်လာ၏။ သို့ဖြစ်၍ "အကယ် စင်စစ် ဘုရားသခင်သည် အသက်ရှင်ခြင်းအလို့ငှါ နောင်တတရားကို မယုံကြည်သူ တို့အားလည်း ပေးတော်မူပြီဟု ဘုရားသခင်ကိုချီးမွမ်းကြ၏။"

ဤသို့လျှင် ကွဲပြား၍တိုက်လှန်မှုမရှိ၊ တစ်ဖက်သတ်သက်ညှာမှုသဘောမျိုးကျဆုံး၍ ခေတ်ကာလများစွာထိန်းသိမ်းစောင့်ရှောက်ထားသောဂျူးလူမျိုးတို့၏ ဝိနည်းအထုံးအဖွဲ့ပညတ်၊ ထုံးစံဓလေ့တို့သည် နိဂုံးချုပ်ပယ်ဖျက်ကာ မယုံကြည်သူတို့ထံသို့ ဧဝံဂေလိသတင်းကောင်းရောက်ရှိရန် လမ်းစပွင့်နေခြင်းသည် ကျွန်ုပ်တို့အတွက် ရွှေအခွင့်အရေးပင်မဟုတ်ပါလောမိတ်ဆွေ။

-----o-----

## အခန်း (၁၅)
## အကျဉ်းထောင်မှကယ်ချွတ်ခံရခြင်း
(တမန်တော် ၁၂း၁-၂၃ ကို အခြေပြုထားသည်)

"ထိုအခါ ဟေရုဒ်မင်းကြီးသည် သင်းဝင်သူအချို့တို့ကိုညှဉ်းဆဲခြင်းငှါ စီရင်၏။"ထိုစဉ်က ယုဒပြည်ကိုအုပ်စိုးသူကား ဘုရင်ခံဟေရုဒ်အဂြိပ္ပဖြစ်သည်။ ထိုမင်းသည် ရောမဘုရင်ကလောဒီးယပ်စ်၏သစ္စာခံဖြစ်၍ ဂါလိလဲပြည်ကို အုပ်စိုးသောရောမဘုရင်ခံလည်းဖြစ်သည်။ ထိုမင်းကြီးသည် ဂျူးလူမျိုးဘာသာဝင် တစ်ဦးဖြစ်ခဲ့၍ ယုဒဥပဒေကျမ်းမှဖော်ပြထားသောထုံးစံဓလေ့၊ ဝိနည်းအထုံးအဖွဲ့ တို့ကိုကျင့်သုံးသက်ရှင်သောလူပုဂ္ဂိုလ်ဖြစ်၏။ ဂျူးလူမျိုးတို့ထံမှမျက်နှာရ၍ မိမိ၏ ကျက်သရေရာထူးစည်းစိမ်အခွန့်ရှည်လုံခြုံရေးအတွက် ခရစ်တော်သခင်၏အ သင်းတော်ကိုနှိပ်စက်ညှဉ်းဆဲသည်။

ယုံကြည်သူတပည့်တော်တို့၏နေအိမ်များ၊ ဥစ္စာပစ္စည်းများကိုဖျက်ဆီး၍ အသင်းတော်ခေါင်းဆောင်များကို ထောင်သွင်းအ ကျဉ်းချထားသည်။ ယောဟန် ၏အစ်ကိုဖြစ်သောယာကုပ်ကို ဓါးနှင့်ကွပ်မျက်၏။ အခြားသောဟေရုဒ်မင်းက ပုရောဖက်နှစ်ခြင်းဆရာယောဟန်၏ခေါင်းကို ဖြတ်သကဲ့သို့တည်း။ ဤသည်ကိုသ ဘောတွေ့သောဂျူးလူမျိုးများ ဆက်လက်၍နှစ်သက်အားရရန်အတွက် ပေတရုကို လည်း ထောင်သွင်းအကျဉ်းချထားလေသည်။

အချိန်ကား ပသခါပွဲခံချိန်ဖြစ်သည်။ ဤလိုပွဲကြီးမျိုးတွင် ရက်စက် ကြမ်းကြုတ်မှုများကို ကျင့်သုံးနေသည်မှာ အံ့စရာပင်။ သမိုင်းလမ်းကြောင်းအရ ဂျူးလူမျိုးတို့သည် ကျွန်ခံရာအီဂျစ်ပြည်မှထာဝရဘုရားသခင်ကယ်ချွတ်တော်မူ ခဲ့ခြင်းကို သတိရ၍ ကျင်းပသောနှစ်စဉ်ပွဲမျိုးဖြစ်သည်။

ထာဝရဘုရားသခင်၏ ပညတ်တော်ကို ကြီးစွာသောဆန္ဒနှင့်စောင့် ရှောက်ဟန်ပြုသော်လည်း တစ်ချိန်တည်းမှာပင် သခင်ခရစ်တော်ကိုယုံကြည်သူ အား နှိပ်စက်ညှဉ်းဆဲ၍ သတ်ဖြတ်မှုများပင်ပြုလုပ်ခြင်းကား ထိုပညတ်တော်၏အ ခြေခံတရားတစ်ခုစီကိုချိုးဖောက်နေပါ၏။

ယုံကြည်သူများသည် တပည့်တော်ယာကုပ်၏အသေသတ်ခံရခြင်းကို ကြားသိ၍အလွန်ဝမ်းနည်း၍ကြောက်လန့်နေကြလေပြီ။ ယခုလည်း ပေတရုက

ထောင်ထဲမှာလှောင်ထားကြသည်။ သို့ဖြစ်၍ သင်းဝင်သူတို့သည် သူ့အဖို့ကြိုးစား၍ ဘုရားသခင်ကိုအစာရှောင်ဆုတောင်းကြ၏။

ဟေရုဒ်မင်းကြီးသည် ယာကုပ်ကိုသေမိန့်ချလိုက်သဖြင့် ဂျူးလူမျိုးတို့က မင်းကြီးကိုချီးမွမ်းကောင်းချီးပေးကြသည်။ မြို့မိမြို့ဖများဆိုရာ လူ့ဘုံအလယ်တွင် ထင်ထင်ရှားရှားအဆုံးစီရင်ကာ ယုံကြည်သူများနှင့်အလိုတူ သနားတတ်သူများကိုလည်း ခြိမ်းခြောက်ရာကျမည်ဟု အကြံပြုသူများလည်းရှိလေသည်။ ထို့ကြောင့် "ဟေရုဒ်မင်းကြီးသည် ပသခါပွဲလွန်လျှင် လူများတို့အား ထုတ်ပေးမည့်အကြံနှင့် အစောင့်အရှောက်စစ်သူရဲတစ်ကျိပ်ခြောက်ယောက်တို့၌အပ်၍ ထောင်ထဲမှာ လှောင်ထားလေ၏။" ဤအကြံကိုဝေဖန်သူများလည်းရှိ၏။ အများသိဝါရင့်တမန်တော်ကြီးကို ထောင်မှထုတ်၍ မြို့တော်ခန်းမရှိရာလူထုရင်ပြင်တော်မှာ ယေရုရှလင်မြို့သူမြို့သားပရိသတ်များရှေ့မှောက်တွင် သေပြစ်ချအဆုံးစီရင်က မလုံခြုံ။ လူထုကြီးက သူ့ကိုမြင်၍သနားသဖြင့် နောက်ဖြစ်သည်ရှေ့ဖြစ်ထက် ပို၍ဆိုးလေဦးမည်ကိုကြောက်ကြသည်။

ယဇ်ပုရောဟိတ်များနှင့် ဂျူးလူမျိုးအကြီးအကဲတို့သည်လည်း ပေတရုက လူထုကြီးကိုနောက်ဆုံးစကားပြောကြားသွားမည်ကိုစိုးရိမ်ကြ၏။ ပေတရုသည် ယေရှုသခင်၏အကျင့်တော်နှင့်သက်တော်စဉ်ကိုလေ့လာမှတ်သား၊ ကျင့်သုံးသက် ရှင်သွားကြပါရန် နိုးကြားသောစိတ်ဝိညာဉ်ဖြင့် တန်ခိုးပါစွာမိန့်ကြားခဲ့လေပြီမဟုတ်လော။ ဤစကားစွမ်းအားကို ဂျူးအရာရှိများတို့ငြင်းခုံတုံ့ပြန်ခြင်းငှါ မတတ်နိုင်ပြီ။ ပေတရု၏လူထုတရားပွဲကိုကြားနာကြရသူတိုင်း ဇဝ်ဂေလိသတင်းစကားကိုလက် ဆင့်ကမ်းသယ်ယူပို့ဆောင်လိုကြ၏။ ဇဝ်ဂေလိလုပ်လိုကြသည်။ ထိုသို့ဆိုက အရပ်လေးမျက်နှာမှယေရုရှလင်မြို့တော်သို့လာရောက်ပွဲခံကြသူတို့သည် ပေတရု၏ မိမိ ယုံကြည်ခြင်းကိုကာကွယ်ပြောသော အမှန်တရားသော့ချက်များကြားလိုက်မိမှုဖြင့် "ပေတရုကိုလွှတ်ပါ၊ ပေတရုကိုလွှတ်ပါ"ဟု ဘုရင်ခံမင်းကြီးအားတောင်းဆိုလျှင် မခက်ပါလား။

ဤသို့လျှင် ပေတရုကိုဆန့်ကျင်သူတို့သည် ဥာဏ်ဆင်မှုစုံလင်စွာနှင့် ဘယ်လိုနည်းကိုသုံးလျှင်ပို၍ကောင်းမည်စသည်ဖြင့် ချီတုံချတုံပြုနေရင်းနှင့် ပသခါပွဲလွန်သွားလေသည်။ သင်းဝင်သူတို့သည်လည်း စိတ်နှလုံးအကြွင်းမဲ့နှင့် အားပါးတရာဆုတောင်းကြ၏။ ပေတရုအတွက် မနားမနေဆုတောင်းရသည်

အကြောင်းကား ပေတရုလွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် အကြောင်းကိုမမြင်။ ဘုရားသခင်က အထူးစီမံချက်ဖြင့် မကူညီက ခရစ်တော်အသင်းတော်သည် အမြစ်ပြုတ်ပျက်စီးရပေတော့အံ့ဟုသာ သူတို့မြင်ကြပါ၏။

ဤလိုအချိန်မျိုးတွင် အရပ်လေးမျက်နှာမှရောက်ရှိလာကြသောပရိသတ်တို့သည် ဘုရားသခက်ကိုကိုးကွယ်ရန် အပ်နှံထားသောဗိမာန်တော်ကြီးကို ခြေချင်းထပ်အောင် အရှေ့မှသည်အနောက်၊ တောင်မှသည်မြောက်ပတ်လည်ဝိုက်လည်ကာ ကြည့်ရှုလေ့လာကြ၏။

ရွှေနှင့်ကျောက်မျက်ရတနာတို့ဖြင့် ပြိုးပြိုးပြောက်ပြောက်ထွန်းတောက်နေသည်မှာ အမြင်တွင်လှပတင့်တယ်ခမ်းနားကြီးကျယ်ပါပေသည်။ သို့သော်လည်း ယေဟောဝါဘုရားသခင်သည် ဤလိုလှပ၍ချစ်ဖွယ်ကောင်းသောနန်းတော်တမျှ နှိုင်းမမှီသောဗိမာန်တော်ကြီးတွင် မနေတော့ပြီ။ အကြောင်းမှာ ဣသရေလတို့သည် မိမိတို့ကိုယ်ကိုထာဝရဘုရားသခင်နှင့်ပြတ်စဲကွာ ရှင်းနေလေပြီ။ ခရစ်တော်သခင်ကိုယ်တော်တိုင်က မိမိ၏မြေကြီးအမှုတော်ပြီးစီးလုနီးအချိန်တွင် နောက်ဆုံးအချိန်ဗိမာန်တော်အတွင်း ဌာနအရပ်ကိုကြည့်ရှု နေရင်းက "သင်တို့နေသောအိမ် သည် သင်တို့၌လူဆိတ်ညံလျက်ကျန်ရစ်ရ၏။" (မဿဲ ၂၃း၃၈)။ ထိုအချိန်ထိတိုင်အောင် သခင်သည် ထိုဗိမာန်တော်ကို ငါ့အဖ၏အိမ်တော်ဟုခေါ်ခဲ့သေး၏။ သို့သော်လည်း ဘုရားသခင့်သားတော်ယေရှုခရစ်တော်က ထိုဗိမာန်တော်အတွင်း နံရံများကိုဖြတ်ကျော်ထွက်သွားသည်နှင့်အမျှ ဘုရားသခင်၏တည်ရှိနေမှုသည်လည်း ဗိမာန်တော်မှအပြီး အပိုင်ရုပ်သိမ်းသွားချေတော့၏။ ဘုရားသခင်၏ဘုန်းတော်ကွယ်ပျောက်ရလေပြီတကား။

ပေတရုကိုဘယ်နေ့ထုတ်သတ်မည်ဟူသော ချိန်းချက်ရာနေ့စီရင်ချက်ချလေပြီ။ တပည့်တော်များအင်တိုက်အားတိုက်ဆုတောင်းနေကြဆဲ။ ကောင်းကင်ထက်သို့ဆုတောင်းသံများတက်ရောက်သဖြင့် ဘုရားသခင်၏ ကောင်းကင်တမန်များအကျဉ်းသားပေတရုပတ်လည်၌ စောင့်ကြပ်နေကြ၏။

ယခင်က တမန်တော်များကိုထောင်ချအကျဉ်းထားပါလျက် လွတ်မြောက်ခဲ့ပုံကို သတိရသဖြင့် ဟေရုဒ်မင်းကြီးသည် နှစ်ဆသတိထားစီမံ၏။ လွတ်မြောက်စရာအကြောင်းလုံးဝမရှိစေရန် စစ်သူရဲတစ်ဆယ့်ခြောက်ယောက်ကို နေ့ရောညပါ နေရာအသီးသီးတွင် ကင်းချထား၏။ ပေတရု၏အကျဉ်းခန်းတွင်ကား

စစ်သူရဲနှစ်ယောက်ကို ဘယ်ညာချထား၍ သူတို့တစ်ဦးစီ၏လက်ဝဲလက်ယာလက်တို့ကို ပေတရုလက်ဝဲ၊ လက်ယာလက်ကောက်ဝတ်တို့နှင့် သံကြိုးချင်းချည်ခတ်ထား၏။ စစ်သူရဲတို့မသိဘဲ ပေတရုလှုပ်ရှား၍မရပါ။ ထောင်တံခါးများမှာလည်း သော့ခတ်ချိတ်ပိတ်ထား၏။ ထောင်တံခါးစောင့်များလည်း မိမိတို့နေရာအသီးအသီးတွင် ဖျတ်လတ်နိုးကြားစွာ တာဝန်ကိုထမ်းဆောင်နေကြသည်။

လူ့အင်အားနှင့် လွတ်မြောက်မှုများစိုးစဉ်းမျှမရှိနိုင်တော့ပြီ။ သို့သော်လည်း လူသားတို့အား စွမ်းဆောင်နိုင်မှုအဆုံးသည် ထာဝရဘုရားသခင်၏ အခွင့်အရေးပင်မဟုတ်ပါလော။

ပေတရုကို ကျောက်ထွင်းထားသောအခန်းငယ်တွင် ချုပ်ထားသည်။ အခန်းတံခါးများကိုလည်းသံတိုင်မင်းတုပ်များချထားပြီး သံတိုင်ဖြင့်ကန့်လန့်ကာ၍ သော့ခတ်ထား၏။ အစောင့်စစ်သူရဲများလည်းရှိသည်မို့၊ ပေတရုလွတ်မြောက်ကိန်းမရှိဘဲ အသေသတ်ခံရမည်မှာသေချာလှပေသည်။

ဘုရားသခင်တစ်ပါးလုံးရှိ၍ပေတရုကို ကယ်ချွတ်နိုင်ကြောင်းဟေရုဒ်မင်းကြီးမထင်မှတ်။ ဘုရားသခင်ကိုဆန့်ကျင်ကာ "ငါ့လက်မှမင်းကို အဘယ်သူကယ်ချွတ်နိုင်မည်နည်း"ဟူ၍ကြွားဝါ၏။ ထိုမင်းကြီး၏ဝါကြွားမှုအဆုံး၌ကျဆုံးမှုသည်ရှိ၏။ ဤတွင်ထာဝရဘုရားသခင်သည် လက်တော်ကိုဆန့်၍ ဂျူးလူမျိုးများဖျက်ဆီးလိုသော မြင့်မြတ်နှလုံးသားရှင်၏တန်ဖိုးကြီးအသက်ကို ကယ်ချွတ်လေတော့သည်။

အချိန်ကား ပေတရုကိုသေပြစ်စီရင်ရာနေ့မတိုင်မီ နောက်ဆုံးညတွင်ဖြစ်၏။ တန်ခိုးကြီးသောကောင်းကင်တမန်သည် ကောင်းကင်မှဆင်းသက်၍ ပေတရုကိုလာကယ်၏။

ကောင်းကင်တမန်၏ခြေတို့သည် မြေကြီးနှင့်ထိသည်နှင့် ခိုင်ခံ့လှသော ထောင်တံခါးတို့သည် လူလက်နှင့်မဖွင့်ရဘဲ အလိုလိုပွင့်သွား၏။ ထာဝရဘုရားသခင်၏ကောင်းကင်တမန်သည် ဂိတ်တံခါးများကိုကျော်၍ လွန်သွားသည်ရှိသော်သူ့နောက်တွင် တံခါးမတို့သည် အလိုလိုပြန်ပိတ်သွား၏။ အသံမြည်ခြင်း၊ ပြခြင်းဘာမျှမရှိ။ ထိုသဘာဝလွန်စွမ်းအားရှင်သည် ပေတရုလဲလျောင်းရာ ကျောက်နှင့်ပြီးသောအခန်းငယ်ထဲသို့ဝင်သွား၏။ ပြည့်ဝစုံလင်သောကိုးစားယုံကြည်စိတ်ချမှုဖြင့် ငြိမ်းချမ်းစွာအိပ်စက်အနားယူနေသောပေတရုပါတကား။

အခန်းငယ်လေးကား အလင်းနှင့်ပြည့်နေသည်။ သို့သော် တမန်တော်ပေတရုမနိုးပါ။ ကောင်းကင်တမန်၏လက်တော်က သူ့ကိုတို့ထိပြီး "အလျင်အမြန်ထလော့"ဟုဆိုမှ သူ့ရှေ့တွင် လင်းသောကောင်းကင်တမန်တစ်ပါးရပ်နေသည်ကို သူမြင်ရ၏။ ပေတရုသည် ခိုင်းသည်အတိုင်းထလိုက်သည်နှင့် သံကြိုးသည်လည်း လက်မှကျွတ်လေ၏။ ဒါကိုသူမှုန်ဝါးဝါးသိမြင်၏။

ဆက်လက်၍"ကောင်းကင်တမန်ကလည်း သင်၏ခါးပန်းကိုစည်းလော့၊ ခြေနင်းကိုလည်းစည်းလော့ဟုဆိုလျှင် ဆိုသည်အတိုင်းပေတရုပြု၏။" စိတ်ထဲမှာတော့ အိပ်မက်လော၊ မြင်ခြင်းလောဟုထင်မှတ်မိသည်။"ဝတ်ရုံကိုခြုံ၍ ငါ့နောက်သို့ လိုက်လော့ဟုဆိုပြန်၏။" ပေတရုတံခါးပေါက်ဆီသို့ လျှောက်လှမ်းသွားသည်။ စကားများနေကျ၊ အမေးအမြန်းထူသောပေတရုသည် ယခုတော့ အံ့သြ၍ အလျက်နေ၏။ ထောင်တံခါးမကြီးတို့သည်လည်း ရှေ့တွင်ပွင့်၍ကျော်လွန်ပြီးသည်နောက် အလိုလိုပြန်ပိတ်ကျန်ရစ်တော့၏။ အစောင့်စစ်သူရဲတို့သည်လည်း တုံ့တုံ့မျှမလှုပ်။ မိမိတို့နေရာတွင်သာ မိမိတို့ပုံစံမပျက်ရှိနေကြ၏။

ဒုတိယထောင်တံခါးမကြီးဆီသို့ရောက်သောအခါ လူစောင့်တို့သည် အတွင်း၊ အပြင်စောင့်ကြ၏။ ပထမတံခါးကြီးကဲ့သို့ လူ့လက်မပါဘဲအလိုလိုပွင့်၏။ ပတ္တာများ၏ပွတ်ကြိတ်သံလည်းမကြားရ။ သံမင်းတုပ်ဆွဲတင်၊ ဆွဲချသံကိုလည်းမကြားရ။ ထိုတံခါးမကြီးကိုကျော်သည်နှင့် လူ့နောက်တွင်အသံမမြည်ဘဲအလိုအလျောက်ပြန်ပိတ်ပြန်၏။ ဤနည်းနှင်နှင် လူစောင့်နှစ်တန်ကိုလွန်သွား၍ မြို့ထဲသို့ဝင်သောတံခါးသို့ရောက်လျှင် တံခါးသည် အလိုလိုပွင့်သဖြင့် သူတို့သည်ထွက်၍ လမ်းတစ်ကြောင်း၌လျှောက်သွား၏။ စကားမပြော၊ ခြေသံလည်းမကြားရပါ။ ကောင်းကင်တမန်ပြုသမျှတို့သည် မှန်သောအရာဖြစ်သည်ဟု မသိမမှတ်ဘဲ မိမိသည်ဖော်ပြချက်မြင်ခြင်းကိုမြင်သည် ဟုသာထင်မှတ်နေဆဲရှိသေး၏။ ပေတရုလမ်းမပေါ်သို့ရောက်၍ ကောင်းကင်တမန်၏အလုပ်ပြီးစီးသည်နောက် ချက်ချင်း ပေတရုမှခွာ၍ ပျောက်ကွယ်သွားလေသည်။

ဤတွင် အလင်းထုကြီးပျောက်ကွယ်သွား၍ အမှောင်ထုကြီးကို ညဉ့်လေပြေလေညှင်းကလေးနှင့်အတူ ပေတရုခံစားလိုက်ရသောအခါ သူသည် လူခြေဆိတ်ရာလမ်းမကြီးပေါ်တွင် တစ်ဦးတည်းရှိကြောင်းကိုသိ၏။ သူသည် ထောင်မှလွတ်မြောက်ပြီ။ လျှောက်လှမ်းနေကြမြို့တော်လမ်းမပေါ်တွင်ရှိ၏။ ပတ်ဝန်းကျင်တည်ရှိပုံများကို မှတ်မိလာသဖြင့် ဝမ်းမြောက်မိပါသည်။

လွန်ခဲ့သောနာရီပိုင်းကိုပြန်လည်မှန်းဆမိသည်။ သူသည် အိပ်မောကျနေ၏။ စစ်သူရဲနှစ်ယောက်သည်လည်း သူ၏တစ်ဖက်တစ်ချက်တွင် သံကြိုးလက်ထိပ်ကိုယ်စီနှင့် သူ့ကိုညှပ်စောင့်ထား၏။ ဝတ်ရုံနှင့်ဖိနပ်တို့သည်လည်း ကိုယ်မှ ချွတ်ထားသည်။ ယခုသူ့ကိုသူပြန်စစ်ကြည့်လိုက်သောအခါ ဝတ်ရုံ၊ ခါးစည်းအပြည့်နှင့်။ ကြမ်းတမ်းသောသံကွင်းလက်ထိပ်များကြောင့် ရောင်ကိုင်းနေသော လက်ကောက်ဝတ်များအနှောင်အဖွဲ့မှကင်းလွတ်ချေပြီ။ ယခုလိုလွတ်မြောက်ခြင်းမှာ ယောင်မှား၍တော့မဟုတ်။ အိပ်မက်မြင်ခြင်းလည်းမဟုတ်။ အမှန်တကယ်ကောင်းချီးတစ်ပါးပါတကား။ နက်ဖြန်နေ့သည် သူသေရမည့်နေ့။ သို့သော်လည်း အလိုလေး၊ ကောင်းကင်တမန်တစ်ပါးသည် သူ့ကိုသေခြင်းမှလည်းကောင်း၊ အကျဉ်းထောင်မှလည်းကောင်းကယ်ချွတ်ပြီ။ “ပေတရုသည် သတိရလျှင် ယခုပင်ဘုရားသခင်သည် မိမိ၏ကောင်းကင်တမန်ကိုစေလွှတ်၍ ဟေရုဒ်မင်းလက်မှလည်းကောင်း၊ ယုဒလူတို့၏မျှော်လင့်ခြင်းမှလည်းကောင်းငါ့ကိုကယ်ချွတ်တော်မူသည်ကိုငါအမှန်သိ၏။”

တမန်တော်ပေတရုသည် သတိရလျှင်ရချင်းမဆိုင်းမတွဘဲသူ့အတွက်စုဝေး၍ ဆုတောင်းပေးရာ မာကုအမည်သစ်ကိုရသောယောဟန်၏အမိဖြစ်သောမာရိ၏အိမ်သို့ရောက်၍ “အိမ်ဦးတံခါးကိုခေါက်လေသော် ရောဒေအမည်ရှိသောမိန်းမငယ်တစ်ယောက်သည် နားထောင်ခြင်းငှါလာ၍ ပေတရု၏စကားသံကိုသိလျှင် ဝမ်းမြောက်သောအားဖြင့်တံခါးကိုမဖွင့်ဘဲအထဲသို့ပြေးဝင်၍ ပေတရုသည်တံခါးရှေ့မှာရပ်နေသည်ဟု ကြားပြော၏။ ထိုသူတို့က သင်သည် အရူးဖြစ်၏ဟုထိုမိန်းမငယ်အားဆိုကြလေသော်လည်း ပေတရုအမှန်ရှိသည်ဟု သူခိုင်မာစွာပြောဆိုလျှင် ပေတရု၏ကောင်းကင်တမန်ဖြစ်လိမ့်မည်ဟုဆိုကြ၏။

“ပေတရုသည် ခေါက်၍နေသော် တံခါးကိုဖွင့်ကြ၍ သူ့ကိုမြင်သဖြင့်အလွန်တရာအံ့သြကြ၏။ ပေတရုသည်လည်း ထိုသူတို့ကိုတိတ်ဆိတ်စွာနေစေခြင်းငှါ မိမိလက်နှင့်အမှတ်ပေး၍ မိမိကိုထောင်ထဲက ဘုရားသခင်နုတ်တော်မူသောအကြောင်းအရာကိုဖော်ပြပြီးမှ” ပေတရုသည် “ထွက်၍အခြားတစ်ပါးသို့သွားလေ၏။” ယုံကြည်သူတပည့်တော်များဝမ်းမြောက်၍ဘုရားသခင်ကို ချီးမွမ်းကြသည်။ အကြောင်းမူကား သူတို့၏ဆုတောင်းသံကို ဘုရားသခင်နားညောင်းသဖြင့် ပေတရုသည် ဟေရုဒ်မင်းကြီးလက်မှလွတ်မြောက်၍ အသက်ချမ်းသာရာရလေပြီမဟုတ်ပါလော။

မိုးလင်သည်နှင့် လူအစုအဝေးကြီးသည် တမန်တော်ပေတရုအား အဆုံးစီရင်မည့်နေရာသို့စုဝေးလာကြ၏။ ဟေရုဒ်မင်းကြီးသည် စစ်သူရဲများနှင့် ဝန်းရံကာ ရင်ပြင်တော်သို့ခေါ်ဆောင်လာရန် အမိန့်ပေး၏။

ဤသို့ကြံစည်ခြင်းသည် ပေတ ရုလုံးဝလွတ်ကိန်းမရှိရန် ဒါကိုတွေ့မြင်သောပေတရုကိုသနားကြသူတိုင်းက ထိတ်လန့်သွားရန်နှင့် မင်းကြီး၏တန်ခိုးအင်အားမည်မျှကြီးမားကြောင်းကို သိစေလိုခြင်းဖြစ်ပါသည်။

ထောင်တံခါးမှူးတို့သည် ပေတရုလွတ်မြောက်သွားပြီဖြစ်ကြောင်းကြားသိရသောအခါ များစွာထိတ်လန့်သွား၏။ ပေတရုပျောက်သွားကာ သူ့အတွက်နှင့် တာဝန်ရှိစစ်သူရဲတစ်ကျိပ်ခြောက်ယောက်လုံး အသက်ပေးလျော်ရမည်ဆိုသည် ကို ကြိုသိထားနှင့်ပြီ။ ထိုကြောင့် ထိုတာဝန်ရှိစစ်သူရဲများသည် အထူးသဖြင့် သတိထား၍စောင့်ကြည့်နေကြသည်။

စစ်သူရဲအရာရှိများက ပေတရုကိုခေါ်ထုတ်ရန် အကျဉ်းထောင်သို့လာကြသောအခါ စစ်သူရဲတို့သည် နေသားမပျက် မိမိတို့တာဝန် ထမ်းဆောင်ရာနေရာ တွင်ရှိနေကြဆဲ။ ထောင်တံခါးမကြီးသည်လည်း မင်းတုပ်များချထားဆဲ။ သံတိုင်တန်းကြီးသည်လည်း ပိတ်ဆို့၍သော့ခတ်ထားဆဲ။

ဤသို့အဆင့်ဆင့်ပုံစံမပျက်ရှိနေ ကြသလို ကျောက်ခန်းငယ်အတွင်းရှိ ပေတရု၏ တစ်ဖက်တစ်ချက်တွင် တာဝန်ယူစောင့်ရှောက်နေကြရသောစစ်သူရဲနှစ်ယောက်၏ လက်ကောက်ဝတ်များလည်း လက်ထိပ်ခတ်ထားသော သံကြိုးကြီးများသည် တည်ရှိနေဆဲ။ သို့သော် အကျဉ်းသားများပျောက်ခြင်းမလှပျောက်နေပါ၏။

“ပေတရုလွတ်မြောက်သွားလေပြီ” ဟူသောသတင်းကို ဟေရုဒ်မင်းကြီးကြားလတ်သော် သူသည် အပြင်းအထန်ဒေါသထွက်၏။ ထောင်စောင့်စစ်သူရဲများသည် သစ္စာမရှိဟူ၍စွဲချက်တင်ကာ သတ်ရန်အမိန့်ပေး၏။

တကယ်တော့ လည်း အဘယ်လူသားမျှ သူ၏လက်ထဲမှပေတရုကိုမနုတ်ယူနိုင်ကြောင်းကို တော့သူသိသည်။

သို့သော်လည်း သူသည် ဘုရားသခင်၏ တန်ခိုးတော်ကို အသိအမှတ်မပြု၊ သူ၏အစီအစဉ်အတိုင်းကိုဖျက်သူဟူ၍ ထာဝရဘုရားကိုပင်ရဲဝံ့စွာ ထကြွဆန့်ကျင်တော့၏။

ပေတရုထောင်မှလွတ်မြောက်၍မကြာပါ။ ဟေရုဒ်မင်းကြီးသည် ကဲသရိမြို့သို့သွားလေ၏။ ထိုမြို့မှာနေစဉ် ဟေရုဒ်မင်းကြီးသည် ကြီးကျယ်သောပွဲကိုခံ၏။ လူထုပရိသတ်တို့သည် သောင်းသောင်းဖြဖြနှင့်မင်းကြီးကိုချီးမွမ်း ဩဘာပေးကြလေသည်။ ဤပွဲသဘင်တွင်နေရာအသီးသီးမှတာဝန်ရှိ လူကုံခံသဌေးသူကြွယ် မင်းမျိုးမင်းနွယ်၊ ပျိုရွယ်မောင်မယ်အပျော်အပါးလိုက်စားသူများတက်ရောက်ကြသည်။ သေသောက်ကြူးသူများလည်းပါ၍ အစားအသောက်တွင်ချုပ်တည်းခြင်းမရှိ၊ ပကတိပျော်ပါးကြလေ၏။

ထိုစဉ်အခါ မင်းကြီးသည် တောက်ပြောင်ချောမွတ်သောဝတ်ရုံတော်ကိုဝတ်ဆင်၍ မင်းခမ်းနားနားဖြင့် လူထုရှေ့မှောက်သို့ကြွရောက်နေရာယူပြီးသော် စကားဝေါဟာရကြွယ်စွာဖြင့် မိန့်ခွန်းဟောကြားပါတော့သည်။ မင်းကြီး၏ရွှေချည်ငွေချည်နှင့်ပြီးသောဝတ်ရုံတော်သည်လည်း နေရောက်အောက်တွင် ရောင်ခြည်ပြန်သဖြင့်လည်း ပြိုးပြိုးပြက်ပြက်နှင့် သူ၏နဂိုရုပ်သွင်မှာ တစ်မူထားခြားစွာရှိနေသည်။ မင်းမြောက်တန်ဆာနှင့်မို့တွေ့မြင်သူတိုင်းဩဘာပေးလက်ခုပ်တီးကြလေသည်။ ပရိသတ်တို့၏အာရုံများမှာလည်း သေရည်သောက်စားမူးယစ်သည်နှင့်ဆင်ခြင်တုံတရားနည်းပါးလာကာ မင်းကြီးကိုသေမျိုးမဟုတ်၊ ဘုရားသခင်တစ်ပါးကဲ့သို့ ကိုးကွယ်အပ်ကြောင်းကြေညာလိုက်လေသည်။

မြောက်ထိုးပင့်ကော်ပြု၍ ဤသို့ရွံမုန်းဖွယ်ကောင်းသော အပြစ်သားကြီးအား ကောင်းချီးဩဘာပေးနေကြသူများတစ်ချို့သည် လွန်ခဲ့သည့်နှစ်များအနည်းငယ်က အသံနက်ကြီးဖြင့် "ယေရှုနှင့်ဝေးရပါစေ၊ သူ့ကိုကပ်တိုင်တင်ပါ၊ သူ့ကိုကပ်တိုင်တင်ပါ"ဟု ကြွေးကြောက်သူများဖြစ်ကြ၏။ ဂျူးလူမျိုးတို့သည် ခရစ်တော်သခင်ကိုလက်ခံရန် ငြင်းပယ်ခဲ့ကြ၏။ တကယ်တော့ သခင်သည်ကြမ်းတမ်း၍ ဖုန်အလိမ်းလိမ်းစွဲကပ်နေသော ဝတ်ရုံတော်ရှင်ဖြစ်သော်လည်းစိတ်နေသဘောထားမှာကား ဘုရားသခင် ၏ချစ်မေတ္တာနှင့်ပြည့်ဝနေပါ၏။

ဒါကိုသူတို့ခွဲခြမ်း စိတ်ဖြာ၍ မမြင်တတ်ပါ။ လူမတတ်နိုင်သောအလုပ်ကို ခရစ်တော်သခင်သည် တန်ခိုးထင်ရှားပြသပါသော်လည်း အပြင်သဏ္ဍာန်အားဖြင့် နှိမ့်ချလျက်ရှိသောဘုန်း တန်ခိုးနှင့်ပြည့်ဝသောအသက်သခင်ကျေးဇူးရှင်ကို သူတို့ငြင်းပယ်ကြပါသည်။ သို့သော်လည်း အတွင်းစိတ်အားဖြင့် ကောက်ကျစ်စဉ်းလဲ၊ ယုတ်မာကြမ်းကြုတ်၍ စိတ်ကြီးဝင်နေသောရွှေချည်၊ ငွေချည် . . .

ဝတ်ရုံရှင်မင်းမြောက်တန်ဆာနှင့်ဘုရင်ကိုမူ ဘုရားသခင်တစ်ပါးအမှတ်နှင့် ဝတ်ပြုကိုးကွယ်ကြရန် ကြံရွယ်နေကြပါသည်။

ဟေရုဒ်မင်းကြီးသည် လူထု၏ထိုသို့ချီးမွမ်းပြုမူပုံမခံထိုက်ကြောင်းကို သူ သိနားလည်၏။ သို့တိုင်အောင်လည်း လူထုပရိသတ်က ထိုသို့သင့်လျော်၍ ထိုသို့ ကောင်းချီးသြဘာပေးခြင်းဖြစ်သည်ပေ့ါ။

အဘယ်ကြောင့်ဆီးတားရမည်နည်း။ တရားနည်းလမ်းကျပါပေသည်ဟူ၍ စိတ်တွင်အောင်ပွဲဝင်နှလုံးခုန်သံနှင့်။ မျက်နှာမှာလည်း နှစ်ခြိုက်သောအသွင် အပြင်နှင့်တောက်ပလျက် ပီတိဖြာနေပါတော့သည်။ "ဤလူများတို့က ဤအသံသည် လူ၏အသံမဟုတ်၊ ဘုရားသခင်၏အသံဖြစ်၏ ဟုကြွေးကြော်ကြသည်"ကို မင်းကြီးနှစ်သက်လှပါပေသည်မဟုတ်လော။

သို့သော်လည်း ရုတ်တရက်ဆိုသလို မင်းကြီး၌ပြောင်းလဲမှုပေါ်ပေါက်လာ၏။ မျက်နှာမှာသေမင်းတမန်နှင့်တွေ့ဆုံသည့်နှယ်။ ချွေးဒီးဒီးကျဆင်းလာ၏။ နာကျင်မှုကြီးနှင့် ကြောက်လန့်မှုကြီးသူ့ကိုကြီးစိုးနေသည့်အလား၊ မခံရပ်နိုင်လွန်း၍ ခေတ္တာမျှထိုင်ရာမှထလိုက်သည်။

ပြီးသော် သွေးဆုတ်၍ညိုမည်းနေသောမျက်နှာနှင့် ဘေးတွင်ရှိသော ထိတ်လန့်နေကြသည့် မိတ်ဆွေအပေါင်းအသင်းများသို့ လှည့်ကြည့်ကာ ငယ်သံပါအောင်အော်ဟစ်နေရင်းက အသက်နှင့်ခန္ဓာကွဲ၍ ဇီဝိန်ချုပ်ရလေတော့သည်။ မိမိကိုယ်ကိုဘုရားသခင်ကဲ့သို့ချီးမြှောက်ခဲ့သောသူ၊ ဘုရားသခင်၏မျက်နှာတော်ကိုမျှမထောက်၊ ပကတိမှောက်မာသောသူသေရလေပြီတကား။

အသက်ရှင်စဉ် ပျော်ပါးမြူးတူး၍ လောကဆန်သောသူ၊ ကြီးမားပြင်းထန်သောကိုယ်၏ခက်ခဲမှုညှဉ်းဆဲခြင်းကိုခံရလျက် အသက်ချုပ်ရသည်အမှုကို ကျွန်ုပ်တို့သင်ခန်းစာယူအပ်၏။

မာန်မာနတရားနှင့်ယစ်မူး၍ ကြီးကျယ်ခမ်းနားသောပလ္လင်ပေါ်တွင် ထိုင်လျက် လူထု၏ချီးမွမ်းမှုနှင့်ကိုးကွယ်မှုကိုခံယူခဲ့သူ။

ယခုတော့ သူ့ထက်တန်ခိုးကြီး မားသောအုပ်စိုးရှင်၏လက်တော်တွင်ကျရောက်နေပြီဆိုကြောင်းကိုအသိအမှတ် ပြုမိပါသည်။ သူနောင်တရလေပြီ။ ခရစ်တော်သခင်နောက်တော်လိုက်များကိုမပြတ်နှိပ်စက်ညှဉ်းဆဲခဲ့ပုံများ၊ အပြစ်မဲ့ယာကုပ်ကို ရက်စက်စွာခေါင်းဖြတ်သတ်ရန် အမိန့်ပေးခဲ့ပုံများ၊ တမန်တော်ပေတရုကို

ပုံစံတစ်မျိုးနှင့်အဆုံးစီရင်ရန် ကြံရွယ်ခဲ့ပုံများ၊ အကျိုးအကြောင်းဆက်သွယ်မှုမရှိ၊ မိမိအစီအစဉ်ပျက်ရသည်ကိုရှက်မိကာ တာဝန်ကျေခဲ့သောထောင်စောင့်များကိုအသေသတ်ဆုံးမခြင်းဖြင့် ကလဲ့စားချေခဲ့ပုံများကိုဟေရုဒ်မင်းကြီးသည် ပြန်လည်သတိရမိပါသည်။ ဒီတော့လည်း သူ့ကိုပြန်လည်ဆုံးမသူမှာ ဘုရားသခင်ဖြစ်ကြောင်းကိုသူသိရှိခံစားမိပါသည်။ သူ့ခန္ဓာကိုယ်ရောဂါနှင့်စိတ်ဝိညာဉ်သောကမီးမှသက်သာမှုကိုရရှိလိုပါသော်လည်း သူမျှော်လင့်၍မရတော့ပါ။

ဟေရုဒ်မင်းကြီးသည် ဘုရားသခင်၏ပညတ်တော်နှင့်ရင်းနှီးခဲ့ပါသည်။ "ငါမှတ်စပါး အခြားသောဘုရားသခင်ကို မကိုးကွယ်နှင့်" (ထွက် ၂၀း၃)ဆိုသည်မှာ လူလူချင်းကိုကိုးကွယ်က ယေဟောဝါဘုရားသခင်၏တရားမျှတသောအမျက်တော်သက်ရောက်နိုင်သည်အကြောင်းကို ဟေရုဒ်မင်းကြီးသိထားနှင့်လေပြီ။

တမန်တော်ပေတရုကို ထောင်ထဲမှကယ်ချွတ်သောကောင်းကင်တမန်သည် ဟေရုဒ်မင်းကြီးကိုပြစ်ဒဏ်စီရင်ရန် ဒေါသတမန်အဖြစ်ရောက်ရှိလာပါသည်။ ပေတရုကိုလက်နှင့်တို့ကာ ခေါ်နှိုးသောသူ၏လက်သည် ဆိုးသွမ်း၍မောက်မာသောဘုရင်ကိုလည်း ပုံစံတစ်မျိုးနှင့်ရိုက်လိုက်သည်။ ဤနည်းဖြင့် ရှင်ဘုရင်သည် မာနကျကာ ဘုရားသခင်၏အပြစ်ပေးခြင်းကိုခံရလေ၏။ မင်းကြီးသေခြင်းကား ခန္ဓာ၊ ဝိညာဉ်ကိုငရဲသို့ရောက်စေသောထာဝရဘုရားသခင်၏ တရားစီရင်ခြင်းပင်မဟုတ်ပါလော။

ခရစ်တော်သခင်၏တမန်တော်သည် အကျဉ်းထောင်နှင့်သေခြင်းမှအံ့သြဖွယ်လွတ်မြောက်ခဲ့ကြောင်း၊ သူ့ကိုနှိပ်စက်သောသူသည် ဘုရားသခင်၏အကျိန်တော်ကိုခံရကြောင်းသတင်းသည် တိုင်းပြည်အနှံ့ပေါက်ကြားသဖြင့် ခရစ်တော်သခင်ကို ယုံကြည်သူများတိုးပွားလာစေပါသည်။

အမှန်တရားကို ရှာဖွေနေသောအဲသယောပိအမတ်ထံသို့ ဖိလိပ္ပုသွား၍တရားအလင်းပေးရန် ကောင်းကင်တမန်ကညွှန်ကြားသောအဖြစ်သည်လည်းကောင်း၊ အီတာလျံစစ်သူကြီးကော်နေလိထံသို့ ထာဝရဘုရားသခင်၏သတင်းစကားနှင့်အတူ ရောက်ရှိလာသောကောင်းကင်တမန်သည်လည်းကောင်း၊ ပေတရုကိုအကျဉ်းထောင်နှင့်သေခြင်းမှလုံခြုံရာသို့ပို့ဆောင်ပေးသောကောင်းကင်တမန်၏အတွေ့အကြုံသည်လည်းကောင်းကောင်းကင်နှင့်မြေကြီးနီးကပ်လျက်ရှိကြောင်းကိုပြသနေသည်မဟုတ်လော။

ဘုရားသခင်၏အမှုတော်ဆောင်များထံသို့လည်း ခွန်အားနှင့်သတ္တိကို ကောင်းကင်တမန်သည် ယူဆောင်လာ၏။ တမန်တော်များခေတ်ကာလကဲ့သို့ ယခုတွင်လည်း ကောင်းကင်ဘုံမှတမန်တော်များသည် ကမ္ဘာနေရာအနှံ့ သွားလာနေပါသည်။

ဝမ်းနည်းပူဆွေးသူများကိုနှစ်သိမ့်စေရန်၊ နောင်တမရသောသူများကို ကာကွယ်စောင့်ရှောက်ရန် လူတို့သည်လည်း ခရစ်တော်သခင်ကို ယုံကြည်လက်ခံရန်ဖြစ်ပါသည်။

ထိုအစေခံနံဝိညာဉ်များကို ကျွန်ုပ်တို့မတွေ့မြင်နိုင်ပါသော်လည်း ထိုသူတို့သည် ကျွန်ုပ်တို့၏အနီးတွင်စောင့်ရှောက်လျက်၊ ညွှန်ကြားလျက်၊ ကာကွယ်လျက်ရှိနေပါသည်။

ကောင်းကင်ဘုံနှင့် မြေကြီးကမ္ဘာနီးကပ်စွာတည်နေကြောင်းကိုထိုလျှို့ဝှက်ဆန်းကြယ်လှေကားကြီးက သက်သေထူနေပါ၏။ ထိုလှေကားပေါ်သို့ကောင်းကင်တမန်တက်ဆင်းနေကြသည်။

ကောင်းကင်ဘုံသို့တက်လှမ်းသွားသော ကောင်းကင်တမန်များက လူသားတို့၏အကူအညီတောင်းလျှောက်သံများကို အဖခမည်းတော်ထံသယ်ဆောင်သွား၍ကောင်းကင်ဘုံမှကောင်းချီးအဖြာဖြာနှင့်မျှော်လင့်ခြင်း၊ ရဲရင့်ခြင်း၊ အမအစများကိုလူသားတို့အတွက် လူ့အသက်ဝိညာဉ်ကိုကောင်း ကင်ဘုံကျေးဇူးတော်အရာများနှင့် ဝန်းရံထားပေး၍မမြင်နိုင်သောထာဝရစည်းစိမ်ချမ်းသာများကိုစွဲလမ်းစေပါသည်။

သူတို့၏ပုံသဏ္ဌာန်ကိုမမြင်နိုင်သော်လည်း ဝိညာဉ်မျက်လုံးအားဖြင့်သာ ကောင်းကင်အရာများကိုခွဲခြမ်းစိတ်ဖြာသိမြင်နိုင်ပါသည်။ ဝိညာဉ်နားဖြင့်သာလျှင် ကောင်းကင်ကအသံတော်ကိုကြား၍နားထောင်နိုင်ပါ၏။ "ထာဝရဘုရားသခင်ကိုကြောက်ရွံ့သောသူတို့ပတ်လည်၌ ကောင်းကင်တမန်တို့သည် တပ်ချ၍ကယ်ချွတ်တတ်ကြသည်။" (ဆာလံ ၃၄း၇)။ ထာဝရ ဘုရားသခင်သည် မိမိ၏ရွေးချယ်ခန့်အပ်ထားခံလက်ရွေးစင်များကို "မှောင်မိုက်ထဲမှာလည်တတ်သောကာလနာ"နှင့် "မွန်းတည့်အချန်၌ဖျက်ဆီးတတ်သောဥပဒ်"တို့မှ ကာကွယ်စောင့်ရှောက်ထားပါရန် မိမိ၏ကောင်းကင်တမန်များကို မိန့်မှာထားပါ၏။ (ဆာလံကျမ်း ၉၁း၆)။ ကောင်းကင်တမန်များသည် လူနှင့်မိတ် ဆွေရင်းချာကဲ့သို့ စကားပြော၍ လူကိုလုံခြုံသောနေရာသို့ ပို့ဆောင်ကြောင်းသတင်းကို . . . . . . . . . . . . . . .

မကြာမကြာ ကြားသိရပြီဖြစ်သလို စိတ်ဓာတ်ကျဆင်းသူများကိုလည်း ခွန်အား တက်စေသောစကားကိုပြော၍ မြေကြီးအရာများကိုကျော်လွန်ကာ ကောင်းကင် အရာ များကိုမျက်မှောက်ပြုရန် စိတ်နှလုံးကိုပြုပြင်ပေးပါသည်။

အကြင်သူသည် အောင်မြင်၏။ ထိုသူသည် ဝတ်ရုံဖြူကိုဝတ်၍ အ သက်သရဖူကိုဆောင်းကာ၊ အောင်မြင်ခြင်းသပြေခက်ကိုဝှေ့ယမ်းလျက် ကြီးကျယ် သော ပလ္လင်ဖြူနားမှာ ရပ်နေခွင့်ရှိကြပေလိမ့်မည်။

အမှန်အားဖြင့် အစေခံနံဝိညာဉ်ကောင်းကင်တမန်များသည် ယုံကြည် ခြင်းကြောင့် စစ်ကြောခြင်းကိုခံနေရသူ၊ ခရစ်တော်အတွက်ဆင်းရဲနှိပ်စက်မှုကိုခံ နေရသူ၊ အပြစ်ပြုရာသို့သွေးဆောင်ခြင်းကိုခံနေရသူများအနီးတွင် အမြဲရှိလေ၏။

သူတို့သည် မနားမနေခရစ်ယာန်များအတွက် အလုပ်လုပ်ပေးနေပါ သည်။ နောင်ရသူအပြစ်သားများကယ်တင်ရှင်ခရစ်တော်ကို ယုံကြည်လက်ခံလာ ကြပြီးလျှင် ထိုသတင်းကောင်းကို ကောင်းကင်ဘုံသို့သယ်ဆောင်သွား၍ ကြီးစွာ ဝမ်းမြောက်ကြပေသည်။

"ဖြောင့်မတ်၍နောင်တရစရာအကြောင်းမရှိသောသူ ကိုးဆယ့်ကိုး ယောက်တို့၌ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက်၊ နောင်တရ သောလူဆိုးတစ်ယောက်၌ သာ၍ဝမ်းမြောက်ခြင်းရှိကြသည်။"(လုကာ ၁၅း၇)။ အမှောင်ထုကိုခွင်း၍ နေရာတိုင်းတွင် ခရစ်တော်ကိုသိသောတရားအလင်းကို ဆောင်နိုင်သူတိုင်း၏အောင်မြင်သောကြိုးစားမှု မှတ်တမ်းကို ကောင်းကင်ဘုံရှိစာ အုပ်တွင်ပြန်လည်သတင်းပို့သည်ဆိုလျှင် ကောင်းကင်ဘုံသားအပေါင်းတို့သည် အ တိုင်းထက်အလွန်ဝမ်းမြောက်ကြပါသည်။

ကောင်းကင်ဘုံ၏သဘာဝလွန် အာဏာစက်တန်ခိုးစွမ်းအားရှင်တို့ သည် စိတ်ဓါတ်ကျဖွယ်အရေးနိမ့်နေသည့်အခြေအနေမျိုးတွင် ခရစ်ယာန်သာသ နာခရီးနှင်နေသောဘုရားသခင့်သားသမီးတို့၏တိုက်လှန်ပွဲကို စောင့်ကြည့်နေ ပါ၏။

သို့ပါ ၍ ထိုသူတို့သည် အောင်မြင်မှုအသစ်များ၊ ဂုဏ်ယူဖွယ်ရာများ၊ ခရစ်ယာန်အတွေ့ အကြုံသစ်များဖြင့် ရွေးနှုတ်ရှင်သခင်၏အောင်လံကိုဝင့်လျက် ယုံကြည်ခြင်းတိုက်လှန်ပွဲကြီးကို ဆင်နွှဲရန်ဖြစ်ချေသည်။ စိတ်နှလုံးနှိမ့်ချသူ၊ ယုံကြည်ကိုးစားသူ များတို့နှင့်အတူတကွ ကောင်း ကင်ဘုံတမန်အပေါင်းတို့သည်

အလုပ်လုပ်မည်၊ ချီးမွမ်းသီချင်းသီဆိုမည်၊ ခမည်းတော်နှင့်သားတော်ကို အကြောင်း ပြုသီကုံးထားသောချီးမွမ်းသီချင်းများကို ကြွေးကြော်ကြမည်ဖြစ်ပါသည်။

အစေခံနံ့ဝိညာဉ်တို့၏အလုပ်ကို ကျွန်ုပ်တို့လုပ်ကိုင်နေကြောင်း သိနားလည်နိုင်ရန်လိုပါသည်။ ထာဝရဘုရားသခင်၏သားစစ်သမီးမှန်တိုင်းသည် ကောင်းကင်ဘုံသားများနှင့်အတူ အလုပ်လုပ်နေကြောင်းသတိယပါ။ ထာဝရဘုရားကိုယုံကြည်၍ ကတိတော်တို့ကိုတောင့်တသောစိတ်နှလုံးနူးညံ့သိမ်မွေ့နှိမ့်ချသူများ ဝန်းကျင်တွင် သာမန်မျက်စိဖြင့် မမြင်နိုင်သောလင်းရောင်ခြည်စစ်သူရဲများသည် တန်ခိုးနှင့်တည်ရှိနေပါ၏။ ခေရုဗိမ်၊ ကောင်းကင်တမန်သရပ်နှင့် အစေခံနံ့ဝိညာဉ် ကောင်းကင်တမန်များတို့သည် သဘာဝလွန်အင်အားရှင်များဖြစ်၍ ထာဝရဘုရား သခင်၏လက်ယာတော်ဘက်တွင်ရပ်နေလျက်နေသော "ကယ်တင်တော်မူခြင်းကျေးဇူးကို အမွေခံလတ္တံ့သောသူတို့ကိုပြုစေခြင်းငှာ စေလွှတ်တော်မူသော အစေခံနံ့ဝိညာဉ်ဖြစ်ကြသည်မဟုတ်လော။" (ဟေဗြဲ ၁း၁၄)။

-----o-----

## အခန်း (၁၆)
## အန္တိအုတ်မြို့ရောက်ဧဝံဂေလိသတင်းကောင်း

(တမန်တော် ၁၁း၁၉-၂၆။ ၁၃း၁-၃ ကိုအခြေပြုထားသည်)

တပည့်တော်များနှိပ်စက်ညှဉ်းဆဲမှုကြောင့် ယေရုရှလင်မြို့မှထွက်၍ ပါ လက်စတိုင်းနယ်နိမိတ်တိုင်အောင်ရောက်၏။ သူတို့နှင့်အတူ ဧဝံဂေလိသ တင်းကောင်းလည်းပါသွားလေရာ တပည့်တော်စုများနေရာအနှံ့ပြန့်သွားလေ သည်။ တစ်ချို့လည်း "ဖိနိတ်၊ ကုပရု၊ အန္တိအုတ်မြို့များသို့တိုင်အောင်သွား၍ ယုဒလူ အားသာနှုတ်ထွက်တရားတော်ကိုဟောပြောကြ၏။" နှုတ်ထွက်တရား တော်သည် ဟေဗြဲလူနှင့်ဂရိစကားပြောဂျူးလူမျိုးတို့ထံပျံ့နှံ့သဖြင့် ထိုစဉ်က ကမ္ဘာ့ မြို့တော်အများစုကို လွှမ်းမိုးလုပြီဟုဆိုရလိမ့်မည်။

ဧဝံဂေလိသတင်းကောင်းရောက်ရာနေရာများတွင် အန္တိအုတ်မြို့လည်း ပါ၏။ ထိုစဉ်က အန္တိအုတ်မြို့သည် ရှုရိပြည်၏ရွှေမြို့တော်ဖြစ်သည်။ ကမ္ဘာ့ကူး သန်းရောင်းဝယ်ဖောက်ကားမှု၏ဗဟိုချက်ဖြစ်၍လည်း နိုင်ငံတကာမှလူမျိုးများစု ဝေးနေကြပါသည်။ မြို့တော်သည် ချမ်းသာ၍အပျော်အပါးလိုက်စားသူများက နှစ်သက်ကြ၏။ ပျော်ရွှင်ကျန်းမာ၍ လှပသောပတ်ဝန်းကျင်ကို ဖန်တီးထားသည်။ ယဉ်ကျေးမှုထွန်းကား၍ ကြွယ်ဝချမ်းသာသောကြောင့်လည်း တမန်တော်များ ခေတ်တွင် ထိုမြို့တော်သည် စည်းစိမ်းချမ်းသာများ၍ အပျော်အပါးသောက်စား မူးယစ်ခြင်းနှင့်ပြီးနေပါသည်။

"နောက်မှ ထိုသူအချို့တိုပသည် ကုပရုပြည်သား၊ ကုရေနေပြည်သား ဖြစ်၍ အန္တိအုတ်မြို့သို့သွားပြီးလျှင် သခင်ယေရှု၏အကြောင်းတည်းဟူသော ဧဝံ ဂေလိတရားကို ဂရိ(ဟေလေနစ်) လူတို့အား ဟောပြောကြ၏။ ဘုရားသခင်၏ လက်တော်သည် ထိုသူတို့နှင့်တကွရှိတော်မူသဖြင့် လူအပေါင်းတို့သည် ယုံကြည် ၍ ဘုရားသခင့်ထံတော်သို့ပြောင်းလဲကြ၏။ "

"ထိုအကြောင်းအရာကို ယေရုရှလင်မြို့၌ရှိသောအသင်းတော်သည် ကြားလျှင် အန္တိအုတ်မြို့တိုင်အောင်သွားစေမည်အကြောင်း ဗာနဗကိုစေလွှတ် လေ၏။"

ဗာနဗသည်လည်း နေရာသစ်သို့ရောက်၍ “ဘုရားသခင်၏ကျေးဇူးတော်ကိုမြင်လျှင် ဝမ်းမြောက်ဝမ်းသာခြင်းရှိ၍ ထိုသူအပေါင်းတို့သည် ယုံကြည်သောစိတ်နှင့် ဘုရားသခင်ကိုမှီဝဲဆည်းကပ်မည်အကြောင်း တိုက်တွန်းနှိုးဆော်လေ၏။”

အန္တိအုတ်မြို့တွင် ဗာနဗ၏လုပ်ဆောင်မှုများအောင်မြင်သဖြင့် သင်းဝင် သူများတိုးပွါးလာ၏။ သို့ဖြစ်၍ အကူအညီလိုအပ်နေပြီဟုယူဆကာ ဘုရားသခင်၏စီမံမှုများတိုးပွားချဲ့ထွင်ရေးအတွက် တာရှုမြို့သို့ပေါလုကိုရှာရန်သွား၏။ ပေါလုသည် ယေရုရှလင်မြို့တော်မှထွက်ခွါပြီးသည်နောက် “ရှုရိပြည်၊ ကိလိကိပြည်သို့သွား၍ အထက်က မိမိဖျက်ဆီးသောယုံကြည်ခြင်းတရားကို ဟောပြော” (ဂလာတိ ၁း၂၁၊၂၃)၍ နေလေသည်။ ဗာနဗသည်လည်း ပေါလုကို တွေ့သဖြင့် သူနှင့်အတူလိုက်ပါပြီး အမှုတော်တွင်ကူညီပါမည်အကြောင်း သွေးဆောင်တောင်းပန်၏။

လူဦးရေသိပ်သည်းဆများသောအန္တိအုတ်မြို့တော်ကို ပေါလုသဘောကျ၏။ သူ၏အတတ်ပညာ၊ ဉာဏ်အမြော်အမြင်နှင့်ကြိုးစားအားထုတ်မှုသဘောသည် ထိုယဉ်ကျေးမှုထွန်းကားသောမြို့တော်သူ၊ မြို့တော်သားများနှင့် သင့်လျော်ပါပေ၏။ ဗာနဗလိုအပ်သောအကူအညီမျိုးပင်မဟုတ်ပါလား။ ထိုသို့လျှင် တစ်နှစ်တာမျှထိုတပည့်တော်နှစ်ယောက်အတူတကွလက်တွဲ၍ သစ္စာရှိရှိအမှုတော်ထမ်းဆောင်သဖြင့် ကမ္ဘာ့ကယ်တင်ရှင်နှုတ်ရှင်နာဇရက်မြို့သားယေရှု၏ ကယ်တင်ခြင်းသတင်းကောင်း အသိအမြင်ကိုပျံ့နှံ့စေပါသည်။

ခရစ်ယာန်ဟူသောဝေါဟာရကို အန္တိအုတ်မြို့မှာရခဲ့သည်မဟုတ်လော။ သူတို့တစတွေဝိုင်းဖွဲ့၍စကားပြောလည်း ထိုသခင်အကြောင်း ၊ တရားဟောရုံမျှမက သွန်သင်မှုပြုလျှင်လည်း ထိုသခင်ခရစ်တော်အကြောင်းမပါလျှင်မပြီးသည်မို့ ခရစ်တော်နောက်လိုက်ခရစ်ယာန်များဟုတွင်လေတော့သည်။ သခင့်အကြောင်း သူတို့ဟောပြောသက်သေခံသောအခါ မျက်ရည်ဝိုင်းရရှာ၏။ နှုတ်ခမ်းများတုန်တုန်ယင်ယင်ဖြစ်၏။ အတူအမှုတော်ကိုထမ်းဆောင်ခဲ့၏။ သခင်၏သွန်သက်ချက်များမှာ နူးညံ့သိမ်မွေ့၍ ဝိညာဉ်ပါ၏။ ဖျားနာသူကိုကျန်းမာစေ၏။ သေသူကိုပင် ရှင်ပြန်ထမြောက်စေ၏။ သို့သော် သခင့်ကိုသူတို့ငြင်းပယ်ကြသည်။ သစ္စာဖောက်၍ တရားစွဲရုံးတင်သည်။ ကပ်တိုင်ပေါ်တင်သတ်သည်။ ရိုင်းပြမှုနှင့်ရက်စက်မှုကို သခင်ခံခဲ့သော်လည်း မိမိ၏ရန်သူများကိုသည်းခံခွင့်လွှတ်၏။

မိမိကိုနှိပ်စက်ညှဉ်းပန်းသူတို့ကိုပင် ဆုတောင်းမေတ္တာပို့သေးတော့၏။ သို့သော်လည်း ထမြောက်ရှင်ပြန်ပြီး ကောင်းကင်ဘုံသို့မိုးတိမ်စီး၍ တက်ကြွသွား၏။

ယခုတွင် လူသားတစ်နွယ်လုံးအတွက် ကောင်းကင်ဘုံတွင်ရန်ပြေမာန်ပြေငြိမ်းချမ်းရေးအလုပ်ကို လုပ်ဆောင်ပေးနေပုံတို့ကို အစီအလျဉ်ပြောဟောသက်သေခံ၍ ပျော်ရွှင်ဝမ်းမြောက်နေကြလေသည်။

ဤသို့တပည့်တော်များ ခရစ်တော်အကြောင်းသက်သေခံ၍ ထိုသခင်၏နာမတော်ကိုအမှီပြုလျက် ထာဝရဘုရားသခင်ထံဆုတောင်းကြသဖြင့် တစ်ပါးအမျိုးသား၊ သာသနာပလူတို့သည် ထိုသူတို့ကို ခရစ်ယာန်များဟုခေါ်တွင်ခြင်းသည် မှန်ကန်လှပေသည်မဟုတ်လော။

အမှန်အားဖြင့် ခရစ်ယာန်ဟူသောနာမည်ကို ဘုရားသခင်ပေး၏။ ထိုနာမည်ကား ရှင်ဘုရင်နှင့်သက်ဆိုင်၍ခရစ်တော်နှင့်ဆက်ဆံကြသူတိုင်း ဤအခွင့်ထူးကိုရပါသည်။

ဤနာမကိုရည်ညွှန်း၍ ယာကုပ်က ဤသို့ရေးပါပြီ။ "ငွေရတတ်သောသူတို့သည် သင်တို့ကိုညှဉ်းဆဲနှိပ်စက်ကြသည်မဟုတ်လော။ တရားပလ္လင်ရှေ့သို့ဆွဲငင်ကြသည်မဟုတ်လော။"(ယာကုပ် ၂း၆၊၇)။

ပေတရုကလည်း ဤသို့ကြေညာသေး၏။ "ခရစ်ယာန်ဖြစ်သောကြောင့်ခံရလျှင်မူကား ရှက်ကြောက် ခြင်းမရှိစေနှင့် ထိုအမှုကြောင့်ခံရလျှင် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းစေ။"

"ခရစ်တော်၏နာမကြောင့် ကဲ့ရဲ့ခြင်းကိုခံရလျှင် မင်္ဂလာရှိကြ၏။ အကြောင်းမူကား သင်တို့သည် အလိုရှိစေခြင်းငှါလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှါလည်းကောင်း သင်တို့အထဲ၌စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။" (ဖိလိပ္ပိ ၂း၁၃)။

ထိုမြို့သားတပည့်တော်စုသည် ထာဝရ အသက်နှင့်ဆိုင်သည်များကို စိတ်မဝင်စားကြသော အများစုလူ့ဘုံအလယ်တွင် နေထိုင်ကြသည်ဖြစ်၍စိတ်နှလုံးဖြူစင်ရိုးသားသူတို့အားသာ သူတို့ချစ်မြတ်နိုး၍ ကိုးကွယ်သော ခရစ်တော်သခင်အကြောင်း သက်သေခံကြပါသည်။ စိတ်နှလုံးနှိမ့်ချစွာဖြင့် အမှုတော်ဆောင်ကြပါ၏။ မိမိတို့ပြောဆိုသော သက်သေခံစကားများ . . . . . . . . . . . .

ထိရောက်စွာအသက်ဝင်ရန်အတွက်လည်း သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုး ကိုတောင်းခံကြပါသည်။ ဤနည်းဖြင့် ပုံစံမျိုးစုံသောအလုပ်အကိုင်နှင့်အသက်မွေး ကြကုန်သောလူအသီးအသီးတို့ကို ထိုတပည့်တော်တို့သည် မြွေကဲ့သို့လိမ္မာ၍ ငှက် ငှက်ကဲ့သို့အဆိပ်ကင်းကာ မိမိတို့၏ခရစ်တော်သခင်၌ယုံကြည်ခြင်းကို နေ့တိုင်း အစဉ် သက်သေခံကြလေ၏။

အန္တိအုတ်မြို့သားခရစ်ယာန်များတို့ကို မြို့ကြီးပြကြီးနေ ကျွန်ုပ်တို့သည် အတုယူအပ်ပါ၏။ ထာဝရဘုရားသခင်၏အစီအစဉ်အတိုင်း လစဉ်ထောက်ပံ့ ကြေးယူသောခရစ်ယာန်သာသနာပြုအမှုတော်ထမ်းတို့သည် မိမိတို့အား ဘုရားသ ခင်ပေးစွမ်းရည်များနှင့် ခွန်အားအချိန်ကို ဆက်ကပ်ပေးဆပ်လျက် လူဦးရေများ သောမြို့ကြီးပြကြီးတို့ပတွင် ရက်ရှည်ခရစ်ယာန်တရားဟောပြောပွဲများ ကျင်းပ လုပ်ဆောင်သင့်သလို သင်းဝင်သူတို့သည်လည်း ဘုရားသခင်ပေးဆုကျေးဇူးစွမ်း ရည်များဖြင့် အဖွဲ့ငယ်များဖွဲ့ကာ အသက်ဝိညာဉ်ရှာဖွေကယ်တင်ရေးလုပ်ငန်း၌ပါ ဝင်သင့်ပါ၏။ ဤသို့ထာဝရဘုရား၏ဖိတ်ခေါ်မှုကို လုံးလုံးလျားလျားတုံ့ပြန်အပ်နှံ သူတို့အဖို့ ကြွယ်ဝသောကောင်းချီးမင်္ဂလာအဖြာဖြာတို့သည် သိုထားလျက်ရှိ၏။ ဤကဲ့သို့ ဘုရားသခင်၏ဖိတ်ခေါ်မှုကို လုံးလုံးလျားလျားတုံ့ပြန်အပ်နှံသူတို့အဖို့ ကြွယ်ဝသောကောင်းချီးမင်္ဂလာအဖြာဖြာတို့သည် သိုထားလျက်ရှိ၏။ ဤကဲ့သို့ ဘုရားသခင်၏အမှုတော်ထမ်းနှင့်သင်းဝင်များတို့သည်ပူးပေါင်း၍ အသက်ဝိ ညာဉ်ရှာဖွေကယ်တင်ရေးတွင် ကြိုးစားအားထုတ်လုပ်ဆောင်ကြပါမူ အခြားဘယ် နည်း လမ်းနှင့်မျှ လက်လှမ်းမမီနိုင်သောလူတို့ကိုတုံ့ပြန်စေပါလိမ့်မည်။ ဤသို့ပြု၍ လူတစ် ကိုယ်ဝိညာဉ်တစ်လုံးစီမံကိန်းကိုချမှတ်၍ ဘုရားသခင်ကိုအားကိုးလျက် အမှုတော် မြတ်၌အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ကိုယ်စီကိုယ်ငှပါဝင်ကြကုန်အံ့။

ယနေ့ကမ္ဘာတွင် ထာဝရဘုရားသခင်၏သားသမီးအပေါင်းတို့သည် သမ္မာကျမ်းစာ၏ဖော်ပြပါအမှန်တရားအတိုင်းအသက်ရှင်နေထိုင်သွားဖို့လိုပါ၏။ ဘုရားသခင်၏အမှုတော်ဆောင်ဆရာကြီးများတို့သာလျှင် မြို့ကြီးပြကြီးနေလူအ သီးအသီးတို့အား သတိပေးတရားဟောပြောရမည်မဆိုပါ။ ဆေးဆရာဝန်များ၊ သူနာပြုများ၊ ခရစ်ယာန်စာပေဖြန့်ချိရောင်းချသူများ၊ ကျမ်းစာသင်တန်းပေးသူ များနှင့်စွမ်းရည်ကိုယ်စီရှိကြသောသာမန်အသင်းသူ၊အသင်းသားများတို့သည် လည်း ဆက်ကပ်ပေးဆပ်လျက်အမှုတော်မြတ်တွင်ပါဝင်ကာသတိမဲ့မြို့နေ လူသားရှိသမျှကို ဧဝံဂေလိလုပ်ကြရပေမည်။ အချိန်ကာလသည် လျှင်မြန်စွာ

ကုန်သွား၏။ လုပ်စရာအလုပ်ကား ဒုနှင့်ဒေး။ မီးတိုင်ငယ်လည်း သူ့အရွယ်နှင့် အရွယ်နှင့်မို့ စွမ်းအားကြီးငယ်တိုင်းကို စီမံခန့်ခွဲပါဝင်စေပါသော် လက်ရှိအခွင့်အရေးများသည် ပညာသားပါပါတိုးပွါးများပြားလာမည်မဟုတ်ပါလော။

ပေါလုသည် ဗာနဗနှင့်အတူတွဲဖက်၍ အန္တိအုတ်မြို့တွင် ခရစ်ယာန်သာသနာပြုနေရသည်ကိုဘဲ အားကျကျေနပ်မိသည်။ ဘုရားသခင်သည် သူ့အား တစ်ပါးအမျိုးသား၊ တစ်ကျွန်းတစ်နိုင်ငံသားတို့အတွက် အထူးခရစ်ယာန်သာသနာပြုရန် ဖိတ်ခေါ်ခန့်အပ်ထားသည်ဟု သံသယမရှိယုံကြည်ပါ၏။ သူပြောင်းလဲစဉ်က ဘုရားသခင်သည် သူ့အားရွေးချယ်ကြေညာခဲ့လေပြီ။ "သင်သည် အမှုဆောင်ရွက်သောသူ၊ သက်သေခံသောသူအရာ၌ သင့်ကိုခန့်ထားစေခြင်းငှာ ငါသည်သင့်အားထင်ရှား၏။ တစ်ပါးအမျိုးသားတို့သည် မှောင်မိုက်မှအလင်းသို့ကူးမြောက်၍ စာတန်၏အာဏာထဲမှ ဘုရားသခင်အထံတော်သို့ ပြောင်းလဲသောအားဖြင့် အပြစ်လွှတ်ခြင်းကျေးဇူးကိုခံရမည်အကြောင်းနှင့် ငါ့ကိုယုံကြည်သောအားဖြင့် သန့်ရှင်းခြင်းသို့ရောက်သောသူတို့နှင့်ဆက်ဆံ၍ အမွေခံရမည်အကြောင်း၊ သူတို့၏မျက်စိကိုဖွင့်စေခြင်းငှါ သူတို့ထံသို့သင့်ကို ငါစေလွှတ်မည်။" (တမန်တော် ၂၆း၁၈)။ အာနနိထံ ကိုယ်ယောင်ပြသော ကောင်းကင်တမန်သည်လည်း ပေါလုနှင့်ပါတ်သက်၍ ဤသို့သို့ပြောပါသည်။ "ဘုရားသခင်ကလည်း၊ ထိုသူကား တစ်ပါးအမျိုးသားတို့နှင့်ရှင်ဘုရင်တို့ထံသို့လည်းကောင်း၊ ဣသရေလအမျိုးသားတို့ရှိရာသို့လည်းကောင်း ငါ၏နာမကိုပို့ဆောင်စေခြင်းငှါ ငါရွေးကောက်သောတန်ဆာဖြစ်၏။" (တမန်တော် ၉း၁၅)။ ပေါလုကိုယ်တိုင်သည်လည်း ခရစ်ယာန်အတွေ့အကြုံရရှိပြီးသည့်နောက် ယေရုရှလင်မြို့ဗိမာန်တော်တွင်ဆုတောင်းသောအခါ ကောင်းကင်ဘုံမှတမန်တော်တစ်ပါးပေးသောအမိန့်ကိုခံရပါသည်။ "ဘုရားသခင်က သွားလော့၊ ငါသည် မယုံကြည်သူတို့ရှိရာသို့ သင့်ကိုဝေးလှစွာစေလွှတ်မည်။" (တမန်တော် ၂၂း၂၁)။

ဤသို့လျှင် ပေါလုသည် ကျယ်ပြောလှသောဒေသများသို့သွားရသော နိုင်ငံခြားခရစ်ယာန်သာသနာပြုတစ်ပါး ဖြစ်လာလေ၏။ ဤမျှ ကြီးကျယ်ခက်ခဲသောအလုပ်အတွက်ပြင်ဆင်မှုပြုရန် ထာဝရဘုရားသခင်သည် ပေါလုကို အနီးကပ်သွန်သင်၏။ ကောင်းကင်ဘုံ၏ဘုန်းတန်ခိုးနှင့်သူ့ကိုရှင်လန်းစေသောလှပမြင်ကွင်းများနှင့်ပြည့်စုံသောမြင်ခြင်းကိုလည်းပေးသည်။ ပေါလုခံရသော

ခရစ်ယာန်သာသနာပြုခြင်းကျေးဇူးတော်သည် "နက်နဲရာ"ဖြစ်၍ "ရှေးကာလ ပတ်လုံးဝှက်ထားပြီးလျှင် ယခုမှာထင်ရှားသော" (ရောမ ၁၆း၂၅)။ "ဘုရားသခင်သည် နှလုံးသွင်းတော်မူသောစေတနာတော်နှင့်လျော်သော အလိုတော်၏နက်နဲသောအရာ"ဖြစ်၏။ (ဧဖက် ၁း၈)။ "ထိုနက်နဲသောအရာကို သန့်ရှင်းသောတမန်တော်တို့နှင့် ပုရောဖက်တို့အား ယခုကာလ၌ဝိညာဉ်တော်အားဖြင့် ဖွင့်လှစ်တော်မူသည်နည်းတူ အခြားသောကာလတို့၌ လူမျိုးတို့အားပြတော်မမူ။

ထိုနက်နဲသောအရာဟူမူကား မယုံကြည်သူတို့သည် ဧဝံဂေလိတရားအားဖြင့် ယုဒအမျိုးသားတို့နှင့်အတူ အမွေခံ၍ တစ်လုံးတစ်ဝတည်းဖြစ်လျက် ခရစ်တော်နှင့်ဆိုင်သောကတိတော်ကို ဆက်ခံရကြသတည်း။

တန်ခိုးတော်ပြုပြင်သောအားဖြင့် ငါ့အားပေးသနားတော်မူသောဘုရားသခင်၏ကျေးဇူးတော်ကိုခံရသည်နှင့်အညီ ထိုတရားကိုဟောပြောသောဆရာ၏အဖြစ်သို့ငါရောက်ရပြီ။

စစ်၍မကုန်နိုင်သောခရစ်တော်၏ ကြွယ်ဝပြည့်စုံခြင်း၏ဧဝံဂေလိတရားကို မယုံကြည်သူတို့အားဟောပြောခြင်းငှာလည်းကောင်း၊ အလုံးစုံတို့ကိုယေရှုခရစ်တော်အားဖြင့် ဖန်ဆင်းတော်မူသောဘုရားသခင်၌ ရှေးကပ်ကာလပတ် လုံးဝှက်ထားလျက်ရှိသော ထိုနက်နဲသောအရာနှင့်စပ်ဆိုင်သော ခရစ်ယာန်သာသနာသည် အဘယ်သို့ဖြစ်သည်ကို လူအပေါင်းတို့အား ထင်ရှားစေခြင်းငှာလည်းကောင်း သန့်ရှင်းသူအပေါင်းတို့တွင် အငယ်ဆုံးသောသူထက်သာ၍ငယ်သောငါအား ထိုကျေးဇူးကိုပေးတော်မူပြီ။

အဘယ်ကြောင့်နည်းဟူမူကား ငါတို့သခင်ယေရှုခရစ်ကို အကြောင်းပြု၍ ထာဝရအကြံတော်ရှိသည်နှင့်အညီ ကောင်းကင်အရပ်တို့၌ အထွတ်အမြတ်အာဏာစက်တို့သည် ဘုရားသခင်၏ထူးဆန်းသောပညာတော်ကို အသင်းတော်အားဖြင့် ယခုသိရကြမည်အကြောင်းတည်း။" (ဧဖက် ၃း၅-၁၁)။

ထိုအချိန်အထိပေါလုနှင့်ဗာနဗတို့သည် အောင်မြင်စွာအမှုထမ်းရွက်နေကြသော်လည်း နှစ်ဦးစလုံးမှာ လက်တင်မင်္ဂလာရဆရာကြီးများမဖြစ်ကြသေးပေ။ သူတို့သည်လည်း အသင်းတော်တွင် ဝါရင့်ဆရာကြီးများဖြစ်လာကြပြီမို့ ထာဝရဘုရားသခင်သည် အသင်းတော်လုပ်ငန်းအဖုံဖုံနှင့် ခဲရာခဲဆစ်အသီးသီးတို့ကို ကူညီဖြေရှင်း ၊ စီမံခန့်ခွဲနိုင်ရန် စိတ်ချစွာအပ်ထားလိုပါ၏။

"အန္တိအုတ်မြို့တွင်ရှိသောအသင်းတော်၌ ဗာနဗမှစ၍ နိဂါဟုခေါ်ဝေါ်သော ရှုမောင်၊ ကုရေနေပြည်သားလုကိ၊ စော်ဘွားဟေရုဒ်၏ သူငယ်ချင်းအရင်းဖြစ် သောမာနင်နှင့်ရှောလုတည်းဟူသောပုရောဖက်ပြုသူ၊ ဆရာပြုသူရှိကြ၏။ ထို သူတို့သည် ဘုရားသခင်ဝတ်ကိုပြု၍ အစာကိုရှောင်ကြစဉ် သန့်ရှင်းသောဝိညာဉ်တော်က ငါခန့်ထားသောအမှုကိုဆောင်ရွက်စေခြင်းငှါ ဗာနဗနှင့် ရှောလုတို့ကို ရွေးချယ်ခဲ့ထားကြလော့ဟု မိန့်တော်မူသည်အတိုင်း အစာရှောင်၍ ဆုတောင်းလျက် ထိုသူတို့ခေါင်းပေါ်မှာလက်တင်၍ လွှတ်လိုက်ကြ၏။"

ဤနည်းဖြင့် ထိုသူတို့သည် အသင်းတော်ကပေးအပ်ထားသော အာဏာတန်ခိုးဖြင့် အမှန်တရားကိုသွန်သင်ပေးနိုင်သကဲ့သို့ အသင်းတော်များဖွဲ့စည်းခြင်း၊ ရေနှစ်ခြင်းပေး၍ အသင်းတော်ဘောင်သို့သွင်းခြင်းအမှုကို ပြုနိုင်ကြလေသည်။

ထိုစဉ်က ခရစ်ယာန်အသင်းတော်သည် အရေးကြီးသောခေတ်ကာလသို့ ချဉ်းကပ်လာလေပြီ။ ဧဝံဂေလိတရားတော်ကို မယုံကြည်သူတို့တွင် လွှတ်လပ်စွာ အင်နှင့်အားနှင့် နိုးနိုးကြားကြားဟောပြောရတော့မည်။

ထို့ကြောင့်လည်း အသင်း တော်ကိုခွန်အားပေးရန်လို၏။ တစ်ဖက်တွင် ဦးဆောင်တမန်တော်ကြီးများတို့သည်လည်း မယုံသကာ်မျက်လုံးမျိုးနှင့် စောင်းချိတ်ခြင်းကိုခံရ၏။ တစ်ဖက်သတ်စကား၊ မနာလိုဝန်တိုမှုတို့ကိုလည်း ခံနေရပါသည်။ "ပိုင်းခြားလျက်ရှိသော စပ်ကြားအုတ်တံတိုင်းနံရံကိုဖြိုဖျက်၍ (ဧဖက် ၂း၁၄)။ မတဲ့အတူနေသော ကြာရှည်သည့် ကာလကိုလွန်စေကာ ဂျူးနှင့်မယုံကြည်သူလူမျိုး နှစ်စုတို့ကို တစ်စုတည်းဖြစ်စေတော်မူ၏။" ဤသည်ကို မေးခွန်းထုတ်၍ မှောက်မှားစေကြသူများဟု တရားစွဲ ဆိုကြမည့်စိတ်အားကြီးဂျူးခရစ်ယာန်များလည်းရှိပေသည်။ အဘယ်သို့သော အာဏာတန်ခိုးနှင့် ဧဝံဂေလိလုပ်နေတာလဲဟူ၍ မေးသူလည်းရှိပါသည်။

ထာဝရဘုရားသည် ဤအခက်အခဲများကို ကြိုမြင်ထား၍လည်း အသင်းတော်ကိုဖော်ပြသဖြင့် အမှုတော်မြတ်ကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်သောသူတို့ကိုသီးသန့်ခွဲထုတ်ကာ ရွေးချယ်ခန့်အပ်ထားသည်။ ဤနည်းဖြင့် ပေါလုနှင့် ဗာနဗတို့၏ လက်တင်မင်္ဂလာသည် ဘုရားသခင်ခန့်အပ်ထားသောနိုင်ငံခြားသို့ ခရစ်ယာန်သာသနာပြုများအဖြစ် သင်းဝင်သူများအားလုံးက အသိအမှတ်ပြုရန်ဖြစ်ပါသည်။

ထိုသူတို့နှစ်ဦးစလုံးကိုပင် ထာဝရဘုရားကိုယ်တော်တိုင်က ရွေးချယ်ခန့်အပ်စေခိုင်းထား၍ လက်တင်မင်္ဂလာအခမ်းအနားပြုပေးခြင်းဖြင့်လည်း ကျေးဇူးတော်သစ်နှင့်ကျက်သရေရှိသောအရည်အချင်းများကို ထပ်ဆင့်ခံစားရသည်တော့ မဟုတ်ပါ။ အသင်းတော်လုပ်ငန်းအဖြာဖြာကိုလုပ်ဆောင်နိုင်ရန် အသိအမှတ်ပြုပေးခြင်းသာဖြစ်သည်။ လိုင်စင်ရခရစ်ယာန်တရားဟောဆရာအသွင်တည်း။

ဂျူးလူမျိုးတို့သည် လက်တင်ခြင်းအမှုကို တန်ဖိုးထားမြတ်နိုးကြသည်။ ဖခင်သည် သားသမီးတို့အား ကောင်းချီးပေးသောကလေးတို့ခေါင်းပေါ်တွင် လက်ကိုအသာတကြည်တင်၍ မင်္ဂလာစကားကိုမြွက်ဆို၏။ အပြစ်ဖြေရာယဇ်ကို ပူဇော်မည်ဆိုလျှင်လည်း ယဇ်ပုရောဟိတ်သည် မိမိလက်ကိုအသေခံမည့်တိရစ္ဆာန်၏ခေါင်းပေါ်တွင် လက်ကိုတင်၏။ အန္တိအုတ်မြို့အသင်းတော်၏ ဝါရင့်အမှုတော်ဆောင်ကြီးတို့သည်လည်း ပေါလုနှင့်ဗာနဗတို့အပေါ်လက်ကိုတင်သောအခါ ထာဝရဘုရားသခင်သည် သူတို့အားကောင်းချီးမင်္ဂလာသွန်းလောင်းပေးပါမည်အကြောင်းနှင့် မိမိတို့၏ကျရာအထူးတာဝန်ကိုမြတ်နိုးကြည်ညိုစွာလုပ်ဆောင်နိုင်ပါမည်အကြောင်း တောင်းဆုချွေကာမေတ္တာပို့၏။

နောင်သောအခါ လက်တင်မင်္ဂလာအခမ်းအနားဟုတွင်သော ယနေ့အခေါ် ချီးမြှင့်ပေးခြင်းအမှုကို လူတို့သည် အသင့်မလျော်အလွဲသုံးစွဲလာကြ၏။ မထိုက်မတန်၊ မဟုတ်မမှန်သောအရာ၊ အတွေးအမြင်တို့ဖြင့် ရေးကြီးခွင်ကျယ်ပြု၍လာကြ၏။ လက်တင်မင်္ဂလာရသည်နှင့် အဘယ်ခရစ်ယာန်သာသနာပြုလုပ်ငန်းခွင်တွင်မဆို၊ အားလုံးကိုလုပ်ဆောင်နိုင်သည့်အရည်အချင်းကိုဖြစ်စေသောတန်ခိုးဝင်လာပြီဟုထင်မှတ်ကြ၏။

သို့သော်လည်း တမန်တော်များဖြစ်သော ပေါလုနှင့်ဗာနဗတို့ကို လက်တင်မင်္ဂလာပေးလိုက်သည်နှင့် ခရစ်ယာန်အရည်အချင်း များတိုးပွားများပြားစွာခံစားလာရသည်ဟု ကျမ်းမှတ်တမ်းကမဖော်ပြထားပါ။ မှတ်တမ်းရှိသည်မှာ ထိုသူတို့၏ရှေ့ခရီးစဉ်တွင်လုပ်ဆောင်ရမည့်လုပ်ငန်းများအတွက် လုပ်ဆောင်ပိုင်ခွင့်ရှိခြင်းသာဖြစ်သည်။

ဘုရားသခင်သည် မိမိ၏ဖွဲ့စည်းပြီးအသင်းတော်တွင်ရွေးချယ်ခန့်အပ်ထားသော အမှုတော်ဆောင်အားဖြင့် လုပ်ငန်းလုပ်ဆောင်သည်မှာထင်ရှား၏။ ပေါလုနှင့်ပတ်သက်၍ ထာဝရဘုရားသခင်၏အစီအစဉ်ကိုကြည့်ပါ။ သူသည်

ကယ်တင်ရှင်ယေရှုသခင်နှင့်တွေ့ဆုံပြီးသည်နောက် ချက်ချင်းပင် ဒမာသက်မြို့အသင်းတော်နှင့်ဆက်သွယ်ရန် ညွှန်ကြားချက်ရလေသည်။ ထိုစဉ်က ဒမာသက်အသင်းတော်သည် နုငယ်သေး၏။ သို့သော်လည်း ပြောင်းလဲသွားပြီဖြစ်သော ဖာရိရှဲကိုပင် အလင်းဆီသို့ဆက်လက်ပို့ဆောင်နိုင်စွမ်းရှိလေသည်။ ယခုလို ခရစ်ယာန်သာသနာတော်ကိုပိုမိုကျယ်ပြန့်စွာဆက်လက်ပြုနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်က ပေါလုကိုမယုံကြည်သူတို့ထံ ဧဝံဂေလိပြုမည့်ရွေးချယ်ခံလက်ရွေးစင်တစ်ဦးဟူ၍ သက်သေပြုရပါသေးသည်။ အန္တိအုတ်မြို့အသင်းတော်ခေါင်းဆောင်များသည် "ဘုရားသခင်ဝတ်ကိုပြု၍ အစာကိုရှောင်ကြစဉ် သန့်ရှင်းသောဝိညာဉ်တော်က ငါခန့်ထားသောအမှုကိုဆောင်ရွက်စေခြင်းငှါ ဗာနဗနှင့်ပေါလုတို့ကိုရွေးချယ်ခဲ့ထားကြလော့ဟု မိန့်တော်မူသည်အတိုင်း အစာရှောင်၍ဆုတောင်းလျက် ထိုသူတို့ခေါင်းပေါ်မှာလက်ကိုတင်၍လွှတ်လိုက်ကြ၏။"

အသင်းတော်သည် ဤမြေကြီးပေါ်တွင် အလင်းဆောင်သောအိမ်အဖြစ် ထာဝရဘုရားသုံးပါးသည် အသင်းတော်အားဖြင့် ကိုယ်တော်သည် မိမိ၏အကြံတော်နှင့်အလိုတော်ကိုလူသားတို့အားဖော်ပြပါ၏။ လူသည် အချင်းချင်းမှီ ငြမ်းပြုနေရကြောင်း၊ အသင်းတော်ကိုမဆန့်ကျင်အပ်ကြောင်း၊ အလိုတော်ကို သင်းဝင်တစ်ဦးကသိမြင်လျှင် အသင်းတော်တစ်ခုလုံးသည်လည်း သိမြင်ရမည်ဖြစ်ကြောင်း ခရစ်တော်သခင်၏ခန္ဓာကိုယ်တည်းဟူသောအသင်းတော်ကို အမှောင်ကမ္ဘာတွင် မချန်လှပ်ထားရကြောင်းသိနားလည်ရပါမည်။ သခင်၏အစေခံများသည် မိမိကိုယ်ကိုအားမကိုးဘဲ အသင်းတော်တွင်တာဝန်ရှိဦးဆောင်သူများနှင့် အနီးကပ်ဆက်ဆံလျက် အထူးသဖြင့် ယုံကြည်စိတ်ချစွာပူးပေါင်းကြံစည်ကာ အလုပ်ပွားရန်ဖြစ်ချေသည်။

အသင်းတော်တွင် တစ်ကိုယ်တော်ကိုယ်ထူကိုယ်ထ အမှုတော်ဆောင်များရှိတတ်လေသည်။ ထိုသူတို့သည် သူတစ်ပါးကိုအားကိုးမှီခိုလိုစိတ်မရှိ။ မိမိကိုယ်ကိုအထူးသဖြင့် ယုံကြည်စိတ်ချထား၍ မိမိ၏အတွေးအခေါ် မြော်မြင်ပုံကိုသာအားကိုးလျက် လုပ်ဖော်ဆောင်ဘက်ညီအစ်ကိုချင်းတို့၏ဆုံးဖြတ်စီရင်မှု၊ အကြံပြုမှုများ၊ အထူးသဖြင့် ဘုရားသခင်ရွေးချယ်ခန့်အပ်ထားသောအသင်းတော်ခေါင်းဆောင်ကြီးများတို့ကို ဂရုမမူလိုကြချေ။ ထာဝရဘုရားသခင်သည် မိမိ၏အသင်းတော်ကို အထူးသောဩဇာတန်ခိုးနှင့်ခြုံလုံဝတ်ဆင်ထားပါသည်။ ထိုဩဇာ

တန်ခိုးကို အဘယ်သူမျှမထီမဲ့မြင်မပြုရပါ။ အကြင်သူသည် အသင်းတော်၏ဩဇာတန်ခိုးတည်းဟူသော နှုတ်ထွက်ကျမ်းစာသွန်သင်ချက်ကို မထီမဲ့မြင်ပြုငြားအံ့။ ထိုသူသည် ထာဝရဘုရားသခင်၏အမိန့်တော်ကိုမထီမဲ့မြင်ပြုခြင်းဖြစ်သတည်း။

လူသည် မိမိ၏တွေးခေါ်မြော်မြင်ပုံကိုသာ လွန်ကဲစွာဂရုစိုက်ရှေ့တန်းတင်သော် ကြီးစွာမှားယွင်း၍ ဘေးရောက်တတ်သည်။

စာတန်သည် ထိုလူမျိုးကိုအ လင်းဆောင်သောဘုရားသခင်၏ အသင်းတော်ဝိညာဉ်ရေးဗိသုကာပညာရှင်များနှင့်ဝေးကွာစေရန် ကြိုးစားလုပ်ဆောင်၏။

အမှန်တရားပြန့်ပွားချဲ့ထွင်ရေးကိုတာဝန်ယူထမ်းရွက်နေရသောအသင်းတော်ခေါင်းဆောင်များကို ဂရုမစိုက်ဘဲ လျစ်လျူရှုကာ မထီမဲ့မြင်ပြုခြင်းသည် ဘုရားသခင်က ရွေးချယ်ခန့်အပ်ထားပြီးဖြစ်သော မိမိလူတို့ ၏အကူအညီစွမ်းအင်နှင့်အားပေးမှုကို ငြင်းပယ်သည်နှင့်တူပါသည်။

အကြင်အမှု တော်ဆောင်သည် မိမိရရှိသောအလင်းတရားသည် ထာဝရဘုရားထံတော်မှ တိုက်ရိုက်လာရမည်။ အဘယ်မည်သောအခြားလမ်းကြောင်းမှလာခွင့်မရှိဟု ထင်မှတ်ယူဆသည်ဖြစ်အံ့။ ထိုသူသည် ဝိညာဉ်ရေးရန်သူ၏လှည့်ဖြားမှုကိုခံရ၍ အသင်းတော်အပြင်သို့ မိမိကိုယ်ကိုပို့ဆောင်သည်နှင့်တူ၏။ ဘုရားသခင်သည် ကွဲပြားခြားနားမှုကိုအလိုမရှိ။ ယုံကြည်သူများအနီးကပ်ဆက်ဆံ၍ စည်းလုံးညီညွတ်စွာလူလူချင်းမှ သည်အသင်းတော်အချင်းချင်းသို့အလင်းဆောင်၍ နေရာအနှံ့ခရစ်ယာန်သာသနာပြန့်ပွားစေရန် အလိုတော်ရှိ၏။

ဤသို့လျှင် လူသည် ထာဝရဘုရားနှင့်တွဲဖက်ကာ လုပ်ဆောင်ရပါမည်။ အသင်းဝင်တိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ လွှမ်းမိုးမှုအောက်တွင်ရှိရမည်။ ထိုယုံကြည်သူများညီညွတ်စွာစုပေါင်းဖွဲ့စည်းလျက် ထာဝရဘုရား၏သနားကြင်နာမှုကျေးဇူး၊ ခရစ်ယာန်သာသနာတော်သတင်းကောင်းကို စီမံချက်သန့်သန့်ဖြင့် ရှေ့ဆက်ကာအလုပ်ပွားလျှင် အောင်မြင်မည်သာမုချတည်း။

ပေါလုသည် မိမိ၏ပထမဦးဆုံးလက်တင်ခံရခြင်းအခမ်းအနားကို မိမိ၏အသက်တာလုပ်ငန်းတွင်အစပြုသော အရေးပါအရာရောက်သည့်ဖြစ်ရပ်ဟု မှတ်ယူပါသည်။ ထိုမှလွန်၍ ခရစ်ယာန်အသင်းတော်ကိုစတင်လက်ဆင့်ကမ်းတည်ဆောက်ပျိုးထောင်သွားပါ၏။

အန္တိအုတ်မြို့တွင် ဇဝံဂေလိတရားအလင်းထွန်းလင်းတောက်ပနေစဉ် ယေရုရှလင်မြို့တော်ရှိ တမန်တော်တို့သည်လည်း အရေးကြီးလုပ်ငန်းကိုလုပ်ဆောင်နေကြပါ၏။ ပွဲခံရာနှစ်အစဉ်အတိုင်းအရပ်လေးမျက်နှာမှ ဂျူးလူမျိုးများစွာသည်လည်း ဗိမာန်တော်တွင် ဝတ်ပြုကိုးကွယ်ရန် ရောက်လာကြ၏။ ဤလူတစ်ချို့သည် ဘာသာရေးတွင် စိတ်အားထက်သန်၍ ပုရောဖက်ဟောကြားချက်များကို လေ့ကျက်သူများဖြစ်ကြပါသည်။ သို့ဖြစ်၍လည်း ဣသရေလလူတို့၏ မျှော်လင့်ချက်ဖြစ်သည့် ကတိတော်မေရှိယသခင်ကို ကြွလာဖို့ရန် မျှော်လင့်တောင့်တနေကြပါသည်။ ဤလိုလူမျိုးများစွာနှင့် ယေရုရှလင်မြို့တော်သည် ပြည့်ကျပ်နေချိန်။ တမန်တော်တို့သည်လည်း အခွင့်ကောင်းယူ၍ မဆုတ်မနစ်သောလုံ့လနှင့် ခရစ်တော်သခင်အကြောင်းကို ဟောကြားနေခြင်းမှာ အချိန်မရွေးဘေးရောက်နိုင်သည်ကိုတော့သူတို့သိထားပါသည်။ ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည်လည်း တမန်တော်တို့၏လုပ်ငန်းကိုတံဆိပ်ခတ်သဖြင့် ဘာသာပြောင်းလဲသူတို့တိုးပွားကာ ပွဲခံပြီး၍ နေရင်းတိုင်းပြည်နေအိမ်သို့ပြန်သော် ထိုသူတို့အားဖြင့် တိုင်းနိုင်ငံအသီးသီး၊ လူမျိုးအသီးသီးနှင့် လူ့အလွှာအသီးသီးဆီသို့ အမှန်တရားမျိုးစေ့များပျံ့နှံ့သွားလေတော့သည်။

ဤပြည်တွင်းခရစ်ယာန်သာသနာပြုလုပ်ငန်းတွင် ပါဝင်ကြကုန်သောထင်ရှားသည့်တမန်တော်များမှာ ပေတရု၊ ယောဟန်နှင့်ယာကုပ်တို့ဖြစ်ကြပါသည်။ ထိုသူတို့သည် သစ္စာရှိလျက် ပညာသားပါပါတွေ့ရ၊ မြင်ရ၊ ကြားခဲ့ရသမျှကို သက် သေခံပြောကြားသည်မှာ "သာ၍မြဲမြံသောပုရောဖက်စကားတော်သည် ငါတို့၌ရှိ သေး၏။"(၂ပေ ၁း၁၉)။ "ထိုကြောင့် သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက် သောယေရှုကို ဘုရားသခင်သည် ခရစ်တော်အရာ၌လည်းကောင်း၊ အစိုးရသော အရှင်အရာ၌လည်းကောင်း ခန့်ထားတော်မူသည်အကြောင်းကို ဣသရေလအမျိုးသားအပေါင်းတို့အတပ်အမှန်သိမှတ်ကြလော့။" (တမန်တော် ၂း၃၆)။

-----o-----

## အခန်း (၁၇)
## သတင်းကောင်းကိုကြွေးကြော်ခြင်း
(တမန်တော် ၁၃း၄း၅၂ ကို အခြေပြုထားသည်)

ပေါလုနှင့်ဗာနဗတို့သည် အန္တိအုတ်မြို့ရှိ ညီအစ်ကိုများထံမှ လက်တင်မင်္ဂလာကိုခံယူကြပြီးသော် "ထိုသို့ သန့်ရှင်းသောဝိညာဉ်တော်စေလွှတ်တော်မူသောအားဖြင့် ထိုသူတို့သည် သေလုကိမြို့သို့သွား၍ ထိုမြို့မှသင်္ဘောနှင့်လွှင့်သဖြင့် ကုပရုကျွန်းသို့ရောက်ကြ၏။" ဤသို့လျှင် တမန်တော်တို့သည် ပထမဦးဆုံး ခရစ် ယာန်သာသနာပြုခရီးစဉ်ကို စတင်ကြလေသည်။

ကုပရု(စိုင်းပရပ်စ်)ကျွန်းသည် ယုံကြည်သူများရှောင်တိမ်းခိုလှုံရာမြို့ တစ် မြို့ဖြစ်သည်။ သတေဖန်လုပ်ကြံခံရပြီးသည်နောက် ယေရုရှလင်မြို့တွင် နှိပ်စက် ညှဉ်းဆဲခြင်းရှိသဖြင့် လွတ်ရာကျွတ်ရာနေရာထိုကျွန်းသို့ ယုံကြည်သူတို့ဦးတည်ကြသည်။

ထိုကျွန်းမှခရစ်ယာန်သာသနာပြုဆရာတို့ထွက်၍ အန္တိအုတ်မြို့၌ ခရစ်တော်ယေရှုအကြောင်းဟောပြောကာ ခရစ်ယာန်သာသနာပြုသည်။ ဗာနဗကိုယ်တိုင်က စိုင်းပရပ်စ်ကျွန်းသားတစ်ဦးဖြစ်သည်။

ယခုတွင် သူနှင့်ပေါလု၊ ဗာနဗ၏ ဆွေမျိုးဂျွန်မတ်ခ်တို့လည်း ဤကျွန်းသို့ အလည်တစ်ခေါက်ရောက်လာကြသည်။

ဂျွန်မတ်ခ်၏မိခင်သည် ခရစ်ယာန်ဘာသာကိုယုံကြည်စွဲလမ်းလာသဖြင့် မိမိ၏ယေရုရှလင်မြို့ရှိအိမ်ကို တပည့်တော်များခိုနားရန် အိမ်ဇရပ်အဖြစ် ခွင့်ပြု ထားသည်။

ထိုအိမ်ကြီးတွင် တပည့်တော်တို့နွေးထွေးပျူငှါစွာ ခိုနားခွင့်ရကြလေသည်။ ဤတစ်ကြိမ်တွင်တော့ တမန်တော်ပေါလုနှင့်ဗာနဗတို့သည် မိမိတို့နှင့်အတူ ခရစ်ယာန်သာသနာခရီးထွက်ပါမည်အကြောင်း ဂျွန်မတ်ခ်ကိုအကြံပြုကြလေရာ ဂျွန်မတ်ခ်သည်လည်း စိတ်ထဲတွင် ဘုရားသခင်၏အလိုတော်ဟု ခံစားရသဖြင့်လည်း၊ ဤသို့ ဧဝံဂေလိသာသနာတော်တွင် မိမိကိုယ်ကိုလုံးလုံး အပ်နှံလိုက်ပြီဖြစ်သောကြောင့်လည်းကောင်း၊ ဂျွန်မတ်ခ်သည် သဘောတူလက်ခံလိုက်လေ၏။

ရှလမိမြို့သို့ရောက်သောအခါ တမန်တော်တို့သည် "ယုဒတရားဇရပ် များတွင် ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို ဟောပြောကြ၏။ တစ်ကျွန်းလုံး ကိုလျှောက်၍ ပါဖုမြို့သို့ရောက်လျှင် ဗာယေရှုအမည်ရှိသောယုဒ အမျိုးသားပု ရောဖက်အတုဖြစ်သော နတ်ဝိဇ္ဇာအတတ်သမားကို မြို့ဝန်မင်းသေ ရဂိပေါလုထ ံ၌တွေ့ကြ၏။ ထိုမြို့ဝန်သည် ပညာသတိရှိသဖြင့် ဗာနဗနှင့်ရှောလု တို့ကိုခေါ်ပင့် ၍ ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို လိုက်နာလိုသောစိတ်ရှိသော် အနက်အားဖြင့် နတ်ဝိဇ္ဇာအတတ်သမားဟု ဆိုလိုသောဧလုမအမည်ရှိသောထို သူသည် မြို့ဝန်ကိုယုံကြည်ခြင်းမှလွဲအံ့သောငှါ တမန်တော်တို့ကိုဟန့်တား လေ၏။"

စာတန်သည် ထာဝရဘုရားသခင်၏နိုင်ငံတော်ကို ဤမြေကြီးကမ္ဘာ ပေါ်တွင်တည်ဆောက်ရန် လွယ်လွယ်နှင့်ခွင့်ပြုသည်မဟုတ်။ မကောင်းဆိုး ရွားအင်အားစုသည် ဧဝံဂေလိသတင်းကောင်းကိုပျံ့နှံ့ရန်ခန့်အပ်ထားခြင်း ခံရသူတို့အား မလျှော့သောဖွဲလုံ့လနှင့်တိုက်ပွဲဝင်နေပါ၏။ အထူးသဖြင့် လူအသီး သီးက အသိအမှတ်ပြု၍ ကျက်သရေနှင့်ပြည့်စုံသောလူပုဂ္ဂိုလ်များအား အမှန်တ ရားဟောပြော တော့မည်ဆိုလျှင် အမှောင်ထု၏တန်ခိုးအင်အားစုသည် ဆန့်ကျင်ဆီးတား၏။ ထို ကြောင့်ပင်မဟုတ်လော။ စိုင်းပရပ်စ်ကျွန်း၏ မြို့တော် ဝန်သေရဂိပေါလုက ဧဝံဂေလိသတင်းကောင်းနာကြားတော့မည်ဆိုလျှင်ဖြစ်၏။

နတ်ဆိုးတို့သည် သြဇာရှိဆင်ဝင်လူတန်းစားတို့သည် ထာဝရဘုရား၌ ပြောင်းလဲသွားမည်ဆိုက ဘုရားသခင်၏အမှုတော်မြတ်ကြီး လျင်မြန်ထိရောက်စွာ တိုးတက်သွားမည်ကိုသိ၏။ ထိုကြောင့် တန်ခိုးမျိုးစုံနှင့်ဧဝံဂေလိအမှုဆောင်များကို ဟန့်တားထားပါသည်။ သို့သော် သစ္စာရှိသောအမှုတော်ဆောင်သည် ရန်သူ၏ လက်ထဲတွင်ဆုံးရှုံးမည်ကိုကြောက်ရွံ့စရာမလို။ စာတန်နှင့်ဆိုင်သော လွှမ်းမိုး တိုက်ခိုက်မှုတိုင်းကိုခံရပ်နိုင်ရန် သင်သည် အထက်မှတန်ခိုးကိုခံယူသုံးစွဲခွင့်ရှိ ပါသည်။

စာတန်သည် နစ်နာဆုံးရှုံးစေသောတားဆီးမှုဖြင့် ဆန့်ကျင်သော်လည်း ပေါလုသည် ကြောက်ရွံ့ခြင်းမရှိ။ ဝိညာဉ်ရေးရန်သူပူးကပ်နေသောသူအားဆုံး မနိုင်ပါသည်။ "ရှောလုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်သဖြင့် ထိုနတ်ဝိဇ္ဇာအတတ်သမားကို စေ့စေ့ကြည့်ရှုလျက် လှည့်ဖြားခြင်း၊ အကျိုးကို ဖျက်ခြင်း အမျိုးမျိုးနှင့်ပြည့်စုံသောစာတန်၏သား၊ ဖြောင့်မတ်ခြင်းတရား၏ရန်သူ၊

သင်သည် ထာဝရဘုရား၏ဖြောင့်မတ်သောလမ်းခရီးတို့ကိုမဖျက်ဆီးဘဲမနေနိုင် သလော။ ယခုပင် ထာဝရဘုဂ္ဂုား၏လက်တော်သည် သင့်အပေါ်သို့ရောက်၍ နေ ကိုမျှမမြင်နိုင်အောင် အင်တန်ကာလပတ်လုံးသင်၏မျက်စိကွယ်လိမ့်မည်ဟု ပေါလု ဆိုသောတစ်ခဏချင်းတွင် မျက်စိမြေးယှက်၍ မှောင်မိုက်အတိဖြစ်သဖြင့် လက်ဆွဲပေးသောသူတို့ကိုရှာလျက် တဝဲလည်လည်ရှိ၍နေ၏။ ထိုအကြောင်း အရာကိုမြင်လျှင် မြို့ဝန်သည် ယုံကြည်ခြင်းသို့ရောက်၍ ဘုရားသခင်၏တရား တော်ကို အလွန်အံ့ဩမိန်းမော၍နေ၏။"

နတ်ဝိဇ္ဇာဆရာသည် ဧဝံဂေလိသတင်းစကားအမှန်တရားအထောက် အထားများကိုမမြင်လို၍ မျက်စိပိတ်ထားသည်တွင် ဘုရားသခင်သည်လည်း ဖြောင့်မှန်သောဒေါသဖြင့် ထိုသူ၏သဘာဝမျက်စိအလင်းကိုကွယ်စေလိုက်ပါ သည်။ ဤမျက်စိမြေးယှက်၍ အလင်းမမြင်ရခြင်းကား တစ်သက်လုံးမဟုတ်။ တဒ ဂ်သာဖြစ်၏။ နောင်တရ၍ အပြစ်ကိုဝန်ချတောင်းပန်သောအခါ ထာဝရဘုရားသည် အပြစ်ကိုလွှတ်တော်မူမည်။ စိတ်နာစေသောပြစ်မှားကျူး လွန်ခြင်းမှပြေပျောက်ကာ မျက်စိအလင်းကိုပြန်ပေးတော်မူမည်။ ထာဝရဘုရား ၏တန်ခိုးတော်သည် မိမိ၏တမန်တော်များအားဖြင့် လိုအပ်လျှင်လိုအပ်သလို ထင်ရှားစေပါ သည်။ ထာဝရဘုရားသခင်ကို မထီမဲ့မြင်ပြုသောသူတို့၏အဖြစ်ကို မြင်တွေ့ရသူတို့သည် မြို့တော်ဝန်ကဲ့သို့တမန်တော်တို့၏စကားကိုနားထောင် လျက် ဧဝံဂေလိသတင်းကောင်းကိုလက်ခံပါလိမ့်မည်။

ဇလုမသည် ပညာတတ်တစ်ယောက်မဟုတ်ပါ။ သို့သော် စာတန်အ တတ်ကိုမူအထူးကျွမ်းကျင်ပါသည်။ ထာဝရဘုရားသခင်၏အမှန်တရား သတင်းကို ကြွေးကြော်သူသည် စဉ်းလဲသောဝိညာဉ်းရေးရန်သူ၏တိုက်ခိုက်မှုကို ပုံစံအမျိုး မျိုးနှင့်ရင်ဆိုင်ရပေလိမ့်မည်။

တစ်ခါတစ်ရံ ပညာတတ်များထဲမှဖြစ်သော်လည်း များသောအားဖြင့် စာတန်လှည့်ဖြား၍ အောင်မြင်စွာအသုံးချနိုင်သောပညာအခံမရှိသူတို့တွင်ရှိ တတ်လေသည်။ သို့ဖြစ်၍ ခရစ်တော်သခင်၏အမှုတော်ဆောင်သည် မိမိတာ ဝန်အပေါ်သစ္စာရှိရပါမည်။ ကိုယ်တော်၏တန်ခိုးတော်နှင့်ဘုန်းတော်ကို ကြောက် ရွံ့ရိုသေရမည်။ သို့မှသာလျှင် စာတန်၏လူတို့ကို ရှုပ်ထွေးစေ၍ ဘုရားသခင်၌ အောင်မြင်ရပါလိမ့်မည်။

ပေါလုနှင့်အဖော်သည် ခရစ်ယာန်သာသနာခရီးကိုဆက်၍ ပံဖုလိပြည်၊ ပေရဂေမြို့သို့ရောက်၏။ ခရီးစဉ်သည် ကြမ်းတမ်းပင်ပန်းလှ၍ ဘေးရန်သည်ပတ်လည်တွင်ရှိသည်။ မြို့ကိုဖြတ်၍ရွာကိုဝင်လျှင်လည်း မြင်ရသောဘေးရန်၊ မမြင်ရသောဘေးရန်သည် ဝန်းရံလျက်ရှိပြန်၏။ သို့သော်လည်း ပေါလုနှင့်ဗာနဗသည် ဘေးဒုက္ခဘေးဒုက္ခအပေါင်းမှကယ်နုတ်နိုင်သော ထာဝရဘုရားသခင်၏ တန်ခိုးတော်သည် ခိုလှုံတတ်၍နေလေပြီ။ သူတို့၏စိတ်နှလုံးသည် ပျက်စီးနေ သောအသက်ဝိညာဉ်ကိုချစ်သောစိတ်နှင့်သာပြည့်ဝလျက်နေ၏။ သစ္စာရှိသိုးထိန်းကောင်းပမာ ပျောက်သောသိုးကိုရှာရာ၌ မိမိအကျိုးကိုသာတစ်ခုမျှမချန်လှပ်ထား။ မျှော်ကိုးခြင်းလည်းမရှိပေ။ တစ်ကိုယ်ကောင်းစိတ်ကိုမေ့ပျောက်၍စိုးရိမ်ပူပန်၊ ဆာလောင်မွတ်သိပ်ကာ တုန်နေအောင်ချမ်းအေးနေသော်လည်း တုတ်တုတ်မျှမလှုပ်။ မတွန့်ဆုတ်သွားပါ။ သူတို့မှာ ရည်ရွယ်ချက်တစ်ခုတည်းသာရှိ၏။ ခြံအပြင်ရောက်နေသောသိုးများကို ကယ်တင်ခြင်းတရားကြားသိစေရန်သာဖြစ်၏တည်း။

ဤကဲ့သို့ ခရစ်ယာန်သာသနာခရီးဘက်စုံကြမ်းတမ်းလှသည်ကို အတွေ့အကြုံနုငယ်သောဂျွန်မတ်ခ်သည် စိတ်ဓါတ်ကျဆင်းသွား၏။ တစ်ချိန်က သင့်လျော်သောနေရာတွင် အောင်မြင်နှစ်သက်ဖွယ်ရာအမှုတော်ဆောင်ခဲ့သောသူသည် တောင်တန်းတရားတော်သို့ရှေ့တန်းရောက်အတွေ့အကြုံမျိုးကို ကြုံတွေ့ရသောအခါ ကပ်တိုင်တော်စစ်သူရဲကောင်းတစ်ယောက်ကဲ့သို့မရပ်တည်နိုင်တော့ပေ။ အတွေ့အကြုံနုပါသေး၏။

တမန်တော်ကြီးများသည် အခက်အခဲမျိုးစုံနှင့်စိုးရိမ်ဖွယ်ရာ အခြေအနေကို ကြုံတွေ့နေရသော်လည်း ဆက်လက်ခရီးကြမ်းနှင်သဖြင့် ဂျွတ်မတ်ခ်သည် မတတ်သာတော့ဘဲ အကြောက်လွန်၍ သတ္တိပြတ်ကာ ယေရုရှလင်မြို့တော်သို့ နောက်ကြောင်းပြန်လှည့်တော့၏။

ဤသည်ကို ဝါရင့်နေသောတမန်တော်ပေါလုသည် မကြိုက်မနှစ်သက်။ ပြစ်တင်စကားပြောလာ၏။ ဗာနဗမူကား ဂျွန်မတ်ခ်၏အတွေ့အကြုံနုငယ်ပုံကို ခွင့်လွှတ်နားလည်ပေးရန်ပြော၏။ ဂျွန်မတ်ခ်သည် ခရစ်တော်အမှုတော်မြတ်အတွက် အသုံးဝင်သောအရည်အချင်းများရှိကြောင်းကို ဗာနဗကမြင်သဖြင့် ခရစ်ယာန်သာသနာတော်ကိုမစွန့်လွှတ်စေချင်ပါ။ နောင်သောအခါ ဂျွန်မတ်ခ်သည်ဘုရားသခင်၏သာသနာတော်တွင် မိမိအတွက်ချန်ခြွင်း၍မထား၊ လုံးလုံးလျားလျား

အပ်နှံကာ ဧဝံဂေလိသတင်းကောင်းကို ခဲရာခဲဆစ်နေရာများ၌ အောင်မြင်စွာ ထမ်းဆောင်နိုင်သဖြင့် ဗာနဗ၏စိုးရိမ်ကြောင့်ကြခြင်းကို ထိုက်တန်စွာချီးမြှင့်ခဲ့ပါသည်။ ထာဝရဘုရားသခင်ကောင်းချီးပေးသဖြင့် ပညာအမြော်အမြင်နှင့်ပြည့်စုံသော လက်တွေ့သင်တန်းကို ဗာနဗပေးသောအခါ ဂျွန်မတ်ခ်သည် တန်ဖိုးကြီးအမှုတော်ထမ်း တစ်ဦးအသွင်သို့ တိုးတက်ဖြစ်ထွန်းလာသည်မဟုတ်ပါလော။

ပေါလုသည် နောင်သောအခါ ဂျွန်မတ်ခ်နှင့်ပြန်လည်သင့်မြတ်၍ သူ့ကို အမှုတော်ဆောင်ချင်းကဲ့သို့ သဘောထားလက်ခံသည်။ ကောလောသဲမြို့သူမြို့သား သင်းဝင်များထံ ဂျွန်မာတ်ခ်နှင့်ပတ်သက်၍ "ဘုရားသခင်၏နိုင်ငံတော်အဖို့ ငါနှင့်အတူအမှုဆောင်သောသူ၊ ငါ့စိတ်ကိုသက်သာစေသူ"ဟူ၍ ထောက်ခံပြောဆိုခဲ့၏။ ပေါလုမသေဆုံးမီ ဂျွန်မတ်ခ်နှင့်ပတ်သက်၍ တစ်ဖန်ဤသို့ဆိုသေး၏။ "သူသည် ဆရာအမှုကိုပြုရာမှာငါ့အကျိုးရှိ၏။" (၂တိ ၄း၁၁)။

ဂျွန်မတ်ခ်ခေါ် ယောဟန်သည် သူတို့ထံမှထွက်၍ ယေရုရှလင်မြို့သို့ပြန်သွားပြီးသည်နောက် ပေါလုနှင့်ဗာနဗတို့သည် ပိသိဒိပြည်၊ အန္တိအုတ်မြို့သို့ရောက်လျှင် ဥပုသ်နေ့၌တရားဇရပ်သို့ဝင်၍ထိုင်ကြ၏။ ပညတ္တိကျမ်းပုရောဖက်ပြုကျမ်း ကိုဖတ်ရွတ်ပြီးမှ တရားဇရပ်မှူးတို့က "ညီအစ်ကိုတို့၊ လူများအားဆုံးမစရာစကား ရှိလျှင် ဟောပြောကြပါဟု လူကိုစေလွှတ်၍ ကြားပြောစေ၏။" ဤသို့ဖိတ်ခေါ်မှုကို ခံရသဖြင့် "ထိုအခါ ပေါလုသည်ထ၍မိမိလက်နှင့်အမှတ်ပေးလျက် ဣသရေလလူမှစ၍ ဘုရားသခက်ကိုကြောက်ရွံ့သောသူတို့၊ နားထောင်ကြလော့"ဟု အစချီကာ အံ့ဩကုန်နိုင်ဖွယ်ကောင်းသောဇာတ်ကြောင်းကို ခင်းကျင်းဖော်ပြပြောဆိုပါတော့၏။ ပေါလုသည် ဣသလေရလူမျိုးတို့အီဂျစ်ပြည်တွင် ကျွန်ခံခဲ့ချိန်မှစ၍ ခေတ်သမိုင်းအဆက်ဆက် ထာဝရဘုရားသခင်သည် သူတို့နှင့်ဘယ်ကဲ့သို့ဆက်ဆံလာခဲ့ပုံ၊ ကယ်တင်ရှင်သည် ဒါဝိဒ်မင်းမျိုးမှဖွားမြင်လာမည်ဆိုသော ကတိတော်ပေးထားပုံ များကို ရဲရင့်စွာသက်သေခံကြေညာဟောပြောလေသည်။ "ထိုသူ၏အမျိုးအနွယ်ထဲ၌ ဘုရားသခင်သည် ကတိတော်အတိုင်း ကယ်တင်ရှင်သခင်ယေရှုကို ဣသရေလလူတို့အား ပေါ်ထွန်းစေတော်မူပြီ။

ထိုသခင်ကြွလာတော်မမူမီ ယောဟန်သည် ဣသရေလလူအပေါင်းတို့အား နောင်တနှင့်စပ်ဆိုင်သောဗတ္တိဇံတရားကို ဟောပြောနှင့်လေ၏။ ယောဟန်သည် မိမိဆောင်ရွက်ရသောအမှုကိုပြု၍ နေ့စဉ်တွင် ငါသည်အဘယ်သူ

ဖြစ်သည်ကို သင်တို့ထင်မှတ်ကြသနည်း။ ငါသည် ထိုသူဖြစ်သည်မဟုတ်။ ငါ့နောက် ကြွလာသောသူတစ်ပါးရှိသေး၏။ ထိုသူ၏ခြေနင်းတော်ကိုငါမချွတ်ထိုက်ဟုဆို၏။" ဤသို့လျှင် ပေါလုသည် ပုရောဖက်ပြောသောမေရှိယသခင် ကယ်တင်ပိုင်ရှင်နာဇရက်မြို့သားယေရှုအကြောင်းကို အားမာန်တန်ခိုးပါလျက် ဟောကြားခဲ့လေသည်။

ဆက်လက်၍ "အာဗြဟံအမျိုးဖြစ်သောညီအစ်ကိုမှစ၍ သင်တို့တွင် ဘုရားသခင်ကိုကြောက်ရွံ့သောသူတို့၊ ဤကယ်တင်တော်မူခြင်းတရားစကားကို သင်တို့အား ကြားလိုက်တော်မူ၏။ ယေရုရှလင်မြို့၌နေသောသူတို့နှင့် မင်းများတို့သည် ထိုသခင်ကိုလည်းကောင်း၊ ဥပုသ်နေ့တိုင်းဖတ်ရွတ်သောပုရောဖက်တို့၏စကားကိုလည်းကောင်း၊ မသိနားမလည်သောကြောင့် ထိုသခင်ကိုစီရင်သောအားဖြင့် ထိုပုရောဖက်တို့၏စကားကိုပြည့်စုံစေကြပြီ။"

ဂျူးလူမျိုးအကြီးအကဲများက ကယ်တင်ပိုင်ရှင်ကိုငြင်းပယ်ခဲ့ကြောင်းနှင့် ပတ်သက်၍လည်း ပေါလုသည်ရှင်းလင်းပီပြင်စွာ မဆိုင်းမတွဖော်ပြခဲ့လေသည်။ "ကိုယ်တော်၌ သေထိုက်သောအပြစ်တစ်ခုကိုမျှမတွေ့သော်လည်း ကွပ်မျက်စေမည်အကြောင်း ပိလတ်မင်းထံတောင်းလျှောက်ကြ၏။ ထိုသခင်ကိုရည်မှတ်၍ ကျမ်းစာ၌ ရေးထားသမျှတို့ကိုပြည့်စုံစေပြီးလျှင် အလောင်းတော်ကိုသစ်တိုင်မှချ၍ သင်္ချိုင်း တွင်း၌ထားကြ၏။ ဘုရားသခင်သည်လည်း သေခြင်းမှထမြောက်စေတော်မူသည်ဖြစ်၍ ဂါလိလဲပြည်မှယေရုရှလင်မြို့သို့ နောက်တော်၌လိုက်သောသူတို့အား နေ့ရက်များစွာကိုယ်ကိုထင်ရှားပြတော်မူ၏။ ထိုသူတို့သည် လူများတို့အား သက်သေခံဖြစ်ကြ၏။"

"ဆာလံကျမ်းဒုတိယအခန်း၌လာသည်ကား၊ သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကိုငါဖြစ်ဖွားစေပြီဟုလာသည်နှင့်အညီ၊ ဘုရားသခင်သည် ယေရှုကို ထမြောက်စေတော်မူသဖြင့် ငါတို့ဘိုးဘေးများ၌ရှိသောကတိတော်ကို ထိုသူတို့၏ သားဖြစ်သောငါတို့အားပြည့်စုံစေတော်မူသည်ဟူ၍လည်းကောင်း၊ ဒါဝိဒ်၌ မြဲမြံသောကျေးဇူးတော်ကိုသင်တို့အား ငါပေးမည်ဟူသောဖွင့်ပြချက်နှင့်အညီ ထိုသခင်ကိုသေခြင်းမှထမြောက်စေ၍ နောက်တစ်ဖန်ပုပ်စပ်ခြင်းသို့မပြန်ဘဲ အစဉ်ကင်းလွတ်ရမည်အခွင့်ကို ပေးတော်မူသည်ဟူ၍လည်းကောင်း ဝမ်းမြောက်စရာသတင်းဧဝံဂေလိတရားကို ငါတို့သည် သင်တို့အားကြားပြောကြ၏။"

ယခုရှင်းသွားတော့သည်။ ပုရောဖက်များပြောကြားခဲ့သော မေရှိယအရှင်သခင်ပေါ်ထွန်းခဲ့လေပြီ။ ထိုကယ်တင်ပိုင်ရှင်ယေရှုသခင်၏ ကျေးဇူးတော်အားဖြင့် လူတို့သည်နောင်တရ၍ အပြစ်မှဖြေလွှတ်နိုင်၏။ "ထို့ကြောင့် ညီအစ်ကိုတို့၊ ထိုသခင်၏ကျေးဇူးတော်ကြောင့် အပြစ်လွှတ်ခြင်းတရားကို သင်တို့အားဟောကြားသည်ကိုလည်းကောင်း၊ ထိုသခင်ကိုယုံကြည်သောသူရှိသမျှတို့သည် မောရှေ၏တရားအတိုင်းမလွှတ်နိုင်သောအပြစ်ရှိသမျှတို့နှင့်လွတ်ရကြသည်ကိုလည်းကောင်း သိမှတ်ကြလော့။

ထာဝရဘုရား၏ဝိညာဉ်တော်သည် တရားတော်တွင် သက်ရောက်သဖြင့် ကြားနသောသူတို့၏နှလုံးသားအိမ်တို့သည် နူးညံ့လာကြကုန်၏။ ကျမ်းဟောင်းခေတ်ကပုရောဖက်များဟောကြားခဲ့သည်များကို နာဇရက်မြို့သားယေရှု၏သက်တော်စဉ်နှင့် ခရစ်ယာန်သာသနာပြုခြင်းများတွင် ပြည့်စုံနေရကား ကြားသိရသူ စိတ်ဝိညာဉ်သည်လည်း မေရှိယသခင်ကြွဆင်းလာဖို့ကိုမျှော်လင့်စေ၏။ ဤသို့လျှင် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း အာမာခံချက်တရားတော်သည် ဂျူးလူမျိုးအတွက်လည်းဟုတ်၊ တစ်ပါးအမျိုးသားအတွက်လည်းဖြစ်ပါသည်။ ဝိညာဉ်ရေးဆိုင် ရာဣသရေလလူတို့၏စာရင်းတွင် သွေးသားဇာတိအားဖြင့် အာဗြဟံ၏ ဆွေစဉ်မျိုး ဆက်မဟုတ်သူ၊ ယုံကြည်သူမှန်သမျှပါဝင်ပတ်သက်နေပါ၏။

"လူ (ဂျူးလူမျိုး)များတို့သည် တရားဇရပ်မှထွက်သွားကြစဉ် ထိုအကြောင်းအရာတို့ကို မိမိ(မယုံကြည်သူ)တို့အား နောက်ဥပုသ်နေ့၌ဟောပြောပါမည်အကြောင်း တောင်းပန်ကြ၏။" အစည်းအဝေးပြီးဆုံး၍ပြန်သောအခါ "ယုဒလူမှစ၍ ဘုရားသခင်ကိုကိုးကွယ်သောထိုနေ့ရက်တွင် ယုံကြည်လက်ခံကြကုန်သည့် ဘာသာဝင်သူများတို့သည် ပေါလုနှင့်ဗာနဗနောက်သို့လိုက်ကြ၍ ထိုသူတို့သည် ဘုရားသခင်၏ကျေးဇူးတော်၌တည်ကြည်မည်အကြောင်း တမန်တော်တို့သည် ဖြားယောင်း၍ဆုံးမသြဝါဒပေးလေ၏။"

အန္တိအုတ်မြို့သားတို့သည် ပေါလု၏ဖော်ပြနှိုးဆော်ချက်ကြောင့် "နောက်ဥပုသ်နေ့၌ ဘုရားသခင်၏နှုတ်တော်ထွက် တရားတော်ကိုနားထောင်အံ့သောငှါ တစ်မြို့လုံးကုန်မတတ်စည်းဝေးကြ၏။ ယုဒလူတို့သည် အစည်းအဝေးတို့ကိုမြင် လျှင် ငြူစူသောစိတ်နှင့်ပြည့်စုံသဖြင့် ပေါလု၏စကားကိုငြင်းခုံသည်သာမကဆဲရေးကြ၏။"

"ထိုအခါပေါလုနှင့်ဗာနဗတို့က ဘုရားသခင်၏နှုတ်တော်ထွက်တရား တော်ကို သင်တို့အားရှေးဦးစွာဟောပြောရ၏။ သို့သော်လည်း သင်တို့သည်ပယ်၍ ထာဝရအသက်ကိုမိမိတို့မခံထိုက်သည်ဟု မိမိတို့စီရင်ကြသောကြောင့် ထာဝရဘုရားသည် မှာတော်မူသည်အတိုင်း ငါတို့သည် မျက်နှာကိုလွှဲ၍မယုံကြည်သူတို့ဆီသို့လှည့်ကြ၏။ မှာထားတော်မူသောဖော်ပြချက်ကား သင်သည် မြေကြီးစွန်းတိုင်အောင် ကယ်တင်ခြင်းကိုပြုစိမ့်သောငှါ သင့်ကိုမယုံကြည်သူတို့လင်းစရာဖို့ ငါခန့်ထား၏ဟု ဖော်ပြချက်ရှိသည်ဟု ရဲရင့်စွာပြောဆိုကြ၏။"

"ထိုစကားကိုမယုံကြည်သူတို့သည်ကြားလျှင် ဝမ်းမြောက်၍ ထာဝရဘုရား၏နှုတ်ထွက်တရားတော်ကိုချီးမွမ်းကြ၏။ ထာဝရအသက်ကိုရစေခြင်းငှါ ခန့်ထားတော်မူသောသူရှိသမျှတို့သည် ယုံကြည်ခြင်းသို့ရောက်ကြသဖြင့် ထာဝရဘုရား ၏သာသနာတော်သည် တစ်ပြည့်လုံး၌ပျံ့နှံ့လေ၏။" မှန်ပါသည်။ ခရစ်တော်သခင်သည် ထိုသူတို့အား ဘုရားသခင်၏သားသမီးများဟု အသိအမှတ်ပြုပြီဖြစ်သောကြောင့် အတိုင်းထက်အလွန်ဝမ်းမြောက်သဖြင့် ခရစ်ယာန်တရားတော်ကိုနာယူ ကျင့်သုံးသက်ရှင်ရုံမျှမက တစ်ပါးသူတို့ထံလက်ဆင့်ကမ်းအခမဲ့ပေးကြသဖြင့် ခရစ်ယာန်သာသနာတော်သည် ပြည်လုံးကျွတ်ပျံ့နှံ့သွားရလေသည်မဟုတ်လော။

ရာစုနှစ်ပေါင်းများစွာကပင် ဤအကြောင်းဖြစ်ရပ်များဖြစ်ပေါ်လာလိမ့်မည်ဟု ပုရောဖက်များဟောထားခဲ့ကြ၏။ သို့သော် ရေးရေးမျှသာ၊ မှုန်ဝါးဝါးသိမြင် နားလည်ခဲ့ကြသည်။ ပုရောဖက်ဟောရှေအမိန့်တော်ပြန်ခဲ့ဖူးသည်။ "သို့ရာတွင် ဣသရေလအမျိုးသားတို့သည်မခြင်နိုင်၊ မရေတွက်နိုင်သောသမုဒ္ဒရာသဲလုံးနှင့်အ မျှများကြလိမ့်မည်။

သင်တို့သည် ငါ၏လူမဟုတ်ဟု ထိုသူတို့အားပြောဆိုရာ အရပ်၌ပင်လျှင် သူတို့သည် အသက်ရှင်တော်မူသောဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်ခြင်းကိုခံရကြလိမ့်မည်။" တစ်ဖန်တုံလည်း "ထိုသတို့သမီးကို မျိုးစေ့ကဲ့သို့မြေ၌ကိုယ်အဖို့ငါကြဲမည်။ မသနားမစုံဖက်အပ်သောသတို့သမီးကိုမျိုးစေ့ကဲ့သို့ မြေ၌ကိုယ်အဖို့ငါကြဲမည်။ မသနားမစုံဖက်အပ်သောသတို့သမီးတို့ကိုငါသနားစုံမက်မည်။ ငါ၏လူမဟုတ်သောသူကိုလည်း သင်သည် ငါ၏လူဖြစ်သည်ဟု ငါဆိုမည်။ သူကလည်း ကိုယ်တော်သည် အကျွန်ုပ်၏ဘုရားသခင်ဖြစ်တော်မူသည်ဟု လျှောက်လိမ့်မည်ဟုမိန့်တော်မူ၏။" (ဟောရှာယ ၁း၁၀။ ၂း၂၃)။

ကယ်တင်ပိုင်ရှင်ယေရှုသခင်ကိုယ်တော်တိုင်က မယုံကြည်သူတို့တွင် ခရစ်ယာန်သာသနာပြန့်ပွါးသွားလိမ့်မည်ဆိုသည့်အကြောင်းကို ကြိုတင်ဟော ထားခဲ့ပြီဖြစ်သည်။ သခင်ပြောသောစပျစ်ဥယျာဉ်ဥပမာတွင် နောင်တမရသော ဂျူးလူမျိုးတို့ကို ကိုယ်တော်သည် ဤသို့ကြေညာမိန့်မြွက်တော်မူခဲ့ပါ၏။ "ထို ကြောင့် ငါဆိုသည်ကား ဘုရားသခင်၏နိုင်ငံတော်ကို သင်တို့မှနုတ်၍ နိုင်ငံတော် ၏အသီးကိုသီးအံ့သောလူမျိုးအားပေးရလတ္တံ့။" (မဿဲ ၂၁း၃၄)။ သခင်သည် သေခြင်းကိုအောင်မြင်ခဲ့ပြီးသည်နောက် ချစ်တပည့်တော်တို့အား "လောကနိုင်ငံ အရပ်ရပ်ရှိသ မျှသို့သွား၍ လူမျိုးတကာကိုငါ့တပည့်ဖြစ်စေ"ရန် စေခိုင်းထားပါ ၏။ မှန်ပါ၏။ ထိုသူတို့သည် တစ်ဦးတစ်ယောက်ကိုမျှ သတိပေးရန် ချန်၍မထား ခဲ့ရ။ "လူသတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့"ဟူ၍ အမိန့် တော်ရှိပါသည်။

ပေါလုနှင့်ဗာနဗတို့သည်လည်း အန္တိအုတ်မြို့နေမယုံကြည်သူတို့ အားသာ သတင်းကောင်းဟောကြားသည်မဟုတ်ပါ။ ထိုမြို့နေဂျူးလူမျိုးတို့ထံ အခွင့်အရေးကြုံကကြုံသလို ခရစ်ယာန်သာသနာပြုပါ၏။

နောင်သောအခါ သက်သာလောနိတ် မြို့၊ ကောရိန်သုမြို့၊ ဧဖက်မြို့နှင့် အခြားသောအရေးကြီးဒေသခံမြို့ရွာဗဟိုအချက်အ ချာတို့တွင်လည်း ပေါလုနှင့်ဧဝံ ဂေလိအဖွဲ့ဝင်တို့သည် ဂျူးလူမျိုးနှင့်မယုံကြည်သူများဟူ၍ မခွဲခြား၊ အတူတူပင်သဘောထား၍ သတင်းကောင်းဆောင်သောအလုပ်ကိုလုပ်ပေး ပါသည်။

အဓိကထားသည်ကတော့ မယုံကြည်သူနေထိုင်ရာကမ္ဘာ အစွန်းသို့တိုင် ဘုရားသခင်၏နိုင်ငံတော်ကို တည်ထောင်သွားရန်ဖြစ်ပါ၏။ ထိုသူတို့သည် မှန်သောဘုရားသခင်နှင့်တစ်ပါးတည်းသောသားတော်အကြောင်းကို လုံးဝမသိ သေး။ သိသူများလည်းအနည်းငယ်မျှသာဟုဆိုရသော အဆင့်မျှသာရှိပါပေ၏။

ပေါလုနှင့်ဧဝံဂေလိအဖွဲ့ဝင်များတို့သည် "ခရစ်တော်ကိုမသိ၊ ဣသ ရေလအပေါင်းအသင်း၌မဝင်၊ ကတိတော်ပါသောပဋိညာဉ်တရားတို့နှင့်မဆိုင်၊ မျှော်လင့်ခြင်းမရှိ၊ လောက၌ဘုရားသခင်ကိုမသိဘဲနေကြသူများ" ကိုယ်စားစိတ်ပူ မိ၍ ထိုသူတို့အဖို့နေ့မအား၊ ညမအား စိတ်ပါကိုယ်ရောက်သခင့်အတွက် အစေ ခံကြလေ၏။ သို့ဖြစ်၍လည်း ထိုသူတို့သည် "အထက်ကဝေးလျက်ရှိသော်လည်း ယခုမှာ ယေရှုခရစ်၌ဖြစ်၍အသွေးတော်အားဖြင့် အနီးသို့ရောက်ကြပြီ။"

ထိုသခင်၏ကိုယ်စားပြုအသေခံအပ်နှံပူဇော်ခြင်းကို ယုံကြည်လက်ခံကြသဖြင့်လည်း ထိုသူတို့သည် "သန့်ရှင်းသူတို့၏အမျိုးသားချင်း၊ ဘုရားသခင်၏အိမ်တော်သားများဖြစ်လာကြသည်။" (ဧဖက် ၂း၁၂၊ ၁၃၊ ၁၉)။

ပေါလုသည် ခရစ်ယာန်သာသနာတော်မြတ်တွင် ရှေ့ဆက်ကာအလုပ်ပွား၍သာနေ၏။ ဣသရေလလူမျိုးဆရာကြီးများက ဂရုမစိုက်၊ လျစ်လျူရှုသူတိုင်းအား ခရစ်တော်ယေရှုသည် "ဘုရင့်တကာဘုရင်၊ သခင့်တကာသခင်" ဖြစ်ကြောင်းကို မပြတ်ချီးမွမ်းပြောဆို၏။ (၁တိမောသေ ၆း၁၅)။ ယုံကြည်သူတို့သည်လည်း "ထိုသခင်၌ စိုက်ပျိုးခြင်း၊ တည်ဆောက်ခြင်းရှိရန် (ကောလောသဲ ၂း၇)နှိုးဆော် တိုက်တွန်း၏။

ယုံကြည်သူအချို့ကား ခရစ်တော်သခင်သည် ခိုင်ခံ့မြဲမြံသောအုတ်မြစ်ဖြစ်သတည်း။ ထိုအသက်ရှင်သောကျောက်ဆောင်ပေါ်တွင် ဂျူးလူမျိုးနှင့်ထပ်တူထပ်မျှတစ်ပါးအမျိုးသားတို့လည်း မိမိတို့ခန္ဓာဝိညာဉ်အိမ်ကို တည်ဆောက်ရန်အခွင့်ရ၏။ ကမ္ဘာ့လူသားတစ်နွယ်လုံး၏ဝန်ကို ထမ်းရွက်နိုင်စွမ်းရှိပါသည်တကား။ ဤအချက်ကိုပေါလုကောင်းစွာသိ၏။ သိသောကြောင့်လည်း မိမိအချိန်ကာလမကုန်ဆုံးမီ သစ္စာရှိယုံကြည်သူ၊ မယုံကြည်သူတို့ထံ ဤသို့ရေးလိုက်၏။ "သင်တို့သည် . . . . တမန်တော်တို့မှစ၍ ပုရောဖက်များတည်းဟူသောတိုက်မြစ်အပေါ်၌ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏။"(ဧဖက် ၂း၁၉-၂၀)။ ဧဝံဂေလိအမှုတော်မြတ်သည် ပိသိဒိပြည်(ပီစီးဒီးယား)၌ပျံ့နှံ့သည်နှင့်အမျှ မယုံကြည်သူ အန္တိအုတ်မြို့သားများ ဂျူးလူမျိုးတို့သည် စိတ်နှလုံးမဖြူစင်သူများဖြစ်ရကား၊ "ဘုရားသခင်ကိုကိုးကွယ်၍ အသရေရှိသောမိန်းမတို့နှင့် ထိုမြို့၌အကြီးအကဲဖြစ်သောသူများကိုနှိုးဆောင်၍ ပေါလုနှင့်ဗာနဗတို့ကိုညှဉ်းဆဲစေသဖြင့် ထိုပြည်၏နယ်မှထုတ်ကြ၏။"

သို့သော်လည်း တမန်တော်တို့သည် စိတ်ဓာတ်မကျဆင်းကြ။ သခင်၏စကားတော်များကို အမှတ်ရကြ၏။ "ငါကြောင့် သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက်အပြစ်တကာတင်ကြသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား ကောင်းကင်ဘုံ၌သင်တို့၏အကျိုးသည်ကြီးလှပေ၏။ သင်တို့ရှေ့ကပေါ်ထွန်းသောပုရောဖက်တို့ကို ထိုနည်းတူညှဉ်းဆဲကြပြီ။" (မဿဲ ၅း၁၁၊ ၁၂)။

ဇေဝံဂေလိသတင်းစကား သာသနာခရီးဆန့်သလို အောင်မြင်သဖြင့် တမန်တော်များအားရမိသည်။ အထူးသဖြင့် အန္တိအုတ်မြို့နေ့ပိသိဒိပြည်သားတို့ယုံကြည်မှုတိုးပွါးများပြားလာသဖြင့် "ဝမ်းမြောက်ခြင်းနှင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း ပြည့်စုံကြ၏"ဟု ကျမ်းမှတ်တမ်းပြုထားခြင်းသည် ကျွန်ုပ်တို့အတွက်လည်း နာမူနာပင်ဖြစ်ချေသည်မဟုတ်ပါလော။

-----o-----

# အခန်း (၁၈)
## လူမျိုးခြားတွင်ခရစ်ယာန်သာသနာပြုခြင်း
(ဤအခန်းသည် တမန်တော် ၁၄း၁-၂၆ ကိုအခြေပြုထားသည်)

ပိစီးဒီးယားပြည်၊ အန္တိအုတ်မြို့မှ သည်ကွကောနိမြို့သို့ ပေါလုနှင့်ဗာနဗ တို့ခရီးဆက်ကြရာ ဤနေရာတွင်လည်း အန္တိအုတ်မြို့မှာကဲ့သို့ မိမိတို့၏လူမျိုးချင်း ယုဒတရားဇရပ်ထဲမှာပင် ခရစ်ယာန်တရားပေးကြသည်။ အောင်မြင်သည်ဟုဆို ရမည်။ အကြောင်းမူကား၊ "ယုဒလူ၊ ဟေလသလူ(ဂရိ)များအပေါင်းတို့သည် ယုံ ကြည်ခြင်းသို့ရောက်ကြ၏။" ဤတွင် အဖျက်အဆီးကဝင်လာပြန်၏။ "ယုံကြည် သောယုဒလူ(ဂျူးလူမျိုး)တို့သည် တစ်ပါးအမျိုးသားတို့ကိုနှိုးဆောင်၍ ညီအစ်ကိုတို့ အား မနာလိုသောစိတ်ရှိစေခြင်းငှာ ချောစားကြ၏။"

သို့သော်လည်း တမန်တော်တို့သည် ခရစ်ယာန်သာသနာပြုခြင်းမှ ကျော မခိုင်းသွားပါ။ အကြောင်းမူကား၊ ခရစ်တော်သခင်၏ဧဝံဂေလိတရားကို လက်ခံ သူများသောကြောင့်တည်း။

တမန်တော်တို့သည် ဆန့်ကျင်မှုများ၊ မနာလိုမှုများ၊ တစ်ဖက်သတ်ဆန် ဆန်မတရားပြုမူပြောဆိုမှုများနှင့်ထိပ်တိုက်ရင်ဆိုင်နေရလင့်ကစား၊ "ဘုရားသခင် ၏တရားတော်ကိုမဆုတ်မဆိုင်းဟောပြောလေ၏။

ဘုရားသခင်သည်လည်း ကျေးဇူးတရားတော်ဘက်၌ သက်သေခံတော် မူလျက် တမန်တော်တို့သည် နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကိုပြုနိုင် မည်အကြောင်း အခွင့်ပေးတော်မူ၏။"ဤကဲ့သို့ ဘုရားသခင်၏ထောက်ခံအားပေး မှုတန်ခိုးသြဇာကို အမြင်တိမ်းသူတို့ မျက်ဝါးထင်ထင်မြင်တွေ့ ရသောအခါ စိတ် နှလုံးပြောင်းလဲ၍ ဧဝံဂေလိတရား၌မွေ့လျော်ကာ သင်းဝင်ကြလေတော့သည်။

တမန်တော်များတို့၏သက်သေခံသတင်းစကားတို့သည် ရေပန်းစားလူ ကြိုက်များလာသည်နှင့်အမျှ မယုံကြည်သူဂျူးလူမျိုးတို့သည် မနာလိုဝန်တိုဖြစ်ကာ အမုန်းပွားလာကြ၏။

ထို့ကြောင့်လည်း ပေါလုနှင့်ဗာနဗတို့၏လုပ်ငန်းစဉ်ကိုချက်ချင်းရပ်တန့် ပစ်ရန် ဆုံးဖြတ်ကြလေသည်။ ထိုအခါ တစ်စိတ်ကိုတစ်အိတ်လုပ်၏။ ငယ်သော အမှုကိုကြီးအောင်လုပ်၏။ ----------------------------------မမှန်သတင်း

လွင့်ကာ မြို့နေအာဏာပိုင်တို့အား စိုးရိမ်တုန်လှုပ်စေ၏။ "မြို့လုံးကျွတ်အုံကြွသောင်းကျန်းဆန့်ကျင်ရန် သူတို့တတွေလိုက်လံနှိုးဆော်နေကြလေပြီ" ဟူသောသတင်းဆိုးက တာဝန်ရှိအာဏာပိုင်အဖွဲ့အစည်းဝင်များကို မစိုးရိမ်ဘဲရှိစေနိုင်မည်လော။ ကုန်းချောစကားပြောဆိုရာ၌ ဂျူးလူမျိုးတို့သည် တော်ကြပါ၏။ မြို့တော်၏အေးချမ်းသာယာမှုကိုထိပါးအန္တရာယ်ပြုသူများဟု တမန်တော်တို့စွပ်စွဲခံရလေပြီ။

ထိုစွပ်စွဲချက်မျိုးဖြင့် တပည့်တော်များတရားရုံးသို့မကြာခဏရောက်ရကြသည်။ သို့သော်လည်း သူတို့၏လျှောက်လဲချက်သည် တည်ငြိမ်ရှင်းလင်း၍အကြောင်းစုံကိုသိမြင်လွယ်၏။

သူတို့၏သွန်သင်ချက်များသည်လည်း နားလည်လွယ်၍လူထုအကျိုးပြုစကားများဖြစ်သောကြောင့် ကောင်းသောသြဇာလွှမ်းမိုးမှုသည်ရှိ၏။ ဤအချက်ကိုမြို့တော်ဝန်နှင့်အာဏာရှိပုဂ္ဂိုလ်များတို့သိနားလည်၍ တစ်ဖက်သတ်မတရားစွပ်စွဲခံရခြင်းသာဖြစ်သည်ကိုမြင်သောကြောင့် တပည့်တော်တို့ကိုအပြစ်မစီရင်ဝံ့ကြ။ အာဏာကိုအလွဲသုံးစားပြု၍ စီရင်သော်စီရင်နိုင်၏။

သို့သော် ပေါလုနှင့်ဗာနဗတို့၏သွန်သင်ချက်များသည် လူကိုအကျင့်ကောင်းရင့်ကျက်စေ၏။ စည်းကမ်းလိုက်နာဘေးကင်းကွာစေ၏။ လူမှုထိန်းကျောင်းရေးလုပ်ငန်းကူအမှန် တရားများဖြစ်ပါသောကြောင့် တမန်တော်များ၏သွန်သင်ချက်များကို လက်ခံကာ မြို့တော်အတွက်များစွာအကျိုးပွားမည်ကို အာဏာပိုင်တို့သိနားလည်ကြလေ၏။

တပည့်တော်တို့ရင်ဆိုင်ရသောဆန့်ကျင်မှုများကြောင့် အမှန်တရားသတင်းတော်သည် လူထုသိသောတရားပွဲအသွင်သို့ကူးပြောင်းသွားလေ၏။ ဂျူးလူမျိုးအကြီးအကဲတို့မြင်လာကြလေပြီ။ ဤလက်သစ်ဆရာကြီးများ၏ လုပ်ငန်းကိုဟန့်တားပစ်ပယ်ရန်ကြိုးစားလေ၊ ခေတ်သစ်ယုံကြည်ခြင်းကိုလက်ခံသူများတိုးပွားများ ပြားစေလေဖြစ်၏။ "ထိုမြို့သူမြို့သားအပေါင်းတို့သည် ကွဲပြားခြင်းရှိ၍ အချို့တို့သည် ယုဒလူတို့ဘက်၌လည်းကောင်း၊ အချို့တို့သည် တမန်တော်တို့ဘက်၌လည်းကောင်းနေကြ၏။"

ဂျူးလူမျိုးအကြီးအကဲတို့သည် အတိုင်းထက်အလွန်ဒေါသထွက်၍လာကြလေပြီ။ ဤအမှုကိုအကြမ်းဖက်သောနည်းဖြင့်သာ အဆုံးသို့ပို့ဆောင်နိုင်မည်ဟု ဆုံးဖြတ်ကြ၏။ ထို့ကြောင့် အသိတရားနည်းပါး၍ ရုန်းရင်းခတ်ဆူညံ

နေကြသောလူအုပ်ကြီးကို သူတို့စိတ်လှုပ်ရှားထကြွစေ၏။ သူတို့ပစ်မှတ်ထားသော တပည့်တော်တို့ကို လူထုကြီးကလည်းပစ်မှတ်ထား၍ အပြီးပိုင်ပယ်ရှင်းရန် သွေးထိုး ပေးသည်။ ဤပရိယာယ်စွဲချက်အမှားဖြင့် မြို့တော်ဝန်သည် သူတို့ဘက်၌ ရပ် တည်၍ သူတို့၏အကြံအစည်ကိုအောင်မြင်စေမည်ဟု မျှော်လင့်ကြသည်။ ထိုအမှုကို တပည့်တော်တို့သည် အယူခံဝင်ရန်(သို့မဟုတ်) အပြစ်လွှတ်ရန်ကာ ကွယ်ပြောဆိုခွင့်ကိုမပေး။ လူထုကြီးကကြားဝင်စွက်ဖက်ပြီး ပေါလုနှင့်ဗာနဗ တို့ကို ကျောက်ခဲနှင့်ပစ်၍ သေအောင်လုပ်ကြစေ၏။ ဤနည်းဖြင့် တမန်တော်တို့ ပြုသောခရစ်ယာန်သာသနာတော်ကြီးရပ်တန့်နိဂုံးချုပ်ရန် ကြံစည်ကြလေသည်။

တမန်တော်များ၏မိတ်ဆွေကောင်းများတွင် မယုံကြည်သူများလည်းရှိ လေသည်။ ထိုသူတို့သည် ဂျူးလူမျိုးစရိုက်ကြမ်းတို့၏ရန်ငြိုးနှင့် လုပ်ကြံမည့်ပုံစံ ကိုသိထားနှင့်ပြီဖြစ်၍ မလိုအပ်ဘဲဒေါသအိုးကွဲနေသောလူထုမျက်မှောက်တွင် ကိုယ်ကိုမပြရန်နှင့် အသက်အတွက်အလွတ်ရုန်းထွက်ရန် နှိုးဆော်လေ၏။ ထိုအခါ ပေါလုနှင့်ဗာနဗတို့သည် ဣကောနိမြို့မှတိတ်တဆိတ်ထွက်ခွာသွား လေသည်။ ယုံကြည်သူတပည့်တော်စုကိုလည်း အခိုက်အတန့်မျှသည်းခံ၍ သူတို့မရှိသော်လည်း အမှုတော်မြတ်ကိုဆက်လက်သယ်ပိုးထမ်းရွက်ကြပါရန် အားပေးနှိုးဆော်ခဲ့၏။ တပည့်တော်တို့၏စိတ်ထဲတွင်ကား သူတို့စတင်ခဲ့သောအမှု တော်မြတ်ကို ဆုံးခန်းတိုင်အောင် လုပ်ဆောင်လို၏။ သို့ဖြစ်၍ ရန်ငြိုးရန်စွယ်လှုပ် ရှားမှုများလျော့နည်းသွားသောအခါ ပြန်လာမည်ဟုကြံရွယ်ကြလေသည်။

ခေတ်အဆက်ဆက်နေရာဒေသတိုင်းတွင် ထာဝရဘုရားသခင်၏စေတ မန်များသည် စိတ်အေးအေးနှင့်ကောင်းစွာဆင်ခြင်စဉ်းစားကာ ကောင်းကင်ဘုံအ လင်းကိုငြင်းပယ်ရန် ရွေးချယ်သောသူများနှင့် ထိပ်တိုက်တိုးရပါ၏။ ထိုအခါ ဧဝံဂေလိတရားတော်၏ရန်သူများသည် များသောအားဖြင့် အနိုင်ယူလေ့ရှိပုံရပ် သည်။သို့သော်လည်း ထိုတံခါးတို့သည် အစဉ်သဖြင့်ပိတ်ဆို့နေသည်တော့မ ဟုတ်ပါ။

ထာဝရဘုရားသခင်၏အစေခံကျွန်များက တစ်ကျော့ပြန်လာ၍ ဧဝံဂေ လိလုပ်သောအခါ ဘုရားသခင်သည် ယခင်ကအခိုက်အတန့်မှေးမှိန်နေသောမိမိ ၏နာမတော်ဘုန်းတန်ခိုးကို သတိရအောက်မေ့စေရန် ဆောက်တည်နိုင်လေ သည်။ တမန်တော်တို့သည် ဣကောနိမြို့ညှဉ်းဆဲခြင်းမှရုန်းထွက်ကာ “ကုကောနိ ပြည်၌လုတ္တရမြို့၊ ဒရဗေမြို့မှစ၍ ကျေးလက်များသို့ထွက်ပြေးပြီးထိုအရပ်တို့၌

ဇဝ်ဂေလိတရားကိုဟောပြောကြ၏။" ဤကျေးလက်မြို့ငယ်များတွင်နေထိုင်ကြသောသူတို့သည် တစ်ပါးအမျိုးသား၊ အယူသီးထန်သူများဖြစ်ကြ၏။ သို့သော် အချို့မှာ ဧဝံဂေလိသတင်းစကားကိုနားထောင်လိုသည်သာမက လက်ခံသူများလည်းရှိပါသည်။ ဤကဲ့သို့သော ပတ်ဝန်းကျင်နေရာမျိုးတွင် တမန်တော်များသည် ဧဝံဂေလိအလုပ်လုပ်ရန် ဆုံးဖြတ်ကြလေ၏။ တစ်ဖက်သတ်ဆန်၍ ကိုယ်ကျိုးကိုသာငဲ့သောဂျူးလူမျိုးတို့၏နှိပ်စက်ညှဉ်း ဆဲခြင်းမှလွတ်ကင်း မည်ဟုလည်း မျှော်လင့်ကြလေသည်။

လုတ္တရမြို့တွင် ဂျူးလူမျိုးတရားဇရပ်ဟူ၍မရှိပါ။ ဂျူးလူမျိုးစုလည်း နည်း ပါးလှပါသည်။ မြို့နေလူထုအများစုက ဂျူပီတာနတ်ကိုကိုးကွယ်ကြသည်။ ပေါလုနှင့်ဗာနဗတို့သည်လည်း မြို့ထဲသို့ဝင်၍ လုတ္တရမြို့သူမြို့သားတို့ကိုစုစည်းကာ ဧဝံဂေလိသတင်းကား၏ရိုးစင်းမှုအမှန်တရားကိုဟောပြောကြရာ အယူသီးသောဂျူပီတာနတ်ကို ကိုးကွယ်သူတို့က တမန်တော်တို့၏သွန်သင်ချက်များနှင့် မိမိတို့၏ယုံ ကြည်ချက်များကို ချိန်ကိုက်ညှိနှိုင်းကြပါသည်။

တမန်တော်တို့သည် ဤနတ်ကိုးကွယ်သူများအား ဖန်ဆင်းရှင်ဘုရားသခင်နှင့်လူသားတစ်နွယ်လုံးကို ကယ်တင်သောအရှင်သားတော်ယေရှုသခင်ကို သိရှိရန် ကြိုးစားဝေ့ကြပါသည်။ ပထမတွင် ဘုရားသခင်၏အံ့ဖွယ်ကောင်းသော သဘာဝလောကကြီးကိုပြောဆို၏။

နေ၊ လ၊ ကြယ်နက္ခတ်တာရာများ၊ ကမ္ဘာတည်သမျှ ပုံမှန်လည်ပတ်နေသောသုံးရာသီဥတုများ၊ ငွေနှင်းဖြူဆောင်းထားသော မြင့်မားတောင်တန်းကြီးများ၊ ဧရာမသစ်ပင်ကြီးများနှင့် လူသားတို့နားမလည်မကျွမ်းကျင်နိုင်သောအခြားသဘာဝတရား၏ဆန်းကျယ်မှုများကိုတင်ပြသည်။ ဤသို့လျှင် တမန်တော်တို့သည် မယုံကြည်သူတို့အား ဘုရားသခင်တည်းဟူသော စကြဝဠာအုပ်စိုးရှင်ကြီးကိုအာရုံပြုဆင်ခြင်အောက်မေ့ရန် ရှေ့ဆောင်ပေးလေ၏။

ဤသည်ကား ဖန်ဆင်းရှင်နှင့်ပတ်သက်၍ အခြေခံကျသောအမှန်တရားပေတည်း။ တမန်တော်တို့သည် လုတ္တရမြို့သားတို့အား ဤသို့ပြော၏။

ထာဝရဘု ရားသခင်၏သားတော်သည် လူသားကမ္ဘာကိုချစ်မြတ်နိုး၍ ကောင်းကင်ဘုံမှ အလည်အပတ်ရောက်လာခဲ့ကြောင်း ထိုသခင်၏သက်တော်စဉ်နှင့်ခရစ်ယာန်သာသနာပြုခြင်း၊ စေတနာတော်ကို လူသားတို့ကမထီမဲ့မြင်ပြု၍ ထိုသခင်ကိုငြင်းပယ်ခဲ့ကြောင်း၊ နောက်တွင်တရားရုံးတင်၍ ကပ်တိုင်ပေါ်

အသေသတ်လိုက်ခြင်း၊ သို့သော် သုံးရက်မြောက်သောနေ့တွင် သေခြင်းမာန်ကို အောင်၍ ကောင်းကင်ဘုံသို့ပြန်လည်တက်ကြွသွားခြင်း၊ ယခုကာလတွင် လူသားတို့အတွက် ကောင်းကင်ဘုံတဲတော်တရားရုံးတွင်၊ ရှေ့နေလိုက်ပေးနေခြင်းစသည်တို့ကို ခရေစေ့တွင်းကျ ရှင်းလင်းပြတ်သားစွာတင်ပြပြောဆိုခဲ့ပါသည်။ ဤသို့နှင့် ပေါလုနှင့်ဗာနဗတို့သည် ထာဝရဘုရား၏ဝိညာဉ်တော်တန်ခိုးနှင့် လုတ္တရမြို့တွင် ဧဝံဂေလိသာသနာပြုတရားဟောကြားခဲ့လေသည်။

တစ်ချိန်တွင် ပေါလုသည် သခင်ခရစ်တော်၏ကျန်းမာစေကြောင်း တရားကိုဟော၏။ ဖျားနာသူနှင့်ရောဂါခံစားရသူများအား ခရစ်တော်သခင် ကုသပုံ ကိုပြောပြရာ လူထုပရိသတ်ထဲတွင် ပေါလုကိုစေ့စေ့ကြည့်နေသော အမိဝမ်းတွင်းကပင် ခြေမစွမ်းသူတစ်ယောက်ရှိပါသည်။ ထိုသူကိုပေါလုတွေ့မြင်သောအခါ “ရောဂါကင်းမည်အကြောင်း သူ၌ယုံကြည်ခြင်းရှိသည်ကိုသိမြင်လျှင် ထ၍မတ်တတ်ရပ်လော့ဟု ကြီးသောအသံနှင့်ဆိုသဖြင့် ထိုသူသည် ရုတ်တရက် ထ၍လှမ်းသွားလေ၏။” ဤဖြစ်ရပ်မှန်သည် နတ်ဝတ်ပြုကိုးကွယ်သူများမျက်မှောက်တွင်ဖြစ်သဖြင့် မိမိအသက်တာတွင် ပထမဦးဆုံးအကြိမ်ခြေစုံရပ်နိုင်သူကိုမြင်သောအခါ မအံ့သြဘဲမနေနိုင်ကြ။

“ပေါလုပြုသောအမှုကိုမြင်သောလူအစုအဝေးတို့က နတ်တို့သည် လူအယောင်ကိုဆောင်၍ ငါတို့ရှိရာသို့ဆင်းသက်ပါသည်တကားဟု လုကောနိဘာသာစကားအားဖြင့် အသံကိုလွှင့်၍ဆိုကြ၏။” ဤစကားသည် ထိုသူတို့၏ယဉ်ကျေးမှု အယူအဆနှင့်ညီညွတ်ပါပေသည်။ အကြောင်းမှာ သူတို့ကိုးကွယ်သောနတ်များသည် လူ့လောကကမ္ဘာမြေကြီးဆီသို့အလည်အပတ်ရောက်ရှိလာတတ်သည်ဖြစ် သောကြောင့်တည်း။ ဗာနဗကို ဂျူပီတာနတ်ဟုခေါ်ကြသည်။ ဂျူပီတာနတ်သည် ဘုရားသခင်အပေါင်းတို့၏ဖခင်ဖြစ်သတည်း။ ဗာနဗ၏နဂိုရုပ်သွင်ကိုလည်းကြည့်ပါ။ သူ၌ကြည်ညိုဖွယ်သောအဆင်းရှိ၏။ လှုပ်ရှားသွားလာမှုပုံပန်းသဏ္ဍာန်မှာ ဝင့်ကြွားထည်ဝါ၏။ ဖြည်းညှင်းသောသဘော၊ ကောင်းမှုပြုလိုသောသဘောသည် မျက်နှာပေါ်တွင် ပေါ်လွင်ထင်ရှားနေ၏။ ပေါလုကိုတော့ မာကြူရီနတ်ဟုခေါ်ကြသည်။ အကြောင်းသော်ကား ပေါလုသည် “သာ၍ဟောပြောသောကြောင့်”ဟု ဆိုရလိမ့်မည်။ နှုံးကြားထက်မြက်၍ စကားဟောပြောကောင်းသူ၊ သတိပေးစကားနှင့်နှိုးဆော်အားပေးစကားဖြင့် ကြွယ်ဝလှသူဖြစ်သောကြောင့်တည်း။

လုတ္တရမြို့သူမြို့သားတို့သည် မိမိတို့၏ကျေးဇူတင်ခြင်းသဘောကိုပြသလိုစိတ်ပြင်းထန်သောကြောင့် ဇုသ (ဂျူပီတာ)နတ်၏ ယဇ်ပုရောဟိတ်သည် နွားနှင့်ပန်းကုံးကိုမြို့တံခါးနားသို့ယူခဲ့၍ လူအစုအဝေးတို့နှင့်တကွယဇ်ပူဇော်မည်" ပြုရန်ရှိ၏။ ထိုစဉ်အခါ ပေါလုနှင့်ဗာနဗတို့သည် ဆိတ်ကွယ်ရာကိုရှာ၍ အနားယူရန်ဖြစ်သဖြင့် ဤအစဉ်အစဉ်ကို သတိမပြုမိကြပါ။ မကြာပါ။ တယော၊ ပတ်သာ၊ ဗုံမောင်းတီးသံများနှင့် ခြိမ့်ခြိမ့်သဲပျော်ရွှင်ဟစ်ကြွေးသံများကြောင့် သူတို့တည်းခိုသောအိမ်မှမျှော်ကြည့်လိုက်ရာ သူတို့ထံသို့ဦးတည်၍ လာနေကြသည်ကိုသိရလေသည်။

တမန်တော်တို့သည် အကြောင်းစုံကိုမေးမြန်း၍သိမြင်ရသောအခါ "မိမိတို့အဝတ်ကိုဆုတ်၍ လူစုထဲသို့ပြေးဝင်းကာ" ထိုအစီအစဉ်ကိုမပြုလုပ်ရန်ဟန့်တား၏။

တူရိယာတီးမှုတ်သံ၊ လူထုကြွေးကြော်သံများနှင့်လုံးထွေးနေသဖြင့်လည်း ထိုအသံကိုအုပ်မိုးလျက် ပေါလုက သူ့ကိုအာရုံပြုနားထောင်ရန် ဟစ်ကြွေးတောင်းဆိုလိုက်သည်။ ရုတ်ခြည်းဆိုသလို ညီးညံသံများရပ်ဆိုင်းသွားသည်နှင့်ပေါလုက "အချင်းလူတို့၊ အဘယ်ကြောင့် ဤသို့ပြုကြသနည်း။ ငါတို့သည် သင်တို့ကဲ့သို့လောကဓံတရား၌ကျင်လည်သောသူဖြစ်ပါ၏။

သင်တို့သည် ဤအ ချည်းနှီးသောအရာတို့ကိုပယ်ကြ၍ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာမှစ၍ အရပ်ရပ်တို့၌ရှိလေသမျှတို့ကို ဖန်ဆင်းတော်မူ၍ အသက်ရှင်တော်မူသော ဘုရားသခင့်ထံတော်သို့ပြောင်းလဲရကြမည်အကြောင်း၊ ငါတို့ သည် ဧဝံဂေလိတရားကိုဟောပြောကြ၏။

ရှေးလွန်လေပြီးသောကာလတို့၌ လူအမျိုးမျိုးတို့သည် မိမိတို့အလိုအလျောက်ကျင့်ကြမည်အကြောင်းဘုရားသခင်သည် အလွတ်ထားတော်မူ၏။ သို့သော်လည်းသင်တို့အား ကျေးဇူးပြုလျက် အစာအာဟာရနှင့်ဝပြော၍ ဝမ်းမြောက်စေခြင်းငှါ မိုးကောင်းကင်မှမိုးရွာစေတော်မူ၍ အသီးအနှံတို့သီးစေတတ်သောဥတုကိုပေးတော်မူသောအားဖြင့် ကိုယ်တော်ရှိတော်မူသည်ကို သက်သေမခံဘဲနေတော်မမူဟု ကြွေးကြော်လေ၏။"

တမန်တော်တို့က မိမိတို့သည် ဘုရားသခင်မဟုတ်ကြောင်းကို မှန်ကန်စွာငြင်းဆိုနေသော်ငြားလည်း မှန်ကန်သောဖန်ဆင်းရှင်ထာဝရဘုရားကိုသာရှိသေလေးမြတ်ထိုက်ကြောင်း ပေါလုသည် လူတို့၏စိတ်အာရုံကို ကြိုးစားလျက

လမ်းကြောင်းအမှန်ပေါ် လျှောက်လှမ်းရန် ကြိုးစားနေသော်လည်း မယုံကြည်သူတို့အား ယဇ်နတ်ပူဇော်ခြင်းမှအာရုံပြောင်းလွဲပေးဖို့ရန် လုံးဝမဖြစ်နိုင်သော အရာပင်ဖြစ်ချေ၏။ သူတို့သည်သာ အမှန်တကယ်ဘုရားသခင်များဖြစ်ပါသည်ဟူသော ယုံကြည်စွဲလမ်းချက်က ခိုင်မြဲလှပါပေသည်။ စိတ်အားထက်သန်မှုသည်လည်း အလွန်ကြီးမားလှရကား သူတို့ကိုယ်ပိုင်အမှားကိုပင်သိမြင်ဖို့မနှစ်သက်ကြတော့ပါ။ ကျမ်းမှတ်တမ်း၏အဆိုအရ "တားမြစ်ခဲသောအမှု"ဟု ဆိုပါသည်။

လုတ္တရမြို့သားတို့သည် အဖြစ်မှန်ကိုကျိုးကြောင်းဆက်နွယ်စဉ်းစားကြ၏။ သူတို့ကိုယ်တိုင် တမန်တော်များပြုသော ထိုအံ့ဖွယ်နိမိတ်လက္ခဏာတို့ကိုတွေ့မြင်ရသည်ပဲ။ အမိဝမ်းဖွားခဲ့ပြီးသည်မှစ၍ တစ်ကြိမ်တစ်ခါမျှမတတ်မရပ်ဖူးသူဒုက္ခိတက ယခုတွင်လမ်းလျှောက်ရုံမျှမက ပြည့်ဝစုံလင်သောကျန်းမာရေးနှင့်အင်အားအတွက် ဝမ်းမြောက်နေသည့်အဖြစ်ကို မျက်ဝါးထင်ထင်တွေ့ရသည်ပဲ။ သူတို့မမှားနိုင်ပါ။ လွယ်လွယ်နှင့်တော့ ထိုအစွဲကိုစွန့်လွှတ်လိုစိတ်မရှိကြပြီ။ သို့သော်လည်း ပေါလုနှင့်ဗာနဗတို့၏အလွန်အမင်းသွေးဆောင်ချော့မော့သောကြောင့်လည်းကောင်း၊ သူတို့ကိုယ်တိုင်က ကောင်းကင်ဘုံအရှင်သခင်နှင့် အဓိပတိသမားတော်ကြီးခရစ်တော်ယေရှု၏ကိုယ်စားလှယ်များသာဖြစ်ကြောင်း ရှင်းပြသွေးဆောင်ဟောပြောလွန်း၍သာ ထိုသူတို့သည် မိမိတို့၏အကြံအစည်ကိုစွန့်လွှတ် လိုက်လေသည်။

လုတ္တရမြို့အတွင်ဖြစ်ခဲ့သောပေါလုနှင့်ဗာနဗတို့၏လုပ်ငန်းဖြစ်ရပ်များကိုရန်ငြိုးထားသော "အန္တိအုတ်မြို့နှင့် ဣကောနိမြို့မှဂျူးလူမျိုးတို့သည်" အလျင်အမြန်သိမှတ်ကြ၏။ လုကောနိလူမျိုးစုတို့တွင် တမန်တော်များခရစ်ယာန်သာသနာအောင်မြင်သည်ဟုကြားရသည်နှင့် ရန်ငြိုးထားသောဂျူးတို့သည် တမန်တော်တို့ အား ညှဉ်းဆဲရန်လိုက်လာကြ၏။ လုတ္တရမြို့သို့ရောက်သောအခါ ဤဂျူးလူမျိုးတို့သည် တမန်တော်တို့အား ရွံရှာမုန်းတီးသလို မြို့သူမြို့သားတို့သည်လည်း မုန်းတီးကြစေရန် တိုက်တွန်း၏။ ဤမှားယွင်းသောစကားများ၊ သိလျက်နှင့်မမှန်မကန် စွပ်စွဲခြင်းများကို မြို့သားတို့သည်သိမှတ်ကြသော်လည်း မကြာသေးမီက ပေါလုနှင့်ဗာနဗတို့ကို နတ်များဟုအသိအမှတ်ပြုသူတို့က ယခုတွင် တမန်တော်တို့အားလူ သတ်တရားခံများထက် ဆိုးညစ်သူများ၊ သေပြစ်ခံထိုက်သူများဟု စွပ်စွဲလာကြလေ၏။ ဤသည်မှာလည်း ဂျူးတို့၏ပယောဂများပင်မဟုတ်တုံလော။

လုတ္တရမြို့သားတို့သည် မိမိတို့လုပ်ချင်သောအလုပ်ကိုမလုပ်ရ၍ စိတ်ညစ်ကြသည်။ တမန်တော်တို့အား ဘုရားသခင်အမှတ်နှင့်ချီးမွမ်းဩဘာပေး၊ သောင်းသောင်းဖြဖြကြိုဆိုပုံကိုပြောင်းပြန်လှန်၍ ထိုအင်အားစုမျိုးနှင့် တမန်တော်များကို အတင်းအကျပ်ဆန့်ကျင်တိုက်ခိုက်ရန် ဂျူးလူမျိုးတို့က သွေးထိုးပေးပြန်သည်။ ပေါလုကို လုံးဝစကားပြောခွင့်မပေါ်ရန်။ ပေးသော်လုထုတစ်ရပ်လုံးကိုသူ လှည့်ဖြားလေဦးမည်စသည်ဖြင့်ကြိုတင်နှုတ်ပိတ်စေခဲ့ပါသည်။

မကြာပါ၊ ဧဝံဂေလိတရားတော်ကိုဆန့်ကျင်သောရန်သူများ၏ လုပ်ကြံမှုကြီးစတင်ပါတော့သည်။ မြို့သားတို့သည် စာတန်၏ဒေါသမျိုးနှင့် ပေါလုကိုဆုပ်ကိုင်လျက် အကြင်နာတရားကင်းမဲ့စွာကျောက်ခဲနှင့်ပစ်ပေါက်ကြ၏။ တမန်တော်ကြီးအနေဖြင့်တော့ ဤအချိန်ကား သူ့အတွက်နောက်ဆုံးဟုထင်မှတ်၏။ သတေဖန်၏လုပ်ကြံခံရမှုကို သူသတိရမိသည်။

ယခုတော့ ထင်ထင်ရှားရှားကြီးကို သူ့အ လှည့်ရောက်လာလေပြီ။ ယခုတော့ ထင်ထင်ရှားရှားကြီးကို သူ့အလှည့်ရောက်လာလေပြီ။ သွေးထွက်လွန်၍ အင်အားနည်းပါးမေ့မြောသွားကာ မြေသို့လဲကျသေဆုံးပြီဟု မြို့သားတို့သည် စိတ်ထင်နှင့်သူ့ကိုမြို့ပြင်သို့ဆွဲထုတ်ကြ၏။

ဤကဲ့သို့ အမှောင်ထုဖုံးလွှမ်း၍ စမ်းသပ်ရာအချိန်ကာလမျိုးတွင် ပေါလုနှင့်ဗာနဗတို့အားဖြင့်ပြောင်းလဲလာသောလုတ္တရမြို့ရှိတပည့်တော်စုတို့သည် ယေရှုခရစ်တော်၌ထားရှိသော ယုံကြည်ခြင်းကိုမပစ်ပယ်ကြ။ သစ္စာရှိမှန်ကန်စွာထိန်းသိမ်းထားကြသည်။ ဆင်ခြင်တုံတရားနှင့်မညီညွတ်သောဆန့်ကျင်မှုများ၊ ရက် စက်ကြမ်းကြုတ်သောနှိပ်ကွပ်မှုများသည် ဘုရားသခင်ကိုကြည်ညိုသူ ယုံကြည်သူများကို မဖြိုခွဲနိုင်။ သာ၍ခိုင်ခံ့မြဲမြံစေလေ၏။ ယခုလိုစက်ဆုပ်ဖွယ်ရာအန္တရာယ်ဆိုးနှင့် ရင်ဆိုင်ရသောအခါ သေပြီဟုယူဆရသော ယာယီတဲအနားတွင် ဝမ်းနည်းစွာဖြင့် စုရုံးနေခြင်းက မိမိတို့၏သစ္စာရှိပုံကိုထင်ရှားစေပါသည်။

ထိုသူတို့ပူဆွေးမြည်တမ်းနေချိန်တွင် တမန်တော်ပေါလုသည် ရုတ်တရက်ဦးခေါင်းကိုကြွ၍ ခြေဖြင့်ရပ်ကာ ထာဝရဘုရားသခင်ကိုချီးမွမ်းထောမနာပြုသည်ကို အံ့ဩစွာမြင်တွေ့လိုက်ရပါသည်။ ယုံကြည်သူအဖို့ ဤကဲ့သို့မမျှော်လင့်သည့်ပြန်လည်ဆန်းသစ်တည်မြဲစေခြင်းကို ထာဝရဘုရားသခင်၏အစေခံပေါလုကခံစားရသည်မှာ ဘုရားသခင်၏တန်ခိုးေတာ်အံ့ဖွယ်ရာတစ်ခုဟူ၍ စွဲမှတ်ကြလေ၏။ ကောင်းကင်ဘုံတံဆိပ်တုံးဖြင့် မှတ်တမ်းတင်ခံရလေခြင်း

ဟူ၍လည်း ယုံကြည်ကြပါသည်။ ထိုကြောင့် သစ်လွင်သောယုံကြည်ခြင်းဖြင့် ထာဝရဘုရားသခင်ကိုချီးမွမ်းလျက် မဖော်ပြနိုင်သောဝမ်းမြောက်ခြင်းနှင့်ရွှင်လန်းကြလေသည်။

လုတ္တရမြို့တွင်ပြောင်းလဲ၍ ပေါလု၏အခက်ခဲဖြစ်ထွေများကို အစမှအဆုံးထိမျက်ဝါးထင်ထင်တွေ့မြင်ရသူများတွင် လူငယ်တစ်ယောက်သည် ခရစ်တော်သခင်အတွက် ထွန်းပေါက်ကျော်ကြားသောအမှုတော်ဆောင်တစ်ဦးဖြစ်လာသည်။ ထိုသူမှာ တိမောသေဖြစ်၏။ ပေါလုကိုသေပြီအထင်နှင့် မြို့ပြင်သို့ဆွဲထုတ်သောအခါ တိမောသေလည်း အသက်မရှိပုံရသောခန္ဓာကိုယ်ဘေးတွင် ရပ်ကြည့်နေ၏။ သွေးသံရဲရဲနှင့် ခန္ဓာကိုယ်သည် ဦးခေါင်းကိုမော့ကာ ခြေဖြင့်ရပ်လျက် ထာဝရဘုရားသခင်ကိုချီးမွမ်းထောမနာပြုသည်ကိုလည်း သူမြင်တွေ့ရ၏။ တကယ်တော့ ခရစ်တော်သခင်အတွက် နာကျင်မှုခံစားခွင့်ကို ပေါလုကိုယ်တိုင်ရရှိလိုက်ပြီမဟုတ်ပါလော။ နောင်သောအခါ တိမောသေသည်လည်း ထိုတမန်တော်ကြီးနှင့် အတူ ခဲရာခဲဆစ်ရှေ့တန်းခရစ်ယာန်သာသနာနယ်မြေများတွင် ဆင်းရအတူ၊ ဝမ်းသာအမျှ၊ ခွဲဝေခံစား၊ အလုပ်ပွားများလာစေသူအကူတစ်ယောက်ဖြစ်ထွန်းလာပါ သည်တကား။

ပေါလုကျောက်ခဲနှင့်ပစ်ပေါက်ခံရပြီးနောက်တစ်နေ့တွင် တမန်တော်တို့သည် ဒေရဗေမြို့သို့ထွက်သွားလေ၏။ ထိုမြို့တွင် ခရစ်ာယာန်သာသနာလုပ်ငန်းအောင်မြင်သဖြင့် လူများစွာသည် ခရစ်တော်သခင်ကို ကယ်တင်ရှင်အဖြစ် လက်ခံလာကြပါသည်။ သို့သော် "ထိုမြို့၌ ဧဝံဂေလိတရားကိုဟောပြော၍ လူများတို့ကိုတပည့်တော်ဖြစ်စေပြီး" သော်လည်း ပေါလုနှင့်ဗာနဗတို့သည် မရောင့်ရဲကြ။ ထိုနေရာရှိတပည့်တော်စုကိုလည်း ဝိညာဉ်ရေးအစာအာဟာရပြန်လည်တိုက်ကျွေးရမည်မဟုတ်ပါလော။

သို့ဖြစ်၍ အန္တရာယ်အသွယ်သွယ်နှင့်ခြောက်လှန့်၍ မရသောစိတ်ဓာတ်ဖြင့် "လုတ္တရမြို့၊ ဣကောနိမြို့၊ အန္တိအုတ်မြို့တို့ကို အစဉ်အတိုင်းလှည့်လည် ၍ပြန်ကြ၏။ ထိုသို့ပြန်ကြစဉ် တပည့်တော်များ၏စိတ်နှလုံးကိုမြဲမြံခိုင်ခံ့စေသဖြင့် ယုံကြည်ခြင်း၌တည်ကြမည်အကြောင်း နှိုးဆော်ချီးမြှင့်၍ ငါတို့သည် များပြားသောဆင်းရဲခက်ခဲမှုကိုခံ၍ ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရကြမည်ဟု ဟောပြောပြဩ္ဍန်ကြ၏။"

မကြာသေးမီက ပြောင်းလဲကြသူများ၏ဝိညာဉ်ရေးရှင်သန်ကြီးထွားရေး အတွက် တမန်တော်တို့သည် အရေးတယူပြုကြပါသည်။ ထိုသူတို့ကို ဧဝံဂေလိတရားတော်စည်းကမ်းချက်များနှင့်နစ်နာဆုံးရှုံးမှုမရှိစေရန် ဘေးဆီးရန်ကာဝန်းရံပေးထား၏။ အသင်းတော်များကိုလည်း စနစ်တကျကောင်းမွန်စွာဖွဲ့စည်းပေး၏။ အသင်းတော်တိုင်းတွင် အလုပ်အမှုဆောင်များကိုခွဲခန့်အုပ်ချုပ်စေ၏။ ယုံကြည်သူသားသမီးတိုင်း မိမိနှင့်စပ်ဆိုင်သောဝိညာဉ်ရေးရှင်သန်ကြီးပွားစေရန် အလုပ်များရှိလေသည်။

ဤကား ညီညွတ်စည်းရုံးမှုရှိသောဧဝံဂေလိတရားတော်၏ စီမံချက်ပေတည်း။ ဤစနစ်ကိုပေါလုသည် အမြဲတမ်းကျင့်သုံးလျက်နေ၏။ မိမိအားဖြင့် ပြောင်းလဲလာကြသူတို့သည် အရေအတွက်အားဖြင့်နည်းသော်လည်း အသင်းတော်တစ်ခုဖြစ်ရန်တော့ အချိန်တန်လျှင် ဖွဲ့စည်းပေးစမြဲတည်း။ ဤသို့လျှင် ခရစ်ယာန်တို့သည် အချင်းချင်းတစ်ဦးကိုတစ်ဦးကူညီမစရန် ဘုရားသခင့်ကတိတော်တို့ကို သတိရအောက်မေ့ရန် သွန်သင်မှုခံရလေသည်။ “အကြောင်းမူကား၊ အကြင် အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကိုထောက်၍စည်းဝေးကြ၏။ ထိုအရပ်၌ သူတို့အလယ်မှာငါရှိသည်” (မဿဲ ၁၈း၂၀)ဟု ခရစ်တော်သခင်ကတိပေးထားခဲ့ပြီ မဟုတ်ပါလော။

ပေါလုသည် ဖွဲ့စည်းပြီးအသင်းတော်များကိုမမေ့ပါ။ အသင်းတော်ကိုမြေတောင်မြှောက်ပေးဖို့သည် သူ၏စိတ်ထဲ၌အမြဲရှိ၏။ တပည့်တော်စုနည်းပါးလျှင် ပို၍စိုးရိမ်မိသည်။ ထိုအသင်းတော်များကို ကြင်နာသောနှလုံးသားနှင့် အထူးဂရုစိုက်ရန်လိုသည်ကိုသူသိမြင်၏။ ထိုမှလွန်သော် ခွန်အားတိုးပွါးလာသည့်အချိန်၌ ပတ်ဝန်းကျင်လူသားတို့ထံ ကိုယ်ကျိုးစွန့်၍ လက်ဆင့်ကမ်းခရစ်ယာန်သာသနာပြုရန် ကိုယ်စီကတာဝန်ရှိနေသည်မဟုတ်လော။ ခရစ်ယာန်သာသနာပြုခြင်း၌ ပေါလုနှင့်ဗာနဗတို့သည် ခရစ်တော်သခင်၏ပုံပမာကိုယူ၏။ အသက်ဝိညာဉ်ရှာဖွေရိတ်သိမ်းရေးကိုသာ စိတ်ဝင်စားကြလေသည်။

ကိုယ်ကျိုးကိုမငဲ့ကွက်။ ကြိုးကြိုးစားစား၊ နိုးနိုးကြားကြားနှင့်မနားမနေဆုတောင်းခြင်းများစွာနှင့် အမှန်တရားမျိုးစေ့ကို နေရာအနှံ့ကြဲချလေသည်။ တန်ဖိုးမဖြတ်နိုင်သောလက်တွေ့ကျသည့်သွန်သင်ချက်များကိုလည်းပေးကမ်း၏။ ဤသည်ကို ရှုမြင်သူစိတ်အားကြီး၍ ဘုရားသခင်၌ မွေ့လျော်. . . . . . . . . . . . . . .

သူတိုင်းက ဧဝံဂေလိသတင်းပျံ့နှံ့ရေးသည် အရေးကြီးကြောင်းသိမှတ်ကြလေသည်။

အရည်အချင်းနှင့်ပြည့်ဝ၍ အလားအလာကောင်းသောတိမောသေလိုလူငယ်မျိုးပြောင်းလဲလာပြီဆိုက ထိုသူတို့ကို ထာဝရဘုရားသခင်၏ စပျစ်ဥယျာဉ်တော်တွင် အလုပ်လုပ်ရန်လိုအပ်ကြောင်းကို ပြောပြရပါမည်။ ဤသဘောကိုပေါလုနှင့်ဗာနဗတို့ကျင့်သုံးကြသည်။ လုပ်ငန်းအရ ရှေ့သို့ခရစ်ယာန်သာသနာ ခရီးဆက်ရပါသော်လည်း ထိုသူတို့၏ယုံကြည်ခြင်းသည် ကျဆင်ခြင်းမရှိ။ တိုးပွားလို့သာနေ၏။ ဘုရားသခင်၏လမ်းခရီးတော်အတိုင်း သွန်သင်ခြင်းကိုခံရန် သူသည် ကိုယ်ကျိုးကိုမရှာ၊ စိတ်အားကြီးစွာနှင့်ဖွဲ့ကိုဖက်ကာ လူသားအချင်းချင်းဝိညာဉ်ကယ် ဆယ်ရေးလုပ်ငန်းကို လုပ်ကိုင်လာကြပေမည်။ ဤစနစ်ကို ပေါလုနှင့်ဗာနဗတို့သည် မယုံကြည်သူတို့နေရာ တစ်ကျွန်းတစ်နိုင်ငံတွင် ဧဝံဂေလိအခြေခံမှုများအဖြစ် ကျင့်သုံးသောကြောင့် အောင်မြင်ခြင်းအသီးကို ကြီးစွာခံစားရချေ၏။

ပထမအကြိမ် ခရစ်ယာန်သာသနာခရီးစဉ်က ကုန်ဆုံးလုနီးပြီ။ အသစ်ဖွဲ့စည်းတည်ထောင်ပြီးအသင်းတော်များကိုလည်း ဘုရားသခင်၌ဆက်ကပ်အပ်နှံမှာကြားခဲ့ပြီးသည်နောက် တမန်တော်တို့သည် ပံဖုလိပြည်သို့ရောက်၏။ ထိုနောက် "ပေရဂေမြို့၌ နှုတ်ထွက်တရားတော်ကိုဟောပြော၍ အတ္တလိမြို့သို့သွားကြပြန်၏။ ထိုမြို့မှ သင်္ဘောစီး၍လွှင့်သဖြင့် မိမိတို့ဆောင်ရွက်ခဲ့ပြီးသောအမှုအလို့ငှါ ဘုရားသခင်၏ကျေးဇူးတော်သို့အပ်နှံ၍ စေလွှတ်သောအန္တိအုတ်မြို့သို့ရောက်လာကြပါသည်။

-----o-----

## အခန်း (၁၉)
## ဂျူးလူမျိုးနှင့်တစ်ပါးအမျိုးသား
## (ဤအခန်းသည် တမန်တော် ၁၅း၁-၃၅ ကိုအခြေခံ၏)

ဆီးရီးယား(ရှုရိ)ပြည်၊ အန္တိအုတ်မြို့ခရစ်ယာန်သာသနာပြုခရီးဆိုက်ရောက်သည့်တွင် ပေါလုနှင့်ဗာနဗတို့သည် ယုံကြည်သူတို့ကိုစုရုံးစေ၍ တွေ့ဆုံနှုတ်ဆက်ကြသည်။

"ထိုမြို့သို့ရောက်လျှင် သင်းဝင်သူတို့ကိုစုဝေးစေ၍ မိမိတို့ အနေဖြင့် ဘုရားသခင်သည် ပြုတော်မူသမျှတို့ကိုလည်းကောင်း၊ ယုံကြည်ခြင်းတံခါးကို တစ်ပါးအမျိုးသားတို့အားဖွင့်တော်မူကြောင်းကိုလည်းကောင်း ပြန်ကြားကြ၏။" (တမန်တော် ၁၄း၂၇)။

အန္တိအုတ်မြို့အသင်းတော်သည် ကြီးကျယ်တိုးပွား၏။ ခရစ်ယာန်သာသနာပြုလုပ်ငန်းဗဟိုချက်ဟုဆိုရလိမ့်မည်။ အရေးကြီး ခရစ်ယာန်အုပ်စုဖြစ်၍လည်း လူ့အဆင့်အတန်းအလွှာအမျိုးမျိုးရှိပါသည်။ ဂျူးလူမျိုးရှိသလို တစ်ပါးအမျိုးသားတို့လည်းပါဝင်ကြပါ၏။

တမန်တော်တို့သည် အန္တိအုတ်အသင်းတော်၏အမှုဆောင်များ၊ သာမန်အသင်းဝင်များတို့နှင့်ပူးပေါင်း၍ ခရစ်တော်သခင်ထံအသက်ဝိညာဉ်ပေါင်းများစွာကို ပို့ဆောင်နိုင်ခဲ့လေသည်။ ထိုအထဲတွင် ယုဒပြည်မှဂျူးလူမျိုးယုံကြည်သူ "ဖာရိရှဲစုဝင်များ"လည်းပါ၏။ ထိုသူတို့သည် ယုံကြည်သူတစ်ပါးအမျိုးသားတို့အား အြေဇာလွှမ်းချင်ကြသည်။

သို့ဖြစ်၍ ဂျူးဘာသာဆန်သောဆရာကြီးများက ကယ်တင်ခြင်းရရှိရန် ယုံကြည်သူတစ်ပါးအမျိုးသားအား အရေဖျားလှီးခြင်းကိုပေးရမည်။ မောရှေ၏ဝိနည်းအထုံးအဖွဲ့ပညတ်တရားကိုကျင့်စေခြင်းငှါ ဆုံးမရမည်ဟုဆိုကြ၏။

ပေါလုနှင့်ဗာနဗတို့သည် ဤမှားယွင်းသောသွန်သင်ချက်ကို ချက်ချင်းအရေးယူ၍ တစ်ပါးအမျိုးသားတို့နှင့်မပတ်သက်ကြောင်း ဆန့်ကျင်ပြောဆိုပါသည်။ တစ်ဖက်တွင်လည်း ယုဒပြည်မှညီအစ်ကိုဂျူးတို့နှင့်သဘောတူ၏။ ဂျူးလူမျိုးသည် ခေါင်းမာသောသူများဖြစ်၍ လွယ်လွယ်နှင့်အရှုံးမပေး၊ လက်မလျှော့တတ်ပေ။

ပြောင်းလဲလာသူအများစုမှာလည်းတစ်ပါးအမျိုးသားများဖြစ်ကြပြန်၏။ ကြာသော် တစ်ပါးအမျိုးသား၊ ယုံကြည်သူတို့သြဇာလွှမ်းမိုးသွားမည်ကိုစိုးရိမ်ကြ၏။ သို့ဖြစ်၍လည်း ကန့်သတ်ချက်များ၊ မောရှေ၏ဝိနည်းအထုံးအဖွဲ့ပညတ်တရားများကို မလုပ်မနေရ တာဝန်ပိုင်းအဖြစ် ခရစ်ယာန်မိတ်သဟာယပြုရေးတွင် ပါဝင်သက်ရောက်စေကြပါသည်။

ဂျူးလူမျိုးတို့သည် ဘုရားသခင်ရွေးချယ်ခန့်အပ်ထားသောအမှုတော်ဆောင်များဟု မိမိတို့ကိုယ်ကိုအမြဲထင်မှတ်လျက် ဝင့်ကြွားဂုဏ်ယူကြပါသည်။ ခရစ် ယာန်ဖြစ်သွားပြီးသည့်တိုင် ဝတ်ပြုကိုးကွယ်မှုပုံစံတွင် ရဟူဒီဟေဗြဲလူတို့၏ ဝတ်ပြု ခြင်းပုံစံမျိုးပါဝင်စေရမည်ဟု ယူဆကြသည်။

ဂျူးလူမျိုးပညတ်တရားနှင့်ဝိနည်းအ ထုံးအဖွဲ့ပညတ်များ၊ ခရစ်ယာန်ဘာသာရေးတွင် တစ်ခုတည်းဖြစ်အောင် ပေါင်းစည်းထားရမည်ဟုလည်းခံယူကြသည်။ ထိုသူတို့သည် ဝိညာဉ်ရေးနှင့်ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာရှုမြင်သုံးသပ်မှုတွင် အားနည်းပါပေသည်။

သခင်ယေရှုအသေခံခဲ့ပြီးသည့်နောက် ယဇ်ပူဇော်ခြင်းအမှုလုံးဝပျောက်သွားကြောင်း၊ သိုးသယ်နှင့်ပုံဆောင်ထားသောခရစ်တော်သခင်ကိုယ်တော်တိုင် အစားထိုးအသေခံခြင်းဖြင့် ပုရောဖက်များဟောကြားသောပုံရိပ်မှာ ပြည့်စုံပြီဖြစ်သဖြင့် မောရှေခေတ်ကာလက ဝတ်ပြုကိုးကွယ်ပုံမျိုးနှင့်ပွဲခံခြင်းမျိုးလုံးဝမလိုအပ်တော့ကြောင်းကို ထိုသူတို့သဲသဲကွဲကွဲမခွဲခြားနိုင်ချေ။

ပေါလုမပြောင်းလဲမီကဆိုလျှင် သူ့ကိုယ်သူ၌သို့ထင်မှတ်ခဲ့သည်။ "ပညတ်တရားအားဖြင့်ရသောဖြောင့်မတ်ခြင်းကိုမေးပြန်သော်၊ ငါသည် အပြစ်တင်ခွင့် နှင့်ကင်းလွတ်သောသူဖြစ်၏။"(ဖိလိပ္ပိ ၃း၆)။ သို့သော် သူပြောင်းလဲပြီးသည်နောက် ကယ်တင်ရှင်၏ခရစ်ယာန်သာသနာတော်ကိုခံစားသိမြင်လာ၍ထိုကယ်တင်ရွေးနှုတ်ရှင်သည် ကမ္ဘာ့လူသားတစ်နွယ်လုံးအတွက် ဂျူးလူမျိုးနှင့်တကွ တစ်ပါးအမျိုးသားအား လုံးအတွက်ဖြစ်ကြောင်းအသက်ရှင်သောယုံကြည်ခြင်းနှင့် ဝိညာဉ်ပကတိစိတ်ကင်း ၍ စည်းကမ်းကိုတစ်သဝေမတိမ်းလိုက်နာခြင်းတို့၏ခြားနားမှုကို သိမှတ်နားလည်လာလေသည်။ တကယ်တော့ ဧဝံဂေလိတရားအလင်းနှင့်ချိန်ဆမီးမောင်းထိုး၍ ကြည့်ရှုသောအခါ ဣသရေလတို့အတွက်ထားရှိသော ရှေးခေတ်ကဝတ်ပြုကိုး ကွယ်ပုံနှင့်ပွဲခံပုံများတို့သည် သစ်ဆန်း၍နက်နဲသောအရာဖြစ်ပါ၏။ ထိုစဉ်က ဘုရားသခင်၏သားသမီးတို့သည် . . . . . . . . ထာဝရ

ဘုရားသခင်၏မေတ္တာတော်ပုံရိပ်လွှမ်းမိုးမှုအောက်တွင် လုံခြုံစိတ်ချစွာကျင့်သုံး သက်ရှင်ခွင့်ရရှိခဲ့သလို၊ ဧဝံဂေလိခေတ်ကာလတွင် သက်ရှင်နေထိုင်ကြကုန်သော ယုံကြည်သူဘုရားသခင့်သားသမီးအပေါင်းတို့သည် ဝိနည်းအထုံးအဖွဲ့ပညတ်တရားများနှင့်ကင်းလွတ်ခွင့်ရရှိကြပေသည်။ ဤအရာတွင် ခေတ်အလိုက်မူစနစ်များကွဲပြားခြားနားပါသော်လည်း ဧဝံဂေလိတရားမှာ အတူတူပင်ဖြစ်ချေ၏။ ထာဝရဘုရားသခင်၏ပြောင်းလဲခြင်းမရှိသောပညတ်တော်ဆယ်ပါးကို ပေါလုသည် စိတ်ရောကိုယ်ပါစောင့်ရှောက်ဆဲဖြစ်ခဲ့သလို စာပေအားဖြင့်ရေးသားလျက် လူသားတို့စောင့်ရှောက်ကြပါရန် တိုက်တွန်းခဲ့ပါသည်။

အန္တိအုတ်မြို့အသင်းတော်တွင် အရေဖျားလှီးသင့်၊ မလှီးသင့်နှင့်ပတ်သက်၍ များစွာဆွေးနွေးတိုင်ပင်၊ ငြင်းခုံကြ၏။ နောက်ဆုံးတွင် အသင်းတော်၌ ကွဲပြားမှုရှိမည်စိုးသောကြောင့် ပေါလု၊ ဗာနဗနှင့်အသင်းတော်အချို့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ချို့တို့ကို ယေရုရှလင်မြို့အသင်းတော်ဌာနချုပ်သို့စေလွှတ်ကာ ညီလာခံအစည်းအဝေးကိုတက်ရောက်စေပါသည်။ အချိန်ကာလအားဖြင့် ယေရုရှလင်မြို့တွင်ပွဲခံရာနေ့များနီးလာလေပြီ။ အရပ်ရပ်မှအသင်းတော်ကိုယ်စားလှယ်များ တက်ရောက်လာကြသည်။

အထွေထွေကောင်စီအစည်းအဝေးမတိုင်မီ မိမိတို့ကိုယ်စီအသင်းတော်မှရှုပ်ထွေးမှုပြဿနာများကိုဖြေရှင်းပြီးသားဖြစ်ရပါမည်။ ဖြေရှင်းဆုံးဖြတ်ပြီးသည်များကို ညီလာခံအစည်းအဝေးတွင်တင်ပြ၍ အစည်းအဝေးကြီးတစ်ဖန်ပြန်လည်သုံးသပ်ကာ ဆုံးဖြတ်သည်များကို နိုင်ငံတကာ (သို့မဟုတ်) ပြည်တွင်းအသင်းတော်အသီးသီးက အတည်ပြုကျင့်သုံးသွားရန်ဖြစ်ပါသည်။

ယေရုရှလင်မြို့သို့သွားရာခရီးလမ်းတွင်ရှိသော မြို့တော်အသီးသီးဆီသို့ တမန်တော်တို့သည်ဝင်၍ တပည့်တော်စုအသီးသီးကို အားပေးနှိုးဆော်ကြလေသည်။ ထာဝရဘုရားသခင်၏အမှုတော်မြတ်တွင် ကြုံတွေ့ရသော ဗဟုသုတများနှင့် တစ်ပါးအမျိုးသားတို့ပြောင်းလဲကြပုံကိုပြောရသည်မှာ အနှစ်သာရတွေ့သလိုကြားရသူအဖို့မှာလည်း ဝမ်းမြောက်ကြလေသည်။

ယေရုရှလင်မြို့တော်တွင် အန္တိအုတ်မြို့အသင်းတော်မှ ကိုယ်စားလှယ်များနှင့် ဒေသအသီးသီးမှအသင်းတော်ကိုယ်စား လှယ်များအထွေထွေညီလာခံ အစည်းအဝေးအတွက် ဆုံတွေ့ကြလေပြီ။ တစ်ဦး၏ပြဿနာတစ်ဦးကတင်ပြ

နားထောင်ကြသည်။ သူတို့တင်ပြသည်ကတော့ သူတို့၏အသင်းတော်တွင် ခရစ်ယာန်ဘာသာရေးပြောင်းလဲရောက်ရှိလာသောဖာရိရှဲစုဝင်များက ကယ်တင်ခြင်းရရှိလိုက တစ်ပါးအမျိုးသားတို့ပင်လျှင် မောရှေ၏တရားတော်အတိုင်း အရေဖျားလှီးခြင်းမင်္ဂလာကိုခံအပ်သည်ဟုဆို၏။

ဤအဆိုကို ညီလာခံတွင် တင်ပြဆွေးနွေးကြသည်။ ဤအဆိုနှင့်နှီးနှော၍နတ်ရုပ်တုများရှေ့၌ ပူဇော်ပသသောအသားကိုဝယ်ယူစားသုံးသင့်မသင့် ဆွေးနွေးကြပြန်သည်။ တစ်ပါးအမျိုးသားထဲမှ ယုံကြည်သူတပည့်တော်အများစုသည် ပညာမဲ့၍ အယူသီးထန်သောနတ်ကို ကိုးကွယ်သူများအလယ်တွင်နေထိုင်ကြရကား၊ ထိုသူတို့၏ယဇ်ပုရောဟိတ်များတို့သည် ယဇ်နတ်ပူဇော်ရန်ယူဆောင်လာသောအသားများကို ယဇ်ပူဇော်သလိုကျန်ရှိသော အသားများကိုတိုးချဲ့ကုန်ပစ္စည်းများအဖြစ် သတ်မှတ်လျက် ဈေးတွင်ရောင်းချသည်ကို တစ်ပါးအမျိုးသားခရစ်ယာန်တို့က ဝယ်ယူစားသုံးကြသည်မှာ ခရစ်ယာန်သာသနာတော်ကို ကျက်သရေကျဆင်းစေသည်မဟုတ်လော။ ယဇ်နတ်ပူဇော်ခြင်းထုံး စံဓလေ့အယူအဆများကိုအားပေးသမှုပြုရာရောက်သည်မဟုတ်လောဟု ဂျူးခရစ်ယာန်များက စိုးရိမ်ကြောက်လန့်နေကြပါသည်။

တစ်ဖန်တုံလည်း တစ်ပါးအမျိုးစားတို့သည် တိရစ္ဆာန်ဆိုလျှင် လည်လှီးသွေးသွန်း၍မစား၊ လည်မျိုညှစ်သတ်ပြီးမှစားကြသည့် ထုံးစံအကျင့်ရှိ၏။ ဂျူးလူမျိုးတို့မူကား ထိုသို့မဟုတ်။ လည်လှီးသွေးသွန်းပြီးမှစားကြသည်။ သွေးမသွန်းက သန့်စင်ပြီးသောအသားမဟုတ်ဟုယူဆကြသည်။ ထာဝရဘုရားသခင်သည် ဤဥပဒေအရတားမြစ်သည့်အမိန့်ကို ဂျူးလူမျိုးတို့အားပေးသည်အရာမှာ ကျန်းမာရေးကိုထိန်းသိမ်းဖို့ဖြစ်၏။ အစာအဖြစ်သွေးကိုစားသုံးခြင်းသည်အပြစ်ဟု ဂျူးလူမျိုးတို့ကမှတ်ယူသည်။ သွေးသည်အသက်၊ သွေးသွန်းခြင်းသည် အပြစ်၏ ဆိုးကျိုးသက်ရောက်မှုပေတည်း။

တစ်ပါးအမျိုးသားတို့မူကား သွေးကိုခံ၍ အစာအဖြစ်ပြင်ဆင်စားသုံးကြသည်။ သူတို့နှစ်ဦးစားပွဲဝိုင်းတစ်ခုတည်းတွင် အတူစားသုံးမှုက ဘယ်ကဲ့သို့ဖြစ်လိမ့်မည်နည်း။ ဂျူးအနေနှင့်ထိတ်လန့်မည်ဖြစ်သလို တစ်ပါးအမျိုးသားအတွက် စိတ်ဆိုးစရာပင်ဖြစ်ချေတော့မည်။ ထို့ကြောင့် ထာဝရဘုရားသာလျှင် သူတို့စပ်ကြားအမြင်ဓလေ့များမတူညီခြင်းအတွက်လမ်းညွှန်ကာ တရားသူကြီးပြုတော်မူပါမည့်အကြောင်း ဆန္ဒပြုရပါသည်မဟုတ်လော။

တစ်ပါးအမျိုးသားတို့တွင် ဂရိ(ဟေလသ)လူမျိုးတို့ကား အထူးသဖြင့် စည်းကမ်းမရှိ၊ ကိုယ်ကျင့်တရားကင်းမဲ့သူများဟုဆိုရမည်။ တစ်ချို့လည်း ခရစ်ယာန်သာဖြစ်၏။

အကျင့်ဟောင်း၊ ဓလေ့ဆိုးကိုမစွန့်ပယ်သေး။ အကျင့်ပျက်ပြားမှု၊ လူမှုရေးဖောက်ပြန်မှုတို့ကို တစ်ပါးအမျိုးသားတို့သည် ပြစ်မှုဟုသဘောမထား။ လူမှုထိန်းကြောင်းဖို့ရန် မလိုဟုမှတ်ယူကြသဖြင့် ဂျူးခရစ်ယာန်များအဖို့ခွင့်မပြုသည်းမ ခံနိုင်ဖြစ်ရ၏။

ထို့ကြောင့်လည်း ရိုးသားမှန်ကန်၍ ဘုရားသခင်ကိုကြည်ညို သူခရစ်ယာန်သည်အရေဖျားလှီးမင်္ဂလာကိုခံယူကာ ဝိနည်းအထုံးအဖွဲ့ပညတ်များကိုလက် ခံကျင့်သုံးအပ်သည်ဟုအဆိုပြုကြခြင်းဖြစ်ပါသည်။ ဤသို့ပြုမှသာ အသင်းတော်ကိုသန့်စင်စေခြင်းဖြစ်သည်မဟုတ်လောဟု ဂျူးခရစ်ယာန်တို့က မြင်ပါသည်။

ယေရုရှလင်မြို့အထွေထွေညီလာခံအစည်းအဝေးတွင် မဖြေရှင်းနိုင်သော ခဲရာခဲဆစ်မေးခွန်းများစွာကို ရှုထောင့်စုံဖြင့်ချိန်ဆဆွေးနွေးကြပါသည်။ သို့သော် အမှန်တကယ်တွင် သန့်ရှင်းသောဝိညာဉ်သည် အသင်းတော်တိုးတက်ကြီးပွါးရေးအတွက် ဤပြဿနာမေးခွန်းများ၏အဖြေကိုပေးထားနှင့်ပြီးဖြစ်သည်။

"များစွာသောဆွေးနွေးငြင်းခုံခြင်းရှိသောအခါ ပေတရုသည်ထလျက်ညီ အစ်ကိုတို့၊ ဘုရားသခင်သည် ရှင်ဦးစွာငါတို့တွင် ရွေးကောက်တော်မူ၍ ငါဟောပြောသောအားဖြင့် တစ်ပါးအမျိုးသားတို့သည် ဧဝံဂေလိတရားကိုကြားနာ၍ ယုံကြည်ရမည်အကြောင်း စီရင်တော်မူသည်ကိုသင်တို့သိကြ၏။"

ပေတရုသည် ကျိုးကြောင်းဆက်သွယ်လျက်အဖြေပေးပါ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် အရေဖျားလှီးခြင်းမင်္ဂလာကိုမခံသူတစ်ပါးအမျိုးသားတို့အပေါ်မှာသော်လည်းကောင်း၊ အတူတူသက်ရောက်သည်မို့ ငြင်းခုံစရာမရှိပါ။ မိမိ၏ခြံစောင်အပြည့်ရှိသောသားရဲ (တိရစ္ဆာန်)မြင်ခြင်းကိုလည်း ပြန်လည်ပြောပြပါသည်။

အသံတော်က "ထ၍သတ်စားလော့"ဟုဆိုသောအခါပေတရုငြင်းဆိုပါ၏။မသန့်ရှင်းသောအရာကိုအကျွန်ုပ်တစ်ခါမျှမစားဖူးပါဟုဆိုသောအခါ "ဘုရားသခင်စင်ကြယ်စေတော်မူသောအရာကိုညစ်ညူးသည်မထင်နှင့်"ဟုအဖြေလာပါသည်။ (တမန်တော် ၁၀း၁၅)။

ပေတရုသည် ဤစကား၏အနက်အဓိပ္ပါယ် ရှင်းလင်းစွာပြန်လည်ပြောပြပါသည်။ သူခံယူရရှိသောမြင်ခြင်းပြီးသည်နောက် ချက်ချင်းဆိုသလို အသံတော်က ခရစ်တော်သခင်၏ယုံကြည်ချက်ကို တပ်မှူးအားသွားရောက်သွန်သင်ရန် လိုက် သွားလော့ဟုအမိန့်ပေးပါသည်။ ဤတွင် ထာဝရဘုရားသခင်သည် လူမျိုးကိုအမှုမထား။ ကိုယ်တော်အားချစ်ကြောက်ရိုသေသူအပေါင်းကို လက်ခံအသိအမှတ်ပြု ကြောင်းသိရပါသည်။

အမှန်တရားဟောပြောနေစဉ်မှာပင် တရားနာနေကြသော လူမျိုးကွဲအပေါင်းတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်သည်မှာလည်း အံ့ဩစရာပင်။ ဤတွင် အရေဖျားလှီးခြင်းမင်္ဂလာခံယူသော တစ်ပါးအမျိုးသားတို့အပေါ်သို့ တူညီသောအလင်းနှင့်ဘုန်းတန်ခိုးတော်သည် ရောင်ပြန်ဟပ်လျက်ရှိချေ၏။

သို့ဖြစ်၍ ခရစ်တော်သခင်၏အသွေးတော်နှင့် ဆေးကြောခြင်းခံရသူအပေါင်းကို ယုတ်ညံ့သည်ဟုမထင်မှတ်ရန် ဘုရားသခင်သည် ပေတရုအားသတိပေးခြင်းဖြစ်ပါသည်။

တစ်ခါတွင် ဤကိစ္စနှင့်ပါတ်သက်၍ ပေတရုရင်ဖွင့်ပြောဆိုမိပါသည်။ "သခင်ယေရှုခရစ်ကိုယုံကြည်သောငါတို့အား ဘုရားသခင်သည် ဆုကျေးဇူးကိုပေးတော်မူသည်နည်းတူ၊ ထိုသူတို့အားလည်းပေးတော်မူသည်ဖြစ်သောကြောင့် ငါသည်အဘယ်သို့သောသူဖြစ်၍ ဘုရားသခင်ကိုဆီးတားနိုင်သနည်း။" (တမန်တော် ၁၁း၁၇)။ ယခုတွင်လည်း ရဲရဲတောက်အားမာန်နှင့်ပြောနေပါသည်။ "စိတ်နှလုံးကိုသိတော်မူသောဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကိုငါတို့အားပေးသည်နည်းတူ သူတို့အားပေးသဖြင့် သူတို့ဘက်၌သက်သေခံတော်မူ၏။

ယုံ ကြည်ခြင်းအားဖြင့်လည်း သူတို့၏စိတ်နှလုံးကိုစင်ကြယ်စေ၍ ငါတို့ကိုခြားနားစေတော်မမူ။ သို့ဖြစ်လျှင် ငါတို့နှင့်ငါတို့ဘိုးဘေးများမထမ်းနိုင်သောထမ်းပိုးကို တပည့်တော်တို့၏လည်ပင်းပေါ်၌တင်စေခြင်းငှါ အဘယ်ကြောင့်ဘုရားသခင်ကို စုံစမ်းကြသနည်း။"ဤထမ်းပိုးသည် တစ်ချို့လူများ အခိုင်အမာပြောဆိုနေသောပညတ်တော်ဆယ်ပါးကိုပြောနေခြင်းမဟုတ်ပါ။

ပေတရုရည်ညွှန်းပြောနေသည်မှာ ခရစ်တော်သခင်၏ ကပ်တိုင်တော်အားဖြင့် ပယ်ရှင်းလိုက်ပြီဖြစ်သော ဝိနည်းအထုံးအဖွဲ့ဆိုင်ရာ ပညတ်တရားကိုဆိုနေခြင်းဖြစ်ပါသည်။

ပေတရုက ဤသို့ပြောဆိုလိုက်ခြင်းဖြင့် တစ်ပါးအမျိုးသားတွင် ဧဝံဂေလိလုပ်နေသောပေါလုနှင့်ဗာနဗတို့၏ ခရစ်ယာန်သာသနာအတွေ့အကြုံများကို ဆိတ်ငြိမ်စွာနားထောင်စေ၏။ "ထိုအခါ ဗာနဗနှင့်ပေါလုတို့သည် မိမိတို့အားဖြင့် တစ်ပါးအမျိုးသားတို့တွင် ဘုရားသခင်ပြုတော်မူသမျှနိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကိုကြားပြောသည်ကို စုဝေးသောသူအပေါင်းတို့သည် တိတ်ဆိတ်စွာနေ၍ နားထောင်ကြ၏။"

ယာကုပ်သည်လည်း ဆုံးဖြတ်ချက်အခိုင်အမာဖြင့် ထာဝရဘုရားသခင်၏အလိုတော်သည် ဂျူးလူမျိုးတို့အပေါ် အာမခံချက်ထားရှိသောအခွင့်အရေးများနှင့်ကောင်းချီးမင်္ဂလာများကို တစ်ပါးအမျိုးသားတို့အပေါ်သို့လည်း အတူတူသက်ရောက်စေသည်ဖြစ်ကြောင်း ကြေညာအတည်ပြုလိုက်လေသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် တစ်ပါးအမျိုးသားခရစ်ယာန်များအပေါ်ဝိနည်းအထုံးအဖွဲ့ဆိုင်ရာ ပညတ်တရားများမတင်ရန်နှင့် တမန်တော်များတွေ့မြင်သောဤပြဿနာအဖြေမှာ ထာဝရဘုရားသခင် ၏ဝိညာဉ်တော်နှင့် သဘောတူကြောင်းတွေ့မြင်သောအခါ အထွေထွေကောင်စီညီလာခံအစည်းဝေးကြီးကို ကြီးကြပ်သောယာကုပ်က နောက်ဆုံးအတည်ပြုဆုံးဖြတ်ချက်ကို ကြေညာလိုက်ပါသည်။ "ညီအစ်ကိုတို့၊ ငါ့စကားကိုနားထောင်ကြလော့။. . . . ထို့ကြောင့် တစ်ပါးအမျိုးသားတို့အထဲမှ ဘုရားသခင့်ထံတော်သို့ပြောင်းလဲသောသူတို့ကို မနှောင့်ယှက်ဘဲနေလျှက် ငါသဘောရှိ၏။"

ဆွေးနွေးပွဲကြီးပြီးဆုံးပါပြီ။ ဤနာမူနာတွင် အမှားတစ်ခုရှိပါသည်။ အသင်းတော်တစ်ပါးက ပေတရုသည် အသင်းတော်၏ခေါင်းဆောင်ကြီးဖြစ်ပါသည်ဟု သွန်သင်ပါသည်။ ပုပ်ရဟန်းမင်းတို့သည် ပေတရု၏အရိုက်အရာကို ဆက်ခံသူများဖြစ်သည်ဟုဆို၏။ ဤရပိုင်သည်ဆိုခြင်း၌ သမ္မာကျမ်းစာဆိုင်ရာအခြေအမြစ်မရှိပါလော။ ပေတရု၏အသက်တာတစ်လျှောက်တွင်လည်း အမြင့်ဆုံးသောဘုရားသခင်၏ကိုယ်စားယုံကြည်သူညီအစ်ကိုများအထက်တွင် မြှောက်ပင့်ခံရသောအ ခွင့်အာဏာတန်ခိုးသည် ဘယ်သောအခါမျှမရှိခဲ့ပါ။ အကယ်၍ပေတရုကို ဆက်ဆံသူများဟုဆိုက ပေတရု၏ပုံစံနမူနာကိုလိုက်လျှောက်၍ ညီအစ်ကိုချင်းညီတူညီမျှ၊ အေးအတူပူအမျှ၊ ရောင့်ရဲတင်းတိမ်စွာဖြင့် အမြဲထာဝစဉ်အသက်ရှင်နေထိုင်မည်သာတည်း။

ဤသာဓကတွင် ယာကုပ်သည် ယေရုရှလင်ကောင်စီအစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်တော်တို့၏ ဆွေးနွေးဆုံးဖြတ်ချက်များကို ကြေညာရသူတစ်ဦးအဖြစ်ရွေးချယ်ခန့်အပ်ခြင်းခံရသည်ဟု မှတ်ယူရပါမည်။ ဝိနည်းအထုံးအဖွဲ့ဆိုင်ရာပညတ်နှင့်အထူးသဖြင့် အရေးဖျားလှီးခြင်းမင်္ဂလာကို တစ်ပါးအမျိုးသားခရစ်ယာန်တို့အပေါ်၌ ထိုဝန်ကိုမတင်ရန် ထောက်ခံပြောဆိုမှုမှာလည်း ယာကုပ်ပင်ဖြစ်၏။ တစ်ပါးအမျိုးသားတို့သည် ခရစ်တော်ကိုမြင်တွေ့၍ ထာဝရဘုရားထံလှည့်ပြန်လာသည်ကဘဲ ဝမ်းမြောက်ရပေပြီ။ အရေးမကြီးသော အရာများနှင့်ထိုသူတို့ကို "ရှုပ်ထွေး၊သံသယမဖြစ်ပါစေနှင့်"ဟူသောအမြင်ကို ယာကုပ်သည် မိမိညီအစကိုတို့၌ မြင်တွေ့စေလိုပါသည်။

သို့သော်လည်း တစ်ပါးအမျိုးသားတို့သည် ခရစ်ယာန်ဖြစ်လာသောအခါ ခရစ်ယာန်သာသနာအခြေခံမူစည်းကမ်းများနှင့် ရှေ့နောက်မညီညွတ်သော ထုံးစံဓလေ့များကိုမူ ပယ်ရှားရမည်ဖြစ်ပါသည်။ တမန်တော်တို့နှင့် သင်းအုပ်ဆရာတို့ သည်လည်း နတ်ရုပ်တုရှေ့မှာ ပူဇော်သောအသားနှင့်အစာတို့ကိုရှောင်ရှားရန် မတရားသောမေထုန်မှီဝဲခြင်းကိုရှောင်ရှားရန်၊ တိရစ္ဆာန်တို့၏လည်ကိုညှစ်၍ သွေးမသွန်းလောင်းသောအသားကိုမစားရန် စသည်တို့ကို ဩဝါဒစာစောင်များရေး၍ ဆုံးမသွန်သင်ကြမည်ဟု သဘောတူထားကြလေသည်။ ပညတ်တော်ကို လိုက်လျှောက်၍ သန့်ရှင်းသောအသက်တာဖြင့်နေထိုင်ကြပါရန် နှိုးဆော်ကြ၏။ အရေဖျားလှီးခြင်းမခံ၍လည်း ကယ်တင်ခြင်းကိုမထိခိုက် ပါဆိုသည်ကိုလည်း အသင်းတော်တိုင်းအား သိစေအပ်ပါသည်။

ပေါလုနှင့်ဗာနဗတို့သည် ဘုရားသခင်အတွက် ရှုပ်ရှုပ်ချွံချွံစွန့်စွန့်စားစားလုပ်ရှားကြပါသည်။ ယုဒနှင့်သိလတို့သည်လည်း တမန်တော်တို့ကို အဖော်ပြုကူညီလက်ဆင့်ကမ်းကြွေးကြော်ရန် စေလွှတ်ခြင်းကိုခံရလေ၏။ ကောင်စီအစည်းအဝေးကြီး၏ဆုံးဖြတ်ချက်မှတ်တမ်းစကားများကာ ဤသို့တည်း။

"ရုပ်တုရှေ့မှာ ပူဇော် သောယဇ်ကောင်ကိုလည်းကောင်း၊ အသွေးကိုလည်းကောင်း၊လည်ပင်းကိုညှစ်၍သတ်သောအရာကိုလည်းကောင်း၊မတရားသောမေထုန်ကိုလည်းကောင်း၊ ရှောင်ကြဉ်ရမည်ဟူသောပညတ်မှတစ်ပါး အခြားသောဝန်ကိုသင်တို့အပေါ်၌တင်ခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်နှင့် ငါတို့သည်အလိုမရှိ။ထိုအရာများကိုကြဉ်ရှောင်အပ်၏။ ကျန်းမာကြပါစေသော်။"ထာဝရဘုရား၏

အစေခံလေးယောက်တို့သည် အန္တိအုတ်မြို့သို့ ဩဝါဒစာစောင်နှင့် သတင်းစကားပါလျက် စေလွှတ်ခြင်းကိုခံရလေ၏။ ထိုအမိန့်တော်စာတမ်းက အသင်းတော်တွင်းပေါ်ထွက်လာသောတိုက်လှန်ခြင်းများကို အဆုံးသတ်စေလေသည်။ အကြောင်းမူကား၊ ထိုအသံစာချွန်တော်သည် ဤကမ္ဘာမြေကြီးပေါ်တွင် အမြင့်မားဆုံးသောဩဇာအာဏာပင်ဖြစ်သည်မဟုတ်ပါလော။

ယေရုရှလင်ကောင်စီအစည်းအဝေးဆုံးဖြတ်ချက်သည် တမန်တော်ကြီးများ၊ ကျမ်းတတ်ပုဂ္ဂိုလ်ဆရာကြီးများ၊ ဂျူးခရစ်ယာန်များနှင့်တစ်ပါးအမျိုးသားထဲမှ ယုံကြည်သူခရစ်ယာန်အသင်းတော်များကို စိုက်ပျိုးကြည့်ရှုလျက် ဖွဲ့စည်းတည်ထောင်ထားသောနေရာအနှံ့အသင်းတော်များမှ လက်ရွေးစင်ကိုယ်စားလှယ်တော်ကြီးများ၏ ညှိနှိုင်းဆုံးဖြတ်ချက်ပင်ဖြစ်ပါသည်။ ယေရုရှလင်မြို့မှ သင်းအုပ်ဆရာကြီးများ၊ အန္တိအုတ်မြို့မှ ကိုယ်စားလှယ်တော်ကြီးများ၊ ဩဇာတန်ခိုးကြီးမားသောအသင်းတော်အသီးသီးမှ သင်းအုပ်ဆရာများက ကောင်စီကိုကိုယ်စားပြုကြပါ၏။ ကောင်စီအစည်းအဝေးသည်လည်း ထိုလက်ရွေးစင်လူတစ်စု၏စီရင်ဆုံးဖြတ်၊ အလင်းပြဆင့်ဆိုချက်များနှင့် ဘုရားသခင်၏အလိုတော်နှင့်အညီ တည်ဆောက်သော အသင်းတော်၏ကျက်သရေကိုထောက်လျက် လှုပ်ရှားနေ၏။ သေသေချာချာစဉ်းစားမြော်မြင်ပါသော် ထိုကောင်စီတွင် ထာဝရဘုရားကိုယ်တော်တိုင် ရပ်တည်လျက် သန့်ရှင်းသောဝိညာဉ်တော်၏ပြဋ္ဌာန်းမှုအတိုင်း လိုက်နာသည်ကိုမှတ်သားရပါသည်။

ကောင်စီအစည်းအဝေးတက်ရောက်လာကြကုန်သော ခရစ်ယာန်ညီအစ်ကိုတိုင်းကတော့ မဲပေးပိုင်ခွင့်မရှိပါ။ တမန်တော်ကြီးများနှင့် သင်းအုပ်ဆရာကြီးများ၊ ဩဇာညောင်း၍စီရင်ဆုံးဖြတ်မှုကောင်းသော အသင်းလူကြီးများတို့သာလျှင် ရင်ဆိုင်ရသောအခက်အခဲကိုတင်ပြဆွေးနွေး၍ အတည်ပြုဆုံးဖြတ်ကြေညာချက်ထုတ်ပြန်လေသည်။

ဤသည်ကို သဘောမတူသူများလည်းရှိသည်။ မျှော်မှန်းချက်ကြီး၍ ဂိုဏ်းခွဲလိုသူများ၊ မိမိကိုယ်ကိုများစွာယုံကြည်စိတ်ချထားကြသူများသည် အထူးသဖြင့် ဆန့်ကျင်ကြသည်။ ထိုလူမျိုးတို့သည် ညည်းညူမြည်တမ်းခြင်း၊ သူတစ်ပါးအပြစ်ကိုရှာခြင်း၊ ဘုရားသခင်ရွေးချယ်ပေးထားသော ဧဝံဂေလိသတင်း စကားကိုနေရာအနှံ့လူသားတို့အားဟောပြောသွန်သင်ရန် အပ်ပေးထားပါသော်လည်း စီမံကိန်းအသစ်ကိုရေးဆွဲ၍ တလွဲအကြံပြုလျက် တာဝန်ရှိအသင်းတော်. . . . .

အလုပ်အမှုဆောင်တို့၏အလုပ်ကိုဆွဲချပစ်ပယ်တတ်လေသည်။ ထိုအချိန်မှစ၍ ပထမဦးဆုံးအသင်းတော်သည် ထိုသို့သောဆီးတားပိတ်ပင်မှုများကို တွေ့ကြုံရင်ဆိုင်ရသည်မှာ ကပ်ကမ္ဘာကုန်သည်တိုင်အောင် ဖြစ်ပါလိမ့်မည်တကား။

ယေရုရှလင်မြို့သည် ဂျူးလူမျိုးတို့၏ရွှေမြို့တော်ပင်ဖြစ်၏။ မြို့သားတို့သည်လည်း အုတ်ရောရော၊ ကျောက်ရောရောအနေအထားမျိုးကိုမကြိုက်။ တစ်ယူသန်တွေကများ၏။ ယခုလိုဂျူးလူမျိုးခရစ်ယာန်များကို ဗိမာန်တော်အနီးအနားတွင်တွေ့မြင်ရသောအခါ အတိတ်သမိုင်းကိုပြန်လည်သတိရစေသည်။ ခရစ်ယာန်ဝတ်ပြုကျောင်းတို့သည်လည်း ဂျူးလူမျိုးဘာသာတရား၏အထုံးအဖွဲ့များနှင့် လူတို့စီရင်သောတရားများမှရှောင်ဖယ်ထွက်ခွါသွားကြ၏။ ဂျူးလူမျိုး၏ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကိုလည်း မျက်ခြည်ပြတ်၍ ပျောက်ကွယ်စပြုလာ၏။ သစ်လွင်သောယုံကြည်မှုအလင်းအိမ်ကနေရာယူ၍ လာနေပြီမဟုတ်ပါလား။ သို့ဖြစ်၍ ဤသို့ပြောင်းလဲမှုရှိရန်ပြုလုပ်သူမှာ ပေါလုသာဖြစ်၍ သူ့ကိုအများကသည်းမခံနိုင်တော့။ တပည့်တော်များပင်လျှင် ကောင်စီအစည်းအဝေး၏ဆုံးဖြတ်ချက်အများစုကို သဘောမတူလိုကြ။ တစ်ချို့လည်းဝိနည်းအထုံးအဖွဲ့ ပညတ်ကိုဆက်လက် ကျင့်သုံးရန် စိတ်အားကြီးကြ၏။ ဤနေရာတွင် ပေါလုသည် ဂျူးလူမျိုးတို့၏အခြေခံစည်းမျဉ်းဥပဒေသများနှင့်ပတ်သက်၍ လျော့ရိလျော့ရဲနိုင်လွန်းသည်ဟု ထင်မှတ်ကြလေသည်။

ယေရုရှလင်ကောင်စီဟုခေါ် ဆိုနိုင်သော အစည်းအဝေးတွင် ကျယ်ပြောနက်ရှိုင်းလှသည့် ဆုံးဖြတ်ချက်များကြောင့် တစ်ပါးအမျိုးသားထဲမှ ယုံကြည်လာသူခရစ်ယာန်တို့စိတ်ချယုံကြည်အားကိုးမှုတိုးပွားလာသည်။ ထာဝရဘုရားသခင်၏အမှုတော်မြတ်ကြီးလည်း ကြီးပွားလာ၏။ အန္တိအုတ်အသင်းတော်သည် တမန်တော်တို့နှင့်အတူပြန်ပါလာသောယုဒနှင့်သိလတို့ကြောင့် အပျော်ကြီးပျော်နေသည်။ "ယုဒနှင့်သိလတို့သည်လည်း ပုရောဖက်ဖြစ်သောကြောင့် များစွာသောစကားနှင့်ညီအစ်ကိုတို့ကိုဆုံးမ၍ မြဲမြံခိုင်ခံ့စေကြ၏။"

ဤသူနှစ်ယောက်သည် အန္တိအုတ်မြို့တွင် အခိုက်အတန့်နေရစ်ခဲ့၏။ "ပေါလုနှင့်ဗာနဗတို့သည်လည်း အန္တိအုတ်မြို့၌နေလျက်၊ အခြားသောသူများတို့နှင့်တကွ ဆုံးမသြဝါဒပေး၍ ဘုရားသခင်၏ နှုတ်ထွက်တရားတော်တည်းဟူသော ဧဝံဂေလိတရားကိုဟောပြောကြ၏။"

ပေတရုသည် အန္တိအုတ်မြို့ကိုအလည်အပတ်ပြုသောအခါ တစ်ပါးအမျိုးသားထဲမှ ယုံကြည်လာသူခရစ်ယာန်များအပေါ် ထားရှိသောသဘောထားဦးဆောင်မှုတို့ကြောင့် လူအများကယုံကြည်စိတ်ချအားကိုးကြပါသည်။ မျက်နှာရသည်ဟုဆိုရပါမည်။ တစ်ခဏမျှတော့ သူသည် ကောင်းကင်ဘုံကပေးသော အလင်းတော်နှင့်အညီ ပြုမူဆက်ဆံပါသည်။ တစ်ပါးအမျိုးသားများထဲမှ ယုံကြည်လာသူခရစ်ယာန်များနှင့်စားပွဲတစ်ဝိုင်းတည်းအတူထိုင်၍ စားသောက်သည်နှင့်အမျှ "ငါတို့သာကောင်းသည်၊ သူတို့မူကား မသန့်ရှင်းကြ"ဟူသော ယခင်က ဇာတိစိတ်မျိုးကိုတော့ ချိုးနှိမ်၍ရခဲ့ပါသည်။ သို့သော် ယေရုရှလင်မြို့တော်မှ ရောက်ရှိလာသောဝိနည်းအထုံးအဖွဲ့ပညတ်တရားကျင့်သုံးရန် စိတ်အားကြီးသူဂျူးလူမျိုးများနှင့်ဝိုင်းဖွဲ့မိသောအခါတွင်မူကား၊ ပေတရုသည် ဆင်ခြင်တိုင်းထွာခြင်းမရှိတော့ဘဲ မိမိ၏အမူအရာ၊ အနေအထိုင်၊ အပြောအဆိုတို့မှာ နတ်ကိုးကွယ်ရာမှ ပြောင်းလဲလာသောတစ်ပါးအမျိုးသားထဲမှ ယုံကြည်သူခရစ်ယာန်များအပေါ် ရုတ်ခြည်းအသွင်ပြောင်းလဲသွားပါတော့သည်။ ဂျူးလူမျိုးအများစုက "ပေတရုနှင့်အတူလျှို့ဝှက်၍ သူတို့၏လျှို့ဝှက်ခြင်းအားဖြင့် ဗာနဗသည်လည်း သူတို့ဘက်သို့ပါသွား၏။" ခေါင်းဆောင်များအဖြစ်ရှိသေကြည် ညီမူတရားပွားကာချစ်မြတ်နိုးရပါသည်ဆိုသော သူတို့ထံမှ ဘက်လိုက်မှုအားနည်းချက်များကို တွေ့မြင်ရသောအခါ တစ်ပါးအမျိုးသားထဲမှ ယုံကြည်သူများ၏စိတ်အာရုံနှလုံးသားအတွင်းဝယ် အလွန်အမင်းရောဂါခံစားလိုက်ရပါသည်။ အသင်းတော်ကြီးပြိုကွဲစပြုလာလေပြီ။ ဒါကိုပေါလု သိမြင်၏။ ထိုကြောင့် လျှာနှစ်ခွနှင့်ပေတရု၊ နှစ်လွှာမျက်နှာနှင့်ပေတရုကို ပေါလုဆုံးမရလေ၏။ သူ၏သဘောထားနုငယ်ခြင်းကြောင့် အသင်းတော်အပေါ် မှားယွင်းသောဩဇာလွှမ်းမိုးမှုကို တွန်းလှန်ရပေမည်။

သို့ဖြစ်၍ အသင်းတော်လူကြီးများရှေ့ မှောက်တွင် ပေါလုသည် ပေတရုအား "သင်သည် ယုဒလူဖြစ်လျက်ပင် ယုဒထုံးစံလေ့အတိုင်းမကျင့်ဘဲ တစ်ပါးအမျိုးသား၏ထုံးစံအတိုင်းကျင့်လျက် တစ်ပါးအမျိုးသားတို့သည် ယုဒထုံးစံအတိုင်းကျင့်စေခြင်းငှါ အဘယ်ကြောင့် သူတို့ကိုအနိုင်အထက်ပြုသနည်း။" (ဂလာတိ ၂း၁၃၊၁၄)။

ပေတရုတစ်ယောက် သူ့အမှားကိုသူသိမြင်လေပြီ။ ချက်ချင်းပင် သူ့အမှားကို သူ့အင်အားအစွမ်းနှင့်ပြန်လည်ပြုပြင်ဖုံးဖိရန် ကြိုးစားရှာ၏။

ထာဝရဘုရားသခင်သည် လူတိုင်း၏အရေးကို အစမှသည်အဆုံးတိုင်အောင် ခရေစေ့တွင်းကျသိမြင်တော်မူ၏။ ပေတရုကိုခွင့်ပြုခဲ့ရခြင်းမှာလည်း သူ့အား နည်းချက်ကို သူပြန်လည်သိမြင်ရန်နှင့် လူသည် မိမိအလိုအားဖြင့် ဘာတစ်ခုမျှ ဝါကြွားစရာအကြောင်းမရှိကြောင်းကိုဖော်ပြရန်ဖြစ်၏။ အတော်ဆုံး၊ အတတ်ဆုံး လူသားများပင်လျှင် ထာဝရဘုရားသခင်ကိုမအားကိုးပါက စီရင်ဆုံးဖြတ်ချက်တွင် လမ်းလွဲ၊ တိမ်းစောင်း၊ မှားယွင်းနိုင်ကြောင်းပြလေသည်။ ဘုရားသခင်ကြိုမြင်ထား သည်များရှိပါသေး၏။ ပေတရုကိုဆက်ခံသည်ဟုဆိုကာ ဘုရားသခင်တစ်ပါး တည်းနှင့်သာ သက်ဆိုင်သောချီးမြှင့်ကျက်သရေသီးခြားပိုင်ဆိုင်ခွင့်ကို ဟန် ဆောင်ရယူသောလူသားများလည်းရှိလေဦးမည်။ သို့ဖြစ်၍ဤမှတ်တမ်းက တမန်တော်ပေတရု၏အားနည်းချက်၊ မှားတတ်သည့်သဘောရှိကြောင်း သက်သေ အဖြစ်ကျန်ရစ်သတည်း။ သူ၏အသက်တာမှာလည်း အခြားတမန်တော်များထက် မသာလွန်။ လောကဓံတရား၌ကျင်လည်သော လူသားမျှသာဖြစ်ချေသည်မဟုတ် ပါလောမိတ်ဆွေ။

မှန်ကန်သောအခြေခံစည်းမျဉ်းမှ သွေဖယ်စွန့်ခွါတတ်သော သမိုင်းစဉ် သည် လူတို့၌ရှိ၍ အထူးသဖြင့် ဘုရားသခင်၏အမှုတော်မြတ်တွင် တာဝန်အပ် နှင်းခြင်းခံရသူခရစ်ယာန်သာသနာအမှုတော်ဆောင်တို့အတွက် မြင့်မြတ်သန့်ရှင်း သောသတိပေးချက်ဖြစ်ချေ၏။ ထိုသူတို့သည် သစ္စာရှိလျက် ဘုရားသခင်ပေးအ ခြေခံစည်းကမ်းများနှင့် မြဲမြံစွာငြိနေရပါမည်။ အကြင်သူသည် ကြီးမားသော တာဝန်ဝတ္တရားများကို ထမ်းရွက်နေရသည်နှင့်အမျှ ကျယ်ပြန့်လေးနက်သည့် ညွှန်ကြားထိန်းချုပ်နိုင်သောအခွင့်အရေးများသည် သူ၌ရှိ၏။

သူသည် ထာဝရဘုရားသခင်၏တရားတော်အတိုင်း သေချာစေ့စပ် စွာမလိုက်လျှောက်ပါက ပိုမို၍ဘေး ဥပဒ်ပေးတတ်သည်မှာသေချာပါသည်။ ယုံကြည်သူလက်ရွေးစင်တို့ဖြင့် စုပေါင်းဖွဲ့စည်းထားသောကောင်စီဝင်များ ၏ဆုံးဖြတ်ချက်အတိုင်း သင့်တင့်ညီညွတ်စွာမလုပ်ဆောင်ပါကလည်း အန္တရာယ် လူသားအဖြစ်သို့ သက်ရောက်နိုင်လေသည်။

ပေတရုသည် ဇာတိသဘောလွှမ်းမိုးသဖြင့် ဆုံးရှုံးခဲ့ပုံများ၊ ဆုံးရှုံးပြီး၍ ပြန်လည်ဆန်းသစ်တည်ဆောက်ခွင့်ရခြင်း၊ အမှုတော်မြတ်တွင်ဝါရင့်တမန်တော် ဖြစ်ခြင်း၊ ကယ်တင်ပိုင်ရှင်ယေရှုသခင်နှင့်အတူ အနီးကပ်ရှိဖူးသဖြင့် မှန်ကန်သည်

ဆိုသောစည်းမျဉ်းအခြေခံမှုများအတိုင်း သခင်သည် မရှောင်မတိမ်းကျင့်သုံးဆောင်ရွက်တတ်ပုံအသိအမြင်များရှိခြင်း၊ ကောင်းပေ့ဆိုသောနည်းစနစ်အပေါင်းကိုခံယူရရှိသဖြင့် တရားပေးခြင်း၊ ဆုံးမဩဝါဒပေးကာ သွန်သင်လမ်းပြခြင်းများကြောင့် ဝိညာဉ်ဆုကျေးဇူးများစွာနှင့်တကွ အသိအလိမ္မာကောင်းသော ဩဇာလွှမ်းမိုးမှုများစွာကို ပိုင်ဆိုင်ထားရှိသူဖြစ်သည်တိုင်အောင် သူသည် လူကိုကြောက်ရွံ့သဖြင့်လည်းကောင်း၊ (သို့တည်းမဟုတ်) လူတို့၏ရိုသေလေးစားကြည်ညိုမှုကိုခံယူလိုသဖြင့်လည်းကောင်း ဧဝံဂေလိတရားအခြေခံမှုစည်းမျဉ်းများမှသည်ပရိယာယ်ဆင်ကာ တိမ်းရှောင်သွားတတ်ခြင်းမှာ မထူးဆန်းပါ။ မှန်သောလမ်းကိုသေချာစွာလျှောက်နင်းခြင်းမှ တိမ်းယိမ်းလွဲချော်သွားရသည်မှာလည်း မထူးဆန်းပါ။ သို့ဖြစ်၍ လူ၌အကူအညီကင်းမဲ့နေသည်ဟူသောအမြင်မှန်မျိုးကို ဘုရားသခင်သည် လူတိုင်းအားပေးသနားတော်မူပါစေသော်။ လူသည် မိမိလှေကိုမိမိသဘောနှင့်လှော်ခတ်၍ ဆိပ်ကမ်းသို့ဖြောင့်ဖြူးလုံခြုံစွာမရောက်ရှိနိုင်ကြောင်းကို သိမှတ်ပါလေ။

ပေါလုသည် ခရစ်ယာန်သာသနာပြုလုပ်ငန်းစဉ်တွင် တစ်ဦးတည်းဘေးကျပ်နံကျပ်အခြေအနေမျိုးနှင့်ရပ်တည်ရသည်ကများသည်။ ထာဝရဘုရားသခင်သည် သူ့အားအထူးသွန်သင်၍ အခြေခံစည်းကမ်းမှုနှင့်ပတ်သက်လာလျှင် အလျှော့မပေးဝံ့ပါ။ ဝန်ထုပ်လေးလံသည့်အချိန်များတွင်လည်း အမှန်တရားဘက်မှာသူရပ်တည်သည်။ အသင်းတော်သည် လူ့စွမ်းအားတန်ခိုးထိန်းချုပ်မှုအောက်တွင် ဘယ်သောအခါမျှမရှိအပ်သည်ကို သူသတိပြုမိသည်။

လူတို့စီရင်သောပညတ်များ နှင့်ပစ်မှတ်များတို့သည် ဖော်ပြပြီးသောအမှန်တရား၏နေရာကိုမယူရပါ။ လူတို့၏ တစ်ဖက်သတ်ငဲ့ကွက်မှုများနှင့် အလိုတော်များကြောင့် ဧဝံဂေလိသတင်းစကားပြန့် ပွါးရေးကိုမနှောင့်နှေး၊ မဆီးတားစေရပါ။ အသင်းတော်တွင် မိမိထမ်းဆောင်ရမည့်တာဝန်အတိုင်း အပြစ်မမြင်၊ ဘေးကိုမကြည့်၊ မှန်ကန်စွာထမ်းဆောင်ပါလေ။ လုပ်ငန်းအသီးသီးသည် အသက်ဝိညာဉ်ရှာဖွေရိတ်သိမ်းဖို့ကိုဦးတည်ပါ၏။

ပေါလုသသည် ထာဝရဘုရားသခင်၏အမှုတော်မြတ်တွင် မိမိအစွမ်းသတ္တိရှိသမျှနှင့် ပေးဆပ်အပ်နှံလျက်လုပ်ဆောင်၏။ သူသည် ကောင်းကင်ဘုံမှ ဧဝံဂေလိတရားအလင်းကို တိုက်ရိုက်ရရှိခဲ့သူမဟုတ်လော။ မိမိ၏အသက်တာ

တစ်လျှောက် ကောင်းကင်ဘုံစွမ်းအားရှင်များနှင့်တွဲဖက်ဆက်ဆံကာ ခရစ်ယာန်သာသနာပြုခဲ့သည်။ မလိုလားအပ်သောဝန်ထုပ်ဝန်ပိုးများစွာကိုလည်း တစ်ပါးအမျိုးသားထံမှ ယုံကြည်လာသူခရစ်ယာန်များအပေါ် မတင်ထားသင့်ကြောင်း ထာဝရဘုရားသခင်သည် ပေါလုကိုသွန်သင်ခဲ့ပြီမဟုတ်ပါလော။ ထို့ကြောင့် ယုဒဘာသာဆန်သောခရစ်ယာန်များက အန္တိအုတ်မြို့အသင်းတော်တွင် အရေဖျားလှီးခြင်းမင်္ဂလာကို အသင်းဝင်တိုင်းခံယူရမည်ဟု အဆိုတင်သွင်းသောအခါ ထာဝရဘုရားသခင်၏ဝိညာဉ်တော်သဘောကို ပေါလုသိထားပြီဖြစ်၍ ထိုအဆိုကိုခိုင်မာစွာ သူဆန့်ကျင်ကန့်ကွက်သည်။ ထို့ကြောင့်လည်း အသင်းတော်များ(ဂျူး) လူမျိုးတို့၏ ဝတ်ပြုပုံဓလေ့ထုံးစံမျိုးအပါအဝင် ဝိနည်းအထုံးအဖွဲ့ဥပဒေသများနှင့်ကင်းလွတ်ရသည်မဟုတ်ပါလောမိတ်ဆွေ။ ပေါလုသည် ထာဝရဘုရားသခင်ထံတော်မှ နှစ်ကိုယ်စပ်ကြားပုဂ္ဂလိက သွန်သင်မှုကိုခံယူခဲ့ရသော်ငြားလည်း မိမိ၏တာဝန်ဝတ္တရားကိုထမ်းဆောင်ရာ၌ အောက်ခြေမလွတ်၊ အစိပ္ပါယ်ရင်းမှသွေဖယ်၍အလွဲကောက်ယူသောအကြံမျိုးတော့ သူ၌မရှိပြီ။ သူသည် ထာဝရဘုရားသခင်ထံတော် မှတိုက်ရိုက်လမ်းညွှန်မှုကိုကြည့်မျှော်နေစဉ်၊ အသင်းတော်အတွင်း ယုံကြည်သူညီ အစ်ကိုများနှင့်သဘောတူလျက် ပေါင်းစည်းမိတ်သဟာယဖွဲ့ခြင်းမှထွက်ပေါ်လာသောတန်ခိုးအင်အားစုကို အမြဲထာဝရအစဉ်အသိအမှတ်ပြုပါ၏။ သူသည် အကြံကောင်း၊ ဉာဏ်ကောင်းကို အမြဲခံယူတောင့်တသူဖြစ်၍ အရေးကြီးကိစ္စရပ်များပေါ် ပေါက်လာတိုင်း အသင်းတော်အား မိမိရရှိသောအကြံဉာဏ်များကို ဝမ်းမြောက်စွာတင်ပြအစီရင်ခံလေ့ရှိပါ၏။ ထိုနောက် ညီအစ်ကိုများတို့နှင့်အတူပေါင်းစည်းလျက် မှန်ကန်သောဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်အလို့ငှါ ထာဝရဘုရားသခင်ထံတော်မှ ဉာဏ်ပညာကိုတောင်းခံပါသည်။ သူပြောပြီမဟုတ်လော။ "ပုရောဖက်တို့သည်လည်း မိမိတို့စိတ်ဝိညာဉ်ကိုချုပ်တည်းနိုင်ကြ၏။ ဘုရားသခင်သည် ရုန်းရင်းခတ်အမှုကိုပြုစုတော်မမူ။ သန့်ရှင်းသူတို့၏အသင်းတော်အပေါင်းတို့၌ဖြစ် သကဲ့သို့ အသင့်အတင့်ငြိမ်ဝပ်ခြင်းကိုပြုစုတော်မူ၏။" ပေတရုသွန်သင်ခဲ့သလိုပင် ပေါလုသည်လည်း သွန်သင်ပါ၏။ အသင်းတော်၏အတွင်းလုပ်ဆောင်နိုင်မှုစွမ်းအားသည် စုပေါင်းညီညာအောင်ကြောင်းဖြာစေသည်မို့ "အချင်းချင်းတစ်ယောက် အောက်တစ်ယောက်နှိမ့်ချလျက်နေ၍ နှိမ့်ချခြင်းတန်ဆာကိုဆင်ကြ" (၁ပေ ၅း၅) ပါစို့လားချစ်မိတ်ဆွေ အပေါင်းတို့ခင်ဗျား။

----o-----

# အခန်း (၂၀)
## ကပ်တိုင်တော်ကိုချီးမြှောက်ခြင်း
(ဤအခန်းသည် တမန်တော် ၁၅း၃၆-၄၁။ ၁၆း၁-၆ ကိုအခြေပြုထားသည်)

အန္တိအုတ်မြို့တွင် လပေါင်းအနည်းငယ်နေထိုင်၍ ခရစ်ယာန်သာသနာပြုပြီးသည်နောက် ပေါလုသည် မိမိ၏လုပ်ဖော်ဆောင်ဖက် ဗာနဗအား ခရစ်ယာန်သာသနာပြုခရီးစဉ်တစ်ခုကိုဆက်ရန် အဆိုပြုပါသည်။

"ငါတို့သည် ဘုရားသခင်၏ နှုတ်ထွက်တရားတော်ကို ဟောပြောဖူးသောမြို့များတို့၌ရှိသောညီအစ်ကိုတို့သည် အဘယ်သို့ရှိနေသည်ကိုကြည့်ရှု၍ ပြန်သွားကြကုန်အံ့။"

ပေါလုနှင့်ဗာနဗတို့သည် မိမိတို့အားဖြင့် မကြာသေးမီက ခရစ်ယာန်ဖြစ်လာကြသောသူတို့ကိုပြန်လည်ကြည့်ရှုအားပေးရန် ဆန္ဒမွန်ရှိကြပါ၏။ ဤအငန်းမရတမ်းတမှုကို ပေါလုတစ်ယောက်ဘယ်သောအခါမျှအဆုံးခံလေ့မရှိပါ။

မိမိ ရောက်ရှိနေသည့် ဒေသနှင့်ဝေးလံသောခရစ်ယာန်သာသနာနယ်မြေများတွင် ရှိလင့်ကစား သူတို့ကိုသတိရသည်။ "ဘုရားသခင်ကိုကြောက်ရွံ့၍ သန့်ရှင်းခြင်းနှင့် ပြည့်စုံကြကုန်အံ့"ဟူသော နှိုးဆော်စာများရေးပို့လေ့ရှိသည်။ (၂ကော ၇း၁)။

မိမိ ကိုယ်ကိုအားကိုးတတ်ရန် ခရစ်ယာန်အကျင့်ရင့်ကျက်စေဖို့ရန် ယုံကြည်ခြင်းတိုးပွားအားကြီးလာရန် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့အပ်နှံပေးဆပ်လျက် သခင်၏နိုင်ငံတော်ကျယ်ပြန့်ရေးအမှုတော်တွင် စိတ်အားကြီးစွာပါဝင်သက်သေခံရန် ခရစ်ယာန်သာသနာပြုကြပါရန် အမြဲကြိုးစားနှိုးဆော်လေ့ရှိပါသည်။

ဗာနဗသည် ပေါလုနောက်ကိုလိုက်ချင်၏။ သူတို့နှင့်အတူ အမှုတော်မြတ်တွင်ပြန်လည်အပ်နှံမည်ဟုအကြံရှိ၍။ ဤသည်ကို ပေါလုကန့်ကွက်သည်။ "ပေါလုက-----ထိုသူကိုမခေါ်သင့်ဟုသဘောရှိ၏။"

အကြောင်းရင်းကား ပံဖုလိ ပြည်၌ သူတို့နှင့်ခွာ၍ အမှုထမ်းရာသို့မလိုက်မသွား၊ အကူအညီလိုအပ်ဆုံးအချိန်တွင် နောက်ကြောင်းပြန်သွားသောကြောင့်တည်း။ ထိုသို့ ခရစ်ယာန်. . . . . . . . . . . . . . . . . . . . . . . . . . .

သာသနာခရီးကြမ်းတမ်းလှသဖြင့် နေအိမ်နှင့်မခွဲနိုင်သောအားနည်းချက်ကြောင့် ပေါလုသည် ဂျွန်မတ်ခ်ခေါ် မာကုကိုခွင့်မလွှတ်နိုင်။ ဤမျှလောက်ခဲရာခဲဆစ်ကို သော်မျှ ခံနိုင်ရည်မရှိက ဘယ်ကဲ့သို့လျှင် ခရစ်ယာန်သာသနာခရီးဆက်မည်နည်း။ ခရစ်ယာန်သာသနာခရီးဟုဆိုရာ၌ သည်းခံစိတ်ရှည်ခြင်း၊ မိမိကိုယ်ကိုငြင်းပယ်ခြင်း၊ ရဲရင့်ခြင်းနှင့် အပ်နှံပေးဆပ်ပူဇော်ခြင်း၊ ယုံကြည်ချက်နှင့်အသက်ရှင်ခြင်း၊ လိုအပ်လာလျှင် အသက်ကိုသော်မျှမတွန့်တိုရခြင်းစသော ဂုဏ်အင်္ဂါနှင့်ပြည့်စုံရမည်။ ပေါ လု၏ငြင်းခုံခြင်းကား ပြတ်သားလွန်းသဖြင့် ဗာနဗနှင့်ကွဲကွာရလေပြီ။ ဗာနဗသည် ၁ကုကိုခေါ်၍ ခံယူချက်ရှိသည်အတိုင်း နှစ်ယောက်သားခရစ်ယာန်သာသနာခရီးဆက်ကြပါတော့၏တကား။

"ထိုအကြောင်းကြောင့် အချင်းချင်းမသင့်သဖြင့် တခြားစီသွား၍ ဗာနဗသည် မာကုကိုခေါ်ပြီးလျှင် ကုပရကျွန်းသို့လွှင့်လေ၏။ ညီအစ်ကိုတို့သည် ပေါလုကိုဘုရားသခင်၏ကျေးဇူးတော်သို့အပ်နှံကြသဖြင့် သူသည် သီလကိုရွေးချယ်ပြီးလျှင် ထွက်၍ အသင်းတော်များကိုမြဲမြံခိုင်ခံ့စေလျက် ရှုရိပြည်၊ကိလိကိပြည်တို့ကို လျှောက်သွားလေ၏။"

ထိုနောက်မှ ပေါလုနှင့်သီလတို့သည် ဒေရဗေမြို့နှင့်လုတ္တရမြို့သို့ရောက်လေ၏။ လုတ္တရမြို့တွင် ပေါလုတစ်ယောက်ခဲနှင့်အပေါက်ခံခဲ့ရသည်မဟုတ်လော။ ယခင်က အန္တရာယ်ပေးခဲ့သောနေရာပင်ဖြစ်လင့်ကစား၊ ပေါလုကိုတော့ တွေ့နိုင်ပါသည်။ သူ့အားဖြင့် ပြောင်းလဲလာကြသူတို့အခက်အခဲကြားတွင် မည်သို့မည်ပုံရှင်သန်ကြီးထွားကြသည်ကို သူမြင်ချင်လှ၏။

သိပ်ကိုကြားချင်လှပါသည်။ အမှန်အားဖြင့် လုတ္တရမြို့နေယုံကြည်သူတို့သည် ပြင်းထန်သောဆန့်ကျင်မှုကိုရင်ဆိုင်ခဲ့ရင်းက မားမားမတ်မတ်ရပ် တည်၊ သက်သေပြနေသောခရစ်ယာန်ဇာနည်ဖွားများပင်မဟုတ်ပါလော။

ဤဒေသတွင် ပေါလုသည် တိမောသေကိုဒုတိယအကြိမ်တွေ့ရပြန်၏။ ပေါလုပထမအကြိမ်ဤမြို့တွင် ခရစ်ယာန်သာသနာပြုခဲ့စဉ်က ခဲနှင့်အပေါက်ခံရသဖြင့် သေပြီဟုယူဆရသည့်မြင်ကွင်းကို တိမောသေအစမှအဆုံးမြင်ခဲ့ရသည်။ ထိုမြင်ကွင်းက သူ့အသက်တာကိုပြောင်းလဲစေ၏။ သူကိုယ်တိုင်က ထာဝရဘုရားသခင်၏ ချစ်မေတ္တာသယ်ယူပို့ဆောင်ရေး ခရစ်ယာန်သာသနာပြုလုပ်ငန်းကြီးတွင် လုံးဝအပ်နှံပေးဆပ်လျက် အမှုတော်ဆောင်ရန် တာဝန်ရှိနေပြီမဟုတ်လောဟု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

တိမောသေခံယူမိသည်။ သူ၏နှလုံးသားသည် ပေါလုနှင့်ထုံးဖွဲ့၍နေလေပြီ။ တမန်တော်၏လုပ်ငန်းအဖြာဖြာတွင် အခွင့်အရေးရလျှင်ရသလို ကူညီထောက်ပံ့ရန် မျှော်လင့်သည်မှာ သူ့ခံစားချက်။

ပေါလု၏လုပ်ဆောင်ဘက်သီလသည် အလုပ်ကောင်း၍ သခင်ယေရှု၏သက်သေခံချက်ဝိညာဉ်တော်ဆုကျေးဇူးနှင့်ပြည့်ဝ၏။ သို့ရာတွင် လုပ်စရာအလုပ်မှာ ဧရာမကြီးကျယ်လှသဖြင့် နိုးကြားသောလုပ်ငန်းအတွက် ကြိုးစားသောလုပ်သားများမွေးထုတ်ရန်လို၏။

ဤတွင် ပေါလုကတိမောသေကိုတွေ့သည်။ တိမောသေသည် သန့်ရှင်းသောအမှုတော်ဆောင်အလုပ်ကိုမြတ်နိုး၏။ ကြောက်ခမန်းလိလိဖြစ်သောနှိပ်စက်ညှဉ်းပန်းခြင်းဒဏ်မြင်ကွင်းကို မျက်ဝါးထင်ထင်မြင်တွေ့ရသော်လည်း လုံးဝမကြောက်သောလူ၊ နည်းခံလိုစိတ်ရှိသောသူဖြစ်၏။ သို့တိုင်အောင်လည်း ပေါလုသည် တိမောသေ၏အကျင့်နှင့်နောက်ကြောင်း အသက်တာသမိုင်းကို မသိဘဲနှင့်တော့ အလျင်စလိုအမှုတော်မြတ်တွင် မခေါ်သွင်းပါ။ အတွေ့ အကြုံနုနယ်သူအပေါ် ယံတာဝန်ဝတ္တရားဝန်ထုပ်ကြီးကို အလျင်တဆောမတင်ပေးသေးပါချေ။

တိမောသေ၏ဖခင်သည် ဂရိလူမျိုးဖြစ်၍ မိခင်သည် ဂျူးအမျိုးသမီးတစ်ယောက်ဖြစ်လေသည်။ တိမောသေသည် ငယ်စဉ်ကလေးဘဝမှစ၍ နှုတ်ထွက်ကျမ်းစာနှင့်ထိတွေ့မှုရှိ၏။ သူငယ်၏အိမ်ထောင်မိသားစုအတွင် ဘုရားသခင်ကိုရိုသေကိုင်းရှိုင်းမှုသည်နိုးကြား၍ နူးညံ့သိမ်မွေ့မှုရှိပါ၏။

မိခင်နှင့်ဘွားအေတို့၏ ကျမ်း စာအသိကလည်း မိမိအား ထာဝရဘုရားသခင်၏အလိုတော်ကိုထမ်းရွက်ခြင်းဖြင့် ကောင်းချီးမင်္ဂလာခံယူသွားပါရန် မပြတ်သတိပေးနေသကဲ့သို့ဖြစ်၏။

နှုတ်ထွက် ကျမ်းစာသည် သူမတို့၏အသက်တာစည်းမျဉ်းများဖြစ်သကဲ့သို့ တိမောသေအတွက်လည်းဖြစ်စေကြ၏။ ထို့ကြောင့်လည်း တိမောသေသည် အပြောအဆိုတွင်စင်ကြယ်၏။

ပတ်ဝန်းကျင်စရိုက်ကြမ်းတို့၏ဩဇာလွှမ်းမိုးမှုနှင့် လုံးဝစွန်းကွက်ခြင်းမရှိပါ။ ဤသို့လျှင် လက်ဦးဆရာမိခင်နှင့်ဘွားအေတို့သည် ထာဝရဘုရားသခင်နှင့် စပ်တူလုပ်ကိုင်၍ တိမောသေလေးအား ခရစ်ယာန်သာသနာ့ဝန်ထမ်းကောင်းကြီးတစ်ဦးဖြစ်လာစေရန် ပြင်ဆင်ပေးကြလေ၏။

တိမောသေသည် သစ္စာရှိ၍ ခံယူချက်ပြင်းထန်၏။ မှန်ကန်သောစိတ်ထားရှိသောကြောင့် ပေါလုသည် သူ့အားခရစ်ယာန်သာသနာပြုလုပ်ငန်းတွင် ခရီးသွားဖော်အဖြစ်ရွေးချယ်လိုက်သည်။ တိမောသေသူငယ်လေးသွားရာလမ်း၀၌ ဆုံးမသွန်သင်မှုကိုပေးကြသောအုပ်ထိန်းသူလက်ဦးဆရာတို့သည် မိမိတို့၏သားငယ်ကလေးအား တမန်တော်ကြီးပေါလုနှင့်အနီးကပ်တွဲဖက်လျက် မိတ်သဟာယဖွဲ့၍ သွားလာအတူ ခရစ်ယာန်သာသနာပြုရသည်ကိုတွေ့မြင်ခွင့်အကျိုးကျေးဇူးကို ရရှိကြပါ၏။

တိမောသေသည် ဆရာအဖြစ်ထာ၀ရဘုရားသခင်က ရွေးချယ်လိုက်သောအချိန်တွင် လူငယ်လူရွယ်မျှသာရှိသေး၏။ သို့ပါသော်လည်း အတွေ့အကြုံသင်ယူရရှိမှု စောစီးပညာက သူ့အားပေါလု၏အထောက်အပံ့ပေးသူအဖြစ်တာ၀န်ကို ထမ်းဆောင်စေနိုင်ခဲ့လေသည်။ အသက်အရွယ်နုငယ်သေးသော်လည်း မိမိ၏တာ၀န်၀တ္တရားများကို ခရစ်ယာန်နူးညံ့သိမ်မွေ့ခြင်းနှင့် ပြီးစီးစေခဲ့ပါသည်။

ပေါလုသည် အမြော်အမြင်ကြီးမားသူဖြစ်၏။ တိမောသေသည် အသင်းတော်ကိုအုပ်ချုပ်ရမည်ဖြစ်၍ ဂျူးလူမျိုးတို့၏စိတ်အာရုံတွင် အရေဖျားလှီးမင်္ဂလာခံခြင်းကို စွဲလမ်းနေဆဲဖြစ်သောကြောင့် သူ့ကိုလည်းအရေဖျားလှီးမင်္ဂလာခံယူရန် အကြံပြုပါသည်။ ပေါလုမှုကား တစ်မြို့မှတစ်မြို့သို့ ပြည်နယ်အနှံ့ခရစ်ယာန်သာ သနာပြုခရီးထွက်ရသည်မို့ ဂျူးလူမျိုးတရားဇရပ်များတွင် ခရစ်တော်ယေရှုအကြောင်း ဟောပြောခွင့်ရသလို အခြားစု၀ေးရာအရပ်များတွင်လည်း သက်သေခံခွင့်ရလေ၏။

အကယ်၍သာ သူခန့်အပ်ထားသောလုပ်ဖော်ဆောင်ဖက်တစ်ဦးဦးက အရေဖျားလှီးမင်္ဂလာကိုမခံယူက အယူသီးသောဂျူးလူမျိုးတို့၏တစ်ဖက်သတ်စွပ်စွဲပြောဆို၀ေဖန်ကဲ့ရဲ့မှုကို သူကြီးစွာရင်ဆိုင်ရမည်ဖြစ်သဖြင့် ဧ၀ံဂေလိသာသနာတော်လုပ်ငန်းမှာလည်း ဘယ်နေရာဒေသမဆို တရားသေဆန့်ကျင်မှုကြီးနှင့် ပြင်းထန်သောနှိပ်ကွပ်မှုကို ရင်ဆိုင်ရ၏။

သို့ရာတွင် သူ၌ဂျူးဖြစ်စေ၊ တစ်ပါးအမျိုးသားဖြစ်စေ၊ ကမ္ဘာ့ညီအစ်ကိုမောင်နှမအပေါင်းတို့အား ဧ၀ံဂေလိတရားအသိကို သိမြင်စေလို၏။ ထို့ကြောင့်လည်း မလျှော့သောဇွဲလုံ့လ၊ ယုံကြည်ခြင်းကြီးစွာဖြင့် ဆန့်ကျင်မှုဖြစ်စေသော အဆင်းသဏ္ဌာန်သန်းသည့်အရာမှန်သမျှကို ဖယ်ရှားပစ်၏။ . . . . . ဤသို့လျှင်

ဂျူးလူမျိုးတို့၏တစ်ဖက်သတ်ထင်မြင်ယူဆချက်အစွဲကြီးကိုဖယ်ရှားကာ အမြင်မှန်၍ ညီညွတ်မှုတအောင် ကြိုးစားလုပ်ဆောင်သည်နှင့်အမျှ အရေဖျားလှီးသည်ဖြစ်စေ၊ မလှီးသည်ဖြစ်စေ အရေးမကြီး။ ခရစ်တော်သခင်၏ဧဝံဂေလိသတင်းစကားသာလျှင် နေရာအနှံ့အရေးတယူပြန့်ပွားသွားစေရန်သာ ယုံကြည်၍ သွန်သင်လုပ်ဆောင်နေပါ၏။

ပေါလုသည် တိမောသေကိုချစ်၏။ ထို့ကြောင့် "ယုံကြည်ခြင်းအားဖြင့် ငါ့သားစစ်ဖြစ်သောတိမောသေ" (၁တိ ၁း၂)ဟု အများကိုသိစေအပ်ပါ၏။ တမန်တော်ကြီးသည် အနီးဝန်းကျင်ဒေသများတွင် ခရစ်ယာန်သာသနာပြုခရီးထွက်တိုင်း တိမောသေကိုခေါ်ဆောင်လေ့ရှိပြီး ခရစ်ယာန်ကျမ်းစာသမိုင်း သွန်သင်ချက်များနှင့်ပတ်သက်၍ အမေးအဖြေပြုသွန်သင်ပေး၏။

အောင်မြင်သောတရားဟောဆရာဖြစ်ရန် မည်သို့လုပ်ဆောင်ရမည်ကိုလည်း သေချာဂနစွာဖြင့်သွန်သင်ပေး၏။ ပေါလုနှင့်သိလတို့သည် တိမောသေလေးနှင့်သွားလာအတူအရောတဝင်ပြုတိုင်း ဧဝံဂေလိအမှုတော်ဆောင် အလုပ်၏သန့်ရှင်းမြင့်မြတ်ပုံနှင့်အလေးအနက်ထားအပ်ပုံတို့ကို လူငယ်၏စိတ်အာရုံတွင် စုံးစုံးနစ်မြုပ်စွဲလမ်းစေကြ၏။

တိမောသေသည်လည်း မိမိ၏လုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါလုထံအကြံဉာဏ်နှင့်ညွှန်ကြားချက်ကိုမပြတ်တောင်းခံ၏။ သူသည် စိတ်အာရုံစေခိုင်းတိုင်းမပြုလုပ်ပါ။ ချင့်ချိန်ဝေဖန်သုံးသပ်၍ပြုရမည့်အဆင့်တိုင်းမှာ "ဤကား ဘုရားသခင်အလိုတော်ရှိလိမ့်မည်လော"ဟူသောအမေးဖြင့် ပြဿနာအဖြေကိုရှာသည်။

သန့်ရှင်းသောဝိညာဉ်တော်သည်လည်း သူ၌ပျော့ပျောင်းသဖြင့် ပုံစံသွင်း၍ရနိုင်ကြောင်း ဘုရားသခင်တည်ရှိနိုင်သောဗိမာန်တော်တစ်ဆောင်အဖြစ်ပြုပြင်တည်ဆောက်နိုင်ကြောင်းကို မြင်တွေ့လေသည်။

ခရစ်ယာန်ကျမ်းစွာသွန်သင်ချက်များကို နေ့စဉ်အသက်တာတွင် ကျင့်သုံးသက်ရှင်သည်နှင့်အမျှလူ၏အကျင့်မဏ္ဍိုင်ကိုလေးနက်၊ခိုင်ခံ့မြဲမြံစေပါ၏။ ဤသင်ခန်းစာများကို တိမောသေသင်ယူကျင့်သုံးသည်။ သူသည်အထူးတလည်ဉာဏ်ပညာတောက်ပြောင်၍ အစွမ်းထက်သည့်လူစားမျိုးတော့မဟုတ်ပါ။သို့သော်ဘုရားသခင်ပေးစွမ်းဆောင်နိုင်မှုအင်အားစုကိုသူသည်သခင့်အမှုတော်မြတ်အတွက်

အသုံးတော်ခံကာ တန်ဖိုးထားသည်။ သူ၏စမ်းသပ်ကျင့်သုံးသက်ရှည်ကြည်ညိုမှု အသိစိတ်ဓာတ်မှာလည်း အခြားယုံကြည်သူများထက် ထူးခြားသဖြင့်ကောင်းသော ဩဇာလွှမ်းမိုးမှုကိုဖြစ်စေပါသည်။

အသက်ဝိညာဉ်များကိုရှာဖွေကယ်တင်ရေးအလုပ်ကို လုပ်ဆောင်သော သူတို့သည် ထာဝရဘုရားသခင်ကိုသိကျွမ်းခြင်းအရာ၌ နက်နဲမှု၊ ပြည့်ဝမှု၊ ရှင်းလင်းမှုပိုမိုရှိသင့်သည်။ သာမန်အင်အားဖြင့်ရရှိသည်ထက်ပိုရပါမည်။ သခင့်အတွက် အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှခွန်အားစိုက်ထုတ်ရပါမည်။ အကြောင်းမှာ ထိုသူတို့သည် မြင့်မြတ်သန့်ရှင်းသောဖိတ်ခေါ်မှုကိုခံရသဖြင့် သစ္စာရှိလျက် လုပ်ဆောင်ရာတွင် ဝိညာဉ်များစွာကိုသခင့်အတွက် ရိတ်သိမ်းရပါမူ ထာဝရဘုရားသခင်၌ဝမ်းမြောက်ခြင်းရှိလော့။ နေ့စဉ်ခွန်အားနှင့်ကျေးဇူးတော်ကို တောင်းလျှောက်ပါလော့။ "အကြောင်းမူကား၊ မင်္ဂလာရှိသောမျှော်လင့်ရာကိုလည်းကောင်း၊ ကြီးမြတ်သောဘုရားသခင်တည်းဟူသော ငါတို့ကိုကယ်တင်တော်မူသော သခင်ယေရှုခရစ်၏ကျက်အသရေတော်ထင်ရှားပေါ်ထွန်းခြင်းကိုလည်းကောင်း ငါတို့သည်မျှော်လင့်လျက် ဘုရားသခင်ကိုမသိ၊ တရားလည်းမရှိနေခြင်း၊ လောက တပ်မက်ခြင်းကိုပယ်ရှားလျက် ယခုဘဝ၌ ကျွန်ခြေစောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားသခင်၌မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း ငါတို့ကိုဆုံးမသွန်သင်၍လူအပေါင်းတို့ကိုကယ်တင်တတ်သော ဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏။ ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသောအပြစ်မှငါတို့ကိုရွေးနှုတ်ခြင်းငှာလည်းကောင်း၊ ကောင်းသောအကျင့်ဘက်၌ စိတ်အား ကြီး၍ ပိုင်ထိုက်တော်မူသောအမျိုးကို မိမိတို့အဖို့ စင်ကြယ်စေခြင်းငှာလည်းကောင်း ကိုယ်ကိုကိုယ်စွန့်တော်မူပြီ။" (တိတု ၂း၁၁-၁၄)

ပေါလုနှင့်ဗာဝဂလိသာသနာပြုအဖွဲ့ဝင်တို့သည် နေရာဒေသသစ်ဆီသို့ ခရီးမသွားမီ မိမိတို့ဖွဲ့စည်းတည်ထောင်ခဲ့ပြီဖြစ်သော ပိသိဒိပြည်နှင့်အနီးဝန်းကျင်နယ်မြေဒေသရှိအသင်းတော်များဆီသို့ အလည်အပတ်ပြုခဲ့လေသည်။ "သူတို့သည် မြို့များကိုလျှောက်သွားစဉ်တွင် ယေရုရှလင်မြို့၌နေသော တမန်တော်တို့နှင့် သင်းအုပ်တို့သည် စီရင်သောပညတ်တို့ကို အသင်းတော်များကျင့်စောင့်ဖို့ရာ အပ်ပေးကြ၏။ ထိုသို့ အသင်းတော်တို့သည် ယုံကြည်ခြင်း၌ တည်ကြည်မြဲမြံသည်ဖြစ်၍ အရေအတွက်အားဖြင့်တစ်နေ့ထက်တစ်နေ့တိုးပွါးများပြားကြ၏။"

တမန်တော်ပေါလုသည် မိမိအားဖြင့် ပြောင်းလဲလာသောအသက်ဝိ ညာဉ်များကို အထူးဂရုစိုက်ပါသည်။ သူတို့၌ အလိုချင်ဆုံးအရာမှာ သစ္စာရှိဖို့ဖြစ်ပါ သည်။ သို့မှသာလျှင် "ငါသည် အကျိုးမရှိဘဲလျက် ပြေးသည်မဟုတ်၊ အကျိုးမရှိ ဘဲလျက် ကြိုးစားအားထုတ်သည်မဟုတ်ကြောင်းကို ငါထောက်၍ ခရစ်တော် ၏နေ့ရက်၌ ဝါကြွားဝမ်းမြောက်ခြင်းရှိလိမ့်မည်" (ဖိလိပ္ပိ ၂း၁၆) ဟု ပေါလုဆို ပါသည်။သူသည် မိမိ၏ခရစ်ယာန်သာသနာပြုခြင်းမှအသီးအပွင့်ကိုမြင်တွေ့ရ သဖြင့် ရင်ဖိုမိသည်။ အကယ်၍သာ သူသည် မိမိ၏တာဝန်ဝတ္တရားကို ပျက် ကွက်အံ့။ အသင်းတော်သည်လည်း သူနှင့်အတူ အသက်ဝိညာဉ်ရှာဖွေကယ် တင်ရေးတွင် ဖက်စပ်ပါဝင်လုပ်ရှားခြင်းမရှိသည်ဖြစ်အံ့။ သူ၏ကိုယ်ပိုင်ကယ် တင်ခြင်းသော်မျှ ဆုံးရှုံးပျက်စီး နိုင်သည်ဟု ခံစားမိလေသည်။ အပတ်စဉ်ပလ္လင် ပေါ်တရားတော်ဟောကြားခြင်း တစ်ခုတည်းနှင့် ယုံကြည်သူများအတွက် တရား တော်အတိုင်းကျင့်သုံးသက်ရှင် သွားဖို့ရန် မလုံလောက်ကြောင်းကိုသူသိ၏။ ခရစ် တော်သခင်၏အမှုတော်မြတ် ဆင့်ပွားတိုးတက်ရေးအတွက် ယုံကြည်သူတို့သမ္မာ ကျမ်းစာမှ ပညတ်တစ်ခုပေါ်မှာ တစ်ခု၊ တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာ တစ်နည်း၊ တစ်နည်းပေါ်မှာတစ်နည်း၊ သည်ဘက်မှာအနည်းငယ်၊ ဟိုဘက်မှာအ နည်းငယ်လေ့ကျက်ဖို့လိုသည်ကိုတော့ ပေါလုသိနားလည်ပါသည်။

အကြင်သူသည် ဘုရားသခင်ပေးခွန်အားတန်ခိုးများကို အသုံးတော်ခံ ရန်ငြင်းပယ်သည်ဖြစ်အံ့။ ထိုတန်ခိုးအင်အားစုတို့သည် ပျက်စီးဆုံးပါးရလတ္တံ့။ ဤကား လောကအမှန်တရားပေတည်း။ အမှန်တရားကိုသိပါလျက်နှင့် ကျင့်သုံး သက် ရှင်ခြင်းငှာမပြု။ ဝေငှခြင်းကိုလည်းမပြုပါမူ ထိုအမှန်တရားကပေးသော အသက်ရှင်စေသည့်တန်ခိုးအင်အားစုနှင့်အနာရောဂါ ပျောက်ကင်းစေသည့် တန်ခိုးသည် ဆုံးရှုံးရလိမ့်မည်။ ထိုကြောင့်ပင်မဟုတ်လော။ တမန်တော်ကြီးသည် လူတိုင်းကိုခရစ်တော်သခင်၌ပြည့်ဝစုံလင်နိုင်သောအဖြစ်ကိုမတင်ပြမိမှာကို ကြောက်၏။ စိုးရိမ်မိ၏။ ဘုရားသခင်အလိုတော်အတိုင်း အသင်းတော်ကို မသွန် သင်ဘဲလူ့သဘောလူ့အတွေးအမြင်နှင့် သွန်သင်မိမှာကိုလည်း သူစိုးရိမ်မိ၏။

ထိုသို့ဖြစ်သော် ပေါလု၏ ကောင်းကင်ဘုံကိုမျှော်လင့်ခြင်းရောင်ခြည် သည် မှေးမိန်၍သွားတော့၏။ သူ၏အတတ်ပညာ၊ စကားပြောကျွမ်းကျင်ခြင်း၊ ပြသောအံ့ဖွယ်အမှုများ၊ တတိယကောင်းကင်ဘုံသို့ခေါ်ဆောင်ခြင်းက. . . . . .

ခံရသဖြင့် မြင်တွေ့ခဲ့ရသည်များအားလုံးကို သူ၏လုပ်ငန်းအပေါ် သစ္စာ ပျက်ကွက်မှုများကြောင့် အကျိုးကျေးဇူးမရှိ ပပျောက်သွားတော့မည်ကိုသိပါ၏။ သို့ဖြစ်လေရာ ပေါလုသည် ထာဝရဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းကြဖို့ရန် ယုံကြည်သူတို့အား မဖြစ်မနေတိုက်တွန်းနှိုးဆော်၏။

စကားအားဖြင့်မက စာအားဖြင့်လည်း ခရစ်တော်သခင်ကို လက်ခံပြီးသူတိုင်းအား သက်ဆုံးတိုင်သစ္စာရှိရန် တောင်းပန်၏။"သို့ပြုလျှင်အပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှမပြစ်မှားဘဲနေ၍ မဖြောင့်မမှန် ဖောက်ပြန်သောလူမျိုးအထဲ၌ အဘယ်အပြစ်မျှမပါသော ဘုရားသခင်၏သားဖြစ်ကြလိမ့်မည်။ အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ထွက်တရားတော်ကိုပြသ၍ ထိုလူမျိုးအထဲ၌ထွန်းလင်းကြ" လိမ့်မည်။ (ဖိလိပ္ပိ ၂း၁၅၊၁၆)

မှန်ကန်သောခရစ်ယာန်သာသနာပြုဆရာတိုင်းသည် မိမိအားစိတ်ချယုံကြည်အပ်နှင်းထားသောယုံကြည်သူတို့၏ ဝိညာဉ်ရေးကြီးပွါးတိုးတက်ရေးအတွက် လေးလံသောတာဝန်ဝတ္တရားသည် တည်ရှိနေကြောင်းကို ခံစားသိမြင်ပါ၏။ ထိုယုံကြည်သူတို့သည်လည်း ထာဝရဘုရားသခင်နှင့်အတူတကွ ဝိညာဉ်ကယ်တင်ရေးအလုပ်ကိုဆင့်ပွါးလုပ်ကြပါစေ။ ခရစ်ယာန်သာသနာပြုဆရာတိုင်းသည် ဆန္ဒပြင်းပြလျက်ရှိပါသည်။

ဘုရားသခင်ပေးအမှုတော်မြတ်ကို သစ္စာရှိမှန်ကန်စွာလုပ်ဆောင်ကအသင်းတော်သည် ဘက်စုံကျန်းမာချမ်းသာလာမည်ကိုသူသိမြင်၏။ ထို့ကြောင့်လည်း ယုံကြည်သူအပေါင်းတို့ကို လူတစ်ကိုယ်ဝိညာဉ်တစ်လုံးကိုယ်စီနှင့် ခရစ်တော်သခင်ထံပို့ဆောင်ရန် ကြိုးစားကြပါဟုလည်း မနားမနေစိတ်အားကြီးစွာနှိုးဆော်နေပါသည်။ အသင်းဝင်တိုင်းသည်လည်း ကယ်တင်ရွေးနှုတ်ခြင်းစီမံကိန်းကိုဆင့်ပွါးတိုးချဲ့၍ သက်သေခံခရစ်ယာန်သာသနာသတင်းဖြန့်ရမည်ကို သတိရအောက်မေ့ဖို့ရန် ပေါလုနှိုးဆော်ရလေသည်။

ပေါလုနှင့်သိလတို့သည် တိမောသေနှင့်အတူပိသိဒိပြည်နှင့်အနီးပတ်ဝန်းကျင်ဒေသရှိအသင်းတော်များသို့ လည်ပတ်ရင်းနှင့် "ဖြုဂိပြည်၊ ဂလာတိပြည်ကိုလျှောက်သွားပြီးမှ" ကြီးစွာသောအင်အားတန်ခိုးနှင့်ကယ်တင်ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ကြွေးကြော်ဟောပြောလေ၏။ ဂလာတိလူတို့သည်လည်း နတ်ဘုရားကိုးကွယ်မှုအယူဝါဒကိုစွန့်လွှတ်၍အပြစ်ကျေးကျွန်ဘဝမှလွတ်မြောက်

စေသည့်ကတိတော်သတင်းကောင်းကို တမန်တော်များထံမှကြားနာရသဖြင့် အတိုင်းအထက်အလွန်ဝမ်းမြောက်ကြသည်။ ခရစ်တော်သခင်၏ရန်ပြေမာန်ပြေ ကိုယ်စားပြုအသေခံသွားခဲ့ခြင်းကို ယုံကြည်လက်ခံသောသူတိုင်းဖြောင့်မတ်ပြီဟူ သောကျမ်းစာသွန်သင်ချက်ကိုလည်း ပေါလုနှင့်သတင်းကောင်းအဖွဲ့သည် ကြွေးကြော်၏။

ခရစ်တော်သခင်သည် ဘုရားသခင်၏စကားနားမထောင်မှုကြောင့် အကူအညီမဲ့ဘဝသို့ရောက်ရှိနေသောလူသားတစ်နွယ်လုံးကို ကယ်တင်ရွေးနှုတ်ရန် ဤကမ္ဘာမြေကြီးသို့ဆင်းသက်လာ၍ ထာဝရဘုရားသခင်၏ပညတ်တော်အတိုင်း ယုံကြည်နားထောင်ကျင့်သုံးသက်ရှင်သွားကာ အပြစ်ကြွေးကို အသက်စတေးခံ ပေးဆပ်ခဲ့ခြင်းဖြင့် ဖြောင့်မတ်သူများအဖြစ်သို့ပို့ဆောင်ပေးသည့် အကြောင်းများကိုတင်ပြသည်။ ဤသို့ဖြင့် ကပ်တိုင်တော်၏အလင်းရောင်ခြည်ကြောင့် မှန်သောထာဝရဘုရားသခင်၏အကြောင်းကို လူတို့သည် ယခင်ကမသိနားမလည်ခဲ့သော်လည်း ယခုတော့ အဖဘုရားသခင်၏ကြီးမားလှသောမေတ္တာတော်ကို နားလည်ခွင့်ရရှိကြပါပြီ။

ဂလာတိမြို့သူမြို့သားတို့သည် အခြေခံကျသောအမှန်တရားများဖြစ်သော "ခမည်းတော်ဘုရားသခင်"နှင့် "သခင်ယေရှုခရစ်တော်"ကို ကြားနာခဲ့ရလေပြီ။ "ထိုသခင်သည် ငါတို့အဘတည်းဟူသော ဘုရားသခင်၏အလိုတော်နှင့်အညီ ဆိုးညစ်သောဤမျက်မှောက်ဘဝမှ ငါတို့ကိုကယ်ချွတ်ခြင်းငှါ ငါတို့အပြစ်ကြောင့် ကိုယ်ကိုကိုယ်အပ်ပေးတော်မူ၏။" ဂလာတိလူတို့သည် "ယုံကြည်ခြင်းတရားကိုကြားနာခြင်းအားဖြင့်ခံရကြ"သည်ဖြစ်၍ ထာဝရဘုရားသခင်၏ဝိညာဉ်တော်ကိုခံယူရရှိကာ "သူတို့အပေါင်းသည် ယေရှုခရစ်ကိုယုံကြည်သဖြင့် ဘုရားသ ခင်၏သားဖြစ်ကြ၏။" (ဂလာတိ ၁း၃၊၄) ၊ (၃း၂၊၂၆)။

ပေါလု၏အသက်တာစရိုက်သည် ဂလာတိလူတို့နှင့်သွေးစည်း၍နေလေပြီ။ ထိုကြောင့် "ညီအစ်ကိုတို့၊ သင်တို့ကဲ့သို့ငါဖြစ်၏။ ငါကဲ့သို့သင်တို့ဖြစ်ကြလော့" (ဂလာတိ ၄း၁၂)ဟုတောင်းပန်သည်မှာအထပ်ထပ်။

သူ၏နှုတ်ခမ်းသည်ပလ္လင်ပေါ်မှမီးခဲနှင့်အတို့ခံရလေပြီ။ ခန္ဓာကိုယ်အားနည်းမှုဒဏ်များမှကျော်ဖြတ်လျက်အပြစ်သား၏တစ်ခုတည်းသောမျှော်လင့်ရာယေရှုသခင်အကြောင်းကိုတင်ဆက်ပါ၏။ကြားနာရသူတိုင်းသည်ယေရှုသခင်နှင့်အတူ

ရှိခဲ့ကြောင်းကို သိနားလည်လိုက်၏။ သူသည် အထက်အရပ်မှတန်ခိုးကိုခံရ၍ ဝိညာဉ်ရေးဆိုင်ရာများကိုခွဲခြားစိတ်ဖြာ၊ ပိုင်းခြားနားလည်နိုင်ကာ စာတန်၏အမာခံရဲတိုက်များကို ဖြိုချချေမှုန်းနိုင်စွမ်းရှိလေသည်။ သူတင်ဆက်သော ထာဝရဘုရားသခင်၏မေတ္တာတော်အကြောင်းကို ကြားရသူတိုင်းစိတ်နှလုံးကြေကွဲကြသည်။ ကိုယ်တော်၏တစ်ပါးတည်းသောသားတော်ကို အသက်စတေးခံယဇ်ကောင်အဖြစ်ပေးဆပ်လိုက်ရသည်ကိုသိမြင်သူအများက "ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိရန် ဘာလုပ်ရမည်နည်း"ဟု မေးမြန်းလာကြပါသည်။

ဤကဲ့သို့သော ဧဝံဂေလိတရားတော်တင်ဆက်ပုံနည်းစနစ်ကို တမန်တော်ပေါလုသည် တစ်ပါးအမျိုးသားတို့တွင် ခရစ်ယာန်သာနာပြုသမျှကာလပတ်လုံးကျင့်သုံး၏။ ကပ်တိုင်တော်ကိုအမြဲချီးမြှောက်ထားလေသည်။ သူ၏နောက်ဆုံးပိုင်းနှစ်များတွင် ဤသို့ကြေညာ၏။ "ငါတို့သည် ကိုယ်အကြောင်းကိုဟောပြောကြသည်မဟုတ်။ ယေရှုခရစ်သည် သခင်ဖြစ်တော်မူကြောင်းကိုလည်းကောင်း၊ ငါတို့သည် ယေရှုခရစ်အတွက်သင်တို့၏ကျွန်ဖြစ်ကြောင်းကိုလည်းကောင်း ဟောပြောကြ၏။ မှောင်မိုက်ထဲကအလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသောဘုရားသခင်သည် ယေရှုခရစ်၏မျက်နှာ၌ ထွန်းလင်းသောဘုရားသခင်၏ဘုန်းတော်ကိုသိသောဉာဏ်၏အရောင်ကိုပေးလိုသောငှါ ငါတို့စိတ်နှလုံး၌ အလင်းကိုထွန်းလင်းစေတော်မူ၏။" (၂ကော ၄း၅၊၆)

အပ်နှံမှုအပြည့်ရှိသောတမန်တော်တို့သည် ပျက်စီးသောကမ္ဘာဆီသို့ ခရစ်ယာန်သာသနာတော်ကယ်တင်ခြင်းသတင်းကောင်းကို ပြန့်ပွါးစေရာ၌ ကိုယ်ကျိုးစွန့်၏။ ခရစ်တော်သခင်နှင့်ကပ်တိုင်ပေါ်တွင် အသေခံခြင်းအကြောင်းကိုကြွေးကြော်ရာ၌လည်း မိမိကိုယ်ကိုဝင့်ကြွားသောစိတ်နှင့်ရုပ်ဆင်းပျက်သောအမှုအရာကို လုံးဝရှောင်ကြဉ်ကြ၏။ ရာထူးရာခံ၊ အာဏာတန်ခိုးကောင်းစားလိုစိတ်နှင့်ကင်းစင်ကြ၏။

ကယ်တင်ရှင်၌ တစ်ကိုယ်ကောင်းသဘောကိုပုန်းကွယ်၍ ကြီးမားသောလှသောကယ်တင်ခြင်းစီမံကိန်းကိုဦးဆောင်ရေးဆွဲသူနှင့် ပြီးပြည့်စုံစေသူ အရှင်သခင်ကို ချီးမြှောက်ခဲ့ပါ၏။ မနေ့၊ ယနေ့၊ နောင်ကာလပြောင်းလဲခြင်းမရှိသောခရစ်တော်သခင်သည်သာ ထိုသူတို့၏သင်ကြားပို့ချရာအခြေခံသင်ရိုးညွှန်းတမ်းဖြစ်ပါတော့၏တကား။

အကယ်၍သာ ယခုခေတ်ခရစ်ယာန်သာသနာပြုတို့သည်လည်း ဘုရားသခင်၏ နှုတ်ထွက်ကျမ်းစာကိုသွန်သင်ရာ၌ ခရစ်တော်သခင်၏ကပ်တိုင်တော်ကို မြင့်နိုင်သမျှမြင့်တင်လျက် ခရစ်ယာန်သာသနာပြုကြပါမူ ပိုမို၍အောင်မြင်ရပါလိမ့်မည်။

အကယ်၍သာ အပြစ်သားများကို ခရစ်တော်သခင်၏ချစ်ခြင်းမေတ္တာတော် ထင်ရှားရာကပ်တိုင်တော်ကိုကြည့်မြင်စေနိုင်ဆိုလျှင်၊ ကယ်တင်သခင်၏အသေခံရ ပုံမြင်ကွင်းအဆင့်ဆင့်ကို ခံစားသိမြင်စေနိုင်ပြီဆိုလျှင် ထိုသူတို့သည် ထာဝရဘုရား သခင်၏ချစ်သနားခြင်း၏နက်ရှိုင်းမှုနှင့် အပြစ်၏ရုပ်ဆိုးအကျည်းတန်မှု ကိုခွဲခြားသိမြင်၊နားလည်စွဲလမ်းလာလိမ့်မည်မဟုတ်လောမိတ်ဆွေ။

ခရစ်တော်သခင်၏အသေခံခြင်းအရာသည် လူသားတစ်နွယ်လုံးကို ကြီးမားသောမေတ္တာနှင့် ထာဝရဘုရားသခင်ချစ်မြတ်နိုးကြောင်းကိုပြသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းစရန်ပေတည်း။ ကပ်တိုင်တော်ကို ခရစ်ယာန်ထံမှပယ်ရှားလိုက်က ကောင်းကင်ယံတွင်နေမင်းကြီးကိုပယ်ရှားလိုက်သည်နှင့်တူ၏။

ကပ်တိုင်တော်သည် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့်နီးကပ်စေပါသည်။ ရန်ပြေမာန်ပြေဖြစ်စေ၏။ ဖခင်တစ်ဦး၌ချစ်သနားခြင်းရှိသကဲ့သို့ ယေဟောဝါဘုရားသခင်သည် ဒုက္ခဆင်းရဲခံနေရသောမိမိ၏သားတော်ကိုမြင်၏။

ထို့ကြောင့်သာလျှင် ကျွန်ုပ်တို့သည် ထာဝရသေခြင်းငရဲမှလွတ်မြောက်၍ချစ်ဖွယ်ကောင်းသော သားတော်ယေရှု၌ သက်ရှင်ကျန်းမာရသည်မဟုတ်ပါလောမိတ်ဆွေ။

ကပ်တိုင်သာမရှိလျှင် ကျွန်ုပ်တို့သည် ခမည်းတော်ဘုရားသခင်နှင့် မပေါင်းစည်းနိုင်။ ကပ်တိုင်တော်အားဖြင့်သာမျှော်လင့်ခြင်းရှိရ၏။ ကယ်တင်ရှင်၏မေတ္တာတော်ရောင်ခြည်ဦးကိုခံစားရ၏။

ကပ်တိုင်တော်ခြေရင်း၌ဒူးထောက်လျက် ကယ်တင်ရှင်ကိုကြည့်မျှော်မှသာလျှင် အပြစ်သားသည် အတိုင်းမသိဝမ်းမြောက်နိုင်၏။

အကြောင်းမူကား၊ သူ၏အပြစ်အားလုံးကို ကပ်တိုင်တော်ကယူဆောင်သွားသဖြင့် အပြစ်လွတ်ခြင်းရှိပြီမဟုတ်လော။ ကပ်တိုင်တော်ခြေရင်းမှာ ယုံကြည်ခြင်းဖြင့်ဒူးထောက်ဆုတောင်းပါသော် ထိုသူသည် အမြင့်ဆုံးသောအရပ်သို့ရောက်ရှိနိုင်ပါလိမ့်မည်။

ကပ်တိုင်တော်အားဖြင့် ခမည်းတော်ဘုရားသခင်၏အကန့်အသတ်မရှိ၊ နှိုင်းမမီသောချစ်မေတ္တာတော်ကို ကျွန်ုပ်တို့သိမှတ်နားလည်ရ၏။ သို့ဖြစ်၍ ပေါလု၏ကြွေးကြော်စကားကို ကျွန်ုပ်တို့အံ့သြရမှာလည်း။ "ငါဖြစ်လျှင် ငါတို့သခင်ယေရှုခရစ်တော်၏လက်ဝမ်းကပ်တိုင်တော်မှတစ်ပါး အဘယ်အရာ၌မျှ ဝါကြွားခြင်းမရှိပါစေနှင့်။" (ဂလာတိ ၆း၁၄)။ ကျွန်ုပ်တို့သည်လည်း ပေါလုရသောအခွင့်အရေးမျိုး ရရှိနိုင်ပါ၏။ ကပ်တိုင်တော်ဘုန်းတန်ခိုး၌တည်မှီအားကိုးလျက် ကျွန်ုပ်တို့အတွက် အသက်ပေးခဲ့သောသခင်ထံ ကျွန်ုပ်တို့၌ရှိသမျှကို လုံးလုံးလျားလျားအပ်နှင်းနိုင်ခွင့်ရှိပါသည်။ သို့ပြုလျှင် ကပ်တိုင်တော်မှရောင်ခြည်တန်းသည် ကျွန်ုပ်တို့၏မျက်နှာပေါ်တွင်ထင်ရှားသဖြင့် အမှောင်ကမ္ဘာဆီသို့ ခရစ်ယာန်သာသနာတော်အလင်းဆောင်ရန် ဆက်ကပ်လုပ်ဆောင်လေသမျှ အကျိုးကျေးဇူးများမည်မှာ ဧကန်မုချတည်း။

-----o-----

# အခန်း (၂၀)
# နယ်နိမိတ်လွန်ဒေသများဝယ်

(ဤအခန်းသည် တမန်တော် ၁၆း၇-၄၀ ကို အခြေပြုထားသည်)

ဧဝံဂေလိသတင်းကောင်းကို အာရှမိုင်းနားဒေသလွန်အရပ်များဆီသို့ ကြွေးကြော်ရန်အချိန်သည် ရောက်ရှိ၍လာလေပြီ။ ဥရောပနိုင်ငံများဆီသို့ချဉ်းနင်းဝင်ရောက်ရတော့မည်။

မြေထဲပင်လယ်နယ်နိမိတ်မြို့ဖြစ်သော တရောမြို့တွင် "ညဥ့်အခါ ပေါလုသည် ဖော်ပြချက်မြင်ခြင်းကိုမြင်ရ၍ မာကေဒေါနိလူတစ်ယောက်က မာကေဒေါနိ ပြည်သို့ကူးပါ။ ငါတို့ကိုမစပါဟုရပ်လျက် တောင်းပန်၏။"

ဖိတ်ခေါ်သံကအာဏာစက်ပါသည်။ တုံ့ဆိုင်းစရာအကြောင်းမရှိ။ "မြင်ခြင်းကိုမြင်ရလျှင်" ဧဝံဂေလိအဖွဲ့ဝင်များဖြစ်ကြကုန်သောဆေးဆရာလုကာ၊ ပေါလု၊ သိလနှင့်တိမောသေတို့သည် ဥရောပတိုက်သို့ကူး၍ "မာကေဒေါနိပြည်၌ ဧဝံဂေလိတရားတော်ကိုဟောစေခြင်းငှါ ဘုရားသခင်သည် ငါတို့ကိုခေါ်တော်မူသည်ဟု ငါတို့သဘောကျသဖြင့် ထိုပြည်သို့သွားခြင်းငှါ ချက်ချင်းရှာကြံကြ၏။ ထိုကြောင့် တရောမြို့မှသင်္ဘောလွှင့်၍ သာမောသရက်ကျွန်းသို့ တည့်တည့်သွားသဖြင့် နက်ဖြန်နေ့၌ နာပေါလိမြို့သို့ရောက်ကြ၏။ ထိုမြို့မှထွက်ပြန်လျှင် မင်းမှုလွတ်သောမြို့တည်းဟူသော မာကေဒေါနိပြည်တစ်ပိုင်းကို အစိုးရသော ဖိလိပ္ပိမြို့သို့ရောက်၍ ကာလအတန်ကြာနေကြ၏။"

လုကာကဆက်ပြောသည်။ "ဥပုသ်နေ့၌ ငါတို့သည် မြို့ပြင်သို့ထွက်လျှင် တရားဇရပ်ရှိတတ်ရာမြစ်နားသို့သွား၍ထိုင်ပြီးမှ ထိုအရပ်၌စည်းဝေးသော မိန်းမတို့အားဟောပြောကြ၏။ ထိုအခါ နီမောင်းသောအထည်အလိပ်ကို ရောင်းသောသွာတိရဲမြို့သူ လုဒိအမည်ရှိသော မိန်းမတစ်ယောက်သည် ဘုရားသခင်ကိုကိုးကွယ်သောသူဖြစ်၍ တရားနာစဉ်တွင် ပေါလုဟောပြောသောအရာကိုမှီဝဲဆည်းကပ်စေခြင်းငှါ သူ၏စိတ်နှလုံးကိုဘုရားသခင်ဖွင့်တော်မူ၏။" လုဒိသည် အမှန်တရားကိုဝမ်းမြောက်စွာလက်ခံသည်။ သူမနှင့်တကွ မိသားစုဝင်

အားလုံးပြောင်းလဲ၍ ရေနှစ်ခြင်းခံသည်။ မိမိအိမ်ကိုလည်း တမန်တော်များ၏ ခရီးသွားကွန်းထောက်ခိုစခန်းဖြစ်စေသည်။

ကပ်တိုင်တော်စေတမန်များ ခရစ်ယာန်သာသနာပြုလည်ပတ်ပြီဆိုသည်နှင့် ဗေဒင်ဟောတတ်သောနတ်ဝိညာဉ်ပူးကပ်ခံရသူ အမျိုးသမီးတစ်ယောက်သည် တမန်တော်များနောက်သို့လိုက်ကာ ဤသို့ဟစ်ကြော်လေ၏။ "ဤသူတို့ကား အကျွတ်တရားလမ်းကို ငါတို့အား ဟောပြောပြသသော အမြင့်ဆုံးသောဘုရားသခင်၏ကျွန်ဖြစ်ကြ၏။" ဤသို့ မိန်းမငယ်သည် အဖန်များစွာပြု၏။

ဤမိန်းမငယ်သည် စာတန်၏အထူးအသုံးတော်ခံဖြစ်၍ ဖြစ်ပျက်မည့်အရာကိုဟောကာ မိမိသခင်တို့အား စီးပွားများကိုဖြစ်စေတတ်၏။ သူမ၏သြဇာတန်ခိုးကား နတ်ရုပ်များကိုတိုးပွားထုတ်လုပ်စေ၏။ စာတန်သည် မိမိ၏နိုင်ငံတော်ဝင်စီးဖြိုချခံရတော့မည်ကိုသိသည်။ သို့ဖြစ်၍ ဧဝံဂေလိသတင်းကောင်းကြွေးကြော် သူတို့သွန်သင်သည့်အမှန်တရားစစ်နှင့်ရောနှောကာ စာတန်သည် သူ၏နည်းလမ်းကိုထည့်သွင်း၏။ ဤနည်းဖြင့် ဘုရားသခင်၏အမှုတော်မြတ်ကို ဆန့်ကျင်နိုင်မည် ဟုသူမျှော်လင့်မိသည်။ အမှန်အားဖြင့် မိန်းမငယ်၏ထောက်ခံစကားတို့သည် အမှန်တရားကိုထိခိုက်၏။ ကြားရသူတို့၏စိတ်အာရုံကို တမန်တော်တို့သွန်သင်သည့်အမှန်တရားမှပျံ့လွင့်စေ၏။ ဧဝံဂေလိတရားတော်၏ ကျက်သရေကိုဆုတ်ယုတ်စေလေသည်။ ထိုဟစ်ကြော်သံကြောင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့် ဝလျက် ဘုရားသခင်၏တန်ခိုးတော်နှင့်ဧဝံဂေလိတရားတော်ကို ဟောပြောကြွေးကြော်သော တမန်တော်တို့နှင့်စာတန်က လျှို့ဝှက်ဆောင်ရွက်ရန် စေလွှတ်ခြင်းခံရ သူမိန်းမငယ်၏တိုက်တွန်းမှုတို့သည် တစ်မျိုးတည်းသောဝိညာဉ်မှဖြစ်သည်မဟုတ်တုံလောဟု လူတို့၏စိတ်ထဲမှာထင်မှတ်ယုံကြည်စေလေသည်။

တဒင်္ဂမျှတော့ တမန်တော်များသည် သည်းခံကြသည်။ ထိုနောက်ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက် နတ်ဆိုးအား ထိုမိန်းမငယ်ထဲမှထွက်သွားရန် အမိန့်ပေးလိုက်သည်။

ထိုအခါ မိန်းမငယ်၏ရုတ်တရက်တိတ်ဆိတ်ငြိမ်သက်သွားသည်ကို ထောက်ရှု၍တမန်တော်တို့သည် ဘုရားသခင်၏အစေခံများဖြစ်ကြောင်း၊ နတ်ဆိုးသည်လည်း သူတို့ကိုအသိအမှတ်ပြု၍ အမိန့်နာခံရကြောင်းသက်သေဖြစ်တော့၏။

နတ်ဆိုးထွက်ခွာသွား၍စိတ်အာရုံပုံမှန်ဖြစ်လာသော ထိုမိန်းမငယ်သည် ခရစ်တော်သခင်၏နောက်တော်သို့လိုက်ရန် ရွေးချယ်ပါတော့သည်။ ထိုအခါ သူမ၏သခင်တို့သည် နောက်တစ်ဖန်စီးပွားဖြစ်လိမ့်မည်ဟု မျှော်လင့်စရာအကြောင်းမရှိသည်ကို သိမြင်လျှင် တမန်တော်တို့၏ ဧဝံဂေလိသတင်းကောင်းဟောပြောသာခရစ်ယာန်သာသနာခရီး ရပ်တန့်သွားအောင်လုပ်တော့၏။

အခြားမြို့နေလူထုအများစုမှာလည်း စာတန်နှင့်ဆိုင်သောလှည့်ကွက်မျက်လှည့်များနှင့်စီးပွားရှာကြသဖြင့် တမန်တော်တို့၏ ဩဇာလွှမ်းမိုးသွားချေက မိမိတို့၏ အကျိုးစီးပွားရပ်တန့်သွားနိုင်သည်ဟု စိုးရိမ်စိတ်နှင့် ဒေါသဖြစ်ကာ ဘုရားသခင်၏ စေတမန်တို့ကို အော်ဟစ်ငေါက်ငေါ်၍ ဖမ်းဆီးဆွဲငင်ကာရုံးတော်သို့ပို့ကြ၏။

မတရားစွပ်စွဲကြလေသည်။ "စစ်ကဲမင်းထံသို့ရောက်သောအခါ၌ သူတို့သည် ယုဒလူ(ဂျူး)ဖြစ်လျက် ငါတို့မြို့ကို နှောင့်ယှက်တတ်ပါ၏။ရောမလူဖြစ်သောငါတို့သည် မခံမယူ၊ မကျင့်အပ်သော ဘာသာထုံးတမ်းများကိုဟောပြောသွန်သင်တတ်ပါ၏။"

မြို့နေလူထုကြီးသည် စိတ်မာန်ကြွ၍မွှန်နေပြီ။ တပည့်တော်များကို ဆန့်ကျင်ကြ၏။အာဏာပိုင်တို့သည် လူထုကြီး၏ အလိုကိုလိုက်၍ တရားဥပဒေအရလိုက်နာရန် အပြစ်ချမှတ်ရလေတော့သည်။ ထိုအခါ တမန်တော်တို့၏ဝတ်ရုံကိုချွတ်၍ ကျောပြင်ကိုကြိမ်လုံးနှင့်ရိုပ်စေ၏။ "ရိုက်၍ဒဏ်ချက်များရှိပြီးမှလုံခြုံစွာစောင့်စေဟု ထောင်မှူးကိုမှာလိုက်၍ ထောင်ထဲမှာလှောင်ထားကြ၏။ ထိုသို့မှာလိုက်သည်အတိုင်း ထောင်မှူးသည် အကျဉ်းထောင်ထဲမှာ လှောင်၍ထိတ်ခတ်လျက်ထား၏။"

တမန်တော်တို့ကို အားပါးတရရိုက်နှက်ညှင်းဆဲပြီးမှ ချန်ထားကြသည်မို့ နာကျင်ခြင်းရောဂါကိုခံရကြ၏။ စိုးစဉ်းမျှမညည်းညူကြပါ။ အမှောင်ကမ္ဘာတွင် အကျဉ်းထောင်တိုက်ခန်းငယ်၏ ပျက်စီးခြင်းအရသာဆိုးကို ခံစားရင်းနှင့်တစ်ဦးကိုတစ်ဦးဆုတောင်းခြင်း၊ ဘုရားသခင်အားထောမနာသီချင်းဆိုခြင်းဖြင့် အားပေးအားယူပြုကြသည်။ သခင့်အတွက်အရှက်တကွဲအကျိုးနည်း ဖြစ်ခွင့်ရသည်ကိုပဲ ကျေးဇူးတင်နေကြပါ၏။ ချစ်ရပါသော ကယ်တင်ရှင်နတ်ရှင်အတွက် ခံစားရသည်မို့ စိတ်ပျော်နေကြသည်။ ပေါလုအနေဖြင့် တစ်ချိန်က သူကိုယ်တိုင်ဦးဆောင်၍ခရစ်တော်၏တပည့်များအား နှိပ်စက်ကလူပြုခဲ့ပုံကိုမြင်ယောင်မိသည်။

ယခုတော့ သူကိုယ်တိုင်ကအမြင်ပြောင်း၍ ဘုန်းဝင့်သောအမှန်တရားတန်ခိုးခံစားရသည်များအတွက် ဝမ်းမြောက်နေ၏။

အပြင်မှထောင်သားများက အတွင်းအကျဉ်းထောင်အခန်းငယ်မှဆုတောင်းသံများထွက်ပေါ် လာသည်ကိုကြားရကြသည်။ သူတို့ကြားရိုးထုံးစံရှိသည် ကစူးစူးဝါးဝါးအောဟစ်သံများ၊ ညည်းညူမြည်တမ်းသံများ၊ ကျိန်ဆဲသံများသာဖြစ်၏။ ညဥ့်အမှောင်ထု၏ တိတ်ဆိတ်မှုကို ခွင်းသော မကောင်းဆိုးဝါးသံများပေတည်း။ ယခုတော့အမှောင်ခန်းထဲမှသီချင်းသံသည် ထောင်စောင့်များနှင့်အကျဉ်းသားများကို အံ့အားသင့်စေ၏။ အေးစိမ့်၍ အစာရေစာမရှိ၊ နှိပ်စက်ခံဘဝရောက်နေသော ထိုသူသားများက ဝမ်းမြောက်နိုင်ကြသေးသည်မှာ အဘယ်သို့နည်း။ လူစင်စစ်မှဟုတ်ပါလေစ။

ဤအချိန်တွင် စစ်ကဲမင်းမှစ၍ အုပ်ချုပ်ရေးအာဏာပိုင်များအိမ်သို့ပြန်စဉ် မိမိတို့သည် မဆိုင်းမတွဆုံးဖြတ်လုပ်ဆောင်လိုက်သောကြောင့် မြို့နေလူထုသည် ကသောင်းကနင်းဖြစ်ခြင်းမှငြိမ်ဝပ်ပိပြားသွားရသည်ဟု ပြောဆိုကာကိုယ့်ကိုကိုယ်ချီးမွမ်းနေကြသည်။ သို့သော် အပြန်လမ်းပေါ်တွင် ထူးခြားသတင်းကိုကြားသိရ၏။ ကြိမ်လုံးနှင့်ရိုက်၍ ထောင်ချထားခြင်းခံရသောအကျဉ်းသားတို့သည် သာမန်လူများမဟုတ်။ စာတန်၏လွှမ်းမိုးအသုံးချမှုခံရသောမိန်းမငယ်ကို နတ်ဆိုးဘေးမှ လွတ်မြောက်စေသောသူများပေတည်း။ ထိုမိန်းမငယ်ကိုသူတို့တွေ့ခဲ့သည်။ မျက်နှာထားနှင့်အမူအရာမှာ ပကတိပုံမှန်ဖြစ်၏။ အထက်ကဆိုလျှင် သူမသည် မြို့ကိုအနှောင့်အယှက်ပေးလွန်းသူဖြစ်၏။ ယခုတော့သူမသည် တည်ငြိမ်အေးချမ်းသည်။ ဤသည်ကိုပြန်သုံးသပ်မိသည်နှင့်အမျှ အပြစ်မဲ့သူနှစ်ဦးကို ကျပ်တည်းသောပြစ်ဒဏ်ပေး ရောမဥပဒေနှင့်အညီ ဆုံးမခြင်းကားငါတို့၏ အမှားပါတကားဟူ၍ မိမိကိုယ်ကို စက်ဆုပ်ပြီး ဒေါသပုန်ထ၏။ နက်ဖြန်နံနက်စောစော ထိုသူတို့ကို လူထုမသိအောင် တိတ်တဆိတ်ထောင်မှလွှတ်မည်။ သောင်းကြမ်းမှု အန္တရာယ်မှလွတ်ကင်းရန် အကာအကွယ်ပေးစစ်သူရဲများနှင့်ခြံရံလျက် မြို့ပြင်သို့ ပို့မည်ဟုဆုံးဖြတ်ကြလေသည်။

လူသည် ရက်စက်၍ လက်စားချေလိုသောသဘော(သို့တည်းမဟုတ်) အပြစ်ဘေးကိုပေါ့ပေါ့တန်တန်သဘောထားတတ်ပါသော်လည်း ထာဝရဘုရားသခင်သည် မိမိ၏ အစေခံကျွန်များကို ကျေးဇူးပြုရန်မမေ့လျော့ပါချေ။ခရစ်တော်

သခင်အတွက် အနစ်နာ၊ ဆင်းရဲခံရသူအပေါင်းကို ကောင်းကင်ဘုံက စိတ်ဝင်စား၏။ ကောင်းကင်တမန်တို့သည်လည်း အကျဉ်းထောင်သို့ အကြည့်အရှု ရောက်လာရလေသည်။ သူတို့၏ခြေသည်မြေထိသည်နှင့်မြေကြီးတုန်လှုပ်၏လေးလံလှသောဇရာမထောင်တံခါးမင်းတုပ်တို့သည်လည်း ပွင့်သွားရ၏။ သံကြိုးများနှင့်ချေနင်းတို့သည်လည်း ထောင်သားများ၏ လက်နှင့်ခြေမှကျွတ်၏။ အကျဉ်းထောင်တစ်ခုလုံးလင်းရောင်ခြင်နှင့်တောက်ပကာနေလေသည်။

ထောင်မှူးသည် အကျဉ်းသားတမန်တော်များထံမှ ဆုတောင်းခြင်းနှင့် သီချင်းများကို အံ့သြစွာကြားရသည်။ သူတို့ကိုအခန်းငယ်သို့ပို့ခဲ့စဉ်က ခန္ဓာကိုယ်မှာသွေးသံရဲရဲနှင့်ရောင်ကိုင်းနေ၏။ သူကိုယ်တိုင်က ခြေချင်းခတ်ထားခဲ့သည်မဟုတ်လော။ အကျဉ်းသားများထံမှ မျှော်လင့်နိုင်သည်က ကျိန်ဆဲခြင်းနှင့်ညည်းညူသံများ၊ သို့သော်လည်း ယခုဝမ်းမြောက်စွာနှင့် သီချင်းကျူးဧနေပါသည်တကား။ ဤသီချင်းသံက သူ့ကိုအိပ်မောကျစေသည်။ သီချင်းသံအဆုံးတွင် မြေငလျင်လှုပ်၍ ထောင်နံရံများယိမ်းထိုးနေသည်။ ထိုအသံ လှုပ်ရှားမှုကြောင့် သူနိုးလာ၏။

ထောင်မှူးထိတ်လန့်သွားသည်။လာမည့်ဘေးကိုတွေး၍ကြောက်နေ၏။ ထောင်တံခါးများ ပွင့်နေပြီမဟုတ်လော။ထောင်သားများလွတ်သွားမှဖြင့်အခက်ပဲ။ သူသစ္စာမဲ့မှုကြောင့် မိမိအသက်ကို ပေးလျော်ရတော့မည်။ အထူးသဖြင့်ပေါလုနှင့်သိလကိုသူတာဝန်ယူရသည်။ စိတ်ဓါတ်ကျဆင်းမှုကြီးစွာဖြင့် ရှက်ဖွယ်ကောင်းသောကွပ်မျက်မှုကိုခံရသည်ထက်၊ မိမိကိုယ်ကိုအဆုံးစီရင်က အနေသာ၍ကောင်းမည်ဟုခံစားမိသည်။ ထိုကြောင့်ဓါးကိုထုတ်သည်။ ဓါးကိုရင်ဝမှာတေ့၍ ကိုယ်ကိုမှောက်ချမည်အပြုတွင် ပေါလု၏ ရွှင်လန်းသံကိုကြားရ၏။ "ကိုယ်ကိုအပြစ်မပြုနှင့်။ ငါတို့အပေါင်းသည်ရှိကြ၏ဟု ကြီးသောအသံနှင့်ဟစ်၍ ပြောဆို၏။" လူတိုင်းမိမိနေရာတွင်ရှိသည်။ ထာဝရဘုရားသခင်၏ တန်ခိုးတော်က ဘဝတူထောင်သားချင်းတစ်ဦး၏ ကြိုးပမ်းမှုအားဖြင့် မလှုပ်နိုင်အောင် တင်းတင်းဆွဲထားလေသည်။

ထောင်မှူး၏ ကြမ်းကြုတ်မှုက လူကိုကလဲ့စားချေစိတ်ဖြစ်ပေါ်လာစေသည်။ သို့သော် ပေါလုနှင့်သိလတို့သည် ခရစ်တော်၏စိတ်သဘောကိုရရှိထားသောကြောင့်အဆိုးကိုအကောင်းဖြင့်အနိုင်ယူ၏။ကယ်တင်ရှင်ကိုချစ်မြတ်နိုး

သောသဘောပြည့်ဝနေသောကြောင့်လည်း နှိပ်စက်ညှဉ်းဆဲသူကို ရန်ငြိုးသိုထားရန်စိတ်မရှိတော့ပြီ။

ထောင်မှူးကခေါင်းကိုချလိုက်သည်။ အတွင်းခန်းထဲသို့မီးတုတ်ယူလာရန်ဆင့်ခေါ်၏။ ရက်စက်ကြမ်းကြုတ်မှုများအတွက် ကြင်နာသနားစိတ်နှင့်တုံ့ပြန်ပြုပြင်သောသူတို့ကား "ဘယ်ကဲ့သို့သောလူမျိုးပါလဲ" ဟူ၍ တွေ့မြင်လို၏။ တမန်တော်များရှေ့မှောက်သို့ရောက်သောအခါ မိမိကိုယ်ကိုဝမ်းလျားမှောက်ကာတောင်းပန်တော့သည်။ ထိုနောက် တမန်တော်တို့အား ပြင်သို့ထုတ်ကာ၍သို့မေး၏။ "သခင်တို့၊ အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ အဘယ်သို့ပြုရပါမည်နည်း။"

ထောင်မှူးသည် မြေငလျင်အားဖြင့်ဖေါ်ပြသောထာဝရဘုရားသခင်၏အမျက်တော်ကိုမြင်တွေ့ရသောအခါ တုန်လှုပ်မိသည်။ အကျဉ်းသားများထွက်ပြေးပါကလည်း သူ့ကိုယ်သူအဆုံးစီရင်မည်ဟု ဧကန်မုချ။ သို့သော် ယခုတွင်မြင်တွေ့ရသောထူးကဲဆန်းကျယ်မှုက တမန်တော်များသည် နာကျင်မှုနှင့်စော်ကားမှုဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရငြားလည်း ထိုသူတို့၏ မျက်နှာအသွင်အပြင်မှာ အေးချမ်းတည်ငြိမ်သည်။ ကောင်းကင်ဘုံအလင်းနှင့်ရောင်ပြန်ဟပ်နေ၏။ ထာဝရဘုရားသခင်သည် ကြားဝင်၍ သူတို့၏အသက်ကို ကယ်တင်ထိုက်ကြောင်းကို ထောင်မှူးသိသည်။ သူ့စိတ်အာရုံထဲမှာလည်း နတ်ဝင်သည့်မိန်းမငယ်၏ ဟစ်အော်သံကိုပြန်လည်ကြားယောင်မိ၏။ "ဤသူတို့ကား အကျွတ်တရားလမ်းကို ငါတို့အားဟောပြောပြသသော အမြင့်ဆုံးသောဘုရားသခင်၏ကျွန်ဖြစ်ကြ၏။" ထိုအဖြစ်မျိုးကို ထောင်မှူးသည်လည်း ခံစားသိမှတ်လိုသည်မဟုတ်ပါလောမိတ်ဆွေ။

စိတ်နှလုံးနှိမ့်ချခြင်းကြီးစွာဖြင့် ထောင်မှူးသည် တမန်တော်တို့ကိုမိမိအားထာဝရအသက်လမ်းကိုပြသရန် တောင်းပန်၏။ ထိုအခါ တမန်တော်တို့က "သခင်ယေရှုခရစ်ကိုယုံကြည်လော့၊ ယုံကြည်လျှင် သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်ဟု ပြောဆိုလျက်၊ ထိုသူမှစ၍ သူ၏ အိမ်၌ရှိသမျှသော သူတို့အား ဘုရားသခင်၏ နှုတ်ထွက်တရားတော်ကိုဟောကြ၏။" ထိုနောက် ထောင်မှူးသည်လည်း တမန်တော်တို့၏အနာများကို ဆေးကြော၍ အစာအာဟာရကိုကျွေး၏။ သို့ပြီးမှ သူနှင့်တကွ. . . .

မိသားစုဝင်အလုံး ရေနှစ်ခြင်းကိုခံယူကြလေသည်။ ထောင်သားများအချင်းချင်းဆီသို့လည်း သန့်ရှင်းသောဧဝံဂေလိသတင်းကောင်းပျံ့နှံ့သွားစေပြီ။ တမန်တော်တို့ တရားပေးသည်များကို အာရုံစိုက်၍ နားထောင်ကြသည်။ သူတို့ကိုးကွယ်ယုံကြည်၍ ထိုဘုရားသခင်၏ အမှုတော်မြတ်ကိုထမ်းဆောင်သူတို့အား သူတို့၏ ဘုရားသခင်သာလျှင် အံ့ဩဖွယ်ရာဖြစ်ရပ်သက်သေများဖြင့်အနှောင်အဖွဲ့မှ လွတ်ကင်းစေပြီဖြစ်ကြောင်းကို ထောင်သားတို့ ထင်ရှားစွာသိမြင်မှတ်သားကြပေ၏။

ဖိလိပ္ပိမြို့သူမြို့သားတို့သည် ညမြေငလျင်ကြောင့် ကြီးစွာကြောက်လန့်ကြသည်။ မိုးသောက်အလင်းရောက်သော် အကျဉ်းထောင်အရာရှိကြီးငယ်တို့သည်မြို့တော်ဝန်စစ်ကဲမင်းနှင့်အာဏာပိုင်များတို့အား ညကဖြစ်ပျက်သည်များကိုပြောပြ၏။ သူတို့သည်လည်း ထိတ်လန့်သဖြင့် တမန်တော်တို့ကိုလွှတ်ပေးရန်စစ်သူရဲများကိုထောင်သို့စေလွှတ်ကာ ယခုထွက်၍ ငြိမ်ဝပ်စွာကြွသွားတော်မူကြပါဟုလျှောက်လျှင် ပေါလုက "ရောမလူဖြစ်သော ငါတို့ကိုတရားဥပဒေအတိုင်းမစီရင်ဘဲ စစ်ကဲတို့သည်ထင်ရှားစွာရိုက်၍ ထောင်ထဲမှာလှောင်ထားပြီးမှ တိတ်ဆိတ်စွာနှင်ထုတ်ကြမည်လော။ ထိုသို့မပြုသင့်။ ကိုယ်တိုင်လာ၍ငါတို့ကိုနှုတ်ယူကြစေဟု ရှုံးလုလင်အားပြောဆို၏။"

တမန်တော်တို့သည် ရောမပြည်သားဖြစ်၍ ရောမလူကိုကြိမ်လုံးနှင့်ရိုက်သည်မှာ တရားဥပဒေနှင့်မညီညွတ်ပါ။ လူသိရှင်ကြားရာဇဝတ်သားဖြစ်ပါမှ ရုံးမတင်မီရိုက်နှက်ခွင့်ရှိသည်။ ပေါလုနှင့်သိလတို့သည် လူသိရှင်ကြားကြိမ်လုံးနှင့်အရိုက်ခံရ၍ အကျဉ်းထောင်သို့ဝင်ရသည်။ ယခုတော့မြို့တော်ဝန်စစ်ကဲနှင့်အဖွဲ့ဝင်များက လျောက်ပတ်ပြေပြစ်သော အကျိုးအကြောင်းကိုမြို့နေလူထုအားရှင်းလင်းစွာမပြောပြဘဲနှင့် တိတ်တဆိတ် လွှတ်လိုက်သည်ကိုတမန်တော်တို့သည်လက်မခံကြ။

ဤစကားကို အာဏာပိုင်တို့ ကြားသိရသောအခါ ထိုအမှုသည် ရောမမင်းထံတိုင်စာရောက်မည်ကိုစိုးသဖြင့် ချက်ချင်းပင်ထောင်သို့လာ၏။ ပေါလုနှင့်သိလတို့ကိုလည်း မိမိတို့၏ မတရားရက်စက်မှုများအတွက် ခွင့်လွှတ်ပါရန်တောင်းပန်၍ သူတို့ကို အာဏာပိုင်တို့ကိုယ်တိုင်ဦးဆောင် ဝန်းရံလျက် ထောင်ပြင်သို့ထုတ်၏။ မြို့တော်မှလည်းထွက်ခွာရန်တောင်းပန်စကား ပြောလိုက်ပါသည်။

စစ်ကဲတို့သည် လူထုအပေါ် တမန်တော်တို့၏ဩဇာလွှမ်းမိုးမှုရှိသည်များ၊အပြစ်မဲ့ တမန်တော်တို့ကိုယ်စား ကြားခံတရားစီရင်ပေးနေသော တန်ခိုးရှင်ကြီးကိုလည်း ကြောက်ရွံ့ကြပါ၏။

ခရစ်တော်သခင်၏ ဩဝါဒ ညွှန်ကြားချက်အတိုင်းတမန်တော်တို့သည် လုပ်ဆောင်ကြသည်။ အလိုမရှိသူကိုရှောင်သင့်ပါ၏။ "ထိုအခါပေါလုနှင့်သိလတို့သည် ထောင်မှထွက်၍ လုဒိအိမ်သို့ဝင်သဖြင့် ညီအစ်ကိုများကို တွေ့မြင်၍ သက်သာစေပြီးမှထွက်သွားကြ၏။"

ဖိလိပ္ပိမြို့တွင် ခရစ်ယာန်သာသနာပြုခဲ့ပုံများအကျိုးမဲ့တော့မဖြစ်သွားပါ။ ဆန့်ကျင်မှုကြီးနှင့်နှိပ်ကွပ်မှုကြီးကို ရင်ဆိုင်တွေ့ကြုံခဲ့ရသော်လည်း သူတို့ကိုယ်သားသတ္တဝါအပေါင်းကိုကြည့်ရှုပြုစုစောင့်ရှောက်သော ဘုရားသခင်၏ကြားဝင်ထင်ရှားဖေါ်ပြမှုသည်လည်းကောင်း၊ ထောင်မှူးနှင့်သူ၏အိမ်သူအိမ်သားအပေါင်းတို့၏ပြောင်းလဲမှုသည်လည်းကောင်း၊ မတရားစော်ကားခံစားရသောညှင်းဆဲမှုနှင့်ယှဉ်သော် ဘာမျှမဟုတ်တော့ပါ။ အသီးအပွင့်ကိုမြင်တွေ့ရသဖြင့်ဝမ်းမြောက်လှပေပြီ။

တမန်တော်တို့၏ မတရားထောင်သွင်းအကျဉ်းချခံရပုံနှင့်အံ့ဖွယ်ကယ်နုတ်ခြင်းသတင်းတို့သည်လည်း ပြည်နယ်အနှံ့ပျံ့လွင့်၍နေ၏။ တမန်တော်တို့လက်လှမ်းမမီရောက်ရှိနိုင်သောနေရာဒေသများသို့ တမန်တော်တို့၏ခရစ်ယာန်သာသနာ ပြုခြင်းသတင်းကောင်းသည် ဤနည်းဖြင့် လွှမ်းမိုးနေလေပြီမဟုတ်လော။

ဖိလိပ္ပိမြို့တွင် အသင်းတော်တစ်ပါးတည်ထောင်နိုင်ခဲ့သည်။ သင်းဝင်များလည်းတိုးပွားလာ၏။ ပေါလုသည် စိတ်အားကြီး၍ ဘုရားသခင်ကိုချစ်မြတ်နိုးကြည်ညိုသူဖြစ်ရုံမျှမက ခရစ်တော်သခင်အတွက်ဆိုလျှင် ဆင်းရဲခံရန်အသင့်ရှိသည်ဆိုသောဆန္ဒမွန်ကို ခရစ်ယာန်ဖြစ်လာသူ မြို့သူမြို့သားတို့သိရသည့်နေ့မှစ၍ သူတို့၏ စိတ်အာရုံတွင် စွဲမြဲလျက် ကျန်ရစ်တော့၏။ ပေါလုပြောသောအမှန်တရားကို တန်ဖိုးထား၍ ကယ်တင်ရွေးနုတ်ရှင်ကို ထိုသူတို့သည် စိတ်နှလုံးအကြွင်းမဲ့နှင့်ချစ်မြတ်နိုးကြလေသည်။

ဤဖိလိပ္ပိအသင်းတော်သည် နှိပ်စက်ညှင်းဆဲခြင်းဘေးမှ မလွတ်ကင်းကြောင်းကို ပေါလု၏ စာစောင်က သက်သေပြနေပါ၏။ "အကြောင်းမူကား သင်တို့သည် အထက်ကမြင်သည်အတိုင်း၊ ယခုလည်း ကြားသည်အတိုင်း. . .

ငါခံရသော တိုက်လှန်ခြင်းကိုခံရသည်နည်းတူ သင်တို့သည် ခံရကြသည်ဖြစ်၍ ခရစ်တော်ကိုယုံကြည်ခြင်းအခွင့်မှတစ်ပါး ခရစ်တော်အတွက်ကြောင့် ဆင်းရဲခံရခြင်းအခွင့်ကို ကျေးဇူးတော်အားဖြင့်ရကြ၏။" "ငါသည် ဆုတောင်းသောအခါခါ၊ ဝမ်းမြောက်သောစိတ်နှင့်သင်တို့ရှိသမျှအဖို့ကို အစဉ် ဆုတောင်းလျက် သင်တို့ကို အောက်မေ့သောအခါခါ သင်တို့သည် ရှေးဦးစွာသော နေ့ရက်မှစ၍ ယခုတိုင်အောင် ဧဝံဂေလိတရားကိုဆက်ဆံ၍ ခံစားရကြောင်းကို ငါထောက်သဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါ၏။"

အမှန်တရားကို ဟောပြောသော ဘုရားသခင်၏ စေတမန်ခရစ်ယာန်သာသနာပြုသူများရှိရာအရပ်၊ ရောက်ရာအရပ်တိုင်းတွင် အမှန်တရားဘက်၌ရပ်တည်သောအင်အားစုနှင့် မကောင်းဆိုးဝါးများဟူသည် အမြဲရှိနေ၍ ကြောက်ခမန်းလိလိ ရုန်းရင်းဆန်ခတ်မှုတော့ရှိတတ်သည်။ ဤသဘောကို ပေါလုက ဤသို့ဆို၏။ "အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသောရန်သူများနှင့်ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်၊ အထွတ်အမြတ်တို့နှင့်လည်းကောင်း အာဏာစက်တို့နှင့်လည်းကောင်း၊ လောကမှောင်မိုက်၌အစိုးတရပြုလုပ်သောမင်းတို့နှင့်လည်းကောင်း၊ ကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏။" (ဧဖက် ၆း၁၂)။ ဤကဲ့သို့သော ဆိုင်ပြိုင်တိုက်လှန်မှုကြီးသည် ထာဝရဘုရားသခင်၏ အသင်းတော်နှင့်နတ်ဆိုးများ၏ ထိန်းချုပ်မှုအောက်တွင်ရှိနေသောသူတို့စပ်ကြား တည်ရှိနေဦးမည်မှာ ကပ်ကမ္ဘာကုန်ဆုံးသည့်တိုင်ဖြစ်ပါလိမ့်မည်မဟုတ်လော။

ရှေးဦးခရစ်ယာန် အသင်းတော်သူ/သားများသည် မှောင်မိုက်ကမ္ဘာ၏ ပညာတန်ခိုးများနှင့် ရံဖန်ရံခါရင်ဆိုင်ရကြပါ၏။ စဉ်းလဲသော ပရိယာယ်ကျော့ကွင်းနှင့်ပြောင်မြောက်သော နှိပ်ကွပ်မှုအားဖြင့်လည်း ဝိညာဉ်ရေးဆိုင်ရာရန်သူသည် ဘုရားသခင်၏ တပည့်တော်စုတို့အား စစ်မှန်သော ယုံကြည်ခြင်းမှတိမ်းလွဲစေရန် ကြိုးစားခဲ့ပါသည်။ ယခုလိုမျက်မှောက်ခေတ်တွင်လည်း ကပ်ကမ္ဘာကုန်ဆုံးရန်အချိန်နာရီ နီးကပ်လာသည်နှင့်အမျှ စာတန်သည် ကမ္ဘာလောကတစ်ခွင်လုံးကို ပျက်စီးရာပျက်စီးကြောင်း ထောင်ချောက်ဆင်ထားပါ၏။ သူသည် လူသားတို့၏ စိတ်အာရုံအား ကယ်တင်ခြင်းတရားကို ပြည့်နှက်ကာ မသိမဖြစ် အမှန်တရားများမှ လွဲဖယ်သွေဖည်စေသော စီမံကိန်းများစွာကို ဖန်ဆင်းတီထွင်

နေပါသည်။ ကမ္ဘာ့မြို့တော်ကြီးတွင်လည်း သူ၏စေတမန်များသည် ထာဝရဘုရား၏ ပညတ်တော်ကိုဆန့်ကျင်ရန် ပါတီပွဲများဖွဲ့စည်းတည်ထောင်ခြင်းဖြင့် အလုပ်များနေပါ၏။ စဉ်းလဲပရိယာယ်အရှင်ဂိုဏ်းချုပ်ကြီးသည် လူသားတို့ရှိရာနေရာအနှံ့၌ ရှုပ်ထွေးဆန့်ကျင်ထကြွမှုကို ဖြစ်စေသော လောကဓါတ်ပညာများနှင့်မိတ်ဆက်ပေးသဖြင့် ပညာသတိကင်းမဲ့၍ ဉာဏ်တိမ်သူတို့အတုံးအရုံးကျဆုံးကြလေဦးမည်ပါတကား။

ဆိုးသွမ်းညစ်ညမ်းမှုသည် ယခုတွင်ကမ္ဘာ့အမြင့်ဆုံး ဒီဂရီသို့ရောက်ရှိ၍ နေလေပြီ။ ဧဝံဂေလိသတင်းကောင်းဟောပြောသူ ခရစ်ယာန်သာသနာပြုများစွာတို့မှာလည်း "ငြိမ်သက်ခြင်းနှင့်လုံခြုံမှု" သည်နေရာအနှံ့ရှိနေသည်ဟုကြွေးကြော်ဟောပြောနေကြပါသေး၏။ သို့သော်လည်း ထာဝရဘုရားသခင်၏သစ္စာရှိတမန်တော်တို့မူကား၊ ခရစ်ယာန်သာသနာ့ခရီးစဉ်ကို မှန်မှန်နှင့်ရှေ့သို့တိုးကာ အလုပ်ပွားကြမည်။ ကောင်းကင်ဘုံကပေးသောအသက်တာဝတ်စုံကိုဝတ်ဆင်လျက်မကြောက်မရွံ့၊ အောင်မြင်ရလိမ့်မည်ဟူသော ခရစ်ယာန်သာသနာပြုစိတ်ဓါတ်ဖြင့် ရှေ့သို့တိုးချဲ့ကာ အလုပ်ပွားရပေမည်။ ကျွန်ုပ်တို့လက်လှမ်းမီသမျှ အသက်ဝိညာဉ်တိုင်းကိုလည်း ယခုမျက်မှောက်ခေတ်အတွက် အမှန်တရားသတင်းစဉ်ကို ထုတ်ဖေါ်ကြေညာသက်သေခံ၍ စွန့်ကြဲပေးကမ်းပြုသွားမည်မှာ ကျွန်ုပ်တို့၏ ဘုရားသခင်ပေးတာဝန်ပင်မဟုတ်ပါလော။ ရင်ဆိုင်ရမည့် အရာများကိုဝိညာဉ်ပကတိစိတ်သဘောနှင့် ရင်ဆိုင်ဖြေရှင်းသွားပါလော့။ သခင်က တာဝန်ယူပါသည်။

----ooo----

# အခန်း(၂၂)
# သက်သာလောနိတ်မြို့

(ဤအခန်းသည် တမန်တော် ၁၇း၁-၁၀ ကိုအခြေပြုထားသည်)

ဖိလိပ္ပိမြို့မှထွက်ခွာသွားသည်နောက် ပေါလုနှင့်သိလတို့သည်သက်သာလောနိတ်မြို့သို့ခရီးဦးတည်သည်။ဤမြို့ယုဒတရားဇရပ်တွင်ခရစ်ယာန်တရားပေးရန်အခွင့်အရေးရရှိ၏။ သူတို့၏ ရုပ်သွင်မှာလည်း မကြာသေးမီက ရရှိထားသောဒဏ်ရာဒဏ်ချက်များကြောင့် မသိသူအဖို့ ရှက်ဖွယ်သံသယဝင်နိုင်သည့်မို့မလွဲမရှောင်သာ၍ ရှင်းပြရသည်။ သူတို့ကိုယ်သူတို့မချီးမြှောက်ပါ။ သူတို့ကိုအံ့ဩဖွယ်ကယ်ချွတ်ခဲ့သော ဘုရားသခင်ကိုသာ ချီးမွမ်းထောမာပြုလျက် သက်သေခံတင်ဆက်၏။

သက်သာလောနိတ်မြို့သားတို့အား ခရစ်ယာန် တရားတော်ဟောကြားရာတွင်ဓမ္မဟောင်းကျမ်းပုရောဖက်များ၏ပြောသောမေရှိယသခင်အကြောင်းကိုတင်ပြသည်။

ခရစ်တော်သခင်အမှုတော်ဆောင်ရွက်ခဲ့စဉ်ကလည်း ကိုယ်တော်သည်တပည့်တော်တို့ကို ဤပရောဖက်စကားများနှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။ "ထိုအခါ မောရှေ၏ကျမ်းစာမှစ၍ ပုရောဖက်တို့၏ ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးသားထားသမျှသော ခရစ်ယာန်ကျမ်းစာချက်အနက်ကိုရှင်းလင်းစွာဖေါ်ပြတော်မူ၏။"

ပေတရုသည်လည်းကောင်း၊ သတေဖန်သည်လည်းကောင်း၊ သခင်၏အဖြစ်ကို ဖေါ်ပြခဲ့၏။ ယခုတစ်ဖန်ပေါလုသည်လည်း ခရစ်ယာန်ကျမ်းစာကကြိုတင်ပြောထားသောသခင်၏ မွေးဖွားခြင်း၊ အခက်အခဲ၊ အသေခံခြင်း၊ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်ဘုံသို့တက်ကြွသွားခြင်းကို ဟောပြောပြန်သည်။ မောရှေနှင့်အခြားပုရောဖက်များတို့၏ သက်သေခံချက်များအားဖြင့် နာဇရက်မြို့သားယေရှုသည် မေရှိယသခင်ဖြစ်၍ လူသားတို့၏ ဖခင်အာဒံအချိန်မှသည် ရှေးဘိုးဘေးများနှင့် ပုရောဖက်များခေတ်တစ်လျှောက်လုံးလူသားတို့အားစကားပြောနေသည်မှာ ခရစ်တော်သခင်ဖြစ်ကြောင်း ပေါလုသည် ပီပြင်ရှင်းလင်းစွာ သက်သေပြခဲ့ပါသည်။

ဤကတိတော် အရှင်သခင်၏ အသွင်လက္ခဏာနှင့်ပတ်သက်၍ကြို ဟောသောထူးခြားပုရောဖက်စကားများသည် ရှင်းပါ၏။ အာဒံအားကယ်တင်ရှင် နုတ်ရှင်ကြွလာမည်ဆိုကြောင်းကို အတိအလင်းပြောခဲ့သည်။ "သင်နှင့်မိန်းမကို လည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့်မိန်းမ၏ အမျိုးအနွယ်ကိုလည်းကောင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကိုကြိတ်လိမ့်မည်။ သင်သည် သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။" (ကမ္ဘာဦး ၃း၁၅)။ ကျွန်ုပ်တို့၏ မိဦးဖဦးတို့ကိုပေးခဲ့သောကယ်တင်ရှင်နုတ်မည်ဆိုသော ကတိတော်သည် ယေရှုခရစ်တော်အားဖြင့် ဖြစ်သည်မဟုတ်လောမိတ်ဆွေ။

အာဗြဟံလက်ထက်တွင်လည်း ကြည့်ပါ။ "သင်၏အမျိုးအနွယ်အားဖြင့်လူအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကိုခံရကြလိမ့်မည်။ " "ကတိတော်တို့ကိုအာဗြဟံနှင့်သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။ အမျိုးအနွယ်တို့ဟုအများသောသူတို့ကို ရည်မှတ်၍ မိန့်တော်မူသည်မဟုတ်။ သင်တို့၏ အမျိုးအနွယ်ဟု တစ်ယောက်သောသူကိုရည်မှတ်၍ မိန့်တော်မူ၏။ ထိုတစ်ယောက်သောသူကား ခရစ်တော်ဖြစ်သတည်း။" (ကမ္ဘာဦး ၂၂း၁၈၊ ဂလာတိ ၃း၁၆)။

မောရှေသည်လည်း ဣသရေလအမျိုးကို ရှေ့ဆောင်ဦးစီးသောဆရာကြီးတစ်ပါးပင်ဖြစ်၏။ မေရှိယသခင်နှင့်ပတ်သက်၍ ဤသို့မိန့်ကြားခဲ့ပါသည်။ "သင်၏ ဘုရားသခင်ထာဝရဘုရားသခင်သည် သင်၏အမျိုးသားခြင်းတို့အထဲ၌ငါနှင့်တူသော ပုရောဖက်တစ်ပါးကို သင်တို့အဖို့ ပေါ်ထွန်းစေတော်မူမည်။ ထိုပုရောဖက်၏ စကားကိုနားထောင်ရမည်။" ဤစကားကို ဘုရားသခင်ကိုယ်တော်တိုင်က သူ့အားဟောရပ်တောင်ပေါ်တွင်ရှိစဉ်က မိန့်ကြားတော်မူခဲ့ကြောင်း ဣသရေလလူတို့အား အတိအလင်းပြောပြပါသည်။ "သူတို့အမျိုးသားချင်းတို့အထဲ၌ သင်နှင့်တူသော ပုရောဖက်တစ်ပါးကို သူတို့အဖို့ ငါပေါ်ထွန်းစေ၍ ထိုပုရောဖက်နှုတ်၌ ငါ့စကားကိုငါအပ်သဖြင့် ငါမှာထားသမျှတို့ကို သူတို့အား ဆင့်ဆိုရလိမ့်မည်။" (တရားဟော ၁၈း၁၅၊၁၈)။

မေရှိယသခင်သည် ရှင်ဘုရင်မင်းနွယ်မှဖြစ်သည်ဟု ယာကုပ်က ပုရောဖက်ပြုဟောကြားခဲ့ပါ၏။ "ရှိလောမရောက်မီတိုင်အောင် ရာဇလှံတံသည် ယုဒထံမှလည်းကောင်း မင်းအာဏာသည်သူ၏ အမျိုးအနွယ်ထံမှလည်းကောင်း မတွေ့ရ။ ရှိလော၌ လူမျိုးတို့သည် ဆည်းကပ်ကြလိမ့်မည်။" (ကမ္ဘာ ၄၉း၁၀)။

ပုရောဖက်ဟေရှာယသည်လည်း ဤသို့ကြိုဟောခဲ့ပါသည်။ "ဟေရှဲ အမျိုးအငုတ်၌ အထက်ပေါက်လိမ့်မည်။ သူ၏အမြစ်တို့တွင် အညွန့်သည်အသီးသီးလိမ့်မည်။" "နူးညွတ်သောနားနှင့်ငါ့ထံသို့လာကြလော့။ နားထောင်ကြလော့။ သို့ပြုလျှင် သင်တို့၏ ဝိညာဉ်သည်အသက်ရှင်လိမ့်မည်။ ငါသည်လည်း သင်တို့နှင့်ထာဝရကတိပြု၍ ဒါဝိဒ်၌မြဲမြံသောကျေးဇူးတော်ကို သင်တို့အားပေးမည်။ ကြည့်ရှုလော့။ ထိုသူကိုဆရာဖြစ်စေခြင်းငှာလည်းကောင်း၊ စီရင်အုပ်စိုးသောအရှင်ဖြစ်စေခြင်းငှာလည်းကောင်း၊ လူမျိုးတို့အား ငါပေးပြီ။ ကြည့်ရှုလော့။ သင်သည်မသိဖူးသော လူမျိုးကိုခေါ်လိမ့်မည်။ သင့်ကိုမသိဖူးသော လူမျိုးတို့သည်လည်း သင်၏ ဘုရားသခင်ထာဝရဘုရား၊ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရားသခင်ကြောင့် သင့်ထံသို့ပြေးလာကြလိမ့်မည်။ ထိုဘုရားသခင်သည် သင်၏ ဘုန်းကိုပွင့်စေတော်မူ၏။" (ဟေရှာယ ၁၁း၁၊ ၅၅း၃-၅)။

ပုရောဖက်ယေရမိကမူ ကယ်တင်ရွေးနုတ်ရှင်သည် ဒါဝိဒ်မျိုးဆက်မှ မင်းသားတစ်ဦးဖြစ်မည်ဟု သက်သေခံခဲ့ပါသည်။ "ထာဝရဘုရားမိန့်တော်မူသည်ကား သန့်ရှင်းသောအညွန့်ကို ဒါဝိဒ်အဖို့ ငါပေါက်စေသည်အတိုင်း ဉာဏ်ကောင်းသောရှင်ဘုရင်တစ်ဦးသည်စိုးစံ၍ မြေကြီးပေါ်မှာ တရားသဖြင့်ဖြောင့်မတ်စွာစီရင်ရာကာလသည်ရောက်လိမ့်မည်။ ထိုမင်းလက်ထက်၌ ယုဒပြည်သည် ကယ်တင်ခြင်းသို့ရောက်၍ ဣသရေလပြည်လည်း ငြိမ်ဝပ်စွာနေရလိမ့်မည်။

ထိုမင်းသည် ယေဟောဝါဇေဒကနုဟူသော ဘွဲ့နာမရှိလိမ့်သတည်း။ တစ်ဖန်တုံလည်း၊ "ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ ဣသရေလနန်းတော်ပေါ်မှာတိုင်ရသော ဒါဝိဒ်မင်းရိုးမင်းစဉ်သည် အလျှင်းမပြတ်ရ။ ငါ့ရှေ့မှာ မီးရှို့ရာယဇ်ကိုပူဇော်လျက် ဘောဇဉ်ပူဇော်သကာကိုမီးရှို့လျက် ပူဇော်ရာဝတ်ကို အစဉ်ပြုရသော လေဝိသားယဇ်ပုရောဟိတ်ရိုးလည်း အလျှင်းမပြတ်ရဟုမိန့်တော်မူ၏။" (ယေရမိ ၂၃း၅၊၆၊ ၃၃း၁၇၊၁၈)။

မေရှိယသခင်၏ မွေးရပ်မြေကိုပင်ကြိုဟောထားသည်မှာ "အိုဗက်လင်ဧဖရတ်မြို့၊ အစိုးရသောယုဒမြို့တို့တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်းဣသရေလအမျိုးကိုအုပ်စိုးသော သခင်သည် ငါ့အဖို့သင်၏အထဲမှာပေါ်ထွန်းလတ္တံ့။ထိုသခင်သည်ရှေးကပ်ကာလမှစ၍ပေါ်ထွန်းသောသခင်ဖြစ်၏။" (မိက္ခာ ၅း၂)။

ထိုကယ်တင်ရှင်၏အမှုတော်မြတ်ကိုလည်း ဤသို့ပြည့်ပြည့်စုံစုံကြိုဟော ထားပါသည်။ "ထာဝရဘုရားသခင်၏ ဝိညာဉ်တော်တည်းဟူသော ဉာဏ်ပညာကိုပေးသောဝိညာဉ်၊ကြံစည်တတ်စွမ်းနိုင်သောသတ္တိကိုပေးသောဝိညာဉ်၊ ထာဝရဘုရားသခင်ကိုသိ၍ ကြောက်ရွံ့သောသဘောကို ပေးသော ဝိညာဉ်တော်သည် ထိုသူအပေါ်မှာတည်ရှိတော်မူလိမ့်မည်။ ထိုသူသည် ထာဝရဘုရားသခင်ကို ကြောက်ရွံ့ခြင်း၌မွေ့လျော်သည်ဖြစ်၍" ထိုဘိသိတ်ပေးခံရသူသခင်ကြီးက"ဆင်းရဲသားတို့အားဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ. . . . နှလုံးကြေကွဲသောသူတို့၏ အနာကိုစည်းစေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အားလွှတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကိုပြစေခြင်းငှာလည်းကောင်း၊ထာဝရဘုရားသခင်၏မင်္ဂလာနှစ်နှင့် ငါတို့ဘုရားသခင်အပြစ်ပေးတော်မူရာနေ့ရက်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း၊ စိတ်မသာညည်းတွားသောသူတို့အား နှစ်သိမ့်စေခြင်းငှာလည်းကောင်း၊ စိတ်မသာညည်းတွားသောဇိအုန်မြို့သားတို့အဖို့ စီရင်၍ ပြာအရာ၌ ပေါင်းသရဖူ၊ ဝမ်းနည်းခြင်းအရာ၌ ဝမ်းမြောက်ခြင်းဆီ၊ ညှိုးငယ်သောစိတ်သဘောအရာ၌ ချီးမွမ်းခြင်းအဝတ်တန်ဆာကို သူတို့အားပေးစေခြင်းငှာလည်းကောင်း၊ ငါ့ကိုစေလွှတ်တော်မူပြီ။ ထိုသူတို့သည် ဖြောင့်မတ်ခြင်းသပိတ်ပင်၊ ဘုန်းကျက်သရေတော်ဖို့ ထာဝရဘုရားသခင်စိုက်ပျိုးတော်မူသော အပင်ဟူ၍ သမုတ်ခြင်းကိုခံရကြလိမ့်မည်။" (ဟေရှာယ ၁၁း၂၊၃။ ၆၁း၁-၃)။

"ငါထောက်မသောငါ့ကျွန်ရင်း၊ ငါနှစ်သက်မြတ်နိုးရာ ငါရွေးချယ်သောသူကိုကြည့်ရှုလော့။ ထိုသူ၏အပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်။ သူသည် လအမျိုးမျိုးတို့ကို တရားပေးလိမ့်မည်။ အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းကို မပြုမူ၍ လမ်းခရီး၌ သူ၏အသံကို အဘယ်သူမျှမကြားစေရ။ နင်းနယ်လျက်ရှိသော ကျူပင်ကိုမချိုး၊ အတောက်သေးသော မီးစာကိုမသတ်။ တရားသည် မြဲမြံခြင်းသို့ရောက်မည်အကြောင်း စီရင်လိမ့်မည်။ မြေကြီးပေါ်မှာ တရားတော်ကိုမတည်စေမီတွင် အားမလျော့။ စိတ်လည်းမပျက်ရ။ သူ၏တရားကိုလည်းတစ်ကျွန်းတစ်နိုင်ငံသားတို့သည် မြော်လင့်ကြလိမ့်မည်။"(ဟေရှာယ ၄၂း၁-၄)။

ပေါလုသည် စေ့စပ်သေချာသောစိတ်အင်အားနှင့် ဓမ္မဟောင်းကျမ်းစောင်များကိုကျိုးကြောင်းဆက်သွယ်စဉ်းစားရာတွင်"ခရစ်တော်သခင်သည်ခက်ခဲမ

ဆင်းရဲခြင်းဒဏ်ကို ခံစားဖို့လို၍ သေခြင်းမှရှင်ပြန်ထမြောက်ရမည်" ဟု အဖြေပေါ်သည်။ ဤသည်ကို ပုရောဖက်မိက္ခာက ဤသို့ကြိုတင်ဟောထား၏။ "ဣသရေလမင်း၏ပါးကို ကြိမ်လုံးနှင့်ရိုက်ကြပြီတကား။" (မိက္ခာ ၅း၁) ကတိတော်အရှင်ခရစ်တော်ကိုယ်တိုင်ကလည်း ပုရောဖက်ဟေရှာယအားဖြင့် မိမိအဖြစ်ကိုဤသို့ဆို၏။ "ရိုက်သောသူအား၊ ငါ့ကျောကိုလည်းကောင်း၊ နားပန်းဆံကိုနုတ်သောသူတို့အား ငါ့ပါးကိုလည်းကောင်း ငါအပ်၏။ အရှက်ခွဲခြင်းနှင့် တံတွေးထွေးခြင်းမှ ငါသည်ကိုယ်မျက်နှာကိုမလွှဲ။" (ဟေရှာယ ၅၀း၆)။ ဆာလံဆရာအားဖြင့်လည်း လူသားတို့ထံမှ ခရစ်တော်သခင်ခံစားရမည့် ခက်ခဲမှုများကို ကြိုဟောထားပါသေးသည်။ "အကျွန်ုပ်မူကား. . . . . လူများကဲ့ရဲ့စရာ၊ လူစုအရှက်ခွဲစရာဖို့ဖြစ်ပါ၏။ အကျွန်ုပ်ကို မြင်သမျှသောသူတို့သည် ပြက်ရယ်ပြုခြင်း၊ နှုတ်ခမ်းဖြဲခြင်း၊ ခေါင်းညိတ်ခြင်းကို ပြုကြပါ၏။ သူသည် ထာဝရဘုရားသခင်ကိုကိုးစားပြီး၊ သူ့ကိုနှုတ်တော်မူပါလေစေ။ သူ၌ အလိုတော်ရှိလျှင် ယခုပင်ကယ်တင်တော်မူပါစေ ဟုဆိုကြပါ၏။" "ကိုယ်အရိုး ရှိသမျှတို့ကို အကျွန်ုပ်ရေတွက်နိုင်ပါ၏။ သူတို့သည် အကျွန်ုပ်ကိုကြည့်မြင်၍ အားရလျက် နေကြပါ၏။ အကျွန်ုပ်အဝတ်ကို အချင်းချင်းဝေဖန်၍ အကျွန်ုပ်အင်္ကျီကို စာရေးတံချကြပါ၏။" "ကိုယ်ညီအစ်ကိုတို့တွင် လူစိမ်းဖြစ်ခဲ့ပါပြီ။ တစ်မိတည်းသောပေါက်ဘော်တို့တွင် တစ်ကျွန်းတစ်နိုင်ငံသားဖြစ်ခဲ့ပါပြီ။ ကိုယ်တော်၏ အိမ်တော်၌စွဲလမ်းပူပန်ခြင်းစိတ်သည် အကျွန်ုပ်ကိုစားပါ၏။ ကိုယ်တော်ကို ကဲ့ရဲ့သောသူတို့၏စကားသည် အကျွန်ုပ်အပေါ်သို့ရောက်ပါ၏။" "ကဲ့ရဲ့ခြင်းအားဖြင့်အကျွန်ုပ်သည် စိတ်ပျက်၍ အလွန်ပူဆွေးခြင်းရှိပါ၏။ သနားသောသူကိုကြည့်၍မမြင်။ သက်သာစေသောသူကိုရှာ၍မတွေ့ရပါ။" (ဆာလံ ၂၂း၆-၈၊၁၇၊၁၈ ၆၉း၈၊၉၊၂၀)။

သခင်ခရစ်တော်၏ ကိုယ်စိတ်နှလုံးသုံးပါးသော ဆင်းရဲခြင်းဒဏ်နှင့်ကိုယ်စားပြုအသေခံခြင်းဆိုင်ရာ ပုရောဖက်ဟေရှာယ၏ စကားများသည် မမှားနိုင်အောင်ရှင်းလင်းနေပါ၏တကား။ "ငါတို့ဟောပြောသောသတင်းစကားကို အဘယ်သူယုံသနည်း။ ထာဝရဘုရားသခင်၏ လက်တော်သည် အဘယ်သူအားထင်ရှားတော်မူသနည်း။ ထာဝရဘုရားသခင်၏ ကျွန်သည် အညွန့်ကဲ့သို့လည်းကောင်း၊ သွေ့ခြောက်သောမြေ၌ပေါက်သော အတက်ကဲ့သို့လည်းကောင်း၊

ရှေ့တော်၌ ကြီးပွား၏။ ပမာဏပြုစရာအဆင့်တင့်တယ်ခြင်းမရှိ။ ချစ်လိုဖွယ်သောမျက်နှာလက္ခဏာနှင့်မပြည့်စုံ။ မထီမဲ့မြင်ပြုခြင်းကိုခံ၍ လူတို့တွင်အယုတ်ဆုံးသောသူဖြစ်၏။ ငြိုငြင်သောသူ၊နာကြည်းခြင်းဝေဒနာနှင့်ကျွမ်းဝင်သောသူဖြစ်၏။ သူတစ်ပါးမျက်နှာလွှဲခြင်းကို ခံရသောသူကဲ့သို့ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကိုခံလျက်ရှိ၍ ငါတို့သည် မရိုသေကြ။"

"သို့သော်လည်း ထိုသူသည်ငါတို့အနာရောဂါများကိုယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုလည်းကောင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုလည်းကောင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။"

"ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့အသီးအသီးလိုက်သွားကြသည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့၏ အပြစ်များကိုသူ့အပေါ်မှာတင်တော်မူ၏။ ထိုသူသည် ညှင်းဆဲခြင်းနှင့်နှိမ့်ချခြင်းကိုခံ၍ နှုတ်ကိုမဖွင့်ဘဲနေ၏။

အသေသတ်ခြင်းငှာဆောင်သွားသော သိုးသငယ်ကဲ့သို့သူ့ကိုဆောင်သွား၍ သိုးသည်အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့ သူသည်နှုတ်ကိုမဖွင့်ဘဲနေ၏။ မတရားစွာစီရင်ခြင်းအားဖြင့် သူ့ကိုထုတ်သွားကြ၏။ အသက်ရှင်သောသူတို့၏ နေရာမှ သူ့ကိုသုတ်သင်ပယ်ရှင်းသည်ဖြစ်၍သူ၏အမျိုးအနွယ်ကိုအဘယ်သူပြည့်နှမည်နည်း။ ငါ၏လူမျိုးအပြစ်ကြောင့်ဒဏ်ခတ်တော်မူခြင်းကိုခံလေ၏။" (ဟေရှာယ ၅၃း၁-၈)။

ထိုသခင်သည် ဘယ်လိုဘယ်နည်း ကိုယ်စားပြုအသေခံသွားရမည်ကိုသော်လည်း၊ ပုရောဖက်များ ကြိုတင်ဟောထားပါ၏။ ကြေးဝါမြွေရုပ်သည်အိမ်တော်ထဲတွင် မြှောက်ပင့်ခြင်းခံရသကဲ့သို့ လာမည့် ကယ်တင်ရွေးနုတ်ရှင်သည် မြှောက်တင်ခြင်းကိုခံရလတ္တံ့။ ထိုအကြောင်းအရာကို "ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ" (ယောဟန် ၃း၁၆)။ ဘုရားသခင်ပြင်ဆင်တော်မူပြီမိတ်ဆွေ။

"သူတစ်ပါးကလည်း သင့်လက်၌ ပေါ်သောဒဏ်ရာကားအဘယ်သို့နည်းဟုမေးလျှင် ဤဒဏ်ရာကား အကျွန်ုပ်၏အဆွေခင်ပွန်း၌ခံရသောဒဏ်ရာဖြစ်ပါသည်ဟုပြန်ပြောလိမ့်မည်။ (ဇာခရိ ၁၃း၆)။

"ပြစ်မှားခြင်းကိုမပြု၊ သူ၏နှုတ်၌မုသာမရှိသော်လည်း လူဆိုးတို့နှင့်အတူ မြေမြှုပ်ခြင်းငှာစီရင်ကြ၏။ သို့ရာတွင် သေပြီးမှသူဌေး၌ရှိ၏။" (ဟေရှာယ ၅၃း၉၊၁၀)။

သို့ရာတွင် ထိုသခင်သည် အပြစ်သားများလက်ချက်ဖြင့် အသေခံခဲ့ရသော်လည်း အပြစ်တရားနှင့်သေခြင်းမာန်ကို အောင်မြင်လျက် ရှင်ပြန်ထမြောက်လေ၏။

ထို့ကြောင့် သေလွန်ပြီးသူ ထိုသခင့်ကို ယုံကြည်သောကမ္ဘာသူ၊ကမ္ဘာသားများရှင်ပြန်ထမြောက်ရာနံနက်ချိန်ခါ ဘုန်းစည်းစိမ်ကောင်းချီးနှင့်ပတ်သက်၍ ဣသရေလတို့၏ ချိုတေးသံပြိုင်သခင်သည် ဤသို့သက်သေခံပါ၏။ "ငါ့ဝိညာဉ်သည်လည်း ရွှင်လန်းခြင်းရှိ၏။ ထိုမှတစ်ပါး ငါ့အသားသည် မျှော်လင့်လျက်တည်ရှိလိမ့်မည်။ အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်၏ဝိညာဉ်ကိုသေမင်းနိုင်ငံ၌ ပစ်ထားတော်မမူ။ ကိုယ်တော်၏ သန့်ရှင်းသောသူအားလည်း ပုပ်စပ်ခြင်းကို ရှိစေတော်မမူဘဲလျက်၊ အသက်ရှင်ခြင်းလမ်းကိုပြညွှန်တော်မူလိမ့်မည်။" (ဆာလံ ၁၆း၉၊၁၀)။

ထာဝရဘုရားသခင်ညွှန်ကြားသော ယဇ်ပူဇော်ခြင်းအစီအစဉ်တွင် ပုရောဖက်ပြောသောစကားရပ်များမှ မေရှိယအရှင်သည် "အသေသတ်ခြင်းငှာဆောင်သွားသောသိုးသငယ်ကဲ့သို့သူ့ကိုဆောင်သွား၍" "သူသည်အပြစ်ဖြေသောယဇ်ကိုပူဇော်ပြီးမှ" ကိုယ်စားပြုသောအသေခံခြင်းဖြစ်ကြောင်း ပေါလုရှင်းပြပါသည်။ ကယ်တင်ရှင်ယေရှုခရစ်တော်၏ အပြစ်ဖြေရာယဇ်ပူဇော်ခြင်းမြင်ကွင်းကိုပုရောဖက်ဟေရှာယက ဘုရားသခင်၏ သိုးသငယ်သည် "မိမိအသက်ကိုသေခြင်း၌သွန်း၍ မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်းသို့ ရောက်သဖြင့်လူများတို့၏ အပြစ်ကိုဆောင်ရွက်၍ မတရားသောသူတို့အဖို့တောင်းပန်သောကြောင့်" (ဟေရှာယ ၅၃း၈၊၁၀၊၁၂) ဟူ၍သက်သေပြုပြောကြားခဲ့ပါသည်။

ပုရောဖက်စကားအရ၊ကယ်တင်ရှင်သည် ကြွလာမည်၊ညှင်းဆဲခံဂျူးလူမျိုးတစ်နွယ်လုံးကိုကယ်တင်မည့်အာဏာတန်ခိုးကြီးသောရှင်ဘုရင်ကဲ့သို့မဟုတ်။ သာမန်လူထဲကလူတစ်ယောက်ကဲ့သို့လာမည်။စိတ်နှလုံးနှိမ့်ချ၍ဆင်းရဲမွဲတေသော

အသက်တာမျိုးနှင့်နေထိုင်မည်။ အပယ်ခံဘဝတွင်ရှိနေလျက် နောက်ဆုံးလုပ်ကြံခံရမည်။ လူသားတစ်နွယ်လုံးအတွက် ကိုယ်စားပြုအသေခံခြင်းပေတည်း။ ဤနည်းဖြင့် ကျမ်းစကားတို့ပြည့်စုံလာသည်။ ထိုသခင်၌ ယဇ်ပူဇော်ခြင်းပုံစံသည် ပြည့်စုံခြင်း၏ ပုံရိပ်ဖြစ်လာသည်။ ထိုသခင်၏ လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းက ဂျူးလူမျိုးတစ်နွယ်လုံး၏ စီမံအုပ်ချုပ်ဖွဲ့စည်းပုံနည်းစနစ်တစ်ခုလုံးကို အထူးအကျိုးသက်ရောက်စေပါ၏။

ပေါလုသည် သက်သာလောနိတ်မြို့နေဂျူးလူမျိုးတို့အား မိမိသည် ယခင်ကဝိနည်းအထုံးအဖွဲ့ဆိုင်ရာ ပညတ်ချက်များကိုအသေးစိတ်လိုက်လျှောက်၍ စိတ်အားကြီးသူဖြစ်ကြောင်းနှင့် ဒမာသက်မြို့ အဝင်ဂိတ်တံခါးအနီးတွင် အံ့ဖွယ်ကောင်းသောအတွေ့အကြုံရရှိခဲ့ကြောင်း ပြောပြပါသည်။ သူမပြောင်းလဲခဲ့စဉ်ကဆိုလျှင် ရိုးရာဇာတိဝတ်ပြုကိုးကွယ်မှုကို အမှန်ထင်မှတ်၍ ယုံကြည်မျှော်လင့်ခဲ့သည်။ အပြင်ပန်းသဏ္ဍာန်ဖြင့်သာပညတ်တရားအထုံးအဖွဲ့များကို အားကိုးစိတ်ချထားခဲ့သည်။ ခရစ်တော်သခင်ကို မယုံကြည်ခဲ့ပေ။ ထိုကြောင့်လည်းကျင့်လေသမျှအကျိုးမရှိ။ အချည်းနှီးဖြစ်ခဲ့ရ၏။ ပညတ်တရား၏အကျင့်များကိုအပြစ်တင်စရာမရှိလောက်အောင်ကျင့်သဖြင့် ကြွားလုံးထုတ်နိုင်ခဲ့သော်လည်းထိုပညတ်တရားကိုတန်ဖိုးထား ပြည့်စုံစေသူခရစ်တော်ကိုတော့ သူငြင်းပယ်ခဲ့သည်။

သို့သော် အသက်တာပြောင်းလဲပြီးသည်နောက်ပိုင်း အားလုံးကပြောင်းလဲသွားသည်။ သူညှင်းဆဲခဲ့သောသန့်ရှင်းသူတို့သည် နာဇရက်မြို့သားယေရှုသခင်ကို ကိုယ်စားပြုသဖြင့် နောင်သော်မေရှိယအရှင်ဟုသိမှတ်ခဲ့သည်။ ဘုရားသခင်၏သားတော်ကိုလည်း ဤလောကသို့အလင်းဆောင်ရန် ကြွလာသောသခင်၊ ပုရောဖက်ဟောသောစကားများကို ပြည့်စုံစေသူ၊ အသက်တာအားဖြင့် သန့်ရှင်းသောကျမ်းစာများမှ သီးခြားသတ်မှတ်ချက်တိုင်းကို ပြည့်စုံစေသူဟူ၍ပေါလုမြင်လာပါတော့သည်။

ပေါလုသည် သတ္တိစင်ကြယ်ပြောင်မြောက်စွာဖြင့် သက်သာလောနိတ်မြို့ယုဒတရားဇရပ်တွင် ဧဝံဂေလိသတင်းစကားကို ကြွေးကြော်ခဲ့သည်။တဲတော်အတွင်းဝတ်ပြုကိုးကွယ်မှုအစီအစဉ်နှင့်စပ်လျဉ်း၍ ဝိနည်းအထုံးအဖွဲ့ဆိုင်ရာပညတ်တရားများနှင့်ကိုးကွယ်ပုံစနစ်များ၏ အနက်အဓိပ္ပါယ်ကို လူတို့သိနားလည်လာ၏။ ဝိညာဉ်မျက်စိအလင်း ရရှိကြလေပြီ။ မြေကြီးတဲတော်ဝတ်ပြု

ကိုးကွယ်ပုံနှင့် ကောင်းကင်တဲတော်တွင် ခရစ်တော်ယေရှုအမှုတော်ထမ်းရွက်နေပုံမှသည် ကိုယ်တော်၏ ရန်ပြေမာန်ပြေ ကြားဖျန်ဖြေရေးရှေ့နေလုပ်ငန်းပြီးဆုံးသွားသည်နောက် ဤကမ္ဘာလောကသို့ မိုးတိမ်စီး၍ ကြီးစွာသောဘုန်းတန်ခိုးတော်နှင့် မကောင်းသူပယ်၊ ကောင်းသူကယ်ရန် ကြွဆင်းလာမည်ဖြစ်ကြောင်း ထိုအခါ ကိုယ်တော်၏ နိုင်ငံတော်ကို ဤမြေကြီးပေါ်မှာ တည်ထောင်မည်ဆိုသည့်အကြောင်းကို အဆင့်ဆင့်ရှင်းလင်း ဟောကြားသွားပါသည်။ ပေါလုသည် ခရစ်တော်ယေရှုဒုတိယအကြိမ် တစ်ဖန်ကြွဆင်းလာမည်ကို ယုံကြည်သူဖြစ်သဖြင့် ဤအမှန်တရားနှင့်ပတ်သက်၍ တစ်ပါးသူသဘောကျအောင် ရှင်းရှင်းလင်းလင်းဟောပြောနိုင်သည်မှာ ကြားရသူတို့ ဘယ်သောအခါမှ မေ့မရနိုင်တော့ပေ။

ပေါလုသည် ဥပုသ်နေ့သုံးရက်မျှ ကျမ်းစာကိုအမှီပြု၍ သက်သာလောနိတ်မြို့သားတို့နှင့်တရားဆွေးနွေးနှီးနှောသဖြင့် ခရစ်တော်၏ သက်တော်စဉ်၊ ကိုယ်တော်သည်အသေခံရမည်နှင့် သေခြင်းမှ ထမြောက်ရမည်။ ယခုအခါ ကောင်းကင်တဲတော်တွင် အမှုတော်ဆောင်နေပုံ၊ "ကမ္ဘာဦးမှစ၍ ကွပ်မျက်ခြင်းခံရသောသိုးသငယ်"(ဗျာ ၁၃း၈) သည် ဘုန်းတော်ထင်ရှားလိမ့်မည် ဟူသောအကြောင်းအရာတို့ကို ရှင်းလင်းစွာဖြင့်ပြလေ၏။ ပေါလုသည် ခရစ်တော်သခင်ကိုချီးမြှောက်သည်။ သခင့်အမှုတော်အကြောင်း ကောင်းစွာနားလည် သဘောပေါက်က ဓမ္မဟောင်းကျမ်းရှိ ပုရောဖက်စကားများ သိမ်းဆည်းထားရာ ရတနာမေတ္တာသော့ကိုဖွင့်လှစ်နိုင်ပြီ။ ချဉ်းကပ်၍ အနှစ်သာရ တိုးပွားခံစားဖို့ရန်သာလိုတော့သည်ဟု ဟောလေ၏။

ဧဝံဂေလိတရားစစ်ကို ဝိညာဉ်တော်တန်ခိုးအရှိန်အဟုန်ဖြင့် သက်သာလောနိတ်မြို့တွင်ကြွေးကြော်စဉ်အခါ မြို့နေလူထုကြီးသည် အာရုံစွင့်နားထောင်ကြ၏။ "ထိုသူအချို့တို့သည် ယုံကြည်ခြင်းသို့ရောက်၍ ပေါလု၊ သိလနှင့်ပေါင်းဖေါ်ကြ၏။ ဘုရားသခင်ကို ကိုးကွယ်သော ဟေလသလူအပေါင်းတို့နှင့်ထင်ရှားသောမိန်းမအများတို့လည်း ယုံကြည်ကြ၏။"

တမန်တော်တို့ကို ဘယ်နည်းနှင့်မဆိုဆန့်ကျင်မည်ဆိုသော ယုဒလူ(ဂျူး) တချို့ရှိသည်။ သူတို့သည် ခရစ်တော်ကို မယုံကြည်ကြ။ မနာလိုများပင်ဖြစ်ကြ၏။ ဤသူတို့သည် ရောမမြို့တွင် မင်းအာဏာကိုဖီဆန်ခဲ့သူများဖြစ်သော

ကြောင့် မျက်နှာမရသူများဖြစ်၏။ ထိုသူတို့ကိုမင်းအာဏာက မယုံသင်္ကာဖြစ်၍ သံသယရှိသည်။ သူတို့မျှော်လင့်သောလွတ်လပ်မှုကိုလည်း ကန့်သတ်ထား၏။ ယခုတွင် ထိုသူတို့အခြေအနေကိုအကဲခတ်၍ အခွင့်အရေးယူမည်ကြံကြ၏။ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဟူသတည်း။ ဤအခြေအနေကို သူတို့လိုရာဆွဲယူနိုင်လျှင် အာဏာပိုင်တို့ရှေ့မှာ သူတို့ မျက်နှာပြန်ရမည်။ တစ်ချိန်တည်းမှာပင် တမန်တော်များနှင့် ခရစ်ယာန်အဖြစ်သို့ ပြောင်းလဲပြီးသူများ အပေါ် ကြီးလေးသာအပြစ်ကိုပုံချမည်ဖြစ်သတည်း။ တစ်ချက်ခုတ်နှစ်ချက်ပြတ် ရက်စက်ပါပေသည်။

သူတို့၏အကြံအစည်ကို အကောင်အထည်ဖေါ်ကြလေပြီ။"ဆိုးယုတ်လျှပ်ပေါ်သောသူအချို့တို့ကိုခေါ်၍လူများကိုစုဝေးစေပြီးလျှင် မြို့၌အုတ်အုတ်သဲသဲပြုကြ၏။" တမန်တော်တို့ကိုတွေ့မြင်ရန်မျှော်လင့်လျက် "ယာသုန်၏အိမ်ကိုဝိုင်း၍ သူတို့ကိုလူများရှေ့သို့ ဆွဲထုတ်ခြင်းငှာရှာကြ၏။" သို့သော်လည်း ပေါလုနှင့်သိလတို့ကိုမတွေ့။ မတွေ့သောအခါ လူအုပ်ကြီးသည် စိတ်ရိုင်းဝင်၍ "ယာသုန်နှင့်ညီအစ်ကိုအချို့တို့ကို မင်းအရာရှိတို့ထံသို့ဆွဲငင်၍ လောကနိုင်ငံကိုမှောက်လှန်သောဤသူတို့သည် ဤအရပ်တိုင်အောင်လာရောက်ကြပါပြီ။ ယာသုန်သည်လည်း သူတို့ကို လက်ခံပါပြီ။ ထိုသူအပေါင်းတို့သည် ကဲသာဘုရင်၏အမိန့်တော်ကိုဆန့်ကျင်ဘက်ပြု၍ ယေရှုအမည်ရှိသော ရှင်ဘုရင်တစ်ပါးရှိသည်ဆိုတတ်ပါ၏ဟုဟစ်ကြော်" ကြလေသည်။

ပေါလုနှင့်သိလကို မတွေ့သောအခါ မြို့တော်စောင့်စစ်ကဲတို့သည်တရားစွဲဆိုခံရသော ယာသုန်မှစ၍ ကျန်ကြွင်းသောတပည့်တောစုတို့ကို အာမခံပေးစေပြီးမှလွှတ်လိုက်ကြ၏။ ရှေ့ဆက်၍ ရုန်းရင်းခတ်ခြင်း အမှုမဖြစ်စေရန်အလို့ငှာ"ညဉ့်အခါ ညီအစ်ကိုတို့သည် ပေါလုနှင့်သိလကိုဗေရိမြို့သို့ ချက်ချင်းလွှတ်လိုက်ကြ၏။"

ယခုမျက်မှောက်ခေတ်တွင် လူကြိုက်နည်းသောအမှန်တရားများကို ကြွေးကြော်သူများသည် မနှစ်မြို့ဖွယ်ဆီးကြိုဇည့်ခံခြင်းနှင့်ဆုံတွေ့ရသည်ဖြစ်သော်လည်း စိတ်အားငယ်ရန်မလိုပါ။ ခရစ်ယာန် ညီအစ်ကိုချင်းပင်ဖြစ်သော်လည်းအမြင်စောင်းတတ်ခြင်းသည်ယခုကာလ၌သာမဟုတ်ပါ။ပေါလုအချိန်ကတည်းကပင်ရှိခဲ့သည်။ ကပ်တိုင်တော်စေတမန်များသည်မိမိကိုယ်ကိုသတိရှိကာ

ဆုတောင်းဆက်ကပ်ကြရမည်။ ယေရှုသခင်၏နာမတော်ဖြင့် ရှေ့သို့ခရစ်ယာန်သာသနာခရီးဆက်ကာ ယုံကြည်ခံယူချက်နှင့်ရဲရင့်စွာ အလုပ်ပွားကြရမည်။ သခင်ခရစ်တော်သည် ကောင်းကင်တဲတော်တွင် လူသားတို့အတွက် ရန်ပြေမာန်ပြေစေ့စပ်ရေးရှေ့နေအလုပ်လုပ်ပေးနေကြောင်းကို ပြောဟောရမည်။ ခမ္ပယောင်းကျမ်းအချိန် ဘုရားသခင်ပြဌာန်းထားရာဥပဒေတည်သည် ကာလအတွင်း ဆုံမှတ်များဖြစ်သည့် အဖြစ်ဖြေရာ ယဇ်ပူဇော်ခြင်းထုံးခလေ့ဝတ်ပြုပုံစံမျိုးကို လူတို့သိနားလည်စေရမည်။ ထိုကိုယ်စားပြုအသေခံအသက်ပေးပူဇော်ခြင်းကြောင့်သာလျှင် ထာဝရဘုရားသခင်၏ ပညတ်တော်ကို ကျူးလွန်သူတို့ငြိမ်သက်ခြင်းနှင့်အပြစ်လွှတ်ခြင်းအခွင့်ကို မြင်တွေ့ခံစားရရှိကြမည်မဟုတ်ပါလောမိတ်ဆွေ။

---ooo---

## အခန်း(၂၃)
## ဗေရိမြို့နှင့်အာသင်မြို့

(ဤအခန်းသည် တမန်တော်၁၇း၁၁-၃၄ ကိုအခြေပြုထားသည်)

ဗေရိမြို့တွင်ရှိဂျူးလူမျိုးတို့သည် ပေါလု၏ သွန်သင်ချက်များကိုစေ့စေ့ရှာဖွေဆည်းပူးကြ၏။ ဒါကိုပေါလုက ဤသို့မှတ်တမ်းပြုစုသည်။ "ဗေရိမြို့သားတို့သည် သက်သာလောနိတ်မြို့သားတို့ထက် ထူးမြတ်သဖြင့် အလွန်ကြည်ညိုသောစေတနာစိတ်နှင့် နှုတ်ထွက်တရားတော်ကိုခံယူ၍ မှန်သည်မမှန်သည်ကိုသိခြင်းငှာ ကျမ်းစာကိုနေ့တိုင်းအစဉ် စေ့စေ့ကြည့်ရှုကြ၏။ ထိုကြောင့်ယုဒလူအများတို့သည်ယုံကြည်ခြင်းသို့ရောက်ကြ၏။ အသရေထင်ရှားသော ဟေလသမိန်းမတို့နှင့် ယောကျ်ားအများတို့သည်လည်း ယုံကြည်ကြ၏။"

ဗေရိမြို့သားတို့သည် တစ်ဖက်သန်မဆန်။ သဘောထားမသေးသိမ်ကြပါ။ တမန်တော်များဟောပြောသောအမှန်တရားကို စေ့စေ့လေ့လာလိုစိတ်ရှိကြ၏။ သူတို့၏ ကျမ်းစာကိုလေ့လာကြပုံမှာ စပ်စု၍ သိချင်သောအသိမျိုးနှင့်မဟုတ်။ ကတိတော်မေရှိယအရှင်အကြောင်းနှင့်ပတ်သက်၍ သိမှတ်လိုကြ၏။သူတို့သည် နေ့တိုင်းအစဉ် ကျမ်းစာမှတ်တမ်းများကိုရှာဖွေ၍ တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ကြည့်မှတ်ကြသည်။ ထိုအချိန်မျိုးတွင် ကောင်းကင်တမန်များတို့သည် သူတို့အနားတွင်ရှိ၍ သူတို့၏ စိတ်အာရုံကိုပွင့်လင်းစေ၏။ စိတ်နှလုံးကိုတို့ထိစေပါသည်။

လူသည်မှန်ရာကိုလုပ်ချင်သောစိတ်ရှိမှုက ဧဝံဂေလိအမှန်တရားစစ်ကိုကြားနာခွင့်ရသူတိုင်း ကျမ်းစာကို စေ့စေ့ရှာဖွေလေ့လာမည်မှာ ဧကန်မုချတည်း။ ယခုကဲ့သို့ကမ္ဘာမြေကြီး၏ နောက်ဆုံးသောကာလတွင် အမှန်တရားကိုရှာဖွေသောသူတို့သည် ဗေရိမြို့သားများကဲ့သို့ ကျမ်းစာကို စေ့စေ့ကြည့်ရှုဖတ်ရှုတ်ကြပါမူ ကြားနာရသောထာဝရဘုရားသခင်၏ စကားများကို အိမ်တွင်နှိုင်းယှဉ်ကာဘုရားသခင်၏ ပညတ်တော်ကို အသိအမှတ်ပြုစောင့်ရှောက်ကြသူတွေ တိုးပွားလာကြပေလိမ့်မည်။ လူကြိုက်မများ၊ ရေပန်းမစားသော ကျမ်းစာသွန်သင်ချက်များကို ကြားနာရသော အချိန်တွင်ကား ထိုသူတို့သည် စိစစ်မေးမြန်းဖို့ငြင်းဆန်ကြပေလိမ့်မည်။ ကျမ်းစာသွန်သင်ချက်များသည် ရှင်းလင်းသဖြင့် ဆန့်ကျင်ဘက်

မပြုနိုင်ကြသော်လည်း လေ့လာရန်ပေးအပ်ထားသော အထောက်အထားများကို အသိအမှတ်ပြုရန် ဇာတိလူသည်တွန့်တို၏။ တချို့မှာလည်း ဤသွန်သင်ချက်များသည် အမှန်တကယ်ဟုတ်မှန်သည်ပဲမှတ်ယူဦးတော့ ထိုတရားအလင်းသစ်ကိုပမာဏပြုရန် စိတ်မရှိကြ။ ဒဏ္ဍာရီကြံဖန်ပြောဆိုချက်များ၌သာ စိတ်အာရုံချလျက် လမ်းအမှန်မှသွေဖည်သွားတော့၏။ ဤသို့လျှင် စိတ်အာရုံသည်အမှားအယွင်းရှိလျက် ကောင်းကင်ဘုံနှင့်ဝေးရလေသည်။

လူအပေါင်းတို့သည် မိမိတို့ရရှိထားသော ဘုရားသခင်ပေးအလင်းတရားအတိုင်းသာတရားစီရင်ခြင်းကိုခံရကြမည်။ဘုရားသခင်သည်မိမိ၏တမန်တော်တို့ကို ကယ်တင်ခြင်းသတင်းစကားနှင့်အတူ စေလွှတ်တော်မူ၏။ ထိုတရားတော်ကိုကြားနာလက်ခံသူတို့ကို ကိုယ်တော်သည် တာဝန်ယူတော်မူမည်။ တရားတော်ကိုရိုးစင်းစွာရှာဖွေသူတို့သည်လည်း နှုတ်ထွက်စကားတော်၏ အလင်းအိမ်နှင့်ချိန်ကိုက်ကာ စေ့စေ့လေ့လာ၊ စိစစ်ရှာဖွေမည်ဖြစ်ပါသည်။

မယုံကြည်သော သက်သာလောနိတ်မြို့နေ ဂျူးလူမျိုးတို့ကားတမန်တော်တို့ကို စိုစဉ်းမျှမကျေနပ်ကြ။ မနာလိုမုန်းတီးကြ၏။ သူတို့၏ မြို့တော်မှထွက်သွားရန် မောင်းထုတ်သည်ကိုပင် မကျေနပ်ကြသေးဘဲ ဗေရိမြို့အထိလိုက်လာကာ ဆန့်ကျင်ကြပြန်သည်။ ဤမြို့တွင်မူ ထိုသူတို့သည် အောက်ခြေလူတန်းစားကိုလှုပ်ဆော်အသုံးချ၏။ ဤအခြေအနေမျိုးတွင် ဆက်လက်နေမည်ဆိုက ပေါလုအား မတရားအတင်းပြုလေဦးမည်ကိုစိုးရိမ်သဖြင့် ဗေရိမြို့သားညီအစ်ကိုတို့သည် သူ့အားအာသင်မြို့သို့ဆက်လက်ပို့ဆောင်ကြပြန်သည်။

ဤသို့လျှင် နှိပ်စက်ညှင်းဆဲခြင်းသည် တရားစစ်ကိုသွန်သင်သော ဆရာကြီးများနောက်သို့ တစ်မြို့ဝင်တစ်မြို့ထွက်လိုက်နှောင့်ယှက်လေ၏။ခရစ်တော်သခင်၏ရန်သူတို့သည် ဧဝံဂေလိသာသနာတော်ပြန့်ပွားခြင်းကို မဆီးတားနိုင်ကြ။ သို့သော် ခက်ခဲမှုတော့ပေးနိုင်စွမ်းရှိကြသည်။ သို့တိုင်အောင်လည်း ပေါလုသည် ဆန့်ကျင်မှုနှင့် တိုက်လှန်မှုကို ရင်ဆိုင်လျက်ရှေ့သို့မှန်မှန်ခရစ်ယာန်သာသနာတော်အလုပ်ပွားကာ ယေရှုရှလင်မြို့တော်တွင် မိမိရရှိသောမြင်ခြင်းအတိုင်းလုပ်ဆောင်ရန် ဆုံးဖြတ်လေသည်။ “ဘုရားသခင်က သွားလော့။ ငါသည် တစ်ပါးအမျိုးသားတို့ရှိရာသို့ သင့်ကိုဝေးလှစွာ စေလွှတ်မည်။”(တမန်တော် ၂၂း၂၁)။

ပေါလုသည် ဗေရိမြို့မှအလျင်တဆောထွက်ခွာရသဖြင့် သက်သာလောနိတ်မြို့သားတပည့်တော်စုတို့ထံလည်ပတ်ခွင့် မရရှိခဲ့ရှာပေ။

ယခုသူသည် အာသင်မြို့သို့ရောက်ရှိလေပြီ။ မြို့တော်သို့ပြန်သွားမည် ဗေရိမြို့သားညီအစ်ကိုတို့အားဖြင့်သိလနှင့်တိမောသေထံသတင်းပို့လိုက်ပါသည်။ သူ့အားအဖေါ်ပြုရန် မဆိုင်းမတွချက်ချင်းလာပါရန် မှာကြားသည့်သတင်း။

အာသင်မြို့သည် တစ်ပါးအမျိုးသားတို့၏ရွှေမြို့တော်ပင်ဖြစ်၏။ ဤမြို့သားတို့သည် လုတ္တမြို့သားများကဲ့သို့ပညာမဲ့၍ ကျိုးကြောင်းဆက်သွယ်မစဉ်းစားတတ်ဘဲ ဘာမဆိုယုံယွယ်သောသူများမဟုတ်ကြ။ ဉာဏ်ရည်ထက်မြက်၍ယဉ်ကျေးမှုထွန်းကား၏။ မြို့တော်အတွင်းနေရာအနှံ့ နတ်ရုပ်တုများကိုတွေ့နိုင်၏။ ဘုရားသခင်အဖြစ်နှင့်ကိုးကွယ်သော သမိုင်းဝင်လူစွမ်းကောင်းတို့၏ ရုပ်တုများလည်းရှိလေသည်။ ကြီးမားထည်ဝါသော ဗိသုကာအဆောက်အအုံကြီးများနှင့် ပန်းချီ၊ပန်းပုတို့က မြို့တော်၏ ဂုဏ်အသရေကိုဆောင်သကဲ့သို့ မယုံကြည်သူလူတို့၏နတ်များကိုးကွယ်မှုသည် လူကြိုက်များကြောင်း သက်သေပြနေပါသည်။ လူတို့၏ အာရုံငါးပါးတို့သည်လည်း လူ့သဘာဝအလှနှင့်အနုပညာ၏ အလွန်ခမ်းနားပြောင်မြောက်ခြင်းကိုသာ စွဲလမ်းကြကုန်၏။ ကြီးမားထည်ဝါသောဝတ်ပြုရာဘုံဗိမာန်များတွင်လည်း တန်ဖိုးကြီးဧရာမရုပ်လုံးများကို ထုထွင်းထားရှိကြ၏။ စစ်ပွဲအလီလီကို အောင်မြင်ခဲ့သူများ၏ လုပ်ရပ်များကို ချီးမွမ်းထောမနာဂုဏ်ပြုသည့်အနေဖြင့် အထိမ်းအမှတ်ကျောက်တိုင်များ၊ ကျောက်ဆစ်ရုပ်လုံးများ ကမ္ပည်းကျောက်စာများ၊ ဝတ်ပြုဆောင်ဇရပ်များ စသည်ဖြင့် ဆောက်လုပ်ထားရှိကြလေ၏။ ဤထူးခြားအံ့ဖွယ်အရာများက အာသင်မြို့သားတို့၏ အနုပညာထွန်းကားစည်ပင်သာယာကြောင်းကို ပြလေသည်မဟုတ်ပါလော။

ပေါလုသည် မိမိပတ်လည်ရှိအလှအပများနှင့် ထည်ဝါသောရှုခင်းသာကိုရှုထားထိုက်သည်တွင် ဤမြို့သည်   ရုပ်တုမြို့တော်သက်သက်ပါတကားဟုမှတ်ယူလျက် ထာဝရဘုရားသခင်အဖို့အလို့ငှာ မနာလိုသဝန်တိုစိတ်ဝင်လာပေ၏။ ဤကားထာဝရဘုရားသခင်ကို ရှုတ်ချခြင်းတည်း။ အာသင်မြို့သူမြို့သားတို့ကားသနားစရာကောင်းလှစွာတကား။ လူ့ယဉ်ကျေးမှုဉာဏ်စွမ်းရည်မြင့်မားပါလျက်နှင့် ထာဝရဘုရားသခင်ကိုတော့ မသိကြပါတကားဟု  ပေါလု စိတ်မကောင်းဖြစ်မိပါသည်။

ပေါလုသည်မြင်တွေ့နေရသောပညာရိပ်သာမြို့တော်ကြီး၏ခမ်းနားကြီးကျယ်ပုံကြောင့် အလှည့်ဖြားမခံပေ။ သူ၏ဝိညာဉ်ရေးစွမ်းအားမှာ ရင့်ကျက်ရှင်သန်နေသဖြင့် ထက်ကောင်းကင်ဘုံအရာများတို့၌သာ စိတ်စွဲလမ်းခြင်းရှိနေ၏။ လောကအရာတို့က ကြီးကျယ်ခမ်းနားတောက်ပသစ်လွင်နေသော်လည်း သူ့ကိုလားလားမျှအနိုင်မယူနိုင်ချေ။ အမှားတရားကို မြဲမြဲကြီးလက်ကိုင်စွဲသူဖြစ်၏။ အာသင်မြို့သူမြို့သားများ၏ဝိဇ္ဇာအနုပညာနှင့်သိပ္ပံပညာတို့တွင် အထွက်သို့ရောက်၍ ကျေနပ်ကြွားဝါနေကြပါသော်လည်း ပေါလုကမူ မိမိ၏ ဧဝံဂေလိသာသနာသတင်းပြန့်ပွားရေး အဓိကကျအရေးကြီးပုံကိုသာ အမြဲမြင်တွေ့နေပါသည်တကား။

ဤမျှကြီးကျယ်သော မြို့ပြဒေသမျိုးတွင် လူတို့သည်ထာဝရဘုရားသခင်ကိုမကိုးကွယ်ကြသဖြင့် ပေါလုမှာ အထီးကျန်ဘဝမျိုးခံစားရသည်။ထို့ကြောင့်သူ့အားကူညီထောက်ပံ့ရန်မိတ်ဆွေများကိုမျှော်လင့်နေ၏။ ရင်ဖွင့်ပုံကိုဖတ်ကြည့်ပါ။

"အာသင်မြို့၌တစ်ယောက်တည်းကျန်ရစ်၍နေ" ရ၏။(၁သက်၃း၁) ဧဝံဂေလိသတင်းစကားထွင်းဖောက်ဖို့ရန် မလွယ်ကူပါ။ လောကအဆောင်အယောင်များကများလွန်းသည်။ အဆီးအတားအသွင်ဆောင်ကာ လူတို့အားတရားအလင်းပေးရန်ကြိုးစားပါသော်လည်း မျှော်လင့်ချက်မရှိပုံရ၏။

သို့သော်လည်း သိလနှင့်တိမောသေကိုစောင့်မျှော်နေရင်း နှင့်တော့ အချိန်ကိုအလဟသမဖြစ်စေပါ။ ပေါလုသည် "တရားဇရပ်၌ယုဒလူ(ဂျူး)မှစ၍ ဘုရားသခင်ကိုကိုးကွယ်သောသူတို့နှင့်လည်းကောင်း၊ လူများစုဝေးရာ(ဈေး)အရပ်၌ နေ့တိုင်းတွေ့ကြုံသောသူတို့နှင့်လည်းကောင်း၊ ဆွေးနွေးနှီးနှောခြင်းကိုပြု၏။"

သို့သော်လည်းပေါလု၏အဓိကဦးတည်လုပ်ဆောင်လိုသည့်လုပ်ငန်းမှာ ကယ်တင်ခြင်းသတင်းကောင်းကို အာသင်မြို့တော်သူမြို့တော်သားတို့အားဟောပြောရန်ဖြစ်၏။ အကြောင်းသော်ကား ထိုမြို့သားတို့သည် ကျဆုံးလေပြီးသောလူသားအနွယ်ဝင်ဖြစ်၍ ပညာကားတတ်ပါ၏။ သို့သော် ပညာပေးပိုင်ရှင်ဘုရားသခင်ကိုတော့ သူတို့လုံးဝမသိကြပါချေ။ သို့ဖြစ်၍ ဧဝံဂေလိလုပ်ဆောင်ရန် မြွေကဲ့သို့လိမ္မာပါးနပ်ပရိယာယ်သုံး၍ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းသောကောင်းနိုးရာရာ ဘုရားသခင်၏ နည်းလမ်းများကို နတ်ကိုးကွယ်သူတို့၌ သုံးရလေသည်။

အာသင်မြို့ကြီးသားတို့သည် ဆရာကြီးတစ်ဦးတည်းထံမှရရှိသောအသိပညာ၊ အတတ်အလိမ္မာ၊ တွေးခေါ်မြော်မြင်မှုတို့ဖြင့်သာ မတင်းတိမ်မရောင့်ရဲကြပါ။ ပေါလုလိုပညာတတ်တစ်ဦးရောက်ရှိလာကြောင်း သတင်းကိုကြားသိသည်နှင့် သူ့ကိုရှာဖွေတော့၏။ စကားလက်ဆုံပြုရာအရပ်သို့ ခေါ်ဆောင်လာ၏။ မကြာမီ လူထုကြီးဝိုင်းအုံလာတော့သည်မဟုတ်လော။ တချို့ကားတမန်တော်ကြီးကို လူမှုဆက်ဆံရေးတွင်ညံ့ဖျင်း၍ ဉာဏ်ပညာမှာ မတောက်တခေါက်ဟန်လောက်သာရှိသူဖြစ်ရကား၊ လူ့ဘုံအလယ်တွင် အရှက်ခွဲသရော်တော်တော်ပြက်လုံးထုတ်ကြချေအံ့ဟု စကားစစ်ထိုးရန်ပြင်ဆင်နေကြ၏။ ထိုကြောင့်လည်း သူတို့အချင်းချင်းပြောနေကြသည်။ "အချို့က၊ ဤမရေရာသောလူသည်အဘယ်သို့ပြောချင်သနည်းဟုဆို၏။ အချို့ကလည်း ဤသူသည် တစ်ကျွန်းတစ်နိုင်ငံနတ်တို့၏အကြောင်းကို ဟောပြောသောသူ ဖြစ်ဟန်ရှိသည်ဟု ဆို၏။ ဆိုလိုသည်အကြောင်းကား ပေါလုသည် ယေရှု၏တရားနှင့်ထမြောက်ခြင်းတရားတည်းဟူသော ဧဝံဂေလိတရားကိုဟောသတည်း။"

ပေါလုနှင့်ထိပ်တိုက်တိုး၍ ဆုံဆည်းကာပညာစမ်းမည်ပြုသူတို့တွင် "ပညာရှိသုခမိန်ဧပိကုရေ၏တပည့်တို့နှင့် သတောအိတ်ပညာရှိအချို့တို့"လည်း ပါဝင်ကြ၏။

သို့သော်လည်း နောက်ဆုံးပေါလုမှာ ရှိသောပညာသည် သူတို့ထက် အဆပေါင်းများစွာသာလွန်နေကြောင်းကိုသိမြင်လေသည်။ အာသင်မြို့နာမည်ကြီးသုခမိန်များသော်လည်း ပေါလုကိုလေးစားလာရ၏။ ပေါလုသည် စိတ်အားကြီးစွာဖြင့်အပြောကလည်းကောင်း၊ ဒဿနိကဆန်ဆန်ကျိုးကြောင်းဆက်သွယ်စဉ်းစားချင့်ချိန်သောဆင်ခြင်တုံတရားလည်း ကြွယ်ဝသူမို့၊ သူ့အနားတွင်တရားနာပရိသတ်တို့အုံ၍သာလာကြတော့သည်။ ထိုသို့ဆိုသော်ပေါလုသည် မလောက်လေးမလောက်စားအညတြလူသားတစ်ယောက် မဟုတ်မှန်းသိလာ၏။ သူသွန်သင်သမျှ အချက်တိုင်းတွင် ထောက်ကွက်ရှိက ဖြေရှင်းစမြဲမို့ လူ့အလွှာအသီးအသီးအတွက် ခိုင်လုံသောတရားဝင်ဖြစ်ကြောင်း တရားကြားနာကြသူတို့အသိအမှတ်ပြုလာကြသည်။ ဤသို့လျှင် တမန်တော်ကြီးသည် ဦးလည်မသုန်မတ်မတ်ကြီးကိုရပ်ကာ ဆန့်ကျင်ပြောဆိုလာသူမှန်သမျှအား အတွေးအခေါ်နှင့်လာလျှင် အတွေးအခေါ်ပညာနှင့်လည်းကောင်း ဆင်ခြင်တုံတရားနှင့်လာလျှင် ဆင်ခြင်တုံတရားနှင့်လည်းကောင်း စကားအလင်္ကာနှင့်လာလျှင် အာဝဇ္ဇန်း

ရွှင်စွာဖြင့်လည်းကောင်း ဘယ်အချိုးနှင့်လာလာပီပြင်စွာတုံ့ပြန်အနိုင်ယူနိုင်စွမ်း ရှိလေသည်။

ထိုအခါ ပေါလုကိုဆန့်ကျင်ကာစကားရည်လုသူပညာရှိ မယုံကြည်သူဆို့က ဆိုကရေးတီးပညာရှိကဲ့သို့မဖြစ်စေရန် စေတနာထား၍ ပေါလုအားအကြံပြုကြသည်။ ဆိုကရေးတီးပညာရှိ သုခမိန်သည် ထူးကဲနတ်များကိုလူထုအားသွန်သင်နှိုးဆော်သဖြင့် ထိုအမှုနှင့် အဆိပ်ရည်သောက်၍ သေရသည်မဟုတ်လော။

သို့ပါသော်လည်း ပေါလု၏ စကားလက်ဆုံပြောဆိုခြင်းသည်ကားလူထု၏စိတ်အာရုံကို သံမှိုနှင့်ရိုက်ထားဘိသကဲ့သို့ စွဲသွားစေသည်။ သူ၏တစ်ပါးသူကို မထိခိုက်စေသောဉာဏ်ပညာသည်လည်း မြို့နေလူထု၏ကြိုးစာမှု၊သဘောကျမှုကိုသာခံရပါ၏။ လောကပညာရှိတို့၏ သိပ္ပံအတတ်နှင့်အတွေးအခေါ်ပညာရှိသုခမိန်များတို့၏ ခနဲ့တဲ့တဲ့စကားများကြောင့်လည်း တိတ်ဆိတ်သွားရသည်ဟူ၍ သူ၌မရှိ။ လူထုပရိသတ်တို့ကို ကျေနပ်စေနိုင်သူဖြစ်ရကား မိမိ၏ဧဝံဂေလိဟောပြောခြင်းအမှုကို ပြီးမြောက်အောင်ကြိုးစား တင်ဆက်မည်ဟူ၍သာဆုံးဖြတ်တော့၏။ ပရိသတ်တို့သည်လည်း ပေါလု၏စွန့်စားခန်းများ၊ အတွေ့အကြုံများကိုကြားနာလိုစိတ်များစွာဖြင့် အာရုံပြုနားထောင်ကြလေသည်။

ဟောပြောပွဲကြီးကို အာရေတောင်ပေါ်မှာကျင်းပသည်။ ဤအရပ်သည်အာသင်မြို့တွင်အသန့်ရှင်းဆုံးသောနေရာဖြစ်၏။ ဤနေရာမှ ကြားနာဝေဖန်သုံးသပ်၊ ဆုံးဖြတ်အတည်ပြုသောအရာမှန်သမျှကို မြို့နေလူထုတို့သည် အယူသီးစွာလက်ခံကြ၏။ နတ်ကြီးသောနေရာပင်ဖြစ်ချေသည်တကား။ အထူးသဖြင့်ဘာသာတရားရေးရာတို့ကို စေ့စေ့လေ့လာချင့်ချိန်ပြီးမှနောက်ဆုံးအဆင့်အတည်ပြုကာ လောကနီတိအဖြစ်အရေးထားကျင့်သုံးကြလေသည်။

လူခြေတိတ်ဆိတ်သဖြင့်လည်းဖြတ်သွားဖြတ်လာ၊ အုတ်အုတ်ကျက်ကျက်ရောနှောရှုပ်ထွေးမှုမရှိ။ပကတိတိတ်ဆိတ်နေပါ၏။ သို့မှသာတမန်တော်ကြီးဟောပြောရာကို အဆီးအတား အနှောင့်အယှက်မရှိ နာကြားနိုင်မည်မဟုတ်ပါလော။ ပတ်ပတ်လည်တွင် ကျောက်ခွေကြီးစွာထိုင်နေသော ပညာရှိ၊ ကဝိသုခမိန်တို့သည်ရှိကြ၏။ ကဗျာဆရာများ၊ ပန်းချီပန်းပုအနုပညာရှင်များ၊ တွေးခေါ်ရှင်များလူတတ်များလည်းရှိကြသည်။ ထိုသူတို့က ပေါလုအား “သင်သည်ဟောပြောသော ဤအယူဝါဒသစ်ကို ငါတို့သိအပ်သလော။ ငါတို့မသိမကျွမ်းဘူးသော

အရာတို့ကိုသင်သည်ကြားပြော၏။ ထိုအရာများကား အဘယ်သို့ဆိုလိုသည်ကို ငါတို့သိချင်ပါသည်ဟုဆိုကြ၏။

ဤအချိန်သည် ပေါလုအတွက်မြင့်မြတ်သန့်ရှင်းသောတာဝန်ဝတ္တရားကိုထမ်းရွက်ရသည့်အချိန်ဖြစ်သည်။ တည်ငြိမ်အေးဆေးမှုနှင့်ယုံကြည်ခံယူချက်တော့အပြည့်ရှိသည်။ သူ၏နှလုံးသားအိမ်မှာလည်း အရေးကြီးသတင်းစကားပြောရန်ကိစ္စများနှင့်သာလေးလံနေ၏။ နှုတ်ဖွင့်လိုက်သည်ဆိုလျှင်ဆိုချင်း ပေါလုသည်သာမန်လူသားရိုးရိုးတစ်ယောက်မဟုတ်သည်ကို အာသင်မြို့သားတို့ သိနားလည်နိုင်ပါသည်တကား။

"အချင်းအာသင်လူတို့၊သင်တို့သည် ခပ်သိမ်းသောအရာတို့၌နတ်တို့ကိုအလွန်ရိုသေတတ်ကြသည်ကို ငါမြင်ပါ၏။ လမ်း၌သွား၍သင်တို့၏နတ်များကို ကြည့်ရှုသည်တွင် ငါတို့မသိသောဘုရားသခင်အဖို့ဟူ၍အက္ခရာတင်သောယဇ်ပလ္လင်တစ်ခုကိုတွေ့ပါ၏။ သင်တို့သည် မသိဘဲလျက်ကိုးကွယ်သောဘုရားသခင်၏ အကြောင်းကို ငါဟောပြော၏။" ထိုမြို့သားတို့သည် ဉာဏ်စွမ်းရည်မြင့်၍ အထွေထွေဗဟုသုတကြွယ်ဝကြပါသော်လည်းစကြဝဠာတစ်ခုလုံးကို ဖန်ဆင်းပိုင်သအုပ်စိုးတော်မူသောအရှင်ကိုမူ မသိကြပါ။ထိုသူများထံမှ ပိုမိုကြီးမားသော တရားအလင်းကို မျှော်လင့်သူအချို့တော့ရှိပါသည်။ ထိုသူတို့သည် ဘုရားသခင်ကိုလက်ရဖမ်းဆည်းပူးလိုကြပါ၏။

ပေါလုသည် မိမိလက်နှစ်ဖက်ကို ရုပ်တုအပြည့်ရှိသောဗိမာန်တော်ဘက်သို့ဆန့်ကျင်လျက် ရင်ဖွင့်ပါတော့သည်။ အာသင်မြို့သားတို့၏မှားယွင်းသောကိုးကွယ်မှုကိုလည်း ဖေါ်ထုတ်ကြေညာလိုက်လေ၏။ ကြားရသူပညာရှိတို့သည် အံ့အားသင့်ကြလေပြီ။ ပေါလုသည်လည်း သူတို့၏ အနုပညာ၊ စာပေဗဟုသုတနှင့်ဘာသာတရားတို့တွင် အထုံဝါသနာပါသူ၊ ရင်းနှီးနေသူပါတကား။

ထိုသူတို့၏ ကျောက်ဆစ်ပန်းပုများနှင့်နတ်ရုပ်များကို ညွှန်ပြလျက်ဘုရားသခင်၏ရုပ်ပုံတော်ကို သူ့ဉာဏ်ဖြင့်ပုံတူထုလုပ်၍ မရနိုင်ကြောင်းကိုပြော၏။ ဤရုပ်တုများတို့သည် အမြင့်ဆုံးသော ဖန်ဆင်းရှင်ဘုရားသခင် ယေဟောဝါ၏ ဘုန်းတန်ခိုးတော်ကို ကိုယ်စားမပြုနိုင်ကြောင်း၊ ထိုအရာတို့တွင် အသက်မရှိကြောင်း၊လူကိုသာအားကိုးနေရကြောင်း၊ သို့ဖြစ်လျှင် ထိုအရာတို့ကို ဝတ်ပြုကိုးကွယ်သူတို့သည် ထိုအရာများထက် ဘက်စုံကြီးမြတ်ကြောင်းဟောလေ၏။

ပေါလုသည် နတ်ကိုးကွယ်ကြသူတို့၏ မှားယွင်းသောဘာသာအယူအဆများကိုတင်ပြလျက် သူတို့ "မသိသောဘုရားသခင်" အထံတော်သို့ မှန်သောအမြင်ရှိအံ့သောငှာ သွေးဆောင်ဟောပြောသွားပါသည်။ ထိုဘုရားသခင်သည် လူ့လက်နှင့်ကင်း၍ လွတ်လပ်စွာရပ်တည်သော ကျေးဇူးရှင်ဘုရားသခင်ဖြစ်ကြောင်းကိုလည်း ထပ်ဆင့်တင်ပြ၏။

လူထုကြီးသည် ပေါလု၏ နိုးကြားမှုနှင့်ဒဿနိကဆန်ဆန်တင်ဆက်သွားသည်။မှန်သောဘုရားသခင်၏ဂုဏ်အင်္ဂါများကိုဖော်ပြသွားသည်ကိုစိတ်ဝင်စားကြသည်။ ဆက်လက်၍ "လောကဓါတ်မှစ၍ လောကဓါတ်၌ရှိလေသမျှသောအရာတို့ကို ဖန်ဆင်းတော်မူသောဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုအစိုးရတော်မူသောအရှင်ဖြစ်၍ လူတို့လက်ဖြင့်လုပ်သောဗိမာန်၌တည်ရှိတော်မူသည်မဟုတ်။ ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့်တကွ ထွက်သက်ဝင်သက်မှစ၍ ခပ်သိမ်းသောအရာတို့ကိုပေးတော်မူသောအရှင်ဖြစ်၍ တစ်စုံတစ်ခုကိုအလိုတော်ရှိသကဲ့သို့ လူတို့လက်ဖြင့် ကျွေးမွေးခြင်းကိုခံတော်မူသည်မဟုတ်" ဟုထပ်မံဟောပြောလေ၏။ ကောင်းကင်အရပ်ရပ်သည်ပင်လျှင် ထာဝရဘုရားသခင်ကို မဆံ့နိုင်အောင်ရှိချေက လူလက်ဖြင့်ပြုလုပ်သောဘုံဗိမာန်ကား အဘယ်သို့ရှိလိမ့်မည်နည်း။

ထိုခေတ်အခါက လူ့အလွှာအသီးသီးတို့တွင် ဇာတ်အနိမ့်အမြင့်ခွဲခြားထားလေရာ ကမ္ဘာ့လူသားအားလုံးသည် ညီအစ်ကိုမောင်နှမများဖြစ်ကြောင်း ပေါလုဟောပါသည်။ "ဘုရားသခင်သည် မြေတစ်ပြင်လုံး၌နေရသောလူအမျိုးမျိုးတို့ကိုတစ်သွေးတည်းနှင့်ဖန်ဆင်းတော်မူ၍ သူတို့အားခွဲဝေစီမံသောအချိန်ကာလကိုလည်းကောင်း၊ သူတို့၏နေရာအပိုင်းအခြားကိုလည်းကောင်း မှတ်သားတော်မူ၏။

အကြောင်းမူကား လူတို့သည် ဘုရားသခင်ကိုရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည်အကြောင်းတည်း။ ထိုသို့ဆိုသော်လည်း ဘုရားသခင်သည်ငါတို့တွင် အဘယ်သူနှင့်မျှဝေးတော်မူသည်မဟုတ်" မှန်ပါသည်။ ကမ္ဘာ့လူသားအားလုံးသည် ထာဝရဘုရားသခင်ရှေ့တော်မှောက်တွင် ညီတူညီမျှရှိပါသည်။ ဖန်ဆင်းရှင်ရှေ့တော်တွင် လူသားတိုင်းက ကျေးဇူးသစ္စာစောင့်သိရပါမည်။ ကိုယ်တော်၏ ကျေးဇူးတော်နှင့်ကရုဏာတော်သည် ရွှေချည်မျှင်ကဲ့သို့ ဆက်သွယ်နေပါ၏တကား။

လူသား၏ မျိုးရိုးအမှန်ကိုဖေါ်ပြရာ၌လည်း ပေါလုသည် ထာဝရ ဘုရားသခင်အားကောင်းကင်ဘုံဖခင်တစ်ဦးအသွင်ဖြင့်ပုံဖေါ်လျက် သားသမီး များကိုမူ နွယ်တော်သားပင်ဖြစ်ကြလေသည်ဟု တင်စားပြောကြားပါသည်။ "ငါ တို့သည် ဘုရားသခင်အားဖြင့်အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ ၏။ ထိုသို့နှင့်အညီ သင်တို့တွင်လင်္ကာဆရာအချို့က ငါတို့သည်ကား နွယ်တော် သားပင်၊ ဘုရားသခင်၏အမျိုးအနွယ်ဖြစ်လျက်နှင့် လူတို့အတွက် အကြံအ စည်တော်အားဖြင့် ထုလုပ်သောရွှေရုပ်တု၊ ငွေရုပ်တု၊ ကျောက်ရုပ်တုနှင့် ဘုရား သခင်တူတော်မူသည်ဟု မထင်မမှတ်အပ်။

"ဘုရားသခင်သည် မိုက်မဲသောအချိန်ကာလတို့ကို အမှုမထားဖူးသော် လည်း ယခုမှာ ကိုယ်အပြစ်ကိုမြင်၍ နောင်တရလော့ဟု ခပ်သိမ်းသောအရပ်တို့၌ ရှိသောလူအပေါင်းတို့အား ပညတ်တော်မူ၏။" ခရစ်တော်သခင် လူဇာတိမခံယူ မီဝိညာဉ်ရေးအမှောင်ထုလွှမ်းမိုးရာခေတ်ကဆိုလျှင် ထာဝရ အုပ်စိုးရှင်ဘုရား သခင်သည် နတ်ကိုကွယ်သူနှင့်မယုံကြည်သူလူတို့အား မလင်းတစ်လှည့်၊လင်း တစ်လှည့် အလင်းငယ်ဖြင့် ဘုရားသခင် ကြိုက်ဘဝခရီးလမ်းကိုကြောင်းပေး ခဲ့၏။

ယခုသော်ကား ဘုရားသခင်၏ သားတော်တည်းဟူသော အမှန်တရား အလင်းအိမ်ကြီး ခရစ်တော်ယေရှုအားဖြင့် လူတိုင်းကယ်တင်ခြင်းရရှိရန် နောင် တရဖို့ ကိုယ်တော်ဘုရားသခင် မျှော်လင့်တော်မူပါသည်။ စိတ်နှလုံး နှိမ့်ချသူ ဆင်းရဲသားများသာမက မင်းဆွေမင်းမျိုးနှင့်ကြွားဝါသူတွေးခေါ်ရှင်များလည်း ပါဝင်ဖို့ရန် မျှော်လင့်နေပါ၏။ "အကြောင်းမူကား ခန့်ထားတော်မူသောသူအား ဖြင့် လောကသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့်ညီလျော်စွာ စစ်ကြောစီရင် မည့်နေ့ရက်ကို ချိန်းချက်တော်မူပြီ။ ထိုသူကိုသေခြင်းမှထမြောက်စေတော်မူ သောအားဖြင့် ခပ်သိမ်းသောလူတို့အား ယုံလောက်သောသက်သေကိုပြတော် မူပြီ။"

သေခြင်းမှ ရှင်ပြန်ထမြောက်မည်အကြောင်း ပေါလုပြောသောအခါ "အချို့တို့သည် ကဲ့ရဲ့ကြ၏။ အချို့တို့က ဤအမှုမှာသင်၏စကားကိုငါတို့သည် နောက်တစ်ဖန်နားထောင်ဦးမည်ဟု ဆိုကြ၏။"

ဤသို့လျှင်အာသင်မြို့တွင်တမန်တော်၏ခရစ်ယာန်သာသနာပြုလုပ်ငန်း မှာပိတ်လိုက်ရသည်။မယုံကြည်သူတို့၏အတတ်ပညာစွယ်စုံပေါင်းချုပ်တည်ရှိရာ

မြို့တော်ဂေဟာတွင် မြို့သားတို့သည် နတ်ကိုးကွယ်မှုကိုသာ လက်မလျှော့စ တမ်းတွယ်ကပ်နေကြ၏။ ခရစ်ယာန်သာသနာအလင်းကိုလည်း ငြင်းပယ်ကြလေသည်။

လူသည် မိမိရရှိထားသည်နှင့်ကျေနပ်နေပြီဆိုက ဘာကိုမျှမမျှော်လင့်တော့ချေ။ အာသင်မြို့သူမြို့သားအပေါင်းတို့သည် အတတ်ပညာနှင့်ယဉ်ကျေးမှုအနုပညာတို့တွင် ရှေ့ခေတ်လူသားများဟု မိမိတို့ကိုယ်ကို ကြွားဝါနေကြပါသော်လည်း အကျင့်နှင့်လူကျင့်ထုံးတို့မှာမူကား နတ်ကိုးကွယ်မှု၏ မသိမမြင်သာသော ဘေးလျှို့ဝှက်ချက်ဆန်းကြယ်မှုများ၏ သားကောင်များပင်ဖြစ်ရရှာလေသည်။

ပေါလု၏ တရားတော်ကိုကြားနာကြသူများတွင် အမှန်တရားများကို သိမြင်၍ ပြောင်းလဲလိုသူများရှိကြသည်။ သို့သော် ထိုသူတို့သည် မိမိကိုယ်ကို မနှိမ့်ချ။ ထာဝရဘုရားသခင်နှင့်ကယ်တင်ခြင်းစီမံကိန်းကိုလည်း မလက်ခံကြချေ။ စကားအပြောအဟောကောင်း၍ ငြင်းခုံမှုတွင် အသာစီးမှာရှိရုံနှင့် အပြစ်သားကိုစိတ်နှလုံးမပြောင်းလဲစေနိုင်။ ထာဝရဘုရားသခင်၏ တန်ခိုးတော်ကသာလျှင် လူ၏စိတ်နှလုံးသားအိမ်တွင်းထဲသို့ အမှန်တရားကိုသွတ်သွင်း ပေးနိုင်၏။ ဤတန်ခိုးကို ငြင်းပယ်ဖန်များသောအခါ လူသည် ကောင်းကင်ဘုံက ပေးသောအနှစ်သာရကို လက်လှမ်းမမီနိုင်တော့ပေ။ ဂရိဟေလသလူတို့သည် လောကပညာကိုသာရှာ၏။ လက်ဝါးကပ်တိုင်တော်သတင်းသည် ထိုသူတို့ အတွက်မိုက်မဲရာကျ၍ မြေကြီးပေါ်၌ရှိသော အရာများကိုသာ စိတ်စွဲလန်းနေကြပါသည်တကား။

ဧဝံဂေလိသာသနာတော်သတင်းစကားသည် လူ့ပညာအားဖြင့်အထွတ်သို့ရောက်လေပြီဟု မိမိတို့ကိုယ်ကိုမှတ်ယူသော အာသင်မြို့သားများတွင် အောင်မြင်မှုမရှိသလောက်ဖြစ်သည်။ လောကပညာရှိတို့သည် သနားစရာပျောက်ဆုံးနေသော အပြစ်သားအနေဖြင့် မိမိကိုယ်ကိုမြင်၍ ခရစ်တော်သခင်ထံတော်ပါးသို့တိုးဝင်ချဉ်းကပ်သောအခါ ကယ်တင်ခြင်းသို့ ပို့ဆောင်ပေးသောပညာကိုရ၏။ သို့သော် ဂုဏ်သရေရှိလူ ချီးမွမ်းခံပညာသည်ကဲ့သို့ မိမိကိုယ်ကိုသဘောထားပါက ထာဝရဘုရားသခင်သာလျှင် ပေးနိုင်သောတရားတော်အလင်းနှင့်အပညာကိုမူ ရရှိလိမ့်မည်မဟုတ်ပါ။

ပေါလုသည် သူ့ခေတ်တွင်ရေပန်းစားသော နတ်ကိုးကွယ်ယုံကြည်မှုနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ အာသင်မြို့တွင် ခရစ်ယာန်သာသနာတော်မှာလည်းအချည်းနှီးတော့မဖြစ်သွားပါ။ ဒယောနုသိအမည်ရှိ ထင်ရှားသောအာရေတောင်မင်းတစ်ယောက်နှင့် အခြားသောသူများတို့သည် ဧဝံဂေလိသတင်းစကားကို လက်ခံကာ ယုံကြည်သူအဖြစ်ပြောင်းလဲခဲ့ကြပါသည်။

အာသင်မြို့သားတို့၏ အသက်တာကို တစေ့တစောင်းကြည့်လိုက်လျှင် အတတ်ပညာရင့်ကျက်၍ ယဉ်ကျေးသိမ်မွေ့ကာ အနုပညာ၌ နှိုင်းမမီအောင် ထွန်းကားနေပါသော်လည်း လူမှုရေးဖေါက်ပြန်မှု၊ အကျင့်ချွတ်ယွင်းမှုများတွင် ကားနစ်မြုပ်နေပါသည်။ ဤသည်ကိုဘုရားသခင်၏ အစေခံပေါလုကထင်ရှားစွာပညာသားပါပါဆုံးမပဲ့ပြင်၏။ နတ်ကိုးကွယ်မှုနှင့် မာနတရား၏ ကြွားဝါမှု၊ မိမိကိုယ်နှင့်မိမိကျေနပ်၍နေကာ တစ်ပါးသူကို အထင်အမြင်သေးမှုအပြစ်များသည် လူကိုအစိုးမရစေရန် ပေါလုဟောပြော၏။ ဤသဘောသည်ခေတ်ရေစီးကြောင်းအတိုင်း အဆက်ဆက်မျော၍ လာသည်မှာ ယခုခေတ်မှာလည်းရှိနေပါ၏။ ပေါလုကို ဟောပြောကြရမည်။

ပေါလု၏နှုတ်ထွက်စကားများသည် အသင်းတော်အတွက်ပညာရတနာသိုက်ပင်ဖြစ်ချေ၏။ သူ၏အနေအထားမှာပညာရှိတို့အားဟောပြောနေသဖြင့် မကျေနပ်စရာအမှားပါလျှင်မူကား သူအခက်ကြုံနိုင်လေသည်။ မြို့နေလူထု၏ ကြည်ညိုနေသောနတ်များကို တိုက်ရိုက်ဆန့်ကျင်ပြောဆိုပါက ပေါလုသည် ဆိုကရေးတီးကဲ့သို့ အန္တရာယ်အဖြစ်မျိုးကြုံနိုင်သည်မှာ ဧကန်မုချ။ သို့သော်လည်း သူသည် ဘုရားသခင်၏မေတ္တာမှပေါက်ပွားလာသောဇဝနဉာဏ်ဖြင့် သတိပြုကာလူတို့၏စိတ်အာရုံကို နတ်တို့မှသည်သူတို့မသိဘဲ ကိုးကွယ်သောဘုရားသခင်သို့ဖေါ်ပြဆောင်ယူလာသည်မှာ နမူနာယူထိုက်ပါပေသည်။

ယနေ့ မျက်မှောက်ကမ္ဘာတွင်လည်းခရစ်ယာန်ကျမ်းစာဖေါ်ပြသောအမှန်တရားများကိုကမ္ဘာ့သမိုင်းဝင်လူသားကြီးများထံသို့ပို့ဆောင်ပေးရလိမ့်မည်။သို့မှသာလျှင်ထိုသူတို့သည် ထာဝရဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်မည်လော၊(သို့တည်းမဟုတ်)အပြစ်အရှင်သခင်နှင့်မိတ်သဟာယဖွဲ့မည်လောဆိုသည်ကိုရွေးချယ်ဆုံးဖြတ်နိုင်ပါလိမ့်မည်။ထာဝရဘုရားသခင်သည်လူသားတို့ရှေ့မှောက်တွင် ထာဝရအမှန်တရားကို ဖေါ်ပြချမှတ်ထားလေပြီ။ ထိုတရားသည် သူတို့ကို

ကယ်တင်ခြင်းလမ်းသို့ ပို့ဆောင်ပေးပါလိမ့်မည်။ သို့ရာတွင် ကိုယ်တော်သည် ထိုတရားကိုလက်ခံပါဟူ၍တော့ အတင်းအကျပ်မပြုကျင့်ပါ။ ထိုတရားမှကျော ခိုင်းသွားလျှင်မူကား သူတို့ စိုက်သည်အတိုင်းရိတ်ဖို့ကိုသာ သူတို့မျှော်လင့် နိုင်ပါသည်။

"အကြောင်းမူကား ဆုံးရှုံးခြင်းသို့ရောက်သောသူတို့၌ လက်ဝါးကပ်တိုင် တော်တရားသည် မိုက်သောတရားဖြစ်၏။ ကယ်တင်ခြင်းသို့ရောက်သောငါ တို့၌ ထိုတရားသည် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။ ခရစ်ယာန်ကျမ်းစာလာ သည်ကား ပညာရှိတို့၏ပညာကို ငါဖျက်ဆီးမည်။ ဉာဏ်ကောင်းသောသူတို့၏ ဉာဏ်ကိုလည်းငါပယ်မဟုလာသတည်း။" "ဘုရားသခင်သည် ပညာရှိတို့ကို ရှက်ကြောက်စေခြင်းငှာ လောကအရပ်၌ မိုက်မဲသောသူတို့ကိုရွေးကောက်တော် မူ၏။ အစွမ်းသတ္တိရှိသောသူတို့ကိုရှက်ကြောက်စေခြင်းငှာ လောကအရာ၌အား နည်းသောသူတို့ကို ရွေးကောက်တော်မူ၏။ မြတ်သောသူတို့ကိုရှက်ကြောက်စေ ခြင်းငှါ လောကအရာ၌ဆင်းရဲသောသူ၊ မရေရာသောသူ၊ ယုတ်သောသူတို့ကို ရွေးကောက်တော်မူ၏။" (၁ကော ၁း၁၈၊၁၉၊၂၇၊၂၈)။ များစွာသောပညာရှိ သုခမိန်၊ နိုင်ငံခေါင်းဆောင်တို့နှင့် ကမ္ဘာ့အထင်ရှားဆုံးပုဂ္ဂိုလ်ထူးများတို့သည် ယခုလို နောက်ဆုံးသောကာလမျိုးတွင် တရားတော်အလင်းမှ စွန့်ခွာသွားကြပေ လိမ့်မည်။ အကြောင်းမူကား လောကပညာသည် ထာဝရဘုရားသခင်ကိုမသိ သောကြောင့်တည်း။ သို့တိုင်အောင်လည်း ဘုရားသခင်၏ စေတမန်တို့သည် ထိုသူတို့ထံသို့အခွင့်ကြုံတိုင်း တရားအလင်းကို ပို့ဆောင်ရပေမည်။ ဤနည်းဖြင့် တချို့သည်လည်း ဘုရားသခင်နှင့်ပတ်သက်၍ ငါတို့ဘာမျှမသိသေးပါလားဟူ သောအသိအမြင်မျိုးရကာ ပုဆစ်ဒူးကွေးလျက် ဆရာကြီးသခင်ယေရှု၏ခြေ တော်ရင်းမှာ တိုးဝင်ချဉ်းကပ်လျက် တပည့်ခံယူကြပါလိမ့်မည်။

အထက်တန်းလူ့မလိုင်အလွှာကိုဧဝံဂေလိသတင်းကောင်းရောက်ရှိနိုင် ဖို့ရန်ဘုရားသခင်အစေခံအမှုတော်ဆောင်တို့၌ ကြီးမားသောယုံကြည်ခြင်းရှိရန် လိုအပ်ပါသည်။ ချည်းကပ်ရာ၌ ခက်သရောင်ရှိသော်ငြားလည်း အမှောင်ဆုံး သောအချိန်နာရီတွင် ကောင်းကင်ဘုံအလင်းသည် တည်ရှိနေပါ၏။ထာဝရဘုရား သခင်ကိုချစ်၍အစေခံခြင်းအရာမှာနေ့စဉ်ခွန်အားနှင့်ပြန်လည်ဆန်းသစ်လာပါ လိမ့်မည်။ အမှုတော်ဆောင် ခရစ်ယာန်သာသနာပြုတို့ကိုထာဝရဘုရားသခင်

သိနားလည်တော်မူ၏။ ကိုယ်တော်၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖေါ်ရာ၌ သူတို့ကိုမမှားစေရန် စောင့်မတော်မူမည်။ အစပြုရာ၌ ယုံကြည်စိတ်ချထားမှု ခိုင်မြဲသကဲ့သို့ အဆုံးတိုင်အောင် စွဲကိုင်လော့။ ကမ္ဘာမြေကြီးကို လွှမ်းခြုံထားသော အမှောင်ထုအလယ်တွင် ထာဝရဘုရားသခင်၏ တရားတော်အလင်းထွန်းလင်းရန်သတိရပါလေ။ ဘုရားသခင်၏အမှုတော်မြတ်တွင် စိတ်ပျက်အားလျော့စရာအကြောင်းမရှိရပါ။ ဆက်ကပ်ပေးဆပ်သော အမှုတော်ဆောင်တစ်ဦး၏ယုံကြည်ခြင်းသည် စမ်းသပ်မှုမှန်သမျှကို ခံနိုင်ရည်ရှိရပါမည်။ ထာဝရဘုရားသခင်သည် မိမိအစေခံတို့အား လိုအပ်သမျှသောခွန်အားအစွမ်းသတ္တိ ဉာဏ်ပညာကိုပေးနိုင်ပါ၏။ ပေးလိုပါသည်။ ကိုယ်တော်ကိုအားကိုးခိုလှုံသောသူအား အထူးသဖြင့် အမြင့်မြတ်ဆုံးလိုအပ်ရာများနှင့် ဖြည့်စွက်ထောက်ပံ့ပေးရန် ဘုရားသခင်တတ်နိုင်တော်မူသည်မဟုတ်ပါလောမိတ်ဆွေ။

---ooo---

## အခန်း(၂၄)
## ကောရိန်သုမြို့
(ဤအခန်းသည်တမန်တော်၁၈း၁-၁၈ ကိုအခြေပြုထားသည်)

ခရစ်ယာန်သာသနာတော်ထွန်းကာရာခေတ်ပထမရာစုနှစ်အတွင်းကောရန်သုမြို့သည် ဂရိနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် ဦးဆောင်နေသော မြို့တော်များတွင် တစ်မြို့အပါအဝင်ဖြစ်ပါသည်။ ဂရိလူမျိုး၊ ဂျူးလူမျိုး ရောမလူမျိုးများမှစ၍ ကမ္ဘာ့အရပ်လေးမျက်နှာမှခရီးသွားတို့သည် ကောရိန်သုမြို့ လမ်းမများပေါ်တွင် ခြေရာချင်းကပ်၍ မိမိတို့စီးပွားချမ်းသာပျော်ပါးရာအလို့ငှာ ရည်မှန်းသည့်အတိုင်း အကောင်အထည်ဖေါ်ကြကုန်၏။

ကုန်စည်ကူးသန်းရောင်းဝယ်ရာ ဗဟိုချက်ဖြစ်၍ ရောမအင်ပါရာနိုင်ငံများ၏ ဆုံမှတ်ပင်ဖြစ်သောကြောင့် ထာဝရဘုရားသခင်နှင့်အမှန်တရား အထိမ်းအမှတ်ကမ္ပည်းကျောက်တိုင် တရားဇရပ်များတည်ဆောက်ရန်အရေးကြီးနေရာတစ်ခုလည်းဖြစ်နေသည်။

ကောရိန်သုမြို့တွင် အခြေစိုက်သော ဂျူးလူမျိုးတို့တွင် အာကုလနှင့် ပြစ်ကိလဇနီးမောင်နှံနှစ်ဦးတို့လည်းရှိကြပါသည်။ ထိုသူတို့တွင်နောင်သောအခါ ခရစ်တော်သခင်အတွက် ထူးခြားအမာခံတပည့်တော်များဖြစ်လာကြပါသည်။ တမန်တော်ကြီးသည်လည်း သူတို့နှင့်ရင်းနှီးလာသဖြင့် "သူတို့ဆီသို့ဝင်၍တဲရှင်ချုပ်သော အလုပ်ချင်းတူသောကြောင့် အတူနေထိုင်လုပ်ကိုင်စားသောက်ကြလေ၏။

ဤသို့အများပြည်သူခရီးသွားရာလမ်းဆုံမြို့တော်တွင်ဧဝံဂေလိလုပ်ရန်ပေါလုချင့်ချိန်ကြည့်လိုက်သောအခါခရစ်ယာန်သာသနာလုပ်ငန်းအတွက် ဘေးပတ်လည်တွင် အဟန့်အတားများစွာရှိလေ၏။

အထူးသဖြင့် မြို့တော်သူမြို့တော်သားတို့သည် နတ်များကိုကိုးကွယ်ကြလေသည်။ အကြိုက်နှစ်သက်ဆုံးမှာ ဗီးနပ်စ်နတ်မပင်ဖြစ်၏။

ထိုနတ်မကိုကိုး ကွယ်ရာတွင် လူယောကျာ်း၊ လူမိန်းမတို့သည် ကိုယ်ကျင့်တရားပျက်ပြားစေသည့် ဝတ်ပြုပုံများနှင့် အထုံးအဖွဲ့အစဉ်အလာများပါဝင်နေပါသည်။ ကောရိန်သုမြို့သူမြို့သားအပေါင်းတို့သည်. . . . . . . . .

လည်း၊ မယုံကြည်သူတို့၏ စုပေါင်းအကျင့်သိမ်ဖျင်းမှုနယ်ပယ်တွင် ရှိနေကြရ ကား၊အပျော်အပါးလိုက်စားမှုများတွင်သာ အချိန်ကုန်နေတော့သည်။

ကောရိန်သုမြို့တွင် ဧဝံဂေလိ သာသနာသတင်းစကား ကြွေကြော်ရာ၌ ပေါလုသည် အာသင်မြို့တွင် သုံးသောနည်းမျိုးကိုမသုံး။ ပုံစံတစ်မျိုးနှင့်လုပ်ဆောင်လေ၏။

တရားနာပရိသတ်တို့၏ အနေအထားစရိုက်ကို အခြေခံထား၍ ပုံစံပြောင်းသင့်ပြောင်းရပါသည်။ အာသင်မြို့တွင်ကား ဆင်ခြင်တုံတရားနှင့် လေးလာလျှင်ဆင်ခြင်တုံတရားနှင့်ဖြေ၏။

သိပ္ပံအတတ်နှင့်လာလျှင် သိပ္ပံအတတ်နှင့်တွေ့၏။ အတွေးအခေါ်သမားတို့သည် အတွေးအခေါ်နှင့်ပြန်လည်ချေပလေသတည်း။

သို့သော်ပင်စည်ကားပါလျက် အသီးနည်းလှ၏။ တွက်ခြေမကိုက်။ ထိုအခါပေါလုသည် ပေါ့ပျက်ပျက်နေ၍ ဝိညာဉ်ရေးတွင်ခြားနားလိုစိတ်မရှိသော ကောရိန်သုမြို့သူမြို့သားတို့နှင့် အသေးစိတ်ဆွေးနွေးငြင်းခုံရန်အမှုကို ရှောင်၍ "ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာငါ(ပေါလု)စိတ်ပြဋ္ဌာန်းခြင်းရှိ၏"။

ဤသို့လျှင် "ငါ့စကား၊ငါ့တရားသည် လူပညာနှင့်ယှဉ်သော ဖြားယောင်းသောစကားနှင့်တကွရှိသည်မဟုတ်။ဝိညာဉ်တော်၏ အံ့ဖွယ်တန်ခိုးတော်နှင့်တကွရှိ၏" (၁ကော ၂း၂၊၄၊)ဟုပေါလု ဟောလေသတည်း။

ဆက်လက်၍ ကောရိန်သုမြို့နေ ဂရိလူမျိုးတို့အား ပေါလုဟောပြောသည်ကား၊ ယေရှုခရစ်သည် ဘုရားသခင်၏ သားတော်ဖြစ်၍ အနိမ့်ကျဆုံးသူဆင်းရဲ ဂျူးလူမျိုးတစ်ယောက်ဖြစ်ကာဆိုးသွမ်းမှု၌ ဆိုစကားရှိသော မြို့ငယ်မြို့ယုတ်တွင် ကြီးပြင်းလာခဲ့ကြောင်း အပယ်ခံရတနာသားတစ်ဦးဖြစ်၍ မိမိလူမျိုးချင်းက သူ့ကိုငြင်းပယ်ကာ ရာဇဝတ်သားတစ်ဦးကဲ့သို့ လက်ဝါးကပ်တိုင်အပေါ်တင်၍ သတ်ခဲ့ကြောင်းစသည်ဖြင့်စုံလင်လှပေ၏။

လူသားတစ်နွယ်လုံးကို အဆင့်မြှင့်တင်ပေးဖို့ လိုအပ်ပြီဖြစ်ကြောင်းကို တော့ဂရိလူမျိုးတို့ ယုံကြည်ကြသည်။ ထိုကြောင့်လည်း တွေးခေါ်ပညာနှင့်သိပ္ပံအတတ်တို့သာလျှင်မှန်သော မြှင့်တင်ခြင်းနှင့် ဂုဏ်ပြုခြင်းမည်ပေသည်ဟု မှတ်ယူကြ၏။ယခုသော်ကား ပေါလု ဤသို့ဟောပြောသဖြင့် မိုက်မဲသောဂျူးလူမျိုးတို့၏လုပ်ရပ်ကို ချီးမြှောက်ကာ သက်ရှင်သတ္တဝါတိုင်းကို ဂုဏ်ပြုမည့် ယုံကြည်ခြင်းမျိုးကောရိန်သုမြို့သားတို့ သက်ဝင်ယုံကြည်ရန် ပေါလုပြုနိုင်ပါမည်လော။

ယခုမျက်မှောက်ခေတ်လူအများစု၏ စိတ်အာရုံတွင် ကရာနီကုန်းပေါ်မှကပ်တိုင်အကြောင်းကို တွေးမြင်လိုက်ခြင်းဖြင့် သန့်ရှင်းမြင့်မြတ်သောအရာများကိုသတိရစေ၏။ သန့်ရှင်းသောအပေါင်းအသင်းများနှင့် ကပ်တိုင်တော်မြင်ကွင်းသည်ဆက်နွယ်လျက်ရှိ၏။ သို့သော်ပေါလုအချိန်က လက်ဝါးကပ်တိုင်ဟုဆိုလျှင်ကြောက်ရွံ့ရွံရှာမုန်းတီးကြသည်။ ချော်ပါစေ၊ လွဲပါစေဟုဆုတောင်းကြသည်။လူသားတစ်နွယ်လုံးကို ကယ်တင်ခဲ့သော အရှင်သခင်ကလက်ဝါးကပ်တိုင်ပေါ်တွင် ချိတ်ဆွဲခံရပြီးမှ သေခြင်းဆိုးနှင့်သေရသည့်အဖြစ်မှာ သဘာဝအားဖြင့်ပြက်ရယ်ပြုဆန့်ကျင်ဖို့သာ ရှိလေ၏။

ပေါလုသည် ဤသတင်းကောင်းနှင့်ပတ်သက်၍ ဂျူးလူမျိုးအနေဖြင့်မည်သို့မြင်မည်၊ ကောရိန်သုမြို့နေ ဂရိလူမျိုးတို့အမြင်မည်သို့ရှိမည်ကို ကြိုသိထားပြီးဖြစ်၏။ ထို့ကြောင့် ဤသို့ဝန်ခံတရားဟော၏။ “ငါတို့မူကား၊ လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ခရစ်တော်၏ အကြောင်းအရာကို ဟောပြောကြ၏။ ထိုအကြောင်းအရာသည်ကား၊ ယုဒအမျိုးသားထိမိ၍ လဲစရာအကြောင်းဖြစ်၏။ တစ်ပါးအမျိုးသား၌ကား မိုက်မဲခြင်းဖြစ်၏။” (၁ကော ၁း၂၃)။ ပေါလုသည် သူ၏ တရားကိုကြားနာရသော ဂျူးလူမျိုးတို့သည် စိတ်ဆိုးမည်။ ဂရိလူမျိုးတို့ကား သူ့ကိုအရူးငမိုက်သားဟု မြင်မည်။ လူသားတစ်နွယ်လုံးကို ကယ်တင်ခြင်းပေးရန်(သို့မဟုတ်)မြှင့်တင်ရန် လက်ဝါးကပ်တိုင်တော်နှင့် ဆက်စပ်၍ ကြိုးစားဆက်စပ်နားလည်စေသူမှာ စိတ်မနှံ့သူပါတကား ဟုခေါ်မည်။ ဒါကိုသူသိသည်။

သို့သော်လည်း ပေါလုသည် လက်ဝါးကပ်တိုင်တော်ကိုအတိုင်းထက်အလွန်စိတ်ဝင်စား၏။ဒမာသက်မြို့လမ်းမပေါ်တွင်နာဇရက်မြို့သားယေရှု၏သံ့ပန်းအဖြစ်ပြောင်းလဲခဲ့ပြီးသည်မှစ၍ ပေါလုသည်လက်ဝါးကပ်တိုင်တော်အကြောင်းကိုမချီးမွမ်းဘဲမနေနိုင်ပါ။ခရစ်တော်၏အသေခံခြင်းကိုသူသိမြင်ရပြီးသည်နောက်ထာဝရဘုရားသခင်၏မေတ္တာတော်ကိုလည်းမြည်းစမ်းခဲ့ရပါ၏။အသက်တာပြောင်းလဲချိန်မှစ၍သူ၏စီမံကိန်းနှင့်ရည်ရွယ်ချက်များသည်ကောင်းကင်ဘုံနှင့်ညီညွတ်လာ၏။အသစ်သောသတ္တဝါဖြစ်၍လာလေပြီ။အပြစ်သားသည်ခမည်းတော်ဘုရားသခင်၏မေတ္တာတော်ကို သားတော်ဘုရားသခင်၏ကိုယ်စားပြုအသေခံဆက်ကပ်ပူဇော်ခြင်း၌ မြင်တွေ့ရသောအခါ ဘုရားသခင်၏ ဩဇာလွှမ်းမိုးမှုကိုခံရသဖြင့် စိတ်နှလုံးပြောင်းလဲခြင်းသို့ရောက်ရ၏။

ထိုမှလွန်သော် ခရစ်တော်သည်သာ အလုံးစုံတို့၏အလုံးစုံဖြစ်သတည်းဆိုကြောင်းကို ပေါလုသည်ကိုယ်တွေ့ဗဟုသုတအားဖြင့်သက်သေခံခြင်းဖြစ်ပါသည်။

ပေါလုပြောင်းလဲသွားသည်နောက် သူ၏မိတ်ဆွေလူသားများတို့လည်း နာဇရက်မြို့သား ခရစ်တော်ယေရှုသည် အသက်ရှင်သောဘုရားသခင်၏သားတော်ဖြစ်၍စိတ်နှလုံးပြောင်းလဲစေနိုင်ရုံမျှမက ကယ်တင်ခြင်းပေးနိုင်ကြောင်းသတင်းကောင်းကိုဖေါ်ပြလိုပါသည်။ ထိုအချိန်မှစ၍ ပေါလုသည် လုံးလုံးလျားလျားအသက်တာကိုဆက်ကပ်အပ်နှံအမှုတော်ဆောင်လေတော့၏။ ကပ်တိုင်တော်အရှင်၏ထာဝရမေတ္တာတော်ကိုလည်း ကမ္ဘာ့လူသားလူ့အလွှာအသီးသီးတို့ထံပို့ဆောင်ပေးရန်သူ့မှာအကြွေးတင်နေသည်ဟုခံစားမိပါသည်။ သို့ဖြစ်၍"ဟေလသလူဖြစ်စေ၊လူရိုင်းဖြစ်စေ၊ပညာရှိဖြစ်စေ၊ပညာမဲ့ဖြစ်စေ၊လူအမျိုးမျိုးတို့၏ကြွေးသည် ငါ၌တင်လျက်ရှိ၏"(ရောမ၁း၁၄။)ဟုပေါလုကြေညာပါ၏။ သူမပြတ်ညှဉ်းဆဲခဲ့သောသခင်၏သန့်ရှင်းသူတို့၏သဘောထားသည်လည်း ယခုတွင်သူ၌ ကူးစက်လာပါပြီ။ရည်ရွယ်ဦးဆောင်ချက်အခြေခံသဘောတရားရရှိထားပြီမို့၊အကယ်၍ခရစ်ယာန်သာသနာခရီးကြမ်းမျိုးဆက်လျှောက်ရသည်တိုင် ကပ်တိုင်တော်ကိုတစ်ချက်မျှငေးကြည့်လိုက်ရုံနှင့်အံ့ဖွယ်မေတ္တာတော်ကိုသိမြင်ရသောကြောင့်သန္နိဋ္ဌာန်ချ၍ရှေ့ခရီးကိုကိုယ်ကျိုးမငဲ့၊မပျက်မကွက်တိုးချဲ့ခရစ်ယာန်သာသနာပြုမည်မှာပေါလု၏စိတ်ဓါတ်တည်း။

ကောရိန်သုမြို့တရားဇရပ်ထဲတွင် မောရှေနှင့်ပုရောဖက်များစာစောင်မတ်တမ်းများကိုဆွေးနွေးကြသည်။ကတိတော်မေရှိယသခင်အကြောင်းလည်းပါ၏။ကယ်တင်ရှင်ရွေးနှုတ်ရှင်၏အလုပ်နှင့်ပတ်သက်၍ထိုသခင်သည်လူသားတို့၏ယဇ်ပုရောဟိတ်မင်းကြီးဖြစ်ကြောင်းတစ်ကြိမ်မျှကိုယ်စားပြုအသေခံသွားသည်နှင့်ကာလအဆက်ဆက်လူတို့သည်အပြစ်ဖြေလွှတ်ခွင့်ရရှိပြီဖြစ်ကြောင်း၊ယခုတွင်ကောင်းကင်ဘုံတဲတော်တွင်ရှေ့နေကဲ့သို့ရန်ငြိမ်းခြင်းအမှုတော်ကို ဆောင်ရွက်ပေးနေဆဲဖြစ်ကြောင်း၊လူတို့စောင့်မျှော်နေသောမေရှိယသခင်မှာ ဤကမ္ဘာပေါ်တွင်ရောက်ရှိလာခဲ့ပြီဖြစ်၍ သူ၏အသေခံခြင်းဖြင့်နောက်နောင်ဘယ်သောအခါမျှယဇ်ပူဇော်ခြင်း မလိုအပ်တော့ကြောင်း၊ ဝိနည်းအထုံးအဖွဲ့ ပညာများလည်းကပ်တိုင်တော်၌ ပယ်ရှင်းလိုက်ပြီဖြစ်ကြောင်း ဟောသည်ကို ကြားနာကြသူများကောင်းစွာသဘောပေါက်နားလည်ကြပါ၏။

"ယေရှုခရစ်တော်သည်ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း" ကို ပေါလုသည်ဂျူးလူမျိုးတို့အား သက်သေခံပါသည်။ဓမ္မဟောင်းကျမ်းကပုရောဖက်ဟောစာအရနိုင်ငံတကာမှဂျူးလူမျိုးတို့မျှော်လင့်သော မေရှိယသည်အာဗြဟံနှင့် ဒါဝိဒ်တို့၏မျိုးစဉ်မှဖြစ်မည်။ထို့နောက်ဆွေစဉ်မျိုးဆက်စာရင်းကိုပြော၏။ ပုရောဖက်များဟောထားသော ကတိတော်မေရှိယ၏ အကျင့်နှင့်အမှုတော်မြတ်အကြောင်းသက်သေခံချက်များကိုလည်းဖတ်ကြားသည်။

သိုးထိန်းများထိုသခင်ကိုလက်ခံကြပုံနှင့်မြေကြီးသားတို့ ထိုသခင်ကို ပြုမူကြပုံများကိုလည်းပြောသည်။ထိုနောက်ထိုဖေါ်ပြပြီးအမှုအရာအားလုံးတို့သည် နာဇရက်မြို့သားယေရှု၏သက်တော်စဉ်၊ အမှုတော်ထမ်းရွက်ပုံနှင့်ကိုယ်စားပြုအသေခံခြင်းအမှုတို့တွင်ပြည့်စုံသွားခဲ့ပြီဖြစ်ကြောင်းတင်ပြပါသည်။

ဆက်လက်၍ပေါလုကမေရှိယသည်အပြီးပိုင်လာ၍နိုင်ငံဂုဏ်ရည်ကို မြှင့်တင်ပေးမည်အကြောင်းကိုစောင့်စားမျှော်လင့်နေသောအစ္စရေးလူမျိုးတို့အတွက်ခရစ်တော်သခင်သည်ကယ်တင်ရန်လာရောက်ပြီဖြစ်ကြောင်းကိုတင်ပြ၏။ သို့သော် ထိုလူမျိုးသည်ပင် အသက်ပေးပိုင်သူသခင်ကိုငြင်းပယ်၍သေမျိုးဖြစ်သောအခြားခေါင်းဆောင်တစ်ဦးကိုရွေးချယ်လိုက်ကြောင်း သို့ဖြစ်၍ လာမည့်ပျက်စီးခြင်းဘေးဆိုးမှကင်းလွတ်၍ ဂျူးလူမျိုးတစ်နွယ်လုံးကယ်တင်ခြင်းခံစားနိုင်အံ့သောငှာနောင်တတရားရရှိရန် နှိုးဆော်ပါသည်။

သူတို့နားလည်လျှင်ဝါကြွား၍ဂုဏ်ယူစရာဖြစ်သောကျမ်းချက်အမိပ္ပါယ်များကိုလည်းရှင်းလင်းဖေါ်ပြခဲ့ပါ၏။သူတို့၏လောကဆန်မှု၊ရာထူးရာခံများတပ်မက်မောမှု၊ အပြင်ပန်းသဏ္ဍာန်ဟန်ဆောင်မှုနှင့်အလွန်အကျွံတစ်ကိုယ်ကောင်းဆန်မှုတို့ကိုပေါလုဆုံးမပဲ့ပြင်ပါသည်။

ပေါလုသည်ဝိညာဉ်တော်တန်ခိုးဖြင့် မိမိ၏အံ့ဩဖွယ်ရာပြောင်းလဲမှုအကြောင်းစုံနှင့် နာဇရက်မြို့သားယေရှု၌ ပြည့်စုံပြီဖြစ်သော ပုရောဖက်ဟောဒ ဓမ္မဟောင်းကျမ်းချက်များအပေါ် ယုံကြည်စိတ်ချမှုတို့ကိုပြန်လည်တင်ပြပါသည်။ သူ၏ ဟောပြောပုံမှာစျာန်ဝင်သဖြင့်ကြားရသူတိုင်းမှာလည်း၊ ဤသူသည် အသေခံ၍ရှင်ပြန်ထမြောက်သော ကယ်တင်ရှင်သခင်ကို စိတ်နှလုံးအကြွင်းမဲ့နှင့်ချစ်ကြောင်း ခွဲခြားသိမြင်နိုင်ပါ၏။ သူ၏အာရုံသည် ခမည်းတော်သခင်နှင့် ဗဟိုချက်ပြု၍ သူ၏ အသက်တာတစ်ခုလုံးသည် ထိုသခင်၌လုံးထွေးနေပါ၏။

သူ၏အဆိုအမိန့်ပြောကြားစကားတို့မှာကြားရသူကိုမေ့မရအောင်စွဲလမ်းစေပါသည်။

သို့ရာတွင်ကောရိန်သုမြို့နေဂျူးလူမျိုးတို့သည်တမန်တော်ကြီးတင်ပြသောအထောက်အထားများကိုမျက်ကွယ်ပြု၍တောင်းပန်ချက်များကိုနားထောင်ရန်ငြင်းဆန်ခဲ့ပါသည်။ခရစ်တော်သခင်ကိုငြင်းဆန်ခဲ့သောထိုစိတ်ဓါတ်မျိုးသည်ပင်လျှင်သခင်၏တပည့်တော်များကိုအလွန်အမင်းစိတ်ဆိုးစေခဲ့၏။အကယ်၍သာဘုရားသခင်သည် လူမျိုးခြားသားတို့ထဲတွင်ဧဝံဂေလိသာသနာပြုရန်တမန်တော်အားအထူးသဖြင့် မကာကွယ်ခဲ့ပါသော်လည်း အသက်နှင့်ကိုယ်အိုးခြမ်းကွဲပြီဟူ၍သာ မှတ်ရပေတော့မည်။

"ယုဒလူမျိုးတို့သည်ငြင်းခုံဆဲရေးခြင်းကိုပြုသည်ရှိသော်ပေါလုသည်မိမိအဝတ်ကိုခါလိုက်လျက်၊သင်တို့၏အသွေးသည်သင်တို့၏ခေါင်းပေါ်၌တည်စေ။ ငါမူကားကင်းလွတ်၏။ယခုမှစ၍ တစ်ပါးအမျိုးသားတို့ဆီသို့သွားမည်ဟုဆိုပြီးလျှင်ထိုအရပ်မှထွက်၍ ဘုရားသခင်ကိုကိုးကွယ်သောယုတ္တုအမည်ရှိသောသူ၏အိမ်သို့သွား၏။ထိုအိမ်သည် တရားဇရပ်နှင့်စပ်လျက်ရှိသနည်း။"

သိလနှင့်တိမောသေတို့သည်"မာကေဒေါနိပြည်မှပေါလုကိုကူညီရန်ရောက်လာသောအခါ" သူတို့အတူတကွတရားဟောခြင်းအမှုကိုသာ ဆောင်ရွက်၍ခရစ်တော်၏အကြောင်းကိုဂျူးလူမျိုးနှင့်မယုံကြည်သူတို့အားကြိုးစား၍ သက်သေခံ၏။လူသားတစ်နွယ်လုံး၏ ကယ်တင်ရှင်မှာ ခရစ်တော်ယေရှုဖြစ်ကြောင်းဟောပြောလေသည်။ရှုပ်ထွေး၍ကျိုးကြောင်းဆက်သွယ်မှုဆင်ခြင်တုံတရားကင်းမဲ့လာသောအခါ ကပ်တိုင်တော်စေတမန်တို့သည် စကြာဝဠာသခင် မြတ်သောအုပ်စိုးရှင်၏ ဂုဏ်အင်္ဂါသဘောတော်များကိုသာမှီခိုနေပါတော့သည်။

တမန်တော်တို့၏စိတ်ဘဝင်သည်လည်း ဘုရားသခင်နှင့်သားတော်ဘုရားသခင်တို့၏ချစ်ခြင်းမေတ္တာမျိုးနှင့် တောက်လျှံ၍နေကာ မယုံကြည်သူတို့အားလူသားတစ်နွယ်လုံးအတွက် ကိုယ်စားပြု အသေခံသွားခဲ့သောသခင်ကိုမျှော်ကြည့်ရန်တောင်းပန်ကြပါသည်။ အမှောင်ထဲမှာလက်နှင့်စမ်းသွားရသည့်အဖြစ်မျိုးရှိစေသည့်နတ်ဘုရားကိုးကွယ်မှုကိုပြုသူတို့သည်အကယ်၍သာကရာနီကုန်းပေါ်ရှိ ကပ်တိုင်တော်အလင်းတန်းကိုမြင်တွေ့နိုင်မည်ဆိုလျှင် ထိုသူတို့သည် ကမ္ဘာ့ကယ်တင်ရွေးနှုတ်သခင်ကို လက်ခံကြပေလိမ့်မည်။ "ငါသည်လည်း

မြေကြီးကိုခွာ၍မြှောက်ထားခြင်းကိုခံရလျှင် လူအပေါင်းတို့ကိုငါ့ထံသို့ငါဆွဲမည်" ဟု ကယ်တင်ပိုင်ရှင်မိန့်ကြားတော်မူခဲ့ပြီမဟုတ်လော။ (ယောဟန် ၁၂း၃၂)

ဧဝံဂေလိသာသနာပြုသူတမန်တော်တို့သည် ကောရိန်သုမြို့တွင်ရှိသောတရားစစ်ကိုသိလိုသူများအတွက် အလွန်ကြောက်ဖွယ်ကောင်းသောဘေးရန်များပတ်လည်တွင်တည်ရှိနေသည်ကိုသတိထားမိကြပါ၏။

ထိုစိုးရိမ်မှုတာဝန်အသိစိတ်ဖြင့်သာလျှင် ယေရှုသခင်တွင်ရှိသောအမှန်တရားကိုသူတို့ထံတင်ဆက်နေခြင်းဖြစ်သည်။ခရစ်ယာန်တရားတော်မှာလည်း ရှင်းလင်းပြတ်သား၍ သေရေးရှင်ရေးတမျှအရေးကြီးဆုံးဖြစ်ရန်လိုအပ်ပေသည်။

အပြောအားဖြင့်သာမဟုတ်၊နေထိုင်ပြောဆိုကျင့်ကြံ အားထုတ်သက်ရှင်သွားရန်ဖြစ်ချေ၏။ ဤအမှုတွင်ကောင်းကင်တမန်များတို့သည်လည်း အဖော်ပြုကူညီကြလေသည်။ သို့ဖြစ်၍ဘုရားသခင်၏ကျေးဇူးတန်ခိုးတော်ကြောင့်ပြောင်းလဲသူများစွာရှိပါသည်။

"ကရိပ္ပုအမည်ရှိသောတရားဇရပ်မှူးသည် မိမိအိမ်သားအပေါင်းတို့နှင့်အတူ ဘုရားသခင်ကိုယုံကြည်လေ၏။ ကောရိန်သုပြည်သားအများတို့သည်လည်းယုံကြည်၍ ဗတ္တိဇံကိုခံကြ၏။"

တမန်တော်များသည် ရွံမုန်းစရာသတ္တဝါကြီးများဟု အမြဲထင်မှတ်နေကြသောဂျူးလူမျိုးတို့သည် ယခုတော့ ဒေါသအိုးကြီးကွဲနေလေပြီ။ သူတို့၏တရားဇရပ်မှူး၊ကရိပ္ပုကိုယ်တိုင်က စိတ်ပြောင်းလဲ၍ ရေနှစ်ခြင်းခံယူကာခရစ်ယာန်ဖြစ်သွားလေပြီ။ ပို၍အမျက်ဒေါသခြောင်းခြောင်းထ၏။

ပေါလု၏တရားတော်မှားသည်ဟုလည်းသက်သေမပြနိုင်ရကား၊ ဧဝံဂေလိတရားတော်နှင့် ယေရှု၏နာမတော်ကိုစော်ကားပြောဆိုကြပါတော့သည်။ အခြေအမြစ်မကျသောအမျက်ဒေါသကြောင့်သူတို့၏ဆိုစကားတို့မှာ ခါးသီးလှ၏။

အကြံအစည်မှာလည်း စကောလောက်မှဖောက်မနက်တော့ပြီ။ သူတို့သည်ခရစ်တော်သခင်၏ဖေါ်ပြသွားခဲ့သောနိမိတ်လက္ခဏာများကို မငြင်းဆိုနိုင်သောအခါ စာတန်၏ တန်ခိုးအားဖြင့်ပြုသည်ဟု စွပ်စွဲကြ၏။ ပေါလုပြုသောအံ့ဖွယ်အမှုတို့သည်လည်းအလားတူမကောင်းဆိုးဝါးတို့၏ တန်ခိုးသာလျှင်ဖြစ်သည်ဟုရဲဝံ့ခိုင်လုံစွာ ကြေညာကြလေသတည်း။

ပေါလုသည်ကောရိန်သုမြို့တွင်ခရစ်ယာန်သာသနာတော်မှာ အတော် အသင့်အောင်မြင်သည်ဟုဆိုရပါမည်။ သို့တိုင်အောင်လည်း မြို့တွင်းလူတို့၏ ကျင်လည်သောအပြစ်များကြောင့် သူသည်စိတ်သက်သာရမရ။ မယုံကြည်သူတို့ တွင်ကြားရမြင်တွေ့ရသောမွေးရာပါအကျင့် ပျက်ပြားမှုနှင့်သူကိုယ်တိုင်ကဂျူးလူ မျိုးတို့ထံမှ ခံစားရသောအထင်သေးမှုနှင့် စော်ကားကဲ့ရဲ့မှုတို့ကြောင့် စိတ်နှလုံး နာကြည်းမှုများစွာဖြစ်ရသည်။ ထိုမြို့တော်တွင်လည်း အသင်းတော်တည်ထောင် မည်ဆိုက အလားအလာကောင်းပါလေစွဟု သံသယဖြစ်မိသည်။

ဤမြို့ကိုစွန့်၍ ခရစ်ယာန်သာသနာနယ်သစ်ကို ရှာဖွေအံ့ဟု စဉ်းစား ကြံရွယ်မိသည်တွင် ဘုရားသခင်သည် မြင်ခြင်းအားဖြင့် ထင်ရှားလျက် ပေါလု နှင့်စကားပြောပါသည်။ "သင်သည်မကြောက်နှင့်။ တိတ်ဆိတ်စွာမနေနှင့်။စကား ပြောလော့။ ငါသည်သင်နှင့်အတူရှိ၏။ သင့်ကိုညှင်းဆဲခြင်းငှာ အဘယ်သူမျှအ နိုင်အထက်မပြုရ။

ဤမြို့၌ ငါ၏လူအများရှိကြသည်ဟု မိန့်တော်မူ၏။" ဤအမိန့်တော် သည်ကောရိန်သုမြို့တွင်နေကာ ဆက်လက်၍ ဧဝံဂေလိမျိုးစေ့ကြဲသွားရန် ဘုရား သခင်ပြောကြားနေသည်။ အာမခံချက်ပေးနေသည်ကို ပေါလုသိနားလည်၏။ အားတက်လာသည်။ ရဲရင့်လာ၏။ ရှေ့ဆက်ကာ ဇွဲလုံ့လကိုဖက်၍အလုပ်ပွား လေတော့သည်တကား။

ဤမြို့တွင် ပေါလုသည် လူထုခရစ်ယာန်တရားပွဲကြီးပြု၍မရပါ။အခြား နည်းလမ်းကို သုံးရလေ၏။ ပေါလုသည် တစ်အိမ်တက်ဆင်းဧဝံဂေလိသတင်း စကားကြားပြောသက်သေခံ၏။ အိမ်ထောင်မိသားစုများနှင့် ဆက်ဆံရသဖြင့် အကျိုးများစွာဖြစ်ပွန်း၏။ ဖျားနာနေသူ၊ ဝမ်းနည်းကြေကွဲနေသူ၊ အပယ်ရတနာ များထံလည်းပတ်အားပေးနိုင်ခွင့်ရရှိလေသည်။

စိတ်အားငယ်သူများကိုလည်း စိတ်နေသဘောထား မြှင့်တင်ပေးနိုင် ခဲ့သည်။ သူပြောလေသမျှစကားတွင် ယေရှု၏နာမတော်ကို အမြဲချီးမွမ်းပြော ဆို၏။ ဤသို့လျှင် သူသည် "အားနည်းခြင်း၊ အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်း နှင့်(၁ကော၂း၃)အမှုတော်ကိုဆောင်နေ၏။ ဘုရားသခင်၏ သဘောတော်ကိုမ ထင်ရှားစေဘဲ လူတို့၏ ဇာတိသဘောကိုသာထင်ရှားစေသောသွန်သင်ချက်မျိုး သူဖေါ်ပြသွန်သင်မိမှာကိုလည်း အထူးကြောက်ရွံ့စိုးရိမ်မိလေသည်။

နောင်သောအခါ ပေါလုက ဤသို့ဟောပြော၏။ "သို့သော်လည်း၊ စုံလင်သောသူတို့အားငါတို့သည် ပညာစကာကိုဟောပြော၏။ ထိုသို့ဆိုသော်၊ လောကပညာကိုမဆိုလို။ ပြယ်ပျောက်တတ်သောလောကမင်းတို့၏ ပညာကို မဆိုလို။ ဤကမ္ဘာမတည်မရှိမီ ငါတို့၏ ဘုန်းအသရေဖြစ်စေခြင်းငှာ ဘုရားသခင်ကိုစီရင်တော်မူသောပညာ၊ နက်နဲသောအရာ၌ ဝှက်ထားသော ဘုရားသခင်၏ပညာကို ငါတို့သည်ပြသကြ၏။

ထိုပညာကို လောကမင်း တစ်စုံတစ်ယောက်မျှမသိ။ သိလျှင်၊ ဘုန်းကြီးတော်မူသည်နှင့်အညီ ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလို့ငှာ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး။ ထိုအရာတို့ကို ဘုရားသခင်သည်မိမိဝိညာဉ်တော်အားဖြင့် ငါတို့အားဖော်ပြတော်မူ၏။ဝိညာဉ်တော်သည် ဘုရားသခင်၏ နက်နဲသော အရာတိုင်အောင်ခပ်သိမ်းသောအရာတို့ကို စစ်တော်မူ၏။လူ၏ နက်နဲသောအရာကို လူ၌ရှိသော မိမိစိတ်ဝိညာဉ်မှတစ်ပါး အဘယ်သူသိသနည်း။ ထိုနည်းတူဘုရားသခင်၏ နက်နဲသောအရာကို ဘုရားသခင်၏ ဝိညာဉ်တော်မှ တစ်ပါး အဘယ်သူမျှမသိ။"

"ငါတို့သည် လောကဝိညာဉ်ကိုမခံရကြ။ဘုရားသခင်ပေးတော်မူသော အရာတို့ကို သိခြင်းအလို့ငှာ ဘုရားသခင်ထံမှကြွလာသောဝိညာဉ်ကိုခံရကြပြီ။ ဘုရားသခင်ပေးတော်မူသောအရာတို့ကို ငါတို့သည် လူပညာကိုအမှီပြု၍နားလည်သောစကားနှင့်မဟော။ သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်နှင့်စပ်ဆိုင်သောအရာကို ဝိညာဉ်စကားအားဖြင့် ဖွင့်ပြ၍ ပုံပြင်တော်မူသောစကားနှင့် ငါတို့သည်ဟောကြ၏။" (၁ကော ၂း၆-၁၃)။

ပေါလုသည် မိမိ၌ လိုအပ်နေသည့်စွမ်းရည် ဂုဏ်အသရေသည် သူ၌ မရှိကြောင်းကို သူသိမြင်ပါ၏။ သန့်ရှင်းသောဝိညာဉ်တော် တည်ရှိခြင်းကျေးဇူးတော်သည် သူ၏ နှလုံးသားအိမ်၌ တည်ရှိနေမှသာလျှင် သူ၏ အကြံအစည်နှင့် လုပ်ဆောင်မှုတိုင်းသည် ခရစ်တော်သခင်၌ အလိုတော်ကို ဝန်ခံနိုင်မည်ဖြစ်ပါသည်။ မိမိကိုယ်ကိုမိမိ ဤသို့ပြောပါသေးသည်။ "သခင်ယေရှုသည် အသက်ရှင်တော်မူကြောင်းကို ငါတို့ ကိုယ်ခန္ဓာ၌ ထင်ရှားစေခြင်းငှာ၊ ယေရှု၏ သေတော်မူခြင်းကို အစဉ်မပြတ် ငါတို့၏ ကိုယ်ခန္ဓာ၌ ဆောင်ရကြ၏။" (၂ကော ၃း၁၀) ပေါလု သွန်သင်သမျှသည် ခရစ်တော်သခင်ကိုသာ ဗဟိုချက်ပြု၏။

သူပြောဆိုပုံကိုမှတ်သားပါ။ "ငါသည်အသက်ရှင်သေး၏။ ထိုသို့ဆိုသော်ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။"(ဂလာတိ ၂း၂၀) ကိုယ်ကျိုး ရှာသဘော၊ ငါစွဲကြီးကိုဖုံးကွယ်လျက် ခရစ်တော်သခင်ကို ချီးမြှောက်ဖေါ်ပြသက် ရှင်ရမည်မှာခရစ်ယာန်တိုင်းတို့၏ကျင့်စဉ်ဖြစ်သင့်သည်မဟုတ်ပါလောမိတ်ဆွေ။

ပေါလုသည် စကားအပြောအဟောကောင်းသူဖြစ်၏။ သူမပြောင်းလဲ မီကဆိုလျှင် သူ့စကားနှင့်လူတို့၏နားကိုနူးညွတ်ပျော့ပျောင်းစေခဲ့သည်။ သို့သော် ယခုမူကား၊ ထိုသို့မဟုတ်တော့ပြီ။ ကဗျာဆန်ဆန်စာသံပေသံနှင့် စိတ်ကူးစိတ် သန်းပုံပြင်စကားတို့ဖြင့် လူ့နားဝင်ကိုချိုစေ၍ အတွေးအာရုံဝေဟင်ကြောမှာမျော ကာရသာရုံခံစားစေသော်လည်း လက်တွေ့ဘဝတွင် သဘာဝမကျသည်များကို ပေါလုဝေးဝေးကရှောင်လေပြီ။ အထူးအရေးကြီး၍ လက်တွေ့အမှန်တရားတို့ကို သာလူ့စိတ်နှလုံးအတွင်းဝယ် တည်ရှိနိုင်ရန် ရည်ရွယ်၍ စကားရိုးရိုးလေးကိုရှာ ပြောတော့သည်။

ဒဏ္ဍာရီပုံပြင်ဆန်သော အမှန်တရားကို ကိုယ်စားပြုသည်များလည်း ရှိတတ်လေရာ ထိုအရာတို့သည် လူကိုဘဝင်ကျ၍အကြိုက်တွေ့စေသော်လည်း အသက်တာဘဝတိုက်ပွဲအတွက် လိုအပ်သော နေ့စဉ်ခွန်အားကို မပေးစွမ်းနိုင်ပါ။ အသက်တာတွင် လိုအပ်သော အရေးပေါ်အကြံဉာဏ်ကောင်းများ၊ လက်ရှိအ ခက်အခဲများကို ဘယ်လိုကိုင်တွယ်ဖြေရှင်းရမည်၊ ရုန်းကန်နေရသော အသက် ဝိညာဉ်များဘယ်လိုနှစ်သိမ့်အားပေးရမည်ဆိုသည်များကို လက်တွေ့ကျကျသွန် သင်ပေးသော အခြေခံ ခရစ်ယာန်သာသနာပြု လူ့ကျင့်ထုံးက လိမ္မာပါးနပ်စွာ နေရာယူတွေ့ဆုံသင့်ပါ၏။

ပေါလုသည်ကောရိန်သုမြို့တွင်လည်း၊ဝိညာဉ်အသီးများကိုမြင်ရပါသည်။ နတ်ဆိုးကိုးကွယ်သူများစွာတို့သည်ယခုတွင် အသက်ရှင်သောထာဝရဘုရားသခင် ကိုကိုးကွယ်၍ ခရစ်တော်သခင်၏အောင်လံတော်အောက်တွင် အသင်းတော်ကြီး တစ်ခုကိုဖွဲ့စည်းတည်ထောင်လိုက်၏။တစ်ချိန်ကလောကရေးရာများတွင်အပျော် ကြူးခဲ့သူတို့ ခရစ်တော်၏သွေးတော်အားဖြင့် အပြစ်ဆေးကြောခြင်းကိုခံယူကာ ထာဝရဘုရားသခင်၏ ကျေးဇူးတော်အမာခံများဖြစ်လာကြလေပြီ။

ပေါလု၏ခရစ်ယာန်သာသနာပြုခြင်းသည်အောင်မြင်ကျယ်ပြန့်လာလေ မယုံကြည်သူဂျူးလူမျိုးတို့ပိုမို၍ခိုင်မာစွာဆန့်ကျင်လာလေဖြစ်သည်။ထိုသူတို့သည်

တညီတညွတ်တည်းပေါလုကို အနိုင်အထက်ပြု၍ အခါယပြည်ကိုဝန်အရာနှင့် အုပ်စိုးသောဂါလျုန်မင်း၏တရားပလ္လင်ရှေ့သို့ယူသွားပြီးလျှင် "လူတို့သည်ဘုရားသခင်ကို မတရားသဖြင့် ကိုးကွယ်စေခြင်းငှာ ဤသူသည်ဖြားယောင်းတတ်ပါသည်ဟုဆိုကြ၏။"

ထိုအချိန်၌ဂျူးဘာသာသည်ရောမနိုင်ငံ၏တန်ခိုးသြဇာအောက်တွင်ရှိနေပါ၏။ ပေါလုကိုတရားစွဲသူတို့သည် သူတို့၏ ဘာသာရေးပညတ်ဥပဒေကိုဖေါက်ပြန်သဖြင့် ဘာသာရေးစည်းကမ်းအတိုင်းစီရင်ရန်အာဏာပိုင်တို့အားပေါလုကိုသူတို့ထံအပ်နှံလိမ့်မည်။ ထိုအခါ ပေါလု၏အသက်ကိုသူတို့အဆုံးစီရင်ကြမည်ဟုမျှော်လင့်ကြ၏။ သို့သော်လည်း ဂါလျုန်မင်းကြီးသည်သမာသမတ်ရှိသောပုဂ္ဂိုလ်ဖြစ်၏။ မသမာလျှို့ဝှက်ပူးပေါင်းကြံစည်တတ်သောဂျူးလူမျိုးတို့၏မနာလိုစိတ်နှင့်လှည့်ဖြားတစ်ပတ်ရိုက်မှုကိုတော့ သူမခံလို။

ဂျူးလူမျိုးတို့၏ ကိုယ်သာလျှင်ဖြောင့်မတ်သည်ဟုမြင်၍အယူသီးသောအဖြစ်ကိုရွံမုန်းသဖြင့်သူတို့၏စွဲဆိုချက်ကို ဂရုမစိုက်၊ ပေါလုကမိမိကိုယ်ကိုကာကွယ်ပြောဆိုမည်ဟု ပြင်ဆင်သောအခါမှာလည်း ဂါလျုန်မင်းကြီးကမလို ဟု ပြော၏။ မင်းကြီးသည်ပင်လျှင်ဒေါသထွက်နေသောတရားလိုများဘက်သို့ မျက်နှာချင်းဆိုင်လျက် ဤသို့ဆို၏။"အချင်းယုဒလူတို့မတရားသောအမှု၊ ဆိုးယုတ်ညစ်ညူးသောအမှုဖြစ်လျှင်ငါသည်သင်တို့ကိုအကြောင်းရှိသည်အတိုင်းသည်းခံရမည်။ (သို့မဟုတ်) စကားသော်လည်းကောင်း၊ ခေါ်ဝေါ်သမုတ်ခြင်းသော်လည်းကောင်း၊ သင်တို့၏ ဘာသာတရားသော်လည်းကောင်း၊ သင်တို့သည်အစီရင်ခံလျှင် ကိုယ်အမှုကို စောင့်ကြလော့ထိုသို့သောအမှုကိုစီရင်ခြင်းငှါငါအလိုမရှိဟုဆိုလျက် ယုဒလူတို့ကိုတရားပလ္လင်မှပယ်ရှားစေ၏။"

ဂျူးလူမျိုးနှင့်ဂရိလူတို့နှစ်မျိုးစလုံးပင် ဂါလျုန်မင်း၏ ဆုံးဖြတ်ချက်ကိုစိတ်ဖောကြီးစွာဖြင့် နားစွင့်နေကြစဉ် ရုတ်တရက်စွဲချက်တင်သော အမှုကိုရုပ်သိမ်းလိုက်သည်တွင်မင်းကြီးသည် ဤအမှုကိုစိတ်မဝင်စား။ သင်တို့ပြန်ပေတော့ဟူသောသဘောဖြစ်သည်။ ဤသည်ကို ဂျူးတို့လွန်စွာစိတ်ဆိုးကြ၏။ ဂျူးတို့ကိုအားပေး သမ္မပြုကြကုန်သော ဆန္ဒပြလူအုပ်ကြီးပင်လျှင် မင်းကြီး၏ဆုံးဖြတ်ချက်ကြောင့် အသိတရားဝင်လာကာ ပေါလုဘက်မှာ ပြန်လည်ရပ်တည်ကြ၏။ ဤကားဥရောပ ခရစ်ယာန်သာသနာနယ်မြေများတွင် ပထမဦးဆုံး

ကြုံတွေ့ရသောထူးခြားမှုပေတည်း။ ဂါလျှန်မင်းကြီးရှေ့မှောက်တွင်ပင်လူအုပ်ကြီးသည် တမန်တော်ကြီးအား ထူးခြားစွာစွပ်စွဲသူတို့ကို ရိုက်နှက်ပါတော့၏။ “ထိုအခါ ဟေလသ (ဂရိ) လူအပေါင်းတို့သည် တရားဇရပ်မှူးသုဿင်ကိုယူ၍ တရားပလ္လင်ရှေ့မှာရိုက်ကြ၏။ ထိုအမှုကိုလည်း ဂါလျှန်မင်းသည် အမှုမထားဘဲနေ၏။” ဤသို့လျှင် ခရစ်ယာန်သာသနာသည် အောင်မြင်မှုလက္ခဏာကိုရရှိထားလေသည်။

“ထိုနောက်မှပေါလုသည် တာရှည်စွာနေပြီးမှ”ဟု ကျမ်းမှတ်တမ်းရှိပါသည်။ အကယ်၍သာ တမန်တော်ကြီးသည် ထိုစဉ်အခါက ကောရိန်သုမြို့မှာ အနိုင်အထက်ပြုခံ၍ အန္တရာယ်ကြီးသောအခြေအနေတွင် ရှိလာပါလိမ့်မည်။ ဂျူးလူမျိုးတို့သည် အခွင့်အခါကောင်းကိုအမြဲယူ၍ ကြိုးစားလိုက်လံချေမှုန်းသဖြင့်ထိုဒေသတစ်ခွင်တွင် ခရစ်ယာန်သာသနာတော်ကြီး တိမ်ကောပပျောက်သွားနိုင်ဖွယ်ရှိသည်မဟုတ်ပါလောမိတ်ဆွေ။ ဘုရားသခင်၏ အမှုတော်မြတ်ကို ဘုရားသခင်သည် စောင့်ကြပ်တော်မူ၏။

---ooo---

## အခန်း(၂၅)
## သက်သာလောနိတ်မြို့သို့ ပေးစာများ

ကောရိန်သုမြို့တွင်ပေါလုခေတ္တမျှနေထိုင်သည့်ကာလ၊မာကေဒေါနိပြည်မှသိလနှင့်တိမောသေတို့ကူညီရန်ရောက်လာကြရာ၊ တမန်တော်ကြီးများကိုများစွာရွှင်လန်းစေ၏။သူတို့နှင့်အတူ "ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း"လည်းပါလာသည်။

၎င်းမှာ ဧဝံဂေလိသာသနာပြု တမန်တော်များ၏ ပထမခရစ်ယာန်သာသနာပြုခရီးစဉ်အတွင်း ခရစ်တော်သခင်ကိုပုဂ္ဂလိကကယ်တင်ရှင်အနေဖြင့်ယုံကြည်လက်ခံသော သက်သာလောနိတ်မြို့သူမြို့သားတို့၏ ယုံကြည်ခြင်းနှင့်မေတ္တာတရားတို့တွင် ကျန်းမာကြပါကြောင်း သတင်းလွှာပင်ဖြစ်၏။

ထိုအခါပေါလုသည် သူတို့ကိုပို၍ပင်သတိရလွမ်းဆွတ်မိသည်။ အခက်အခဲ ဆင်းရဲဒုက္ခစမ်းသပ်မှုလောကမုန်တိုင်းအလယ်တွင် ထာဝရဘုရားသခင်၌ သစ္စာရှိရပ်တည်နေသည်ကို သိရသောအခါ ဂုဏ်ယူဝမ်းမြောက်ပါသည်။ ထိုသူတို့ထံသို့လည်းအလည်အပတ်သွားချင်လှသည်။ သို့သော်မဖြစ်နိုင်အဆုံးမို့ စာရေးလိုက်သည်။

သက်သာလောနိတ်မြို့ရှိ အသင်းတော်သို့ရေးလိုက်သော စာတွင်တမန်တော်ကြီးသည် ယုံကြည်ခြင်း၌ တိုးပွားမှုရှိသောထိုမြို့သူမြို့သားတို့၏ဝမ်းမြောက်ဖွယ်သတင်းကောင်းကြောင့်ထာဝရဘုရားသခင်ကိုကျေးဇူးတင်ရှိပါကြောင်းဖေါ်ပြ၏။

"ညီအစ်ကိုတို့၊ ငါတို့သည် အရာရာ၌ဆင်းရဲ၍ခက်ခဲစွာခံရသည်တွင်သင်တို့၏ယုံကြည်ခြင်းအားဖြင့် သက်သာခြင်းသို့ရောက်ကြ၏။ ယခုမှာသင်တို့သည်ဘုရားသခင်၌ တည်ကြည်လျှင် ငါတို့သည် အသက်ရှင်ကြ၏။

ငါတို့၏ဘုရားသခင်ရှေ့၌ သင်တို့၏အကြောင်းကြောင့် ငါတို့ခံရသောဝမ်းမြောက်ခြင်းအပေါင်းကိုထောက်၍ သင်တို့၏အကြောင်းကြောင့်ဘုရားသခင်၏ကျေးဇူးတော်ကိုအဘယ်သို့ဆပ်နိုင်သနည်း။ သင်တို့မျက်နှာကိုမြင်၍ သင်တို့ယုံကြည်ခြင်းလိုသေးသမျှကို စုံလင်စေမည်အကြောင်းငါတို့သည် နေ့ညမပြတ် အလွန်တရာဆုတောင်းပြု၍နေကြ၏။

"ငါတို့အဘတည်းဟူသော ဘုရားသခင့်ရှေ့တော်၌ သင်တို့သည်ယုံကြည်သောစိတ်နှင့်အကျင့်ကိုကျင့်ခြင်း၊ချစ်သောစိတ်နှင့် ကြိုးစားအားထုတ်ခြင်း ငါတို့သခင်ယေရှုခရစ်ကိုမျှော်လင့်သောစိတ်နှင့်တည်ကြည်ခြင်းတို့ကိုငါတို့သည် အစဉ်မပြတ်အောက်မေ့လျက် ဘုရားသခင်ချစ်တော်မူသောညီအစ်ကိုတို့၊သင်တို့ ခံရသောရွေးကောက်တော်မူခြင်းကိုသိလျက် သင်တို့အပေါင်းကိုအကြောင်းပြု သဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကို ကာလအစဉ်ချီးမွမ်း၍ သင်တို့အဖို့အလို့ ငှာဆုတောင်းပြုလျက်နေကြ၏။"

သက်သာလောနိတ်မြို့ရှိ ယုံကြည်သူတပည့်တော်များစွာတို့သည်"ရုပ်တု(နတ်)တို့ကိုပစ်ပယ်၍၊ အသက်ရှင်၍ ဘုရားသခင်အထံတော်သို့ပြောင်းလဲကြ၏။" ထိုသူတို့သည်"ကြီးစွာသောဆင်းရဲခြင်းကိုခံရသော်လည်း" ထိုသူတို့၏စိတ်နှလုံးသည်"သန့်ရှင်းသောဝိညာဉ်တော်နှင့်ဆိုင်သောဝမ်းမြောက်ခြင်း" နှင့်ပြည့်ဝလျက်ရှိသည်။

ထိုသူတို့သည် ဘုရားသခင်နောက်တော်သို့သစ္စာရှိစွာ သက်ဆုံးတိုင်လိုက်ပါသွားပါမူ"မာကေဒေါနိပြည်၊ အခါယပြည်၌ ယုံကြည်သောသူအ ပေါင်းတို့အား သင်တို့သည် ပုံသက်သေပေးသောသူဖြစ်ကြ၏"ဟု တမန်တော်ကြီး ပြောဆိုသွားပါသည်။ ဤမျှနှင့်မပြီးဆုံးသေးပါ။ မာကေဒေါနိပြည်၊ အခါယပြည်၌ကျော်ဇောသည်သာမက ဘုရားသခင်ကို သင်တို့ယုံကြည်ခြင်း၏ သတင်းသည် အရပ်ရပ်တို့၌ နှံ့ပြားလေ၏" ဟုရေးသားထားပါသည်။

သို့ဖြစ်၍ သက်သာလောနိတ်မြို့ရှိယုံကြည်သူများသည် စစ်မှန်သော ခရစ်ယာန်သာသနာပြုဆရာ၊ဆရာမများဖြစ်ကြလေ၏။ သူတို့၏ နှလုံးသားမှာ လည်းကယ်တင်ပိုင်ရှင် ခရစ်တော်သခင်အတွက် ဧဝံဂေလိသတင်းကောင်းဟော ပြောရန်သာ စိတ်အားကြီး၍ တောက်လောင်နေပါသည်။

ထိုကယ်တင်ရှင်ကား "ရောက်လတ္တံ့သောဘေးဒဏ်" မှသူတို့ကိုကယ်ချွတ်သော သခင်ယေရှုပေတည်း။ ခရစ်တော်သခင်၏ ကျေးဇူးတော်အားဖြင့်သာ လျှင်သူတို့၏ အသက်တာသည် ပြောင်းလဲ၍ ဘုရားသခင်၏ နှုတ်တော်ထွက် စကားအားဖြင့် တန်ခိုး သက်ရောက်သည်မဟုတ်လော။ ဤသို့လျှင် နှလုံးသား တို့သည် အမှန်တရား အလင်းရောင်ကြောင့် အရည်ပျော်ကာ သင်းဝင်သူတို့ တိုးပွားများပြားလာလေ၏။

ဤသက်သာလောနိတ်ဩဝါဒစာပထမစောင်တွင် ပေါလုသည်ဤမြို့သားတို့၌ ခရစ်ယာန်သာသနာပြုပုံပြုနည်းကို ဖော်ညွှန်းထားပါသည်။

သူသည် အသက်ဝိညာဉ်များရရှိရန်အလို့ငှာ လှည့်ဖြားမှု ပရိယာယ်ကိုမသုံးပါ။

"ဧဝံဂေလိတရားကိုစောင့်ထိုက်သောသူဟု ငါတို့ကိုဘုရားသခင်လက်ခံတော်မူသည်နှင့်အညီ လူကိုနှစ်သက်စေသကဲ့သို့ (သို့မဟုတ်) ငါတို့စိတ်နှလုံးကို စစ်ကြောစုံစမ်းတော်မူသောဘုရားသခင်ကို နှစ်သက်စေသကဲ့သို့ဟောပြောကြ၏။

အဘယ် သို့နည်းဟူမူကား၊ သင်တို့သိကြသည်နှင့်အညီငါတို့သည် ချော့မော့သောစကားကို တစ်ခါမျှမသုံး၊ ဝှက်ထားသောလောဘစိတ်အလျှင်းမရှိကြောင်းကို ဘုရားသခင်သည် ငါတို့သက်သေဖြစ်တော်မူ၏။

ထိုမှတစ်ပါး ခရစ်တော်၏တမန်တော်ဖြစ်၍ လေးသောဝန်ကိုတင်ပိုင်သော်လည်းလူပေးသောဘုန်းအသရေကို သင်တို့တွင်မရှာ၊ အခြားသူတို့တွင်လည်း မရှာဘဲ သင်တို့တွင်ဖြည်းညှင်းစွာပြုကြ၏။

သင်တို့ကိုချစ်သောကြောင့် နို့ထိန်းသည် မိမိသူငယ်ကိုကျွေးမွေးပြုစုသကဲ့သို့ ငါတို့သည် သင်တို့ကိုနှမြောစုံမက်ခြင်းနှင့်တကွ ဘုရားသခင်၏ဧဝံဂေလိတရားကိုမျှမက ကိုယ်အသက်ကိုပင်ပေးချင်သော စေတနာစိတ်ရှိကြ၏။"

ဆက်လက်၍ တမန်တော်ကြီးကအားပေးနှိုးဆော်သည်မှာ"မိမိနိုင်ငံတော်နှင့်ဘုန်းတော်ထဲသို့ သင်တို့ကိုခေါ်သွင်းတော်မူသော ဘုရားသခင်နှင့် အထိုက်အလျောက်သင်တို့သည် ကျင့်စောင်စေခြင်းငှာ၊ အဘသည် မိမိသားတို့ကို ပြုသကဲ့သို့၊ ငါတို့သည်သင်တို့ရှိသမျှကို အဘယ်သို့တိုက်တွန်းသွေးဆောင်၍ မှာထားသည်ကိုသင်တို့သိကြသည်နှင့်အညီ ယုံကြည်ခြင်းသို့ရောက်သောသင်တို့တွင် ငါတို့သည် အဘယ်သို့သန့်ရှင်းဖြောင့်မတ်လျက် အပြစ်တင်ခွင့်နှင့်ကင်းလျှက် နေကြသည်ကို သင်တို့သည် သက်သေဖြစ်ကြ၏။ ဘုရားသခင်သည်လည်း သက်သေဖြစ်တော်မူ၏။"

ငါတို့ဟောပြောသောဘုရားသခင်၏ နှုတ်ထွက်တရားကို သင်တို့သည်ခံယူကြသောအခါ လူ၏ နှုတ်ထွက်စကားကို မခံမယူဘဲ ဘုရားသခင်၏ နှုတ်ထွက်စကားတော်အမှန်ဖြစ်သည်နှင့်အညီ ယုံကြည်ခြင်းသို့ ရောက်သော သင်တို့အထဲ၌ပြုပြင်သော ဘုရားသခင်၏ နှုတ်ထွက်တရားကို ခံယူကြသည်အကြောင်းအရာကို ငါတို့သည်ထောက်၍ ဘုရားသခင်၏ ကျေးဇူးတော်ကို အစဉ်မပြတ်ချီးမွမ်းကြ၏။"

"ငါတို့မျှော်လင့်ခြင်းအကြောင်း၊ ဝမ်းမြောက်ခြင်းအကြောင်း၊ ဝါကြွားခြင်း၏ဦးရစ်သရဖူကား၊ အဘယ်သို့သောအကြောင်းအရာနည်း။ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ ရှေ့တော်၌ သင်တို့သည် ထိုသို့သောအကြောင်းအရာဖြစ်ကြသည်မဟုတ်လော။ သင်တို့သည် ငါတို့၏ ဘုန်းအသရေ၊ ငါတို့၏ဝမ်းမြောက်ခြင်းအကြောင်း ဖြစ်ကြသတည်း။

ပေါလုသည် သေခြင်း၏အဖြစ်မှန်နှင့်ပတ်သက်၍ တပည့်တော်စုတို့အားကြိုးစား၍သွန်သင်ပါသေးသည်။ သေသောသူသည် ဘာကိုမျှမသိ၊ ပကတိအိပ်မောကျနေဘိသကဲ့သို့ဖြစ်ကြောင်း ရှင်းပြပါသည်။ "ညီအစ်ကိုတို့၊မျှော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့ သင်တို့သည်ဝမ်းမနည်းမည်အကြောင်း၊ အိပ်ပျော်သောသူတို့၏ အမှုအရာကိုမသိဘဲနေစေခြင်းငှာ ငါတို့သည်အလိုမရှိ။

ယေရှုသည် သေပြီးမှတစ်ဖန်ထမြောက်တော်မူသည်ကို ငါတို့သည်ယုံကြည်လျှင်ထိုနည်းတူ ယေရှု၌အိပ်ပျော်သောသူတို့ကိုလည်း ထိုသခင်နှင့်အတူဘုရားသခင်ပို့ဆောင်တော်မူလိမ့်မည်။ဘုရားသခင်သည်ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌ သေလွန်သော သူတို့သည်အဦးထမြောက်ကြလိမ့်မည်။

ထိုအခါအသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည်အာကာသကောင်းကင်၌ ဘုရားသခင်ထံတော်သို့ရောက်စေခြင်းငှာ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် ဘုရားသခင်နှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။

ယုံကြည်သူသက်သာလောနိတ်မြို့သားတို့သည်ခရစ်တော်သခင်တစ်ဖန်ကြွဆင်းလာ၍အသက်ရှင်နေသောသစ္စာရှိသူတို့အားမိမိအထံတော်သို့ခေါ်ဆောင်သွားမည်ကိုအကြွင်းမဲ့ယုံကြည်ကြသည်။သို့ဖြစ်၍အသက်ရှည်၍အနာမဲ့ရန်အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ဂရုစိုက်ကြ၏။ထိုသို့ပြုမှုသခင်ကြွလာသောအခါမင်္ဂလာရှိသည်မဟုတ်ပါလော။သို့သော်လည်း သူတို့နှင့်ချစ်ရသူတို့အချိန်တန်လျှင်တဖြောက်ဖြောက်နှင့်အသီးကြွေကြကုန်၏။ပူဆွေးမှုကြီးစွာဖြင့်ယခုဘဝတွင်နောက်ဆုံးအကြိမ်ပုံရိပ်လွှာများကို ရှုစားကြရ၏။နောင်ဘဝတွေ့ဆုံရပါဦးမည်လားဟု သံသယဖြစ်မိသည်။ မမျှော်လင့်ဝံ့ကြပေ။

ထိုအခြေအနေမျိုးတွင်ပေါလု၏ဩဝါဒစာစောင်ကိုဖွင့်ဖတ်လိုက်ရသောအခါတွင်မူကားသေခြင်း၏အဖြစ်မှန်ကိုသိနားလည်ရသဖြင့်အလွန်ဝမ်းမြောက်ကြ၏။နှစ်သိမ့်မှုကိုခံစားရပေသည်။ ခရစ်တော်သခင်တစ်ဖန်ကြွဆင်းလာသောအခါ အသက်ရှင်နေဆဲသန့်ရှင်းသူတို့သည် သေလွန်သူတို့အဦးသခင်အားဖူးမြော်ကြရမည်မဟုတ်။ကောင်းကင်တမန်မင်းအသံပေးခြင်း၊ထာဝရဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းအသံတော်များအားဖြင့် အိပ်ပျော်သူတို့ကြားရသဖြင့် ခရစ်တော်၌သေလွန်သူတို့ဦးဆုံးဝိဥာဏခန္ဓာကိုယ်ဖြင့် ရှင်ပြန်ထမြောက်ကြပါလိမ့်မည်။

နောက်မှမသေနိုင်သောအဖြစ်ကို အသက်ရှင်ဆဲရှိ သန့်ရှင်းသူတို့ရရှိပိုင်ဆိုင်ရကြမည်။ "ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ ဘုရားသခင်အထံတော်သို့ ရောက်စေခြင်းငှာ၊ ထိုသူတို့နှင့်တကွမိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် ဘုရားသခင်နှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။ သို့ဖြစ်၍ ဤစကားများအားဖြင့် အချင်းချင်းတစ်ယောက်ကိုတစ်ယောက် သက်သာစေကြလော့။"

နုငယ်နေသေးသောသက်သာလောနိတ်အသင်းတော်သည် သေခြင်း၏ဖြစ်ရန်မှန်အာမခံချက်ကြောင့် မျှော်လင့်ခြင်းနှင့် ဝမ်းမြောက်ခြင်းရှိကြသည်။ ကျွန်ုပ်တို့သည်လည်း သူတို့နည်းတူ မြတ်နိုးနိုင်ပါ၏။ သူတို့၏ဇဝံဂေလိဖခင်တမန်တော်ကြီးပေးပို့လိုက်သောစာကြောင့် သူတို့ဝမ်းမြောက်ရွှင်လန်းသကဲ့သို့နှလုံးသားထဲစွဲအောင် ကလောင်ရှင်ကိုလည်းချစ်မိသည်။ ဤအရာနှင့်ပတ်သက်၍ယခင်ကပြောခဲ့ဖူးလေပြီ။

သို့သော် ထိုစဉ်အချိန်က တရားသစ်ဖြစ်၍ ထိုသွန်သင်ချက်များကိုသူတို့၏စိတ်အာရုံထဲတွင် ဖျိုးဖျိုးဖျတ်ဖျတ်မပေါ်လာသည်ကား အံ့ဩစရာမဟုတ်ပေ။ သို့သော် အမှန်တရားတော့ဆာဝတ်နေသည်ဖြစ်ရကား၊ ပေါလု၏ဩဝါဒစာမှာ ထိုသူတို့အားမျှော်လင့်ခြင်းနှင့်ခွန်အားကိုပေး၏။ ယုံကြည်ခြင်းကိုလည်း ခိုင်မြဲစေ၏။ မြတ်နိုးစေ၏။ ကိုယ်စားပြု အသေခံသွားခဲ့သောသခင်ကိုယုံကြည်ခြင်းအားဖြင့် ထာဝရအသက်ကိုရ၍ မသေနိုင်သောအဖြစ်ကိုမြင်တွေ့စေသောတရားအလင်းကိုလည်း ပီတိဖြာခွင့်ရှိလေသည်။

ယခုသေလွန်သွားပြီဖြစ်သောသူတို့၏မိတ်ဆွေများဂူသင်္ချိုင်းမှထမြောက်ရှင်ပြန်၍ဘုရားသခင်၏နိုင်ငံတော်တွင် ကမ္ဘာ့အဆက်ဆက်ပြန်တွေ့ရမည်ကို

သိရသဖြင့် ဝမ်မြောက်ကြသည်။သေလွန်သူတို့အနားယူရန် ဂူသင်္ချိုင်းအမှောင်ကမ္ဘာမှာလည်း ကွယ်ပျောက်လွင့်စင်သွားမည်ဖြစ်၏။ ရောင်ခြည်ဦးအလင်းသစ်သည်ခရစ်ယာန် ယုံကြည်ခြင်းသရဖူကိုလွှမ်းခြုံလိုက်သည်တွင် ထိုသူတို့သည် ခရစ်တော်သခင်၏သက်တော်စဉ်၊ ကိုယ်စားပြုအသေခံခြင်းနှင့်သေခြင်းမှရှင်ပြန်ထမြောက်ခြင်းဘုန်းတော်သစ်ကို ဖူးမြင်ခွင့်ရရှိကြလေပြီမဟုတ်ပါလော။

"ထိုနည်းတူယေရှု၌ အိပ်ပျော်သောသူတို့ကိုလည်း ထိုသခင်နှင့်အတူ ဘုရားသခင်ပို့ဆောင်တော်မူလိမ့်မည်" ဟု ပေါလုရေးပါသည်။ ဤသည်ကိုတချို့ကခရစ်တော်၌ အိပ်ပျော်နေသူများကို ကောင်းကင်ဘုံမှခရစ်တော်သခင်နှင့်အတူယူဆောင်လာလိမ့်မည်ဟု အနက်အဓိပ္ပါယ်ဖွင့်ဆိုကြပါ၏။

သို့သော် ပေါလုကခရစ်တော်သခင်သည် သေခြင်းမှရှင်ပြန်ထ မြောက်ဘိသကဲ့သို့ ခရစ်တော်၌သေလွန်သောသန့်ရှင်းသူတို့ကို ဘုရားသခင်သည် သင်္ချိုင်းမြေမှခေါ်တော်မူ၍ထက်ကောင်းကင်သို့ချီဆောင်သွားမည်ဟုပြောပါသည်။ တန်ဖိုးမဖြတ်နိုင်သောနှစ်သိမ့်မှုကြီးပါတကား။ ဘုန်းကြီးသောမျှော်လင့်ခြင်းပေတည်း။ သက်သာလောနိတ်အသင်းတော်အတွက်သာမက ကမ္ဘာ့နေရာအနှံ့ရှိ ခရစ်ယာန်အပေါင်းတို့အတွက်ဖြစ်ချေ၏တကား။

သက်သာလောနိတ်မြို့တွင် အမှုတော်ထမ်းရွက်နေစဉ် ပေါလုသည် အချိန်ကာလ၏အံ့ဖွယ်အကြောင်းစုံကို ပြည့်ပြည့်စုံစုံဖေါ်ပြခဲ့ပါ၏။ လူသားမကြွဆင်းလာမီအခြေအနေကို ယုံကြည်သူများသတိပြုမိစေရန် သွန်သင်ပြီး သင်ခန်းစာဟောင်းကို တစ်ဖန်ပြန်ကျော့နားလည်စေပါသည်။

"ညီအစ်ကိုတို့၊ ကပ်ကာလအချိန်များကို သင်တို့အားရေး၍ပေးလိုက်စရာအကြောင်းမရှိ။ အဘယ်ကြောင့်နည်းဟူမူကား သူခိုးသည်ညဉ့်အခါလာသကဲ့သို့ ဘုရားသခင်၏နေ့ရက်သည်လာလိမ့်မည်ကို သင်တို့သည်သေချာစွာသိကြ၏။ ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးရန်နှင့်ကင်းလွတ်၏ဟုဆိုစဉ်တွင် သူတို့အပေါ်၌ လျင်မြန်စွာသောပျက်စီးခြင်းရောက်၍လွတ်ခြင်းအခွင့်မရှိရကြ။"

ခရစ်တော်တစ်ဖန်ကြွရောက်ချိန်နီးပြီဆိုကြောင်းကို အံ့ဖွယ်အမှုအားဖြင့်အထောက်အထားပြသတိပေးနေသည်ကို မျက်စိဖွင့်နားစွင့်လျက် သတိပြုပါလောမိတ်ဆွေ။ လူတို့သည် သက်သာအေးချမ်းရာကို ရှာဖွေကြ၏။ တစ်ချိန်တည်းမှာပင် နောက်ဆုံးအချိန်ပြ အံ့ဖွယ်အမှု အရပ်ရပ်တို့သည် လျင်မြန်စွာ

ပြည့်စုံလာသည်။ ဘုရားသခင်၏သားတော်ကောင်းကင်ဘုံမှမိုးတိမ်စီး၍တစ်ဖန်ပြန်ကြွဆင်းလာဖို့ရန် နီးကပ်၍နေလေပြီ။ ဤအရာများကို သတိမမူ၊ နိုးကြားပုံမပြ၊ ဂရုမစိုက်၊လျစ်လျူရှုနေခြင်းသည် အပြစ်ဖြစ်ကြောင်းကို ပေါလုသွန်သင်နေ၏။ ဤအမှုအရာကို ဂရုမစိုက်သောကြောင့် အပြစ်နှင့်မကင်းသူများကိုလည်း ပေါလုက ညဥ့်အမှောင်ထု၏သားသမီးများဟုခေါ်ပါသည်။ ထို့ကြောင့်ဝိညာဉ်ရေးတွင်နိုးနိုးကြားကြားရှိရန် ဤစကားဖြင့် နှိုးဆော်တိုက်တွန်း၏။

"သို့သော်လည်းညီအစ်ကိုတို့၊ ထိုနေ့ရက်သည် သူခိုးကဲ့သို့ သင်တို့အပေါ်သို့ရောက်လာမည်အကြောင်း၊ သင်တို့သည် မှောင်မိုက်၌နေကြသည်မဟုတ်။ သင်တို့အပေါင်းသည် အလင်း၏သား၊ နေ့၏သားဖြစ်ကြ၏။ ညဥ့်၏သား၊ မှောင်မိုက်၏သားမဟုတ်၊ သို့ဖြစ်၍ အခြားသောသူတို့သည် အိပ်ပျော်သကဲ့သို့ ငါတို့သည်အိပ်မပျော်ဘဲသတိထား၍စောင့်နေကြကုန်အံ့။"

ဤသွန်သင်ချက်သည် ယနေ့မျက်မှောက်ခေတ်ကာလအသင်းတော်အတွက်အထူးပင်အရေးကြီးပါ၏။ သုညကမ္ဘာနှင့်နီးသောကပ်ကာလ၏နောက်ဆုံးခေတ်အခါမျိုးတွင်သက်ရှင်နေထိုင်ကြကုန်သော ကျွန်ုပ်တို့လူသားတို့သည်"နေ့၏သားဖြစ်သောငါတို့မူကား သတိရှိကြကုန်အံ့။

ယုံကြည်ခြင်း၊ ချစ်ခြင်းတည်းဟူသောရင်အုပ်တန်ဆာကိုလည်းကောင်း၊ ကင်တင်ခြင်းသို့ရောက်မည်ဟုမျှော်လင့်ခြင်းတည်းဟူသော သံခမောက်လုံး ကိုလည်းကောင်း ဝတ်ဆောင်ကြကုန်အံ့။အမျက်တော်ကိုခံစေခြင်းငှာ ဘုရားသခင်သည် ငါတို့ကိုခန့်ထားတော်မူသည်မဟုတ်။ ငါတို့သခင်ယေရှုခရစ် အားဖြင့်ကယ်တင်ခြင်းကိုပိုင်ရစေခြင်းငှာခန့်ထားတော်မူ၏။ ငါတို့သည် နိုးလျက်ရှိသည်ဖြစ်စေ၊ အိပ်ပျော်သည်ဖြစ်စေ၊ ထိုသခင်နှင့်အတူ အသက်ရှင်မည်အကြောင်း၊ ငါတို့အဖို့အသေခံတော်မူပြီ။"

ဝိညာဉ်ရေးတွင် မျက်စိဖွင့်နားဖွင့်၍ နိုးနိုးကြားကြားရှိသောခရစ်ယာန်သည်အလုပ်လုပ်သော ခရစ်ယာန်ဖြစ်သည်။ ဧဝံဂေလိသတင်းစကားပျံ့နှံ့ရေးကိုသူသည် စွမ်းအားရှိသမျှနှင့်ဆက်ကပ်ပါဝင်လုပ်ဆောင်မည်။ ကယ်တင်ရွေးနုတ်ရှင်ကိုအချစ်တိုးလာသည်နှင့်အမျှ လူလူချင်းကိုလည်း ချစ်သနားတတ်လာမည်။ သခင်ကဲ့သို့ ထူးကဲဒုက္ခဆင်းရဲစမ်းသပ်ခြင်းများကို ရင်ဆိုင်ရသော်လည်းထိုအရာများကြောင့် သူသည် စိတ်တို၍ စိတ်ငြိမ်သက်ခြင်း ပျက်ပြား ဆုံးပါးရသည်

မျိုးကိုခွင့်မပြုပါ။ ဆင်းရဲဒုက္ခစမ်းသပ်မှုများကို ဝိညာဉ်သဘောနှင့်ခံယူအောင် မြင်က စင်ကြယ်မှုဖြစ်စေရန် ချေးချွတ်ပြီးပုဂ္ဂိုလ်နှင့်တူသဖြင့် ခရစ်တော်သခင်နှင့်အနီးကပ်မိတ်သဟာယဖွဲ့နိုင်လိမ့်မည်။ ခရစ်တော်သခင်နှင့်အတူဆင်းရဲဒုက္ခကိုဝေမျှခံယူသူသည် ခရစ်တော်သခင်၏ နှစ်သိမ့်မှုကို ဝေမျှခံယူရရှိ၍ နောက်ဆုံးတွင်သခင့်ဘုန်းတော်ကိုလည်း ခံစားရရှိပါလိမ့်မည်။

"ထိုမှတစ်ပါး၊ ညီအစ်ကိုတို့၊ သင်တို့တွင် အမှုတော်ကိုဆောင်ရွက်ခြင်း၊ ဘုရားသခင်အခွင့်နှင့်အုပ်စိုးခြင်း၊ သတိပေးခြင်းအမှုကိုပြုသော သူတို့ကိုသိမှတ်၍ သူတို့ပြုသောမှုကြောင့် မေတ္တာစိတ်နှင့်အလွန်ချစ်ခင်လေးမြတ်မည်အကြောင်း၊ ငါတို့သည်တောင်းပန်ကြ၏။ အချင်းချင်းအသင့်အတင့်နေကြလော့" ဟုပေါလုဆက်ရေးပါသည်။

သက်သာလောနိတ်မြို့ရှိယုံကြည်သူတပည့်တော်စုတို့သည် အယူသီးတစ်ယူသန်ဘာသာရေးသမားတို့ကြောင့် အလွန်စိတ်ညစ်ကြပါသည်။ တချို့မှာ မတရားစွာပြု၍အလုပ်မလုပ်၊ ရမ်းကားကာ အချိန်ဖြုန်းနေကြသည်။ အသင်းတော်မှာကောင်းမွန်စွာဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်၏။ ခရစ်ယာန်သာသနာပြုသူများနှင့်သင်းထောက်မယ်/မောင်တို့နှင့်လည်း ပြည့်စုံ၍နေလေပြီ။ ဒါကို တချို့ကကိုယ့်သဘောနှင့်မတွေ့မှု၍ အသင်းတော်အုပ်ချုပ်ရေးသြဇာကိုမခံယူလိုကြ။ ငြင်းပယ်ဆန့်ကျင်ကြ၏။

မကျေနပ်သည်များကိုလည်း၊ တိုးတိုးတိတ်တိတ်ပြောလည်မှုကိုမရှာ။ အသင်းတော်အပေါ် ဘယ်လိုမြင်သည်ကို ဟိုးလေးတကျော်လုပ်ချင်ကြ၏။ ဤသည်ကိုပေါလုက သက်သာလောနိတ်သင်းဝင်များအား ကိုယ့်ကိုယ်ကိုဘယ်သူဖြစ်ကြောင်း၊ အသင်တော်ပေးတာဝန်ကိုထမ်းဆောင်ရာ၌ သူတစ်ပါး၏ကြည်ညိုလေးစားမှုကို ရယူသင့်ကြောင်း၊ တစ်ပါးသူ အမြင်ကိုလည်း လေးစားသင့်ကြောင်း တင်ပြပါသည်။

ဤသို့လျှင် ပေါလုစိတ်ပူလာသည်။ စိုးရိမ်လာ၏။ ထာဝရဘုရားသခင်ကိုကြောက်ရွံ့၍ လမ်းခရီးတော်သို့နေ့စဉ်လျှောက်လှမ်းရန် တောင်းပန်တော့သည်။ "ကြွင်းသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ သင်တို့သည်အဘယ်သို့ကျင့်ရမည်၊ ဘုရားသခင်ကိုအဘယ်သို့နှစ်သက်စေရမည်ကို ငါတို့ထံ၌နည်းခံကြသည်နှင့်အညီ တိုးပွား၍ ကြွယ်ဝပြည့်စုံမည်အကြောင်း၊ သခင်ယေရှုကို အမှီပြုလျက် ငါတို့သည် တောင်းပန်၍ တိုက်တွန်း သွေးဆောင်ကြ၏။ အဘယ်သို့သော

ပညတ်တို့ကိုသခင်ယေရှု၏အခွင့်တော်နှင့်ငါတို့သည် အပ်ပေးသည်ကိုသင်တို့သိကြ၏။ ဘုရားသခင်၏အလိုတော်ဟူမူကား၊ သင်တို့သည် မတရားသောမေထုန်ကိုကြည်ရှောင်၍ သန့်ရှင်းစေခြင်းငှာအလိုတော်ရှိ၏။" "ဘုရားသခင်သည် ညစ်ညူးစေခြင်းငှာ ငါတို့ကိုခေါ်တော်မူသည်မဟုတ်၊ သန့်ရှင်းစေခြင်းငှာခေါ်တော်မူ၏။"

တမန်တော်ကြီးသည် မိမိ၏ခရစ်ယာန်သာသနာပြုခြင်းဖြင့် ပြောင်းလဲလာသောအသက်ဝိညာဉ်များအပေါ် ဝိညာဉ်ရေးဖူလုံနိုးကြားမှုရှိရန် မိမိမှာတာဝန်ကြီးရှိသည်ဟု မှတ်ယူခံစားမိသည်။ ထိုသူတို့သည် ဖန်ဆင်းရှင်ဘုရားသခင်နှင့်သားတော်ယေရှုခရစ်တော်ကို သိကျွမ်းမိတ်သဟာယဖွဲ့ရန်ကိုလည်းဆန္ဒရှိ၏။ ရံဖန်ရံခါဆိုသလို တပည့်တော်စုတို့နှင့်တွေ့ဆုံသောအခါ အတူတကွဆုတောင်းလေ့ရှိ၏။ဘုရားသခင်နှင့်မပြတ်ဆက်သွယ်မှုရှိရန် ဆုတောင်းပေးလေသည်။ထိုသူတို့ကို ဧဝံဂေလိသာသနာအလင်းကိုတစ်ပါးသူအား မည်သို့လက်ဆင့်ကမ်းစွန့်ကြဲမှုပြုရမည်ကိုလည်း အကြံပြုပါ၏။ အနေဝေးသောအခါမှာလည်းထိုသူတို့အပေါ် ဘုရားသခင်ကြည့်ရှုစောင့်ထိန်းပေးရန်နှင့် အပြစ်ကိုရှောင်၍ကောင်းမှုကိုဘက်စုံလုပ်ဆောင်သော နိုးကြားတက်ကြွမှုသည် ခရစ်ယာန်သာသနာပြုသူများဖြစ်ကြပါစေရန် ဘုရားသခင်မှာတောင်းပန်ရှာလေသည်။

စစ်မှန်သောပြောင်းလဲမှု၏ အခိုင်လုံဆုံးသာဓကမှာ ဘုရားသခင်ကိုချစ်၍လူကိုမမုန်းခြင်းဖြစ်ပါသည်။ယေရှုသခင်ကို ကယ်တင်ရွေးနုတ်ရှင်အဖြစ်ယုံကြည်သူတို့သည် ယုံကြည်သူအချင်းချင်းကို လှိုက်လှိုက်လှဲလှဲချစ်မြတ်နိုးကြပါ၏။ ဤအခြေအနေမျိုးကို သက်သာလောနိတ်အသင်းတော်တွင် တွေ့ရပါသည်။ "ညီအစ်ကိုချင်းချစ်ခြင်းအရာကို သင်တို့အားရေး၍ ပေးလိုက်စရာအကြောင်းမရှိ။ အဘယ်ကြောင့်နည်းဟူမူကား၊သင်တို့သည် အချင်းချင်းချစ်စေခြင်းငှာ၊ ဘုရားသခင်ဆုံးမသွန်သင်တော်မူသောသူဖြစ်ကြ၏။ ထိုမျှမက မာကေဒေါနိပြည်တွင်အရပ်ရပ်၌ရှိသော ညီအစ်ကိုအပေါင်းတို့ကို ထိုသို့ပြုကြ၏။သို့သော်လည်း၊ ညီအစ်ကိုတို့၊ သင်တို့သည်တိုးပွား၍ကြွယ်ဝပြည့်စုံမည်အကြောင်းနှင့်ပြင်ပလူတို့ရှေ့၌လျောက်ပတ်စွာကျင့်၍ အဘယ်မျှမလိုရအောင်ငါတို့သည်အထက်ကမှာထားသည်နှင့်အညီငြိမ်ဝပ်စွာနေ၍ကိုယ်အမှုကိုဆောင်ရွက်လျက်ကိုယ့်လက်နှင့်လုပ်ဆောင်ခြင်းငှာ စေတနာစိတ်နှင့်ကြိုးစားအားထုတ်မည် အကြောင်းကို ငါတို့သည် တိုက်တွန်းသွေးဆောင်ကြ၏။"

"ထိုသခင်သည် မိမိသန့်ရှင်းသူအပေါင်းတို့နှင့် အတူတကွလာတော်မူသောအခါ ငါတို့အဖတည်းဟူသောဘုရားသခင်ရှေ့မှာ အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသင်တို့၏ စိတ်နှလုံးကို ကိုယ်တော်သည် သန့်ရှင်းခြင်းအမှု၌ မြဲမြဲခိုင်ခံ့စိမ့်သောငှာ ငါတို့သည် သင်တို့ကိုချစ်သကဲ့သို့ သင်တို့သည် အချင်းချင်းကိုလည်းကောင်း၊ သူတပါးအပေါင်းတို့ကိုလည်းကောင်း၊ ချစ်၍ ချစ်ခြင်းမေတ္တာနှင့် အထူးသဖြင့်ကြွယ်ဝပြည့်စုံမည်အကြောင်းဘုရားသခင်ပြုတော်မူပါစေသော်။"

"တစ်ဖန်တုံ၊ ညီအစ်ကိုတို့၊ မတရားစွာပြုသောသူတို့ကို သတိပေးကြလော့။ စိတ်ငယ်သောသူတို့ကိုအားပေးကြလော့။ အားနည်းသောသူတို့ကိုထောက်မကြလော့။ ခပ်သိမ်းသောသူတို့အားရှည်သောစိတ်ရှိစေကြလော့။

သူတပါး၌အဘယ်သူမျှ ရန်တုံ့မမူစေခြင်းငှာ၊သတိပြု၍အချင်းချင်းတို့၌ လည်းကောင်း၊ခပ်သိမ်းသောသူတို့၌လည်းကောင်း၊ ကာလအစဉ်ကြိုးစား၍ ကျေးဇူးပြုကြလော့။အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့။ မခြားမလပ်ဆုတောင်းပြုကြလော့။အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းကြလော့။ အကြောင်းမူကားသင်တို့သည် ထိုသို့ကျင့်စေခြင်းငှာ ယေရှုခရစ်တော်၌ ဘုရားသခင်အလိုတော်ရှိ၏။"

ပေါလုသည် သက်သာလောနိတ်မြို့သားတို့အား ပုရောဖက်ပြုခြင်းဆုကျေးဇူးကိုမထီမဲ့မြင်မပြုရန် သတိပေးပါသည်။"ဝိညာဉ်တော်အမှုန်၏အရှိန်ကိုမငြိမ်းစေကြနှင့်။ ပုရောဖက်ပြုခြင်းကို မထီမဲ့မြင်မမှတ်ကြနှင့်။ ခပ်သိမ်းသောအရာကိုစုံစမ်း၍ ကောင်းသောအရာကိုအမြဲကိုင်စွဲကြလော့။" အမှန်၊အတုနှင့်အစစ်ကိုသေချာစေ့စပ်စွာ ခွဲခြားစိတ်ဖြာသိမြင်နိုင်စေရန် ပေါလုသည် ထိုသူတို့အားကျပ်တည်းစွာမှာထားပါ၏။

"မကောင်းသော အမှုအမျိုးမျိုးရှိသမျှကိုရှောင်ကြလော့" ဟုလည်း၊ နှိုးဆော်ပါ၏။ နောက်ဆုံးတွင် မိမိ၏စာကို ဆုတောင်းခြင်းနှင့်နိဂုံးချုပ်လိုက်ပါသည်။ "ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်ကိုယ်တော်တိုင်လည်း သင်တို့ကိုအကုန်အစင် သန့်ရှင်းစေတော်မူပါစေသော်။ ငါတို့ သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ဝိညာဉ်အပေါင်းတို့ကိုအပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှာ စောင့်မတော်မူပါစေသော်။ သင်တို့ ကိုခေါ်တော်မူသောသူသည် သစ္စာနှင့်ပြည့်စုံသည်ဖြစ်၍ ထိုသို့ပြုတော်မူလိမ့် မည်။"

သက်သာလောနိတ်မြို့သူမြို့သားတို့အတွက်ရေးပို့လိုက်သောပေါလု၏ဩဝါဒစာပထမစောင်မှာ ခရစ်တော်သခင်ဒုတိယအကြိမ်ကြွဆင်းလာမည့်အကြောင်းအရာနှင့်ပတ်သက်ပါ၏။ထိုဩဝါဒသည် ရှေးမဆွကပင်ပေါလုသွန်သင်ပေးလိုက်သောအချက်များနှင့် လုံးဝညီညွတ်ပါသည်။

သို့တိုင်အောင်လည်းကောရိန်သုမြို့သားညီအစ်ကိုတို့က နားလည်မှုလွဲမှားကာ ပေါလုကိုယ်တိုင်ကကယ်တင်ရှင်ကြွဆင်းလာခြင်းကို အသက်ရှင်စဉ် ဖူးမြင်ရမည်ကို ယုံကြည်သည်ဟုသူတို့နားလည်ကြပါ၏။ ယခင်က မိမိတို့၏ တာဝန်ဝတ္တရားများကို ဂရုမစိုက်လျစ်လျူရှုသူတို့သည် ယခုတော့ဦးလည်းမသုန်သဲသဲမဲမဲဇွဲကိုဖက်၍ အမြင်မှားကိုပြင်လျက်အချင်းချင်းတို့ကိုနှိုးဆော်တိုက်တွန်းကြလေတော့သည်။

သက်သာလောနိတ်ဩဝါဒစာဒုတိယစောင်ကားပေါလု၏သွန်သင်ချက်နှင့်ပတ်သက်၍ နားလည်မှုမှားသည်ကိုပြင်ဆင်ခြင်းဖြစ်သည်။ မိမိ၏သဘောထားနေရာအမှန်ကိုတင်ပြခြင်းလည်းဖြစ်ပါသည်။ တစ်ဖန်တုံလည်းထိုသူတို့၏ သစ္စာရှိစွာအသက်ရှင်ပုံ၊ယုံကြည်ခြင်းကြီးမားပုံ၊အချင်းချင်းချစ်ခင်မြတ်နိုးကြ၍ သခင့်အတွက်သက်သေခံလိုစိတ်ရှိပုံတို့ကို ယုံကြည်စိတ်ချထားပါကြောင်းဖေါ်ပြထားပါ၏။

သူတို့၏စိတ်ရှည်သည်းခံခြင်း၊ ဆင်းရဲဒုက္ခ၊ နှိပ်စက်ညှင်းဆဲခြင်းကိုရင်ဆိုင်ရသောအခါ ရဲရင့်စွာရပ်တည်လျက် ယုံကြည်ခြင်းကို ထိန်းသိမ်းထားပုံတို့ကို ပုံစံနမူနာကောင်းအဖြစ် အခြားအသင်းတော်များသို့လည်း ပေါလုတင်ပြလေ့ရှိကြောင်း ပြောကြားပါသည်။ စိတ်နှလုံး စိုးရိမ်ကြောင့်ကြမှုရှုပ်ထွေးမှုများကင်းငြိမ်းစွာ ခရစ်တော်တစ်ဖန်ကြွလာမည့်အချိန်သို့ မှန်းမျှော်ကြည့်ရန်သူတို့၏စိတ်အာရုံကိုလည်း နှိုးဆော်ပေးလေ၏။

ဆက်လက်ရေးသားပေးပို့သည်မှာ "သို့ဖြစ်၍ သင်တို့သည် ညှင်းဆဲခြင်း၊ ဒုက္ခဆင်းရဲခြင်းကိုခံရသမျှတို့၌ သည်းခံ၍ ယုံကြည်ခြင်းရှိသည်ကိုငါတို့သည်ထောက်၍ ဘုရားသခင်၏အသင်းတော်များတွင် သင်တို့ကြောင့် ဝါကြွားကြ၏။ အဘယ်သို့နည်းဟူမူကား၊ သခင်ယေရှုသည် တန်ခိုးရှိသော ကောင်းကင်တမန်တို့နှင့်အတူ ကောင်းကင်ဘုံက ပေါ်ထွန်းတော်မူ၍ ဘုရားသခင်ကိုမသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားကို နားမထောင်သောသူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ သင်တို့ကို ဆင်းရဲစေဖူးသော

သူတို့၌ ဆင်းရဲခြင်းကိုလည်းကောင်း၊ ဆင်းရဲခံရဖူးသောသင်တို့၌ ငါတို့နှင့်အတူ ချမ်းသာခြင်းကိုလည်းကောင်း ဘုရားသခင်ဆပ်ပေး၍ တရားသဖြင့်စီရင်တော်မူလိမ့်မည်။

ထိုကြောင့် ငါတို့ဘုရားသခင်နှင့်ယေရှုခရစ်၏ ကျေးဇူးတော်အတိုင်း ထိုသခင်၏နာမတော်ကို သင်တို့အားဖြင့် ဘုန်းထင်ရှားစေခြင်းငှာလည်းကောင်း၊ သင်တို့ကိုလည်း ထိုသခင်အားဖြင့်ဘုန်းရှားစေခြင်းငှာလည်းကောင်း၊ သင်တို့သည် ခေါ်တော်မူခြင်း ကျေးဇူးကိုခံထိုက်ကြသည်ဟုမှတ်တော်မူ၍ ကောင်းမြတ်တော်မူခြင်း၏ စေတနာအပေါင်းနှင့်သင်တို့၏ယုံကြည်ခြင်းအမှုကို တန်ခိုးနှင့်ပြည့်စုံစေတော်မူမည်အကြောင်း ငါတို့သည် သင်တို့အဖို့ အစဉ်ဆုတောင်းပြုကြ၏။”

သို့ရာတွင် ခရစ်တော်ယေရှုတစ်ဖန်မကြွလာမီတွင်ဘာသာရေးလောကတွင် အရေးကြီးတိုးတက်မှုများဖြစ်ပေါ်လာမည်ဟု ပုရောဖက်ပြုထားသည်များရှိပါသည်။ ထိုအဖြစ်ကို တမန်တော်ကဤသို့ကြေညာပါ၏။ “သခင်ဘုရား၏နေ့ရက်သည် ချက်ချင်းရောက်လာမည်ဟူ၍ စိတ်ဝိညာဉ်အားဖြင့်ဖြစ်စေ၊ နှုတ်ထွက်စကားအာဖြင့်ဖြစ်စေ၊ ငါတို့စာကဲ့သို့သောစာအားဖြင့်ဖြစ်စေ၊ သင်တို့သည်စိတ်ရွေ့လျော့ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း၊ အလျင်တဆောမရှိမည်အကြောင်း ငါတို့သည်တောင်းပန်ကြ၏။

အဘယ်သူမျှ သင်တို့ကို အဘယ်သို့သောအားဖြင့်မလှည့်ဖြားစေနှင့်။ ထိုနေ့ရက်မရောက်မီ ဖေါက်ပြန်သင်းခွဲခြင်းသည် အဦးဖြစ်၍အပြစ်လူတည်းဟူသောပျက်စီးခြင်း၏သားသည်ပေါ်လာရလိမ့်မည်။ထိုသူသည်ဘုရားသခင်ဟူ၍ ခေါ်ဝေါ်သမျှသောအရာတို့ကိုရန်ဘက်ပြု၍ ကိုယ်ကိုချီးမြှောက်သောအားဖြင့် ဘုရားသခင်၏ ဗိမာန်တော်၌ ဘုရားသခင်ကဲ့သို့ထိုင်၍ဘုရားသခင်ဖြစ်ယောင်ဆောင်လျက်ကိုယ်ကိုပြသောသူဖြစ်သတည်း။”

ပေါလု၏ စာကိုတလွဲအနက်ယူဖို့မဟုတ်ပါ။ခရစ်တော်သခင်ခုချက်ချင်းအလျင်အမြန်ကြွလာမည်ဟု မသွန်သင်ပါ။ ဤသို့ယူဆက ယုံကြည်ခြင်းတွင်ရှုပ်ထွေးသွားပါလိမ့်မည်။ စိတ်ပျက်ခြင်းသည်လည်း မယုံကြည်ခြင်းကိုဖြစ်စေ၏။

ထို့ကြောင့် တမန်တော်ကြီးသည်သက်သာလောနိတ်ညီအစ်ကိုတော်များနားလည်မှုမှားမည်ကို စိုးရိမ်၍ သတိထားသည်။ ဆက်လက်၍ရှင်းပြသည်မှာလည်းပုရောဖက်ဒံယေလဖေါ်ပြထားသည့်အတိုင်းပါပရဟန်းမင်း တန်ခိုးအာဏာ

သည် ထွန်းတောက်လာကာ ဘုရားသခင်၏ လူတို့ကို ဆန့်ကျင်စစ်ခင်းမည်။ သေစေလောက်သော နှိပ်ကွပ်မှုဖိအားနှင့်ဘုရားသခင်၏နာမတော်ကိုစော်ကားခြင်းအမှုကိုပြုပြီးပါမှ ဘုရားသခင်တစ်ဖန်ကြွဆင်းလာခြင်းကို မျှော်ကြည့်ကြပါရန်အသင်းတော်ကို ပေါလု အသိပေးပါသည်။

"ငါသည် သင်တို့နှင့်အတူရှိစဉ်အခါထိုအကြောင်းအရာများကိုပြောပြီဟု သင်တို့သည်သတိမရကြသလော။"

စစ်မှန်သောအသင်းတော်ကိုကြောက်မက်ဖွယ်ကောင်းသောဆင်းရဲဒုက္ခစမ်းသပ်မှုကဝန်းရံလျက်ရှိပေသည်။တမန်တော်ကြီးသည်ဤစာစောင်ကိုရေးနေချိန်မှာပင် "ဝှက်ထားလျက်ရှိသောအရာသည်ယခုပင်ပြုပြင်ဆဲ(အလုပ်လုပ်နေဆဲ)ရှိ၏" ဟုဆိုပါသည်။

ဆက်လက်၍အမှုတိုးပွားလာဖို့သည်ကား"ထိုလူ၏လာခြင်းအကြောင်းဟူမူကား၊ စာတန်ပြုပြင်သောအားဖြင့်မုသာနှင့်စပ်ဆိုင်သည့်ထူးဆန်းသောတန်ခိုး၊ အံ့ဖွယ်သောအမှုအမျိုးမျိုးနှင့်လည်းကောင်း၊ပျက်စီးခြင်းသို့ရောက်သောသူတို့တွင် မတရားသောလှည့်ဖြားခြင်းအမျိုးမျိုးနှင့်လည်းကောင်းလာလိမ့်မည်။"

တမန်တော်ကြီး၏ စကားစုတို့သည်အထူးသဖြင့် သိမ်မွေ့လှပေ၏။ "အမှန်တရား၌မွေ့လျော်သောစိတ်ကိုမခံမယူကြ" သူများသည် အမှန်တရားသတင်းစကားတို့ကိုတင်ကူး၍သိရှိထားကြပြီဖြစ်သော်လည်း ဂရုမစိုက်၊ငြင်းပယ်ထားကြ၏။"ထို့ကြောင့် သမ္မာတရားကိုမယုံဘဲ မတရားသောအမှု၌မွေ့လျော်သောသူအပေါင်းတို့သည် တရားရှုံးခြင်းသို့ရောက်မည်အကြောင်း၊ မုသာစကားကိုယုံစိမ့်သောငှာ ပြုပြင်အားထုတ်ခြင်းအခွင့်ကို သူတို့၌ဘုရားသခင်လွှတ်တော်မူလိမ့်မည်။"

ထာဝရဘုရားသခင်သည် ကရုဏာတရားနှင့်ပေးပို့ထားသောသတိပေးနှိုးဆော်ချက်များကို ငြင်းပယ်သော သူတို့ကား အပြစ်ဒဏ်နှင့်မလွတ်ကင်းနိုင်ရာ။ ဤသတိပေးနှိုးဆော်ချက်များမှ အကြိမ်ကြိမ်ရှောင်တိမ်းသူထံမှထာဝရဘုရားသခင်သည် မိမိ၏ ဝိညာဉ်တော်ကိုရုပ်သိမ်းတော်မူ၍ သူတို့ချစ်မြတ်နိုးသောလှည့်ဖြားယုတ်မာမှုများလက်တွင်းသို့အပ်လိုက်ပါတော့သည်။

ဤသို့လျှင်ပေါလုသည် အပြစ်တန်ခိုး၏ ဘေးရောက်စေတတ်သောအလုပ်ကို အကျဉ်းချုံး၍ ဖေါ်ပြထားပါ၏။ ခရစ်တော်သခင်ဒုတိယအကြိမ်မကြွဆင်းလာမီ အမှောင်ထုကြီးစိုးမိုးမင်းမူရာခေတ်ကာလသည် နှိပ်စက်ညှင်းဆဲ

ခြင်းနှင့်အတူ ရောက်လာလေဦးမည်။ ထို့ကြောင့် သက်သာလောနိတ်မြို့သား ယုံကြည်သူတို့သည် လျှပ်တစ်ပြက်ကယ်တင်ရွေးနှုတ်ခြင်းကို မျှော်လင့်နေကြ၏။ယခုတော့ သူတို့ရှေ့မှာရှိသောဇဝံဂေလိတရားနှင့်စပ်ဆိုင်သော အလုပ်ကို သတ္တိရှိစွာနှင့်ဘုရားသခင်ကိုချစ်ကြောက်တုန်လှုပ်လျက်ထမ်းရွက်ရမည်ကိုသူတို့သိရှိနားလည်လာကြလေပြီ။တာဝန်ကိုဂရုမစိုက်၊အချည်းနှီးစောင့်မျှော်ခြင်း မဖြစ်စေရန် တမန်တော်သည် ထိုသူတို့ကို သတိပေး၏။ ယုံကြည်ခြင်း၌မြဲမြံခြင်းရှိကြပါစေကုန်။

"ထို့ကြောင့် ညီအစ်ကိုတို့၊ ငါတို့နှုတ်ထွက်စကားအားဖြင့်ဖြစ်စေ၊ စာသားအားဖြင့်ဖြစ်စေသင်တို့သည်သင်ခဲ့ပြီးသောနည်းဥပဒေသများကို တည်ကြည်လျက်ကိုင်ယူစွဲလမ်းကြလော့။ ငါတို့ကိုချစ်တော်မူ၍ ထာဝရသက်သာခြင်းအကြောင်းကိုလည်းကောင်း၊ ကျေးဇူးတော်အားဖြင့် ကောင်းသောမျှော်လင့်ခြင်းအကြောင်းကိုလည်းကောင်း၊ ပေးတော်မူသော ငါတို့အဘတည်းဟူသော ဘုရားသခင်နှင့်ငါတို့သခင်ယေရှုခရစ်သည် ကိုယ်တော်တိုင် သင်တို့စိတ်နှလုံးကိုသက်သာစေ၍ ကောင်းသောစကား၊ ကောင်းသောအမှုအမျိုးမျိုး၌ သင်တို့ကိုမြဲမြံစေတော်မူပါစေသော်။"

"သို့သော်လည်း၊ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူ၏။သင်တို့ကိုမြဲမြံစေ၍ မကောင်းသောအမှုအရာနှင့်ကင်းလွတ်စေခြင်းငှာ စောင့်မတော်မူလိမ့်မည်။ ငါတို့ပညတ်သည်အတိုင်း သင်တို့သည်ယခုကျင့်ကြ၏။နောက်၌လည်းကျင့်ကြလိမ့်မည်ဟု ဘုရားသခင်ကို အမှီပြု၍ ငါတို့သည်ယုံမှားခြင်းမရှိ။ ဘုရားသခင်ကိုချစ်စေခြင်းငှာလည်းကောင်း၊ ခရစ်တော်၏နည်းတူသည်းခံစေခြင်းငှာလည်းကောင်း၊ ဘုရားသခင်သည် သင်တို့၏စိတ်နှလုံးကို ပြင်ဆင်တော်မူပါစေသော်။"

ယုံကြည်သူ တပည့်တော်စုတို့သည် ခရစ်ယာန်သာသနာပြုရမည့်အလုပ်ကိုထာဝရဘုရားသခင်ကိုယ်တော်တိုင်အပ်ပေးတော်မူ၏။ အမှန်တရားအပေါ် သစ္စာရှိတည်ကြည်စွဲလမ်းခြင်းဖြင့် မိမိတို့ရရှိပြီဖြစ်သောအလင်းကိုတစ်ပါးသူတို့ထံလက်ဆင့်ကမ်း ဝေငှမည်ဖြစ်သည်။ ကောင်းသောအမှုကိုလုပ်ခြင်း၌ငြီးငွေ့ခြင်းမရှိအပ်ပါ။ ခရစ်တော်သခင်အတွက် ပေါလုသည် မမောပန်းနိုင်သော ဇွဲလုံ့လနှင့်မိမိဝမ်းစာရေးအတွက် မိမိရှာဖွေလုပ်ကိုင်ကာ အမှုတော်ဆောင်ရွက်ပုံကို နမူနာယူကြပါရန် ညွှန်ပြလေသည်။ ပျင်းရိ၍ ရည်ရွယ်ချက်ကင်းမဲ့သူကို

ပေါလုသည် ပြစ်တင်ဆုံးမပါ၏။ "ငြိမ်ဝပ်စွာလုပ်ဆောင်၍ကိုယ်အစာကိုစားမည့်အကြောင်း" ကိုလည်း ညွှန်ကြားပါသည်။ ထာဝရဘုရားသခင်၏အစေခံအမှုတော်ဆောင်များပေးသောသွန်သင်ချက်များကို ဖန်ခါတလဲလဲငြင်းပယ်သူများကို အသင်းတော်သည် မိတ်သဟာယဖွဲ့ရန်နှင့်သူ့အားသီးခြားခွဲထားရန် ကျပ်တည်းစွာဆုံးမပါသေး၏။ "သို့သော်လည်း ရန်သူကဲ့သို့မမှတ်၊ညီအစ်ကိုကဲ့သို့မှတ်၍ သတိပေးကြလော့၊" ဟု ထပ်ဆင့်မိန့်ကြားခဲ့ပါသည်။

ဤဩဝါဒစာဒုတိယစောင်ကိုလည်း ပေါလုသည် ဆုတောင်းခြင်းနှင့် အဆုံးသတ်ထားပါသည်။ လူ့အသက်တာတစ်လျှောက် မြင်တွေ့ကြုံတွေ့ရသောပင်ပန်းနွမ်းနယ်မှုနှင့်ဆင်းရဲဒုက္ခစမ်းသပ်ခြင်းများအလယ်ဝယ် ထာဝရဘုရားသခင်၏ ငြိမ်သက်ခြင်းနှင့် ယေရှုခရစ်တော်၏ကျေးဇူးတော်သည် သင်တို့အပေါင်း၏နှစ်သိမ့်မှုနှင့်ထောက်ပံ့မှုဖြစ်ရပါစေကုန်သတည်း။အာမင်း။

---ooo---

# အခန်း(၂၆)
# ကောရိန်သုမြို့မှာရှိသောအာပေါလု

(ဤအခန်းသည် တမန်တော် ၁၈း၁၈-၂၈ကို အခြေခံထားပါသည်)

ပေါလုသည်ကောရိန်သုမြို့မှထွက်သွားသည်နောက် ဧဖက်မြို့မှာခရစ်ယာန်သာသနာခရီးဆန့်လိုသည်။ သူသည် ရောက်လုနီးသောပွဲကို ယေရုရှလင်မြို့၌ ခံယူလိုသဖြင့်လည်း ဧဖက်မြို့တွင် ရက်အနည်းငယ်သာနေ၏။

ထိုရက်များအတွင်း ပေါလုသည်တရားဇရပ်သို့ဝင်၍ ဂျူးလူမျိုးတို့နှင့်ဆွေးနွေးနှီးနှောလေ၏။

ထိုသူတို့သည် နှစ်သက်သဘောကျသဖြင့် မိမိတို့နှင့်အတူ ပေါလုနေပါဦးမည်အကြောင်းတောင်းပန်၏။

မိမိ၏အစီအစဉ်ကို မဖျက်သိမ်းလို၍"ဘုရားသခင်အလိုတော်ရှိလျှင်"နောက်တစ်ဖန်သင်တို့ရှိရာသို့ငါပြန်လာဦးမည်ဟူ၍ အခွင့်တောင်းပြီးမှ သူနှင့်အတူပါလာသောပြစ်ကိလနှင့်အာကုလကို ဧဖက်မြို့၌ထား၍ သင်္ဘောနှင့်လွှင့်ပြန်လေသည်။

ဤအချိန်တွင် "အာပေါလုအမည်ရှိသော အာလေဇန္ဒြိမြို့သား ဂျူးလူမျိုးတစ်ယောက်သည် ဧဖက်မြို့သို့ ရောက်လာ၏။ ထိုသူသည် နှုတ်သတ္တိနှင့်ပြည့်စုံ၍ ကျမ်းစာ၌ အားကြီးသောသူဖြစ်၏။"

အာပေါလုသည် နှစ်ခြင်းဆရာယောဟန်၏တရားကိုကြားနာခဲ့ရ၍ နောင်တနှင့်ဆိုင်သောဗတ္တိဇံရေနှစ်ခြင်းကို ယူ၏။

ပုရောဖက်ဟောကြားသလိုသက်ရှင်နေထိုင်ကာ ခရစ်ယာန်သာသနာတော်ကို ဟောကြားသက်သေခံသဖြင့်လည်း ဆရာ၏လုပ်အားမှာအချည်းနှီး မဖြစ်ခဲ့ရပါ။

ကျမ်းစာ၏ မှတ်တမ်းအရအာပေါလုသည် "ဘုရားသခင်၏ ဘာသာ၌လေ့ကျက်၍ စိတ်အားကြီးသဖြင့် ဘုရားသခင်၏အကြောင်းများကို စေ့စေ့ဟောပြော၍ဆုံးမသြဝါဒပေး၏။ သို့သော်လည်း ယောဟန်၏ ဗတ္တိဇံကိုသာသိ၏။"

ဧဖက်မြို့တွင်နေစဉ် အာပေါလုသည် "တရားဇရပ်၌ ရဲရင့်စွာ ဟောပြောစပြုသဖြင့်" တရားနာသူများတွင် အာကုလနှင့် ပြစ်ကိလတို့လည်း ပါဝင်ကြရကား၊ သူသည် ကောင်းမွန်စွာ ဟောပြော၏။ သို့သော် ဧဝံဂေလိ အလင်းကို

အပြည့်အဝမရရှိသေး။ ထို့ကြောင့် “သူ့ကိုယူ၍ ဘုရားသခင်၏ ဘာသာတရားကိုသာ၍သေချာစွာသင်ကြားကြ၏။”

အာကုလနှင့်ပြစ်ကိလတို့၏ သင်ကြားမှုဖြင့်အာပေါလုသည် သမ္မာကျမ်းစာကို ပိုမို၍နားလည်ကာ ခရစ်ယာန်ယုံကြည်ခြင်းတွင် ခွန်အားကြီး၍အပီပြင်ဆုံးနှုတ်စွမ်းအားရှင်တစ်ဦးဖြစ်လာပါသည်။

အာပေါလုသည် အခါယပြည်သို့သွားခြင်းငှာအလိုရှိသည်ဖြစ်၍ ထိုပြည်ရှိတပည့်တော်ချင်းတို့သည် သူ့ကိုလက်ခံမည်အကြောင်း ဧဖက်မြို့ရှိညီအစ်ကိုတို့သည် မှာစာကိုပေးလိုက်ကြ၏။

ခရစ်တော်အသင်းတော်နှင့်လုံးဝညီညွတ်မှုရှိသော ဆရာတစ် ပါးဖြစ်ကြောင်းလည်း ထောက်ခံပေးကြပါသည်။ သူသည် ကောရိန်သုမြို့သို့ရောက်သောအခါ အများပြည်သူအတွက် ဧဝံဂေလိတရားဟောပြောပေးသကဲ့သို့ တစ်အိမ်တက်ဆင်း သက်သေခံခြင်းအမှုကိုလည်းပြု၏။

အာပေါလုသည် ဤသို့ပြုသဖြင့် ကျေးဇူးတော်အားဖြင့် ယုံကြည်သောသူတို့ကို အလွန်ထောက်မလေ၏။ “ယေရှုသည် ခရစ်တော်ဖြစ်တော်မူကြောင်းကို ကျမ်းစာအားဖြင့် ထင်ရှားစွာပြ၍ ယုဒလူတို့၏စကားကို အားကြီးစွာပယ်ဖျက်လေ၏။” ပေါလုသည် အမှန်တရားမျိုးစေ့ကို ကြဲခဲ့၏။

ယခုတွင်အာပေါလုရေလောင်းနေပါသည်။ သူ၏ အောင်မြင်မှုကြီးကားကြီးကျယ်သဖြင့် ယုံကြည်သူတချို့က အာပေါလုသည် ပေါလုထက်အလုပ်ကောင်းသည်ဟု ချီးမွမ်းကြပေသည်။

လူအချင်းချင်းနှိုင်းယှဉ်သည့် သဘောသည် အသင်းတော်တွင် စိမ့်ဝင်လာသဖြင့်ပါတီစိတ်ဓါတ်နှစ်ခြမ်းကွဲကာ ဧဝံဂေလိပြန့်ပွားရေးအတွက် ကြီးစွာသောဆီးတားမှုကိုဖြစ်စေ၏။

ပေါလုသည် ကောရိန်သုမြို့တွင် တစ်နှစ်ခွဲမျှနေထိုင်သည် ကာလ ဧဝံဂေလိသတင်းစကားကို ရိုးသားဖြူစင်နားလည်လွယ်ရန် ဟောပြောပါ၏။ သူသည် ကောရိန်သုမြို့သားတို့ထံ “ဘုရားသခင်၏ သက်သေခံချက်ကို ထူးမြတ်သော စကားနှင့်ထူးမြတ်သောပညာ” အားဖြင့် ပြသရန် ရောက်လာသည်မဟုတ်။

အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်တကွ “သူတို့၏ ယုံကြည်ခြင်းသည် လူပညာအားဖြင့်မတည်။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့်တည်စေခြင်းငှာ၊ ငါ့စကားငါ့တရားသည် လူပညာနှင့်ယှဉ်သော ဖြားယောင်းစကားနှင့် တကွရှိသည်မဟုတ်။ ဝိညာဉ်တော်၏ အံ့ဖွယ်တန်ခိုးတော်နှင့်တကွရှိ၏” ဟုပြောဆိုပါသည်။(၁ကော ၂း၁၊၄၊၅)

ပေါလုသည် အသင်းတော်၏ ခံယူနိုင်မှုစွမ်းအားအပေါ် လိုအပ်သလို မိမိ၏ သွန်သင်ချက်နည်းစနစ်ကိုပြောင်းပါသည်။ ဤအချက်ကိုရှုပါ။ "ညီအစ်ကိုကို အထက်ကငါသည် ဝိညာဉ်လူတို့အားပြောသကဲ့သို့ သင်တို့အားဟောပြောရသောအခွင့်မရှိဘဲ ဇာတိပကတိလူတို့အားလည်းကောင်း၊ ခရစ်တော်၌ သူငယ်ကလေးတို့အားလည်းကောင်း ဟောပြောသကဲ့သို့ဟောပြောရ၏။ ယခုတိုင်အောင် သင်တို့သည် ခဲဖွယ်စားဖွယ်ကို မကြေနိုင်သောကြောင့် ငါမကျွေးရ။ နို့ကိုသာတိုက်ရ၏။ ယခုပင်လည်း သင်တို့သည် မကြေနိုင်ကြသေး။" (၁ကော ၃း၁၊၂)

ကောရိန်သုမြို့သားတို့သည် ပေါလုသွန်သင်ချက်များကို လွယ်လွယ်နှင့်မခံယူနိုင်။ နားမလည်နိုင်ဖြစ်၏။ သူတို့ရရှိသောအခွင့်အရေးများနှင့်သူတို့၏ ဝိညာဉ်ရေးအသိတရားတိုးပွားမှုသည် အချိုးညီမဟုတ်ဖြစ်နေသေး၏။ ခရစ်ယာန်အတွေ့အကြုံတိုးပွားရင့်ကျက်ဖို့ကောင်းနေပြီဆိုသည့်အချိန်မှာပင် ခရစ်တော်၏ တပည့်တော်များကို သခင်ကဆုံးမနေသည့် အနေအထားမျိုးတွင်ပင် ရှိနေသေးသည်။ "သင်တို့အား ငါပြောစရာစကားအများရှိသော်လည်း သင်တို့သည်ယခုမခံနိုင်ကြ။" (ယောဟန် ၁၆း၁၂)။ သူတစ်ပါးကို မနာလိုဝန်တိုတတ်ခြင်း၊ အဆိုးမြင်မှုရှိနေခြင်း၊ တစ်ပါးသူကို လွယ်လွယ်နှင့်စွပ်စွဲတတ်ခြင်း သဘောတို့သည် ထိုသူ၏စိတ်နှလုံးထဲတွင် ရှိနေသဖြင့် "ဘုရားသခင်၏ နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသောအရာတို့ကို စစ်တော်မူသော" သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အထဲ၌ အပြည့်အဝအလုပ်မလုပ်နိုင်ဖြစ်ရပါသည်။ လောကအတတ်ပညာပိုင်းတွင် ပညာရှိသူခမိန်များဖြစ်နေကြလင့်ကစား၊ ခရစ်တော်သခင်ကို သိကျွမ်းခြင်းပညာ၌မူကား ကလေးငယ်ပင် ဖြစ်နေသေးတော့၏။

သို့ဖြစ်၍ ပေါလုသည် ခရစ်ယာန်ယုံကြည်ခြင်းနှင့် ပတ်သက်၍ကောရိန်သုမြို့သားတို့အား ဖွံ့ဖြိုးစကလေးငယ်ကို သင်ကြားပို့ချရသကဲ့သို့ ကၢခမှစတင်၍ မူလအခြေခံပညာကို ပို့ချရပေသည်။ လူ့စိတ်နှလုံးအတွင်းဝယ် ဘုရားသခင်၏ တန်ခိုးတော်မည်ကဲ့သို့ ဝင်ရောက်နေရာယူလုပ်ဆောင်ပုံကို ရှင်းပြရပါ၏။ ပထမတွင် ထိုသူတို့သည် ကယ်တင်ခြင်း၏ လျှို့ဝှက်နက်နဲမှုကို နားမလည်ကြ။ "အကြောင်းမူကား၊ ဇာတိပကတိလူသည် ဘုရားသခင်၏ ဝိညာဉ်တော်အရာတို့ကိုမခံမယူ၊ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍ နားလည်နိုင်သောကြောင့် ဇာတိပကတိလူသည် နားမလည်နိုင်။" (ငယ် ၁၄)။

ပေါလုသည်မျိုးစေ့ကြဲရန်ကြိုးစားသကဲ့သို့ အခြားသူများရေလောင်းဖို့ သူအလိုရှိပါသည်။ သူနှင့်အတူ ဧဝံဂေလိအမှုတော်ဆောင်သူတို့သည်လည်းအသင်းတော်ခံယူနိုင်သော အတိုင်းအတာဖြင့် အချိန်ကောင်း၊ အခွင့်ကောင်းတို့တွင် ဝိညာဉ်အလင်းနှင့်အသိတရားကို ပညာပေးပို့ချရန်ဖြစ်ပါသည်။

ပေါလုသည် ကောရိန်သုမြို့တွင်စတင်ခရစ်ယာန်သာသနာပြုခဲ့စဉ်က မိမိတင်ပြပို့ချလိုသည့်အမှန်တရားကို ပညာသတိရှိရှိနှင့် လုပ်ဆောင်ရမည်ကို ဆင်ခြင်မိပါသည်။ သူ၏တရားတော်ကိုကြားနာသူတို့တွင် တချို့သည်သူတို့၏ အတွေးအခေါ်ဆင်ခြင်ပုံကို မြတ်နိုးဂုဏ်ယူတတ်မည်။ မှားယွင်းသောဝတ်ပြုကိုးကွယ်မှုစနစ်ကို မိမိသာမက တစ်ပါးသူတို့ကို ဖေါ်ပြသွေးဆောင်သူလည်းဖြစ်မည်။

အမှန်အားဖြင့် ထိုသူတို့သည် ဝိညာဉ်မျက်လုံးကန်း၍ စမ်းတဝါးဝါးနှင့် အသက်တာခရီးလျှောက်လှမ်းသည်တွင် သမ္မာကျမ်းစာကဖေါ်ပြသောဝိညာဉ်ရေးဆိုင်ရာနှင့် မသေနိုင်သောအသက်တာ၏ အဖြစ်မှန်မှသွေဖည်၍ သဘာဝတရားလောကအမှုများတွင် အဖြေကိုတွေ့ကောင်းတွေ့မည်ဟုရှာဖွေမျှော်လင့်နေကြသူဖြစ်ချေ၏။ နှုတ်ထွက်တော်နှင့်ပတ်သက်၍ ခရစ်ယာန်အနက်ဖွင့်ပုံကို ကြိုးစား၍ဆန့်ကျင်၊ ငြင်းခုံဝေဖန်သူများရှိမည်ကိုလည်းသူသိ၏။ ဘုရားသခင်မရှိဟုငြင်းပယ်၊ မယုံကြည်သူတို့သည် ခရစ်တော်၏ ဧဝံဂေလိတရားကိုမထီမဲ့မြင်ပြု၊ သရော်မည်ကိုလည်း ပေါလုတွေးမြင်ထားပါသည်။

အသက်ဝိညာဉ်များစွာကို ခရစ်တော်သခင်၏ လက်ဝါးကပ်တိုင်တော်ခြေရင်းသို့ပို့ဆောင်ရာ၌ ပေါလုသည် ဥပဒေအပြင်ဘက် ရောက်ရှိနေသူများ၊ ရွံမုန်းဖွယ်ကောင်းသောအပြစ်သားများအား သန့်ရှင်းသော ဘုရားသခင်အမှုတော်မှောက်၌ အပြစ်များလွန်းလေခြင်းဟု တိုက်ရိုက်မဆုံးမပါ။ မပဲ့ပြင်ပါ။ ထိုသူတို့အားမှန်သော အသက်တာ၏ ဦးတည်ချက်ကိုတင်ပြ၍ ကောင်းကင်ဘုံတရားတော်ဘုရားသခင်၏ သွန်သင်ချက်များကို ၎င်းတို့၏ စိတ်အာရုံတွင် စွဲမှတ်နေအောင်ကြိုးစား၍ သက်သေခံရှင်းပြပါသည်။ ဤသည်ကိုလက်ခံက မည်သူမဆိုအပြစ်နှင့်လောကဆန်ခြင်းတို့မှ လွတ်မြောက်ကာ ဖြူစင်၍ဖြောင့်မတ်သောအသက်တာကို ရရှိနိုင်ကြောင်း ထပ်ဆင့်၍ကောင်းမှုပြုပါသည်။ ဘုရားသခင်၏နိုင်ငံတော်တွင် အမွေခံဖြစ်လိုကလည်း အထူးသဖြင့် လက်တွေ့ကျသောဘုရားသခင်၌ မွေ့လျော်ခြင်းနှင့် သန့်ရှင်းခြင်းရှိရန် လိုအပ်ကြောင်း၊ သူတို့၏

စိတ်အာရုံအမှောင်ထုကိုခွင်း၍ခရစ်တော်သခင်၏ဧဝံဂေလိသာသနာတော်အလင်းနှင့်ပြည့်ဝသဖြင့်ထမင်းစားရေသောက်သလိုပြုကျင့်သောသူတို့၏အကျင့်ပျက်ပြား၍ လူမှုဖေါက်ပြန်သော အကျင့်ဓလေ့ဆိုးများတို့သည် ဘုရားသခင့်ရှေ့တော်မှောက်တွင်ကြီးမားသောရွံရှာမုန်းတီးမှုဖြစ်ကြောင်း သိမြင်နားလည်စေလိုပါသည်။

သို့ဖြစ်၍ ထိုသူတို့အတွက်စိတ်လေးသဖြင့် သွန်သင်သောအချက်မှာ ခရစ်တော်သခင်နှင့်ကိုယ်တော်၏ အသေခံခြင်းသာဖြစ်ပါသည်။ အကြီးမားဆုံးသောဝမ်းမြောက်မှုကိုခံစားလိုက ဘုရားသခင်နှင့် ယေရှုခရစ်တော်ကို ယုံကြည်ကာအပြစ်တရားမှနောင်တရ အံ့ဩဖွယ်ကယ်တင်ခြင်းသတင်းကောင်းကိုလက်ခံလေ့လာဖို့လိုအပ်ကြောင်း ပေါလုတင်ပြပါသည်။

ဤတင်ပြချက်ကိုတွေးခေါ်ရှင်တို့မုန်းတီးကြသည်။ အကြောင်းရင်းမှာမြေကြီးဘဏ္ဍာတို့ကိုမစွန့်လွှတ်နိုင်သောကြောင့်တည်း။ မိမိတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ်တွေးခေါ်မှုတို့သည်လည်း ထိုသတင်းကောင်းကြောင့် အထင်သေးခံရသည်ဆို၏။

ဤတွင်ခရစ်တော်သခင်၏ အကျင့်တော်ကို လူတို့နားလည်ပါကကိုယ်တော်ကိုချစ်မြတ်နိုးလာ၍ ယုံကြည်ခြင်းမျက်လုံးနှင့် လက်ဝါးကပ်တိုင်ကို မြင်တတ်လာမည်ဟု ပေါလုထင်ပါသည်။ ကပ်တိုင်တော်အလင်းအားဖြင့်သာလူသား၏စစ်မှန်သောတန်ဖိုးကို ဆုံးဖြတ်သတ်မှတ်နိုင်မည်မဟုတ်ပါလော မိတ်ဆွေ။

ဘုရားသခင်၏ကျေးဇူးတော်နှင့်သန့်စင်စေမှုအားဖြင့်သာလူ့ဘဝသဘောထားသည်ပြောင်းလဲနိုင်ပါ၏။ကောင်းကင်ဘုံသည်ဇာတိပကတိစိတ်သဘောရှိသူကိုလိုလားမည်မဟုတ်ပါ။ ဇာတိသဘောထားနှင့်လူသည်လည်းကောင်းကင်ဘုံ၏ဖြူစင်သန့်ရှင်းသော နေရာအရပ်ကို စိတ်ဝင်စားမည်မဟုတ်။ကောင်းကင်အိမ်သို့ဝင်ခွင့်ရသည့်တိုင်အောင် ထိုနေရာတွင် သူတို့ပျော်ရွှင်ကြမည်မဟုတ်ပါ။

အပြစ်သို့တိမ်းညွှတ်စိတ်ပါစေတတ်သောလူ့သဘောသည်ခရစ်တော်သခင်၏ကျေးဇူးတော်အားဖြင့်အောင်မြင်ချေမှုန်းနိုင်ရပါမည်။သို့ပြီးမှဖြူစင်သန့်ရှင်းသောကောင်းကင်တမန်များ၏ အသိုက်အဝန်းတွင် ပျော်ရွှင်နိုင်မည်ဖြစ်၍ကောင်းကင်ဘုံနှင့်ထိုက်တန်သူများဟုမှတ်ယူနိုင်ပါသည်။လူသည်အပြစ်တရားတွင်သေပြီး၍ခရစ်တော်၌အသစ်သောအသက်တာကိုရရှိသောအခါ ထိုသူ၏နှလုံးသားတွင်ဘုရားသခင်၏ချစ်ခြင်းမျိုးနှင့်ပြည့်ဝနေသည်။နားလည်မှု(AA-19)

သည်လည်း သန့်ရှင်းလာ၏။ အတောမသတ်နိုင်သော ဝမ်းမြောက်မှုနှင့်အသိတရားတို့ကြွယ်ဝလာလေသည်။ မိမိ၏လမ်းခရီးမှာလည်း ထာဝရထွန်းလင်းနေမည်သာဖြစ်၏။ အကြောင်းမှာ အသက်၏အလင်းရှင်သည် ထိုသူနှင့်အတူအစဉ်မပြတ်ရှိနေမည်မဟုတ်ပါလော။

ပေါလုသည် ကောရိန်သုမြို့သားတို့အား မိမိနှင့်အဖွဲ့သားများသည် ထာဝရဘုရားသခင်စေခိုင်းခြင်းကိုခံရသော ခရစ်ယာန်သာသနာ့သတင်းကောင်းဆောင်လူသားများဖြစ်ကြောင်း အားလုံးကလည်း ဘုရားသခင်ကိုသာအားကိုးကြရကြောင်း၊ အောင်မြင်မှုသည် ဘုရားသခင်ထံတော်မှလာကြောင်း၊ အသင်းတော်တွင်သူ့လူ၊ ကိုယ့်လူနှင့်ခွဲခြားခြင်း သဘောတို့သည် ဘုရားသခင်၏အလိုတော်မဟုတ်ကြောင်း၊ လူ့ဇာတိပြ သဘောဝအင်္ဂါရပ်များ၏ အကျိုးဆက်များသာဖြစ်ကြောင်း ထပ်မံ၍ရှင်းပြပါသည်။

"တစ်ယောက် ငါသည်ပေါလုတပည့်ဖြစ်၏ဟူ၍လည်းကောင်း၊ တစ်ယောက်က ငါသည် အာပေါလုတပည့်ဖြစ်၏ဟူ၍လည်းကောင်း၊ အသီးသီးပြောကြလျှင် ဇာတိပကတိလူဖြစ်ကြသည် မဟုတ်လော။ပေါလုကား အဘယ်သူနည်း။ အာပေါလုကားအဘယ်သူနည်း။အခြားသောသူမဟုတ်။

ထာဝရဘုရားသခင်သည် အသီးသီးတို့အား အခွင့်ပေးသနား တော်မူသည်နှင့်အညီ သင်တို့ကို ယုံကြည်ခြင်းသို့ ရောက်စေသော တရားဟောဆရာပေတည်း။ ငါသည်စိုက်ပျိုး သောသူဖြစ်၏။ အာပေါလုသည် ရေလောင်းသောသူဖြစ်၏။ အပင်ကိုကြီးထွားစေသောသူကား ဘုရားသခင်ပေတည်း။ စိုက်ပျိုးသောသူမတတ်နိုင်။ ရေလောင်း သောသူလည်းမတတ်နိုင်။ ကြီးပွားစေတော်မူသော ဘုရားသခင်သာလျှင်တတ် နိုင်တော်မူ၏။" (၁ကော ၃း၄-၇)

ပေါလုသည် ကောရိန်သုမြို့တွင် ပထမဦးဆုံး ဧဝံဂေလိတရားတော်ကိုဟောကြားခဲ့သူဖြစ်၍ အသင်းတော်ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ထိုအမှုကို ဘုရားသခင်က လုပ်ဆောင်စေခြင်းဖြစ်၏။ နောင်သောအခါ ဘုရားသခင်၏ ညွှန်ကြားချက်အရ အခြားသော အမှုတော်ဆောင်များ ရောက်လာ၍ သူ၏အုလပ်ကို ဆက်လုက်လုပ်ဆောင်ရပါသည်။ ကြဲပြီး မျိုးစေ့ကိုရေလောင်းရသည်မဟုတ်လော။ ဒါကို အာပေါလုပြုပါသည်။ ပေါလုကကြဲပြီး၊ မျိုးစေ့ကြီးထွားလာစေရန် သူသည်ဆက်လက်၍ တရားနို့ရည်တိုက်ကျွေးရပါသည်။ လူအများ

သူကိုကြိုက်နှစ်သက်လာခြင်းမှာလည်း ထာဝရဘုရားသခင်က သင်းဝင်တိုးပွား စေခြင်းသာဖြစ်၏။ အသက်တာ၏ အကျင့်ကို ပြုပြင်ပြောင်းလဲနိုင်သောတန်ဖိုး သည် လူ၏စွမ်းအားမဟုတ်။ ဘုရားသခင်၏ တန်ခိုးတော်ကြောင့်ဖြစ်ပါသည်။ မျိုးကြဲသူနှင့်ရေလောင်းသူတို့သည် မျိုးစေ့ကို မကြီးထွားစေနိုင်။

ထိုသူတို့သည်ဘုရားသခင်၏ ညွှန်ကြားချက်အောက်တွင် ကိုယ်တော်၏ အမှုတော်မြတ်ကိုအတူတကွတွဲဖက်လုပ်ကိုင်နေခြင်းသာဖြစ်သည်။ အောင်မြင် သောကြောင့်ရရှိသောဂုဏ်သတင်းနှင့်ဘုန်းကံတို့မှာလည်း လုပ်ငန်းရှင်ကြီးနှင့် သာသက်ဆိုင်ပါ၏။

ဘုရားသခင်၏ အစေခံခရစ်ယာန်သာသနာပြုသူများသည် တစ်ဦးနှင့် တစ်ဦးဝိညာဉ်တော်ဆုကျေးဇူးရရှိခြင်း၌ မတူကြပါချေ။သို့သော်အားလုံးကသခင့် အစေခံများဖြစ်ကြသည်။ တစ်ဦးချင်းသည် ကထိကဆရာကြီးထံ နည်းခံလျက် ရရှိသောပညာကို တစ်ပါးသူလူသားချင်းအား ဆင့်ပွားဆက်သွယ်ကာ ကောင်းမှု ပြုရပေမည်။

ထာဝရဘုရားသခင်သည် မိမိ၏ စေတမန်တစ်ဦးချင်းစီအားအလုပ် တစ်ခုစီပေးအပ်ထားသည်မဟုတ်လော။ ကွဲပြားခြားနားသောဆုကျေးဇူးတို့သည် သခင့်လုပ်သားများအဖြစ် စုပေါင်းညီညွတ်စွာတည်ရှိလျက်၊ သန့်ရှင်းသောဝိညာဉ် တော်၏ထိန်းချုပ်မှုအောက်တွင် လုံးထွေးနေရပါမည်။ ထိုအခါ ကယ်တင်ခြင်းသ တင်းကောင်းကို ညီညွတ်စွာကြွေးကြော်လိုက်သည်နှင့် များစွာသော အသက် ဝိညာဉ်တို့သည် ထာဝရဘုရားသခင်၏ တန်ခိုးတော်အားဖြင့် စိတ်နှလုံးပြောင်း လဲကာ ဘုရားသခင်၏သစ္စာခံများဖြစ်လာကြပေမည်။

အသုံးတော်ခံတန်ဆာပလာခေတ်လူသားသည် ခရစ်တော်သခင်နှင့် အတူ ဘုရားသခင်၌ ဖုံးကွယ်ထားသောအခါ ခရစ်တော်သခင်သည် လူတစ် ထောင်အုပ်ကဲ့သို့ပေါ်ထွန်းလာ၍ ချစ်ဖွယ်ကောင်းသော သခင်ဦးဆောင်သည့် အမှုတော်ဆောင်ဇဝံဂေလိအမှုတော်ကြီးဖြစ်၍လာမည် မဟုတ်ပါလော မိတ်ဆွေ။

"သို့သော်လည်း စိုက်ပျိုးသောသူနှင့်ရေလောင်းသောသူသည် တစ်လုံး တစ်ဝတည်းဖြစ်၍ အသီးသီးမိမိလုပ်သည့်အတိုင်း မိမိအကျိုးကို ခံရလိမ့်မည်။ ငါတို့သည် ဘုရားသခင်ထံ၌ အလုပ်လုပ်သောသူခြင်းဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်၏ ဥယျာဉ်တော်ဖြစ်ကြ၏။ဘုရားသခင်၏ကျောင်းတော်တိုက်လည်း ဖြစ်ကြ၏။" (ငယ် ၈၊၉)။ဤကျမ်းချက်အရ တမန်တော်ကြီးသည် အသင်းတော်ကို

ထွန်ယက်စိုက်ပျိုးသော လယ်ပြင်နှင့်ပုံခိုင်းထားပါသည်။ စာရင်းငှားတို့သည် စပျစ်ဥယျာဉ်ခြံတွင် သခင်၏အပင်များကို ဂရုတစိုက်နှင့်မြေဆွ၊ ပေါင်းနုတ်၊မြေသြဇာချနေကြပါသည်။ ကျောင်းတော်တိုက်နှင့်လည်း ပုံခိုင်းထားလေရာဘုရားသခင်အတွက်၊ သန့်ရှင်းသော ဗိမာန်တော်တစ်ဆောင် ဖြစ်စေရပါမည်။ ထာဝရဘုရားသခင်သည် အလုပ်သမားခေါင်းဆောင်ဖြစ်၍ လုပ်သားတိုင်းကို အလုပ်တာဝန်ကိုယ်စီအပ်နှင်းထားပါ၏။ သခင်၏ ညွှန်ကြားမှုအောက်တွင် လုပ်သာအပေါင်းသည် အလုပ်ကိုလုပ်ကိုင်ရကြမည်။ လုပ်သားတိုင်းကိုလည်း အလုပ်ခွင်တွင်လိမ္မာပါးနပ်ကျွမ်းကျင်စွာလုပ်ဆောင်နိုင်ရန်ဘက်စုံလိုအပ်သည်များနှင့်ပံ့ပိုးထားပြီးဖြစ်သဖြင့် စကားတော်၏ ညွှန်ကြားချက်ကိုသတိမူပြီး၊ အမှုတော်တွင်ဆောင်ရွက်က လုပ်အား၏ အောင်မြင်မှုဦးရစ်သရဖူကို လုပ်သားတိုင်းဆောင်းရပါလိမ့်မည်။

ထာဝရဘုရားသခင်၏ အစေခံကျွန်တို့သည် သခင်၏ အစေကိုခံရာ၌ အတူတကွ ယဉ်ကျေးသိမ်မွေ့သောစည်းကမ်းမျိုးဖြင့် တစ်ဦးကိုတစ်ဦးကြင်နာသနားလျက်၊ “သူတစ်ပါးကိုကိုယ်ထက်ချီးမြှောက်” ကာလုပ်ဆောင်ရပေမည်။ အကြင်နာတရားကင်းမဲ့သောပြစ်တင်ခြင်းမျိုး၊ တစ်ဦး၏အလုပ်ကို တစ်ဦးဖြိုချဖျက်ဆီးခြင်းမျိုး၊ အသင်းတော်တွင်ပါတီအုပ်စုများပြားစွာဖွဲ့စည်းခြင်းမျိုးမရှိစေရပါ။

ဘုရားသခင်ယုံကြည်စိတ်ချ၍ သတင်းစကားအပ်နှံထားသောပုဂ္ဂိုလ်တိုင်းတွင် လုပ်စရာအထူးအလုပ်တော့ရှိပါသည်။ မိမိအလုပ်နှင့်မိမိဖြစ်သည်မို့ အခြားသူ၏အရေးတွင် မနစ်မွမ်းစေရပါ။ သို့တိုင်အောင်လည်း ညီအစ်ကိုချင်းစည်းလုံးညီညွတ်စွာ အလုပ်ကိုလုပ်ကိုင်ဆောင်ရွက်ရလိမ့်မည်။ စုပေါင်းညီညာအောင်ကြောင်းဖြာ အသွင်ကိုဆောင်ရကြမည်။ အဘယ်သူမျှမိမိကိုယ်ကို စံပြုရာဟုမမှတ်ယူအပ်။ အမှုတော်ဆောင်အချင်းချင်း အကြည်ညိုပျက်စေသောကားမျိုးကိုလည်းမပြောဆိုရ။ ကိုယ့်ထက်နုပါသေးသည်ဟူ၍ မဆက်ဆံရ။ဘုရားသခင်၏ အမှုတော်မြတ်တွင် ရွေးချယ်ခန့်အပ်ခြင်းခံရသူ လုပ်သားတိုင်းသည် တစ်ဦးကိုတစ်ဦးလေးစားချစ်ခင်လျက် နှိုးဆော်အားပေးမှုပြုရပါမည်။ ရှေ့သို့ချီကာလုပ်ငန်းပြီးဆုံးသည့်တိုင် အတူတကွ အလုပ်ပွားကြရပါမည်။

ဤအခြေခံစည်းမျဉ်းများကိုပေါလု၏ကောရိန်သူသြဝါဒစာပထမစောင်တွင်တွေ့ရပါသည်။“ခရစ်တော်၏အစေအပါးကဲ့သို့လည်းကောင်း၊ဘုရားသခင်၏

နက်နဲသောအရာတို့ကို စောင့်သောဘဏ္ဍာစိုးကဲ့သို့လည်းကောင်း၊ သူတစ်ပါး သည် ငါတို့ကိုမှတ်မိပါစေ။ ထိုမှတစ်ပါး ဘဏ္ဍာစိုးမည်သည်ကား သစ္စာရှိရမည်။ သင်တို့မှစ၍ အခြားသောလူများတို့သည် ငါ့ကိုသစ္စာမရှိဟု စီရင်သော်လည်းငါ သည်အမှုမထား။ ငါ့ကိုယ်ကိုငါမစီရင်။ အကြောင်းမူကား၊ ကိုယ်စိတ်သည်ကိုယ် ကိုအပြစ်မတင်။

သို့သော်လည်း ထိုအကြောင်းဖြင့်ငါသည် အပြစ်လွတ်သည်မဟုတ်။ ငါ့ကိုစီရင်သောသူမူကား၊ ထာဝရဘုရားသခင်ပေးတည်း။ ထိုသို့ဖြစ်လျှင်မှောင် မိုက်၌ဝှက်ထားသောအရာတို့ကိုပွင့်လင်းစေ၍စိတ်နှလုံးအကြံအစည်များကိုထင်ရှား စေလတ္တံ့သောဘုရားသခင်ကြွလာတော်မမူမီတိုင်အောင် အဘယ်အမှုကိုမျှအ ဆုံးအဖြတ်မစီရင်ကြနှင့်။ ကြွလာတော်မူသောအခါ အသီးအသီးတို့သည်ဘုရား သခင်ချီးမွမ်းတော်မူခြင်းကျေးဇူးကို ခံရကြလတ္တံ့။"(၁ကော ၄း၁-၅)။

တာဝန်အရကွဲပြားခြားနားနေသောဘုရားသခင်၏အမှုတော်ဆောင်များ ကို တရားစီရင်ဖို့ရန် အဘယ်သူမျှအခွင့်မရှိပါ။ ဘုရားသခင်တစ်ပါးတည်းသာ လျှင်လူ့အလုပ်ကိုစီရင်၍ တရားသဖြင့်တစ်ဦးချင်းစီကို အကျိုးဆပ်ပေးသွားပါ လိမ့်မည်။

တမန်တော်ကြီးများသည် မိမိ၏ထမ်းဆောင်မှုများနှင့်အာပေါလု၏ပင် ပန်းမှုများကို နှိုင်းယှဉ်ကြည့်စေပါ၏။ "ညီအစ်ကိုတို့၊ သင်တို့သည်ကျမ်းစာကို လွန်၍ သူတစ်ပါးကိုမရိုသေအပ်ဟု ငါတို့ကိုထောက်၍ နားလည်စေခြင်းငှာလည်း ကောင်း၊ မာနစိတ်ထောင်လွှားသည်နှင့် တစ်ယောက်ကိုမှီဝဲ၍ တစ်ယောက်ကို ငြင်းဆန်ခြင်းမရှိစေခြင်းငှာလည်းကောင်း၊ ငါဆိုခဲ့ပြီးသော အမျက်၌ သင်တို့၏ အကျိုးကိုထောက်၍ ငါနှင့်အာပေါလုကို ပုံဆောင်လျက် ဆိုသတည်း။

ထိုမှတစ်ပါး၊ အဘယ်သူသည် သင့်ကိုထူးခြားစေသနည်း။ သူတစ်ပါး လက်မှ မခံမယူဘဲအလိုအလျောက်ရသောအရာ တစ်စုံတစ်ခုမျှသင်၌ရှိသ လော။ သူတစ်ပါးလက်မှခံယူသည်မှန်လျှင်မခံမယူသကဲ့သို့အဘယ်ကြောင့်ဝါ ကြွားသနည်း။" (၄ယ် ၆၊၇)

ဤသို့လျှင်ပေါလုသည်အသင်းတော်ရှေ့တွင်မိမိနှင့်အပေါင်းပါတို့သည် ခရစ်တော်သခင်အတွက်မည်ကဲ့သို့စိတ်ရှည်သည်းခံစွာဖြင့်ဆင်းရဲမှုအခက်အခဲ များကိုရင်ဆိုင်ခဲ့ရကြောင်းရှင်းပြပါသေးသည်။"ယခုတိုင်အောင်အစားအ သောက် ငတ်မွတ်ခြင်း၊အဝတ်နွမ်းပါးခြင်း၊ ရိုက်ပုတ်ညှဉ်းဆဲခြင်းကိုခံရကြ၏။နေရာမကျ

သောသူ၊ ကိုယ်လက်နှင့်ပင်ပန်းစွာလုပ်ဆောင်ရသောသူဖြစ်ကြ၏။ ကဲ့ရဲ့ခြင်းကိုခံရသောအခါ မေတ္တာပို့ကြ၏။ ညှင်းဆဲနှိပ်စက်ခြင်းကိုခံသောအခါသည်းခံကြ၏။ အသရေရှုတ်ချခြင်းကို ခံရသောအခါ တောင်းပန်ကြ၏။ ဤလောက၏အညစ်အကြေးကဲ့သို့လည်းကောင်း၊ အရပ်ရပ်ထဲကလှည်းပစ်သော အမှိုက်ကဲ့သို့လည်းကောင်း ယခုတိုင်အောင်ဖြစ်ကြ၏။

"သင်တို့သည် ရှက်စေခြင်းငှာ ဤသို့ငါရေးသည်မဟုတ်။ သင်တို့ကို ချစ်သားကဲ့သို့မှတ်၍ သတိပေး၏။ သင်တို့တွင် ခရစ်တော်၏အကြောင်းကိုသင်ပေးသောဆရာ တစ်သောင်းရှိငြားသော်လည်း အဘအများမရှိ။ ဧဝံဂေလိတရားအားဖြင့် ငါသည် သင်တို့ကိုယေရှုခရစ်၌ ဖြစ်ပွားစေပြီ။" (၄ယ် ၁၁း၁၅)။

သခင်၏သံတမန်အဖြစ် သခင်ပို့ပေးလိုက်သော ဧဝံဂေလိတရားဟောဆရာများကို လက်ခံကြားနာသူများက နှစ်သက်သူကိုလို၍၊ မနှစ်သက်သူကိုဆန့်ကျင်ကာမျက်နှာလိုက်သော် ထိုသခင်ကိုပြက်ရယ်ပြုသည်နှင့်တူပါ၏။ လူသည် မိမိတို့ကြိုက်နှစ်သက်သူ တရားဟောဆရာကိုမှလာစေပါဟူ၍ အမြဲတစေရွေးချယ်၍မရပါ။ လိုအပ်နေ၍သာ သခင်ပို့ထားခြင်းဖြစ်ပါသည်။

အကြောင်းမူကားလူတို့အတွက် အကောင်းမွန်ဆုံးကိုသခင်သည်စီမံထားပါသော်လည်း လူတို့၏အမြင်တိုတောင်းမှုကြောင့် ဤအရာကိုမဝေခွဲနိုင်တော့ပါ။

တရားဟောဆရာအမှုတော်ဆောင်တစ်ဦးတည်းနှင့် ခရစ်ယာန်တောင်းဆိုချက်များအားလုံး ဘက်စုံပြည့်စုံသောအသင်းတော်တစ်ပါးကို ဦးဆောင်သွားရန်မှာမလွယ်ကူပါ။ သို့ဖြစ်ရကား၊ ဘုရားသခင်သည် ကျွမ်းကျင်မှုချင်းမတူညီသောတရားဟောဆရာများကိုစုပေါင်းစေလွှတ်ခြင်းဖြစ်ပါသည်။

အလင်းတော်သည် ဘုရားသခင်ကိုလက်ခံဘိသကဲ့သို့ ထိုသူတို့ကိုလက်ခံရာ၏။ တရားဟောဆရာတစ်ဦးစီ၏ နှုတ်ထွက်စကားတော်မှသွန်သင်ချက်များကို အကျိုးကျေးဇူးရမည်ဟုယုံကြည်လျက် စေ့စေ့နားထောင်အပ်၏။ ထိုသတင်းစကားတို့ကို စိတ်နှလုံးနူးညံ့သိမ်မွေ့နှိမ့်ချစွာဖြင့် လက်ခံမြတ်နိုးကြရမည်။ ဤသို့ဆိုရာ၌ တရားဟောဆရာတို့သည်လည်း မပျင်းရိရပါ။

ခရစ်တော်သခင်၏ကျေးဇူးတော်ကြောင့်သာဘုရားသခင့်တပည့်တော်တရားဟောဆရာများတို့သည်အလင်းနှင့်ကောင်းချီးမင်္ဂလာစေတမန်များဖြစ်လာရချေ၏။မလျှော့သောလုံ့လနှင့်စိတ်အားကြီးသောဆုတောင်းမှုတို့ကြောင့်သန့်ရှင်းသော

ဝိညာဉ်တော်ကိုရရှိကာ အသက်ဝိညာဉ် ကယ်ဆယ်လိုစိတ်ပြင်းထန်လာသည်နှင့် အမျှ ကပ်တိုင်တော်၏ အောင်မြင်မှုဇုန်နယ်ကို ဖြန့်ကြက်စေနိုင်ခဲ့လေသည်။ လုပ်ဆောင်မှု၏အသီးကိုလည်း မြင်တွေ့ခွင့်ရရှိခဲ့ပါသည်။ ထိုသူတို့သည်လော ကလူသား၏ ပညာကိုပြသလိုစိတ်နှင့် မိမိကိုယ်ကိုချီးမြှင့်လိုစိတ်တို့ကို ပြင်းပယ် ထားသဖြင့် စာတန်၏ အမှောင်ထုကိုခွင်းကာ အမှုတော်မြတ်ကိုကြီးပွားစေနိုင် ခဲ့၏။

အသက်ဝိညာဉ်များစွာသည်အမှောင်ထုမှ အလင်းဇုန်ထဲသို့ကူးပြောင်း လာသဖြင့် အသင်းတော်များစွာကို တည်ဆောက်နိုင်ခဲ့ပါသည်။ ခရစ်တော်ထံ တော်သို့သခင့်အစေခံရန်ကူးပြောင်းလာကြလေပြီ။ လူတို့သည် တစ်ကိုယ်ကောင်း သဘောကိုကျော်ခိုင်းကြသဖြင့် ကပ်တိုင်တော်၏သခင်ယေရှုတစ်ပါးတည်းသာ လျှင်ပေါ်ထွန်းလာပါတော့သည်။

ယနေ့ သခင့်အစေခံအမှုတော်ဆောင်ဆရာတို့သည်လည်းတမန်တော် များခေတ်ကဧဝံဂေလိအမှုတော်ဆောင်များကဲ့သို့ ရှုပ်ရှုပ်ချွံချွံထမ်းဆောင်နိုင်ပါ သည်။ ဘုရားသခင်သည် ထိုခေတ်ကာလအချိန်က ပေါလုနှင့်အာပေါလု၊ သိလ နှင့်တိမောသေ၊ ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့ကို တန်ခိုးပေးခဲ့သကဲ့သို့ ယနေ့ သခင့်အစေခံများတို့ကိုလည်း တန်ခိုးအပ်နှင်းရန်အသင့်ရှိပါသည်။

တမန်တော်များခေတ်တွင် ခရစ်တော်သခင်ကိုယုံကြည်ပါသည်ဟုဆို သော်လည်း လမ်းလွဲနေသောအသက်ဝိညာဉ်များတချို့ရှိသည်။ ထိုသူတို့သည် သခင်၏သံတမန်များကို အရိုအသေမပေးကြပါ။ သူတို့၌ လူသားဆရာမရှိ။ခရစ် တော်သခင်၏ နောက်တော်သို့ တိုက်ရိုက်သွန်သင်မှုကိုခံရသူများဟု မိမိတို့ကိုယ် ကိုကြော်ငြာကြသည်။ ဧဝံဂေလိတရားဟောဆရာများတို့၏ အကူအညီကိုလည်း မရယူကြပါ။ လွတ်လပ်သော သဘောကိုဆောင်၍ အသင်းတော်၏ အုပ်ချုပ်မှုကို ဝန်မခံလိုကြသော ထိုသူတို့သည် အန္တရာယ်ကြီးနှင့်ကြုံရသော လှည့်ဖြားခံလူသား ဘဝကို ဆင်းသက်ခဲ့ရလေသည်။

ဘုရားသခင်သည် အသင်းတော်ထံတွင် ကွဲပြားခြားနားသောစွမ်းအား ရှင်များစွာကိုထားရှိ၏။ ထိုသူတို့၏စုပေါင်းအသိဉာဏ်ဖြင့် ဝိညာဉ်တော်အလင်း ရသည်မဟုတ်လော။ လူတချို့သည် မိမိတို့စိတ်ဆောင်သည်အတိုင်း လှုပ်ရှား လေရာ ဘုရားသခင်၏အမှုတော်မြတ်တွင်အတွေ့အကြုံများသောသက်ကြီးရွယ် အိုတို့နှင့် မတွဲလုပ်လိုကြပါ။ မိမိကိုယ်ကို ယုံကြည်စိတ်ချလွန်းသောသဘောက

နေရာယူသဖြင့် အမှားနှင့်အမှန်ပိုင်းခြား၍မြင်နိုင်စွမ်းမရှိတော့ပါ။ ထိုသူတို့ကို အသင်းတော်ခေါင်းဆောင်အဖြစ်မရွေးချယ်အပ်ပါ။ အကြောင်းမူကား၊ထိုသူတို့သည် မိမိညီအစ်ကိုချင်းတို့၏စီရင်မှုကိုနားမထောင်၊ မိမိသဘောအလိုအတိုင်းလုပ်ဆောင်သောကြောင့်တည်း။သခင်ခရစ်တော်၏စိတ်နှလုံးနှိမ့်ချမှုမျိုးမရှိသောထိုသူတို့အားဖြင့် ရန်သူစာတန်သည် အလုပ်လုပ်နေကြောင်းသတိပြုပါမိတ်ဆွေ။

အမြင်ကောင်းခြင်းတစ်ခုတည်းနှင့်လည်း ဘုရားသခင်ပေးသောတာဝန်ကျေပွန်ပြီဟုမဆိုနိုင်ပါ။ရန်သူစာတန်သည်ရံဖန်ရံခါ လူကိုသွေးဆောင်လှည့်ဖြားရာ၌သူတို့နှင့်အတူဘုရားသခင်ရှိသည်။ သူတို့ကိုဘုရားသခင်လမ်းပြနေသည်ဟုယုံကြည်စေ၏။ အမှန်မှာတော့ သူတို့သည် လူ့သဘော သွေးဆောင်ရာသို့သာလိုက်နာနေခြင်းဖြစ်ပါသည်။

သို့သော်လည်း ကျွန်ုပ်တို့သည် ညီအစ်ကိုချင်းများထံမှအကြံဉာဏ်ယူ၍သတိကြီးစွာထားလျှက် ဆုံးဖြတ်လုပ်ဆောင်ပါသော်ဘုရားသခင်၏ အလိုတော်နှင့်အညီ သိနားလည်နိုင်ပါလိမ့်မည်။အကြောင်းမူကား"နှိမ့်ချလျက်ရှိသောသူတို့ကို တရားလမ်း၌ သွေးဆောင်တော်မူ၏။ နှိမ့်ချလျက်ရှိသောသူတို့အားခရီးတော်တို့ကိုသွန်သင်တော်မူ၏။"(ဆာလံ ၂၅း၉) ဟုကတိတော်ရှိထားလေပြီမဟုတ်လော။

ရှေးဦးခရစ်ယာန်အသင်းတော်တွင်ပေါလုနှင့်အာပေါလုတို့ကိုငြင်းပယ်၍ပေတရုသာလျှင် သူတို့၏ခေါင်းဆောင်ဟုအသိအမှတ်ပြုသူတချို့ရှိပါသည်။ ပေတရုသာလျှင် ဘုရားသခင်နှင့်အနီးကပ်ဆုံးတပည့်တော်ဖြစ်ခဲ့ကြောင်း၊ပေါလုမှာမူကား ယုံကြည်သူများကို နှိပ်စက်ညှင်းဆဲသူဖြစ်ခဲ့ကြောင်းသေချာပေါက်မှတ်ယူကြပါ၏။ ဤသို့လျှင် တစ်ဖက်စွန်းရောက်အမြင်နှင့်ခံစားချက်မျိုးထားရှိကြသဖြင့် ထိုသူတို့၏စိတ်နှလုံးတွင် ယေရှုသခင်ကင်းမဲ့ကာ ရက်ရောစွာပေးကမ်းခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့မရှိဖြစ်ရလေ၏။

ဤသို့ အသင်းတော်တွင် ပါတီကွဲသဘောထားမျိုး ရှိသောကြောင့် အပြစ်နှင့်ယှဉ်သော မရိုးသားသည့်အဖြစ်မျိုးကြုံတွေ့ရပါသည်။ သို့ဖြစ်၍လည်း ပေါလုသည် ဘုရားသခင်၏ သဘောတော်နှိုးဆော်ချက်ကို တင်ပြရပေ၏။ "သင်တို့ကငါသည် ပေါလုတပည့်ဖြစ်၏။ ငါသည် အာပေါလုတပည့်ဖြစ်၏။ ငါသည်ကေဖတပည့်ဖြစ်၏။ ငါသည် ခရစ်တော်တပည့်ဖြစ်၏ဟု အသီးသီးပြောကြ သောကြောင့်ငါဆိုရ၏။ ခရစ်တော်သည် ကွဲပြားသလော။ ပေါလုသည်

သင်တို့အတွက် လက်ဝါးကပ်တိုင်မှာ အသေခံပြီလော၊(သို့မဟုတ်)သင်တို့သည် ပေါလု၏နာမဌ်ဗတ္တိဇံကိုခံကြပြီလော။" "ထိုသို့ဖြစ်လျှင်၊ အဘယ်သူမျှလူတို့၌ ဝါကြွားခြင်းမရှိစေနှင့်။ ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့ဖြစ်ကြ၏။ပေါလု ဖြစ်စေ၊ အာပေါလုဖြစ်စေ၊ ကေဖဖြစ်စေ၊ ဤလောကဖြစ်စေ၊အသက်ရှင်ခြင်းဖြစ်စေ၊ သေခြင်းဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောက်လာလတ္တံ့သောအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့ဖြစ်ကြ၏။ သင်တို့သည်လည်း ခရစ်တော်အဖို့ဖြစ်ကြ၏။ ခရစ်တော်သည်လည်း ဘုရားသခင်အဖို့ဖြစ်တော်မူ၏။" (၁ကော ၁း၁၂၊၁၃၊၃း၂၁-၂၃)။

ပေါလုနှင့်အာပေါလုတို့သည်လုံးဝညီညွတ်ကြပါ၏။ကောရိန်သုအသင်းတော်သည်သာလျှင် အချင်းချင်းသဘောထားခြင်းကွဲပြားနေကြသဖြင့် ထိုအသင်းတော်သို့ရေးပို့လိုက်သောစာစောင်မှာ စိတ်ပျက်စရာ၊ ဝမ်းနည်းစရာဖြစ်ရပါသည်။ အာပေါလုသည် ဤကိစ္စရပ်မျိုးနှင့်ရင်ဆိုင်ရသောအခါ လျင်မြန်စွာသောအဟုန်ဖြင့် အခင်းဖြစ်ပွားရာနယ်မြေကိုချန်လှပ်ခဲ့လေသည်။ နောင်သောအခါ ကောရိန်သုမြို့ကိုတစ်ခါတစ်ခေါက်အလည်အပတ်ပြုပါသည်ဟု ညွှန်ကြားချက်ရောက်လာသောအခါ ထိုမြို့ရှိအသင်းတော်သည် ဝိညာဉ်ရေးအခြေအနေကောင်းမွန်လာသည်အထိစောင့်နေပြီးမှသာ ဒုတိယအကြိမ်ပြန်လည်၍ ခရစ်ယာန်သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ပါတော့သည်။

---ooo---

## အခန်း(၂၇)
## ဧဖက်မြို့

(တမန်တော် ၁၉း၁-၂၀ ကိုအခြေခံသည်)

အာပေါလုသည် ကောရိန်သုမြို့တွင် ခရစ်ယာန် သာသနာပြုနေစဉ် ပေါလုသည် မိမိထားရှိခဲ့သည့်ကတိအတိုင်း ဧဖက်မြို့သို့ပြန်သွား၏။ယေရုရှလင်မြို့သို့လည်း အလည်အပတ်ပြုခဲ့ရုံမျှမက မိမိ၏ အဦးဆုံး ခရစ်ယာန်သာသနာပြုခဲ့ရာအန္တိအုတ်မြို့သို့ တစ်ခုတစ်ခေါက်ပြန်သွားသည်။ ဤသို့လျှင်အာရှမိုင်းနားတစ်ခွင်ရှိ "ဂလာတိပြည်၊ ဖြုဂိပြည်ကိုအစဉ်အတိုင်းလျှောက်သွားသဖြင့်တပည့်တော်အပေါင်းတို့ကို မြဲမြံခိုင်ခံ့စေ၏။" (တမန်တော် ၁၈း၂၃)

တမန်တော်များခေတ်ကာလတွင် အာရှမိုင်းနားဒေသကို ရောမပိုင်အာရှဒေသဟုခေါ်ပါသည်။ ဧဖက်မြို့တော်ကား ကုန်စည်ကူးသန်းရောင်းဝယ်ရာဗဟိုချက်ဖြစ်သောကြောင့် သင်္ဘောများမှစ၍ နိုင်ငံပေါင်းစုံမှ ကုန်သည်တို့သည် မြို့တော်လမ်းများတွင် ခြေချင်းထပ်၍နေကြ၏။ကောရိန်သုမြို့ကဲ့သို့ခရစ်ယာန်သာသနာပြုကောင်းသောမြို့လည်းဖြစ်ပါသည်။

ယဉ်ကျေးမှုထွန်းကားရာ ဒေသအနှံ့ဖြန့်ကြဲနေထိုင်ကြကုန်သောဂျူးလူမျိုးတို့သည်သာမန်အားဖြင့်မေရှိယကြွလာမည်ကိုမျှော်လင့်ကြ၏။နှစ်ခြင်းဆရာယောဟန်၏တရားဟောချက်ကိုကြားနာကြရန်ယေရုရှလင်မြို့တော်သို့ပွဲတော်နေ့များအတွက် စုဝေးရောက်ရှိလာကြသူတို့သည်လည်း ယော်ဒန်မြစ်ကမ်းနားသို့တိုင်သွားရောက်ကြသည်။

ထိုနေရာမှာယေရှုသခင်သည်ကတိတော်နှင့်ဆိုင်သောလူသားဖြစ်ကြောင်းကြားသိရသဖြင့် မိမိတို့အရပ်ဒေသသို့ပြန်ရောက်သောအခါထိုသတင်းကောင်းကိုလက်ဆင့်ကမ်းကြွေးကြော်ကြလေသည်။ ဤသို့လျှင်တမန်တော်များအဖို့ လမ်းဖွင့်ပေးနေသလိုဖြစ်ခဲ့ရပေသည်။

ပေါလုသည် ဧဖက်မြို့သို့ရောက်သောအခါအာပေါလုလိုညီအစ်ကိုမျိုး(၁၂)ဦးကိုတွေ့ခဲ့ရ၏။ ထိုသူတို့သည် နှစ်ခြင်းဆရာယောဟန်၏တပည့်များဖြစ်၍ ခရစ်တော်သခင်၏ အမှုတော်မြတ်နှင့်စပ်လျဉ်း၍ အနည်းအကျဉ်းသိနား

လည်း၏။ သို့သော် သူတို့သည် အာပေါလုလိုစကားအရာမှာ မကျွမ်းကျင်ကြ။ ကြည်ညိုသောစိတ်နှင့်ယုံကြည်၍သာမိမိတို့ရရှိသောအလင်းတရားကိုသက်သေခံဝေငှကြလေသည်။

ထိုသူတို့သည်သန့်ရှင်းသောဝိညာဉ်တော်၏သဘောကိုလည်းမကြားဖူး၍နားမလည်ကြ။ နှစ်ခြင်းဆရာယောဟန်အားဖြင့်သာလျှင်ပြောင်းလဲခဲ့ကြောင်းပြော၏။

သို့ဖြစ်၍ ပေါလုသည် ထိုသူတို့အားခရစ်ယာန်မျှော်လင့်ခြင်း၏အခြေခံအုတ်မြစ်ကိုရှင်းပြပါတော့သည်။ ခရစ်တော်သခင်သည် တစ်ချိန်ကဤမြေကြီးပေါ်တွင် သက်ရှင်နေထိုင်ခဲ့၍ ရှက်ဖွယ်ရက်စက်သောအသေဆိုးနှင့်သက်တော်စွန့်ခဲ့ကြောင်း၊ သုံးရက်မြောက်သောနေ့တွင် သေခြင်းမှရှင်ပြန်ထမြောက်ခဲ့ပြီး၍ တပည့်တော်တို့အားစေခိုင်းချက်အမိန့်တော်တစ်ရပ်ပေးခဲ့ကြောင်း၊ထိုအမိန့်တော်မှာ "ကောင်းကင်ဘုံ၌လည်းကောင်း၊မြေကြီးပေါ်၌လည်းကောင်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။

သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့" (မဿဲ ၂၈း၁၈၊၁၉) ဟူ၍ဖြစ်ကြောင်း။ ထိုသခင် မရှိတော့ပြီးနောက်မှာ သခင့်ကိုယ်စား သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်မည်ဖြစ်ကြောင်း၊ ထိုဝိညာဉ်တော်၏ ဘုန်းတန်ခိုးတော်ကို ပင်တေကုတ္တေပွဲနေ့မှာတွေ့ရှိခဲ့ရကြောင်း ဖော်ပြပါသည်။

ပေါလုစကားကို ကိုညီအစ်ကိုတို့သည် အံ့ဩဝမ်းမြောက်လျက် အာရုံစိုက်နားထောင်ကြသည်။ ယုံကြည်မှုသည်လည်း တိုးပွားလာ၍ ခရစ်တော်သခင်၏ကိုယ်စားပြုအသေခံခြင်း သတင်းမှန်ကိုလက်ခံကာ ပြောင်းလဲလာ၏။ သို့ဖြစ်၍ယေရှု၏နာမ၌ ဗတ္တိဇံခံယူသည်။

ပြီးသော် ပေါလုသည် သူတို့အပေါ်လက်တင်သဖြင့်သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်ကာ အခြားသော ဘာသာစကား ကိုပြောနိုင်သည်သာမကပုရောဖက်လည်း ပြုနိုင်ခဲ့သည်။

ဤသို့လျှင် ထိုသူတို့သည် ဇဖက်မြို့တွင် ခရစ်ယာန်သာသနာအမှုဆောင်ရန် စွမ်းအားထက်လာသည်နှင့်အမျှ အာရှမိုင်းနားတစ်ခွင်တို့သည် ဧဝံဂေလိတရားကို ထပ်ဆင့်ကြွေးကြော်နိုင်ခွင့်ရှိလေသည်။

လူသည်သခင့်အစေကိုခံယူနိုင်ရန် စိတ်နှလုံးနှိမ့်ချဖို့နှင့်သွန်သင်ခံလို စိတ်ရှိရန်အရေးကြီးပါ၏။ အများသော လူတို့သည် မိမိကိုယ်ကိုစိတ်ချယုံကြည်ကာ ကျေနပ်မှုရှိလွန်းသဖြင့် သွန်သင်မှုကိုမခံမယူလိုကြပါ။ ဘုရားသခင်၏နှုတ်ထွက်စကားတော်၌ အသိလွန်ကဲပြီဟုကျေနပ်လျက် သာ၍လင်းသော အလင်းရောင်ခြည်ကိုရရှိရန် ပြောင်းလဲချင်စိတ်မရှိကြတော့ပါ။

အကယ်၍သာခရစ်ယာန်တို့သည်ပညာကိုအပတ်တကုတ်ရှာဖွေပါသော် မိမိတို့လုံးဝမသိနားမလည်ခဲ့ဖူးသော အမှန်တရားကြွယ်ဝရာလယ်ပြင်သို့ဆိုက်ရောက်နေပါလိမ့်မည်။ မိမိကိုယ်ကိုမိမိခမည်းတော်ဘုရားသခင်၏ လက်တော်တွင်းသို့ လုံးလုံးအပ်နှင်းထားသောသခင်သည် ထိုသူတို့ကိုကောင်းကင်ဘုံလက်တော်ဖြင့် ပို့ဆောင်လမ်းပြနေပါလိမ့်မည်။

အကြင်သူသည် ပညာနည်း၍ နုံချာနေပါသော်လည်း သခင့်ကိုချစ်၍ ယုံကြည်အားကိုးလျက်၊ အလိုတော်သို့လိုက်ရန်ဆန္ဒရှိမှုက ထိုသူသည်တန်ခိုးကိုခံရ၍ အားအင်နှင့်တိုးပွားပြည့်ဝသောစွမ်းဆောင်နိုင်မှုများဆီသို့ တက်လှမ်းရောက်ရှိရပါလိမ့်မည်။ ဘုရားသခင်နှင့်ဆိုင်သောပညာရပ်သင်ခန်းစာများကို ထိုသူသည် တန်ဖိုးရတနာအဖြစ်သဘောပိုက်နေသမျှ သူ့အားသခင်သည်မြင့်မြတ်သန့်ရှင်းသောအလုပ်ကို အပ်နှင်းထားပါလိမ့်မည်။ ထိုသူ၏ အသက်တာသည်လည်း ဘုရားသခင်ကိုဂုဏ်ပြုသကဲ့သို့ကမ္ဘာလောကကြီးအတွက် မင်္ဂလာဖြစ်ပါလိမ့်မည်။ "နှုတ်ထွက်စကားတော်ကိုဖွင့်ပြခြင်းသည် အလင်းကိုပေး၍၊ မလိမ္မာသောသူတို့ကိုလိမ္မာစေတတ်ပါ၏"(ဆာလံ၁၁၉း၁၃၀) ဟု ကျမ်းစာဆိုပြီမဟုတ်လော။

ယနေ့ ခရစ်ယာန်များစွာတို့သည်လည်း ဧဖက်အသင်းတော်ရှိယုံကြည်သူသားသမီးများကဲ့သို့ပင် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ငန်းကို မသိနားမလည်ကြပါချေ။ သို့ဖြစ်၍ ဘုရားသခင်၏တရားကို ပိုမို၍ ရှင်းလင်းစွာ သွန်သင်ခံရန်လို၏။ ဤအမှုတော်အတွက် ပုရောဖက်များ၊ တမန်တော်များ ကြိုးစားခဲ့သည်မဟုတ်လော။ ခရစ်တော်သခင်ကိုယ်တော်တိုင်ကလည်း သန့်ရှင်းသောဝိညာဉ်တော်၏ ဝိညာဉ်ရေးအသက်တာ စောင့်ထိန်းခြင်းလုပ်ရပ်ကို သီးနှံစိုက်ပျိုးခြင်းအလုပ်ဖြင့်သာဓကပြထားပါ၏။စပျစ်ပင်သည် ပင်စည်မှအကိုင်းဖြာထွက်၍ ရေသောက်မြစ်မှ အစာကို စုပ်ယူတတ်သဖြင့် ကြီးပြင်းလာကာအချိန်တန်သော် အပွင့်၊ အသီးဆောင်ပုံများကို မှတ်သားပါ။ သန့်ရှင်းသော

ဝိညာဉ်တော်၏ သန့်ရှင်းသောတန်ခိုးသည်လည်း ကယ်တင်သခင်အထံတော်မှ ဇစ်မြစ်ကိုခံယူကာ လူ့အသက်ဝိညာဉ်ကိုစိုပြည်စေ၏။ ဦးတည်ရည်ရွယ်ချက်နှင့် မြတ်နိုးစုံမက်မှုများကို ပြန်လည်သစ်ဆန်းစေပါသည်။ ဘုရားသခင်၏အလိုတော်ကိုဝန်ခံ၍ လိုက်နာစောင့်ရှောက်ရန် အသိစိတ်ကိုပင် ဖြစ်စေပါသေး၏။ ဤသို့လျှင်ဝိညာဉ်တော်နှင့် အကျွမ်းဝင်နေသူသည် ကောင်းသောအကျင့်များကိုကျင့်ရန် တန်ဖိုးကြီးအသီးကိုဆောင်ပါသည်။

ဝိညာဉ်ရေးအသက်တာကို ပြုပြင်ပြုစုသူသခင်ကြီးကို ကျွန်ုပ်မတွေ့မြင်နိုင်။ ထိုအသက်တာ၏ မျှဝေမှုနှင့်စောင့်ထိန်းမှုနည်းစနစ်များကိုလည်းမသိနိုင်။ လူ့အတွေးအခေါ်ပညာစွမ်းအားဖြင့် ရှင်းပြရန် ခက်လှပေ၏။ သို့တိုင်အောင်လည်း ဝိညာဉ်တော်၏လုပ်ဆောင်မှုအသွယ်သွယ်သည် ကျမ်းစာနှင့်အမြဲပင်ညီညွတ်မှုရှိပါသည်။ သဘာဝလောက၌ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့်အသက်ကိုထိန်းသိမ်းနိုင်ရန် ဘုရားသခင်ပေးသောကောင်းချီးမင်္ဂလာများကိုကျွန်ုပ်တို့ရယူသုံးစွဲဘိသကဲ့သို့ ဝိညာဉ်ရေးအသက်တာမှာလည်း စီမံကြီးကြပ်သူသခင်ကြီး၏ထောက်ပံ့မှုများကို အမြဲအသုံးပြုခြင်းဖြင့် အသက်ဆက်နိုင်လေ၏။

အကယ်၍ ခရစ်ယာန်တစ်ယောက်သည် “ခရစ်တော်၏ ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောသူ၏အဖြစ်သို့ရောက်ရှိလိုသော်” (ဇေဖက်၄း၁၃)ထိုသူသည်အသက်မုန့်ကိုစား၍ကယ်တင်ခြင်းအသက်စမ်းရေကိုသောက်ရပါမည်။ ဆုတောင်းစောင့်မျှော်၍ အမှုတော်ကိုဆောင်ရွက်ရန်လိုအပ်ပေ၏။ အရာခပ်သိမ်းတို့တွင်လည်း နှုတ်ထွက်ကျမ်းစာအတိုင်း၊ ဘုရားသခင်ပေးသည့်ညွှန်ကြားချက်များကို သတိထားကာ လိုက်လျှောက်ရပေမည်။

ယုံကြည်သူဂျူးလူမျိုးများ၏ အတွေ့အကြုံမှ ကျွန်ုပ်တို့သည် ထပ်မံသင်ခန်းစာယူနိုင်သော်လည်း သူတို့သည် ဗတ္တိဇံဆရာယောဟန်လက်တွင်ရေနှစ်ခြင်းကိုခံယူခဲ့ပြီးသော်လည်း၊ အပြစ်ကို ယူဆောင်သွားသောသူအဖြစ်ယေရှုသခင်ကိုစေ့စေ့နားမလည်ခဲ့ကြသေးပေ။ ထိုအတွက်မှားခဲ့မိသည်။

သို့သော် ယခုလိုကြည်လင်စွာသော အလင်းတရားကို ထပ်မံရရှိသောအခါ ခရစ်တော်သခင်ကိုကယ်တင်ရွေးနုတ်သခင်အဖြစ် ဝမ်းမြောက်ရွှင်လန်းစွာယုံကြည်လက်ခံသဖြင့်ပြန်လည်၍ ခရစ်တော်၏ နာမတော်၌ ရေနှစ်ခြင်းကိုခံယူကြပြန်သည်။ ဆက်လက်၍လည်း ခရစ်တော်အတွက် လက်ဆင့်ကမ်းသက်သေခံကြလေသည်။

ထုံးစံရှိသည့်အတိုင်းပေါလုသည် ဧဖက်မြို့တွင်ရှိသော ယုဒတရားဇရပ်မှာတရားဟော၏။ သုံးနှစ်ပတ်လုံးတဲရှင်ချုပ်လုပ်ရင်း "ဘုရားသခင်၏နိုင်ငံတော်အကြောင်းများကိုဆွေးနွေးနှီးနှော၍ ဖြားယောင်းသွေးဆောင်သဖြင့် ရဲရင့်စွာဟောပြောလေ၏။"

ပထမတွင် သူသည် ကြိုဆိုဧည့်ခံမှုကို ခံရသော်လည်း နောင်သောအခါ ခိုင်မာသောစိတ်ရှိသူတို့သည် မယုံကြည်သည်သာမက ထိုသာသာကိုကဲ့ရဲ့ကာ သူ့အားဆန့်ကျင်ကြ၏။ ထိုသူတို့သည် ဧဝံဂေလိတရားကို ဆန့်ကျင်သည်နှင့်အမျှ တမန်တော်သည်လည်း တရားဇရပ်မှာ တရားမဟောတော့ပါချေ။

ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည်ပေါလု၏ဆက်ကပ်လုပ်ဆောင်မှုကို ကောင်းချီးပေးသောကြောင့် ရိုးရိုးသားသားနှင့်အမှန်တရားဘက်သို့ပြောင်းလဲကြသူများရှိပါ၏။ အများစုမှာမူကား၊ မယုံကြည်ကြ။

သို့ဖြစ်၍ ပေါလုသည်ယုံကြည်သူများကိုခွဲထုတ်ကာ အသင့်အတင့်ကျော်ကြားသော တိုင်ရဲနက်စ်ကျောင်း(School of Tyrannus)တော်ကြီးတွင်လူထုတရားပွဲကြီးကိုဆက်လက်ကျင်းပလိုက်ပါသည်။

ပေါလုက "အလွန်ကြီးစွာသောတံခါးသည် အဆင်သင့်၍ ငါ့အားဖွင့်လျက်ရှိ၏။ ဆီးတားသောသူအများလည်းရှိကြ၏" (၁ကော ၁၆း၉) ဟုဆိုပါသည်။ ဧဖက်မြို့သည် အံ့ဖွယ်အကောင်းဆုံးမြို့ဖြစ်သလို အာရှတစ်ခွင်တွင်ယုတ်မာဆုံးသောမြို့လည်းဖြစ်၏။

ဘာသာရေးအယူသီးခြင်း၊ ကိုယ်ကာယတပ်မက်ပျော်ပါးမှုလွန်ကဲခြင်းတို့သည်လည်း မြို့နေလူထုအားလုံးနီးပါးကို လွှမ်းမိုး၍နေ၏။ နတ်ကျွန်းဇရပ်ဆောင်ကြီးများ၏မှောင်ရိပ်တွင် အမျိုးပေါင်းစုံလင်စွာသော အပြစ်သားများ ကျက်စားနေကြသလိုဇရပ်ဆောင်နေပြည့်တန်ဆာများလည်း ပေါမျာလျက်ရှိနေပါ၏။

အကြီးကျယ်ဆုံးအံ့ဖွယ် ဇရပ်ဆောင်ကြီးမှာ "ဧဖက်မြို့သားများ၏ ဒိုင်ယာနာ" နတ်ကျွန်းကြီးဖြစ်ပါသည်။ ထိုနတ်ကျွန်းသည် အာရှမက ကမ္ဘာ့ကျော်ဖြစ်၏။ မြို့သားမက ပြည်သားတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ်ပေတည်း။

ဇရပ်ဆောင်ကြီးအတွင်းရှိနတ်ရုပ်ကြီးသည် မိုးကျနတ်သမီးဟု မိရိုးဖလာကဆို၏။

နတ်ရုပ်ကြီးအပေါ်မှာ ထွင်းထုထားသော ပုံဆောင်အက္ခရာစာလုံးတို့မှာလည်းတန်ခိုးကြီးပုဂ္ဂိုလ်များဖြစ်၏။ ဤပုံဆောင်ချက်များကို ဧဖက်မြို့သားတို့ကအနက်ဖွင့်ကျမ်းများ ပြုစုကြလေသည်။

ဤကျမ်းစောင်များကို မှော်ဆရာမျက်လှည့်ဝိဇ္ဇာပညာရှင်ကြီးများတို့က ဈေးကောင်းပေး၍ ဝယ်ယူသုံးစွဲကြ၏။ ဇရပ်ဆောင်လာအယူသီးသူတို့၏စိတ်ဝိညာဉ်ကိုညှို့၍ လိုရာကိုချယူရရှိသဖြင့်လည်း တွက်ခြေကိုက်လေသည်။

ဘုရားသခင်သည် တမန်တော်ပေါလု၏ ဆက်လုက်လုပ်ဆောင်မှုကို ကျေးဇူးပြု၏။ "ပေါလုလက်ဖြင့် အလွန်တရာထူးဆန်းသော တန်ခိုးများကိုပြတော်မူသည်ဖြစ်၍ ပေါလုသုံးသောပဝါ၊ ခါးပန်းတစ်ခုခုကိုအနာရောဂါရှိသောသူတို့ဆီသို့ပေးလိုက်၍ သူတို့သည် အနာရောဂါနှင့်ကင်းလွတ်ကြ၏။ နတ်ဆိုးတို့သည်လည်း ထွက်သွားကြ၏။"

ဤသဘာဝလွန်တန်ခိုးထင်ရှားမှုသည် ဇေဖက်မြို့တွင် မမြင်စဖူးအမြင်ထူးဖြစ်သည်။ မှော်ဝိဇ္ဇာအတတ်၊ စုန်း၊နတ်၊ကဝေတို့မတုပနိုင်သော တန်ခိုးလည်းဖြစ်၏။ နာဇရက်မြို့သားယေရှု၏နာမတော်ဖြင့် ထိုအံ့ဖွယ်အမှုများကို တွေ့မြင်ကြရသူတို့သည် ဒိုင်ယာနာနတ်ကို ကိုးကွယ်ကြကုန်သော မှော်ဝိဇ္ဇာပညာရှင်ကြီးများတို့ထက် သူသည် ပိုမိုတန်ခိုးကြီးကြောင်း၊ ကောင်းကင်ဘုံဘုရားသခင်၏လူကိုဆင်ခြင်၍ သူဟောပြောသောတရားတော်ကို လေ့လာသင့်ကြောင်း မြို့သားတို့သိမြင်လာသည်။ ဤသို့လျှင် ဘုရားသခင်သည် မိမိ၏အစေခံကို အတိုင်းအတာမရှိသော ချီးမြှောက်ခြင်းမျိုးဖြင့် တန်ခိုးအထက်ဆုံးနှင့် လူကြိုက်အများဆုံးမှော်ဆရာကြီးများ၊ နတ်ကိုးကွယ်သူများရှေ့မှာ ချီးမြှင့်လေ၏။

နတ်ဆိုးအပေါင်းတို့ကို အစိုးရသောဘုရားသခင်သည် သန့်ရှင်းမြင့်မြတ်သော မိမိ၏နာမတော်ကိုယုံကြည်အားကိုးသည့် မိမိ၏အစေခံများကို တန်ခိုးပေးထားလေသည်။ နာမတော်ကို ရှုပ်ချသူတို့အား ထာဝရဘုရားသခင်သည်နှိပ်ကွပ်တော်မူ၏

မောရှေပညတ်အရ စုန်း၊ နတ်အတတ်ကို မကျင့်သုံးရ။ သို့သော်လည်းတိတ်တဆိတ်ကျင့်သုံးသူ အယူဖေါက်ပြန်သော ဂျူးလူမျိုးများရှိလေ၏။ ပေါလုသည်ဇေဖက်မြို့ကိုလည်ပတ်စဉ်အခါမှာ "အရပ်ရပ်သို့လှည့်လည်၍တိုင်တည်မန်းမှုတ်ပေးတတ်သော ယုဒလူတချို့" ရှိသည်။ ထိုသူတို့သည် ပေါလု၏ ထူးခြားသောအံ့ဖွယ်အမှုကို တွေ့မြင်သောအခါ ပေါလုဟောပြောသော ယေရှုကိုတိုင်တည်၍ နတ်ဆိုးစွဲသောသူတို့၏အပေါ်၌ သခင်ယေရှု၏နာမတော်ကိုမြွက်စမ်းကြ၏။ အထူးသဖြင့် "သာကေဝအမည်ရှိသောယဇ်ပုရောဟိတ်မင်း၏ သားခုနစ်ယောက်တို့သည် ထိုသို့ပြုကြ၏။" သို့သော် နတ်ဆိုးက

"ယေရှုကိုငါသိ၏။ ပေါလုကိုလည်းငါသိ၏။ သင်တို့ကား၊ အဘယ်သူနည်းဟု ပြောဆိုလျှင် နတ်ဆိုးစွဲသောသူတို့သည် ထိုသူတို့အပေါ်သို့ခုန်တက်၍ နိုင်သဖြင့် လုယက်နှိပ်စက်သောကြောင့် ထိုအိမ်မှအဝတ်မပါဘဲ အနာများနှင့်ထွက်ပြေးလေ၏။"

ဤသို့လျှင် ခရစ်တော်၏နာမတော်သည် သန့်ရှင်းမြင့်မြတ်ကြောင်း ဘုရားသခင်၏ကယ်တင်ခြင်းအမှုတော်မြတ်ကို မယုံကြည်ဘဲနှင့်အလွဲသုံးလိုသူ၌ဘေးရောက်နိုင်ကြောင်း မမှားသောသက်သေပင်ဖြစ်ပါ၏။ "ထိုအကြောင်းအရာကိုကြားသိသော လူအပေါင်းတို့သည် ကြောက်ရွံ့ခြင်းသို့ရောက်၍ သခင်ယေရှု၏နာမတော်ကို ချီးမွမ်းကြ၏။"

ယခင်ကပုန်းကွယ်နေသောအရာများ ယခုတွင်အလင်းဇုန်သို့ရောက်လာလေပြီ။ ခရစ်ယာန်များဖြစ်လာခဲ့သည်တိုင်အောင် ဘာသာရေးအယူသီးမှုများကိုတော့ လက်မလွှတ်ချင်ကြသေးပါ။ ဗေဒင်တွက်ခြင်း၊ သေသူ၏ဝိညာဉ်နှင့်စကားပြောခြင်းရှိတတ်ပေသေး၏။ ယခုတွင်ကား၊ "မိမိတို့၏ အကျင့်ကိုဖေါ်ပြလျှက်တောင်းပန်ကြ၏။

နတ်ဝိဇ္ဇာအတတ်ကိုသုံးဆောင်သောလူအများတို့သည်လည်း မိမိတို့စာစောင်ကိုယူခဲ့၍ လူအပေါင်းတို့ရှေ့မှာမီးရှို့ကြ၏။ စာစောင်အဖိုးကိုချင့်တွက်သော် ငွေအသပြာငါးသောင်းထိုက်သည် (တစ်နေ့တာလုပ်အားခသည်အသပြာတစ်ပြားဖြစ်သည်)ကိုသိကြ၏။ထိုသို့ဘုရားသခင်၏ သာသနာတော်သည် တန်ခိုးနှင့်တိုးပွား၍အောင်မြင်လေ၏။"

ဧဖက်မြို့သားခရစ်ယာန်များတို့သည် မိမိတို့၏ ဗေဒင်စာအုပ်များကိုမီးရှို့လိုက်သဖြင့်ယခင်ကမြတ်နိုးခဲ့သည်များ၊ ယခုတွင်ရွံမုန်းကြလေပြီဖြစ်ကြောင်းထင်ရှား၏။ ထိုနတ်ဝိဇ္ဇာပညာ၊ ဗေဒင်အတတ်တို့ကြောင့် ဘုရားသခင်နှင့်ဝေး၍ မိမိတို့၏စိတ်ဝိညာဉ်ကိုအမှောင်ချခဲ့သည်။ ယခုတော့ ပြောင်းလဲမှုမှာမှန်ကန်ပြီဖြစ်၏။

နတ်ဝိဇ္ဇာအတတ်ပညာ၌ စည်းကမ်းနည်းလမ်းနှင့်ပုံစံများစွာရှိသည်။ နတ်ဆိုးနှင့်ဆက်သွယ်နိုင်သောပညာပေတည်း။ စာတန်ကိုမှန်မှန်ကိုးကွယ်ခြင်းလည်းဖြစ်သည်။ ဤနည်းဖြင့် သူ့ထံမှသတင်းစုံကိုရ၏။ ထိုမှတ်တမ်းများကိုပညာရပ်အဖြစ်ဖေါ်ပြထားသောစာအုပ်များကို လက်ဝယ်ထားရှိပါကသွေးဆောင်မှုတစ်ခုဖြစ်၏။ ရောင်းချလိုက်လျှင်လည်း တစ်ပါးသူများအတွက် သွေးဆောင်ရာ

ဖြစ်၏။ မှောင်မိုက်နိုင်ငံကိုကျော်ခိုင်းပါက မှောင်မိုက်တန်ခိုးကို စွန့်လွှတ်ရမည်မှာအမှန်ပေတည်း။ ထို့အတွက် သူတို့ဆက်ကပ်ကြသည်။ လူ့အစွဲနှင့်ငွေမက်မောခြင်းကို အမှန်တရားသည် အနိုင်ယူခဲ့လေပြီမဟုတ်ပါလော မိတ်ဆွေ။

ခရစ်ယာန်သာသနာ၏ ကြီးမားသော အောင်မြင်ခြင်း တစ်ရပ်ပေတည်း။ အယူသီးမှုကိုနင်းခြေနိုင်ခဲ့သည့်အခြေအနေမှာ ပေါလုထင်မှတ်သည်ထက် ပို၍ကျယ်ပြန့်သွား၏။ ပေါလုမရှိတော့သော်လည်း ဧဝံဂေလိတရား၏အောင်မြင်ခြင်းကို သခင့်အစေခံလူသားတို့စိတ်အာရုံတွင် အမြဲအစဉ် ကျန်ရစ်နေပေတော့သည်။

နှစ်ဆယ်ရာစုခေတ် လူ့ယဉ်ကျေးမှုမတိုင်မီက နတ်ဝိဇ္ဇာအယူသီးမှုများသည် ပပျောက်လုပြီဟုဆိုရမလောက်ဖြစ်သော်လည်း အသွင်ပြောင်းခြင်းသာဖြစ်၏။ ဘုရားသခင်၏ နှုတ်ထွက်ကျမ်းစာအရ ယခုခေတ်တွင်လည်း ရှေးခေတ်ဗေဒင်အတတ်များကဲ့သို့ နတ်ဝိဇ္ဇာအတတ်ကိုကျင့်သုံးကြပါသည်။ ခေတ်စကားအရ မှော်အတတ်ဝိညာဉ်လောကပညာဟုဆိုရလိမ့်မည်။

စာတန်သည် မိမိကိုယ်ကို သေဆုံးခဲ့သူမိတ်ဆွေများအဖြစ်ဟန်ဆောင်ကာ ထောင်သောင်းနှင့်ချီသောလူတို့ကို လှည့်ဖြားနေပါသည်။ ကျမ်းစာအားဖြင့် "လူသေတို့သည်အဘယ်အရာကိုမျှမသိ" (ဒေ ၉း၁)ဟု ဆိုပါသည်။

သူတို့၏ အကြံအစည်သူတို့၏ချစ်ခြင်းမေတ္တာ၊ မုန်းတီးမှုအားလုံးတို့သည် ပျက်စီးပျောက်ကွယ်ကုန်၏။ အသက်ရှင်နေသူနှင့်လည်း စကားပြောဆက်ဆံ၍မရပါ။ သို့ရာတွင် ရှေးမဆွကစာတန်သည်အမိနှင့်အဖ အာဒံနှင့်ဧဝတို့ကိုလိမ်ညာခဲ့သလို ယခုတွင်လည်း လူသားတို့၏ စိတ်ဝိညာဉ်ကိုလှည့်စားရန်ကြိုးစားနေပါသည်။

မှော်အတတ်ဝိညာဉ် လောကပညာအားဖြင့် ဖျားနာနေသူများ၊ သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများ၊ နှိုက်နှိုက်ချွတ်ချွတ်စပ်စုလိုကြသူများတို့သည် နတ်ဆိုးနှင့်စကားပြောနေကြပါသည်။

ဤအမှုတွင်ပါဝင်သူမှန်သမျှသည် ဘေးရန်ဇုန်တွင်ရှိ၏။ဘုရားသခင်လုံးဝမကြိုက်ပါ။ ရှေးခေတ်အခါက မယုံကြည်သူ၏ဘုရားသခင်ကိုမေးမြန်းရန်စေလွှတ်သော ရှင်ဘုရင်အား ဘုရားသခင်စီရင်ပုံကိုကြည့် ပါ။ "ဣသရေလပြည်၌ ဘုရားသခင် မရှိသောကြောင့်၊ ဧကြုန်မြို့၏ ဗာလဇေဗုပ် ဘုရားထံသို့သွား၍ မေးမြန်းရသလော။ ထိုကြောင့်

ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ သင်သည် ယခုထက်သောသာလွန်ပေါ်က နောက်တစ်ဖန်မဆင်းရ၊ စင်စစ်သေရမည်ဟု သူတို့အားဆင့်ဆိုရမည်အကြောင်းကို မိန့်တော်မူသည်အတိုင်း ဧလိယသွားလေ၏။"(၄ရာ ၁၃း၄)

ရှေးခေတ်အခါက ပေဒင်အတတ်၊မှော်၊စုန်း၊ကဝေနတ်ဝိဇ္ဇာပညာရှင်တို့သည်ယခုခေတ်မှော်အတတ်ဝိညာဉ်လောကပညာရှင်၊ပေဒင်ဟောစာတမ်းထုတ်ဝေဖြန့်ချီသူများနှင့်မထူးခြားပါ။လောကလိုင်းပင်ဖြစ်၏။အဒေါ်ရမြို့နှင့်ဧဖက်မြို့တို့မှာကြားခဲ့ရသောလျှို့ဝှက်ဆန်းကြယ်စကားသံတို့သည် လူတို့ကိုလမ်းမှားသို့ပို့ဆောင်ကာ လှည့်ဖြား၊ မုသားစကားများပင်ဖြစ်ချေ၏။ အကယ်၍သာ ကျွန်ုပ်တို့သည် မျက်ဝါးထင်ထင်တွေ့မြင်ရပါမူ နတ်ဆိုးတို့သည် မိမိတို့၏အတတ်ပညာအပေါင်းစုစည်းကာ၊ လူတို့ကိုလှည့်ဖြားသွေးဆောင်ကာ ဖျက်ဆီးနေကြောင်းကိုသိနားလည်ရပါလိမ့်မည်။ ဤလှည့်ဖြားမှုဇုန်တွင်ရှိနေသူသည် ဘုရားသခင်ကိုမေ့ပျောက်ကာ စာတန်၏ညို့ကွင်းထဲတွင်ရှိနေ၏။ စာတန်ပြုတိုင်းနုနေရ၏။စိတ်ဝိညာဉ်သည် ညစ်ညမ်းလာ၏။ သို့ဖြစ်၍ ဧဖက်အသင်းတော်ကို ပေါလုနှိုးဆော်အားပေးသကဲ့သို့ ယနေ့အသင်းတော်သည်လည်း သတိပြုလိုက်နာရပေမည်။ "အကျိုးမဲ့သောမှောင်မိုက်အမှုတို့နှင့်မဆက်ဆံသည်သာမက ထိုအမှုတို့၏အပြစ်ကိုပြုကြလော့။" (ဧဖက် ၅း၁၁)

---ooo---

# အခန်း(၂၈)
# ချွေးနှင့်သွေးနှင့်ရင်ဆိုင်ရသောနေ့ရက်များ

(တမန်တော် ၁၉း၂၁-၄၀၊ ၂၀း၁ ကိုအခြေပြုထားသည်)

ဧဖက်မြို့တော်တွင် ပေါလုသည် သုံးနှစ်ကျော်မျှ အမှုတော်ထမ်းရွက်ခဲ့၏။ အသင်းတော်သည်လည်း ကြီးထွားလာသဖြင့် အာရှတစ်ခွင်ရှိဂျူးလူမျိုးများနှင့်တစ်ပါးအမျိုးသားများဆီသို့ သတင်းကောင်းပျံ့နှံ့သွားသည်။

ယခုတွင်ပေါလုသည်အခြားခရစ်ယာန်သာသနာခရီးတစ်ထောက်ပြုရန်စဉ်းစားမိသည်။ သူသည် "မာကေဒေါနိပြည်နှင့်အခါရပြည်ကို လျှောက်သွားပြီးလျှင် ယေရုရှလင်မြို့သို့သွားမည်။

ထိုနောက် ရောမမြို့ကိုမြင်မည်ဟုစိတ်ထဲ၌အကြံရှိသည်ဖြစ်၍၊" ထိုအကြံအစည်အတိုင်း၊ "မိမိအားလုပ်ကျွေးသောသူနှစ်ယောက်၊ တိမောသေနှင့်ဧရတ္တုတို့ကို မာကေဒေါနိပြည်သို့စေလွှတ်ပြီးမှမိမိသည်အခြေ အနေကောင်းသဖြင့် ဧဖက်မြို့တွင်ရှိနေသင့်၏။ ပင်တေကုတ္တေပွဲနေ့လွန်မှထွက်မည်ဟုဆုံးဖြတ်လိုက်လေသည်။သို့သော်လည်း မကြာပါ။ တမန်တော်ကြီးပေါလုအမြန်ထွက်ခွာသွားရန်အကြောင်းဖန်လာလေတော့သည်။

တစ်နှစ်လျှင်တစ်ကြိမ် ဧဖက်မြို့တွင်အာတေမိနတ်သမီး(ဒိုင်ယာနာ)ကိုအထူးဂုဏ်ပြုပွဲကျင်းပသည်။ ဤပွဲတော်သို့ အရပ်လေးမျက်နှာမှကြည်ညိုသူများလာရောက်ကြ၏။ ပွဲတော်ရက်များအတွင်း နေရာအနှံ့ခြိမ့်ခြိမ့်သဲသဲကခုန်မြူးထူးကြသည်။ အပေါင်းအသင်းဝင်များမဟုတ်သော်လည်း ဤပွဲမျိုးတွင်လွတ်လပ်စွာကူးလူးဆက်ဆံနိုင်၏။

ဤပွဲတော်ကာလတွင် ပြောင်းလဲသူခရစ်ယာန်သစ်များအဖို့စမ်းသပ်ခံချိန်ဖြစ်၏။ ပေါလုဩဝါဒပေး သွန်သင်နေသော တိုင်ရဲနတ်စ်ကျောင်းတော်အတွင်းရှိယုံကြည်သူများသည်လည်း အပြင်ကျောင်းလမ်းတစ်ဝိုက်အသံကြောင်ကြီးများနှင့်ဆူညံစွာကခုန်မြူးတူးကာ တေးသီချင်းကျူးဧနေသံများ၊ ရိုးရာထုံးတမ်းစဉ်လာကိုးကွယ်ပသမှုများ၊ စော်ကားတိုင်းထွာမှုများတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ပေါလု၏ ဆက်ကပ်လုပ်ဆောင်သော ခရစ်ယာန်သာသနာပြုခြင်းကြောင့်လည်း၊ယဇ်နတ်ကိုးကွယ်မှုမှာအနှောင့်အယှက်ဖြစ်၏။ အထူးသဖြင့်

နတ်မကိုကြည်ညိုသူများ၊ ပွဲတော်အုပ်များမကျေနပ်ကြပါ။ ဤအမှုဖြင့် စီးပွားရှာသူများဒေါသထွက်ရ၏။ အကြောင်းမူကား၊ ပေါလု၏ သွန်သင်မှုကြောင့်ထင်ထင်ရှားရှားခရစ်ယာန်ဖြစ်သူများရှိသလို မကြေညာဘဲတိတ်တဆိတ်လက်ခံသောရွှက်ပုန်းသီးများလည်းရှိ၏။ ထိုသူတို့သည် မိမိတို့၏မယုံကြည်သူဘုရားသခင်များတို့အပေါ် အယုံအကြည်နည်းပါးလာကာ သွန်သင်မှုအသစ်ဆီသို့အာရုံပြုလာကြပါသည်။

အခြားမကျေနပ်မှုတစ်ရပ်လည်းပေါ်လာသေး၏။ ဧဖက်မြို့သည်အာဟေမိနတ်မ၏ရုပ်တုထုတ်လုပ်ရောင်းချရာ ဗဟိုချက်ဖြစ်သည်။ ဤအမှုဖြင့်စီးပွားရှာသူတို့သည် ပေါလု၏တရားတော်ကြောင့် ရုပ်တုများအရောင်းကျသွားသည်။ သို့ဖြစ်၍ အလုပ်ရှင်တို့သည် စုဝေးကာ ပေါလု၏ ဆက်ကပ်လုပ်ဆောင်မှုကိုမကြိုဆိုကြတော့ပါ။ ပြောင်းလဲသွားကြကုန်၏။

ဤတွင်ပန်းတိမ်သမားဒေမေရိသည် ပန်းတိမ်သမားအစည်းအရုံးကိုခေါ်၍ "အချင်းတို့၊ဤအတတ်ကိုအမှီပြု၍ ငါတို့၌ အကျိုးစီးပွားဖြစ်သည်ကိုသင်တို့သိကြ၏။

ယခုတွင် ထိုပေါလုက လူလက်ဖြင့်လုပ်သမျှတို့သည် ဘုရားသခင်မဟုတ်ဟုဆိုသဖြင့်၊ ဧဖက်မြို့မှစ၍ အာရှပြည်တစ်လျှောက်လုံး ကုန်မတတ်၊လူအပေါင်းတို့ကို ဖြားယောင်းသွေးဆောင်သည်ကို သင်တို့သည် မြင်လျက်၊ကြားလျက်ရှိကြ၏။

ထိုသို့လူများတို့သည် ငါတို့၏အတတ်ကို ကဲ့ရဲ့သည်သာမကကြီးမြတ်သောနတ်သမီးအာတေမိ(ဒိုင်ယာနာ)၏ဗိမာန်တော်ကို ပမာဏမပြုသဖြင့်အာရှပြည်တစ်လျှောက်လုံးမှစ၍ လောကနိုင်ငံသားတို့ကိုးကွယ်သော ဘုန်းအသရေတော်သည် ပျက်စီးခြင်းသို့ရောက်မည်ကို စိုးရိမ်စရာအကြောင်းရှိပါသည်ဟုပြောဆို၏။ ထိုစကားကြားလျှင် တိုသူတို့သည် ဒေါသအမျက်ထွက်ကာ ဧဖက်လူတို့၏အာတေမိသည် ကြီးမြတ်တော်မူ၏ဟုအော်ဟစ်ကြ၏။"

ဤသတင်းသည် လျင်မြန်သောအဟုန်ဖြင့်ပျံ့နှံ့သွား၏။ "တစ်မြို့လုံးရုန်းရင်းခတ်မှုဖြစ်၍၊" ပေါလုကိုရှာကြ၏။ သို့သော် သူ့ကိုမတွေ့ပါ။ အခြေအနေကိုအကဲခတ်နိုင်သူ ညီအစ်ကိုများက ပေါလုကို နေရာပြောင်းပေးလိုက်ကြသည်။ ထာဝရဘုရားသခင်၏ ကောင်းကင်တမန်များတို့သည်လည်း ပေါလုကိုကာကွယ်ပေးကြ၏။ သူ၏ မာတုရသေခြင်းသည် အချိန်မတန်သေးပါတကား။

ဒေါသအိုးပေါက်ကွဲနေသောမြို့သားတို့သည်ပေါလုကိုမတွေ့လတ်သော်၊"မာကေဒေါနိလူဂါယုနှင့်အာရိတ္တာခုတို့ကိုဆွဲယူပြီးလျှင် ပွဲခံရာဇရပ်ထဲသို့ ညီညွတ်စွာတစ်ဟုန်ထိုးပြေးဝင်ကြ၏။"

ဤအခြင်းအရာကိုပေါလုသည် မလှမ်းမကမ်းမှနေ၍မြင်သည်။ သူ၏ချစ်လှစွာသောညီအစ်ကိုတော်များခက်ပေတော့မည်။ ထိုသောင်းကျန်းသူများကိုသွား၍ဖျောင်းဖျပြောဆိုမှတော်မည်ဟူ၍ ဆန္ဒရှိသဖြင့် မိမိဘေးရန်ကိုမမြင်။ ဇရပ်ထဲသို့သွားလို၏။ သို့ရာတွင် "တပည့်တော်တို့သည်တားမြစ်ကြ၏။"ဂါယုနှင့်အာရိတ္တခုတို့သည် မြို့သားတို့၏ပစ်မှတ်မဟုတ်မူ၍ အသက်ဘေးနှင့်ဝေး၏။ သို့သော် တမန်တော်၏ မျက်နှာမှာစိုးရိမ်စိတ်နှင့် ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ အကယ်၍သာ လူအုပ်ကြီးထဲသို့ ပေါလုဝင်သွားသည်ရှိသော် သူ့ကိုကယ်တင်နိုင်မည့်သူရှိမည်မဟုတ်ပေချေ။

ပေါလုသည် မိမိကိုယ်ကိုခုခံကာကွယ်ပြောဆိုချင်သေးသည်။သို့ရာတွင် ပွဲခံရာဇရပ်ထဲမှသတိပေးသတင်းတစ်ရပ် သူ့အတွက်ထွက်ပေါ်လာ၏။ "ပေါလု၏အဆွေဖြစ်သောအာရှိပွဲမင်းအချို့ကလည်း၊ ပွဲခံရာဇရပ်ထဲသို့ကိုယ်ကိုမအပ်ပါနှင့်ဟု သူထံသို့စေလွှတ်၍ တောင်းပန်လေ၏။"

ပွဲခံရာဇရပ်ထဲတွင်ရှုန်းရင်းခတ်ခြင်းအမှုကား၊ တိုးပွားနေဆဲဖြစ်၏။ "စုဝေးသောလူတို့သည် ရှုန်းရင်းခတ်မှုဖြစ်၍ တစ်ယောက်တစ်ခြားစီအော်ဟစ်သဖြင့် လူအများတို့သည် မိမိတို့စုဝေးရသည်အကြောင်းကိုပင်မသိကြ။" ပေါလုနှင့်သူ၏လုပ်ဖော်ဆောင်ဘက်များသည် ဂျူးလူမျိုးများဖြစ်ကြသည်။ ဧဖက်မြို့သားဂျူးလူမျိုးတို့သည် ပေါလုတို့၏ ခရစ်ယာန်သာသနာခရီးလုပ်ဆောင်မှုကို မနှစ်သက်ကြပါ။

သို့ဖြစ်၍ ဤအမှုအခင်းတွင် ယုဒလူတို့သည် ပန်းတိမ်သမားအာလေဇန္ဒြုကို စကာပြောလေ၏။ ဤသူကား ပေါလုကိုမှာစွာအနှောင့်အယှက်ပေးသောသူဖြစ်၏။ (၂တိ ၄း၁၄) စကားပြောကောင်း၍ အရည်အသွေးရှိသူဖြစ်သောကြောင့်လည်း သူပြောလေသမျှတို့သည် ပေါလုနှင့်သူ၏လုပ်ဖေါ်ဆောင်ဘက်များကို ဒေါသထွက်စေသော လှုံ့ဆော်မှုများပင်ဖြစ်ချေ၏။သို့သော်လည်း သူသည် ဂျူးလူမျိုးတစ်ယောက်ဖြစ်ကြောင်း ဧဖက်မြို့သားတို့သိမြင်သဖြင့်သူ့ကိုဘေးသို့ ဖယ်ထုတ်ကာ "ဧဖက်လူတို့၏ အာတေမိသည်ကြီးမြတ်တော်မူ၏ဟု နှစ်နာရီခန့်မျှလောက် လူအပေါင်းတို့သည်တစ်သံတည်းနှင့်ဟစ်ကြ၏။"

နောက်ဆုံးတွင်အသံဗလံများတိတ်ဆိတ်သွားလေသောအခါမြို့စာရေး သည် ကျိုးကြောင်းဆက်သွယ်စကားပြောသည်။ ဤရုန်းရင်းခတ်ခြင်းအမှုသည် အခြေအမြစ်မရှိကြောင်း ထပ်မံပြောဆို၏။ "ဧဖက်လူတို့၊ ဧဖက်မြို့သည်ဇုသ (ဂျူပီတာ)ဘုရားထံမှကျသော ရုပ်တုတည်းဟူသော ကြီးမြတ်တော်မူသောအာ တေမိ(ဒိုင်ယာနာ)ကို လုပ်ကျွေးသောဘုရားသခင်ကျွန်ဖြစ်သည်ကို မသိသေးသူ တစ်စုံတစ်ယောက်ရှိသလော။

ဤအရာများတို့သည် ငြင်းခုံဖွယ်မရှိဖြစ်၍ သင်တို့သည်တိတ်ဆိတ်စွာ နေသင့်ကြ၏။ သတိနှင့်မဆင်ခြင်ဘဲ အဘယ်အမှုကိုမျှမပြုသင့်ကြ။ ဗိမာန်တော် ကိုလုယူဖျက်ဆီးခြင်းမရှိသင်တို့၏ဘုရားသခင်ကိုမကဲ့ရဲ့သောဤလူတို့ကို သင်တို့ သည်ဆောင်ယူခဲ့ကြပြီတကား။ ဒေမေတရိမှစ၍သူနှင့်အတူရှိသော ပန်းတိမ်သ မားတို့သည် တစ်စုံတစ်ယောက်သောသူ၌ အမှုရှိလျှင်ရုံးတော်ရှိ၏။

မြို့ဝန်မင်းလည်းရှိ၏။ အမှုသည်ချင်းတရားတွေ့ကြစေ။ သို့မဟုတ် သင်တို့သည် အခြားအမှုကိုအစီရင်ခံလိုလျှင် တရားသောအစည်းအဝေး၌ စီရင်ရလိမ့်မည်။ ယနေ့ရုန်းရင်းခတ်ခြင်းကိုပြုသောကြောင့် အမှုရောက်မည် ဟုစိုးရိမ်စရာရှိ၏။ အကြောင်းမူကား၊ ဤမတရားသောစည်းဝေးခြင်းအကြောင်းကို ပြောစရာတစ်စုံတစ်ခုမျှမရှိဟုဆိုပြီးလျှင်အစည်းအဝေးကို ဖျက်လေ၏။"

ဒေမေရိ၏စကားတွင် "ငါတို့၏အတတ်ပညာကားဘေးရန်နှင့်ရင်ဆိုင် ရလေပြီ" ဟူသောအချက် မြို့သားတို့ကိုရုန်းရင်းခတ်စေသည်။ တမန်တော်များ ၏ခရစ်ယာန်သာသနာပြုခြင်းအမှုကိုလည်း ထိခိုက်စေသည်။ နှိပ်စက်ညှင်းဆဲ ခြင်းအမှုကိုပင်ဖြစ်စေ၏။

အကြောင်းမူကား၊ ထိုသူတို့သည် ဧဝံဂေလိသတင်းကောင်းကိုနေရာ အနှံ့ဖြန့်သော်သူတို့၏လုပ်ငန်းထိခိုက်မည်ကိုကြိုတင်မြင်ထားသောကြောင့်တည်း။ လက်မှုပညာရှင်များ၊ယဇ်နတ်ပုရောဟိတ်များတို့စီးပွားကျပေမည်။ ဤအ ကြောင်းကြောင့် ပေါလုကို ပြင်းထန်စွာဆန့်ကျင်ရခြင်းဖြစ်ပါ၏။

မြို့စာရေးနှင့်ဂုဏ်အသရေရှိသူလူကြီးမင်းများက ပေါလုသည် အပြစ်မဲ့ သောလူသားဖြစ်ကြောင်း မြို့နေလူထုရှေ့မှောက်တွင် ကြေညာပြောဆိုခြင်းသည် လည်း၊ လွဲမှားမှုနှင့်ဘာသာရေး အယူသီးမှုအပေါ် ခရစ်ယာန်သာသနာသည် အနိုင်ယူခဲ့ကြောင်း သက်သေပင်ဖြစ်၏။ ထာဝရဘုရားသခင်သည် တရားခုံ ရုံးကိုသုံးကာ မိမိ၏ တမန်တော်ကို အပြစ်တင်ခွင့်နှင့်လွတ်အောင် ကာကွယ်

ပေ၏။ လူထု၏ အုံကြွမှုသဘောထားသည်လည်းမရိုးသားကြောင်းကို သိသာပေ၏။ ပေါလု၏နှလုံးသားထဲမှာ ဘုရားသခင်ကိုကျေးဇူးမတင်ဘဲမနေနိုင်တော့ပြီ။ မိမိအသက်ကိုကယ်တင်ခဲ့သလို ခရစ်ယာန်သာသနာကြီး ဧဖက်မြို့သားအုံကြွမှုမှာအသရေပျက်မှုမခံရသောကြောင့် ကျေးဇူးတင်ပါသည်။

"ထိုရုန်းရင်းခတ်သောအမှုငြိမ်းသောအခါ ပေါလုသည် တပည့်တော်တို့ကိုခေါ်၍ နှုတ်ဆက်ပြီးမှ မာကေဒေါနိပြည်သို့သွားလေ၏။" သူနှင့်အတူဧဖက်မြို့သားသစ္စာရှိယုံကြည်သူတိုင်ခိခတ်(စ်)နှင့် ထရိုဖီးမတ်(စ်)တို့လည်း လိုက်ပါကြပါသည်။

ဧဖက်မြို့တွင် ပေါလု၏ဆက်ကပ်လုပ်ဆောင်မှုကြီးကား ပြီးဆုံးသွားလေပြီ။ သူ၏ခရစ်ယာန်သာသနာသည် အနားယူရသည်မရှိ။ အနှောင့်အယှက်ဆင်းရဲများကလည်းပေါလှပါဘိ။ အထူးသဖြင့် စိတ်ရောဂါခံစားခဲ့ရလေသည်။ မြို့သူမြို့သား လူထုတရားစည်းဝေးပွဲမှာသော်လည်း၊ တစ်အိမ်တက်ဆင်းပြု၍သော်လည်းကောင်း မျက်ရည်ကျလျက် သတိပေးသွန်သင်ခဲ့၏။ ဂျူးလူမျိုးတို့၏ မပြတ်သောဆန့်ကျင်မှုကြီးများကိုလည်း ရင်ဆိုင်ခဲ့ရလေသည်။

ဤသို့သောတိုက်လှန်မှုကြီးများနှင့်အလီလီကြုံတွေ့ရသော်လည်းပေါလုသည်မပြတ်သောဖွဲ့လှဲ့လနှင့်ဧဝံဂေလိတရားများကိုရှေ့ဆက်ကာဟောကြားသည်။ ယုံကြည်ခြင်းတွင် နုငယ်သေးသော အသင်းတော်ကိုလည်း ဂရုတစိုက်ကြည့်ရှုသည်။ အခြားအသင်းတော်အပေါင်း၏ လေးလံဝန်ကိုလည်း သူထမ်းရွက်နေပါသေး၏။ သို့ဖြစ်၍ အသင်းတော်တချို့အယူတိမ်းနေပြီဟူသော သတင်းကိုသူကြားရလျှင် လွန်စွာစိတ်ပူဆွေးမိသည်။ သူ၏ ဆက်ကပ်မှုလုပ်အားများအချည်းနှီးမဖြစ်သွားရလိုပါ။

အိပ်၍မပျော်သော ညပေါင်းများစွာမှာ ဆုတောင်းလျက်သာနေ၏။ အမှုတော်မြတ်ကြီးမည်သို့မည်ပုံဆက်လက်ထမ်းရွက်ကာ နည်းလမ်းမျိုးစုံသုံးရမည်ကိုဆင်ခြင်၏။ အခွင့်သာတိုင်းကိုလည်း အသင်းတော်များဆီသို့ ဆုံးမစာအကြံပြုစာ၊ နှိုးဆော်စာနှင့် အားပေးတိုက်တွန်းစာများကို ရေးသားပေးပို့၏။ ဤစာစောင်များတွင် တမန်တော်သည် ဆင်းရဲအခက်အခဲကိုယိုးမယ်ဖွဲ့၍ မချဲ့ရေးပါ။ သို့ရာတွင် ခရစ်တော်အတွက် အမှုတော်ဆောင်ရွက်သည်။ အဆင်းရဲခံရသည်များကိုတော့ ဖော်ပြ၏။ ကြိမ်ဒဏ်အရိုက်ခံရခြင်း၊ အကျဉ်းချခံရခြင်း၊ အအေးဒဏ်၊ ဆာလောင်မွတ်သိပ်ကာ ရေငတ်ခြင်း၊ ကုန်းကြောင်း

ရေကြောင်းမှဘေးမျိုးစုံနှင့်ရင်ဆိုင်ရခြင်း၊တောမှတွေ့သောဘေး၊မြို့မှာတွေ့သောဘေး၊ ပြည်တွင်းပြည်ပရှိဟန်ဆောင်ညီအစ်ကိုများပေးသော အန္တရာယ်အယှက်များကိုခံရ၏။ ဧဝံဂေလိတရားကြောင့်ခံခဲ့ရပါသည်။ ပေါလုသည် အသရေဖျက်မှုကိုခံရသလို၊ ကဲ့ရဲ့ပြစ်တင်ရှုတ်ချမှုကိုလည်းခံရသည်။ အရာရာတွင် အထင်အမြင်သေးခံရသလို မလွတ်နိုင်သောဘေးရန်နှင့်လည်းတွေ့ကြုံရသည်။ညှဉ်းဆဲခံခြင်း၊ ဆင်းရဲခြင်း၊ ပတ်ပတ်လည်တွင်ဘေးရန်နှင့်ပြည့်နေခြင်း၊ နာရီတိုင်းဘေးရောက်အံ့သောအခြင်းအရာနှင့်ရင်ဆိုင်နေရခြင်းရှိသလို ခရစ်တော်ယေရှု၏အမှုတော်မြတ်အတွက် အမြဲလိုလိုပင်သေမင်းလက်သို့ အပ်နှင်းခြင်းခံခဲ့ရပါသည်။

ဤကဲ့သို့သောမုန်တိုင်းအလယ်တွင်ရှိနေစဉ်ရန်သူများတို့၏အော်ငေါက်သံမိတ်ဆွေများ၏စွန့်ပစ်ထားခြင်းဘေးဒဏ်ကြောင့် မတုန်မလှုပ်တတ်သောတမန်တော်ကြီးပင်လျှင် စိတ်ဓါတ်ပျောက်လုနီးနီးဖြစ်သွားရ၏။ သို့သော် သူသည် ကပ်တိုင်တော်ကိုပြန်လည်ရှုမြင်သတိရစေသောကြောင့် ထိုကပ်တိုင်တော်ကိုသိက္ခါမ်းခြင်းသတင်းတရားကို ဆက်လက်၍ မလျှော့သောလုံ့လနှင့်ဖွဲ့ကိုဖက်ကာအပူတပြင်းခရစ်ယာန်သာသနာပြုခဲ့ပါသည်။ခရစ်တော်နင်းခဲ့သောသွေးစွန်းသည့်လမ်းကို သူနင်းလေပြီ။ မိမိ၏ခရစ်ယာန်စစ်ဝတ်တန်ဆာကို ကယ်တင်ရှင်နတ်သခင်ကြီး၏ခြေတော်ရင်းမှာ ချထားရသည့်နေ့ရက်တိုင်အောင် ရင်ဆိုင်ရမည့်တိုက်လှန်ပွဲကြီးကို ပေါလုသည် အရှုံးပေးသည့်အသွင်မရှိခဲ့ပါချေ။

---ooo---

# အခန်း (၂၉)
## သတိပေးခြင်းနှင့်အပူတပြင်းတောင်းပန်ချက်

ကောရိန်သုဩဝါဒစာပထမစောင်ကို ပေါလုသည်ဧဖက်မြို့မှမထွက် ခွာမီရေး၏။ ကောရိန်သုအသင်းတော်ကို ပေါလုသံယောဇဉ်ရှိကြောင်းသိနိုင် သည်။ အကြောင်းမှာ သူသည်တစ်နှစ်ခွဲမျှ ကောရိန်သုမြို့တွင် ခရစ်ယာန်သာသ နာပြုလုပ်ငန်းဆောင်ရွက်ခဲ့ရာတွင် ကပ်တိုင်ပေါ်မှာအသေခံ၍ သုံးရက်မြောက် သောနေ့မှာ ရှင်ပြန်ထမြောက်သော ကယ်တင်သခင်ယေရှုခရစ်တော်သာလျှင် ကယ်တင်ခြင်းပေးနိုင်ကြောင်း၊ ထိုသခင်မှာ အသက်တာကိုပြောင်းလဲပေးနိုင်သော တန်ခိုးဖြစ်သည့် ကျေးဇူးတော်ကိုနားလည်ကာ အမှီပြုအားကိုးဖို့လိုကြောင်းတိုက် တွန်းနှိုးဆော်ပါသည်။

ခရစ်ယာန်အသင်းတော်အတွင်းသို့ ရေနှစ်ခြင်းခံယူခြင်းဖြင့် မဝင် ရောက်လာမှီ ယုံကြည်သူတို့ကိုလည်း ပေါလုသည် သေချာဂနစ္စာအထူးသဖြင့် သွန်သင်ပါ၏။

ခရစ်ယာန်ဖြစ်ရခြင်း၏ အခွင့်အရေးများနှင့်တာဝန်ဝတ္တရားများကို လည်း သိစေပါသည်။ ရေနှစ်ခြင်းမင်္ဂလာခံယူရာ၌ ပြုထားသောကတိသစ္စာဝန်ခံ ချက်များကိုလည်း ယုံကြည်သူတို့ အသက်ရှင်နေသမျှ သစ္စာပြုစောင့်ထိန်းသွား ရန် စိတ်အားကြီးစွာကြိုးစားကူညီပံ့ပိုးနှိုးဆော်ခဲ့ပါသည်။

ပေါလုသည် ဝိညာဉ်ရေးတိုက်လှန်ပွဲကြီးတွင် အကင်းပါးနပ်သူဖြစ်၏။ နတ်ဆိုးတို့၏ အင်အားစုများသည် ယုံကြည်ခြင်းတွင် နုငယ်နေသေးသောခရစ် ယာန်ညီအစ်ကိုမောင်နှမများအား တိုက်ခိုက်မည်ကိုသူသိသဖြင့် အထူးဂရုစိုက် သည်။

ဘုရားသခင်ထံ မိမိတို့၏ ကိုယ်နှုတ်၊နှလုံးသုံးပါးကို လုံးလုံးလျားလျား ဆက်ကပ်အပ်နှံကြပါရန် ပေါလုတောင်းပန်၏။ အကြောင်းမူကား၊ လူသည် ဆက်ကပ်အပ်နှံမှုမပြုက အပြစ်ကိုကျော်ခိုင်းသည် မဟုတ်သဖြင့် လျှာအရသာ အထိအတွေ့တဏှာစသည့် ဇာတိပကတိစိတ်သဘောသည် လူကို လွှမ်းမိုးကာ ထိုစုံစမ်းသွေးဆောင်မှုများက လူ့အသိစိတ်ဓါတ်ကို ရှုပ်ထွေးမှားယွင်းစေမည် ဖြစ်ပါသည်။

လုံးလုံးလျားလျားဆက်ကပ်အပ်နှံထားလိုက်သောအခါအားနည်းမှုများကြောင့် ဘုရားသခင်ကိုသံသယဝင်ကာ မိမိကိုယ်နှင့်မိမိလုံးထွေးနေရသောသူသည် ဘုရားသခင်နှင့်တိုက်ရိုက်ထိတွေ့နေသဖြင့် အပြစ်ကိုအောင်မြင်နိုင်သောခွန်အားများ သူ့အတွင်းသို့စီးဝင်လာပါသည်။

ကောင်းကင်ဘုံသည် ထိုသူနှင့်နီး၍ သနားကြင်နာမှုရှိသောကောင်းကင်တမန်တို့သည်လည်း ထိုသူနှင့်အတူအခက်အခဲဆင်းရဲခံနေရသဖြင့် အကူအညီအလိုအပ်ဆုံးအချိန်တိုင်းတွင်ရှိကာကူညီထောက်ပံ့နေပါသည်။

ကောရန်သုအသင်းတော်ရှိတပည့်တော်စု၏ ပတ်ဝန်းကျင်တွင်ယဇ်နတ်ပူဇော်ပသခြင်းနှင့်အာရုံငါးပါးစည်းစိမ်ငယ်ခံရန် ဖြားယောင်းသွေးဆောင်မှုပုံသဏ္ဍာန်များစုံလင်လှပေသည်။ တမန်တော်ကြီးသည် သူတို့နှင့်အတူရှိနေစဉ်မှာတော့ လောကသွေးဆောင်မှုကို သူတို့အောင်မြင်နိုင်ခဲ့သည်။

အကြောင်းမှာပေါလုသည် မိမိ၏ ခိုင်မာသောယုံကြည်ချက်၊ အားကြီးသောဆုတောင်းခြင်း၊နိုးကြားသော သွန်သင်ချက်စကားများနှင့် ဘုရားသခင်ကိုကြည်ညိုသောသူ၏အသက်တာက ခရစ်တော်သခင်အတွက် မိမိကိုယ်ကိုငြင်းပယ်ရန်ဟူသောဆန္ဒကိုဖြစ်ပေါ်စေသည်မဟုတ်လော။

သူမရှိတော့သည်နောက်မနှစ်သက်စရာအခြေအနေများပေါ်လာသည်။ ရန်သူသည် ဂျုံစပါးခင်းတွင် တောမျိုးစေ့ကိုကြဲသဖြင့် အချိန်မတန်သေးဘဲစော၍အပြစ်အသီးများသီးလာတော့၏။ ကောရိန်သုအသင်းတော်အတွက် ခံရအခက်ဆုံးအချိန်ဖြစ်ပေသည်။

ပေါလုမရှိ၍ အားပေးမည့်သူမရှိတော့ပါ။ ဘုရားသခင်နှင့်ညီညွတ်လျောက်ပတ်စွာနေကြပါရန် နှိုးဆော်ပေးမည့်သူမရှိသောကြောင့် တဖြည်းဖြည်းနှင့်ထူးခြားမှုမရှိ၊ ဇာတိသဘောဘက်သို့ ယိမ်းယိုင်ကာ လောကအရသာကိုခံစားဖို့ရန်သာ ခွင့်ပြုလာကြပေတော့သည်။ အကျင့်ဆိုးများ ပြန်လည်၍နိုးကြားဆန်းသစ်လာလေပြီ။ တစ်ပါးအမျိုးသားနတ်စားလူတို့နှင့်မခြား ယုတ်ညံ့ကြကုန်၏။

ဤတွင်အသင်းတော်သို့ ပေါလုစာရေးလိုက်သည်။ပေါက်လွှတ်ပဲစားပြုမူသူတို့နှင့် အပေါင်းအသင်းမပြုလုပ်ရန် နှိုးဆော်ပါသော်လည်း ယုံကြည်သူများစွာတို့သည် ပေါလု၏ စကားအနက်ကို လွဲဖယ်ရှောင်ရှား၍ မိမိတို့ကိုယ်ကိုကိုယ်ဆင်ခြင်ပေးကာ အပြစ်လမ်းသို့ ဆက်လှမ်းကြပါတော့သည်။

ကောရိန်သုအသင်းတော်သည်လည်းပေါလုထံအကြံဉာဏ်သာတောင်းခံ၏။ မိမိတို့အထဲတွင်နေရာယူနေပြီဖြစ်သော ကြီးလေးသောအပြစ်လုပ်ရပ်များကိုကား ဖေါ်မပြဘဲနေသည်။ မည်သို့ပင်ဖြစ်စေ သန့်ရှင်းသောဝိညာဉ်တော်၏ ခွန်အားတန်ခိုးအားဖြင့် ဤသည်ကား မိမိတို့၏ဇာတိသဘောအလိုသို့လိုက်ရန် ကြိုးစားနေပြီဖြစ်ကြောင်း ပေါလုသိနားလည်လိုက်ပါပြီ။

ဤအချိန်အခါတွင် ကောရိန်သုမြို့မှ ဂုဏ်အသရေရှိသူခရစ်ယာန်မိသားစုတစ်ခုဖြစ်သော ခလောဧအိမ်သားအချို့တို့သည်ဖေက်မြို့သို့ရောက်လာကြသည်။

ထုံးစံအတိုင်းပေါလုသည်လည်း အသင်းတော်၏အခြေအနေကိုမေး၏။ အသင်းတော်မှာ ကွဲပြားလျက်ရှိကြောင်း၊ အာပေါလုအချိန်မှစတင်၍ ကွဲပြားမှုမှာတစ်စထက်တစ်စကြီးမားလာကြောင်း၊ဆရာတုဆရာယောင်များတို့သည်လည်း ပေါလု၏ သွန်သင်ချက်များကိုပစ်ပယ်ရန် နှိုးဆော်ကြပါကြောင်း၊ သို့ဖြစ်ပါသောကြောင့် ဧဝံဂေလိသတင်းကောင်း၏ သွန်သင်ချက်များနှင့်ကျင့်ထုံးများတို့သည် ဘေးဖယ်ခြင်းခံရကြောင်းကို ခရေစေ့တွင်းကျနှိုက်နှိုက်ချွတ်ချွတ် အဖြေပေးပြောကြားလိုက်ပါသည်။ ဤသို့လျှင် တစ်ချိန်က ခရစ်ယာန်အသက်တာကို တန်ဖိုးထားစိတ်အားကြီးသူတို့သည် ယခုမှာတော့ မာနတရားကြီးစိုး၍ ယဇ်နတ်ပူဇော်ပသခြင်းနှင့် သွေးသားတဏှာဇာတိသဘောလုပ်ရပ်တို့ တိုးပွားလွှမ်းမိုးကာနေလေတော့သည်။

ဤသို့သောသတင်းစဉ်ကိုပေါလုကြားလတ်သော်စိတ်ထိခိုက်သည်။ဤမျှနှင့်သူဆက်ကပ်လုပ်ဆောင်ခဲ့သောအမှုတော်မြတ်ကြီးထိုနေရာတွင်နိဂုံးမချုပ်ရလိုပါပြီ။ သို့ဖြစ်၍ "ကြီးစွာသောစိတ်ရောဂါ" နှင့် "မျက်ရည်များစွာကျလျက်" ခမည်းတော်ကောင်းကင်ဘုံဘုရားသခင်ထံ အကြံဉာဏ်တောင်းခံခဲ့ပါ၏။ထိုအချိန်မှာပင်ပေါလုသည်မဆိုင်းမတွကောရိန်သုမြို့သို့ခရီးတစ်ထောက်နှင်လိုသည်။ သို့သော်လည်း မိမိသွား၍ လောလောလတ်လတ်တွင် ထူးခြားမည်မဟုတ်။ သို့ဖြစ်၍တိတုကိုရှေ့တော်ပြေးအနေဖြင့်လွှတ်၏။ပေါလုသည်လည်းစိတ်ထိခိုက်စေသောအရာများကို ဘေးဖယ်ထား၍ အရွဲ့တိုက်တတ်သူများကိုရှောင်ကာ၊ ဘုရားသခင်နှင့်သာအနီးကပ် မိတ်သဟာယဖွဲ့လေတော့သည်။၎င်းနောက်သွန် သင်မှုတကာ့သွန်သင်မှုတွင် အထွတ်သို့ရောက်၍ဩဇာတန်ခိုးကြီးမားလှသောစာစောင်များကိုကောရိန်သုအသင်းတော်သို့တမန်တော်သည်ရေးသားပေးပို့လိုက်ပါသည်။

အသင်းတော်များတင်ပြလာသောမေးခွန်းမှန်သမျှကိုလည်းပေါလုသည် ရှင်းလင်း၍ နဂိုရုပ်ပေါ်အောင် တိုတိုတုတ်တုတ်အဖြေကိုပေး၏။အထွေထွေမှု စည်းမျဉ်းများကိုလည်း ပေါလုဆွဲပြီးပို၍အဆင့်မြင့်သောဝိညာဉ်ရေးအလွှာသို့ ရွှေ့ဆောင်ပေးခဲ့လေသည်။ ထိုအသင်းဝင်တို့သည် ကယောင်ချောက်ချားဖြစ်၍ နေစဉ်မှာ ပေါလုသည် သူတို့၏ နှလုံးသားအိမ်ကို ကောင်းကင်ဘုံအလင်းနှင့် ဖြည့်စွက်ပေးလို၏။ သို့ဖြစ်၍ သစ္စာရှိစွာဖြင့် အပြစ်၏ဆိုးမွေကို မခံစားကြရ လေအောင် ဘေးရန်ကိုသတိပေး၏။ ယခင်ခရစ်တော်သခင်နှင့်စတင်တွေ့ရှိစဉ် ထွန်းတောက်ခဲ့သော ဝိညာဉ်တော်မီးမငြိမ်းသွားရအောင်ကိုလည်း ပေါလုသည် ကြိုးစားညွှန်ပြလုပ်ဆောင်ပေးခဲ့ပါသည်။

ကောရိန်သုအသင်းတော်ရှိ ယုံကြည်သူ ညီအစ်ကိုမောင်နှမများကို ပေါလုသည်များစွာချစ်မြတ်နိုးကြောင်းသူ့စာစောင်၏နှုတ်ခွန်းဆက်လွှာကသက်သေ ထူပါသည်။ သူ့စာစောင်တွင် ကောရိန်သုအသင်းဝင်များသည် ယဇ်နတ်ပူဇော် ပသကိုးကွယ်ခြင်းမှ မှန်သောဖန်ဆင်းရှင်ဘုရားသခင်ကို ကိုးကွယ်လာခဲ့ကြောင်း သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးများကိုရရှိခံစားခဲ့ရသဖြင့် ခရစ်တော် ယေရှု၌ ဖြူစင်သန့်ရှင်းကြီးရင့်သည့်တိုင်အောင် ခရစ်ယာန်အသက်တာမှာမ ပြတ်ကြီးထွားလာစေရန် လုပ်ဆောင်ခြင်း၌ အခွင့်အရေးတစ်ခုဖြစ်ကြောင်းသတိ ပေးရည်ညွှန်းထားပါ၏။

"သင်တို့သည် ခရစ်တော်အားဖြင့် အရာရာ၌နှုတ်သတ္တိဉာဏ်သတ္တိ အပေါင်းနှင့်ကြွယ်ဝပြည့်စုံကြသည်ဖြစ်၍ ငါတို့သခင်ယေရှုခရစ်၏ ပေါ်ထွန်း တော်မူခြင်းကို မျှော်လင့်၍နေစဉ် ဆုတော်တစ်စုံတစ်ခုမျှမလျော့ဘဲစုံလင်လျက် ရှိကြ၏။ သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏နေ့ရက်၌ အပြစ် တင်စရာအခွင့် နှင့်ကင်းလွတ်မည့်အကြောင်း သင်တို့ကိုအဆုံးတိုင်အောင်ခိုင်ခံ့မြဲမြံစေတော် မူလိမ့်မည်" ဟု လည်းရေးသားခဲ့ပါ၏။

အသင်းတော်အတွင်း စိတ်ဝမ်းကွဲမှုများရှိနေသည်ကိုသိသဖြင့်လည်း အသင်းဝင်အချင်းချင်းခိုက်ရန်မဖြစ်ပွားရန် နှိုးဆော်ပြောဆိုခဲ့ပါ၏။ ဤကဲ့သို့ သောတင်ပြချက်ကိုပြုရာ၌ မည်သူမည်ဝါကပြောဆိုကြောင်းကိုလည်း ပွင့်လင်း စွာဖော်ပြခဲ့ပါ၏။

ပေါလုသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းခံရသောတမန်တော်တစ်ပါး ဖြစ်၏။ သူတင်ဆက်သောအမှန်တရားသည် ဖော်ပြချက်အားဖြင့်လာသည်။

သို့ရာတွင် ဘုရားသခင်သည် မိမိလူတို့၏ အခြေအနေကို တိုက်ရိုက်အားဖြင့် တစ်ချိန်လုံးမဖေါ်ပြပါ။ လူ၏ဘုရားသခင်ပေးအသိဉာဏ်နှင့်ပင်အသင်းတော်၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုကိုခွဲခြားသိမြင်နိုင်ပါသည်။ တရားတော်အလင်းကိုအမှန်တကယ်ရှာဖွေသောသူသည် ပေါလု၏ သတင်းစကားကို ခရစ်တော်သခင်၏ စိတ်သဘောမျိုးထင်ရှားစေသည့်အလား လက်ခံပါ၏။

အသင်းတော်တွင်အပြစ်များတိုးပွားလာသည်ကို ပေါလုသတိပြုမိတိုင်း အသင်းတော်ကိုကာကွယ်ရန်စည်းကမ်းပေးပါသည်။ သူသည် ဘုရားသခင်နှင့် စာရင်းရှင်းရမည့်သူအဖြစ်မိမိကိုယ်ကိုမြင်သဖြင့်လည်း အသက်ဝိညာဉ်များကို စောင့်ရှောက်ထိန်းသိမ်းပေးရာတွင်သူသည် အနစ်နာခံသောအစေခံခေါင်းဆောင်တစ်ဦးအဖြစ်ရပ်တည်ပါသည်။သို့ဖြစ်၍ ကောရိန်သုအသင်းတော်သို့ သူရေးသားပေးပို့သောဆုံးမစာများသည်သူ၏ အခြားသောဩဝါဒစာစောင်များ ကဲ့သို့ ဘုရားသခင်၏ ဝိညာဉ်တော်မှုတ်သွင်းခြင်းခံရသော စာစောင်များဖြစ်ကြောင်း သိမှတ်ရပါမည်။

တမန်တော်ကြီးသည် မိမိဆက်လက်လုပ်ဆောင်၍ရရှိခဲ့သော အသီးအပွင့်ကိုဖျက်ဆီးလိုသူ ဆရာအတုအယောင်များ၏အကြောင်းကိုဖေါ်ပြမထားပါ။ အကြောင်းမှာ ယခုလိုအသင်းတော်အတွင်း မှောင်မိုက်နှင့်စိတ်ဝမ်းကွဲပြားခြားနားမှုများပေါ်ပေါက်နေစဉ်အတွင်း မလိုလားအပ်သောသင်းခွဲဖေါက်ပြန်မှုများရှိနေမည်ကို သူစိုးရိမ်၏။

ထို့ကြောင့် အမျက်ကိုဆွပေးသည့်သဘောသက်ရောက်သောလုပ်ရပ်မှန်သမျှကို ပညာရှိနည်းဖြင့် ရှောင်ဖယ်လိုက်ပါ၏။ ထိုအခြေအနေမျိုးတွင် ပေါလုသည် မိမိ၏ "လိမ္မာသောဗိသုကာပညာရှင်တစ်ယောက်" အကြောင်းကို အာရုံပြုစေပါသည်။ဤသို့ဆိုရာ၌ မိမိကိုယ်ကိုဂုဏ်ဖေါ်ဝင့်ကြွားသည်မဟုတ်ပါ။

"ငါတို့သည်ဘုရားသခင်ထံ၌ အလုပ်လုပ်သောသူချင်းဖြစ်ကြ၏"ဟု သူဆိုခဲ့လေပြီ။ပေါလုသည် မိမိ၏ပညာဂုဏ်ကိုမဖေါ်ပါ။ ဘုရားသခင်၏အလိုတော်ကျအတိုင်းဖြစ်စေရန်ကိုသာအမှန်တရားကိုတင်ဆက်နေခြင်းဖြစ်ကြောင်း မှတ်ယူပါ၏။ ဆရာကြီးအပေါင်းတို့တွင်အထွတ်ဖြစ်သော ခရစ်တော်သခင်နှင့် ပေါင်းစည်းမှုသာလျှင်လည်းအချိန်မရွေး၊နေရာမရွေးနှင့်အခြေအနေမရွေးလူ့အလွှာအသီးသီး၏ လိုအပ်ချက်များကို ဖေါ်ထုတ်ဖြည့်စွက်နိုင်မည်ဖြစ်ကြောင်း၊ ပေါလုတစ်ယောက် သင်ခန်းစာယူထားပြီးဖြစ်ပါ၏။

ကောရိန်သုအသင်းတော်ရှိ ယုံကြည်သူတပည့်တော်စုထဲတွင်ပိုမို၍ ဆိုးရွားသောအရာမှာ ယခင်ကကျောခိုင်းချန်လှပ်ထားခဲ့ပြီဖြစ်သောမယုံကြည်သူ ယဇ်နတ်ပူဇော်မှုနှင့်တွဲဖက်၍ ပြုကျင့်သော ယုတ်ညံ့သည့်ထုံးစံဓလေ့များသို့ ပြန်လျှည့်ခြင်းပင်ဖြစ်ပါသည်။

အသင်းသားတစ်ယောက်မှာ အထူးသဖြင့်ဖေါက်ပြန်၍မယုံကြည်သူ လူတို့တွင်ပင် မကြားရသောအပျော်အပါးလိုက်စားသူတစ်ယောက်ဖြစ်ကြောင်း၊ ပြည်သူ့နီတိမရှိ။ အကျင့်ယုတ်ညံ့သူဖြစ်ကြောင်းထင်ရှားသဖြင့် ထိုလူဆိုးသွမ်းကို အသင်းတော်မှနှင်ထုတ်ပစ်ရန်လိုအပ်ကြောင်း တမန်တော်ကြီးက တောင်းပန်ခဲ့ပါ၏။ "အနည်းငယ်သောတဆေးသည် မုန့်စိမ်းတစ်ပုံလုံးကိုပေါင်းကြွစေတတ် သည်ကိုမသိသလော။"

အခြားအမှားကြီးတစ်ခုမှာ အသင်းဝင်အချင်းချင်းတရားရုံးတော်တွင် တရားမှုဆိုင်ခြင်းဖြစ်ပါသည်။ ယုံကြည်သူအချင်းချင်းဖြစ်ပွားတတ်သည့်အခက် အခဲပြဿနာများကို ဖြေရှင်းသည့်နည်းလမ်း အသင်းတော်တွင်များစွာရှိပါ၏။

ခရစ်တော်သခင် ကိုယ်တော်တိုင်လည်း ဤအမှုမျိုးကို မည်ကဲ့သို့ချင့် ချိန်ကိုင်တွယ်ရမည့်အကြောင်း ရှင်းလင်းစွာသွန်သင်ခဲ့ပြီဖြစ်၏။ "ထိုကြောင့် သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင်၊ သူ့ဆီသို့သွား၍ နှစ်ယောက်တည်း ချင်းသူ၏ အပြစ်ကိုပြ၍ဆုံးမလော့။

သူသည်သင်၏စကားကို နားထောင်လျှင်ညီအစ်ကိုကိုရပြီ၊(သို့မဟုတ်) သင်၏စကားကိုနားမထောင်လျှင် လူနှစ်ဦးသုံးဦးသက်သေခံ၍ စကားရှိသမျှတို့ ကိုတည်စေခြင်းငှာ ကိုယ်နှင့်အတူ လူတစ်ဦးနှစ်ဦးကိုခေါ်ဦးလော့။

အသင်းတော်၏စကားကိုနားမထောင်လျှင် မယုံကြည်သူလူကဲ့သို့လည်း ကောင်း၊ အခွန်ခံကဲ့သို့လည်းကောင်း၊ ထိုသူကိုမှတ်လော့။ ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက် ရှိလိမ့်မည်။ မြေကြီးပေါ်မှာဖြေလွှတ်သမျှသည်ကောင်းကင် ဘုံ၌ဖြေလွှတ် လျက်ရှိလိမ့်မည်။" (မဿဲ ၁၈း၁၅-၁၈)

ခရစ်တော်ပြောခဲ့သော ဤမျှရှင်းလင်းသည့်အကြံတော်ကို မျက်ခြည် ပြတ်သွားသောကောရိန်သုအသင်းသူအသင်းသားတို့အားပေါလုက ဤသို့ထပ်မံ ၍နှိုးဆော်ပဲ့ပြင်စာကို ရေးခဲ့ပါသည်။ "သင်တို့သည် အချင်းချင်းအမှုရှိလျှင်၊

သန့်ရှင်းသူတို့ရှေ့၌ တရားစီရင်ခြင်းကိုမခံဘဲ မယုံကြည်သူလူတို့ရှေ့၌ ခံဝံ့သောသူတစ်စုံတစ်ယောက်ရှိသလော။ သန့်ရှင်းသောသူတို့သည် လောကနိုင်ငံကိုတရားစီရင်မည်ဟု မသိကြသလော။ သင်တို့သည် လောကနိုင်ငံကို စီရင်ရသည်မှန်လျှင် အငယ်ဆုံးသောအမှုများကို မစီရင်ထိုက်သလော။ ငါတို့သည်ကောင်းကင်တမန်တို့ကို တရားစီရင်မည်ဟု မသိကြသလော။ သို့ဖြစ်၍ လောကအမှုကိုစီရင်ထိုက်သည်မဟုတ်လော။ ထိုကြောင့် သင်တို့သည် လောကအမှုကိုစီရင်စရာရှိလျှင် အသင်းတော်၌ အသရေနည်းသောသူတို့ကို တရားသူကြီးအရာ၌ခန့်ထားကြလော့။

ထိုသို့ဆိုသော် သင်တို့ရှက်စေခြင်းငှာပြောဆို၏။သင်တို့တွင် ပညာရှိတစ်စုံတစ်ယောက်မျှမရှိသလော။ ညီအစ်ကိုချင်းတို့သည် တရားတွေ့သည်သာမက မယုံကြည်သောသူတို့ရှေ့၌ပင် တရားတွေ့ပါသည်တကား။ ထိုသို့သင်တို့သည် အချင်းချင်းတရားတွေ့သည်အမှုမှာ အလွန်ကြီးစွာသောအပြစ်ရှိကြ၏။ တရားမတွေ့ဘဲ ညှင်းဆဲခြင်းကိုအဘယ်ကြောင့်မခံသနည်း။ ထိုသို့ သင်တို့သည်မခံဘဲ ညီအစ်ကိုချင်းတစ်ယောက်ကိုတစ်ယောက်ညှင်းဆဲ၍ ညီအစ်ကိုချင်းတို့၏ဥစ္စာကိုသိမ်းယူကြသည်တကား။ မတရားသောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရသည်ကို သင်တို့မသိကြသလော။”

စာတန်သည် ဘုရားသခင်၏ သားသမီးအပေါင်းတို့တွင်မပြတ်သောဖွဲလုံ့လနှင့်တစ်ဦးကိုတစ်ဦးစိမ်းကားရန်၊ အယုံအကြည်မရှိရန်၊ ရန်ငြိုးထားရန်လုပ်ဆောင်နေသည်။ ရံဖန်ရံခါ ကျွန်ုပ်တို့သည် အစော်ကားခံနေရသည်ဟုမိမိကိုယ်ကိုမိမိထင်မှတ်စေ၏။

ခရစ်တော်သခင်ကို ချစ်မြတ်နိုးသောစိတ်နည်းပါး၍မိမိကိုယ်ကိုချစ်သောစိတ်ပြင်းထန်လာသောအခါ ထိုသို့စဉ်းစားတတ်ပါသည်။ မာနတရားနှင့်မိမိကိုယ်ကိုအထင်ကြီးခြင်းသဘောတို့သည်လည်း ခရစ်ယာန်များကိုမသိမသာဖြိုဖျက်နေ၏။

ထိုသူတို့သည်တစ်ပါးသူ၏ အမှားကိုတွေ့မြင်သော် အချင်းချင်းအဖို့ခရစ်တော်သဘောပြကာတစ်ဦးအတွက်တစ်ဦး ဆုတောင်းပေးရမည့်အစားအပြစ်ရှာ၍မဆုံးတော့ပြီ။ ဤသို့မတရားသဖြင့် ညီအစ်ကိုချင်းတို့၏စော်ကားမှုကိုခံရပေါင်းများသောအခါ လူသည် မခံချင်စိတ်ပိုလာ၍ ကယ်တင်ပိုင်ရှင်၏စည်းမျဉ်းအတိုင်းမလိုက်နာတော့ဘဲ တရားရုံးတော်သို့ရောက်ရလေတော့သည်။

အသင်းဝင်ခရစ်ယာန်အချင်းချင်းစပ်ကြားပြဿနာရှိနေပါသော်လည်း အစိုးရတရားရုံးတော်သို့မတက်အပ်ပါ။ ထိုအမှုအရာများကို အသင်းတော်အတွင်းခရစ်တော်သွန်သင်ချက်အားဖြင့် ဖြေရှင်းရပါမည်။ မတရားမှုရှိသည်တိုင်အောင် စိတ်နှလုံးနှိမ့်ချသောသူကို ယေရှုသခင်ကိုယ်တော်တိုင်က သူရသင့်ရထိုက်သောအခွင့်အရေးကို ပေးပါလိမ့်မည်။

တပည့်တော်စုဝင်တို့အချင်းချင်းစပ်ကြား မတရားမှုဖြစ်ခြင်းသည်အမှန်တရားကိုရှုတ်ချရာရောက်သည်။ အတွင်းရန်ကိုအပြင်ကာသည့် သဘောမျိုးသက်ရောက်သဖြင့် ထိုခရစ်ယာန်များကြောင့် အသင်းတော်မှာမှောင်မိုက်တန်ခိုးရှင်ရန်သူများ၏ ပြောင်လှောင်မှုကိုခံရသည်။

သူတို့အောင်ပွဲရသည်။ ခရစ်တော်သခင်ကိုအရှက်ကွဲစေ၏။ နာကျင်စွာ ရိုက်သည်နှင့်တူသည်။ အသင်းတော်၏အာဏာတန်ခိုးကို ဂရုမစိုက်ခြင်းသည် အသင်းတော်ကိုအာဏာတန်ခိုးအပ်နှင်းထားသော ဘုရားသခင်ကို စက်ဆုပ်၍ ရှာကြောင်းပြသသည်နှင့်တူပါသည်။

အပြစ်မှောင်မိုက်၏တန်ခိုးကိုခရစ်တော်သခင်၏တန်ခိုးတော်အားဖြင့်သာအနိုင်ရရှိနိုင်ကြောင်း၊ သို့ဖြစ်၍ ဘုရားသခင်ကိုသာ အားကိုးအပ်ကြောင်း ပေါလုက အားပေးခဲ့ပါသည်။

အပြစ်တရား၏ကျေးကျွန်ဘဝမှ ဘုရားသခင်ကိုချစ် ကြောက်ရိုသေသည့်သန့်ရှင်းစုံလင်သောသူအဖြစ်သို့ ရောက်ရှိရန်သော်လည်းကောင်း၊ ခရစ်ယာန်ဖြစ်စကာလက ထိုသခင်ထံ မိမိအသက်တာကိုဆက်ကပ်အပ်နှံခဲ့ပုံများကိုသော်လည်းကောင်း ပြန်လည်သတိရအောက်မေ့ရန် ပေါလုနှိုးဆော်လိုက်ပါသေးသည်။ "သင်တို့သည် ခရစ်တော်ပိုင်ပစ္စည်းဖြစ်၏။ မိမိတို့ကိုမိမိတို့မပိုင်ကြောင်းကိုသိပါ။. . . . သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်ထိုက်တော်မူသောသင်တို့၏ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေကြလော့။"

တမန်တော်ကြီးသည် ဖြူစင်သန့်ရှင်းသည့်အသက်တာကိုကျောခိုင်း၍ မယုံကြည်သူလူတို့၏ ယဇ်နတ်ပူဇော်ပသခြင်းအကျင့်များ၏ အမွေကိုပြောပြပါသေးသည်။ "အလွဲမယူကြနှင့်၊ (လှည့်ဖြားမှုကိုမခံကြနှင့်။) မတရားသောမေထုန်၌မှီဝဲသောသူ၊ ယဇ်နတ်ဆိုးကိုကိုးကွယ်သောသူ၊ သူ့မယားကိုပြစ်မှားသောသူ၊ ယောကျ်ားချင်း မေထုတ်ကိုပြုသောသူ၊ ထိုအမှုကိုခံသောသူ၊ သူ့ဥစ္စာကို

ခိုးသောသူ၊ လောဘလွန်ကျူးသောသူ၊ သေရည်သေရက်နှင့် ယဖ်မူးသောသူ၊ ဆဲရေးကဲ့ရဲ့သောသူ၊ အနိုင်အထက်လုယူသောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကိုအမွေမခံရကြ။" သို့ဖြစ်၍ အောက်တန်းကျသောကိုယ်ကာယတပ်မက်ခြင်းတဏှာရမ္မက်များနှင့် လျှာအရသာလွန်ကြူးမှုများကို ချုပ်တည်းကြပါရန် ပေါလုကတောင်းပန်ခဲ့ပါသည်။

ပေါလုသည် ကြီးမားသောဉာဏ်ပညာဆုကျေးဇူးကိုခံစားရ၏။ မိမိ၏အသက်တာတွင်လည်း ပညာရှိကြောင်းပြပါသည်။ သို့ဖြစ်၍ အမြော်အမြင်ကြီးရင့်သကဲ့သို့ နှလုံးသားမှာလည်း နူးညံ့သိမ်မွေ့ကာ လူကိုသနားတတ်သောကြောင့် လူနှင့်အနီးကပ်ပေါင်းသင်းဆက်ဆံသောအခါ လွယ်လွယ်နှင့်လူတို့၏ အသက်တာ၊ လူနေမှုအဆင့်နှင့်တွေးခေါ်မှုအဆင့်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

သူသည်ခရစ်ယာန်ယုံကြည်သူတပည့်တော်စုများကိုသိပ်ပြီးချစ်သည်။ သူတို့တတွေ ဘုရားသခင်ဝတ်၌မွေ့လျော်၍ စုံစမ်းနှောင့်ယှက်ခြင်းကိုကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားအောင်မြင်စေလို၏။ ခရစ်ယာန်တို့၏ လမ်းခရီးအဆင့်တိုင်းကိုစာတန်၏အပေါင်းပါတို့က နေ့တိုင်းအစဉ် တိုက်ခိုက်ဆန့်ကျင်မည်ကိုသူသိသည်။ ရန်သူ၏ တိတ်တဆိတ်လျှို့ဝှက်ချဉ်းကပ်တိုက်ခိုက်မှုကို ခုခံကာကွယ်ရန်လို၏။

အပြစ်လုပ်ရပ်အဟောင်းများနှင့်အလိုလိုနေရင်း အပြစ်လုပ်ချင်စိတ်တို့ကိုကျောခိုင်းကာဆုတောင်းစောင့်နေရန်၊ ထိုနည်းဖြင့်သာလျှင် အဆင့်မြင့်ခရစ်ယာန်ကျင့်စဉ်များ ရင့်ကျက်လာနိုင်မည်ဖြစ်ကြောင်း ထိုလူတို့၏ စိတ်အာရုံတွင်သပ်ဖြင့်ရိုက်ကာသွင်းသကဲ့သို့ ဖြည်းဖြည်းချင်းထည့်သွင်း၏။

ခရစ်တော်၏ကပ်တိုင်တော်သည်လည်း အပြစ်ကိုတွန်းလှန်ရန်ထူးဆန်းသောတန်ခိုးရှိ၍ အသက်တာကို ပြောင်းလဲစေနိုင်သော လုံလောက်သည့်စွမ်းအားရှိကြောင်း၊ ယုံကြည်ခြင်းဒိုင်းလွှားကို ဆောင်လျက်၊ နှုတ်ထွက်စကားတော်လက်နက်စုံကို တပ်ဆင်ကာအတွင်းအားကိုသုံးသော် ရန်သူကိုတွန်းလှန်၍ဘေးဖယ်ထားနိုင်ကြောင်း သူတို့ကိုသိနားလည်စေပါသည်။

ကောရိန်သု အသင်းဝင်များသည် ဘုရားသခင်နှင့်ဆိုင်သည်များကို အတွင်းကျကျ၊ လေးလေးနက်နက်သိရှိကာ အတွေ့အကြုံရင့်ကျက်ဖို့လိုအပ်ပါသည်။ ဘုရားသခင်၏ ဘုန်းတော်ကို ကြည့်မြင်ခြင်းဖြင့်လည်း မိမိတို့၏

အကျင့်ကိုပြုပြင်ပြောင်းလဲအဆင့်မြှင့်တင်နိုင်ကြောင်းကို ထိုသူတို့သည်ပြည့်ပြည့်ဝဝမမြင်တွေ့တတ်သေးပါ။ ထိုဘုန်းတော်၏ အာရုဏ်ဦးအလင်းတန်းမျှကိုသာတွေ့မြင်နေကြပေသေးသည်။ သို့ဖြစ်၍ ပေါလုသည် ထိုသူတို့အား ဘုရားသခင်၏ စုံလင်ခြင်းအဖြစ် ဧဝံဂေလိတရားတော်၏ ယုံကြည်မျှော်လင့်ခြင်းအနှစ်သာရတည်းဟူသော မွန်းတည့်အလင်းတန်းကို တွေ့မြင်စေလိုသည်မဟုတ်ပါလားမိတ်ဆွေ။

---ooo---

# အခန်း(၃၀)
## အဆင့်မြှင့်တင်ရန်ဖိတ်ခေါ်မှုခံရခြင်း

(ဤအခန်းသည် ကောရန်သုဩဝါဒစာပထမစောင်ကို အခြေပြုထားပါသည်)

ပေါလုသည် ကောရိန်သုမြို့သား ယုံကြည်သူအပေါင်းကို မိမိတို့၏ ယုံကြည်ခြင်းတွင် တက်တက်ကြွကြွ နိုးနိုးကြားကြားရှိစေလို၏။ သို့ဖြစ်၍မြို့တော်နှင့်မလှမ်းမကမ်းနေရာတွင် ကျင်းပသော အပြေးပြိုင်ပွဲကိုသတိရစေ၏။ ပြိုင်ပွဲဝင်သူတို့ကား၊ ကျပ်တည်းသော ချုပ်တည်းမှု၊ မိမိဆန္ဒသဘောကို ထိန်းကွပ်မှုနှင့်မလျှော့သောဇွဲလုံ့လဟူသည်ရှိရမည်။

ထိုနည်းတူစွာ ခရစ်တော်တပည့်တော်တို့သည်လည်းအမှုတော်မြတ်၌ ထိုသို့ဖြစ်ရမည်ဟု ပေါလုအားပေးပါသည်။ဂရိနှင့်ရောမလူမျိုးတို့သည် မာရသွန်ပြေးပြိုင်ပွဲကိုခေတ်အဆက်ဆက် မြင့်မားစွာဂုဏ်ယူတန်ဖိုးထားကြ၏။

ထိုပြိုင်ပွဲကို ရှင်ဘုရင်များ၊ သူကောင်းမျိုးများနှင့်နိုင်ငံ့ဝန်ထမ်းအပေါင်းတို့သည် ရှုစားကြ ကုန်၏။ ပြိုင်ပွဲဝင်လူငယ်တို့သည်လည်း လူမှုအလွှာအသီးသီးမှလာ၍ ဆုရရှိရန် အလို့ငှာ လိုအပ်သောစည်းကမ်းချက်များနှင့်အညီကြိုးစားလုံ့လထုတ်ကြ လေသည်။

ပြိုင်ပွဲစည်းကမ်းများမှာ ကျပ်တည်း၍ ဝေဖန်ပြောဆိုရန် မည်သူ့ကိုမျှခွင့်မပြုပါ။ နာမည်ကောင်းရလိုသူတို့သည် ဆုရရှိရန်အလို့ငှာ၊ ပြင်းထန်သောကြိုတင်ပြင်ဆင်မှုအတွက် သင်တန်းကိုဆင်းရ၏။

အစားအသောက်ကြူးခြင်း၊(သို့မဟုတ်) အခြားနှစ်သက်ရာများတို့သည်ကာယနှင့်ဉာဏ စွမ်းအားကိုကျဆင်းစေသဖြင့် ဘေးရန်ဖြစ်ရကား လုံးဝရှောင် ကြဉ်ရန် ပညတ်ထားသည်။

အောင်ပွဲဝင်ရန် မျှော်လင့်သူမှန်သမျှသည် ခန္ဓာကိုယ်ကြွက်သားများသန်မာ၍ လျင်မြန်မှုနှုန်းတိုးလာစေရန် အာရုံများကိုလည်း စောင့်ရှောက်ကွပ်ကဲရပါ၏။

ဤသို့လျှင်လှုပ်ရှားမှုတိုင်းသည်သေသပ်မှုရှိရမည်။ခြေလှမ်းတိုင်းသည် မြန်မြန်နှင့်မှန်မှန်ဖြစ်ရမည်။ ခန္ဓာကိုယ်စွမ်းအင်သည် အထွတ်အထိပ်သို့ရောက်နေရပါလိမ့်မည်။

အပြေးပြိုင်ပွဲမစတင်မီ ပြိုင်ပွဲဝင်တို့အားလုံးသည် လူထုပရိသတ်တို့ ရှေ့မှောက်မှာနေရာယူရ၏။ သူတို့နာမည်များကိုဖတ်ကြား၍ ပြိုင်ပွဲစည်းကမ်းကိုရှင်းလင်းပီသစွာကြေညာပြောဆိုလေသည်။

သူတို့ကို ကြည့်ရှုအားပေးနေကြသော လူထုပရိသတ်အပေါင်းတို့သည်သူတို့အောင်ပွဲဝင်ရန် ဆုံးဖြတ်မှုကိုဖြစ်စေ၏။ ဒိုင်လူကြီးတို့ကားပန်းတိုင်မှာရှိကြပါသည်။

ပြိုင်ပွဲကိုအစမှသည်အဆုံးတိုင်အောင်ကြည့်ရှု၍ အမှန်တကယ်အောင်နိုင်သူကို ဆုချီးမြှင့်ရန်ဖြစ်ပါသည်။ အကယ်၍ အကြင်သူသည် စည်းကမ်းစနစ်မကျသောနည်းဖြင့်ပွဲဝင်၍ ပထမရရှိပါက ထိုသူကိုဆုမပေးပါ။

ဤပြေးပွဲတွင်စွန့်စားမှုနှင့်စွန့်လွှတ်မှုများစွာရှိပါသည်။ တချို့မှာလည်း ခန္ဓာကိုယ်အကြောဆိုင်ကြီးများပျက်စီး၍ နာလန်မထူနိုင်သည်တိုင်အောင်ခံစားကြရပါ၏။ ပြောနေစဉ်ချော်လဲသူရှိ၏။ ပါးစပ်နှင့်နှာခေါင်းပေါက်တို့မှ သွေးထွက်သည်လည်းရှိ၏။

တစ်ခါတစ်ရံ အောင်ပွဲပြီးသူသည် ဆုကိုရယူဆုပ်ကိုင်တော့မည့်ဆဲဆဲမှာပင် ခွေခနဲလဲကျ၍ အသက်ထွက်သွားသည်လည်းရှိပါသည်။ သို့သော်လည်း တစ်သက်တာလုံးဒဏ်ရာဒဏ်ချက်နှင့် သက်ရှင်သွားရသည်ဖြစ်စေ၊ သေသွားသည်လည်းဖြစ်စေ၊ ဂရုမစိုက်ပါ။ အောင်နိုင်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းအမှုကို သာတောင့်တမျှော်မှန်းလျက်၊ စွန့်စားမှုကြီးကို ပြုကြပါသည်။

အပြေးပြိုင်ပွဲတွင် ပန်းတိုင်ရောက်သူအား ရှုစားသူလူထုတစ်ရပ်လုံးက ကောင်းချီးသြဘာပေးကြပါ၏။ ပွဲတင်သံမှာလည်း ပတ်ဝန်းကျင်တောင်ကုန်းမြေမြင့်အားလုံး တုန်ခါသွားစေပါသည်။

အများမြင်လွယ်သောနေရာတွင် ဆုပေးစင်မြင့်ရှိသဖြင့်ဂုဏ်ကျက်သရေဆောင်အထိမ်းအမှတ်အဖြစ် မညိုးပန်းနွယ်ဦးရစ်သရဖူကို အသရေရှိဒိုင်လူကြီးက ခေါင်းပေါ်တင်ပေးလျက် အောင်နိုင်သူ၏ လက်ယာလက်ထဲသို့ သံလွင်ကိုင်းတစ်ခုကို ပေးအပ်လိုက်ပါသည်။

သူ့အတွက်နိုင်ငံ့ဂုဏ်ပြုတေးကို ရေးစပ်ကာ ချီးကျူးသီဆိုကြ၏။မိဘများသည်ဂုဏ်ရှိပါသည်။ သူနေသော မြို့သည်လည်း နာမည်ကောင်း ရ၏။ အကောင်းဆုံးအားကစားသမားကို မွေးထုတ်ပေးသောမြို့ဟူ၍ ထင်ရှားလာပါသည်။

ခရစ်ယာန်အသက်တာတိုက်လှန်ပွဲကြီးသည်လည်း၍နည်းနှင်နှင်ဖြစ်ကြောင်း၊ ကြိုတင်၍ပြင်ဆင်ကျင့်သုံးထားရမည့် စည်းကမ်းချက်၊ စားချင်တိုင်းစား၍မရ၊ အရာရာမှာချုပ်တည်းခြိုးခြံရန်လိုအပ်ကြောင်းကို ပေါလုက "ပွဲ၌ပြိုင်၍ အချင်းချင်းတိုက်ခိုက်သောသူမည်သည်ကား၊ အရာရာ၌တပ်မက်ခြင်းကိုချုပ်တည်းတတ်၏" ဟုဆိုပါသည်။ အပြေးသမားသည် မိမိ၏ခန္ဓာကိုယ်စွမ်းအင်ကို နည်းပါးကျဆင်းစေသည့် တပ်မက်မှုမှန်သမျှကို ဘေးဖယ်ထားပါ၏။

ခြေသလုံးကြွက်သားများ သန်မာတောင့်တင်းကာ အမောခံနိုင်ရန်အတွက်ကိုလည်း ပြင်းထန်၍ မပြတ်မလပ်သောမှုစည်းကမ်းဖြင့် အမြဲလေ့ကျင့်ကာနေ၏။ ပြိုင်ပွဲနေ့ရောက်သော် အားသွန်ခွန်စိုက် စိတ်ဆောင်တိုင်းကိုယ်မြန်ရန်ဖြစ်သတည်း။

ဤသို့ဆိုလျှင်ကောင်းကင်နိုင်ငံတော်သို့ဦးတည်ခရီးနှင်နေသောခရစ်ယာန်များအဖို့ မည်မျှလောက်ဘုရားသခင်၏အလိုတော်နှင့်အညီ နေထိုင်သက်ရှင်၍အရာရာမှာချုပ်တည်းအပ်ပါသနည်း။ စည်းစိမ်ကြီးငယ်ခံစား၍ ပျော်ပါးမှုကိုအာရုံပြုရန် အချိန်မဟုတ်တော့ပါ။ ထိုသူတို့၏အကျင့်နှင့်တပ်မက်မှုအပေါင်းတို့သည် ပြင်းထန်သောစည်းကမ်းဘောင်အောက်မှာ ရှိရကြမည်။ ဘုရားသခင်၏ဝိညာဉ်တော်လမ်းပြမှုနှင့် ထာဝရဘုရားသခင်၏နှုတ်ထွက်စကားတော် သွန်သင်မှုအတိုင်း ဆင်ခြင်တိုင်းထွာလျက် နှုတ်ထွက်တရားတော် အလင်းကို ရယူသင့်လေသည်။

ဤသို့အထူးအားစိုက်လုပ်ဆောင်သော ခရစ်ယာန်သည် အောင်မြင်ရပါလိမ့်မည်။ အပြေးပြိုင်ပွဲတွင် ပန်းဝင်ခါနီးအချိန်၌ အပြေးသမားသည် ခြေလှမ်းကြဲကြီးမြန်မြန်နှင့်မှန်မှန်၊ မလျှော့ပေါ့သောအရှိန်အဟုတ်ဖြင့် ပြေးတတ်ကြပါသည်။ အသင်ခရစ်ယာန်သည်လည်း ပန်းဝင်ခါနီးပြီဖြစ်သောကြောင့် ပိုမို၍ရှေ့သို့ခရီးနှင့်နိုင်ရန် ဇွဲလုံ့လဝီရိယကိုစိုက်ထုတ်ပါ။ ယခင်ကထက် အားစိုက်ရပါမည်။

ပေါလုအနေနှင့်မြေတလင်း၌ ပြိုင်ပွဲအောင်ဆုထူးရှင်ဆွတ်ခူးသွားသောညှိုးနွမ်းပန်းဦးရစ်သရဖူနှင့် ပန်းတိုင်ဝင်ခရစ်ယာန်အပြေးသမားတို့ နောက်ဆုံးရရှိမည့်မညှိုးနွမ်းတတ်သော ဘုန်းတော်တို့ကို နှိုင်းယှဉ်ထားပါသည်။ "ထိုသူတို့သည် ညှိုးနွမ်းပျက်စီးတတ်သော ပန်းဦးရစ်ကိုရခြင်း အလို့ငှာပြုကြ၏။ ငါတို့မူကား မညှိုးနွမ်းမပျက်စီးနိုင်သော၊ ပန်းဦးရစ်ကို ရခြင်းအလို့ငှာပြုကြ၏။" ပျက်စီးတတ်သော ဆုအတွက်၊ ဂရိလူမျိုး အပြေးသမားတို့သည် ခွေးကျခံ၍

စည်းကမ်းကြီးစွာ မိမိတို့ကိုယ်ကို ဖိဖိစီးစီးလေ့ကျင့်ကြသကဲ့သို့၊ သာ၍တန်ဖိုးကြီးသော ထာဝရအသက်သရဖူကိုရယူရန် စိတ်ဆန္ဒရှိသူ ကျွန်ုပ်တို့သည် သခင့်အတွက် ဆက်ကပ်မှုကိုတိုးပြု၍ မိမိ၏ ဇာတိစိတ်သဘောကို ငြင်းပယ်လျှော့ပေါ့စေရပါမည်။

ဟေဗြဲသြဝါဒစာတွင် ဖော်ပြထားသည့်အတိုင်း ထာဝရအသက်ရအံ့သော ဉာဝိညာဉ်ရေးပြေးပွဲတွင်ပြေးနေသော ခရစ်ယာန်သည်အထက်အရာတစ်ခုတည်းကို သာအာရုံစိုက်နေရပါမည်။

"ထိုကြောင့် ဤမျှလောက်များစွာသော သက်သေအပေါင်းတို့သည်ငါတို့ကို ဝန်းရံလျှက်ရှိကြသည်ဖြစ်၍ ငါတို့သည် ခပ်သိမ်းသောဝန်တို့ကိုလည်းကောင်း၊ နှောင့်ယှက်တတ်သော အပြစ်ကိုလည်းကောင်း ပယ်ရှား၍ ငါတို့မျက်မှောက်၌ ထားသော ပန်းတုံးတိုင်သို့ရောက်ခြင်းငှာ အားမလျှော့ဘဲပြေးကြကုန်အံ့။

ယုံကြည်ခြင်းကို အစအဦးစီရင်၍စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။"ဟေဗြဲ ၁၂း၁၊၂။

မနာလိုသဝန်တိုခြင်း၊ ရန်ငြိုးထားခြင်း၊ မကောင်းမှုကိုတွေးခေါ်ခြင်း၊ ပြောဆိုခြင်း၊ တပ်မက်မောခြင်းစသည်တို့သည် ဝန်ထုပ်ဝန်ပိုးများဖြစ်သောကြောင့် ဘေးဖယ်ထားရမည်။

မသေနိုင်သောအဖြစ်ကိုရရှိရန် ပြိုင်ပွဲဝင်အပြေးပြိုင်ခြင်းအမှုတွင် အောင်မြင်ဆွတ်ခူးလိုက ခရစ်ယာန်တစ်ယောက်သည် ဝိညာဉ်သဘောကို ဦးစားပေးထားရှိရပါမည်။ ခရစ်တော်သခင်၏ နာမတော်ကိုရှုတ်ချစေသော အရာမှန်သမျှကို စွန့်ပယ်ပစ်ရမည်။

သို့မဟုတ်က ကောင်းကင်ဘုံမှကောင်းချီးမင်္ဂလာများ မသက်ရောက်နိုင်ပါ။ အပြစ်လွန်ကျူးမှုတစ်ခုကိုမြတ်နိုးခုံမင်လိုက်သည်နှင့် အခြားသောလူများစွာကို လမ်းမှားသို့ပို့ဆောင်နိုင်၏။ အကျင့်ကိုလည်း ကျဆင်းစေနိုင်ပါသည်။

ကယ်တင်သခင်သည် ဤသို့မိန့်တော်မူခဲ့သည်။ "သင်၏ လက်ခြေသည် သင့်ကိုမှားယွင်းစေလျှင် လက်ခြေတို့ကို ဖြတ်ပစ်လော့။

ပိုးမသေ၊ မီးမငြိမ်းရာငရဲအတွင်းမငြိမ်းနိုင်သောမီးထဲသို့ လက်ခြေနှစ်ဖက်စုံနှင့်ချခြင်းကိုခံရသည်ထက်၊ ခြေလက်ချို့တဲ့၍ အသက်ရှင်ခြင်းသို့ဝင်စားသော်သာ၍ကောင်း၏"။ (မာကု ၉း၄၃-၄၆)

မှန်ပါပေသည်။ အကယ်၍ ခန္ဓာကိုယ်ကို ကယ်တင်ဖို့ရာ ခြေလက်မကမျက်လုံးတစ်ဖက်ကိုပင် ဖေါက်ထုတ်ဖြတ်တောက်ရသည်ရှိသော် အသက်ဝိညာဉ်ကို ဒုတိယသေခြင်းသို့ ပို့ဆောင်နိုင်သောအပြစ်ကို ခရစ်ယာန်တို့သည် ပို၍ရှောင်ရှားရမည် မဟုတ်လော။

ဂရိမာရသွန်ပြေးပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သူများသည် မိမိဆန္ဒအလိုကို ငြင်းပယ်၍ ကျဉ်းကပ်သောစည်းကမ်းဘောင်အတွင်းမှာနေ၍ မိမိဖိစီးလေ့ကျင့်နေပါသော်လည်း ဆုအတွက် မသေချာသေးပါ။

"မြေတလင်း၌ပြိုင်၍ ပြေးကြသောသူအပေါင်းတို့သည် ပြိုင်၍ပြေးကြသော်လည်း တစ်ယောက်တည်းသာလျှင်ဆုကိုရသည်ဟု သင်တို့မသိကြသလော" ဟု ပေါလုမေးပါသည်။ ဆုကိုလူတိုင်းလိုချင်ကြပါသည်။ ကိုယ်ရမည်ဟုထင်၍ လှမ်းကိုင်မည်အပြုတွင် အခြားသူတစ် ယောက်က ကိုယ့်ထက်ဦး၍ ဆုပ်ကိုင်ထားပြီဖြစ်သည်လည်း ရှိတတ်ပါသည်။

ခရစ်ယာန်အသက်တာ ပြေးပွဲတွင်ကားထိုသို့မဟုတ်။ ပန်းဝင်သူတိုင်းအတွက်ဆုရှိပါသည်။ စိတ်အားကြီး၍ လုံ့လဝီရိယအမြဲရှိသူတို့ကား ဆုံးရှုံးမည်မဟုတ်ပါ။ ထိုပြေးပွဲတွင် လျင်မြန်သူအတွက်ချည်းမဟုတ်။ ခွန်အားကြီးသူအတွက်ပင်မကသေးပါ။ အနုငယ်ဆုံး သူတော်စင်မှသည် အားကြီးသောလူတို့တိုင် မပျောက်ကွယ်သော ဘုန်းတန်ခိုးနှင့်ရစ်ပတ်ထားသည့် အသက်သရဖူကိုချီးမြှင့်ခြင်းခံရပါလိမ့်မည်။

ခရစ်တော်သခင်၏ အလိုတော်သို့ မိမိတို့၏ အသက်တာပုံသဏ္ဍာန်အမူအရာကို ဆက်ကပ်အပ်နှံကာ ဘုရားသခင်၏ ကျေးဇူးတော်မြတ်တန်ခိုးကို ချီးမွမ်းရွတ်ဆို၊ ကျင့်သုံးသက်ရှင်သွားသူတိုင်း အောင်မြင်နိုင်ပါသည်။

ဤတွင်ထာဝရဘုရားသခင်၏နှုတ်ထွက်စကားတော်မှ စည်းမျဉ်းများအတိုင်းကျင့်သုံးသက်ရှင်သွားရန်မလို၊ အရေးမကြီး၊ မဖြစ်စလောက်လေးပါဟုသဘောထားတတ်ကြသူများရှိသည်။ သို့သော်လည်း ခြုံငုံ၍ သုံးသပ်လိုက်သောအခါအကူအညီရစေသည့်အရာဖြစ်စေ၊ ဟန့်တားဖင့်နွဲ့စေသည့်အရာပင်ဖြစ်စေ သေးငယ်သည့်အရာဟု မမှတ်ယူအပ်ပါ။ လူ့လှုပ်ရှားမှုမှန်သမျှတိုင်းသည် အသက်တာ၏ အောင်မြင်ခြင်း (သို့မဟုတ်) ဆုံးရှုံးခြင်းကို အဆုံးအဖြတ်ပေးပါ၏။ မိမိတို့စိုက်ထုတ်လိုက်သော အင်အားစုနှင့်အညီ အကျိုးကိုလည်းခံစားရပါသည်။

ပေါလုသည် မိမိကိုယ်ကိုအပြေးသမားတစ်ယောက် အဖြစ်သဘောထားပါသည်။ "ထို့ကြောင့် ငါပြေးသောအခါ အမှတ်တမဲ့ ပြေးသည်မဟုတ်။ လက်ဝှေ့သတ်သောအခါ၊ အာကာသ ကောင်းကင်ကိုသာထိုး၍ သတ်သည်မဟုတ်။ သူတစ်ပါးကိုဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်းကိုယ်ကိုထိုး၍ နှိပ်စက်လေ့ရှိ၏" ဟုသူဆိုသည်။ ခရစ်ယာန်အသက်တာပြေးပွဲကို အကြောင်းမဲ့

မဖြစ်စေရပါ။ ပေါလုပြောသော "ကိုယ်ကိုထိုး၍ နှိပ်စက်လေ့ရှိ၏" ဟူသောအမှန်အကန်အဓိပ္ပါယ်မှာ မိမိ၏ သွေးသားအလိုဆန္ဒရမ္မက်များရှိသမျှကို ပြင်းထန်ကျဉ်းကျပ်သော စည်းကမ်းမျိုးဖြင့်ချုံးနှိမ်သည်။

ပေါလုကြောက်သည့်အရာတစ်ခုရှိသည်။ သူတစ်ပါးကိုဆုံးမပြီးမှကိုယ်တိုင်မှာ ဘုရားသခင်ပယ်ထားသည့် ရတနာဖြစ်သွားမှာဖြင့် မခက်ပေလော။ သို့ဖြစ်၍ သူပြောသလိုသူယုံကြည်ကျင့်သုံး၏။ သူသည် ပြောလေသမျှလုပ်ဆောင်လေသမျှ နေ့စဉ်အသက်တာမှာ ထာဝရဘုရားသခင်နှင့်ဆက်သွယ်မှုရှိကြောင်းကိုပေါ်လွင်စေ၏။ သူ့အတွက် တစ်ခုတည်းသော ပန်းတုံးတိုင်မှာ "ယုံကြည်ခြင်းအတွက်ကြောင့် ဘုရားသခင် ပေးတော်မူသောဖြောင့်မတ်ခြင်း" ပင်ဖြစ်သည်။

လူသည်အသက်ရှင်နေသမျှ အဆိုးနှင့်တိုက်လှန်နေရမည်ကို ပေါလုသိပါသည်။ သို့ဖြစ်၍ လောကဆွဲဆောင်မှုများ သူ၏ ဝိညာဉ်ရေးအားမာန်ကို မလွှမ်းမိုးနိုင်ရန် ဇာတိသဘောကို ဘေးဖယ်ထား၏။ အပြစ်ပြုတတ်သောသဘောကိုကြိုးစား၍ နှိပ်ကွပ်၏။ ထာဝရဘုရားသခင်၏ ပညတ်တရားတော်အတိုင်းလိုက်နာစောင့်ရှောက်လိုသော ဆန္ဒသဘောကို သူအမြဲထား၏။ သူ၏နှုတ်ထွက်စကား၊ ပြုမူချက်များ၊ သွေးသားလိုအင်တပ်မက်မှုများအားလုံးကို ဘုရားသခင်၏ ဝိညာဉ်တော်ထိန်းချုပ်မှုအောက်တွင် ပုံအပ်ထားလိုက်လေပြီ။

ပေါလုသည် ထာဝရအသက်ရရှိရန်အလို့ငှာသာ တာရှုနေကြောင်း ကောရိန်သုတပည့်တော်စုကို သိစေလို၏။ ထိုတပည့်တော်စုတို့ အဖို့မှာလည်း ခရစ်တော်၏အလိုတော်ပုံစံအတိုင်းအသက်ရှင်ကျင့်သျှောက်ဖို့ရန်ခက်ခဲသည်ကိုတော့ ပေါလုလည်းသတိပြုမိလေသည်။

သို့ဖြစ်၍ နေ့စဉ်နေ့တိုင်းဘုရားသခင်ဝတ်၌မွေ့လျော်ရန်၊ အကျင့်မြင့်တင်နေထိုင်ရန်၊ ပညတ်တရားနှင့်အညီတိုက်တွန်းပါ၏။ ဇာတိသဘောဝန်ထုပ်ဝန်ပိုးများကိုဖြေချ၍ ခရစ်တော်သခင်၌စုံလင်ခြင်း ပန်းတုံးတိုင်သို့လိုက်ပြေးရန်ကိုလည်း သူအနူးအညွတ်တောင်းပန်ပါသည်။

မောရှေလက်ထက် သိမ်တော၌လှည့်လည်သွားလာခဲ့သောဘိုးဘေးဣသရေလလူမျိုးတို့၏အတွေ့အကြုံကို ပေါလုသည်ပြောပြ၏။ နားထောင်လျှင်ကောင်းချီးရ၍ အပြစ်နောက်သို့လိုက်သောအခါမူကား တရားစီရင်ခြင်းခံရကြောင်းရှင်းပြသည်။ နေ့အချိန်တွင် မိုးတိမ်အားဖြင့်လည်းကောင်း၊ညအချိန်တွင်

အလင်းတိုင်အားဖြင့်လည်းကောင်း၊ ပင်လယ်နီကိုဘေးမဲ့စွာဖြတ်ကျော်လာခဲ့ပုံ၊ ရန်သူတို့မှုကား၊ ရေနစ်သေဆုံးကြရပုံများတို့ကို ပြန်လည်သတိရစေ၏။ ဤအမှုအားဖြင့် ထာဝရဘုရားသခင်သည် ရှေးဘိုးဘေးဣသရေလလူတို့ကို မိမိ၏အသင်းတော်အဖြစ် အသိအမှတ်ပြုခဲ့၏။ သူတို့တတွေ တရားအစာကိုအတူစားကြ၍ တရားရေကိုအတူသောက်ခဲ့ကြသည်။

တရားကျောက်မှထွက်သောရေကို သောက်ကြသည်။ ထိုကျောက်ကား ခရစ်တော်ဖြစ်ပေသတည်း။ ခေတ်အဆက်ဆက်ရဟူဒီလူမျိုးတို့အတွက် ခရစ်တော်သခင်သည် ဦးဆောင်ခဲ့၏။ အရိုက်ခံရသောကျောက်ဆောင်သည်ပင်လျှင် ခရစ်တော်နှင့်ပုံဆောင်ခဲ့၏။ လူ့အပြစ်ကြောင့် အရိုက်ခံရ၍ အနာတရဖြစ်ကာလူတို့၏ကယ်တင်ခြင်းချောင်းငယ်အဖြစ် အများထံသို့စီးဆင်းသွား၏။

ထာဝရဘုရားသခင်သည်ဟေဗြဲလူတို့ကိုချစ်အားကြီး၏။ သို့တိုင်အောင်လည်း ထိုသူတို့သည် မိမိတို့၏ ဇာတိသဘောသို့လိုက်၍ အီဂျစ်ပြည်၏ စည်းစိမ်ငယ်ကိုသတိရကာ ပုန်ကန်လေတော့သည်။ ထိုအခါ ဘုရားသခင်က တရားစီရင်ရ၏။

ဤသင်ခန်းစာကို ယူနိုင်ကြပါစေဟု မျှော်လင့်မိသည်။ထို့ကြောင့်လည်း "ထိုသူတို့သည် မကောင်းသောအရာတို့ကို တပ်မက်သကဲ့သို့ ငါတို့သည် မတပ်မက်စေခြင်းငှာ၊ ထိုအကြောင်းအရာတို့သည် ငါတို့အဖို့ ပုံသက်သေဖြစ်ကြ၏" ဟုပေါလုဆိုပါသည်။ အကြောင်းရင်းမှာ ထိုသူတို့သည် စားသောက်လျက်ထိုင်နေကြ၏။ နောက်တစ်ဖန် ကခုန်မြူးထူးပျော်ပါးခြင်းငှာထကြ၏။ ပညတ်တော်ကိုနားမထောင်ကြ။ နွားသငယ်ကိုအရုပ်လုပ်၍ ကိုးကွယ်ကြ၏။ ထိုအခါ ထာဝရဘုရားအမျက်တော်ထွက်၍ ကာလနာဘေးဖြင့်တစ်နေ့ချင်းတွင်လူနှစ်သောင်းသုံးထောင်လဲ၍သေ၏။

တမန်တော်သည် ကောရိန်သုတပည့်တော်စုတို့ကို ဤကဲ့သို့အပူတပြင်းတိုက်တွန်းသတိပေးခဲ့သေး၏။ "အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည် မလဲခြင်းငှာသတိပြုစေ။" သို့ဖြစ်၍ လူသည်မိမိကိုယ်ကိုစိတ်ချယုံကြည်၍ ကြွားဝါလာသော် ဆုတောင်းစောင့်မျှော်ခြင်းအမှုကို လျစ်လျူရှုတတ်လာရကား ကြီးလေးသော အပြစ်တွင်းသို့ကျဆင်းစေ၍ မိမိတို့အပေါ်မှာဘုရားသခင်၏ အမျက်ဒေါသကို သက်ရောက်စေလေသည်။ ဤသို့ဖြစ်တတ်သော်လည်း ပေါလုသည် သူတို့ စိတ်ပျက်အောင်မပြောဆိုပါ။ သူတို့ကို

စိတ်ချစေခြင်းငှာသာ အာမခံချက်ပေးခဲ့သည်။ "ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့မခံနိုင်သောစုံစမ်းနှောင့်ယှက်ခြင်းကိုသင်တို့၌ရောက်စိမ့်သောငှာ အခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည်အကြောင်းစုံစမ်းနှောင့်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်။"

တစ်ပါးသူတို့နှင့်ပေါင်းသင်းဆက်ဆံပြုမူပြောဆိုရာ၌လည်း ထိခိုက်နစ်နာစေသော သဘောထားမျိုးမရှိစေရ။ ယုံကြည်ခြင်းမှာ အားနည်းသူတို့ထိမိလဲစရာဖြစ်စေအံ့သောငှာ အပြစ်မရှိနိုင်ဟု မိမိယုံကြည်ထင်မှတ်သော်လည်းမပြုရ။

သို့ဖြစ်၍ "သင်တို့သည် စားသော်လည်းကောင်း၊ သော်ကသော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့။ ခပ်သိမ်းသောလူတို့၏ အလိုသို့အရာရာ၌လိုက်သည်နည်းတူ သင်တို့လည်း ယုဒလူ၊ ဟေလသလူ၊ ဘုရားသခင်၏အသင်းတော်ဝင်သူတို့၌ ထိမိ၍ လဲစရာအကြောင်းကို မပြုဘဲနေလေ။"

တမန်တော်၏ သတိပေးဆုံးမစကားသည် ကောရိန်သုအသင်းတော်အတွက်သာမကသေး၊ ကျွန်ုပ်တို့၏ ယခုခေတ်အသင်းတော်အတွက်ကိုလည်းအထူးလျောက်ပတ်ပါပေသည်။ ယဇ်နတ်ပူဇော်ခြင်းဟုဆိုရာ၌ မိမိကိုယ်ကိုရှေ့တန်းတင်ထားရှိခြင်း၊ လောကစည်းစိမ်ချမ်းသာကို မြတ်နိုးခုံမင်ခြင်း၊ အာရုံငါးပါးအရသာတွင် စုံးစုံးနစ်မြုပ်လိုခြင်းတို့ပါဝင်သည်။ ခရစ်တော်ကို ယုံကြည်ရုံသက်သက်နှင့်အမှန်တရားသိစိတ်အတွက် ဝါကြွားခြင်းသည် လူကိုခရစ်ယာန်တစ်ယောက်မဖြစ်စေနိုင်ပါ။ အာရုံငါးပါးအရသာကိုသာ ရှာဖွေရယူသော ဘာသာတရားသည် ခရစ်တော်သခင်၏ တရားမဟုတ်ပါမိတ်ဆွေ။

ပေါလုသည်အသင်းတော်ကိုလူ့ခန္ဓာကိုယ်နှင့်နှိုင်းယှဉ်ထားပါ၏။ခရစ်တော်၏အသင်းတော်မှာရှိသောသင်းဝင်သူအပေါင်းတို့သည်ရင်းနှီးညီညွတ်စွာပေါင်းသင်းဆက်ဆံရပါမည်။ "ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့်တစ်ကိုယ်တည်းထဲသို့ဗတ္တိဇံခံကြ၏။. . . တစ်စိတ်တစ်ဝိညာဉ်တည်းထဲသို့လည်းသောက်ကြ၏။. . . ကိုယ်သည်အင်္ဂါတစ်ခုတည်းရှိသည်မဟုတ်၊အများရှိသည်ဖြစ်၍ ကိုယ်ခန္ဓာ၌အချင်းချင်းကွဲပြားခြင်းမရှိဘဲ၊. . . သင်တို့သည်ခရစ်တော်၏ကိုယ်ဖြစ်ကြ၏။ အသီးသီးအင်္ဂါတော်ဖြစ်ကြ၏" ဟုပေါလုဆိုပါသည်။

ခေတ်အဆက်ဆက်ရှိ ခရစ်ယာန်တို့သည် ချစ်ခြင်းမေတ္တာရှိကြရပါမည်။ ထိုသဘောကိုပေါလုက ဤသို့ဆို၏။

"ငါသည် လူဘာသာစကားကိုလည်းကောင်း၊ ကောင်းကင်တမန်ဘာသာစကားကိုလည်းကောင်း ပြောနိုင်သော်လည်း မေတ္တာမရှိလျှင်အသံမြည်သော တံပိုးခရာကဲ့သို့လည်းကောင်း၊ တီးသံကိုသာပေးတတ်သောလင်းကွင်းကဲ့သို့လည်းကောင်း ဖြစ်၏။

ပရောဖက်ဉာဏ်ကိုငါရ၍ နက်နဲသောအရာရှိသမျှတို့နှင့်သိပ္ပံအတတ်အမျိုးမျိုးကိုတတ်သော်လည်းကောင်း၊ တောင်များကိုရွှေ့နိုင်သောယုံကြည်ခြင်းအမျိုးမျိုးနှင့် ပြည့်စုံသော်လည်းကောင်း၊ မေတ္တာမရှိလျှင် အချည်းနှီးသက်သက်ဖြစ်၏။

သူတစ်ပါးကိုငါကျွေးမွေး၍ ဥစ္စာရှိသမျှကိုစွန့်ကြဲသည်သာမက ကိုယ်ခန္ဓာကိုမီးရှို့စေခြင်းငှာအပ်သော်လည်း မေတ္တာမရှိလျှင် ငါ၌အကျိုးမရှိ။"

လူသည်တစ်ဖက်ကမ်းခပ်အောင်တတ်နေပါစေ၊ မိမိ၏ နှလုံးသားအိမ်ထဲတွင် ဘုရားသခင်ကိုချစ်သောစိတ်၊ လူသားအချင်းချင်းကိုချစ်သောစိတ်မရှိပါက မှန်သော ခရစ်ယာန်တစ်ယောက်မဟုတ်ပါ။

ယုံကြည်ခြင်းကြီးမား၍ အံ့ဖွယ်အမှုများပင်ပြနိုင်ငြားလည်း မေတ္တာမရှိလျှင် ထိုယုံကြည်ခြင်းသည် တန်ဖိုးမရှိဖြစ်ရ၏။

ရက်ရောသည်ဟု အမြင်ရှိစေပါသော်လည်း စစ်မှန်သောမေတ္တာထက်ပို၍ အခြားသောဦးတည်ရည်ရွယ်ချက်ထားရှိက ဆင်းရဲသားများကို အကုန်အစင်ချကျွေးပါသော်လည်း ဘုရားသခင်ရှေ့တွင် မျက်နှာရမည်မထင်ပါနှင့်။

သူသည် စိတ်အားကြီးသောကြောင့် မာတုရသေခြင်းမျိုးကိုရင်ဆိုင်ဝံ့ပါသော်လည်း မေတ္တာကို အခြေမခံပါကသူသည် လှည့်ဖြားမှုကို ခံရသောစိတ်ထက်သန်သူ(သို့မဟုတ်)ရည်ရွယ်ချက်ကြီးသောဖေါက်ပြန်ရေးသမားဟု ဘုရားသခင်ရှုမြင်ပါသည်။

"မေတ္တာသည်စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည်ငုဏ်ပြိုင်ခြင်းမရှိ။ ဝါကြွားခြင်းမရှိ" ပါ။

အဖြူစင်ဆုံးသော ဝမ်းမြောက်ခြင်းသည်နက်ရှိုင်းသောနှိမ့်ချသည်းခံမှုမှပေါ်ထွက်လာပါ၏။

မြင့်မြတ်သော အကျင့်များမှာလည်း စိတ်ရှည်သီးခံခြင်း၊ မေတ္တာတရားနှင့် အလိုတော်ကိုဝန်ခံခြင်း သဘောမှတည်ဆောက်ထားပါသည်။

မေတ္တာသည် "မလျောက်ပတ်စွာမကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊ဒေါသအမျက်မထွက်တတ်၊အပြစ်ရှိသည်ဟု မထင်တတ်"ပါ။ခရစ်တော်နည်းတူမေတ္တာမျိုး

ရှိသူသည် တစ်ပါးသူများအပေါ် မနောဖြူစင်စွာဖြင့် အကျိုးဆောင်ပေးခြင်း ပေတည်း။ တစ်ပါးသူ၏ အမှားများကိုလည်း မလိုအပ်ဘဲနှင့်မဖေါ်ထုတ်ပါ။ မမှန်မကန်သတင်းကိုလည်း နားထောင်လိုစိတ်အားမကြီးပါ။ သို့သော် တစ်ပါးသူ၏ကောင်းကွက်များကို ရှာဖွေဖေါ်ထုတ်သော အကောင်းမြင်ခြင်းရှိသူဖြစ်ပါသည်။

မေတ္တာသည်"မတရားသောအမှု၌ဝမ်းမြောက်ခြင်းမရှိတတ်၊အမှန်တရား၌ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကိုယုံတတ်၏။ ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာကိုသည်းခံတတ်၏။ ဤမေတ္တာမျိုးသည် "ဖေါက်ပြန်ခြင်းသဘောနှင့်အစဉ်ကင်းလွတ်၏။"

တန်ဖိုးဆုံးရှုံးသည်ဟူ၍မရှိ၊ ကောင်းကင်ဘုံနှင့်ဆိုင်သောဂုဏ်အင်္ဂါတစ်ခုဖြစ်သောကြောင့်ပေတည်း။ တန်ဖိုးရှိရတနာ တစ်ပါးအဖြစ်ငှင်းကိုပိုင်ဆိုင်သူသည် ကောင်းကင်ဘုံဘုရားသခင်၏ မြို့တော်တံခါးဝသို့တိုင်သယ်ဆောင်သွားပါလိမ့်မည်။

"ယခုတွင် ယုံကြည်ခြင်း၊မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ ဤသုံးပါးတည်လျက်ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း။"

အကျင့်စံနှုန်းအဆင့်အားနည်းသော ကောရိန်သုမြို့သားယုံကြည်သူတပည့်တော်တို့တွင်မိမိတို့၏အခြေခံယုံကြည်ချက်တချို့ကိုစွန့်လွှတ်လိုက်လေပြီ။ တချို့မှာ ရှင်ပြန်ထမြောက်ခြင်းကို မယုံကြည်ကြတော့ပါ။ ထိုသူတို့ကိုပေါလုဤသို့ရှင်းပြပါသည်။

"ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့်အသေခံတော်မူ၏။ မြှုပ်နှံပြီးမှ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ထမြောက်တော်မူ၏။ ကေဖသည် ကိုယ်တော်ကိုမြင်ပြီးမှ နှစ်ပါးသောသူတို့သည်မြင်ရကြ၏။ ထိုနောက် ညီအစ်ကိုငါးရာမက၊ တစ်ပြိုင်နက်မြင်ရကြ၏။. . . . ထိုနောက်ယာကုပ်မြင်ရ၏။ထိုနောက်တမန်တော်အပေါင်းတို့သည်မြင်ရကြ၏။ နောက်ဆုံး၌အချိန်မတန်ဖွားသောသူကဲ့သို့ဖြစ်သောငါပင်မြင်ရ၏။"

"သေသောသူတို့သည် ထမြောက်ခြင်းမရှိလျှင်၊ ခရစ်တော်သည်ထမြောက်တော်မမူ၊ ခရစ်တော်သည် ထမြောက်တော်မမူလျှင် ငါတို့ဟောပြောခြင်း၌အကျိုးမရှိ။ သင်တို့ ယုံကြည်ခြင်း၌လည်း အကျိုးမရှိ။ အပြစ်မကောင်းမှု

အောက်၌ရှိကြသေး၏။ ထိုမှတစ်ပါး ခရစ်တော်ကိုယုံကြည်၍ အိပ်ပျော်သော သူတို့သည် ဆုံးရှုံးခြင်းသို့ရောက်ကြပြီ။

ငါတို့သည် ခရစ်တော်ကိုအမှီပြု၍ယခုဘဝ၌သာမျှော်လင့်စရာရှိလျှင် အခြားသောသူအပေါင်းတို့ထက်သာ၍ ဆင်းရဲသောသူဖြစ်ကြ၏။ ယခုမူကား ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူ၍အိပ်ပျော်သောသူတို့တွင် အဦး သီးသောအသီးဖြစ်တော်မူပြီ။”

ဆက်လက်၍ပေါလုသည် ရှင်ပြန်ထမြောက်ခြင်း၏ နံနက်ချိန်ခါကို ဤသို့ဝမ်းမြောက်စွာကြွေးကြော်ပါသေး၏။ “နက်နဲသောအရာတစ်ခုကို ငါပြဦး မည်။” “ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။ သို့သော်လည်း နောက် ဆုံးသောတံပိုးမှုတ်သောအခါ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌ ငါတို့ရှိသမျှ သည်ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။

ထိုတံပိုးမှုတ်ချိန်ရောက်သောအခါသေလွန်သောသူတို့သည်မပုပ်နိုင် သောအဖြစ်၌တည်လျက် ထမြောက်၍ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက် ရကြမည်။

ဤပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့လည်းကောင်း၊ ဤသေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့လည်းကောင်း၊ဝင်စား သောအခါ သေခြင်းသည် အောင်ခြင်း၌နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက်ပြည့်စုံ လိမ့်မည်။ “အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။

ငါတို့သခင်ယေရှုခရစ်အားဖြင့် ငါတို့အားအောင်ခြင်းအခွင့်ကိုပေး တော်မူသောဘုရားသခင်၏ကျေးဇူးတော်သည်ကြီးလှစွာ တကား။”

သစ္စာရှိသူတို့အားစောင့်မျှော်နေသော အောင်မြင်ခြင်းဘုန်းတန်ခိုးသည် ကြီးလှစွာတကား။ ပေါလုသည် ကောရိန်သုမြို့သားယုံကြည်သူတို့ကို မမြဲသော အရာနှင့်ကိုယ်ကျိုးကိုပြစ်ပယ်၍ မသေနိုင်သောအဖြစ်ကို မျှော်လင့်စေလိုပါ သည်။

ထို့ကြောင့်ငါချစ်သောညီအစ်ကိုတို့၊သင်တို့သည်ဘုရားသခင်၏အမှု တော်ကိုဆောင်ရွက်၍ အကျိုးကြီးသည်ကိုသိမှတ်သဖြင့် တည်ကြည်သောစိတ်နှင့် ပြည့်စုံ၍ မရွေ့မလျော့၊ မတိမ်းမယိမ်းဘဲ ဘုရားသခင်၏အမှုတော်ကို ကြိုးစား အားထုတ်ကြလော့” ဟု ပေါလု အနူးအညွတ်တောင်းပန်စကားပြောကြားလိုက် ပါသည်။

ဤသို့လျှင် ပေါလုသည်ခိုင်မာသောဆုံးဖြတ်ချက်အသွင်ကို ဆောင်ကာ ကောရိန်သုအသင်းတော်အား အမှားနှင့်အန္တရာယ်လုပ်ရပ်များကို ရှောင်၍အမှန်ကိုလုပ်ဆောင်ရန် တိုက်တွန်းခဲ့ပါ၏။ ထိုအသက်ဝိညာဉ်များစွာကိုလည်းသံယောဇဉ်ရှိပါသည်။ သူ၏သတိပေးပဲ့ပြင်ဆုံးမစကားကို ကောင်းကင်ဘုံဘုရားသခင်၏ ပလ္လင်တော်မှအလင်းရောင်တော်က တောက်ပြောင်စေပါ၏။ သူ၏ဆုံးမစကားကို ယုံကြည်သူတို့မမေ့ပျောက်စေလိုပါ။ တမန်တော်ကြီးကဲ့သို့တာဝန်ဝတ္တရားကိုထမ်းရွက်နေရသူ အသင်းတော်ခေါင်းဆောင်လူကြီးများတို့သည်လည်း ဤနည်းအတိုင်းပင်ဖြစ်ပါ၏။ ကိုယ်ချင်းစာနိုင်ကြပါသည်။ အသင်းတော်အတွင်းသဘောထားကွဲပြားမှုရှိနေပါသော်လည်းကောင်း၊ သနားကြင်နာသဖြင့်ထောက်ပံ့ကူညီပါသော်လည်း ကျေးဇူးမတင်သည့်အပြင် ပျက်စီးစေလိုသည့်သဘောနှင့် ငြင်းပယ်အပ်နှံခြင်းသည်လည်းကောင်း၊ အသင်းတော်မှာ တဖြည်းဖြည်းနှင့်စိုးရိမ်ဖွယ်ရာအပြစ်ဆိပ်ကမ်းဆီသို့ အတင်းချဉ်းကပ်ရန် သွေးဆောင်လှည့်ဖြားခြင်းခံနေရပုံကို သတိပြုဆင်ခြင်မိသည်လည်းကောင်း သူတို့စိတ်ပင်ပန်းစေပါသည်။ မည်သို့ပင်ဖြစ်စေ၊ ပေါလုသည် စိုးရိမ်စိတ်ကြီးစွာဖြင့် သူ၏ သတင်းကောင်းတုံ့ပြန်မှုကို စောင့်မျှော်နားစွင့်လျက်ရှိနေပါသည်။

---ooo---

# အခန်း(၃၁)
# သတင်းစကားကိုသတိပြုသောအခါဝယ်

(ဤအခန်းသည် ကောရိန်သုဩဝါဒစာဒုတိယစောင်ကိုအခြေပြုထားသည်)

ပေါလု၏ဖက်မြို့မှနေ၍အခြားသို့ခရစ်ယာန်သာသနာခရီးတစ်ထောက်ပြုဦးမည်ဟုစီစဉ်ထားပါသည်။ ဤသို့လျှင် တရောမြို့သို့ရောက်၍ စောင့်ဆိုင်းနေစဉ်"ခရစ်တော်၏ဧဝံဂေလိသတင်းစကားကိုဟောကြားသဖြင့်" ထိုသတင်းစကားကိုစိတ်ဝင်စားသောသူတချို့ရှိလေသည်။ ဤသည်ကို "ဘုရားသခင်သည်ငါ့အားတံခါးကိုဖွင့်တော်မူသောအခါ" ဟုပေါလုဆိုပါသည်။

တရောမြို့တွင်ဧဝံဂေလိလုပ်ငန်းအောင်မြင်ပါသော်လည်း အချိန်များများမပေးနိုင်ခဲ့ပါ။ အသင်းတော်များကိုစောင့်ရှောက်သတိပေးလိုစိတ်က ပြင်းပြလှပါ၏။ အထူးသဖြင့်ကောရိန်သုအသင်းတော်ကိုသတိရပါသည်။ တရောမြို့တွင် ပေါလုသည် တိတုကိုမတွေ့ရသဖြင့် ကောရိန်သုအသင်းတော်၏ဧဝံဂေလိတရားတုံ့ပြန်မှုများကိုလည်းမကြားသိရသေးပါ။ စိတ်ဆင်းရဲလှပါသည်။ သို့ဖြစ်၍ ပေါလုသည် ထိုသူတို့ကိုအခွင့်ပန်ပြီးမှ တရောမြို့ကိုစွန့်ခွာ၍ မာကေဒေါနိပြည်သို့ကူးသဖြင့် ဖိလိပ္ပိမြို့တွင်ရှိသော တိမောသေနှင့်တွေ့ဆုံခဲ့လေသည်။

ပေါလုသည်ကောရိန်သုမြို့ရှိအသင်းတော်အတွက်ပူပန်ခဲ့ပုံကိုကြည့်ပါ။ ထိုအသင်းတော်မှအကောင်းဆုံးတုံ့ပြန်မှုကို ပေါလု မျှော်လင့်ခဲ့ပါသော်လည်းမိမိ၏အကြံပြုနိုးဆော်ချက်များကို တလွဲနားလည်မိမှာကို စိုးရိမ်နေပါသည်။

သို့ဖြစ်၍ နောင်သောအခါပေါလုက ဤသို့ရေးပါသည်။ "ငါတို့သည်အနားမနေရပါ။ ပတ်ပတ်လည်မှာလည်း ဆင်းရဲဒုက္ခနှင့်ပြည့်နေသည်။ အပြင်မှာဆိုင်ပြိုင်တိုက်လှန်ရသလို၊ အတွင်း၌ကား စိုးရိမ်စိတ်ကရှိနေသည်။ သို့သော်လည်း ထာဝရဘုရားသခင်သည် စိတ်အားငယ်နေသူများကို မပစ်ထား၊ နှစ်သိမ့်မှုကိုပေး၏ ငါတို့သည်လည်း တိတုအားဖြင့် နှစ်သိမ့်မှုကိုရလေသည်။"

တိတုသည်သစ္စာရှိ၏။ ကောရိန်သုတပည့်တော်စုထံမှဝမ်းမြောက်ဖွယ်သတင်းကောင်းကိုသယ်ဆောင်လာသည်။ပေါလု၏ဩဝါဒစာကိုထိုတပည့်တော်စု

တို့သည် လက်ခံကြ၏။ ခရစ်ယာန်အသက်တာမှာ ပြောစရာမဖြစ်အောင်နေလာသည်။ လက်တွေ့ကျသောတရားတော်၌ မွေ့လျော်မှုကိုပြုထားကြပါသည်။

ထိုသတင်းကောင်းကို တမန်တော်ကြားရသဖြင့် ကောရိန်သုအသင်းတော်သို့ဒုတိယစာစောင်ကို ပေးပို့လိုက်သည်။ "ဝမ်းမြောက်ခြင်း၏အကြောင်းသည် သင်တို့ရှိသမျှ၏ ဝမ်းမြောက်ခြင်းအကြောင်းဖြစ်သည်ကို ငါသဘောကျသည်ဖြစ်၍၊ ငါရောက်သောအခါ ငါ့ကိုဝမ်းမြောက်စေအပ်သောသူတို့သည်ဝမ်းနည်းခြင်းအကြောင်းကို မပြုစေခြင်းငှာ အထက်စာကို ငါရေးပေးလိုက်၏။. . .

ငါသည်သင်တို့အား အလွန်ချစ်သောမေတ္တာစိတ်ကို သင်တို့သိစေခြင်းငှာငါရေး၏။. . . ယခုတွင် ငါသည်ဝမ်းမြောက်ခြင်းရှိ၏။ ငါသည်ယခင်အခါ၌နောင်တရှိသော်လည်း ယခုအခါ၌မရှိ။. . . . ထိုစာသည် သင်တို့ကိုဝမ်းနည်းစေ၍နောင်တရသောကြောင့် ဝမ်းမြောက်ခြင်းရှိ၏။

ဘုရားသခင်၏အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် ကယ်တင်ခြင်းနှင့်ယှဉ်သောနောင်တစိတ်တည်းဟူသော မပြောင်းလဲနိုင်သော နောင်တစိတ်ကိုပြုပြင်တတ်၏။"

ထိုနောင်တမျိုးသည် ဘုရာသခင်၏ကျေးဇူးတော်ကြောင့်သာဖြစ်၍ အပြစ်ကိုကျော်ခိုင်း၍ဝန်ချတောင်းပန်ခြင်းအမှုကိုပြုစေ၏။ဤကားကောရိန်သုအသင်းတော်များ၏ ခံစားရသော အကျိုးကျေးဇူးအသီးအပွင့်များပေတည်း။

ပေါလုသည် အသင်းတော်များအတွက် ဝန်လေးခဲ့ရသမျှ တစ်ခါတစ်ခါဧဝံဂေလိတရားမှန်ကို ဆန့်ကျင်ဖျက်ဆီးလိုသောဆရာတု ဆရာယောင်များနှင့်လည်းရင်ဆိုင်ရပါသည်။ သို့ဖြစ်၍ သူသည်စိတ်ပျက်အားလျော့ကာ အချက်ကြုံရှုပ်ထွေးမှုများစဉ်အခါ ဤသို့ဆိုခဲ့သည်မဟုတ်လော။

"ထိုသူတို့သည်အတုအယောင်တမန်တော်ဖြစ်ကြ၏။ ခရစ်တော်၏တမန်တော်ယောင်ဆောင်၍ လှည့်ဖြားတတ်သောအမှုစောင့်ဖြစ်ကြ၏။ ဤအမှုသည်အံ့ဩဖွယ်ဖြစ်သည်မဟုတ်။ စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်အဖြစ်ယောင်ဆောင်တတ်၏။. . . . ငါတို့သည်အမှန်တရားကို ဆီးတားခြင်းငှာအလျှင်းမတတ်နိုင်ကြ။ အမှန်တရားဘက်၌နေ၍သာတတ်နိုင်ကြ၏။"

ငါတို့ခံရသော ဆင်းရဲခြင်းတည်းဟူသော အသက်မလွတ်နိုင်ဟုထင်ရ၍မခံနိုင်အောင်အတိုင်းထက် အလွန်လေးသော ဆင်းရဲခံကြောင်းကိုသင်တို့မသိဘဲနေစေခြင်းငှာ ငါတို့အလိုမရှိ။"

ယခုတော့စိုးရိမ်မှုတစ်ခုပပျောက်သွားချေပြီ။ သူ၏စာစောင်ကိုကောရိန်သုအသင်းဝင်များလက်ခံသဖြင့် ဝမ်းမြောက်စွာ၍သို့ဆိုသည်။ "သနားခြင်းကရုဏာ၏အဖ၊ သက်သာခြင်းအမျိုးမျိုးတို့၏အရှင်တည်းဟူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ခရစ်တော်ကြောင့် ငါတို့ခံရသော ဆင်းရဲခြင်းသည် အလွန်များပြားသည်နည်းတူ၊ ခရစ်တော်၏ ကျေးဇူးတော်အားဖြင့် ငါတို့ခံရသောသက်သသာခြင်းသည် အလွန်များပြား၏။ (ငါတို့ခံရလေသမျှသည်) သင်တို့၏ သက်သာခြင်းနှင့်ကယ်တင်ခြင်းအကျိုးအလို့ငှာဖြစ၏။"

ဆက်လက်၍အသက်တာနှင့်နှလုံးသားပြောင်းလဲသွားသူတို့ကိုရည်ညွှန်း၍ပေါလုသည်၍သို့ဘုရားသခင်ကိုချီးမွမ်းမိသည်။"ငါတို့သည်ခရစ်တော်နှင့်အတူအောင်ပွဲကို အစဉ်ခံစေခြင်းငှာလည်းကောင်း၊ ထိုသခင်ကိုသိခြင်းအမွှေးအကြိုင်သည် ငါတို့အားဖြင့် အရပ်ရပ်တို့၌နံ့ပြားစေခြင်းငှာလည်းကောင်း ပြုတော်မူသောဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခြင်းရှိစေသတည်း။"

ထိုစဉ်ကာလထုံးစံတစ်ခုရှိ၏။တိုက်ပွဲမှအောင်မြင်စွာပြန်ရောက်လာသောစစ်သူရဲတွင် စစ်သုံ့ပန်းများတသီတတန်းကြီးပါလာသည်။ ထိုသုံ့ပန်းတို့အားအမွှေးအကြိုင်ပက်ဖျန်းပေးရသော သီးသန့်တာဝန်ခံများဟူ၍ ရွေးချယ်ထားရှိ၏။အိမ်အပြန်အောင်ပွဲခံစစ်သူရဲများ ဝမ်းမြောက်စွာ ချီတက်ပြန်လာသည်တွင် သုံ့ပန်းများကို ရေမွှေးဖျန်းပေးကြသည်။

ထိုရေမွှေးရနံ့ရသူစစ်သုံ့ပန်းများသည်သေရမည်ဆိုကသေခြင်း၏မွှေးရနံ့ဟုခေါ်၏။ သေချိန်နီးကြောင်းသိရပေမည်။သို့သော်ဖမ်းဆီးခေါ်ဆောင်လာသူ၌မျက်နှာရသော် ထိုသူသည် အသက်ချမ်းသာရသဖြင့် အသက်ရှင်ခြင်း၏မွှေးရနံ့ရှင်ဟုခေါ်ရလိမ့်မည်။ လွတ်ကျွတ်ချိန်နီး ကြောင်းကိုသိနိုင်ပါ၏။

ယခုတွင်ပေါလု၌ မျှော်လင့်ခြင်းနှင့်ယုံကြည်ခြင်းအပြည့်ရှိသည်။ ကောရိန်သုမြို့တွင်ရှိသော ဘုရားသခင်၏အမှုတော်ကိုစာတန်မလွှမ်းမိုးနိုင်တော့ရာ သူခံစားမိသည်။ သူနှင့်အပေါင်းပါများ ကယ်တင်ရှင်အား သိကျွမ်းခြင်းပညာကို လက်ဆင့်ကမ်းကောင်းမှုပြုနေကြလေပြီ။ ဧဝံဂေလိမွှေးရနံ့သည် ကမ္ဘာအဝှမ်းပျံ့နှံ့ပေတော့မည်။ ထိုခရစ်တော်ကိုလက်ခံသူတို့၌ သတင်းစကားသည် အသက်ရှင်ခြင်း၏ အမွှေးအကြိုင်ဖြစ်သလို၊ မယုံကြည်သောသူတို့၌ သေခြင်း၏မွှေးရနံ့ပင်ဖြစ်ပေတော့အံ့။

အမှုတော်မြတ်သည် အလွန်တရာပင်ကြီးကျယ်လှပါ၏။"မည်သူသည် ဤအမှုတော်များကိုထမ်းရွက်ပါမည်နည်း" ဟု ပေါလုကြွေးကြော်မိလေသည်။ မည်သူသည် ရန်သူစာတန်နှင့်အပေါင်းပါတို့ကိုဖြိုခွင်း၍ ခရစ်တော်၏ဧဝံဂေလိသတင်းစကားကိုဟောပြောပါမည်နည်း။ ဧဝံဂေလိသာသနာတော်ထမ်းရွက်ရမည့်မြင့်မြတ်သော တာဝန်သည် ယုံကြည်သူတိုင်း၌ရှိကြောင်း ပေါလုပြောချင်ပါသည်။

တရားဟောဆရာများသည် တရားတော်ကိုသစ္စာရှိစွာဟောပြောခြင်းဖြုစင်၍ညီညွတ်လျောက်ပတ်သောအသက်တာနှင့်ကျင့်ကြံပြုမူနေထိုင်ခြင်းလုပ်ရပ်တို့သာလျှင် အသက်ဝိညာဉ်များအတွက် အကျိုးဖြစ်ထွန်းစေ၍ ဘုရားသခင်လက်ခံနိုင်ဖြစ်ပါသည်။ ယခုခေတ်အမှုတော်ဆောင်များတို့သည်လည်းခရစ်ယာန်သာသနာတော်အသိစိတ်ဖြင့် တမန်တော်ကြီးကဲ့သို့ပင် "မည်သူသည် ဤအမှုတော်များကိုထမ်းရွက်ပါမည်နည်း" ဟု မေးအပ်ပါပေသည်။

တချို့သောပုဂ္ဂိုလ်များသည် ပေါလု၏ ပထမစာစောင်ကိုဤသို့ဝေဖန်၏။ ပေါလုသည် မိမိကိုယ်ကိုမိမိချီးမွမ်းထောက်ခံပြောဆိုသည်။ ထိုသို့ဆိုရာ၌ ပေါလုကဤသို့ခြေပပြောဆိုပါသည်။ "ငါတို့သည် အဘယ်သူထံမှချီးမွမ်းထောက်ခံချက်ကိုရယူရမည်နည်း။"ယုံကြည်သူများတစ်နေရာမှတစ်နေရာသို့ပြောင်းရွှေ့နေထိုင်ကြသောအခါမိမိတို့အသင်းတော်မှထောက်ခံစာကို ဆောင်သွားလေ့ရှိပါသည်။သို့သော်လည်းထိုအသင်းတော်ကို စတင်ဦးဆောင်အုတ်မြစ်ချခဲ့သောသူတို့၌ အဘယ်ထောက်ခံချက်မျှမရှိပါချေ။ ကောရိန်သုအသင်းဝင်များ ယဇ်နတ်ကိုသေခြင်းမှကျောခိုင်း၍ ဧဝံဂေလိတရားတော်ကိုယုံကြည်စွာ စွဲလန်းလာသောအခါ ပေါလုမှလွဲ၍ထောက်ခံသူလူသားမရှိတော့ပြီ။

သူတို့၏အမှန်တရားသိမှတ်ခြင်းနှင့်အသက်တာပြောင်းလဲ၍ဘဝသစ်သို့ကူးပြောင်းခြင်းတို့သည်စကားပြောသော သက်သေများပင်ဖြစ်ပါ၏။ ပေါလုသည်ခရစ်တော်၏အစေခံကောင်းတစ်ဦးကဲ့သို့သစ္စာရှိစွာဖြင့်တရားဟောဆရာအလုပ်ကိုလုပ်ဆောင်နေကြောင်း၊သူတွင်အကြံပြုပွဲပြင်ဆုံးမနှိုးဆော်အားပေးနိုင်သောတန်ခိုးအာဏာနှင့်လည်းပြည့်ဝကြောင်းထင်ရှားနေပါသည်။

ကောရိန်သုညီအစ်ကိုတို့သည်သူ၏သက်သေဖြစ်ကြောင်းပေါလုသတ်မှတ်ပါသည်။"သင်တို့သည်ငါတို့စိတ်နှလုံးပေါ်၌ရေးထားသောစာ လူအပေါင်းတို့သိ၍ဖတ်တတ်သော ငါတို့စာပင်ဖြစ်ကြသတည်း။ အသက်ရှင်တော်မူသော

ဘုရားသခင်၏ဝိညာဉ်တော်နှင့်ကျောက်ပြားပေါ်မှာမရေးဘဲ အသားနှင့်ပြည့်စုံသောနှလုံးပြားပေါ်၌ ရေးသည့်ငါတို့ပြုစုသော ခရစ်တော်၏စာထင်ရှားစွာဖြစ်ကြ၏။"

အပြစ်သားတို့သည်ဘဝဟောင်းကိုစွန့်၍အမှန်တရားနှင့်အညီသန့်ရှင်းဖြူစင်သောအသက်တာနှင့် ဆက်လက်နေထိုင်သက်ရှင်သွားသည်အရာမှာသူတို့ကို ပြောင်းလဲပြုပြင်ပေးသူ တရားဟောဆရာတစ်ယောက်အတွက် ကြီးမားသောသက်သေပင်ဖြစ်ပါ၏။ ထိုတရားဟောဆရာသည် ဘုရားသခင်၏လူဖြစ်ကြောင်း ထင်ရှားပါသည်။ ပြောင်းလဲလာသောလူတို့၏ နှလုံးသားအိမ်များထဲတွင် ခရစ်တော်တည်ရှိတော်မူသဖြင့် ဘုန်းတော်နှင့်ပြည့်ဝသောမျှော်လင့်ခြင်းလည်း ရှိကြပါသည်။

ယနေ့ကာလ ခရစ်တော်သခင်၏စေတမန်များသည်လည်း ကောရိန်သူအသင်းတော်ကိုတည်ထောင်ခဲ့သော ပေါလု၏ ကြိုးပမ်းမှုများကဲ့သို့ဖြစ်ရပါမည်။ ခေတ်အဆက်ဆက်တွင်ခရစ်တော်သခင်၏သဘောမျိုးနှင့်ပြည့်ဝသောမေတ္တာရှင်သန့်ရှင်းသောတရားဟောဆရာကြီးများရှိသလို၊ ခရစ်တော်၏ ဘာသာရေးကိုမြတ်နိုးသည်ဟုဆိုလျက် မာနနှင့်ယဇ်မူးသောသူ၊ ဘုရားသခင်ကိုအားမကိုးဘဲ မိမိကိုယ်ကိုအားကိုးယုံကြည်သူ၊ လောကဆန်သူ၊ အမှားမြင်ခြင်းရှိသူ၊ ခါးခါးသီးသီးခက်ထန်သောသူ၊ မနာလိုဝန်တိုတတ်သူတို့လည်းရှိကြပါသည်။ ထိုသူတို့သည် မိမိတို့၏ ခရစ်ယာန်သာသနာနယ်မြေတွင် ကယ်တင်ရှင်၏ အသက်တာကို ကိုယ်စားပြုနေကြသူများမဟုတ်ပါချေ။

လူတစ်ယောက်အတွက်ဘုရားသခင်၏နိုးကြားအောင်မြင်သောဧဝံဂေလိတရားဟောဆရာတစ်ယောက်အဖြစ်ခံယူခွင့်ရရှိခြင်းထက် ပိုမိုသောကျက်သရေသည်မရှိတော့ပါ။အမှုတော်မြတ်တွင်ဘုရားသခင်ကောင်းချီးပေးသဖြင့် တန်ခိုးထွား၍အောင်မြင်သောသူသော်လည်း မဝါကြွားတတ်ပါချေ။ ပေါလုကဲ့သို့သူတို့ ပြောပါသည်။"ငါတို့သည်ကိုယ့်တန်ခိုးကိုအမှီပြု၍ ကိုယ့်အလိုအလျောက်တစ်စုံတစ်ခုကိုကြံစည်ခြင်းငှာတတ်နိုင်သည်မဟုတ်။ဘုရားသခင်ကိုအမှီပြု၍သာတတ်နိုင်သည်နှင့်အညီကတိပြုတရားသစ်၏ဆရာဖြစ်နိုင်သောအစွမ်းသတ္တိကိုဘုရားသခင်သည်ငါတို့အားပေးတော်မူ၏။"

စစ်မှန်သောတရားဟောဆရာတစ်ယောက်သည်သခင်၏အလုပ်ကိုလုပ်သည်။မိမိ၏အလုပ်သည်အရေးကြီးကြောင်း မိမိသိနားလည်၏။အသင်းတော်နှင့်

လောကကြီးကိုကြည့်ရှုစောင့်ထိန်းရန်အမြင်ရှိသည်။ အပြစ်သားများကိုသာ၍မြင့်မြတ်ကြီးမြင့်သော အသက်တာဖြင့် နေထိုင်သွားရန်နှင့် အောင်မြင်သူအားဆုလာဘ်ရစေရန် ကူညီရှေ့ဆောင်ပေးသည်။ မျှော်လင့်ချက်ကင်းမဲ့နေသူကိုယေရှုသခင်ထံနှုတ်၏စောင့်မခြင်းဖြင့်စောင့်မသည်။ ဆုတောင်းခြင်းအမှုတွင်စိတ်အားကြီး၏။

သန့်ရှင်းသောဝိညာဉ်တော်သည် သူ့နှလုံးသားအိမ်ထဲမှာ ခိုနားသဖြင့် ကောင်းကင်ဘုံမီးလျှံထဲနှင့်အားအင်ဆောင်လျက် ဝိညာဉ်ရေးဆိုင်ရာများကိုအမြင်ကြည်၏။ စာတန်၏အမာခံများကို ဖြိုခွင်းနိုင်သော တန်ခိုးသူ့တွင်ရှိသည်။ ဘုရားသခင်၏ မေတ္တာတော်သတင်းစကားကိုကြွေးကြော်သဖြင့် ကြားနာသူများနှလုံးကြေကွဲကာ "ထာဝရအသက်ရရန် ကျွန်ုပ်ဘာလုပ်ရမည်နည်း" ဟုမေးမြန်းလာစေပါသည်မိတ်ဆွေ။

"ထိုကြောင့်ငါတို့သည်ထိုသို့သော တရား၏ အမှုကိုဆောင်ရွက်သောသူဖြစ်၍ သနားကြင်နာမှုကျေးဇူးတော်ကိုခံရသည်နှင့်အညီ အားလျော့စိတ်ပျက်ခြင်းနှင့်ကင်းလွတ်ကြ၏။ ဆိတ်ကွယ်ရာအရပ်၌ပြုသော ရှက်ဖွယ်သောအမှုများကိုပယ်ကြ၏။ ပရိယာယ်ကိုမသုံး၊ ဘုရားသခင်၏ နှုတ်ထွက်တရားတော်ကိုထိမ်ဝှက်မှောက်လှန်ခြင်းမရှိ။အမှန်တရားကိုအတိအလင်းဖော်ပြ၍ ဘုရားသခင်ရှေ့တော်၌လူအပေါင်းတို့၏စိတ်ထင်အတိုင်းချီးမွမ်းဖွယ်သောအကျင့်ဓလေ့ကိုကျင့်ကြ၏။ ငါတို့ဟောပြောသောဧဝံဂေလိတရားသည်ဖုံးအုပ်လျှက်ရှိလျှင် ဆုံးရှုံးခြင်းသို့ရောက်သောသူတို့အားသာ ဖုံးအုပ်လျက်ရှိကြ၏။

ထိုသို့မယုံကြည်သောသူတို့ကားဘုရားသခင်၏ပုံသဏ္ဍာန်တော်တည်းဟူသောခရစ်တော်၏ဘုန်းအသရေနှင့်ပြည့်စုံသောဧဝံဂေလိတရား၏အလင်းရောင်သည်အလင်းကိုမပေးစေခြင်းငှာဤလောကကိုအစိုးရသောဘုရားသခင်သည်သူတို့၏ဉာဏ်မျက်စိကိုကွယ်စေ၏။ငါတို့သည်ကိုယ့်အကြောင်းကိုဟောပြောသည်မဟုတ်။ယေရှုခရစ်တော်သည်သခင်ဖြစ်တော်မူကြောင်းကိုလည်းကောင်း၊ငါတို့သည်ယေရှုအတွက်သင်တို့၏ကျွန်ဖြစ်ကြောင်းကိုလည်းကောင်းဟောပြောကြ၏။မှောင်မိုက်ထဲကအလင်းထွန်းလင်းမည်အကြောင်းမိန့်တော်မူသောဘုရားသခင်သည်ယေရှုခရစ်၏မျက်နှာ၌ထွန်းလင်းသောဘုရားသခင်၏ဘုန်းတော်ကိုသိသောဉာဏ်၏အလင်းရောင်ကိုပေးလိုသောငှာငါတို့စိတ်နှလုံးထဲ၌အလင်းကိုထွန်းလင်းစေတော်မူ၏။"

ဤသို့လျှင် တမန်တော်ကြီးသည် ဘုရားသခင်၏ကျေးဇူးတော်နှင့်သနားကြင်နာမှုကိုချဲ့ထွင်ဖော်ပြ၏။

ဘုရားသခင်၏ ကြွယ်ဝသောသနားကြင်နာမှုကြောင့်သာလျှင် သူတို့အပေါင်းပါတို့သည် အခက်အခဲမျိုးစုံ၊ဆင်းရဲခြင်းဘေးရန်အပေါင်းမှလွတ်မြောက်ခဲ့ရသည်မဟုတ်လော။

တမန်တော်တို့သည်အများနားထောင်ကောင်းအောင် နူးညွှတ်သောစကားကိုမသုံးပါ။ အမှန်တရားကိုရိုးစင်းစွာ ဖြင့်အသက်ဝိညာဉ်များပြောင်းလဲသက်ရှင်နေထိုင်တတ်လာရန်ကိုသာဆုတောင်း၍ တင်ဆက်ကြပါသည်။

ဆက်လက်၍တမန်တော်ကြီးပြောဆိုသည်မှာ "တန်ခိုးတော်၏ဂုဏ်အသရေသည် ငါတို့နှင့်မဆိုင်၊ဘုရားသခင်နှင့်ဆိုင်မည်အကြောင်း၊ ထိုဘဏ္ဍာသည် မြေအိုးထဲမှာထည့်ထားလျက် ငါတို့၌ရှိ၏။"

အမှန်အားဖြင့် ဘုရားသခင်သည်မိမိ၏ သတင်းကောင်းကိုဆောင်ရန် အပြစ်မဲ့သောကောင်းကင်တမန်များကိုအသုံးပြုသည်။ လူသားအားဖြင့် ထာဝရဘုရားသခင်သည် မိမိ၏ကောင်းချီးမင်္ဂလာများကို လောကကြီးသို့ပေးပို့နေပါ၏။ လူသားအားဖြင့်သာတရားအလင်းသည်အပြစ်မှောင်ထုကိုဖြိုခွင်းရန်ဖြစ်ပါသည်။

ပေါလုသည် ခရစ်တော်သခင်၏အစေကိုခံဖို့ရန် အလုပ်ကိုရွေးချယ်ခဲ့ရာ၌ တစ်ကိုယ်ကောင်းစိတ်ဖြင့်မဟုတ်ပါ။ အကြောင်းမူကား သူ၏ခရီးလမ်းသည်"အမျိုးမျိုးသောနှောင့်ယှက်ခြင်းကိုခံရသော်လည်း" ဟု ရေးသားခဲ့ပါ၏။

"သို့သော်လည်း အကျိုးနည်းခြင်းသို့မရောက်။ မကြံစည်နိုင်အောင်ရှိသော်လည်းစိတ်မပျက်။ ညှင်းဆဲခြင်းကိုခံရသော်လည်း ရှုံးခြင်းမရှိ။ အောက်သို့လှဲခြင်းကိုခံရသော်လည်း ဆုံးရာသို့မရောက်။

သခင်ယေရှုသည် အသက်ရှင်တော်မူကြောင်းကို ငါတို့ကိုယ်ခန္ဓာ၌ထင်ရှားစေခြင်းငှာ ယေရှု၏ အသေခံတော်မူခြင်းကိုအစဉ်မပြတ် ငါတို့၏ကိုယ်ခန္ဓာ၌ဆောင်ရကြ၏။"

ပေါလုနှင့်အမှုတော်ဆောင်တရားဟောဆရာတို့သည် ခရစ်တော်သခင်၏သေခြင်းနှင့်ပုံစံကိုက်အောင်ပင် ဆင်းရဲခြင်းအခက်အခဲကို ခံယူလေ၏။ ထိုသူတို့၏ အနစ်နာခံမှုသည် ကောရိန်သုအသင်းဝင်များအတွက် ဝိညာဉ်ရေးတွင် ကျန်းမာစေ၏။ သို့ဖြစ်၍ ထိုသို့သော တရားဟောဆရာတို့ကို မပစ်ပယ်ကောင်းပါ။

ပေါလုသည် မိမိ၌အပ်နှင်းထားသောအလုပ်ကို အခိုင်အမာသိရှိထားပြီဖြစ်သောကြောင့် ထိုလမ်းမှလွဲသွားရန် ဘာကမျှသူ့ကိုလှည့်ဖြား၍မရပါ။စည်းစိမ်ချမ်းသာဂုဏ်အသရေနှင့်လောကပျော်မွေ့ခြင်းတို့နှင့်လည်း သူ့မလဲလှယ်နိုင်ပါ။ မိမိ၏ယုံကြည်ခြင်းကြောင့် မာတုရသေခြင်းနှင့်အန္တရာယ်ကို အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရသော်လည်း တွန့်ဆုတ်ခြင်းလုံးဝမရှိပါ။ အကြောင်းမှာ သေလွန်ခဲ့ပြီးသော်လည်း တစ်ဖန်ရှင်ပြန်ထမြောက်သောသူသည် မိမိအားဂူသင်္ချိုင်းမှထမြောက်စေ၍ အဖခမည်းတော်ဘုရားသခင်ထံပို့ဆောင်ပေးမည်ကို သူသိမှတ်စွဲလမ်းနေသောကြောင့်ပေတည်း။

ပေါလုတို့ဆက်ကပ်လုပ်ဆောင်လေသမျှတို့သည် ကောရိန်သုမြို့သားယုံကြည်သူတပည့်တော်စုများအဖို့သာဖြစ်၏။ ဘုရားသခင်ဘုန်းတော်ထင်ရှားစေသည်ဖြစ်၍လည်း ကျေးဇူးတော်ကြီးလှပါပေသည်။ ဤတွင်တမန်တော်များသည် ဧဝံဂေလိတရားတော်ကိုဟောကြားရာ၌ မိမိတို့ကိုယ်ကိုရာထူးအဆင့်အတန်းကြီးမြင့်စေလို၍မဟုတ်ပါ။

ပြောင်းလဲသွားသော အသက်တာကို တွေ့မြင်ရသောကြောင့် ဤဧဝံဂေလိဟောပြောခြင်းလုပ်ငန်းတွင် မိမိတို့၏ဘဝကိုနစ်မြုပ်ရခြင်းဖြစ်ပေသည်။ ထို့ကြောင့်လည်း ဘေးရန်နှင့်ရောဂါများစွာခံစားခဲ့ရပါသော်လည်းဦးလည်မသုန်ရှေ့ဆက်ကာ သခင့်အတွက်ကြိုးစားလုပ်ဆောင်နေခြင်းဖြစ်ပါသည် မိတ်ဆွေ။

ပေါလုသည် သခင့်အမှုတော်မြတ်အတွက် အပတ်တကုတ်ကြိုးစားအားထုတ်လုပ်ဆောင်ရာ၌ မောတော့မောသည်။ သို့သော်လည်း မနွမ်းရိသွားပါ။ ခန္ဓာကိုယ်အပြင်သဏ္ဌာန်အားဖြင့် ပျက်စီးတတ်သော သဘောကြောင့်ညှိုးနွမ်းပုံရသော်လည်း အတွင်းစိတ်၌ကား နေ့စဉ်နှင့်အမျှအသစ်သောသတ္တဝါဖြစ်ရလေပြီ။ သူကျေနပ်သည်။ စာတန်ရန်သူ၏တိုက်ခိုက်မှုအင်အားစုကိုခံရသဖြင့် မိမိ၏ခန္ဓာကိုယ်အင်အားစုမှာ ဆုတ်ယုတ်သွားသော်လည်း သူသည် ခရစ်တော်၏ဧဝံဂေလိတရားတော်ကို မလျှော့သောစိတ်ဓါတ်ဖြင့်မတွန့်မဆုတ်၊သစ္စာရှိစွာဆက်လက်ကြွေးကြော်နေလျက် ရှိပါသေးသည်။ ထာဝရဘုရားသခင် ထံတော်မှလာသောဝိညာဉ်ပကတိဝတ်စုံကိုဝတ်ဆင်၍ ကပ်တိုင်တော်သူရဲကောင်းအဖြစ်ခက်ခဲမှုဒုက္ခကိုရင်ဆိုင်ကျော်လွှားကာ အောင်ပွဲသံဖြင့် ဧဝံဂေလိတရားတော်ကိုကြွေးကြော်နေသည်မှာ ဂုဏ်ယူစရာပင်ဖြစ်သည်။ သူသည်ရှေ့တွင်သူ့ အဖို့သိုထားလျက်ရှိသော ထာဝရကာလအတွက် အသက်သရဖူကို မျက်ခြည်မပြတ်

မှန်းမျှော်၏။ သူကဲ့သို့သစ္စာရှိသူအားလုံးအတွက်ကိုလည်း ထိုသရဖူသည်စောင့်ဆိုင်းလျက်ရှိနေပါသည်။

ဆက်လက်၍ပေါလုသည် ကယ်တင်ရွေးနုတ်ရှင်ယေရှုခရစ်တော်ကို အာရုံပြုဆင်ချင်ရန် တောင်းပန်လေသည်။ "အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းကိုခံတော်မူသော ကျေးဇူးတော်ကိုသင်တို့သိကြ၏။" ထိုသခင်သည် တတိယကောင်းကင်ထက်မှနေ၍ ဤကမ္ဘာမြေကြီးပေါ်သို့ကြွဆင်းလာခြင်း၌ မိမိ၏ စိတ်နှိမ့်ချမှုအတိုင်းအတာကို ဖေါ်ကျူးလျက်နေသည်။

လူသားကဲ့သို့ဘဝလမ်းခရီးကြမ်းကိုလျှောက်နင်းခဲ့သဖြင့်လည်း မိမိ၏ ကိုယ်ကျိုးစွန့်ဆက်ကပ်အပ်နှံမှုကို အသက်ပေးခဲ့သည့်တိုင်အောင် သက်သေထူခဲ့သည်။ သို့ဖြစ်၍ ထိုသခင်၌ ကောင်းကင်ပလ္လင်တော်မှသည် မြေကြီးလက်ဝါးကပ်တိုင်တော်အထိ နားနေရသည်ဟူ၍ မရှိပါချေ။

ပေါလုသည် သခင်၏နှိမ့်ချမှုကိုအချက်ကျကျအစီအလျဉ်ဖေါ်ပြခဲ့ပါသည်။ ကယ်တင်သခင်သည် လူသားတို့အတွက် မိမိကိုယ်ကိုနှိမ့်ချရာ၌ ခရစ်တော်သခင်သည် ထာဝရဘုရားသခင်နှင့် အဆင့်တူညီလျှက် ကောင်းကင်တမန်များသည်လည်း ထိုသခင်အားအရိုအသေပြုရကြောင်း၊ ကောင်းကင်ဘုံရှင်ဘုရင်၏ဆက်ကပ်မှုကိုဆင်ခြင်ပါသော် ကျွန်ုပ်တို့သည်လည်း တစ်ကိုယ်ကောင်းစိတ်ဓါတ်မျိုး ပယ်ပျောက်သွားနိုင်မည်ဖြစ်ကြောင်း၊ ဘုရားသခင်၏သားတော်သည်မိမိဘုန်းကိုစွန့်ကာ အလိုအလျောက် မိမိသဘောနှင့်လူ့ဇာတိကိုခံယူခဲ့ကြောင်း၊ အစေခံကဲ့သို့နှိမ့်ချသည်သာမက လက်ဝါးကပ်တိုင်ပေါ်ဝယ်သေသည်တိုင်အောင် ခမည်းတော်ဘုရားသခင်၏ စကားတော်ကို နားထောင်သွားခဲ့ကြောင်း (ဖိလိပ္ပိ ၂း၈။) ဤသို့ပြုရခြင်းမှာ အဆင့်လျှော့ချခြင်းခံရသောကျဆုံးအပြစ်လူသားတစ်နွယ်လုံးကို ကောင်းကင်ဘုံ ဝမ်းမြောက်ခြင်းမျိုးပြန်လည်ရရှိရန်မျှော်လင့်ချက်ပေးနိုင်ခြင်းဖြစ်ကြောင်း တရားပေးသွားပါသည်။

ထာဝရဘုရားသခင်၏ ကျေးဇူးတော်ကို လက်ဝါးကပ်တိုင်တော်၏ လင်းရောင်ခြင်အားဖြင့် လေ့လာကြည့်မှတ်သော် သနားခြင်းကရုဏာတော်နူးညံ့သိမ်မွေ့ခြင်း၊ တရားမျှတခြင်းနှင့်ဖြောင့်မတ်မှန်ကန်ခြင်းကို ရောပြွမ်းနေသော အပြစ်လွှတ်ခြင်းတရားကိုတွေ့မြင်နိုင်၏။ ပလ္လင်တော်၏အလယ်ဗဟိုတွင်ကားလက်ဖဝါးများနှင့်ခြေဖမိုးများပေါ်တွင် ဒဏ်ရာချက်အမာရွတ်များနှင့်ပုဂ္ဂိုလ်တော်

ဘုရားသခင်တွေ့နိုင်သည်။ သားတော်ဘုရားသခင်၏ကောင်းမှုတော်ကြောင့် ကျွန်ုပ်တို့ကို မိမိထံတော်ပါးသို့ချဉ်းကပ်ခွင့်ပြုကာ မချဉ်းကပ်နိုင်သည့်အလင်းထုတွင်တည်နေသည့်ထာဝရခမည်းတော်ဘုရားသခင်ကိုလည်းမြင်တွေ့နိုင်ပါသည်။ ကလဲ့စားဟုအမည်ရသော မိုးတိမ်တိုက်ကြီးမှုကား ဆန္ဒမပြည့်ဝ၍ စိတ်သာလျှင်ဆင်းရဲရှာ၏။

လက်ဝါးကပ်တိုင်ပေါ်မှာ ရောင်ပြန်ဟပ်၍ ထင်ရှားသောထာဝရဘုရားသခင်၏လက်ရာတော်ကား၊ "အသက်ရှင်လော့၊အပြစ်သားသင်သည် နောင်တရ၍ ငါ့ကိုယုံကြည်အားကိုးသောကြောင့် အသက်ရှင်လော့။ ငါသည် သင်၏အပြစ်ကြွေးကိုဆပ်ပေးခဲ့လေပြီ။"

ကျွန်ုပ်တို့သည်ကပ်တိုင်ပေါ်မှာခရစ်တော်သခင်ကို ဆင်ခြင်အောက်မေ့ကြပါသော် သခင်၏အတိုင်းအတာမဲ့ချစ်ခြင်းမေတ္တာကို မြင်တွေ့ခံစားတင်ပြနိုင်ပေမည်။ တစ်ပါးသူအား သက်သေမခံဘဲမနေနိုင်တော့ပါ။ ပြေဆိုရမည့်စကားလည်းပေါ်လာပေမည်။ သခင်သည် ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးပေါ်မှာသက်တော်ထင်ရှားရှိခဲ့သည်။

ကျွန်ုပ်တို့အတွက် ဆက်ကပ်မှုကြီးပြုခဲ့သည်။ယခုတွင် ကောင်းကင်ဘုံမှာကျွန်ုပ်တို့၏ ရှေ့နေအဖြစ်အမှုတော်ထမ်းဆောင်နေသည်။ သခင့်ကိုချစ်မြတ်နိုးသူများအားလုံးအတွက်ကိုလည်း နေစရာအခန်းများကိုပြင်ဆင်ပေးလျက်ရှိနေသည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကြောင့် ဝမ်းမြောက်ရွှင်လန်းသောစိတ်နှင့် "ငါတို့သည်ဘုရားသခင်ကိုချစ်ကြသည်ဟုမဆို၊ ဘုရားသခင်သည်ငါတို့ကိုချစ်၍ ငါတို့၏အပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှာသားတော်ကိုစေလွှတ်တော်မူသောအရာ၌ချစ်ခြင်းမေတ္တာရှိ၏။" "ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကိုငါတို့သည်ရမည်အကြောင်းဘုရားသခင်သည်ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကိုကြည့်ရှုဆင်ချင်ကြလော့။" (၁ယော ၄း၁၀။ ၃း၁) ဟုကြွေးကြော်ဖို့ရန်သာရှိလာမည်မဟုတ်ပါလောမိတ်ဆွေ။

ယေရှုသခင်၏ စစ်မှန်သောတပည့်တော်တိုင်း၏ စိတ်နှလုံးသားအိမ်ပလ္လင်ပေါ်ထက်တွင် ဤမေတ္တာမျိုးသည်သန့်ရှင်းသောမီးကဲ့သို့ တောက်လောင်နေပါလိမ့်မည်။ မြေကြီးပေါ်မှာ ခရစ်တော်အားဖြင့် ဘုရားသခင်သည် မိမိ၏

မေတ္တာတော်ကိုဖေါ်ကျူးခဲ့လေပြီ။ ခရစ်ယာန်တို့သည်လည်း အပြစ်တင်ခွင့်နှင့်ကင်းသောအသက်တာဖြင့် ထိုသခင်၏ မေတ္တာတော်ကိုရောင်ပြန်ဟပ်ရလိမ့်မည်။ သို့ပြုမှသာလျှင် ပတ်ဝန်းကျင်လူသားတို့သည် ကပ်တိုင်တော်သို့ရောက်သဖြင့်ဘုရားသခင်၏ သားတော်သိုးသငယ်ယေရှုသခင်ကို မြင်တွေ့နိုင်မည်မဟုတ်ပါလော မိတ်ဆွေ။

---ooo---

## အခန်း(၃၂)
## စေတနာထက်သန်ခြင်း၏ဝမ်းမြောက်မှု

ကောရိန်သုအသင်းတော်သို့ပေးပို့သော ပေါလု၏ ပထမစာစောင်၌ ဤလောကတွင် ထာဝရဘုရားသခင်၏အမှုတော်မြတ်ကို ထောက်ပံ့အံ့သောငှာ၊ အထွေထွေအခြေခံမူစည်းမျဉ်းများကို ရေးသားသွန်သင်ခဲ့ပါ၏။ သို့ဖြစ်၍ပေါလုကဤသို့မေးသည်။

"အဘယ်သူသည် ကိုယ့်စရိုက်ကိုသုံး၍ စစ်မှုကိုထမ်းရသနည်း။ အဘယ်သူသည်ဥယျာဉ်ကိုစိုက်ပျိုး၍ အသီးကိုမစားဘဲနေရသနည်း။

အဘယ်သူသည် သိုးထိန်းလုပ်၍သိုးနို့ကိုမသုံးဘဲနေရသနည်း။လောကဝေါဟာရအားဖြင့်သာဤသို့ငါဆိုသလော. . . . မောရှေ၏ ပညတ္တိကျမ်းစာ၌လာသည်ကား၊ စပါးနင်းနယ်သောနွား၏နှုတ်ကို မချုပ်တည်းရဟုလာ၏။

"ငါတို့သည် သင်တို့၌အမှန်တရားမျိုးစေ့ကိုစိုက်ပြီးမှ သင်တို့၏လောကအသီးကိုသုံးဆောင်လျှင် ကျေးဇူးကြီးမည်လော။ အခြားသောသူတို့သည်သင်တို့ထံမှာ ထိုအခွင့်ကိုရလျှင် ငါတို့သည် သာ၍ရထိုက်သည်မဟုတ်လော။

ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်သောသူတို့သည် ဗိမာန်တော်ကိုအမှီပြု၍စားရသည်ကိုလည်းကောင်း၊ ယဇ်ပူဇော်ခြင်းအမှုကိုဆောင်ရွက်သောသူတို့သည်ယဇ်ပလ္လင်နှင့်ဆက်ဆံ၍ စားရသည်ကိုလည်းကောင်း သင်တို့မသိကြသလော။

ထိုနည်းတူ၊ ဧဝံဂေလိတရားကိုဟောသောသူတို့သည် ဧဝံဂေလိတရားကိုအမှီပြု၍အသက်မွေးရမည်အကြောင်း၊ ဘုရားသခင်၏ ပညတ်တော် မှုချက်ရှိ။" (၁ကော ၉း၇-၁၄)

ဤအရာသည် ဗိမာန်တော်မှာ အမှုဆောင်သောယဇ်ပုရောဟိတ်များ၏လုပ်ငန်းလည်ပတ်မှု ထိန်းသိမ်းရန်အတွက်ထာဝရဘုရားသခင်၏အကြံတော်ဖြစ်ပါသည်။

ဝိညာဉ်ရေးဆိုင်ရာ ကောင်းချီးမင်္ဂလာများကို ဝေငှဖြန့်ဝေပေးသည့်သီးသန့်ခွဲခြားထားသောသူတို့အတွက်ဖြစ်သည်။ ဤသို့ကျမ်းစာလာ၏။ "ယဇ်ပုရောဟိတ်အရာကိုခံသော လေဝိသားတို့သည် မိမိတို့ ညီအစ်ကိုများလက်မှပညတ်တရားအတိုင်း ဆယ်ဖို့တစ်ဖို့ကို ခံရသောအခွင့်ရှိသည်။" (ဟေဗြဲ ၇း၅)

ထိုသူတို့ကို ထာဝရဘုရားသခင်ရွေးချယ်ထား၏။ "သူ့ကိုရွေးကောက်တော်မူပြီ" (တရားဟော ၁၈း၅) ဟုဆို၏။ သို့ဖြစ်၍ ကျွန်ုပ်တို့ခံစားရလေသမျှသောအကျိုးအမြတ်၏ ဆယ်ပုံတစ်ပုံသည် ထာဝရဘုရားသခင်နှင့်ဆိုင်၏။ ထိုသန့်ရှင်းသောဆယ်ပုံတစ်ပုံကို ထာဝရဘုရားသခင်အားပြန်၍ မပေးအပ်ခြင်းသည်ထာဝရဘုရားသခင်ပိုင်ပစ္စည်းကို လုယူသည်နှင့်တူ၏။

ဤအမိပ္ပါယ်ကိုပေါလုသည် ဤသို့ဖွင့်ဆိုသည်။ "ဧဝံဂေလိတရားကိုဟောသောသူတို့သည် ဧဝံဂေလိတရားကိုအမှီပြု၍ အသက်မွေးရမည်အကြောင်း၊ ဘုရားသခင်၏ပညတ်တော်မူချက်ရှိ၏။" "လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေသည်"(၁တိ ၅း၁၈)ဟုလည်း နောင်သောအခါ ပေါလုကရှင်းပြပါသည်။

ဆယ်ဖို့တစ်ဖို့ပေးခြင်းသည် မိမိ၏ အမှုတော်မြတ်ကိုထောက်ပံ့ရန်အတွက်ထာဝရဘုရားသခင်စီမံထားသောအစီအစဉ်ဖြစ်ပါသည်။ ထာဝရဘုရားသခင်ခွဲခန့်မှတ်သားတော်မူသော ဆုကျေးဇူးလက်ဆောင်ဘဏ္ဍာများနှင့်အလှူတော်ငွေတို့မည်သည်ရှိ၏။ ဂျူးလူမျိုးတို့၏လူနေမှုစနစ်တွင် ထာဝရဘုရားသခင်အဖို့နှင့် ချို့တဲ့သူဆင်းရဲသားများအဖို့ ရက်ရောစွာပေးကမ်းစွန့်ကြဲကြရန်သွန်သင်သည်။

တချို့ကိစ္စရပ်များတွင်အလိုအလျောက်မိမိသဘောအတိုင်းလှူရသောအလှူဟူသည်လည်းရှိ၏။ကောက်ပဲသီးနှံသိမ်းဆည်းချိန်တန်ပြီဆိုက အဦးသီးသောကောက်နှံစပါးတို့ကို ဘုရားသခင်အား ပူဇော်ဆက်သ၏။ ဤတွင်ပြောင်းစပျစ်ရည်၊ ဆီအစရှိသည်တို့ပါဝင်ပါသည်။ သူဆင်းရဲများကောက်သင်းကောက်စားရန်အတွက်ကိုလည်း လယ်ယာထောင့်တွေမှာ ချန်ထားလေ့ရှိပါသည်။သိုးမွေးညှပ်ခြင်း၊ ဂျုံစပါးရိတ်သိမ်းခြင်းတို့တွင်လည်း ထာဝရဘုရားသခင်အဖို့ဟူ၍ သီးသန့်ထားရှိပါသည်။ အိမ်မွေးတိရစ္ဆာန်အပေါင်းတို့၏ အဦးဆုံးမွေးသောသားကောင်တို့ကိုလည်း ထာဝရအဖို့ဖယ်ထားကြသည်။ သားဦးကိုမူ ငွေဖြင့်ရွေးယူကာထာဝရဘုရားသခင်အားပေးအပ်ကြ၏။ သို့ဖြစ်၍ မည်သည့်အဦးသီးမဆိုဗိမာန်တော်မှာ အမှုထမ်းသောယဇ်ပုရောဟိတ်များအဖို့ ထာဝရဘုရားသခင်စီမံထားပါသည်။

ဤကောင်းမြတ်သောစနစ်အားဖြင့် မိမိတစ်ပါးတည်းကိုသာလျှင်အစစအရာရာမှာ ဦးထိပ်ထားရန် အစ္စရေးလူမျိုးတို့အား ထာဝရဘုရားသခင်သွန်သင်ပါသည်။ အရာရာတိုင်းကို ထာဝရဘုရားသခင်ပိုင်ဆိုင်၍ လူသည်ကိုယ်တော်၏

ပစ္စည်းများကို ထိန်းသိမ်းရသော ဘဏ္ဍာစိုးသာလျှင်ဖြစ်ကြောင်း သိမှတ်ရပေမည်။

ယနေ့ခရစ်ယာန်တို့သည်လည်း ယုဒလူမျိုးများကဲ့သို့ ထာဝရဘုရားသခင်အပေါ် သစ္စာစောင့်သိရပေမည်။ ယေရှုခရစ်တော်အားဖြင့် မိန့်မြွက်တော်မူခဲ့ပြီမဟုတ်လော။ "ထိုသူ၌များစွာသောဥစ္စာကိုအပ်နှင်း၏။ ထိုသူကိုများစွာတောင်းလိမ့်မည်။" (လုကာ ၁၂း၄၈)

ရက်ရောစွာပေးကမ်းစွန့်ကြဲခြင်းအားဖြင့်ဟေဗြဲလူတို့သည်ကြီးပွားချမ်းသာရကြ၏။ ထာဝရဘုရားသခင်၏သာသနာတော်ကြီးသည်ယနေ့တွင်ကမ္ဘာအဝှမ်းပျံ့နှံ့နေသည်။ မိမိ၏လူတို့လက်ထဲမှာ၌ ဧဝံဂေလိသာသနာတော်ရတနာများရှိနေ၏။ ဤခရစ်ယာန်သာသနာတော်ပြန့်ပွားရေးအတွက် ကျွန်ုပ်တို့ပါဝင်လုပ်ဆောင်ရမည်မှာ ရှေးခေတ်အစ္စရေးလူမျိုးများထက် ပိုမိုကြီးမားနေပါသည်တကား။

ထာဝရဘုရားသခင်၏ အမှုတော်ကြီးကျယ်ဝန်းလာသည်နှင့်အမျှအမှုတော်ဆောင်များ ပို၍ပို၍လိုအပ်လာပေသည်။ ဤဖိတ်ခေါ်မှုအမှုတော်ကိုခရစ်ယာန်များသတိပြုရပါမည်။ "ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှာပြုကြလော့" ။ (မာလခိ ၃း၁၀)

အကယ်၍သာယုံကြည်သူခရစ်ယာန်သစ္စာရှိစွာဆယ်ဖို့တစ်ဖို့နှင့် အလှူတော်ငွေ များကို ဘုရားသခင်အားပြန်ပေးအပ်ကြပါမူ ထာဝရဘုရားသခင်၏ငွေကြေးဌာနသည်အလျှံပယ်ဖြစ်၍နေပေမည်။ ဧဝံဂေလိလုပ်ငန်းကိုပံ့ပိုးရန် ဈေးရောင်းပွဲများ၊ ထီထိုးခြင်းများ (သို့) ရန်ပုံငွေရရှိရန်ပျော်ပါးမှုပါတီပွဲများပြုလုပ်ရန် မလိုတော့ပါချေ။

လူတို့သည် မိမိတို့၏ငွေကြေးဥစ္စာများကိုအပျော်အပါးလိုက်စားခြင်း အစားအသောက်လွန်ကြူးခြင်း၊ ဝတ်စားဆင်ယင်မှုမှာ ခေတ်ဆန်ခြင်း၊ အိုးအိမ်အဆောက်အအုံများကို ပြင်ဆင်မွမ်းမံခြင်းတို့ဖြင့် ကုန်ခန်းစေပါသည်။ ဤပကာသနအတွက်ဆိုလျှင် အသင်းတော်ရှိ အသင်းဝင်များစွာတို့သည် မဆင်မခြင်၊ စည်းမဲ့ကမ်းမဲ့သုံးဖြုန်းနေကြပါသည်။ သို့သော်လည်း ဘုရားသခင်၏ အမှုတော်မြတ်ကျယ်ပြန့်စေရေးအတွက် ပြောဆိုလိုက်သည်ရှိသော် တွံ့ဆိုင်းလေ့ရှိကြပါ၏။ အဓိပ္ပါယ်မှာ ထိုသူတို့သည် ခရစ်တော်သခင်၏ အမှုတော်ကို အမှန်တကယ်မချစ်ကြပြီ။ အသက်ဝိညာဉ်များစွာကို ကယ်တင်ဖို့ရန်စိတ်မဝင်စား

ကြပြီ။ ဤခရစ်ယာန်အသက်တာမျိုးကား ရှင်လျက်နှင့်ချည့်နဲ့နေရသည်။ နာမကျန်းဖြစ်နေသည်မဟုတ်ပါလောမိတ်ဆွေ။

ခရစ်တော်သခင်ကိုချစ်မြတ်နိုးသောသူတို့မူကား၊ဤအမှုတော်ကိုတာဝန်တစ်ရပ်အနေဖြင့်သာမမြင်ဘဲ ပျော်ရွှင်ဝမ်းမြောက်မှုတစ်ရပ်ဟု မြင်တွေ့ပါသည်။ သူတို့အတွက် ဤကဲ့သို့အလုပ်မျိုးကို အမြင့်မြတ်ဆုံးနှင့်အသန့်ရှင်းဆုံးဟုသဘောထား၏။

မှန်ပါသည်။ ဤလောကကမ္ဘာကြီးကို ထာဝရဘုရားသခင်၏ ကောင်းမြတ်ခြင်း၊ သနားကြင်နာမှုတရားနှင့် အမှန်တရားကြွယ်ဝမှုကိုစွန့်ကြကောင်းမှုပြုရခြင်းကား မြင့်မြတ်လှပါ၏။

လူသည် မိမိကိုယ့်အကျိုးကိုသာကြည့်၍တပ်မက်စိတ်ဝင်စားလာသောအခါ ထာဝရဘုရားသခင်၏စက်ဆုပ်ရွံရှာမှုကိုခံရတော့သည်။ ပြင်းထန်စွာသောဆုံးမပြစ်တင်ခြင်းကိုလည်းပြုပါသည်။

"လူသည် ဘုရားသခင်၏ ဥစ္စာတော်ကိုလုယူရမည်လော။ သို့သော်လည်းသင်တို့သည် ငါ့ဥစ္စာကိုလုယူကြပြီ။ အဘယ်သို့လုယူကြပြီနည်းဟုဆိုလျှင် ဆယ်ဖို့တစ်ဖို့ကိုလည်းကောင်း၊ ပူဇော်သက္ကာတို့ကိုလည်းကောင်း လုယူကြပြီ။ သင်တို့သည် ကျိန်ခြင်းဆိုးကျိုးကိုခံရကြ၏။ အကြောင်းမူကား ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ဥစ္စာကို လုယူကြပြီ။" (မာလခိ ၃း၈၊၉)

ရက်ရောစွာစွန့်ကြဲတတ်သောသဘောသည် ကောင်းကင်ဘုံ၏ သဘောထားပင်ဖြစ်သည်။ ဤသဘောကိုခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ်တွင်တွေ့မြင်နိုင်ပါသည်။

ခမည်းတော်ဘုရားသခင်က သားတော်ကိုပေးအပ်ခဲ့၏။ သားတော်သည်လည်း မိမိအသက်ကိုပင်လူသားတို့ကယ်တင်ခြင်းရရှိရန်အဖို့ ပေးအပ်ခဲ့လေသည်။

ခရစ်ယာန်တိုင်း ဤအမှုကိုဆင်ခြင်ပါလေ။ "ထိုသခင်၌ငါတည်၏ဟုဆိုသောသူသည် ထိုသခင်ကျင့်တော်မူသည်နည်းတူ ကျင့်ရမည်။"(၁ယော ၂း၆)

တစ်ကိုယ်ကောင်းစိတ်ရှိခြင်းသည်ကား စာတန်၏ သဘောပင်ဖြစ်ပါသည်။ ဘာမဆိုရယူဖို့သာသိသည်။ ဤနည်းဖြင့် ပျော်ရွှင်မှုနှင့်အလိုပြည့်စုံမည်ဟုမျှော်လင့်တတ်ကြပါသော်လည်း အဆုံး၌ကား စိတ်ဆင်းရဲခြင်းနှင့်သေခြင်းကိုသာရိတ်သိမ်းရချေ၏။

ဘုရားသခင်၏သားသမီးတို့သည် ဘုရားသခင်တောင်းလျှောက်သော ဘုရားသခင်ပိုင်ပစ္စည်းအပိုင်းကို ပြန်လည်အပ်နှင်းနေသမျှကာလပတ်လုံးဘုရားသခင်ကောင်းချီးမင်္ဂလာမှာ ရပ်တန့်သွားသည်ဟူ၍မရှိပါ။ ထိုဆယ်ဖို့တစ်ဖို့အပြင်အခြားသောစေတနာစိတ်နှင့်လှူသောအလှူတော်ငွေများကိုလည်း ရက်ရောစွာထည့်ဝင်ရပါမည်။

ဤနည်းအားဖြင့် ဖန်ဆင်းရှင်ဘုရားသခင်ကိုဝမ်းမြောက်သောစိတ်နှင့် အဦးသီးများကိုပြန်အပ်ပါ။ အကောင်းဆုံးပိုင်ဆိုင်မှုများ၊ အကြီးမြတ်ဆုံးနှင့်အသန့်ရှင်းဆုံးလုပ်ဆောင်မှုများကို အသင်လူသား ထမ်းရွက်နေကြောင်း သက်သေပြခြင်းပင်ဖြစ်ပါသည်။ ထိုအခါ သင်၏စိတ်ဝိညာဉ်သည် ရေလောင်းသော ဥယျာဉ်ဖြစ်ရ၏။ သခင့်အတွက် သင်၏ကိုယ်ကျိုးစွန့်အစေခံ၊ အနစ်နာခံမှုအတွက်သခင်သည် အစားထိုးဖြည့်ဆည်းပေးသွားပါလိမ့်မည် မိတ်ဆွေ။

ထာဝရဘုရားသခင်၏ ရွေးချယ်ခံပြီးသူ စေတမန်တရားဟောဆရာတို့အားမိမိတို့စရိတ်ကို မိမိတို့ရှာ၍ အမှုတော်ကိုထမ်းဆောင်ရန်မစေခိုင်းအပ်ပါ။ အကြင်နာတရားကင်းမဲ့ရာကျပါသည်။

လောကအလုပ်ကိုစွန့်ကာမိမိကိုယ်ကိုခရစ်တော်သာသနာအတွက်ပေးအပ်၊ ဆက်ကပ်ထားသောညီအစ်ကိုများအတွက်အသင်းဝင်များကရက်ရောမှုရှိရပါမည်။ အမှုတော်ဆောင်များကို ဤကဲ့သို့အပ်ပေးခြင်းဖြင့် ခရစ်ယာန်သာသနာတော်ကြီးသည်လည်း ကြီးပွားမည်ဖြစ်၏။ ထိုသို့ မပြုဘဲတစ်ကိုယ်ကောင်းစိတ်ကြီးမား၍ စွန့်ကြဲမှုအရာမှာ တွန့်တိုနေပါသော်ထိုသူတို့၏အသုံးဝင်မှုမှာလည်း ချည့်နဲ့ရပေသည်။

အမှုတော်မြတ်တွင် ဆက်ကပ်အပ်နှံကာ အားကြီးမာန်တက်ခရစ်ယာန်သာသနာပြုခြင်းမရှိသောသူ၊ ခရစ်ယာန်တို့ကိုဘုရားသခင်သည် စိတ်တော်နှင့်မတွေ့ပါ။ ဤအလိုကြီးသူတို့ကို ထာဝရဘုရားသခင်သည် သခင်၏ ကြေးငွေအလွဲသုံးစားပြုမှုနှင့် မိမိ၏သစ္စာရှိအစေခံတို့အား စိတ်ပျက်နလုံးနာကြည်းစေမှုအတွက် စာရင်းရှင်းတမ်းပြုစေပါလိမ့်မည်။ ထိုသို့ဆက်ကပ်လုပ်ဆောင်သောသခင့်အတွက် ကိုယ်ကျိုးစွန့်ဝန်ထမ်းတရားဟောဆရာတို့နှင့် သူတို့၏မိသားစုများကို လုံလောက်သောပံ့ပိုးမှုများကိုပြုရကြမည်။

မည်သည့်လောကစီးပွားရေး၊ လူမှုရေး၊ ပညာရေးလုပ်ငန်းဌာနတွင်မဆိုသစ္စာရှိသောလုပ်သားမှန်သမျှအား ကောင်းစွာသော အကျိုးကိုခံစားစေသော်၊

အသက်ဝိညာဉ်များကို ခရစ်တော်သခင်ယေရှုထံသို့တိုးဝင်ချဉ်းကပ်စေ၍ တရားပြန့်ပွားရေးအတွက် သစ္စာရှိစွာလုပ်ဆောင်သူများအား သာမန်စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများထက်ပို၍ အရေးကြီးဦးစားပေးအပ်သည် မဟုတ်လော။ထိုသူတို့ကို အတိုးဖြင့် များစွာသောလျှော်ကြေးကိုပေးသင့်သည်မဟုတ်လော။

ကျွန်ုပ်တို့သည် ကောင်းကင်နှင့်ဆိုင်သည်များကို မြတ်နိုးသင့်ပါပေသည်။ ဘုရားသခင်၏အပေါင်းအသင်းဝင်များပီပီ ရက်ရောဝမ်းမြောက်စွာ ပေးကမ်း စွန့်ကြဲကြပါစို့။ ဤအမှုကိုပြုရန် တရားဟောဆရာသည် အသင်းတော်ကို ပညာပေးနိုးဆော်ရလိမ့်မည်။ သို့မဟုတ်ပါက ဘုရားသခင်၏ အမှုတော်မြတ်ကို ထိခိုက်နစ်နာစေသည်သာမက ကောင်းချီးမင်္ဂလာလည်းပြတ် တောက်သွားရပေမည်။

ဆင်းရဲသားကြီးများပင်လျှင် ထာဝရဘုရားသခင်ထံတော်သို့အလှူတော်ငွေများယူဆောင်လာရပါမည်။ မိမိထက်ပို၍ဆင်းရဲသူများကို သတိပြုကြည့်ရှုပါလေ။

ထိုသို့ပြုသော် ဤကိုယ်ကျိုးစွန့်ခြင်းအမှုသည်ထာဝရဘုရားသခင်၏ရှေ့တော်မှောက်တွင် မွှေးရနံ့ကဲ့သို့ဖြစ်၍ စွန့်ကြဲသူ၏ စိတ်ကိုလည်းပျော်ရွှင်စေသည်။ ထာဝရဘုရားသခင်နှင့်လည်း အကျွမ်းဝင်မိတ်သဟာယဖွဲ့စေပါသည်။ သခင်ကိုယ်တော်တိုင်က ကျွန်ုပ်တို့ကိုကြွယ်ဝပြည့်စုံရေးအတွက် လူ့ဆင်းရဲခြင်းကိုခံယူခဲ့ပြီမဟုတ်လော။ သာဓကယူပါမိတ်ဆွေ။

ကြေးနီပြားနှစ်ပြားကို ဗိမာန်တော်ငွေတိုက်မှာ ထည့်သွင်းသောမုဆိုးမကိုကြည့်ပါ။ ဆင်းရဲမွဲတေနေပါသော်လည်း ဘုရားသခင်၏အမှုတော်မြတ်ကြီးပွားသည်ကို သူမြင်လို၏။ ဤအမှုကိုယေရှုသခင်က ဤသို့ဆို၏။

"ထိုမိန်းမမူကား၊ အလွန်ဆင်းရဲလျက်ပင်၊ မိမိအသက်မွေးစရာဥစ္စာရှိသမျှကို သွင်းချလေပြီ။"(မာကု ၁၂:၄၄) ခရစ်တော်သခင်သည် ကျွန်ုပ်တို့ထံမှ ကိုယ်ကျိုးစွန့်၍ ဆက်ကပ်ပေးအပ်သော အလှူကိုခံယူလို၏။ အလှူပစ္စည်း၏ တန်ဖိုးသည် ပမာဏအပေါ် မတွက်ချက်ပါ။ ပေးကမ်းသူ၏ ဦးတည်ရည်ရွယ်ချက် သဘောထားအပေါ် အခြေပြုပါသည် မိတ်ဆွေ။

တမန်တော်ပေါလုသည် ဘုရားသခင်၏အမှုတော်မြတ်ကိုကြီးပွားစေလို၏။ သို့ဖြစ်၍လည်း ရက်ရောမှုရှိကြပါရန် အသင်းတော်ကို နှိုးဆော်သည်။ဧဖက်အသင်းတော်လူကြီးများကို ပေါလုက "တိုသို့ သင်တို့သည်လည်း အလုပ်လုပ်၍

အားနည်းသောသူတို့ကို မစရမည်ကိုလည်းကောင်း၊ အစွန့်အကြဲခံခြင်းအရာ ထက် စွန့်ကြဲခြင်းအရာသည် သာ၍မင်္ဂလာရှိသည်ဟု သခင်ယေရှုမိန့်တော်မူ သောစကားတော်ကို အောက်မေ့ရမည်ကိုလည်းကောင်း အရာရာ၌ သင်တို့အား ငါပြသပြီဟု" ဆိုသကဲ့သို့ ကောရိန်သုအသင်းတော်ကိုလည်း "အနည်းငယ်သော မျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရမည်။

များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟုမှတ်ကြလော့။ လူတိုင်း ကိုယ်အလိုအလျောက်လှူရ၏။ နှမြောသောစိတ်နှင့်မလှူရ။ မလှူဘဲမနေရဟု စိတ်ထင်နှင့်မလှူရ။အကြောင်းမူကား၊ စေတနာစိတ်နှင့်လှူသူကိုသာ ဘုရား သခင်နှစ်သက်တော်မူ၏" ဟုဆိုပါသည်။ (တမန်တော် ၂၀း၃၅၊ ၂ကော ၉း၆၊၇)

မာကေဒေါနိပြည်မှာရှိသော တပည့်တော်စုတို့သည်လောကပစ္စည်းဥစ္စာ အရာတွင် ဆင်းရဲလှပါသည်။ သို့သော်လည်း ထိုသူတို့၏ စိတ်နှလုံးတွင်ဘုရား သခင်ကိုချစ်သောစိတ်၊ အမှန်တရားအတိုင်း အသက်ရှင်လိုသောစိတ်ပြင်းပြသ ကဲ့သို့ ဧဝံဂေလိသာသနာပျံ့နှံ့ရေးအတွက် ပံ့ပိုးမှုကိုဝမ်းမြောက်စွာပေးလှူကြ ပါသည်။

ယေရုရှလင်မြို့တွင်ရှိတပည့်တော်များမှအလှူတော်ငွေကို ကောက်ခံ ကြသောအခါ မာကေဒေါနိပြည်သားတို့၏ ရက်ရောစွာပေးကမ်းပေလှူမှုကား သမိုင်းတင်လောက်ပေ၏။

ကျမ်းအဆိုကိုဖတ်ရှုကြပါလော့။ "မာကေဒေါနိပြည်၌ရှိသော အသင်း တော်များတို့သည် ညှင်းဆဲခြင်းအားဖြင့် များစွာသောစုံစမ်းခြင်းကိုခံရသော်လည်း အလွန်ကြီးသော ဝမ်းမြောက်ခြင်းနှင့်ဥစ္စာဖြုန်းတီးသော ဆင်းရဲခြင်းအကြောင်း သည်သူတို့၏ စွန့်ကြဲပေးကမ်းခြင်း စည်းစိမ်ကိုဖြစ်စေ၍ ကြွယ်ဝပြည့်စုံ၏။

အကြောင်းမူကား၊ သူတို့သည် တတ်နိုင်သမျှထက်မက၊ အလိုအ လျောက်စွန့်ကြဲချင်သောစေတနာစိတ်ရှိကြသည်ဟုငါသည်သက်သေခံ၏။

သူတို့အလှူကိုငါတို့သည်ယူ၍ သူတို့နှင့်တူညီလျက် သန့်ရှင်းသူတို့ အားလုပ်ကျွေးခြင်းအမှုကို ဆောင်ရွက်မည်အကြောင်း၊ သူတို့သည် တိုက်တွန်း သွေးဆောင်သော စကားများအားဖြင့် ငါတို့ကို တောင်းပန်ကြ၏။" (၂ကော ၈း၁-၄)

မာကေဒေါနိပြည်သားတပည့်တော်စုတို့၏ ဆက်ကပ်ပေးအပ်လိုသော ဆန္ဒများ စိတ်နှလုံးအကြွင်းမဲ့ဖြစ်သည်။ ထာဝရဘုရားသခင်၏ ဝိညာဉ်တော်

နှိုးဆော်မှုပေတည်း။ သူတို့သည် "ဘုရားသခင်၏အလိုတော်နှင့်အညီ ရှေးဦးစွာဘုရားသခင်၌ မိမိတို့ကိုမိမိတို့လှူကြ၏" (၂ကော ၈း၅)။ နောက်မှဧဝံဂေလိသာသနာတော်ပြန့်ပွားရေးအတွက် မိမိတို့ပိုင်ပစ္စည်းများကို ရက်ရောစွာပေးကမ်းပေးလှူကြပါသည်။ ထိုသို့သောသူတို့ကို များစွာတိုက်တွန်းရန်မလိုပါ။ တစ်ပါးသူတို့၏လိုအပ်ချက်များကို ဖြည့်စည်းပေးရခြင်းသည် မိမိကိုယ်ကိုငြင်းပယ်ခြင်းဖြစ်၍ခရစ်ယာန်အကျင့်ပြည့်မီခြင်းအခွင့်ထူးဟူ၍ သူတို့မှတ်ယူကာ ဝမ်းမြောက်ကြပါသည်။

တမန်တော်ကြီးသည် သူတို့ကိုများများပြောရန်မလို။ သူတို့၏အလှူများကို တမန်တော်ကြီးလက်သင့်ခံရန်ကိုသာ သူတို့အပူတပြင်းတောင်းပန်ကြပါသည်။ ဤသည်ကိုထောက်ရှု၍ ထိုသူတို့သည် ရိုးစင်း၏။ သစ္စာရှိ၍ညီအစ်ကိုချင်းကိုချစ်မယောင်ဆောင်၊ မိမိကိုယ်ကိုငြင်းပယ်သဖြင့် အကျိုးထူးသောအသီးများစွာကို သီးပွင့်သူများဖြစ်ကြောင်း ထင်ရှားပါသည်။

ပေါလုသည် ကောရန်သုမြို့နေတပည့်တော်စုတို့အား ဝိညာဉ်ခွန်အားပေးရန်စေလွှတ်သောအခါ ပေးကမ်းစွန့်ကြဲခြင်းကျေးဇူးတော်ဖြင့်အသင်းတော်ကိုတည်ဆောက်ရန်သွန်သင်စေ၏။တစ်ဦးချင်းစီသို့စာမရေးနိုင်သော်လည်းယုံကြည်သူတို့အား ဤသို့နှိုးဆော်တောင်းပန်ပါသည်။

"ထိုသို့နှင့်အညီသင်တို့သည်ယုံကြည်ခြင်း၊ တရားဟောခြင်း၊ဉာဏ်ရှိခြင်း၊အမျိုးမျိုးသောသတိနှင့်ပြည့်စုံခြင်း၊ ငါတို့ကိုချစ်ခြင်းမှစသောအလုံးစုံတို့နှင့်ကြွယ်ဝပြည့်စုံသည်ဖြစ်၍ ထိုကျေးဇူးတော်နှင့်လည်း ကြွယ်ဝပြည့်စုံခြင်းဖြစ်စေသတည်း။" "သို့ဖြစ်၍ အထက်ကစေတနာစိတ်ရှိသည်နှင့်အညီ၊ ယခုတွင်သင်သည်တတ်နိုင်သည်အတိုင်းပြု၍ ဤအမှုကိုပြီးစီးစေကြလော့။ အကြောင်းမူကား စေတနာစိတ်သည်အသင့်ရှိလျှင်၊ မတတ်နိုင်သောအမှုကိုမထောက်ဘဲ၊ တတ်နိုင်သောအမှုကိုထောက်၍ နှစ်သက်တော်မူဖွယ်ဖြစ်၏။"

ကျမ်းစာလာသည်ကား၊သူသည်စွန့်ကြဲပြီ။ဆင်းရဲသောသူတို့အားပေးကမ်းပြီ။သူ၏ဖြောင့်မတ်ခြင်းသည်အစဉ်အမြဲတည်တတ်၏ဟုလာသည်နှင့်အညီ သင်တို့သည်အရာရာ၌ လုံလောက်သောဥစ္စာအမျိုးမျိုးအစဉ်ရှိ၍ကောင်းသောအကျင့်အမျိုးမျိုးနှင့်အထူးသဖြင့်ပြည့်စုံမည်အကြောင်းအမျိုးစုံသောမင်္ဂလာကျေးဇူးနှင့်အထူးသဖြင့်ပြည့်စုံစေခြင်းငှာဘုရားသခင်တတ်နိုင်တော်မူ၏။ သင်တို့၏ဖြောင့်မတ်ခြင်းကိုလည်းကြွယ်ဝစေတော်မူမည်။ ထိုသို့သင်တို့သည်စေ တနာစိတ်နှင့်

အမျိုးမျိုးသောစွန့်ကြဲပေးကမ်းခြင်းအလိုငှာ အရာရာ၌ကြွယ်ဝခြင်းရှိသည်ဖြစ်၍ ငါတို့အားဖြင့်ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းစရာအကြောင်းရှိလိမ့်မည်။ (၂ကော ၈း၇၊၁၁၊၁၂။၉း၈-၁၀)။

ကိုယ်ကျိုးမငဲ့သောရက်ရောစွာပေးကမ်းခြင်းအမှုဖြင့်ရှေးဦးအသင်းတော်သည်ဝမ်းမြောက်ရ၏။ အကြောင်းသော်ကား၊ ထိုရက်ရောမှုကြောင့် ဧဝံဂေလိ သာသနာတော်ကြီးသည် အမှောင်ကိုခွင်း၍ အလင်းဆောင်ပေးပြီမဟုတ်လော။ ထိုသူတို့ခံစားရသောမင်္ဂလာအားဖြင့်လည်း ရက်ရောမှုသည် အချည်းနှီးမဖြစ်သွားကြောင်းထင်ရှားပါသည်။ ဤသဘောကား၊ ဝိညာဉ်တော်၏ သန့်ရှင်းစေသည့် လုပ်ရပ်ကြောင့်မဟုတ်တုံလော။ ယုံကြည်သူများမက၊ မယုံကြည်သူများတို့၏ အမြင်အာရုံတွင် ကျေးဇူးတော်၏အံ့ဖွယ်အမှုတစ်ပါးပင်ဖြစ်ချေတော့၏။

သို့ဖြစ်၍ ဝိညာဉ်ရေးမှာကြွယ်ဝမှုရှိရေးသည် ခရစ်ယာန်ရက်ရောမှုနှင့် လွန်စွာနီးနွယ်နေပါသည်။ ကယ်တင်ရွေးနုတ်ရှင်ဘုရားသခင်၏ ဂုဏ်တော်ကိုလည်း မိမိတို့၏အသက်တာတွင်ထင်ရှားစေအပ်၏။ ကောင်းကင်ဘုံတွင်မိမိဘဏ္ဍာကိုဆည်းပူးခြင်းဖြစ်သတည်း။ သင်သည် မိမိ၏ပိုင်ဆိုင်မှုများကိုလုံခြုံစေလိုပါသလား။

ကပ်တိုင်တော်၏အမာရွတ်များကို ဆောင်နေသောသခင့်ထံအပ်နှံလိုက်ပါ။ ကိုယ့်ဥစ္စာအတွက် ဝမ်းမြောက်လိုပါသလား။ ချို့တဲ့၍ ရောဂါခံစားနေရသူအား ကျေးဇူးပြုလိုက်ပါ။

သင့်ဘဏ္ဍာတော်အခြေအနေကိုလည်း တိုးပွားစေလိုပါသလား။ဘုရားသခင်၏ပညတ်မှာကြားချက်ကိုနှလုံးသွင်းပါ။ "သင်သည် ကိုယ်ဥစ္စာနှင့်အဦးသီးသောအသီးအနှံရှိသမျှကို ထာဝရဘုရားသခင်အားပူဇော်လော့။ သို့ပြုလျှင် သင်၏စပါးကျီတို့သည် ကြွယ်ဝ၍ စပျစ်သီးနယ်ရာတန်ဆာတို့ကို အသစ်သော စပျစ်ရည်လျှံလိမ့်မည်။" (Prov 3:9,10)

အကြင်သူသည် မိမိကိုယ်ကျိုးအလို့ငှာ တစ်ကိုယ်ကောင်းဆန်သဖြင့် မိမိပိုင်ပစ္စည်းဥစ္စာများကိုပေးလှူရန် တွန့်တို၏။ ထိုပစ္စည်းဥစ္စာများအတောင်တပ်၍ပျံသွားပေလိမ့်မည်။သို့သော်မိမိတို့၏ဘဏ္ဍာကိုထာဝရဘုရားသခင်၏အမှုတော် မြတ်ပျံ့နှံ့စေရေးအတွက် ပေးအပ်ကောင်းမှုပြုပါသော် ထိုအချိန်မှစ၍ထာဝရ ဘုရားသခင်၏မပြောင်းလဲနိုင်သော တံဆိပ်တော်ဖြင့်ခပ်ထားသောကြောင့်လုံခြုံ အေးချမ်းရပေလိမ့်မည် မိတ်ဆွေ။

မှန်ပါသည်မိတ်ဆွေ။ "ရေရှိရာအရပ်ရပ်တို့၌ မျိုးစေ့ကိုကြဲတတ်သော သင်တို့သည် မင်္ဂလာရှိကြ၏" (ဟေရှာယ ၃၂း၂၀) ဟု ထာဝရဘုရားသခင်အမိန့်တော်ရှိပါ၏။ အမှုတော်မြတ်အတွက် (သို့မဟုတ်) ချို့တဲ့နေသူများ၏မရှိမဖြစ်လိုအပ်ချက်များကို ထောက်ပံ့ကူညီလိုက်ခြင်းဖြင့် သင်မဆင်းရဲသွားပါ။ "စွန့်ကြဲသော်လည်း ဥစ္စာတိုးပွားတတ်သောသူရှိ၏။ အထောက်မတန်စုသိမ်း၍ ဆင်းရဲခြင်းသို့ရောက်တတ်သောသူလည်းရှိ၏။" (Prov 11:24) ပျိုးကြဲသူသည် မျိုးစေ့ကိုနေရာအနှံ့ကြဲဖြန့်စေမှ မျိုးစေ့များတိုးပွားလာမည်မဟုတ်လော။ အလားထူစွာ ထာဝရဘုရားသခင်၏ကျေးဇူးတော်ကို ဤသို့ပြုရာ၏။ ဝေမျှခြင်းဖြင့် ကောင်းချီးမင်္ဂလာတိုးပွားစေပါလော့။ ဘုရားသခင်၏အမိန့်တော်ရှိသည်မဟုတ်လော။ "သူတစ်ပါးအားပေးကြလော့။ ပေးလျှင်သူတစ်ပါးသည် သင်တို့အားပေးကြလိမ့်မည်။ အမှန်ခြင်ရုံမျှမက သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ပေးကြလိမ့်မည်" ဟုသတည်း။ (လုကာ ၆း၃၈)

---ooo---

# အခန်း(၃၃)
# အခက်အခဲများကြားဝယ်အမှုတော်ကိုဆောင်ရွက်ခြင်း

ပေါလုသည် မိမိအားဖြင့်ပြောင်းလဲသွားသော ခရစ်ယာန်များကိုမည်ကဲ့သို့အမှုတော်မြတ်ကြီးအား ထောက်ပံ့ရမည်အကြောင်းကိုရှင်းလင်းစွာသွန်သင်ပေးသလို မိမိသည်လည်း ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဧဝံဂေလိသာသနာတော်ကိုထမ်းရွက်သောတရားဟောဆရာဖြစ်ကြောင်း ကြေညာပါသည်။

ဂျူးလူမျိုးတို့တွင် ခန္ဓာကိုယ်အလုပ်ကြမ်းဖြင့် အသက်မွေးရသည်ကို သိမ်ဖျင်းသည်ဟု မယူဆပါ။ မောရှေလက်ထက်မှစ၍ဟေဗြဲလူတို့သည် မိမိတို့၏ရင်သွေးငယ်များကို လက်ကြောတင်းအောင် အလုပ်လုပ်တတ်ဖို့သွန်သင်ပေးရသည်။

မလုပ်တတ်က အပြစ်ဟုသတ်မှတ်ကြပါသည်။ ဗိမာန်တော်မှာအမှုထမ်းရန်ပညာသင်ကြားသူဖြစ်လင့်ကစား၊ ချမ်းသာကြွယ်ဝသူများ (သို့မဟုတ်) ဆင်းရဲသူများသော်လည်း လူငယ်တိုင်းလက်မှုပညာတစ်ခုခုကိုလုပ်တတ်ရန်သင်ကြားရသည်။ ဤအမှုကို လျစ်လျူရှုသူမိဘများသည် ထာဝရဘုရားသခင်၏သွန်သင်မှုမှတိမ်းလွဲသည်။ "ဤသို့လျှင် ပေါလုသည် တဲရှင်ချုပ်တတ်သူဖြစ်ရ၏။"

ပေါလုသည် ခရစ်တော်သခင်၏ တပည့်တော်တစ်ဦးမဖြစ်လာမီတွင် သူသည် ရာထူးကြီးနှင့်လူဖြစ်၏။ လက်နှင့်လုပ်မှ ထမင်းစားရသည်မဟုတ်ပါ။

သို့သော်ခရစ်တော်ကိုကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံပြီးသည်နောက်မိမိပိုင်ပစ္စည်းအားလုံးကို အမှုတော်မြတ်အဖို့သုံးသည်။ မိမိကိုယ်တိုင်ကလည်းတဲရှင်ချုပ်၍ အသက်မွေးသည်။ အထူးသဖြင့် ခရစ်ယာန်သာသနာတော်လုပ်စားသည့်အမြင်မျိုးမသက်ရလေအောင် ကာကွယ်ခြင်းဖြစ်သည်။

သက်သာလောနိတ်မြို့သား တပည့်တော်စုနှင့်ပေါလုဆက်ဆံပုံကိုကြည့်ပါ။ ကိုယ့်အားကိုယ်ကိုး၍ နှုတ်ထွက်စကားတော်ကို ဟောပြောခြင်းဖြစ်သည်။ထ

"လေးသောဝန်ကိုတင်ပိုင်သော်လည်း" "ညီအစ်ကိုတို့၊ ငါတို့သည်ပင်ပန်းစွာလုပ်ဆောင်၍ ကြိုးစာအားထုတ်ကြောင်းကို သင်တို့မှတ်မိကြ၏။ သင်တို့တွင်တစ်ယောက်ကိုမျှ မနှောင့်ယှက်ခြင်းငှာ ငါတို့သည် နေ့ညလုပ်ဆောင်လျက်

ဘုရားသခင်၏ ဧဝံဂေလိတရားကို သင်တို့အားဟောပြောကြ၏” (၁သက် ၂း၆၊၉) ဟု ပေါလုဆိုပါသည်။ ဒုတိယစာစောင်တွင်လည်း ဤသို့ဆိုပါ၏။ “အဘယ်သူ၏အစာကိုမျှ အလိုအလျောက်မစား၊ သင်တို့တွင် တစ်ယောက်ကိုမျှမနှောင့်ယှက်စေခြင်းငှာ ပင်ပန်းစွာကြိုးစားအားထုတ်၍ နေ့ညမပြတ်လုပ်ဆောင်ကြ၏။ ထိုသို့ပြုသော်လည်း မခံမယူပိုင်သောကြောင့်ပြုသည်မဟုတ်။ သင်တို့လိုက်စရာဖို့ပုံသက်သေဖြစ်စေခြင်းငှာပြုကြ၏။” (၂သက် ၃း၈၊၉)။

သက်သာလောနိတ်မြို့သားတပည့်တော်စုထဲတွင်လက်ကြောတင်းအောင်အလုပ်မလုပ်လိုသောသူတချို့ရှိပါသည်။ ထိုသူတို့ထဲသို့ပေါလု ဤသို့စာရေးပြော၏။ “မတရားစွာပြု၍ အဘယ်အလုပ်ကိုမျှမလုပ်ဘဲ၊ ကိုယ်နှင့်မဆိုင်သောအမှု၌ ရောနှောသောသူအချို့တို့သည် သင်တို့တွင်ရှိကြောင်းကို ငါတို့ကြားရကြ၏။ ထိုသို့သောသူတို့သည် ငြိမ်ဝပ်စွာလုပ်ဆောင်၍၊ ကိုယ့်အစာကိုစားမည်အကြောင်း ငါတို့သခင်ယေရှုခရစ်တော်အားဖြင့် ငါတို့သည် ပညတ်ထား၍ တိုက်တွန်းသွေးဆောင်ကြ၏။ အဘယ်သို့နည်းဟူမူကား၊ သင်တို့နှင့်အတူရှိစဉ်အခါ အလုပ်မလုပ်ချင်သောသူမည်သည်ကား အစာကိုလည်းမစားစေနှင့်ဟု ပညတ်ထားကြပြီ။” (၄ယ် ၁၁၊၁၂၊၁၀)။

ခေတ်အဆက်ဆက်တွင် စာတန်သည် ဘုရားသခင်၏အစေခံများကိုအင်အားယုတ်လျော့စေရန် နည်းလမ်းရှာပါသည်။ ဤတွင်အသင်းတော်အတွင်းတစ်ဖက်စောင်းနင်း၊ အစွန်းရောက်အတွေးအခေါ်များကို သွတ်သွင်းပေး၏။ ပေါလုလက်ထက်မှသည် ဘာသာရေးပြုပြင်ပြောင်းလဲရာအချိန်ကာလရာစုနှစ်များစွာတိုင်အောင်ဖြစ်၏။ ဝိလေစ်ဖ်၊ လူသာနှင့်အခြားဘာသာရေးခေါင်းဆောင်များတို့သည် မိမိတို့၏ယုံကြည်ချက်ဖြင့် ကမ္ဘာကြီးကိုမင်္ဂလာဖြစ်စေ၏။တစ်ဖက်မှာလည်း စာတန်သည် စိတ်အားပြင်းထန်ပြီး ကျိုးကြောင်းဆက်စပ်၍မရနိုင်အောင်၊ မမျှတသောသဘောကိုဆောင်စေ၏။ ဖြူစင်မှုမရှိသော အတွင်းအာရုံကိုဖြစ်ပေါ်စေသည်။ ဤသို့လျှင် အသက်ဝိညာဉ်တို့သည် အလှမ်းကျယ်၍အလယ်လပ်ကုန်ကြ‘။ စစ်မှန်သောသန့်ရှင်းစင်ကြယ်မှုကို အာရုံပြုရယူလိုသူများသည် မြေကြီးနှင့်ဆိုင်သောအရာများကို မဆင်ခြင်မအောက်မေ့ရဟူ၍လောကလူသားလုပ်အပ်သော သာမန်အလုပ်များကိုပင်မလုပ်ရ။ လုံးဝရှောင်ကြဉ်ရမည်ဟုသွန်သင်ကြပါသည်။ တချို့အမြင်၌ကား ပို၍ပင်ဆိုးသေး၏။ အလုပ်လုပ်လျှင်အပြစ်ဟု မှတ်ယူကြသည်။ ခရစ်ယာန်သည် တစ်ခဏသာမြဲသောလူမှု

အေးချမ်းရေးအလုပ်နှင့်မကင်းသောမိမိအတွက်၊ မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ရန်မလို၊ အချိန်ရှိသမျှကို ဝိညာဉ်ရေးရာများ၌သာ လုံးလုံးအာရုံပြု အချိန်ကုန်စေရမည်ဟု သွန်သင်သည်။ ဤတစ်ဖက်စွန်းရောက်သွန်သင်ချက်များ ကိုတမန်တော်ပေါလုက ဆုံးမပြင်တင်ပါသည်။

ပေါလုသည် သက်သာလောနိတ်မြို့တွင်ရှိစဉ်အခါ မိမိလက်နှင့်လုပ်၍ အသက်မွေးကာ ဧဝံဂေလိတရားတော်ဟောပြောခဲ့ပါသော်လည်း ရပ်ဝေးမြေမှ လာသောအလှူကိုမူ လက်ခံခဲ့ပါသည်။(ဖိလိပ္ပိ ၄း၁၆)။

ဤသို့ပြုမူခြင်းမှာလည်း သက်သာလောနိတ်မြို့သားယုံကြည်သူများ အတွက် ပုံပမာဖြစ်စေရန်ဦးတည်ပါ၏။ တပ်မက်ခြင်းမရှိလုံ့လဝီရိယဖက်ကာ အသက်မွေးဝမ်းကျောင်းအလုပ်ကိုလုပ်ရင်း ခရစ်ယာန်သာသနာပြုနေကြောင်းကို လက်တွေ့ကျကျဆုံးမသွန်သင်ခဲ့ခြင်းဖြစ်သည်။

ပေါလုသည် ပထမဦးဆုံးအကြိမ်ကောရိန်သုမြို့သို့ဧဝံဂေလိလုပ်ငန်းပြု ရန်ရောက်ရှိလာသောအခါ မြို့သားတို့သည်သူ့အားသံသယမျက်လုံးနှင့်ကြည့်နေ ကြသည်။

ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ ဂရိလူမျိုးတို့ကား ကူးသန်းရောင်းဝယ် ရေးအမှုတွင်ပါးနပ်လှ၏။ ငယ်စဉ်ကလေးဘဝမှစတင်၍ ကူးသန်းရောင်းဝယ် စီးပွားရေးလုပ်ငန်းကိုလက်တွေ့ကျကျလုပ်ခဲ့ရသဖြင့် အမြတ်အစွန်းရရှိခြင်းသည် ဘုရားသခင်၌ မွေ့လျော်ခြင်းတစ်ပါးဟု မှတ်ယူကြသည်။

တရားသည်၊မတရားသည်ကိုအပထား၊ အမြတ်ငွေရလျှင် ပြီးစတမ်း ဟုအဆိုရှိခဲ့လေသည်။ ပေါလုသည်လည်း ထိုသူတို့၏သဘောသဘာဝစရိုက်ကို လေ့လာသူဖြစ်သဖြင့် မိမိသည်ဧဝံဂေလိတရားဟောကြားရာ၌ဘာသာရေး လုပ်စားသည့်အဖြစ်မျိုးမမြင်ရလေအောင် မိမိကိုယ်ကိုမိမိသတိထား၏။

သူသည် တရားနာပရိသတ်တို့ထံမှထောက်ပံ့ငွေကိုခံယူနိုင်ပါလျက် မိမိ၏ ဧဝံဂေလိတရား တော်ဟောကြားခြင်း လုပ်ငန်းကိုမတရား သံသယဒဏ် ချက်ရာစိုးမိုးသဖြင့် သတင်းစကား၏ အဆီအနှစ်များပျောက်ဆုံးမည်ကို စိုးရိမ်သောကြောင့် သံသယ ဖြစ်စေနိုင်မှုရှိသမျှကို စွန့်ခဲ့ပါသည်။

ဤမြို့တွင် ပေါလုသည်အီတလီနိုင်ငံမှလာသောဂျူးလူမျိုးအာကုလနှင့် ပြစ်ကိလဇနီးမောင်နှံနှစ်ဦးကိုတွေ့ရှိခဲ့သည်။ ထိုသူတို့သည်လည်းတဲရှင်လုပ် ငန်းနှင့်အသက်မွေးသူများဖြစ်ကြ၏။ ဧကရာဇ်မင်း ကလောဒိ၏အမိန့်တော်အရ

ရောမမြို့တော်မှထွက်ခွာလာရသူများဖြစ်ပါသည်။ထိုသူတို့သည်ထာဝရဘုရားသခင်ကိုချစ်ကြောက်ရိုသေသူများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုဩဇာလွှမ်းမိုးခြင်းကိုရှောင်ရှားသူများဖြစ်ကြောင်း ပေါလုလေ့လာသဖြင့် သိမြင်သောအခါ သူတို့နှင့်အတူနေ၍ ဥပုသ်နေ့မပြတ်တရားဇရပ်၌ ယုဒလူနှင့်ဂရိလူတို့ကိုတရားပေးဆွေးနွေးဟောပြောလေသည်။ (တမန်တော် ၁၈း၂-၄)

နောင်သောအခါ သိလနှင့်တိမောသေတို့သည်မာကေဒေါနိပြည်ရှိအသင်းတော်များမှ ခရစ်ယာန်သာသနာတော်အတွက် ထောက်ပံ့ငွေများနှင့်ရောက်ရှိလာကာ၊ ထိုသူအပေါင်းတို့သည် ယေရှုခရစ်၏အကြောင်းကို ယုဒလူတို့အားကြိုးစား၍ သက်သေခံလေ၏။

ပေါလုသည် ကောရိန်သုမြို့တွင်ခိုင်ခံ့သောအသင်းတော်တစ်ပါးကိုတည်ဆောက်နိုင်ခဲ့ပြီးသည့်နောက်သူ၏ဒုတိယစာစောင်တွင်ဤသို့ရေး၏။"သင်တို့ကိုချီးမြှောက်ခြင်းငှာ၊ ကိုယ်ကိုကိုယ်နှိမ့်ချလျက်၊ ကျေးဇူးဆပ်ခြင်းကိုမခံဘဲ၊ သင်တို့အားဘုရားသခင်၏ ဧဝံဂေလိတရားကို ဟောပြောသည်အရာမှာငါသည်အပြစ်ရှိသလော။

သင်တို့အမှုကိုဆောင်ရွက်မည်အကြောင်း၊ အခြားသောအသင်းတော်များ ပေးသောစရိတ်ကိုငါခံ၍ သူတို့ကိုလုယူရာသို့ရောက်လေပြီတကား။သင်တို့နှင့်အတူရှိနေ၍ တစ်စုံတစ်ခုကိုလိုသောအခါအဘယ်သူကိုမျှငါမနှောင့်ယှက်။ အကြောင်းမူကား မာကေဒေါနိပြည်ကလာသောညီအစ်ကိုတို့သည် ငါလိုသမျှကိုပေးကြ၏။ သင်တို့ကို အလျှင်းမနှောင့်ယှက်ဘဲသတိနှင့်နေခဲ့ပြီ။ နောင်လည်းသတိနှင့်နေအုံးမည်။ ခရစ်တော်၏သစ္စာတရားသည် ငါ၌ရှိသည်ဖြစ်၍၊အခါယပြည်များတို့၌ ဤသို့ဝါကြွားသည်အမှုကို အဘယ်သူမျှ မဆီးတားရ။"(၂ကော ၁၁း၇-၁၀)။

ဤသို့ပေါလုစာရေးပြောရခြင်းအကြောင်းရှိ၏။ မမှန်သတင်းစကားထုတ်လွှင့်ပြောဆိုခြင်း "အခွင့်ရလိုသောသူတို့သည် အခွင့်မရစေခြင်းငှာ" (၂ကော ၁၁း၁၂) ပြုခြင်းပေတည်း။ သူသည်တဲရှင်ချုပ်လုပ်ရာ၌ပုံမှန်ဖြစ်သလိုဧဝံဂေလိသတင်းစကား ကြွေးကြော်ရာ၌လည်း သစ္စာရှိစွာလုပ်ဆောင်၏။ ထို့ကြောင့်သူကိုယ်တိုင်ကလည်း မြွက်ဆိုခဲ့သည်မဟုတ်လော။ "အကယ်စင်စစ်သီးခံခြင်းနှင့်တကွ အံ့ဖွယ်သောအမှု၊ ထူးဆန်းသောတန်ခိုးများအားဖြင့်တမန်တော်၏လက္ခဏာတို့ကို သင်တို့တွင်ထင်ရှားစွာပြပြီ။. . . . သင်တို့သည်

အခြားသောအသင်းတော်ထက်အဘယ်သို့ယုတ်ညံ့သနည်း။. . . . သင်တို့ကိုနှောင့်ယှက်မည်ဟုအကြံမရှိ။ သင်တို့ဥစ္စာကိုငါရှာသည်မဟုတ်။ သင်တို့ကိုသာငါရှာ၏။. . .

သင်တို့စိတ်ဝိညာဉ်၏ အကျိုးအလို့ငှာ ငါသည်ကိုယ်ဥစ္စာကိုလည်းကောင်း၊ ကိုယ်ကိုလည်းကောင်း၊ ကုန်စေခြင်းငှာအလွန်စေတနာရှိ၏" (၂ကော ၁၂း၁၂-၁၅)။

ဇေက်မြို့တွင်သုံးနှစ်မျှ ခက်ခက်ခဲခဲ ဧဝံဂေလိသာသနာပြုခဲ့ရာ၌လည်း ပေါလုသည် တဲရှင်ချုပ်၍ဝမ်းစာရှာ၏။ ဤသည်ကိုတချို့သောလူများကမသင့်လျော်ဟုကန့်ကွက်ကြပါသည်။

ဘုရားသခင်၏အစေခံများတွင် အမြင့်ဆုံးအဆင့်တွင်ရှိသောပေါလုသည် အဘယ်ကြောင့် လက်နှင့်လုပ်သောအလုပ်ကို လုပ်နေရပါမည်နည်း။

သူ၏တရား ဟောပြောခြင်းအမှုအတွက်အခမခံသင့်သလော။ အဘယ်ကြောင့်တဲရှင်ချုပ်လုပ်ခြင်းဖြင့် တန်ဖိုးရှိအချိန်များကုန်စေရမည်နည်း။

ဤသည်ကို ပေါလုကအချိန်ဖြုန်းသည်ဟုမမှတ်ယူပါ။ သူသည်အာကုလနှင့် တဲရှင်ချုပ်နေစဉ် ပါရဂူဆရာကြီးနှင့်မပြတ်ဆက်သွယ်နေ၏။ အကူအညီလိုအပ်နေသူကိုကူညီ၍ အခွင့်သာလျှင်သာသလို သခင့်အတွက် သက်သေခံလေသည်။

သူသည်အမြဲပင်ဝိညာဉ်ရေးအသိအမြင်ရှိ၍ သူနှင့်ထိတွေ့နေသူမှန်သမျှကို ကောင်းသောပုံသက်သေကိုပေး၏။

သူသည် လုပ်ငန်းတွင် ကျွမ်းကျင်မြန်ဆန်၏။ လုံ့လဝီရိယလည်းရှိလေသည်။ ဤလုပ်ငန်းအားဖြင့် တမန်တော်ကြီးသည် အလွှာ အသီးသီးဆီသို့ ဧဝံဂေလိတရားသက်သေခံနိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ယုံကြည်သူများကို ဤသို့ဆုံးမလေ့ရှိသည်။

"အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲလျက်၊ စိတ်တန်းသဖြင့် ဘုရားသခင်၏အလိုတော်သို့လိုက်၍ အားထုတ်ကြလော့။"(ရောမ ၁၂း၁၁)

လက်မှုပညာ၌ ကျွမ်းကျင်လိမ္မာခြင်းသည် ထာဝရဘုရားသခင်အထံတော်မှ လာသော ဆုကျေးဇူး ဖြစ်သဖြင့် ပညာဉာဏ်နှင့် ချိန်ဆကာမှန်သောနေရာတွင် အသုံးပြုရန်ဖြစ်ကြောင်း၊ အဘယ်မည်သောချွေးဖြင့် ရင်းရသည့်လုပ်ငန်းမဆို ထာဝရဘုရားသခင်ကိုဂုဏ်ပြုရာကြကြောင်း၊ ခရစ်ယာန်အစေခံတစ်ဦးအဖြစ် ဂုဏ်အသရေကျဆင်း ယုတ်လျော့ခြင်းလည်းမရှိပါကြောင်းပေါလုသွန်သင်လေသည်။

ပေါလုသည်အလုပ်ကိုနေ့ရောညပါလုပ်ကိုင်၏။မိမိ၏ဝမ်းစာရေးအတွက်သာမက မိမိ၏လုပ်ဖော်ဆောင်ဘက်များကိုထောက်ပံ့နိုင်ရန်အတွက်လည်းဖြစ်ပါသည်။ သူ၏ဝင်ငွေကိုသမားတော်ကြီးလုကာနှင့်လည်းကောင်း၊ တိမောသေနှင့်လည်းကောင်း ဝေမျှ၏။ တစ်ပါးသူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် သူလည်းအစာအငတ်ခံ၏။ တစ်ကိုယ်ကောင်းမဆန်သောအသက်တာကိုပိုင်ဆိုင်သူတစ်ဦးပေတည်း။ သို့ဖြစ်၍ ဧဖက်အသင်းတော်လူကြီးတို့အားပေါလုသည် ရှေ့ဆက်ဧဝံဂေလိသာသနာခရီးမထွက်ခွာမီ နှုတ်ဆက်စကားကို၎င်းသို့ဆို၏။

"သူ့ရွှေငွေအဝတ်တန်ဆာတို့ကို ငါသည်တပ်မက်ခြင်းမရှိပြီ။ ဤလက်တို့သည် ငါ့ကိုလည်းကောင်း၊ ငါ့အပေါင်းအဖော်တို့ကိုလည်းကောင်း လုပ်ကျွေးပြီဟုသင်တို့သည် ကိုယ်တိုင်သိကြ၏။ ထိုသို့သင်တို့သည်လည်း အလုပ်လုပ်၍အားနည်းသောသူတို့ကို မစရမည်ကိုလည်းကောင်း၊ အစွန့်အကြဲခံခြင်းအရာထက်စွန့်ကြဲခြင်းအရာသည် သာ၍မင်္ဂလာရှိသည်ဟု သခင်ယေရှုမန့်တော်မူသောစကားတော်ကိုအောက်မေ့ရမည်ကိုလည်းကောင်းအရာရာ၌သင်တို့အားငါပြပြီ။" (တမန်တော် ၂၀း၃၃-၃၅)

အကယ်၍ဧဝံဂေလိအမှုဆောင်ဆရာကြီးများသည် သခင်ယေရှုခရစ်တော်အတွက်အခက်အခဲများစွာကိုခံစားရလေခြင်းဟု တွေးတောမိသောအခါ ပေါလုအလုပ်ရုံကိုသတိရတွေးမြင်ကြည့်ပါ။ သူသည် ဘုရားသခင်၏စေတမန်ဧဝံဂေလိဓမ္မအမှုဆောင်ဆရာကြီးဖြစ်နေပါလျက် ဘယ့်အတွက်ကြောင့်လက်နှင့်တဲရှင်ကိုချုပ်ကာ အသက်မွေးခဲ့ပါသနည်း။

အလုပ်အကိုင်သည် ကျိန်ခြင်းမဟုတ်၊ မင်္ဂလာတစ်ပါးပင်ဖြစ်၏။ ပျင်းရိခြင်းသည်သည ဘုရားသခင်၌မွေ့လျော်ခြင်းကိုဖျက်ဆီး၍ ဘုရားသခင်၏ဝိညာဉ်တော်ကိုစိတ်နာစေပါသည်။ အိုင်ရေသည် ညစ်ညမ်းမှုရှိတတ်ပါသော်လည်း ရေသည် တသွင်သွင်စီးဆင်းနေသဖြင့် ပြည်တော်ကိုဝမ်းမြောက်ခြင်းနှင့်ကျန်းမာခြင်းကိုဖြစ်စေပါသည်။ ခန္ဓာကိုယ်လှုပ်ရှားရသောအလုပ်ကိုဂရုမစိုက်သူသည် များမကြာမီ ခွန်အားနည်းတတ်လာပါသည်။ သို့ဖြစ်၍ နုပျိုသူတရားဟောဆရာများသည် လက်ကြောတင်းအောင်အလုပ်လုပ်ဖို့လို၏။ သို့မှသာကြွက်သားများအားသန်၍ စောင့်မျှော်နေသော ဧဝံဂေလိသာသနာနယ်မြေအတွင်းချွေးဖြင့်ရင်းကာ၊ မျက်ရည်ကျလျက် သခင့်အတွက်အစေခံနိုင်မည် မဟုတ်လော။

ဘက်စုံကျန်းမာခြင်းရှိပါမှပို၍ထိရောက်မှုရှိသည်ကိုလည်း သင်သတိပြုပါလိမ့်မည်။

နေ့စဉ်အသက်တာ၏သာမန်တာဝန်ဝတ္တရားများကိုသစ္စာရှိစွာထမ်းဆောင်ခြင်းအားဖြင့်လည်း တန်ဖိုးမဖြတ်နိုင်သောကိုယ်တွေ့ဗဟုသုတများကိုရရှိနိုင်ပါသည်။ ထာဝရဘုရားသခင်သည် လူကိုသနားခြင်းကြင်နာမှုရှိသောကြောင့် ပေးအပ်ထားသောအကျိုးကျေးဇူးများကို တိုးပွားစေရာ၏။ ကျေးဇူးတုံ့ပြန်ရန် မမေ့အပ်ပေ။

ထိုစွမ်းရည်များကို ဘုရားသခင်ချေးငှားထားသည်ဖြစ်သောကြောင့်လည်း လူသည်ပညာဉာဏ်ဖြင့် သခင့်အတွက် အသုံးတော်ခံရန်ဖြစ်ပါသည်။ ဤသည်ကိုနားလည်သောအခါ သခင်ပေးသော တာဝန်ဝတ္တရားများကိုအဘယ်သူမျှမရှောင်ရှားအပ်ပါချေ။

မိမိကိုဘုရားသခင်သည် သခင့်အစေခံရန်ဖိတ်ခေါ်နေလေပြီဟု ခံစားမှတ်ယူမိသူသည် တရားဟောဆရာအလုပ်တွင် စွမ်းအားတက်လာရန်သက်သေပြပေလိမ့်မည်။ မည်သို့မည်ပုံစီမံခန့်ခွဲကာ စည်းလုံးညီညွတ်စွာဖြင့် ဆုံးဖြတ်လုပ်ဆောင်ရမည်ကိုလည်း သိနားလည်လာပေမည်။ မိမိတို့၏ သန့်ရှင်းသောဖိတ်ခေါ်ရွေးချယ်မှုကိုမြတ်နိုးသဖြင့်လည်း မိမိကိုယ်ကိုစည်းကမ်းထားကာ သခင်နှင့်ပို၍ ပို၍တူလာပါလိမ့်မည်။ သခင်၏ကောင်းမြတ်ခြင်း၊ မေတ္တာတော်နှင့်အမှန်တရားတို့ကိုလည်း ဖေါ်ကျူးလာပေလိမ့်မည်။ ဤသို့လျှင် ဤလူမျိုးများဖြင့်တည်ဆောက်ထားသောအသင်းတော်သည် အမြော်အမြင်ကြီးမားသောပညာရှိကြီးဖြစ်နိုင်ပေ၏။

ထိုသူတို့သည် မိသားစုဝင်များနှင့်အတူ အသင်းတော်၏ ငွေကြေးကိစ္စကိုမပြတ်ထောက်ပံ့ပေလိမ့်မည်။ နည်းလမ်းရှာပေလိမ့်မည်။ တစ်ပါးသူများ၏မြှောက်ပင့်ပြောဆိုမှုအားဖြင့်လည်း ပျက်စီးသွားမည်မဟုတ်ပါ။ အနေအစားချောင်သဖြင့် ထောက်ပံ့ကြေးကိုခံယူကာ တရားဟောခြင်းအမှုဖြင့်သာအသက်မွေးတော့မည်ဟူသော စိတ်သဘောရှိသူများကိုလည်း အားပေးမည်မဟုတ်ပါ။

လူငယ်တရားဟောဆရာတို့သည် သခင့်အမှုတော်မြတ်အတွက်မိမိတို့၏စွမ်းရည်ဆုကျေးဇူးများကို ဆက်ကပ်လိုသည်ဆိုအံ့။ သက်သာလောနိတ်မြို့၊ ကောရိန်သုမြို့၊ ဧဖက်မြို့နှင့်အခြားသောနေရာများတွင် ကိုယ်ကျိုးစွန့်အမှုတော်ထမ်းရွက်ခဲ့သော ပေါလုကို သင်ခန်းစာယူပါလေ။ သူသည်အလုပ်ကိုမငြင်း။

စေလိုရာစေ။ မိမိချစ်မြတ်နိုးသည့်ဧဝံဂေလိအမှုတော်အတွက် ဆက်ကပ်ပေး အပ်ဖို့ရန်ကိုလည်းမည်သည့်အခါမျှမတုံ့ဆိုင်းပါ။ ကောရိန်သုအသင်းတော်ဆီ သို့ဤသို့စာရေးခဲ့ပါသည်။ "ယခုတိုင်အောင်အစားအသောက်ငတ်မွတ်ခြင်း၊အ ဝတ်နွမ်းပါးခြင်း၊ ရိုက်ပုတ်ညှဉ်းဆဲခြင်းကိုခံရကြ၏။ နေရာမကျသောသူ၊ကိုယ် လက်နှင့်ပင်ပန်းစွာလုပ်ဆောင်ရသောသူဖြစ်ကြ၏။ ကဲ့ရဲ့ခြင်းကိုခံရသောအခါ မေတ္တာပို့ကြ၏။ ညှဉ်းဆဲနှိပ်စက်ခြင်းကိုခံရသောအခါ သည်းခံကြ၏။" (၁ကော ၄း၁၁၊၁၂)။

ပေါလုသည် ကမ္ဘာကျော်ဆရာကြီးတစ်ပါးဖြစ်သော်လည်း အနိမ့်ကျဆုံး အလုပ်ကို အမြင့်မြတ်ဆုံးတာဝန်များကဲ့သို့မခြား၊ ဝမ်းမြောက်ရွှင်လန်းစွာလုပ် ဆောင်ခဲ့ပါသည်။ သခင့်အတွက်ဆိုလျှင်လိုအပ်က မိမိ၏တတ်စွမ်းသောလက် မှုပညာဖြင့်ငွေကိုရှာကာ ခရစ်ယာန်သာသနာပြု၏။ သို့ရာတွင် လောကအလုပ် ကိုလိုအပ်သလိုဘေးဖယ်ထားဖို့ရန်လည်း အသင့်ရှိပေသည်။

ဧဝံဂေလိတရားတော်၏ရန်သူများ မမှန်သတင်းပြောဆိုခွင့်မရှိ ရန်ကို လည်းသူသည် ချိန်ဆလုပ်ဆောင်၍ အခွင့်သာတိုင်း အသက်ဝိညာဉ်များစွာကို ယေရှုသခင်ထံသို့ပို့ဆောင်နေပါ၏။ သူ့အားဖြင့် အမှုတော်မြတ်တွင် ရေသာခို၍ ပျင်းရိကာစည်းစိမ်ကိုသာတောင့်တသော တရားဟောဆရာများအတွက် ဆုံးမ ပြစ်တင်မှုတစ်ခုဖြစ်ရပါသည်။

ဆက်လက်၍ပုံစံနမူနာတစ်ခုကိုပေးသေးသည်။လောကရေးရာ၌ချွေး နှင့်ရင်းရသောအလုပ်နှင့်ကင်းဝေးပါမှ သခင့်အတွက်ရှုပ်ရှုပ်ချွံချွံအောင်မြင်စွာ အစေခံအမှုတော်ထမ်းရွက်နိုင်သဖြင့်အသင်းတော်မှာသြဇာညောင်းသည်ဟူသော အတွင်းစိတ်သဘောမျိုးကို ဆန့်ကျင်လေသည်။

ဤပုံစံနမူနာအားဖြင့် ကိုယ်ကျိုးစွန့်သာမန်အသင်းသားများသည်တ ရားတော်ကိုမသိ၊ လက်လှမ်းမမီသောနေရာများဆီသို့ လက်တွေ့ကျကျဆက်ကပ် လုပ်ဆောင်ရန်အတွက် အားပေး၏။ ကိုယ်ထူကိုယ်ထစနစ်ဖြင့် သခင့်အစေခံ အမှုတော်ကိုပြုနိုင်ကြောင်း ပြပါသည်။

အာကုလနှင့်ပြစ်ကိလတို့သည်အချိန်ပြည့်အမှုတော်ဆောင်များမ ဟုတ်ကြပါ။သို့သော်ထိုသူတို့အားဖြင့်အာပေါလုကိုအမှန်တရားဆီသို့ထိရောက် စွာပို့ဆောင်နိုင်ခဲ့ပါသည်။ဤသို့လျှင်ဘုရားသခင်သည်မိမိ၏ဦးတည်ရည်ရွယ်ချက် ပြီးပြည့်စုံရန်အလို့ငှာအမျိုးစုံသောတန်ဆာပလာများအဖြစ်ယုံကြည်သူတိုင်းကို

အသုံးပြုလေသည်။ အသုံးတော်ခံရန်သာဖြစ်၏။ ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းသည် ကျယ်ပြန့်သောကြောင့် အမှုတော်ဆောင်များနှင့်သာမပြီးပြတ်နိုင်။ ကိုယ်ထူကိုယ်ထဧဝံဂေလိဆရာ သာမန်အသင်းသားတို့၏ပါဝင်မှုလည်း လိုအပ်နေကြောင်းထင်ရှားပါသည်။

ကိုယ်ကျိုးစွန့်ဘုရားသခင်အစေခံပေါလုသည် မမောပန်းနိုင်သောလုပ်အားဖြင့်တရားတော်ကိုဟောပြောသွန်သင်သည်အရာမှာ သူ၏နှလုံးသားအိမ်ထဲတွင်လေးလံသောဝန်ထုပ်ရှိ၍ သာဖြစ်၏။သူ၏အလုပ်ကိုအချိန်နာရီနှင့်မတိုင်းထွာပါ။ အဖိုးအခကိုလည်းမငဲ့လင့်ပါ။

မနှစ်မြို့ဖွယ်အခြေအနေမျိုးနှင့်ရင်ဆိုင်ကြုံတွေ့နေရငြားလည်းသူသည်မိမိ၏တာဝန်မှမရှောင်တိမ်းသွားပါ။အကြောင်းသော်ကား သူ၏လုပ်ရမည့်အလုပ်သည် ကောင်းကင်ဘုံမှရရှိသောကြောင့်ဖြစ်၏။ထိုအလုပ်ပြီးစီးသောအခါ သူ၏ဆုံးရှုံးမှုများအတွက် ကောင်းကင်ဘုံကပြန်လည်ပေးဆပ်မည်ကို သူသိမြင်သည်။

ထိုသို့သောတရားဟောဆရာအမှုတော်ဆောင်များအတွက်ဘုရားသခင်သည် မလိုလားအပ်သော စိုးရိမ်ခြင်းအမှုမှကင်းဝေးရန် ပြင်ဆင်ပေးထား၏။ ဆောင်ရွက်ရန်တာဝန်ဝတ္တရားကိုသာ အာရုံပြုလုပ်ဆောင်ရန်ဖြစ်ပါသည်။

"သင်၏တိုးပွားခြင်းကို လူအပေါင်းတို့အားထင်ရှားစေခြင်းငှာ ဤအရာများကို စိတ်စွဲလမ်း၍ ကြိုးစားအားထုတ်လော့" (၁တိ ၄း၁၅) ဟုပေါလုဆိုပါသည်။ ထိုသူတို့သည် စိတ်နှင့်ခန္ဓာကိုယ်အားကြီးစေရန် လုံလောက်သောလေ့ကျင့်မှုမျိုးကိုလုပ်ဆောင်နေစဉ်မှာပင် မိမိတို့၏ အချိန်အများစုကို လောကရေးရာလုပ်ငန်းဆောင်တာများဖြင့် အချိန်မကုန်သင့်ပေ။ ဤသည်ကို ဘုရားသခင်သည်လည်းမနှစ်သက်ပေ။

ဤသို့ဧဝံဂေလိတရားတော်ပျံ့နှံ့ရေးအတွက် စိတ်အားကြီး၍သစ္စာရှိသူတရားဟောဆရာများတို့သည်လည်း သွေးဆောင်ခြင်းနှင့်မကင်းပါချေ။ ထိုသူတို့သည် အသင်းတော်မှလုံလောက်သောငွေကြေးထောက်ပံ့မှုကို မရရှိသောအခါ မိသားစုအတွက် စိုးရိမ်စိတ်ဝင်ရောက်လာကာ တချို့မှာသွေးဆောင်သူ၏ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုကိုခံရလေ၏။ လုပ်ဆောင်သလောက်အကျိုးမခံစားရကြောင်း မြင်သေအာခါ စိတ်ပျက်၏။ နောင်ဘဝတွင် တရားသဖြင့်စီရင်တော်မူသောအရှင်သည် တရားသောအကျိုးကို ပေးဆပ်တော်မူမည်ကို

သိနားလည်ခံစားမိပါသော်လည်း လောလောဆယ်မိသားစုစားဝတ်နေရေးအတွက်ထောက်ပံ့ကြေးမလုံလောက်က အဘယ်သို့ပြုပါမည်နည်း။ အမှုတော်မြတ်ကိုချန်လှပ်ထား၍ လောကအလုပ်ကိုလုပ်မည်ဆိုပြန်ကလည်း အချိန်ကိုဘုရားသခင်ပိုင်သည်ဟူသော အသိတရားကသူ့အားသတိပေးနေသည်။ ထိုသို့စုံစမ်းခြင်းကိုခံရဖွယ်ရှိသောကြောင့် ထိုအခြေအနေမျိုးနှင့်ကြုံတွေ့ရပါသော်လည်း ခရစ်ယာန်သာသနာပြုရင်း၊ လက်မှုပညာ၊ စိုက်ပျိုးရေးလုပ်ငန်းစသည့်ချွေးနှင့်ရင်းရသောလောကအသက်မွေးဝမ်းကျောင်းအတွက် အလုပ်ကိုတော့တွဲဖက်လုပ်ဆောင်ရပေမည်။ ဤသို့ပြုခြင်းကမိမိ၏ဇာတိသဘောအလိုကို လိုက်ခြင်းမဟုတ်။ ဤမြေကြီးပေါ်တွင် သခင်၏အစေခံခြင်းအမှုတော်ကိုထောက်၍ လုပ်ဆောင်ခြင်းဖြစ်ရပါမည်။

တစ်ခါတစ်ရံတွင် ဘုရားသခင်၏စေတမန်များမှာ ကြီးကျယ်သောအလုပ်ကိုလုပ်လိုပါသော်လည်း လိုအပ်သောထောက်ပံ့မှုများမရှိသောကြောင့်မလုပ်ကိုင်လိုက်ရသည်များလည်းရှိပါသည်။ တချို့လည်းရှိသည်အရာနှင့်လုပ်ဆောင်သော်လည်း အဆုံးသို့ရောက်သည်အထိ တာဝန်ကျေဖွယ်မရှိကြောင်းမြင်၍စိုးရွံ့ကြပါသည်။

သို့ရာတွင် ထိုသူတို့သည် ယုံကြည်ခြင်းဖြင့်ရှေ့ဆက်ကာဆုတောင်းလုပ်ဆောင်သွားပါသော် ထာဝရဘုရားသခင်၏ ကယ်တင်ခြင်းတရားသည်ထင်ရှား၍မိမိ၏ ကြိုးစားအားထုတ်မှု၏ အသီးအပွင့်ကြွယ်ဝမှုကိုမြင် တွေ့နိုင်ပေလိမ့်မည်။ မိမိနောက်လိုက်တပည့်တော်တို့အားကမ္ဘာမြေကြီးအနှံ့သို့သွားရန် စေခိုင်းသော အရှင်သခင်သည် မိမိ၏သတင်းစကားကိုကြွေးကြော်ခြင်းအမှုတွင်ပါဝင်သောအမှုတော်ဆောင်တိုင်းကို စောင့်မတော်မူပါလိမ့်မည်။

ထာဝရဘုရားသခင်သည် မိမိ၏ အမှုတော်မြတ်ကိုတိုးချဲ့ခြင်းအမှု၌ အသေးစိတ်အစီအစဉ်ကို မိမိ၏ စေတမန်အမှုတော်ဆောင်တို့အား အမြဲအစဉ်မဖော်ပြပေ။ ယုံကြည်ခြင်းအားဖြင့် ဆက်ကပ်အမှုတော်ဆောင်ရန် အခြေအနေများကိုဖန်တီးထားပါသည်။ ယော်ဒန်မြစ်ရေဆီသို့လည်း မိမိတို့၏ခြေများရောက်ရှိကာ တန်ခိုးတော်ကို မြင်တွေ့နိုင်သည်တိုင်အောင် ခဲရာခဲဆစ်နေရာများသို့သခင်ခေါ်ဆောင်လာလေ့ရှိ၏။ ဤသို့သောအချိန်မျိုးမှာ အားကြီးသောယုံကြည်ခြင်းအားဖြင့် တောင်းဆုပြုသူ အမှုတော်ဆောင်များအတွက် ဘုရားသခင်သည်မိမိ၏ သာသနာတော်တဲရာကို ချဲ့ထွင်ဖို့ရာ လမ်းဖွင့်ပေးပါလိမ့်မည်။

ခရစ်ယာန်အမှုတော်ဆောင်များသည် မိမိတို့၏ တာဝန်ဝတ္တရားများကို သိမြင်၍ သခင့်စပျစ်ဥယျာဉ်ခြံတော်ကြီးထဲတွင် သခင့်အတွက်အသက်ဝိညာဉ်များစွာရှာဖွေရိတ်သိမ်းရန် မလျှော့သောလုံ့လဖြင့်လုပ်ဆောင်ပါသော်၊ ထာဝရဘုရားသခင်၏ ကောင်းကင်တမန်များသည် သူတို့အတွက်လမ်းခရီးကိုဖွင့်ပေးကာ၊ အမှုတော်မြတ်အတွက်လိုအပ်သည်များကို ပြင်ဆင်ပေးပါလိမ့်မည်။ ဤအမှုတော်မြတ်ကြီးအတွက် ဝိညာဉ်ရေးအမြင်သစ်ကို ရရှိကြကုန်သော ငွေကြေးရတတ်သူတို့သည်လည်း မိမိတို့ကိုယ်စား မိမိတို့ပိုင်ငွေကြေးများအားဖြင့် ထောက်ပံ့ပေးပါလိမ့်မည်။ အကူအညီလိုအပ်သည့်နေရာတိုင်းမှာ ရက်ရောစွာ တုံ့ပြန်ကြပါလိမ့်မည်။ ထာဝရဘုရားသခင်၏ ဝိညာဉ်တော်သည်လည်း ပြည်တွင်းခရစ်ယာန်သာသနာအတွက်သာမက ပြည်ပခရစ်ယာန်သာသနာပြုစေလွှတ်ရန်အတွက်ကိုလည်း တိုးချဲ့လုပ်ဆောင်ရန် ထိုသူတို့၏စိတ်နှလုံးကို ပြုပြင်ပေးပါလိမ့်မည်။ ဤသို့လျှင် အမှုတော်မြတ်ကြီးသည် အင်အားစုကြီးနှင့်တကွ နေရာသစ်များဆီသို့တိုးချဲ့သဖြင့်  ဘုရားသခင်၏ချိန်းချက်ရာနည်းလမ်းအတိုင်း တိုးပွားပေလိမ့်မည်ဖြစ်သည်။

---ooo---

## အခန်း(၃၄)
## ဆက်ကပ်လုပ်ဆောင်ရသော ခရစ်ယာန်သာသနာပြုအလုပ်

ခရစ်တော်သခင်၏ အသက်တာနှင့်ပေးသော သင်ခန်းစာများထဲတွင် လုံးဝကိုယ်ကျိုးစွန့်ခရစ်ယာန်သာသနာပြုခြင်း၏ စုံလင်ခြင်းဥပမာများကိုမြင်တွေ့ နိုင်ပါသည်။ ထိုဆက်ကပ်မှုသည် ဘုရားသခင်ထံမှအခြေခံ၍ ဘုရားသခင်သည် မိမိအတွက်အသက်ရှင်သည်မဟုတ်။

လူသားတစ်နွယ်လုံးကိုမပြတ်သော ဂရုစိုက်ကြည့်ရှုခြင်းဖြင့် ထိန်းသိမ်းထားလေသည်။

"အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကိုထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးကိုရွာစေတော်မူ၏။"(မဿဲ ၅း၄၅)။

ဤကဲ့သို့သော အကျိုးပြုအစေခံသည့် သဘောကိုအဖဘုရားသခင်သည်သားတော်ဘုရားသခင်အားပေးအပ်ထား၏။ ယေရှုသခင်သည်လည်း လူမျိုးတစ်နွယ်လုံး၏ခေါင်းဆောင်ဖြစ်သောကြောင့် ဤပုံသက်သေကိုပြသခဲ့ပါသည်။ ထိုသခင်၏ အသက်တာတစ်လျှောက်လုံးတွင် အစေခံလုပ်ဆောင်ခြင်း ပညတ်အောက်တွင်ရှိနေခဲ့ပါသည်။ အားလုံးကိုအစေခံ၍ အားလုံးဆီသို့ ခရစ်ယာန်သာသနာပြုခဲ့ပါသည်။

ဤအခြေခံသဘောကို ယေရှုသခင်သည် တပည့်တော်တို့အားကျင့်သုံးရန်ဖန်ခါတလဲလဲမိန့်မြွက်ခဲ့ပါသည်။ ယာကုပ်နှင့်ယောဟန်တို့သည် သခင့်အနားနေရာကောင်းလိုချင်၍ တောင်းပန်သောအခါတွင် သခင်က ဤသို့ဆို၏။

"အကဲအမှူးတို့သည် အာဏာထားတတ်ကြ၏။ သင်တို့မူကား ထိုသို့ မပြုကြနှင့်။ လူသားသည် သူတစ်ပါးကိုစေစားခြင်းငှာမလာ၊ သူတပါးအစေကို ခံခြင်းငှာလည်းကောင်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးချယ်ခြင်းငှာလည်းကောင်း၊ ကြွလာသည်ဖြစ်၍ ထိုနည်းတူသင်တို့တွင် အကဲအမှူးပြုလိုသောသူတို့ သင်တို့အစေခံဖြစ်စေ။ သင်တို့တါင် အထွတ်အမြတ်လုပ်ချင်သော သူကိုလည်း သင်တို့ကျွန်ဖြစ်စေဟုမိန့်တော်မူ၏။" (မဿဲ ၂၀း၂၆-၂၈)။

ခရစ်တော်သခင်သည် ကောင်းကင်ဘုံသို့ကြွမြန်းသွားပြီးသည်မှစ၍ မိမိ၏အမှုတော်မြတ်အတွက် သံတမန်များကိုရွေးချယ်ခန့်အပ်ခဲ့လေရာ ထိုသူတို့ သည် လူသားတို့၏လိုအပ်ရာများကို လုပ်ဆောင်ပေးရသောဘုရားသခင်၏ကိုယ် စားလှယ်တော်များဖြစ်လာပေသည်။

ထိုသခင်၏အသင်းတော်ကိုကြည့်ရှုတည်ဆောက်ဖို့ရန်အတွက်တရား ပေးသွန်သင်ရန်ရွေးချယ်ခံရသူတိုင်း၌ ကြီးမားသောတာဝန်ဝတ္တရားများတည်ရှိ နေပါသည်။ ထိုသူတို့သည် ခရစ်တော်သခင်၏ကိုယ်စား လူနှင့်ဘုရားသခင်ပြန် လည်သင့်မြတ်ရေးအတွက် လုပ်ဆောင်ပေးရ၏။ ဤအမှုတော်ကိုဆောင်နိုင်ရန် အထက်ကောင်းကင်ဘုံမှ ဉာဏ်ပညာကိုရရှိဖို့လိုအပ်ပါသည်။

ခရစ်တော်သခင်၏အမှုတော်ဆောင်တို့သည် ဘုရားသခင်ခန့်အပ်ထား သော (လောကလူသားတို့၏) ဝိညာဉ်ရေးဆိုင်ရာ အုပ်ထိန်းသူများဖြစ်ချေ၏။ ကင်းစောင့်များနှင့်တူပါသည်။ ကင်းစောင့်သည် မြို့ရိုးပေါ်မှာနေရာယူသဖြင့် ရန်သူချဉ်းကပ်သည်ကိုမြင်သော် မြို့သားတို့အားသတိပေးရ၏။

သူတို့သစ္စာရှိမှမြို့တွင်းလုံခြုံမှုရှိသည်။ အချင်းချင်းကိုလည်းအသံဟစ် ၍ခေါ်ရ၏။ သတင်းကောင်းဖြစ်စေ၊ သတိပေးချက်ဖြစ်စေ၊ လက်ဆင့်ကမ်း ပဲ့တင်သံပြုခြင်းဖြင့်မြို့ရိုးပတ်လည်ကိုအသံကြားစေရပါသည်။

တရားဟောဆရာတိုင်းကိုဘုရားသခင်ဤသို့ဆို၏။ "အချင်းလူသား သင့်ကိုဣသရေအမျိုး၌ ကင်းစောင့်စေခြင်းငှာ ငါခန့်ထားသောကြောင့် သင်သည် ငါ၏ နှုတ်ထွက်စကားကိုနာခံ၍ သူတို့ကိုသတိပေးရမည်။ ငါသည်လူဆိုးအား၊ အိုလူဆိုး၊ အကယ်စင်စစ်သင်သည် အသေခံရမည်ဟုဆိုသောအခါ ဆိုးသော သူကိုသ၏လမ်းမှလွဲစေခြင်ငှာ သင်သည် သတိမပေးလျှင် ထိုလူဆိုးသည်မိမိ အပြစ်ကြောင့်အသက်ဆုံးလိမ့်မည်။

သို့ရာတွင် သူ၏အသက်ကို သင်၌ငါတောင်းမည်။. . . သင်သည်သ တိပေး၍ သူသည်မလွှဲဘဲနေလျှင် မိမိအပြစ်ကြောင့် အသက်ဆုံးသော်လည်းသင် သည်ကိုယ့်အသက်ကို ကယ်တင်ပြီ။" (ယေဇကျေလ ၃၃း၇-၉)

ဘုရားသခင်၏ အသင်းတော်ကိုအုပ်ထိန်းရသောသူတို့၌ မြင့်မြတ်သန့် ရှင်းသောတာဝန်ဝတ္တရားရှိ၍ ထိုသူတို့သည် ဘုရားသခင်၏ နက်နဲရာများကို ထိန်းသိမ်းရသောဘဏ္ဍာစိုးများဖြစ်စေ၏။ ထိုသူတို့သည် စာတန်၏ အမှောင်ထု

လက်နက်စုံချဉ်းကပ်လာမှုကိုသတိပေးရသောကင်းစောင့်များလည်းဖြစ်ပါသည်။ အသက်ဝိညာဉ်များစွာတို့သည် ထိုတာဝန်ရှိဘုရားသခင် ခန့်အပ်ထားသောတရားဟောဆရာတို့၏ပျက်ကွက်မှုကြောင့် စုံစမ်းနှောင်ယှက်ခြင်းအပြစ်ရှုံ့နှံ့တွင်နစ်မြုပ်ရပေတော့မည်။ သတိပေးရမည်ကိုမပေးဘဲရှိရလောက်အောင် ဝိညာဉ်ရေးဆိုင်ရာများတွင် ထုံထိုင်းနေမည်ဆိုကလည်း ပျက်စီးသွားသောအသက်ဝိညာဉ်များအတွက် ထိုသွေးကို ထိုတရားဟောဆရာကင်းစောင့်တို့၌ ဘုရားသခင်ပြန်လည်တောင်းခံတော်မူပေလိမ့်မည်။

သို့ဖြစ်၍ ကင်းစောင့်ရာထူးရရှိသူသည် ထာဝရဘုရားသခင်နှင့်နီးကပ်စွာနေရမည်။ထာဝရဘုရားသခင်၏ဝိညာဉ်တော်အုပ်စိုးမှုအောက်တွင်အမြဲရှိနေရမည်။ သို့မှသာလျှင်လူသားတို့အားပျက်စီးခြင်းမှသည်လုံခြုံရာနေရာဆီသို့ညွှန်ပြနိုင်ပေမည်။မကောင်းမှုအပြစ်၏နောက်ဆုံးသွားရာလမ်းကိုလည်းသတိပေးရမည်ဖြစ်သကဲ့သို့အသင်းတော်၏ခရစ်ယာန်သာသနာခရီးစဉ်ကိုထိန်းသိမ်းထားရပါမည်။

ဤအမှုအတွက် သူတို့သည် မိမိတို့၏ရိုးတွင်းခြင်ဆီမှသည် ခန္ဓာကိုယ်၏သွေးသွားလည်ပတ်မှုအားလုံးကို ပုံမှန်ကျန်းမာစွာထားရှိရမည်။ အသံကိုတံပိုးခရာကဲ့သို့မြည်စေလျက် မသေချာမရေရာသည်များကို ရှောင်ရှားရမည်။ အခအတွက်အလုပ်လုပ်သည်မျိုးမဖြစ်စေရ။ ဧဝံဂေလိတရားတော်ကို မဟောပြောဘဲနေလျှင် အကျိန်ခံရမည်ဟုသတိချပ်မှတ်ယူအပ်သည်။ ထိုသူတို့သည် ထာဝရဘုရားသခင်ရွေးချယ်ခြင်းခံရသူများဖြစ်သောကြောင့်ဆက်ကပ်ပေးအပ်ခြင်းသွေးတော်ဖြင့် တံဆိပ်ခတ်ခြင်းခံရသူပီပီပျက်စီးမည်ဆဲဆဲရှိနေသော လူသားတို့အား ကယ်တင်ရပေမည်။

ခရစ်တော်သခင်နှင့်အတူတကွပူးပေါင်း၍ခရစ်ယာန်သာသနာပြုသောတရားဟောဆရာသည် မိမိ၏အလုပ်မှာ သန့်ရှင်းမြင့်မြတ်ကြောင်း၊ ထိုအမှုတော်မြတ်အောင်မြင်ရန် ချွေးနှင့်ဆက်ကပ်ပြီးလုပ်ပဆောင်ရန် လိုအပ်ကြောင်းလေးနက်သောအသိစိတ်ရှိပါလိမ့်မည်။ သူသည် မိမိ၏သာယာဝပြော၍စည်းစိမ်တိုးမည့်အရေးကိုမြော်မြင်၍မလုပ်ဆောင်ပါ။ မိမိကိုယ်ကျိုးကိုမေ့ပျောက်လိုက်သူဖြစ်၏။ ပျောက်ဆုံးနေသော သိုးကြီးသိုးငယ်များကို ရှာဖွေနေခြင်းအမှု၌သာအာရုံပြုနေသဖြင့်လည်းမိမိမှာကျေနပ်နေသည်။ဆာငတ်နေသည်။ ပူပန်သောကဖြစ်နေသည်ဟူသောအဖြစ်မျိုးကို သတိမရချေ။သူ့တွင်ရှိသည့် တစ်ခုတည်းသောဦးတည်ချက်အမြင်မှာ ပျောက်ဆုံးသူကိုကယ်တင်ရန်သာဖြစ်ချေတော့၏။

ဧမောနွေလ၏သွေးစွန်းနေသောအောင်လံတော်အောက်ဝယ်သခင့်အစေကိုခံသောသူတို့၌ ရဲစွမ်းသတ္တိရှိရန်လိုအပ်သလို ခံနိုင်ရည်စွမ်းအားလည်းရှိရပါမည်။ သို့မှသာလျှင် သခင့်အတွက် ရှုပ်ရှုပ်ချွံချွံအစေခံလုပ်ဆောင်နိုင်မည်မဟုတ်လော။

အမှုတော်ကိုဆောင်ရွက်ရာတွင် အခက်အခဲနှင့်ကြုံတွေ့ရတိုင်းဘုရားသခင်၏ကတိတော်မြတ်များကိုသတိရပါ။အထက်မှအင်အားကိုသင်လိုအပ်နေ၏။ အောင်မြင်မှုရရှိတိုင်းသည် မိမိကိုယ်ကိုဂုဏ်ဖော်ရန်မဟုတ်။တန်ခိုးရှင်ကိုသာပိုမို၍အားကိုးရန်လိုအပ်ကြောင်းသက်သေခံပါ။ ထိုတန်ခိုးတော်ရှင်အားဖြင့်ကယ်တင်ခြင်းသတင်းကောင်းမှာ အင်အားအပြည့်အဝနှင့် တစ်ပါးသူတို့၏စိတ်အာရုံ၊ နှလုံးသားကိုပြောင်းလဲစေနိုင်ပါသည် မိတ်ဆွေ။

တစ်ပါးသူအားကျမ်းစာသင်ပေးနေသူသည် မိမိကိုယ်နှိုက်က ထာဝရဘုရားသခင်နှင့်နာရီတိုင်းဆက်သွယ်နေရပါမည်။ ကျမ်းစာလေ့လာ၍ဆုတောင်းရမည်။ဘုရားသခင်နှင့်ဆက်သွယ်ခြင်းသည် တရားဟောဆရာတစ်ယောက်ကိုတရားဟောပြောကောင်းခြင်းထက်ပို၍ တန်ခိုးထက်စေသည်။ ဤအမှုကိုလျစ်လျူမရှုရပါ။ မိမိ၏အလုပ်တာဝန်နှင့်ရင်ဆိုင်ရသောအခက်အခဲများအတွက်မားမားမတ်မတ်ရပ်တည်နိုင်ရန်နှင့် နှုတ်ထွက်စကားတော်မှာလည်း အသက်ရှင်သော

မီးလျှံဖြစ်စေရန်အတွက် ထာဝရဘုရားသခင်ထံတော်မှာ တောင်းပန်ရပါမည်။ခရစ်တော်၏ သံတမန်များသည် အထက်အရာများကိုသာ အာရုံပြုသင့်ပါ၏။ထိုသို့ပြုလျှင် ဘုရားသခင်နှင့်လမ်းလျှောက်သူများဖြစ်ကြသဖြင့် ထိုသူတို့ကိုကျောက်ဆောင်အတွင်းဝယ် ကာကွယ်ပေးမည်။ မောရှေသည် ဘုရားသခင်ကိုမြင်ခဲ့သကဲ့သို့ သူတို့ကိုလည်းအကာအကွယ်ပေး၍ မြင်တွေ့စေမည်။ လူ့အင်အားနှင့်မဟုတ်မူဘဲ သဘာဝလွန်အင်အားစုဖြင့် ခရစ်ယာန်သာသနာတော်၏သဘောသဘာဝကိုမှီခိုနားလည်ကာ အမှုတော်မြတ်ကို ပိုမိုလျင်မြန်စွာပြီးပြည့်စုံနိုင်မည်ဖြစ်ပါသည်။

လူသည် စိတ်ပျက်သောအခါ စာတန်၏ ပရိယာယ်လှည့်ကွက်အောက်မှာပြားပြားဝပ်နေရ၏။ သို့ဖြစ်၍တရားဟောဆရာမည်သည် မိမိ၌အခက်အခဲရှိသမျှကို ထာဝရဘုရားသခင်ထံတော်သို့တင်ပြရာ၏။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံမှအကွယ်အကာကိုရရှိမည်။ ခက်ခဲမှု၏ အနက်ကို အများတကာထက်ပိုမိုသိမြင်လာမည်။ စုံစမ်းနှောင့်ယှက်မှုအခက်အခဲတို့ကိုကျော်လွှားကာ အောင်လံ

လှွင့်ထူနိုင်မည်ဖြစ်၏။ “အကြောင်းမူကား၊ မျက်မှောက်၌ ထင်ရှားသောအရာတို့သည်ခဏသာတည်၍ မထင်ရှားသောအရာတို့သည် အစဉ်အမြဲတည်ကြောင်းကို ငါတို့သည်ထောက်လျက်၊ ထင်ရှားသောအရာတို့ကို မကြည့်မမှတ်ဘဲမထင်ရှားသောအရာတို့ကို ကြည့်မှတ်ကြစဉ်အခါ ယခုခဏခံရ၍ ပေါ့ပါးသောဆင်းရဲခြင်းအခက်အခဲသည် အတိုင်းထက်အလွန်ကြီးမြတ်လေးလံသော ထာဝရဘုန်းအသရေကို ငါတို့အဖို့ဖြစ်စေတတ်၏။” (၂ကော ၄း၁၇၊၁၈)။

ပေါလုသည်အထက်မှအရာတို့ကို မျက်ခြည်အပြတ်မခံပါ။ မမြင်ရသော သဘာဝလွန်အင်အားစုနှင့်ဆိုင်ပြိုင်တိုက်လှန်နေရသဖြင့် အမြဲပင်ထာဝရဘုရားသခင်အားခိုလှုံအားကိုးလျက်နေ၏။သခင်ကိုရှုမြင်ခြင်းဖြင့် ထိုအရှင်သခင်ထံတော်မှ အားအင်ကိုယူ၍ လောကတန်ခိုးလွှမ်းမိုးသော စိတ်အာရုံနှင့်အကျင့်ကို ချိုးနှိမ်ကွပ်မျက်နိုင်ခြင်းဖြစ်ပေသည်။

အသင်းအုပ်တစ်ယောက်သည် မိမိ၏လုပ်ငန်းခွင်ရှိလူတို့နှင့်လွတ်လပ်စွာရောနှောဆက်ဆံနေပါမှ သူတို့ဘာလိုအပ်သည်များကိုသိမြင်သဖြင့် လိုအပ်သလိုသွန်သင်သွားနိုင်မည်ဖြစ်သည်။ သူသည်တရားပလ္လင်ပေါ်မှာ တရားဟောရုံပြုက မိမိအလုပ်ကို စတင်ရုံမျှသာရှိသေးသည်။ တစ်ဦးချင်းလုပ်ဆောင်ပေးရမည့်အလုပ်သည်ရှိ၏။ အိမ်များသို့လည်ပတ်ပါ။ သူတို့နှင့်အတူ စကားပြော၍ဆုတောင်းပြုပါ။

စိတ်အားထက်သန်၍ နိမ့်ချခြင်းသဘောသည် အကျိုးကြီးလှပေ၏။ ထိုနည်းလမ်းအားဖြင့် အိမ်ထောင်စုများစွာတို့သည် သတင်းကောင်းကိုရရှိကြလေသည်။ ခရစ်တော်သခင်၏ စိတ်တော်နှင့်လည်းတွေ့ပါသည်။

အောက်ဖော်ပြပါ အမိန့်တော်အားဖြင့် သခင့်အလိုတော်ကိုနားလည်နိုင်ပါသည်။ “သခင်က၊ မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့။ ငါ့အိမ်ကိုပြည့်စေခြင်းငှာ အနိုင်အထက်ခေါ်သွင်းလော့” (လုကာ၁၄း၂၃)။

တရားဟောဆရာတို့သည်လည်း အိမ်ထောင်စုတို့အား တရားအလင်းကိုသွန်သင်ပေးရပါမည်။ဤသို့လျှင်ထာဝရဘုရားသခင်နှင့်အတူတွဲဖက်လုပ်ဆောင်သဖြင့်ဝိညာဉ်ရေးဆိုင်ရာအင်အားစုမှာကြီးမားထွားကြိုင်းလာပါလိမ့်မည်။ ခရစ်တော်သခင်သည်လည်း သူတို့၏ နှုတ်ကိုတို့၍ ကြားနာသူတို့၏စိတ်နှလုံးကိုပြောင်းလဲစေပါလိမ့်မည်။ ပေါလုကဲ့သို့ပြောနိုင်ခွင့်ရှိမည်။“ဘုရားသခင် ၏အလိုတော်ကိုသင်တို့အားအကုန်အစင်ဟောပြောသခြင်းအမှုကိုငါသည်မလွှဲမရှောင်ဘဲ

ပြုခဲ့ပြီ။” “သင်တို့အကျိုးပြုစုရာတစ်စုံတစ်ခုကိုမျှငါမထိမ်မဝှက်။လူစုဝေးရာ၌လည်းကောင်း၊ အိမ်များ၌လည်းကောင်း၊ သင်တို့အားဟောပြော၍ ဆုံးမဩဝါဒပေးသဖြင့်၊ ဘုရားသခင်ရှေ့တော်၌ နောင်တရခြင်းတရားကိုလည်းကောင်း၊ ငါတို့သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းတရားကိုလည်းကောင်း လူတို့အားသက်သေခံသည့်အကြောင်းအရာကို သင်တို့သိကြ၏။”(တမန်တော် ၂၀း၂၇၊၂၀၊၂၁)။

ကယ်တင်ပိုင်ရှင်သည်တစ်အိမ်တက်ဆင်းလုပ်ကာ နာမကျန်းသူများကိုကျန်းမာစေ၏။ ငိုကြွေးမြည်တမ်းသူများကိုနှစ်သိမ့်၏။ ယူကြုံးမရ ဘဝပျက်သူတို့အားလည်း ငြိမ်သက်ခြင်းကိုပေးလေသည်။ ကလေးသူငယ်များကို ရင်မှာပိုက်ထွေးလျက် သူတို့ကိုကောင်းချီးပေး၏။ သောကများသောမိခင်တို့ကိုလည်းနှစ်သိမ့်ကာမျှော်လင့်ခြင်းသတင်းကောင်းကိုပေး၏။ လူသားတို့ရင်ဆိုင်ရလေသမျှမမြဲသောသဘောဆောင်သည့်အတွေ့အကြုံတိုင်းကိုလည်း နူးညံ့သိမ်မွေ့စွာဖြင့်ဖြေရှင်းပေးလေသည်။ သခင်သည် မိမိအတွက်အသက်မရှင်။ တစ်ပါးသူများအတွက်အလုပ်လုပ်ပေး၏။ ကျွန်တကာ့ကျွန်ပင်ဖြစ်ပေတော့သည်တကား။ သခင်နှင့်တွေ့ဆုံလေသမျှသောသူတို့သည်မျှော်လင့်ခြင်းနှင့်အင်အားကိုရရှိသည်။ သခင်၏သွန်သင်ချက်တို့သည် ကျမ်းတတ်များနှင့်မတူ၊ တစ်မူထူးခြားလျက်စိတ်နှလုံးကိုမျှော်လင့်ချက်ပေး၏။ တရားနာပြီး၍ အိမ်ပြန်သွားသူတိုင်း ပြောင်းလဲခြင်းတန်ခိုးတော်ကို ခံစားရလေသည်။

ထာဝရဘုရားသခင်၏တရားဟောဆရာအပေါင်းတို့သည်လည်းသခင့်နည်းလမ်းကိုကျင့်သုံးရပေမည်။ သို့မှသာ သခင့်အပေါ်သက်ရောက်သောဝိညာဉ်တော်သည် ထိုသူတို့၌တန်ခိုးဖြစ်ပါလိမ့်မည်။

တချို့သောတရားဟောဆရာများတို့သည် အမှုတော်မြတ်တွင်စိတ်နှစ်ခွရှိကြ၏။ ကယ်တင်ပိုင်ရှင်ထံအသက်ဝိညာဉ်များစွာတို့ကိုပို့ဆောင်ခြင်းမှတစ်ပါးအခြားသောစိတ်အာရုံသည် မရှိစေရပါ။ တံငါသည်တို့သည် ယေရှုခရစ်တော်၏ဖိတ်ခေါ်မှုကိုကြားသောအခါ မိမိတို့၏ပိုက်ကွန်များကို ချက်ချင်းချန်ထားခဲ့ကြသည်။ သို့ဖြစ်၍ အမှုဆောင်သည် မိမိ၏စီးပွားရေးနှင့်ဖက်၍ သခင့်အမှုတော်မြတ်ကို မဆောင်ရွက်နိုင်ပါလေ။ ဤသို့ပြုက ဝိညာဉ်ရေးအမြင်မှာမှုန်ဝါးဝါးဖြစ်သွားတော့၏။ လောကရေးရာမှာအဓိကဖြစ်၍ သခင့်အမှုတော်မှာ ဒုတိယနေရာတွင်ချိတ်လာသည်။ အခြေအနေကောင်းမှဘုရားသခင်အစေခံမည်ဟူသောသဘောရှိလာပါသည်။

မြင့်မြတ်သောအမှုတော်မြတ်အတွက် ဖိတ်ခေါ်မှုခံရသူတွင် ဘက်စုံအင်အားရှိရန်လိုသည်။ သူ၏အကောင်းမြတ်ဆုံးတန်ခိုးများသည် ထာဝရဘုရားသခင်မှာရှိသည်။ သို့ဖြစ်၍ လောကလုပ်ငန်းတွင်စိတ်မရှိစေရ။ "စစ်သူရဲမည်သည်ကား၊ မိမိကိုစစ်သူရဲအရာ၌ခန့်ထားသောသူကို နှစ်သက်စေခြင်းငှာလောကမှုရေးနှင့်ပြွမ်းနှောရှုပ်ထွေးခြင်းကို ပယ်ရှားတတ်၏။" (၂တိ ၂း၄)။

သို့ဖြစ်၍ တရားဟောဆရာများသည် အကြွင်းမဲ့သခင့်အမှုတော်မြတ်မှာဆက်ကပ်ပါ။ မြင့်မြတ်သောဖိတ်ခေါ်မှုကိုနှောင့်နှေးစေသည့်စီးပွားရေးလုပ်ငန်းနှင့်မပတ်သက်စေရ။

အကြောင်းမူကား၊ ထိုသူတို့သည် ဤလောကတွင်စည်းစိမ်ချမ်းသာရှိဖို့ရန်လုပ်ဆောင်ကြသည်မဟုတ်။ ထာဝရအသက်၏ကြွယ်ဝခြင်းကိုလူသားတို့အားခံစားသိမြင်စေလိုသော သူများသာဖြစ်၏။ ထိုသူတို့ကိုလောကဘဏ္ဍာများဖြင့် ဖြားယောင်းသွေးဆောင်သော်လည်း ဤသို့လျှင်အဖြေပြန်ပေးကြပါလိမ့်မည်။ "လူသည်စကြဝဠာတစ်ခုလုံးကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။" (မာကု ၈း၃၆)

ဤသွေးဆောင်မှုမျိုးကို စာတန်သည် ခရစ်တော်အားစမ်းသပ်ခဲ့သည်။ သခင်သာလျှင်လက်ခံခဲ့ပါက ဤကမ္ဘာလောကကြီးကို စာတန်လက်မှပြန်လည်ရွေးနုတ်နိုင်မည်မဟုတ်တော့ပါ။ အလားတူစွာသောသွေးဆောင်မှုမျိုးဖြင့် စာတန်သည် ဘုရားသခင်၏တရားဟောဆရာများတို့ကိုလည်း စမ်းသပ်နေပါသည်။

တရားဟောဆရာများတို့သည် ဤလောကတွင်ကြွယ်ဝချမ်းသာရန်လုပ်ဆောင်ဖို့ ဘုရားသခင်အလိုတော်မရှိပါ။ တိမောသေထံပေးပို့သောပေါလု၏စာကိုဖတ်ကြည့်ပါ။

"ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင်မူလအမြစ်ဖြစ်သတည်း။ လူအချို့တို့သည် ငွေကို တပ်မက်သောကြောင့်ယုံကြည်ခြင်းတရားလမ်းမှလွဲသွား၍ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ်ကိုကိုယ်ထုတ်ချင်းခပ်အောင်ထိုးကြပြီ။ သို့ဖြစ်၍ အိုဘုရားသခင်၏လူ၊ သင်သည်ထိုအပြစ်များ ကိုကြဉ်ရှောင်လော့။ ဖြောင့်မတ်စွာကျင့်ခြင်း၊ ဘုရား သခင်၌ မွေ့လျော်ခြင်း၊ယုံ ကြည်ခြင်း၊ ချစ်ခြင်း၊သည်းခံခြင်း၊နူးညံ့သိမ်မွေ့ခြင်းတို့ကိုမီအောင်လိုက်လော့။" "ဤဘဝ၌ငွေကိုရတတ်သောသူတို့သည် မာန်မာနစိတ်နှင့်ကင်းလွတ်၍ မမြဲသော စည်းစိမ်ကို မကိုးစားဘဲ ငါတို့ခံစားဖို့ရာ အလုံးစုံတို့ကို

ကြွယ်ဝစွာပေးသနားတော်မူသော၊ အသက်ရှင်တော်မူသော ဘုရားသခင်ကိုကိုး စားရမည်အကြောင်းနှင့် သူတစ်ပါးအားကျေးဇူးပြုခြင်း၊ ကောင်းသောအကျင့်၌ ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲချင်သောစေတနာစိတ်ရှိခြင်း၊ အချင်းချင်းဆက်ဆံခြင်း၊ မှန်သောအသက်ကိုဝင်စားလိုသောငှာ၊ နောင်ဘဝ၌ ကောင်းသောဘဏ္ဍာကိုမိမိ တို့အဖို့ဆည်းပူးခြင်းတို့ကိုပြုလုပ်ရမည်အကြောင်း ပညတ်ထားလော့" (၁တိ ၆း၁၀၊၁၁၊၁၇-၁၉)ဟုပုံပမာကောင်းပြသရန် ယေရှုခရစ်၏ သံတမန်ကဆက် လက်နှိုး ဆော်ထားပါသည်။

တမန်တော်ပေါလု၏အတွေ့အကြုံများသည် တရားဟောဆရာများ ကိုအားသစ်လောင်းစေ၏။ သူသည်အပြစ်သားများကိုချစ်မြတ်နိုး၍ ကယ်တင် လိုပါသည်။ထိုအတွက်ဆိုလျှင် သူမမေးတော့ပါ။ ကိုယ်ကျိုးလည်းမငဲ့ပါ။ သူခံ စား ရသောကောင်းချီးမင်္ဂလာများသည် တစ်ပါး သူများအတွက်ဖြစ်စေပါသည်။ အခက်အခဲဆင်းရဲဒုက္ခရောက်နေသူများကိုလည်း ကယ်တင်ပိုင်ရှင်၏သတင်း ကောင်း ကိုတော့ပြောလိုက်ပါသေး၏။

နေရာအနှံ့သွားလေသမျှမှာ အသင်းတော်တည်ထောင်ခဲ့ပါသည်။ တရားနာမည့်သူများကို တွေ့ပြီဆိုလျှင်လည်း ထိုသူတို့ကိုမှားယွင်းသော လမ်းမှ သည်ဖြောင့်မတ်ခြင်းတရားလမ်းသို့ပြန် လှည့်စေပါသည်။ သူတည်ထောင်ခဲ့သော အသင်းတော်များကိုလည်း မေ့ရိုးထုံးစံမရှိပါချေ။

သူနှင့်ဗာနဗတို့သည် ခရစ်ယာန်သာသနာခရီးကို တစ်ကျော့ပြန်လည် ၍ကျော့ပြီးတိုင်းဧဝံဂေလိတရားတော်ကို ဆက်လက်ဟောကြားနိုင်စေရန်အလို့ငှာ တပည့်မွေးထုတ်ကာသင်တန်းပေးပါသည်။ တိမောသေနှင့်တိတုတို့ကို လက်တွေ့ သင်တန်းပေးသည်ကိုသတိပြုပါ။ ဤစနစ်ကို ယခုခေတ်တရားဟောဆရာများ အတုယူကျင့်သုံးအပ်ပေသည်။အတွေ့အကြုံရှိသော ယနေ့တရားဟောဆရာကြီး များတို့သည်မိမိတို့အပေါ်၌သာဝန်ထုပ်ကြီးများတွင်ထားနေမည့်အစားလူငယ် များကိုသင်တန်းပေး မွေးထုတ်ပေးခြင်းဖြင့်ခရစ်ယာန်သာသနာတော်ကိုပခုံး ပြောင်း နိုင်၏။ ဝန်ကိုပေါ့ပါးစေနိုင်သည်။

ပေါလုသည် ခရစ်တော်၏ အစေခံကောင်းတစ်ယောက်အဖြစ်၊ တာဝန် ထမ်းရွက်ရန် မည်သည့်အခါမျှမမေ့ပါ။သူ့ကြောင့်အသက်ဝိညာဉ်များဆုံးရှုံးမှုက ထာဝရဘုရားသခင်ထံထုချေလွှာပေးရမည်ဟု သူမှတ်ယူပါသည်။

ဇဝ်ဂေလိနှင့်ပတ်သက်၍လည်း သူသည်ဤသို့ကြေညာ၏။ "ရှေးကာလပတ်လုံး ဝှက်ထားလျက်ရှိသော်လည်း၊ ယခုတွင်သန့်ရှင်းသူတို့အား ဖေါ်ပြသောနက်နဲရာ တည်းဟူသောဘုရားသခင်၏ နှုတ်ထွက်တရားတော်ကို ဟောပြောခြင်းငှာ၊ ငါ့ အားအပ်ပေးတော်မူသော ဘုရားသခင်၏ သာသနာတော်နှင့်အညီ၊ ငါသည်အ သင်းတော်၌တရားဟောဆရာ၏ အဖြစ်သို့ရောက်ရပြီ။ မယုံကြည်သူတို့တွင်ဤ စည်းစိမ်ကြီးကား အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသူတို့သည်သိစေခြင်း ငှာ၊ ဘုရားသခင်အလိုရှိတော်မူ၏။

ထိုစည်းစိမ်ကား၊ ဘုန်းအသရေကိုမျှော်လင့်ခြင်းအကြောင်းတည်းဟူ သော သင်တို့အထဲ၌တည်တော်မူသော ငါတို့သည် လူခပ်သိမ်းတို့ကိုသတိပေး ၍ပညာအမျိုးမျိုးနှင့်ဆုံးမသွန်သင်လျက် ခရစ်တော်၏တရားကိုဟောပြော၏။ ထိုသို့အလို့ငှာ၊ ငါသည်အမှုဆောင်ရွက်၍၊ ငါ၌တန်ခိုးတော်ပြုပြင်အားထုတ်တော် မူသည့်အတိုင်း၊ ကြိုးစားအားထုတ်လေ့ရှိ၏။" (ကောလောသဲ ၁း၂၅-၂၉)

ဤစကားများကို ယေရှုခရစ်တော်အတွက် အစေခံကြကုန်သောတရား ဟောဆရာအပေါင်းတို့၌ ထင်ရှားစေအပ်ပါသည်။ ထိုသူတို့သည် ခရစ်တော်၏ ကျောင်းတွင်ပါရဂူဆရာကြီး၏ ညွှန်ကြားမှုအောက်မှာ နေ့တိုင်းအစဉ် နည်းခံ ဖို့လိုအပ်ပါသည်။

ထာဝရဘုရားသခင်၏ အမိန့်တော်တန်ခိုးသည် ကန့်သတ်မှုမရှိ။လို လားတောင့်တသောတရားဟောဆရာအတွက် တန်ခိုးရရှိရန် ကိုယ်တော်ပြင်ဆင် ပေးသဖြင့် မိမိနှင့်ထိတွေ့လေသမျှ တရားနာရသူတို့၌ အသက်တာ၏ဆားဖြစ် သလို၊ အခြားဆက်နွယ်သူများထံသို့လည်း ထိုအငွေ့ဓါတ်သည် ဆင့်ကဲပျံ့နှံ့သွား မည်ဖြစ်ပါသည်။

ပေါလု၏စာစောင်များအရ၊ ဇဝ်ဂေလိတရားဟောဆရာသည်မိမိသွန် သင်သောအမှန်တရားများ၏ပုံစံနမူနာဖြစ်ရပါမည်။ပေါလုသည် "တရားဟော ခြင်းအခွင့်အရာကိုအပြစ်တင်ခြင်းနှင့်ကင်းလွတ်စိမ့်သောငှာ၊ထိမိ၍လဲစရာအ ကြောင်းတစ်စုံတစ်ခုကိုမျှမပြုညှင်းဆဲခံခြင်း၊ဆင်းရဲခြင်း၊မလွတ်နိုင်သောဘေးရန် နှင့်တွေ့ခြင်း၊အရိုက်အပုတ်ခံခြင်း၊ထောင်ထဲ၌နေခြင်း၊သူတစ်ပါးရုန်းရင်းဆန်ခတ် ပြုခြင်းအမှုကိုလုပ်ဆောင်ခြင်း၊ မအိပ်ဘဲစောင့်နေခြင်း၊ မွတ်သိပ်ခြင်းကိုအလွန် သည်းခံလျက်၊ စိတ်နှလုံးစင်ကြယ်ခြင်း၊ ပညာရှိခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြု ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုခံခြင်း၊ ချစ်ယောင်မဆောင်အမှန်ချစ်ခြင်း၊

အမှန်တရားကိုဟောခြင်း၊ ဘုရားသခင်၏တန်ခိုးတော်ကိုပြခြင်း၊ ဖြောင့်မတ်သောအကျင့်တည်းဟူသောလက်နက်များကို လက်ယာဘက်၊လက်ဝဲဘက်၌ဝတ်ဆောင်ခြင်းအားဖြင့်လည်းကောင်း၊ အသရေထင်ရှားခြင်းနှင့်ရှုတ်ချခြင်း၊ ချီးမွမ်းခြင်းနှင့်ကဲ့ရဲ့ခြင်းကိုခံသဖြင့်လည်းကောင်း လှည့်စားသောသူကဲ့သို့ဖြစ်သော်လည်း ဟုတ်မှန်သောသူ၊ အဘယ်သူမျှမသိသောသူကဲ့သို့ဖြစ်သော်လည်းကျော်စောသောသူ၊ အသေခံသောသူကဲ့သို့ဖြစ်သော်လည်း အသက်ရှင်သောသူ၊ဆုံးမခြင်းကိုခံသောသူကဲ့သို့ဖြစ်သော်လည်း၊ အသေသတ်ခြင်းနှင့်ကင်းလွတ်သောသူ၊ ဝမ်းနည်းသောသူကဲ့သို့ဖြစ်သော်လည်း အစဉ်ဝမ်းမြောက်သောသူ၊ ဆင်းရဲပုံရသော်လည်း တစ်ပါးသူတို့အား ဥစ္စာရတတ်သောသူအဖြစ် ဘုရားသခင်ခန့်ထားတော်မူသော တရားဟောဆရာမှန်ကြောင်းကို အရာရာ၌ ထင်ရှားစွာပြ" ခဲ့ပါသည်။ (၂ကော ၆း၃၊၄-၁၀)

တိတုကဲ့သို့လည်း ပေါလုသည် ဤသို့စာရေးခဲ့ပါ၏။ "အသက်ပျိုသောယောကျ်ားတို့သည်လည်း ဣန္ဒြေစောင့်ရမည်အကြောင်း တိုက်တွန်းသွေးဆောင်လော့။ အရာရာ၌ ကောင်းသောအကျင့်တို့၏ပုံသက်သေကို ကိုယ်တိုင်ပြလော့။

ဆုံးမသြဝါဒပေးသောအခါ မကောင်းသောအကျင့်နှင့်ကင်းခြင်း၊စင်ကြယ်သောတရားစကားကိုဟောပြောခြင်းတို့ကိုပြုလော့။ သို့ဖြစ်၍ တစ်ဖက်၌နေသောသူသည် ငါတို့ကိုကဲ့ရဲ့စရာအခွင့်မရနိုင်သောကြောင့် ရှက်ကြောက်ခြင်းသို့ရောက်လိမ့်မည်။ (တိတု ၂း၆-၈)

ထာဝရဘုရားသခင်၏ ရှေ့တော်မှောက်မှာ မိမိ၏အစေခံတရားဟောဆရာများသည် လူသူအရောက်နည်း၍ ပစ်ပယ်ထားသောနေရာဒေသများသို့ အသက်ဝိညာဉ်ရိတ်သိမ်းရန် ဦးတည်ချက်နှင့်တရားမျိုးစေ့များကို ကြဲဖြန့်ရန်သွားရောက်၍ ခရစ်ယာန်သာသနာပြုသူများထက် တန်ခိုးကြီးသောအရာဟူသည် မရှိတော့ပါ။

ပျောက်ဆုံးဝိညာဉ်များကို ရှာဖွေလိုစိတ်အားကြီးသော မိမိအစေခံတရားဟောဆရာများကို ခရစ်တော်သခင်သာလျှင် ခြင်တွယ်နိုင်ပါသည်။

ထိုသူတို့အားလည်း မိမိ၏ ဝိညာဉ်တော်ကို ဝေမျှသဖြင့် ထိုသူတို့၏ကြိုးစားမှုကြောင့် အပြစ်မကောင်းမှု၌ ကျင်လည်သူတို့သည် ကောင်းသောအကျင့်ဘက်တော်သားများအဖြစ်သို့ ပြောင်းလဲလာကြပေသည်။

ထာဝရဘုရားသခင်သည် မိမိအတွက် ခရစ်ယာန်သာသနာပြုရန် တရားဟောဆရာများကို အလိုရှိနေပါသည်။ အထူးသဖြင့် မိမိ၏လယ်မြေ၊ စီးပွားရေးလုပ်ငန်းနှင့် အကယ်၍လိုအပ်ပါလျှင် မိမိတို့၏ အိမ်ထောင်မိသားစုများကိုပင်စွန့်၍ ခရစ်ယာန်သာသနာပြုလိုသူများကိုဖိတ်ခေါ်လျက်နေပါသည်။ ထိုဖိတ်ခေါ်မှုကို အဖြေပေးသူများလည်းရှိကြပါသည်။

ခရစ်တော်သခင်၏မေတ္တာကိုခံစားသိမြင်ရသဖြင့် မေတ္တာတော်ကိုမသိ၊ ပျောက်ဆုံးနေသောဝိညာဉ်များ၏လိုအပ်ချက်များကို ကိုယ်ချင်းစာသဖြင့် ဖြည့်စည်းရန်အတွက် မိမိတို့၏အိမ်မြေစည်းစိမ်၊ မိတ်ဆွေအသိုက်အဝန်းများသာမကသေး၊ သားသမီး၊ မယားတို့ကိုပင်စွန့်ကာ၊ ရပ်ဝေးမြေခြားသို့သွား၍ မယဉ်ကျေး၊ ရိုင်းစိုင်းသောတောအရပ်နေယဇ်နတ်နှင့်သဘာဝတရားတို့ကို ပူဇော်ကိုးကွယ်ကြသူတို့ကို ထာဝရဘုရားသခင်၏ကြင်နာမှုတရားစကားကြွေးကြော်ရန် ခရစ်ယာန်သာသနာခရီးနှင်ကြပါသည်။

ဤသို့ပြုသဖြင့် ခရစ်ယာန်သာသနာနယ်မြေတွင် အသက်စွန့်ခဲ့ရရှာသူများရှိ၏။ ဆက်လက်၍အခြားခရစ်ယာန်သာသနာပြုများက အမှုတော်အလုပ်ကိုဆက်ကြပြန်သည်။ မျက်ရည်နှင့်မျိုးစေ့ကြဲခဲ့ကြသဖြင့် ဝိညာဉ်စပါးကောက်လှိုင်းများစွာကို ရိတ်သိမ်းရသည်လည်းရှိပါသည်။ ဤသို့လျှင်ခရစ်ယာန်မရှိသောတိုင်းနိုင်ငံများတွင် ထာဝရဘုရားသခင်ကို သိကျွမ်းခြင်း တရားတော်သည်ပျံ့နှံ့လာပါသည်။

အသက်ဝိညာဉ်တစ်လုံးကို တန်ဖိုးထားသူများအတွက် သခင့်အဖို့ကြီးမားသောလုပ်ဆောင်မှုပင်ဖြစ်ပေသည်။ အကြောင်းမူကားသခင်သည် သိုး(၉၉)ကောင်ကို ခြံထဲမှာလုံခြုံစွာထားခဲ့၍ (၁)ကောက်ကိုဆင်းရဲခံကာ ရှာဖွေခဲ့သည်မဟုတ်လော။ သခင်၏ ဖိတ်ခေါ်သံကို ကျွန်ုပ်တို့ငြင်းဆန်လျှင် မြင့်မြတ်သောအမွေပစ္စည်းကို ငြင်းပယ်ရာကျသည်မို့၊ ထာဝရဘုရားကို စော်ကားသည်မျိုးမဖြစ်ပါလားမိတ်ဆွေ။

စစ်မှန်သောတရားဟောဆရာ၏နှလုံးသားထဲမှာအသက်ဝိညာဉ်များစွာကို ရှာဖွေကယ်တင်လိုသောစိတ်သာ တဘွားဘွားပေါ်ပေါက်နေပါသည်။ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းအသက်တာကို ပေးနိုင်စွမ်းသော အမှန်တရားကိုတစ်ပါးသူအားပြောနေရလျှင် အချိန်နှင့် ခွန်အားမည်မျှပင် ကုန်ဆုံးသွားချေဦးတော့ မမောနိုင်၊ မပမ်းနိုင်ဖြစ်ရပါသည်။ ခရစ်တော်၏ ဝိညာဉ်တော်သည်

ထိုသူ၏အပေါ်မျာသက်ရောက်နေ၏။ သူသည် အသက်ဝိညာဉ်များကိုသခင့်ထံစာရင်းပြန်လည်တင်ပြရမည့်အလား၊ သမာသတိနှင့်စောင့်ကြည့်လျက်ရှိနေပါသည်။ ကပ်တိုင်တော်ကိုမပြတ်ရှုမျှော်သဖြင့်လည်း ကယ်တင်ပိုင်ရှင်ဘုရားသခင်၏ကျေးဇူးတော်သည် သူ့အတွက်ဒိုင်းလွှား၊ ခွန်အား၊ လုံလောက်ပြည့်စုံမှုဖြစ်ရပါ၏။ သူသည် ဘုရားသခင်ကြွဆင်းလာသည်တိုင်အောင် သခင်အမှုတော်မြတ်မှာရှိနေဦးမည်ဖြစ်၏။ ဤသို့လျှင် ထိုသူသည် "ခေါ်တော်မူသောသူ၊ရွေးချယ်တော်မူသောသူ၊ သစ္စာရှိသောသူ" (ဗျာ ၁၇း၁၄) အပေါင်းတို့တွင်ရေတွက်ဝင်သော တရားဟောဆရာကောင်းတစ်လက်ဖြစ်ရလိမ့်သတည်း။

---ooo---

# အခန်း (၃၅)
# ဂျူးလူမျိုးထံရောက်ကယ်တင်ခြင်းတရား

(ဤအခန်းသည်ရောမသြဝါဒစာကိုအခြေခံသည်)

နှောင့်နှေးကြန့်ကြာခဲ့ရလေသမျှနောက်ဆုံးတော့ပေါလုသည်ကောရိန်သုမြို့သို့ရောက်ရှိခဲ့ပြီ။ သူ့အားဖြင့် ပထမဦးဆုံးဧဝံဂေလိတရားအလင်းကိုလက်ခံခဲ့သောယုံကြည်သူအမာခံတို့သည်လည်း၊ သူ့ကိုလှိုက်လှိုက်လှဲလှဲကြိုဆိုကြ၏။

သူတို့၏သစ္စာရှိ၍ စိတ်အားကြီးပုံကိုမြင်တွေ့ရသဖြင့်လည်း မိမိပြုခဲ့သောခရစ်ယာန်သာသနာမှာ ကောရိန်သုမြို့တွင် အချည်းနှီးမဖြစ်ခဲ့ကြောင်း သိရ၍ဝမ်းမြောက်ရပေသည်။

ကောရိန်သုမြို့သားယုံကြည်သူတို့သည်တစ်ချိန်က ခရစ်တော်သခင်၏မြင့်မြတ်သောဖိတ်ခေါ်မှုကို မျက်ခြည်ပြတ်မှောက်လှန်ပုံမျိုးရှိခဲ့သော်လည်း ယခုတော့ ခရစ်ယာန်အကျင့်အင်အားကြီးထွားလာကြောင်းကို ပေါလုမြင်ရလေပြီ။

အယူအဆလွန်ကဲသူ ယဇ်နတ်ကိုပူဇော်ပသသော လူမျိုးတို့အလယ်မှာကောင်းမွန်သောအင်အားစုအဖြစ် ရပ်တည်နေသည်ကို မြင်ရသောအခါ နွမ်းနယ်ခဲ့လေသမျှမှ အနားရလေတော့သည်။

ပေါလုသည် ကောရိန်သုမြို့တွင်ရှိနေစဉ် ရောမမြို့သို့သွား၍ခရစ်ယာန်သာသနာနယ်မြေသစ်တိုးချဲ့ရန် ဆင်ခြင်မိလေသည်။ ရောမမြို့သည်နိုင်ငံကြီးသားများဆုံတွေ့ရာမြို့တော်ဖြစ်၏။

ခရစ်ယာန်သာသနာဂေဟာရှိမှုကကောင်းမည်ဟုပေါလုကြံလေသည်။ အသင်းတော်ကား ရောမမြို့တွင်တည်ထောင်ထားရှိနှင့်လေပြီ။

ယုံကြည်သူတပည့်တော်စုတို့သည် စုပေါင်းလျက် ခရစ်ယာန်သာသနာတော်အကျိုးကို မျှော်ကိုးကာချဲ့ထွင်ကာ အီတလီနိုင်ငံမက၊ အခြားသောတိုင်းနိုင်ငံသို့တိုင် ပျံ့နှံ့နိုင်မည်ဖြစ်ပါသည်။

ပေါလုသည်ထိုသာမန်အသင်းသူအသင်းသားတို့၏ပူးပေါင်းလုပ်ဆောင်မှုဖြင့် စပိန်နိုင်ငံသို့တိုင် ခရစ်ယာန်သာသနာခရီးဆန့်ရန် ရည်ရွယ်ချက်ရှိကြောင်း ပို့စာဖြင့်လည်း မိမိဆန္ဒကို တင်ပြခဲ့ဖူးလေသည်။

ရောမဩဝါဒစာစောင်ထဲတွင် ပေါလုသည် ဧဝံဂေလိတရားတော်၏ အခြေခံမှုများကိုချမှတ်ထားသည်။ အခြေခံမှုများနှင့်ပတ်သက်၍ သူ့အားအသင်းတော်အတွင်း ဂျူးလူမျိုးများဖြစ်စေ၊ တစ်ပါးအမျိုးသားများဖြစ်စေ မေးခွန်းများမေးလိုကမေးနိုင်ကြောင်း၊ ခရစ်ယာန်သာသနာတော်ကိုဂျူးလူမျိုးများလက်သင့်မခံခဲ့၍တစ်ပါးအမျိုးသားဆီသို့ ကူးပြောင်းသွားခဲ့ပြီဖြစ်ကြောင်းရှင်းပြထားပါသည်။

ခရစ်တော်သခင်၌ ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြောင်း သွန်သင်ချက်ကိုလည်း တမန်တော်သည် ရှင်းလင်းပီသစွာ တန်ခိုးပါလျက်ရင်ဖွင့်ပြောဟောခဲ့လေသည်။ ဤသွန်သင်ချက်ကို ရောမမြို့ရှိခရစ်ယာန်တိုင်းကိုသိစေလို၏။

ခေတ်အဆက်ဆက်ဘုရားသခင်၏ သားသမီးများ သိနားလည်ဖို့လိုအပ်ပါသည်။ မာတင်လူသာကို အမှောင်ခွင်းစေသောတရားတော်အလင်းသည် ဤသွန်သင်ချက်ပင်မဟုတ်ပေလော။ ခရစ်တော်၏ အသွေးတော်မြတ်သည်အပြစ်ကိုဆေးကြောနိုင်သော တန်ခိုးရှိကြောင်းကို လူအပေါင်းတို့ သိနားလည်ယုံကြည်ရန်လိုအပ်ပါသည်။ ဤဩဝါဒစာအတွက် ရောမမြို့ရှိခရစ်ယာန်တိုင်း ဘုရားသခင်ကိုကျေးဇူးတင်ဖို့ဖြစ်လေသည်။

ဤသွန်သင်ချက်ကို ဂျူးလူမျိုးတို့ပီပြင်စွာနားမလည်ပါ။ ဤသည်ကို ပေါလုခံစားရပါသည်။ သို့ဖြစ်၍ ပေါလုကဤသို့ဆိုသည်မဟုတ်လော။ “ငါသည် ဣသရေလတို့အား ကယ်တင်ခြင်းရရှိရန်အလို့ငှာ၊ ထာဝရဘုရားသခင်မှာသူတို့အဖို့ဆန္ဒပါလျက် ဆုတောင်းခဲ့လေပြီ။”

တမန်တော်ကြီး၏ဖြစ်စေလိုသောဆန္ဒမှာ သာမန်မဟုတ်ပါ။နာဇရက်မြို့သားယေရှုခရစ်တော်သည် ကတိတော်မေရှိယဖြစ်ကြောင်းကို ဣသရေလတို့ အသိအမှတ်မပြုသဖြင့် သူတို့ကိုယ်စားဘုရားသခင်မှာ တောင်းပန်စကားပြောရသည်မှာလည်း ဖန်ခါတလဲလဲဖြစ်နေချေပြီ။ ပေါလုက ဤသို့သက်သေခံပါသည်။ “ငါ့ကိုယ်ကိုကိုယ်သိသော စိတ်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်တကွ ငါဘက်၌သက်သေခံလျက်၊ ငါသည်မုသာမပါ၊ ခရစ်တော်ရှေ့၌ မှန်ကန်စွာ ပြောသည်ကား၊ ငါသည်အလွန်ဝမ်းနည်းခြင်းရှိ၏။ စိတ်နှလုံးထဲ၌မခြားမလပ်ပူပန်ခြင်းရှိ၏။ အကြောင်းမူကား၊ ဇာတိအားဖြင့် ငါ့အမျိုးသားချင်းဖြစ်သော ငါ့ညီအစ်ကိုတို့အတွက် ငါသည် ကိုယ်တိုင်ခရစ်တော်နှင့်ခွာ၍ ကျိန်ခြင်းကိုခံချင်လောက်အောင်စိတ်ရှိ၏။ ထိုသူတို့သည် ဣသရေလလူမျိုးဖြစ်၍ သားအရာ၌

ချီးမြှောက်ခြင်းနှင့်လည်းကောင်း၊ ဘုန်းတော်နှင့်လည်းကောင်း၊ ပဋိညာဉ်တရားတို့နှင့်လည်းကောင်း၊ ပညတ်တရားထားခြင်းနှင့်လည်းကောင်း၊ ဝတ်ပြုခြင်းနှင့်လည်းကောင်း၊ ကတိတော်နှင့်လည်းကောင်း ဆိုင်ကြ၏။ ဘိုးဘေးများတို့နှင့်ဆက်နွယ်သောသူလည်းဖြစ်ကြ၏။ ခရစ်တော်သည်လည်း ဇာတိအမျိုးအားဖြင့်ထိုသူတို့၏ အမျိုးဖြစ်တော်မူ၏။ ထိုခရစ်တော်သည်လည်း ခပ်သိမ်းသောအရာတို့ကို အစိုးရတော်မူ၍ ထာဝရမင်္ဂလာရှိတော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။ အာမင်း။"

ဂျူးလူမျိုးတို့ကိုထာဝရဘုရားသခင်ရွေးချယ်ခဲ့ရာ၌ လောကသားအားလုံးကို ဧဝံဂေလိသတင်းကောင်းနှင့်မင်္ဂလာရှိစေရန်ဖြစ်သည်။ သို့ဖြစ်၍ထိုလူမျိုးထံမှပုရောဖက်များစွာကို ပေါ်ထွန်းစေ၏။ ထိုပုရောဖက်များအားဖြင့်လည်းပေါ်ထွန်းတော်မူမည့် ကယ်တင်ရွေးနုတ်ရှင်အကြောင်းကို ခေတ်အဆက်ဆက်ဟောပြောစေ၏။ သို့သော်လည်း ထိုကတိတော်ကယ်တင်ရွေးနုတ်ရှင်ကို သူတို့သည်အသိအမှတ်မပြု။ ငြင်းပယ်ကာ နောက်ဆုံး၌ ကပ်တိုင်တင်သတ်ခဲ့လေသည်။ ဤအကြောင်းကိုပေါလုက ဤသို့ပြောပါသည်။ "ဟေရှာယသည်သာ၍ ရဲရင့်စွာဆိုသည်ကား၊ ငါ့ကိုမရှာသောသူတို့သည် ငါ့ကိုတွေ့ရကြ၏။ ငါ၏အကြောင်းကိုမမေးမြန်းသောသူတို့၌ ငါထင်ရှားသည်ဟုဆို၏။ ဣသရေလလူတို့ကိုရည်မှတ်၍ တစ်ဖန်မိန့်တော်မူသည်ကား၊ နားမထောင်ငြင်းဆန်တတ်သော လူမျိုးသို့တစ်နေ့လုံးငါသည် လက်ဝါးကိုဖြန့်ရပြီဟုဆိုသတည်း။"

ဣသရေလလူမျိုးသည် ဘုရားသခင်၏ သားတော်ကိုငြင်းပယ်ခဲ့သော်လည်း ထာဝရဘုရားသခင်သည် သူတို့ကိုမစွန့်ပယ်ပါ။ ပေါလုတင်ပြချက်ကိုနားထောင်ပါ။ "သို့ဖြစ်လျှင်၊ ဘုရားသခင်သည် မိမိလူမျိုးကို ပယ်တော်မူပြီလောဟုမေးသော်၊ ပယ်တော်မမူဟုဆိုရ၏။ ငါပင် ဣသရေလလူဖြစ်၏။ အာဗြဟံအမျိုး၊ ဗယ်္ာမိန်အနွယ်ဖြစ်၏။ ဘုရားသခင်သည် အထက်ကသိမှတ်တော်မူသော မိမိတို့ကို ပယ်တော်မမူ။ ပုရောဖက်ဧလိယက၊ အိုထာဝရဘုရားသခင်၊ သူတို့သည် ကိုယ်တော်၏ ပုရောဖက်များကို သတ်ကြပါပြီ။ ကိုယ်တော်၏ယဇ်ပလ္လင်များကို ဖြိုဖျက်ကြပါပြီ။ အကျွန်ုပ်တစ်ယောက်တည်း ကျန်ရစ်၍၊ အကျွန်ုပ်အသက်ကိုပင် ရှာကြပါ၏ဟု ဘုရားသခင့်ရှေ့မှာ ဣသရေလအမျိုးတစ်ဖက်၌ လျှောက်ထားသည်ဟု ကျမ်းစာ၌ပါသောအကြောင်းကို သင်တို့မသိကြသလော။ ထိုသို့လျှောက်သောအခါ အဘယ်သို့ ဖေါ်ပြထားတော်မူသနည်း

ဟူမူကား၊ ဗာလရှေ့၌ဒူးမထောက်သော လူခုနစ်သောင်းတို့ကိုငါ့အဖို့ငါကျန်ကြွင်းစေပြီဟု မိန့်တော်မူ၏။ ထိုနည်းတူ၊ ယခုကာလတွင်ပင် ကျေးဇူးတော်အတိုင်း ရွေးကောက်တော်မူသောအကြွင်းအကျန်ရှိသေး၏။"

ဣသရေလသည်တစ်ဖန်ပြန်မထနိုင်အောင်လဲသည်မဟုတ်ပါ။ပေါလု၏မှတ်ချက်ကိုလေ့လာပါလေ။ "သို့ဖြစ်လျှင်ဣသရေလလူမျိုးတို့သည်လဲ၍နေသည်တိုင်အောင် ထိမိကြပြီလောဟုမေးသော်၊ လဲ၍မနေရကြ။ သူတို့၏ စိတ်ကိုနှိုးဆော်စရာအကြောင်းရှိစေခြင်းငှာ သူတို့၏ လဲခြင်းအားဖြင့် ကယ်တင်တော်မူခြင်းကျေးဇူးသည် တစ်ပါးအမျိုးသားတို့၌ သက်ရောက်လေ၏။ သူတို့၏လဲခြင်းအရာသည် လောကသားတို့၏ စီးပွားကိုလည်းကောင်း၊ သူတို့၏ရှုံးခြင်းအရာသည်တစ်ပါးအမျိုးသားတို့၏ စီးပွားကိုလည်းကောင်း ပြုစုလျှင်သူတို့၏ပြည့်စုံခြင်းအရာသည် သာ၍ပြုစုမည်မဟုတ်လော။ ထိုသို့ဆိုသော်ငါသည် တစ်ပါးအမျိုးသားတို့နှင့်ဆိုင်သော တမန်တော်ဖြစ်သည်နှင့်အညီ ထိုတမန်တော်၏ အရာကိုချီးမွမ်းလျက်၊ ငါ့အမျိုးသားချင်းတို့၏စိတ်ကို တစ်ခုခုအားဖြင့်နှိုးဆော်၍ အချို့တို့ကိုကယ်တင်ခြင်းငှာ တစ်ပါးအမျိုးသားဖြစ်သောသင်တို့အား ငါဆိုရသတည်း။ ထိုသူတို့ကို ပယ်တော်မူခြင်းအရာသည် လောကသားတို့၏ မိတ်သဟာယဖွဲ့ခြင်းအကြောင်းဖြစ်လျှင်၊ သူတို့ကိုသိမ်းဆည်းတော်မူခြင်းအရာသည် သေခြင်းမှ ထမြောက်ရှင်ပြန်ခြင်းကဲ့သို့ ဖြစ်လိမ့်မည်မဟုတ်လော။"

ထာဝရဘုရားသခင်၏ကျေးဇူးတော်သည် ဣသရေလလူမျိုးအပေါ်မှာသော်လည်းကောင်း၊တစ်ပါးအမျိုးသားတို့အပေါ်မှာသော်လည်းကောင်းအတူတူပင်ဖြစ်၏။ ဤသဘော၏ကျော့ရိုးကိုမဓမ္မဟောင်းကျမ်းစောင်များရှိပုရောဖက်ဟောစကားများစွာတွင်တွေ့ရပါသည်။ "အိုးထိန်းသမားသည်အိုးမြေကိုပိုင်သည်မဟုတ်လော။ အိုးမြေတစ်ပုံတည်းနှင့်အိုးမြတ်၊ အိုးယုတ်ကိုလုပ်ပိုင်သည်မဟုတ်လော။ . . . ချီးမြှောက်ခြင်းအဖို့ပြင်ဆင်တော်မူနှင့်သော ကြွင်နာမှုခံရာအိုးများတည်းဟူသော ယုဒအမျိုးသားတို့အထဲမှသာမဟုတ်၊ တစ်ပါးအမျိုးသားတို့အထဲမှ ပုရောဖက်ဟောရှေဆိုသည်အတိုင်း. . . ငါ၏လူမဟုတ်သောသူကိုငါ၏လူဟူ၍ ငါခေါ်မည်။ မချစ်သောသားသမီးကိုလည်း အချစ်ဟုငါခေါ်မည်။ သင်တို့သည် ငါ၏လူမဟုတ်ဟုပြောဆိုရာအရပ်၌နေသောသူတို့သည် အသက်ရှင်တော်မူသောဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းကိုခံရကြလိမ့်မည်။"ဟောရှေ ၁း၁၀ ကိုလည်းဖတ်ပါ။

တိုင်းနိုင်ငံအဖြစ် ဣသရေလတို့သည် ယေရှုသခင်ကိုမေရှိယအဖြစ် လက်မခံခဲ့သော်လည်း လက်ခံသူအကြွင်းအကျန်တို့မှာကား ကယ်တင်ခြင်းသို့ ရောက်ရပါလိမ့်မည်။ ကယ်တင်ပိုင်ရှင် ဤလောကမှာရှိခဲ့စဉ်ကလည်း နှစ်ခြင်း ဆရာယောဟန်၏သတင်းစကားကို လက်ခံသူများရှိ၏။

မေရှိယနှင့်ပတ်သက်၍လည်း ပုရောဖက်စကားများကို လေ့လာကြပါသည်။ ရှေးဦးအသင်းတော်ကိုထိုသစ္စာရှိလူမျိုးများပင် စတင်ခဲ့သည်မဟုတ်လော။ ဤသည်ကိုပေါလုက ဤသို့ညွှန်ပါသည်။ "အဦးနယ်သော မုန့်စိမ်းသည် သန့်ရှင်းလျက်၊ တစ်ပုံးလုံးသန့်ရှင်းလိမ့်မည်။အမြစ်သန့်ရှင်းလျှင်၊ အခက်အလက်များလည်းသန့်ရှင်းကြလိမ့်မည်။"

ပေါလုသည် ဣသရေလလူတို့ကိုယဉ်သောသံလွင်ပင်နှင့်ပုံခိုင်း၍တစ်ပါးအမျိုးသားတို့ကိုမူ ရိုင်းသောသံလွင်ပင်နှင့်နှိုင်းထားပါသည်။ယုံကြည်သူ တစ်ပါးအမျိုးသားများထံသို့ ပေါလုစာရေးပုံကိုမှတ်သားပါ။ "အချို့သောအခက်တို့ကို ချိုးဖဲ့ပြီးမှရိုင်းသောသံလွင်တည်းဟူသောသင့်ကို အထက်ငုတ်၌ဆက်၍စိုက်သဖြင့်အခက်များနှင့်အတူသံလွင်ပင်အမြစ်ကိုလည်းကောင်း၊ အဆီသြဇာကိုလည်းကောင်းဆက်ဆံလျှင် ချိုးဖဲ့သောအခက်တို့ကိုကဲ့ရဲ့ဝါကြွားခြင်းမရှိနှင့်။. . .

ငါ့ကိုဆက်၍စိုက်ခြင်းငှာ ထိုအခက်တို့ကိုချိုးဖဲ့ပြီဟု သင်ဆိုပြန်လျှင် မှန်စေတော့။ မယုံကြည်သောစိတ်ရှိသောကြောင့် သူတို့ကိုချိုးဖဲ့သည်ဖြစ်၍သင်သည်ယုံကြည်ခြင်းအားဖြင့်သာတည်၏။ မာနစိတ်မရှိစေနှင့်။ ကြောက်ခြင်းစိတ်ရှိစေလော့။

အကြောင်းမူကား ဘုရားသခင်သည် ပကတိအခက်များကို နှမြောတော်မမူလျှင်၊ သင်တို့ကို နှမြောတော်မူမည်လော။ သို့ဖြစ်၍ ပြောင်းလဲသောသူတို့၌ ပြင်းစွာစီရင်တော်မူခြင်းကိုလည်းကောင်း၊ ကျေးဇူးတော်၌ သင်သည်တည်နေလျှင် သင်၌ပြုတော်မူသောကျေးဇူးတော်ကိုလည်းကောင်း ဤနှစ်ပါးကိုအောက်မေ့လော့။ ကျေးဇူးတော်၌ မတည်မနေလျှင် သင်သည်လည်းခုတ်ပစ်ခြင်းကိုခံရမည်။"

ဣသရေလနှင့်ပတ်သက်၍လည်း "ဣသရေလလူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။. . . . ကယ်လွှတ်သောသခင်သည် ဇိအုန်တောင်၌ပေါ်ထွန်း၍၊ မတရားသောအမှုကို ယာကုပ်အမျိုးသားတို့မှလွှဲတော်မူလတ္တံ့။ သူတို့အပြစ်များကို ငါပယ်ရှင်းသောအခါ၊ သူတို့၌ငါပေးသောပဋိညာဉ်

တရားသည် တိုသို့သောတရားဖြစ်၏။. . . ဘုရားသခင်ပေးသနားတော်မူခြင်း၊ ခေါ်ထားတော်မူခြင်းကျေးဇူးသည် ဖေါက်ပြန်ခြင်းသဘောမရှိ။ . . ဘုရားသခင်၏ ပညာနှင့်ဉာဏ်တော်သည် အလွန်ကျယ်ဝန်းနက်နဲစွတကား။ စီရင်တော်မူချက်တို့ကို အဘယ်သူမျှစစ်၍မကုန်နိုင်။

ကြွတော်မူရာလမ်းတို့ကိုလိုက်၍ ရှာသော်လည်းမတွေ့မမီနိုင်။ ထာဝရဘုရားသခင်၏စိတ်တော်ကို အဘယ်သူသိသနည်း။. . . ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကလည်းကောင်း၊ ကိုယ်တော်အားဖြင့်လည်းကောင်း၊ ကိုယ်တော်အဖို့အလို့ငှာလည်းကောင်း ဖြစ်ကြ၏။ ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း။ အာမင်။”

ဘုရားသခင်သည်ဂျူးလူမျိုးဖြစ်စေ၊တစ်ပါးအမျိုးသားတို့ကိုဖြစ်စေ၊ခရစ်တော်သခင်ကိုယုံကြည်သမျှသောသူတို့အားလုံးကို ဣသရေလအားပေးသည့်ကောင်းချီးမင်္ဂလာကတိတော်များကိုပေးထားပါသည်။ ဘုရားသခင်၏အပေါင်းအသင်းများနှင့်ပတ်သက်၍ပုရောဖက်ဟောရှာယကဤသို့ကြေညာပါသည်။

“ဣသရေလအမျိုးသားတို့သည် သမုဒ္ဒရာသဲလုံးနှင့်အမျှများသော်လည်းကြွင်းသောသူတို့သာလျှင် ကယ်တင်တော်မူခြင်းသို့ရောက်ကြလိမ့်မည်။ အမှုတော်ကိုတရားသဖြင့်ပြီးစီးစေခြင်းငှာ ဆုံးဖြတ်တော်မူမည်။. . . ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်သည် ငါတို့၌မျိုးစေ့ကိုကြွင်းစေတော်မမူလျှင်ငါတို့သည်သောဒုံမြို့ကဲ့သို့ဖြစ်၍ ဂေါမောရမြို့နှင့်တူကြပြီ။”

ယေရုရှလင်မြို့တော်ကြီးဖျက်ဆီးခြင်းခံရ၍ ဗိမာန်တော်သည် ယိုယွင်းနေသောအခါ ထောင်ပေါင်းများစွာသောဂျူးလူမျိုးတို့သည် စစ်သုံ့ပန်းများအဖြစ် တစ်ပါးနိုင်ငံများသို့သိမ်းဆည်းခြင်းကိုခံရ၏။ သဲသောင်ပြင်ပေါ်ဝယ်ပြန့်ကျဲနေသောမီးလောင်စာများကဲ့သို့တည်း။ နှစ်ပေါင်းတစ်ထောင့်ရှစ်ရာမျှကမ္ဘာ့နေရာအနှံ့ ဂျူးလူမျိုးတို့လှည့်လည်သွားလာနေထိုင်ခဲ့ရလေသည်။ ရှင်ဘုရင်ဒါဝိဒ်နှင့်ရှောလမုန်မင်းကြီးတို့၏ ခေတ်ကာလစည်ကားခဲ့သကဲ့သို့ ထိုသူတို့မှာနေရာမရတော့ပါ။ ခေတ်အဆက်ဆက်အမုန်းခံ၊ အညှဉ်းဆဲခံ၊ရောဂါအမွေတော်ခံလူတန်းစားဖြစ်ခဲ့ရလေသည်။

ဂျူးလူမျိုးတို့သည် နိုင်ငံလူမျိုးတစ်ခုအနေဖြင့်နာဇရက်မြို့သားယေရှုကိုငြင်းပယ်ခဲ့ပြီးသည်နောက် ဘုရားသခင်၏ ရွေးချယ်ခံလူမျိုးအဖြစ်မှရပ်စဲခြင်းကိုခံရပါသည်။ သို့တိုင်အောင်လည်း ခေတ်အဆက်ဆက်တွင် မြင့်မြတ်သော

ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသည့်ဂျူးအမျိုးသား အမျိုးသမီးများတိတ်ဆိတ်စွာနှင့်ရှိနေကြပါသေးသည်။ ထိုသူတို့ကို ထာဝရဘုရားသခင်နှစ်သိမ့်တော်မူ၏။ သူတို့အား ကျမ်းစာကိုပို၍ နားလည်စေ၏။ မေရှိယသခင် အမှန်အကန်ကိုယုံကြည်မျှော်လင့်နိုင်ခွင့်ရှိစေပါသည်။

နှစ်ပေါင်းများစွာရိုးရာဓလေ့လူ့စီရင်ချက်အမှောင်ကမ္ဘာတွင် ပုန်းကွယ်နေသောပုရောဖက်စကားများကို ပိုမို၍နားလည်ခံစားသိမြင်လာကြ၏။ ဤကား ခရစ်တော်ယေရှုကို တစ်ဦးချင်းကယ်တင်ပိုင်ရှင်သခင်အဖြစ်လက်ခံယုံကြည်ရန် ရွေးချယ်ကြပေသောကြောင့်တည်း။

ဤလူ့အလွှာကိုပုရောဖက်ဟေရှာယက "ကြွင်းသောသူတို့သာလျှင်ကယ်တင်တော်မူခြင်းသို့ရောက်ကြလိမ့်မည်" ဟု ညွှန်ထားပါသည်။ တမန်တော်ပေါလုအချိန်မှစသည် ယနေ့တိုင်အောင်ထာဝရဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဂျူးလူမျိုးဖြစ်စေ၊ တစ်ပါးအမျိုးသားဖြစ်စေ၊ လူအပေါင်းကို ဖိတ်ခေါ်လျက်နေ၏။

"ဘုရားသခင်သည် အဘယ်သူ၏မျက်နှာကိုမျှထောက်တော်မမူ" ဟု ပေါလုဆိုပါသည်။သူသည် "ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ၊လူအမျိုးမျိုးတို့၏ကြွေးသည် ငါ၌တင်လျက်ရှိ၏" ဟူ၍လည်းကောင်း ဧဝံဂေလိ တရားတော်နှင့်ပတ်သက်၍လည်း "ငါသည်ခရစ်တော်၏ ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိ။

အကြောင်းမူကား၊ ထိုတရားသည် ရှေးဦးစွာ၌ ယုဒလူ၊နောက်၌ဂရိလူ၊ ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသောဘုရားသခင်၏တန်ခိုးတော်ဖြစ်၏" ဟူ၍လည်းကောင်း ဆိုထားပြန်ပါသည်။

ယနေ့တွင် ခရစ်ယာန်ဝန်ဆောင်များစွာတို့သည် ဂျူးလူမျိုးတို့တွင် ခရစ်ယာန်သာသနာကို မပြုလိုကြပါ။ သို့ရာတွင် ဧဝံဂေလိသတင်းစကားသည် ဂျူးလူမျိုးတို့တွင် စုံလင်ခြင်းရောက်သောအခါ များစွာသော ထိုသူတို့သည်ခရစ်တော်သခင်ကို မေရှိယအရှင်အဖြစ် လက်ခံလာကြပေလိမ့်မည်။

ဧဝံဂေလိတရားတော်ကြွေးကြော်ခြင်းအမှုပြီးဆုံးခါနီးတွင် ယခုချိန်တိုင်အောင်ပစ်ပယ်ထားသော ဤလူ့အလွှာဂျူးလူမျိုးတို့တွင် အထူးသောအမှုတော်လုပ်ငန်းကြီး တိုးပွားလာပေလိမ့်မည်။ ဓမ္မဟောင်းကျမ်းသည် ဓမ္မသစ်ကျမ်းနှင့်အတူပူးပေါင်း၍ ယေဟောဝါဘုရား၏ ထာဝရတည်သော အကြံတော်ကို

ဖေါ်ပြသကဲ့သို့ ဂျူးလူမျိုးတို့သည်လည်း သတ္တဝါသစ်ဖြစ်လာကာ အသက်ဝိညာဉ်နိုးကြားခြင်းသို့ ရောက်လာပေမည်။ ခရစ်တော်သခင်အား ကမ္ဘာ့ကယ်တင်ပိုင်ရှင်အဖြစ် အသိအမှတ်ပြုလာကြပေမည်။ "ထိုသူတို့လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား၊ ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။" ယောဟန် ၁း၁၂။

ဂျူးလူမျိုးတို့တွင်လည်း တာရှုမြို့သားရှောလုကဲ့သို့သောကျမ်းစာတတ်စွမ်းရည်ရှင်ကြီးများပေါ်ထွန်းလာကာ မပြောင်းမလဲ၊ တည်တံ့နေသောထာဝရဘုရားသခင်၏ ပညတ်တော်မိန့်မှာချက်တို့ကို အံ့ဖွယ်တန်ခိုးနှင့်ကြွေးကြော်ကြပါလိမ့်မည်။ ယနေ့တွင်ဖြစ်လာရတော့မည်။ ကိုယ်တော်၏ ကယ်တင်ခြင်းသည်ပေါ်ထွန်းရပါလိမ့်မည်။

သို့ဖြစ်၍ အာဗြဲဟံအမျိုးကိုရွေးနုတ်တော်မငူသော ထာဝရဘုရားသခင်သည်ယာကုပ်အမျိုးကိုရည်မှတ်၍ မိန့်တော်မူသည်ကား၊ ယာကုပ်အမျိုးသည်နောက်တစ်ဖန်ရှက်ကြောက်ခြင်း၊ မျက်နှာပျက်ခြင်းမရှိရ။ ထိုအမျိုးသားတို့သည်ငါစီရင်သောအမှုကိုမြင်လျှင် ငါ့နာမကို မိမိတို့တွင်ရိုသေကြလိမ့်မည်။ ယာကုပ်အမျိုး၏သန့်ရှင်းသောဘုရားသခင်ကိုရိုသေ၍ ဣသရေလအမျိုး၏ ဘုရားသခင်ကိုကြောက်ရွံ့ကြလိမ့်မည်။ စိတ်သဘောဖေါက်ပြန်သောသူတို့သည် ပညာသတိကိုရကြ၍ ဆန့်ကျင်ဘက်ပြုသောသူတို့သည်လည်း ဆုံးမဩဝါဒစကားကိုနာယူကြလိမ့်မည်။" (ဟေရှာယ ၂၉း၂၂-၂၄)

---ooo---

# အခန်း (၃၆)
# ဂလာတိမြို့မှဖောက်ပြန်မှုကြီး

(ဤအခန်းသည် ဂလာတိသြဝါဒစာကို အခြေပြုထားသည်)

ကောရိန်သုမြို့မှာစောင့်ဆိုင်းနေစဉ် ဖွဲ့စည်းပြီးသောအသင်းတော်များဆီသို့ပေါလုလည်ပတ်သည်။ ယေရုရှလင်မြို့ရှိယုံကြည်သူများအထဲမှ ဆရာအတုအယောင်များပေါ်ထွက်လွှမ်းမိုးလာရာ ထိုသူတို့၏ ကွဲပြားခြင်းသဘော၊ဖောက်ပြန်သင်းဖွဲ့ခြင်း၊ ကိုယ်ကာယတပ်မက်ခြင်းသဘောတို့သည် ဂလာတိပြည်ရှိယုံကြည်သူများထံသို့ ကူးစက်သွားလေသည်။ ထိုသူတို့ကြောင့် ရဟူဒီမိရိုးဖလာနှင့်ဧဝံဂေလိအမှန်တရားတို့သည်လည်း ရောနှောသွားတော့သည်။

ထိုအမှုကိုရှင်းရန်ယေရုရှလင်အထွေထွေကောင်စီမှနေ၍ ဆုံးဖြတ်ချက်ထုတ်ပြန်ထားပြီဖြစ်သော်လည်း သူတို့သည် ဂရုမစိုက်၊ တစ်ပါးအမျိုးသား၊ ယုံကြည်သူတို့အား ဝိနည်းအထုံးအဖွဲ့ ပညတ်တရားကိုလည်း လိုက်နာကြပါရန်နှိုးဆော်လေသည်။

အခြေအနေအရပ်ရပ်ကိုသုံးသပ်ကြည့်သောအခါ ဝင်ရောက်လာပြီဖြစ်သော မကောင်းဆိုးဝါးတို့သည် ဂလာတိပြည်ရှိအသင်းတော်များသို့ အရှိန်အဟုန်ပြင်းထန်စွာဖြင့် ဖျက်ဆီးရန်ကြိုးစားလာ၏။

ဤသို့ဂရုတစိုက်ဧဝံဂေလိအခြေခံမူစည်းမျဉ်းများကို သစ္စာရှိစိတ်ရှည်စွာသွန်သင်ခဲ့ပါသော်လည်း၊ ထိုသူတို့ထဲမှပွင့်ပွင့်လင်းလင်းပုန်ကန်ဖောက်ပြန်လာကြသဖြင့် ပေါလုမှာစိတ်နာကြည်းလှ၏။

သို့ဖြစ်၍ လှည့်စားခံရသောယုံကြည်သူများဆီသို့ ပေါလုစာရေးသည်။ မှားသောသွန်သင်ချက်သီအိုရီများကိုဖေါ်ပြ၍ထိုသို့ ယုံကြည်ခြင်းမှလွဲဖယ်သွားသောသူတို့ကိုလည်း ပြင်းထန်စွာ ဆုံးမပြစ်တင်လေတော့သည်။

ဂလာတိပြည်ရှိအသင်းတော်များဆီသို့ "သခင်ယေရှုခရစ်နှင့်ခမည်းတော်ဘုရားသခင်ထံတော်က ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော်" ဟူ၍ နှုတ်ခွန်းဆက်သပြီးသည်နောက် ဤသို့လျှင် ပြတ်သားသောဆုံးမပြစ်တင်မှုကို ပြုလိုက်ပါသည်။

"ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သင်တို့ကိုခေါ်တော်မူသောသူနှင့် ဤမျှလောက်မြန်မြန်ခွာ၍သင်တို့သည် အခြားသောဧဝံဂေလိတရားကိုခံယူကြသောကြောင့် ငါသည်အံ့ဩခြင်းရှိ၏။ ထိုတရားသည် ဧဝံဂေလိတရားတော်မဟုတ်။သင်တို့ကိုနှောင့်ယှက်၍ ခရစ်တော်၏ဧဝံဂေလိတရားကိုမှောက်လှန်ချင်သောသူအချို့ရှိကြ၏။

သို့သော်လည်းသင်တို့အား ငါတို့ဟောပြောသောဧဝံဂေလိတရားမှတစ်ပါးအခြားသော ဧဝံဂေလိတရားကို ငါတို့သည် ဟောပြောသော်လည်းကောင်း၊ ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန် ဟောပြောသော်လည်းကောင်း၊ ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေ။" ပေါလု၏သွန်သင်ချက်များသည် ကျမ်းစာနှင့်ညီညွတ်၍ မိမိ၏လုပ်ဆောင်ချက်များကိုလည်းသန့်ရှင်းသောဝိညာဉ်တော်က သက်သေခံသောကြောင့် သူ၏သွန်သင်ချက်နှင့်ဆန့်ကျင်လေသမျှသောအရာတို့ကို သူသည် ပြင်းထန်စွာကန့်ကွက်လေ၏။ ထိုတရားတို့ကိုနားမထောင်ရန် မိမိ၏ ညီအစ်ကိုတို့အားသတိပေးပါသည်။

ဆက်လက်၍ပြောသည်မှာ "ပညာမဲ့သောဂလာတိလူတို့၊ လက်ဝါးကပ်တိုင်မှာအသေခံတော်မူသောယေရှုခရစ်ကို သင်တို့၏ မျက်မှောက်၌ထင်ရှားစွာပြပြီးသည်ဖြစ်၍ အမှန်တရားကိုနားမထောင်စေခြင်းငှာ၊ သင်တို့ကိုအဘယ်သူပြုစားသနည်း။

ပညတ်တရား၏အကျင့်အားဖြင့် ဝိညာဉ်တော်ကိုခံရကြသလော(သို့မဟုတ်) ယုံကြည်ခြင်းတရားကိုကြားနာခြင်းအားဖြင့် ခံရကြသလောဟူသောအရာတစ်ခုကိုသာ သင်တို့၌ငါသိလို၏။ ဤမျှလောက်ပညာမဲ့ကြသလော။ ဝိညာဉ်တော်ကိုအမှီပြု၍လုပ်စရှိပြီးမှ၊ ဇာတိကိုအမှီပြု၍ပြီးစေကြသလော။ ဤမျှလောက်သောဆင်းရဲခြင်းကို အချည်းနှီးခံကြပြီလော။ အချည်းနှီးသက်သက်ဖြစ်ရမည်လော။ ထိုမှတစ်ပါး ဝိညာဉ်တော်ကို သင်တို့အားပေး၍၊ သင်တို့၌တန်ခိုးများကိုပြသောသူသည် ပညတ်တရား၏ အကျင့်အားဖြင့်ပြသလော။ ယုံကြည်ခြင်းတရားကို နာခြင်းအားဖြင့်ပြသလော။"

ဤသို့လျှင် ပေါလုသည် ဂလာတိပြည်ရှိယုံကြည်သူညီအစ်ကိုတို့အား ထိုသူတို့၏အသိစိတ်တရားဆုံးဖြတ်ရာ တရားပလ္လင်ရှေ့မှာပင် စစ်ဆေးပြစ်တင်ကာ သူတို့ကိုနှုပ်လည်ဖမ်းဆီးရန် ကြိုးစားရလေသည်။ ကယ်တင်နိုင်သောဘုရားသခင်၏ တန်ခိုးတော်ကိုအားကိုး၍ ဆရာတုဆရာယောင်များထဲမှ ပြန်လာရန်၊

အကြောင်းမူကား၊ သင်တို့သည် အလွန်အကျွံလှည့်စားမှုခံရပြီဖြစ်ကြောင်းစာတန်၏ရည်ရွယ်ချက်ကို ပယ်ဖျက်၍ နဂိုယုံကြည်ချက်အတိုင်း ပြန်လည်အသက်ရှင်ရန်လိုအပ်ကြောင်းကိုရှင်းပြပါသည်။

ပေါလု၏နှိုးဆော်ရေးသားပုံအရ ကောရိန်သူအသင်းတော်နှင့်ဂလာတိအသင်းတော်တို့သည်ကွာခြား၏။ ကောရိန်သုမြို့သားတို့ကို သတိတရားနှင့်နူးညံ့သိမ်မွေ့စွာဆုံးမပြစ်တင်ခဲ့ပါသော်လည်း၊ ဂလာတိအသင်းတော်သို့ကားအားမနာဘဲ ပြင်းထန်စွာဆုံးမခဲ့ပါသည်။ ကောရိန်သုယုံကြည်သူညီအစ်ကိုများသည် သွေးဆောင်ခြင်းကို အောင်နိုင်ခဲ့သည်အရာမှာ ဖန်တီးလှည့်စားတတ်သောဆရာတုများ၏ လုပ်ဆောင်မှုပယောဂကြောင့် ညီအစ်ကိုတို့တွေဝေကာ ရှုပ်ထွေးခဲ့ရသည်ကို ပေါလုသိသဖြင့် ထိုသူတို့သည် အမှားနှင့်အမှန်ကိုပိုင်းခြားရှုမြင်တတ်ရန်လိုအပ်သည်။ ဤသို့ပြုပြင်ပေးရာ၌ သတိတရားနှင့်သည်းခံစိတ်ရှည်ရန်လိုပေသည်။ အကယ်၍ပေါလုသည် စကားကိုပြင်းထန်စွာသတိမဲ့ပြောမူက သူ၏ဩဇာသည်လည်း ပျက်စီးရပေမည်။ ထိုဝိညာဉ်များလည်း ပြန်လှည့်လာတော့မည်မဟုတ်ပါ။

ဂလာတိအသင်းတော်၌ကား ထိုသို့မဟုတ်။ ဆရာတုများမှာမျက်နှာဖုံးမစွပ်၊ ပွင့်ပွင့်လင်းလင်းနှင့်ဧဝံဂေလိသတင်းတရားကို ဖြိုဖျက်နေခြင်းဖြစ်၏။ ယုံကြည်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သောခရစ်တော်သခင်ကို စွန့်လွှတ်၍ရဟူဒီတို့၏ခေတ်မမီတော့သည့်ဝိနည်းအထုံးအဖွဲ့ပညတ်တို့ကို ကျင့်သုံးရန်ဟောပြောသည်။ ဤသည်ကိုပေါလုသည် ရှင်းလင်းပြတ်သားစွာခွဲခြားသိမြင်ကာကတိပေးမှုသာလျှင် ဘေးရန်အပေါင်းတို့မှဂလာတိအသင်းတော်များကို ကယ်နုတ်နိုင်မည်ဟုသူမြင်ပါသည်။

ဤတွင် ယခုခေတ်တရားဟောဆရာတို့သည် ပေါလုထံမှသင်ခန်းစာကိုယူအပ်၏။ အသင်းသူအသင်းသား တရားနာပရိသတ်တို့၏အကျိုးကိုမျှော်ကိုး၍မိမိ၏ဧဝံဂေလိနည်းလမ်းများကို အသွင်ပြောင်းသင့်ပြောင်းရပါသည်။ နူးညံ့သိမ်မွေ့ခြင်း၊ သည်းခံစိတ်ရှည်ခြင်း၊ ဆုံးဖြတ်စေခြင်းနှင့်ယုံကြည်ခြင်း၌အမာခံဖြစ်စေခြင်း၊ ပြတ်သားခြင်းစသည်တို့မှာ လိုအပ်သကဲ့သို့ ထိုအပြုအမူမျိုးကို အသိတရား အဆင့်ကွဲပြားနေသူ၊ နေထိုင်မှုစနစ်နှင့်ယဉ်ကျေးမှု ထုံးတမ်းစဉ်လာကိုခြားနားနေသူတို့၌ကား၊ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်၏အသိဉာဏ်တရားသွန်သင်ပြညွှန်သလို ဆုံးဖြတ်ကာသတိပညာနှင့် ချင်းကပ်ရာ၏။

ပေါလုသည်မိမိ၏ပြောင်းလဲပုံနှင့်ရှေးဦးခရစ်ယာန်အတွေ့အကြုံများကိုဂလာတိလူတို့အားဖော်ပြခဲ့သည်။ ဤသို့ဖော်ပြလိုက်ခြင်းဖြင့် သူသည် ဧဝံဂေလိအမှန်တရားတော်မြတ်ကြီးကို မြင်တွေ့ဆုပ်ကိုင်ခဲ့ရကြောင်း၊ ထာဝရဘုရားသခင်ထံတော်မှညွှန်ကြားချက်အတိုင်း အပြုသဘောကိုဆောင်၍ ဂလာတိအသင်းသူအသင်းသားတို့အား သတိပေးနှိုးဆော်နေရကြောင်း၊ ဤသို့စာရေးသားပေးပို့ခြင်းအရာမှာလည်း မသေမချာ၊ သံသယမရှိ လုံးဝအမှန်အကန်ဖြစ်ကြောင်း လူ့ထံမှသွန်သင်ချက်နှင့်ခရစ်တော်သခင်၏ အထံတော်မှတိုက်ရိုက်သွန်သင်ချက်မှာ ကွာခြားလှကြောင်း အကျဉ်းချုံးကာတင်ပြလိုက်ပေသည်။

သို့ဖြစ်၍ ဂလာတိမြို့သားယုံကြည်သူအပေါင်းတို့မှားသောလမ်းမှလွှဲရှောင်၍ မမှားနိုင်သောအထောက်အထားများဖြင့် ပြည့်ဝသောထာဝရဘုရားသခင်၏ထောက်ခံချက်ရ လမ်းခရီးပေါ်သို့ ပြန်လည်လျှောက်လှမ်းလော့ဟုတမန်တော်ကြီးကအားပေးနေ၏။ ထိုသူတို့ကို ဧဝံဂေလိတရားတော်မှသွေဖည်ပြီး လမ်းမှားသို့ကြိုးစားဝင်ရွေ့ဆောင်နေကြသူတို့ကား ဖေါက်ပြန်သူခရစ်ယာန်သာသနာဖျက်များ၊ စိတ်သဘောထားညစ်ညမ်းကာ အသက်တာမှာလည်းယုတ်မာကြသူများဖြစ်ကြပါသည်။ ထိုသူတို့၏ ဘာသာတရားမှာ ပွဲလုပ်ခြင်းများသာဖြစ်၍ ထိုပွဲတို့ဖြင့် ဘုရားသခင်၏ စိတ်တော်နှင့်တွေ့ရန်မျှော်လင့်နေကြပါသည်။ “ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကိုမမြင်ရ” (ယောဟန် ၃း၃) ဟူသော ဧဝံဂေလိတရားတော်၏ နားထောင်ခြင်းအမှုကို တောင်းခံသည့်ဖိတ်ခေါ်ချက်ကိုလည်း၊ ငြင်းပယ်လိုကြသည်။ အကြောင်းမှာ ထိုသူတို့အနေဖြင့် ထိုသွန်သင်ချက်ကိုအခြေပြုသော ဘာသာတရားသည် ဆက်ကပ်မှုများစွာလိုအပ်ကြောင်း ခံစားရသဖြင့် သူတို့လည်း မလိုက်နာလိုကြ။ တစ်ပါးသူတို့ကိုလည်း ကာဆီးနေရင်း မိမိတို့ အမှားများ၌သာ တွယ်ကပ်၍နေလေတော့သည်။

ထိုခေတ်အခါက ဂျူးလူမျိုးဘာသာရေးခေါင်းဆောင်များတို့သည်စိတ်နှလုံးနှင့် အသက်တာသန့်ရှင်းမှုအတွက် အပြင်သဏ္ဌာန်ပြ ဟန်ဆောင်မှုကိုအစားထိုးသည်ကများ၏။ ယနေ့မှာလည်း ဟန်ဆောင်သည့်အမှားပြုဝိညာဉ်ရေးလမ်းပြမှုကြီးများလည်းရှိလေသည်။ ကယ်တင်ခြင်းဆိုသည်မှာခရစ်တော်သခင်၌ယုံကြည်ဆက်ကပ်ခြင်းအားဖြင့်ဖြစ်၍ ဘုရားသခင်၏ ပညတ်တော်ကိုစောင့်ရှောက်ခြင်းဖြစ်ပါသည်။ ထိုကြောင့် စာတန်သည် လူသားတို့၏ စိတ်အာရုံကို

ကွဲပြားအောင်ကြိုးစား၏။ ခေတ်အဆက်ဆက်တွင် စာတန်နတ်ဆိုးမင်းသည် သွေးဆောင်ခြင်းသို့စိတ်ယိုင်တတ်သူများကို လှည့်စားရန်ကြိုးစားနေပါသည်။ တမန်တော်များခေတ်တွင် ဂျူးလူမျိုးတို့အားဝိနည်းအထုံးအဖွဲ့ဆိုင်ရာပညတ်ကို လိုက်နာ၍ ခရစ်တော်ကိုငြင်းပယ်ရန်ဆောင်ရွက်ခဲ့၏။

ယခုတွင်မူ စာတန်သည်နာမည်ခံခရစ်ယာန်များစွာကို ခရစ်တော်သခင်အားဂုဏ်ပြုကြောင်း၊ ဟန်ဆောင်စေ၍ ပညတ်တော်ဆယ်ပါးကိုရွံရှာစေကာကျူးလွန်သော်လည်း အပြစ်မရှိဟုသွန်သင်စေပါသည်။ သို့ဖြစ်၍ ထာဝရဘုရားသခင်၏ အစေတို့သည် မိမိတို့၏ယုံကြည်ချက်အပေါ်မှာ မားမားမတ်မတ်ရပ်တည်၍ အမှားကိုကြောက်ရွံ့ခြင်းကင်းစွာထောက်ပြကာ အမှန်တရားလမ်းအတိုင်း သက်ရှင်နေထိုင်ရန် တာဝန်ရှိလေသည်။

ပေါလုသည် မိမိ၏ဂလာတိမြို့သားညီအစ်ကိုများ၏ယုံကြည်စိတ်ချမှုကိုပြန်လည်ရရှိရန် ကြိုးစားလုပ်ဆောင်ရာ၌ မိမိ၏ရာထူးသည် ခရစ်တော်၏တမန်တော်ဖြစ်ကြောင်းဖေါ်ပြသည်။

သူသည် “လူနှင့်မစပ်ဆိုင်၊ လူ၏အခွင့်မရှိဘဲလျက် ယေရှုခရစ်၏အခွင့်နှင့်လည်းကောင်း၊ ထိုသခင်ကို သေခြင်းမှထမြောက်စေတော်မူသော ခမည်းတော်ဘုရားသခင်အခွင့်နှင့်လည်းကောင်း တမန်တော်ဖြစ်သော ငါပေါလု” ဟူ၍ နိဒါန်းပျိုးပါသည်။

သူ၏လုပ်ဆောင်မှုအမိန့်တော်ကို ကောင်းကင်ဘုံရှိအမြင့်ဆုံးသော အာဏာပိုင်မှရရှိကြောင်း တစ်ပါးအမျိုးသားတို့တွင် ခရစ်ယာန်သာသနာပြုရန်ညွှန်ကြားခံရသော တမန်တော်ဖြစ်ကြောင်း မိမိကိုယ်ကိုကြေညာလိုက်ပါသည်။

ပေါလုသည် မိမိကိုယ်ကိုမချီးမြှင့်ပါ။ ဘုရားသခင်၏ ကျေးဇူးတော်ကိုချဲ့ထွင်ရန်ကြိုးစားခြင်းသာဖြစ်ပါသည်။ သူ့အားတမန်တော်အဖြစ်အသိအမှတ်မပြုလိုသောသူတို့အား “ငါသည်အကြီးဆုံးသော တမန်တော်အောက်အလျှင်းမဟုတ်သည်ကိုငါသဘောရှိ၏” (၂ကော ၁၁း၅) ဟုဆိုပါသည်။ ဤကားသူ၏ဖိတ်ခေါ်ခြင်းခံရပုံကို သေးသိမ်စေသောသူ၊ ခရစ်တော်သခင်ကို ဆန့်ကျင်လိုသောသူတို့အား ခုခံပြောဆိုသောစကားပေတည်း။

ပေါလုသည်တစ်ချိန်ကဘုရားသခင်၏ကောင်းမြတ်ခြင်းတန်ခိုးတော်ကိုမြည်းစမ်းခဲ့ဖူးသူတို့အားသူတို့၏နဂိုချစ်သူဧဝံဂေလိအမှန်တရားဆီသို့ပြန်လာရန်

တောင်းပန်ခဲ့ပါသည်။ ခရစ်တော်၌ရှိလျှင် လွတ်လပ်သောသူများဖြစ်လာကြောင်းကိုလည်း ပေါလုကခွန်အားပေးပါ၏။ ထိုသခင်၌ လုံးလုံးလျားလျားဆက်ကပ်အပ်နှံကာ ကိုယ်တော်၏ ဖြောင့်မတ်ခြင်းဝတ်ရုံကိုဝတ်ဆင်ရန် နှိုးဆော်ပါသည်။ ကယ်တင်ခြင်းသို့ ဝင်စားလိုသူတိုင်း ဘုရားသခင်နှင့်စပ်ဆိုင်သောအရာများကို ကိုယ်တွေ့ခံစားသင့်ကြောင်းကိုလည်း အသိပေးပါ၏။

ပေါလု၏ အသနားခံတောင်းပန်ခြင်းအရာတို့သည် အလဟဿဖြစ်မသွားပါ။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့် လမ်းလွှဲလိုက်ခဲ့သူတို့သည် ဧဝံဂေလိတရား၏ ယုံကြည်ခြင်းလမ်းဟောင်းသို့ပြန်၍လှည့်လာကြပါသည်။ ဤသို့လျှင် ခရစ်တော်၌လူလွတ်များဖြစ်လာကြ၏။ သူတို့၏အသက်တာမှာလည်း ဝိညာဉ်တော်အသီးတွဲများနှင့်ပြည့်ဝလာပါသည်။ ၄င်းတို့မှာ ချစ်ခြင်း ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းတည်း ဟူသောဝိညာဉ်ပကတိ၏ အကျိုးပေတည်း။ ဤသို့လျှင် ထာဝရဘုရားသခင်၏နာမတော်သည် ချီးမွမ်းခြင်းကိုခံရ၍ ထိုနေရာအနှံ့တွင်လည်း ယုံကြည်သူများတိုးပွား၍လာပါတော့သည်။

---ooo---

# အခန်း (၃၇)
# ပေါလု၏ ယေရုရှလင်မြို့ရောက်နောက်ဆုံး ခရစ်ယာန်သာသနာခရီး

(ဤအခန်းကို တမန်တော် ၂၀း၄-၂၀း၁၆ အပေါ်အခြေခံထားသည်)

ပေါလုသည်ပသခါပွဲနေ့မတိုင်မီ ယေရုရှလင်မြို့သို့ ရောက်ရှိလို၏။ ထိုပွဲနေ့အတွက် ကမ္ဘာအနှံ့အရပ်လေးမျက်နှာမှလာရောက်ကြမည့်ဘုရားသခင်၏ သားသမီးတို့ကို တွေ့မြင်လိုခြင်းကြောင့်ဖြစ်ပါသည်။ မိမိ၏ လူမျိုးချင်းတို့ကိုလည်း အယူအဆမတိမ်းလွဲစေချင်ပါ။ ဧဝံဂေလိသာသနာတော် အလင်းကို မြင်တွေ့လက်ခံစေလိုပါသည်။ ယေရုရှလင်မြို့ရှိအသင်းတော်မှတပည့်တော်များကိုလည်း မြင်တွေ့လို၏။ ယုဒပြည်တစ်ဝန်းရှိဆင်းရဲသော တပည့်တော်စုများအတွက် တစ်ပါးအမျိုးသား ခရစ်ယာန်များထံမှ လက်ဆောင်ပစ္စည်းများကိုလည်း ဝေမျှလိုပါသည်။ ဤခရီးစဉ်အားဖြင့် ခရစ်ယာန်များနှင့်တစ်ပါးအမျိုးသားခရစ်ယာန်တို့ခိုင်မြဲသော စည်းလုံးမှုဖြစ်လာလိမ့်မည်ဟု သူမျှော်လင့်မိပါသည်။

ပေါလုသည်ကောရိန်သုမြို့တွင်ခရစ်ယာန်သာသနာအလုပ်ပြီးမြောက်ပြီဖြစ်၍ ပါလက်စတိုင်းကမ်းခြေရှိ သဘော်ဆိပ်ကမ်းမြို့တစ်မြို့တွင်ဆိုက်ကပ်မည်ဟုဆုံးဖြတ်လိုက်ပါသည်။ အစီအစဉ်အားလုံးပြီးမြောက်ခဲ့လေပြီ။ သဘော်ပေါ်တက်သည်တွင် သတင်းဆိုတစ်ခုကိုကြားရသည်။ သူ့အားသစ္စာရည်သောက်ထားသောဂျူးအုပ်စုတစ်ခုက လုပ်ကြံမည်ဟူသော လျှို့ဝှက်ပူးပေါင်းကြံစည်မှုတစ်ခုပင်ဖြစ်သည်။ ထိုသူတို့သည် ကနဦးကပင် ပေါလု၏ ခရစ်ယာန်သာသနာပြုခြင်းအလုပ်ကို အဆုံးသတ်လိုသူများဖြစ်ကြပါသည်။

ပေါလု၏ ဧဝံဂေလိသာသနာမှာ ကျယ်ပြန့်အောင်မြင်လေ၊ ထိုသူတို့မှာစိတ်ဆိုးလေဖြစ်၏။ သို့ဖြစ်၍ ဧဝံဂေလိနှင့်ယှဉ်၍ လူတို့၏သွန်သင်ချက်အသစ်ထည့်သွင်းထားသည့် အခြားသောဧဝံဂေလိကို သူတို့သည်ဟောပြော၏။ အာဗြဟံ၏ သားသမီးများအဖြစ် တစ်ပါးအမျိုးသားခရစ်ယာန်တို့သည် ကတိတော်ကိုမခံထိုက်ဟူ၍လည်း ဟော၏။ဤသည်ကိုပေါလုက ထုံးစံအတိုင်းစိတ်အားပြင်းထန်စွာငြင်းဆိုလိုက်ပါသည်။"ထိုဖန်ဆင်းပြုပြင်တော်မူရာ၌ဟေလသသလူ

မရှိ၊ ယုဒလူမရှိ၊ အရေဖျားလှီးမင်္ဂလာခံခြင်းမရှိမခံခြင်းမရှိ" ဟူသောကြေညာချက်သည် ဘုရားသခင်ကိုရဲဝံ့စွာစော်ကားမှုတစ်ရပ်ဖြစ်၍ သူသေသင့်သည်ဟု သူ၏ရန်သူများက သတ်မှတ်ကြပေသည်။

ပေါလုသည် ထိုလျှို့ဝှက်ကြံစည်မှုကိုကြားသိရသောအခါ မိမိ၏ခရီးစဉ်ကို မာကေဒေါနိပြည်လမ်းဖြင့်လှည့်၍ပြန်မည်ဟူ၍ပြောင်းလိုက်၏။ ထိုကြောင့် ပသခါပွဲနေ့အမီ ယေရုရှလင်မြို့သို့မရောက်နိုင်တော့။ ပင်တေကုတ္တေပွဲနေ့မှာ တော့ ရောက်နိုင်လိမ့်မည်ဟု သူမျှော်လင့်ခဲ့ပါသည်။ ပေါလုလက်ထဲတွင်တစ်ပါးအမျိုးသားခရစ်ယာန်အသင်းတော်များမှ ယုဒပြည်ဆင်းရဲသူတပည့်တော်စုများအတွက်ပေးလှူလိုက်သောအလှူတော်ငွေမှာများလှ၏။ ထိုငွေများကိုယုဒပြည် ခရစ်ယာန်သာသနာတာဝန်ခံ၏လက်တွင် အပ်ပေးရမည်ဖြစ်၍ ထိုအလှူငွေပေးသောဒေသများမှ ကိုယ်စားလှယ်များကိုသူနှင့်အတူ ယေရုရှလင်မြို့သို့ခေါ်ဆောင်လာခြင်းဖြစ်ပါသည်။

ဖိလိပ္ပိမြို့တွင် ပေါလုသည် ပသခါပွဲကိုစောင့်သည်။ လုကာမှအပကျန်အဖွဲ့ဝင်များသည် ခရီးဆက်၍ တရောမြို့၌ငံ့လင့်၍နေကြ၏။ ဖိလိပ္ပိမြို့သားတပည့်တော်စုတို့သည် တမန်တော်ပေါလု၏ ဝိညာဉ်ရေးဆိုင်ရာသားသမီးများဖြစ်ကြ၏။ ထိုသူတို့သည် မှန်ကန်သောသဘောရှိ၍ ချစ်အပ်သောသူများလည်းဖြစ်ကြပါသည်။ ပွဲနေ့ရှစ်ရက်အတွင်း သူတို့အားလုံးငြိမ်သက်ချမ်းမြေ့ပျော်ရွှင်စွာမိတ်သဟာယဖွဲ့ခွင့်ရကြလေသည်။

"အဇုမပွဲနေ့ရက်လွန်ပြီးမှ ပေါလုနှင့်လုကာတို့သည် ဖိလိပ္ပိမြို့မှ သင်္ဘောနှင့်လွှင့်၍ ငါးရက်အတွင်းတွင် သူတို့ရှိရာ တရောမြို့သို့ရောက်၍ခုနှစ်ရက်နေကြ၏။"

## စနေနေ့ညနှုတ်ဆက်စည်းဝေး

ပေါလု၏နောက်ဆုံးညတွင် ညီအစ်ကိုတို့သည် အတူတကွစည်းဝေး၍ မုန့်ကိုဖဲ့ကြ၏။ မိမိတို့၏ချစ်လှစွာသောဆရာကြီးသည် နက်ဖြန်နေ့မှာခရီးထွက်မည်ဖြစ်သောကြောင့် ခါတိုင်းနှင့်မတူဘဲ လူများစွာတို့သည် စုဝေးကြ၏။ သုံးထပ်မြောက်အခန်းမှာ စုဝေးကာ ပေါလုသည်လည်း ထိုသူတို့အား ဝိညာဉ်ခွန်အားရစေလိုစိတ်နှင့်အားပါးတရဟောပြောသည်မှာ ညသန်းခေါင်တိုင်အောင်ဖြစ်လေသည်။

တရားနာသူများထဲတွင် ဥတုခုအမည်ရှိသောလူငယ်တစ်ယောက်သည် ပြတင်းပေါက်နားမှာထိုင်၍ အိပ်မောကျလျက်နေ၏။ ထိုအခါသူသည် အိပ်ပျော်လျက် အိမ်သုံးဆင့်အထက်မှအောက်သို့လျှောကျ၍ သေသည်ကို လူတို့သည် ဝိုင်းအုံလာ၍ ငိုကြွေးကြ၏။ သို့သော်လည်း ပေါလုသည် ကြောက်လန့်နေသောလူထုကြီးကိုဖြတ်ကျော်၍ လူငယ်ကိုပွေ့ဖက်ကာ ဘုရားသခင်မှာ လူငယ်အသက်ပြန်ဝင်လာဖို့ရန်အတွက် စိတ်အားထက်သန်စွာဆုတောင်း၏။

သူ၏တောင်းပန်ချက်ကိုဘုရားသခင်နားညောင်းပါသည်။လူတို့ငိုကြွေးနေသည့်အချိန်မှာပင်တမန်တော်၏ အသံမှာပေါ်ထွက်လာ၏။ "အုတ်အုတ်သဲသဲမပြုကြနှင့်၊ သူသည်အသက်ရှိ၏။" လူတို့သည်လည်း တစ်ဖန်ဝမ်းမြောက်၍ အထက်ခန်းမှာပြန်တက်၍စုဝေးကာ တရားနာကြကုန်သည်။ မိတ်ဆုံစားပွဲတော်မင်္ဂလာကိုလည်းခံယူကြသည်တွင် မုန့်ကိုဖဲ့၍စားကြသည်နှင့် "မိုးလင်းသည်တိုင်အောင် ကြာမြင့်စွာစကားပြောပြီးမှ ထွက်သွားကြ၏။"

သင်္ဘောကြီးထွက်ခွာခါနီးပြီ။ ညီအစ်ကိုတို့သည်သင်္ဘောကုန်းပတ်ပေါ်သို့လုတက်ကြ၏။ တမန်တော်သည် အသုမြို့မှာရှိသောတပည့်တော်စုတို့ကို မြင်တွေ့လိုရကား ပို၍နီးသောကုန်းကြောင်းခရီးဖြင့်သွားပါသည်။ တမန်တော်ကြီးသည် ယေရုရှလင်မြို့ကိုသွားလျှင် အခက်အခဲကြီးစွာတွေ့မည်။

ထိုနေရာကအသင်းတော်သည် သူ့အပေါ်ဘယ်လိုသဘောထားသည်၊ ခရစ်ယာန်သာသနာဖြန့်ရန် အခြားနေရာသစ်လည်းများစွာရှိနေသေးသည်ဟူသောအတွေးက သူ့ကိုပူပန်စေပါသည်။ ထိုသို့သောအချိန်အခါမျိုးမှာ တမန်တော်ကြီးသည် ခွန်အားနှင့်စောင့်ရှောက်မှုအစုံကို ထာဝရဘုရားသခင်ထံတော်မှာသာ မျှော်လင့်နိုင်သည် မဟုတ်ပါလား။ ဤအမှုကိုအထူးအခွင့်အရေးဟူ၍ သူသဘောထားလေသည်။

ခရီးသည်အပေါင်းတို့သည် အသုမြို့မှသည်တောင်ဘက်သို့ရွက်လွှင့်ကြပြန်၏။ လမ်းမှာ ဧဖက်မြို့ကိုကျော်ဖြတ်သွား၏။ မလည်ပတ်အားပါ။ အကြောင်းမူကား၊ ပေါလုသည် ပင်တေကုတ္တေပွဲနေ့အမီ ယေရုရှလင်မြို့ကိုရောက်ရှိလိုသောကြောင့်ဖြစ်သတည်း။ မိလက်မြို့သို့ရောက်သောခါ သင်္ဘောကုန်တင်ကုန်ချနှင့်မို့အချိန်ရသည်။ သို့ဖြစ်၍ သင်္ဘောမထွက်ခွာမီ ဧဖက်မြို့ရှိသင်းအုပ်တို့ကိုမှာ၍ စကားပြော၏။ ဧဖက်မြို့ကား မိလတ်မြို့နှင့်မိုင်သုံးဆယ်ဝေးသတည်း။ ပေါလု၏ ရင်နှစ်ဖွယ်ရာနှုတ်ဆက်စကားကို လေ့လာကြည့်ပါ။

"ငါသည်အာရှပြည်သို့ရောက်သောနေ့မှစ၍ ယခုတိုင်အောင် သင်တို့ရှေ့မှာအဘယ်သို့ကျင့်နေသည်ကို သင်တို့သိကြ၏။. . . သင်တို့အကျိုးပြုစုရာတစ်စုံတစ်ခုကိုမျှ ငါမလိမ်မဝှက်။

လူစုဝေးရာ၌လည်းကောင်း၊ အိမ်များ၌လည်းကောင်းသင်တို့အားဟောပြော၍ ဆုံးမသြဝါဒပေးသဖြင့် ဘုရားသခင့်ရှေ့တော်၌နောင်တရခြင်းတရားကိုလည်းကောင်း၊ ငါတို့သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းတရား ကိုလည်းကောင်း၊ယုဒလူ၊ဟေလသလူတို့အားသက်သေခံသည်အကြောင်းအရာကို သင်တို့သိကြ၏။"

ပေါလုသည် ဘုရားသခင်၏ ပညတ်တော်ကို အမြဲပင်ချီးမွမ်းပြောဆိုလေ့ရှိသည်။ အမှားရှိသူတွေ၊ ဘုရားသခင်၏ရှေ့တော်မှောက်မှာ စိတ်နှလုံးနှိမ့်ချစွာဖြင့် နောင်တရသင့်ကြောင်းကိုသော်လည်းကောင်း၊ ခရစ်တော်သခင်၏သွေးတော်မြတ်၌ ယုံကြည်ခြင်းကို လေ့ကျင့်ပေးရန်သော်လည်းကောင်း ပြသနှိုးဆော်ခဲ့ပါသည်။

ဘုရားသခင်၏ သားတော်သည် ထိုသူတို့အားလုံးအတွက်သက်စွန့်မေတ္တာကိုပြသခဲ့ကြောင်း၊ ယခုတွင် ကောင်းကင်ဘုံသန့်ရှင်းရာဌာနတော်မှာရှေ့နေအဖြစ်အမှုတော်ကိုဆောင်ရွက်နေပါကြောင်း၊ လူသည်အပြစ်မှနောင်တရ၍ ယေရှုခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် အပြစ်တရား၏ စီရင်ခြင်းမှကင်းလွတ်နိုင်ကြောင်း၊ ခရစ်တော်သခင်၏ ကျေးဇူးတော်ကြောင့် ဘုရားသခင်၏ပညတ်တော်ကိုနားထောင်လိုက်လျှောက်နိုင်ပါကြောင်း ပေါလုသည် ထိုသူတို့အားတရားပေးခဲ့လေသည်။

ဆက်လက်၍ ပေါလုက "ယခုပင်ငါသည် ဝိညာဉ်တော်အားဖြင့်ချည်နှောင်ခြင်းခံရ၍ ယေရုရှလင်မြို့သို့သွားရ၏။ ထိုမြို့၌ အဘယ်အမှုရောက်မည်ကိုငါမသိ။

သို့သော်လည်း ချည်နှောင်ခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်းအမှုတို့သည် ငါ့ကိုဆိုင်းလင့် (စောင့်မျှော်နေ) သည်ဟု သန့်ရှင်းသောဝိညာဉ်တော်သည်ခပ်သိမ်းသောမြို့တို့၌ ငါ့အားသက်သေခံတော်မူ၏။ . . . . ယခုမူကား၊ ငါလှည့်လည်၍ ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို ဟောပြောရာ သင်တို့ရှိသမျှသည်နောက်တစ်ဖန်ငါ့မျက်နှာကို မမြင်ရကြဟုငါသိ၏"ဟုပြောဆိုခဲ့ပေသည်။

## သန့်ရှင်းသောဝိညာဉ်တော်သည်နှုတ်ဆက်စကားပြောကြားရန် ပေါလုကိုနှိုးဆော်ခြင်း

ထိုသို့ပေါလုသည် ဧဖက်မြို့နေညီအစ်ကိုတို့အား စကားပြောနေစဉ် သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အပေါ်မှာသက်ရောက်၍ ဤကားနောက်ဆုံးတွေ့ဆုံခြင်းတည်းဟု သက်သေပြု၏။ သို့ဖြစ်၍လည်းသူက “ဘုရားသခင်၏အလိုတော်ကိုသင်တို့အား အကုန်အစင်ဟောပြောပြသခြင်းအမှုကို ငါသည်မလွှဲမရှောင်ဘဲပြုခဲ့ပြီ” ဟုရဲရင့်စွာသတိပေးသြဝါဒချမှတ်ခဲ့ပေသည်။ ခရစ်တော်သခင်၏သာသနာတော်ကို ထမ်းရွက်နေသော အမှုတော်ဆောင်တစ်ဦးသည်လည်း အကယ်၍ မိမိ၏သိုးစုငယ်များသည် အပြစ်နွံတွင်းမှာမွေ့လျော်နေသည်ကိုတွေ့မြင်အံ့။

ထိုသူသည် သစ္စာရှိစွာသိုးထိန်းတစ်ဦးအနေဖြင့် မိမိ၏သိုးစုငယ်တို့အား ထာဝရဘုရားသခင်၏နှုတ်ထွက်စကားတော်နှင့်အညီ ဆုံးမသွန်သင်ရာ၏။ အသင်းအုပ်ဆရာသည် မိမိ၏သိုးစုငယ်တို့အား သစ္စာရှိစွာပဲ့ပြင်ဆုံးမရပေမည်။ ထာဝရဘုရား၏နေ့ရက်တော်မြတ်မှာ မည်ကဲ့သို့စုံလင်ရမည်အကြောင်းကိုလည်း တပည့်လက်သားတို့အား တရားဟောကျင့်သုံးစေရမည်။ ထိုသို့ပြုမှ မိမိသည် လောကအသက်တာမှာ အမှုတော်ဆောင်ခြင်းအလုပ်ကို အနားယူအဆုံးသတ်သောအခါ ပေါလုကဲ့သို့ “လူအပေါင်းတို့၏ အသွေးနှင့်ငါကင်းလွတ်သည်” ဟု သက်သေခံနိုင်မည်မဟုတ်ပါလား။

“ထိုကြောင့်သင်တို့သည် ကိုယ်ကိုသတိနှင့်ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးတော်စုနှင့်ဝယ်တော်မူသော အသင်းတော်ကို လုပ်ကျွေးစေခြင်းငှာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ်ခန့်ထားတော်မူသောသိုးစုတစ်စုလုံးကိုလည်း သတိနှင့်ကြည့်ရှုကြလော့။” အမှုတော်ဆောင်တို့သည် ခရစ်တော်၏ သွေးတော်မြတ်ဖြင့် ရွေးနုတ်တော်မူခဲ့သောအသက်ဝိညာဉ်များနှင့်ဆက်ဆံကိုင်တွင်နေရပါသည်။ ခရစ်တော်သခင်၏ကိုယ်စားလှယ်များအဖြစ် သခင်၏ နာမတော်ကို ဂုဏ်ပြုချီးမွမ်းရန်ဖြစ်သည်။ မိမိတို့၏ဖြူစင်သော အသက်တာအားဖြင့်လည်း မိမိတို့၏ မြင့်မြတ်သန့်ရှင်းသောဖိတ်ခေါ်ချက်နှင့်ထိုက်ထိုက်တန်တန်ဖြစ်ရန် မိမိကိုယ်ကိုမိမိ သက်သေပြရမည်ဖြစ်ပါသည်။

ဇေဖက်အသင်းတော်မှာ ဘေးရန်များစွာ ချဉ်းကပ်ကျရောက်လာမည် အကြောင်းကိုပေါလုမြင်ပါသည်။ ထို့ကြောင့် သူကဤသို့ဆို၏။ "ငါမရှိသည် နောက်၊ ကြမ်းတမ်းသောတောခွေးတို့သည် သိုးများကိုမသနားဘဲ သင်တို့အထဲ သို့ဝင်မည်ကိုလည်းကောင်း၊ တပည့်တော်များကိုသွေးဆောင်ခြင်းငှာ မှားသောစ ကားကိုပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်း ပေါ်လာမည်ကိုလည်း ကောင်းသိ၏။" အသင်းတော်သည် အပြင်ရန်သူ၊အတွင်းရန်သူတို့၏ တိုက်ခိုက် မှုကို ခံရမည်ဖြစ်ပါသည်တကား။ "ထို့ကြောင့်စောင့်ရှောက်၍နေကြလော့။ ငါ သည်သုံးနှစ်ပတ်လုံးနေ့ညမပြတ်လူအပေါင်းတို့ကို မျက်ရည်နှင့်အတူဆုံးမ၍နေ ကြောင်းကိုအောက်မေ့ကြလော့" ဟု ပေါလုသည်ရင်ဖွင့်ခဲ့ပါသည်။

ဆက်လက်၍မြွက်ဆိုလေသည်မှာ"ညီအစ်ကိုတို့၊ယခုငါသည်သင်တို့ ကိုဘုရားသခင်၌အပ်နှံ၏။သင်တို့ကိုတည်ဆောက်ခြင်းငှာလည်းကောင်း၊သန့်ရှင်း သောသူအပေါင်းတို့နှင့်အတူ သင်တို့အားအမွေပေးခြင်းငှာလည်းကောင်းတတ် နိုင်သောဘုရားသခင်၏ ကျေးဇူးတော်တရား၌လည်း သင်တို့ကိုငါအပ်နှံ၏။သူ့ ရွှေငွေအဝတ်တန်ဆာတို့ကို ငါသည်တက်မက်ခြင်းမရှိပြီ။" ဇေဖက်မြို့မှာနေသော တပည့်တော်စုတို့သည် ချမ်းသာကြွယ်ဝကြပါသည်။

သို့ရာတွင်ပေါလုသည် ထိုသူကြွယ်တို့ထံမှမိမိအကျိုးအတွက်ဘာတစ် ခုကိုမျှအလဟသ မယူခဲ့ပါ။ ဤလက်တို့သည် ငါ့ကိုလည်းကောင်း၊ ငါ့အပေါင်း အဖော်တို့ကိုလည်းကောင်း လုပ်ကျွေးပြီ။" "ထိုသို့သင်တို့သည်လည်း အလုပ်လုပ် ၍အားနည်းသောသူတို့ကို မစရမည်ကိုလည်းကောင်း၊ အစွန့်အကြံခံခြင်းအရာ ထက်စွန့်ကြံခြင်းအရာသည် သာ၍ မင်္ဂလာရှိသည်ဟု သခင်ယေရှုမိန့်တော်မူ သောစကားတော်ကိုအောက်မေ့ရမည်ကိုလည်းကောင်း အရာရာ၌သင်တို့အား ငါပြသပြီ။"

ထိုသို့ပေါလုဆိုပြီးလျှင် ဒူးထောက်၍ထိုသူအပေါင်းတို့သည် အလွန် ငိုကြွေး၍ ပေါလု၏လည်ပင်းကိုဖက်ယမ်းလျှက်သူ့ကိုနမ်းကြ၏။ "နောက်တစ် ဖန်သူ၏မျက်နှာကိုမမြင်ရ" ဟူသောစကားကြောင့် သာ၍ကြေကွဲသောစိတ်နှင့် ပေါလုကိုသင်္ဘောသို့ပို့လိုက်ကြ၏။

သင်္ဘောစီးခရီးသည်အပေါင်းတို့သည် မိလတ်မြို့မှသည်ပါတရာမြို့သို့ ရွက်လွှင့်ကြ၏။ ထိုမြို့မှာ ဖိနိတ်ပြည် (ဖိုနီစီးယား) သို့ကူးသော သင်္ဘောကို တွေ့လျှင် ထိုသင်္ဘောကိုစီး၍ လွှင့်ပြန်၏။ တုရုမြို့သို့ရောက်သော် သင်္ဘော၌

ပါသောဝန်ကိုချရ၏။ ထိုအရပ်မှာတပည့်တော်တစ်စုက ပေါလုသည် ယေရုရှလင်မြို့သို့မတက်ရမည်အကြောင်းကို ဝိညာဉ်တော်အားဖြင့်ပြောကြ၏။သို့သော်လည်း တမန်တော်သည် မိမိ၏ရည်ရွယ်ချက်ကိုဖေါ်ဆောင်ရာ၌ လားလားမျှကြောက်ရွံ့ခြင်းမရှိခဲ့ပါချေ။

ကဲသရိမြို့သို့ရောက်သောအခါ ပေါလုသည်ငြိမ်သက်ပျော်ရွှင်မှုရသောနေ့ရက်များ၏အနှစ်သာရကိုမြည်းစမ်းခွင့်ရရှိခဲ့သည်။ ထိုသို့ပြည့်ဝစုံလင်သောလွတ်လပ်ငြိမ်းချမ်းမှုကိုမရရှိသည်မှာကြာလှပြီကော။ သူ့အဖို့နောက်ဆုံးအခွင့်အရေးဟုလည်း ဆိုနိုင်ပါသည်။

ထိုမြို့မှာနေစဉ် "အာဂဗုအမည်ရှိသောပုရောဖက်တစ်ယောက်သည် ယုဒပြည်မှလာ၍ ငါတို့ရှိရာသို့ဝင်သဖြင့် ပေါလု၏ခါးပန်းကိုယူ၍ မိမိခြေလက်ကိုချည်နှောင်ပြီးလျှင်၊ ခါးပန်းရှင်ကို ယုဒလူတို့သည် ယေရုရှလင်မြို့၌ ချည်နှောင်၍ တစ်ပါးအမျိုးသားတို့လက်သို့အပ်နှံကြလိမ့်မည်ဟုသန့်ရှင်းသော ဝိညာဉ်တော်မိန့်တော်မူသည်ဟုဆို၏။" ဤသို့လျှင် သမားတော်လုကာသည် မှတ်တမ်းတင်ထားပါသည်။

### ပေါလုသည် တာဝန်မှတိမ်းယိမ်းသွားမည်မဟုတ်ခြင်း

သို့သော်လည်း ပေါလုသည် တာဝန်ဝတ္တရားမှလားလားမှမသွေဖည်သွားခဲ့ပါ။ အကျဉ်းကိုခံရသည်ရှိသော်လည်းကောင်း၊ အသက်ပေးရမည်ဆိုသော်လည်းကောင်း ခရစ်တော်သခင်အတွက်လိုအပ်လာလျှင် ရင်ဆိုင်ရမည့်သူဖြစ်၏။

သို့ဖြစ်၍ ပေါလုကလည်း "အဘယ်ကြောင့်ငိုကြွေးလျက် ငါ့စိတ်နှလုံးကိုကြေကွဲစေလျက်ပြုကြသနည်း။ သခင်ယေရှု၏ နာမတော်ကြောင့် ယေရုရှလင်မြို့၌ချည် နှောင်ခြင်းမက၊ အသေသတ်ခြင်းကိုပင်ခံခြင်းငှာ၊ ငါအသင့်ရှိသည်ဟုဆို၏။"

နေ့ရက်များကား တိုတောင်းလှပါသည်။ ပေါလုနှင့်အပေါင်းအဖေါ်တို့သည်ယေရုရှလင်မြို့သို့ခရီးဆက်ကြ၏။သူတို့၏စိတ်ထဲတွင်ကားသက် ရောက်လာမည့်မကောင်းဆိုးဝါးအရိပ်များနှင့်မည်းနေလေပြီ။

တမန်တော်ကြီးသည် ယေရုရှလင်မြို့မှာ မိတ်ဆွေအနည်းကိုသာမြင်တွေ့၍ ရန်သူတို့ကားများမည်ကိုသိ၏။ ခရစ်ယာန်တို့အား သူသည်ခါးသီးစွာရွံမုန်းခဲ့ပုံများကို ပြန်လည်သတိရမိရင်းက ပြည်သားတို့အပေါ်သက်ရောက်

လာမည့်ပျက်သုဉ်းမှုများအတွက် ကြီးစွာသနားနေမိခဲ့ပါသည်။ သို့တိုင်အောင်လည်း ထိုသူတို့ကိုသူသည် စိုးစဉ်းမျှမကူညီပေးနိုင်တော့ပါတကား။ တစ်ချိန်က သူ၏နှလုံးသားထဲမှာ ခါးသီးစွာရှုံ့မှုန်းခဲ့မိသလို ယခုမှာတော့ ပြည်သားတစ်ရပ်လုံးက သူ့အားဆန့်ကျင်နေကြလေပါပြီ။

ယုံကြည်သူညီအစ်ကိုရင်းတို့ထံမှာပင် သနားမှုကိုယ်ချင်းစာတရားကို သူသည်မရရှိနိုင်တော့။ တချို့သောဘဝတူစေတမန်များနှင့်အသင်းအုပ်တို့သည် ပင်လျှင် သူ၏မနှစ်မြို့ဖွယ်အကောင်းဆုံးသတင်းပြန်တမ်းချက်များကိုအမှန်ဟုပင် ထင်မှတ်၍ လက်ခံကြလေရကား၊ သူနှင့်ပေါင်းစည်းညီညွတ်စွာနေဖို့ရန်ကိုဆန္ဒမရှိ၊ မဖော်ပြဘဲနေကြလေသည်။

သို့တစေလည်း တမန်တော်ကြီးပေါလုသည် စိတ်မပျက်ပါ။ သူ၏စိတ်နှလုံးအတွင်းမှာပြောသောအသံတော်သည် သူ၏ ပြည်သားချစ်ရသူတို့၏နှလုံးအိမ်တွင်းကိုလည်း ပြောကြားလိမ့်မည်ကို သူယုံကြည်ပါသည်။ သူနှင့်အတူပူးပေါင်း၍ သခင့်အစေခံကြကုန်သော ဘဝတူတပည့်တော်တို့သည်လည်း ဧဝံဂေလိသတင်းကောင်းဖြန့်ဝေခြင်းအမှုမှာ သူနှင့်အတူ တစ်လုံးတစ်ဝတည်းရှိမည်ကိုသူယုံကြည်နေပါသည်။

---၀၀၀---

## အခန်း(၃၈)
## ညီအစ်ကိုတို့ကပေါလုကိုအကြံဆိုးပေးခြင်း

(တမန်တော် ၂၁း၁၇၊ ၂၃း၃၅ ကိုအခြေခံသည်)

ပေါလုသည် ဆင်းရဲသောယုဒလူမျိုးချစ်ရပါသော ခရစ်ယာန်ညီအစ်ကို မောင်နှမတို့အဖို့ စေတနာရက်ရောစွာဖြင့် ပေးလှူလိုက်သောအသင်းတော်အသီးအသီးမှအလှူငွေများကို ယေရုရှလင်မြို့မှာရှိသောအသင်းတော်ခေါင်းဆောင်များထံသို့အပ်နှံလိုက်လေသည်။ ပေးလှူငွေများသည် မှန်းမျှော်ထားသည်ထက်များစွာသာလွန်နေရကား၊ ယုဒလူမဟုတ်သောခရစ်ယာန်ညီအစ်ကိုမောင်နှမတို့သည်အလွန်ပင်စေတနာထက်သန်ရက်ရောမှုရှိကြောင်း ထင်ရှားလှပါသည်။

ဤကဲ့သို့စေတနာစိတ်နှင့်ပေးလှူသောအလှူငွေသည်သစ္စာရှိသောလူမျိုးခြားခရစ်ယာန်များထံမှဖြစ်ပြီး ဘုရားသခင်၏အမှုတော်မြတ်သည် ကမ္ဘာအနှံ့ပျံ့နှံ့စေရမည်ဟု ထိုသူတို့မျှော်မှန်းခဲ့ကြပေသည်။ သို့တိုင်အောင်လည်းချစ်ခြင်းကိုအခြေခံ၍ ပေးလှူခြင်းကိုပင် ထိုယုဒလူတို့သည် သဘောကျမြတ်နိုးပုံမပေါ်ဟု ပေါလုနှင့်အပေါင်းပါတို့က ခံစားမိခဲ့ပါသည်။

ယခင်အချိန်များကဆိုလျှင် ယေရုရှလင်မြို့နေခရစ်ယာန်သာသနာဦးစီးမှူးအချို့သည်ပေါလုကိုနှစ်ထောင်းအားရစွာဆက်ဆံပူးပေါင်းဆောင်ရွက်သည်ဟူ၍ မရှိခဲ့ပါ။

ထိုသူတို့သည် မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကိုပင်ဆက်လက်ထိန်းသိမ်းသွားရန်ဆန္ဒရှိကြပါ၏။ ပွဲတော်များမှာ မိမိတို့၏ စီရင်မှုအတိုင်းသာဖြစ်၍ အမှန်တကယ်ရည်ညွှန်းချက်များ တိမ်ကောပျောက်ကွယ်သွားကာ အကျိုးမဲ့လုပ်ဆောင်မှုများဖြစ်လာပါသည်။ ထာဝရဘုရားသခင်၏အမှုတော်မြတ်သည်လည်း ပူးပေါင်းဆောင်ရွက်ပါမှအကျိုးရှိ၊ အာနိသင်ထိရောက်သော မင်္ဂလာပေးအခမ်းအနားဖြစ်ပါသော်လည်း ထိုအမှုကို သူတို့သည် မျက်ခြည်ပြတ်ခဲ့ကြလေပါပြီ။ အသက်ရှင်သော ထာဝရဘုရားသခင်နှင့် အဆက်အသွယ်ဖြတ်ရန်ကြိုးစားကြသဖြင့်လည်း မလိုလားအပ်သော တားမြစ်ချက်များသည် အမှုတော်ဆောင်များ၌ ပေါ်ပေါက်လာ၏။ ဝိနည်းအထုံးအဖွဲ့ပညတ်တွေမှာ

လေ့ကျက်မှုမရှိသော်များသော်လည်း ထိုလုပ်ဆောင်မှုနည်းသစ်ကိုထွင်းကာညီအစ်ကိုတို့အား အဏာတော်အတိုင်းလိုက်လျှောက်ရန် တွန်းအားပေးခဲ့လေသည်။

ဤသို့လျှင်နှစ်ပေါင်းများစွာကြာညောင်းလေ၏။ ယေရုရှလင်မြို့၌ အသင်းတော်အဖွဲ့ဝင်များသည်လည်း ဤအမှုကိုဆင်ခြင်လာကြသည်။ ယုဒလူမျိုးစုအခြားတစ်ပါးလူမျိုးများထံ ဧဝံဂေလိသတင်းကောင်းကို ပြောဟောရာ၌ယုဒထုံးစံကိုသာလိုက်ရမည်ဟု အစွန်းရောက်တို့ကဆုံးဖြတ်သည်။ ထိုထက်ပို၍မထောက်ခံကြပါ။

ဤအထွေထွေကောင်စီအစည်းအဝေးမှာ တာဝန်ရှိညီအစ်ကိုများတို့သည် ယုံကြည်သူတိုင်းစိတ်ချစွာလက်ခံနိုင်သော အမှုတော်ဆောင်များအဖြစ်ပေါလုနှင့်ဗာနဗတို့အား အသိအမှတ်ပြုခန့်အပ်ထားကြပါသည်။ တချို့သည်လည်းတစ်ပါးသူတို့ထံခရစ်ယာန်သာသနာပြုရန် တာဝန်နှင့်လေးနက်သောအမှုတော်ဆောင်များကို ရှုတ်ချကဲ့ရဲ့ပြစ်တင်ကြ၏။

သို့ပါသော်လည်းထိုကွဲပြားမှုသည် ထိုအဖွဲ့၏ အစည်းအဝေးကြောင့်ကျေအေးပြန့်ပွားသွားစေရန်ဘုရားသခင် အလိုတော်ရှိပေသည်။ အလိုတော်အတိုင်း အစည်းဝေးကြီးသည်ယုံကြည်သူများ စုဝေးရာခန္ဓာကိုယ်တစ်ခုတည်းမှာစိတ်ချလျက် ဆုံးဖြတ်ချက်များကိုပူးပေါင်း လုပ်ဆောင်ကြသည်မှာကျေနပ်စရာပင်ဖြစ်တော့သည်။

## ခရစ်ယာန်သာသနာဦးစီးမှုးတို့က ပေါလု၏ခရစ်ယာန်သာသနာပြုခြင်းကို ဆက်လက်နှစ်နာစေကြခြင်း

ယုဒလူမျိုးမဟုတ်သောခရစ်ယာန်တို့သည် အသင်းတော်မှာလျင်မြန်စွာတိုးပွားလာကြသည်။ ဦးစီးမှုအနည်းစုကလည်းဤသည်ကိုသဘောကျလက်ခံ၏။ ပေါလု၏နည်းလမ်းသစ်ဆန်းမှုများကို မြတ်နိုးကြကုန်၏။ တချို့သောခေါင်းဆောင်တို့မှုကား မိမိတို့၏ အကြံပေးချက်များအတိုင်းသာ ပေါလုသည်ဧဝံဂေလိကိုလုပ်ရမည်ဟု ဆုံးဖြတ်ကြပေသည်။ အကယ်၍သာပေါလုသည် ဤသည်ကိုလက်ခံလိုက်နာကျင့်သုံးသွားပါသော် သူ့အားထောက်ခံမည်ဖြစ်ပြီး လိုအပ်သမျှကိုကူညီပံ့ပိုးမည်ဟုဆို၏။ သို့မဟုတ်က ပေါလုကိုလားလားမျှမထောက်ခံနိုင်တော့ဟု ကြွေးကြော်လိုက်ပါသည်။

ဤလူစုကြီးသည်ထာဝရဘုရားသခင်ကိုမျက်ခြည်ပြတ်သွားကြလေပြီ။ မိမိ၏အပေါင်းအသင်းနှင့်လူထုကို သွန်သင်နေသောဆရာကြီးသည် ထာဝရဘုရားသခင်ဖြစ်ကြောင်းကို သူတို့မေ့သွားကြလေပြီကော။ အမှုတော်ဆောင်တိုင်းသည် ကောင်းကင်ထက်ကဦးစီးမှုးနောက်ကိုလိုက်ရန်ဖြစ်၏။ လူတို့၏လမ်းပြညွှန်ကြားမှုကိုရှုစားဖို့ရန်မဟုတ်ပါ။ သခင်၏ အမှုတော်ဆောင်အစေခံတို့မည်သည် ဘုရားသခင်၏ ချမှတ်ထားသောပုံစံတော်အတိုင်း ဝန်ခံကျင့်သုံးလုပ်ဆောင်ကြရမည်မဟုတ်ပါလား။

ပေါလုသည် လူတို့အားကွက်ကွက်ကွင်းကွင်း ပြတ်ပြတ်သားသားသွန်သင်ခဲ့ပါ၏။ "ငါ့စကား၊ ငါ့တရားသည် လူ့ပညာနှင့်ယှဉ်သောဖြားယောင်းသောစကားနှင့်တကွရှိသည်မဟုတ်။ ဝိညာဉ်တော်၏ အံ့ဖွယ်တန်ခိုးတော်နှင့်အတူရှိ၏" ဟုဆိုပါသည်။(၁ကော ၂း၅)

သူသည်ဘုရားသခင်ထံမှသာ တိုက်ရိုက်လမ်းပြသွန်သင်မှုကိုခံယူပါသည်။ သို့တိုင်အောင်လည်း ယေရုရှလင်မှာရှိသောအသင်းတော်အထွေထွေအဖွဲ့၏ဆုံးဖြတ်ချက်များနှင့်တော့ ကိုက်ညီအောင်သတိပြုလုပ်ဆောင်ခဲ့ပါသည်။ သို့ဖြစ်၍လည်း "အသင်းတော်တို့သည် ယုံကြည်ခြင်း၌တည်ကြည်မြဲမြံသည်ဖြစ်၍၊ အရေအတွက်အားဖြင့် တစ်နေ့ထက်တစ်နေ့ တိုးပွားများပြားကြပါသည်။" (တမန်တော် ၁၆း၅) သို့ပါသော်လည်း သူသည် တချို့လူတို့ရှေ့မှာမျက်နှာမရခဲ့ပါ။ ယုဒလူမျိုးအသက်ကြီးသူတို့ရှေ့မှာ မိမိယူဆောင်လာသော ရက်ရောစွာသောအလှူငွေတို့ကို ထားရှိဖေါ်ပြရင်းနှင့်မိမိ၏လုပ်အားဖြင့် ပြောင်းလဲလာကြကုန်သော ခရစ်ယာန်ညီအစ်ကိုများအား သစ္စာရှိတည်ကြည်ခြင်း၊ ရက်ရောစွာပေးကမ်းခြင်းနှင့်ညီအစ်ကိုချစ်ခြင်းတို့ကို တန်ဖိုးထားရန် အားပေးအားမြောက်ပြုခဲ့ပါသည်။

ပေါလုက "မိမိသည် တရားဟောဆရာအလုပ်ကိုလုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်သည် တစ်ပါးအမျိုးသားတို့တွင် ပြုတော်မူသမျှတို့ကိုသေချာစွာထုတ်ဖေါ်ပြသလေ၏။" ထိုကြောင့် သူ၌သံသယဖြစ်ခဲ့သူများပင်လျှင် သူ၏လုပ်ဆောင်မှုများ၌ ကောင်းကင်ထက်မှကောင်းချီးမင်္ဂလာသည် ပူးတွဲသက်ရောက်ကြောင်းကိုသိမှတ်စွဲလမ်းလာကြပေတော့သည်။ ထိုသတင်းကို ကြားရသည်နှင့် ထိုသူတို့သည် "ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းကြ၏။" တမန်တော်ကြီးသုံးစွဲခဲ့သောနည်းစနစ်များသည်လည်း ကောင်းကင်ဘုံ၏ တံဆိပ်တုံးခံသက်သေ

ဖြစ်ကြောင်းကို သိမှတ်ကြလေသည်။ ပေါလုကိုအာဏာရှင်ဆန်ဆန်ပြုကျင့်ချုပ်ကိုင်ရန်ကြံစည်ခဲ့ကြသော သူကောင်းမျိုးများသော်မှ ပေါလု၏ခရစ်ယာန်သာသနာပြုခြင်းအမြင်သစ်ကို သိမှတ်နားလည်လာခဲ့ကြသည်တွင် မိမိတို့သည်မှားယွင်းနေကြောင်းကို ဝန်ခံကြပါတော့သည်။ သူတို့သည် ယုဒထုံးစံစီရင်ထုံးဖွဲ့ချက်များအလယ်မှာ နစ်မြုပ်နေကြောင်းကိုမြင်တွေ့လာ၏။ ဤနည်းဖြင့်ဧဝံဂေလိသတင်းကောင်းသည်လည်း နေရာအနှံ့သို့ မထွင်းဖေါက်နိုင်ကြောင်း ယေရှုသခင်၏ ကိုယ်စားပြုအသက်စွန့်ခြင်းမေတ္တာဖြင့် တစ်ပါးအမျိုးသားများနှင့်ဂျူးလူမျိုးတို့စပ်ကြားထားရှိသည့် ကာရံသော အုတ်တံတိုင်းကြီးသည် ပြိုလဲဖို့ရန်ခဲယဉ်းနေသေးကြောင်း သူတို့မြင်တွေ့လာကြပါသည်။

ဤတွင်ဘုရားသခင်သည် ပေါလုအားဖြင့်ပြုတော်မူသောအံ့ဖွယ်အမှုများကို မြင်တွေ့ရသောအခါ ထိုညီအစ်ကိုတို့သည် ပွင့်လင်းစွာဝန်ခံကြရန်အခွင့်ထူးတစ်ရပ်ပင်ဖြစ်ချေသည်မဟုတ်လော။ တစ်ချိန်က မိမိတို့သည်မနာလိုအမုန်းတရားပွားခဲ့၍ ညီအစ်ကိုချင်းတို့ကိုနှိုးဆော်ကာ ပေါလုအားရန်သူကဲ့သို့ဆက်ဆံပြုမူခြင်းကို နောင်တရသင့်ကြသည်မဟုတ်လော။

သို့သော်လည်း မိမိတို့အနာတရဖြစ်စေသူပေါလုကို တရားမျှတစွာပြန်လည်ဆက်ဆံပြုမူရမည့် အစားမှာပေါလုသည် ထိုရှုန်းရင်းဆန်ခတ်ဖြစ်မှုများအတွက် သူ့မှာတာဝန်ရှိကြောင်းစွပ်စွဲနေဆဲဖြစ်ပါသည်။ သူ့အားကာကွယ်မှုပေးရန်ဝေးစွ။ ဖြစ်ရန်မှုန်များကိုမနာလိုသံသယနှင့်ရောထွေးကာ လုံးလည်ချာလပတ်ရိုက်ဖို့ကိုသာ သူတို့ကြိုးစားနေကြပါသည်။

## သံသယဖြစ်စေသော အကြံဉာဏ်သည်ပျက်စီးခြင်းသို့ပို့ဆောင်ခြင်း

ထိုအခါသူတို့က "ပေါလုအား၊ ငါ့ညီတို့၊ ယုံကြည်သူယုဒလူဘယ်နှစ်သောင်းရှိသည်ကို သင်သည်သိမြင်၏။ ထိုသူအပေါင်းတို့သည် ပညတ်တရားဘက်၌စိတ်အားကြီးသောသူဖြစ်ကြ၏။ တစ်ပါးအမျိုးသားတို့တွင်နေသောယုဒလူအပေါင်းတို့သည် သူငယ်တို့အား အရေဖျားလှီးခြင်းကို မပေးရကြ။ ရှေးထုံးတမ်းအတိုင်း မကျင့်ရကြဟုသင်သည်ဆိုလျက်၊ သူတို့သည် မောရှေတရားကိုစွန့်စေခြင်းငှာ ဆုံးမဩဝါဒပေးတတ်သည်ကို ဤလူတို့သည် သတင်းကြားကြပြီ။. . . . . ထိုကြောင့် အကျွန်ုပ်တို့ဆိုသည်အတိုင်း ပြုပါလော့။ သစ္စာ

ကတိပြုပြီးသောသူလေးယောက်သည် အကျွန်ုပ်တို့တွင်ရှိ၏။ ထိုသူတို့ကို ယူ၍သူတို့နှင့်တကွစင်ကြယ်ခြင်းကိုပြုလျက်၊ သူတို့ခေါင်းရိတ်ခြင်း စရိတ်ကို ပေးလော့။

ထိုသို့ပြုလျှင် လူအပေါင်းတို့သည် မိမိတို့ကြားသောသတင်းစကား မမှန်သည်ကိုလည်းကောင်း၊သင်သည် ကိုယ်တိုင်ပညတ်တရားကို စောင့်ရှောက်၍ ကျင့်နေသည်ကိုလည်းကောင်းသိရကြလိမ့်မည်။ ယုံကြည်ခြင်းသို့ရောက်သော တစ်ပါးအမျိုးသားတို့မူကား ထိုသို့သောတရားကိုမကျင့်မစောင့်ဘဲလျက်၊ ရုပ်တုရှေ့မှာပူဇော်သောယဇ်ကောင်ကိုလည်းကောင်း၊ အသွေးကိုလည်းကောင်း၊ လည်ပင်းကိုညှစ်၍ သတ်သောအရာကိုလည်း ကောင်း၊ မတရားသောမေထုန်ကို လည်းကောင်း၊ရှောင်စေခြင်းငှာသာငါတို့သည်စီရင်၍ကြားလိုက်ခဲ့ပြီဟုဆိုကြ၏။

ညီအစ်ကိုတို့သည် ယုဒလူမဟုတ်သောခရစ်ယာန်များနှင့်ပတ်သက် ၍ပထမဦးဆုံးယေရုရှလင်အသင်းတော်ကောင်စီမှာ ဆုံးဖြတ်ထားသည်အတိုင်း ပြုစေခဲ့ကြပါသည်။ ဝိနည်းအထုံးအဖွဲ့ပညတ်များနှင့်လည်းမသွေဖည်။ အဆင် ပြေ၍နေခဲ့သည်။သို့ရာတွင် ယခုမှာတော့တစ်မျိုးဖြစ်လာ၏။ ယခင်ချမှတ်ခဲ့ပြီး သော ဆုံးဖြတ်ချက်မျိုးနှင့်မညီညွတ်တော့ပြီ။ ဤညွှန်ကြားချက်ကိုလည်း ဘုရားသခင်၏ဝိညာဉ်တော်က အသိအမှတ်မပြုပါချေ။ သူရဲဘောကြောင့်၍ လုပ်စေသော လုပ်ရပ်အသီးများပင်ဖြစ်ချေတော့သည်တကား။

ဧဝံဂေလိသတင်းကောင်းကိုလက်ခံကြကုန်သော များစွာသောဂျူးလူမျိုး တို့သည်လည်း ယခင်ကကျင့်သုံးခဲ့သောဝိနည်းအထုံးအဖွဲ့ပညတ်များကိုမြတ်နိုး ခုံမင်နေကြဆဲဖြစ်၏။ သို့ဖြစ်၍ ထိုသူတို့သည် ယုဒဘာသာစိတ်မကုန်သေးသော ခရစ်ယာန်သာသနာဦးစီးမှူးတို့၏ အလိုဆန္ဒကို လိုက်လျောပေးလိုကြ၏။

ထိုသို့လိုက်လျောပေးခြင်းအားဖြင့် မိမိတို့၏ ပြည်သားအချင်းချင်း တို့သည် ခရစ်တော်သခင်ကို ကမ္ဘာ့ကယ်တင်ရွေးနှုတ်ရှင်အဖြစ် ယုံကြည်လာ သဖြင့်ယခင်ကရှိနေသောဘေးဒဏ်အစွဲကြီးကို ချွတ်နိုင်ကြလိမ့်မည်ဟု မျှော် လင့်ကြပါသည်။

ပေါလုကိုယ်တိုင်မှာလည်း အကယ်၍သာ ယေရုရှလင် မြို့တော် မှာရှိကြကုန်သောခရစ်ယာန်သာသနာဦးစီးမှူးတို့သည် သူ့အားဤကဲ့ သို့သော ဆက်လက်၍ ဆန့်ကျင်နေချေက ၄င်းတို့သည် ပေါလု၏ ဩဇာသက်ရောက် မှုကို မပြတ်ဆီးတားကန့်ကွက်ကြလေဦးမည်မဟုတ်ပါလား။ သို့ဖြစ်၍ သူတို့အား

အလျှော့ပေးက၊ အမှန်တရားဘက်ဆီသို့လမ်းညွှန်အံ့ဟု ခံစားမိခဲ့ပေသည်။ အခြားသောတိုင်းနိုင်ငံဒေသများဆီသို့ ခရစ်ယာန်သာသနာပြုသောအခါမှာလည်း အနှောင့်အယှက်နည်းသွားရလေအံ့ဟုတွေးခေါ်မိပေသည်။ သို့သော်လည်းထိုသူတို့တောင်းသမျှအတိုင်း လိုက်လျောကာအခွင့်အရေးပေးဖို့ကိုသာ ဘုရားသခင်အထံတော်မှအာဏာတန်ခိုးကို သူမရရှိထားပါချေ။

ပေါလုသည် မိမိ၏လုပ်ဖော်ဆောင်ဘက်ညီအစ်ကိုချင်းတို့နှင့်အဆင်ပြေ၍သဟဇာတဖြစ်ရလို၏။ ယုံကြည်ခြင်းမှာအားနည်းသောသူတို့အား သိမ်မွေ့ကြင်နာစွာဆက်ဆံလို၏။ သူတို့အားနားလည်ပေးစေလို၏။ ခရစ်တော်သခင်နှင့်အတူရှိခဲ့ကြကုန်သော တမန်တော်ချင်းတို့ကိုလည်း သူသည်လေးစားရိုသေ၏။ သူလျှောက်လှမ်းနေသောလမ်းမှန်မှသွေဖည်ကာ ချော်လဲသွားရမည့်အဖြစ်မျိုးကိုတော့ သူသည်လားလားမျှမလိုလားခဲ့ပါ။ သို့သော်လည်း သူ၏ စေ့စပ်အဆင်ပြေရေးအတွက် ကြိုးစားအားထုတ်လေသမျှတို့သည် သူရင်ဆိုင်ရမည့်အခက်အခဲဆင်းရဲတို့ကို မြန်ဆန်စွာကြိုတင်ဟောသကဲ့သို့ဖြစ်ရပေသည်။ သူသည် ချစ်ရပါသောညီအစ်ကိုတို့နှင့်ခွဲခွာရပေတော့မည်။ အသင်းတော်၏ အခိုင်အမာဆုံးသောတိုင်မတစ်ခုသည် ကင်းမဲ့သွားရပေတော့မည်တကား။

နောက်တစ်နေ့မှာပေါလုသည် အသင်းတော်လူကြီးတို့၏အကြံပေးချက်အတိုင်း ဆက်လုပ်ရန်စတင်လေပါပြီ။ သစ္စာပြုသောနာဇရိလူ(တော်လည်ရာ ၆) လေးယောက်ကို ပေါလုသည်ဦးဆောင်၍ ဗိမာန်တော်တွင်းသို့ခေါ်ဆောင်သွား၏။ ဤသို့ပြုရန် ပေါလုကို အကြံပြုသူတို့သည် ပေါလု၏ဘေးရန်ကို မမြင်ခဲ့ကြပါ။ သူတို့ဖြစ်စေချင်သည်အတိုင်း ပေါလုလုပ်ပါရန် ဆန္ဒရှိကြပါသည်။ ပေါလုသည် ကမ္ဘာ့ထင်ရှားရာမြို့တော်များဆီသို့ အလည်အပတ်ရောက်ခဲ့ဖူးလေသည်။ ယခုတွင် ယေရုရှလင်မြို့မှာရှိသော ပွဲတော်လာ ထောင်ပေါင်းများစွာသောလူတို့သည် ပေါလုကိုကောင်းစွာသိကြ၏။ တချို့သောလူတို့သည် ပေါလုကိုသေလုမတတ် မုန်းတီးရွံရှာကြပါသည်။ ပေါလုအနေဖြင့် လူထုစည်းဝေးပွဲတစ်ခုမှာ ဗိမာန်တော်အတွင်းသို့ဝင်ရောက်ခြင်းသည် မိမိအသက်ကို စွန့်စားသည်နှင့်တူ၏။ ယခင်ရက်များမှာ သူ့ကို လူထုပရိသတ်များစွာက သတိမပြုမိခဲ့ကြပေမယ့် ယခုလို ဗိမာန်တော်အတွင်းနေ ယဇ်ပုရောဟိတ်များနှင့် ယဇ်ပူဇော်မှုဆိုင်ရာ စကားပြောနေသောအခါ အာရှပြည်မှလာသော ဂျူးလူမျိုးတချို့က သူ့ကိုရိပ်စားမှတ်မိကြပါသည်။

ထိုသူတို့သည်နတ်ဆိုးစွဲနေသူများအားပေါလုဆီသို့ပြေးဝင်၍ “ဣသရေလလူတို့၊ကူမကြပါ။ ဤသူကား၊ ငါတို့အမျိုးနှင့်ပညတ်တရားကိုလည်းကောင်း၊ ဤအရပ်ဌာနကိုလည်းကောင်း၊ ခပ်သိမ်းသောအရပ်တို့၌ ဆန့်ကျင်ဘက်ပြု၍ လူအပေါင်းတို့အားဆုံးမဩဝါဒပေးသောသူဖြစ်ပါ၏။ ထိုမျှမက၊ ဟေလသ(ဂရိ)လူတို့ကို ဗိမာန်တော်ထဲသို့သွင်း၍ ဤသန့်ရှင်းရာဌာနတော်ကိုညစ်ညူးစေပြီတကားဟုဟစ်ကြော်၍ ပေါလုကိုဖမ်းဆီးကြ၏။”

ဂျူးလူမျိုးတို့၏ ပညတ်တရားအရ၊ အရေဖျားလှီးခြင်းကိုမခံသောသူတစ်ယောက်မျှသန့်ရှင်းသောဗိမာန်တော်ပရဝဏ်ထဲသို့မဝင်ရပါ။ သေပြစ်ရှိပါသည်။ ယခုတွင် ပေါလုသည် ဤမြို့ထဲသို့ဧဖက်မြို့သားတရောဖိမ်အမည်ရှိသူကိုခေါ်လာ၏။

ဤသည်ကို တစ်ဖက်လူတို့က ပေါလုသည် ထိုတစ်ပါးအမျိုးသားကိုလည်း ဗိမာန်တော်တွင်းသို့ခေါ်ဆောင်လာသည်ဟု ရမ်းဆချင့်မှန်း၍စွပ်စွဲကြပါသည်။ ဒါကိုတော့ ပေါလုမလုပ်ခဲ့ပါ။ သူမူကား ဂျူးလူမျိုးတစ်ယောက်ဖြစ်သောကြောင့်ဗိမာန်တော်အတွင်းသို့ဝင်ခြင်းသည်ဥပဒေကိုချိုးဖေါက်ခြင်းမဟုတ်ကြောင်းကိုသူသိပါ၏။

### ခရစ်တော်ကိုမုန်းတီးသဖြင့် ပေါလုကိုဆက်လက်ဆန့်ကျင်ကြခြင်း

ထိုယုဒလူတို့၏ လုံးဝမှားယွင်းသောစွပ်စွဲချက်သည် ရေပန်းစားလာသောအစွန်းရောက်သဘောထားကို နှိုးဆော်ပေးလေသည်။ယေရုရှလင်တစ်မြို့လုံးသည်လည်းဆူဆူညံညံဖြစ်နေချေပြီ။ “တစ်မြို့လုံးရုန်းရင်းဆန်ခတ်မျှဖြစ်လျှင်လူများတို့သည် ပြေးလာ၍ စုဝေးကြ၏။ ပေါလုကိုကိုင်ယူ၍ ဗိမာန်တော်ပြင်သို့ဆွဲငင်ပြီးမှ တစ်ခဏချင်းတံခါးများတို့ကိုပိတ်ထားကြ၏။

“ပေါလုကိုသတ်မည်ဟု အားထုတ်ကြသောအခါ၊ ယေရုရှလင်မြို့တစ်မြို့လုံးမငြိမ်မသက်ရုန်းရင်းဆန်ခတ်မျှဖြစ်သည်ဟု လူတစ်ထောင်ကိုအုပ်ချုပ်သောစစ်သူကြီးသည် သတင်းကြားလျှင်၊ စစ်သူရဲများနှင့်စစ်သူရဲအုပ်တို့ကိုအလျင်အမြန်ခေါ်၍ ထိုသူတို့ရှိရာသို့ဆင်းပြေး၏။ထိုသူတို့သည်စစ်သူကြီးနှင့်စစ်သူရဲတို့ကိုမြင်လျှင် ပေါလုကိုမရိုက်ဘဲနေကြ၏။”လူထုကြီးသည် ပေါလုကိုဆန့်ကျင်ကြသည်မှာ အစိမ်းလိုက်ဝါးစားတော့မလို ပုံစံမျိုးမြင်တွေ့ရသည်တွင် “စစ်သူကြီးသည် အနီးသို့ရောက်၍ပေါလုကိုကိုင်ယူပြီးလျှင် သံကြိုးနှစ်စင်းနှင့်ချည်ချေဟု

စီရင်၍ ဤသူသည် အဘယ်သူနည်း၊ အဘယ်အမှုပြုမိသနည်းဟုမေးစစ်လေ၏။” ထိုအခါ လူအစုအဝေးကြီးထဲမှ ဟစ်ကြွေးသံများသောကြောင့် “စစ်သူကြီးသည်အမှန်ကို မသိနိုင်သဖြင့် ပေါလုကို ရဲတိုက်ထဲသို့ဆောင်သွားစေခြင်းငှာ စီရင်ပြန်လေ၏။” လူထုကြီးသည်လည်း “သူ့ကိုထုတ်လော့” ဟုဟစ်ကြွေးလျက်လိုက်ကြ၏။

တမန်တော်ကြီးကား တည်ငြိမ်လှပါသည်။ မိမိဘာလုပ်နေသည်ကိုမိမိသိ၏။ သူ့အနားမှာကောင်းကင်ထက်က အစေခံနံဝိညာဉ်ကောင်းကင်တမန်များပတ်ဝိုင်းလျက်ရှိသည်ကိုလည်းသိ။ ရဲတိုက်တွင်းသို့ဝင်ရန် သွားနေကြသည်တွင် သူသည် စစ်သူကြီးအား “အကျွန်ုပ်သည် ကိုယ်တော်နှင့်စကားပြောရပါမည်လော” ဟုမေး၏။

ထိုအခါ စစ်သူကြီးလိုက်စီးယပ်စ်ကတုန့်ပြန်ပြောဆိုသည်မှာ “သင်သည်အထက်ကပုန်ကန်၍ဓါးပြလေးထောင်တို့ကိုတောသို့ခေါ်သွားသောအဲဂုတ္တု (အီဂျစ်) လူဖြစ်သည်မဟုတ်လောဟုမေး၏။”

“ပေါလုကလည်း၊ ကျွန်ုပ်တို့သည် ကိလိကိပြည်တာရှုမြို့၌ မွေးဖွားသောယုဒလူဖြစ်ပါ၏။ အကျွန်ုပ်နေသောမြို့ကား၊ သာမညမြို့မဟုတ်။ဤသူတို့အားအကျွန်ုပ်ပြောရသောအခွင့်ကိုပေးပါ။အကျွန်ုပ်ပန်ကြားပါသည်ဟုဆို၏။”

## ပေါလုသည်မိမိကိုယ်ကိုကာကွယ်ပြောဆိုခြင်း

“စစ်သူကြီးသည်အခွင့်ပေးသဖြင့် ပေါလုသည် လှေကားပေါ်မှာရပ်၍ ထိုလူတို့အားမိမိလက်နှင့်အမှတ်ပေးလေ၏။” သူ၏အပြုအမူသည်လည်း ရိုသေလေးစားဖွယ်ကောင်းသော အမိန့်ပေးသူတစ်ဦး၏ အသွင်ဖြစ်ပါသည်။ “သူတို့သည် အလွန်တိတ်ဆိတ်စွာနေကြသောအခါ ဟေဗြဲဘာသာစကားအားဖြင့်မြွက်ဆိုလျက် ညီအစ်ကိုတို့၊ အဘတို့၊ အကျွန်ုပ်သည် ကိုယ်အပြစ်ဖြေရာစကားကိုသင်တို့ရှေ့မှာ ယခုပြောစဉ်နားထောင်ကြပါ” ဟုကြည်ညိုဖွယ် ရှေးဦးစကားပလ္လင်ခံပြောပြီးသည့်နောက် -

“အကျွန်ုပ်သည် ကိလိပြည်တာရှုမြို့၌ မွေးဖွားသော ယုဒလူဖြစ်ပါ၏။ဤမြို့မှာလည်း ဂါမလျေလအမည်ရှိသော ဆရာ၏ခြေရင်း၌ကျွေးမွေးခြင်းကိုခံ၍ မိစဉ်ဘဆက် ကျင့်သောတရားကိုသေချစွာ သိနားခြင်းငှာ နည်းဥပဒေသကိုခံပါပြီ။သင်တို့ရှိသမျှသည်ယနေ့တိုင်အောင်ဘုရားသခင်ဘက်၌

စိတ်အားကြီးသည်နည်းတူ အကျွန်ုပ်လည်း စိတ်အားကြီးသဖြင့်-” ခရစ်တော်၏နောက်လိုက်များတို့ကို ညှင်းဆဲခဲ့ကြောင်း၊ မိမိ၏ဒမာသက်မြို့လမ်းမှာပြောင်းလဲခြင်းရှိခဲ့ပုံ၊ မာန်မာနနှင့်ယစ်မူးသောသူပေါလုက လက်ဝါးကားတိုင်ပေါ်မှာအသေခံခဲ့သော နာဇရက်မြို့သား ယေရှု၏ရှေ့တော်မှောက်မှာ ဦးညွှတ်ခဲ့ပုံအကြောင်းစုံကို စီကာပတ်ကုန်း ပြောကြားခဲ့ပေသည်။ ထိုအဆိုစကားတို့သည် ဆန့်ကျင်ဖက်ယုဒလူတို့၏ နှလုံးသားကို နူးညွှတ်ပျော့ပြောင်းစေပုံရပါ၏။

၄င်းနောက် ပေါလုသည် မိမိ၏ဆန္ဒအရ တိုင်းပြည်နှင့်လူမျိုးတို့အတွက်အကျိုးဆောင်ပေးလိုကြောင်း ပြသခဲ့ပါသော်လည်း ကောင်းကင်ထက်ကအသံတော်သည် သူ့အား “ငါသည်တစ်ပါးအမျိုးသားတို့ရှိရာသို့ သင့်ကိုဝေးလှစွာစေလွှတ်မည်” ဟု ညွှန်ကြားခဲ့လေသည်။

## မဆီမဆိုင်သောဒေါသ

လူထုကြီးသည် အာရုံစိုက်၍နာစွင့်နေကြ၏။ သို့သော်လည်းပေါလု၏စကားထဲမှာ သူသည် တစ်ပါးအမျိုးသားတို့ရှိရာသို့ ခန့်အပ်စေလွှတ်ခြင်းခံရသော သံတမန်ဟုပြောသောအခါ ထိုသူတို့၏ ဒေါသအိုးသည် အသစ်တစ်ဖန်ပေါက်ကွဲရပြန်၏။ ထိုသူတို့သည် တစ်ပါးအမျိုးသားတို့ကို အပယ်လူသားများဟုမှတ်ယူကြ၏။ မိမိတို့နှင့်ဆိုင်သော ကောင်းကြီးမင်္ဂလာ အခွင့်အရေးကိုထိုသူတို့အား မခံစားစေလိုကြပါ။ မပေးဝေမျှလိုကြပါ။ သို့ဖြစ်၍ သူတို့က “ထိုသို့သောသူကို မြေကြီးပြင်မှ သုတ်သင်ပယ်ရှင်းလော့၊ သူသည်အသက်မရှင်သင့်ဟုဆိုကြ၏။”

“ထိုသို့အော်ဟစ်ခြင်းကို ပြုကြသည်ကိုစစ်သူကြီးသည် သိလို၍ပေါလုကို ရဲတိုက်ထဲသွင်းစေ၊ရိုက်၍စစ်ကြောစေဟု စီရင်လေ၏။”

ထိုသို့သရေကြိုးနှင့်ချည်နှောင်၍ ဆွဲတင်ကြသောအခါ “ပေါလုက၊ ရောမလူဖြစ်သောသူကိုတရားအတိုင်းမစီရင်ဘဲလျက်၊ သင်တို့သည် ရိုက်ရသလောဟု အနား၌ရပ်နေသောစစ်သူရဲအုပ်အား ဆိုလေသော် စစ်သူရဲအုပ်သည်ကြားလျှင် စစ်သူကြီးထံသို့သွား၍၊ အဘယ်သို့ပြုရမည်ကို သတိထားပါလော့။ ဤသူသည် ရောမလူဖြစ်ပါသည်ဟု ကြားလျှောက်၏။ စစ်သူကြီးသည်လည်းပေါလုထံသို့လာ၍သင်သည်ရောမလူမှန်သလော။ငါ့အားပြောလော့ဟုဆိုလျှင်၊မှန်ပါသည်ဟုပေါလုပြောဆို၏။စစ်သူကြီးကလည်းအကျွန်ုပ်သည်ငွေအများကိုပေး၍

ရောမလူ၏ အရိုက်အရာကိုရသည်ဟုဆိုလျှင် ပေါလုက အကျွန်ုပ်သည် ဇာတိအားဖြင့် ရသည်ဟုဆို၏။ ထိုအခါ စစ်ကြောမည်ဟုပြုသောသူတို့သည် ပေါလုထံမှချက်ချင်းသွား၍ သူသည်ရောမလူဖြစ်သည်ကိုလည်းကောင်း၊ ရောမလူကိုချည်နှောင်မိသည်ကိုလည်းကောင်း စစ်သူကြီးသိလျှင် ကြောက်ခြင်းသို့ရောက်လေ၏။

"နက်ဖြန်နေ့တွင်အဘယ်အပြစ်ကို ယုဒလူတို့သည် ပေါလု၌တင်ကြသည်ကို စစ်သူကြီးသည် အမှန်သိလိုသောကြောင့် ပေါလု၌ ချည်နှောင်သောသံကြိုးကိုချွတ်၍ ယဇ်ပုရောဟိတ်အကြီးတို့နှင့် လွှတ်အရာရှိအပေါင်းတို့ကိုစည်းဝေးစေခြင်းငှာ စီရင်ပြီးလျှင် ပေါလုကိုခေါ်၍ သူတို့ရှေ့၌ထားလေ၏။" (တမန်တော် ၂၂း၂၅-၃၀)။

## ပေါလုသည် လွှတ်အရာရှိတို့ရှေ့၌ရပ်နေခြင်း

ပေါလုသည် ယုဒလူလွှတ်အရာရှိတို့ရှေ့မှာရပ်နေစဉ် မိမိ၏မျက်နှာသည် ယေရှုခရစ်တော်၏ငြိမ်သက်ခြင်းနှင့်ပြည့်လျှံနေ၏။ "ညီအစ်ကိုတို့၊အကျွန်ုပ်သည် ယနေ့တိုင်အောင် ဘုရားသခင်ကိုပြုခြင်းအမှုမှာ ကိုယ်စိတ်နှလုံးသည်ကိုယ်၌ အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျက် ပြုပါသည်ဟုဆိုသော် ယဇ်ပုရောဟိတ်မင်း အာနနိက၊ သူ၏ နှုတ်ကိုရိုက်လော့ဟု အနား၌ရပ်နေသောသူတို့အားအမိန့်ရှိ၏။" ဤလူမဆန်သော အမိန့်ပေးချက်ကြောင့် ပေါလုက "အဖြူသုတ်သောအုတ်ရိုး (အတွင်းမှာလူသေကောင်ရှိသည်)၊ ဘုရားသခင်သည် သင့်ကိုရိုက်တော်မူမည်။ သင်သည် အကျွန်ုပ်ကို တရားနှင့်အညီစီရင်ခြင်းငှာ ထိုင်နေလျက်ပင်သူ့ကိုရိုက်လော့ဟု မတရားသဖြင့် စီရင်ရမည်လောဟု ဆို၏။ အနား၌ရပ်နေသောသူတို့ကလည်း၊ သင်သည် ဘုရားသခင်၏ ယဇ်ပုရောဟိတ်မင်းကိုဆဲသလောဟု မေးလျှင်၊" ပေါလုသည် မိမိ၏ ယဉ်ကျေးသောထုံးစံရှိသည့်အမူအရာအတိုင်း ဤသို့ပြန်ဖြေ၏။ "ညီအစ်ကိုတို့၊ သူသည် ယဇ်ပုရောဟိတ်မင်းဖြစ်သည်ကို အကျွန်ုပ်မသိ။ သင်၏အမျိုးကို အုပ်စိုးသောမင်းကိုသင်သည် မကဲ့ရဲ့ရဟုကျမ်းစာ၌ လာသည်ဟုဆို၏။"

"ထိုအရာရှိတို့တွင်အချို့တို့သည်ဇာဒ္ဒုကဲဖြစ်ကြသည်၊ အချို့တို့သည်ဖာရိရှဲဖြစ်ကြသည်ကို ပေါလုသိမြင်လျှင် ညီအစ်ကိုတို့၊ အကျွန်ုပ်သည် ဖာရိရှဲဖြစ်၏။ ဖာရိရှဲ၏ သားလည်းဖြစ်၏။ သေသောသူတို့သည် ထမြောက်မည်ဟု

မျှော်လင့်ခြင်းအကြောင်းကြောင့် အကျွန်ုပ်သည် စစ်ကြောစီရင်ခြင်းကိုခံရ၏ဟု လွှတ်တော်ပေါ်မှာ ကြွေးကြော်လေ၏။"

ထိုအခါ ပါတီနှစ်ခြမ်းကွဲပြားခြင်းသို့ရောက်ရ၏။ ဤသို့ဆိုလျှင် ပေါလု အပေါ်စွဲချက်တင်လိုသောအင်အားစုကြီးပြိုကွဲရပေသည်။ "ဖာရိရှဲတို့ဘက်၌ နေသောကျမ်းပြုဆရာတို့သည် ထလျက်ပြင်းစွာငြင်းခုံ၍၊ ဤသူသည်အဘယ် အပြစ်ကိုမျှမတွေ့၊ နာမ်ဝိညာဉ်သော်လည်းကောင်း၊ကောင်းကင်တမန်သော် လည်းကောင်းသူ့ကိုပြောလျှင်ဘုရားသခင်၏အာဏာတော်ကိုမဆန်ကျင်နှင့်ဟု ဆို၏။"

ဇာဒ္ဒုကဲတို့ကား၊ တမန်တော်ကြီး၏ ပိုင်ဆိုင်မှုကိုရယူလိုစိတ်ပြင်းပြကြ ရကား၊ သူ့ကိုသာသတ်ပြစ်ရန် ဆန္ဒရှိကြပေသည်။ ဖာရိရှဲတို့ကမူ သူ့ကိုကာကွယ် လိုကြ၏။

ဤသို့ "အချင်းချင်းငြင်းခုံခြင်းများသောအခါ ထိုသူတို့သည် ပေါလု ကိုဆွဲငင်၍ အပိုင်းပိုင်း စုတ်ဖြတ်မည်ကို စစ်သူကြီး စိုးရိမ်သောကြောင့် စစ်သူ ရဲများဆင်းကြ၊ ပေါလုကို အရာရှိမင်းတို့အထဲမှအနိုင်အထက်ယူ၍ ရဲတိုက်ထဲ သို့ပို့ဆောင်ကြဟု အမိန့်ရှိ၏။"

နောင်သောအခါ ပေါလုသည် မိမိ၏လုပ်ရပ်များကြောင့် ဘုရားသခင် ၏စိတ်တော်နှင့်မတွေ့မည်ကို စိုးရိမ်မိလေသည်။ ယေရုရှလင်မြို့တော်ကိုယခုလို အလည်အပတ်ရောက်ရှိလာသည်ကဘဲ မှားနေပြီလော။ မိမိ၏ ညီအစ်ကိုတော် များနှင့် ပေါင်းစည်းလိုစိတ်ပြင်းပြပုံက ယခုလို စိတ်ညစ်စရာ ရလာဒ်များနှင့် ဆုံတွေ့စေပြီလောဟူ၍ စိုးရိမ်မိလေသည်။

ဂျူး(ယုဒ) လူမျိုးတို့သည် ထာဝရဘုရားသခင်၏ ရွေးချယ်ခံလူတော် လူကောင်းများဟု ကင်ပွန်းတတ် အသိအမှတ်ပြုပြောဆိုနေချိန်မှာ ယခုလိုညီ အစ်ကိုချင်း၏ ဘာသာယုံကြည်မှုပြောင်းလဲနိုးကြားမှုကိုပင် ခွင့်မလွှတ်ဘဲ ဖျက် ဆီးရန်ကြိုးပမ်းကြသည်။

အမှုကို မယုံကြည်သူအကြီးအကဲတို့ မျက်ဝါးထင်ထင် မြင်တွေ့နေရ ခြင်း၌ ဘုရားသခင်၏ နာမတော်သည် ရှုတ်ချစရာမဖြစ်ပေလော။မိမိကြောင့် မြင့်မြတ်ကြည်ညိုဖွယ်ကောင်းသော ကောင်စီအစည်းအဝေးသည် အရိုင်းဘဝ သက်သက်သို့ သက်ဆင်းရသည့်အရာမှာ ဆိုးလှပေစွဟု ပေါလုတွေးမြင်မိ လေသည်။

ယခုမှာတော့သူ၏ရန်သူတို့သည် သူ့အားဘယ်ကဲ့သို့သောအခြေအနေမျိုးမှာမဆို ကျိန်းသေလုပ်ကြံတော့မည်းကို ပေါလုသိမှတ်လေပါပြီ။ အသင်းတော်အတွက် သူ၏ဆောင်ရွက်မှုများကို နိဂုံးချုပ်ရပါတော့မည်။ အသင်းတော်ထဲမှာ ဝံပုလွေများဝင်ရောက်ကာ နေလေပြီကော။ အသင်းတော်မှာ အကွဲကွဲအပြားပြားဖြစ်နေတော့မည်မဟုတ်ပါလော။ သူသည် ယုဒကောင်စီရုံးတော်စင်ဟီးဒရင်မှာ ဦးစီးမှူးတစ်ဦးအဖြစ်လုပ်ခဲ့စဉ်က အသင်းတော်ကိုနှိပ်ကွပ်ညှဉ်းဆဲခဲ့သလို ဤသူတို့သည် ပြုချေတော့မည်တကားဟု ပေါလုသည် အသင်းတော်ရင်ဆိုင်ရမည့်အချက်အခဲများကို တွေးမြော်ရင်း စိတ်မကောင်းဖြစ်ကာ ငိုကြွေးခဲ့ရလေသည်။ မျက်ရည်နှင့်ဆုတောင်းခဲ့ရပေသည်။

ဤကဲ့သို့လိုမှောင်မိုက်ထုကြီးကျရောက်ချိန်မှာ ဘုရားသခင်သည် မိမိ၌သစ္စာရှိသူအစေခံတို့၏ ဆုတောင်းသံကိုနားညောင်းပါသည်။ ရှေ့ဆောင်လမ်းပြပါမည်ဟူသော ကတိတော်မြွက်နှင့်ပေါလုသည် ဘုရားသခင်၏ တုံ့ပြန်မှုကိုခံရလေ၏။ “နက်ဖြန်နေ့ညတွင် ဘုရားသခင်သည် ပေါလုအနား၌ပေါ်လာတော်မူလျက်၊ ပေါလု၊ မစိုးရိမ်နှင့်။ ငါ၏အကြောင်းအရာကို သင်သည် ယေရုရှလင်မြို့၌ သက်သေခံပြီးသည်နည်းတူ၊ ရောမမြို့၌လည်း ခံရပေဦးမည်ဟု မိန့်တော်မူ၏။”

ဘုရားသခင်သည် မိမိ၏ အစေခံကိုနှစ်သိမ့်အားပေးနေစဉ်မှာပေါလု၏ရန်သူတို့သည် သူ၏ ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်နေကြလေသည်။ မကောင်းဆိုးဝါးအကြံအစည်နှင့် ယုဒလူတို့သည်သင်းဖွဲ့ကာ “ယဇ်ပုရောဟိတ်အကြီးတို့နှင့်လူအကြီးအကဲတို့ထံသို့သွား၍ အကျွန်ုပ်တို့သည် ပေါလုကို မသတ်မီတိုင်အောင် အလျှင်းမစားမသောက်ရဟု ကိုယ်ကိုကျိန်ဆို၍ အဓိဋ္ဌာန်ပြုကြပါပြီ။ ထိုကြောင့် နက်ဖြန်နေ့၌ စစ်သူကြီးသည် ပေါလုကို ကိုယ်တော်ထံသို့ပို့ဆောင်စေခြင်းငှာ၊ သူ့ကိုသာ၍ စေ့စေ့စစ်ကြောမည်ဟန်ပြု၍ လွှတ်အရာရှိများနှင့်အတူ ကိုယ်တော်တို့သည် စစ်သူကြီးကို လျှောက်ကြပါလော။ ပေါလုသည် ကိုယ်တော်ထံသို့ မရောက်မီအကြားတွင် အကျွန်ုပ်တို့သည် သူ့ကိုသတ်ခြင်းငှာ၊ အသင့်ရှိနှင့်ပါပြီဟု လျှောက်ကြ၏။”

ဤသည်ကို ယဇ်ပုရောဟိတ်အကြီးနှင့်လူအကြီးအကဲတို့သည်အားပါးတရသဘောတူလေ၏။ ပေါလုသည် ယဇ်ပုရောဟိတ်မင်းအာနနိကို “အဖြူသုတ်သောအုတ်ရိုး” ဟုခေါ်ဆိုသည်မှာ အမှန်စကားပင်ဖြစ်ချေသည်မဟုတ်လော။

## ပေါလု၏တူမောင်သည် လုပ်ကြံမှုအကြံအစည်ကိုပျက်စေခြင်း

သို့ပါသော်လည်း ဘုရားသခင်သည် မိမိ၏အစေခံကို ကယ်နုတ်ရန် ထင်ရှားလေပါပြီ။ ပေါလု၏ ညီမတော် သူ၌သားတစ်ဦးရှိလေရာ ထိုသားသည် ပေါလုအားချုံခိုလုပ်ကြံမည်ဟူသော သတင်းကိုကြားမိသဖြင့် သူသည် "ရဲတိုက်ထဲသို့ဝင်၍ ပေါလုအားကြားပြောလေ၏။

ပေါလုသည် စစ်သူရဲအုပ် တစ်ယောက်ကို ခေါ်၍ ဤလုလင်ကိုစစ်သူကြီးထံသို့ပို့ပါ။ လျှောက်စရာ တစ်စုံတစ်ခုရှိသည်ဟုဆိုသော်၊ စစ်သူရဲအုပ်သည်လုလင်ကို စစ်သူကြီးထံသို့ ပို့ပြီးလျှင်အကျဉ်းခံရသော ပေါလုသည် အကျွန်ုပ်ကိုခေါ်၍ကိုယ်တော်အား လျှောက်စရာတစ်စုံတစ်ခုရှိသော ဤလုလင်ကို ကိုယ်တော်ထံသို့ပို့စေခြင်းငှာ တောင်းပန်ပါသည်ဟု လျှောက်၏။

စစ်သူကြီး ကလောဒီးယပ်စ် လိုင်စီးယားစ်သည် ထိုလုလင်အားကြင်နာစွာလက်ကိုဆွဲ၍ ဆိတ်ကွယ်ရာအရပ်သို့သွားပြီးလျှင် "သင်သည် အဘယ်အကြောင်းကိုငါ့အားလျှောက်ခြင်သနည်းဟု မေးမြန်းလေ၏။ လုလင်ကလည်း ကိုယ်တော်သည်မနက်ဖြန်နေ့၌ ပေါလုကို လွှတ်တော်သို့ပို့ဆောင်စေခြင်းငှာ ယုဒလူတို့သည် သူ့ကိုသာ၍စေ့စေ့မေးမြန်းမည်ဟန်ပြု၍၊ ကိုယ်တော်ကိုတောင်းလျှောက်မည်ဟု တိုင်ပင်ညှိနှိုင်းကြပါသည်။ သို့ရာတွင် သူတို့၏ အလိုသို့မလိုက်ပါနှင့်။

ပေါလုကို မသတ်မီတိုင်အောင်အလျင်းမစားမသောက်ရဟုကိုယ်ကိုကျိန်ဆို၍ ကတိပြုသောယုဒလူလေးကျိပ်မက၊ လမ်းနား၌ ပေါလုကို ချောင်း၍နေကြပါ၏။ ယခုပင် ကိုယ်တော်ဝန်ခံမည့်စကားကို ထိုသူတို့သည် ဆိုင်းလင့်၍အသင့်ရှိနှင့်ပါပြီဟု လျှောက်လေ၏။

"စစ်သူကြီးလိုင်းစီးယားစ်ကလည်း သင်သည် ငါ့အားဤသို့ကြားလျှောက်သည်ကို အဘယ်သူအားမျှမပြောနှင့်ဟု ထိုလုလင်ကိုမှာထား၍လွှတ်လိုက်ပြီးလျှင်၊ စစ်သူရဲအုပ်နှစ်ယောက်တို့ကိုခေါ်၍ ယနေ့ညသုံးချက်တီးအချိန်၌ကဲသရိမြို့ သို့သွားစေခြင်းငှာ စစ်သူရဲနှစ်ရာ၊ မြင်းစီးသူရဲခုနှစ်ကျိပ်၊ လှံကိုင်သူနှစ်ရာတို့ကို ပြင်ဆင်ကြ။

ပေါလုစီးစရာဖို့ တိရစ္ဆာန်တို့ကိုပြင်၍ပေးကြ၊သူ့ကိုဖေလဇ်မင်းထံသို့ ကြပ်မတ်၍ ပို့ကြဟုအမိန့်ရှိ၏။" (တမန်တော် ၂၃း၂၀-၂၄)

အချိန်ဆိုင်း၍မရ၊ လုလုပ်ကြရပါသည်။ စစ်သူရဲတို့သည် ညှန်ကြားချက်အတိုင်း ပေါလုအားညတွင်းခြင်းမှာပင် အန္တိပတရိမြို့သို့ပို့ဆောင်ကြ၏။ မြင်းစီးသူရဲတို့သည်လည်း ကဲသရိမြို့(စီစာရီယာ) တိုင်အောင် အကျဉ်းသားပေါလုနောက်ကို လိုက်ကြရ၏။ မြင်းစီးသူရဲအုပ်သည် ကဲသရိမြို့သို့ရောက်သောအခါ အကျဉ်းသားပေါလုနှင့်တကွ စစ်သူကြီး လိုင်စီးယားစ်၏ စာကိုမြို့ဝန်မင်း ဖေလဇ်လက်သို့အပ်လိုက်သည်။

"စစ်သူကြီးသည် ရေး၍ပေးလိုက်သောစာမူကား ကလောဒိယလိုင်စီးယားစ်က မြက်တော်မူသောမြို့ဝန်မင်း ဖေလဇ်ကို မေတ္တာနှင့်ကြားလျှောက်လိုက်ပါသည်။

ယုဒလူတို့သည် ဤသူကို ဖမ်းဆီး၍ သတ်မည်ပြုကြစဉ် သူသည်ရောမလူဖြစ်ကြောင်းကို အကျွန်ုပ်သည်ကြားသိသဖြင့် စစ်သူရဲတို့နှင့်တကွ သွား၍ သူ့ကိုနှုတ်ဆက်ပါသည်။ ယုဒလူတို့သည် မကောင်းသောအကြံနှင့် သူ့ကိုလုပ်ကြံမည်ဟု အကျွန်ုပ်ရိပ်စားမိလျှင်၊ သူ့ကို ကိုယ်တော်ထံသို့ ချက်ချင်းစေလွှတ်၍ အမှုလုပ်သောသူတို့ကို ရှေ့တော်၌လျှောက်ထားစေခြင်းငှာ စီရင်ပါ၏။

## ပြစ်မှုအပေါ်မကောင်းမှုထပ်ဆင့်ခြင်း

ဂျူးလူမျိုးတို့သည် ပေါလုအပေါ် ဒေါသအိုးပေါက်ကွဲနေစဉ်မှာပင် ထပ်ဆင့်၍အခြားပြစ်မှုပြုလိုခြင်းသည် ထိုသူတို့၏ သမိုင်းကိုညစ်ပေစေ၏။ မိမိတို့၏ကျဆုံးခြင်းကား ဧကန်အမှန်သက်ရောက်တော့မည်ကို သေချာစွာတွေ့မြင်နိုင်ပါပြီ။

နာဇရက်မြို့ငယ်လေး၏ ဘုရားဝတ်ပြုကျောင်းမှာ ယေရှုခရစ်တော်ပေးခဲ့သောတရားတော်များကို ထောက်ရှုခြင်းဖြင့် ရွေးချယ်ခံဣသရေလ လူတို့သည် ပုန်ကန်သောစိတ်၊ ဘုရားသခင်ကို မယုံကြည်သောစိတ်ရှိကြလေသည်။

မယုံကြည်သောသူတို့မူကား၊ ကောင်းကင်ထက်က အလင်းရောင်ကို ရသည်ရှိသော် မငြင်းပယ်ဘဲလက်ခံခဲ့ကြပါသည်။ အယူလွဲမှား ဖေါက်ပြန်သော ဣသရေလလူတို့ကြီးစိုးလေသမျှမှာ ဘုရားသခင်အပေါ် သစ္စာရှိတည်ကြည်မြဲမြံသော စေတမန်ဟူသည် မလုံခြုံတော့ပြီ။ ယုဒ(ဂျူး) လူမျိုး ဘာသာရေးခေါင်းဆောင်တို့သည် လူထုတစ်ရပ်လုံးအား ဘုရားသခင်၏ စကားတော်ကို နားမထောင်ဖို့ရန် တဖြည်းဖြည်းနှင့်သိမ်းသွင်းစည်းလုံးခဲ့ကြပါ၏။ ထိုမှလွန်သော်

ဘုရားသခင်သည် ထိုလူမျိုးတို့အား အခက်အခဲဆင်းရဲရောက်ချိန်မှာဘယ်ကဲ့သို့ လျှင်ကာကွယ်ပေးနိုင်တော့အံ့နည်း။

နာဇရက်မြို့သားတို့အား တရားပေးဆုံးမသွန်သင်သော ကယ်တင်ပိုင်သူယေရှု၏ စကားလှလှများတို့သည် ပေါလုက မိမိချစ်ရပါသောညီအစ်ကိုများအားယုံကြည်ခြင်းမှာ မြဲမြံတည်ကြည်လော့ဟူသော နှိုးဆော်ချက်ကဲ့သို့ ဖြစ်ပါသည်။

အကယ်၍ အသင်းတော်သာသနာဦးစီးမှူးတို့သည် တမန်တော်ပေါလုအပေါ်ထားရှိသော ခါးသီးမှုတို့ကို ဘုရားသခင်ထံလုံးဝအပ်နှံပြီး သူ့အားပျူငှာစွာလက်ခံအသုံးပြုချေက ထိုတမန်တော်ကြီးသည် အသင်းတော်အတွင်း အပြင်၊ လူမျိုးခွဲခြားမှုမရှိဘဲနှင့် ဧဝံဂေလိသာသနာတော်ကို ထိရောက်စွာ ပျံ့ပွားသွားစေနိုင်မည်ဖြစ်၏။ ဘုရားသခင်သည်လည်း ပေါလု၏လုပ်အားကို ယုဒလူမျိုးတို့အတွက် အပြီးအပိုင်ဖြတ်တောက်လိုက်မည် မဟုတ်ပါချေ။

အလားတူစွာသော စိတ်သဘောမျိုးသည် အသင်းတော်ထဲမှာရှိနေဆဲဖြစ်၍ ကောင်းကြီးများစွာကိုရရှိရန် ကန့်သတ်ထားသလိုဖြစ်၏။ ဘုရားသခင်သည် ကြိမ်ဖန်များစွာ သစ္စာရှိတည်ကြည်သော အမှုတော်ဆောင်များ၏လုပ်ဆောင်ချက်များကို အဓွန့်ရှည်စေပါ၏။ ထိုအမှုတော်ဆောင်၏ လုပ်ဆောင်မှုတို့သည်လည်း ချီးကျူးစရာ၊ ဂုဏ်ယူစရာပင်ဖြစ်ချေ၏။ သို့ပါသော်လည်း အကယ်၍သာ အသင်းသူအသင်းသားများတို့သည် ထိုခရစ်တော်သခင်အစေခံ၏ဆိုစကားနှင့်ဆောင်ရွက်မှုများတို့အား ကိုယ်စားပြု မှားယွင်းသည်ဖြစ်စေ၊ အနက်ပြန်ဆိုမှု တလွဲစီဖြစ်သည်ဖြစ်စေ၊ နှစ်မျိုး၍ ငြီးငြူကဲ့ရဲ့နေကြပါသော်လည်း ဘုရားသခင်သည် တစ်ခါတစ်ရံမှာ မိမိပေးလိုသော ကောင်းချီးမင်္ဂလာကိုထိုသူတို့အားမပေးဘဲ ရပ်တန့်စေပါသည်။

ဘုရားသခင် ရွေးချယ်ပြီးသောသူတို့သည် သခင်ခရစ်တော်အတွက် အသက်ပေးဖို့လိုလျှင် အသင့်ရှိပါသည်ဟူသောစိတ်ဓါတ်ဖြင့် ကောင်းမြတ်ကြီးကျယ်သောအမှုတော်မြတ်ကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင်ရန် အသင့်ရှိနေကြပါသော်လည်း စဉ်းလဲသူ၊ မကောင်းဆိုးဝါးတို့၏ သခင်ကြီးသည် ထိုသို့သောသူတို့၏ ချစ်ရပါသော ညီအစ်ကိုတို့ကို အထဲမှာ ကုန်းချောစကားနှင့် သွေးထိုးလေ့ရှိပါသည်။ သံသယဝင်စေပါသည်။ မကောင်းသတင်းဖြန့်ကာ အကြည်ညိုတရားပျက်စေကြပါသည်။ ဤသို့လျှင် ထိုသူတို့၏အသုံးတော်ခံမှုမှာ

အလဟဿဖြစ်ရတော့၏။ အမှုတော်မြတ်ကြီး ထိခိုက်နစ်နာရပေသည်။ထိုစဉ်းလဲသူမကောင်းဆိုးဝါးကြီးငယ်၏သံသယဖြစ်စေရေးလုပ်ငန်းမှာလည်း အောင်မြင်တတ်သည်။ ဤသို့လျှင် ဘုရားသခင်သည် မိမိ၏သစ္စာရှိ ညှင်းဆဲခံစိတ်နာကြည်းမှုနှင့် မကင်းသောအစေခံတို့အား လောကအလုပ်မှာအနားပေးတတ်လေသည်။ ထိုသူတို့၏ သတိပေးသံများနှင့် နှိုးဆော်ချက်များ တိတ်ဆိတ်သွားသည့်နောက်ပိုင်းမှာတော့ အလွန့်အလွန် စိတ်နှလုံးခိုင်မာလှသော အကြင်နာတရားကင်းမဲ့သည့် ၄င်းတို့၏အခြေအနေမှန်ကို ပြန်မြင်ရသလို သူတို့ထံမှ ကောင်းချီးမင်္ဂလာများ ရုတ်သိမ်းခံရပြီဖြစ်ကြောင်းကို အဖိုးအခအဖြစ် တွေ့မြင်ခံစားရပေသည်။ ဘုရားသခင့်သစ္စာရှိသောအစေခံများတို့၏ သေခြင်းသည် မိမိတို့အသက်ရှင်စဉ် လုပ်ဆောင်ဖို့ရန် ပျက်ကွက်ခဲ့သည်များကို ပြီးပြည့်စုံစေနိုင်သည်မဟုတ်ပါလား။

---ooo---

## အခန်း(၃၉)
## ကဲသရိမြို့မှာပေါလုရုံးတင်ခံရခြင်း

(တမန်တော် ၂၄ ကိုအခြေခံသည်)

ပေါလုသည် ကဲသရိမြို့သို့ရောက်ရှိပြီး ငါးရက်ကြာသောအခါမှာသူ့အားတရားစွဲလိုသောယုဒလူတို့သည် သူတို့၏အကြံပေးအရာရှိရှေ့နေတေရတုလုနှင့်ယေရုရှလင်မြို့မှာရောက်လာကြသည်။

ပေါလုသည်လည်း ရုံးတော်မှဆင့်ခေါ်ခံရသဖြင့် လူအကြီးအကဲတို့ရှေ့မှောက်မှာရပ်နေစဉ်မှာ တေရတုလုသည်"အပြစ်တင်သောစကား"ကိုလျှောက်ဆို၏။

ထိုရှေ့နေကား အပြောကောင်းသလိုဉာဏ်နီဉာဏ်နက်များ၏။ မြို့ဝန်မင်းဖေလဇ်အား ဤသို့လျှင် ချီးမြှောက်စကားပြောကြားလေသည်။ "မြတ်တော်မူသောဖေလဇ်မင်း အကျွန်ုပ်တို့သည်ဘုန်းတော်ကိုခိုလှုံ၍ အလွန်ငြိမ်သက်စွာနေရသဖြင့် ကိုယ်တော် ကြည့်ရှုပြုစုတော်မူခြင်း ကျေးဇူးတော်ကို ဤလူမျိုးတို့သည် ခံရပါသည်ဖြစ်၍ အရပ်ရပ်တို့၌ အကျွန်ုပ်တို့သည် အစဉ်မပြတ်ကျေးဇူးတော်ကို အလွန်သိတတ်သောစိတ်နှင့်ခံရပါ၏။"

တေရတုလုသည် အရှက်မရှိ၊ မျက်နှာပြောင်တိုက်လျက် အမှာစကားစစ်ထိုးရန်ကြံစည်နေလေပြီ။ မြို့ဝန်မင်းဖေလဇ်သည်လည်း ယုတ်ညံ့သောသဘော၊ အော့နှလုံးနာစရာကောင်းသောအကျင့်ရှိလေသည်။ တေရတုလု၏ စကားကိုကြားနာရသောသူတိုင်း ထိုစကားသည် မမှန်ကန်ကြောင်းကိုသိမြင်ကြပါ၏။

တေရတုလုသည် ပေါလုအားနိုင်ငံတော်ပုန်ကန်မှုကြီးဖြင့် တရားစွဲထားပါသည်။ "နာဇရက်ဘာသာဝင်သူတို့တွင် အကြီးလုပ်၍ အရပ်ရပ်တို့၌ယုဒလူအပေါင်းတို့ကိုထစေခြင်းငှာ၊ နှိုးဆော်သောဤလူဆိုးကို အကျွန်ုပ်တို့သည် တွေ့ကြပါပြီ။ သူသည် ဗိမာန်တော်ကိုရှုတ်ချခြင်းငှာပြုပါပြီ။"

ထိုစွဲချက်အားလုံးကို ယုဒလူတို့သည် အရှိန်အဟုန်ပြင်းပြင်းနှင့် တစ်သံတည်းထောက်ခံကြပါ၏။ ပေါလုကို သေလောက်အောင်မုန်းတီးရွံရှာကြသည်မှာ မျက်မြင်သက်သေပင်ဖြစ်တော့သည်။

ဤစကားအသွားအလာနှင့်အမူအရာတို့ကိုထောက်သော် အဘယ်သို့သောစိတ်သဘောနှင့်တရားလိုတို့သည် သူ့အားမြောက်ပင့်ပြောဆိုသည်ကိုမြို့ဝန်မင်းသိပါသည်။ ထိုသူတို့၏ စွပ်စွဲချက်များတွင် ရုပ်လုံးပေါ်စေနိုင်သည့်လုံလောက်သောသက်သေမရှိကြောင်းကိုလည်း ဖေလဇ်မင်းမြင်ပါသည်။ သို့နှင့်သူသည် ပေါလုဘက်သို့လှည့်၍ အမှတ်သင်္ကေတဖြင့် မိမိကိုယ်ကိုကာကွယ်ပြောဆိုဖို့အခွင့်ပေးလိုက်ပါသည်။

ပေါလုသည် မြို့ဝန်မင်းကိုမြောက်ပင့်ပြောဆိုခြင်းဖြင့် အချိန်မဖြုန်းတော့ပါ။သူ့အားစွဲချက်တင်ချက်များသည်လုံးဝမမှန်ကန်ကြောင်းကိုသာရှင်းလင်းစွာဖော်ပြပေသည်။ သူသည် ယေရုရှလင်မြို့မှာ အဘယ်လှုံ့ဆော်စည်းရုံးမှုကိုမျှမပြု။

သန့်ရှင်းသောဗိမာန်တော်ကိုလည်း မရှုတ်ခဲ့ကြောင်းချေပပြောဆိုပါသည်။ မိမိသည် "မိစဉ်ဘဆက်ကိုးကွယ်သော ဘုရားသခင်ကိုကိုးကွယ်သည်" ဟု မြို့ဝန်မင်းရှေ့တော်၌ဝန်ခံပါ၏။ ခရစ်ယာန်ကျမ်းတို့၌ စီရင်ရေးထားသမျှတို့ကိုလည်း မိမိသည်ယုံကြည်ကြောင်း လူသည်သေပြီးမှတစ်ဖန်ရှင်ပြန်ထမြောက်လိမ့်မည်ကိုလည်းယုံကြည်ကြောင်း၊ ဝန်ခံပြောဆိုခဲ့ပါသည်။ မိမိအသက်တာ၏အခြေခံပညတ်ကား "ဘုရားသခင်ကိုပြစ်မှားပြီ လူတို့ကိုပြစ်မှားပြီဟုစိတ်နှလုံးသည် ကိုယ်၌အပြစ်တင်ခွင့်နှင့်အစဉ်ကင်းလွတ်မည်အကြောင်း" ကြိုးစားအားထုတ်ခြင်းဖြစ်ပါ၏။

ပေါလုသည် ယေရုရှလင်မြို့ကို အလည်အပတ်လာရောက်ရခြင်း၏ ရည်ရွယ်ချက်နှင့်မိမိကိုယခုလိုဖမ်းဆီးပြီး တရားစွဲဆိုခံရခြင်း၏ အခြေအနေဖြစ်ရပ်မှန်များကို ပွင့်ပွင့်လင်းလင်းပြောဆိုခဲ့ပါသည်။ "အမျိုးသားချင်းတို့အားစွန့်ကြဲပေးကမ်းခြင်းအမှု၊ ဘုရားသခင်အားပူဇော်သကာပြုခြင်းအမှုနှင့် အကျွန်ုပ်သည်ရောက်လာသည်တွင် ဗိမာန်တော်၌ လူအစုအဝေးမရှိ၊ ရုန်းရင်းဆန်ခတ်မျှမပြုဘဲ စင်ကြယ်ခြင်းကို ပြုလျက်ရှိသည်ကို အာရှပြည်ကလာသော ယုဒလူအချို့တို့သည် တွေ့ကြပါ၏။

ပေါလု၏ဆိုစကားတို့သည် အလေးစီး၍ ကြားနာရသောသူတို့အားစိတ်နှလုံးကိုအမှန်အတိုင်းဆုံးဖြတ်စေပါသည်။ စစ်သူကြီး ကလောဒီယပ်စ်၏မြို့ဝန်မင်းဖေလဇ်ထံပေးစာမှာလည်းပေါလု၏အပြုအမူသဘောထားနှင့်ပတ် သက်၍အလားတူသက်သေခံချက်များပင်ဖြစ်ချေသည်။ သို့ဖြစ်၍ဖေလဇ်မင်းသည်

ဂျူးလူမျိုးတို့၏အသရေကင်းမဲ့သောလုပ်ကြံမှုကြီးကို နားလည်၏။ ဘုရင်ခံအနေဖြင့် ဤကဲ့သို့သောအမှုအခင်းဖြစ်လာလျှင် ရောမနိုင်ငံသားကို မတရားမစီရင်ရန်နှင့် ထိုရန်သူတို့၏ လက်တွင်းသို့မအပ်ရန် ဥပဒေပြဋ္ဌာန်းထားပါသည်။ သို့တိုင်အောင်သည် ဖေလဇ်မင်းသည် ကိုယ့်အကျိုးကိုသာကြည့်သူဖြစ်သောကြောင့် အပြစ်မရှိသောသူကို လွှတ်နိုင်သည်ဖြစ်သော်လည်း ယုဒလူတို့၌မျက်နှာရရန်အလို့ငှာ စစ်သူကြီးလိုင်းယာစ်လာမှ တရားမှုကို တပ်မံစီရင်မည်ဟုရက်ရွှေ့ဆိုင်းလိုက်ပေသည်။

တမန်တော်ကြီးသည် အကျယ်ချုပ်အကျဉ်းသားတစ်ဦးအဖြစ်နေရလေ၏။ "သူ၏အဆွေအမျိုးတို့သည် သူ့ထံသို့လာ၍ လုပ်ကျွေးကြစေ" ဟုလည်းမြို့ဝန်မင်းကစစ်သူကြီးကို မှာထား၏။

ဖေလဇ်မင်းနှင့်ဇနီးဒြုသိလေတို့သတင်းကောင်းကိုကြားနာကြရခြင်း

ထိုနောက်များမကြာမီ ဖေလဇ်မင်းသည် ယုဒအမျိုးဖြစ်သော မိမိဇနီးဒြုသိနှင့်တကွလာပြီးလျှင် ပေါလုကိုခေါ်၍ ခရစ်တော်ကိုယုံကြည်ခြင်းနှင့်ယှဉ်သောစကားကို နားထောင်လေ၏။ ထိုသူတို့သည် ပေါလု၏တရားကိုကောင်းစွာနားထောင်ကြ၏။

အသစ်သောအမှန်တရားဟူ၍ မှတ်ယူမိလေသည်။ ထိုတရားတို့ကို ငြင်းပယ်ချေက ထာဝရဘုရားသခင်၏နေ့ရက်တော်မြတ်မှာ ထိုသူတို့သည်ခက်ရလိမ့်မည်ကို သူတို့သဘောပေါက်သွားလေပါပြီ။

ပေါလုသည် သူ့အားသေမိန့်နှင့်ရှင်မိန့်ပေးနိုင်သောအာဏာစက်ရှိသူရှေ့မှာ မတ်တတ်ရပ်နေသည်ကိုသူသိပါ၏။ သို့ပါသော်လည်း ထိုမြို့ဝန်မင်းနှင့်ဇနီးသည်တို့အား ချော့မော့မြှောက်ကော်သောစကားကို သူမပြောပါ။

မိမိကိုယ်ကိုကာကွယ်ပြောဆိုဖို့ပြောရမည့်စကားကို သူမေ့နေလေပြီ။ ထိုမင်းစိုးတို့၏ကျောချမ်းဖွယ်ဖြစ်ရပ်မှန်ကိုသာ နှိုးဆော်လို၍ပြော၏။ တစ်နေ့မှာသူတို့သည် သန့်ရှင်းမြင့်မြတ်သောကောင်းကင်ဘုံပလ္လင်ဖြူအနားမှာရပ်နေရမည်ကိုတမန်တော်ကြီးကြိုမြင်ထားပါပြီ။ ထိုနေရာမှာ ခရစ်တော်ယေရှုက ထိုသူတို့အား "အတင်းအကျပ်အမှုကို ပြုသောသူတို့၊ ငါ့ထံမှဖယ်ကြ" ဟုအတိအလင်းပြောကြားမည်မဟုတ်ပေါလား။ (မဿဲ ၇း၂၃)

ဖေလဇ်မင်းနှင့်ဇနီးသည်တို့သည် ခက်ထန်မာကြော၍မာန်မာနထောင်လွှားသည့်သဘောထားအကျင့်ဆိုးမျိုးရှိပါသည်။ သူတို့ကိုရင်ဆိုင်ဝံ့သူမှာနည်းလှ၏။ သို့သော်လည်း ပေါလုသည် လူကိုမကြောက်တတ်ပါ။ ယခုလိုအချိန်မျိုးမှာ ပေါလုသည် ခရစ်ယာန်တို့မှာရှိအပ်သော ဂုဏ်ကျက်သရေမျိုးဖြင့် စကားပြောနေပါသည်။ နားထောင်နေသူဇနီးမောင်နှံနှစ်ဦးတို့မူကား ဇာတိသဘော၊ ဇာတိပကတိအကျင့်တို့နှင့် ပြည့်ဝလျက်နေ၏။

ပေါလုသည် မြို့ဝန်မင်းဇနီးမောင်နှံတို့အား ဘုရားသခင်၏ဖြောင့်မတ်ခြင်း၊ တရားမျှတခြင်းနှင့်ပညတ်တော်မြတ်အကြောင်းစုံတို့ကိုက ဖေါ်ပြပါသည်။ လူသည်ချုပ်တည်းခြိုးခြံကာ နေထိုင်စားသောက်အပ်ကြောင်း၊ အကျင့်ကျက်သရေရှိအပ်ကြောင်း၊ ၎င်းတို့သည် လူ့အသက်တာ၏ တာဝန်ဝတ္တရားသာဖြစ်ကြောင်း၊ ဘုရားသခင်၏ပညတ်တရားတော်ကို အရေးမစိုက်ဘဲမနေရ၊ မိမိခန္ဓာကိုယ်နှင့် တွေးခေါ်မှုဉာဏ်အင်အားစုတို့ကို ထိန်းသိမ်းကာ ကျန်းမာစေအပ်ကြောင်း၊ ကျန်းမာခြင်းတရားကိုလည်း ဟောကြားခဲ့လေသည်။ ထိုမျှနှင့်မရပ်သေးပါ။ တရားစီရင်ရာနေ့သည် အမှန်တကယ်ပင်လာမည်ဖြစ်ကြောင်းထိုနေ့ရက်၌ ကိုယ့်မှာရှိသောစည်းစိမ်ချမ်းသာ ရာထူးအဆင့်အတန်းတို့သည် လူကိုအပြစ်၏ ရလဒ်မှမကယ်တင်နိုင်ကြောင်း၊ ယခုအသက်တာသည် နောင်တမလွန်ဘဝအတွက် ပြင်ဆင်ဖို့ရန် လူ၏အချိန်ဖြစ်ကြောင်း၊ ဤကဲ့သို့သောလက်ရှိအခွင့်အရေးများကို ဂရုမစိုက် လျစ်လျူရှုချေက ထာဝရကာလပတ်လုံးဆုံးရှုံးသွားနိုင်စရာရှိကြောင်း၊ နောက်တစ်ကြိမ်သနားခြင်းကြင်နာမှုသည် ထပ်ပေးလိမ့်မည်မဟုတ်ကြောင်း ပေါလုသည် မြို့ဝန်မင်းနှင့်ဇနီးသည်တို့အားတရားပေးခဲ့လေသည်။

အထူးသဖြင့်ပေါလုသည် လူ့အတွင်းသဘောထား၏လျှို့ဝှက်ချက်ထားရှိမှုတွေကို ဘုရားသခင်၏ ပညတ်တရားတော်က မည်ကဲ့သို့စစ်ချက်ပေးကြောင်းကို ပြသနားလည်စေပါသည်။ ပညတ်တော်သည် လူ့အတွေး၊ လူ့သဘောထားနှင့်ဦးတည်ရည်ရွယ်ချက်တို့ကို စစ်ဆေးပါ၏။ အမှောင်ရိပ်၏ ပြင်းပြဆန္ဒများတို့သည်ကား လူမမြင်နိုင်အောင်ဖုံးကွယ်ထားနိုင်သည်ပဲထားဦးတော့။ မနာလိုဝန်တိုမှု၊ ရွံ့ရှာမုန်းတီးမှု၊ အပျော်အပါးနှင့်လောကရမ္မက်ကြီးမှုကြောင့် အပြစ်လုပ်ရပ်များ ဆင့်ပွားဖြစ်နေမှုတို့သည် အတောမသတ်နိုင်ဖြစ်ရ၏။ ထိုအမှုအပေါင်းတို့ကို ဘုရားသခင်၏ပညတ်တရားက ရှုတ်ချပါသည်။

ခရစ်တော်သခင်သည် ကျဆုံးလူသားတစ်နွယ်လုံးအတွက်မျှော်လင့်ခြင်းနှင့်အသက်တာ၏အရင်းအမြစ်ဖြစ်ကြောင်းကို ညွှန်ထားပါ၏။ ရှေးရှေးတုန်းက သန့်ရှင်းသူလူတို့ယဇ်ပူဇော်ရာသိုးသငယ်မှာ သွေးသွန်းပြီးအသေခံသွားရခြင်းကို မြင်တွေ့သက်သေခံရသည်နှင့်အမျှ၊ နောင်တစ်ချိန်မှာ ထိုဘုရားသခင်၏သားတော်သိုးသငယ်သည် ဤလောက၏ အပြစ်ကိုသယ်ဆောင်သွားဖို့ရန်ပေါ်ထွန်းတော်မူလိမ့်မည်ကိုမှန်းမျှော်ကာ ယုံကြည်ခြင်းမျက်လုံးများဖြင့် မြင်တွေ့ခဲ့ကြပါသည်။

ဘုရားသခင်သည် မိမိ၏ ဖန်ဆင်းခြင်းသတ္တဝါတို့အား ချစ်မြတ်နိုး၍ စကားတော်ကိုနားထောင်ဖို့ရန်အလိုရှိပါသည်။ ဤသို့မေတ္တာနှင့်တရားမျှတစွာဖိတ်ခေါ်နေချိန်မှာ လူများစွာတို့သည် မိမိတို့၏ ဖန်ဆင်းရှင်ကိုမေ့ပျောက်ကာ ချစ်ခြင်းဖြင့်တုံ့ပြန်ရမည့်မေတ္တာအစားမှာ ရန်ငြိုးဖွဲ့ကြလေသည်။ ဘုရားသခင်သည်လည်း မိမိ၏ပညတ်တရား၏တောင်းဆိုချက်များကိုမလျှော့ပေါ့ပေးနိုင်ပါချေ။

လူတို့သည်လည်း မိမိ၏ အစွမ်းသတ္တိနှင့်ပညတ်တရား၏ တောင်းဆိုမှုများကို ယုံကြည်သောဖြောင့်မတ်ပြီးသူများသာလျှင် အပြစ်မှဆေးကြောခြင်းကိုခံယူခွင့်ရရှိပြီးသည်နောက်မှာ ဖန်ဆင်းသူဘုရားသခင်၏ ပညတ်တရားကိုယုံကြည်နားထောင်လိုက်လျှောက်နိုင်မည်ဖြစ်ပါသည်။

ဤသို့လျှင် အကျဉ်းသားပေါလုသည် မြို့ဝန်မင်းနှင့်အဖွဲ့ဝင်တို့အား ဘုရားသခင်၏ပညတ်တရားအကြောင်းနှင့်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း၊ ကမ္ဘာ့ကယ်တင်ရွေးနုတ်ရှင်ကြီးလည်းဖြစ်ကြောင်းကို တင်ပြကြွေးကြော်ခဲ့ပါသည်။

ဖေလဇ်မင်းနှင့်ဇနီးသည်တို့သည်၄င်းတို့၏ရွှေအခွင့်ထူးကိုငြင်းပယ်ကြခြင်း

ဂျူးလူမျိုးမင်းသမီးကြီးသည် ဘုရားသခင်၏ ပညတ်တရားအကြောင်းစုံကိုကောင်းမွန်စွာနားလည်ပါ၏။ သို့ရာတွင် ကရာနီကုန်းပေါ်မှလူသားကြီးကို သူမသည် ခါးသီးစွာမုန်းတီးသဖြင့် သူမ၏ နှလုံးသားမှာ မာကြောလျှက်ရှိနေလေပြီ။ သို့သော်လည်း ဖေလဇ်မင်းသည် ကြားနာရသော သတင်းစကားကြောင့်စိတ်လှုပ်ရှားနေသည်။ ပေါလု၏ စကားတို့သည်လည်း မှန်ကန်သည်ဟု

မြို့ဝန်မင်းခံစားမိခဲ့သည်။ ဤတွင် မိမိကျူးလွန်ခဲ့သောလျှို့ဝှက်အသက်တာ၏ လုပ်ရပ်ဆိုးများကို သူသည်ပြန်မြင်လာ၏။ မိမိသည်စည်းကမ်းမဲ့သူ၊ ရက်စက်ကြမ်းကြုတ်သူ၊ လိုချင်မျက်စိရှိလွန်းသူအဖြစ် ကိုယ့်ကိုယ်ကိုတွေ့မြင်ပါလေပြီ။ ယခင်အချိန်က သူ့မှာဤမျှလောက်သောအမှန်တရားကို မတွေ့မြင်၊မခံစားဖူးခဲ့ပါ။ သူ၏လုပ်ဆောင်ချက်အပေါင်းတို့ကို ထာဝရဘုရားသခင်သည် မြင်တွေ့နေပြီ။ မိမိ၏အကျင့်အတိုင်း တရားစီရင်တော်မူမည်ကို သူသိမြင်လာသဖြင့် တစ်ကိုယ်လုံးမှာ တုန်လှုပ်ချောက်ချားသွားခဲ့ရပေသည်။

သူသည်ယခုလိုအချိန်မျိုးမှာ နောင်တတရားရသင့်ပြီမဟုတ်ပါလား။ သို့သော်လည်း သူသည် ဤမလိုလားအပ်သောစိတ်နှလုံးကို ချောက်ချားစေသည့် ပုံရိပ်များတို့ကို ဖယ်ရှားပစ်ရန်ကြိုးစားခဲ့ပါသည်။ ထို့ကြောင့် ပေါလုအား "ယခုသွားဦးလော့၊ နောက်မှအဆင်သင့်သောအခါ ငါခေါ်ဦးမည်ဟုဆို၏။"

ဖေလဇ်မြို့ဝန်မင်းနှင့်ဖိလ္လပ္ပိပြည်မှ ထောင်မှူးတို့၏ အပြစ်တို့မှာကွာခြားလှပေစွတကား။ ပေါလုသည်ဖေလဇ်မြို့ဝန်မင်းရှေ့မှာမလွတ်မလပ်သံကြိုးနှင့်ချည်နှောင်ထားခြင်းခံရသကဲ့သို့ ဘုရားသခင်၏အစေခံတို့သည်ထောင်မှူးအရှေ့မှာမလွတ်မလပ်အချုပ်အနှောင်ဘဝမှာနေခဲ့ရလေသည်။ သို့ပါသော်လည်း ဘုရားသခင်၏တန်ခိုးတော်နှင့်ဘုရားသခင်၏အစေခံတို့၏ ခွင့်လွှတ်ခြင်းသဘောကိုထောင်မှူးသည် မြင်တွေ့ခံစားရသောအခါမှာ စိတ်နှလုံးပြောင်းလဲခဲ့ပေသည်။ ထောင်မှူးသည် ကတုန်ကယင်နှင့်မိမိအပြစ်များကို ဖော်ပြဝန်ချတောင်းပန်သဖြင့် ဘုရားသခင့်အထံတော်မှ အပြစ်လွှတ်ခြင်းအခွင့်ကို တွေ့ရှိခံစားခဲ့ရပါသည်။ ဖေလဇ်မင်းကား ထိုသို့မဟုတ်။ ကြက်သီးမွေးညင်းများသာထ၏။ နောင်တမရခဲ့ပါလေ။

ထောင်မှူးကား ဘုရားသခင်၏ ဝိညာဉ်တော်ကိုကြိုဆို၏။ ဖေလဇ်မင်းကား ဘုရားသခင်၏ စေတမန်တော်ကြီးကို ကျောခိုင်းခဲ့လေသည်။ တစ်ဦးသောသူက ကောင်းကင်အမွေတော်ခံအဖြစ် ခံယူရန်ရွေးချယ်၍ တစ်ဦးသောသူမှာ လူဆိုးတို့၏ စာရင်းဝင်အဖြစ် မိမိကိုယ်ကိုထားရှိခဲ့ပါသည်။ ပေါလုသည် နှစ်နှစ်တာမျှ အကျဉ်းသားဘဝနှင့် ဖေလဇ်မင်းထားသည့်နေရာမှာ ရှိနေရ၏။ ထိုအတောအတွင်းမှာ ဖေလဇ်မင်းသည် ပေါလုထံမကြာခဏဆိုသလိုသွားလည်၏။ ပေါလုသည် လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို ငွေထိုး၍ လာဘ်ပေးမည်အထင်နှင့်အတွင်းကျကျဆက်ဆံ၏။ သို့ပါသော်လည်း မိမိလွတ်မြောက်နေ

အတွက် ပေါလုသည် ဤသို့အလုပ်မျိုးကိုမလုပ်။ သူသည် မိမိ၏ကျက်သရေကိုလာဘ်ပေးခြင်းဖြင့် ဖလှယ်မှုကိုမပြုနိုင်သူပါတည်း။ သူသည် မိမိကိုယ်ကိုဘုရားသခင်လက်တွင်းဝယ်အပ်နှံထားခဲ့လေပါပြီ။ မိမိနှင့်ပတ်သက်လာသမျှကိုဘုရားသခင်၏ ရည်ရွယ်ချက်အကြံတော်အတိုင်းဖြစ်စေချင်၏။ မိမိသဘောအလိုနှင့်ဝင်မစွက်ရလိုပါပြီ။

ဖေလဇ်မင်းမှာကား နောက်ဆုံးမှာတော့ ဂျူးလူမျိုးတို့အပေါ် အမှားကြီးမှားယွင်းခဲ့မိသဖြင့် ရောမမြို့တော်မှဆင့်ခေါ်ခြင်းကိုခံခဲ့ရ၏။ သူသည် စီဇာရီးယား (ကဲသရိမြို့) မှမထွက်ခွာမီ ဂျူးလူမျိုးတို့အား မျက်နှာလိုမျက်နှာရလုပ်လိုသောကြောင့် ပေါလုကိုအကျဉ်းသားဘဝနှင့်ပင်ချန်ထားရစ်၏။ သို့ပါသော်လည်း သူသည် ဂျူးလူမျိုးတို့၏ ယုံကြည်စိတ်ချမှုကိုဘယ်သေအာခါမျှ ပြန်လည်မရရှိလေတော့ပါ။ မိမိ၏မြို့ဝန်မင်းရာထူးကို မျက်နှာငယ်နှင့်စွန့်လွှတ်ခဲ့ရပါသည်။ သူ့နေရာမှာ ဖေတ္တုမင်းဆက်ခံသည်။

ဖေလဇ်မင်းသည် ပေါလုထံမှဖြောင့်မတ်ခြင်းတရားနှင့်အပျော်အပါးချုပ်တည်းခြင်းတရားကိုလည်းကောင်း၊ နောက်ဖြစ်လတ္တံ့သောစစ်ကြောစီရင်ခြင်းကိုလည်းကောင်း၊ ကြားသိရသောအခါမှာ ကောင်းကင်ဘုံမှအလင်းရောင်ကိုသူရရှိခဲ့ပါသည်။ သို့ပါသော်လည်း ဘုရားသခင်၏စေတမန်ကို သူက "ယခုသွားဦးလော့။ နောက်မှအဆင်သင့်သောအခါ ငါခေါ်ဦးမည်" ဟု အမိန့်ပေးခဲ့လေပြီ။

ဖေလဇ်မင်းကား၊ ဘယ်သောအခါမျှ ဘုရားသခင့်အထံတော်မှဖိတ်ခေါ်မှုကို ထပ်မံမရရှိလေတော့ပါပြီ။

---ooo---

# အခန်း(၄၀)
# ဘုရင်မင်းစီဇာထံသို့ လျှောက်လဲချက်ကိုတင်သွင်းခြင်း

(တမန်တော် ၂၅း၁-၁၆ ကိုအခြေခံသည်)

"ဖေတ္တုမင်းသည် ထိုပြည်သို့ရောက်၍ သုံးရက်မြောက်သောအခါ ကဲသရိမြို့မှယေရုရှလင်မြို့သို့တက်သွား၏။ ထိုအခါ ယဇ်ပုရောဟိတ်မင်းမှစ၍ ယုဒလူအကြီးအကဲတို့သည် ပေါလုကိုသတ်ခြင်းငှာ ကမ်းနားသို့ချောင်း၍နေမည်ဟုအကြံရှိသည်နှင့် ပေါလု၏အကြောင်းကိုကြားလျှောက်တောင်းပန်၍ သူ့ကိုယေရုရှလင်မြို့သို့ စေလွှတ်တော်မူမည်အကြောင်း အသနားခံကြ၏။"

သို့ပါသော်လည်း ဖေတ္တုမင်းသည်စည်းကမ်းရှိ၍ တာဝန်အသိစိတ်နှင့်ပြည့်စုံ၏။

ယဉ်ကျေးစွာနှင့်ပင်တရားလိုပြန်ပြောသည်ကား "အပြစ်တင်ခြင်းခံရသောသူသည် အပြစ်တင်သောသူတို့နှင့်မျက်မှောက်တွေ့၍ မိမိ၌တင်သောအပြစ်ကိုဖြေရသောအခွင့်မရှိမီ၊ အဘယ်သူမျှအသေခံစေခြင်းငှာ မစွန့်မအပ်ရဟု ရောမထုံးစံရှိကြောင်းကိုပြောဆို၏။"

(ဂျူး) ယုဒလူတို့သည် ယခင်ကကဲသရိမြို့မှာ မိမိတို့တရားရှုံးခဲ့ရပုံကိုမေ့ပျောက်၍မရခဲ့ပေ။ယခုမှာလည်း တစ်ဖန်ပြန်လည်၍ပေါလုသည် ယေရုရှလင်မြို့မှာ တရားဆိုင်ရမည်ဖြစ်ကြောင်းတိုက်တွန်းနှိုးဆော်ပြန်၏။

သို့သော်လည်းဖေတ္တုမင်းသည် ပေါလုအား ကဲ့သရမြို့မှာပင်မျှတသောတရားခွင်၌ စစ်ဆေးဆုံးဖြတ်ရန် ခိုင်မာသောသဘောရှိလေသည်။ ဤတွင် ဘုရားသခင်သည်ဖေတ္တုမင်း၏ ဆုံးဖြတ်ချက်ကို ထိန်းချုပ်နေသည်။ သို့မှသာလျှင် တမန်တော်ကြီး၏အသက်တာမှာ အနည်းငယ်ပိုရှည်မည်မဟုတ်ပါလား။

ဂျူးလူမျိုးခေါင်းဆောင်များတို့သည် မြို့ဝန်မင်း၏ တရာပလ္လင်မှာပင် ပေါလုအားဆန့်ကျင်သက်သေပြရန် ချက်ချင်းပြင်ဆင်ကြပါသည်။ ဖေတ္တုမင်းသည်လည်း "တရားပလ္လင်ပေါ်မှာထိုင်လျက် ပေါလုကိုခေါ်ချေဟု အမိန့်ရှိ၏။ ပေါလုရောက်သောအခါ ယေရုရှလင်မြို့မှလာသောယုဒလူတို့သည် ဝန်းရံလျှက်သက်သေမပြနိုင်ဘဲ လေးစွာသောအပြစ်များတို့ကိုပေါလုအပေါ်၌တင်ကြ၏။" တရားခွင်မှာ ဆက်လက်တရားတွေ့သောအခါတွင်မူကား၊ စွပ်စွဲခံရသော

ပေါလုသည်တည်ငြိမ်၍ ပရိယာယ်ကင်းမဲ့သောမျက်နှာနှင့် ၎င်းတို့၏စွဲဆိုချက်တို့အား မှားယွင်းကြောင်းကိုရှင်းလင်းစွာတင်ပြခဲ့ပေသည်။

ဤဖြစ်ရပ်စုံကိုကြားနာနေသောဖေတ္တုမင်းသည် ပေါလု၌သေပြစ်(သို့မဟုတ်) အကျဉ်းခံရမည့်အပြစ်ဟူသည် လုံးဝမရှိကြောင်းကိုထင်ရှားစွာတွေ့မြင်ရပေသည်။ သို့တိုင်အောင်လည်း တရားလိုတို့၏ ဒေါသူပုန်ထပုံက အကယ်၍ပေါလုအား သူတို့လက်ထဲမအပ်နှံပါမူ ကြီးစွာသောပုန်ကုန်ထကြွမှုကို သူတို့ဖန်တီးပေးအံ့ဟူသည်ကို မြို့ဝန်မင်းဖေတ္တုမြင်ပါသည်။ သို့ဖြစ်၍ "ဖေတ္တုမင်းက သင်သည် ယေရုရှလင်မြို့သို့သွား၍ ငါ့ရှေ့မှာဤအမှုစီရင်ခြင်းကို ခံမည်လောဟု ယုဒလူတို့ကိုကျေးဇူးပြုလိုသော စိတ်ရှိလျက် ပေါလုအားမေး၏။"

(ဂျူး)ယုဒဘာသာရေးခေါင်းဆောင်တို့ကြီးစိုးရာဟစန်ဟီဒရင်မှာပေါလုတရားတွေ့ရချေက သူ့အတွက်မလုံခြုံဟူသည်ကိုသူသိ၏။ သို့ဖြစ်၍ ပို၍လုံခြုံမည်ဟုမှတ်ယူရသော တစ်ပါးအမျိုးသားတို့၏စီရင်မှုကို သူခံယူဖို့ရွေးချယ်လိုက်ပါသည်။ ကောင်းကင်ဘုံမှအမှန်တရားအလင်းကို တွေ့မြင်ရပါလျက် ၎င်းကိုငြင်းပယ်၍ ဧဝံဂေလိတရားကိုဆန့်ကျင်ကာ မိမိတို့၏ စိတ်နှလုံးကို မာကျောစေသောသူတို့သည် ကြောက်ဖို့ကောင်းလှပါသည်။ ထိုသူတို့ကို ပေါလုရှောင်၏။ သူသည်ရောမနိုင်ငံသားဖြစ်၍လည်း မိမိ၏ အခွင့်အရေးကိုရယူရန် ဆုံးဖြတ်လိုက်၏။ ဘုရင်မင်းစီဇာထံမှာလျှောက်လဲချက်တင်သွင်းဖို့ ဤသို့သောစကားကိုစလိုက်ပါသည်။ "ကဲသာဘုရင်(စီဇာ) ၏တရားပလ္လင်ရှေ့မှာ အကျွန်ုပ်ရပ်ပါ၏။ ထိုပလ္လင်ရှေ့မှာ အကျွန်ုပ်အမှုကိုစီရင်အပ်ပါ၏။ ကိုယ်တော်သည် အမှန်သိတော်မူသည်အတိုင်း အကျွန်ုပ်သည် ယုဒလူတို့ကို အလျှင်းမပြစ်မှားပါ။ အကျွန်ုပ်ပြစ်မှား၍ သေထိုက်သောအပြစ်ကို ပြုမိသည်မှန်လျှင် သေဘေးကိုအကျွန်ုပ်မရှောင်ပါ။ ထိုသူတို့တင်သောအပြစ်တစ်စုံတစ်ခုမျှ မမှန်လျှင် သူတို့လက်သို့အကျွန်ုပ်ကို အဘယ်သူမျှမစွန့်မအပ်ရပါ။ ကဲသာဘုရင်၏ အယူတော်ကိုခံပါမည်။"

ဖေတ္တုမင်းသည် ပေါလုအားယုဒလူ(ဂျူး)တို့၏သပွတ်အူတမျှရှုပ်ထွေးလှသောလူသတ်မှုကျူးလွန်စေမည့် အကြောင်းရင်းခံကို ဘာတစ်ခုမျှမသိနားမလည်ပါ။ ကဲသာဘုရင်မင်းထံ အယူခံဝင်မည်ကိုပင် သူက အံ့သြမိပေသည်။ မည်သို့ပင်ဖြစ်စေ၊ တမန်တော်ကြီး၏ဆိုစကားက သူ့အား တရားခွင်မှရပ်စဲရန်အခြေအနေကိုဆိုက်ရောက်စေပါ၏။"ထိုအခါဖေတ္တုမင်းသည်တိုင်ပင်ဘက်တို့နှင့်

တိုင်ပင်ပြီးလျှင် သင်သည် ကဲသာဘုရင်၏ အယူတော်ကိုခံပါမည်ဟုဆိုသလော။ ကဲသာဘုရင်ထံတော်သို့သွားရမည်ဟုဆို၏။"

ဘုရားသခင်၏ အစေကိုခံသောသူတို့ခိုင်မြဲသောရဲရင့်မှုရှိရန်လိုအပ်ခြင်း

ဤတစ်ကြိမ်မှာလည်းညီအစ်ကိုတို့၏ အမှန်တရားကြောင့်မယုံကြည်သူ၏အကွယ်အကာကို ဘုရားသခင်၏အစေခံပေါလုသည် ရယူရန် မောင်းထုတ်ခဲ့ရပြန်၏။ ဤမုန်းတီးမှုက ဇလိယခံခဲ့ရသောမုန်းတီးမှုနှင့်တူ၏။ ထိုပုရောဖက်သည် ဣသရေလလူတို့လက်မှလွတ်ရန်နှင့်တစ်ပါးအမျိုးသမီးမုဆိုးမ၏ကျွေးမွေးမှုကိုခံယူရန် ဇရတ္တမြို့သို့သွားရမည်မဟုတ်လော။ ဤနည်းဖြင့် ဧဝံဂေလိသတင်းကောင်းသည် ယုဒလူတို့မှနေ၍တစ်ပါးအမျိုးသားတို့ထံသို့ရောက်ရ၏။

ဤလိုမုန်းတီးမှုမျိုး ယခုအခါမှာလည်းရှိပါသည်။ ခရစ်တော်၏ကိုယ်စားလှယ်တော်များဟုအခေါ်ခံသူများထဲမှာပင်ခရစ်တော်နှင့်တမန်တော်တို့အားယဇ်ပုရောဟိတ်နှင့်ယုဒလူအကြီးအကဲတို့ပြုမူဆက်ဆံခဲ့သလို ဆက်ဆံပါလိမ့်မည်။ ဘုရားသခင်၏သစ္စာရှိအစေခံတို့မှာကျောလှသောနှလုံးသား၊ ရက်စက်လှစွာသောဆုံးဖြတ်ချက်နှင့်မလျှော့ပေါ့နိုင်သောအမှန်တရားတို့ကို အဖော်ပြုသွားရပေလိမ့်မည်။

သူတော်ကောင်းတို့နှိပ်စက်ညှင်းပန်းခြင်းကိုခံရပေမည်။ သူတို့၏စိတ်ရင်းသဘောထားကိုဆန့်ကျင်ကာ မဟုတ်မမှန်ဖော်ပြသူများရှိပေမည်။ သူတို့၏အကောင်းဆုံးလုပ်ဆောင်မှုများကိုလည်း တလွဲထင်စေပါလိမ့်မည်။ သူတို့၏နာမည်သည်လည်း လူဆိုးစာရင်းဝင်ဖြစ်စေလိမ့်မည်။ အပြစ်ကိုအကောင်း၊အကောင်းကိုအဆိုးဟူ၍ လှည့်ပြောင်းကစားမည့်သူမှာ စာတန်ဖြစ်ပါသည်။ ခရစ်ယာန်သာသနာမှာ အရေးခြုံထားသူတို့၊ ဘုရားသခင်၏ ပညတ်တရားကိုခြေဖြင့်နင်း၍ မိမိကိုယ်ကိုဖြောင့်မတ်သူများဟု ခေါ်တွင်ကြွေးကြော်ကြပါလိမ့်မည်။ ထိုအချိန်ထက်သန့်ရှင်းသူတို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်း၌ခိုင်မာမှုရှိခြင်း၊ သူရဲကောင်းဆန်သောရည်ရွယ်ချက်ကိုထားရှိခြင်း၊ ယုံကြည်ခြင်းတရားမှာ မြဲမြဲစွာကိုင်စွဲထားခြင်းတို့သည်ရှိရပါမည်။

ပြင်ဆင်သည်ဖြစ်စေ၊ အမှုမဲ့နေသည်ဖြစ်စေ၊ဘုရားသခင်၏လူတို့သည်များမကြာမီ ရောက်ရှိလာမည့် အခက်အခဲတို့ကိုရင်ဆိုင်ရပေလိမ့်မည်။ ဘုရားသခင်၌စံချိန်စံညွှန်းပြည့်မီသောသူတို့သာလျှင် ခိုင်မြဲကြလတ္တံ့။လောကရှင်ဘုရင်

တို့သည် ခရစ်ယာန်ဘာသာရေးဦးစီးမှုတို့နှင့်ဆက်ဆံသော လူတို့၏စိတ်ကို အာဏာသုံး၍စေခိုင်းလာသောတစ်နေ့မှာ မည်သူသည် အမှန်တကယ်ပင်ဘုရားသခင်ကို ချစ်ကြောက်ရိုသေ၍ အစေခံဝတ်ပြုကိုးကွယ်ကြောင်းထင်ရှားပါလိမ့်မည်။ မကောင်းဆိုးဝါးတို့သည် ဘုရားသခင်၏ လူတို့အား အပြစ်ပြုလုပ်ရန်သွေးဆောင်ဖြားယောင်း၍ သွေးဆောင်နေသကဲ့သို့ ဘုရားသခင်သည်လည်း ထိုသူတို့ကောင်းစားရေးအတွက် စောင့်ကြပ်ကြည့်ရှုတော်မူပါလိမ့်မည်။ ကမ်းမမြင်၊ လမ်းမမြင်မုန်တိုင်းထန်သော ပင်လယ်ပြင်ကြီးထဲမှာ ခရီးသွားနေသည့် သင်္ဘောသားတို့အား ဘုရားသခင်သည် ကောင်းသောမာလိန်မှူးပမာ စောင့်ရှောက်တော်မူပါလိမ့်မည် မိတ်ဆွေ။

---ooo---

# အခန်း (၄၁)
# ကပ်တိုင်တော်ကိုငြင်းပယ်သောရှင်ဘုရင်

(တမန်တော် ၂၅း၁၃-၂၇နှင့်အခန်းကြီး ၂၆ ကိုအခြေခံသည်)

ဖေတ္တုမင်းသည် ပေါလုကိုရောမမြို့သို့ပို့ရန်မှတစ်ပါး ဘာမျှမလုပ်ပေးနိုင်တော့ပြီ။ သို့သော်လည်း ရောမမြို့သို့သွားမည့်သင်္ဘောသည် မရှိသေးပါချေ။ ဤတွင် ပေါလုအတွက် မိမိ၏ယုံကြည်ခြင်းကိုသက်သေခံရန် အခွင့်အရေးရရှိပါသည်။

ကဲသရိမြို့နေအထက်တန်းလွှာလူ့မလိုင်ခဲများနှင့်ဒုတိယမြောက်ရှင်ဘုရင် အဂြိပ္ပမင်းကြီးရှေ့မှာလည်း မိမိ၏ ယုံကြည်ချက်အကြောင်းရင်းခံများကိုတင်ပြနိုင်ခွင့်ရှိခဲ့ပေသည်။

"ထိုနောက်များမကြာမီ အဂြိပ္ပမင်းကြီးသည် မိမိ၏ဗေရနိတ်နှင့်တကွ ဖေတ္တုမင်းကိုနှုတ်ဆက်ခြင်းငှာ ကဲသရိမြို့သို့ရောက်လာ၏။" ထိုအခါဖေတ္တုမင်းသည် မိမိသမျှသော ပေါလု၏ဖြစ်ရပ်မှန်စုံလင်စွာကို အကြမ်းဖျင်းပြောပြလေသည်။

ထိုအကျဉ်းသားသည် ကဲသာဘုရင်စီဇာထံမှာအယူခံဝင်လိုကြောင်းမကြာသေးမီအချိန်၌ သူ့ထံမှာ တရားစစ်ဆေးခဲ့ပါကြောင်း၊ ယုဒလူမျိုးတို့၏စွဲဆိုချက်များမှာလည်း "ကျွန်ုပ်အထက်ကထင်မှတ်သောအပြစ်တစ်စုံတစ်ခုကိုမျှမတင်ဘဲလျက်၊ မိမိဘာသာနှင့်လည်းကောင်း၊ ယေရှုအမည်ရှိသော သေပြီးသူတစ်ယောက်နှင့်လည်းကောင်း ယှဉ်သောပုစ္ဆာအမေးကိုအကြောင်းပြု၍ အပြစ်တင်ကြ၏။ ထိုယေရှုသည် အသက်ရှင်လျက်ရှိသည်ဟုပေါလုဆိုတတ်" ကြောင်းရှင်းပြပါသည်။

ဤသည်ကိုအဂြိပ္ပမင်းကြီးသည်စိတ်ဝင်စားလာ၏။ထိုကြောင့်"ထိုသူ၏စကားကို အကျွန်ုပ်သည် ကိုယ်တိုင်နားထောင်ချင်ဖွယ်ဖြစ်သည်" ဆိုလာပါသည်။ နက်ဖြန်နေ့ရောက်သော် "ဖေတ္တုမင်းသည် ပေါလုကိုဆောင်စေခဲ့၏။"

ဤတွေ့ဆုံမှုကို ဖေတ္တုမင်းသည် အဆောင်အယောင်များစွာနှင့်ပတ်သက်ခြယ်သထားစေ၏။ သူသည်ဘုရင်ခံ၏ဝတ်ရုံတော်ကိုခြုံကာမိမိ၏ရွှေပွဲလာမည့်သည်အပေါင်းတို့ကိုလည်း ဝတ်စားကောင်းလှတို့နှင့်ပြီးစေ၏။စစ်သူရဲတို့ကား

ခါးရှည်များနှင့်ဝင်းလဲ့ကာနေသည်။ ရွှေဝါရောင်ဟပ်နေသော ဒိုင်းလွှားတို့သည်လည်း ဖိတ်ဖိတ်တောက်မျှဖြစ်နေပါသည်။ အခမ်းအနားတစ်ခုလုံးကို ခြုံ၍ပြောရပါလျှင် ပကာသနဆန်လှပေသည်။

ယခုတွင်ပေါလုထွက်လာလေပြီ။ထိုလောကဆန်လှသောအသိုက်အဝန်းရှေ့မှာသူရပ်နေသည်။ ကွာခြားလှသည်ဖြစ်ခြင်း၊ အဂြိပ္ပမင်းကြီးနှင့်ကြင်ရာတော်ဗေရနိတ်တို့၌ အာဏာတန်ခိုး၊ရာထူးရာခံပေါကြွယ်လှ၏။သို့ပါသော်လည်း ၎င်းတို့၏ပျက်စီးသောအကျင့်မှာကား ဘုရားသခင်ရှေ့တော်မှောက်မှာ ရွံမုန်းဖွယ်ဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏ ပညတ်တော်တို့ကို လွန်ကျူးသူများ၊ စိတ်နှလုံးနှင့်အသက်တာမှာ ညစ်ညမ်းသူများဖြစ်ချေ၏။

အသက်ကြီးလှပြီဖြစ်သောအကျဉ်းသားပေါလုသည် မိမိကိုစောင့်ကြပ်သောအစောင့်စစ်သူရဲအနားမှာ သံကြိုးကြီးနှင့်မလွတ်မလပ်ရှိနေပါသည်။သူ့အားကမ္ဘာလောကကြီးက အရိုအသေပေးစရာမက်မောဖွယ်အကွက်တစ်ကွက်မျှမရှိပါချေ။

သို့တိုင်အောင်လည်း ဤသူ၌ မိတ်ဆွေအပေါင်းအသင်းများ၊ စည်းစိမ်ချမ်းသာနှင့်ရာထူးဂုဏ်ဒြပ်တို့မရှိလင့်ကစား၊ ကောင်းကင်သားအပေါင်းတို့ကသူ့အားစိတ်ဝင်စားနေကြပါသည်။ ကောင်းကင်တမန်များတို့သည် သူ့အနားမှာရှိကြ၏။ အကယ်၍သာ သူ့အားဝန်းရံလက်နေသောကောင်းကင်တမန်များထဲမှတစ်ပါးသည် မိမိ၏ ဘုန်းရောင်အလင်းကိုပြသချေက ရှင်ဘုရင်နှင့်နန်းတွင်းသားအပေါင်းတို့သည် မြေသို့ကျသွားရပေတော့မည်။ ခရစ်တော်သခင်သည်မြေသချိုင်းဂူမှာရှိစဉ် ကောင်းကင်တမန်တစ်ပါးသည် အလင်းရောင်ကြောင့်ရောမအစောင့်အကြပ်များမေ့မြောသွားခဲ့ရသကဲ့သို့တည်း။

ဖေတ္တုမင်းသည် ပေါလုအားမျက်နှာစုံညီထိုရွှေပွဲလာအစည်းအဝေးမှာထိုလူကုံထံများနှင့်ဤသို့မိတ်ဆက်ပေးလိုက်လေသည်။ “အဂြိပ္ပမင်းကြီးမှစ၍ယခုရှိသောလူအပေါင်းတို့၊ ဤသူကိုကြည့်ကြပါလော့။ ယေရုရှလင်မြို့၌လည်းကောင်း၊ ဤမြို့၌လည်းကောင်း ယုဒလူအပေါင်းတို့သည် ဤသူ၏အကြောင်းကိုကျွန်ုပ်အားလျှောက်၍ သူသည်ခဏမျှအသက်မရှင်ထိုက်ပါဟု ဟစ်ကြ၏။ သူသည် သေထိုက်သောအပြစ်မပြုကြောင်းကို ကျွန်ုပ်သိမြင်ဝ် လည်းကောင်း၊သူသည်ဘုန်းကြီးသော ဘုရင်၏ အယူတော်ကိုခံပါမည်ဟု ဆို၍လည်းကောင်း၊ သူ့ကိုအထံတော်သို့ စေလွှတ်စေခြင်းငှာ ကျွန်ုပ်စီရင်၏။ သူ၏အကြောင်းကို

ရေးထား၍ ရှင်ဘုရင်ထံတော်သို့ပေးလိုက်စရာဖို့ သေချာသောအကြောင်းတစ်စုံတစ်ခုမျှ ကျွန်ုပ်၌မရှိ။ ထို့ကြောင့် သင်တို့သည် သူ့ကိုစစ်ကြောပြီးမှ ကျွန်ုပ်ရေး၍ပေးလိုက်စရာအကြောင်းရှိစေခြင်းငှာ သင်တို့ရှေ့၌လည်းကောင်း၊ အဂြိပ္ပမင်းကြီးအထူးသဖြင့် ကိုယ်တော်ရှေ့၌လည်းကောင်း၊ သူ့ကိုအကျွန်ုပ် ထုတ်၍ပြ၏။ အကြောင်းမူကား၊ အကျဉ်းခံရသောသူကို အပြစ်မပြဘဲစေလွှတ်သော်မလျော်မသင့်ဖြစ်မည်ထင်ပါသည်။"

ပေါလုသည်မြေကြီးဘဏ္ဍာကြောင့်လည်း စိတ်မယိုင်သွားခြင်း

ယခုမှာတော့ အဂြိပ္ပမင်းကြီးသည်လည်း ပေါလုကိုစကားပြောခွင့်ပေးလိုက်ပါပြီ။ တမန်တော်ကြီးသည် မြေကြီးဘဏ္ဍာစည်းစိမ်ပြပွဲကြီးတမျှ ကြီးကျယ်ခမ်းနားလှသောမြင့်မြတ်လှမလိုင်ခဲကြီးများကြောင့်လည်း အနေရ အထိုင်ရခက်မသွားပေ။ လောကစည်းစိမ်ဆွဲဆောင်ခြိမ်းခြောက်မှုတို့က သူ့အားကြောက်၍လည်းမသွားစေနိုင်ပါ။ သူ၏ စိတ်တည်ငြိမ်မှုကိုလည်း လုယူ၍မသွားစေနိုင်ပါပြီ။

"အဂြိပ္ပမင်းကြီး ယုဒလူတို့သည် အကျွန်ုပ်ကိုအမှုလုပ်သမျှသောအရာမှာ၊ ရှေ့တော်၌အပြစ်ဖြေစရာကို ယနေ့ပြောရမည်အကြောင်းကိုလည်းကောင်း ထိုမျှမက ကိုယ်တော်သည် ယုဒထုံးတမ်း၊ အမေးများကို လေ့ကျက်တော်မူကြောင်းကိုလည်းကောင်း၊ အကျွန်ုပ်ထောက်၍ ကိုယ်၌မင်္ဂလာရှိသည်ဟု ကိုယ်ကိုထင်မှတ်ပါ၏။" ထိုသို့ဆိုပြီးမှ ပေါလုသည် မိမိ၏အသက်တာပြောင်းလဲပုံကိုပြော၏။

ကောင်းကင်ထက်ကကျလာသော အလင်းတန်းမြင်ခြင်းအကြောင်းကိုမြွက်ဆိုသည်။ ထိုသို့ဖေါ်ပြသောမြင်ကွင်းထဲ၌ ဘုန်းရောင်ထွန်းတောက်နေသောပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူကို ပေါလုသည် ရွံရှာမုန်းတီးခဲ့ရုံမျှမက ထိုသခင်၏နောက်လိုက်တို့အား ဖျက်ဆီးရန် ပေါလုသည် ရှာကြံခဲ့ပါကြောင်း သူမြင်လာပါသည်။ ထိုအချိန်မှစ၍ ပေါလုသည် ယေရှုသခင်ကိုအကြွင်းမဲ့ ယုံကြည်လာသူဖြစ်ခဲ့ပါ၏။

ထိုမှလွန်၍ ပေါလုသည် ယေရှုသခင်၏ သက်တော်စဉ်အကြောင်းကို အဂြိပ္ပမင်းကြီးရှေ့မှာ အစီအလျဉ်ဖွဲ့ကာပြောဆို၏။ မေရှိယသခင်သည် နာဇရက်မြို့သား ယေရှုအဖြစ်ပေါ်ထွန်းတော်မူခဲ့ပြီဆိုကြောင်းကိုလည်း သက်သေခံ

ခဲ့ပါ၏။ မေရှိယသည် လူထဲကလူပမာပေါ်ထွန်းတော်မူမည်အကြောင်းခမ္မ ဟောင်းကျမ်းကဖေါ်ပြခဲ့သည်မှာ ပြည့်စုံခဲ့ပြီအကြောင်း ပေါလုကြေညာလိုက် ပေသည်။ မောရှေနှင့်အခြားပုရောဖက်များခေတ်အဆက်ဆက်က ဖေါ်ကျူးခဲ့ သောအနာဂတ်စကားတို့မှာ ယေရှုသခင်၌ ပြည့်စုံပြီဖြစ်ကြောင်း၊ ဘုရားသခင်၏ သားတော်သည် လက်ဝါးကပ်တိုင်ပေါ်မှာသက်စွန့်သည်တိုင်ခံစားခဲ့ပြီး သေခြင်း မာန်ကိုအောင်မြင်လျက် ကောင်းကင်ဘုံထက်သို့အောင်မြင်စွာကြွမြန်းတော်မူခဲ့ ပြီဖြစ်ကြောင်း သက်သေခံလေသည်။

တစ်ချိန်ကဆိုလျှင် ထိုဖြစ်ရပ်မှန်တို့ကို သူသည် မယုံကြည်ခဲ့ကြောင်း ဆိုပါသော်လည်း သူသည်မြင်ရကြားရခဲ့လေသမျှကို မယုံကြည်ဘဲအဘယ်မှာ လျှင်နေနိုင်တော့အံ့နည်းဟု သက်သေခံခဲ့ပေသည်။ ဒမာသက်မြို့မှာဝင်ဂိတ် တံခါးနားမှာ သူသည် အလင်းတန်း၏ ရိုက်ချက်ကြောင့် မြင်းပေါ်မှကျသဖြင့် ကောင်းကင်ထက်သို့မျှော်ကြည့်သောအခါ လက်ဝါးကပ်တိုင်ပေါ်မှာ သက်တော် စွန့်ခဲ့၍သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သောခရစ်တော်ယေရှုကိုမြင်တွေ့ရကြောင်း ထိုသခင်နှင့်စကားလည်းပြောခဲ့ရကြောင်း၊ ထိုအသံတော်ကသူ့အား ဧဝံဂေလိ တရားကိုဟောပြောစေကြောင်း၊ ထိုအသက်ရှင်သောကယ်တင်ရှင်၏ အမိန့်စကား တော်ကို သူသည်အဘယ်မှာလျှင် ငြင်းပယ်နိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယေရှုခရစ် တော်အတွက်ဆိုလျှင် ယုဒပြည်မက၊ နေရာဒေသအနှံ့သို့သွား၍ သက်သေခံ ကြောင်း "လူတို့သည်နောင်တရရမည်။

နောင်ရခြင်းနှင့်ထိုက်တန်သော အကျင့်ကိုကျင့်ရမည်" ဟူ၍ အရပ် ရပ်၌နေသောသူတို့အားဟောပြောရပါကြောင်း၊ "ထိုအကြောင်းများကြောင့် ယုဒလူတို့သည် ဗိမာန်တော်၌ အကျွန်ုပ်ကို ဖမ်းဆီး၍ကွပ်မြက်ခြင်းငှာ၊ အား ထုတ်ကြပါ၏။ သို့ရာတွင် ဘုရားသခင် မစတော်မူသောကျေးဇူးတော်ကို အကျွန်ုပ်ခံ၍ ယခုတိုင်အောင်ရှိနေရပါ၏။ မောရှေမှစသောပုရောဖက်များကို ဟောပြောသောစကားထက် အကျွန်ုပ်သည် မလွန်ဘဲ လူအကြီးအငယ်တို့အား သက်သေခံနေပါကြောင်း" ပေါလုလျှောက်လေသည်။

### လောကသားအကြီးအမှူးတို့သည် ကပ်တိုင်တော်ကိုငြင်းပယ်ကြခြင်း

ပရိသတ်တစ်ခုလုံးသည် ဆိတ်ငြိမ်စွာပေါလု၏ စားကိုနားထောင်နေ ကြသည်။ သို့သော်လည်း ဖေတ္တုမင်းသည် ပေါလုအားကြားဝင်ထောက်လိုက်

သည်မှာ "ပေါလု၊ သင်သည်သူရူးဖြစ်၏။ သိပ္ပံအတတ်များကိုသင်၍ သူရူးအဖြစ်သို့ရောက်ခဲ့ပြီကော။" ဤသည်ကိုပေါလုသည်လည်း ရည်မွန်စွာ ပြန်လည်ဖြေကြားလိုက်ပါသည်။ "မြင့်မြတ်တော်မူသောဖေတ္တုမင်း၊ အကျွန်ုပ်သည်သူရူးမဟုတ်ပါ။

အမှန်တရားနှင့်လည်းကောင်း၊ ကောင်းသော စိတ်နှင့်လည်းကောင်း ယှဉ်သောစကားကိုပြောပါ၏။ ဤအရာများကို အဂြိပ္ပမင်းကြီး သိတော်မူ၏။" ပြောပြောဆိုဆိုနှင့်ပေါလုသည် အဂြိပ္ပမင်းကြီးဘက်သို့ လှည့်ကာ တိုက်ရိုက်ပင် မေးမြန်းလိုက်ပါတော့သည်။ "အိုအဂြိပ္ပမင်းကြီး၊ ကိုယ်တော်သည် ပုရောဖက်စကားချက်များကို ယုံတော်မူသလော။ ယုံတော်မူသည်ကို အကျွန်ုပ်သိပါသည်ဟုလျှောက်၏။"

မင်းကြီးသည် ခေတ္တခဏမျှ မိမိပတ်ဝန်းကျင်နှင့်မိမိကျက်သရေကို မေ့ပျောက်သွား၏။ သူ့ရှေ့မှာရပ်နေသော သံကြိုးလက်နှစ်ဖက်နှင့်နှိမ့်ချ၍ သနားစဖွယ်အကျဉ်းသားကို ဘုရားသခင်၏ သံတမန်အဖြစ် မင်းကြီးမြင်လေတော့ရကား။

"သင်သည် ဖြားယောင်းသွေးဆောင်သောအားဖြင့် ငါသည်ခရစ်ယာန်ဖြစ်လုနီးပြီဟု ပေါလုအားပြောဆိုမိလေသည်။

"ပေါလုက ကိုယ်တော်မှစ၍ ယနေ့တွင် အကျွန်ုပ်၏စကားကိုကြားသောသူအပေါင်းတို့သည် ဤသံကြိုးကိုထား၍ ကျွန်ုပ်ကဲ့သို့သောသူဖြစ်လုသည်သာမက လုံးလုံးဖြစ်စေခြင်းငှာ၊ ဘုရားသခင်ကို အကျွန်ုပ်ဆုတောင်းပါသည်ဟု လျှောက်လေ၏။"

ထိုနေ့မှာ ဖေတ္တုမင်း၊ အဂြိပ္ပမင်းကြီးနှင့်ကြင်ရာတော်ဗေရနိတ်မှစသော ဆိုးဝါးလှသည့်ပြစ်မှုများစွာကို လွန်ကျူးအပြစ်တင်ရှိသူတို့သည် ယေရှုခရစ်တော်၏နာမတော်အားဖြင့် ကယ်တင်ခြင်းသတင်းကောင်းကို ကြားနာခဲ့ရလေသည်။ ထိုသူတို့အထဲမှ တစ်ဦးသောသူမှာ ဧဝံဂေလိသတင်းစကားကို လက်ခံလုနီးဖြစ်ခဲ့ပါ၏။ သို့သော်လည်း အဂြိပ္ပမင်းကြီးသည် ကပ်တိုင်ပေါ်မှာ ကိုယ်စားပြုအသေခံခဲ့သော ကယ်တင်ရှင်နုတ်ရှင်ကြီးကို ငြင်းပယ်ခဲ့လေပါပြီ တကား။

မင်းကြီး၏သိရှိနားလည်လိုစိတ်ကား ကျေနပ်သွားရလေပါပြီ။ ထိုတွေ့ဆုံမေးမြန်းခန်းကို အဆုံးသတ်ရန် အချက်ပေးလိုက်၏။ အဂြိပ္ပမင်းကြီးသည် ယုဒလူမျိုး၊ ဂျူးလူမျိုးတစ်ဦးဖြစ်ပါသော်လည်း ဖာရိရှဲများ၏ အစွန်းရောက်သဘောထားမျိုးသူ၌မရှိပါချေ။ ထိုကြောင့်လည်း၊ သူက ဖေတ္တုမင်းအား "ဤသူသည် ကဲသာဘုရင်၏ အယူတော်ကိုခံပါမည်ဟု မဆိုမိလျှင် လွှတ်သင့်သည်" ဟုဆိုပါသည်။

သို့ပါသော်လည်း ထိုအမှုအခင်းသည် ယခုမှာတော့ ဖေတ္တုမင်းနှင့် အဂြိပ္ပမင်းကြီးတို့၏ တရားစီရင်ဆုံးဖြတ်ချက်မှုဘောင်ကို ကျော်လွန်သွားခဲ့လေပါပြီ။

---ooo---

# အခန်း (၄၂)
# ရေကြောင်းခရီးတွင်သင်္ဘောပျက်ခြင်း

နောက်ဆုံးတွင် ပေါလုသည် ရောမမြို့သို့ခရီးသွားရပါလေပြီ။လုကာ၏ခရီးစဉ်မှတ်တမ်းအရ ထိုသူတို့သည် "ဂျုးလီယပ်စ်အမည်ရှိသောဩဂုတ္တုစစ်သူရဲစုနှင့်ဆိုင်သောစစ်သူရဲအုပ်၌ ပေါလုမှစ၍ အကျဉ်းခံသောအခြားသူတို့ကိုအပ်ကြ၏။" ၄င်းနောက် အာမုတ္တိသင်္ဘောကိုစီး၍ပင်လယ်ခရီးကိုလွှင့်ခဲ့ကြလေသည်။

ပထမရာစုနှစ်အတွင်းမှာ ပင်လယ်ခရီးသွားခြင်း၌အထူးသဖြင့်ဘေးရန်များလှပေသည်။ သင်္ဘောတို့သည် နေ့အချိန်၌နေကိုလည်းကောင်း၊ ညအချိန်၌ကြယ်များကိုလည်းကောင်း အမှီပြု၍ မိမိတို့ခရီးစဉ်ဦးတည်ချက်ကို ရှေးရှုကာနှင်ကြရပါ၏။

ဤလိုအချိန်အခါမျိုးမှာ လေပြင်းမုန်တိုင်းလာမည်ဟူသောအသွင်မျိုးနှင့်ကြုံရသောအခါမှာ သင်္ဘောသူကြီးတို့သည် ပင်လယ်ခရီးကိုသွားရမှာစိုးရိမ်ကြပေ၏။ ထိုကဲ့သို့သောလေပြင်းထန်ရာလရာသီများမှာ ရေကြောင်းခရီးသည်လုံးဝနီးပါးမဖြစ်နိုင်ကြောင်း မှတ်ယူကြပါသည်။

တမန်တော်ကြီးအဖို့ခရီးရှည်ဖြစ်သော အီတလီနိုင်ငံသို့ရေကြောင်းခရီးဖြင့်သွားရသည်မှာ ပင်ပန်းလှ၏။ သံကြိုးနှစ်စင်းနှင့်ချည်နှောင်ခြင်းကိုခံရသဖြင့်လည်း အကျဉ်းသားဘဝမျိုးမှာ စိတ်ဆင်းရဲစရာပင်ဖြစ်လေသည်။ ဤတွင်မိမိ၏စိတ်ဆန္ဒရွေးချယ်မှုအရ၊ ပေါလုကိုကူညီမစအံ့သောငှာ အာရိတ္တာမှသည်တမန်တော်ကြီးနှင့်အတူ အကျဉ်းခံခဲ့၏။ (ကောလောသဲ ၄း၁၀ ကိုဖတ်ပါ)။

ခရီးစဉ်သည်ညင်သာစွာပင်စတင်နေပါပြီ။ နောက်တစ်နေ့မှာ ဇိဒုန်မြို့သို့ဆိုက်ရောက်သည်။ ထိုမြို့မှာကျောက်ချအနားယူကြ၏။ ဤမြို့မှာစစ်သူရဲအုပ်ဂျုးလီယပ်စ်သည် ပေါလုကို ညင်သာစွာဆက်ဆံသဖြင့် "မိမိ၏ခရစ်ယာန်အဆွေခင်ပွန်းထံသို့သွား၍ သူတို့၏ လုပ်ကျွေးပြုစုခြင်းကို ခံရမည်အကြောင်းပေါလုကို ကျေးဇူးပြု၍ အခွင့်ပေးလေ၏။" ဤသည်ကို ကျန်းမာရေးမကောင်းလှတော့သောတမန်တော်ကြီးသည် လွန်စွာမှပင်မြတ်နိုးမိပါသည်။

သင်္ဘောကြီးသည်ဇိဒုန်မြို့မှထွက်၍လေမသင့်သောကြောင့် ပင်လယ်ကိုကူး၍မုရမြို့သို့ရောက်ကြ၏။ထိုမြို့မှာအီတလီပြည်သို့သွားရသောအာလေဇမြို့သင်္ဘောကြီးကို စစ်သူရဲအုပ်တွေ့သဖြင့်မိမိ၏အကျဉ်းသားအားလုံးကိုထိုသင်္ဘော

ထဲသို့သွင်းထားလေ၏။ လေမသင့်သောကြောင့် သင်္ဘောသည် နှေးနှေးသာသွား၍ နေ့ရက်ကာလကြာသောအခါ ကမ်းရိုးတန်းတစ်လျှောက်ပင်ပန်းစွာ လှော်ခတ်ပြီးမှ လာသဲမြို့နှင့်အနီး "လုံခြုံသောသင်္ဘောဆိပ်ကမ်း" အမည်ရှိသောအရပ်သို့ရောက်ကြ၏။

ဤနေရာမှာ ထိုသူတို့သည် ရက်ပေါင်းအတော်ကြာကြာနေကြ၏။လေပြင်းမုန်တိုင်းမထန်၊ လေပြည်လေညင်းကျဖို့ရန် စောင့်ဆိုင်းနေခြင်းဖြစ်သတည်း။ သို့ပါသော်လည်း ဆောင်းကာလသည် လျင်မြန်စွာရောက်ရှိလာ၏။

ပင်လယ်ကူးဖို့ဘေးရန်အရှိဆုံးအချိန်ဖြစ်လေသတည်း။အခြေအနေကို သုံးသပ်၍ ဆုံးဖြတ်ချက်ချရန်တစ်ခုမှာ ဤလုံခြုံသောသင်္ဘောဆိပ်ကမ်းမှာပင်စောင့်နေရစ်မည်လော။ (သို့တည်းမဟုတ်) ဆောင်းကာလအတွင်း သင့်လျော်သော နေရာမှာခရီးသွားရင်း အခြေအနေကို သုံးသပ်ကာနေမည်လော။ ဆုံးဖြတ်ရန်လိုအပ်လာပါပြီ။

## ပေါလု၏ အကြံပြုချက်ကိုငြင်းပယ်ကြခြင်း

ဤမေးခွန်းသည် နောက်ဆုံးမှာတော့ သင်္ဘောသားများနှင့်တကွစစ်သူရဲများလည်း ရိုသေလေးစားရပါသော စစ်သူရဲအုပ်ဆီသို့ ရောက်လာပါသည်။ တမန်တော်ကြီးအနေဖြင့်ဘေးရန်ကြီးကိုကြိုမြင်သောကြောင့်မဆိုင်းမတွပင်ထိုနေရာမှာသာစောင့်ဆိုင်းနေရစ်ရန် အကြံပြုခဲ့ပေသည်။

"အချင်းလူတို့၊ ယခုမှာပင်လယ်ကူးလျှင်သင်္ဘောနှင့်ကုန်များတို့သည် ဆုံးရှုံးသည်သာမက၊ ငါတို့အသက်ပျက်စီးရာသို့ဘေးရန်ရောက်မည်ကို ငါထင်မြင်သည်ဟုသတိပေး၏။" သို့ပါသော်လည်း သင်္ဘောသူကြီးနှင့်တက်မကိုင်အပါအဝင်ခရီးသည်အများစုနှင့် သင်္ဘောသားတို့က ပေါလုပေးသော အကြံပြုချက်ကို လက်မခံလိုပေ။ သူတို့အားလုံးက ပင်လယ်ခရီးဆက်မည်။"ဖိနိတ်မြို့ဆိပ် သို့မီနိုင်လျှင်၊ ထိုဆိပ်၌ဆောင်းကာလကိုလွန်စေသော် သာ၍ကောင်းမည်ဟုလူအများတို့သည်ဆိုကြ၏။"

စစ်သူရဲအုပ်သည် လူအများစု၏ စီရင်ချက်ကိုလိုက်မည်ဟုဆုံးဖြတ်လိုက်လေသည်။ "တောင်လေသည်ဖြည်းညင်းစွာလာသောအခါ၊ ယခုမီနိုင်သည်ဟုစိတ်ထင်နှင့်လွှင့်၍ကရေတေကျွန်းနားသို့ရောက်သွားကြ၏။ ကာလမကြာမြင့်မီ

လေပြင်းမုန်တိုင်းသည် သင်္ဘောကိုတိုက်၍ တစ်ဟုန်ထည်းဆောင်သွားသဖြင့် သင်္ဘောသည် ထိုလေကိုမခံနိုင်သောကြောင့် လေတိုက်ရာသို့ပါလွင့်ကြ၏။"

လေပြင်းမုန်တိုင်းသည် သင်္ဘောကြီးကိုကလောဒေကျွန်းငယ်လေးဆီသို့ ပြေးနေစဉ်ချိန်မှာ သင်္ဘောသားတို့သည် ပို၍ဆိုးဝါးသောအခြေအနေမျိုးကိုသက်ရောက်စေရန် ဟန်ပြင်နေကြလေသည်။ သင်္ဘောခရီးသည်တို့အတွက် သင်္ဘောကြီးပေါ်မှာပါလာသော အသက်ကယ်လှေသမ္ဗန်သည် အရေးကြီးသည် မဟုတ်လော။

ထိုသမ္ဗန်ကိုမပျက်စေခြင်းငှာ ပင်ပန်းစွာကြိုးစား၍ သင်္ဘောပေါ်သို့တင်ပြီးလျှင် သင်္ဘောကိုခိုင်ခံ့စေခြင်းငှာ ကြိုးနှင့်ပတ်စည်းကြ၏။ သောင်ပေါ်မှာ သင်္ဘောတင်မည်ကိုလည်း စိုးရိမ်သောကြောင့် ရွက်ကိုသိမ်းသဖြင့်လေတိုက်ရာသို့ ပါလွင့်ကြ၏။ လှိုင်းထအားကြီးသောကြောင့် အလွန်တုန်လှုပ်၍ နက်ဖြန်နေ့၌ ဝန်ကိုထုတ်ပစ်ကြ၏။ သို့ဖြစ်ငြားလည်း မုန်တိုင်းမှာထန်နေဆဲတည်း။

တစ်ညလုံး မုန်တိုင်းဒဏ်ကိုခံခဲ့ရသည်။ သင်္ဘောကြီးလည်းရေဝင်သဖြင့် မပေါ့မပါး၊ လေးလံနေ၏။ နေ့ကုန်၍ညပြန်ရောက်လာသည်။ မုန်တိုင်းကားစဲဖို့နေနေသာသာ၊ ကျေနပ်ပုံမပေါ်သေး။ လှိုင်းလေပုတ်ဒဏ်ခံနေရသော သေတ္တာငယ်တစ်ခုကဲ့သို့ဖြစ်နေပါပြီ။

သင်္ဘောကြီးထဲကို ရေဝင်များလာသည်။ လူတကာကရေကို ပြင်သို့ ထုတ်ပစ်ကြ၏။ မှတ်တမ်းအရ "နေ၊လကြယ်နက္ခတ်တို့ကိုတာရှည်စွာမမြင်ရ၍ မိုးသက်မုန်တိုင်းအားကြီးလေသဖြင့် ကယ်တင်ခြင်းသို့ရောက်မည်ဟု မျှော်စရာအခွင့်အလျှင်းမရှိ။"

ဤသို့လျှင် ထိုသူတို့သည် တစ်ဆယ့်လေးရက်တိုင်တိုင် လေယူရာ မျောပါနေကြသည်။ တမန်တော်ကြီးသည် အသက်ကြီးလာသဖြင့် ခန္ဓာကိုယ်မှာဆင်းရဲခြင်းဒဏ်ကို များစွာခံစားနေရပါသော်လည်း အမှောင်မိုက်ဆုံးအချိန်နာရီမှာ မျှော်လင့်ချက်စကားများကိုတော့ ပြောခဲ့ပါသေးသည်။ အရေးပေါ်တိုင်းအားကိုးရသော လက်ရုံးတစ်ပါးပေတည်း။ သူသည် ဘုရားသခင်အားယုံကြည်ခြင်းဖြင့် ဖက်ယမ်းဆုပ်ကိုင်ထားပါသည်။ ထိုဘုရားသခင်သည် သူ့အားခရစ်တော်၏ အမှန်တရားအတွက် ရောမမြို့မှာ သက်သေခံဖို့ အသက်ကိုကာကွယ်ပေးမည်ကိုသူသိ၏။ သို့သော်လည်း သူ့ဝန်းကျင်မှာရှိနေသောအသက်ဝိညာဉ်များတို့ကိုသူသနားမိလေသည်။ သူတို့သည်အပြစ်ကြီးလှ၏။ သေဖို့ရန်ကိုလည်း

မိမိကိုယ်ကိုမပြင်ဆင်ထားကြသေးပေ။ ထိုအသက်များအတွက် ပေါလုသည် ဘုရားသခင်ထံတော်မှာ အပြင်းအထန်ဆုတောင်းပေးနေသည်။ သူ၏ဆုတောင်းသံကိုလည်း ဘုရားသခင်သည်နားညောင်းတော်မူ၏။

## သင်္ဘောကြီးပျက်စီးသွားခြင်း

သင်္ဘောကြီးသည် လေပြင်းမုန်တိုင်းဒဏ်ကြောင့် ပင်လယ်ထဲမှာလူး၍ နေ၏။ လူတို့သည်လည်း အလူးအလဲခံစားနေရပေသည်။ ဤတွင်ပေါလုက ကုန်းပတ်ပေါ်မှာ မတ်တတ်ရပ်၍ ပြောကြားလိုက်သည်ကား၊ "အချင်းလူတို့၊ ငါ့စကားကိုနားထောင်၍ ကရေတေကျွန်းမှမလွှင့်ဘဲနေလျှင် ဤပျက်စီးဆုံးရှုံးခြင်းနှင့်ကင်းလွတ်ရကြ၏။

ယခုတွင် စိတ်သက်သာခြင်းရှိကြလော့။ အကြောင်းမူကား သင်္ဘောဆုံးခြင်းမှတစ်ပါး သင်တို့တွင် အဘယ်သူမျှအသက်မဆုံးရ။ အဘယ်ကြောင့်နည်းဟူမူကား၊ ငါ့ကိုပိုင်တော်မူ၍၊ ငါကိုးကွယ်သောဘုရားသခင်၏ကောင်းကင်တမန်သည် ယနေ့ညတွင် ငါ့အနားမှာပေါ်လာလျက် ပေါလု၊ သင်သည်မစိုးရိမ်နှင့်၊ ကဲသာဘုရင်ရှေ့သို့ရောက်ရမည်။

သင်နှင့်အတူ ပင်လယ်ကူးသောသူအပေါင်း တို့ကို ဘုရားသခင်သည် သင့်အားပေးတော်မူပြီဟု ဆို၏။ထိုကြောင့် အချင်း လူတို့၊ သက်သာ ခြင်းရှိကြလော့။ ငါ့အားမိန့်တော်မူသည်အတိုင်းဖြစ်လိမ့်မည်ဟု ငါသည် ဘုရားသခင်ကိုအခြေပြု၍ ယုံခြင်းရှိ၏။ သို့သော်လည်း တစ်စုံတစ် ခုသော ကျွန်းပေါ်မှာ သင်္ဘောတင်၍ ပျက်ရမည်ဟုပေါလုဆို၏။"

ဤစကားအဆုံးတွင် ခရီးသည်များနှင့်သင်္ဘောသားတို့သည် အားရှိလာကြ၏။ ဤရှိသမျှသောအင်အားနှင့်သင်္ဘောကြီးမပျက်စီးစေရန် အပတ်တကုတ်ကြိုးစားပမ်းစားလှော်ခတ်ကြလေသည်။ ဤသို့ လှိုင်းကြီးလေအောက်အပတ်တကုတ်ကြိုးပမ်းနေကြစဉ် တစ်ဆယ့်လေးရက်မြောက်သောနေ့ညဉ့်သန်းခေါင်အချိန်ရောက်သောအခါ သင်္ဘောသားတို့သည် ကွဲအက်သံကြီးကိုကြားလိုက်ရပေသည်။ လုကာ၏မှတ်တမ်းအရ "ကျောက်ကိုတိုက်မိမည်စိုးရိမ်သောကြောင့် သင်္ဘောပဲ့မှကျောက်ဆူးလေးလက်ကိုချ၍ မိုးလင်းပါစေဟုဆုတောင်းကြ၏။"

အာရှဏ်ဦးအလင်းရောက်သောအခါတွင်မူမုန်တိုင်းကြားထဲမှကမ်းရိုးတန်းကိုဝိုးတဝါးမြင်တွေ့နေရပါလေပြီ၊သို့ပါသော်လည်းအမြင်မရှင်း၊ဒွိဟဖြစ်နေကြ

သည်မို့ သင်္ဘောသားတို့သည် သင်္ဘောကိုစွန့်သွားမည်အကြံရှိသည်နှင့်သင်္ဘော ဦးသို့သွား၍ ကျောက်ဆူးချဟန်ပြုလျက် အသက်ကယ်လှေသမ္ဗန်ကိုလျှော့စဉ်တွင် ပေါလုက ဤသူတို့သည် သင်္ဘောပေါ်မနေလျှင် သင်တို့သည် ချမ်းသာမရနိုင်ကြဟု စစ်သူရဲအုပ်မှူး၍ စစ်သူရဲတို့အားဆို၏။ ထိုအခါ စစ်သူရဲတို့သည် အသက်ကယ်သမ္ဗန်ကြိုးကိုခုတ်ဖြတ်၍ ချလိုက်ကြ၏။

အခက်အခဲဆုံးအချိန်နာရီသည် လူအားလုံးတို့၌ရှိနေကြဆဲဖြစ်ပါ၏။ တမန်တော်ကြီးသည် တစ်ဖန်ပြန်လည်၍သင်္ဘောသားတို့နှင့်ခရီးသွားတို့အား စိတ်ဓါတ်မကျ၊ အားမနွဲ့ဘဲအစာစားကြပါရန် တိုက်တွန်းခဲ့ပေသည်။ "သင်တို့သည် တစ်ဆယ့်လေးရက်ပတ်လုံးမျှော်လင့်၍ ယနေ့တိုင်အောင်အစာမစားဘဲ ငတ်မွတ်လျက်နေကြ၏။

ထိုကြောင့် အစာစားကြလော့။ စားလျှင် ချမ်းသာရခြင်းအကြောင်း ဖြစ်လိမ့်မည်။ သင်တို့ဆံခြည်တစ်ပင်မျှမပျက်စီးရဟု ဆိုပြီးလျှင်ပေါလုသည် မုန့်ကိုယူ၍ ထိုသူများရှေ့၌ဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်ကို ဖဲ့၍စားလေ၏။ ထိုသူအပေါင်းတို့သည်လည်း စိတ်သက်သာခြင်းရှိ၍အစာကို စားကြ၏။ ထိုသင်္ဘော၌ပါသောသူများတို့သည် အရေအတွက်အားဖြင့်နှစ်ရာ့ခုနှစ်ကျိပ်လောက်ရှိသနည်း။ ဝစွာစားပြီးမှဂျုံစပါးကို ပင်လယ်ထဲသို့ပစ်ချ၍သင်္ဘောကိုပေါ့စေကြ၏။"

ယခုတော့မိုးလင်းပြီ။ ထိုသူတို့သည်လည်း "ထိုအလုပ်ကိုမသိသော်လည်း ထောင့်ကွေ့တစ်ခု၌ သင်္ဘောဆိပ်ရှိသည်ကိုမြင်သောကြောင့်သင်္ဘောကို အထဲသို့သွင်းနိုင်လျှင် သွင်းမည်ဟုအကြံရှိကြ၏။ ကျောက်ဆူးတို့ကိုလွှတ်၍ပင်လယ်ထဲသို့ချလိုက်ပြီးမှ တက်မတို့ကိုဆိုင်းသော ကြိုးများကိုဖြတ်၍ ရွက်ကိုလေ၌ပြန်ဖွင့်လျက် ကမ်းနားသို့တိုက်သွားကြ၏။ ရေဆိုင်ရာသို့ရောက်လျှင် သင်္ဘောကိုသောင်ပေါ်မှာတင်စေ၍ ဦးမလှုပ်ဘဲနေသဖြင့် ပဲ့ကိုလှိုင်းတံပိုးရိုက်သောကြောင့်ကျိုး၏။"

## သေကံရောက်လုသောအကျဉ်းသားများ

ယခုမှာတော့ အကျဉ်းသားတို့၏အဖြစ်သည် သင်္ဘောကြီးပျက်စီးခဲ့ရခြင်းထက်ပို၍ ဆိုးဝါးနေသလို ခြိမ်းခြောက်မှုကိုခံရပေသည်။ ကမ်းကိုမြင်နေရပြီ။ ကိုယ့်အသက်ရှင်ရေးအတွက် ကမ်းဆီသို့ ကူးပြေးရမည်မဟုတ်လော။

ဤသည်ကိုစစ်သူရဲတို့ကလည်းမြင်ပါသည်။သို့တိုင်အောင်လည်းအကယ်၍သာ အကျဉ်းသားတို့ပျောက်ဆုံးနေချေက၊ ထိုအသက်အတွက် စစ်သူရဲတို့ပြန်ပေးဆပ်ရပေမည်။ သို့ဖြစ်၍ အကျဉ်းသားအားလုံးကိုသတ်ပစ်ရုံမှတစ်ပါး အခြားလုပ်စရာမရှိပါ။ ထိုသို့ပြုမှစစ်သူရဲတို့တာဝန်ကျေမည်မဟုတ်ပါလား။ သို့ဖြစ်၍ စစ်သူရဲတို့သည် ကိုယ်အသက်ကိုအလျော်မပေးလိုကြ။ အကျဉ်းသားတို့ကိုသာ သတ်ပြစ်လိုကြပါ၏။

ဤသို့ပြုရန်ရောမဥပဒေကခွင့်ပြုထားပါသည်။ သို့ပါသော်လည်းစစ်သူရဲအုပ်ဂျူးလီယပ်စ်သည် ပေါလုကိုဘေးရန်မပေးလိုပါ။ သူ့ကြောင့် သင်္ဘောပေါ်ကလူတွေအားလုံးအသက်ချမ်းသာရကြပြီမဟုတ်လော။ ပေါလုနှင့်အတူ ဘုရားသခင်ပါရှိသည်ဆိုကြောင်းကိုလည်း စစ်သူရဲအုပ်စွဲလမ်းမိပါသည်။ထို့ကြောင့် သူသည် "စစ်သူရဲတို့၏အကြံကိုမြစ်တား၍ ကူးနိုင်သောသူတို့သည်အဦးဆင်း၍ ကုန်းသို့သွားစေခြင်းငှာလည်းကောင်း၊ ကြွင်းသောသူတို့သည်ပျဉ်ပြားမှစ၍ သင်္ဘောတန်ဆာများကိုစီးစေခြင်းငှာလည်းကောင်း စီရင်လေ၏။ ထိုသူအပေါင်းတို့သည် ဘေးနှင့်လွတ်၍ ကုန်းပေါ်သို့ရောက်ကြ၏။" နာမည်ခေါ်သောအခါတစ်ယောက်မျှမကြွင်းရှိကြလေသည်။

ကုန်းပေါ်သို့ရောက်သောအခါ မိုးရွာ၍ချမ်းသောကြောင့် မေလတေကျွန်းသားတို့သည် "မီးမွှေးပြီးလျှင် ငါတို့အပေါင်းကိုလက်ခံ၍ အထူးသဖြင့်ကျေးဇူးပြုကြ၏။ ပေါလုသည် ထင်းခွေသဖြင့် ထင်းကိုစုသိမ်း၍ မီးပေါ်မှာထည့်စဉ်တွင် မြွေပွေးတစ်ကောင်သည် မီးငွေ့ထဲကထွက်၍ ပေါလု၏လက်ကိုတွယ်လျက်နေ၏။ ထိုကျွန်းသားတို့သည်မြင်လျှင် ဤလူကား လူအသက်ကိုသတ်သောသူအမှန်ဖြစ်၏။

ပင်လယ်ဘေးမှလွတ်သော်လည်း အသက်ရှင်စေခြင်းငှာ တရားသည်အခွင့်မပေးဟု အချင်းချင်းဆိုကြ၏။ ပေါလုသည် မြွေကို မီးထဲသို့ခါချ၍အဘယ်ဘေးမျှမသင့်။ သူသည် တစ်ခဏချင်းတွင်လဲ၍ သေမည်ဟု ထိုသူတို့သည်ကြာမြင့်စွာငံ့လင့်သော်လည်း သူ၌မကောင်းသောအပြစ် တစ်စုံတစ်ခုမျှမမြင်လျှင် သဘောပြောင်းလဲ၍ ဤသူကား နတ်ဘုရားဖြစ်သည်ဟုဆိုကြ၏။"

ထိုကျွန်းမှာပေါလုနှင့်အဖေါ်တို့သည် သုံးလတာမျှနေကြရ၏။ထိုနေရာမှာပေါလုကဧဝံဂေလိဟောကြားခွင့်များစွာရရှိခဲ့ပါသည်။ဘုရားသခင်သည်လည်း သူနှင့်အတူရှိတော်မူ၏။သူ့အားဖြင့်သင်္ဘောပျက်မှာပါလာကြသူအပေါင်းတို့သည်

ကျွန်းသူကျွန်းသားတို့၏ လှိုက်လှဲပျူငှာကြင်နာစွာဆက်ဆံမှုကိုခံရပါသည်။ ထိုကျွန်းမှထွက်ခွာသွားသောအခါမှာလည်း သူတို့၏ရေလမ်းခရီးမှာလိုအပ်သောအအရာအားလုံးကို ကျွန်းသူကျွန်းသားတို့ကစီမံပေးခဲ့လေသည်။ လုကာ၏မှတ်တမ်းကိုကြည့်ပါ။

"ထိုအရပ်နှင့်မနီးမဝေးမှာ ပုဗလိအမည်ရှိသောကျွန်းသူကြီး၏နေရာရှိ၏။ ထိုသူကြီးသည် ငါတို့ကိုလက်ခံ၍ သုံးရက်ပတ်လုံးကောင်းမွန်စွာလုပ်ကျွေးပြုစုလေသည်။ ပုဗလိ၏ အဘသည် ဖျားနာ၍ဝမ်းကျသွေးသွန်နာစွဲ၍ တုံးလုံးနေသည်ကို ပေါလုဝင်၍ဆုတောင်းပြီးမှ သူ့အပေါ်၌လက်တင်၍ အနာကိုငြိမ်းစေ၏။ ထိုသို့ပြုသောကြောင့် ထိုကျွန်း၌ အနာရောဂါစွဲသောအခြားသူရှိသမျှတို့သည်လာ၍ ချမ်းသာခြင်းကိုရကြ၏။ ထိုသူတို့သည် များစွာသောလက်ဆောင်တို့ကိုပေး၍ ငါတို့သည်လွှင့်ပြန်သောအခါ အစားအစာများကိုလည်း သင်္ဘောပေါ်သို့တင်ကြ၏။"

---ooo---

## အခန်း(၄၃)
## ရောမမြို့တော်ထဲဝယ်-သံကြိုးများနှင့်ဧဝံဂေလိဆရာကြီး
(တမန်တော် ၂၈း၁၁-၃၁ နှင့် ဖိလေမုန်ကိုအခြေပြုသည်)

ရေကြောင်းခရီးကို အာဏာပိုင်တို့ကဖွင့်လိုက်လေပြီ။စစ်သူရဲအုပ်နှင့် အကျဉ်းသားတို့သည် မိမိတို့၏ရောမမြို့သွားခရီးစဉ်ကို ဆက်ကြပါမည်။ အာလေဇန္ဒြိသင်္ဘောကြီးကား မေလိတေကျွန်းမှာဆောင်းတွင်းခိုပြီးသည့်နောက် အနောက်စူးစူးဆီသို့ ဆက်လက်၍ခရီးသွားရန် ခရီးသည်တို့သည် သင်္ဘောကုန်းပတ်ပေါ်သို့ပြန်တက်ကြလေပြီ။

ခရီးစဉ်သည်လုံခြုံပါ၏။ သင်္ဘောကြီးသည် အီတလီနိုင်ငံပေါတယောလိမြို့ရှိ လှပတင့်တယ်သောသင်္ဘောဆိပ်မှာ ကျောက်ချ၏။ထိုမြို့မှာခရစ်ယာန်ညီအစ်ကိုများ အနည်းငယ်ရှိပါသည်။ ခုနှစ်ရက်နေပေးပါရန်ပေါလုကို တောင်းပန်လေသော် စစ်သူရဲအုပ်သည်လည်း သနားကြင်နာစွာဖြင့်ခွင့်ပြုလိုက်လေသည်။

ပေါလု၏ရောမမြို့သို့ပေးပို့စာကို အီတလီမှာရှိသော ခရစ်ယာန်တို့က ရရှိထားပြီဖြစ်သဖြင့် တမန်တော်ကြီး၏အလည်ခရီးစဉ်ကိုစောင့်မျှော်နေကြသူများရှိလေသည်။ သူ၌အကျဉ်းသားတစ်ဦးအဖြစ်မြင်တွေ့နေရသည်ကိုပင်တပည့်တော်စုတို့အတွက် ပို၍ချစ်မြတ်နိုးလာရပေသည်။ ဆိပ်ကမ်းမြို့ကားရောမမြို့တော်နှင့်မိုင်(၁၄၀)သာကွာဝေးလေသည်။တပည့်တော်စုတို့ကပေါလုကိုထိုနေရာမှစတင်၍ တွေ့ဆုံကြိုဆိုစပြုကြပါပြီ။

ဆိပ်ကမ်းကပ်၍ရှစ်ရက်မြောက်သောနေ့မှာ စစ်သူရဲအုပ်သည် မိမိ၏ အကျဉ်းသားတို့နှင့်ရောမမြို့သို့ခြေကျင်ခရီးဆက်ပါသည်။ စစ်သူရဲအုပ်ဂျုလိယပ်စ်သည် မိမိပေးပိုင်သောအခွင့်အရေးမှန်သမျှကိုပေါလုအားကြည်ကြည်ဖြူဖြူပေးခဲ့ပါ၏။

သို့ပါသော်လည်း အကျဉ်းသားအဖြစ်မှ ကျွတ်လွတ်စေရန်ကားသူမတတ်နိုင်ပါပြီ။ ပေါလုသည် စိတ်လေးလံမှုကြီးစွာဖြင့် ကမ္ဘာ့ယဉ်ကျေးမှုထွန်းကားရာ လူဦးရေအဆင့်အတန်း မြင့်မားသောအရပ်ဆီသို့ ခရီးမူနေပါပြီ။ထိုနေရာလိုမျိုးမှာ သူသည်ဘယ်ကဲ့သို့လျှင် ဧဝံဂေလိတရားဟောခြင်းအလုပ်ကိုလုပ်ရပါမည်နည်း။

ဤသို့လျှင် ခရီးသည်တို့သည် ရောမမြို့နှင့်မိုင်(၁၄၀)သာကွာဝေးသော အပ္ပိဈေးသို့ရောက်ရှိလာကြ၏။ ရောမမြို့သားခရစ်ယာန်ညီအစ်ကိုတို့သည်ပေါလုတို့လာကြောင်းကိုသိလျှင် ခရီးဦးကြိုပြုအံ့သောငှာ ရောက်လာကြ၏။ ဆံပင်ဖြူအဖိုးအိုပေါလုသည် ရက်စက်ကြမ်းတမ်းသောရုပ်ဆင်းရှိသည့် ပြစ်မှုကျူးလွန်သူတို့နှင့်အတူ သံကြိုးရှည်ကြီးနှင့်မို့ ထိုမြင်ကွင်းကိုမြင်လေသူတိုင်းကမျက်စောင်းထိုးကာ ရက်စက်ကြမ်းတမ်းသောမျက်လုံးများနှင့် သရော်ပြောင်လှောင်ကြပါသည်။

ဤတွင်ရုတ်တရက်ဆိုသလို ဝမ်းမြောက်ခြင်းနှင့်ယှဉ်သော ဝိုကြွေးသံကြီးကိုကြားလိုက်ရပါသည်။ လူတစ်ဦးသည်လမ်းလေးမှနေ၍ ဘွားခနဲပေါ်လာကာ အကျဉ်းသားတစ်ဦးကို ဖက်ယမ်းနမ်းရှုပ်လိုက်ပါသည်။ ထိုသူသည် ဝမ်းမြောက်၍ မျက်ရည်ကျလာသည်မှာ တစ်ကြိမ်တစ်ခါက ကြာမြင့်စွာပျောက်ဆုံးသွားခဲ့သောဖခင်ကြီးကို ပြန်လည်တွေ့ဆုံဆီးကြိုရသော သားတစ်ယောက်ကဲ့သို့ဖြစ်ပါသည်။

ဤသို့လျှင် ဖန်ခါတလဲလဲသူသည် အဘိုးအိုအားနမ်းရှုပ်နေပါသည်။ သံကြိုးကြီးနှင့်လူမှာ ထိုသူတို့အား အသက်ရှင်သောစကားကို ကောရင့်မြို့မှာသော်လည်းကောင်း၊ ဖိလိပ္ပိမြို့နှင့်ဧဖက်မြို့တို့မှာသော်လည်းကောင်း တရားဟောကြားခဲ့သူတစ်ဦးမဟုတ်ပါလား။

ဤသို့လျှင် တပည့်တော်စုတို့သည် ၎င်းတို့၏ ဇဝ်ဂေလိဖခင်ကြီးအနားမှာဝိုင်းအုံလာကြ၏။ သို့ဖြစ်၍ အကျဉ်းသားတစ်စုလုံးက ရပ်နေကြရလေသည်။ စစ်သူရဲတို့မှာလည်း အချိန်ကိုနှောင့်နှေးကြန့်ကြာစေသဖြင့် စိတ်မရှည်လိုတော့ပြီ။ သို့ပါသော်လည်း ဤပျော်ရွှင်စရာတွေ့ဆုံပွဲကြီးကို အဘယ်သို့လျှင် ကြားဖြတ်ဖျက်ဆီးရပါမည်နည်း။

ထိုသူတို့မှာ ထိုစိတ်မျိုးမရှိတော့ပြီ။ သူတို့ကိုယ်တိုင်မှာလည်း သူတို့၏ ထိုအဘိုးအိုအကျဉ်းသားထံမှကောင်းမြတ်သောအရာကိုမျှဝေခံစားခဲ့ရပြီမဟုတ်လော။ တပည့်တော်စုတို့သည် ပေါလု၏ နွမ်းလျဖြူရော်မည်းမှောင်နေသော ဒဏ်ချက်ရာပြမျက်နှာပေါ်မှာခရစ်တော်သခင်၏ ရုပ်လုံးကိုမြင်တွေ့ခဲ့ရပါသည်။ သူတို့သည် သူ့အားချစ်မြဲချစ်နေမည်ဟုစိတ်ချထားကြောင်းပြောပါသည်။ ဖြစ်နိုင်လျှင်အခွင့်အရေးရလျှင် သူ့အားပခုံးပေါ်တင်ကာခေါ်ဆောင်သွားပါ မည်ဟု ဆန္ဒပြုကြပါ၏။

ပေါလုသည် ဤကဲ့သို့ညီအစ်ကိုတို့အားတွေ့မြင်ရသောအခါမှာ "ဘုရားသခင်ကိုကျေးဇူးတင်၍ စိတ်သက်သာခြင်းသို့ရောက်လေ၏။" ငိုကြွေးနေသောသနားစိတ်ရှိသည့် ယုံကြည်သူတို့သည်လည်း ပေါလု၏အကျဉ်းသားအဖြစ်ကိုမရှုက်ကြပါ။

သို့ဖြစ်၍လည်း ပေါလု၏ ဝမ်းနည်းခြင်းမှာ ပျောက်လွင့်သွားရ၏။ သူ၏ရှေ့မှာ အချုပ်ခန်းနှင့်ဆင်းရဲခက်ခဲမှုများသည် စောင့်မျှော်လျက်ရှိကြောင်းကိုသူသိမြင်ပါ၏။ သို့ပါသော်လည်း ဤအမှုကိုခံရခြင်းဖြင့် များစွာသောအပြစ်နွံတွင်းကျအသက်ဝိညာဉ်များအနှောင်အဖွဲ့မှကင်းလွတ်မည်ကို သူသိမြင်သဖြင့် ကျေနပ်မိပေါသည်။ ခရစ်တော်အတွက်ကြောင့် ဒုက္ခဆင်းရဲခံရခြင်းကို ပေါလုသည်ဝမ်းမြောက်နေပါသည်တကား။

## သံကြိုးခတ်ခံရသူပေါလုက ယုဒလူတို့အားတောင်းပန်ခြင်း

ရောမမြို့သို့ရောက်သောအခါ စစ်သူရဲအုပ်သည်အကျဉ်းခံရသောသူတို့ကိုဘုရင်မင်း၏ကိုယ်ရံတော်မှူး၌အပ်လေ၏။ ပေါလုသည်လူကောင်းဖြစ်ကြောင်း၊ ဖိတ္တုမင်း၏စာနှင့်တကွ အပ်ပေးလိုက်သောကြောင့်လည်းကိုယ်ရံတော်မှူးသည်တမန်တော်ကြီးအား အကျဉ်းထောင်ထဲမှာမထားဘဲ မိမိငှားထားသောအိမ်မှာပေါလုကိုစောင့်သောစစ်သူရဲတစ်ယောက်နှင့်အတူ မိမိအလိုအလျောက်နေရသောအခွင့်ကိုပေးလေသည်။ ပေါလုသည် သံကြိုးနှင့်ချည်နှောင်ခြင်းကိုခံရဆဲဖြစ်သော်လည်း အဆွေခင်ပွန်းတို့၏ လာရောက်လည်ပတ်လုပ်ကျွေးမှုကိုလွတ်လပ်စွာရရှိခဲ့ပါသည်။

ဂျူး(ယုဒ)လူမျိုးများစွာတို့သည် ယခင်ကရောမမြို့တော်မှအနှင်ထုတ်ခံခဲ့ရပါသည်။ ယခုတော့ပြန်လာနိုင်ကြပြီဖြစ်ကြောင်း မြို့တော်ဝန်ကခွင့်ပြုပါပြီ။ ဤသူတို့အား ပေါလုသည် မိမိ၏ ဖြစ်ရပ်မှန်အကြောင်းစုံကို ပြောဖို့လိုမည်ဟုဆုံးဖြတ်လိုက်သည်။ သို့မဟုတ်လျှင် ယေရုရှလင်မြို့မှလာကြမည်ဖြစ်သောသူ၏ ရန်သူဂျူးလူမျိုးတို့သည် သူ့ကိုဆန့်ကျင်ဘက်ပြုရာ၌ အားကောင်းသွားနိုင်သည်မဟုတ်လော။ သို့ဖြစ်၍ ပေါလုရောက်ပြီး သုံးရက်လွန်သောအခါ သူသည်ယုဒလူအကြီးအကဲတို့ကိုခေါ်၍ စုဝေးစေပြီးလျှင် ဤသို့ပြောဆို ဆွေးနွေးခဲ့ပါသည်။

ညီအစ်ကိုတို့ အကျွန်ုပ်သည် ယုဒလူမျိုးကိုမပြစ်မှား။ မိစဉ်ဖဆက်ကျင့်သောထုံးတမ်းကိုမပယ်သောသူဖြစ်လျက်ပင် ယေရုရှလင်မြို့သားတို့သည် အကျွန်ုပ်ကိုအကျဉ်းထား၍ ရောမလူတို့လက်သို့အပ်လိုက်ကြ၏။ ရောမလူတို့သည် အကျွန်ုပ်ကိုစစ်ကြောပြီးမှ သေထိုက်သောအပြစ်တစ်စုံတစ်ခုကိုမျှမတွေ့သဖြင့် လွှတ်ခြင်းငှာအလိုရှိကြ၏။ ထိုအလိုကို ယုဒလူတို့သည် ဆီးတားသောအခါ ကဲသာဘုရင်၏အယူတော်ကိုခံပါမည်ဟု အကျွန်ုပ်ဆိုရ၏။. . . ဣသရေလအမျိုး၏မျှော်လင့်အရာအတွက်ကြောင့် အကျွန်ုပ်သည် ဤသံကြိုးနှင့်ချည်နှောင်ခြင်းကိုခံရပါ၏။"

ပေါလုသည် မိမိကိုလုပ်ကြံသောဖြစ်ရပ်မှန်အကြောင်းနှင့်ပတ်သက်၍မူ ထိုသူတို့အား အလျှင်းဖေါ်မပြပေ။ သူတို့ထံမှလည်း သနားခြင်းကြင်နာမှုသက်ဖို့ရန်မရှာပါ။ သို့သော်လည်း ပေါလုသည် အမှန်တရားကိုကာကွယ်ပြောဆို၍ ဧဝံဂေလိသတင်းစကားကောင်းကို ထိန်းသိမ်းဖို့ရန်သာ ဆန္ဒရှိပါသည်။

ထိုသူတို့ကလည်း ယုဒပြည်မှလာသောညီအစ်ကိုတို့တွင်တစ်ယောက်မျှ ပေါလု၌အပြစ်ရှိကြောင်းကိုမကြားမပြောပါဟုဆိုပါသည်။ ၎င်းအပြင် ပေါလုသည် ယေရှုခရစ်တော်၌ယုံကြည်ရခြင်းအကြောင်းရင်းကို သူတို့သိသင့်သည်ဟုထင်မှတ်သဖြင့် သူတို့အားပြောပြပါရန်တောင်းခံခဲ့ပါသည်။ ပေါလုသည်လည်း နေ့ရက်တစ်ရက်ချိန်းချက်လိုက်ကာ အချိန်တန်သေအခါ များစွာသောယုဒလူတို့သည် ပေါလုအားလာရောက်နားထောင်ကြလေသည်။

"ပေါလုသည် ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို သက်သေခံသဖြင့်လည်းကောင်း၊ ထိုသူတို့သည်ယေရှု၏အကြောင်းများကို ယုံကြည်စေခြင်းငှာ မောရှေ၏ ကျမ်းနှင့်ပုရောဖက်ပြုကျမ်းတို့ကို အမှီပြု၍ ဖြားယောင်းသွေးဆောင်သဖြင့်လည်းကောင်း၊ နံနက်အချိန်မှစ၍ ညအချိန်တိုင်အောင်ထုတ်ဖေါ်ဟောပြောလေ၏။" ပေါလုသည်လည်းမိမိ၏ ကိုယ်တွေ့ ဗဟုသုတအတွေ့အကြုံ ကိုအခြေခံ၍ ဓမ္မဟောင်းကျမ်းစာမှစောဒကတတက်စရာများကို တင်ပြဆွေးနွေးခဲ့လေသည်။

## ဘာသာရေးသည်အတွေ့အကြုံယူအပ်သောလက်တွေ့ကျသည့်အရာဖြစ်ခြင်း

ဘာသာရေးသည် ခွန်အားသစ်ကိုလောင်းပေး၏။ အသက်ဝိညာဉ်ကို ပြန်လည်အားသစ်လောင်းသော ဘုရားသခင်၏တန်ခိုးဖြစ်၍ တစ်ဦးချင်းနှင့်

ဆိုင်သောအတွေ့အကြုံတစ်ရပ်ဖြစ်ပေသည်။ ဓမ္မဟောင်းကျမ်းပါပုရောဖက်အပေါင်းတို့သည် ခရစ်တော်သခင်အား ဤလောက၏အပြစ်များကို ကိုယ်စားပြုခဲ့သောအပြစ်မဲ့လူသားကြီးတစ်ဦးဖြစ်ကြောင်း (ပေါလုက) သက်သေခံခဲ့ပေသည်။ ထိုသူတို့သည် ဝိနည်းအထုံးအဖွဲ့နှင့်ဆိုင်သောကိစ္စရပ်ကြီးငယ်အဖြာဖြာကိုသတိကြီးစွာထိန်းသိမ်းထားရှိနေကြစဉ်မှာ ထိုစနစ်တစ်ခုလုံး၏ ပုံရိပ်ဖြစ်သောအရှင်သခင်ကိုမူ ငြင်းပယ်ခဲ့ကြပေသည်ဆိုကြောင်းကို ပေါလုဖော်ပြပေးသည်။

ယခင်ကဆိုလျှင် မိမိသည် နာဇက်မြို့သားယေရှုကိုလာမည့်မေရှိယအဖြစ်ငြင်းပယ်ခဲ့ကြောင်း၊ ယခုမူကား၊ မိမိ၏ခရစ်တော်ယေရှုအပေါ် ရှုမြင်ပုံမှာ ပိုမို၍ဝိညာဉ်သဘောဆောင်ကောင်း၊ သူသည် ပြောင်းလဲပြီးသူဖြစ်ကြောင်း၊ဖော်ပြခဲ့ပေသည်။ သူ့အဖို့ဆိုလျှင် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သခင်ကိုသိနားလည်ခြင်း၊ ထိုသခင်ကို ဝိညာဉ်ရေးဆိုင်ရာ သိနားလည်အကျွမ်းဝင်မှုရှိရခြင်းသည် ထိုသခင်က လူ့ဇာတိခံယူခဲ့စဉ်တွင် လူသားတို့နှင့်အမှန်တကယ်ပေါင်းသင်းဆက်ဆံခွင့်ရရှိခြင်းထက် ပိုမို၍ လိုလားအပ်ကြောင်းပြောပါသည်။

ပေါလု၏ပြောစကားကိုအမှန်တရားရှာဖွေကြသူတွေက လက်ခံပြောင်းလဲကြပေသည်။ ထိုစကားတို့သည်လည်း ကြားနာရသောသူတချို့၏အသက်တာကိုပြောင်းလဲစေသကဲ့သို့ တချို့အကွက်မူကား တစ်သက်တာလုံးမှာမေ့၍မရနိုင်အောင်ရှိစေပါသည်။ သို့သော်လည်း တချို့သည် အမှန်တရား၏သက်သေခံချက်ကိုလုံးဝလက်ခံရန် ခေါင်းမာကြ၏။ ပေါလု၏ တင်ပြဆွေးနွေးမှုကိုမှားယွင်းကြောင်း ထိုသူတို့သည် ငြင်ဆိုချက်မထုတ်နိုင်ကြပါသော်လည်း သူ၏နိဂုံးချုပ်ဆွဲဆောင်တောင်းပန်မှုတို့ကိုမူကား မလက်ခံငြင်းဆန်ကြပါသည်။

## အကျဉ်းသားတစ်ယောက်ဖြစ်သော်လည်းဩဇာသက်ရောက်မှုကောင်းသောပေါလု

အကျဉ်းသားပေါလုကိုစွဲချက်တင်ရန် ယေရုရှလင်မြို့မှရောက်လာကြမည့်ယုဒ(ဂျူး)လူမျိုးတို့သည် လပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ပါသော်လည်းမရောက်ရှိလာကြသေးပါ။ ယခုတွင် အကျဉ်းသားပေါလုသည် ရောမအင်ပါရာကြီးမှာ အမြင့်ဆုံးတရားရုံးကိုတက်ရပေတော့မည်။ ဤတစ်ကြိမ်မှာတော့ယုဒလူတို့သည် နောက်တစ်ဖန်အရှုံးမပေါ်လိုပါပြီ။ အချိန်ကိုဆိုင်းလင့်ရခြင်း၏ရည်ရွယ်ချက်မှာ၊ ယုဒလူတို့သည် ဘုရင်မင်းအပေါ် မျက်နှာရလိုသဖြင့်

ချင့်ချိန်လာဘ်ထိုးရသောအခွင့်အရေးကို စောင့်ဆိုင်းရယူလို၍လည်းဖြစ်၏။သို့ ပြုမှုအချိန်နှင့်အခြေအနေကောင်းမှာ တမန်တော်ကြီးကိုပီပြင်စွာ တရားစွဲဆိုနိုင်မည်မဟုတ်လော။

ဤလိုအချိန်ဆွဲနေစဉ်မှာတမန်တော်ကြီးသည်ဧဝံဂေလိတရားကိုဟော၏။ ကိုယ်ရံတော်မှူးငှားထားသောနေအိမ်မှာ ပေါလုသည် လွတ်လပ်စွာနေထိုင်ခွင့်ရသဖြင့် သူ့ကိုလာလည်ပတ်သူမှန်သမျှတို့အား အမှန်တရားကိုနေ့တိုင်းအစဉ်သက်သေခံဟောပြောခွင့်ရရှိပါ၏။

ဤသို့လျှင် ပေါလုသည် နှစ်နှစ်တာမျှအမှုတော်မြတ်ကို လွတ်လပ်စွာထမ်းရွက်ခဲ့ပေသည်။ "ပေါလုသည် ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို သက်သေခံသဖြင့်လည်းကောင်း၊ ထိုသူတို့သည်ယေရှု၏အကြောင်းများကို ယုံကြည်စေခြင်းငှာ မောရှေ၏ကျမ်းနှင့်ပုရောဖက်ပြုကျမ်းတို့ကို အမှီပြု၍ ဖြားယောင်းသွေးဆောင်သဖြင့်လည်းကောင်း နံနက်အချိန်မှစ၍ညအချိန်တိုင်အောင်ထုတ်ဖေါ်ဟောပြောလေ၏။

ဤခေတ်အခါမျိုးမှာ ပေါလုတည်ထောင်ခဲ့သောအသင်းတော်များသည် နေရာအနှံ့မှာရှိသကဲ့သို့ အဆက်အသွယ်အမြဲလုပ်ပါသည်။ ထိုအသင်းတော်တို့၏လက်ရှိလိုအပ်ချက်များကို စာရေး၍ လက်တွေ့သြဝါဒညွှန်ကြားချက်များကိုပေး၏။ ရောမမြို့တော်မှနေ၍ သူမသွားနိုင်သော နေရာများဆီသို့ ခရစ်ယာန်သာသနာပြုများကိုစေလွှတ်ခဲ့ပေသည်။ ဤသို့လျှင် တမန်တော်ကြီးသည် ထိုသာသနာပြုများနှင့် မပြတ်အဆက်အသွယ်လုပ်၏။ ကောင်းမွန်စွာသောအကြံပြုညွှန်ကြားအုပ်ချုပ်မှုစနစ်တစ်ရပ်ကိုလည်း ပေါလုချမှတ်နိုင်ခဲ့ပေသည်။

ဤသို့လျှင် ပေါလုသည် ယခင်နှစ်ကာလများမှာ လွတ်လပ်စွာအသင်းတော်များဆီသို့သွားရောက်လည်ပတ်သာသနာပြုခဲ့သည်ထက်၊ ယခုလိုအချိန်အခါနှင့်အခြေအနေမျိုးမှာ ပိုမို၍ကျယ်ပြန့်ကာ သြဇာသက်ရောက်မှုကြီးမားသောခရစ်ယာန်သာသနာပြုခြင်းအခွင့်ကို သူရရှိလေသည်။

"ခရစ်တော်အတွက်အကျဉ်းသားတစ်ဦး" အနေဖြင့်ပေါလုသည်ယုံကြည်သူညီအစ်ကိုတို့အားအလွန်ချစ်မြတ်နိုးပါ၏။ ထိုသူတို့ကလည်း ပေါလုကိုယခင်ကထက်ပိုမို၍ဂရုစိုက်လာကြသည်။ စကားကိုနားထောင်လာ၏။ ယခင်ကမူယုံကြည်သူ တပည့်တော်စုတို့သည် ပေးသောတာဝန်ဝတ္တရားများကိုမထမ်းရွက်လိုကြ။ပေါလု၏ဉာဏ်ပညာ၊အကင်းပါးမှု၊ ဇွဲ၊လုံ့လဝီရိယအင်အားတို့ကိုဂုဏ်မယူ

အလေးမထားခဲ့ကြပါ။ ယခုတော့ ထိုသူတို့သည် ပေါလုပေးသောတရား၊ ညွှန်ကြားချက်များနှင့်ကိုယ်တိုင်အလုပ်ကို တန်ဖိုးထားရှိလာကြပေသည်။ ဤနှစ်များအတွင်း ပေါလုထံမှယုံကြည်ခြင်းနှင့်ရဲရင့်ခြင်းကို သူတို့သည်ဆည်းပူးခဲ့ရ၏။ ခရစ်တော်၏ အမှုတော်မြတ်မှာ သာ၍အကျိုးရှိစေသော ဆက်ကပ်မှုမျိုးကိုလည်း ဖြစ်စေပါသည်။

လုကာတည်းဟူသော "ချစ်အပ်သောသမားတော်" သည် ယေရုရှလင်မြို့သွားခရီးစဉ်မှာ ပေါလုကိုအဖေါ်ပြုခဲ့သကဲ့သို့ ကဲသရိမြို့မှာ အကျဉ်းခံရစဉ်နှစ်နှစ်တာကာလပတ်လုံးနှင့် ရောမမြို့လာရာ လမ်းခရီးတစ်လျှောက်မှာလည်း ပေါလုနှင့်အတူဆင်းရဲခံ၍ အဖေါ်ပြုခဲ့ပါသည်။ ယခုရောမမြို့မှာ လုကာသည် ပေါလုကိုအဖေါ်ပြုလျက်နေ၏။ တိမောသေသည်လည်း ပေါလု၏နှစ်သိမ့်မှုကိုဖြစ်စေပါသည်။ တုခိတ်သည် တမန်တော်ကြီးအနားမှာ အမြဲရပ်လျက်ပြုစု၏။ ဒေမနှင့်မာကုတို့လည်းရှိကြသည်။ အာရိတ္တာနှင့်ဧပဖြတို့သည် ပေါလု၏ "အကျဉ်းသားအဖေါ်များ" ဖြစ်ကြပါ၏။ (ကောလောသဲ ၄း၇-၁၄ကိုရှုပါ)။

ဗာနဗ၏တူတော်မောင်မာကု၏ ခရစ်ယာန်အတွေ့အကြုံသည်ခရစ်တော်ယေရှု၏သက်တော်စဉ်နှင့်ကိုယ်စားပြုအသေခံခြင်းကို ဆည်းပူးလေ့လာသည်နှင့်အမျှ ရင့်ကျက်နက်နဲမှုရှိလာပါသည်။ယခုလိုပေါလုနှင့်အတူဆင်းရဲခြင်းကိုမျှဝေခံစားနေရသဖြင့်လည်း ယေရှုခရစ်တော်ကိုရရှိခြင်းသည် အောင်မြင်မှုဖြစ်ကြောင်း၊ မာကုသည် ပိုမို၍နားလည်လာ၏။

လောကစည်းစိမ်ကိုရရှိ၍မိမိအသက်ဝိညာဉ်ဆုံးရှုံးခြင်းသည် ထာဝရဆုံးရှုံးခြင်းဖြစ်ကြောင်းကိုလည်း သူသိလာသည်။ သို့ဖြစ်၍ ဆင်းရဲခက်ခဲမှုပြင်းထန်စွာခံစားနေရချိန်မှာ မာကုသည်တုတ်တုတ်မျှမလှုပ်၊ ပညာဉာဏ်နှင့်ပြည့်စုံသောချစ်အပ်သည့်အကူအညီပေးသူအဖြစ် တမန်တော်ကြီးနားမှာအမြဲနေလျက်၊ ဆက်လက်ရပ်တည်ခဲ့ပါသည်။

ဒေမမှာမူကား၊ တစ်ချိန်တစ်ခါကယုံကြည်ခြင်းမှာမြဲမြံခဲ့ပါသော်လည်း နောင်သောအခါမှာ ခရစ်တော်ကိုကျောခိုင်းခဲ့ပါသည်။ ပေါလု၏သက်သေခံချက်စာစောင်မှာ ဤသို့ဖေါ်ပြခဲ့ပါသည်။ "ဒေမသည် ယခုဘဝကိုနှစ်သက်သောစိတ်ရှိသည်နှင့်ငါ့ကိုစွန့်၍. . . . . . . "(၂တိ၄း၁၀) သွား၏။ လောကိုခင်တွယ်သောကြောင့် ဒေမသည် မြင့်မြတ်၍ မြတ်နိုးဖွယ်ကောင်းသော ဘုရားသခင်ပေးအမှုတော်မြတ်ကို လောကစည်းစိမ်နှင့်လဲလှယ်ခဲ့လေပြီကော။

## သြနေသိမ်လိုကျွန်တစ်ယောက်၏လှပပုံပြင်တိုလေး

ရောမမြို့မှာဧဝံဂေလိတရားပျံ့နှံ့နေပါပြီ။ ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့လက်ခံသူများတွင် တစ်ပါးအမျိုးသားကျွန်ယောက်ျားသြနေသိမ်လည်းပါ၏။ သူသည် ကောလောသဲမြို့မှာနေသော ခရစ်ယာန်သခင်ဖိလေမုန်အားမှားယွင်းခဲ့သောကျွန်ပေတည်း။ ယခုတော့ရောမမြို့သို့ပြေး၍ရောက်ရှိလာ၏။ ပေါလုသည် သနားကြင်နာတတ်လာသဖြင့် ထိုဆိုးယုတ်သောကျွန်၏စိတ်သဘောကစိုးရိမ်မှုများကိုပယ်ရှားပေးရန် ကြိုးစားပါ၏။ ထို့ကြောင့်လည်း ထိုသူ၏မှောင်မိုက်နေသော စိတ်အာရုံတွင်းသို့ အမှန်တရားအလင်းကိုပေးခဲ့လေသည်။ ထိုတရားကို သြနေသိမ်သည် နာကြားခဲ့၍ မိမိ၏အပြစ်ကိုဖော်ပြဝန်ချတောင်းပန်ကာခရစ်တော်ကို မိမိ၏ကယ်တင်ပိုင်သူအဖြစ် ယုံကြည်လက်ခံပြောင်းလဲသွားပါတော့သည်။

သြနေသိမ်သည် ပေါလုကို သိမ်မွေ့စွာဆည်းကပ်၍အကူအညီလိုအပ်သမျှကိုကျေးကျွန်ကောင်းတစ်ယောက်ပီပီဆောင်ရွက်လေ၏။ ဤတွင်တမန်တော်ကြီးသည်လည်း စိတ်သက်သာရာများစွာရရှိရုံမျှမက ဧဝံဂေလိပြန့်ပွားရေးမှာသြနေသိမ်သည် စိတ်အားထက်သန်မှုရှိကြောင်းကိုလည်း တွေ့မြင်၏။

သို့ဖြစ်၍ရှေ့ရေးကိုမှန်းမျှော်ကာ သြနေသိမ်အားပေါလုကမဆိုင်းမတွဘဲ သခင်ဖိလေမုန်ထံပြန်သွားရန်နှင့် မိမိ၏ကျူးလွန်ခဲ့သော အပြစ်အတွက်တောင်းပန်ကာရှေ့ရေးကိုသခင်သည် ပြင်ဆင်စီမံပေးစေပါမည်အကြောင်းအကြံပြုခဲ့လေသည်။

ပေါလုသည် မိမိ၏စာတို့ကို တုခိတ်နှင့်ပေးလိုက်၏။ သူသည်အာရှမိုင်းနားမှာရှိသောအသင်းတော်များဆီသို့သွားမည် မဟုတ်ပါလား။ ထိုသူနှင့်အတူ သခင့်ကိုမှားယွင်းမိသော ကျွန်သြနေသိမ်ကိုလည်း ထည့်ပေးလိုက်လေသည်။ ထွက်ပြေးကျွန်အနေဖြင့် သခင့်ထံပြန်သွားရမည်အမှုမှာ လွယ်ကူသည်မဟုတ်။ ခက်လှပေ၏။ သို့သော်လည်း သြနေသိမ်သည် အမှန်တကယ်ပင်ပြောင်းလဲသူဖြစ်၏။ အလုပ်တာဝန်ကိုလည်း ငြင်းပယ်မည့်သူမဟုတ်တော့ပါချေ။

သြနေသိမ်၏ သခင်ဖိမေမုန်အဖို့ ရေးပေးလိုက်သောပေါလု၏စာကိုမူနောင်တရပြီးဖြစ်သောကျွန်နှင့်ပင်ပေးပို့လိုက်လေသည်။ပေါလုသည်ဖိလေမုန်အားမိမိပိုင်ဆိုင်သောအရာတိုင်းသည် ခရစ်တော်သခင်၏ကျေးဇူးတော်ကြောင့်သာ

ဖြစ်ကြောင်း၊ သတိရစေလိုက်ပါသည်။ ဤကျေးဇူးတော်သည်သာလျှင်သူ့အား အကောင်းနှင့်အဆိုး ဝေခွဲပိုင်းခြားသိနားလည်စေနိုင်သည်မဟုတ်ပါလော။ ထိုကျေးဇူးတော်သည်လည်း အပယ်ခံနေရသောအပြစ်သားကောင်ကို ဘုရားသခင်၏ချမ်းသာအဖြစ်နှင့်ဧဝံဂေလိဟောကြားခြင်းလုပ်ငန်းရပ်မှာ အသုံးတည့်သော လုပ်သားကောင်းတစ်ဦးအဖြစ် ရပ်တည်စေခဲ့သည်မဟုတ်လော။

ပေါလုသည် နောင်တရပြီဖြစ်သောကျွန်ကို မိမိ၏သားရင်းကဲ့သို့မှတ်၍ လက်ခံပါရန် ဖိလေမုန်အားတောင်းပန်၏။ "ထိုသူကိုသင့်ထံသို့ငါပြန်စေသည်ဖြစ်၍၊ သူ့ကိုငါ့ရင်သွေးကဲ့သို့မှတ်လျက်လက်ခံလော့" ဟု ပေါလုပြောပါသည်။

ဖိလေမုန်သည် မိမိကျွန်၏ ဩနေသိမ်စိတ်သဘောထားနှင့်အမူအရာကိုသိနှင့်ပြီးသားဖြစ်၏။ သို့တစေလည်း ပေါလုစာရေးလိုက်ပုံကိုရှုပါ။ "သို့ဖြစ်၍ သင်သည်ငါ့ကိုအပေါင်းအဖေါ်ကဲ့သို့မှတ်လျှင်၊ သူ့ကိုငါကဲ့သို့ပင်လက်ခံလော့။ သူသည်သင်၌ ပြစ်မှားခြင်း၊ ကြွေးတင်ခြင်းတစ်စုံတစ်ခုရှိလျှင် ငါ့အတွက်အတာမှတ်လော့။ ဆပ်ပေးမည်ဟုငါပေါလုသည် ကိုယ်လက်နှင့်ရေးထား၏။"

ခရစ်တော်၏ ချစ်ခြင်းမျိုးနှင့်နှိုင်းယှဉ်ကောင်းသော သာဓကတစ်ခုပါတကား။ ဘုရားသခင်အားနှစ်ပေါင်းများစွာ မိမိလုပ်အပ်သောအမှုကိုမပြု အချိန်ကိုလုယူသောအပြစ်နှင့်မကင်းသူတစ်ဦး၏ ပေးရမည့်ကြွေးမြီးကို ချေဖျက်ရန်အကြောင်းမရှိပါ။ သို့သော် ယေရှုသခင်က ထိုအကြွေးကိုသူဆပ်ပါမည်ဟုပြောပါသည်။ သူ၏ ကိုယ်စားသည် အပြစ်ဒဏ်ကိုခံမည်ဟုပြောနေပါသည်တကား။

ပေါလုက မိမိသည်တမန်တော်တစ်ပါးဖြစ်ရန်မထိုက်တန်။ ဤသို့ဖြစ်ရ၍ဘုရားသခင်၏ကြီးမားသောကျေးဇူးပြုခြင်းကို ခံစားရကြောင်း ဖိလေမုန်ကိုအသိပေးပြောကြားလိုက်ပါသည်။ ဤသည်မှာလည်း ဘုရားသခင်က မိမိ၏ပြောင်းလဲပုံကိုပုံပမာအဖြစ်ပြုပေးလိုက်သည်မဟုတ်ပါလား။

သူ၏ ရက်ရောမှုများသည် သန့်ရှင်းသူတို့အား ပြန်လည်လန်းဆန်းစေဘိသကဲ့သို့ တမန်တော်ကြီး၏ တောင်းပန်ချက်ကို ဖိလေမုန်သည် လိုက်လျောသဖြင့် ဆံဖြူနေပြီဖြစ်သော ပေါလုအား စိတ်သက်သာရာရစေရုံမျှမက ဝမ်းမြောက်စေလိမ့်မည်ဟု မျှော်လင့်မိပါသည်။ "သင်သည်နားထောင်မည်ဟု ယုံမှားခြင်းမရှိသည်သာမက၊ ငါပြောသည်ထက်သာ၍ပြုမည်ဟုအမှန်သိလျက်ငါရေးလိုက်ပါ၏" ဟုပေါလုဆို၏။

ဖိလေမုန်ထံရေးစာကိုထောက်သော် သခင်နှင့်ကျွန်စပ်ကြားဆက်ဆံရေး၌ ဧဝံဂေလိတရားတော်၏ဩဇာလွှမ်းမိုးမှုမည်မျှရှိသည်ကို ဖေါ်ပြပါသည်။ ရောမအင်ပါယာကြီးမှာ ကျွန်ထားသည်စနစ်သည်ရှိ၏။ ပေါလုအမှုတော်ဆောင်သောနေရာများမှာ အသင်းတော်၌သခင်နှင့်ကျွန်တို့ကိုတွေ့ရပါသည်။ မြို့ကြီးပြကြီးများတွင် ကျွန်ဦးရေသည်များသောကြောင့် ၎င်းတို့ကိုအုပ်ချုပ်ထားရှိနိုင်ရန် ကြီးလေးသောတရားဥပဒေများကို လိုအပ်သလိုပြဌာန်းထား၏။ ကြွယ်ဝသောရောမလူမျိုးသူဌေးတစ်ဦးလျှင် ရာနှင့်ချီ၍ ကျွန်များကိုထားရှိတတ်လေသည်။ မိမိကျွန်တို့အား သခင်သည် အသက်ရောခန္ဓာပါလုံးဝထိန်းချုပ်ပိုင်၏။ နာကျင်ထိခိုက်စေချင်သလို သခင်သည် ကျွန်၌ရက်စက်၍ရလေသည်။ အကယ်၍ကျွန်သည် သခင်ကိုလက်တုံ့ပြန်သည်ဖြစ်စေ၊ မိမိကိုယ်ကိုကာကွယ်သည်ဖြစ်စေ၊ မိမိ၏ဆန့်ကျင်မှုအတွက် ထိုကျွန်နှင့်တကွ မိသားစုတစ်စုလုံးသည် လူမဆန်စွာအစုလိုက်အပြုံလိုက် အသတ်ခံရနိုင်ဖွယ်ရှိပါသည်။

တချို့သခင်တို့ကမူ လူသားဆန်ဆန်မိမိ၏ ကျေးကျွန်များအပေါ်ဆက်ဆံတတ်ကြပါသော်လည်း အများစုမှာသေသောက်ကြူး၍ သွေးသားအလိုရမ္မက်ကြီးသူများဖြစ်ကြသောကြောင့် မိမိ၏ ကျေးကျွန်တို့အပေါ် အာဏာရှင်ဆန်ဆန်ဆက်ဆံကာ ဥစ္စာပစ္စည်းသဖွယ်အသုံးချတတ်ပေသည်။ ခြုံငုံ၍ဆိုရပါလျှင် ကျွန်စနစ်တစ်ခုလုံးသည် အောက်တန်းကျစေသော မျှော်လင့်ချက်ကင်းမဲ့သည့်အရာတစ်ခုပင်ဖြစ်ချေသည်။

တမန်တော်ကြီးသည် ဤလူ့အဖွဲ့အစည်းတည်ဆောက်ပွဲကြီးကိုချက်ချင်းလက်ငင်းပပျောက်သွားအောင်လုပ်ရန်မဟုတ်ပါ။ ဤလူမှုစနစ်ကိုပြုပြင်ပြောင်းလဲချေကဧဝံဂေလိသတင်းစကားအောင်မြင်မှုကိုတားဆီးရာရောက်ပေလိမ့်မည်။

သို့သော်လည်းသူသည် အခြေခံကျကျကျွန်စနစ်၏ မူစည်းကမ်းများကိုဘုရားသခင်၏သဘောတော်နှင့်အညီ သွန်သင်ခဲ့ပါသည်။ "ဘုရားသခင်၏ဝိညာဉ်တော်တရားသည် လွတ်ခြင်းချမ်းသာကိုပေးတတ်၏။" (၂ကော ၃း၁၇) ကျွန်သည် ခရစ်တော်၌ပြောင်းလဲသောအခါ ခရစ်တော်၏ခန္ဓာကိုယ်အင်္ဂါတစ်ခုဖြစ်လာပါ၏။ သူ့အားညီအစ်ကိုတစ်ဦးကဲ့သို့ ဆက်ဆံမေတ္တာပြရပါမည်။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာတို့ကို ခံစားရန် သခင်နှင့်အတူ အမွေတော်ခံတစ်ဦးဖြစ်လာ၏။ တစ်ချိန်တည်းမှာပင် ကျွန်သည် မိမိ၏ တာဝန်ဝတ္တရားများကို

သစ္စာရှိစွာထမ်းဆောင်သွားရမည်ဖြစ်ပါသည်။ "လူတို့၏စိတ်ကိုနှူးညွတ်စေသော သူကဲ့သို့ မျက်မှောက်၌သာ နားထောင်သည်မဟုတ်၊ ခရစ်တော်၏ ကျွန်ကဲ့သို့ စေတနာစိတ်နှင့်ဘုရားသခင်၏အလိုတော်ကိုစောင့်၍. . . . . . . ဘုရားသခင်၏ အစေကိုခံသကဲ့သို့ ကြည်ညိုသောသဘောနှင့်အစေကိုခံကြလော့"ဟု ကျမ်းစာက သွန်သင်ထားပါသည်။ (ဧဖက် ၆း၆)။

သခင်နှင့်ကျွန်သည်လည်းကောင်း ရှင်ဘုရင်နှင့်တိုင်းသူပြည်သားတို့ သည်လည်းကောင်း ခရစ်တော်သခင်၏ သက်စွန့်မေတ္တာသွေး၌ ဆေးကြောသန့် စင်ခြင်းကိုခံရသောအားဖြင့် ဝိညာဉ်တော်တစ်ခုတည်း၏ သွန်သင်မှုအောက်မှာ ရှိသောကြောင့် ထိုသူအပေါင်းတို့သည် ခရစ်တော်၌တစ်လုံးတစ်ဝတည်းရှိလာ ပါသည်။

---ooo---

## အခန်း (၄၄)
## ဘုရင်မင်းစီဇာ၏ စံအိမ်တော်ရှိဆွေတော်မျိုးတော်များ

ဧဝံဂေလိသတင်းကောင်းသည် ဆင်းရဲသားအောက်ခြေလူတန်းစားအလွှာများထဲမှာအောင်မြင်လျက်နေသည်။သို့ဖြစ်၍ ပေါလုက "ခေါ်တော်မူသောသူတို့တွင် လောကပညာရှိအများမပါ။ ထင်ရှားသောလူကြီးများမပါ။ မင်းမျိုးမင်းနွယ်ဖြစ်သောသူအများမပါ" (၁ကော ၁း၂၆) ဟုဆို၏။ သို့တစေလည်း ဆင်းရဲနွမ်းပါး၍ မိတ်ဆွေမဲ့ဖြစ်နေသော အကျဉ်းသားပေါလုမှာ ရောမနိုင်ငံသားသူကောင်းမျိုးအထက်တန်းလွှာလူတန်းစားမှ အာရုံပြုမှုကိုမခံရပါဟူ၍တော့မထင်လိုက်ပါနှင့်။

ထိုသူတို့သည် လောဘ၊ ဒေါသ၊ မောဟနှင့်မကင်း၊ ပျော်ပါးချင်တိုင်းပျော်ပါးနေကြသူများဖြစ်သည်ကားမှန်၏။ သို့သော်လည်း ထိုသူတို့၏ ပင်ပန်းနွမ်းနယ်နေသည့်အဖိနှိပ်ခံကျေးကျွန်တို့ကား ပေါလုကြွေးကြော်သောသတင်းကောင်းကိုနားထောင်လက်ခံကြ၏။ ထိုမှလွန်သော် သူတို့သည် ခရစ်တော်သခင်၌ မျှော်လင့်ခြင်းနှင့်ငြိမ်သက်ခြင်းကို တွေ့ရှိခံစားခဲ့ရလေသည်။

ဤသို့လျှင်တမန်တော်ကြီး၏ ဧဝံဂေလိလုပ်ငန်းမှာ အခြေခံလူတန်းစားမှစ၏။ ထိုမှသည်တစ်ဆင့်စကားတစ်ဆင့်ကြား၍ ဧဝံဂေလိတရားတော်သည် ဘုရင်မင်းစီဇာနီးရိုး၏နန်းရင်ပြင်ထက်သို့တိုင်ရောက်ရှိပေါက်ကြားကာလွှမ်းမိုးသွားပါတော့သည်။

ထိုစဉ်က ရောမမြို့သည် ကမ္ဘာ့မြို့တော်ဟုဆိုရပါမည်။ စိတ်ကြီးဝင်နေသောဘုရင်စီဇာသည်လည်း ကမ္ဘာ့နိုင်ငံအနှံ့သို့ မိမိ၏ ဓမ္မသတ်ကျင့်ထုံးတို့ကို ဥပဒေအဖြစ်ပေး၍ စောင့်ရှောက်စေ၏။

ရှင်ဘုရင်နှင့်ရုံးရွှေတော်အပေါင်းတို့သည်လည်း၊ အညတရ နာဇရက်မြို့သားယေရှုကိုမသိ၊ လျစ်လျူရှုပြုကြ၏။ သိလျှင်လည်း ဂရုမစိုက်၊ မုန်းတီးရုံမက ပြောင်လှောင်သရော်ကြ၏။

သို့ဖြစ်ငြားလည်းနှစ်နှစ်တာကာလအတွင်းမှာဧဝံဂေလိသတင်း စကားသည် နန်းရင်ပြင်သို့ ထွင်းဖေါက်ရောက်ခဲ့ပါလေပြီ။ပေါလု၏ ဆိုစကားအရ "သို့သော်လည်း ဘုရားသခင်၏ နှုတ်ထွက်တရားတော်သည် ချည်နှောင်ခြင်းနှင့်ကင်းလွတ်၏။" (၂တိ ၂း၉)။

ယခင်နှစ်များကဆိုလျှင် တမန်တော်ကြီးသည် ခရစ်တော်သခင်၏ ယုံကြည်ခြင်းနှင့်ပတ်သက်၍ ရှင်ဘုရင်များ၊ မြို့ဝန်မင်းများ၊ ဂရိပညာရှိများနှင့် လူထုပရိသတ်ကြီးရှေ့မှာ မားမားမတ်မတ်ရပ်လျက် ဟောကြားခဲ့ပေသည်။ စိတ်နေမြင့်ကာ လောဘ၊ ဒေါသ၊ မောဟနှင့်ပြည့်နေသောအစိုးရမင်းတို့သည်လည်း ထာဝရဘုရား၏ နေ့ရက်မှာ ကြောက်မက်ဖွယ်ရာစီရင်ချက်များကို မြင်တွေ့ရသည့်အလား တုန်လှုပ်ချောက်ချားလျက်ရှိခဲ့ကြပေါသည်။

ယခုတော့တမန်တော်ကြီးသည် မိမိအားအကျဉ်းချထားသည့်နေရာမှာပင်မိမိအားလာရောက်လည်ပတ်သူတို့အဖို့ အမှန်တရားသက်သေခံဟောကြားနိုင်ခွင့်ရှိပေသည်။ ဤလိုမျိုးအချိန်မှာပင် လူထုတစ်ရပ်လုံးနှင့်အဆက်အသွယ်ပြတ်တောက်ခြင်းကို ခံနေရပါသော်လည်း ဧဝံဂေလိသတင်းကောင်းအတွက် အောင်လံတလူလူလွှင့်ထူနိုင်ခဲ့ပေသည်။ အကြောင်းမူကား၊အသင်းတော်ထဲသို့ ရှင်ဘုရင်၏အိမ်ထောင်မိသားစုမှ ခရစ်ယာန်များပေါ်ထွန်းခဲ့သောကြောင့်ပင်မဟုတ်ပါလော။

ရောမမြို့တော်ရှိနန်းရင်ပြင်မှာ ရှင်ဘုရင်နီးရိုးသည် ဘုရားသခင်နှင့်ပတ်သက်လာသူမက လူသားဆန်ဆန်နှလုံးသားနှင့်ကောင်းမှုများပြုမည်ဆိုသည်တိုင်အောင် မိမိ၏စိတ်နှင့်မတွေ့သော် ဖျက်ဆီးမည့်သဘောပင်ရှိလာပေသည်။ ထိုသက်ဦးဆံပိုင်ဘုရင်မင်း၏ ရံရွေတော်တို့သည်လည်း ၎င်းနှင့်မထူးမခြားနားပါ။ ကြမ်းတမ်းခက်ထန်ရာမှာသော်လည်းကောင်း၊ ညစ်ညမ်းယုတ်မာမှုမှာသော်လည်းကောင်း၊ မိမိကိုယ်ကို တိရစ္ဆာန်တမျှ ယုတ်နိမ့်စေမှုမှာသော်လည်းကောင်း၊ ဒီပုတ်ထဲက ဒီပဲပင်ဖြစ်၏။ သို့တိုင်အောင်လည်း နီးရိုးဘုရင်၏ နန်းတွင်းသားများထဲမှာပင်လျှင် ခရစ်တော်၏ ကပ်တိုင်တော်အလံကိုလွှင့်ထူထားဝံ့သည့် ယုံကြည်သူတချို့ရှိလေပြီ။ ထိုသို့ရွံ့ရှာမုန်းတီးကြောက်ရွံ့ဖွယ်ကောင်းသော မင်းမျိုးမင်းနွယ်ထဲမှာ ဘုရားသခင်၏ သားသမီးများအဖြစ် မိမိတို့၏ ယုံကြည်ခြင်းအတွက် ရှက်ကြောက်ခြင်းမရှိဘဲ၊ ခရစ်ယာန်များဖြစ်လာကာ ရပ်တည်နိုင်ခဲ့ကြသည်မှာ အံ့ဖွယ်တစ်ရပ်ပင်ဖြစ်ချေတော့၏ တကား။

ပေါလု၏ခံစားရခက်ခဲမှုဆင်းရဲခင်းတို့သည်ဧဝံဂေလိပျံ့နှံ့မှုကိုမတားဆီးခြင်း

မဖြစ်နိုင်ပုံရသောနေရာမျိုးမှာဖြစ်ပေါ်လာသည်ဟုဆိုကာထိုအမှုသည် သဘာဝထက်လွန်ကဲနေ၍မဟုတ်လော။ ခရစ်ယာန်သာသနာသည် လုံးဝမဖြစ်

နိုင်သောရက်စက်ယုတ်မာသည့်စီဇာနီးရိုးဘုရင်၏နန်းရင်ပြင်မှာ စတင်သန္ဓေတည်ကာမွေးဖွားသန့်စင်၍လာပါပြီ။ ပေါလုတမန်တော်ကြီးသည် အကျဉ်းသားဘဝနှင့်နီးရိုးဘုရင်မင်းကြီး၏ အိမ်ထောင်သားတချို့ကို ခရစ်တော်သခင်ထံသို့ စည်းရုံးပို့ဆောင်နိုင်လေပါပြီ။ ဤသည်ကို ဖိလိပ္ပိမြို့နေတပည့်တော်စုတို့အား ပေါလုကခွန်အားပေးပါသည်။ "ညီအစ်ကိုတို့၊ ငါ၌ရောက်သောအမှုအရာတို့သည် ဧဝံဂေလိတရားကိုမမြစ်တားသည်သာမက၊ ပြုစုရာဖြစ်သည်ဟု သင်တို့သိစေခြင်းငှာ ငါအလိုရှိ၏။" (ဖိလိပ္ပိ ၁း၁၂)။

ပေါလုသည်ရောမမြို့သို့အလည်အပတ်သွားမည်ဟု ခရစ်ယာန်အသင်းတော်များကြားခဲ့စဉ်က ပေါလုကိုဘက်စုံပညာတတ်ထားသူကြောင့် ဧဝံဂေလိတရားတော်သည် ရောမမြို့မှာအောင်မြင်၍ရေပန်းစားမည်ဟုထင်မှတ်ကြပေသည်။ အကြောင်းမူကား ပေါလုသည် ယုံကြည်ခြင်းမှာ ပြိုင်ဘက်မရှိချန်ပီယံဘွဲ့ထူးရှင်တစ်ယောက်မဟုတ်ပါလား။

ကမ္ဘာ့မြို့တော်၌ခရစ်ယာန်များတိုးပွားလာပေတော့မည်။သို့သော်လည်းပေါလုသည် ရောမမြို့သို့အကျဉ်းသားတစ်ဦးအနေဖြင့် သွားခဲ့လေပြီကော။ များစွာစိတ်ဓါတ်ကျဆင်းသူများရှိလေသည်။ မှန်းချက်နှင့်နှမ်းထွက်မကိုက်ဖြစ်ရပါလေပြီ။ လူမျှော်မှန်းချက်အပေါင်းတို့သည် ပျက်ကွက်ရ၏။ သို့သော်လည်း ဘုရားသခင်၏ အကြံတော်သည်တည်၏။ ပေါလုသည် အကျဉ်းသားတစ်ဦးအဖြစ်အပြစ်နွံတွင်းနစ်နေသော အပြစ်ကျေးကျွန်များစွာတို့အား လွတ်ငြိမ်းပေးခဲ့ပါသည်။

ဤသို့ဖြစ်ရခြင်းမှာလည်း သူသည်တရားမျှတမှုမရှိသော အကျဉ်းသားဘဝရှည်ကြီးမှာ ရွှင်လန်းလျက်နေခြင်းနှင့် သူ၏ရဲဝံ့ခြင်းနှင့်ယုံကြည်ခြင်းတို့သည် သူ၏ မပြတ်စဲသောတရားဟောချက်များဖြစ်သောကြောင့်ပါတည်း။ သူ၏ ပုံပမာအားဖြင့် ခရစ်ယာန်တို့သည် ဘုရားသခင်အတွက်အသက်ရှင်ဖို့ရန်ကြီးမားသောစိတ်အင်အားကိုဖြစ်စေပါ၏။သူ၏ အသုံးဝင်မှုတို့ကို ဖြတ်တောက်ခြင်းခံလိုက်ရသောအခါမှာ ပေါလုသည် လုံးဝမျှော်လင့်သော ခရစ်တော်သခင်အတွက်ကောက်နှံစပါးစည်းများစွာတို့ကိုလယ်ပြင်တို့မှာ ရိတ်သိမ်းရန်ခွင့်ရရှိခဲ့ပေသည်။

မိမိ၏နှစ်နှစ်တာမျှသောအကျဉ်းသားဘဝမျိုးကို အဆုံးသတ်ခါနီးမှာ ပေါလုသည် ဤသို့မြွက်ဆိုနိုင်ခဲ့ပေသည်။ "ထိုသို့သောအားဖြင့်ခရစ်တော်ကြောင့် ငါခံရသောချည်နှောင်ခြင်းအမှုအရာသည် နန်းတော်၌အနှံ့အပြားထင်ရှားသည်

သာမက ခပ်သိမ်းသောအရာ၌ထင်ရှား၏။” (ဖိလိပ္ပိ ၁း၁၃)။ ပေါလုသည်ဖိလိပ္ပိမြို့သားတို့ထံသို့ နှုတ်ဆက်စာများကို ရေးပို့သောအခါမှာ နန်းတွင်းသူနန်းတွင်းသားတို့လည်း ပါဝင်ကြသည်မို့ “ကဲသာ(စီဇာ)ဘုရင်၏နန်းတော်၌ နေသောသန့်ရှင်းသူတို့သည် အထူးသဖြင့်နှုတ်ဆက်ကြ၏” (ဖိလိပ္ပိ ၄း၂၂)ဟု ပေါလု၏မှတ်တမ်းမှာရှိပါသည်။

ကြေကွဲဝမ်းနည်းဖွယ်ဆင်းရဲခြင်းပြင်ထန်စွာခံစားနေရပါလျက်စိတ်ရှည်သည်းခံမှုနှင့် တည်ငြိမ်ရွှင်လန်းမှုတို့ကို ဖော်ပြနိုင်သောခရစ်ယာန်သည်လည်းကောင်း၊ သေမင်းနှင့်ရင်ဆိုင်နေရပါသော်လည်း ယုံကြည်ခြင်းသည် မလွင့်ပါးသွားဘဲ တည်ငြိမ်အေးချမ်းမှုရှိသူသည်လည်းကောင်း ထိုသူသည် အသက်ရှင်လျက် သစ္စာရှိစွာအမှုတော်ကိုထမ်းဆောင်ခဲ့သည့်အဖြစ်မျိုးထက် ပိုမို၍ဧဝံဂေလိတရားတော်အတွက် ပြီးမြောက်စုံလင်စေသူဖြစ်နိုင်ပါသည်။

ကျွန်ုပ်တို့၏အမြော်အမြင်သည်တိုလှပါ၏။ လူ့အမြင်အရ အရှုံးပင်ဖြစ်နေပါ သော်လည်း ဘုရား သခင်၏ထိုအရှုံးထဲမှအမြတ်ကိုပေါ်ထွန်းစေနိုင်ပါ၏။ ထိုအမှုသည် အံ့ဩဖွယ်လေးနက်သောဘုရားသခင်၊ သခင်၏စီမံချက်ကြီး ပါတကား။ ထိုနည်းလမ်းအားဖြင့်ဘုရားသခင်၏ အလိုတော်ပြည့်စုံလာသည်လည်းရှိပါ၏။

ခရစ်တော်သခင်၏စစ်မှန်သော သက်သေခံတို့မည်သည်ကားဘယ်သောအခါမျှအပယ်ရတနာမဖြစ်ရပါ။ ကျန်းမာသည်ဖြစ်စေ၊ဖျားနာသည်ဖြစ်စေ အသက်ရှင်လျက်နေသည်ဖြစ်စေ၊ သေသည်လည်းဖြစ်စေ၊ထိုသူတို့အား ဘုရားသခင်သည် အသုံးပြုသွားနေဆဲဖြစ်ပါ၏။ ပေါလုလက်ထဲမှာ ခရစ်တော်သခင်၏စေတမန်တို့မှာ စာတန်နတ်ဆိုးမင်း၏ ပယောဂနှိပ်ကွပ်ညှင်းဆဲမှုများစွာကိုခံခဲ့ရပေသည်။

တချို့လည်းအကျဉ်းချခံရ၏။တချို့လည်းတရွတ်တိုက်ဆွဲ၍နောက်ဆုံးမှာကပ်တိုင်တင်ရိုက်နှက်ခြင်းခံရ၏။အမှန်တရားအတွက်သူတို့တတွေခံစားခဲ့ရသည်တွင် အမှန်တရားသည် ပိုမို၍ကြီးကျယ်လာသောအောင်ပွဲကိုဆင်နွှဲခဲ့ရပေသည်။ ခရစ်တော်သခင်၏ယုံကြည်ခြင်းမှာ သံသယဝင်ခဲ့ရသူတွေ၊ထိုအမှုတော်ကြောင့်စိတ်နှလုံးအသက်ဝိညာဉ်ပြောင်းလဲလာကာသခင့်အတွက်မားမားမတ်မတ်ရပ်တည်ခဲ့ကြသူတွေဒုနှင့်ဒေးရှိခဲ့၏။ မာတုရသေခြင်း၏ ပြာမှုန့်တို့သည်ဘုရားသခင်အတွက်ကောက်နှံစုကြီးအဖြစ်သို့ ကူးပြောင်းခဲ့ရလေပြီမဟုတ်ပါလား။

ပေါလုသည် ကြောက်ရွံ့ဖွယ်အဆီးအတားအနှောင့်အယှက်များဝန်းရံလျက်ရှိနေသော ဘုရင်မင်းနီးရိုး၏ မင်းမှုထမ်းအစေခံတို့ကို နောင်တရရန်နှင့် ခရစ်တော်သခင်၌ယုံကြည်ပါသည်ဟု ဖိတ်ခေါ်ခြင်းသည် အချည်းနှီးသက်သက်ဖြစ်ပါလိမ့်မည်ဟုဆိုလျှင် ဆိုနိုင်သည်မဟုတ်လော။ အကယ်၍ ထိုသူတို့သည် စိတ်နှလုံးပြောင်းလဲပြီး၍ အမှန်တရားအတိုင်းကျင့်သုံးအသက်ရှင်သွားလိုကြသည် ဆိုဦးတော့၊ အဘယ်မှာလျှင် ယုံကြည်သည်အတိုင်းနားထောင်သက်ရှင်ကာ နေနိုင်ပါမည်နည်း။

ခက်ပေလိမ့်မည်။ သို့သော်လည်း ယုံကြည်ခြင်းအားဖြင့် ပေါလုသည် ဧဝံဂေလိသတင်းကောင်းကို ကြွေးကြော်ခဲ့လေပါပြီ။ ကြားနာခဲ့ရသူတချို့ သည် တရားတော်ကို ယုံကြည်နားထောင်ရန်ဆုံးဖြတ်ခဲ့ကြ၏။ အသက်ဘေးရန်ဝန်းရံနေလင့်ကစား၊ ထိုသူတို့သည် အမှန်တရားအလင်းကို လက်ခံကာ ထိုအလင်းကိုတစ်ပါးသူတို့အား လက်ဆင့်ကမ်းနိုင်အံ့သောငှာ၊ ဘုရားသခင်ကူမတော်မူမည်အကြောင်းကို ယုံကြည်ကိုးစားကြပေသည်။

ထိုသို့ပြောင်းလဲလာကြသော ယုံကြည်သူကဲသာဘုရင်၏အိမ်ထောင်သားတို့သည် ခရစ်ယာန်ဖြစ်လာကြသောကြောင့် မိမိတို့၏ရာထူး၊အလုပ်အကိုင်ပတ်ဝန်းကျင်ကိုကျောခိုင်းမသွားခဲ့ပါ။ ဝါသနာအလိုက် စရိုက်ချင်းကား ရှေးကနှင့်လားလားမျှမတူတော့ပါချေ။ အမှန်တရားသည် ထိုသူတို့အားထိုနေရာမျိုးမှာ တွေ့ရ၏။ ထိုနေရာမျိုးမှာပင် ထိုသူတို့သည် အမှန်တရား၌ သစ္စာရှိစွာကျန်ရစ်နေလေသည်။ ဤသို့ပြုခြင်းသည် မိမိတို့၏ သစ်ဆန်းသော ယုံကြည်ချက်၏ ပြောင်းလဲစေနိုင်သောတန်ခိုးတော်ကို ဆက်လက်၍ သက်သေခံရန်ဖြစ်သည်မဟုတ်ပါလား။

## ခရစ်တော်အတွက်သက်သေခံခြင်းမျာ အခြေအနေကြောင့်ဟု ဆင်ခြင်ပေးစရာမလိုအပ်ခြင်း

စီဇာနီးရိုးဘုရင်မင်း၏ နန်းရင်ပြင်မှာရှိသော တပည့်တော်စုတို့ကို ဆင်ခြင်ကြည့်ပါ။ ရှင်ဘုရင်သည် လူမှုရေးသောင်းကျန်း၏။ ကိုယ်ကျင့်တရားပျက်ပြားချို့ယွင်း၏။ ရင်ပြင်တော်မှာ အရှက်ကင်းသူတစ်ဦးဖြစ်ပေသည်။ သို့တိုင်အောင်လည်း ထိုခရစ်ယာန်တို့သည် မိမိတို့၏သစ္စာရှိမှုကို ထိန်းသိမ်းထား၏။ ထိုသူတို့ဝန်းကျင်မျာ ဆူးငြောင့်ခလုပ်၊ ဘေးရန်တို့သည် မကျော်လွှားနိုင်

လောက်အောင် တောင်ပုံရာပုံဖြစ်နေပါစေဦးတော့၊ ခရစ်ယာန်တစ်ယောက်သည် အမှန်တရားအတွက်ဆင်ခြင်ပေးကာ ကျောခိုင်းမသွားပါ။ ယေရှုသခင်ကဲ့သို့တည်ကြည်နေမည်ဖြစ်ပါသည်။ စုံစမ်းစစ်ဆေးမှုကိုလည်း ရှောင်တိမ်း၍မသွားပါ။ ခေါင်းမရှောင်ပါ။ ထိုသို့ခေါင်းရှောင်သော် သူသည် သခင့်ကိုကိုယ်စားပြုခြင်းအမှုမှာ မမှန်ကန်တော့ပါ။ ဘုရားသခင်သည် မတရားပါဟု သက်သေထူပေးနေသကဲ့သို့ဖြစ်၏။

ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာဖွေသောသူသည် လောကရေးရာအခက်အခဲများကြောင့် ဝိညာဉ်ရေးကိုဘေးချိတ်ထားမည်မဟုတ်ပါ။ မြေကြီးအရာသည် သူ့အားစိုးမိုးဖို့ရန် မစွမ်းဆောင်နိုင်ပါ။ ဘုရားသခင်ထံဆုတောင်း၍ နှုတ်ထွက်တရားတော်ကိုလေ့လာခြင်းဖြင့် သူသည် အင်အားတိုးပွားလာကာ ကောင်းမှုကိုရှာဖွေ၍ အကျင့်ပျက်ပြားမှုကိုရှောင်ကြဉ်မည်ဖြစ်ပါသည်။

အမှန်တရား၏ သခင်သည် မိမိ၏ ကတိတော်မြတ်ရှိသည်အတိုင်း၊ အခြေအနေတိုင်းမှာ လုံလောက်သော ကျေးဇူးတော်နှင့်အကူအညီအမ အစကိုပေးပါလိမ့်မည်။ ထိုသခင်၏စောင့်မကြည့်ရှုမှုအောက်မှာကျွန်ုပ်တို့သည်ငြိမ်အေးမှုကိုခံယူလျက် ဤသို့ပြောဆိုနိုင်ပါသည်။ "အကျွန်ုပ်သည်ကြောက်ရွံ့သောအခါကိုယ်တော်၌ခိုလှုံပါမည်။" (ဆာလံ ၅၆း၃)

ယေရှုသခင်၏သက်တော်စဉ်ကိုဆင်ခြင်အောက်မေ့သတိရပါ။ထိုသခင်သည်မည်သို့သောပတ်ဝန်းကျင်မျိုးနှင့်မဆို ရင်ဆိုင်ရပါသော်လည်း၊အစွန်းအထင်းမရှိခဲ့ပါချေ။ ထိုဉပမာတို့ကို ကျွန်ုပ်တို့သည် အတုယူရာ၏။ အခက်အခဲစမ်းသပ်မှုစုံလင်စွာနှင့်လွတ်ကင်းရန်ထက် ထိုအခြေအနေမျိုးနှင့်ရင်ဆိုင်နေရစဉ် ကောင်းကင်ဘုံခမည်းတော်ကို ယုံကြည်အားကိုးကာအောင်မြင်ခြင်းအားဖြင့် ခရစ်ယာန်အကျင့်ကို တိုးတက်မြင့်မားစေပါသည်။ ပစ်ပယ်ခံဘဝနှင့် အနှောင့်အယှက်များစွာတို့သည် ခရစ်ယာန်တစ်ယောက်ကိုပိုမို၍ ဆုတောင်းစေပါ၏။ ကောင်းကင်ထက်မှအကူအညီပေးသူကို အထူးသဖြင့် လိုအပ်ကြောင်း ထင်ရှားလျက်ရှိ၏။ သို့ဖြစ်၍ စုံစမ်းမှုအခက်အခဲသည် ပြင်းထန်ပါသော် စိတ်ရှည်သည်းခံမှုကိုတိုးပွားစေ၏။ ထာဝရဘုရားသခင်၌ ခိုလှုံ၍ ဖွဲလုံ့လဝီရိယနှင့်လေးနက်သောကိုးစားမှုကိုလည်း ဖြစ်စေပါသည်။ ခရစ်ယာန် ယုံကြည်ခြင်းကြီးသူအတွက် နာကြည်းမှုခံစားရလေ၊ အားအင်တိုးပွားလေဖြစ်၏။ သခင့်လက်ထဲ၌

အရာရာကိုအပ်နှင်းနိုင်သမျှမှာ အောင်နိုင်သူဖြစ်ရလေသည်။ နေ့တိုင်းအစဉ်မိမိသဘောအလိုဆန္ဒကိုမလိုက်၊ အသေခံသကဲ့သို့ဖြစ်သော်လည်း အသက်ရှင်ကာပျော်ရွှင်လျက်ရှိရသည်မဟုတ်လော။ ကပ်တိုင်တော်အတွက် ဝန်ဆောင်ခြင်းသည် ဘုန်းတော်နှင့်ပြည့်ဝသော အသက်သရဖူကိုအောင်မြင်ဆွတ်ခူးနိုင်ရန်မဟုတ်ပေလော။

---ooo---

# အခန်း(၄၅)
# ရောမမြို့တော်မှပေါလုရေးလိုက်သောစာစောင်များ

(ဤအခန်းသည် ကောလောသဲနှင့်ဖိလိပ္ပိဩဝါဒစာစောင်တို့ကိုအခြေခံသည်)

ပေါလုသည် ဘုရားသခင်ပြတော်မူသည့် ထူးဆန်းသောမြင်ခြင်းနှင့် ဖေါ်ပြချက်(မြင်ကွင်းကျယ်ရုပ်မြင်သံကြား)တို့ကို အသိအမှတ်ပြုပေသည်။ဧဝံဂေလိသတင်းစကားကို သူသည်နားလည်ရာ၌လည်း "အကြီးဆုံးသောတမန်တော်အောက် အလျှင်းမယုတ်ညံ့" ကြောင်းကို ပြောပါသည်။

ခရစ်တော်သခင်၏ချစ်ခြင်းတည်းဟူသော ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ပေါလုသည် ရှင်းလင်းပြတ်သားစွာနားလည်သကဲ့သို့ တစ်ပါးသူအားနားလည်စေလိုသောဆန္ဒရှိ၏။

သို့ဖြစ်၍ "သင်တို့သည် သန့်ရှင်းသူအပေါင်းတို့နည်းတူ၊ အနံ၊ အလျား၊ အနက်၊အမြင့်တို့ကို ပိုင်းခြားသိခြင်းငှာလည်းကောင်း၊ ကိုယ့်ဉာဏ်နှင့် မသိနိုင်သောခရစ်တော်၏ မေတ္တာတော်ကိုသိနားလည်ခြင်းငှာလည်းကောင်း၊ သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ ပြည့်စုံတော်မူခြင်း ရှိသမျှ နှင့်အညီ ပြည့်စုံပါမည်အကြောင်း ငါသည် ဆုတောင်းလေ့ရှိ၏။" (ဧဖက် ၃း၁၈၊၁၉)ဟု ပေါလုဆိုပါသည်။

ပေါလုမြင်တွေ့ခဲ့သော ဘုရားသခင်ဖေါ်ပြသည့်မြင်ကွင်းကျယ်ရုပ်မြင်သံကြားကို သူသည် နားမလည်သည်များရှိသောကြောင့် ရှင်းလင်းအောင်အားလုံးကိုမရေးပြနိုင်ခဲ့ပေ။ ဖတ်ကြားနာယူရသူတချို့မှာလည်း သူ၏စကားများကိုအလွဲအမှားယူမိကြ၏။

တဖြည်းဖြည်းနှင့်ဖေါ်ပြသည်များကို နားလည်ချိန်ရောက်လာသောအခါမှာ သတင်းစကားတို့ကို သူသည် စုစည်းရုပ်လုံးဖေါ်၍ အသင်းတော်များဆီသို့ပို့ဆောင်ပေးပါ၏။

ထိုသတင်းစကားများကြောင့်လည်း ဘုရားသခင်၏အသင်းတော်သည် အင်အားတိုးပွားလာရသည်မဟုတ်လော။ ယနေ့ ယုံကြည်သူသားသမီးတို့သည်လည်း အသင်းတော်ကို ခြိမ်းခြောက်နေသည့် ဘေးရန်မကင်းသောသတင်းစကားတို့ကိုမှတ်ယူအပ်ပေသည်။

ပေါလု၏စာကိုဖတ်ရှုကြားနာသောသူမှန်သမျှတို့၌ ပေါလုထားရှိသော ဆန္ဒမွန်မှာ၍သို့တည်း။ "သူတစ်ပါးတို့သည် လူပရိယာယ်နှင့်အပြစ်သို့သွေး ဆောင်ခြင်းငှာ လှည့်ဖြားပြောဆိုသဖြင့် ငါတို့သည် နောက်တစ်ဖန်ခပ်သိမ်းသော ဩဝါဒလေတိုက်၍ ဖရိုဖရဲလွင့်သွားသော သူငယ်မဖြစ်ဘဲလျက်. . . . "ငါတို့ ရှိသမျှသည် ယုံကြည်ခြင်းသို့လည်းကောင်း၊ ဘုရားသခင်၏သားတော်ကိုသိကျွမ်း ခြင်းသို့လည်းကောင်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းပ မာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏ အပြစ်သို့ရောက်ကြသည်တိုင် အောင်ဖြစ်သတည်း။" (ဧဖက် ၄း၁၄၊၁၃)။ "ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူကဲ့သို့. . . . ထိုအသင်းတော်သည် သန့်ရှင်းလျက်၊ အပြစ်ကင်းစင် လျက် အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့်လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသောအသင်းတော်ကို ခရစ်တော်သည် မိမိအားဆက် သအံ့သောငှာ. . . . ထိုအသင်းတော်အဖို့အလို့ငှာ ကိုယ်ကိုကိုယ်စွန့်တော် မူ၏။" (ဧဖက် ၅း၂၅၊၂၇)။

ဤသတင်းကောင်းတို့တွင် အခြေခံကျသော စည်းမျဉ်းများပါရှိသည် ဖြစ်၍ အသင်းတော်တိုင်းလိုက်လျှောက်အပ်ပေသည်။ ထာဝရအသက်သို့သွား ရာလမ်းကိုလည်း ရှင်းလင်းပီပြင်စွာဖော်ပြထားပါ၏။ ထိုသတင်းစကားကို လူ့ အင်အားတန်ခိုးနှင့်မရေး၊ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ရေးသားပြုစုထား ခြင်းဖြစ်ပေသည်။

ပေါလုသည်ရောမမြို့ရောက်အကျဉ်းသားတစ်ဦးအနေဖြင့်ကောလော သဲမြို့မှာရှိသော "သန့်ရှင်းသူတို့" ထံသို့ဝမ်းမြောက်စာရေးပို့ခဲ့ပါသေးသည်။ ဝမ်းမြောက်ရခြင်းအကြောင်းကား ထိုမြို့နေ တပည့်တော်စုတို့သည် မိမိတို့၏ ယုံကြည်ခြင်းမှာတည်မြဲသောကြောင့်ဖြစ်၏။ ပေါလု၏ ကလောင်သံကိုနားဆင ကြပါစို့။

"ငါတို့သည် ကြားရသည့်နေ့မှစ၍ သင်တို့အဖို့အလို့ငှာ အစဉ်မပြတ် ဆုတောင်းပြုလျှနေကြ၏။ ဆုတောင်းသောအချက်ဟူမူကား၊ သင်တို့သည် ကောင်းသောအကျင့်အမျိုးမျိုးတည်းဟူသော အသီးကိုသီးခြင်း၊ ဘုရားသခင်ကို သိသောဉာဏ်တိုးပွားခြင်းရှိသဖြင့်လည်းကောင်း၊ ဝမ်းမြောက်သောစိတ်နှင့်အ ရာရာ၌သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလို့ငှာ၊ ဘုန်းကြီးသော တန်ခိုးတော်အတိုင်း ခွန်အားနှင့်ပြည့်စုံသဖြင့်လည်းကောင်း၊ ခမည်းတော်ဘုရား၏ ကျေးဇူးတော်ကို

ချီးမွမ်းလျက် ဘုရားသခင်နှင့်ထိုက်လျောက်စွာကျင့်ဝံ အရာရာ၌နှစ်သက်တော်မူစေခြင်းငှာ ပညာအမျိုးမျိုး၊ အမှန်တရားဉာဏ်အမျိုးမျိုးအားဖြင့် အလိုတော်ကို အကုန်အစင်နားလည်ပါမည်အကြောင်း ဆုတောင်းပြု၏။"

ဘုရားသခင်၏ချစ်သားသမီးတို့အဖို့ ဘုရားသခင်စီမံထားရှိပေးသော ကောင်းချီးမင်္ဂလာတို့သည် အကန့်အသတ်မရှိပါချေ။ ထိုမင်္ဂလာအပေါင်းတို့သည်ဆက်လက်၍သာ တိုးပွားများပြားနေကြမည်ဖြစ်၏။ "အလင်း၌နေသော သန့်ရှင်းသူတို့၏အမွေကို ငါတို့သည် ဆက်ဆံဝင်စားရသည့်" တိုင်အောင်ဖြစ်သတည်း။

ဖန်ဆင်းရှင်ယေရှုခရစ်တော်

တမန်တော်ကြီးသည် ခရစ်တော်သခင်အား အရာအားလုံးကိုဖန်ဆင်းတော်မူသောဘုရားသခင်အဖြစ်ချီးမြှောက်ထားပါသည်။ လူသားတစ်နွယ်လုံးအတွက် လက်ဝါးကပ်တိုင်ပေါ်မှာ အသက်တော်ကိုစွန့်ခဲ့သော လက်ဖဝါးတွေမှာ အမာရွတ်နှင့်ခရစ်တော်သည် ဤကမ္ဘာမြေကြီးကို ဤအာကာဝေဟင်ပြင်မှာ စောင့်ထိန်းကြပ်မတ်သော ဘုရားသခင်ဖြစ်၏။ ကျမ်းအဆိုအရ "ထိုသားတော် (ယေရှုခရစ်တော်) သည်ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသောမြင်ရသောအရာ၊ မမြင်ရသောအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်း တန်ခိုးဖြစ်စေ၊အထွတ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်လည်းကောင်း၊ ထိုသခင်အဖို့အလို့ငှာလည်းကောင်းခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။"

ဘုရားသခင်၏ သားတော်ယေရှုသည် ဤကမ္ဘာလောကကြီးသို့ကြွဆင်းလာခဲ့ရာ၌ "ထိုသူသည် ငါ (လူသား) တို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။" (ဟေရှာယ ၅၃း၅)။ ထိုသခင်သည် လူသားစစ်စစ်ပင်ဖြစ်၍ ကျွန်ုပ်တို့ကဲ့သို့ဖြစ်၏။ သူသည် ကျွန်ုပ်တို့ကဲ့သို့ဆာလောင်မွတ်သိပ်တတ်၏။ ရေငတ်၍စိုးရိမ်သောကဖြစ်တတ်ပေသည်။ ထမင်းဆာသော် စားသောက်၍အိပ်စက်အနားယူခြင်းဖြင့် ပြန်လည်လန်းဆန်းတတ်သည်။ ယနေ့အမျိုးသား၊ အမျိုးသမီးများတို့ကဲ့သို့ပင် စုံစမ်းသွေးဆောင်မှုအမျိုးမျိုးနှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ရပေသည်။ သို့သော်လည်း ထိုသခင်သည် အပြစ်နှင့်လုံးဝကင်းစင်သောအသက်တာဖြင့် နေထိုင်ခဲ့ပါသည်။

ကောလောသဲမြို့နေယုံကြည်သူသားသမီးတို့သည် ယဇ်နတ်ပူဇော်ပသသူတိုင်း တစ်ပါးယဉ်ကျေးမှုကိုယူသော ထုံးစံဓလေ့ ဩဇာလွှမ်းမိုးမှုပတ်လည်ကြားမှာ နေထိုင်သက်ရှင်ကြပါ၏။ သို့ဖြစ်၍ ဧဝံဂေလိသတင်းကောင်း၏ရိုးစင်းမှုမှသွေဖည်ကာ လမ်းကြောင်းလွဲသွားမည်ကို ပေါလုစိုးရိမ်ပါ၏။ သို့ဖြစ်၍ ထာဝရအသက်အတွက် လုံးဝအားကိုးအားထားရာဖြစ်သောသူမှာ ခရစ်တော်ပင်ဖြစ်ကြောင်း ညွှန်ပြခဲ့ပေသည်။ ဆက်လက်၍ပေါလုက "အဘယ်မည်သောသူမျှဖြားယောင်းသောစကားအားဖြင့် သင်တို့ကို မလှည့်ဖြားစေခြင်းငှာ ဤစကားကိုငါပြောဆို၏။

သင်တို့သည် သခင်ယေရှုကိုခံယူပြီးသည်ဖြစ်၍ ထိုသခင်၌စိုက်ပျိုးခြင်း၊ တည်ဆောက်ခြင်းရှိလျက် နည်းဥပဒေကိုခံပြီးသည်အတိုင်း ယုံကြည်ခြင်း၌ မြဲမြဲစွာစွဲလမ်းလျက် ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်း တိုးပွားပြည့်စုံလျက်၊ ထိုသခင်၌ကျင်လည်ကြလော့။" . . . . . . ခရစ်တော်၏ တရားကိုမလိုက်၊ လူအဆက်ဆက်ခံသောနည်းဥပဒေသနှင့် လောကတရားနုကိုလိုက်၍လောကပညာနှင့်အချည်းနှီးသော ပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှမလုယူမဖျက်ဆီးစေခြင်းငှာ သတိပြုကြလော့" ဟုလည်းဆိုပါသည်။

နောင်ကာလနှင့်ပတ်သက်၍ ခရစ်တော်သခင်ကြိုဟောခဲ့သည်များကိုလည်းကြည့်ပါ။ လှည့်ဖြားသူဘာသာရေးအရေခြုံတွေတိုးပွားများပြားလာသလို မကောင်းမှုအပြစ်တို့သည် နေရာယူလျက်၊ လူအများတို့၏ ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်ဟု ဆိုပါသည်။ (မဿဲ ၂၄း၁၂)။ အသင်းတော်သည် ဤကဲ့သို့သောအပြစ်များမှာ ပိုမို၍ဘေးရန်တွေ့ကြုံနိုင်ကြောင်း၊ ပွင့်လင်းစွာနှိပ်စက်ညှင်းဆဲသူရန်သမားတို့ကား ထိုလှည့်ဖြားမှုမျိုးလောက်မများလှကြောင်း ပြောပါသည်။ ထိုသို့သော ပုရောဖက်အတုအယောင်များကို အသင်းတော်သည်လက်ခံခြင်းအားဖြင့်လည်း အသင်းတော်မှာ ယုံကြည်ခြင်း၌ နုနယ်သေးသည်။ တပည့်တော်စုသစ်တို့အတွက် အပြစ်အမှားများကိုကြိုဆိုလျက် လမ်းခင်းပေးနေသလိုဖြစ်ပေသည်။ သို့ဖြစ်၍ ခရစ်တော်သခင်၏ သွန်သင်ချက်များနှင့်မညီညွတ်သောဩဝါဒအပေါင်းကို ပယ်ရှားပစ်ရမည်ဖြစ်၏။

ပေါလုလက်ထက်က တွေးခေါ်မှုပညာရှင်ကြီးများပေါ်ထွန်းခဲ့ကြသဖြင့် ဘုရားသခင်၏ နှုတ်ထွက်ကျမ်းစာတော်မြတ်ကို အတိုက်အခံပြုပြောဆိုဖျက်ဆီးကြသည်များရှိပါ၏။ယခုခေတ်ကြုံတွေ့ရလေသမျှသောနှုတ်ထွက်စကားတော်ကို

ပြင်းထန်စွာတိုက်ခိုက်ခြင်း၊ ဆင့်ကဲဖြစ်စဉ်သီအိုရီ၊ သေသူဝိညာဉ်နှင့်ပြန်လည် စကားပြောခြင်း၊ ဘုရားသခင်ကိုစူးစမ်းပညတ်သောပညာနှင့်ဘုရားသခင်များစွာ ကို ကိုးကွယ်ယုံကြည်မှုတို့သည် ဖြောင့်မတ်ခြင်းတရား၏ ရန်သူများဖြစ်၍အ သက်ဝိညာဉ်များစွာကိုငရဲသို့ လမ်းညွှန်ပို့ဆောင်နေပါသည်။ ကမ္ဘာ့လူသားများ စွာတို့သည်ပင်လျှင် သမ္မာကျမ်းစာကို ဆီမရှိသောမီးခွက်ဟု ပြောနေကြပါပြီ။ အကြောင်းမှာ ထိုသူတို့သည် အဝေးမှနေ၍ ကျမ်းစာကိုရှုထောင့်စုံနှင့်သာကြည့် ပြီး မိမိဆန္ဒအရမှတ်ချက်ချကြသည်။ တကယ်တမ်းမှာတော့ မိမိတို့အတွက်ကျမ်း စာသည်အကျိုးရှိကြောင်းကို မဆင်ခြင်၍ မမြင်သောလိုဏ်ဂူကြီးကိုပင် ကျော် ၍သွားသည့်နှယ်တည်း။ ထို့ကြောင့် ထိုသူတို့အတွက် သမ္မာကျမ်းစာသည်ဖတ် လေပို၍ရှုပ်ထွေးလေဖြစ်ရသည်မဟုတ်လော။

ပြင်းထန်သောပြစ်တင်ရှုပ်ချမှုများ၊ လုံးချင်းမဟုတ်-ဖြတ်တောက်ခဲ့ စိတ်ကာ မိမိသဘောဆန္ဒနှင့်ဆီလျော်သောအချက်များကိုသာရည်ရွယ်၍ လေ့ လာမှတ်သားခြင်း၊ မှန်းဆရော်ရမ်းကာတွေးမြင်ချက်များကို အတည်ပြုခြင်း၊ တရားဟောရာကျမ်းအတိုင်းမဟုတ်ဘဲ ငါဟောရာကျမ်းအဖြစ်သို့ သက်ရောက် စေရန် ပြန်လည်မွမ်းမံတည်ဆောက်ဖြည့်စွက်၊ ထုတ်နုတ်ခြင်းစသည်တို့သည် ခရစ်ယာန်ယုံကြည်ခြင်းကို ဖျက်ဆီးသည်နှင့်တူပြီး ပျက်စီးစေပါသည်။

လူ့အသက်တာကိုထိန်းချုပ်၍ အားသစ်လောင်းပေးနိုင်စွမ်းရှိသည့် ဘုရားသခင်၏နှုတ်ထွက်စကားတော်မှ တန်ခိုးအင်အားစုတို့ကိုလည်း လုယူဖျက် ဆီးရာကျပေသည်။ ဝိညာဉ်လောကပညာ၏ သွန်သင်ချက်များအရ၊ လူသားတို့ ၏ဆန္ဒအလိုသည်သာ အမြင့်ဆုံးဥပဒေသဖြစ်ကြောင်း၊ လွတ်လပ်မှုသည် လိုင် စင်ဖြစ်၍ လူသည် မိမိ၏လှုပ်ရှားမှုအတွက် မိမိကိုသာ ပြန်လည်ရှင်းတမ်းထုတ် ရမည်ဖြစ်ကြောင်း၊ ဘုရားသခင်ထံမိမိ၏ လုပ်ရပ်များစွာတို့အတွက် စာရင်းပြရှင်း တမ်းထုတ်ပေးရန် မလိုအပ်ကြောင်း ခေတ်အတွေးအခေါ်များက သွန်သင်နေ လေပါပြီ။

ခရစ်တော်သခင်နောက်တော်လိုက်သည်သမ္မာကျမ်းစာကိုဝိညာဉ်လော ကပညာဆန်ဆန်အနက်ပြန်ဆိုဖေါ်ထုတ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရပေမည်။ သို့ပါသော်လည်း သူသည် ထိုအနက်ပြန်ဆိုမှုတို့ကို လက်သင့်ခံမည်မဟုတ်ပါ။ ခရစ်တော်သခင်၏ သွန်သင်ချက်များနှင့်မညီညွတ်သည့် တွေးမြင်ပုံရှိသမျှကို သူသည် ပစ်ပယ်ရပါလိမ့်မည်။ ကျမ်းစာသည်သူ့အားတိုက်ရိုက်မြွက်ဆိုနေသည့်

ထာဝရဘုရားသခင်၏အသံတော်ဖြစ်ကြောင်းကို မှတ်ယူရပေမည်။ ခရစ်တော်သခင်က ဖေါ်ကျူးခဲ့သောထာဝရဘုရားကို သိကျွမ်းခြင်းပညာသည် ကယ်တင်ခြင်းရရှိပြီးသူတိုင်းမှာရှိသင့်ပါ၏။ ဤအသိပညာက လူ၏အကျင့်ကိုပြောင်းလဲစေ၏။ ထိုသိကျွမ်းခြင်းပညာမှလွဲ၍ ကျန်အရာရှိသမျှတို့ကိုဘာမျှမဟုတ်ဘဲအချည်းနှီးသက်သက်ပါဟု လူကိုနားလည်မှတ်သားစေပါသည်။

လူသားတို့၏ ခေတ်အဆက်ဆက်နှင့်နိုင်ငံအသီးသီးတို့မှာ အကျင့်ဆောက်တည်မှုအတွက် ချမှတ်ထားသော အုတ်မြစ်ကျောက်အစစ်အမှန်သည် အတူတူပင်ဖြစ်၏။

ထိုအခြေခံမူစည်းမျဉ်းတို့သည် ထာဝရဘုရားသခင်၏နှုတ် ထွက်စကားတော်မြတ်မှာ တွေ့မြင်ရပေသည်။ ထိုနှုတ်ထွက်စကားတော်နှင့်သာလျှင် တမန်တော်ကြီးပေါလုသည် သူ့အချိန်အခါမှာ ရေပန်းစားနေသောမှားယွင်းသီအိုရီများကို ရင်ဆိုင်ဖြေရှင်းခဲ့၏။ လေ့လာကြည့်ပါလော။ "အကြောင်းမူကား၊ယေရှုခရစ်တည်းဟူသော ချလျက်ရှိသော တိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်။" (၁ကော ၃း၁၁)။

ခရစ်ယာန်အသက်တာမှာ နောက်ကိုမဆုတ်ဘဲ ရှေ့ကိုသာအစဉ်မှန်းမျှော်လျက် မပြတ်ကြိုးစားအားထုတ်ရန်မမေ့အပ်ကြောင်းကို ပေါလုသည်ကောလောသဲမြို့နေယုံကြည်သူတို့အား နှိုးဆော်ခဲ့ပါသည်။ သူ၏ စာကိုဖတ်ကြည့်ပါ။

"အထက်ဆိုခဲ့ပြီးသည်အတိုင်း သင်တို့သည် ခရစ်တော်နှင့်အတူထမြောက်ကြသည်မှန်လျှင် ဘုရားသခင်၏လက်ယာဘက်မှာ ခရစ်တော်သည်ထိုင်နေတော်မူရာအရပ်၌ ရှိသောအထက်အရာတို့ကို ရှာကြလော။ မြေကြီးပေါ်မှာရှိသောအရာတို့ကို စွဲလမ်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာစိတ်စွဲလမ်းခြင်းရှိကြလော့။ အကြောင်းမူကား၊ သင်တို့သည် သေသောသူဖြစ်၍ သင်တို့အသက်သည် ခရစ်တော်နှင့်အတူဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။"

## အရိုးစွဲနေပြီဖြစ်သောအကျင့်ဓလေ့သံကြိုးကြီးများကို ဘယ်ကဲ့သို့ချိုးဖျက်မည်နည်း

ခရစ်တော်သခင်၏တန်ခိုးတော်အားဖြင့်ကျွန်ုပ်တို့သည်အပြစ်လုပ်ချင်သောအကျင့်ဓလေ့များကိုပပျောက်စေနိုင်ပါသည်။သံကြိုးကြီးတမျှတောင့်တင်း

လှပါသောအကျင့်ဆိုးများကို သခင်ပေးသောတန်ခိုးတော်ဖြင့် ဖျက်ဆီးပစ်နိုင်၏။ ထိုအခါ တစ်ကိုယ်ကောင်းသဘောတို့ပပျောက်သွားတော့၏။ ညစ်ညမ်းသူတို့ ကြည်ညိုလေးစားဖွယ်ဖြစ်လာသည်။ သေသောက်ကြူးတို့လုံ့လဝီရိယနှင့်လူဖြစ်လာ၏။ အရှက်ကင်းမဲ့သောသူတို့ဖြူစင်လာကြပါလေပြီ။ ဤပြောင်းလဲခြင်းတို့ကား အံ့ဩဖွယ်တကားတို့တွင် အံ့ဩဖွယ်အကောင်းဆုံးဖြစ်သည်မဟုတ်လော။ ဘုန်းတော်နှင့်ပြည့်စုံသော ခရစ်တော်သခင်သည် သင်၌ရှိနေသောကြောင့် ပေတည်း။

ထာဝရဘုရား၏ဝိညာဉ်တော်သည်လူ၏ဇာတိစိတ်နှလုံးနှင့်အာရုံတို့ကို ထိန်းချုပ်ထားပြီးဆိုမှဖြင့် ပြောင်းလဲပြီဖြစ်သောထိုလူသားသည် အသစ်သောသီချင်းကိုကျူးအေးလာသည်။ သူ၏အပြစ်များကိုလည်း ဘုရားသခင်သည်ဖြေလွှတ်သဖြင့်အပြစ်လွှတ်ခြင်းအာရုံကိုရရှိ၏။ တစ်ချိန်ကဘုရားသခင်၏ပညတ်တရားကို ချိုးဖေါက်ခဲ့ခြင်းအတွက် သူသည် ယခုမှာတော့ နောင်တရလာပါပြီ။ ခရစ်တော်ဆီသို့ယုံကြည်ခြင်းနှင့် အကူအညီတောင်းတတ်လာပါပြီ။ မိမိအတွက်သခင်သည် အသက်တော်စွန့်ခဲ့သဖြင့် ဤသည်ကိုယုံကြည်ကြကုန်သော ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြလေပါပြီ။

သို့သော်လည်း ခရစ်ယာန်တစ်ယောက်သည် လက်ပိုက်ကြည့်နေရန် မဟုတ်ပါ။ ၎င်းအတွက် ဘုရားသခင်လုပ်ပေးလေသမျှကို သူသည် ကျေနပ်ရောင့်ရဲခြင်းရှိရုံနှင့်မလုံလောက်သေးပါ။

ဇာတိသဘောမကုန်သေးသည့် ကိုယ်ကာယတပ်မက်မှုများနှင့်ကျော်ကြားချင်စိတ်တို့ကို သူသည်ဖီလာဆန့်ကျင်ရမည်။ နေ့တိုင်းအစဉ်မိမိ၏ဆက်ကပ်မှုကိုအသစ်ပြုပြင်သင့်ပါ၏။ ဟောင်းသောအကျင့်ဆိုးများ၊ အမှားအယွင်းပြုရန်စိတ်တိမ်းညွတ်တတ်သော သဘောတို့ကိုမိမိသည် ချိုးနှိမ်ကာ ဝိညာဉ်ပကတိစိတ်သဘောလုပ်ရပ်အောက်မှာ တည်ရှိလာစေရမည်။ ဤဓလေ့ဆိုးများကို ဆန့်ကျင်တိုက်ဖျက်ရာ၌ ခရစ်တော်သခင်၏ခွန်အားဖြင့်သာလျှင် ရရှိနိုင်သည် မဟုတ်ပါလား။

"ထို့ကြောင့်သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့သနားစုံမက်ခြင်း၊ကျေးဇူးပြုခြင်း၊စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့။ တစ်ယောက်၌တစ်ယောက်အပြစ်တင်စရာအခွင့်ရှိလျှင် အချင်းချင်းသည်းခံ၍ အပြစ်ကို

လွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်ကိုလွှတ်တော်မူသကဲ့သို့ထို နည်းတူပြုကြလော့။”

အထက်မှလာသောတန်ခိုးနှင့်ဖြူစင်သောအသက်တာကိုကျွန်ုပ်တို့သည် အရေးတကြီးလိုအပ်နေ၏။ အကြောင်းမူကား၊ လောကရေးရာအခန်းကဏ္ဍများ၌ ကျွန်ုပ်တို့သည် အချိန်ယူများလျက် ကောင်းကင်နိုင်ငံတော်နှင့်ပတ်သက်၍ကား မစဉ်းစားမိသလောက်နည်းပါးလှပါသည်။ ဘုရားသခင်၏ အကြံတော်သို့အ ရောက်လှမ်းနိုင်ဖို့ရန် ခရစ်ယာန်တစ်ဦးသည် စိတ်မပျက်ရပါ၊ စိတ်ပျက်စရာ အကြောင်းလည်းမရှိပါ။ ခရစ်တော်သခင်၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့သည် အကျင့်ပိုင်းဆိုင်ရာနှင့်အသက်ဝိညာဉ်ငြိမ်းအေးပြည့်စုံနိုင်ပါသည်။ ဤသို့ရရှိခံ စားနိုင်ဘို့ရန် ဘုရားသခင်ပေးကတိတော်မြတ်သည် လူသားအားလုံးတို့အတွက် ဖြစ်သည်။

ထိုတန်ခိုးတော်၏ဇစ်မြစ်ကား ခရစ်တော်ပင်ဖြစ်သတည်း။ သို့ဖြစ်၍ သခင်ပို့ဆောင်ပေးသောသခင့်နှုတ်ထွက်စကားတော်ကိုဖတ်ပါ။ မှတ်ပါ၊လေ့လာ ပါ။ သခင်နှင့်အနီးကပ်စကားပြောကာ ဆုတောင်းပါ။ ကောင်းကင်ထက်ကတန် ခိုးတော်အစုံအင်အားစုများသည် အကျွန်ုပ်တို့အားဖြည့်တင်းကူညီရန် အသင့် ရှိနေကြလေပါပြီ။ ကျွန်ုပ်တို့၏ အသက်တာလှုပ်ရှားမှုခြေလှမ်းတိုင်းမှာ သခင် ၏ရှင်သန်မြဲဖြစ်သောတန်ခိုးတော်သည် ကူညီမစရန်အသင့်ရှိနေပါသည်။

## ယုံကြည်သူဖိလိပ္ပိအသင်းသူအသင်းတို့မည်ကဲ့သို့စုံလင်လာခြင်း

ပေါလုသည်ရောမမြို့မှာအကျဉ်းသားဘဝနှင့်ဇဝံဂေလိလုပ်နေပါသည်။ သူ၏လိုအပ်ရာများကို ဖိလိပ္ပိမြို့မှာရှိသော အသင်းတော်က ဧပဖြောဒိတ်ဆိုသူနှင့် ပါးလိုက်ပါသည်။ သူကားပေါလု၏ ညီအစ်ကိုလုပ်ဖော်ဆောင်ဘက်တစ်ဦးပေ တည်း။ ရောမမြို့မှာရှိနေစဉ် ဧပဖြောဒိတ်သည် သေလုမြောပါဖျားနာလျက်ရှိ ခဲ့သည်။ ပေါလု၏ မှတ်တမ်းလွှာကိုဖတ်ပါ။ “အကြောင်းမူကား၊ သူသည်နာ ကြောင်းကို (ဖိလိပ္ပိမြို့သား) သင်တို့ကြားသိသောကြောင့်၊ သူသည်သင်တို့အ ပေါင်းကိုလွမ်းဆွတ်၍ စိတ်မသာလျက်နေ၏။ သူသည် သေလုအောင်နာသည် မှန်၏။ ထိုအခါ ဘုရားသခင်သည်သူ့ကိုသနားတော်မူ၏။ သူ့ကိုသာ သနား တော်မူသည်မဟုတ်။ ငါ၌ဝမ်းနည်းခြင်းအဆင့်ဆင့်အထပ်ထပ်မရှိစေခြင်းငှာ ငါ့ကိုလည်းသနားတော်မူ၏။ ထိုကြောင့်သင်တို့သည် သူ့ကိုတစ်ဖန်တွေ့မြင်၍

ဝမ်းမြောက်စေခြင်းငှာလည်းကောင်း၊ ငါသည်လည်း သက်သာစေခြင်းငှာလည်းကောင်း သူ့ကိုငါစေလွှတ်၏။. . . . . ဝမ်းမြောက်သောစိတ်နှင့်သူ့ကိုလက်ခံကြလော့. . . . သင်တို့သည်ငါ့ကိုပြုစု၍ မပြည့်စုံသေးသောဝတ်ကို သူသည်ပြည့်စုံစေခြင်းငှာ ကိုယ်အသက်ကိုစွန့်စား၍ ခရစ်တော်၏ အမှုတော်ကြောင့်သေခြင်းသို့ရောက်လုနီးပြီ။"

ပေါလုသည်ဧပဖြောဒိတ်အားဖြင့်ဖိလိပ္ပိအသင်းတော်သို့စာရေးပို့လိုက်ပါသည်။ ပေါလုဆက်သွယ်သောအသင်းတော်များထဲမှ ဖိလိပ္ပိအသင်းတော်သည် သူ၏လိုအပ်ရာများကို အရက်ရောဆုံးထောက်ပံ့ပေးခဲ့၏။ ပေါလု၏ စာကိုမှတ်သားပါလေ။ "ငါလိုသောအရာကို သင်တို့သည် နှစ်ကြိမ်တိုင်အောင်ပေးလိုက်ကြ၏။ ထိုသို့ငါဆိုသော်၊ အလှူကိုရှာသည်မဟုတ်။ သင်တို့၌ ကြွယ်ဝသောအကျိုးကိုရှာ၏။ ယခုအခါ အရာရာ၌ငါရတတ်၏။ ဥစ္စာကြွယ်ဝ၏။. . . . သင်တို့ပေးလိုက်သောအရာတို့ကို ဧပဖြောဒိတ်လက်မှငါခံရသည်ဖြစ်၍ ကြွယ်ဝလျက်ရှိ၏။"

"ငါသည်ဆုတောင်းသောအခါခါ ဝမ်းမြောက်သောစိတ်နှင့်သင်တို့ရှိသမျှအဖို့ကိုအစဉ်ဆုတောင်းလျက်၊ သင်တို့ကိုအောက်မေ့သောအခါခါ၊သင်တို့သည် ရှေးဦးစွာသောနေ့ရက်မှစ၍ ယခုတိုင်အောင် ဧဝံဂေလိတရားကိုဆက်ဆံ၍ခံစားကြောင်းကို ငါထောက်သဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းပါ၏။ သင်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသောသူသည် ယေရှုခရစ်၏နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော်မူမည်ဟုငါသဘောကျ၏။

ငါသည် အဘယ်သို့ဆုတောင်းသနည်းဟူမူကား၊ သင်တို့သည်ခြားနားသောအရာတို့ကို ပိုင်းခြားစေခြင်းငှာ ဉာဏ်ပညာအမျိုးမျိုးရှိလျက် မေတ္တာတိုးပွား၍ပြည့်စုံမည် အကြောင်းကိုလည်းကောင်း၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထင်ရှားစေတတ်သောဖြောင့်မတ်ခြင်းအကျင့်နှင့်သင်တို့သည်ပြည့်စုံ၍ ခရစ်တော်၏ နေ့ရက်တိုင်အောင် စိတ်ဖြူစင်လျက်၊ တိမ်းလဲခြင်းအမှုနှင့်ကင်းလွတ်လျက်ရှိမည် အကြောင်းကိုလည်းကောင်းငါဆုတောင်း၏။"

ပေါလု၏ အကျဉ်းသားဘဝသည်ပင်လျှင် ဧဝံဂေလိသတင်းကောင်းတရားတော်ကိုပျံ့နှံ့စေသည်မဟုတ်ပါလား။ သို့ဖြစ်၍ သူကဤကဲ့သို့ဆို၏။"ညီအစ်ကိုတို့၊ ငါ၌ရှိသောအမှုအရာသည် ဧဝံဂေလိတရားကိုမမြစ်တားသည်သာမက ပြုစုရာဖြစ်သည်ဟု သင်တို့သိစေခြင်းငှာ ငါအလိုရှိ၏။"

ဤတွင်ကျွန်ုပ်တို့သည် သင်ခန်းစာယူသင့်ပါ၏။ ကျွန်ုပ်တို့မှာဆုံးရှုံးပုံပေါက်နေပါသော်လည်း ဘုရားသခင်သည် အောင်မြင်မှုကိုပေးနိုင်ပါသည်မဟုတ်လော။ကျွန်ုပ်တို့သည် အကြောင်းမလှ၍ အခက်အခဲများစွာနှင့်ကြုံတွေ့နေရသောအခါဘုရားသခင်ကိုအပြစ်တင်တတ်ကြပေသည်။ ကျွန်ုပ်တို့ကောင်းဖို့အတွက် ကျွန်ုပ်တို့၏အသုံးဝင်မှုကို အခြားလုပ်ငန်းစဉ်တို့မှာပြောင်းလဲ၍တစ်မျိုး၊ ဖြတ်တောက်၍တစ်ဖုံပြုပြင်ပေးသောအခါဝယ် ကျွန်ုပ်တို့သည် ညည်းညူတတ်ပေသည်။ရောမ၈း၂၈ ကိုမေ့ပျောက်တတ်သည်မှာ မြန်ဆန်လှပြီကော။ ဆုံးမခြင်းမည်သည်ကားခံရစဉ်အခါဝမ်းမြောက်စရာမထင်၊ ဝမ်းနည်းစရာထင်တတ်၏။ ဆုံးမခြင်းဟူသည် ထာဝရဘုရားသခင်၏ ကြီးမားသောအစီအစဉ်ထဲမှ ကဏ္ဍတစ်ခုပင်ဖြစ်ပါသည်။ အခက်အခဲကြိမ်လုံးအောက်မှာ ခရစ်ယာန်တစ်ဦးသည် မိမိသခင်ကြီးအတွက်အစေခံရာတွင် တစ်ခါတစ်ရံမှာ လွတ်လပ်စွာအစေခံခြင်းအမှုများထက်ပိုမို၍ ထိရောက်တတ်ပါသည်။

ခရစ်တော်သခင်ကိုသာရှုမြင်ရန် ပေါလုသည် ဖိလိပ္ပိအသင်းတော်အားညွှန်ကြားပါ၏။ "ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့်ပြိုင်သောအမှုကိုလုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကိုစွန့်၍ အစေခံကျွန်၏ သဏ္ဌာန်ကိုယူဆောင်လျက်လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ အရည်အချင်းနှင့်ပြည့်စုံလျက် အသေခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။"

"သို့ဖြစ်၍ ငါ့ချစ်သူတို့၊ သင်တို့သည်ကယ်တင်ခြင်းကိုအလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း၊ သင်တို့အထဲ၌စေတနာတော်အားဖြင့်ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။ သင်တို့သည် ပြုလေသမျှတို့၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲပြုကြလော့။ သို့ပြုလျှင် အပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှမပြစ်မှားဘဲနေ၍၊ မဖြောင့်မမှန်ဖေါက်ပြန်သောလူမျိုးအထဲ၌အဘယ်အပြစ်မှမပါသောဘုရားသခင်၏ သားဖြစ်ကြလိမ့်မည်။"

လူသည် ပြည့်ဝစုံလင်ဖို့ရန် စံနှုန်းကိုထားရှိရပါမည်။ ထိုစံနှုန်းကိုမီနိုင်ရန်ကိုလည်း ကြိုးစားဖို့လို၏။ သို့ဖြစ်၍ ပေါလုက ဤသို့ဆိုသတည်း။ "ကိုယ်ကိုကယ်တင်ခြင်းငှာ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။ . . . . အကြောင်းမူကား၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသော သူကား

ဘုရားသခင်ပေတည်း။” ကယ်တင်ခြင်းရရှိရန် နောင်တရ၍အပြစ်ကိုကျောခိုင်းသူနှင့် ဘုရားသခင်တို့စပ်ကြားပေါင်းစည်းကာ လုပ်ဆောင်ရပါသည်။ လူသည်အပြစ်သွေးဆောင်ရာသို့မလိုက်ပါရန် အားစိုက်ဖို့လိုအပ်ဘိသကဲ့သို့ အောင်မြင်ခြင်းအတွက် ဘုရားသခင်ကိုလုံးလုံးလျားလျားအားကိုးဖို့လိုအပ်ပေသည်။ ဘုရားသခင်၏အကူအညီမပါဘဲနှင့်တော့ လူ့စွမ်းအားရှိသမျှသည် အရာမရောက်ပါ။ ဘုရားသခင်သည် မိမိအပိုင်းမှာပြုပြင်ရေးလုပ်ငန်းကိုလုပ်သလို လူသည်လည်းကောင်းမှုပြုခြင်းကို ရွေးချယ်လုပ်ကိုင်ဖို့ဖြစ်ပါသည်။ သွေးဆောင်ဖြားယောင်းမှုကို လူသည်ဆန့်ကျင်တွန်းလှန်ရမည်ဖြစ်သကဲ့သို့ ဘုရားသခင်ထံတော်ပါးမှတန်ခိုးတော်ကိုဆွဲယူသင့်ပါသည်။

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမိမိအုပ်ထိန်းနိုင်ရမည်။ ဤသို့ဖြစ်ရန်ဘုရားသခင်အလိုတော်ရှိ၏။ ကျွန်ုပ်တို့၏ ဆန္ဒသဘောအလိုကိုလွှန်ဆန်၍ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမကူညီနိုင်ပါ။ လူကိုပေးထားသောရွေးချယ်မှုဆိုင်ရာခန္ဓာပစ္စည်းတို့အားဖြင့် ဘုရားသခင်၏ဝိညာဉ်တော်သည် အလုပ်လုပ်ပါသည်။ မိမိဆန္ဒသဘောဇာတိရုပ်မှာလည်း၊ ဘုရားသခင်၏အလိုတော်နှင့် ညီညွတ်မှုရှိစေရန် အလိုအလျောက်တိမ်းညွတ်သည်ဟူ၍မရှိပါ။ ထိုသို့ပြုရန်ကိုလည်းမတတ်နိုင်ပါ။

သို့ရာတွင် ကျွန်ုပ်တို့ဆန္ဒရှိပါက ကယ်တင်ပိုင်ရှင် ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အတွက် ပြီးပြည့်စုံပါလိမ့်မည်။ “ဘုရားသခင်၏ တန်ခိုးတော်လက်နက်အားဖြင့် လူတို့၏ အကြံအစည်တို့ကိုလည်းကောင်း၊ ဘုရားသခင်ကိုသိသောပညာကိုဆီးတားသော မာန်မာနရှိသမျှတို့ကိုလည်းကောင်း နှိမ့်ချမှောက်လှန်၍ ခပ်သိမ်းသောစိတ်တို့ကို ဖမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏စကားကိုနားထောင်စေကြ၏။” (၂ကော ၁၀း၅)။

ဘက်စုံကျန်းမာသောခရစ်ယာန်တစ်ယောက်ဖြစ်လိုပါက မိမိမှာရှိသောအရာအားလုံးကို ခရစ်တော်သခင်အတွက်ပေးအပ်ကာ အမှုတော်မြတ်မှာပါဝင်ထမ်းရွက်သင့်သည်။ နေ့တိုင်းအစဉ် မိမိကိုယ်ကိုဆက်ကပ်အပ်နှံခြင်းအမှုကိုလည်းပြုရပါမည်။ ဘုရားသခင်၏ နှုတ်ထွက်ကျမ်းစာတော်မြတ်ကို လေ့ကျက်ရုံမျှမဟုတ်သေး၊ ပညတ်တရားအတိုင်းနားထောင်ကျင့်သုံးသွားရပါမည်။ နေ့စဉ်နှင့်အမျှဘုရားသခင်သည် ထိုသူနှင့်တကွ အလုပ်လုပ်ရာမှာလည်း နောက်ဆုံးအပြီးပိုင်စမ်းသပ်မှုမှာ အကျင့်စုံလင်သည့်တိုင်ဖြစ်သတည်း။ ဤသို့လျှင် ယုံကြည်သူ

တစ်ဦးသည် လူတို့ရှေ့၊ ကောင်းကင်တမန်များရှေ့တွင် မိမိ၏ကယ်တင်ခြင်းကို ကြိုးစားထိန်းသိမ်းသွားရပါမည်။ ဤသည်ကား အပြစ်နွံမှာကျဆုံးလေပြီးသော လူသတ္တဝါတို့အတွက် ဧဝံဂေလိသတင်းကောင်းသည် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်သည်ကို ပြသခြင်းဖြစ်ပေသည်။

စုံလင်ခြင်းသို့ပို့ဆောင်သောသဘောထားအမှန်အကန်

ပေါလု၏တွေးခေါ်မြော်မြင်ပုံကိုကြည့်ပါ။ "ညီအစ်ကိုတို့၊ ငါကိုင်မိပြီဟု ကိုယ်ကိုကိုယ်မထင်သော်လည်း၊ ငါပြုသောအမှုတစ်ခုဟူမူကား၊ နောက်ကျသောအရာတို့ကိုမမှတ်ဘဲ၊ ရှေ့၌ရှိသောအရာတို့ကိုလှမ်းကမ်း၍ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်းငှာ ပန်းတုံးတိုင်သို့ငါလိုက်ပြေး၏။"

ပေါလု၏အသက်တာသည် အလွန်မှပင်အလုပ်များပါ၏။ သို့ပါသော်လည်း သူသည် မည်သည့်အခါမျှ မိမိ၏ကြီးမားသောဦးတည်ရည်ရွယ်ချက်ကို မျက်ခြည်အပြတ်မခံပါ။ မိမိ၏မြင့်မြတ်ဖိတ်ခေါ်ချက်အတွက် ရရှိမည့်ဆုကျေးဇူးကိုရရှိဖို့ရန် ရှေ့ကိုသာအာရုံပြု၍ ကြိုးစားအားထုတ်လျက်နေ၏။ မိမိ၏ ဆိုစကားနှင့်မိမိ၏ လှုပ်ရှားမှုအပေါင်းတို့သည် တစ်ခုတည်းသောဦးတည်ရည်ရွယ်ချက်၌ဆုံ၏။ ထိုဆုံမှတ်ကား ယေရှုခရစ်တော်၏သက်စွန့်မေတ္တာကို ပြသသောကပ်တိုင်တော်ပင်ဖြစ်ချေသည်မဟုတ်ပါလား။

သူသည်အကျဉ်းသားတစ်ယောက်ပင်ဖြစ်နေလင့်ကစား၊ စိတ်ဓါတ်မကျဆင်းပါ။ ရောမမြို့မှရေးသားပေးပို့သောစာစောင်များက အောင်ပွဲသံပေါက်နေသည်မဟုတ်လော။"ဝမ်းမြောက်ကြလော့၊ အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းသောအားဖြင့် သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင်အဘယ်သူမျှ ကြံ၍မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည်ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးကို စောင့်မလိမ့်မည်။"

"ငါ၏ဘုရားသခင်သည် ဘုန်းတန်ခိုးတော်၌တည်ရှိတော်မူသောစည်းစိမ်ရှိသည်အတိုင်း သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်အားဖြင့်ပြည့်စုံစေတော်မူလိမ့်မည်။"

---ooo---

## အခန်း (၄၆)
## လွတ်ပြန်ပြီပေါ့တစ်ခါ

မိုးတိမ်များအုံ့ဆိုင်းနေကြသည်။ ပေါလု၏ လုံခြုံမှုကိုခြိမ်းခြောက်နေပုံ ပါတကား။ သို့ပါသော်လည်း အသင်းတော်အတွက် ကြွယ်ဝမှုလည်းဖြစ်နေပါ၏။

ရောမမြို့အကျဉ်းသားဘဝမှာတုန်းကဂုဏ်အသရေရှိကိုယ်ရံတော်မှူး၏ အကြင်နာတရားကိုခံစားရသဖြင့် လွတ်လွတ်လပ်လပ်နှင့်ဧဝံဂေလိသာသနာ အလုပ်ကိုအနှောင့်အယှက်မရှိလုပ်ဆောင်ခွင့်ရရှိခဲ့လေသည်။ သို့သော်လည်း ထိုသူသည်တာဝန်လွှဲခံရ၍အခြားအရာရှိတစ်ဦး၏အုပ်ချုပ်မှုသစ်အောက်မှာကား တမန်တော်ကြီးသည် ယခင်ကကဲ့သို့ အထူး မျက်နှာသာပေးခြင်းကို မခံရတော့ပါပြီ။

ပေါလုကိုဆန့်ကျင်ကြသောဂျူး(ယုဒ)လူမျိုးတို့သည်ရောမမြို့သို့ရောက် ရှိလာကြလေပြီ။ ထိုသူတို့သည် အကူအညီပေးနိုင်သူတစ်ဦးကို တွေ့ကြပြီ။ ထိုသူကား မင်းကြီးနီးရိုး၏ ဒုတိယမြောက်ကြင်ရာတော် ဂျူးလူမျိုး၊ အယူအဆကူး ပြောင်းသူအရှက်မရှိသည့် အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ ဤသို့ရက်စက်ယုတ် မာလှသည့် နီးရိုးဘုရင်၏ တရားဆုံးဖြတ်မှုအောက်မှာ မျှတမှုရှိပါလေစဟုသံ သယဝင်မိ၏။

နီးရိုးသည် သွေးသားတောင့်တမှုကို ဦးစားပေး၍ မိမိအသက်နှင့်ရာ ထူးတည်တံ့ရေးအတွက် ဘာမဆိုလုပ်ဝံ့သူဖြစ်ပါသည်။ မိမိ၏ ထီးနန်းဆက်ပထ မပိုင်းမှာ နီးရိုးသည် သွေးမတော်စပ်သောအမေ၏ မွေးစားသား မိမိညီကိုအ ဆိပ်ခပ်သတ်ခဲ့၏။

ထိုသူသည် နီးရိုးဘုရင်ပြီးနောက်ဆက်ခံမည့်အလောင်းအလျာဖြစ် သောကြောင့်တည်း။ ထိုမျှနှင့်ရက်စက်မှုကို အတောမသတ်နိုင်သေးပါ။မိမိ၏ မွေးသမိခင်အရင်းကိုပင်သော်လည်းကောင်း၊ မိမိရင်ခွင်မှာအိပ်စက်လေ့ရှိသည့် ကြင်ရာတော်မိဖုရားကိုသော်လည်းကောင်း လုပ်ကြံခဲ့၏။ သဘောထားမြင့်မြတ် သူတိုင်း၏ အတွေးအမြင်မှာ နီးရိုးဘုရင်သည် လူစင်စစ်မဟုတ်ပါလေစ။ရက်စက် ယုတ်မာသည်မှာ ကမ်းကုန်လေပြီ။ အထင်သေး၍ မုန်းတီးကြောက်ရွံ့စရာ လူ့တိရစ္ဆာန်ပင် ဖြစ်ပေတော့သည်မဟုတ်ပါလား။

နီးရိုးဘုရင်၏အကျင့်ဖေါက်ပြန်ရက်စက်ယုတ်မာမှုသည်ပြည်သူလူထုတစ်ရပ်လုံး၏စက်ဆုပ်ရွံရှာမှုကိုဖန်တီးနေပါသည်။ နန်းတွင်းသားများနှင့်စစ်သူရဲအုပ်အရာရှိများစွာတို့ကိုလည်း သူ၏အကျင့်ဆိုးနှင့်မကင်းသောပြစ်မှုများတွင်အတင်းအကျပ်ပါဝင်စေ၏။

ပြစ်မှုများကိုလည်း တစ်ခုပြီးနောက်တစ်ခုလုပ်စေသောကြောင့် ထိုသူတို့သည် မပြတ်ကြောက်လန့်နေကြသည်။သို့တိုင်အောင်လည်း နီးရိုးဘုရင်သည် ယဉ်ကျေးမှုထွန်းကားသောကမ္ဘာကြီး၏ အကြွင်းမဲ့အုပ် စိုးသူအာဏာရှင်မင်းကြီးဟု အသိအမှတ်ပြုခြင်းခံရပေသည်။ ထိုမှလွန်၍ဆိုရလေပါသော် သူ့ကိုဘုရားသခင်တစ်ပါးကဲ့သို့ ဝတ်ပြုကိုးကွယ်ကြပါသည်။

ထိုကဲ့သို့သောအုပ်ချုပ်မှုအောက်မှာပေါလုသည်အပြစ်ဒဏ်ပေးခံရမည်ကိုလွယ်လွယ်နှင့်သေချာပေါက်သိနိုင်ပါသည်မဟုတ်လော။ သို့သော်လည်းတမန်တော်ကြီးသည် ဤကဲ့သို့မှတ်ယူစွဲလမ်း၏။ ငါသည် ထာဝရဘုရားသခင်အပေါ် သစ္စာရှိနေသမျှကာလပတ်လုံး ဘာကိုမျှကြောက်စရာမရှိ။

ကြောက်ဖို့ကောင်းသော "ဒင်း" ကိုလည်း တည်တည်ငြိမ်ငြိမ်နှင့်ရင်ဆိုင်နိုင်ပါသည်။ အကြောင်းသော်ကားပေါလု၏ရင်ထဲမှာထာဝရဘုရားသည် သူ့အား "သူတစ်ပါးငိုမှပြုံးနိုင်သည်၊ ထမင်းစားလို့ဝင်သည်၊ အိပ်ပျော်သည်" ဟူသော စဉ်းလဲယုတ်မာသည့်ဂျူး(ယုဒလူ)တချို့၏ ပရိယာယ်ထောင်ချောက်မှသော်လည်းကောင်း၊ကဲသာ(စီဇာ)ဘုရင်၏ အာဏာစက်တန်ခိုးမှသော်လည်းကောင်း လုံးဝကာကွယ်နိုင်ပါကြောင်း ပေါလုယုံကြည်လေသည်။

ပေါလုယုံကြည်သည်အတိုင်း ပေါလု၌ ဖြစ်လေပါပြီ။ ထာဝရဘုရားသည်မိမိ၏အစေခံကို ကာကွယ်ပါ၏။ ပေါလုကိုရုံးတင်၍စုံစမ်းစစ်ဆေးမေးမြန်းချက်ထုတ်သောအခါမျာ တစ်ဖက်ရန်သူတို့၏ စွပ်စွဲချက်များတို့သည် သဘာဝမကျ၊ သက်သေမခိုင်လုံဖြစ်၍ ရုံးတော်မှပယ်ချလိုက်လေသည်။

တရားမျှတမှုဟူသည် ဘယ်ကဲ့သို့ရှိသနည်းဟု မေးခွန်းထုတ်ကာ၊ မိမိအလိုဆန္ဒအတိုင်းရှင်းပစ်လေ့ရှိသည့် နီးရိုးဘုရင်၏ အကျင့်ဆိုးကိုဆန့်ကျင်၍ သူကိုယ်တိုင်ပင်ထိုအကျဉ်းသားကို အပြစ်မရှိလွှတ်စေဟု ကြေညာလိုက်လေသည်။ အံ့ဩဖို့ကောင်းလှပေစွတကား။ ထိုအခါပေါလုသည်လူလွတ်တစ်ယောက် အနေဖြင့် တစ်ဖန်သက်ရှင်လှုပ်ရှားသွားလာပြောဆိုဟောကြားခွင့် ရရှိခဲ့ပါသည်။

အကယ်၍သာပေါလုသည် ရောမမြို့တော်ကြီးမှာပင် ဆက်လက်ထိန်းသိမ်းခြင်းကိုခံခဲ့ရမည်ဆိုက၊ နောက်တစ်နှစ်မှာ ခရစ်ယာန်တို့ကိုနှိပ်ကွပ်ညှင်းဆဲသတ်ဖြတ်ဖျက်ဆီးခြင်းတွင်ခံရမည်ကား မြေကြီးပုတ်ခတ်မလွဲဖြစ်ပေလိမ့်မည်။ ပေါလုအကျဉ်းခံရစဉ်ကာလအတွင်းမှာ ယုံကြည်သူ ခရစ်ယာန်များတိုးပွားများပြားလာကြသည်မှာ အာဏာပိုင်တို့၏ မုန်းတီးစိတ်ကိုပင် လှုံ့ဆော်ထကြွစေသလိုဖြစ်ရပါသည်။ မင်းကြီး နီးရိုးကိုယ်တိုင်က မိမိ၏အိမ်ထောင်စုထဲမှာပင် ခရစ်ယာန်ဖြစ်သွားကြသူများရှိလာသဖြင့် အထူးစိတ်ဆိုးဒေါသထွက်လျက်ရှိပေသည်။ သို့ဖြစ်၍ ရှင်ဘုရင်သည် ခရစ်ယာန်တို့ကို တစ်စုံတစ်ခုပြုလုပ်လိုသဖြင့်အကြောင်းရှာကာ သူ၏ ရက်စက်ယုတ်မာ၍ အကြင်နာတရားကင်းမဲ့သော မြေဇာပင်ခါးစာခံများဖြစ်စေပါတော့သည်။

သူကိုယ်တိုင်က ရောမမြို့ကိုမီးရှို့စေ၏ဟုသတင်းပြန့်နေသည်။ မြို့တော်ကြီးမှာ တစ်ပတ်နီးပါးမီးစာဖြစ်၍ ပြာကျနေပါပြီ။ သို့ရာတွင် မီးဘေးသင့်နေသည့်လူထုအရပ်သားတို့အား သူက အိုးအိမ်တည်ထောင်ပေး၍ ဆင်းရဲတွင်းမှနုတ်ယူပေးမည်ဟု ကတိကဝတ်ပြုခဲ့သည်။ ရက်ရောစွာပံ့ပိုးပေးမည်ဟုလည်း ဟန်ဆောင်စကားကို သူပြောကြားခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဤရှို့မီးကိုသူလုပ်သည်ဟုပြည်သူမြို့သားတို့က စွပ်လာကြသောအခါ ဒေါသအိုးပေါက်ကွဲနေသောလူထုအား နီးရိုးဘုရင်ကြီးက ဤကားခရစ်ယာန်များတို့၏ လုပ်ရပ်သာဖြစ်၏ဟု စွပ်စွဲကာ မိမိကိုယ်ကိုကာကွယ်ပြောဆိုခဲ့ပါသည်။ လူထုကြီးမှာလည်းစိတ်ဆိုးခြင်းကြီးမားစွာဖြင့် ထောင်ပေါင်းများစွာသော ယောကျ်ားမိန်းမကလေးသူငယ်တို့အား ရက်စက်စွာသတ်ဖြတ်ပစ်ထားခဲ့ကြပါသည်။

ပေါလု၏နောက်ဆုံးလွတ်မြောက်ရာကြားကာလ

ပေါလုသည် အကျဉ်းသားဘဝမှလွတ်မြောက်သော် ရောမမြို့ကိုထားခဲ့၍အသင်းတော်များရှိရာအခြားမြို့နယ်များစီသို့ ခရီးဆက်၏။ သူသည်ဂရိလူမျိုးကြီးစိုးရာနှင့်အရှေ့ပိုင်းဒေသမှာရှိသော အသင်းတော်များစပ်ကြား ပိုမိုခိုင်မာသောပေါင်းစည်းမှုမျိုးပြုလုပ်နိုင်ရန် သူကြိုးပမ်းခဲ့ပါသည်။ အသင်းတော်အတွင်းစိမ့်ဝင်လာသော ယုံကြည်ချက်ကို ညစ်ညမ်းစေသည်။ မှားယွင်းသွန်သင်ချက်များကိုစွန့်ပယ်ကာ နဂိုမူလခရစ်တော်ကိုချစ်သည့်အချစ်မျိုးမှာ တည်မြဲခိုင်မာအောင်ကိုလည်း ယုံကြည်သူတို့ကိုနှိုးဆော်အားပေးခဲ့ပါသေး၏။

ပေါလုသည်အမှုတော်မြတ်မှာ ရှုပ်ရှုပ်ချုံချုံအခက်အခဲများကြားထဲမှာ ကြိုးပမ်းလုပ်ဆောင်ခဲ့သဖြင့် မိမိ၏ခံနိုင်ရည်စွမ်းအားများတဖြည်းဖြည်းနှင့်ကျဆင်းလာသည်ကို သတိပြုမိလေ၏။ ယခုတွင်မူ သူ၏ ဆောင်ရွက်ချက်များတို့သည်အဆုံးသို့ရောက်နေလေပြီဟု ခံစားမိခဲ့ပါသည်။ အချိန်တိုတောင်းလာသည်နှင့်အမျှ မိမိ၏ကြိုးပမ်းလုပ်ဆောင်မှုတို့သည် ပိုမို၍ပြင်းထန်လာပါသည်။ သူ၏ဇွဲလုံ့လတို့ကား လျော့နည်းသွားပုံမရချေ။ ယုံကြည်ခြင်းမှာ ခိုင်မာသည်နှင့်အမျှ အသင်းတော်များတစ်ခုပြီးလျှင်တစ်ခု နယ်မြေများစွာဆီသို့ ယုံကြည်သူတပည့်တော်စုတို့ကို ခွန်အားပေးရန် ခရစ်ယာန်သာသနာခရီးဆက်ခဲ့ပေသည်။ ညီအစ်ကိုတို့အားလည်း ယခုအချိန်သည် စမ်းသပ်ရာကာလထဲမှာရောက်ရှိနေပြီဖြစ်ပါသောကြောင့် အသက်ဝိညာဉ်များကိုလည်း ခရစ်တော်သခင်ထံပို့ဆောင်ရင်းနှင့် ဧဝံဂေလိသတင်းကောင်းတရားတော်မြတ်မှာ သစ္စာရှိခိုင်မြဲနေကြပါရန်နှင့်ခရစ်တော်အတွက်သက်သေခံခြင်းအမှုမှာ  သစ္စာရှိကြပါရန် အားပေးနှိုးဆော်နေပါသည်။

---ooo---

# အခန်း (၄၇)

## နောက်ဆုံးအပြီးပိုင်အဖမ်းခံရခြင်း

ပေါလုသည်အသင်းတော်များတစ်ခုပြီးလျှင်တစ်ခုဆီသို့လှည့်လည်ကာ အားပေးနှိုးဆော်ခြင်းအမှုနှင့်အချိန်ကုန်မှန်းမသိကုန်နေသည်။ သို့ပါသော်လည်း သူ့ရန်သူများ၏မျက်စိထောင့်ထောက်ကြည့်နေမှုမှတော့ မလွတ်ကင်းနိုင်ပါချေ။

နီးရိုးဘုရင်လက်ထက်မှာ နေရာအနှံ့ ခရစ်ယာန်တို့မကောင်းကြောင်း အပုပ်ချပြောဆိုနေကြသည်။ ထိုမှလွန်၍ အခွင့်အရေးရှာနေကြကုန်သော မယုံကြည်သူဂျူး(ယုဒ)လူမျိုးတို့က ရောမမြို့ကိုမီးရှို့သူသည် ပေါလုပင်ဖြစ် ကြောင်း လူထုကိုသွေးထိုးနှိုးဆွပေးကြ၏။

ဤသည်ကိုကြားရသူတိုင်းက မယုံကြပါ။ သို့ပါသော်လည်း ဤကဲ့သို့ သော ပေါလုအားစွပ်စွဲချေက ပေါလု၏ ပျက်စီးခြင်းပေတည်းဟူသည်ကို သူတို့သိနားလည်ကြလေသည်။ဤတွင်ပေါလုသည်ရန်သူတို့၏မတရားဆင်ကွက် ထဲ ရောက်ရရှာလေပြီ။ သူ့အားတစ်ဖန်ပြန်လည်ဖမ်းဆီး၍ရောမ မြို့သို့အလျင် အမြန်ပို့ကြကုန်၏။ ထိုမြို့မှာပင်သူသည်အပြီးပိုင်အကျဉ်းသားဘဝနှင့်နိဂုံးချုပ်ရ ပါတော့သည်။

သူ့ကိုအဖေါ်ပြုလိုက်ပါကြသူတွေများပါသည်။ သို့သော်လည်းမိမိတို့၏ အသက်ကိုဘေးရန်မကျစေချင်၍ သူတားမြစ်သည်။ ထိုစဉ်အခါမှာရောမမြို့နေ ခရစ်ယာန်များစွာတို့သည် ထောင်နှင့်ချီ၍ မာတုရသေခြင်းကို ရင်ဆိုင်ခဲ့ရလေ ပြီ။ လူများစွာတို့လည်း ရောမမြို့မှပြေးရှောင်၍နေကြ၏။ ကျန်ရစ်သူတို့ကားမ ရှုမလှကြီးစွာသော နှိပ်စက်ခြင်းကိုခံရကြကုန်သည်။

ရောမမြို့သို့ရောက်သော် ပေါလုကို အမှောင်ထုဖုံးသောအကျဉ်းခန်း တစ်ခုထဲမှာထားရှိကြသည်။ သူ့ကိုတရားစွဲသောပြစ်ချက်မှာ မြို့တော်နှင့်နိုင်ငံ တော်ကိုပုန်ကန်မှုကြီးဖြစ်သဖြင့် ပြစ်ဒဏ်မှာကြောက်စရာအကောင်းဆုံးဖြစ်သည်။ နိုင်ငံတကာ၏ မုန်းတီးမှုကိုခံရသောလူသားအဖြစ်သို့ပေါလုရောက်ခဲ့ရပေသည်။

သူ့မှာမိတ်ဆွေနည်းပါးရသည့်အထဲ ယခုမှာတော့ရှောင်ပြေးစပြုလာကြပါပြီ။ တချို့လည်းထွက်ပြေးကြ၏။ တချို့လည်းအခြားအသင်းတော်များဆီသို့ ခရစ်ယာန်သာသနာခရီးထွက်ကြပါသည်။ တိမောသေထံပေးစာထဲမှာပေါလုကဤသို့ရေးပါသည်။ "လုကာတစ်ယောက်တည်းသာ ငါ့ထံမှာရှိ၏။" (၂တိ ၄း၁၁) တမန်တော်ကြီးသည် ယခုမှာတော့အသက်ကြီး၍ မျက်စိမှုန်လျက်ဆံပင်ဖြူနေပါပြီ။

ပင်ပန်းခဲ့သမျှမှာ ခန္ဓာကိုယ်ဒုက္ခဆင်းရဲများစွာကိုခံစားနေရ၏။အားနည်းလာပြီမို့ သူ့ကိုကူညီဖို့ရန် ညီအစ်ကိုများစွာကို တမ်းတမိလေသည်။ သူသည် ယခုတွင် စိုထိုင်းထိုင်းရှိသော မှောင်မည်းနေသည့် မြေအောက်စတိုခန်းထဲမှာ အကျဉ်းချုပ်ချထားခြင်းကိုခံနေရ၏။

ချစ်တပည့် သစ္စာရှိမိတ်ဆွေလုကာသည်သာလျှင် တမန်တော်ကြီး၏ အားကိုးအားထားရာနှင့်နှစ်သိမ့်မှုကြီး တစ်ခုဖြစ်ရပါသည်။ လုကာအားဖြင့်သာလျှင် တမန်တော်ကြီးသည်အခြားညီအစ်ကိုယုံကြည်သူများနှင့်ဆက်သွယ်မှုရရှိနိုင်သည် မဟုတ်ပါလား။

ဤသို့စမ်းသပ်ခံနေရစဉ်ကာလအတွင်းမှာ တမန်တော်ကြီးသည်သူ့ထံသို့မကြာခဏလာရောက်တတ်သောဩနေသိဖေါ်ကြောင့် စိတ်ရွှင်လန်းခြင်းရှိရ၏။ ဤဧဖက်မြို့သားကြီးသည်ဖေါ်ရွေ၍ ပေါလု၏ လိုအပ်မည့်ထင်သောအရာဆိုလျှင် ဘာမဆိုကူညီတတ်ပါသည်။

ပေါလု၏နောက်ဆုံးစာစောင်မှာဤသို့မှတ်တမ်းတင်ထားပါသည်။ "ထာဝရဘုရား၏ ချစ်သနားကြင်နာမှုသည် ဩနေသိဖေါ်၏အိမ်ထောင်၌ သက်ရောက်ပါစေသော်။ သူသည် ငါ့ကိုအဖန်ဖန်သက်သာစေပြီ။ ငါ၌သံကြိုးချည်နှောင် လျက်ရှိသော်လည်း သူသည် ရှက်ကြောက်ခြင်းမရှိဘဲ ရောမမြို့သို့ရောက်သောအခါ သာ၍ကြိုးစားလျက် ငါ့ကိုရှာ၍တွေ့၏။သူသည် ထိုနေ့ရက်သည် ဘုရားသခင်၏လက်မှသနားကြင်နာမှုကို ခံရမည်အကြောင်း ထာဝရဘုရားသည် ပေးသနားတော်မူပါစေသော်။" (၂တိ ၁း၁၆-၁၈)

ခရစ်တော်သခင်သည် ဂေသရှင်မန်ဥယျာဉ်တော်အတွင်းပြင်းပြစိတ်ဆင်းရဲမှုကို ခံစားနေရချိန်မှာ မိမိ၏တပည့်တော်များထံမှ သနားကြင်နာနှစ်သိမ့်မှုကို ကြီးစွာလိုလားတော်မူခဲ့သည်မဟုတ်လော။ယခုမှာလည်းပေါလုတမန်တော်ကြီးသည် အပစ်ပယ်ခံဘဝမျိုးမှာ အထီးကျန်သက်သက်မျိုးနှင့်တော့ မနေရလို

ပါပြီ။ အကြင်နာစကားပြောကြားပေးမည့်အဖော်မွန်များကိုတော့ သူအလိုရှိပါ၏။ ဤလိုအချိန်မျိုးမှာ တစ်ပါးသူကောင်းစားစေဖို့အတွက် တစ်သက်လုံးအများအကျိုးဆောင်ရွက်ပေးခဲ့သော ပေါလုကို ရွှင်လမ်းဝမ်းမြောက်စေဖို့ရန်သြနေသိဖော်သည် အခွင့်အရေးတစ်ရပ်အနေဖြင့် ဖြည့်ဆည်းလုပ်ဆောင်ပေးနေပါသည်တကား။

---ooo---

## အခန်း (၄၈)

## ဘုရင်မင်းနီရိုးရှေ့တော်မှောက်တစ်ဖန်ရောက်ပေါလု

ပေါလုကိုနီရိုးမင်းကြီးက တရားရုံးသို့ကြွလာရန် ဆင့်ခေါ်နေချေပြီ။ အသေသတ်ခံရမည်ဟူသော သေစားသေစေအမိန့်ကိုပေးဖို့များ၏။ ဂရိနှင့်ရောမတိုင်းသားတို့မှာ ယခုလိုရုံးချိန်ကာလအတါင်း ရှေ့နေရပ်များထားရှိကြ၏။ ရှေ့နေဆိုသည်မှာ ဥပဒေပြုနိုင်သော ကဝိဉာဏ်ရှိသလို စကားလည်းပြောကောင်း၏။ ငြင်းခုံမှုကိုလည်းပြုနိုင်ကြပေါသည်။ အထူးသဖြင့် မိမိ၏ တရားခံအကျဉ်းသားဘက်မှ အပြစ်မသင့်စေရန် (သို့မဟုတ်) ဆိုးဝါးအပြစ်ဒဏ်မှလျှော့ပေ့ါရန် ပြောပေးသည်။

သို့သော်လည်း ယခုလိုအခြေအနေအဖြစ်ဆိုးမျိုးမှာ ပေါလုအတွက် ရှေ့နေရှေ့ရပ်ပြုပေးမည့်သူမရှိပါ။ ပေါလု၏တရားစွဲဆိုချက်ကို မှတ်တမ်းပြုရေးသားပေးမည့်သူ (ဝါ) ပေါလုအားကာကွယ်ပြောဆိုပေးမည့်သူ မိတ်ဆွေဟူ၍လည်း တစ်ယောက်မျှမရှိပါ။ ရောမမြို့မှာရှိသော ခရစ်ယာန်များ ထိုကဲ့သို့အရေးတကြီးအကူအညီလိုအပ်နေချိန်မျိုးမှာ ပေါလုဘက်မှာ ရပ်တည်ပေးမည့်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါချေ။

ဤဖြစ်ရပ်မှန်မှတ်တမ်းမှတ်ရာများနှင့်ပတ်သက်၍ပေါလုကိုယ်တိုင်က ရေးသားသော ဒိုင်ယာရီကိုသာ အားထားကာမှီငြမ်းနိုင်လိမ့်မည်မဟုတ်ပါလား။ "ပထမအချိန်၌ အပြစ်တင်ခွင့်ကိုဖြေ၍ ငါသည်အစီရင်ခံရသောအခါ၊ ငါဘက်၌ အဘယ်သူမျှမနေ၊ လူအပေါင်းတို့သည် ငါ့ကိုစွန့်ပစ်ကြ၏။ သူတို့၌အပြစ်တင်တော်မမူပါစေနှင့်။

လူအပေါင်းတို့သည် စွန့်ပစ်ကြသော်လည်း တရားတော်ကိုအကုန်အစင်ဟောပြော၍ ခပ်သိမ်းသောလူမျိုးတို့သည် ကြားသိစေခြင်းငှာ ဘုရားသခင်သည် ငါ့ဘက်၌နေ၍ငါ့ကိုခွန်အားနှင့်ပြည့်စေတော်မူသောကြောင့် ခြင်္သေ့ခံတွင်းမှကယ်နုတ်ခြင်းချမ်းသာကိုငါရ၏။" (၂တိမောသေ ၄း၁၆၊၁၇)

ယခုတွင် ကမ္ဘာလောကကြီးတစ်ခွင်လုံးမှာနီးရိုးမင်း၏အာဏာစက်တန်ခိုးသည်အထွတ်အထိပ်သို့ရောက်ရှိနေ၏။ထိုမင်း၏အာဏာစက်ကိုလည်း မည်သည့်သေမျိုးလူသားတစ်ဦးတစ်ယောက်မျှမေးခွန်းမထုတ်ဝံ့ချေ။ တရားရုံးတော်မှ

ရှေ့နေရှေ့ရပ်ပြုတရားရေးရာဌာနမှပညာရှင်ကြီးများ၊ ဆုံးဖြတ်စီရင်ပိုင်သူတရားသူကြီးများတို့သည်လည်း ရှင်ဘုရင်နီးရိုး၏အလိုဆန္ဒကိုပွဲတင်သံပေးသူများသာဖြစ်ကြ၏။ နီးရိုးဟူသောနာမည်က ကမ္ဘာမြေကြီးကိုတုန်ခါသွားစေသည်မဟုတ်ပါလား။ ထိုမင်းအားစိတ်တော်နှင့်မတွေ့စေက ထိုသူ၏အသက်အိုးအိမ်စည်းစိမ်လွတ်လပ်မှုတို့သည် ဆုံးရှုံးရသည်ချည်းဖြစ်၏။

ဤတွင်မိတ်ဆွေမဲ့၊ ကြေးငွေမဲ့၊ အကြံဉာဏ်မဲ့သက်ကြီးအိုအကျဉ်းသားပေါလုသည် လူငယ်သာသာရှိမင်းနီးရိုးရှေ့တော်မှောက်မှာ မားမားမတ်မတ်ရပ်တည်နေပါ၏။ ရှင်ဘုရင်ကား အလိုရမ္မက်ကြီးသူဖြစ်ရကား၊ မည်သူ့ကိုမျှအားမနာ၊ အရှက်ကင်းမဲ့စွာဖြင့် အတွင်းစိတ်ဒေါသအိုးကြီးမားကြောင်း၊ မျက်နှာမှာထင်ရှားနေ၏။

တရားစွဲခံရသော အကျဉ်းသားမှာကား ဘုရားသခင်နှင့်အတူအသက်ရှင်ဆက်သွယ်နေသူမို့ စိတ်နှလုံးသည် ငြိမ်သက်ခြင်းရှိသကဲ့သို့ သူ၏မျက်နှာထားမှာလည်း တည်ငြိမ်အေးဆေးလှပါသည်။ ပေါလုကို မပြတ်သောတိုက်ကွက်ပရိယာယ်အမျိုးမျိုးနှင့်ရန်သူတို့သည် မတရားစွပ်စွဲသည်ကတစ်မျိုး၊ ကဲ့ရဲ့ရှုတ်ချစော်ကားမော်ကားပြုသည်ကတစ်ဖုံ၊ အလူးအလဲခံစားနေစေပါသော်လည်းပေါလုသည်သခင်၏ကျေးဇူးတော်ပြုလက်ဝါးကပ်တိုင်တော်ကိုမူအမြဲအစဉ် ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် ချီးမြှောက်ထားနေပါ၏။ သူသည် သခင်ကဲ့သို့ပင်လူသားအပေါင်းတို့အား ကောင်းချီးမင်္ဂလာဖြစ်စေအံ့သောငှာ အသက်ရှင်ခဲ့သူပါတည်း။ ဘယ်ကဲ့သို့လျှင် နီးရိုးဘုရင်သည် ဘုရားသခင့်သားတော်၏ အကျင့်တော်နှင့်ရည်ရွယ်ချက်တို့ကို မြတ်နိုးနားလည်နိုင်ပါအံ့နည်း။

တရားရုံးတော်ခန်းမကြီးကား စိတ်အားထက်သန်ကာလေ့လာစပ်စုသိရှိနားလည်လိုကြသောလူအုပ်ကြီးနှင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေပါသည်။ သူထက်အရင်(ဝါ)ရှေ့သို့တိုးဝှေ့နေကြ၏။ ထိုလူအုပ်ကြီးထဲမှာမင်းမျိုးမင်းနွယ်မှသည် ရိုးရိုးနေ့လုပ်နေ့စားတို့လည်း ပါဝင်ကြ၏။ သူကြွယ်တို့နှင့်သူဆင်းရဲတို့လည်းပါဝင်ကြပါသည်။ ပညာတတ်နှင့်ပညာမဲ့တို့လည်းပါ၏။ လောကစည်းစိမ်ပညာမာနနှင့်မောက်မာကြသူတွေရှိသကဲ့သို့ စိတ်နှလုံး နှိမ့်ချသူတွေလည်းပါဝင်ကြ၏။ ထိုထိုသော လူအပေါင်းတို့သည် စစ်မှန်သောအသက်တာ လမ်းခရီးအသိတရားနှင့်ကယ်တင်ခြင်းတရားဟူသည် ဘာကိုမျှမသိ။ အားလုံးကပျက်စီးခြင်းသို့သာ ချီတက်နေကြသူများပါတည်း။ ရင်ကျိုးစရာတော့ကောင်းလှပါသည်။

ယုဒ(ဂျူး)လူမျိုးတို့ကားပေါလုကိုသွေးဆောင်ဖြားယောင်းသူလူလိမ်လူညာကောင်ဟုပင် ယခင်ကအတိုင်းစွပ်စွဲချက်အဟောင်းနှင့်ဆန့်ကျင်ကာရုံးတိုင်ကြ၏။ ထိုဂျူးလူမျိုးတို့သည် ရောမမြို့သားတို့နှင့်တွဲဖက်ကာ ယခုမှာတော့ပေါလုအား ရောမမြို့ကိုမီးရှို့သူဟု မတရားသဖြင့်လူထုကိုနှိုးဆွကာ စွပ်စွဲကြလေသည်။ ဤတွင်တရားရုံးလာသူလူထုပရိသတ်နှင့်တရားသူကြီးတို့က ပေါလုကိုကြည့်ပြီးအံ့သြနေကြ၏။ ထိုသူတို့ကား တရားစီရင်ဆုံးဖြတ်ခြင်းအမှုနှင့်များစွာသောတရားခံတို့ကိုကိုင်တွယ်လေ့လာကြည့်ရှုရသည့်အတွေ့အကြုံများစွာရှိပြီးသူများဖြစ်ကြပါသည်။

သို့သော်လည်း ယခုလိုတည်ငြိမ်အေးဆေးသည့်အသွင်အပြင်ရှိသောတရားခံကို တစ်ခါမျှမမြင်ဖူးခဲ့ကြပါ။ လူ့အကဲခတ်ရာမှာရင့်ကျက်ပီပြင်ထိရောက်စူးရှလှပါသော အသရေရှိအတွေ့အကြုံများသူ အာဏာပိုင်များပင်လျှင် ပေါလု၏မျက်နှာ၌ အဘယ်သို့သောပြစ်မှုကျူးလွန်ခဲ့သည့်အထောက်အထားကိုမပြောနှင့်။ အရိပ်အယောင်ကိုမျှမမြင်တွေ့ကြရပါချေ။ သို့သော် ထုံးစံရှိသည်အတိုင်းတရားခံကို နောက်ဆုံးအနေဖြင့် ခုခံကာကွယ်စကားကိုပြောကြားစေ၏။ တစ်ရုံးလုံးမှာလည်း တိတ်ဆိတ်စွာနားစွင့်နေကြလေသည်။ စိတ်ဝင်စားစရာပါပေ။

ဤတစ်ကြိမ်မှာလည်း ပေါလုသည် အံ့သြနေသော လူထုပရိသတ်ရှေ့မှောက်မှာ ခရစ်တော်သခင်၏ ကပ်တိုင်တော်အောင်လံကိုလွှင့်ထူနိုင်ခွင့်ရှိပါ၏။ ပေါလု၏ စိတ်အတွင်းမှာ ထိုသူတို့၏ ကယ်တင်ခြင်းကို အလိုရှိနေသည်။ သူ့အတွက်မကြာမီသက်ရောက်တော့မည့် အသက်ဘေးကြီးကို သူသည်သတိမပြု။ မျက်ခြည်ပြတ်ပုံရ၏။

အပြစ်နွံတွင်နစ်မွန်းနေသောလူသားတို့အတွက် ကိုယ်စားပြုအသေခံခဲ့ပြီ၊ ယခုတွင် ကြားဖျန်ဖြေပေးနေသော ရန်ပြေငြိမ်းခြင်းအကျိုးဆောင်ယေရှုသခင်ကိုသာ သူမြင်တွေ့နေပါသည်။ ပေါလုသည် စကားပြောကောင်းသူပညာတတ်တစ်ဦးပီပီ ကျဆုံးလေပြီးသော လူသားတစ်နွယ်လုံးအတွက်ကိုယ်စားပြုအသက်ပေးဆက်ကပ်ခဲ့သော ယေရှုကို ပြည္ဆန်ခဲ့၏။

လူသားတစ်နွယ်လုံးကိုအသက်နှင့်လဲပြီးရွေးနုတ်ခဲ့ရသဖြင့်လည်း၊ထိုကယ်တင်ခြင်းအမှုသည်အဆုံးမဖြတ်နိုင်သော တန်ဖိုးဖြစ်ကြောင်းကိုပြောဆို၏။သို့ဖြစ်၍ထိုသခင်၌ဘုရားသခင်၏ပလ္လင်တော်အနားမျာထိုင်ရသောအခွင့်ရရှိကြောင်းကိုပြောသည်။ ထိုသခင်အားဖြင့် ကောင်းကင်တမန်အစေခံနံ့ဝိညာဉ်တို့သည်

ကောင်းကင်နှင့်မြေကြီးကို ဆက်သွယ်ပေးလေသည်။ လူသားတို့၏လုပ်ဆောင်မှု မှန်သမျှအပေါင်းတို့သည်လည်း ဘုရားသခင်၏တရားစီရင်မှုအရာမှာမျှတသော ပညတ်တရားအမြင်အောက်မှာတည်ရှိကြောင်း သိမှတ်ရပေသည်။ ပေါလု၏နှုတ်မြွက်စကားသည် လိုရင်းတိုရှင်းဖြစ်၏။ တိုတိုတုတ်တုတ်နှင့်နဂိုရုပ်ပေါ်ပါသည်။ တိုက်ပွဲကြီးမှာ အောင်ပွဲခံလေသောကြွေးကြော်သံအထက်မှာရှိသည်ဟု ထင်မှတ်ရသတည်း။ ပေါလုသည် ဤသို့စိတ်ချထားပြီးလူဟု ဆိုရလိမ့်မည်။ ငါသာလျှင် အသက်ပျောက်သွားလည်း အကြောင်းမရှိပြီ။ ဧဝံဂေလိသတင်းကောင်းမှုကား ဆက်လက်၍ တည်ရှိနေမည်သာတည်း။

ထိုလူထုပရိသတ်တို့၏ပေါလုဆိုစကားကို နားထောင်ကြသည်အရာမှာ ဘယ်တုန်းကမျှ မရှိစဖူးဟုမှတ်တမ်းတင်ရပေမည်။ နှလုံးသားအခက်ထန်ဆုံးအမာကျောဆုံးသူတို့သော်လည်း နှလုံးသားစောင်းကြိုးများကို တီးခတ်သကဲ့သို့ခံစားနေရသဖြင့် အကျိုးမဲ့တော့ဖြစ်မသွားပါ။ ထိုသူတို့တွင် ထိုအလင်းရောင်နောက်တော်သို့ ဝမ်းမြောက်စွာ လိုက်နာကျင့်သုံးသူများစွာရှိပါ၏။ ကောင်းကင်ထက်ကတရားတော်အလင်းကို စိတ်နှလုံးအတွင်းမှာ မြတ်နိုးခုံမင်စွာ လက်ခံရယူသူတို့ပါတည်း။

ထိုနေ့ရက်မှာ ဟောကြားသောပေါလု၏ ဧဝံဂေလိသတင်းကောင်းအမှန်တရားသည် ခေတ်အဆက်ဆက်အသက်ရှင်သော နောင်လာနောက်သားတို့အတွက်အမွေတော်ပင်ဖြစ်တော့သည်။ ထိုစဉ်က အသက်ရှင်သော ပြည်သူပြည်သားတို့တွင် အဆင့်မြင့်လူတန်းစားတို့သော်လည်း တရားတော်ကိုလက်ခံယုံကြည်ကြသဖြင့် လက်ဆင့်ကမ်း တရားတော်ပေးစွန့်ပြုသူများစွာသည် မာတုရသေခြင်းသချိုင်းတွင်းမှာ ခေတ္တခဏမျှ ဤဘဝတွင်အိပ်စက်အနားယူကာ တိတ်ဆိတ်နှုတ်ပိတ်ခဲ့ရလေသည်။

### နီးရိုးဘုရင်ကြီးသည်ဘုရားသခင်၏နောက်ဆုံးဖိတ်ခေါ်မှုကိုကြားနာခြင်း

ဤဖြစ်ရပ်မှန်အတွင်းကြားသိရသော ဧဝံဂေလိသတင်းကောင်းသည် နီးရိုးရှင်ဘုရင်အတွက် တစ်သက်မှာတစ်ခါလျှင်ဖြစ်၏။သူသည်ကမ္ဘာ့အာဏာရှင်ဖြစ်ပေါ်လျက်နှင့် ယခုလိုတရားခွင်ရှေ့မှာသူသည်သေမိန့်ကိုပေးပိုင်သူ သက်ဦးဆံပိုင်ဘုရင်တစ်ဦးဖြစ်သော်လည်း ကြောက်လန့်ခြင်းများစွာနှင့်တုန်လှုပ်ချောက်ချားခဲ့ရသည်။ သူသည် တမန်တော်ကြီးပေါလု၏ ဘုရားသခင်ကို ကြောက်ရွံ့

ရသည်မဟုတ်ပါလား။ သို့ဖြစ်၍သူသည်ပေါလုကိုတရားမစီရင်လိုပါ။ သူသည် သွေးဆာသူလက်ရဲဇက်ရဲမင်းဆိုးတစ်ပါးပင်ဖြစ်သော်လည်း ယခုလိုအချိန်ပိုင်းမှာကြောက်စိတ်ဝင်လာသည်။

ခေတ္တခဏတာမျှ ကောင်းကင်ဘုံအလင်းသည် နှလုံးသားခိုင်မာလှသောနီးရိုးဘုရင်ကိုထင်ဟပ်ပေ၏။ကောင်းကင်ဘုံကသူ့အားဖိတ်ခေါ်နေပါသည်။ ကောင်းကင်ထက်ကလိုလားတောင့်တစရာ ငြိမ်သက်ခြင်းနှင့်စင်ကြယ်ခြင်းကိုလည်း ထိုမင်းသည်တွေ့မြင်လိုက်ရပါ၏။ သို့ပါသော်လည်း၊ ထိုစွဲလမ်းမက်မောစရာကောင်းသောခွင့်လွှတ်ခြင်းတရားတော်ကို ထိုမင်းကြီးသည် တစ်ခဏတာမျှသာလျှင်ကြိုဆိုလိုက်၏။ လက်ကမ်းရယူလက်ခံလိုက်သည်တော့ မဟုတ်ပါချေ။

ထိုနောက် သူသည်ပေါလုအားမြေအောက်အကျဉ်းခန်းငယ်လေးသို့ ပြန်ခေါ်သွားရန်အမိန့်ပေးလိုက်ပါသည်။ထိုမြေအောက်အကျဉ်းခန်းငယ်လေး၏ တံခါးကိုပိတ်လိုက်သည်နှင့် ဘုရားသခင်၏ စေတမန်အဖို့ သခင့်အတွက်အသက်စွန့်ရန်အခြေအနေဖန်တီးလာသကဲ့သို့ ရောမဘုရင်မင်းကြီးနီးရိုးအဖို့ သနားကြင်နာမှုတံခါးကြီးပိတ်သွားခဲ့ချေပြီ။ နောင်တရရန် အခွင့်အရေးမရှိတော့ပေ။ ထိုမင်းအားဝန်းရံဖုံးလွှမ်းနေသော အပြစ်အမှောင်ထုကြီးကို ဖြတ်ကျော်ထွင်းဖေါက်၍ ထွန်းလင်းသော အလင်းရောင်တန်းသည် နောက်တစ်ဖန် မတွေ့မြင်ရပါတော့ချေ။

ထိုဖြစ်ရပ်မှန်လွန်မြောက်၍မှမကြာသေးပါ။ နီးရိုးရှင်ဘုရင်ကြီးသည် တိုင်းပြည်အတွက်အရေးမကြီးသော ခရီးထွက်လိုစိတ်ပေါ်ပေါက်လာ၍ ဂရိတိုင်းပြည်သို့အလျင်စလို ရေကြောင်းခရီးထွက်ခဲ့ပါသည်။ ထိုခရီးစဉ်မှာ ထိုမင်းကြီးသည် မိမိနှင့်မိမိ၏တိုင်းပြည်များစွာတို့ကို ဂုဏ်သိက္ခာကျဆင်းစေ၏။ အကျိုးမဲ့အပျော်အပါးမှာမွေ့လျော်ခြင်းဖြင့် အချိန်နှင့်ငွေကို အလဟသဖြုန်းတီးလိုက်ပေသည်။ ထိုသို့ပျော်ပါးဖြုန်းတီးခဲ့ပြီးမှ ရောမမြို့တော်သို့ ပြန်လာရာတွင်လည်း ရွံရှာဖွယ်အတိဖြစ်သောအကျင့်ဓလေ့ပျက်ပြားစေသည့် လူမှုရေးစည်းကမ်းဖေါက်ဖျက်မှုလုပ်ရပ်များကိုသူလုပ်သည်။အပျော်အပါးလိုက်စားစိတ်ပြင်းထန်သူဘုရင်ကြီးပင်ဖြစ်စေသည်တကား။ ဤသို့အပျော်ကြူး၍ ကောင်းနေချိန်မှာ မြို့တော်လမ်းမများပေါ်မှာ ရုတ်ရုတ်သဲသဲကြွေးကြော်ဆန္ဒပြသံကြီးကို ကြားရ၏။ ဂါလဘာဆိုသူစစ်သူရဲကြီးသည် ထိုစစ်သူရဲတပ်ကို ဦးဆောင်၍ ရောမမြို့သို့ချီတက်လာလေသည်။ မြို့တော်အတွင်းပုန်ကန်ခြားနားမှုများထိန်းမနိုင်သိမ်းမရ

သောအခြေအနေမျိုးသို့လျင်မြန်စွာရောက်ရှိလာပါပြီ။ လမ်းတကာလမ်းတို့မှာ ဒေါသူပုန်ထနေကြသည့်လူထုပရိသတ်ကြီးသည် မင်းကြီးနှင့်အပေါင်းပါထောက်ခံသူတို့အား သေမိန့်ချရန် ခြိမ်းခြောက်တောင်းဆိုနေကြပေသည်။

ဤတွင် မင်းကြီးသည် လူထုလက်တွင်းမှာမိမိညှင်းဆဲခံပြီးမှသေရမည်ကိုကြောက်၏။ သို့ဖြစ်၍ ယုတ်မာလှသည့်သက်ဦးဆံပိုင်ဘုရင်ကြီးသည် မိမိကိုယ်ကိုမိမိ၏ လက်သုံးဓားနှင့်ပြန်လုပ်ကြံရန် စဉ်းစားတွေးတောမိပါသည်။သို့ရာတွင် ဤကဲ့သို့သောခဲရာခဲဆစ်အချိန်မျိုးမှာ သူသည် သတ္တိမရှိလေတော့။ထွက်ပြေးတိမ်းရှောင်ဘို့ကြံရွယ်ခဲ့၏။ သို့နှင့်မြို့တော် ရောမကိုချန်လှပ်၍ မိုင်ပေါင်းအနည်းငယ်လှမ်းသောတောရွာကလေးတစ်ခုမှာ ခိုလှုံရာကိုအရှက်မရှိ ရှာဖွေခဲ့ပါသည်။ သို့ရာတွင် မိမိ၏လျှို့ဝှက်စခန်းကို များမကြာမီမှာပင်လူထုကြီးသည်ဖေါ်ထုတ်နိုင်ခဲ့သဖြင့် မြင်းတပ်စစ်သူရဲတို့သည် သူရှိရာသို့နှင်လာကြလေပြီ။ ထိုအာဏာရှင်ဘုရင်ဆိုသည်မလွတ်နိုင်ကြောင်း သိသောအခါမှာ မိမိ၏ ကျွန်တစ်ယောက်ကိုခေါ်၍ သူ့အားသတ်ရန်အမိန့်ပေးလေသည်။ ကျွန်သည်လည်း ထိုအမှုကိုလုပ်ရမှာကိုကြောက်၍ တွေဝေနေ၏။ ဤတွင်ကျွန်၏လက်ဖြင့် ခါးကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်စေပြီး ထိုခါးထိပ်ပေါ်သို့ မိမိဝမ်းကိုထိုးကာ ပြင်းထန်သောဒဏ်ချက်ရာကိုရစေပါ၏။ ထိုပြင်းပြရောဂါဒဏ်ချက်ရာဖြင့် ထိုသက်ဦးဆံပိုင်မင်းဆိုးကြီး နီးရိုးသည် သက်တော်(၃၂)နှစ်မှာ ကံကုန်လေပါတော့၏တည်း။

---ooo---

# အခန်း (၄၉)
# ပေါလု၏နောက်ဆုံးစာစောင်

(တိမောသေဩဝါဒစာဒုတိယစောင်ကိုအခြေခံသည်)

ပေါလုသည်တရားစီရင်ရာရုံးတော်ခန်းမဆောင်မှသည်မိမိ၏မြေအောက်အကျဉ်းခန်းငယ်တွင်းသို့ပြန်လာသောအခါမှာ ဤသို့စဉ်းစားမိ၏။ ငါ့ကိုအပြီးထားသောရန်သူတို့သည် ငါမသေသမျှကာလပတ်လုံး အနားနေကြမည်မဟုတ်။ ငါသည်လည်း အချိန်ရသမျှနှင့်ငါ့အတွက် အသက်တော်ကိုစွန့်ခဲ့ပြီး၍ သေခြင်းမှရှင်ပြန်ထမြောက်သော ကယ်တင်ပိုင်သူအကြောင်းကို ကြွေးကြော်အံ့ဟုဆုံးဖြတ်လျက်၊ ဆုံးဖြတ်သည်အတိုင်းလုပ်ဆောင်ခဲ့လေသည်။

ထိုသတင်းကောင်းကိုပေါလုသည် ကြိတ်ကြိတ်တိုး လူထုရှေ့မှာဟောပြောခဲ့ရသည်ကပဲ အောင်မြင်မှုတစ်ခုဟုမှတ်ယူမိပါ၏။ ထိုနေ့ရက်မှာကြဲဖြန့်လိုက်သောတရားတော်မျိုးစေ့တို့သည် အပင်ပေါက်လာမည်မှာသေချာ၏။ ထိုအမှုကို နီးရိုးမင်းနှင့်ခရစ်တော်သခင်၏ရန်သူများစွာတို့က ဖျက်ဆီးရန်ကြိုးပမ်းနေကြပါသော်လည်း အချည်းနှီးပင်ဖြစ်လိမ့်မည်မဟုတ်ပါလား။

ပေါလုသည်မိမိ၏စွတ်စိုထိုင်းမှိုင်းကာမှောင်ရိပ်လွှမ်းမိုးသောမြေအောက်အကျဉ်းခန်းငယ်လေးမှာ နီးရိုးဘုရင်ကြီးထံမှသေမိန့်ကိုစောင့်ဆိုင်းနေပါသည်။ ဤအတောအတွင်းမှာ ပေါလုသည် တိမောသေကိုသတိရ၏။ သူ့ကိုလူလွှတ်ခေါ်လျှင်ကောင်းပါလိမ့်မည်မဟုတ်လော။ ဤသို့ပေါလု ဆုံးဖြတ်လိုက်ပါသည်။ ပေါလုသည် ရောမမြို့တော်သို့မိမိ၏ နောက်ဆုံးခရီးစဉ်ကိုဆက်သောအချိန်မှာ တိမောသေကို ဧဖက်မြို့မှာကျန်ရစ်စေ၏။ တိမောသေသည် သက်ကြီးအိုပေါလုနှင့်အတူအမှုတော်မြတ်မှာ ဆင်းရဲခံ့ရသည်ဖြစ်စေ၊ ဝမ်းသာကြည်နူးရသည့်အချိန်မှာဖြစ်စေ မျှဝေခံစားသူတစ်ဦးပါတည်း။ ဤသို့လျှင် ထိုသူနှစ်ဦးတို့၏သံယောဇဉ်ကြိုးသည် ပို၍ခိုင်မြဲလာသည်။ နက်ရှိုင်းလာ၏။ စင်ကြယ်ပါပေသည်။ တိမောသေသည် ဂုဏ်ယူစရာဖခင်တစ်ဦး၏ ဝိညာဉ်ရေးဆိုင်ရာသားငယ်တစ်ဦးအသွင်ဖြင့် မှတ်တမ်းတင်ခံရလေသည်။ ယခုလိုအကျဉ်းထောင်အခန်းငယ်လေးမှာပေါလုသည် တိမောသေကိုမြင်တွေ့လိုသည်မှာ သဘောဝကျပါပေသည်။

အခြေအနေအရပ်ရပ်မှာမသေချာမရေရာပါ။ အာရှမိုင်းနားဒေသမှ ရောမမြို့သို့လာဖို့ဆိုလျှင် သင်္ဘောရှိဖို့လို၏။ ဆောင်းတွင်းမှာကားရာသီဥတုဆိုးဝါးလှသဖြင့် မလာနိုင်ပါပြီ။ မိမိသည်လည်း နေ့မှာသေရမှာလား၊ ညမှာသေရမှာလားမသိရ။ သို့ဖြစ်၍ မဆိုင်းမတွဘဲ သတိရလျှင်ရချင်းလာဖို့ဖြစ်ပါသည်။ မိမိ၏ ဧဝံဂေလိသတင်းကြောင့် ရရှိသောဝိညာဉ်ရေးဆိုင်ရာချစ်သားကြီးကိုပေါလုသည်များစွာ သတိရ၏။ တိမောသေကြည့်ရှုနေရသော ခရစ်ယာန်တပည့်တော်စုတို့အားလည်း ပေါလုမေ့မရပါချေ။ ထိုသူတို့သည် ပေါလု၏ ချစ်လှစွာသောအသက်ဝိညာဉ်များပင်မဟုတ်ပါလော။

သို့ဖြစ်၍ ပေါလုသည်တိမောသေအား ဤသို့လျှင် နှိုးဆော်၏။ "ငါလက်တင်သောအားဖြင့် သင်၌ ဘုရားသခင်ပေးတော်မူသောဆုကိုနှိုးဆော်မည်အကြောင်း၊ ငါသည် သင့်ကိုသတိပေး၏။ အကြောင်းမူကား၊ ဘုရားသခင်သည် ကြောက်တတ်သောစိတ်သဘောကို ငါတို့အားပေးတော်မူသည်မဟုတ်၊ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ်သဘောကိုပေးတော်မူ၏။

ထိုကြောင့် ငါတို့သခင်ဘုရား၏သက်သေကိုလည်းကောင်း၊ ထိုသခင်ကြောင့်အကျဉ်းခံရသူဖြစ်သော ငါ့ကိုလည်းကောင်း ရှက်ကြောက်ခြင်းမရှိနှင့်။ ဘုရားသခင်ပေးတော်မူသောတန်ခိုးကို ရသည်အတိုင်း ဧဝံဂေလိတရားနှင့်ဆက်ဆံ၍ ဆင်းရဲခက်ခဲမှုကိုခံလော့။" "ထိုအကြောင်းကြောင့် ဤဆင်းရဲခက်ခဲမှုကို ငါခံရ၏။သို့သော်လည်း ရှက်ကြောက်ခြင်းမရှိ။ အဘယ်သူကို ငါယုံကြည်သည်ဟုငါသိ၏။ သူ၌ငါအပ်ထားသောအရာကိုလည်း ထိုနေ့ရက်တိုင်အောင်စောင့်နိုင်တော်မူသည်ဟု ငါသဘောကျ၏။"

ပေါလု၏ အမှုတော်ဆောင်သက်တမ်းတစ်လျှောက်မှာပေါလုသည်မိမိ၏ကယ်တင်ပိုင်ရှင်ယေရှုခရစ်တော်နှင့်ထားရှိသောသစ္စာကတိပြုချက်အတိုင်း ဘယ်သောအခါမျှဒွိဟမဖြစ်၊ ဦးလည်းမသုန်၊ တန်းတန်းမတ်မတ်သာရှေးရှုခရီးသွားခဲ့ပါ။

အပြစ်ရှာဖွေဖျက်ဆီးရန် ကြိုးပမ်းနေသော ဖာရိရှဲ ကျမ်းတတ်များ၊ သခင်စိတ်မွှန်နေသာ ရောမအာဏာရှိပုဂ္ဂိုလ်များ၊ (သို့မဟုတ်) မာကေဒေါနိအကျဉ်းထောင်မှာ စီရင်ချက်ချမှတ်ခံရပြီးဖြစ်သော အပြစ်သားများ၊ လေပြင်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးနေပြီဖြစ်သော သင်္ဘောပေါ်မှ ထိမ်းမနိုင်သိမ်းမရအောင် အကြောက်ကြီးကြောက်လန့်ကြကုန်သော သင်္ဘောသားများနှင့်ရက်စက်

ယုတ်မာ၍ အသက်ကိုပုရွက်ဆိတ်လောက်သော်မှတန်ဖိုးမထားသောအာဏာရှင် သက်ဦးဆံပိုင်မင်းနီးရိုးရှေ့မှောက်မှာ ရောက်ရသည်တိုင်အောင် ပေါလုသည် ဘုရားသခင်ပေးတာဝန်ဖြစ်သော ဧဝံဂေလိသတင်းကောင်း ကြွေးကြော်ခြင်းအမှုအတွက် ဘယ်သောအခါမျှ ရှက်ကြောက်တွန့်ဆုတ်ခြင်းမရှိခဲ့ပါချေ။ အဘယ်မည်သောဆန့်ကျင်မှုအခက်အခဲ(သို့မဟုတ်) နှိပ်စက်ညှင်းပမ်းမှုသည် ပေါလုအား မိမိ၏သခင်အတွက် အစေခံခြင်းခရစ်ယာန်သာသနာခရီးလမ်းကြောင်းမှကျော ခိုင်းသွားစေရန် မပြုနိုင်ပါချေ။

ဆက်လက်၍တိမောသေအား နှိုးဆော်စာရေးပြောလေသည်မှာ၊ "ငါ့သားသင်သည်ယေရှုခရစ်၌ရှိသောကျေးဇူးတော်အားဖြင့် ခိုင်ခံ့ခြင်းရှိလော့။ . . . . ယေရှုခရစ်ထံ၌ကောင်းသောစစ်သူရဲကဲ့သို့ ဆင်းရဲခက်ခဲမှုကိုသည်းခံလော့" ဟုဆိုပါသည်။

## ဘုရားသခင့်အမှုတော်ဆောင်၏တတ်စွမ်းနိုင်မှုအားအင်များကို ကျေးဇူးတော်ကတိုးပွားစေခြင်း

ဘုရားသခင်၏အမှန်အကန်အမှုတော်ဆောင်တစ်ဦးသည် အခက်အခဲနှင့်တွေ့ကြုံနေရပါသော်လည်း ခေါင်းမရှောင်ပါ။ မိမိအားပေးအပ်ထားသောတာဝန်ကို ထမ်းဆောင်၍ ရင်ဆိုင်ရသောစုံစမ်းနှောင့်ယှက်ခြင်းကို အောင်မြင်နိုင်အံ့သောငှာ သူသည် ဘုရားသခင်အထံတော်မှခွန်အားကိုတောင်းခံပါလိမ့်မည်။ ခွန်အားရရှိဖို့သခင့်ထံတိုးဝင်ချဉ်းကပ်ချေက သခင်သည် ဘယ်သောအခါမျှမငြင်းပယ်ကြောင်းကို သူသိနားလည်ပါသည်။ သခင့်အတွက် အစေခံရသည်ကိုပင် သူသည်ကျေနပ်ဝမ်းမြောက်နေမိ၏။ "ယေရှုသခင်၌ရှိသော ကျေးဇူးတော်" သည် သူကြားသိရသမျှတွေကို သစ္စာရှိစွာ လက်ဆင့်ကမ်းသက်သေခံရန်တတ်စွမ်းနိုင်စေသည်မဟုတ်လော။ သူသည် သစ္စာရှိယုံကြည်သူတို့အား ထိုအသိတရားကိုအပ်နှင်း၍ ထိုသူတို့သည်လည်း တစ်ဖန်ဆက်လက်ကာ တစ်ပါးသူတို့အားလက်ဆင့်ကမ်းမျှဝေသူများဖြစ်စေကြပါသည်။ တစ်နည်းဆိုရပါလျှင်ကျေးဇူးတော်ကြောင့် ဧဝံဂေလိသတင်းကောင်းကို လက်ဆင့်ကမ်းသူ အမှုဆောင်များကြောင့် ကြားနာရသူတို့သည် တရားတော်ကို ယုံကြည်နားထောင်ကြရ၏။

ထိုသူတို့သည်လည်း တဖြည်းဖြည်းနှင့်တရားတော်ကို လက်ဆင့်ကမ်းသွန်သင်သူများဖြစ်လာကြပါသည်။ ဤနည်းဖြင့် ဧဝံဂေလိသတင်းကောင်းသည် ကမ္ဘာအနှံ့ပြန့်ရန်ဖြစ်သည်မဟုတ်လော။

ပေါလုသည် မိမိစာစောင်ထဲမှာ အသက်အရွယ်နုငယ်သောအမှုတော်ဆောင်တို့အား ကောင်းမြတ်သော အကြံဉာဏ်များကိုပေးထားပါသည်။ "သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ အမှန်တရားကို မှန်ကန်စွာပိုင်းခြားတတ်သောဆရာသမားဖြစ်လျက် ဘုရားသခင့်ရှေ့၌ကိုယ့်ကိုကိုယ်ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့။"

"လူပျိုတို့၏တပ်မက်ခြင်း ကိလေသာစိတ်ကို ကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊စင်ကြယ်သောစိတ်ရှိ၍ ဘုရားသခင်ကို ဆုတောင်းသောသူတို့နှင့် အသင့်အတင့်နေခြင်းတို့ကို မီအောင်လိုက်လော့။ မိုက်မဲ၍ ပညာကင်းသောအမေတို့သည်ရန်ပွားစေတတ်သည်ဟုသိမှတ်၍ ပယ်ရှားလော့။" "ခပ်သိမ်းသောသူတို့အားဖြည်းညင်းစွာပြုသောသူ၊ ဆုံးမဩဝါဒပေးခြင်းအမှု၌လိမ္မာသောသူ၊ သည်းခံနိုင်သောသူဖြစ်ရမည်။ အမှန်တရားကို ဝန်ခံခြင်းအလို့ငှာနောင်တကို ဘုရားသခင်ပေးကောင်းပေးတော်မူ၍ လွတ်ခြင်းသို့ ရောက်ကောင်းရောက်ကြလိမ့်မည်။"

တမန်တော်ပေါလုသည် တိမောသေအားအသင်းတော်အတွင်းဝင်ရောက်စီးနင်းနှောင့်ယှက်ရန်ကြိုးစားနေသောဆရာတုဆရာယောင်တို့အားဆန့်ကျင်မှုပြုရန်သတိပေးခဲ့ပါသေးသည်။"နောင်ကာလသည်ခဲယဉ်းသောကာလဖြစ်မည်ဟုသိမှတ်ကြလော့။ အဘယ်သို့နည်းဟူမူကား၊ လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ထောင်လွှားစော်ကားသောသူ သူ့အသရေကိုရှုတ်ချသောသူ၊ မိဘစကားကိုနားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ. . . . . ဘုရားသခင်၌မွေ့လျော်ယောင်ဆောင်၍မွေ့လျော်ခြင်းတန်ခိုးကိုငြင်းပယ်သောသူဖြစ်ကြလိမ့်မည်။ ထိုသူတို့ကိုရှောင်လော့။"

"သင်သည်အဘယ်သူထံ၌နည်းခံခဲ့ပြီးသည်ကိုလည်းကောင်း၊ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလို့ငှာပညာကိုပေးနိုင်သောခရစ်ယာန်ကျမ်းစာကိုငယ်သောအရွယ်မှစ၍လေ့ကျက်သည်ကိုလည်းကောင်း၊သိမှတ်သည်နှင့်အထက်ကသင်၍နှလုံးသွင်းမိသော အယူဝါဒ၌တည်နေလော့။ ထိုကျမ်းစာ

ရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏ လူသည်စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုခြင်းအလို့ငှာပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်းဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကို ပြုတတ်၏။" ခရစ်ယာန်ကျမ်းစာသည် ကျွန်ုပ်တို့ရင်ဆိုင်နေရသောတိုက်လှန်ပွဲကြီးမှာ လက်နက်တပ်ဆင်ပေးရန်အတွက် ထားရှိသောလက်နက်တိုက်ကြီးသဖွယ် ဖြစ်ပါသည်။ ကျွန်ုပ်တို့မှာ ဒိုင်းလွှားတည်းဟူသော ယုံကြည်ခြင်းနှင့်ဓါးတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်မှုတ်သွင်းတော်မူသည့် ဘုရားသခင်၏ နှုတ်ထွက်စကားတော်သည် ရှိအပ်ပါ၏။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာလမ်းခရီးကို ပိတ်ပင်ဟန့်တားထားသောအရာများနှင့် အပြစ်အနှောင်အဖွဲ့များကို ထိုဝိညာဉ်တော်ဓါးအားဖြင့်သာလျှင် ခုတ်ဖြတ်ပယ်ရှင်းနိုင်မည်မဟုတ်ပါလား။

## တရားတော်ဟောကြားရန်တိမောသေအားဆင့်ခေါ်ခြင်း

အသင်းတော်မှာ တရားတော်ကိုကြိုးစား၍သစ္စာရှိစွာဟောကြားဖို့လိုအပ်ကြောင်း ပေါလုမြင်ပါသည်။ သို့ဖြစ်၍ တိမောသေအား ဤသို့လျှင်အမိန့်ရှိခဲ့လေ၏။ "နှုတ်ထွက်တရားတော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။"

ဘုရားသခင်၏ အမှုတော်မြတ်မှာ တိမောသေအား ဤသို့ဆင့်ဆိုရာ၌ ပေါလု၏ ပညတ်ချက်မှာ လူထုပရိသတ်ကြီးရှေ့မှာဖြစ်စေ၊ အဖွဲ့ငယ်လေးနှင့်ဖြစ်စေ၊ လမ်းပေါ်မှာဖြစ်စေ၊ ဧည့်ခန်းဆောင်မှာဖြစ်စေ၊ ရန်သူဖြစ်စေ၊ မိတ်ဆွေဖြစ်စေ၊ အဆင်ပြေ၍အေးအေးဆေးဆေးရှိချိန်မှာဖြစ်စေ၊ အခက်အခဲ ကြောက်ခမန်းလိလိအချိန်မျိုးမှာဖြစ်စေ ဘုရားသခင့်အတွက် သက်သေခံရန်အစဉ် အသင့်ရှိစေရမည်ဖြစ်ပါသည်။

တိမောသေ၌နူးညံ့ပျော့ပျောင်းသောသဘောရှိပါသည်။ပဓါနကျသောအရာများကို ရှိုးရှိုးကဲ့သို့မှတ်ယူမိမည်ကိုစိုးရိမ်သဖြင့် မိမိလုပ်သင့်လုပ်အပ်သည့်အပိုင်းကို ရှောင်ကွင်းခြင်းမပြုရန် အထူးသဖြင့် အပြစ်ကိုဖော်ပြဆုံးမပဲ့ပြင်ခြင်းအမှုကို သစ္စာရှိရှိလုပ်ဆောင်သွားပါရန် တိုက်တွန်းခဲ့ပေသည်။ သို့တစေလည်း

ဤအမှုကိုလုပ်ဆောင်ရာတွင် "အရာရာ၌သတိရှိ၍ အခက်အခဲဆင်းရဲကိုလဲခံ ကာခရစ်ယာန်သာသနာပြုဆရာဆောင်ရွက်ရသောအမှုကိုဆောင်ရွက်"ဖို့နှုတ်ထွက် စကားတော်အားဖြင့် ဆုံးမပဲ့ပြင်မှုကိုပြုဖို့ရှင်းပြခဲ့ပေသည်။

အပြစ်ကိုမုန်းတီးရွံရှာ၍ တစ်ချိန်တည်းမှာပင် အပြစ်သားကိုနူးညံ့သိမ်မွေ့စွာဆက်ဆံဖို့သည်လွယ်ကူသောအလုပ်တစ်ခုမဟုတ်ပါ။ ပြစ်မှားသူကိုခက်ထန်တင်းကျပ်စွာမဆက်ဆံပါနှင့်။ သို့ရာတွင် အပြစ်ပြုခြင်းအမှုကိုအတိုင်းထက်အလွန်မျက်ခြည်ပြတ်၊ ဂရုမစိုက်အပ်သည်လည်းမရှိရပါ။ မှားယွင်းမှုအတွက်သည်းခံစိတ်ရှည်လွန်းခြင်းသည် ဘေးရန်ရှိ၏။ အကြောင်းမူကား၊ မှားယွင်းသူသည်မိမိ၏လုပ်ရပ်အတွက် ဆုံးမပဲ့ပြင်မှုနှင့်မထိုက်တန်တော့ဟု မိမိကိုယ်ကိုမြင်မိမှာစိုးရိမ်ရပါသည်။ ထိုသို့ရှိချေက ထိုမှားယွင်းသူသည် ပို၍ဆိုးတတ်သည်မဟုတ်ပါလား။

## ခရစ်ယာန်သာသနာ့ဝန်ဆောင်များစာတန်၏တန်ဆာပလာများဖြစ်လာနိုင်ခဲ့

ဧဝံဂေလိဝန်မဆောင်များတို့သည်တစ်ရံတစ်ခါမှာ မှားယွင်းနေသောသူကိုတွေ့မြင်ပါလျက် အမှားကိုမထောက်ပြ၊ အပြစ်ကျူးလွန်မှုကိုပင်ခွင့်ပြုသည်းခံသည့်အလား ရှောင်ကြဉ်ကာနေကြလေသည်။ ဤသည်လည်း ခေါင်းရှောင်ခြင်းတစ်မျိုးပေတည်း။ ဤသို့လျှင် အသင်းတော်မှာ ယိုယွင်းပျက်စီးမှုကိုခွင့်ပြုသလိုဖြစ်၏။ ထိုမှလွန်သော် ထိုတရားတော်ဝန်ဆောင်တို့သည်ပင်လျှင် ပါဝင်လာကြ၏။ ဤသို့လျှင် သူတစ်ပါးအပြစ်မှသည် ကိုယ့်အပြစ်ဆီသို့ဆိုက်ရောက်တတ်လေသည်။

ထိုသူတို့သည် ဘုရားသခင်ရှုတ်ချပြစ်တင်သော အရာများကိုခွင့်ပြုလာသည်နှင့်အမျှ ကြာသော် ထာဝရဘုရားသခင်ပြစ်တင်ရှုတ်ချသူတို့အား ဆုံးမပဲ့ပြင်ကာ လမ်းကောင်းညွှန်ပြရန် ထိုသူတို့ပျက်ကွက်သည့်တိုင်အောင် ဝိညာဉ်ရေးမျက်စိအလင်းမှာ စုံလုံးကန်းလာပေတော့သည်။ ဤကား အပြစ်ကိုငဲ့ညှာခြင်း၏ရလဒ်ပေတည်း။ ဘုရားသခင်ပြစ်တင်ရှုတ်ချသောအပြစ်ကို လွန်ကျူးသူအားအရေးမယူဘဲနေခြင်းသည် ကြာသော်ပို၍ ကြီးကျယ်သော ခက်ထန်ကျဉ်းကျပ်သည့်ရက်စက်မှုကို ပြုကျင့်စေနိုင်ပေသည်။

လူ၏ပညာသည် မာန်မာနကို မြင့်တက်မောက်မာစေ၏။ ထာဝရဘုရားသခင်၏ နှုတ်ထွက်ကျမ်းစာကို မနှစ်သက်ခြင်းသည်လည်း၊ ဘုရားသခင်၏

တောင်းဆိုချက်များမှဝေးဝေးနေစေပါသည်။ တစ်ပါးသူတို့အား နှုတ်ထွက်တရားတော်သွန်ပြသပေးနိုင်စွမ်းရှိသေးသူတို့ကိုပင်လျှင် လမ်းလွဲစေနိုင်သည် မဟုတ်လော။ သို့ဖြစ်၍ ပေါလုက "နောင်ကာလ၌လူတို့သည် စင်ကြယ်သောဩဝါဒကိုနားမခံနိုင်ဘဲ ယားတတ်သောနားရှိလျှင် မိမိတပ်မက်ခြင်းအတိုင်း များပြားသောအရာတို့နောက်သို့လိုက်ကြလိမ့်မည်" ဟုဆိုပါသည်။

ဤနေရာတွင်ပေါလုသည် မိမိကိုယ့်အလိုသို့လိုက်တတ်သောယုံကြည်သူခရစ်ယာန်များကို ရည်ညွှန်းပြောဆိုနေခြင်းဖြစ်ပါသည်။ ထိုသူတို့သည်တစ်ကိုယ်ကောင်းစိတ်ရှိသော ကျေးကျွန်သဖွယ်ဖြစ်၍လာပါပြီ။အပစ်ကိုဖော်ပြပြစ်တင်ခြင်းဩဝါဒကိုမပြု။ မိမိတို့၏ပျော်ပါးရာနောက်သို့သာလိုက်ကြကုန်၏။သူတို့အားမြှောက်ပင့်ချီးမွမ်းသူတို့ကို ဆရာတင်၏။ ယုံကြည်စွဲလမ်းသူအမှုဆောင်များအထဲမှာပင်လျှင် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို ဟောပြောရမည့်အစား၊ လူ့အကြိုက်ကိုလိုက်၍ဟောပြောသွန်သင်ကြလေသည်။

ဘုရားသခင်သည် မိမိ၏သန့်ရှင်းသောပညတ်တော်ကို လူသားတစ်နွယ်လုံးအတွက်ထိန်းသိမ်းထားရန်မိန့်မှာတော်မူပါသည်မဟုတ်လော။ ပညတ်တော်ကိုမဖျက်၊ မပပျောက်စေကြောင်းကို ခရစ်တော်သခင်လာရောက်အသေခံခဲ့ခြင်းအားဖြင့် သက်သေထင်ရှားပြသခဲ့ပြီးလေပါပြီ။ခရစ်တော်သခင်၏အမိန့်တော်အရပညတ်တော်သည် ဘုရားသခင်ကိုချစ်၊လူသားချင်းကိုလည်းချစ်ဟူသောချစ်ခြင်းမေတ္တာအပေါ် အခြေခံပါသည်။ ဤပညတ်ချက်များတို့ကို လိုက်နာစောင့်ရှောက်ရမည်မှာ လူသားတို့၏ တာဝန်ပင်ဖြစ်ချေသည်။ မိမိ၏အသက်တာပုံသက်သေအားဖြင့်လည်း ဘုရားသခင်၏ပညတ်တော်ကို နားထောင်ဖို့ရန်ကျွန်ုပ်တို့အားပြသခဲ့လေပါပြီ။

သို့ပါသော်လည်း ဖြောင့်မတ်ခြင်းတရားအလုံးစုံတို့၏ ရန်သူသည်လူသားတစ်နွယ်လုံးကိုပညတ်တော်အားဖြင့် နားမထောင်၊ပစ်ပယ်ရန်ရှေ့ဆောင်နေသည်မဟုတ်ပါလား။ ဤအမှုကို ပေါလုသည် ကြိုမြင်သည့်အတိုင်းလူတို့သည် ယားတတ်သောနားရှိသဖြင့် ပုံပြင်ဆန်ဆန်ဒဏ္ဍာရီကိုမှ ရွေးချယ်ကြ၏။ တရားတော်ဝန်ဆောင်များအပါအဝင် လူများစွာတို့သည် ထာဝရဘုရားသခင်၏ပညတ်တော်တို့ကို ခြေဖြင့်နင်းလျက် ကျော်သွားနေကြသည်။ ဤတွင် ဖန်ဆင်းသူဘုရားသခင်သည် စော်ကားခြင်းကိုခံနေရပါ၏။ စာတန်သည် မိမိ၏ အောင်မြင်မှုအတွက်ပြုံးနေပါသည်တကား။

## လူမှုရေးဆိုင်ရာဆိုးသွမ်းမှုများအတွက် စစ်မှန်သောဆေးတစ်ခွက်

ထာဝရဘုရားသခင်၏ပညတ်တရားတော်ကို အထင်သေးကာရွံရှာမုန်းတီးကြသဖြင့် လူတို့သည် ဘုရားသခင်၌မမွေ့လျော်ကြတော့ပါ။ မာန်မာနတရားတိုးပွားလာ၏။

အပျော်အပါးကိုချစ်မြတ်နိုးကာ မိဘစကားကိုနားမထောင်ခြင်းနှင့် ကိုယ့်အလိုဆန္ဒကိုလိုက်စားခြင်းတို့သည် များပြားလာပါသည်။ ဤအပြုအမူများကြောင့် နေရာအနှံ့မှာချင့်ချိန်စဉ်းစားလာကြသူများ စိုးရိမ်တကြီးနှင့်မေးခွန်းထုတ်ကြကုန်သည်။ ဤမကောင်းမှုအပြစ်များကို မည်ကဲ့သို့လျှင် ပြုပြင်ကာမှန်ကန်စေနိုင်ပါမည်နည်း။ အဖြေမှာ "ဘုရားသခင်၏နှုတ်ထွက် စကားတော်ကိုဟောပြောလော့။"

သမ္မာကျမ်းစာသည် ထာဝရဘုရားသခင်၏ အလိုတော်ကို ဖေါ်ပြသောမှုရင်းစာတစ်ခုပင်ဖြစ်၏။ ဘုရားသခင်၏ ဉာဏ်ပညာကိုဖေါ်ပြခြင်းတစ်ခုပေတည်း။ ထိုပညတ်တရားတို့ကို သတိပြုစောင့်ရှောက်သောသူတို့သည် ဘုရားသခင်၏ လမ်းပြပို့ဆောင်မှုကို ခံယူရရှိသဖြင့် လမ်းမှားသို့မရောက်ရပါ။ မိမိတို့၏ အသက်တာလမ်းခရီးမှာလည်း အနှောင့်အယှက်များကြောင့်အချိန်ကိုဖြုန်းတီးသလိုလည်း မဖြစ်ရပါချေ။

ဘုရားသခင်ကပြောလျှင် လူသည်သံသယဖြစ်စရာမလိုပါ။ သံသယမေးခွန်းများကိုမေးဖို့လည်းမဖြစ်နိုင်တော့ပါ။ အလိုအပ်ဆုံးအရာမှာ နားထောင်ခြင်းပင်ဖြစ်ပါသည်။

ပေါလုသည် မိမိ၏ ဘဝခရီးလမ်းဆုံးသို့ရောက်လုနီးပါပြီ။မိမိမရှိတော့သည်နောက် မိမိနေရာကို တိမောသေတစ်ယောက် ဆက်လက်ထိန်းသိမ်းစေလို၏။ အသင်းတော်ကိုလည်း အယူဖေါက်ပြန်မှောက်မှားမှု၊ ဒဏ္ဍာရီဆန်ဆန်ပုံပြင်တို့မှ ကင်းလွတ်စေလို၏။ သို့ဖြစ်၍ ဘုရာသခင်အတွက် အစေခံခြင်း အမှုမှာ အတားအဆီး၊ အနှောင့်အယှက်ဖြစ်စေသော ရှုပ်ထွေးမှုအနှောင်အဖွဲ့ကိုရှောင်ကြဉ်ရန် ချိုသာစွာ သတိပေးနှိုးဆော်ခဲ့လေသည်။ မိမိကိုယ်ကို ဘုရားသခင်ထံ လုံးလုံးလျားလျားအပ်နှံထားရန်လည်း လိုအပ်ကြောင်းနှင့် ဆန့်ကျင်တားဆီးမှု ကဲ့ရဲ့ပြစ်တင်ရှုတ်ချမှု၊ နှိပ်စက်ကလူပြုမှုတို့ကို ရွှင်လန်းစွာခံယူခြင်းဖြင့် မိမိ၏ ခရစ်ယာန်သာသနာခရီးစဉ်ကို သက်သေကောင်းပြသရန် အားပေးခဲ့လေသည်။

ပေါလုအတွက်ဆိုလျှင်ခရစ်တော်သခင်၏လက်ဝါးကပ်တိုင်တော်သည် အောင်မြင်ခြင်း၏ အာမခံချက်ပင်ဖြစ်ပါသည်။ ကယ်တင်ရှင်ကိုချစ်သောစိတ်က သူ့အားအတွင်းအပြင်ဇာတိသဘောနှောင့်ယှက်မှုအလုံးစုံတို့မှ ကင်းလွတ်စေ၏။ အတွင်းတိုက်လှန်မှုဟုဆိုရာ၌ လူသည် မိမိ၏တစ်ကိုယ်ကောင်းစိတ်ကိုချိုးနှိမ်ရန် ခက်ခဲပါသည်။ အပြင်တိုက်လှန်မှုဟူသည်ကား မိမိနှင့်မရင်းနှီးဆန့်ကျင်ဘက် စိတ်ဆောင်ကာလောကနှင့်မိမိကိုလုံးဝဆန့်ကျင်သော ရန်ဘက်များ ဖြစ်ကြပါသည်။

ယခုလို ခက်ခဲသည့်နောက်ဆုံးသောကာလမျိုးမှာ အသင်းတော်သည် မိမိကိုယ်ကိုသခင့်အတွက် အသုံးတော်ခံသောအမှုတော်ဆောင်အစည်းအရုံးတစ်ခုကိုလိုအပ်ပါ၏။

ထိုသူတို့သည် ဘုရားသခင်နှင့် အနီးကပ်သိကျွမ်းမှု အတွေ့အကြုံမျိုးရှိရပါမည်။ ခက်ခဲမှုကြားဝယ် တာဝန်ဝတ္တရားကိုထမ်းရွက်ရန် မငြင်းဆန်သောလူမျိုး၊ မှန်မှန်ကန်ကန်နေ၍ ရဲဝံ့သောသူ၊ သန့်ရှင်းသောမီးဖြင့်မိမိနှုတ်ကိုတို့ထခါင်ြိုးခံရသောလူမျိုးသည် ယနေ့ကာလမှာ လိုအပ်နေသည်။ ထိုသို့သောလူမျိုးသည် ဘုရားသခင်၏ နှုတ်ထွက်တရာတော်ကို ဟောပြောရပေမည်။ထိုသို့သောလူမျိုးကို ယနေ့တွင် သခင်အလိုရှိနေပါသည်။ အဘယ်သူသည်တုံ့ပြန်ပါမည်နည်း။

ယနေ့လူငယ်များသည် သန့်ရှင်းသောအမှုတော်မြတ်လုပ်ငန်းကိုလက်ခံပါမည်လော။တမန်တော်ပေါလု၏ဖိတ်ခေါ်ချက်ကို မည်သူသည် အာရုံပြုတုံ့ပြန်ပါမည်နည်း။

ပေါလုသည် မိမိ၏ စာစောင်ကိုအရေးတကြီးတောင်းခံချက်နှင့်နိဂုံးချုပ်ထားပါသည်။ တိမောသေ မြန်မြန်လာလော့။ ဖြစ်နိုင်လျှင် ဆောင်းဥတုမတိုင်မီ အရောက်လာလော့။ သူသည်အထီးကျန်ဘဝမျိုးမှာရှိနေရကြောင်း၊ တုခိတ်ကိုမူ ဧဖက်မြို့သို့သူစေလွှတ်ထားပြီးဖြစ်ကြောင်း၊ တိမောသေကို ဖွင့်ဆိုလိုက်ပါသည်။ မိမိသည် သက်ဦးဆံပိုင်စီဇာနီးရိုး၏ တရားပလ္လင်ရှေ့မှာ တရားဆိုင်ပြီးဖြစ်ကြောင်း မိမိ၏ ညီအစ်ကိုတော်များသည် သူ့အားချန်လုပ်ထားခဲ့ကြောင်း၊ ဘုရားသခင်၏ ကျေးဇူးတော်သည်သာလျှင် သူ့အား စောင့်ထိန်းပေးနေကြောင်း ပေါလုသည် တိမောသေအား ရင်ဖွင့်ပြီးသည်နောက်မှာ ချစ်သားတိမောသေ၊သင့်အားငါသည် သိုးထိန်းကြီးလက်တွင်းသို့အပ်နှံလိုက်ပါ၏။ ထိုသိုးထိန်းကြီးသည်မိမိသိုးစုတို့အား

မည်သည့်အခါမျှဂရုမစိုက်ဘဲမနေပါ။ အငှားသိုးထိန်းသည် လူ့သဘောဝင်သဖြင့် မိမိ၏တာဝန်ကိုပျက်ကွက်ကောင်းပျက်ကွက်နိုင်ပါသော်လည်း၊ ထိုသိုးထိန်းကြီး မူကား အားကိုးသူသိုးစုကလေးများကို ဘယ်သောအခါမှ မစွန့်ပယ်ကြောင်းသိမှတ်နားလည်ပါလေ။ ငါသည်သင့်အား ထိုသိုးထိန်းကြီးလက်တွင်းသို့အပ်နှံထားခဲ့လေပါပြီ။ သင်သည်လည်း သိုးထိန်းငယ်အလုပ်ကို သစ္စာရှိစွာဆက်လက်လုပ်ဆောင်ပါလော့။ ပေါလု၏နောက်ဆုံးမိန့်မှာချက် ဤတွင်ပြီး၏။

---ooo---

# အခန်း(၅၀)
# မိမိအဖို့အသေခံခဲ့သောသခင့်အတွက် ပေါလုအသေခံသွားခြင်း

ပေါလု၏နောက်ဆုံးအပြီးအပိုင်တရားရုံးချိန်းမှာ မင်းကြီးနီးရိုးသည် တမန်တော်ကြီး၏တရားပေးချက်စကားတို့ကို ကြားနာလိုက်ရသည်တွင်မေ့၍မရနိုင်အောင်စွဲလမ်းသွားပါ၏။ သို့ဖြစ်၍လည်း ချက်ချင်းဆိုသလိုဆုံးဖြတ်ချက်မပြုနိုင်ခဲ့ပေ။ တမန်တော်ကြီးအား တရားသေလွှတ်လိုက်လိုစိတ်လည်းမရှိ။ ဘုရားသခင်၏အစေခံကို အပြစ်စီရင်ချက်လည်းမချလိုပါ။ ဒွိဟဖြစ်နေသည်။ သို့သော်လည်း မကြာလှပါ။

မင်းကြီးမှာ မနာလိုစိတ်တဘွားဘွားပေါ်ပေါက်လာ၏။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန်ဘာသာသည် မင်းကြီး၏စံအိမ်မိသားစုသို့တိုင်ပျံ့နှံ့သွားနိုင်ခဲ့သောကြောင့်တည်း။ မိမိ၏အာဏာစက်ကို ဖီဆန်ခဲ့သောမိမိ၏ခရစ်ယာန်မိသားစုဝင်တို့ကြောင့် ပေါလုမှာ မာတုရသေခြင်းဖြင့် အစီရင်ခံရန်အမိန့်ချခဲ့လိုက်သည်။ ရောမနိုင်ငံသားဖြစ်၍လည်း ပေါလုကို နှိပ်စက်ညှင်းဆဲခြင်းမပြုမူ၍၊ တမန်တော်ကြီးအား ခေါင်းဖြတ်သတ်လိုက်ပါသည်။

ထိုလူသတ်ကုန်းသို့ကြည့်ရှုသူအနည်းငယ်သာခွင့်ပြု၏။ အကြောင်းသော်ကား၊ ပေါလု၏ မာတုရသေခြင်းကိုကြည့်ရှုသူပေါ်များချေက ထိုသူတို့တွင်တချို့သည် ခရစ်ယာန်အဖြစ်သို့ပြောင်းလဲသွားမည်ကို လူသတ်သမားတို့ကစိုးရိမ်ကြသည်။

သို့ပါသော်လည်း စိတ်နှလုံးမာကျောခက်ထန်လှပါပေ့ဟူသော စစ်သူရဲကြီးတို့ပင်လျှင် ပေါလု၏ နောက်ဆုံးစကားများကိုကြားလိုက်ရ၏။ သေမည်ကိုသိပါလျက်နှင့် ပေါလုမှာ ဝမ်းမြောက်ရွှင်လန်းခြင်းရှိသည်ကိုမြင်ရ၍လည်း အံ့သြကြသည်။

တွေ့မြင်ကြသူများထဲတွင် တစ်ယောက်ထက်မနည်းသောစစ်သူရဲများသည် ကယ်တင်ရှင်ကိုယုံကြည်လက်ခံကြ၏။ ထိုသူတို့သည် နောင်သောအခါမှာ မိမိတို့၏အသွေးမြေကျခံရခြင်းဖြင့် မိမိတို့၏ ယုံကြည်ခြင်းကိုမကြောက်မရွံ့ဘဲ တံဆိပ်ခတ်ကာ သက်သေပြခဲ့ကြပေသည်။

ပေါလုသည်နောက်ဆုံးအသက်ရှင်ချိန်အထိမိမိ၏ဆိုစကားမှန်ကန်ကြောင်းကိုသက်သေပြခဲ့ပေသည်။ ကောရိန်သုမြို့သားတို့အားရေးလိုက်သောစာထဲမှာ တွေ့နိုင်ပါသည်။ "တန်ခိုးတော်၏အသရေသည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့်ဆိုင်မည်အကြောင်း. . . . ငါတို့သည် အမျိုးမျိုးသောနှောင့်ယှက်ခြင်းကိုခံရသော်လည်း အကျိုးနည်းခြင်းသို့မရောက်။ မကြံစည်နိုင်အောင်ရှိသော်လည်း၊ စိတ်မပျက်၊ ညှင်းဆဲခြင်းကိုခံရသော်လည်း ရှုံးခြင်းမရှိ။ အောက်သို့လှဲခြင်းကိုခံရသော်လည်း ဆုံးရာသို့မရောက်။" (၂ကော ၄း၆-၉)

ပေါလု၏မျက်နှာမှာသေခါနီးပေမယ့်ကောင်းကင်ထက်ကအမွေနှင့်စပ်ဆိုင်သောငြိမ်သက်ခြင်းအသွင်ကိုဆောင်သဖြင့်တွေ့မြင်ရသူများစွာတို့သည်ဧဝံဂေလိသတင်းကောင်းကိုလက်ခံကြပေ၏။သူနှင့်အပေါင်းအသင်းဝင်ဆက်ဆံရင်းနှီးသူတိုင်းကလည်းပေါလုသည်ခရစ်တော်သခင်နှင့်ပေါင်းစည်းနေကြောင်းကိုခံစားတင်ပြကြပါသည်။သူ့အသက်တာကသူဟောကြားခဲ့သည့်တရားတော်ကိုသက်သေထူနေပါ၏။ဤတရားတော်မှာအမှန်တရား၏တန်ခိုးအာဏာစက်ရှိ ကြောင်းထင်ရှား၏ခရစ်ယာန်ဟူသည်မလေ့လာ၍မသိမှတ်ခဲ့သည်သာမကသန့်ရှင်းသောအသက်တာတစ်ခု၏သြဇာလွှမ်းမိုးမှုကိုသတိမပြုခဲ့မိသောသူတို့ပင်လျှင်ခရစ်ယာန်သာသနာ၏ကောင်းမြတ်ခြင်းကိုသဘောပေါက်နားလည်လာကြပေသည်။သွန်သင်ချက်များနှင့်ပတ်သက်၍အငြင်းပွားနေခြင်းသည်တစ်ဦးနှင့်တစ်ဦးအဆင်မပြေဆန့်ကျင်ဘက်ဖြစ်စေသည်သာများပါ၏။သို့သော်လည်းဘုရားသခင်၌မွေ့လျော်သောပုံစံနမူနာကောင်းကိုမူ လုံးလုံးလျားလျား တားဆီးထားရန်ကားမဖြစ်နိုင်ပါပြီ။

တမန်တော်ပေါလုသည် သူ၌များမကြာမီချဉ်းကပ်ကျရောက်လာတော့မည့်အသေဆိုးကို စိုးရိမ်ကြောက်ကြမှုမရှိခဲ့ပါ။ သူ့အားအမြင်တိမ်းစောင်းခြင်း၊ ရွံရှာမုန်းတီးခြင်းနှင့်နှိပ်စက်ကလူပြုခြင်းတို့ကိုလည်း အောင်မြင်စွာဖြေရှင်းပေးနိုင်ခဲ့ပေသည်။ လူသတ်ကုန်းဆီသို့လိုက်ပါသွားကြကုန်သော သူ့အဆွေခရစ်ယာန်အနည်းငယ်ကိုလည်း သခင်၌သစ္စာရှိသောချစ်သားသမီးတို့အား သခင်သည်ပေးထားသောကတိတော်မြတ်ကို ဘယ်သောအခါမျှမမေ့ကြောင်း တိုက်တွန်းအားပေးခဲ့ပါသည်။ ဤလောကမှာ ခေတ္တခဏမျှတော့ စားဝတ်နေရေးမပြည့်စုံ၍မြေကြီးဆိုင်ရာ စည်းစိမ်ချမ်းသာနွမ်းပါးရသည်မှန်ပါသော်လည်း ထာဝရဘုရားသည်မိမိလူတို့ကို ပစ်မထားကြောင်း၊ ဘုရားသခင်၏ သစ္စာတရားနှင့်ဖြောင့်မတ်ခြင်းတရား အာမခံချက်ဖြင့် ထိုသူတို့၏ နှလုံးသားအိမ်ကို အားသစ်လောင်းနိုင်သည်

မဟုတ်လော။ ထိုမှလွန်သော် ပြည့်ဝစုံလင်သော နေ့ရက်သည် ငြိမ်သက်ဝမ်းမြောက်ခြင်းနံနက်ဆည်းဆာနှင့်အတူ အားလုံးကလဆန်းဆန်းသာယာကြပေလိမ့်မည်ဖြစ်ပါသည်။

အဘယ်ကြောင့်ပေါလုသည် ကြောက်ရွံ့ခြင်းမရှိသနည်း

ပေါလုသည် ယခုဘဝကိုကျော်လွန်၍ နောင်ဘဝကိုမှန်းမျှော်ကာဝမ်းမြောက်သောမျှော်လင့်ခြင်းနှင့်ရှေ့ကိုသာကြည့်နေပါ၏။ ယခုသူရပ်နေသာနေရာမှာ လူသတ်ကွင်းဖြစ်၏။ ခရစ်ယာန်အာဇာနည်တစ်ဦးအနေဖြင့် မာတုရသေပွဲကိုဝင်ရပေတော့မည်။ သူသည် လူသတ်သမား၏ပြောင်လဲ့နေသောဓါးရှည်ကိုလည်းမမြင်ပါပြီ။ သူ၏လည်ပင်းသွေးကို ခံယူမည့်မြေကြီး မျက်နှာပြင်ကိုလည်းမကြည့်ပါပြီ။ သူကြည့်မျှော်သည်က တည်ငြိမ်အေးချမ်းနေသော အပြာရောင်ကောင်းကင်ကိုဖြတ်ကျော်လျက် (ဝိညာဉ်) စပါးရိတ်ရာကာလမှာ ပေါ်ထွန်းတော်မူမည့်ထာဝရဘုရား၏ ပလ္လင်တော်ပင်ဖြစ်ပါသည်။

ယုံကြည်ခြင်းကြီးမားသော ဤတမန်တော်ကြီးက ယာကုပ်၏မြင်ခြင်းမှာမြင်တွေ့ရသောလှေကားကို စိတ်အာရုံမှာစိုက်ကြည့်နေပါ၏။ ခရစ်တော်သခင်သည်ကောင်းကင်နှင့်မြေကြီးကို ဆက်သွယ်ပေးသူအဖြစ်မြင်ရ၏။ အတိတ်ကာလက ရှေးဘိုးဘေးကြီးများနှင့်ပုရောဖက်တို့သည် မိမိကိုးစားသောထိုသခင်အားမျှော်ကြည့်ခဲ့ကြလေသည်။ ထိုသန့်ရှင်းသူတို့ထဲမှာပင် ပေါလုသည် ထာဝရဘုရားသခင်၏ မှန်ကန်ကြောင်းအာမခံချက်ကို ကြားသခဲ့ရသည်မဟုတ်ပါလား။ သူ၏လုပ်ဖော်ဆောင်ဘက်ချင်းတမန်တော်တို့သည်လည်း မိမိတို့၏ အသက်ကိုမနှမြော၊ အမှောင်ကိုခွင်း၍ တရားတော်အလင်းကို သစ္စာရှိရှိထွန်းလင်းခဲ့ပေ၏။ မိမိသည်လည်း ကမ္ဘာလောကတစ်ခုလုံးကို အသက်ပေးကယ်တင်ခဲ့သောယေရှုသခင်၏အကြောင်းစုံကို ကြားသိမြင်တွေ့ခံစားရလေသမျှမှာ သက်သေအဖြစ်တင်ပြရပေသည်မဟုတ်လော့။ မြေအောက်လိုဏ်ဂူအတွင်း စွတ်စိုထိုင်းမှိုင်း၍ အမှောင်ဖုံးလွှမ်းနေသော အကျဉ်းခန်းငယ်ကလေးမှာ ပေါလုသည်ခရစ်ယာန်အာဇာနည်တစ်ယောက်၏ အောင်ပွဲခံကြွေးကြော်သံကို ကြားယောင်ကာကြွေးကြော်ခဲ့ပြီမဟုတ်လော။ "ငါသည်အဘယ်သူကိုယုံကြည်သည်ကိုငါသိ၏။"

ပေါလုသည် ယေရှု၏ သက်စွန့်မေတ္တာ ဆက်မှုအားဖြင့် ကယ်တင်ရွေးနုတ်ခြင်းကို ခံခဲ့ရပြီ။ ထိုသခင်၏ ဖြောင့်မတ်ခြင်းဝတ်ရုံတော်ကို ယူတင်

ဝတ်ဆောင်ခဲ့ရကြောင်း ခံစားသိမြင်သည်နှင့်အမျှ သေခြင်းမာန်ကိုအောင်မြင်သောထိုသခင်ယေရှုက မိမိအားအပ်နှင်းထားသောအမှုတော်မြတ်ကို စောင့်ထိန်းနိုင်မည်ဟူ၍လည်းသူသည်ယုံကြည်စွဲလမ်း၏။ထိုကယ်တင်ပိုင်သူယေရှုသခင်၏ကတိတော်မြတ်ကို သူသည် မိမိရရအာရုံမှာစွဲမှတ်ထားပါသည်။ထိုကတိတော်မြတ်ကား "ငါသည်လည်းနောက်ဆုံးသောနေ့၌ ထိုသူတို့ကိုထမြောက်စေမည်" ယောဟန် ၆း၄၀။ထိုကတိတော်နှင့်အညီ ပေါလုသည် ဘုရားသခင်၏ဒုတိယအကြိမ်ကြွဆင်းလာခြင်း၌ မိမိ၏မျှော်လင့်ခြင်းကို ဗဟိုချက်ပြုထားပါသည်။ လူသတ်ကုန်းမှာ လူသတ်သမား၏ ဓါးရှည်သည် မိမိ၏လည်ပင်းပေါ်သို့သက်ရောက်လာသည်တွင် ထိုအာဇာနည်ကြီး၏အတွေးမှာ အသက်ပေးပိုင်သူဘုရားသခင်အားတွေ့ဆုံဖို့ရန်သာ အာရုံပြုခဲ့ပါသည်။

ပေါလုသည် ဘုရားသခင်၏နှုတ်တော်ထွက်စကားတော်မြတ်နှင့်ယေရှု၏သက်သေခံတော်မူချက်အတွက် မိမိ၏အသွေးကို သွန်းလောင်းခဲ့သည်မှာရာစုနှစ်နှစ်ဆယ်နီးပါးရှိခဲ့လေပါပြီ။ ဤသူတော်စင်ကြီး၏ နောက်ဆုံးအသက်တာမြင်ကွင်းများကို သစ္စာရှိရှိမှတ်တမ်းတင်ပြုစုသူမရှိခဲ့ပါသော်လည်း ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်က နှုတ်တော်ထွက်စကားအားဖြင့် ထိုလူသားကြီး၏နောက်ဆုံးသက်သေခံချက်ကို မှန်တမ်းတင်ထိန်းသိမ်းခဲ့ပါ၏။ ကျယ်လောင်သောတံပိုးမှုတ်သံကဲ့သို့ ထာဝရဘုရား၏အသံတော်၊ အမှန်တရားကြွေးကြော်စေမှုသည် ခေတ်အဆက်ဆက်ပဲ့တင်သံအဖြစ် ကြားနာရလေသည် မဟုတ်လော။ ထောင်ပေါင်းများစွာသောခရစ်ယာန်တို့သည် သခင့်အတွက် သက်သေခံခဲ့ကြပါ၏။ ထိုသူတို့သည် ပေါလု၏ အောင်ပွဲခံဝမ်းမြောက်သောစိတ်နှင့်ကြွေးကြော်ခဲ့သည်ကို ဂုဏ်ယူဝင့်ကြွားကာ ဝိညာဉ်ရေးမှာ နိုးကြားသူများဖြစ်ကြပါသည်။ ခွန်အားယူစရာ ပေါလု၏နှလုံးသားမှ ထွက်ပေါ်လာသောပဲ့တင်သံကိုကြားယောင်ကြပါစို့။ "ကောင်းစွာသော တိုက်လှန်ခြင်းကို ငါပြုပြီ။ ပြေးရသောလမ်းကိုအဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကို စောင့်ရှောက်ပြီ။ ယခုမှစ၍အသက်သရဖူသည် ငါ့အဖို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့်စီရင်သောသူတည်းဟူသော ဘုရားသခင်သည် ထိုသရဖူကိုငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက ပေါ်ထွန်းတော်မူခြင်းကို တောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်။" ၂တိ ၄း၇-၈

---ooo---

# အခန်း(၅၁)
# သစ္စာရှိသောအစေခံသိုးထိန်းငယ်တမန်တော်ပေတရု

(ပေတရုဩဝါဒစာပထမစောင်မှအခြေခံသည်)

ပင်တေကုတ္တေပွဲနှင့်နောက်ပိုင်းမှာ တမန်တော်ပေတရုသည် ထိုနှစ်စဉ်ကျင်းပသောပွဲတော်သို့ ဒေသအသီးသီးမှ ယေရုရှလင်မြို့သို့လာရောက်ကြကုန်သော ဂျူးလူမျိုးတို့အား ဧဝံဂေလိသတင်းစကား သက်သေခံဖို့ရန်မလျှော့သောဇွဲလုံ့လနှင့် နှစ်ပေါင်းအနည်းငယ်ကြာအလုပ်များခဲ့ပါသည်။

ဤလုပ်ဆောင်မှုစွမ်းအားများတို့သည် ရှေးဦးခရစ်ယာန်အသင်းတော်အတွက် တန်ဖိုးမဖြတ်နိုင်ပါ။ သူ့အပေါ်မှာလည်း နှစ်ဆသောတာဝန်ဝတ္တရားသည် ကျရောက်လျက်ရှိပါသည်။ မယုံကြည်သောသူတို့ရှေ့မှာ မေရှိယသခင်အကြောင်းနှင့် ပတ်သက်၍အကောင်းမြင်သောသဘောထားနှင့်သက်သေခံခဲ့သလို ယုံကြည်သူများသည်ခရစ်တော်၌ ယုံကြည်ခြင်းကိုတိုးပွားများပြားလာစေရန် ဆောင်ရွက်ခဲ့ပါသည်။

ပေတရုသည် မိမိကိုယ်ကိုမိမိငြင်းပယ်စွန့်လွှတ်ရန်နှင့်ထာဝရဘုရား၏တန်ခိုးတော်အပေါ် လုံးလုံးလျားလျားပင့်ဆောင်ဖိတ်ခေါ်မှုကိုခံရပြီးသည်နောက် သိုးထိန်းငယ်တစ်ဦးအဖြစ် ဘုရားသခင်၏ခေါ်တော်မူခြင်းကို ပေတရုသည်လက်ခံခဲ့ပါသည်။

ပေတရုသည် ဘုရားသခင်ကိုမငြင်းပယ်မီသူ့အားခရစ်တော်ကပြောခဲ့သောစကားဖြစ်သည့် "သင်သည်သတိရ(ပြောင်းလဲ)ပြန်သောအခါ သင်၏ညီအစ်ကိုတို့ကို တည်ကြည်စေလော့။" (လုကာ ၂၂း၃၂) ဟူသောမိန့်မှာချက်သည် ထူးခြားလှပါ၏။ ယုံကြည်ခြင်းဖြင့် ဘုရားသခင်ထံသို့ တိုဝင်ချဉ်းကပ်ကုန်သောသူတို့ အတွက် ပေတရုသည် သခင့်အစေကိုခံရမည်မဟုတ်လော။ ဤအမှုတော်မြတ် အတွက် ပေတရု၏ ပြစ်မှားခြင်းနှင့်နောင်တ ရခြင်း အတွေ့အကြုံတို့ကမိမိကိုပြင်ဆင်စေခဲ့ပါသည်။ သူသည်မိမိအားနည်းချက်ကိုမတွေ့မြင်မသိရှိနိုင်ခဲ့သေးသမျှမှာ ယုံကြည်သူတို့သည်ခရစ်တော်ကို အားကိုးဖို့လိုအပ်ကြောင်း မသိနားမလည်ခဲ့ပါ။ သူသည် မိမိကိုယ်ကို လုံးဝမှီခိုအားထားခြင်း

မပြုဘဲ ကယ်တင်ရှင်အပေါ်၌ မှီခိုမှသာလျှင် မိမိ၏ဘဝလမ်းခရီးကို လုံခြုံစွာ လျှောက်လှမ်းနိုင်မည်ကို ပေတရုသိနားလည်လာပါသည်။

ဂါလိလဲအိုင်နားမှာ သခင်ယေရှုသည် ပေတရုကိုနောက်ဆုံးအကြိမ်မြင်တွေ့ရာ၌ စမ်းသပ်မေးခွန်းကိုသုံးကြိမ်တိုင်တိုင်မေးမြန်းခဲ့ပါသည်။ "သင်သည် ငါ့ကိုချစ်သလော"(ယောဟန် ၂၁း၁၅-၁၇) ဟူသောမေးခွန်းက သူ့အားတပည့်တော်(၁၂)ပါးအနွယ်ဝင် ပြန်လည်တည်ရှိစေခဲ့ပါသည်။ သူသည်အမှုတော်မြတ်လုပ်ငန်းကို ပြန်လည်အပ်နှင်းခြင်းခံရ၏။ သူ၏အလုပ်မှာ သိုးခြံအပြင်မှာရှိသောသိုးတို့ကို ရှာဖွေရန်သာမဟုတ်၊ သိုးတို့ကိုထိန်းရသောသိုးထိန်းငယ်လည်းဖြစ်ရပါသည်။

ခရစ်တော်သည် မိမိအမှုတော်မြတ်ကို တစ်ခုတည်းသောအခြေအနေပေါ်၌မှီငြမ်းပြုထားပါသည်။ "သင်သည် ငါ့ကိုချစ်သလော" ဟူသောမေးခွန်းပင်ဖြစ်၏။ အမှုတော်မြတ်မှာ အသိတရားအလိမ္မာအကျိုးကျေးဇူးတည်ဆောက်ခြင်း ဆကားပြောတရားဟောကောင်းခြင်း၊ ဇွဲလုံ့လစိတ်အားကြီးခြင်းအပေါင်းတို့သည် မရှိမဖြစ်လိုအပ်ပါ၏။

သို့သော်လည်း သခင်ကိုချစ်သောစိတ်မရှိပါက ခရစ်ယာန်ဝန်ဆောင်တစ်ဦးသည် အရှုံးသာလျှင်ဖြစ်ရချေ၏။ ဤချစ်ခြင်းမေတ္တာကားနှလုံးသားမှ ဖေါ်ကျူးသော အခြေခံအသက်ရှင်ခြင်းနည်းဥပဒေသတစ်ရပ်ပင်ဖြစ်ပါသည်။ အကယ်၍သာ သိုးထိန်းငယ်တစ်ဦး၏ အကျင့်စရိုက်သည် မိမိဟောပြောသွန်သင်သော အမှန်တရားအတိုင်း ပုံသက်သေကောင်းဖြစ်ပါက ထိုအမှုတော်မြတ်ကိုထောက်ခံမှုပေးရန် ဘုရားသခင်သည် မိမိ၏တံဆိပ်တုံးဖြင့်ရိုက်နှိပ်ပါလိမ့်မည်။

ပေတရုအပေါ်ခရစ်တော်၏သည်းခံမှုသည် သင်ခန်းစာတစ်ခုဖြစ်ကြောင်း

ပေတရုသည် မိမိ၏သခင်အားငြင်းပယ်ခဲ့သော်လည်း ယေရှုသခင်၏ချစ်ခြင်းမေတ္တာသည် သူ့အပေါ်မှာဘယ်သောအခါမျှမရှေ့သွားခဲ့ပါ။ အလားတူစွာ မိမိ၏ခွန်အားနည်း၍ ကျဆုံးခြင်းအပြစ်ကို သတိရလေတိုင်း တမန်တော်ကြီးသည် သိုးကြီးသိုးငယ်တို့ကို ကြည့်ရှုရာ၌ မိမိအား ခရစ်တော်ယေရှုကနူးညံ့စွာဆက်ဆံသကဲ့သို့ ဆက်ဆံခဲ့ပါသည်။

လူတို့သည် အမှားကိုကြမ်းတမ်းစွာကိုင်တွယ်လွယ်၏။ သူတို့သည်အတွင်းစိတ်ကိုမဖတ်နိုင်ကြပေ။ အတွင်းစိတ်၏ရုန်းကန်မှုနှင့်နာကြည်းမှုကိုလည်း သူတို့မသိကြ။ သို့ဖြစ်၍ မေတ္တာပါသောဆုံးမပဲ့ပြင်မှု၊ မျှော်လင့်ခြင်းနှင့်ပြောသော သတိပေးချက်တို့ကို လေ့လာဆည်းပူးဖို့လိုအပ်ပေသည်။

ပေတရုသည် မိမိ၏ဘုရားသခင်အမှုတော်မြတ်ထမ်းဆောင်ရာတစ်လျှောက်လုံးမှာ မိမိကိုပေးသောတာဝန်ဝတ္တရားများအားသစ္စာရှိကျေပွန်စွာထမ်းရွက်ခဲ့ပါသည်။ သူသည် သိုးစုတို့ကိုကြည့်ရှုရာ၌ ယေရှုသခင်အားကယ်တင်ရှင်အဖြစ်ချီးမြှောက်ပြသခဲ့၏။ သခင်၏အစေခံတစ်ယောက်အဖြစ်မိမိ၏အသက်တာတစ်ခုလုံးကိုစည်းနှင့်ကမ်းနှင့်နေစေခဲ့ပါသည်။

သူသည် ယုံကြည်သူတို့အားနိုးကြားတက်ကြွစွာ သခင့်အစေခံရန်အတွက် ပညာပေးဖို့ကြိုးစားခဲ့ပါသည်။လူငယ်လူရွယ်တို့အားလည်း ဘုရားသခင့်အမှုတော်မြတ်မှာ ဆက်ကပ်ပါဝင်ရန်နှိုးဆော်ခဲ့ပါသည်။ ပေတရု၏ဦးဆောင်မှုနှင့် ပညာရှိသူတစ်ဦးအဖြစ် သြဇာလွှမ်းမိုးမှုအား တိုးပွားလျက်သာနေခဲ့သည်။ သူသည် ဂျူးလူမျိုးတို့အတွက်ထမ်းရွက်ရသောဝန်ကို ဘယ်သောအခါမျှ မျက်ခြည်အပြတ်မခံခဲ့သကဲ့သို့ တိုင်းနိုင်ငံဒေသအများဆီသို့လည်း ခရစ်တော်အတွက်သက်သေခံရန်သွားလာခဲ့ပါသည်။

ပေတရု၏နောက်ဆုံးပိုင်း ခရစ်ယာန်သာသနာခရီးကြမ်းမှာသူ၏ပေးပို့စာများက ဘုရားသခင်၌ ယုံကြည်စွဲလမ်းမှုကုန်ဆုံးလုနီးဘေးရန်နှင့်ကြုံတွေ့ရသူများ၊ ယုံကြည်ခြင်းကြောင့် ခဲရာခဲဆစ်စမ်းသပ်မှု၊ ဆင်းရဲခက်ခဲမှုများနှင့်ရင်ဆိုင်ကြရသူတို့ ယုံကြည်ခြင်းခွန်အားတိုးပွားလာစေရန် အားသစ်လောင်းခဲပါသည်။

ဤစာစောင်များကား ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့်သာအသက်တာမှာ တစ်မဟုတ်ချင်းပြောင်းလဲလာခဲ့သောသူ၊ ထာဝရအသက်ကိုတောင့်တမျှော်လင့်ခြင်း၌ တည်မြဲခိုင်ခံ့သောသူ၏ မှတ်တမ်းကျောက်ပင်ဖြစ်စေတော့သည်။

မြေကြီးသစ်မှာဝင်စားလိုသော မျှော်လင့်ခြင်းဖြင့် စိတ်အားကြီးကြကုန်သော ရှေးဦးခရစ်ယာန်တို့သည် ပြင်းထန်စွာသောဆင်းရဲနှိပ်ကွပ်မှုကို ခံစားရလင့်ကစား ဝမ်းမြောက်မှုတော့ ရှိကြပါ၏။ ပေတရုရေးသားခဲ့ပုံများကိုဖတ်ကြားခံယူပါလော့။ "ပျက်စီးတတ်သော ရွှေကို စစ်ကြောစုံစမ်းခြင်းထက်

သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သာ၍မြတ်သည်နှင့်ယေရှု ခရစ်ပေါ်ထွန်းတော်မူသောအခါ အချီးအမွမ်း၊ ကျက်သရေ၊ ဘုန်းတန်ခိုးတော် အလို့ငှာဖြစ်မည်အကြောင်း၊ အထူးထူးအပြားပြားစုံစမ်းနှောင့်ယှက်ခြင်းကို ခံရ သောအကြောင်းရှိလျှင် သင်တို့သည် ယခုခဏခံရ၍ ဝမ်းနည်းသော်လည်းအ ထက်ဆိုခဲ့ပြီးသော ကျေးဇူးတော်ကိုထောက်၍ ရွှင်လန်းသောစိတ်ရှိကြ၏။"

ပေတရုဩဝါဒစကားတို့သည် နောင်ဆုံးသောကာလမှာ သက်ရှင်လှုပ် ရှားသွားလာနေကြကုန်သော လူသားတို့အတွက် အထူးဝိသေသပြုဟောထားပါ ၏။ "ခပ်သိမ်းသောအမှုအရာတို့သည် အဆုံးသို့ရောက်လုပြီဖြစ်သောကြောင့်" မိမိတို့၏ယုံကြည်မျှော်လင့်ခြင်းကို "အဆုံးတိုင်အောင်တည်ကြည်ကြပါရန်" (ဟေဗြဲ ၃း၁၄)နှိုးဆော်ထားပါသည်။

တမန်တော်သည် ယုံကြည်သူတို့အား အချည်းနှီးစကားများ၌အချိန်ကို မကုန်လွန်စေအပ်ကြောင်း၊ ရုန်းရင်းဆန်ခတ်ခြင်းအမှုတို့မှာ အားအင်တို့ကိုမ ကုန်စေသင့်ကြောင်း သွန်သင်ခဲ့ပါ၏။

ညစ်ညမ်းစာပေများကိုမဖတ်ရန်နှင့်လူ၏အတွေးအမြင်ကို ညစ်ညမ်းစေ သည့်အရာမှန်သမျှနှင့် အပြစ်အသွင်ဆောင်သောအမှုအရာတို့ကိုမကြည့်ရှု၊ မနာကြားဘဲရှင်းရှင်းလင်းလင်းနေရန်သင့်လျော်ကြောင်းနှိုးဆော်ထားပါသည်။ စိတ်နှလုံးသည်လည်း အပြင်ရန်သူမက၊ အတွင်းရန်သူများကိုလည်း မကောင်းဆိုး ဝါးဘေး ရန်မှကင်းဝေးစေရန် သစ္စာရှိရှိတားဆီးရန်ဖြစ်ပါသည်။

အမှောင်ကမ္ဘာအတွင်းအသက်ဝိညာဉ်ကိုဦးတည်ချက်ကင်းမဲ့စွာဖြင့် လှည့်လည်ကာမသွားစေရပါ။

"သင်တို့၏စိတ်နှလုံးကို ခါးပန်းစည်း၍သမာသတိရှိကြလော့။ယေရှု ခရစ် ပေါ်ထွန်းတော်မူသောအခါ သင်တို့ဆီသို့ ရောက်လတ္တံ့သောဆုကျေးဇူးကို အဆုံးတိုင်အောင်မျှော်လင့်ကြလော့။ အထက်ကသင်တို့သည် မှောင်မိုက်ထဲမှာ ကျင့်သောတပ်မက်ခြင်းတရားကို ယခု မလိုက်မကျင့်ဘဲ. . . . ကျင့်ကြံပြုမူသမျှ တို့၌သန့်ရှင်းခြင်းရှိကြလော့။"

မိစဉ်ဖဆက်ကျင်လည်သောအချည်းနှီးကျင့်ကြံပြုမူခြင်းမှ၊ ရွှေငွေအ စရှိသောဖေါက်ပြန်ပျက်စီးတတ်သောဥစ္စာနှင့် သင်တို့ကိုရွေးတော်မူသည်မဟုတ်။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့် ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏ အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့။"

အကယ်၍သာကယ်တင်ခြင်းကို ရွှေနှင့်ငွေတို့အားဖြင့် ဝယ်ယူရရှိနိုင်မည်ဆိုက "ရွှေနှင့်ငွေကိုငါပိုင်၏" (ဟဂ္ဂဲ ၂း၈) ဟုမြွက်ဆိုသောထာဝရဘုရားသခင်သည် လူသားတို့အားရွှေငွေတို့ကို အာရုံစိုက်စေပါလိမ့်မည်မဟုတ်လော။

သို့ပါသော်လည်း ကယ်တင်ခြင်းနှင့်ပတ်သက်လာလျှင် ဘုရားသခင်၏သားတော်ယေရှုခရစ်တော်၏ အသွေးမြတ်အားဖြင့်သာလျှင် အပြစ်သားလူတို့သည် ကယ်တင်ရွေးနုတ်ခြင်းကိုရနိုင်ပါ၏။ ကယ်တင်ခြင်းကားကောင်းချီးမင်္ဂလာတို့တွင် အထွတ်ဖြစ်သည်မဟုတ်လော။ "ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။" (ရောမ ၆း၂၃)။

## အမှန်တရားကိုချစ်မြတ်နိုးသဖြင့်အသီးဆောင်ခြင်း

ပေတရုကဆက်လက်ပြောဆိုသည်မှာ "စင်ကြယ်သောစိတ်နှင့်အချင်းချင်းအားကြီးသော ချစ်ခြင်းမေတ္တာရှိကြလော့။" ဘုရားခင်၏နှုတ်တော်ထွက်စကားသည် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကို ဖေါ်ကျူးရာလမ်းကြောင်းဖြစ်ပေသည်။ နှုတ်ထွက်ကျမ်းစာကို နားထောင်ခြင်းသည်ဝိညာဉ်အသီးကိုသီးစေပါ၏။

ထိုအသီးကား "ညီအစ်ကိုများကိုအမှန်အကန်ချစ်ခြင်း" ပင်ဖြစ်ပါသည်။ ထိုအမှန်တရားသည် လူ့အသက်တာတွင် အခြေခံစည်းမျဉ်းအဖြစ်စွဲလမ်းတည်ရှိသောအခါ လူ့အသက်ဝိညာဉ်သည်"ဖေါက်ပြန်ပျက်စီးတတ်သောမျိုးစေ့အားဖြင့် ဖြစ်ပွားသည်မဟုတ်။ မဖေါက်ပြန်မပျက်စီးတတ်သောမျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏နှုတ်ထွက်စကာတော်အားဖြင့်ဖြစ်ပွား" ပါသည်။

ဤအသစ်သော မွေးဖွားခြင်းကို ခရစ်တော်ယေရှုသခင်အားနှုတ်ထွက်စကားတော်အဖြစ် လက်ခံခြင်းဖြင့်ရရှိပေသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လူ့နှလုံးသားထဲမှာ ကောင်းကင်ထက်မှ အမှန်တရားတို့အားသွတ်သွင်းတံဆိပ်ရိုက်ထားပြီးဆိုလျှင် အတွေးအမြင်သစ်တို့သည် နိုးကြားရှင်သန်လာကာ ဘုရားသခင်နှင့် တွဲဖက်၍ အမှုတော်မြတ်ကို ထမ်းဆောင်ရန်မြဲနေသောအဖြစ်မှ တက်ကြွလာသောအနေအထားသို့ရောက်ရှိလာပါသည်။

ဆရာကြီးသခင်ယေရှုသွန်သင်ပေးလိုက်သောတန်ဖိုးကြီးမားဆုံးသင်ခန်းစာများစွာတို့ကို နားမလည်ခဲ့ကြသူတပည့်တော်များရှိခဲ့ပါသည်။ သခင်ယေရှုသည်ကောင်းကင်ထက်သို့တက်ကြွတော်မူပြီးနောက်မှာ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသူတို့အား ယေရှုသခင်၏ဆုံးမသွန်သင်မှုများစွာကိုပြန်လည်သတိရရှိရန် ကူညီပေးသဖြင့် ထိုသူတို့သည် ငိုက်မျဉ်းတွေဝေနေရာမှနိုးကြားလာခဲ့ပေသည်။ ထိုအမှန်တရားတို့၏၏အနက်ကို ထိုတပည့်တော်တို့သည်ဘုရားသခင်ကဖော်ပြသောမြင်ခြင်းအသစ်တစ်ခုအဖြစ် သူတို့၏ စိတ်အာရုံမှာထင်ပေါ်လာ၏။ ထိုမှလွန်သော် ဘုရားသခင်၏ရွေးချယ်ခံထိုတပည့်တော်တို့သည် ကြီးကျယ်ခမ်းနားသောအမှန်တရားကို ကြွေးကြော်ခဲ့ပေတော့သည်။ "နှုတ်ထွက်စကားတော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်။" "ထိုသူ၏ပြည့်စုံခြင်းမှလည်း ကျေးဇူးတစ်ပါး၌ထပ်ဆင့်၍ ကျေးဇူးတစ်ပါးကိုငါတို့ရှိသမျှသည်ခံရကြပြီ။" ယောဟန် ၁း၁၄၊၁၆။

တမန်တော်ပေတရုသည် ယုံကြည်သူတို့အား ဘုရားသခင်၏နှုတ်ထွက်ကျမ်းစာတော်ကို စေ့စေ့လေ့လာရန်နှိုးတော်၏။ အောင်မြင်သောအသက်ဝိညာဉ်တိုင်းသည် ကြီးမားသော စုံစမ်းသွေးဆောင်မှုနှင့်ရှုပ်ထွေးပေလီမှုအဖုံဖုံကို ရင်ဆိုင်တွေ့ကြုံရမည်ကို သူသတိပြုမိပေသည်။ သို့တစေလည်း ကျမ်းစာကိုသိနားလည်ခြင်းက ဘုရားသခင်၏ကတိတော်တို့ကို ပြန်လည်သတိရစေပြီး စိတ်နှလုံးကိုလည်း နှစ်သိမ့်စေလျက် ထာဝရဘုရားသခင်၌ ယုံကြည်ခြင်းအင်အားတို့ပွားလာမည်ဖြစ်ကြောင်းကို ပေတရုသိပါသည်။

ပေတရုရေးပို့လိုက်သောစာစောင်များစွာတို့သည် တစ်ပါးအမျိုးသားတို့နှင့်ရောနှောနေထိုင်ကြသော ယုံကြည်သူတို့အတွက်ဖြစ်၏။ထိုသူတို့သည် ဘုရားသခင်၌ သစ္စာတည်မှန်ကန်ဖို့များစွာလိုအပ်နေသည်မဟုတ်လော။ သို့ဖြစ်၍ - "သင်တို့မူကား၊ မှောင်မိုက်ထဲမှအံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ကျေးဇူးများကို ဖော်ပြစေခြင်းငှာ၊ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊သန့်ရှင်းသောလူမျိုး ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏။" "ချစ်သူတို့၊ ဝိညာဉ်နှင့်စစ်ပြိုင်ဘက်သော ကိုယ်ကာယတပ်မက်ခြင်းတို့ကိုရှောင်မည်အကြောင်း၊ ဧည့်သည်ကဲ့သို့သောသင်တို့ကိုငါတောင်းပန်၏" ဟု ပေတရုနှိုးဆော်ထားပါသည်။

## အစိုးရမင်းတို့၌ထားရှိရမည့်ကျွန်ုပ်တို့၏တာဝန်

တမန်တော်ပေတရုသည် အုပ်ချုပ်သူအစိုးရမင်းတို့အား ဘယ်ကဲ့သို့ လျှင်ယုံကြည်သူတို့သည် သဘောထားဆက်ဆံအပ်ကြောင်းကို အကျဉ်းမျှဖေါ်ပြထားပါသည်။ "ဘုရားသခင်၏ မျက်နှာတော်ကိုထောက်လျက်၊ အထွတ်အမြတ်တည်းဟူသောရှင်ဘုရင်ဖြစ်စေ၊ လူဆိုးတို့ကို ဒဏ်စီရင်စေခြင်းငှာလည်းကောင်း၊ လူကောင်းတို့ကို ချီးမွမ်းစေခြင်းငှာလည်းကောင်း ရှင်ဘုရင်ခန့်ထားသောဝန်မင်းဖြစ်စေ၊ လူတို့တွင် စီရင်ခန့်ထားသမျှသောမင်း၏ အုပ်စိုးခြင်းကိုဝန်ခံကြလော့။ အကြောင်းမူကား၊ သင်တို့သည် ကောင်းသောအကျင့်ကိုကျင့်သောအားဖြင့် လူမိုက်တို့၏မိုက်မဲသောစကားကို ချေစေခြင်းငှာ၊ ဘုရားသခင်သည် ထိုသို့သောအလိုတော်ရှိ၏။"

အစေခံငယ်သားတို့မူကား၊ မိမိတို့၏ သခင့်စကားကိုနားထောင်ကာ သခင့်အုပ်စိုးခြင်းကိုဝန်ခံရပေမည်။ "အကြောင်းမူကား ဘုရားသခင်၏မျက်နှာတော်ကိုထောက်၍ မတရားသောညှင်းဆဲခြင်းကို နာကျင်စွာခံရလျှင် ကျေးဇူးရှိ၏။ ကိုယ်အပြစ်ကြောင့်ဒဏ်ခံရသောအခါ သည်းခံလျှင် အဘယ်ချီးမွမ်းရာရှိသနည်း။

ကောင်းမွန်စွာပြု၍ ဆင်းရဲခံရသောအခါသည်းခံလျှင် ဘုရားသခင်ရှေ့တော်၌ကျေးဇူးရှိ၏။ . . . ခရစ်တော်သည် ငါတို့အတွက်အသေခံတော်မူသည်ဖြစ်၍ ခြေတော်ရာကိုလိုက်လျှောက်စေခြင်းငှာ ပုံသက်သေကိုထားတော်မူပြီ။ ထိုသခင်သည် အပြစ်ကိုမပြု၊ နှုတ်တော်၌လည်း လိမ်လည်မှုကိုရှာမတွေ့။ ကဲ့ရဲ့ခြင်းကိုခံရသောအခါ ပြန်၍မကဲ့ရဲ့။ အသေခံရသောအခါ ခြိမ်းခြောက်ခြင်းကိုမပြု၊ တရားသဖြင့်စီရင်တော်မူသောသူ၌ ကိုယ့်ကိုကိုယ်အပ်နှံတော်မူ၏။"

တမန်တော်ပေတရုသည် ယုံကြည်သူအမျိုးသမီးတို့အားလည်း ပုံစံနမူနာကောင်းဖြစ်စေရန် နှိုးဆော်တိုက်တွန်းပါသေးသည်။

"သင်တို့၌ တန်ဆာဆင်ခြင်းမူကား၊ ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊အဝတ်ဝတ်ခြင်းတည်းဟူသော အပြစ်တန်ဆာဆင်ခြင်းမဖြစ်စေဘဲ ဘုရားသခင့်ရှေ့မှာ အဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော၊ မဖေါက်ပြန်၊ မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့။

ဤအဆုံးအမစကားသည် ခေတ်အဆက်ဆက်ရှိအမျိုးသမီးတို့အတွက်ဖြစ်ပါသည်။ မှန်ကန်သော ခရစ်ယာန်အမျိုးသမီးတစ်ဦးသည် ပြင်ပသဏ္ဌာန်ကိုဆင်မြန်းရာ၌ မိမိ၏အတွင်းစိတ်သဏ္ဌာန်နှင့်အမြဲအစဉ် ညီညွတ်လိုက်ဖက်မှုရှိအပ်ပေသည်။ ထိုအတွင်းသဏ္ဌာန်ကား ငြိမ်သက်ခြင်းနှင့် သန့်ရှင်းခြင်းဖြစ်၏။ မိမိအလိုကိုငြင်းပယ်ခြင်းနှင့် ကိုယ်ကျိုးစွန့်အပ်နှံမှုပြုခြင်းတို့သည် ခရစ်ယာန်အသက်တာ၏အမှတ်အသားတစ်ခုပင်ဖြစ်သည်။ ထိုသို့သောအနှစ်သာရ၏အထောက်အထားကို ဆင်မြန်းသောအဝတ်အထည်ပေါ်မှာကြည့်လျှင် သိနိုင်လေပြီ။ လှပမှုကိုလိုလား၍ ချစ်မြတ်နိုးသည်အရာမှာ မှန်ကန်ပါသည်။

သို့ပါသော်လည်း ဘုရားသခင်သည်ကျွန်ုပ်တို့အားအမြင့်ဆုံး ကောင်းကင်အလှအပတို့ကိုဦးစားပေးချစ်မြတ်နိုးရန် အလိုတော်ရှိ၏။ "မပျက်စီးနိုင်သည့် စင်ကြယ်သောပိတ်ချောဖြူ" ကို ဆင်မြန်းဝတ်ခြုံသော် လုံလောက်ပါပြီ။ (ဗျာ ၁၉း၁၄)။ ၄င်းတို့ကို ဤကမ္ဘာမြေပေါ်နေ သန့်ရှင်းသူအပေါင်းတို့က ဝတ်ဆင်ထားကြလေပါပြီ။ ယခုဘဝမှာ ထိုသူတို့သည် ချစ်အပ်သောဘုရားသခင်၏ တပည့်တော်များဖြစ်စေသကဲ့သို့ ကောင်းကင်ရှင်ဘုရင်ကြီး၏ နန်းတော်တွင်းသို့ ဝင်ခွင့်ရစေမည့်ရင်ထိုးတံဆိပ်လည်းဖြစ်နေပါသည်။

အသင်းတော်အဖို့ ရှေ့ရေးခရစ်ယာန်သာသနာခရီးကား ကြမ်းတမ်းခက်ထန်လှပါသည်။ ထိုခက်ခဲသောကာလကိုကြည့်မျှော်ရင်းနှင့် ပေတရုသည် ဤသို့စာတင်ခဲ့လေ၏။ "ချစ်သူတို့၊ သင်တို့ကိုစုံစမ်းစရာဖို့ ယခုခံရသောမီးစစ်ခြင်းအရာကိုကား သင်တို့၌ အံ့သြဖွယ်သောအရာဖြစ်သည်ဟု ထင်မှတ်၍အံ့သြခြင်းမရှိကြနှင့်။"

အခက်အခဲတို့မည်သည်မှာ မြေကြီးနှင့်ဆိုင်သောအညစ်အကြေးတို့ကို ဘုရားသခင်၏ သားသမီးတို့ထံမှ ဆယ်ရှားသန့်စင်စေသည့် အရာဟုမှတ်ယူရပေမည်။ အကြောင်းမူကား၊ ထိုချစ်သားသမီးတို့ကို ဘုရားသခင်သည် ရှေ့ဆောင်တော်မူ၏။ ကောင်းမှုရင့်ကျက်စေဖို့ သခင်ပြုပြင်နေခြင်း ဖြစ်ပါသည်။ အောင်မြင် ခြင်းနှင့်စည်းကမ်းသေဝပ်ခြင်း ရှိစေရန်ဘုရား သခင်၏ စမ်းသပ်မှုများ ပေ တည်း အချို့သောသူတို့မှာအရည်အသွေးကောင်းများရှိနေ၍မှန်ကန်စွာ သုံးစွဲညွှန်ကြားတတ် ပါသော်သခင့်အမှုတော်မြတ်အတွက် များစွာအကျိုးရှိမည်ဖြစ်ပါသည်။ ထိုသူတို့ အားဘုရားသခင်သည်မိမိတို့၏ အားနည်း ချက်ကိုသိမြင်ဖော်ထုတ်နိုင်စေရန် နည်းလမ်း စုံလင်စွာဖြင့် ပြုပြင်

တော်မူခြင်းဖြစ်၏။ သခင်သည် ထိုအမှားတို့ကိုအောင်မြင်ဖို့ရန် အခွင့်အရေးကိုလည်းပေးပါသည်။ မီးဖြင့်လောင်ကျွမ်းစေသဖြင့် သန့်စင်ပြီး ရွှေစင်ကဲ့သို့ ဖြစ်စေသည်မဟုတ်လော။

ထာဝရဘုရားသခင်သည် မိမိ၏ သားသမီးတို့အပေါ်၌ အခက်အခဲဆင်းရဲခြင်းကိုမပေးလိုပါပြီ။ သို့ပါသော်လည်း ထိုဖြစ်စဉ်မျိုးသည် သူတို့အတွက် ယခုဘဝ၊ နောင်ဘဝကောင်းစားဖို့ရန် မရှိမဖြစ်လိုအပ်သောကောင်းမှု ရင့်ကျက်စေသောအရာများဖြစ်ပေသည်။ ဆက်လက်၍ ခရစ်တော်ယေရှုသခင်၏ လက်ဝါးကပ်တိုင်တော်အောင်မြင်မှုကို ရှေ့သို့လေးနက်စွာသောကြည်ညိုမှု၊ ကြီးမားသောခွန်အားစုနှင့် ချီရန်လိုအပ်သည်မဟုတ်လော။ ထိုအမှုတို့အတွက် သခင်သည် ဤသို့ပြုပြင်ရခြင်းဖြစ်ပါသည်။

ပေတရုသော်လည်း ခရစ်တော်သခင်၏ အမှုတော်ကိုထမ်းရွက်နေစဉ်မှာပင် လက်ဝါးကပ်တိုင်တော်ကိုမမြင်လိုကြောင်း ပြခဲ့သည်မဟုတ်လော။ ကယ်တင်ပိုင်သူ ယေရှုသခင်က မိမိ၏ ဒုက္ခဆင်းရဲခြင်းများနှင့်သက်တော်စွန့်တော်မူမည်အကြောင်းကို ပြောသောအခါ ပေတရုက "သခင်၊ ကိုယ်တော်၌ ဤသို့မဖြစ်ပါစေနှင့်။ ဤအမှုသည် ကိုယ်တော်၌မရောက်ရာ" ဟုအပြစ်တင်သောစကားကို လျှောက်ဆိုခဲ့ဖူးပါသည်။ (မဿဲ ၁၆း၂၂) ခါးသီးသော သင်ခန်းစာတစ်ခုပါပေ။ ထိုသင်ခန်းစာကို ပေတရုသည် ကြာညောင်းလှစွာ ဆည်းပူးခဲ့ပြီးမှ သိနားလည်ပေတော့သည်တကား။ ခရစ်တော်သခင်၏ သာသနာ ခရီးလမ်းကား နှိမ့်ချစွာဖြင့်ဆင်းရဲမှု လှိုင်းဂယက်မှာ မျှော်လျက်နေရပါသည်။ ထိုဖြစ်ရပ်အပေါ် မကျေမနပ်ဖြစ်ခဲ့ရပါသောပေတရုသည် ယခုမှာတော့ လုံးဝပြောင်းလဲသွားကာ ဤသို့လျှင် ကလောင်ကို သွေးခဲ့ပါ၏။ "ချစ်သူတို့. . . . သင်တို့သည် ခရစ်တော်၏ ဆင်းရဲမှုကို ဆက်ဆံကြသည်ဖြစ်၍ တန်ခိုးတော်ပေါ်ထွန်းသေအာခါ အလွန်ဝမ်းမြောက်ရွှင်လန်းမည်အကြောင်း ၊ ယခုပင် ဝမ်းမြောက်ကြလော့။"

## သိုးထိန်းငယ်တို့၌စောင့်ကြည့်ရမည့်တာဝန်ရှိခြင်း

ခရစ်တော်၏အသင်းတော်ရှိ သိုးစုငယ်များကို ကြည့်ရှုစောင့်ရှောက်ပျိုးတော်ရမည့် တာဝန်ဝတ္တရားများသည် အသင်းတော်လူကြီးများနှင့်သင်းအုပ်

ဆရာတို့၌ရှိပါသည်။ ထိုသူတို့သည် သိုးထိန်းငယ်များဖြစ်ကြသည်ဟု ပေတရုဆို၏။ ထိုသူတို့ထံ တမန်တော်ပေတရုက ဤသို့စာရေးလိုက်သည်။ "သင်တို့နှင့်အတူရှိသောဘုရားသခင်၏ သိုးတော်စုကိုထိန်းခြင်းအမှုမှာ အနိုင်ထိန်းရသောကြောင့်မဟုတ်။ မစင်ကြယ်သောစီးပွားကို တပ်မက်သောကြောင့်မဟုတ်ဘဲ အလိုလိုစေတနာစိတ်ရှိ၍ ကြည်ရှုအုပ်ထိန်းကြလော့။ အသီးသီးအုပ်သောအသင်းတော်တို့ကို အာဏာထား၍ အစိုးတရပြုသည်မဟုတ်ဘဲ သိုးတော်စုရှေ့မှာ ပုံသက်သေကိုပြသောသူဖြစ်ကြလော့။ သို့ဖြစ်လျှင် သိုးထိန်းအကြီးပေါ်ထွန်းတော်မူသောအခါ သင်တို့သည် မညှိုးမနွမ်းတတ်သည့် တန်ခိုးကြီးသော ပန်းဦးရစ်သရဖူကို ခံရကြလိမ့်မည်။"

ခရစ်ယာန်သာသနာသည် စိတ်အားကြီးစွာဖြင့် တစ်ဦးချင်းလုပ်ဆောင်ရသောအလုပ်ဖြစ်ပေသည်။ အသင်းအုပ်ဆရာတို့သည်လည်း သစ္စာရှိသောသိုးထိန်းများဖြစ်ရပေမည်။ ဘုရားသခင်၏ အပေါင်းအသင်းဝင်လူတို့အားမြှောက်ထိုးပင့်ကော်စကားမျိုးမပြောရ။ ကြမ်းတမ်းစွာလည်း မဆက်ဆံရပါ။ သို့ရာတွင်အသက်မုန့်ကို ထိုသူတို့အား ကျွေးမွေးရပေမည်။ ကြင်နာမှုနှင့်လည်းကောင်း ကောင်းကျိုးနှင့်လည်းကောင်း ပြည့်စုံ၏။. . . . အသင့်အတင့် နေခြင်းငှာ၊ ပြုစုတတ်သောသူတို့သည် ဖြောင့်မတ်ခြင်းတရား၏ မျိုးစေ့ကို ငြိမ်သက်စွာကြဲတတ်ကြ၏။" (ယာကုပ် ၃း၁၇၊၁၈)။

အကယ်၍သာ ဧဝံဂေလိအမှုတော်ဆောင်တစ်ဦးသည် မိမိ၏လုပ်ဆောင်ရမည့်တစ်ဦးချင်းသာသနာပြုခြင်းအလုပ်ကို လျှော့ပေါ့၍ တစ်ပါးသူတစ်ဦးတစ်ယောက်အား လုပ်ဆောင်စေခြင်းကို ဘုရားသခင်သည် စိတ်တော်နှင့်မတွေ့နိုင်ပါ။

သိုးစုငယ်များကို စောင့်ရှောက်ထိန်းသိမ်းရမည့် တစ်ဦးချင်းသာသနာပြုရသည့်လုပ်ငန်းကို မလုပ်ကိုင်လို၍ ငြင်းဆိုသူသည် မိမိ၏ ဖိတ်ခေါ်ခံရမှုကိုမလေးစားရာရောက်၏။ ဘုရားသခင်ကို ပြစ်မှားသည်ဟုဆိုရပေမည်။

စစ်မှန်သောသိုးထိန်းသည် ကိုယ့်အကျိုးကိုမကြည့်ပါ။ တစ်ဦးချင်းစီသို့ခရစ်ယာန်သာသနာပြုလည်ပတ်ခြင်းဖြင့် အိမ်ထောင်မိသားစု၏ လိုအပ်ချက်များကိုသိရှိနိုင်သည်မဟုတ်လော။ ထိုသူတို့စိတ်ပျက်နေချိန်မှာ နှစ်သိမ့်စေနိုင်၏။ အသက်ဝိညာဉ်ရေးရာ ဆာလောင်မှုကိုလည်း ပျောက်ကွယ်သွားစေနိုင်ပါသည်။ ထိုသူတို့အား ဘုရားသခင်ထံတော်သို့ ပို့ဆောင်နိုင်သည်မဟုတ်လော။

၏အမှုတော်မြတ်လုပ်ငန်းမှာ ပါဝင်အသုံးတော်ခံခြင်းဖြင့် ကောင်းကင်က ကောင်းကင်တမန်များတို့နှင့်အတူတကွ အလုပ်လုပ်နေသည်ကို သတိရပါလေ။

အသင်းတော်မိသားစုအတွင်း မိတ်သဟာယဖွဲ့ခြင်းအမှုတို့တွင်လည်း တမန်တော်သည် အထွေထွေစည်းမျဉ်းများကို ချမှတ်ပေးခဲ့ပါ၏။ လူငယ်လူရွယ်များသည် သက်ကြီးရွယ်အိုလူကြီးမိဘတို့၏ ပုံသက်သေကောင်းတို့ကို အတုယူကျင့်သုံးအပ်ပေကြောင်း၊ ခရစ်တူနူးညံ့သိမ်မွေ့နှိမ့်ချမှုသည်လည်း အရေးကြီးလှ၍ ကျင့်သုံးဖို့လိုအပ်ကြောင်း တိုက်တွန်းထားပါသည်။ "အချင်းချင်း တစ်ယောက်အောက်တစ်ယောက်နှိမ့်ချလျက်နေ၍၊ နှိမ့်ချခြင်း တန်ဆာကို ဆင်ကြလော့။ အကြောင်းမူကား၊ ထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင်ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏။ ထို့ကြောင့် ကာလအချိန်တန်လျှင် ဘုရားသခင်သည် သင်တို့ကို ချီးမြှောက်တော်မူမည်အကြောင်း၊ တန်ခိုးကြီးသော လက်တော်အောက်၌ ကိုယ်ကိုကိုယ်နှိမ့်ချကြလော့။ သင်တို့ကိုသတိနှင့်ကြည့်ရှုတော်မူသောကြောင့် သင်တို့၌ စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌ အပ်နှံကြလော့။

၎သို့လျှင်ပေတရုသည် အသင်းတော်ရင်ဆိုင်ကြုံတွေ့နေရသောထူးခြားအခက်အခဲစမ်းသက်ရာအချိန်ကာလတစ်ခုအတွင်းမှာ အားပေးနှိုးဆော်စာကိုရေးပို့ခဲ့ပေသည်။ မကြာပါ။ အသင်းတော်သည်လည်း ပြင်းထန်ကြမ်းတမ်းလှစွာသော နှိပ်စက်ညှင်းဆဲခြင်းဒဏ်ကို ခံရပေတော့သည်။ ခေါင်းဆောင်များစွာတို့သည် ဧဝံဂေလိသာသနာသတင်းစကားအတွက် အသက်ကိုပေးလှူခဲ့ရကြပေသည်။

အသင်းတော်ထဲသို့လည်း "ဝံပုလွေများ" သည်ဝင်ရောက်လာကာ သိုးရေခြုံ၍ သိုးငယ်လေးများကိုချမ်းသာမပေး၊ ယုံကြည်ခြင်းမှာတွေဝေစေပါသည်။ သို့သော်လည်း ပေတရုသည် ဝမ်းမြောက်ရွှင်လန်းစေသောနှိုးဆော်စကားတို့ဖြင့် ယုံကြည်သူတို့အား လမ်းမှန်သို့ ပို့ညွှန်မြဲ ပို့ဆောင်ခဲ့ပါ၏။ "သင်တို့သည် မညှိုးမနွမ်းတတ်သော ဘုန်းကြီးသော ပန်းဦးရစ်သရဖူကို ခံရကြလိမ့်မည်" ဟု အားပေးသကဲ့သို့ "ခပ်သိမ်းသောကျေးဇူးကို ပြုတော်မူသော ဘုရားသခင်သည် ခဏဆင်းရဲခံပြီးသော သူတို့ကို စုံလင်တည်ကြည်ခိုင်ခံ့မြဲမြံစေတော်မူလိမ့်မည်" ဟု စိတ်အားကြီးစွာဖြင့် ဆုတောင်း မေတ္တာပို့သခဲ့ပေသတည်း။

---ooo---

# အခန်း (၅၂)
# ပေတရုသည်ရောမမြို့မှာအသေခံခဲ့ခြင်း

(ဤအခန်းသည် ပေတရုဩဝါဒစာဒုတိယစောင်မှာအခြေခံသည်)

ပေတရု၏ဩဝါဒစာဒုတိယစောင်သည်ခရစ်ယာန်အကျင့်ဓလေ့မြင့်တင်ကြီးထွားရန်အတွက် ဘုရားသခင်၏စီမံချက်ကိုဖေါ်ထုတ်သွားပါသည်။တမန်တော်သည် ဤသို့ရေးသားခဲ့ပါ၏။ ဘုရားသခင်သည် "ထိုသို့သောအားဖြင့်လည်း အလွန်ကြီးမြတ်၍အဖိုးထိုက်သောကတိတော်များကို ငါတို့၌အပ်ပေးတော်မူပြီ။ အကြောင်းမူကား ထိုကတိတော်များကို အခြေခံ၍ သင်တို့သည် လောကတပ်မက်ခြင်းအညစ်အကြေးနှင့်ကင်းလွတ်သဖြင့် ဘုရားသခင်ပကတိကို ဆက်ဆံရသောသူဖြစ်ကြမည်အကြောင်းတည်း။"

"ထိုသို့အလို့ငှာ၊ သင်တို့သည် ယုံကြည်ခြင်း၌အကျင့်ကောင်းကိုလည်းကောင်း၊ အကျင့်ကောင်း၌ပညာကိုလည်းကောင်း၊ ပညာ၌ပျော်ပါးမှုချုပ်တည်းခြင်းကိုလည်းကောင်း၊ ပျော်ပါးမှုချုပ်တည်းခြင်း၌ သည်းခံခြင်းကိုလည်းကောင်း သည်းခံခြင်း၌ဘုရားသခင်ကိုဝတ်ပြု၍ မွေ့လျော်ခြင်းကိုလည်းကောင်း၊ ထိုမွေ့လျော်ခြင်း၌ ညီအစ်ကိုဖြောင့်မတ်ခြင်းကိုလည်းကောင်း၊ ညီအစ်ကို စုံမက်ခြင်း၌ချစ်ခြင်းမေတ္တာကိုလည်းကောင်း၊ အလွန်ကြိုးစားအားထုတ်၍ ထပ်ဆင့်ကြလော့။"

ဤသို့တမန်တော်ရှိမုန်ပေတရုသည် ယုံကြည်သူတို့အားနှိုးဆော်ရာ၌ ခရစ်ယာန်တိုးတက်မှုအခြေအနေပြလှေကားကြီးကို တင်ဆက်ထားပါသည်။ လှေကားထစ်တိုင်းသည်လည်း ဘုရားသခင်ကို သိကျွမ်းခြင်း အဆင့်ကိုပုံဆောင်ထားပါ၏။

ခရစ်တော်သခင်၏ လူသားတို့အတွက် ထားရှိသောစံနှုန်းအထွတ်ဆီသို့ ရိုးရိုးသားသားတက်လှမ်းခြင်းအားဖြင့် ကယ်တင်ခြင်းရသည်ဟု မှတ်ယူရပေမည်။ ဤသည်ကို ဘုရားသခင် လိုတော်ရှိတော်မူ၏။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်ကို ဖက်ယမ်းအားကိုးပါသော်လည်းကောင်း၊ ဘုရားသခင်၏ ကတိတော်မြတ်တို့ကို မိမိပိုင်ပစ္စည်း အဖြစ်မှတ်ယူတောင့်တပါက

လည်းကောင်း၊ သန့်ရှင်သောဝိညာဉ်တော်ကိုရှာဖွေတောင်းခံပါကလည်းကောင်း ကျွန်ုပ်တို့သည် ဘုရားသခင်၌ပြီးပြည့်စုံမည်မှာ အမှန်ပင်ဖြစ်ချေ၏။

ယုံကြည်သူတစ်ဦးသည် ဧဝံဂေလိသတင်းစကားကိုစွဲလမ်းပြီးသည်နောက် ထပ်ဆင့်၍အကျင့်ကောင်းကိုတည်ဆောက်ရပေမည်။ သို့ပြုမှသာလျှင် ဘုရားသခင်ကို သိကျွမ်းခြင်းသဘောသည်စိတ်အတွင်းမှာသံမှိုနှင့်နှစ်သကဲ့သို့စွဲလမ်းလာမည်သာတည်း။ ဤအသိတရားသည်စစ်မှန်သောလုပ်ဆောင်မှုအပေါင်းတို့၏အရင်းအမြစ်၊ အခြေခံတရားဖြစ်သကဲ့သို့ စုံစမ်းနှောင့်ယှက်ခြင်းကိုအမှန်တကယ်ကာကွယ်ပေးသောအရာလည်းဖြစ်ပေသည်။ ဤအနီးကပ်အကျွမ်းဝင်ခြင်းသည်သာလျှင် ဘုရားသခင်၏တန်ခိုးတော်၌ တစ်လုံးတစ်ဝတည်းဖြစ်စေနိုင်ပါသည်။ အခြားမည်သည့်နည်းလမ်းဟူသည် မရှိတော့ပါပြီ။ ဘုရားခင်၏ဖြောင့်မတ်ခြင်းတရားကို အမှန်တကယ်လိုလားသူအဖို့ ကောင်းသောအရာဘာတစ်ခုမျှ သူ့ထံရောက်ရန်မဆီးတားနိုင်ပါ။

ဤသို့ဆိုရာ၌ လူသည်ခရစ်ယာန်အကျင့်စုံလင်ခြင်းအဖြစ်သို့ရောက်ရှိရန်လူ့အတိုင်းအတာမှာ ကျဆုံးစရာအကြောင်းမရှိပါ။ ခရစ်တော်သခင်သည် ရာနှုန်းပြည့်လူသားတစ်ဦးအဖြစ် ကျွန်ုပ်တို့အတွက် ပုံသက်သေကိုပြသခဲ့လေပါပြီ။

ခရစ်တော်သခင်သည် ကောင်းကင်ထက်မှဘုရားသခင်နှင့်အဆက်မပြတ်အနီးကပ်အကျွမ်းဝင်မိတ်သဟာယဖွဲ့ခြင်းဖြင့် လူသားစင်စစ်ဖြစ်ပါသော်လည်းမကောင်းဆိုးဝါးတို့ကို မပြတ်တားဆီးနိုင်ပေသည်။ ဤသည်ကို ကျွန်ုပ်တို့သင်ခန်းစာယူသင့်ပါ၏။ ကယ်တင်ပိုင်ရှင်ယေရှုသခင်၏ပုံပမာကို ရှုမြင်ဆင်ခြင်၍ကျွန်ုပ်တို့သည်လည်း ပြီးပြည့်စုံသောအောင်မြင်မှုကိုရယူနိုင်ပါသည် မိတ်ဆွေ။

## ကျေးဇူးတော်အားဖြင့် အမှားတိုင်းကိုအောင်မြင်နိုင်ခြင်း

ယုံကြည်သူတစ်ယောက်သည် ဘုရားသခင့်ပညတ်တရား၏အခြေခံမူစည်းမျဉ်းအပေါင်းကို နားထောင်ခြင်းအမှု၌ ဖြစ်နိုင်ဖွယ်အကြောင်းရှိပုံကိုအံ့ဩဖွယ်ရာဖေါ်ပြထားပါသည်။ သို့ပါသော်လည်း လူသည် မိမိသဘောမိမိစွမ်းအားဖြင့်ထိုအခြေအနေမျိုးသို့ မလျှောက်လှမ်းနိုင်ပါ။ သန့်ရှင်းခြင်းဟူသည် မှာ

ကျေးဇူးတော်လုပ်ဆောင်မှုတစ်ရပ်ဖြစ်၍ လူသည် မိမိကိုယ်ကိုအမှန်တရား၏ သခင်၊ ဝိညာဉ်တော်ဘုရားသခင်၏လွှမ်းမိုးမှုအောက်မှာ စည်းကမ်းစနစ်ကျကျ အပ်နှင်းလိုစိတ်ရှိရပါမည်။ နားထောင်မှုရှိလေတိုင်းမှာ ဘုရားသခင်၏မွေးရန့်သည် ခရစ်တော်သခင်၏ဖြောင့်မတ်ခြင်းယဇ်ပူဇော်ရာအမွေးအကြိုင်နှင့်ပေါင်းစည်းပြည့်လျှံစေပါ၏။ ခရစ်ယာန်တစ်ဦးသည် မှားယွင်းမှုတိုင်းကိုအောင်မြင်နိုင်ရန်ဖွဲ့လုံ့လရှိရပါမည်။

မိမိ၏အပြစ်နှင့်မကင်းသောမကျန်းမာသည့်စိတ်ဝိညာဉ် ပုံမှန်မဖြစ်မှုကို ပျောက်ကင်းစေရန်မှာ သူသည် ကယ်တင်ရှင်သခင်ထံမခြားမလပ်ဆုတောင်းဖို့လိုသည်။ ထိုသို့စိတ်နှလုံးကြေကွဲစွာဖြင့် ဘုရားသခင်ထံအကူ အညီတောင်းခံသူအားဘုရားသခင်သည် အောင်နိုင်ခြင်းအင်အားကိုသွန်းလောင်းဖြည့်ဆည်းပေးလေသည်။

ညစ်ညမ်းသောအသက်တာမှသန့်ရှင်းသောအသက်တာသို့ကူးပြောင်းစေသောအလုပ်သည်တစ်ကြိမ်တစ်ခါတည်းနှင့်မရပါ။ ဆက်လက်လုပ်ဆောင်ရမည့်အလုပ်တစ်ခုဖြစ်၏။နေ့တိုင်းအစဉ်ဘုရားသခင်သည်လူတို့၏သန့်ရှင်းခြင်းအတွက် အကျိုးဆောင်ပေးနေလေရာ လူသည် ဘုရားသခင်နှင့်တွဲဖက်ကာပူးပေါင်းလုပ်ဆောင်ရပေမည်။ ဘုရားသခင်သည် စိတ်နှလုံးကြေကွဲသူတို့၏ဆုတောင်းချက်ကို အဖြေပေးရန်အမြဲပင်အဆင်သင့်ရှိပါ၏။ မကောင်းဆိုးဝါးအပြစ်လက်နက်သားတို့၏ လွှမ်းမိုးမှုအဖုံဖုံတို့မှ လွတ်မြောက်လို၍ ဆုတောင်းခြင်းဖြင့် ရုန်းကန်နေကြသူတို့အား ကိုယ်တော်သည် ကောင်းချီးများကို ဝမ်းမြောက်စွာချပေးနေပါသည်။

သို့ဖြစ်၍ လူသည်သခင့်ကိုအားကိုးသောစိတ်နှင့်ဆုတောင်းကာလုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ပါက ဝမ်းနည်းပူဆွေးစရာမလိုတော့ပါ။ အကယ်၍သင်သည် သံသယစိတ်ဝင်၍နေပါသော် ခရစ်ယာန်ကျေးဇူးတော်များကို သင်သည်မခံစားရ။

ရန်သူလုယူသွားဖို့ရန် လမ်းစခင်းပေးသည်နှင့်တူ၏။ခရစ်ယာန်အသက်တာမှာ ကြီးထွားလာဖို့ခက်ခဲသွားရသည်။ တုံ့ဆိုင်းသွားသည်။သို့ဖြစ်၍ တမန်တော်က ဤကဲ့သို့ကြေညာသည်။ "ထိုကောင်းမှုနှင့် ကင်းသောသူမူကား၊ မျက်စိကန်း၏။ ကိုယ်မျက်စိကို ကိုယ်ပိတ်၏။ မိမိအပြစ်ဟောင်းဆေးကြောကြောင်းကိုမေ့လျော့၏။"

ဘုရားသခင်၏ကယ်တင်တော်မူခြင်းတန်ခိုးတော်ကို ပေတရုသည်နှစ်ပေါင်းတာရှည်စွာ ခံစားတွေ့ကြုံလာခဲ့ရသည်နှင့်အမျှ သူ၏ယုံကြည်ခြင်းသည် တိုးပွားလာ၏။ ယုံကြည်ခြင်း၌ တိုးပွားသူတစ်ဦးသည် ခရစ်ယာန်အသက်တာရင့်ကျက်မှုပြလေ့ကား၏အထွတ်သို့ရောက်ရှိရန် မခဲယဉ်းပါကြောင်းကို ပေတရုသိမြင်ခံစားခဲ့ရပါသည်။ သူ၏အသက်တာနှင့်လည်း၊ သက်သေပြခဲ့ပါ၏။ သူသည်များမကြာမီ မိမိ၏ ယုံကြည်ခြင်းအတွက် မာတုရသေခြင်းကိုရင်ဆိုင်ရတော့မည်ကိုသိ၏။

သိလျက်နှင့် မိမိ၏ ညီအစ်ကိုမောင်နှမတို့အား ယုံကြည်ခြင်းမှာစွဲမြဲခြင်းရှိဖို့ ထပ်မံ၍တိုက်တွန်းပြန်ပါသည်။ "ထိုကြောင့်၊ညီအစ်ကိုတို့သင်တို့ခံရသောခေါ်တော်မူခြင်းနှင့်ရွေးချယ်တော်မူခြင်းကို တည်မြဲစေခြင်းငှာသာ၍ကြိုးစားအားထုတ်ကြလော့။ သို့ပြုလျှင် ရွေ့လျောခြင်းနှင့်အစဉ်ကင်းလွတ်သည်ဖြစ်၍ ငါတို့ကိုကယ်တင်တော်မူသောသခင်ယေရှုခရစ်၏ထာဝရနိုင်ငံတော်ထံသို့ဝင်စားခြင်းအခွင့်ကိုသင်တို့အားကြွယ်ဝစွာပေးသနားတော်မူလတ္တံ့။"

"ငါတို့သခင်ယေရှုခရစ်သည် ဖေါ်ပြတော်မူသည်အတိုင်း၊ ငါတည်းခိုရာတဲကို မကြာမမြင့်မီငါပစ်သွားရမည့်အရာကိုငါသိမှတ်၍ ဤ၌ရှိနေစဉ်ကာလပတ်လုံး၊ သင်တို့ကိုသတိပေး၍နှိုးဆော်အပ်သည်ဟု ငါသဘောရှိ၏။ ထိုမှတစ်ပါး၊ ငါစုတေသည်နောက် သင်တို့သည် ဤအရာများကိုအစဉ်မှတ်မိစေခြင်းငှာ ငါကြိုးစားအားထုတ်မည်။"

## အဘယ်ကြောင့်ပေတရုသည်ဧဝံဂေလိအမှန်တရားကို အကြွင်းမဲ့စိတ်ချထားခြင်း

ယေရှုသခင်အကြောင်းနှင့်ပတ်သက်၍ပေတရုသည် ယုံကြည်သူတို့အားသတိရစေရန် ဤသို့လျှင်ပြောဆိုခဲ့ပါ၏။"ငါတို့သည်ပရိယာယ်နှင့်ပြင်ဆင်သောဒဏ္ဍာရီစကာကိုမလိုက်၊ တန်ခိုးတော်ကိုကိုယ်တိုင်မြင်သောသူဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား၊ ဤသူသည် ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း ဟူသောအသံတော်သည် ထူးမြတ်သောအရောင်အဝါတော်ထဲက ထိုသခင်သို့ရောက်သောအခါ ခမည်းတော်ဘုရားသခင်အထံတော်မှ ကျက်သရေတန်ခိုးတော်ကို ခံရတော်မူ၏။ ကောင်းကင်ကရောက်လာသော ထိုအသံတော်ကို

ငါတို့သည် သန့်ရှင်းသောတောင်ပေါ်မှာ ဘုရားသခင်နှင့်အတူရှိသောအခါကြားရကြ၏။"

ထိုမျှနှင့်မကသေးပါ။ ပိုမို၍ပြောင်းလဲစေနိုင်သောသက်သေစကားသည် ရှိပါသေး၏။ "ထိုမှတစ်ပါး၊ သာ၍မြဲမြံသောဘုရားသခင်၏ စကားတော်သည် ငါတို့၌ရှိသေး၏။ စိတ်နှလုံးထဲ၌ အရုဏ်တက်၍ ကြယ်နီပေါ်ထွန်းလာသည် တိုင်အောင် ထိုဘုရားသခင်စကားတော်ကို မှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီးကဲ့သို့မှတ်၍၊ သင်တို့သည်အမှီပြုသင့်ကြ၏။ . . . . . အကြောင်းမူကား ဘုရားသခင်၏စကားတော်သည် လူအလိုအားဖြင့်ဖြစ်ဖူးသည်မဟုတ်။ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏။"

တမန်တော်ပေတရုသည် စစ်မှန်သောပုရောဖက်စကားကိုချီးမြှောက်ပြောဆိုနေစဉ်မှာပင် လွဲမှားသောဘုရားသခင်၏ စကားမီးတုတ်ကိုလည်းဆန့်ကျင်၍ အသင်းတော်အားသတိပေးပြောကြားခဲ့ပါသည်။ ထိုအယူတိမ်းမှုစကားများကို ဆရာတုဆရာယောင်တို့က ယူဆောင်ခဲ့၏။ ထိုသူတို့သည် "ဖျက်ဆီးတတ်သောအရာများကို ပရိယာယ်အားဖြင့်သွင်း၍ မိမိတို့ကို ပယ်တော်မူသော သခင်ကိုငြင်းပယ်" ကြ၏။ ထိုဆရာတုဆရာယောင်များကိုပင် များစွာသော ယုံကြည်သူညီအစ်ကိုတို့သည် အစစ်အမှန်ဟုစွဲမှတ်ကြပေသည်။ တမန်တော်ကား ထိုအတုအယောင်တို့အား ဤသို့လျှင် နှိုင်းယှဉ်ထားပါသည်။ "ထိုသူတို့သည် ရေမရှိသောရေတွင်းကဲ့သို့ လည်းကောင်း၊ လေတိုက်၍လွင့်သော မိုးတိမ်ကဲ့သို့လည်းကောင်း ဖြစ်ကြ၏။ သူတို့အဖို့တစ်ခဲနက်သော ထာဝရမှောင်မိုက်ကိုသိုထားလျက်ရှိ၏။. . . . . ကယ်တင်တော်မူသော သခင်ယေရှုခရစ်ကို သိကျွမ်းခြင်းအားဖြင့် လောကညစ်ညူးခြင်းနှင့် ကင်းလွတ်ပြီးမှ တစ်ဖန်ကျော့မိ၍ရှုံးလျှင် နောက်ဖြစ်ဟန်သည် ရှေးဖြစ်ဟန်ထက်သာ၍ဆိုး၏။ ဖြောင့်မတ်ခြင်းတရားလမ်းကိုသိ၍၊ မိမိခံခဲ့ပြီးသော သန့်ရှင်းသောဘုရားသခင်၏ ပညတ်ကို တစ်ဖန်စွန့်ပစ်သည်ထက် ထိုလမ်းကို မသိဘဲနေသော် သာ၍ကောင်း၏။"

ခရစ်တော်သခင် ဒုတိယအကြိမ်မကြွဆင်းလာမီ ဖြစ်ပျက်မည့်ကမ္ဘာ့အခြေအနေဖြစ်ရပ်မှန်များစွာတို့ကိုလည်း ပေတရုသည် ကြိုဟောခဲ့လေသည်။ "နောက်ဆုံးသောကာလ၌ ပြက်ရယ်ပြုတတ်သော သူတို့သည် မိမိတို့တပ်မက်ခြင်းအတိုင်းကျင့်နေ၍ ယေရှုခရစ်တော် ကြွလာမည်ဟူသောကတိတော်သည်

အဘယ်မှာရှိသနည်း။ ဘိုးဘေးများအိပ်ပျော်သည်နောက်၊ ခပ်သိမ်းသောအရာတို့သည်ဖန်ဆင်းစကဖြစ်သကဲ့သို့ ဖြစ်မြဲဖြစ်ကြ၏ဟုဆိုလျက်၊ ကဲ့ရဲ့ခြင်းနှင့်တကွပေါ်လာကြလိမ့်မည်။" ဤသို့လျှင် ရန်သူတို့သည် ထောင်ချောက်များစွာကို ဆင်ထားပါသော်လည်း လူအားလုံးသည် ကျော့ကွင်းထဲသို့မကျပါ။ အချိန်ကာလ၏ အံ့ဖွယ်အမှုတို့ကို ခွဲခြမ်းစိတ်ဖြာသဖြင့် သိမြင်တတ်သောသစ္စာရှိ ယုံကြည်သူများလည်းရှိပါသေးသည်။ ထိုအကြွင်းအကျန်တို့ကား ကမ္ဘာ့နောက်ဆုံးနေ့ရက်တိုင်အောင်ခံနိုင်ရည်ရှိလျက် သခင့်အတွက် အစေခံခြင်းတန်ခိုးထင်ရှားစေကြလိမ့်မည်။

## ခရစ်တော်တစ်ဖန်ကြွဆင်းလာရာ၌ပေတရု၏ယုံကြည်ချက်

ယေရှုသခင်တစ်ဖန်ကြွဆင်းလာဦးမည်ဟူသောကတိတော်ကိုပေတရုသည် နှလုံးစာရင်းအင်းထဲမှာ အမြဲမှတ်သားထား၏။ ကယ်တင်ပိုင်သူယေရှုသခင်၏ ကတိတော်မြတ်ဖြစ်သော "ငါသည်တစ်ဖန်လာပြန်ဦးမည်" (ယောဟန် ၁၄း၃) ဟူသောစကားကိုလည်း ပေတရုသည် အသင်းတော်အားသေချာပေါက်ပြည့်စုံလာမည်အကြောင်း အာမခံခဲ့ပါသည်။ ကြွဆင်းလာခြင်းကား နှောင့်နှေးပုံရမည်ဖြစ်ပါသော်လည်း တမန်တော်သည် သူတို့အားယုံကြည်စိတ်ချထားစေခဲ့ပါ၏။

"လူအချို့တို့သည် နှေးခြင်းကို မှတ်သည်အတိုင်း ဘုရားသခင်သည် ကတိတော်အရာမှာနှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲရှိသမျှတို့သည် နောင်တရစေခြင်းငှာအလိုတော်ရှိ၍ ငါတို့ကိုသည်းခံတော်မူ၏။"

"သို့ဖြစ်၍ ဤအရာအလုံးစုံတို့သည် ကုန်စင်မည်မှန်သောကြောင့်၊ မိုးကောင်းကင်သည် မီးနှင့်ပျက်၍ လောကဓါတ်တို့သည် ပူအားကြီးလျက်အရည်ကျိုခြင်းကို ခံရသောနေ့တည်းဟူသော ဘုရားသခင်၏နေ့ရောက်လိမ့်မည်ဟု သင်တို့တွင်မျှော်လင့်တောင့်တလျက် သန့်ရှင်သောအကျင့်ကိုကျင့်ခြင်း၊ ဘုရားသခင်၌ မွေ့လျော်ခြင်းအားဖြင့် အဘယ်သို့သောသူဖြစ်အပ်ကြသနည်း။ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း ဖြောင့်မတ်ခြင်းတရားတည်နေရာမိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ကတိတော်နှင့်အညီမျှော်လင့်ကြ၏။"

"သို့ဖြစ်၍ ချစ်သူတို့၊ မတရားသောသူတို့၏ပရိယာယ်အားဖြင့် သင်တို့သည်လည်း သွေးဆောင်ရာသို့လိုက်၍ သင်တို့တည်ကြည်ခြင်းမှမရွေ့လျောမည်အကြောင်း ဤအရာများကို သိနှင့်ပြီဖြစ်၍ ကိုယ်ကိုကိုယ်စောင့်ရှောက်ကြလော့။"

ပေတရုသည် မိမိပြုသောခရစ်ယာန်သာသနာတော်ကို ရောမမြို့မှာအဆုံးသတ်လိုက်ရပါသည်။ ရောမဘုရင်မင်းကြီး နီးရိုးသည် ပေါလုကိုနောက်ဆုံးအပြီးပိုင်ဖမ်းဆီးအကျဉ်းချထားနေချိန်မှာ ပေတရုကိုလည်း ဖမ်းဆီးချုပ်နှောင်ထားရန် အမိန့်ပေးခဲ့ပါသည်။

ဤသို့လျှင် တမန်တော်ကြီးနှစ်ပါးတို့သည်နေရာဒေသအသီးသီး တို့မှာဧဝံဂေလိသာသနာသတင်းစကားကို တစ်ယောက်တစ်နေရာစီ နှစ်ပေါင်းများစွာဟောပြောသက်သေခံခဲ့ပြီးသည်နောက် ကမ္ဘာ့မြို့တော်ကြီးဟုတင်စားပြောဆိုရလောက်အောင် ဘက်စုံတိုးတက်ကြီးပွားနေသောမြို့ရောမမှာနောက်ဆုံးအနေဖြင့် ကိုယ်စီကိုယ်ငှသခင့်အတွက် သက်သေခံခွင့်ရရှိခဲ့ပါသေးသည်။ ဤမြို့တော်မှာပင် သန့်ရှင်းသူများ၏ ဝိညာဉ်ကောက်လှိုင်းရိတ်သိမ်းပွဲကြီးအတွက် ထိုတမန်တို့နှစ်ဦးစလုံးပင် မာတုရသေခြင်းဖြင့်သွေးမြေကျခဲ့ရပေသည်။

ပေတရုသည် ရဲရင့်လှပေ၏။ လက်ဝါးကပ်တိုင်ပေါ်မှာအသေခံခဲ့သောသခင်ယေရှု၏ သတင်းကောင်းကို မြင့်မြတ်နှလုံးသားဖြင့် ဘေးရန်ကိုမရှောင်ဟောပြောခဲ့၏။ ထိုသခင်၏သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း အကြောင်း၊ ကောင်းကင်ထက်သို့ပြန်လည်ကြွမြန်းခဲ့ပုံများကိုပါမကျန် ဟောပြောသက်သေခံခဲ့ပါသည်။

သူသည် မိမိ၏ အကျဉ်းခန်းလေးထဲမှာ လဲလျောင်းနေစဉ်မှာသူ့အားခရစ်တော်သခင် မိန့်မြွက်တော်မူခဲ့သည့်စကားတို့ကို ကြားယောင်မိ လေသည်။ "ငါအမှန်အကန်ဆိုသည်ကား၊ သင်သည် ပျိုသောအသက်ရှိစဉ် ကိုယ့်ကိုကိုယ်ပတ်စည်း၍ အလိုရှိရာအရပ်ရပ်သို့ သွားလာတတ်၏။ သင်သည် အိုသောအခါလက်နှစ်ဖက်ကိုဆန့်ပြီးလျှင် သူတစ်ပါးသည် သင့်ကိုပတ်စည်း၍ သင်အလိုမရှိရာအရပ်သို့ ယူသွားလိမ့်မည်။" (ယောဟန် ၂၁း၁၈)။

ယေရှုသခင်သည်ထိုတပည့်တော်၏ လက်ဝါးကပ်တိုင်ပေါ်မှာလက်ကိုဆန့်၍ အသက်စွန့်သွားရမည်ပုံသဏ္ဍာန်ကို မြွက်ဆိုခဲ့လေပြီကော။

ပေတရုသည် ဂျူးလူမျိုးတစ်ဦးဖြစ်၍ ရောမတို့အဖို့သူသည် နိုင်ငံခြားသားတစ်ဦးဖြစ်ပါသည်။ သို့ဖြစ်၍ သူသည် ပေါလုကဲ့သို့အပြစ်ဒဏ်စီရင်ခြင်းမျိုးကိုမခံရပါ။ ကြိမ်ဒဏ်အပြစ်ပေးခံရပြီး လက်ဝါးကပ်တိုင်ပေါ်မှာတင်သတ်ခြင်းခံရမည်ဖြစ်ပါသည်။ ဤကဲ့သို့သော ကြောက်မက်ဖွယ်သေခြင်းကို ရင်ဆိုင်နေရစဉ် တမန်တော်ပေတရုသည် ခရစ်တော်ယေရှုကို ငြင်းပယ်ခဲ့သောအပြစ်ကိုသတိရမိ၏။ ထိုသခင်သည် အခက်အခဲဆင်းရဲခြင်းများစွာကို ရင်ဆိုင်နေရစဉ် အချိန် ပေတရုသည် သခင့်ကိုငြင်းပယ်ခဲ့ပေသည်။ တစ်ချိန်ကကပ်တိုင်တော်၏လေးနက်မှုကိုသူသည်တန်ဖိုးမထား၊ အသိအမှတ်ပြုရန် အဆင်သင့်မဖြစ်သေးသော်လည်း ယခုမှာတော့ ဧဝံဂေလိသတင်းကောင်းအတွက် မိမိ၏အသက်ကိုပေးရန်ပင် ဝမ်းမြောက်တတ်လာပေပြီတကား။ သို့သော်လည်း သခင်အသေခံသွားသည့်ပုံစံမျိုးနှင့်တော့သူသည်အသေခံသွားရန် မထိုက်တန်ဟု မိမိကိုယ်ကိုမိမိထင်မှတ်ခဲ့၏။ ခရစ်တော်သခင်သည် သူ့အားအပြစ်မှဖြေလွှတ်ပေးခဲ့ပါသော်လည်း ပေတရုသည် မိမိကိုယ်ကိုဘယ်သောအခါမျှ အပြစ်တင်၍ မဆုံးတော့ပါပြီ။ သူ၏ ဝမ်းနည်းပူဆွေးမှုနှင့်နောင်တရခြင်းတရားတို့သည်လည်း ခါးသီးလွန်းလှသဖြင့် ဘယ်အရာကမျှ ထိုခံစားမှုမျိုးကို မဖြေဖျောက်စေနိုင်ခဲ့ပါ။ နောက်ဆုံးမှာတော့ သေမည့်သူ၏ နောက်ဆုံးအခွင့်အရေးတစ်ခုအဖြစ် ပေတရုသည် လူသတ်သမားတို့အား ဤသို့လျှင်တောင်းခံခဲ့ပေသည်။ မိမိအား လက်ဝါးကပ်တိုင်ပေါ်တင်၍ သံမှိုနှင့်ရိုက်ကာ ခေါင်းကိုဇောက်ထိုးချလျက်ထားပါရန်ဖြစ်၏။ သူ၏ တောင်းခံချက်နှင့်အညီ လူသတ်သမားတို့သည် ပြုကြ၏။ ဤသို့လျှင် တမန်တော်ကြီးပေတရုသည် ဧဝံဂေလိသတင်းကောင်းတည်းဟူသော ယေရှုခရစ်တော်အတွက် အသက်စွန့်ခဲ့လေသတည်း။

---ooo---

## အခန်း(၅၃)

## အချစ်ဆုံးတပည့်တော်ယောဟန်

ယောဟန်သည် "ယေရှုချစ်တော်မူသောတပည့်တော်"အပြစ်ထင်ရှားခဲ့ပေသည်။ (ယောဟန် ၂၁း၂၀)။ သူသည် ခရစ်တော်သခင်က တောင်ပေါ်မှာ တန်ခိုးထင်ရှားပြခဲ့သည်ကိုလည်းကောင်း၊ ဂေသရှင်မန်ဥယျာဉ်တော်ထဲမှာပြင်းပြစွာ ပူဆွေးမှုကိုခံစားခဲ့သည်ကိုလည်းကောင်း၊ မြင်တွေ့ရသောမျက်မြင်သက်သေသုံးယောက်ထဲမှ တစ်ဦးအပါအဝင်ဖြစ်သည်။ ယေရှုသခင်သည် လက်ဝါးကပ်တိုင်ပေါ်မှာ ကြီးစွာသောပြင်းပြနာကျင်မှုကို နောက်ဆုံးခံနေရစဉ် အချိန်နာရီများမှာ ကျွန်ုပ်တို့၏ ဘုရားသခင်က မိမိ၏မိခင်မာရိအား ကြည့်ရှုစောင့်ရှောက်ဖို့ရန် ထိုတပည့်တော်လက်ထဲသို့ အပ်နှင်းခဲ့ပါသည်။

ယောဟန်သည်ခရစ်တော်သခင်အား မှီခိုတွယ်ကပ်ထားသည်မှာစပျစ်နွယ်ပင်သည် ခိုင်မာသောတိုင်မကို တွယ်ကပ်ထားသကဲ့သို့တည်း။ သူသည် ခရစ်တော်သခင်ကို တရားစီရင်ရာခန်းမကြီးအနီးသို့ ဘေးရန်ကိုမကြောက်ဘဲ ချဉ်းကပ်သကဲ့သို့ ခရစ်တော်သခင်၏ လက်ဝါးကပ်တိုင်တော်ကိုလည်း ချဉ်းကပ်မှီခိုခဲ့ပေသည်။

ခရစ်တော်သခင်သေခြင်းကို အောင်၍ ရှင်ပြန်ထမြောက်ပြီဟူသောသတင်းကိုကြားသိရသည်တွင် သူသည်ပေတရုနှင့်ပြိုင်၍ပြေးသဖြင့်သင်္ချိုင်းဂူသို့ ဦးဆုံးရောက်ရှိခဲ့သူပါတည်း။

ယောဟန်သည် ချစ်ဖွယ်ကောင်းသောအကျင့်ကိုသဘောဝအားဖြင့်ပိုင်ဆိုင်ခဲ့သူမဟုတ်ပါ။သူသည် မာန်မာနထောင်လွှားသူ၊ ဝါကြွားသူ၊ ချီးမြှင့်ခံလိုစိတ်ကြီးမားသူ၊ တစ်ရှူးထိုးလုပ်တတ်သူ၊ အနာတရဖြစ်ပြီဆိုလျှင် ကလဲ့စားချေလိုသူဖြစ်ပါသည်။

သူနှင့်ညီကိုတော်သူနှစ်ဦးကို "မိုးကြိုးသား" များဟု ပတ်ဝန်းကျင်ကခေါ်ဆိုခဲ့ကြလေသည်။ (မာကု ၃း၁၇) စိတ်တို၍ ကလဲ့စားချေလိုစိတ်ကားထိုချစ်ဖွယ်ကောင်းသော တပည့်မှာရှိ၏။ သို့ပါသော်လည်း ထိုမှလွန်သော်သူသည်ရိုးသားတည်ကြည်၏ ချစ်ဖွယ်ကောင်းသော နှလုံးသားသည်ရှိပေသည်။ ဤသည်ကို သခင်ယေရှုသည်မြင်နိုင်၏။ သို့ဖြစ်၍ သခင်ယေရှုသည် သူ၏

ကိုယ်ကျိုးကြည့်စိတ်ကို ဆုံးမခဲ့၏။ သူ့ရည်ရွယ်ချက်များကိုလည်း စိတ်ပျက်စေခဲ့ပါသည်။ သူ၏ယုံကြည်ခြင်းကိုလည်း စမ်းသပ်ခဲ့၏။ သို့ရာတွင် သခင်သည်သူ့အား မိမိ၏သန့်ရှင်းအလှကိုသော်လည်းကောင်း၊ ပြောင်းလဲစေနိုင်သော ချစ်ခြင်းမေတ္တာတန်ခိုးတော်ကိုသော်လည်းကောင်း ဖေါ်ပြခဲ့ပေသည်။

ယောဟန်၏အားနည်းချက်များကို သုံးသပ်ကြည့်မြင်ကြပါစို့။တစ်ကြိမ်မှာ ခရစ်တော်သခင်သည် မိမိ၏စေတမန်တို့အား ရှမာရိရွာကြီးတစ်ခုဆီသို့ စေလွှတ်လိုက်လေသည်။ သခင်နှင့်တပည့်တော်များအတွက် စားစရာကိုအလှူခံဖို့ဖြစ်ပေသည်။

သို့သော်လည်း ကယ်တင်ပိုင်သူ ယေရှုသခင်သည် ထိုမြို့ငယ်အနားသို့ချဉ်းကပ်ရောက်ရှိလာသောအခါမှာ သခင်ယေရှုကို မိမိတို့၏ဧည့်သည်တော်အဖြစ်ဖိတ်ခေါ်ရမည့်အစား ရှမာရိလူတို့သည် ယဉ်ကျေးသိမ်မွေ့ကြင်နာမှုကိုမပြ၊ သာမန်ခရီးသွားတစ်ဦးကဲ့သို့ ဆက်ဆံခဲ့လေသည်။

ထိုကဲ့သို့မိမိတို့၏ အရှင်သခင်ကို အေးတိအေးစက်နှင့်မရိုမသေဆက်ဆံပြသည်ကို တပည့်တော်တို့သည်မြင်လျှင် မခံမရပ်နိုင်ဘဲ ဒေါသဖြစ်ခဲ့ရသည်။ ဤတွင် ယာကုပ်နှင့်ယောဟန်ညီအစ်ကိုတို့က "သခင်၊ ဧလိယပြုသကဲ့သို့အကျွန်ုပ်တို့သည် ကောင်းကင်မှမီးကျစေ၍ ထိုသူတို့ကိုလောင်စေခြင်းငှာ အလိုရှိတော်မူသလောဟု လျှောက်ကြသော်၊" ယေရှုသည် သူတို့၏ဆိုစကားကြောင့် စိတ်နာကြည်းသဖြင့် "လူသားသည် လူတို့၏ အသက်ကို သတ်အံ့သောငှာကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှာကြွလာသည်ဟု ဆုံးမတော်မူ၏။" (လုကာ ၉း၅၄၊ ၅၆)။

## မိမိဆန္ဒအရအပ်နှင်းသူကိုသာခရစ်တော်သည်အလိုရှိတောမူခြင်း

ခရစ်တော်သခင်သည် မိမိအားလက်ခံရန် လူကိုအတင်းအကျပ်မပြုလုပ်ပါ။စာတန်နှင့်ဘက်တော်သားများကသာလျှင် လူ၏ အသိစိတ်ကိုအတင်းအကျပ်ပြုရန် ကြိုးစားနေပါသည်။ ထို့ကြောင့် လူသည်ဖြောင့်မတ်ခြင်းတရားအတွက်စိတ်အားကြီးသည်ဟုဟန်ဆောင်ကာမကောင်းဆိုးဝါး၊နတ်ဆိုးတို့နှင့်ပူးပေါင်းမိတ်ဖွဲ့၍မိမိတို့၏ခရစ်ယာန်ဘာသာရေးတွေးခေါ်ချက်များကိုလိုက်နာကျင့်သုံးအပ်ကြောင်းအတင်းအကျပ်ပြုကာလူလူချင်းကိုပြုပြင်ပြောင်းလဲပေးကြပါသည်။

သို့သော်လည်း ခရစ်တော်သခင်သည် ထိုသို့မပြုပါ။ မိမိ၏ဆွဲဆောင်ခါတ်ပါချစ်ခြင်းမေတ္တာကိုဖေါ်ပြလျက် အသက်ဝိညာဉ်များကိုအောင်နိုင်ဖို့ကိုသာကြိုးစားနေပါသည်။ ထိုမေတ္တာ၏ ဆွဲဆောင်မှုအောက်မှာ လူသည်စိတ်နှလုံးအကြွင်းမဲ့နှင့်ဆန္ဒရှိသည်အတိုင်းသာ အပ်နှင်းခြင်းကိုပြုရန် အလိုတော်ရှိလေသည်။

တစ်ခါမှာ ယေရှုသခင်ထံတော်ပါးသို့ သားတို့တောင်းပန်ထားသည့်အတိုင်း ယာကုပ်နှင့်ယောဟန်တို့၏မိခင်သည်လာ၏။ ခရစ်တော်သခင်၏နိုင်ငံတော်မှာ အမြင့်ဆုံးရာထူးများကို တောင်းခံခြင်းဖြစ်သတည်း။ ထိုနုနယ်သေးသောတပည့်တော်တို့သည် လူသားဆန်ဆန်တွေးခေါ်တတ်သည့်အတိုင်း ခရစ်တော်သခင်သည် လောကရှင်ဘုရင်ရာထူးနှင့်အနာဂတကို ရယူလိမ့်မည်ဟု မှတ်ထင်ကာ မျှော်လင့်ခဲ့ကြပေသည်။ သို့သော်လည်း ယေရှုသခင်၏ အဖြေမှာ "သင်တို့သည် အဘယ်သို့တောင်းပန်သည်ကို သင်တို့မသိကြ။ ငါသောက်သော ခွက်ကိုသောက်ခြင်းငှာလည်းကောင်း၊ ငါခံသောဗတ္တိဇံ(နှစ်ခြင်း) ကိုခံခြင်းငှာလည်းကောင်း၊ သင်တို့သည် တတ်စွမ်းနိုင်သလောဟု မေးတော်မူ၏။" သူတို့ကလည်း "အကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ပါ၏လျှောက်ကြ၏။"

ဤတွင်ခရစ်တော်သခင်က "ငါသောက်သောခွက်ကို သင်တို့သည်သောက်ရကြလိမ့်မည်။ ငါခံရသောဗတ္တိဇံကိုလည်း သင်တို့သည် ခံရကြလိမ့်မည်" ဟုကြေညာခဲ့ပါသည်။ ခရစ်တော်သခင်၏ ရှေ့တော်မှောက်၌ ပလ္လင်အစားလက်ဝါးကပ်တိုင်ပင်ရှိပါသည်တကား။ ဤသည်ကို ယာကုပ်နှင့် ယောဟန်တို့သည် သခင်၏ဆင်းရဲအခက်အခဲများစွာတို့ကို ဝေမျှခံယူမည်ဟု ကတိပြုခဲ့ကြပေသည်။

ထိုသို့နှင့်အညီ တစ်ဦးမှာဓါးနှင့်အသက်ပေးခဲ့ရသကဲ့သို့၊ ကျန်တစ်ဦးသည် သခင်၏အမှုတော်မကြာမှာ အသက်အကြီးဆုံး တပည့်တော်အဖြစ် ပြစ်တင်ကဲ့ရဲ့ရှုတ်ချမှု၊ နှိပ်စက်ကလူပြုမှုကိုခံယူရင်း ယခုဘဝကို နိဂုံးချုပ်ခံရပေသည်။ "သို့သော်လည်း ငါလက်ယာဘက်၊လက်ဝဲဘက်မှာထိုင်ရသောအခွင့်ကိုကား၊ အကြင်သူတို့အဖို့အလို့ငှာ ပြင်ဆင်၏။ ထိုသူတို့အားသာ ငါပေးနိုင်မည်" ဟု သခင်ယေရှုမိန့်တော်မူခဲ့လေသည်။ မာကု ၁၀း၃၇-၄၀။

ယေရှုသည် မာန်မာနထောင်လွှား၍ ရည်ရွယ်ချက်ကြီးမားသောထိုညီအစ်ကိုနှစ်ဦးအား ဤသို့ဆုံးမခဲ့ပေသည်။ "အကဲအမှူးတို့သည် အာဏာထားတတ်ကြ၏။ သင်တို့မူကား ထိုသို့မပြုကြနှင့်။ လူသားသည် သူတစ်ပါးကို

စေစားခြင်းငှာမလာ။ သူတစ်ပါးအစေကိုခံခြင်းငှာလည်းကောင်း၊ မိမိအသက်ကို စွန့်၍ လူများကိုရွေးခြင်းငှာလည်းကောင်း၊ ကြွလာသည်ဖြစ်၍၊ ထိုနည်းတူသင်တို့တွင် အကဲအမှူးပြုလိုသောသူကို သင်တို့အစေခံဖြစ်စေ၊ သင်တို့တွင် အထွတ်အမြတ်လုပ်ချင်သောသူကိုလည်း သင်တို့ကျွန်ဖြစ်စေဟု မိန့်တော်မူ၏။" (မဿဲ ၂၀း၂၆-၂၈)။ ဘုရားသခင်၏ နိုင်ငံတော်မှာ ရာထူးအဆင့်အတန်းမည်သည် မိမိ၏ အကျင့်ရလဒ်ပင်ဖြစ်ပါသည်။ အသက်သရဖူနှင့်ပလ္လင်ဟူသည်မှာလည်း ခရစ်တော်သခင်၏ ကျေးဇူးတော်အားဖြင့် မိမိကိုယ်ကိုအောင်နိုင်ခြင်းတည်းဟူသော သန့်ရှင်သောဝိညာဉ်တော်စရန်ကို ထိန်းသိမ်းထားခြင်းဖြစ်ပါသည်။

နောင်သောအခါမှာ ယောဟန်အား ယေရှုသခင်သည် မိမိ၏နိုင်ငံတော်မှာတည်လုနီးပြီဟူသောအခြေအနေကိုဖေါ်ပြခဲ့ပေသည်။ "ငါသည်အောင်မြင်၍၊ ငါ့အဖဘုရားသခင်၏ပလ္လင်တော်ပေါ်မှာ အဖဘုရားသခင်နှင့်အတူ ထိုင်နေသကဲ့သို့ အောင်မြင်သောသူသည် ငါ၏ပလ္လင်ပေါ်မှာငါနှင့်အတူထိုင်နေရသောအခွင့်ကိုငါပေးမည်။" (ဗျာ၃း၂၀)။ ခရစ်တော်သခင်နှင့် အနီးကပ်ဆုံးရပ်တည်သွားသောသူသည် ထိုသခင်၏ ကိုယ်ကျိုးစွန့်ချစ်ခြင်းမေတ္တာကိုနှစ်နှစ်ခြိုက်ခြိုက်သောက်ရသူဖြစ်ပေသည်တကား။ ထိုချစ်ခြင်းမေတ္တာကြောင့် ထိုတပည့်တော်ယောဟန်သည် သခင်ကိုချစ်သောစိတ်နှင့်အမှုတော်မြတ်မှာ သခင့်အစေကိုခံရင်း လောကလူသားတစ်နွယ်လုံး၏ ကယ်တင်ခြင်းအတွက် မိမိအသက်ကိုသော်မျှမနှမြောဘဲ၊ ဆက်ကပ်ပေးလှူခဲ့သည်အရာမှာ စံတင်ထိုက်ပေသည် မဟုတ်လောမိတ်ဆွေ။

## ယောဟန်သည် သင်ခန်းစာကောင်းများစွာရရှိခဲ့ခြင်း

တစ်ချိန်မှာယာကုပ်နှင့်ယောဟန်တို့သည် ခရစ်တော်၏နောက်သို့လိုက်သောသူမဟုတ်သည့် အသိအမှတ်ပြုမခံရသူတစ်ယောက်က ခရစ်တော်၏နာမတော်ကိုသုံး၍ နတ်ဆိုးတို့ကိုနှင်ထုတ်ပြန်၏။ ဤအမှုကို တပည့်တော်တို့သည် မလိုလားကြ၍ ထိုသို့မပြုရန်ပညတ်ထားလေသည်။ ဤသို့ပြုခြင်းသည် မှန်ကန်၏ဟူ၍လည်း မိမိကိုယ်ကိုထင်မှတ်ကြ၏။ သို့ရာတွင် ခရစ်တော်သခင်က ထိုသူတို့အား ဤသို့လျှင် ဆုံးမခဲ့ပေသည်။ "ထိုသူတို့အား မမြစ်တားကြနှင့်။ ငါ့နာမကို အမှီပြုလျက် တန်ခိုးကိုပြ၍ ငါ့ကို အလွယ်တကူ ကဲ့ရဲ့နိုင်သောသူ

တစ်ယောက်မျှမရှိ။" (မာကု ၉း၃၉)။ ဤဖြစ်ရပ်တွင်ကာကုပ်နှင့်ယောဟန်တို့သည်ခရစ်တော်သခင်ထံတော်မှကျေးဇူးတင်စကားကြားရမည်ဟု ထင်ခဲ့မိသည်။ သို့သော်လည်း မိမိတို့၏မလိုတမာဖြစ်ခြင်း၊ မနာလိုခြင်းတို့ကိုသာစတင်မြင်တွေ့မာပါတော့သည်။ သူတို့သည်အမှားကိုမြင်၍ သခင်၏ဆိုဆုံးမမှုကိုလက်ခံခဲ့ပေသည်။

ယောဟန်သည် သခင်၏ချမှတ်ထားသောပုံစံတော်နှင့်အညီညွတ်စွာအသက်ရှင်ဖို့ရန် ကြိုးစားအားထုတ်သကဲ့သို့ သင်ခန်းကိုလည်းယူတတ်ပေသည်။ ယခုမှာတော့ ယေရှုခရစ်တော်၏ တန်ခိုးတော်ကို တွေ့မြင်စပြုလာပါပြီ။ သူ၏မှတ်တမ်းကိုလေ့လာကြည့်ပါ။ "အဖဘုရားသခင်၌တစ်ပါးတည်းသောသားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကိုငါတို့သည် မြင်ရကြပြီ။" (ယောဟန် ၁း၁၄)။

ယောဟန်သည်မိမိသခင်၏ချစ်မြတ်နိုးသည်အရာမှာ ခရစ်တော်ယေရှုကသူ့အားချစ်အပ်သောသူဖြစ်သောကြောင့် ချစ်သည်မဟုတ်ပါ။ ထိုချစ်ခြင်းမေတ္တာ၏အကျိုးသက်ရောက်မှုကြောင့်ဖြစ်ပါသည်။ တစ်နည်းဆိုရပါလျှင် ယေရှုသခင်၏ပြောင်းလဲစေနိုင်သော တန်ခိုးရှိသည့်ချစ်ခြင်းမေတ္တာကြောင့်ဖြစ်၏။ထိုမေတ္တာမျိုးအောက်မှာ ယောဟန်သည် စိတ်နှလုံးနူးညံ့သိမ်မွေ့နှိမ့်ချလာသည်။

ယေရှုသခင်၌ဆိုလျှင် ကိုယ်ကျိုးကြည့်သည်ဟူ၍မရှိတော့ပါ။ ယောဟန်သည်ဤသဘောကိုနားလည်စွဲလမ်းလာသည်နှင့်အမျှ မိမိ၏အပေါင်းအဖော်များတို့ထက် အံ့ဖွယ်အသက်တာ၏တန်ခိုးတော်ကို တောင့်တလာ၏။

သခင်ပေးသောသင်ခန်းစာများသည်လည်း သူ၏အသက်ဝိညာဉ်ပေါ်မှာကမ္ပည်းတင်ထားသကဲ့သို့ဖြစ်နေတော့၏။ ယေရှုသခင် ကယ်တင်ရှင်၏ကျေးဇူး တော်ကို သက်သေခံလေတိုင်း သူ၏စကားရိုးရိုးလေးက ချစ်ခြင်းမေတ္တာဓါတ်ကြောင့် တစ်ကိုယ်လုံးကြက်သီးမွေးညင်းထရသည်အထိဖြစ်ရပါတော့သည်။

ကယ်တင်ရှင်သည် တပည့်တော်တစ်ဆယ့်နှစ်ယောက်စလုံးကိုချစ်ပါသည်။ သို့သော်လည်း ယောဟန်သည် အထူးခြားဆုံးဖြစ်၏။ သူ၌သွန်သင်လွယ်သောစိတ်သဘောရှိ၏။ အငယ်ဆုံးတပည့်ဖြစ်၍လည်း ကလေးဆန်ဆန်သဘောက သူ့မှာရှိနေဆဲ။ သူသည် ပွင့်လင်း၏။ ယေရှုနှင့်ဆိုလျှင် လျှို့ဝှက်ချက်ဟူ၍သူ၌ ဘာမျှမရှိပြီ။ ထို့ကြောင့်လည်း သခင်သည် သူ့ကိုပိုသနား၏။

သူ့အားဖြင့် လူသားအပေါင်းတို့အား ကယ်တင်ပိုင်ရှင်ယေရှုသခင်၏လေးနက်သောဝိညာဉ်ရေးဆိုင်ရာသွန်သင်ချက်များကို ပေခဲ့ပေသည်။ သူသည်အခြားသောတပည့်တော်အပေါင်းတို့ထက် ဖခင်၏ချစ်ခြင်းမေတ္တာအကြောင်းကိုပိုပြောဆိုသည်။ ထိုအခါ ခရစ်တူအလင်းတန်းသည် သူ၏မျက်နှာပေါ်မှာထွန်းပြောင်လာ၏။ သန့်ရှင်းခြင်း၏လှပမှုသည် သူ၌ပေါ်လွင်နေပါပြီ။ ခရစ်တော်နှင့်အကျွမ်းဝင်မိတ်သဟာယဖွဲ့ခြင်းကို သူသည် အမြတ်တနိုးထားပါ၏။ ဤကားသူ၏ဆန္ဒပေတည်း။

"ချစ်သူတို့၊ယခုတွင်ငါတို့သည်ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှာအဘယ်သို့သောသူဖြစ်မည်ဟုမထင်ရှားသေး။ သို့သော်လည်းကိုယ်တော်သည်ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့။ ဟုငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကိုငါတို့သည်မြင်ရကြလတ္တံ့။" (၁ယော ၃း၂)။

---ooo---

# အခန်း(၅၄)
# ခရစ်တော်အတွက်သစ္စာရှိသောသက်သေခံယောဟန်

(ဤအခန်းကိုယောဟန်၏စာစောင်များမှအခြေခံသည်)

ယောဟန်သည်အခြားတပည့်တော်များနည်းတူ ပင်တေကုတ္တေပွဲနေ့၌ ကျရောက်သောသန့်ရှင်းသောဝိညာဉ်တော်မိုးကို ဝမ်းမြောက်ရွှင်လန်းစွာခံယူရရှိခဲ့လေသည်။ ထိုဝိညာဉ်တော်တန်ခိုးဖြင့် သူသည် လူတို့အားအသက်နှင့်ယှဉ်သောဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုဟောကြားခဲ့၏။ သူသည် တန်ခိုးအင်အားနှင့်ပြည့်စုံသောတရားဟောဆရာ၊ စိတ်အားထက်သန်၍ လေးလေးနက်နက်ရှိသပါတည်း။

သူသည် လှပတင့်တယ်သော စကားလုံးများကိုတေးသံသာကဲ့သို့သောအသံဖြင့် ခရစ်တော်သခင်အကြောင်းစုံကို ပြောဆိုသည်ဖြစ်ရကား။ကြားရသူတိုင်း၏ စိတ်ဘဝင်ကိုနွေးထွေးစွဲလမ်းစေပါ၏။ အမှန်တရား၏ တန်ခိုးအရှိန်အဟုန်နှင့်မိမိ၏ ပြင်းပြဆန္ဒကိုပေါင်းစပ်ကာ ခရစ်ယာန်တရားတော်ကိုသွန်သင်သောအခါမှာ လူမှုအလွှာအသီးသီးက လက်ခံကြပါ၏။ အပြောနှင့်အလုပ်ကိုက်ညီသူပင်ဖြစ်ချေသည်။

ခရစ်တော်သခင်သည်မိမိ၏ တပည့်တော်တို့အားသူကဲ့သို့ချစ်တတ်ရန် တစ်ဦးအပေါ် တစ်ဦးချစ်ခြင်းမေတ္တာပြရန် သွန်သင်တော်မူခဲ့ပေသည်။ သခင်မြွက်ဆိုခဲ့သည်တို့ကို မှတ်သားပါ။ "သင်တို့သည် အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ချစ်ကြလော့။ ငါသည် သင်တို့ကိုချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့ဟု ပညတ်သစ်ကိုငါပေး၏။" (ယောဟန် ၁၃း၃၄)။

ထိုတပည့်တော်တို့သည် ခရစ်တာ်သခင်၏ ဆင်းရဲခြင်းအခက်အခဲကိုမြင်တွေ့ရပြီးသည်နောက်ပိုင်းနှင့် ပင်တေကုတ္တေပွဲနေ့မှာ သန့်ရှင်းသောဝိညာဉ်တော်၏ဆင်းသက်တည်ရှိနေမှုကိုခံယူရရှိပြီးသည်နောက်ထိုယေရှုသခင်၏ချစ်ခြင်းမေတ္တာတော်သဘောကို ရှင်းလင်းစွာမြင်တွေ့လာကြရကား၊ အချင်းချင်းတစ်ဦးအပေါ် တစ်ဦးချစ်ခြင်းမေတ္တာထားရှိသင့်ကြောင်း၊ပြောဆို လာကြပါသည်။ချစ်သူတို့၊ဘုရားသခင်သည် တစ်ပါးတည်းသော သားတော်ကို ဤလောကသို့စေလွှတ်

တော်မူသောအရာ၌ ငါတို့ကိုချစ်တော်မူသောမေတ္တာသည် ထင်ရှားလျက်ရှိ၏။ ဘုရားသခင်သည် ငါတို့ကိုဤမျှလောက်ချစ်တော်မူသည်မှန်လျှင် ငါတို့သည်လည်း အချင်းချင်းချစ်ရကြမည်။" တစ်ဦးအတွက်တစ်ဦးအနစ်နာခံရမည်။

ပင်တေကုတ္တေပွဲနေ့အပြီးမှာ တပည့်တော်တို့သည် အသက်ရှင်တော်မူသောကယ်တင်ပိုင်ရှင်အကြောင်းကို အရပ်လေးမျက်နှာထွက်ခွာ၍ ကြွေးကြော်ကြ၏။ သန့်ရှင်းသူများအချင်းချင်းမိတ်သဟာယဖွဲ့ရခြင်း၏ ချိုမြိန်မှုအရသာကိုလည်း ဝမ်းမြောက်ရွှင်လန်းစွာ မြည်းစမ်းခံစားခွင့်ရရှိခဲ့ကြလေသည်။ သူတို့သည် နူးညံ့သိမ်မွေ့ကြ၏။ အမြော်အမြင်ကြီး၏။ ကိုယ်ကျိုးစွန့်ကာ တစ်ပါးသူတို့အား ကူညီကြသည်အရာ၌ ခရစ်တော်သခင်၏ ချစ်ခြင်းမေတ္တာမျိုးကို ပေါ်လွင်ထင်ရှားစေခဲ့လေသည်။

ဤသို့ ကိုယ်ကျိုးစွန့်လုပ်ဆောင်မှုများနှင့် ကျန်းမာစေသောစကားတို့ကို သုံးစွဲပြောဆိုလုပ်ဆောင်ကြသဖြင့် သိမြင်ခံစားရလေသမျှသောသူတို့၏ စိတ်နှလုံး၌ ချစ်ခြင်းမေတ္တာတရားပွားများလာရပေသည်။ ထိုချစ်ခြင်းမေတ္တာမျိုးကို ယုံကြည်သူတိုင်းမှာရှိရပါမည်။ မြတ်နိုးရပါမည်။ သခင်၏ ဖြောင့်မတ်ခြင်းဖြင့် ကယ်တင်ခြင်းကိုရရှိပြီးဖြစ်သူတိုင်း မိမိတို့၏ အသက်တာမှာ ကယ်တင်ပိုင်ရှင်အားဖေါ်ပြရကြရမည်မဟုတ်ပါလား။

## ရှေးဦးအသင်းတော်ထဲသို့ဝမ်းနည်းစရာပြောင်းလဲမှုတစ်ခုဝင်ရောက်လာခြင်း

သို့သော်လည်း တဖြည်းဖြည်းနှင့်ပြောင်းလဲမှု တစ်ခုဝင်ရောက်လာခဲ့သည်။ ယုံကြည်သူတို့အမှားအယွင်းကို အဖေါ်ပြုလာကြ၏။ တစ်ဦးအပေါ်တစ်ဦးမညှာမတာပြစ်တင်ကဲ့ရဲ့တတ်လာကြပြီ။ သူတို့တတွေ ကယ်တင်ပိုင်သူယေရှုသခင်နှင့် ထိုသခင်၏ ချစ်ခြင်းမေတ္တာတော်ကို မျက်ခြည်ပြတ်လာကြပြီကော။

ယခင်ကလူတို့သည် ယုံကြည်သည့်အတိုင်း ကျင့်သုံးသက်ရှင်သွားခဲ့ကြသော်လည်း ယခုတွင်မူ လူ့အတွေးအခေါ်အယူအဆကို ပို၍ဦးစားပေးလာကြ၏။ ထိုသို့ပြုမှု လူရာဝင်၍ ခေတ်မီသည်ဟု ထင်ကြလေသည်။ သူကြင်မှုကိုင်ခင်မည်ပေါ့။မေတ္တာစေတနာဆိုတာ လူတိုင်းနဲ့မတန်ဘူးဟူသည်မျိုးအသင်းတော်မှာနေရာယူလာသဖြင့် ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာခေါင်းပါးလာခဲ့လေပြီ။ ပို၍ဝမ်းနည်းစရာကောင်းသည်က မိမိတို့ပျောက်ဆုံးနေခြင်းကို

မိမိတို့မသိမြင်ခြင်းပင်ဖြစ်၏။ ပျော်ရွှင်ဝမ်းမြောက်မှုတို့သည် သူတို့ထံမှဆုံးပါး ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်ကိုလည်း သူတို့သည် သတမပြုမိကြပေ။ ဤ သို့လျှင် အမှောင်ကမ္ဘာမှာ သူတို့တတွေလျှောက်လှမ်းနေကြပါလေပြီ။

ဤသည်ကိုယောဟန်သည် သတိပြုမိ၏။ အသင်းတော်အတွင်း ညီ အစ်ကိုချင်းချစ်ခြင်းမေတ္တာခေါင်းပါးလာကြသဖြင့် ဤသို့လျှင်စာရေးလိုက်ပါသည်။ "ချစ်သူတို့၊ ငါတို့သည် အချင်းချင်းချစ်ကြကုန်အံ့။ အကြောင်းမူကား ချစ်ခြင်း မေတ္တာသည် ဘုရားသခင်နှင့်စပ်ဆိုင်၏။ ချစ်တတ်သောသူမည်သည်ကား၊ ဘုရားသခင်ဖြစ်ဘွားစေသောသူဖြစ်၏။ ဘုရားသခင်ကို သိသောသူလည်းဖြစ် ၏။ ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်းမူကား ဘုရား သခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။

သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှာ၊ ဘုရားသခင် သည် တစ်ပါးတည်းသောသားတော်ကို ဤလောကသို့စေလွှတ်တော်မူသည် အရာ၌ ငါတို့ကိုချစ်တော်မူသော မေတ္တာတော်သည်ထင်ရှားလျက်ရှိ၏။ ငါတို့ သည် ဘုရားသခင်ကိုချစ်ကြသည်ဟုမဆို။ ဘုရားသခင်သည်ငါတို့ကိုချစ်၍ ငါတို့၏အပြစ်ဖြေရာအကြောင်းဖြစ်စေခြင်းငှာ၊ သားတော်ကို စေလွှတ်တော်မူ သောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။ ချစ်သူတို့၊ ဘုရားသခင်သည် ငါတို့ကို ဤမျှလောက်ချစ်တော်မူသည်မှန်လျှင် ငါတို့သည်လည်း အချင်းချင်းချစ်ရ ကြမည်။"

"မိမိညီအစ်ကိုကိုမုန်းသောသူမည်သည်ကား၊ လူအသက်ကိုသတ်သော သူဖြစ်၏။ လူအသက်ကိုသတ်သောသူ တစ်စုံတစ်ယောက်၌မျှ ထာဝရအသက် မတည်သည်ကို သင်တို့သိကြ၏။ ခရစ်တော်သည် ငါတို့အဖို့အလို့ငှာ အသက် တော်ကို စွန့်တော်မူသည်အရာကို ငါတို့သည် ထောက်၍ မေတ္တာတော်ကို သိရ ကြပြီ။ ငါတို့သည်လည်း ညီအစ်ကိုချင်းတို့အဖို့အလို့ငှာ အသက်ကို စွန့်ရ ကြ၏။"

အသင်းတော်၏ အကြောက်ရဆုံးဘေးရန်မှာ ကမ္ဘာလောကကြီး၏ ဆန့်ကျင်နှိပ်ကွက်ခြင်းမဟုတ်ပါ။ ဘုရားသခင်၏အမှုတော်ကိုဇကန်မုချနှောင့် နှေးချို့တဲ့စေ၍ ဝမ်းနည်းပူဆွေးဖွယ်အကောင်းဆုံး အခက်အခဲမှာ ယုံကြည်သူ ဘုရားသခင်၏ သားသမီးအချင်းချင်းတို့၏ အတွင်းစိတ်တွေမှာ မကောင်းမှုကို ဆောင်သောအရာများကို မြတ်နိုးတွယ်တာနေခြင်းဖြစ်ပါသည်။ အချင်းချင်း

တစ်ဦးကိုတစ်ဦး မနာလိုဝန်တိုခြင်း၊ အပြစ်ရှာခြင်း၊ မကောင်းမှုကိုမရှောင်၊ ယဉ်ပါး၍နေခြင်းတို့ထက် ဝိညာဉ်ရေးကိုသေချာပေါက် အားနည်းသောအရာတို့ကားမရှိတော့ပါပြီ။ ဘုရားသခင်သည် မိမိ၏ သားတော်ကို ဤကမ္ဘာလောကကြီးသို့စေလွှတ်သည်အရာ၌ မိမိ၏အသင်းတော်အတွင်း ကွဲပြားခြားနားနေသောသောင်းပြောင်းထွေလာစွမ်းရည်ကိုယ်စီရှိကြကုန်သော ယုံကြည်သူတို့အချင်းချင်းပေါင်းစည်းညီညွတ်စွာနေထိုင်သက်ရှင်ဖို့ ရည်ရွယ်ပါသည်။ ဤကား ဘုရားသခင်၏အဖြစ်စေချင်ဆုံးအရာပင်မဟုတ်တုံလော။ ကျွန်ုပ်တို့သည် ဤအမှုအရာ၌သက်သေပြရကြမည်ဖြစ်၏။ သို့ပါသော်လည်း ဤသက်သေကို ထင်ရှားပေါ်လွင်စေရန်မှာ ကျွန်ုပ်တို့၏ အကျင့်သည် ခရစ်တူဖြစ်ရပါမည်။ ကျွန်ုပ်တို့၏ အလိုဆန္ဒသည် သခင်၏ အလိုတော်မျိုးဖြစ်ရမည်။

ယနေ့ အသင်းတတော်မှာ ကယ်တင်ပိုင်ရှင်သခင်ကို ချစ်မြတ်နိုးပါသည်ဟုဆိုနေသောခရစ်ယာန်များစွာတို့သည် တစ်ဦးကိုတစ်ဦး မချစ်ကြပါ။ဤသည်ကိုပတ်ဝန်းကျင်ရှိ မယုံကြည်သူတို့က ရှုမြင်သုံးသပ်နေကြပါသည်။ ကျွန်ုပ်တို့သည် တစ်ဦးအပေါ်တစ်ဦး သန့်ရှင်းသောချစ်ခြင်းမေတ္တာသြဇာလွှမ်းမိုးမှုနှင့်ပတ်ဝန်းကျင်ကို သက်သေပြနိုင်၏။ ဤသူတို့ကား တစ်ဦးကိုတစ်ဦး မုန်းတီးနေကြပါသည်တကားဟု သင့်ရန်သူအားပြောဆိုနိုင်စေသော အခြေအနေမျိုးကိုသင်သည်မဖန်တီးပါနှင့်။ ကောင်းကင်ထက်မှာရှိသော အဖဘုရားသခင်၏ချစ်သားသမီးအပေါင်းတို့သည် တစ်ဦးအပေါ်တစ်ဦး မေတ္တာကြီးဖြင့်သာချည်နှောင်ထားကြရပါမည်။ ခရစ်ယာန်ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာကို ပေါ်လွင်ထင်ရှားစေပါ။ သခင့်ကိုချီးမွမ်းခြင်းဖြစ်ပါသည်။

ခရစ်တော်သခင်ကိုယ်တော်တိုင်ဖော်ပြခဲ့သော ချစ်သနားခြင်းကြင်နာမှုမျိုးကို ကျွန်ုပ်တို့သည် ဖော်ကျူးပေးရန်ဘုရာသခင်၏ချစ်ခြင်းမေတ္တာကကျွန်ုပ်တို့ကိုဖိတ်ခေါ်နေပါသည်။ စစ်မှန်သော ခရစ်ယာန်တစ်ဦးသည် အသက်ဝိညာဉ်တစ်ခုပျက်စီးဆုံးရှုံးဖို့ရန် လွယ်လင့်တကူခွင့်ပြုလိုစိတ်ရှိမည် မဟုတ်ပါချေ။ သို့ဖြစ်၍ မကောင်းရာကိုမြစ်တားဖို့သတိပေးရပါမည်။ ဂရုစိုက်ရပါမည်။ မပျော်ရွှင်နိုင်စရာအဖြစ်မျိုး၊ စိတ်အားငယ်စရာအဖြစ်မျိုးသို့ တစ်ပါးသူတို့မသက်ဆင်း၊ မချင်းနင်းမိစေရန် သူသည် သခင့်မျက်နှာကို ထောက်၍ သခင့်စိတ်သဘောမျိုးကို အရင်းခံကာ ကယ်တင်နိုင်သည့် လူ့အတိုင်းအတာမျိုးတွင် လမ်းပြဆောင်ရွက်သွားပါလိမ့်မည်။

သခင်ခရစ်တော်၏သိမ်မွေ့သောချစ်ခြင်းမေတ္တာမျိုးကို တစ်ကြိမ်တစ်ခါမျှတွေ့ကြုံခံစားရမှုမရှိသောသူသည် အဘယ်မှာလျှင် တစ်ပါးသူတို့အားအသက်စမ်းရေတွင်းရှိရာသို့ ရှေ့ဆောင်နိုင်ပါမည်နည်း။ သခင့်ချစ်ခြင်းမေတ္တာကိုခံစားတင်ပြဖို့လိုသည်။ ခရစ်တာ်သခင်၏ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝနေသောသူသည် တစ်ပါးသူတို့အား ဦးဆောင်ရာ၌ အပြောအဆိုတွင်သော်လည်းကောင်း၊ သနားကြင်နာတတ်သောသဘောနှင့် အသက်ဝိညာဉ်များတို့ကို မျှော်လင့်ချက်ပေးကာ စိတ်နှလုံးရွှင်လန်းချမ်းမြေ့စရာတွင်လည်းကောင်း သခင့်ကိုဖေါ်ပြ ထင်ရှားစေမြဲဖြစ်ပါသည်။ ကောင်းကင်ဝင်စားဖို့ရန် ထိုက်တန်သော ခရစ်ယာန်အမှုတော်ဆောင်များသည် ခရစ်တော်သခင်က လူသားတို့ကို ချစ်သကဲ့သို့ချစ်နိုင်စွမ်းရှိရပါမည်။

ထို့ကြောင့်လည်း တမ်တော်ကြီးသည် ဤကဲ့သို့ရေးပြောခဲ့သည်မဟုတ်လော။ “ချစ်သားတို့၊ ငါတို့သည်စကားပြောကာမျှအားဖြင့်သာမချစ်ဘဲ၊ စိတ်ပါကိုယ်ရောက်ဧကန်အမှန်ချစ်ကြကုန်အံ့။” အကျင့်စုံလင်ခြင်းသည် တစ်ပါးသူတို့ကို စိတ်နှလုံးအကြွင်းမဲ့ကူညီမစလိုသော သဘောဆန္ဒမပြတ်ရှိခြင်းမှ ထွက်ပေါ်လာပါသည်။ ဤချစ်ခြင်းမေတ္တာမျိုးသည် ယုံကြည်သူတစ်ယောက်အား“အသက်ရှင်ခြင်း၏ အမွှေးအကြိုင်ဖြစ်စေ” သကဲ့သို့ မိမိ၏ လုပ်ဆောင်မှုတွေမှာလည်းဘုရားသခင်၏ကောင်းချီးများစွာသက်ရောက်စေလိမ့်မည်။ (၂ကော ၂း၁၆)။

ဘုရားသခင်ပေးနိုင်သောအကောင်းဆုံးချစ်ခြင်းမေတ္တာစစ်

ဘုရားသခင်ကို အကြွင်းမဲ့ချစ်၍ လူလူချင်းကိုလည်း ကိုယ်အကျိုးမဖက်ချစ်မြတ်နိုးတတ်ခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင်ကပေးနိုင်သောအကောင်းဆုံး ဆုကျေးဇူးပင်ဖြစ်ပါသည်။ ဤချစ်ခြင်းမေတ္တာမျိုးသည် သွေးသားတောင့်တမှုမျိုးမဟုတ်ပါ။ ဘုရားသခင်နှင့်ဆိုင်သော အခြေခံပညတ်တစ်ခုဖြစ်သည်။

ယေရှုသခင်တည်ရှိနေသော နှလုံးသားထဲမှာသာ ဤလိုချစ်ခြင်းမေတ္တာမျိုးကိုတွေ့မြင်နိုင်ပါသည်။ “ဘုရားသခင်သည် ငါတို့ကို ရှေးဦးစွာချစ်တော်မူသောကြောင့်ငါတို့သည်ဘုရားသခင်ကို ချစ်ကြ၏။” ထိုချစ်ခြင်းမေတ္တာမျိုးသည် အကျင့်ကို မြှင့်တင်ပေးသည်။ သွေးသားသဘာဝတပ်မက်မှုအပေါင်းတို့ကိုလည်း

ထိန်းသိမ်းကွပ်ကဲစိုးမိုးပေ၏။ မြင့်မြတ်သောမြတ်နိုးတွယ်တာမှုကို ပွားများစေပါသည်။ အသက်တာ၏ အနှစ်သာရကို ချိုမြိန်စေသကဲ့သို့ပတ်ဝင်းကျင်တစ်ခုလုံးကိုသန့်စင်ပြီး ဩဇာလွှမ်းမိုးမှုမျိုးနှင့်စီးဖြန်းပြည့်ဝစေပါသည်။

ဤချစ်ခြင်းမေတ္တာမျိုးသည် နှလုံးသားအိမ်ထဲမှာပြည့်ဝနေပါကသူ၏ အခြားသောဦးတည်ရည်ရွယ်ချက်လုပ်ဆောင်ချက်တိုင်းကို ထိန်းချုပ်ကာလောကလွှမ်းမိုးမှုကင်းဝေးစေသည်။ လူသည်မြင့်မြတ်နှလုံးသားပိုင်ရှင်ဖြစ်လာသည်။ ဤသို့လျှင် အသက်တာကိုအားကိုးခိုလှုံစိတ်ချထားခြင်းအမှု၌ ပြီးပြည့်စုံခြင်းရှိလာ၏။ ယခုဘဝ၊နောင်ဘဝ လိုအပ်ချက်များကို သခင်က ဖြည့်စွက်ပေးလိမ့်မည်ဟုလည်း၊ ယုံကြည်စိတ်ချလာသည်။

"ထိုသို့ငါတို့သည် ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသောအားဖြင့် တရားဆုံးဖြတ်တော်မူသောနေ့၌ ရဲရင့်သောအခွင့်ရှိကြလိမ့်မည်။ အကြောင်းမူကား၊ ငါတို့သည် ကိုယ်တော်နည်းတူ ဤလောက၌ ဖြစ်ကြ၏။ ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းတရားနှင့်မပေါင်းနိုင်ရာ ကြောက်ခြင်းတရားသည် ပူပန်ခြင်းကိုဖြစ်စေ သောကြောင့် စုံလင်သောချစ်ခြင်းမေတ္တာသည်ကြောက်ခြင်းတရားကိုပယ်ရှားတတ်၏။ကြောက်ခြင်းတရားရှိသောသူသည်မေတ္တာနှင့်မပြည့်စုံသေး။" "ငါတို့သည် ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ရှောက်၍ နှစ်သက်တော်မူသော အကျင့်တို့ကို ကျင့်သောကြောင့် ဆုတောင်းသမျှတို့ကို ဘုရားသခင်ထံတော်မှရကြ၏။" အလိုတော်နှင့်အညီ တောင်းလျှောက်လေသမျှကို ဘုရားသခင်သည် မပေးဘဲမနေပါချေ။

"ကိုယ့်အပြစ်ကို ဖေါ်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ အပြစ်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏။" ကျွန်ုပ်တို့သည် အပြစ်လွှတ်ခြင်းကိုခံနိုင်ဖို့ရန် ကြီးမားလေးလံသော အလုပ်ကိုလုပ်ရန်လိုအပ်သည်ဟု ဘုရားသခင်ကမတောင်းဆိုပါ။ ကျွန်ုပ်တို့၏ အပြစ်များပြေပျောက်သွားစေရန် နာကျင်လှစွာသော ကိုယ့်ကိုယ်ကိုယ်နှိပ်စက်သောနည်းဖြင့် နာကျင်မှုဒဏ်ကို ခံစားရန်မလိုအပ်ပါ။ မောပန်းနွမ်းနယ်စရာကောင်းသော ဘုရားသခင်ကို ရှာဖွေသူများအဖြစ် မိမိကိုယ်ကိုထားရှိဖို့ရန် မလိုအပ်ပါ။ မိမိအပြစ်များကို "ဖေါ်ပြဝန်ချတောင်းပန်သူသည် "ကြင်နာမှုကိုခံစားရပါလိမ့်မည်။" (သုတ္တံ ၂၈း၁၃)။

အထက်ကောင်းကင်ဘုံရှိတရားရုံးတော်မှခရစ်တော်ယေရှုသခင်သည် ယခုတွင် မိမိ၏အသင်းတော်အတွက် တောင်းပန်နေပါသည်။ မိမိ၏အသွေးတော်နှင့်အဖိုးကိုပေးကာ ကယ်တင်ရွေးနုတ်ခဲ့သောသူတို့အတွက်ပါတည်း။ ထိုသူတို့နှင့်ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် သံဂဟေဆက်ထားဘိသကဲ့သို့ဖြစ်၏။ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ဘယ်အရာကမျှ သခင်၏မေတ္တာနှင့်ထိုသူတို့ကိုမခွဲခွာနိုင်ပါ။ ဤသို့ဆိုရာ၌ ကျွန်ုပ်တို့သည် သခင့်ကိုစွဲစွဲမြဲမြဲကိုင်တွယ်ထား၍မဟုတ်ပါ။ သို့သော်လည်း ထိုသခင်သည် ကျွန်ုပ်တို့အား ခိုင်မြဲစွာချုပ်ကိုင်ထားသောကြောင့်ဖြစ်ပေသည်။

အကယ်၍သာကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏ကြိုးပမ်းလုပ်ဆောင်မှုအပေါ်မှာအခြေပြုနေမည်ဆိုပါက ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကိုမရရှိနိုင်ပါပြီ။ သို့ပါသော်လည်း ကယ်တင်မည်ဟူသောကတိပေးချက်များစွာတို့၏ နောက်ကွယ်မှာရှိသော ဘုရားသခင်အပေါ် အမှီပြုခြင်းသာဖြစ်ရပါမည်။ ထိုသခင်အား ကျွန်ုပ်တို့ကိုင်တွယ်ထားပုံမှာ အားနည်းကောင်းအားနည်းမည်ဖြစ်ပါသော်လည်း ထိုသခင်နှင့်အတူ ကျွန်ုပ်တို့သည် ပေါင်းစည်းနေသမျှ ကာလပတ်လုံး အဘယ်အရာကမျှ ကျွန်ုပ်တို့ကို ထိုသခင်လက်မှမထုတ်ပယ်ပစ်နိုင်ပေ။

နှစ်ပေါင်းများစွာကြာညောင်းလာသည်နှင့်အမျှ အသင်းတော်မှာယုံကြည်သူဦးရေတိုးပွားလာပါသည်။ တမန်တော်ယောဟန်သည်လည်း စိတ်အားထက်သန်စွာသစ္စာရှိလျက် အလုပ်ကိုဖိဖိစီးစီးတိုးပွားလုပ်ဆောင်နေပါ၏။ စာတန်၏ပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင်ချက်များသည်လည်း အသင်းတော်အတွင်းအပြင်နေရာအနှံ့မှာရှိလေသည်။

စာတန်၏ လျှို့ဝှက်သတင်းသယ်ဆောင် ပေးပို့သူဆရာတုဆရာယောင်တို့သည်လည်း ခရစ်တော်သခင်၏ သွန်သင်ချက်တို့ကိုဆန့်ကျင်လာကြသည်။ ဤသို့လျှင် အသင်းတော်အတွင်းဖေါက်ပြန်သင်းခွဲခြင်းများ၊ သဲသဲမဲမဲရန်ငြိုးဖွဲ့ခြင်းများ ပေါ်ပေါက်လာကာ အသင်းတော်သည်မှောင်မိုက်စပြုလာခဲ့ရသည်။ တချို့သော အမာခံခရစ်ယာန်တို့သည် ဤသို့ဆိုကြ၏။ ခရစ်တော်သခင်၏ ချစ်ခြင်းမေတ္တာတော်က ဘုရားသခင်၏ ပညတ်တော်ကိုနားမထောင်တော့ရန် လွတ်ငြိမ်းခွင့်ပေးပြီဟု ခရစ်တော်မိန့်မြွက်ခဲ့သည်မဟုတ်လော။ တစ်ဖက်မှာလည်း လူများစွာတို့က ကယ်တင်ခြင်းရရှိရန် ခရစ်တော်သခင်၏ အသွေးတော်မြတ်ကို မယုံကြည်ဘဲ ဘုရားသခင်၏ ပညတ်တော်ကို

စောင့်ထိန်းရုံသက်သက်ဖြင့် လုံလောက်ပြီဟုသွန်သင်နေကြပါသည်။ တချို့လည်း ခရစ်တော်သခင်သည် လူကောင်းတစ်ဦးပင်ဖြစ်၏။ ဘုရားသခင်တော့မဟုတ်ပါဟုမှတ်ယူကြလေသည်။ တချို့မှာ အပြစ်ကျူးလွန်ခြင်းအမှု၌ မွေ့လျော်ကာနေ၏။ ထိုသူတို့သည် အသင်တော်ကိုမှောက်လှန်နေကြလေသည်။ ဤသို့လျှင် အသင်းတော်ရှိယုံကြည်သူများစွာတို့သည် ခရစ်တော်သခင်၌ သံသယဝင်ကာ ပျက်စီးခြင်းသို့ရွေ့လားနေကြလေပါပြီ။

## အသင်းတော်ကိုခြိမ်းခြောက်နေသောဘေးရန်များကို ယောဟန်မြင်တွေ့ခြင်း

အသင်းတော်အတွင်းသို့ တစိမ့်စိမ့်ဝင်ရောက်လာသောအဆိပ်ပြင်းထန်သည့် မှားယွင်းမှုများကို ယောဟန်သည်မြင်တွေ့နေရသဖြင့် ဝမ်းနည်းမိလေသည်။ ထိုအမှားကိုအရေးပေါ်ရင်ဆိုင်ဖို့လို၏။ ဆုံးဖြတ်ချက်ချလျက် အချိန်မီဖြေရှင်းခဲ့ပါသည်။ သူ၏ ဖြေရှင်းပုံကား ချစ်ခြင်းမေတ္တာသဘောနှင့်ပြည့်ဝသောပေးပို့စာများအားဖြင့်ပေတည်း။ သူ၏ကလောင်ကိုချစ်ခြင်းမေတ္တာနှင့်မှင်ရည်မှာနှစ်၍ ချစ်ခြင်းမေတ္တာစာကိုရေးသားနေပါသော်လည်း ဘုရားသခင်၏ပညတ်တော်တို့ကိုချိုးဖေါက်သော်လည်း အပြစ်မရှိဟု ကြွေးကြော်နေသူများကို သတိပေးမတားမြစ်ဘဲနှင့်တော့ သူနေ၍မရပါ။ ကြောက်ဖွယ်ကောင်းသောလှည့်စားခြင်းတစ်ခုပါတကား။

အသင်းတော်တစ်ခုမှာ ဩဇာလွှမ်းမိုးသောအမျိုးသမီးကြီးတစ်ယောက်ထံရေးသာခဲ့ရာတွင် "ပုရောဖက်အတုအများတို့သည် ဤလောကသို့သွားကြပြီ။ လူအဖြစ်အားဖြင့်ကြွလာတော်မူသော ယေရှုခရစ်ကို ဝန်မခံသောဝိညာဉ်မည်သည်ကား၊ ဘုရားသခင်နှင့်မစပ်ဆိုင်။ ထိုသို့သောဝိညာဉ်ကား လှည့်စားတတ်သောသူ၊ အန္တိခရစ်ပင်ဖြစ်သတည်း။. . . ခရစ်တော်၏ တရားတော်၌မတည်ဘဲ လွန်ကျူးသောသူမည်သည်ကား၊ ဘုရားသခင်ကိုမသိ။ ခရစ်တော်၏ တရားတော်၌တည်သောသူသည်ခမည်းတော်နှင့်သားတော်ကိုသိ၏။ထိုတရားတော်မပါသောသူသည်သင်တို့ထံသို့လာလျှင် သူ့ကိုသင့်အိမ်၌လက်မခံနှင့်။ ကောင်းချီးရှိစေသောဟုနှုတ်မဆက်နှင့်။ ထိုသို့ပြုလျှင် သူ၏ ဆိုးယုတ်သောအကျင့်တို့နှင့်ဆက်ဆံရာသို့ရောက်၏။"

ရှေးဦးအသင်းတော်ကိုခြိမ်းခြောက်ခဲ့သော အလားတူမကောင်းဆိုးဝါးတို့သည်လည်း ယခုနောက်ဆုံးကာလအသင်းတော်အတွင်းမှာရှိနေပါ၏။ "သင့်မှာချစ်ခြင်းမေတ္တာရှိသင့်ပါတယ်" ဟူသော ကြွေးကြော်မှုကို နေရအနှံ့မှာကြားနေရပါသည်။ အထူးသဖြင့် မိမိကိုယ်ကိုသန့်ရှင်းပါသည်ဟု သတ်မှတ်ထားရှိကြကုန်သော လူစားမျိုးတွေမှာကြားရ၏။ သို့ရာတွင် စစ်မှန်သောချစ်ခြင်းမေတ္တာသည် ဝန်ချတောင်းပန်မှုမပြုသောအပြစ်ကို ဖုံးလွှမ်းထားရန် မဖြစ်နိုင်ပါ။

ကျွန်ုပ်တို့သည် အသက်ဝိညာဉ်တို့အား ချစ်ခင်မြတ်နိုးမေတ္တာပြရမည်မှာမှန်သော်လည်း အပြစ်နှင့်ရောနှောထွေးယှက်ကာမနေရပါ။ ပုန်ကန်သောင်းကျန်းသူတို့နှင့်ပေါင်းစပ်၍ ဤကားချစ်ခြင်းမေတ္တာပေတည်းဟူ၍မဆိုရပါ။ ဘုရားသခင်သည် မိမိ၏ အပေါင်းအသင်းဝင်သူတို့အား အမှန်တရားဘက်မှာ မားမားမတ်တ်၊ မဆုတ်မနစ်ဘဲရပ်တည်ဖို့ရန် အလိုတော်ရှိလေသည်။ အသက်ဝိညာဉ်ကိုဖျက်ဆီးသည့်အပြစ်လုပ်ရပ်များကို ပွင့်ပွင့်လင်းလင်းဆန့်ကျင်ကာနေသောတမန်တော်ယောဟန်ကဲ့သို့ ပြုကျင့်ရမည်ဖြစ်ပါသည်။

အပြစ်နှင့်တကွ အပြစ်သားတို့ကိုကိုင်တွယ်ဆက်ဆံရာ၌ ရှင်းလင်းပီပြင်ပြတ်သားစွာပြုကျင့်ရန် ယောဟန်ကသွန်သင်ပါ၏။ စစ်မှန်သောချစ်ခြင်းမေတ္တာသည် ရှေ့နောက်ညီညွတ်ပါပေသည်။ တစ်မျိုးတည်းသောစကားကိုသာပြော၏။ ခုတစ်မျိုးနောက်တစ်ဖုံမဟုတ်ပါ။ "အပြစ်ကိုပြုသောသူမည်သည်ကားပညတ်တော်ကိုလွန်ကျူး၏။ အပြစ်သည်ကား၊ ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း။ ကိုယ်တော်သည် ငါတို့၏အပြစ်များကိုဆောင်သွားခြင်းငှာ ထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့သိကြ၏။ ကိုယ်တော်၌လည်း အပြစ်မရှိ။ ကိုယ်တော်၌တည်နေသောသူမည်သည်ကား၊ အပြစ်ကိုမပြုတတ်။ အပြစ်ကိုပြုတတ်သောသူမည်သည်ကား၊ ကိုယ်တော်ကို မသိမမြင်ရသေး။"

ခရစ်တော်သခင်၏သက်သေခံတစ်ဦးအနေဖြင့် ယောဟန်သည်အငြင်းပွားစရာ၊ သံသယဝင်စရာ၊ ပူပန်စရာဒွိဟဖြစ်စရာများကို သူမလုပ်ပါ။ သူသည်သိမှတ်သည်အတိုင်းသာ ဟောပြောကြေညာသက်သေခံ၏။ သူသည်သခင်ခရစ်တော်နှင့်အတူ သုံးနှစ်ခွဲမျှ အနီးကပ်ပေါင်းသင်းဆက်ဆံသွားလာ စားသောက်ကာ၊သခင်ပြုသော အံ့ဖွယ်အမှုတို့အား မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသူပါတည်း။ သူ့အတွက် အမှောင်ထုကြီးသည် မရှိတော့ပြီ။ မှန်သောအလင်းအိမ်ကြီး၏ ကျေးဇူးဖြင့် သူသည် တောက်ပြောင်လျက် နေရလေပြီမဟုတ်လော။

သူသည် ကယ်တင်ပိုင်ရှင်သခင်ယေရှုကိုချစ်သဖြင့် မိမိ၏နှလုံးသားအိမ်မှစီးဆင်းလာသော ထိုချစ်ခြင်းမေတ္တာရေစင်ကို တစ်ပါးသူတို့အားတိုက်ကျွေးခွင့်ရပါပြီ။ သူပြောသောစကားတို့သည် ချစ်ခြင်းမေတ္တာကို အရင်းခံသည်ဖြစ်ရကား သူ့စကားကိုအဘယ်မြေကြီးတန်ခိုးအာဏာကမျှ မလွှမ်းမိုးနိုင်ပါချေ။

"ရှေးဦးစွာကပင်ဖြစ်၍၊ ငါတို့သည် ကိုယ်တိုင်ကြားလျက် ကိုယ်မျက်စိနှင့်မြင်လျက်၊ စေ့စေ့ကြည့်ရှု၍ လက်နှင့်စမ်းသပ်ခဲ့ပြီးသောအရာတည်းဟူသော အသက်ရှင်သောနှုတ်ထွက်တရားတော်နှင့်ဆိုင်သောအရာကို သင်တို့အားပြသကြ၏။ ထိုအသက်သည်ထင်ရှားခဲ့ပြီ။ ငါတို့လည်းမြင်ရကြပြီ။ ဘုရားသခင်နှင့်အတူရှိဖူး၍ ငါတို့အားထင်ရှားခဲ့ပြီးသော ထိုထာဝရအသက်ကို ငါတို့သည် သင်တို့အားသက်သေခံ၍ပြသကြ၏" ဟု ယောဟန်ရေးသားမှာကြားခဲ့လေပါပြီ။

ကျွန်ုပ်တို့သည်လည်း စစ်မှန်သော ယုံကြည်သူဘုရားသခင်၏သားသမီးခရစ်ယာန်များဖြစ်ကြသည်နှင့်အညီ၊ ထိုသခင်နှင့်အကျွမ်းဝင်မိတ်သဟာယဖွဲ့သဖြင့်သိမြင်ကြားနာ၊ ခံစားမှတ်သားရလေသမျှတို့အား၊ တစ်ပါးသူပတ်ဝန်းကျင်နေလူ၊ ခုနှစ်ရက်သားသမီးတို့ကို ထူးခြားအခွင့်အရေးဟူ၍မှတ်ယူကာတစ်ဦးချင်းသက်သေခံကြပါစို့လား မိတ်ဆွေ။

---ooo---

# အခန်း (၅၅)
# ယောဟန်ရသောစစ်မှန်သည့်သန့်ရှင်းခြင်း၏ လျှို့ဝှက်ချက်

ယောဟန်၏အသက်တာမှာ စစ်မှန်သောသန့်ရှင်းခြင်းပုံစံနမူနာကိုမြင်တွေ့ရသည်။ ခရစ်တော်နှင့်အနီးကပ်ပေါင်းသင်းဆက်ဆံခဲ့ရစဉ်နှစ်များအတွင်း သူသည် သခင်၏ ဆုံးမပဲ့ပြင်ခြင်းကိုခံယူခဲ့၏။ သခင်ဖော်ပြသဖြင့်လည်း သူသည်မိမိ၏ အားနည်းချက်များကိုတွေ့မြင်ခဲ့ရသည်။

စိတ်နှလုံးနှိမ့်ချစွာဖြင့်နေ့စဉ်နေ့တိုင်းသခင့်ထံသို့တိုးဝင်ချဉ်းကပ်လာခဲ့ရာ၊ နောက်ဆုံးမှာ သခင့်ကိုချစ်သည့်စိတ်နှင့်မိမိ၏ ကိုယ်ကျိုးကြည့်၍ တစ်ကိုယ်ကောင်းဆန်သော သဘောတို့သည် လွင့်ပါးကင်းစင်ပျောက်ကွယ်ကုန်တော့၏။

ဘုရားသခင်၏ သားတော်ထိုသခင်မှာ မြင်တွေ့ရသော သည်းခံစိတ်ရှည်ခြင်း ခွန်အားစုံတို့ကို သူသည် သဘောကျသဖြင့် မိမိ၏ အသက်ဝိညာဉ်၌ ဖြည့်ဆည်းရာ ဖြစ်ခဲ့ရပေသည်။

ထိုအခါ သူ၌ ကလဲ့စားချေလိုစိတ်၊ မြေကြီးဆိုင်ရာရာထူးကြီးလိုချင်စိတ်ဟူသည်မရှိ၊ ခန်းခြောက်သွားတော့၏။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သည် မိမိ၏အကျင့်ပြောင်းလဲရာဖြစ်ကြောင်းသိမှတ်ရ ပေသည်။

ယောဟန်၏ အတွေ့အကြုံနှင့်လုံးဝဆန့်ကျင်ဘက်ဖြစ်နေသူမှာယုဒရှကာရုတ်ဖြစ်သည်။ ယုဒသည် ခရစ်တော်သခင်၏ တပည့်တော်ဝင်တစ်ပါးဖြစ်ခဲ့ပါသော်လည်း ဘုရားသခင်၌မွေ့လျော်ခြင်းပြ ပုံသဏ္ဍာန်သာရှိ၏။

မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူဖြစ်သတည်း။ ယုဒသည် ကယ်တင်ပိုင်ရှင် သူ့သခင်၏ ဆိုစကားတို့ကို အကြိမ်ပေါင်းများစွာကြားနာခဲ့ရသဖြင့် စိတ်ပြောင်းလဲမှုရှိလိုပါသော်လည်း သူသည် မိမိ၏ စိတ်နှလုံးကို မနှိမ့်ချ။

မိမိ၏ အပြစ်များကိုလည်း ဖော်ပြဝန်ချတောင်းပန်လိုစိတ်မရှိခဲ့ပါ။ ဤကဲ့သို့ ကောင်းကင်ဘုရားသခင်၏ ဩဇာညောင်းမှုကို သူသည် တားဆီးဖန်များလှခြင်းဖြင့် သခင့်ကို ရှုတ်ချခဲ့ပါသည်။

ယောဟန်သည် မိမိများကြောင်းကိုသိမြင်သောအခါ ချက်ချင်းပြင်၏။ သို့ရာတွင် ယုဒရှကာရုတ်မူကား မိမိအား နှိုးဆော်သောအသိစိတ်ကိုအတင်းအကျပ်ဆန့်ကျင်ကာ အကျင့်ဆိုးများယဉ်ပါးသွားသည်တိုင်အောင် မိမိကိုယ်ကိုအလိုလိုက်၏။ ကိုယ်ခန္ဓာသည် သခင်နှင့်နီးကပ်နေပါသော်လည်း စိတ်မူကား ဝေးဝေးနေ၏။

ထိုကြောင့် သူပျက်စီးရသည်။ သခင်၏ သွန်သင်ချက်အမှန်တရားတို့သည် မိမိသဘောနှင့်မကိုက်ညီပါ။ သူ၏ လိုချင်တပ်မက်မောစိတ်ကြီးခြင်း၊ ကလဲ့စားချေလိုစိတ်ကြီးခြင်း၊ အမှောင်ကမ္ဘာမှာညစ်ညမ်းတွေးခေါ် လိုသမျှတွေးခေါ်မျှော်မှန်းလေသည်မှာ စာတန်သည် သူ့အားလုံးလုံးလျားလျား ချုပ်ကိုင်ထားရှိသည်တိုင်ဖြစ်သတည်း။

ယောဟန်နှင့်ယုဒတို့မှာအခွင့်အရေးအတူတူပင်ရရှိခဲ့ကြ၏။နှစ်ဦးစလုံးမှာ သခင်ယေရှုနှင့်အနီးကပ် ပေါင်းသင်းဆက်ဆံခွင့်ရရှိခဲ့ကြသည်။ တစ်ဦးစီမှာလည်း အကျင့်ချို့ယွင်းချက်များဟူသည်ရှိ၏။ နှစ်ဦးစလုံးသည် ဘုရားသခင်၏ ကျေးဇူးတော်ကိုခံစားကြရပါသည်။ သို့ပါသော်လည်း တစ်ဦးမှာ ခရစ်တော်သခင်ထံနည်းခံယူပြီဒ အခြားတစ်ဦးမှာ ကြားနာသူသက်သက်သာလျှင်ဖြစ်၏။ တစ်ဦးမှာ နေ့တိုင်းအစဉ် အပြစ်ကိုအောင်မြင်နိုင်ရန် အာရုံပြုသဖြင့် အမှန်တရား၌ သန့်ရှင်းခြင်းကိုရရှိသည်။ အခြားတစ်ဦးမှာကား အသက်တာကိုပြောင်းလဲပေးနိုင်သောဘုရားသခင်၏ ကျေးဇူးတော်ကိုဆီးတားနေရုံမျှမက တစ်ကိုယ်ကောင်းစိတ်ကို ရှေ့တန်းတင်ထားလေ့ရှိ၏။ ဤသို့နှင့် ယုဒသည် စာတန်၏ အချုပ်သားဘဝသို့ကျဆင်းရလေသည်။

ယောဟန်၌ မြင်တွေ့ရသော အသက်တာပြောင်းလဲမှုကြီးသည်ခရစ်တော်သခင်နှင့်ပေါင်းသင်းဆက်ဆံမိတ်သဟာယဖွဲ့ခြင်း၏ ရလဒ်ပင်ဖြစ်သည်။ လူ၌ အားနည်းချက်များစွာရှိကောင်းရှိမည်။ သို့ပါသော်လည်း သူသည်ခရစ်သခင်၏စစ်မှန်သော တပည့်တော်တစ်ပါးဖြစ်လာသောအခါမှာ သူသည် မိမိကြည်ညိုရပါသောသခင်နှင့် သဏ္ဍာန်တူလာသည်တိုင်အောင် ပြောင်းလဲသွားပေသည်။

မိမိ၏ စာစောင်များတွင် ယောဟန်သည် ဤသို့ရေးသားခဲ့၏။"ထိုသို့မျှော်လင့်သောသူမည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ၊ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏။" "ထိုသခင်၌ငါတည်၏ဟုဆိုသောသူသည် ထိုသခင်ကျင့်တော်မူသည်နည်းတူ ကျင့်ရမည်။" (၁ယော ၃း၃။ ၂း၆)။

ဘုရားသခင်သည် မိမိ၏အငန်းအတာ၌ သန့်ရှင်းဖြောင့်မတ်ခြင်းရှိဘိသကဲ့သို့ ကျဆုံးနေသောလူသားတို့သည်လည်း ခရစ်တော်သခင်၌ ယုံကြည်ခြင်းအားဖြင့် မိမိအငန်းအတာမှာ သန့်ရှင်းခြင်းရှိရပါမည်။

ဘုရားသခင်သည် မိမိနှင့်သက်ဆိုင်ပတ်သက်လေသမျှသောသူ၏အပေါင်းအသင်းဝင်လူအပေါင်းတို့အား သန့်ရှင်းခြင်းရှိရန် ရည်မှန်းထားပါသည်။ ရှေးမဆွကပင် ဘုရားသခင်သည် ထိုသူတို့အား ရွေးချယ်ထားပြီးဖြစ်သောကြောင့် သူတို့သည် သန့်ရှင်းခြင်းရှိပြီးဖြစ်သည်။ မိမိ၏တစ်ပါးတည်းသောသားတော်ကို ထိုသူတို့အဖို့ အသေခံစေခဲ့ပြီဖြစ်သောကြောင့်လည်း တစ်ကိုယ်ကောင်းစိတ်နှင့်ဆိုင်သောအသေးအဖွဲ့အရာများအားလုံးကို သူသည် လွင့်စင်ပပျောက်စေရန်ဖြစ်ပါသည်။

လူသည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်အတိုင်း မိမိ၏အသက်တာကို ပြောင်းလဲသက်ရှင်စေကာ၊ သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းချုပ်မှုအောက်မှာ ထားရှိနေပါမှ သခင့်ကိုချီးမြှောက်နိုင်မည်ဖြစ်ပါသည်။ ဤသို့ပြုပါလျှင် ဘုရားသခင်၏ ကျေးဇူးတော်က သူတို့အတွက် ပြုပြင်ပေးသည်ဟုသိမှတ်ရ၏။

စစ်မှန်သောသန့်ရှင်းခြင်းသည် ချစ်ခြင်းမေတ္တာမူစည်းမျဉ်းအားဖြင့် ထွက်ပေါ်လာသောလုပ်ရပ်တစ်ခုဖြစ်သည်။ "ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ချစ်ခြင်းမေတ္တာ၌ တည်သောသူသည် ဘုရားသခင်၌ တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌တည်တော်မူ၏။" (၁ယော ၄း၁၆)။ ခရစ်တော်သခင်တည်ရှိနေသော နှလုံးသားရှင်တစ်ဦး၏ အသက်တာသည် မြင့်မြတ်ပါလိမ့်မည်။ ဖြူစင်သောသွန်သင်ချက်မည်သည်မှာလည်း ဖြောင့်မတ်ခြင်းကျင့်စဉ်များတို့နှင့် ရောနှောနေပါသည်။

သန့်ရှင်းခြင်းကို ဆာငတ်ခင်မွတ်သဖြင့် တောင်းခံရရှိသောသူသည် ပထမဦးစွာ မိမိ၏ ကိုယ်ကျိုးစွန့်အနစ်နာခဲ့ဆက်ဆက်အပ်နှင်းမှု၏ အနက်ကို နားလည်ရန် သင်ယူဆည်းပူးသင့်ပါ၏။ ခရစ်တော်သခင်၏ လက်ဝါးကပ်တိုင်တော်သည် "အလွန်ကြီးမြတ်လေးလံသော တန်ခိုးအသရေတော်" ထွန်းလင်းတောက်ပစေရန် ချိတ်တင်ထားသောအလယ်ဗဟိုတိုင်မဖြစ်ပါသည်။ "ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ့်လက်ဝါးကပ်တိုင်ထမ်း၍ ငါ့နောက်သို့လိုက်ရမည်"ဟုခရစ်တော်ယေရှုမိန့်မြွက်ခဲ့ပါသည်။ (၂ကော ၃း၁၇။မဿဲ၁၆း၂၄)။ ခရစ်တော်သခင်၏ ခရီးလမ်းတော်ပေါ်သို့လျှောက်လှမ်း

လိုသောမည်သူမဆိုအား၊ဘုရားသခင်သည်ခွန်အားဖြည့်ကာ ကိုယ်တွယ်ထောက်မပေးပါလိမ့်မည်။

စစ်မှန်သောသန့်ရှင်းခြင်းသည်တစ်သက်တာလုံးအလုပ်ဖြစ်ခြင်း

သန့်ရှင်းခြင်းကိုဖြည့်တင်းလုပ်ဆောင်ရာ၌ တစ်နာရီ၊တစ်ရက်၊တစ်ခဏတာအလုပ်မလုပ်ပါ။ အသက်ရှင်နေသမျှ လုပ်ဆောင်ရမည့်အလုပ်ဖြစ်ပါသည်။ စိတ်ပျော်၊ကိုယ်ပျော်ရွှင်လန်းစွာနေထိုင်မှုဖြင့် ရယူပိုင်ဆိုင်နိုင်သည်လည်းမဟုတ်ပါ။ မိမိကိုယ်ကျိုးအပြစ်တရား၌ နေ့တိုင်းအစဉ် အချိန်ရှိသရွေ့ မပြတ်အသေခံကာ၊ ခရစ်တော်သခင်အတွက် မပြတ်အသက်ရှင်ခြင်းဖြစ်သည်။ အရေးကြုံမှအားထုတ်ရသောအလုပ်လည်းမဟုတ်ပါ။

ဖွဲလုံ့လဝီရိယနှင့်ယှဉ်သောစည်းကမ်းချက်နှင့်အတူ ပြင်းထန်သောတိုက်လှန်မှုကို ရင်ဆိုင်ရင်းနှင့်အောင်မြင်နိုင်သောအမှုဖြစ်ပေသည်။ စာတန်သည် ဤကမ္ဘာလောကကြီးပေါ်မှာ ကြီးစိုးနေသမျှကာလပတ်လုံး ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုသခင့်ထံအပ်နှင်းထားရပါမည်။အသက်ရှင်နေသမျှ ကာလပတ်လုံးမှာလည်း ကျွန်ုပ်တို့သည် လုံးဝသန့်ရှင်းပြီဟုဘယ်သောအခါမျှမပြောနိုင်ပေ။ ကျွန်ုပ်တို့ အသက်ရှင်နေသမျှ ကာလပတ်လုံးသန့်ရှင်းခြင်းရှိဖို့ရန်အတွက် သခင့်စကားကို ယုံကြည်နားထောင်ရပေမည်။

ခေတ်အဆက်ဆက် အသက်ရှင်လှုပ်ရှားခဲ့သော တမန်တော်များနှင့်ပုရောဖက်များတို့သည် မိမိတို့မှာအပြစ်မဲ့ဖြစ်သည်ဟု ဘယ်တုန်းကမျှမပြောခဲ့ပါချေ။ ဘုရားသခင်နှင့်အနီးကပ်ဆုံးနေထိုင်လျှောက်လှမ်းခဲ့သူတွေပါဟုဆိုသောအပြစ်လုပ်မည့်အစား အသက်ကိုပေးအပ်အသေခံပါမည်ဟု ဆိုသူများပင်လျှင် သူတို့၏ အပြစ်လုပ်လိုသောသဘာဝကို ဖေါ်ပြဝန်ချတောင်းပန်ခဲ့ကြပေသည်။ သူတို့မှာ ကိုယ်ပိုင်ဖြောင့်မတ်ခြင်းဟူသည်မရှိ။ ခရစ်တော်သခင်၏ ဖြောင့်မတ်ခြင်းကိုသာ လုံးလုံးမှီခိုအားကိုးနေရပါကြောင်း ထိုသူတို့ကြွေးကြော်ခဲ့ကြပေသည်။

ခရစ်တော်သခင်၏မြင့်မြတ်ဖြူစင်သန့်ရှင်းပုံကိုကျွန်ုပ်တို့သည် ဆင်ခြင်အောက်မေ့လေ့ရှိသဖြင့် အမြင်ကြည်လင်လာလေ ကျွန်ုပ်တို့၏အပြစ်များသည် ကတ္တီပါသွေးကဲ့သို့နီမြန်းလျက်နေကြောင်းကိုမြင်လာလေဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အပြစ်ကို ဖေါ်ပြဝန်ချတောင်းပန်ခြင်းအမှုကို အမြဲပြုရမည်။ မိမိ၏စိတ်နှလုံးသည် သခင့်ရှေ့တော်မှောက်မှာ အမြဲနှိမ့်ချရပါမည်။သန့်ရှင်းခြင်း

ရင့်ကျက်လာသည်နှင့်အမျှ ကျွန်ုပ်တို့၏နောင်တတရားသည် လေးနက်မှုရှိလာ၏။ အဖြစ်မှန်ကိုသိမြင်ခံစားရသဖြင့်လည်း ဝန်ခံလာပေလိမ့်မည်။ "ငါ့အထဲမှာ ငါ့အပြစ်ပကတိ၌ ကောင်းသောအရာတစ်စုံတစ်ခုမျှမတည်သည်ကိုငါသိ၏။"

"သို့ဖြစ်လျှင်၊ ငါတို့သခင်ယေရှု၏ လက်ဝါးကပ်တိုင်တော်မှတစ်ပါး အဘယ်အရာ၌မျှ ဝါကြွားခြင်းမရှိပါစေနှင့်" (ရောမ ၇း၁၈။ ဂလာတိ ၆း၁၄)။ သို့ဖြစ်၍အဘယ်လူသားမျှသည် "ငါသည် အပြစ်နှင့်ကင်းစင်၏။ ငါသည် သန့်ရှင်းသူပါတည်း" ဟူ၍မပြောစေနှင့်။ ဘုရားသခင်ကိုရှုတ်ချရာဖြစ်သတည်း။ သန့်ရှင်းသောနှုတ်ခမ်းနှင့်လျှာသည် ထိုကဲ့သို့မယုံသက်ာစကားကို မည်သည့်အခါမျှမြွက်ဆိုလိမ့်မည်မဟုတ်ပါ။

အကယ်၍တစ်ဦးတစ်ယောက်က မိမိသည် သန့်ရှင်းခြင်း၏အထွတ်မှာရှိနေသည်ဟုခံစားတင်ပြလာပါလျှင်၊ ထိုသူအား မှန်ကြေးမုံနှင့်တူသောဘုရားသခင်၏ ပညတ်တော်ကို ကြည့်ရှုဆင်ခြင်စေပါလေ့။

ဘုရားသခင်၏ပညတ်တော်သည် လူ့အတွင်းစိတ်တွေးခေါ်စဉ်းစားမြော်မြင်ပုံများကို သိမြင်နေသည်ကို အကြင်သူသည် ပိုင်းခြားစိတ်ဖြာကာ သိမြင်နိုင်ပါက သူသည် မိမိ၌အပြစ်ကင်းကြောင်းအဖြစ်ကို ကြွားဝါကာပြောလိမ့်မည်မဟုတ်တော့ပါ။

ယောဟန်ပြောဆိုချက်ကို မှတ်သားပါ။ "ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင်၊ ကိုယ်ကိုကိုယ်လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာတရားမရှိ။" "အပြစ်ကိုမပြုပြီဟု ငါတို့သည်ဆိုလျှင် ဘုရားသခင်ကိုအပြစ်တင်ကြ၏။" "ကိုယ်အပြစ်တို့ကို ဖေါ်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ အပြစ်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည်သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်းပြည့်စုံတော်မူ၏။" (၁ယော ၁း၈၊၁၀၊၉)။

လူတချို့ရှိပါသည်။ မိမိတို့ကိုယ်ကိုလူသန့်ရှင်းများဟူ၍လည်းကောင်း၊ ဘုရားသခင်၏ ကတိတော်များကို ကြွေးကြော်ပိုင်ဆိုင်ခွင့်ရှိသူများ ဟူ၍လည်းကောင်းပြောဆိုနေကြစဉ်မှာပင် ထိုသူတို့သည် ဘုရားသခင်၏ ပညတ်တော်တို့ကိုနားထောင်လိုက်လျှောက်ရန် ငြင်းပယ်နေကြပါသည်။ ဤကား ဇဝေဇဝါဒွိဟဖြစ်နေခြင်းသာ။ ဘုရားသခင်ကို အမှန်တကယ် ချစ်မြတ်နိုးသောသူသည် ကိုယ်တော်၏ ပညတ်တော်အပေါင်းကို နားထောင်လိုက်လျှောက်ခြင်းအားဖြင့် မိမိ၏ချစ်ခြင်းမေတ္တာတုံ့ပြန်မှုကို ဖေါ်ပြပါလိမ့်မည်။ "ထိုသခင်ကို ငါသိ၏ဟု

ပညတ်တော်တို့ကိုမစောင့်ဘဲလျက် ဆိုသောသူသည် လိမ်ညာမှုကိုသုံးသောသူဖြစ်၍ ထိုသူ၌သစ္စာမရှိ။" "ဘုရားသခင်၏ပညတ်တော်တို့ကို စောင့်သောသူသည်ဘုရားသခင်၌တည်၏။ ထိုသူ၌လည်း ဘုရားသခင်တည်တော်မူ၏။ "(၁ယော ၂း၄၊၃း၂၄)။

ဤသို့ဆိုရာ၌ ကယ်တင်ခြင်းသည် ပညတ်တော်ကိုနားထောင်စောင့်ရှောက်ခြင်းဖြင့်ရနိုင်သည်ဟု ယောဟန်မပြောပါ။ သို့ရာတွင် နားထောင်ခြင်းသည် ယုံကြည်ခြင်း၊ ချစ်ခြင်းတို့၏အသီးဖြစ်ပါသည်။ "ကိုယ်တော်သည် ငါတို့၏အပြစ်များကို ဆောင်သွားခြင်းငှာ ထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့သိကြ၏။

ကိုယ်တော်၌လည်းအပြစ်မရှိ။ ကိုယ်တော်၌တည်နေသောသူမည်သည်ကား၊ အပြစ်မကိုမပြုတတ်။ အပြစ်ကိုပြုသောသူမည်သည်ကား၊ ကိုယ်တော်ကိုမသိမမြင်ရသေး။" (၁ယော ၃း၅၊၆) ။ အကယ်၍သာ ကျွန်ုပ်တို့သည် ခရစ်တော်ယေရှုသခင်၌ တည်နေကြပါသော် ကျွန်ုပ်တို့၏ခံစားချက်များ၊ စဉ်းစားတွေးခေါ်မှုများ၊ လုပ်ကိုင်ဆောင်ရွက်ချက်များတို့သည် ဘုရားသခင်၏ အလိုတော်နှင့်ညီညွတ်နေပါလိမ့်မည်။ သန့်ရှင်းခြင်းရှိပြီးဖြစ်သော လူ့စိတ်နှလုံးသည် ထာဝရဘုရားသခင်၏ ပညတ်တရားတော်နှင့်ညီညွတ်နေပါသည် မိတ်ဆွေ။

## ယုံကြည်ခြင်းသည်အောင်မြင်ရန်သော့ချက်ဖြစ်ခြင်း

လူများစွာတို့သည် ဘုရားသခင်၏ပညတ်တော်တို့ကို နားထောင်စောင့်ထန်းရန် ကြိုးစားအားထုတ်ကြပါသော်လည်း ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်မှုမရှိကြောင်းကို တွေ့ရပါသည်။ ထိုသူတို့သည် သန့်ရှင်းခြင်းအကျင့်၏ ပုံရိပ်အမှန်ကို မှန်ကန်စွာကိုယ်စားမပြုနိုင်ကြပေ။

ဘုရားသခင်သည် မိမိ၏ ချစ်သားသမီးအားလုံးကို ပျော်ရွှင်၊ ငြိမ်းအေးကာ နားထောင်မှုရှိရန် အလိုတော်ရှိ၏။ ယုံကြည်ခြင်းအားဖြင့် ခရစ်ယာန်တို့သည် ဤကောင်းချီးများကို ခံစားပိုင်ဆိုင်နိုင်ကြပါသည်။ ယုံကြည်ခြင်းအားဖြင့် အကျင့်အားနည်းချက်တိုင်းကို ပြန်လည်၍ မြှင့်တင်ပေးနိုင်၏။ ညစ်ညမ်းသမျှစင်ကြယ်သွားရသည်။ မှားယွင်းခဲ့သမျှပြင်ဆင်ကာ၊ မှန်ကန်နေချေပြီ။ အကောင်းဆုံးရှိသမျှသည်လည်း တိုးတက်ကြီးပွားလာနိုင်ပါသည်တကား။

ဆုတောင်းခြင်းသည် ကောင်းကင်ကပေးထားသောအကျင့်မြှင့်တင်ရေး မှာအောင်မြင်ခြင်း၏ ဇစ်မြစ်ဖြစ်ပါသည်။ သင်သည် အပြစ်မှဖြေလွှတ်ခြင်းကို ခံစားရလိုပါသလား။ သန့်ရှင်းသောဝိညာဉ်တော်၊ ခရစ်တူသဘောထား၊ အသိ ဉာဏ်ပညာနှင့်သခင့်အမှုတော်မြတ်မှာ၊ လိုအပ်သော စွမ်းအင်တို့မှစ၍ အဘယ် ဆုကျေးဇူးကို မဆိုပေးသနားတော်မူဖို့ရန် ဘုရားသခင်သည် ကတိတော်ပေးခဲ့ ပါလေပြီ။ ထိုအရာတို့ကို ကျွန်ုပ်တို့တောင်းခံနိုင်ပါသည်။ ကတိတော်မှာ “သင်ရ ရှိပါလိမ့်မည်” ဟူ၍ဖြစ်ပါသတည်း။

ကျွန်ုပ်တို့သည်လူသားတစ်နွယ်လုံးအတွက်ထားရှိသော ဘုရားသခင်၏ ဘုန်းတောက်သည့်စံထားချက်ကို ဆင်ခြင်အောက်မေ့သတိရအပ်ပေသည်။ ထို သို့ပြုရန်မှာ တိတ်ဆိတ်သောနေရာတွင် ဘုရားသခင်နှင့်စကားပြောဆက်သွယ် ရန်ဖြစ်၏။

ဤသို့လျှင်လူသည် ကောင်းကင်နှင့်ဆက်သွယ်ရေးကိုမပြတ်စေရပါ။ ခေတ်အဆက်ဆက်လူတို့သည် အမှုကိုမျက်ခြည်မပြတ်ရန် ဘုရားသခင်သည် စီမံထားရှိပေ၏။ ဤသို့ဖြင့်လူတို့၏ စိတ်တွင် ကျေးဇူးတော်သွန်သင်ချက်များကို မြင်တွေ့လာနိုင်သည်မဟုတ်ပါလား။

စစ်မှန်သောသန့်ရှင်းခြင်းအကျင့်ဟူသည်မှာ စုံလင်သောချစ်ခြင်း မေတ္တာစုံလင်သောနားထောင်မှု၊ ဘုရားသခင်၏ အလိုတော်၌စုံလင်သောပေါင်း စည်းညီညွတ်ခြင်းပင်ဖြစ်ပေသည်။ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့်အပြစ်နွံထဲ များနှောင်ဖွဲ့ခြင်းမှလွတ်ကင်းပြတ်တောက်ပြီး စုံလင်သောဘဝတိုးတက်ကြီးပွား မှုရရှိရေးသည် ကျွန်ုပ်တို့၏ အခွင့်အရေးပင်ဖြစ်တော့သည်။ ဤသည်ကိုသင် သည်လက်လွှတ်မခံပါနှင့်မိတ်ဆွေ။

ဘုရားသခင်၏ အလိုတော်ဟုဆိုရာ၌ လူတို့သည် ဆန္ဒရှိ၍လုပ်သော အမှုဟူ၍အများက အနက်ဖွင့်ဆိုကြလေသည်။ ဤအမြင်မျိုးတွင် လူ့အတွင်း စိတ်၌တိုက်လှန်မှုမရှိပါ။ အခြားသောလူတို့မူကား၊ သူတို့သည် အတွင်းစိတ်၏ အဆင်ပြေ၊ ပျော်ပါးနိုင်မှုအတွက် တစ်ကိုယ်ကောင်းဆန်သော စိတ်သဘောထား တို့ကို နှိပ်ကွပ်ရန်အမှန်တကယ်ပင် ရုန်းကန်၍နေရသည့်အခါမျိုးရှိတတ်ပါသည်။ သူတို့သည် နေ့တိုင်းအစဉ် မိမိဆန္ဒကို နှိပ်ကွပ်ရန်သော်လည်းကောင်း၊ ကြုံတွေ့ နေရမြဲဖြစ်သော အတောမသတ်နိုင်သည့် ဆင်းရဲအခက်အခဲများကြောင့်သော် လည်းကောင်း၊ နွမ်းနယ်မောပန်းလျက်ရှိနေပါပြီ။ မိမိကိုယ်ကိုငြင်းပယ်၍

ဆန္ဒအလို၌ သေရမည်ဟူသည်မှာ အောနှလုံးနာဖွယ်ကောင်းပုံရသည်မဟုတ်ပါလား။ ဤသို့လျှင် သူတို့သည် စုံစမ်းနှောင့်ယှက်ခြင်းကို တွန်းလှန်ရမည့်အစားမှာ စုံစမ်းသွေးဆောင်ခြင်း၏ ဩဇာလွှမ်းမိုးမှုအောက်မှာ ပြားပြားဝပ်နေကြလေပြီတကား။

ဘုရားသခင်၏ နှုတ်ထွက်ကျမ်းစာသည် မကောင်းဆိုးဝါး၊မှားယွင်းမှုနှင့်ရောထွေးမထားပါ။ အဆင်ပြေမှုမပြေမှု၊ ကိုယ့်စိတ်ကြိုက်ဖြစ်မှုမဖြစ်မှု၊အမှုတော်မြတ်အတွက် မျှော်မှန်းလျက်နေသည်တွင် လုပ်ငန်းခက်ခဲသဖြင့် အခက်ကြုံမှုမကြုံမှုအပေါင်းတို့၌ ခရစ်ယာန်တည်းဟူသော ခရစ်တော်သခင်နောက်တော်လိုက်တို့သည် မိမိ၏အတွင်းစိတ်ဆန္ဒနှင့်မပြတ် တိုက်ပွဲဝင်နေရသည်ကိုသတိမူသဖြင့် အခြေအနေကို ထိန်းသိမ်းထားသင့်ပါသည်။

ကျွန်ုပ်တို့သည် သခင်နှင့်အတူ သခင့်အမှုတော်မြတ်ထဲမှာ ဆက်ကပ်အလုပ်လုပ်ကိုင်ခြင်းဖြင့် ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းနိုင်ပါသည်။ အကြီးမားဆုံးဂုဏ်ပြုခြင်းဖြစ်၏။ ထိုဖိတ်ခေါ်မှုကို ကျွန်ုပ်တို့သည် မငြင်းပယ်ပါနှင့်။ သခင်သည် ကျွန်ုပ်တို့အား စိတ်နှလုံးအကြွင်းမဲ့နှင့်အစေခံရန် ဆောင်းဆိုနေပါသည်။ သခင်တောင်းသည်ကိုပေးလိုက်ပါ။ ကျွန်ုပ်တို့၏ အသက်အိုးအိမ်စည်းစိမ်မှန်သမျှတို့သည် သခင်၏ ဖန်တီးပေးခြင်းနှင့်ပြန်လည်ရွေးနုတ်နေရာချပေးခြင်းကြောင့် ဖြစ်သည်မဟုတ်လော။ သခင်သည် သင်၏ဥာဏ်စွမ်းရည်ကိုအလှူခံပေးလိုက်ပါ။

သခင်၏ အသွေးတော်ကြောင့် သင်သည် အသက်ရှင်နေရသည်မဟုတ်လော။ သင့်ကိုလည်း ကောင်းသောဘဏ္ဍာစိုးအရာ၌ ခန့်ထားသည်ဖြစ်၍ အမှုတော်မြတ်အတွက် ကြေးငွေလိုအပ်လာ၍ သင့်ထံအလှူခံသော်ပေးလိုက်ပါ။ အရာအားလုံးသည် သခင့်ဥစ္စာပစ္စည်းပင်ဖြစ်သတည်း။ "သင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့မပိုင်ပါ။ သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသော သူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူ၏" (၁ကော ၆း၁၉၊၂၀)။ ဘုရားသခင်သည် ကျွန်ုပ်တို့ရှေ့မှာ အမြင့်ဆုံးသောခံစားချက်ဖြစ်သည့် စုံလင်ခြင်းကို ပန်းတုံးတိုင်အဖြစ်ထားရှိပေးပါသည်။ ထိုသခင်သည် ကျွန်ုပ်တို့အား ဤလောကကမ္ဘာမြေကြီးပေါ်မှာ သူ့အတွက် လုံးလုံးလျားလျားနှင့်ကြိုးစားပမ်းစားအစေခံရန် တောင်းဆိုနေပါသည်။ ထိုသခင်သည် ကျွန်ုပ်တို့အားလုံးအတွက် ဘုရားသခင်ရှေ့တော်မှောက်မှာ အခအစားဝင်၍ အမှုဆောင်ပေးနေသည် မဟုတ်လော။

"ဘုရားသခင်၏အလိုတော်ဟူမူကား၊သင်တို့သည် သန့်ရှင်းစေခြင်းငှာ" (၁သက် ၄း၃) ဟူ၍ဖြစ်၏။ ဘုရားသခင်၏အလိုတော်သည် သင့်အလိုဆန္ဒအတိုင်းပင်ဖြစ်သလော။ အကယ်၍သင်သည် စိတ်နှလုံးနှိမ့်ချပြီး သင့်အပြစ်များကိုဖေါ်ပြဝန်ချတောင်းပန်ကာ ယေရှုသခင်၏ ကောင်းမှုအပေါင်းကို ယုံကြည်အားကိုးထားလျှင် သခင်သည် သင့်အားအပြစ်မှဖြေလွှတ်၍ သန့်ရှင်းစေပါလိမ့်မည်။ ဘုရားသခင်သည် သင့်အား မိမိ၏ ပညတ်တော်နှင့်လုံးလုံးလျားလျားညီညွတ်ပေါင်းစည်းမှုရှိရန် တောင်းဆိုနေပါသည်။ သင်သည် ထိုသခင်၏ သန့်ရှင်းဖြောင့်မတ်ခြင်းကို ရယူပိုင်ဆိုင်လိုစိတ်မရှိပြီလော။ ထိုဖြောင့်မတ်ခြင်းကို သင်၏စိတ်နှလုံး၌ ဖြည့်တင်းထားရှိပါလေ။

ပြော၍မကုန်နိုင်အောင် ကြွယ်ဝချမ်းသာသော ဘုရားသခင်၏ကျေးဇူးတော်ကို သင်သည် ဆင်ခြင်အောက်မေ့သတိရခြင်းဖြင့် ထိုကျေးဇူးတော်များကိုသင်သည်ရရှိပိုင်ဆိုင်လာပေလိမ့်မည်။ ကယ်တင်ပိုင်ရှင်သခင်၏သက်စွန့်ချစ်ခြင်းမေတ္တာ၏ကောင်းမှုများကိုလည်း သခင်သည်ဖေါ်ပြသဖြင့် သင်သည်မြင်တွေ့ရပါလိမ့်မည်။ သခင်၏ သန့်ရှင်းဖြောင့်မတ်ခြင်းဝတ်ရုံတော်၏အကာအကွယ်ကို သင်သည်ရရှိလျက် ထိုသခင်၏တန်ခိုးတော်က သင့်အားဘုရားသခင်ရှေ့တော်မှောက်မှာ "အညစ်အကြေးနှင့်ကင်းစင်၍ အဘယ်အပြစ်မှမပါဘဲ" (၂ပေ ၃း၁၄) ခေါ်ဆောင်ထားရှိပေးပါလိမ့်မည်။

---ooo---

## အခန်း (၅၆)
## ပတ်မုကျွန်းမှာ ပြည်နှင့်ဒဏ်ခံရခြင်း

ရာစုနှစ်တစ်ဝက်ကျော်သွားခဲ့ပါပြီ။ ဇဝံဂေလိတရား၏ရန်သူတို့သည် ခရစ်ယာန်တို့ကိုနှိပ်စက်ညှင်းဆဲဆန့်ကျင်ရာ၌ ပြောင်မြောက်သောရောမအင်ပါယာ၏ သက်ဦးဆံပိုင်ရှင်ဘုရင်၏ အာဏာစက်အောက်မှာ အောင်မြင်နေကြသည်။ ဤသို့ခရစ်ယာန်များနှိပ်စက်ကလူပြုမှုကို အလူးအလဲခံနေရစဉ်ကာလမှာ တမန်တော်ယောဟန်သည် ယုံကြည်သူတပည့်တော်စုတို့အား ခွန်အားပေးဖေါ်ရ၏။

အခက်အခဲဆင်းရဲကိုရဲဝံ့စွာကြံ့ကြံ့ခံဖို့ရန် နှိုးဆော်ခဲ့ပေသည်။ ထိုအသက်ကြီး၍ ပင်ပန်းနွမ်းနယ်လှပြီဖြစ်သော ယေရှုသခင်၏အစေခံကျွန်ယောဟန်သည်မိမိသခင်၏သက်စွန့်ချစ်ခြင်းမေတ္တာနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်းစုံတို့ကိုစိတ်အားကြီးစွာဖြင့် စကားလုံးလှလှတွေကိုသုံးနှုန်းကာ ဟောပြောသက်သေခံခဲ့၏။

သူ၏ဝမ်းမြောက်ဖွယ်ရာနှုတ်ထွက်စကားသည်ကား၊ "ရှေးဦးစွာကပင်ဖြစ်၍ ငါတို့သည် ကိုယ်တိုင်ကြားလျက်၊ ကိုယ်မျက်စိဖြင့်မြင်လျက်၊ စေ့စေ့ကြည့်ရှု၍ လက်နှင့်စမ်းသပ်ခဲ့ပြီးသောအရာတည်းဟူသော အသက်ရှင်သော နှုတ်ထွက်စားတော်နှင့်ဆိုင်သောအရာကို သင်တို့အားပြသကြ၏။. . . . ငါတို့အားထင်ရှားခဲ့ပြီးသော ထိုထာဝရအသက်ကို. . . . ငါတို့ကြားမြင်ရသော အရာကို သင်တို့အားပြသကြ၏။" (၁ယော ၁း၁-၃)

ယောဟန်သည် အလွန်ပင်အသက်ကြီးလှပါပြီ။ သူသည် ယေရုရှလင်မြို့နှင့်ဗိမာန်တော်ကြီးကို ရန်သူတို့ဖျက်ဆီးခဲ့ပုံများကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရ၏။ ခရစ်တော်ယေရှုနှင့်အနီးကပ်ပေါင်းသင်းဆက်ဆံခဲ့ကြသူ တပည့်တော်များတွင် နောက်ဆုံးအသက်ရှင်လျက် ကျန်နေသူဖြစ်၍လည်း သူကပြောသော သတင်းစကားတို့သည် ထိရောက်၍ သြဇာလွှမ်းမိုးမှုကျယ်ပြန့်လှပေသည်။ သူ၏သွန်သင်မှုများကြောင့်လည်း ယုံကြည်သူများတိုးပွားလာကြ၏။

ဤအမှုကိုဂျူးလူမျိုးတို့သည် ခါးသီးစွာမုန်းတီးကြသည်။ ယောဟန်အသက်ရှင်၍ သက်သေခံလေသမျှမှာ မိမိတို့သည် အားကြိုးမာန်တက် ဖိဖိစီးစီးကန်ကွက်တားမြစ်နေကြပါသော်လည်း အရာမရောက်တော့ဟု ကြေညာ

ကြလေသည်။ သူကပြောသောယေရှုသခင်၏ သွန်သင်ချက်များနှင့်အံ့ဖွယ်အမှုများအကြောင်း လူတို့တတွေမေ့ပျောက်ရန်အတွက်ဆိုလျှင် ရဲတင်းစွာသက်သေခံနေသောအသံသည် လုံးဝတိတ်ဆိတ်နေမှဖြစ်မည်။ ထိုကြောင့် သူသေသင့်သည်ဟုမှတ်ချက်ချဆုံးဖြတ်ကြပါသည်။ ထိုသို့နှင့်အညီ ယောဟန်ကို ရောမမြို့မှာတရားဆိုင်ရာဆင့်ခေါ်စေခဲ့ပါသည်။ သူ၏ ရန်သူတို့အား ဤစွဲချက်များဖြင့်ယောဟန်သည် ယခုဘဝနိဂုံးချုပ်ရတော့အံ့ဟု မျှော်လင့်ခဲ့ကြ၏။ စွဲချက်များကားယောဟန်သည် လူတွေကိုသွေးဆောင်ဖြားယောင်း၍ မှားယွင်းသောတရားများကိုသွန်သင်နေပြီဟူ၍ဖြစ်သတည်း။

ယောဟန်သည် တရားခွင်မှာ မိမိအတွက်ကာကွယ်ပြောဆိုခွင့်ရရှိလေရာ၊ကြားရသူတိုင်း၏စိတ် နူးညံ့ပျော့ပျောင်းစေနိုင်သောအသွင်ဖြင့် သူသည်ချေပပြောဆိုခဲ့ပါသည်။ သို့သော်လည်း သူ၏သက်သေခံချက်မှာ နူးညံ့ပျော့ပျောင်းလေ၊ သူ့ကိုဆန့်ကျင်သူတို့၏ အမုန်တရားသည် ပို၍နက်ရှိုင်းလာလေဖြစ်၏။ ဒိုမိရှန်မင်းကြီးပင်လျှင် ဒေါသအိုးပေါက်ကွဲခဲ့လေသည်။ ထိုမင်းသည် ယေရှုသခင်၏သစ္စာရှိကျိုးကြောင်းဆက်သွယ်၍ ပြောဆိုသောစကားကို မချေပနိုင်ခဲ့ပါသော်လည်း၊ နောက်ဆုံးမှာ ဤအသံကိုရာသက်ပန် တိတ်ဆိတ်စေမည်ဟူ၍ ဆုံးဖြတ်လိုက်ပေသည်။

ဤသို့နှင့်ယောဟန်ကို ပွက်ပွက်ဆုနေသောဆီအိုးကြီးထဲသို့ပစ်ချစေသည်။တွေ့မြင်လုပ်ဆောင်ကြသူတိုင်းကလည်း ယောဟန်သည် အိုးထဲရောက်လျှင်ရှိခနဲမြည်၍တစ်ကိုယ်လုံးကျွမ်းနေတော့မည်ဟုသတ်မှတ်ကြသည်။သို့ပါသော်လည်း ဘုရားသခင်သည်မီးဟုန်းဟုန်းတောက်နေသောမီးဖိုထဲမှဟေဗြဲလူငယ်သုံးဦးတို့အား စီမံထိန်းသိမ်းခဲ့ဘိသကဲ့သို့သစ္စာရှိအစေခံယောဟန်ကိုလည်း အသက်ဘေးဘာမျှမဖြစ်အောင် ထိန်းသိမ်းခဲ့ပေသည်။ ပတ်ဝန်းကျင်မှပြောစကားတို့ဖြစ်သည့် ယေရှုခရစ်တည်းဟူသော ဖြားယောင်းသွေးဆောင်သူအားယုံကြည်သူအပေါင်းတို့သည် ဤကဲ့သို့လျှင် အသက်ပျောက်လေအံ့သတည်းဟုပြောဆိုနေချိန်မှာ ယောဟန်က ငါ၏သခင်သည် ဤလောကနေ လူသားတစ်နွယ်လုံးအတွက် မိမိ၏အသက်တော်ကို စွန့်ခဲ့လေပါပြီ။ ထိုသခင်အတွက် ဤကဲ့သို့တွေ့ကြုံခံစားနေရသဖြင့် ငါသည်ဂုဏ်ယူ၏။ ငါသည် အားနည်းသောအပြစ်သားတစ်ဦးပင်ဖြစ်ပေသည်။ ခရစ်တော်မူကား၊ သန့်ရှင်း၏။ ဘေးကိုမပေး။မညစ်ညမ်းပါလေဟူ၍ ကြေညာခဲ့ပါသည်။

ယောဟန်၏ဆိုစကားတို့သည် ကြားသူများမက ပန်းသတင်းလေညင်း ဆောင်သကဲ့သို့ ထိုသတင်းကိုတစ်ယောက်စကားတစ်ယောက်ကြား၍ဆောင်သ ဖြင့် သတင်းစကားပျံ့နှံ့သွားသည်။ ယောဟန်သည် ပွက်ပွက်ဆူနေသော ဆီပူ အိုးထဲမှာဘာမျှမဖြစ်သောအခါ သူ့အားပစ်ချသူကိုပင်လျှင် သူ့ကိုဆယ်နုတ်ခဲ့ ကြ၏။

ပထမနည်းဖြင့်ယောဟန်အသံမတိတ်သော်လည်း ဒုတိယနည်းဖြင့် ယောဟန်ကိုအပြစ်ပေးရန် ဘုရင်မင်း၏အမိန့်ရှိပါသည်။ ဤတွင်မင်းကြီးသည် ယောဟန်အားပတ်မုကျွန်းသို့တစ်သက်တစ်ကျွန်းပို့လိုက်ရန် အမိန့်ချခဲ့လေသည်။ ယောဟန်သည် "ဘုရားသခင်၏နှုတ်ထွက်စကားတော်နှင့်ယေရှုခရစ်၏သက် သေခံတော်မူချက်ကြောင့်" ပတ်မုကျွန်းသို့အနှင်ခံရလေပြီတကား။

သူ၏ ရန်သူတို့သည် "ယောဟန်အားကြီးစွာသောစိတ်ပျက်ဝမ်းနည်း ခြင်းနှင့်အလုပ်ကြမ်းကိုလုပ်ရသဖြင့် သေမည်" ဟုထင်မှတ်ကြလေသည်။ ပတ်မု ကျွန်းသည် အေဂျင်ပင်လယ်အတွင်းရှိခေါင်ခိုက်ရှားပါးသော ကျွန်းငယ် တစ်ခုဖြစ်သည်။ အပြစ်သားတစ်သက်တစ်ကျွန်းပို့ခံရသူတို့အတွက် စံပျော်ရာ နေရာတစ်ခုပေတည်း။ သို့သော်လည်း ယောဟန်လို ဘုရားသခင်၏ ကျွန်တစ် ယောက်အဖို့ ထိုခေါင်းပါးလှသောနေရာသည် ကောင်းဂိတ်တံခါး ဖြစ်လာ ရပြီကော။

ယခင်ကဆိုလျှင် နေ့တိုင်းအစဉ် လှုပ်ရှားသွားလာအမှုတော်ဆောင်ခဲ့ ရင်းနှင့်အချိန်ကုန်မှန်းမသိ ကုန်ခဲ့ရပါသော်လည်း ယခုတွင်မူ ယောဟန်သည် ဘုရားသခင်နှင့်လည်းကောင်း၊ ကောင်းကင်ထက်မှလာသော ကောင်းကင်တမန် များတို့နှင့်လည်းကောင်း ဆက်ဆံပေါင်းသင်းခွင့်ရရှိနေပါသည်။

ကမ္ဘာ့သမိုင်း၏နောက်ဆုံးပိုင်းဖြစ်ပေါ်လာမည့်ဖြစ်ရပ်မှန်မြင်ကွင်းတို့ ကိုသူသည်မြင်တွေ့ရသဖြင့်ဘုရားသခင်သည် သူ့အားထင်ရှားဖော်ပြသောမြင် ကွင်းကျယ်ရုပ်မြင်သံကြားကိုကမ္ဘာ့လူသားအပေါင်းတို့သည်သိနားလည်အံ့သောငှာ ရေးသားခဲ့ပေသည်။ထိုပုရောဖက်ဟောကြားချက်စကားဖြစ်ရပ်မှန်အကြောင်းစုံတို့ ကိုဘုရားသခင်သည်ကမ္ဘာ့လူမျိုးအသီးသီးတို့ထံသတင်းလွှင့်ရန် အကြံတော် ရှိပါသည်။

ကျောက်ဆောင်၊ ကျောက်ကမ်းပါးများပေါ်များရာပတ်မုကျွန်းပေါ်မှာ ယောဟန်သည် မိမိ၏ဖန်ဆင်းပိုင်သူဘုရားသခင်နှင့်ဆက်သွယ်ခွင့်ရရှိခဲ့ပါသည်။ သို့ဖြစ်၍ သူ၏ နှလုံးသားနေအိမ်မှာ ငြိမ်းအေးလှ၏။ ယုံကြည်ခြင်းဖြင့်သူသည် ဤသို့မြွက်ဆိုနိုင်ပါသည်တကား။ "ငါတို့သည် ညီအစ်ကိုချင်းတို့ကို ချစ်သောကြောင့် သေခြင်းမှအသက်ရှင်ခြင်းသို့ ကိုယ်ကူးမြောက်သည်ကို ကိုယ်သိကြ၏" (၁ယော ၃း၁၄)။

မိမိ၏အပစ်ပယ်ခံအထီးကျန်နေအိမ်လေးမှာ ယောဟန်သည် သဘာဝတရားကိုပိုမို၍ လေ့လာနိုင်ပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသော မှိုင်းရိပ်ခိုအသွင်အပြင်မျိုးနှင့်ရှုခင်းသာတို့ကလည်း သူ့ကိုဝန်ခံ၍နေ၏။ သို့ရာတွင် ဤသည်ကိုယောဟန်သည် ကျေနပ်၍နေသည်။ ပတ်ဝန်းကျင်မှာငြီးငွေ့စရာကောင်းလှသော်လည်း မိမိ၏ ဦးခေါင်းဘက်မှာ မိုးပြာရောင်ကောင်းကင်ကြီးက သူ့ကိုငုံ့ကြည့်နေပါသည်။

ထိုကောင်းကင်ပြာ၏ အထက်မှာတော့ ချစ်ဖွယ်ကောင်းသောယေရုရှလင်မြို့သစ်သည် တည်ရှိနေသည်မဟုတ်ပါလား။ ဤစွန့်ပစ်နေရာမှာယောဟန်သည် ကောင်းကင်ကိုကျော်ဖြတ်လျက် ဘုရားသခင်၏ တန်ခိုးတော်နှင့်ဘုန်းတော်ကို ဖေါ်ပြသော အရေးကြီး သင်ခန်းစာများကို ဖတ်ရှုရပေသည်။

## ယောဟန်သည်ပြည်နှင်ဒဏ်ခံရသည်ကိုပင်ပျော်ရွှင်နေခြင်း

တမန်တော်ယောဟန်၏ ပတ်ပတ်လည်မှာရှိသော ကျောက်ဆောင်ကြီးငယ်အပေါင်းတို့ပသည် တစ်ချိန်တုန်းက ဤကမ္ဘာမြေကြီးကို ရေလွှမ်းမိုးခဲ့သည်ဆိုကြောင်းကို သက်သေထူနေ၏။ ရေတို့သည် မြေကြီးကိုဖေါက်၍ ပန်းထွက်လာသဖြင့်လည်း ဧရာမကျောက်တုံးကြီးတို့သည် မြေကြီးထဲမှ မြေပေါ်အထက်သို့ အမြင့်ပေများစွာ ခုန်တက်လာပြီး မြေမျက်နှာပြင်ပေါ်သို့ ကစဉ့်ကလျားပြန့်ကျဲနေပုံကို ယောဟန်မြင်ယောင်မိလေသည်။ မိုးသက်မုန်တိုင်းဒဏ်ကြောင့်ရေလှိုင်းတို့သည်လည်း ကျောက်ဆောင်ကျောက်ကမ်းပါးတို့ကို ကြိမ်ဖန်များစွာရိုက်ခတ်သည်တွင် ကျော်ကဆောင်ကျိုးပဲ့ကြေမွ၍ လေယူရာပြန့်ကျဲသွားပုံကိုလည်းတွေ့မြင်ရ၏။ ဤတွင် မမြင်ရသောလက်ရုံးတော်နှင့် တစ်ခိုးရှင်၏ အံ့ဩဖွယ်ရာ

ထိန်းချုပ်ကိုင်တွယ်မှုကို စိတ်ဝင်စားဖွယ်ရာယောဟန်သည် မြင်တွေ့ရပေသည်။ ထိုတန်ခိုးရှိသူဘုရားသခင်ကို ကန့်သတ်မှုရှိသောသေမျိုးဖြစ်သည့် လူသားတို့က မိမိတို့၏တစ်ထွာလောက်သောပညာဉာဏ်ကလေးနှင့် ဘုရားသခင်ကိုအပြိုင်ခင်း ဆန့်ကျင်နေကြပေသည်တကား။ ထိုအဝေးရောက်၊ ပြည်နှင်ဒဏ်ခံရသောတမန် တော်သည် ဤအချိန်မျိုးမှာ ဘုရားသခင်ကို အကြွင်းမဲ့နှင့်ရှာဖွေကာသခင့်ကို တောင့်တနေပါတော့သည်။ ထိုမှလွန်သော် သူသည်ခွန်အားအကြီးဆုံး ဆုတောင်း သူများစာရင်းတွင် တစ်ယောက်ပါဝင်ခွင့်ရရှိခဲ့လေသည်။

ယောဟန်၏သမိုင်းစဉ်ကိုလေ့လာသော် ဘုရားသခင်သည် သက်ကြီး ရွယ်အိုအမှုတော်ဆောင်များကိုလည်း အသုံးပြုနိုင်ကြောင်းသာဓကပင်ဖြစ်၏။ လူများစွာတို့က ယောဟန်သည် အသက်ကြီး၍လုပ်အားမရှိတော့၊အိုမင်းရင့်ရော် ၍ကျိုးပဲ့နေသော ကျူပင်တစ်ခုကဲ့သို့ အချိန်မရွေးလဲကျနိုင်သည်ဟု ထင်မှတ်ကြ ပါသည်။

သို့ပါသော်လည်း ဘုရားသခင်သည် သူ့အားအသုံးပြုနိုင်ဆဲဖြစ်ကြောင်း ကိုမြင်ပါသည်။ ပတ်မုကျွန်းပေါ်မှာ ယောဟန်သည် တွေ့ရသောသူတို့နှင့်မိတ် ဆွေဖွဲ့သည်။

ယေရှုအကြောင်းသက်သေခံပြောကြားသည်။ ပြောင်းလဲသူများလည်း ရှိကြပါသည်။ သူတင်ဆက်သောသတင်းစကားသည် ဝမ်းမြောက်ဖွယ်သတင်း စကားဖြစ်၏။ လူတို့အတွက် ကယ်တင်ရန် ကြွဆင်းလာသောသခင်သည်သေ ခြင်းမာန်ကိုအောင်မြင်၍ ကောင်းကင်သို့တက်ကြွသွားကြောင်း တစ်ဖန်ပြန်လာ ၍ သူ့အားယုံကြည်သူတွေကို ပြန်လည်သိမ်းဆည်းကာ ကောင်းကင်မှာနေရာ ပေးမည်ဖြစ်ကြောင်း ဟောပြောသက်သေခံပါသည်။

ယောဟန်သည်သခင့်အတွက်ရှုပ်ရှုပ်ချွံချွံအသုံးတော်ခံခဲ့ပါ၏။ယခုတွင် မူမိမိနှင့်ဘုရားသခင် ဆက်သွယ်ရေးမှာ ရန်ပြေမာန်ပြေ ကြားဖျန်ဖြေရေးအလုပ် ကိုလုပ်ဆောင်နေပါကြောင်း၊ ဘုရားသခင်ကိုချစ်မြတ်နိုး၍ အသက်တာတစ် လျှောက်လုံးသခင့်အစေကိုခံခဲ့သော သက်ကြီးရွယ်အို ဘုရားသခင်၏အမှုတော် ဆောင်များသည်အသက်ကြီး၍ ချို့ယွင်းချက်များ ရှိကောင်းရှိနိုင်ပါသော်လည်း၊ ဘုရားသခင်၏အမှုတော်မြတ်မှာအရည်အချင်းပြည့်နှင့် ရပ်တည်နိုင်သောစွမ်း ရည်များလည်းရှိနေဆဲဖြစ်ပါသေး၏။မိမိတို့၏အမှားအယွင်းများမှသင်ခန်းစာယူ ၍နောင်အခါအမှားအယွင်းနှင့်ဘေးရန်များကို ရှောင်ရှားနိုင်ရန်အလို့ငှာလက်ရှိ

တင်းပြည့် ဘုရားသခင်၏အမှုတော်ဆောင်တို့အား ပညာဥာဏ်နှင့်ပြည့်စုံသော အကြံဥာဏ်ကိုပေးစွမ်းနိုင်ပါ၏။ သူတို့သည် ခန္ဓာကိုယ်ခွန်အားနည်းပါးနေပါသော်လည်း ဘုရားသခင်သည် သူတို့ကိုပစ်ပယ်၍ ဘေးမဖယ်ထားပါ။ ထိုသူတို့အား သခင်သည်ထူးမြတ်ကောင်းမွန်သော ကျေးဇူးတော်နှင့်ဥာဏ်ပညာကိုပေးလာပါသည်။

အမှန်တရားအတွက် မားမားမတ်မတ်ရပ်တည်နေသူတွေနည်းပါးနေချိန်မှာ ဆင်းရဲဒုက္ခခံ၍ ယုံကြည်ခြင်းမှာ သစ္စာရှိရှိကျန်ကြွင်းနေရစ်သူများကို ကျွန်ုပ်တို့သည် ရိုသေမြတ်နိုးကာ ချီးမွမ်းထိုက်ပါ၏။ ဘုရားသခင်သည် သက်ကြီးတန်းလူရွယ်အမှုတော်ဆောင်များတို့အား ပညာဥာဏ်နှင့်ရင့်ကျက်မှုရရှိစေရန်အတွက် ထိုကဲ့သို့သော ရင့်ကျက်သူသစ္စာရှိ အမှုတော်ဆောင် ပင်စင်စားခေါင်းဖြူကြီးတို့ထံနည်းခံ၍ အပေါင်းအသင်းပြုရန် အလိုတော်ရှိပါသည်။

သက်ကြီးတန်းလူရွယ်တို့သည် ခရစ်ယာန်သာသနာ ပြန့်ပွားရေးအတွက်အစည်းအဝေးထိုင်သောအခါ ထိုသက်ကြီးအိုတို့ကိုလည်း နေရာထိုင်ခင်းပေးသင့်ပါ၏။ အသက်ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းစဉ်မှာ ထိုအရွယ်လူနှစ်မျိုးတို့သည် အတူတကွပူးပေါင်းကာ ခေတ်နှင့်အညီကြီးမားလာသော မကောင်းဆိုးဝါးအင်အားစုကြီးကိုဖြိုခွင်းဖို့ဖြစ်ပေသည်။ ဘုရားသခင်သည် မိမိတပည့်တော်စုတို့အားသက်ဆုံးတိုင်အောင်အမှုတော်မြတ်မှာ ပါဝင်အသုံးတော်ခံဖို့ရန် အလိုတော်ရှိပါသည်။

## ခက်ခဲဆင်းရဲမှုများနှင့်အနာရောဂါခံစားရခြင်း၏တန်ခိုး

တမန်တော်ယောဟန်၏အတွေ့အကြုံတွင်အံ့ဖွယ်အင်အားစုနှင့်နှစ်သိမ့်မှုဆိုင်ရာသင်ခန်းစာတစ်ခုကိုရ၏။ ဘုရားသခင်သည် မိမိ၏ ချစ်သားသမီးတို့ကောင်းစားရေးအတွက် လူဆိုးသွမ်းတို့အား ဆိုးသွမ်းလုပ်ရပ်များစွာကို လုပ်ခွင့်ပေးလိုက်ပါသည်။

ဤသို့ဆိုရာ၌ နှိပ်စက်ညှင်းဆဲမှုမုန်တိုင်းအလယ်မှာသော်လည်းကောင်း၊ ခါးသီးစွာသော ဆန့်ကျင်မှုလုပ်ရပ်အားဖြင့်သော်လည်းကောင်း၊မတ ရားပြစ်တင်ရှုတ်ချစော်ကားခြင်း ခံရသောအခါမှာသော်လည်းကောင်း ဘုရားသခင်၌သာလျှင် ဆက်လက်၍ သစ္စာရှိယုံကြည်စွဲလမ်းနေပါမည်ဟုစိတ်ဆုံးဖြတ်ကာ

မိမိကတိကိုမဖက်ဘဲ ထိန်းသိမ်းသောသူတို့အား ဖြစ်လေသမျှ အကောင်းချည်းသာဟုမှတ်စွဲလမ်းလာသည့်တိုင်အောင် သခင်သည် မိမိကိုအားကိုးခိုလှုံလိုသောစိတ်တိုးပွားလာစေသည်မဟုတ်လော။ ဤသို့သခင်သည် ကျွန်ုပ်တို့အား သွန်သင်လို၏။

ဤသည်ကို ကျွန်ုပ်တို့သည်လည်း သင်ယူဆည်းပူးရပေမည်။ ဤသို့လျှင် သခင်သည် ထိုသူတို့အားယုံကြည်စိတ်ချထားနိုင်သည်အထိ သွန်သင်ပြင်ဆင်ပေး၏။ သူတို့အားပေးသောအင်အားစုတို့ဖြင့်လည်း ဘုရားသခင်၏ ကြီးကျယ်သောအကြံတော်ကို ပြီးပြည့်စုံစေရန်ဖြစ်ပေသည်။

ခေတ်အဆက်ဆက်မှာ ဘုရားသခင်၏သက်သေခံတို့သည် ပြစ်တင်ကဲ့ရဲ့ခြင်းနှင့်နှိပ်စက်ညှင်းဆဲခြင်းကိုခံရလေသည်။ ယောသပ်သည် မိမိ၏အကျင့်ကောင်းနှင့်ကျက်သရေတို့ကို ထိန်းသိမ်းသောကြောင့် မတရားအရှက်တကွဲနှိပ်စက်မှုကို ခံခဲ့ရလေသည်။ ဒါဝိဒ်မူကား သူ့ရန်သူတို့၏ သားကောင်တစ်ကောင်အလား တောနှင်းကာပိုက်စိပ်ရှာဖွေခြင်းကို ခံခဲ့ရ၏။

ဒံယေလသည် ခြင်္သေ့တွင်းထဲသို့ချပစ်ခြင်းကိုခံရလေသည်။ ယောဘသည်လည်း ခန္ဓာကိုယ်နာကျင်ခြင်းကို ပြင်းထန်စွာခံစားနေရရုံမျှမက၊ မိတ်ဆွေများနှင့်ဆွေမျိုးတို့၏စွန့်ပစ်ရှုံ့ရှာခြင်းကိုခံခဲ့ရပါသည်။ ပုရောဖက်ယေရမိသည်လည်း မိမိ၏သက်သေခံစကားကြောင့် ရွှံ့ဗွက်အိုင်ထဲမှာ ရက်ပေါင်းအတော်ကြာကြာစွန့်ပစ်ထားခြင်းကို ခံခဲ့ရလေသည်။ သတေဖန်မူကား၊ ခဲနှင့်ပေါက်သတ်ခံခဲ့ရ၏။ ပေါလုသည် အကျဉ်းသားဘဝနှင့်သော်လည်း၊ ကြာပွတ်နှင့်အရိုက်ခံခဲ့ရခြင်း၊ ခဲနှင့်အပစ်ခံခဲ့ရခြင်းနှင့်အဆုံးမှာအသေသတ်ခြင်းကိုပင် ခံခဲ့ရပေသည်။ ယောဟန်သည်လည်း ပတ်မုကျွန်းမှာ တစ်သက်တစ်ကျွန်းအပို့ခံရလေပြီတကား။

ဤသို့သောသူတို့၏သစ္စာရှိမြဲမြံတည်ကြည်မှုတို့ကြောင့် ဘုရားသခင်သည် အနီးအနားမှာတည်ရှိနေကြောင်းနှင့် ကျေးဇူးတော်ဖြင့်ထောက်ပံ့အားပေးနေကြောင်းကို သက်သေထူနေပါသည်။ ယုံကြည်ခြင်းတန်ခိုးသည် ကမ္ဘာလောကကြီး၏ အမှောင်အင်အားစုကို ခံရပ်နိုင်ကြောင်းပြသက်သေလည်းဖြစ်ပါသည်။ အမှောင်မိုက်ဆုံးအချိန်မျိုးမှာ ကျွန်ုပ်တို့၏ ဘုရားသခင်သည် ကျွန်ုပ်တို့အားပဲ့ပြင်ပေးနေသည်မဟုတ်ပါလား။

ယေရှုသခင်သည်မိမိလူတို့အားမိမိကဲ့သို့ကိုယ့်ကိုယ်ကိုငြင်းပယ်ရန်နှင့် တစ်ပါးသူ၏ကဲ့ရဲ့ပြစ်တင်ခြင်းခံအမှုတော်ခရီးလမ်းကိုလျှောက်လှမ်းဖို့ရန်ဖိတ်ခေါ်

နေပါသည်။ မိမိအားလူဆိုးသွမ်းများနှင့်နတ်ဆိုးတို့က မညှာမတာဆန့်ကျင်ခဲ့ကြသည်။

ကိုယ်တော်သည် လောကကမ္ဘာသားကြီးတို့နှင့်မတူ၊ တစ်မူထူးခြားသည်မို့လည်း သူတို့သည် ကိုယ်တော်ကို ခါးသီးစွာရန်လိုစစ်ခင်းခဲ့ကြ၏။ ထိုသို့နှင့်အညီ ခရစ်တော်၏ စိတ်သဘောနှင့်ပြည့်ဝနေသောသူတို့၌လည်း အလားတူဖြစ်ပေလိမ့်မည်။ အချိန်သည် ပြောင်းလဲလာသည်နှင့်အမျှ နှိပ်စက်ညှင်းဆဲမှုသဏ္ဌာန်သည်လည်း ပြောင်းလဲလာ၏။ သို့ဖြစ်သော်ငြားလည်း နတ်ဆိုးနှင့်ဆိုင်သောစိတ်သဘောထားမူကား၊ ဘုရားသခင်ရွေးချယ်ထားပြီဖြစ်သောသူတို့အားသတ်ဖြတ်လိုစိတ်ရှိသည်အရာမှာ ကမ္ဘာဦးက အာဗေလ၏ နေ့ရက်များသို့ပင်ဖြစ်ချေ၏။

စာတန်သည် ဘုရားသခင်၏ လူတို့ကိုနှိပ်စက်ကလူပြု၍ နောက်ဆုံးမှာအသေသတ်လိုက်ပါ၏။ သို့သော်လည်း ထိုသူတို့သည် အသက်မစွန့်မီမှာစာတန်ထက်ပိုမို၍ တန်ခိုးအင်အားကြီးမားသော ဘုရားသခင်၏ တန်ခိုးတော်ကိုသက်သေခံပြောကြားခဲ့ပေသည်။

စင်စစ်အားဖြင့် လူဆိုးသွမ်းတို့သည် ခရစ်တော်သခင်နှင့်အတူ ဘုရားသခင်၌ခိုလှုံပုန်းအောင်းနေသောသူ၏ အသက်ကိုမထိပါးနိုင်သည်မှာ ထင်ရှားလျက်ရှိပါသည်။ အကျဉ်းထောင်တံခါးသံနံရံတို့သည်ပင်လျှင် ထိုစိတ်ဓါတ်ကိုမချည်နှောင်ထားနိုင်ပါပြီ။

ခရစ်တော်ကို ယုံကြည်သောသူတို့သည် ဤကမ္ဘာလောကကြီး၏နှိပ်စက်ကလူပြုခြင်းကို ခံကြရပါသည်။ ထိုသူတို့သည် ခရစ်တော်သခင်၏ကျောင်းတော်ကြီးမှာ ပညာနှင့်စည်းကမ်းကိုသင်ယူဆည်းပူးနေကြသူများဖြစ်၏။

ဤလောကမှာ သူတို့အသက်ရှင်နေစဉ်မှာ ခရစ်တော်သခင်၏နောက်တော်သို့လိုက်ရာ၌ ကြီးမားသောတိုက်လှန်မှုများကို ကျော်ဖြတ်သွားရပေသည်။ ခါးသီးသောစိတ်ပျက်စရာများနှင့်မိမိကိုယ်ကိုငြင်းပယ်ရသောဆင်းရဲခြင်းကိုလည်းခံကြရပါ၏။

ဤသို့လျှင်ထိုသူတို့သည် အပြစ်၏ ကျိန်ခြင်းဆိုးကျိုးကိုသိနားလည်လာကြသည်။ထိုအပြစ်ကိုရွံရှာမုန်းတီးလာ၏။ခရစ်တော်နှင့်အတူအခက်အခဲဆင်းရဲခံယူခြင်းသည်မြင့်မြတ်သည်ဟုလည်း ယုံကြည်စွဲလမ်းလာကြသည်။ ဧကန်စင်စစ်ထိုသူတို့သည် မှောင်ရိပ်သန်းသည့်အရပ်ကိုကျော်လွန်၍ တန်ခိုးတော်အလင်း

ထွန်းတောက်သောအရပ်ကို ကျော်ဖြတ်အောင်မြင်နိုင်ကြလေပြီ မဟုတ်ပါလား။ ဤသို့လျှင်လည်း ပြောနိုင်ကြပေသည်တကား။

"ငါတို့အား ပေါ်ထွန်းလတ္တံ့သောတန်ခိုးကိုထောက်သော် ယခုမျက်မှောက်ကာလ၌ခံရသောအခက်အခဲကို ပမာဏမပြုထိုက်ဟု ငါသဘောရှိ၏။" (ရောမ ၈း၁၈)။

---ooo---

## အခန်း (၅၇)
## ဘုရားသခင်ဖေါ်ပြသောမြင်ကွင်းကျယ်ရုပ်မြင်သံကြားကို ယောဟန်မြင်တွေ့ရခြင်း

ကြမ်းတမ်းရက်စက်မှုပြင်းထန်သောဆန့်ကျင်မှုများနေရာအနှံ့မှာရှိနေသော်လည်း တမန်တော်များလက်ထက်တွင် ခရစ်ယာန်တို့သည် မနားမနေ ခရစ်ယာန်သာသနာပြုကြသဖြင့် အချိန်တိုနှစ်များအတွင်းပင် ဧဝံဂေလိသတင်းစကားသည် ကမ္ဘာ့လူမျိုးနွယ်အသီးအသီးတို့ဆီသို့ပျံ့နှံ့သွားခဲ့ပါသည်။ ထိုသူတို့၏ ဇွဲလုံ့လဝီရိယထက်သန်မှုတို့ကား ခေတ်အဆက်ဆက်ရှိယုံကြည်သူသားသမီးများ ခွန်အားယူစရာပင်ဖြစ်တော့သည်။ ယေရှုခရစ်တော်သည်လည်း ဧဖက်မြို့မှာရှိသောအသင်းတော်ကို တမန်တော်များခေတ်က အသင်းတော်တစ်ပါးအနေဖြင့် ပုံခိုင်းထားပါသည်။

"သင်သည်မတရားသောသူတို့ကိုလက်မခံနိုင်ကြောင်းကိုလည်းကောင်း တမန်တော်မဟုတ်ဘဲ တမန်တော်ဖြစ်ယောင်ဆောင်သောသူတို့ကိုစစ်ဆေး၍ လှည့်ဖြားသောသူဖြစ်သည်ဟုသိကြောင်းကိုလည်းကောင်း၊ အကျင့်ကောင်းနှင့်ပြည့်စုံ၍ ငါ၏နာမကြောင့်ဆင်းရဲခံ၍ အားမလျော့ကြောင်းကိုလည်းကောင်းငါသိ၏။" (ဗျာ ၂း၂၃)။

ပထမပိုင်းတွင် ယုံကြည်သူတပည့်တော်အပေါင်းတို့သည် ဘုရားသခင်၏နှုတ်တော်ထွက်စကားတိုင်းကိုယုံကြည်နားထောင်ကျင့်သုံးသွားမည်ဟု ကတိပြုခဲ့ကြပေသည်။

ထိုသူတို့သည် မိမိတို့၏ကယ်တင်ရွေးနုတ်ရှင်ကို ချစ်မြတ်နိုးသောကြောင့် သူတို့၏ အမြင့်ဆုံးသောရည်ရွယ်ချက်မှာ သခင့်ထံသို့အသက်ဝိညာဉ်များစွာကို ပို့ဆောင်ပေးရန်ဖြစ်တော့၏။ ထိုသူတို့သည် တန်ဖိုးမဖြတ်နိုင်သော ခရစ်တော်သခင်၏ ကျေးဇူးတော်ရတနာများကို ကာရံပိတ်ဆို့ထားရန် မစဉ်းစားခဲ့ပါ။ ထိုသခင့်စကားကို မျှဝေလိုစိတ်သာရှိတော့၏။

"မြေကြီးပေါ်၌ ငြိမ်သက်ခြင်းရှိစေသနည်း။ လူအပေါင်းတို့၌လည်း ကောင်းသောသဘောရှိကြစေကုန်သတည်း"ဟူသောသတင်းကောင်းကို ကမ္ဘာ့နေရာအနှံ့ရှိလှည်းနေလှေအောင်းမြင်းစောင်းပါမကျန် လူတို့ထံသို့ပို့ဆောင်ရန် ဆန္ဒပြင်းပြကြပါ၏။

အပြစ်သားများနောင်တရသူများ၊ အပြစ်ဖြေလွှတ်ခြင်းခံရသူများ၊ စင်ကြယ်ခြင်းအမှုကြောင့် သန့်ရှင်းခြင်းရှိကြသူများတို့သည် ဘုရားသခင်နှင့်တွဲဖက်ကာအမှုတော်မြတ်မှာ ပါဝင်ပတ်သက်လုပ်ဆောင်နေကြပါလေပြီ။ မြို့တော်တိုင်းမှာ အမှုတော်မြတ်သည် ရှေ့သို့သာတိုးတက်နေ၏။ အသက်ဝိညာဉ်များစွာတို့ပြောင်းလဲသက်ရှင်နေကြပါပြီ။

ထိုသူတို့သည်လည်း မိမိတို့အားဖြင့် ထိုသတင်းကောင်းမှာပျံ့နှံ့စေရမည်ဟု စိတ်ချလျက် လက်ဆင့်ကမ်းအမှုတော်ဆောင်ပြုကြလေပါပြီ။ သူတို့သည်အလင်းကိုထွန်းလင်းကြ၏။ ပြစ်မှားသူအပယ်ရတနာတွေကိုလည်း ထိုသူတို့သည် ဝိညာဉ်တော်နှင့်ပြည့်ဝသော တောင်းခံချက်ကို တစ်ဦးချင်းစီအားပြုကြကုန်လေပြီ။

သို့ရာတွင် ထိုယုံကြည်သူတပည့်တော်စုတို့၏ စိတ်အားထက်သန်မှုနှင့် ဘုရားသခင်ကိုချစ်မြတ်နိုးခြင်း၊ လူလူချင်းအပေါ် ချစ်ခြင်းမေတ္တာထားရှိခြင်းတို့သည် တဖြည်းဖြည်းနှင့်ခေါင်းပါးလာ၏။ တစ်ဦးပြီးတစ်ဦးမှာ ယခင်ကလိုမဟုတ်တော့။

စံချိန်ဟောင်းကိုမထိန်းနိုင်။ ပေါ့ပြက်ပြက်ထားကြသည်။ အချို့သောသက်ငယ်ဘုရားသခင်အမှုတော်ဆောင်များသည် အသင်းတော်ကို စိတ်အားထက်သန်စွာ ပြုစုပျိုးထောင်ခဲ့သူများတို့နှင့် တာဝန်ဝတ္တရားဆောင်ရွက်မှုများကို ထမ်းရွက်ရမည့်အစား၊ ထိုသူတို့သည် ထပ်ခါတလဲလဲစကားပြောနေသော အမှန်တရားသွန်သင်ချက်များအပေါ် ငြီးငွေ့လာကြသည်။

သူတို့ဆန္ဒရှိသည်မှာ လူကိုတုန်လှုပ်ချောက်ချားစေသော ဒဏ္ဍာရီပုံပြင်ဆန်ဆန် လူတို့၏အတွေးအခေါ်နှင့်ညီညွတ်သောသွန်သင်ချက်များကို အသင်းတော်အတွင်းထည့်သွင်း ဖေါ်ပြသွန်သင်ရန်ဖြစ်သည်။ ဤသို့လျှင် အခြေခံကျသော ဧဝံဂေလိသတင်းစကား၏ သွန်သင်ချက်သည်။ ပျောက်လွင့်သွားကြကုန်၏။

သို့ဖြစ်၍ထိုသူတို့သည် ဝိညာဉ်ရေးဆိုင်ရာများမှာ မျက်စိကန်းလာကြသည်။ ခွဲခြမ်းစိတ်ဖြာ၍ မမြင်နိုင်တော့။ ယခင်က ရှင်းလင်းပီပြင်စွာသိနားလည်ခဲ့သောတရားတော်များသည် ပျောက်ကွယ်သွား၍ မဟုတ်မမှန်မေးခွန်းများကိုသွားလာသဖြင့်အသင်းတော်သည် ရှုပ်ထွေးကာနေ၏။ မယုံကြည်မှုသံသယများလည်း ဝင်ရောက်လာကြပေတော့၏။

လိုအပ်သောအချိန်မှာဘုရားသခင်ဖေါ်ပြခြင်း

သွန်သင်ချက်အမှားအယွင်းများပေါ်ထွန်းလာသည်နှင့်အမှုမတူညီများလည်းများပြားလာ၏။ ဧဝံဂေလိသတင်းကောင်းကို ကြွေးကြော်ရမည့်အချိန်အခါမျိုးမှာ အရေးမကြီးသောလူ့အတွေးအခေါ်ကို အခြေခံသည့်မေးခွန်းများမှိုလိုပေါက်လာကြသည်။ လူအများစုတို့သည် သတိပေးသတင်းစကားတို့ကို မကြားရကြပါ။

ဘုရားသခင်ကို ကြည်ညိုကိုင်းရှိုင်းမှုသည် အလျင်အမြန်မှေးမှိန်သွား၍ စာတန်သည် အာဏာရဘိသကဲ့သို့ဖြစ်လာသည်။ ဤလို ခဲရာခဲဆစ်အချိန်မျိုးမှာ ယောဟန်သည် တစ်သက်တစ်ကျွန်းကျ၏။ သူ၏လုပ်ဖေါ်ကိုင်ဘက်အားလုံးလိုလိုမှာတော့ မာတုရသေခြင်းဖြင့် အသက်ပေးခဲ့ကြပါပြီ။ အပြင်သဏ္ဍာန်အားဖြင့် သုံးသပ်ရပါသော်လည်း ထိုကာလမျိုးသည် အသင်းတော်အပေါ် ရန်သူတို့အောင်ပွဲခံနေချိန်ပင်ဖြစ်ပါသည်။

သို့သော်လည်း ဘုရားသခင်၏ လက်ရုံးတော်သည် မမြင်ရသောခွန်အားနှင့်မှောင်မိုက်ထဲမှာ လှုပ်ရှားနေသည်။ ခရစ်တော်သခင်သည် မိမိ၏အုံ့ဖွယ်အကြောင်း အလုံးစုံနှင့်အသင်းတော်များအတွက် အမှန်တရားကိုဖေါ်ပြရန်ယောဟန်အားနေရာချပေးခဲ့ပြီ။ ယောဟန်သည်လည်း မိမိအချိန်အခါမှာရှိသောအသင်းတော်များမှစ၍ ကပ်ကာလအဆုံးရှိအသင်းတော်များသို့တိုင်အောင် ချီးမြှင့်ပေးရမည့် သတင်းစကားတစ်ခုကို ရရှိခဲ့လေသည်။ ယောဟန်အား တစ်ကျွန်းပို့သူတို့သည် ကောင်းကင်ဘုံရှင်၏ အလိုတော်ရည်ရွယ်ချက်ကို အကောင်အထည်ဖေါ်သော ဘုရားသခင်၏ အသုံးတော်ခံတန်ဆာပလာများဖြစ်လာကြပါသည်။ တရားအလင်းကိုငြိမ်းသတ်ရန် လှုံ့လထုတ်သူတို့သည်လည်း အမှန်တရားကိုဆီမီးခုံပေါ် တင်ပေးလိုက်သကဲ့သို့ ဖြစ်လာပေသည်။

ထိုပြည်နှင်ဒဏ်ခံနေရသော တမန်တော်ဆီသို့ဘုန်းရောင်ထွန်းတောက်သောဘုရားသခင်သည်ဥပုသ်တော်နေ့မြတ်မှာကိုယ်ရောင်ပြခဲ့လေသည်။ယောဟန်သည် ယုဒပြည်မှာရှိခဲ့စဉ်ကလိုပင် ပတ်မုကျွန်းပေါ်မှလည်း ဥပုသ်တော်နေ့ကိုစောင့်ရှောက်ခဲ့ပါ၏။ ထိုဥပုသ်နေ့နှင့်ပတ်သက်သော တန်ဖိုးမဖြတ်နိုင်သည့်ဘုရားသခင့်ကတိတော်များကိုယောဟန်သည်ကြွေးကြော်ခဲ့၏။ငါသည်ဘုရားသခင်နေ့၌ဝိညာဉ်တော်ကိုခံရ၍ တံပိုးခရာကဲ့သို့ငါ့နောက်၌မြည်သောအသံကြီးကို

ကြား၏။ ထိုသို့နှင့်စကားပြော၍ အသံမြည်သောသူကိုမြင်ခြင်းငှာ ငါသည်လှည့်ကြည့်လျှင် ရွှေမီးခွက်ခုနှစ်လုံးကိုလည်းကောင်း၊ ထိုမီးခွက်ခုနှစ်လုံးအလယ်၌လူ့သားတော်နှင့်တူသော သူတစ်ဦးကိုလည်းကောင်း မြင်၏။"

ဤချစ်အပ်သောတပည့်တော်သေည်မိမိ၏ဘုရားသခင်ကိုဂေသရှင်မန်ဥယျာဉ်မှာတွေ့မြင်ခဲ့ဖူးပါသည်။ ထိုသခင်၏မျက်နှာတော်မှာ ပြင်းပြသောခံစားမှုကြောင့် စီးကျသောသွေးများနှင့်ပေကျံလျက်ရှိသကဲ့သို့ "သူသည်လူမဟုတ်သကဲ့သို့ မျက်နှာပျက်ခြင်း၊ လူသားမဟုတ်သကဲ့သို့အဆင်းအသရေပျက်ခြင်းရှိသည်ကို" (ဟေရှာယ ၅၂း၁၄) လည်းကောင်း၊ လက်ဝါးကပ်တိုင်ပေါ်မှာတင်ရိုက်၍ အသေခံသွားသောထိုယေရှုသည် လူတွေ၏သရော်ပြောင်လှောင်စော်ကားခံပစ္စည်းအဖြစ်နှင့်သော်လည်းကောင်း ယောဟန်မြင်တွေ့ခဲ့ရပေသည်။

ယခုမူကားယောဟန်သည်ယေရှုသခင်ကို မိမိ၏သခင်အဖြစ်ပြန်လည်မြင်တွေ့ရ၏။ ဝမ်းနည်းခြင်းနှင့်ပြည့်ဝသော လူသားတစ်ယောက် မဟုတ်လေတော့၊ လူအများ၏ စော်ကားနှိမ့်ချခံ ကျွန်တစ်ယောက်အလားလည်း မဟုတ်တော့ပါ။

ကောင်းကင်ဆိုင်ရာတောက်ပခြင်း ဝတ်ရုံတော်ဖြင့် သူ့အားရစ်ပတ်ထားချေပြီ။"မျက်စိတော်သည်လည်း မီးလျှံကဲ့သို့ဖြစ်၏။" (ဗျာ၁း၁၄)။ နှုတ်တော်မှလည်းနှစ်ဖက်သွားရှိရာသံလျက်ကဲ့သို့ ဘုရားသခင်၏ နှုတ်ထွက်စကားတော်တန်ခိုးသည်ထွက်၏။ ယောဟန်သည် မိမိမြင်တွေ့ရသောမြင်ကွင်းကျယ်ရုပ်မြင်သံကြား၏အနက်အဓိပ္ပါယ်ကို မသိရသေးမီမှာ ကောင်းကင်ဖွင့်လှစ်၍ တန်ခိုးရောင်ထွန်းလင်းနေသည်ကို သူမြင်တွေ့ခဲ့ရပေသည်။

သူသည် ဘုရားသခင်၏ ပလ္လင်တော်ကိုသော်လည်းကောင်း၊ ဤကမ္ဘာမြေကြီး၏ နောက်ဆုံးကာလတိုက်လှန်ပွဲကြီးများကိုလည်းကောင်း၊ ဝတ်ရုံဖြူတို့ဖြင့်ပြီးပြည့်စုံသောကယ်တင်ရွေးနုတ်ခံရလူသားတို့ကိုသော်လည်းကောင်း၊ မြင်တွေ့ခွင့်ရရှိခဲ့ပေသည်။ သိုးသငယ်၏အသွေးတော်အားဖြင့် စာတန်ကိုအောင်နိုင်သော သူတို့၏ အောင်ပွဲခံတေးသီချင်းများနှင့် ကောင်းကင်တမန်တို့၏တေးသံသာတို့ကိုသော်လည်း ကြားခံရ၏။ ကမ္ဘာ့သမိုင်း၏ အဆုံးပိုင်းဖြစ်ရပ်မှန်အကြောင်းခြင်းရာတို့ကို ယောဟန်သည်တစ်ခုပြီးလျှင်တစ်ခု မြင်တွေ့ရပေသည်။ ထိုမြင်ခြင်းတို့၌ပုံဆောင်သည်များလည်းရှိ၏။ ပုံရိပ်တို့သည်အကြောင်းခြင်းရာများနှင့်ပူးတွဲဖေါ်ပြထားသဖြင့်အရေးကြီးသည်ဟုမှတ်ယူရပါမည်။ ထိုမြင်ခြင်းကြောင့်

ဘုရားသခင်၏ အပေါင်းအသင်းဝင် တပည့်တော်စုတို့သည် နှစ်သိမ့်ခြင်းနှင့် ဖြစ်လာမည့်ဖြစ်ရပ်မှန်အကြောင်းစုံလင်စွာကို သိနားလည်ခွင့်ရရှိသည် မဟုတ်လော။

## ရိုးသားလေစားအပ်သောကျောင်းသားများသည်
## ထိုမြင်ခြင်းကိုနားလည်နိုင်ခြင်း

ခရစ်ယာန်ဘာသာရေးဆရာကြီးများစွာတို့က၊ ဗျာဒိတ်ကျမ်းသည်တံဆိပ်ခတ်ထားခြင်းခံရသော စာစောင်ဖြစ်၍ ထိုကျမ်းဆောင်ပါလျှို့ဝှက်ချက်များကို မရှင်းပြနိုင်အောင် လျှို့ဝှက်နက်နဲသည်ဟု ကြေညာကြလေသည်။ သို့သော်လည်း၊ ဘုရားသခင်သည် ဤသို့အစချီ၍ သိစေပါသည်။ "ကာလမကြာမြင့်မီ ဖြစ်ရမည့်အမှုအရာများကို ယေရှုခရစ်သည် မိမိအစေခံကျွန်တို့အား ပြစေခြင်းငှာ ဘုရားသခင်အပ်ပေးတော်မူသော ထိုသခင်၏ မြင်ခြင်းကိုဆိုပေအံ့။"

"ကာလအချိန်ရောက်လုနီးပြီဖြစ်၍ ဤပုရောဖက်ဟော ကျမ်းစကားကို ကြည့်ရှု၊ ဖတ်ရွတ်၊ နားထောင်၍ ရေးထားသမျှတို့ကို စောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏။"(ဗျာ ၁း၁၊၃)။"ငါသည်အလျင်အမြန်လာ မည်မှန်ပေ၏ဟု ဤအရာများကို သက်သေခံသောသူမိန့်တော်မူ၏။" (ဗျား ၂၂း၂၀)။

ဘုရားသခင်မှတ်သွင်းဖော်ပြတော်မူသော ကျမ်းစောင်ကို(Revelation) ဟုအမည်တွင်သည်ကိုသာကြည့်မှတ်ပါ။ တံဆိပ်ခတ်ထားသောစာစောင်ဟုမပြောပါ။ ဖော်ပြသည့်ကျမ်း(Revelation) ဟုဆိုမှတော့၊ မမြင်မကြား၊ မသိနိုင်ဟူ၍မရှိတော့ပါပြီ။ ယောဟန်လက်ထက်ကာလမှာဘုရားသခင် ဖော်ပြပါထိုကျမ်း၏ဖြစ်ရပ်မှန်သည် အမှန်တကယ်ဖြစ်ပေါ်သကဲ့သို့၊ လာမည့်ကပ်ကမ္ဘာကုန်ဆုံးချိန်နောက်ပိုင်းမှာလည်း ထိုဖော်ပြပါအမှန်တရားတို့သည် ထပ်မံ၍မှန်ကန်ရပေဦးမည်။

ဖော်ပြခဲ့ပြီဖြစ်သော မြင်ကွင်းကျယ်ရုပ်မြင်သံကြားဖြစ်ရပ်မှန်တချို့သည် ယခင်ခေတ်မှာပြီးပြည့်စုံသွားခဲ့ပါပြီ။ တချို့မှာ ယခုလက်ရှိအခြေအနေတွင်ဖြစ်ပျက်နေသည်။ တချို့ကား အကောင်းနှင့်အဆိုးဆိုင်ပြန်တိုက်လှန်ပွဲကြီး၏ နိဂုံးပိုင်းမှာ အဆုံးသတ်ပါမည်။ ထိုမှလွန်၍ ဆိုရသော် ကောင်းကင်သစ်နှင့် မြေကြီးသစ်မှာ ရွေးနုတ်ခြင်းခံသန့်ရှင်းသူတို့ ဝမ်းမြောက်ကြရပေဦးမည်။

သို့ဖြစ်ပါ၍ ဤမျှကောင်းမွန်လှသော ဘုရားသခင်၏ ကျေးဇူးတော်ဖြစ်သည့်အမှန်တရားဖော်ပြပါအချက်အလက်များကို စေ့စေ့ရှာဖွေမှတ်သားခြင်းသည် အသုံးမဝင်ပါဟုမည်သူမျှ မထင်မှတ်စေနှင့်။ ထိုအမှန်တရားအနက်တို့ကိုနားလည်လိုသောသူအား ဘုရားသခင်သည် သိနားလည်နိုင်စွမ်းကို ပေးသနားတော်မူပါလိမ့်မည်။

ခရစ်ယာန်ကျမ်းစာ(၆၆)စောင် တစ်အုပ်လုံး၏အနှစ်သာရသည် ဘုရားသခင်မှုတ်သွင်းဖော်ပြတော်မူသောကျမ်းစောင် (Revelation) ဆုံဆည်းကြပါ၏။ ဒံယေလကျမ်းစောင်၏ ပြည့်စုံချက်များကို ဤမှာတွေ့မြင်ရပါသည်။

ဒံယေလကျမ်းသည် ပုရောဖက်ပြုသော မှတ်တမ်းမှတ်ရာများဟုဆိုနိုင်သကဲ့သို့ ဖော်ပြကျမ်း(Rev.)မှာပြီးပြည့်စုံကြောင်းသိရပါသည်။ တံဆိပ်ခတ်ခံရသော ကျမ်းစောင်သည်ဖော်ပြ ကျမ်း(Revelation)ဟုခေါ် ဆိုနိုင်ပါသလော။ ကောင်းကင်တမန်ကိုယ်တိုင်က ဒံယေလအား ဤကဲ့သို့လျှင်အမိန့်ပေးခဲ့ပေသည်။ "သင်ဒံယေလမူကားအမှုကုန်ရသည်ကာလတိုင်အောင် ဤစကားတော်ကိုပတ်၍ စာစောင်ကိုတံဆိပ်ခတ်ထားလော့။" (ဒံယေလ ၁၂း၄)။

ယောဟန်ကိုကားခရစ်တော်သခင်သည် ဤသို့မိန့်မှာတော်မူခဲ့လေသည်။"သင်သည် မြင်သောအရာကိုစာစောင်၌ရေးသား၍. . . အသင်းတော်ခုနှစ်ပါးထံသို့ပေးလိုက်လော့။"

"သင်သည် မြင်ပြီးသောအရာတို့ကိုလည်းကောင်းယခုရှိသောအရာတို့ကိုလည်းကောင်း၊ နောင်ဖြစ်လတ္တံ့သောအရာတို့ကိုလည်းကောင်း ရေးထားလော့. . . . ငါ့လက်ယာဘက်၌ ထင်ရှားသော ကြယ်ခုနှစ်လုံး နှင့်ရွှေမီးခွက်ခုနှစ်လုံး၏ နက်နဲခြင်းအရာဟူမူကား၊ မီးခွက်ခုနှစ်လုံးသည်အသင်းတော်ခုနှစ်ပါးဖြစ်၏။ ကြယ်ခုနှစ်လုံးသည် ထိုခုနှစ်ပါးသောအသင်းတော်ကိုအုပ်သောတမန်ဖြစ်ကြ၏။" (ဗျာ ၁း၁၁၊၁၉၊၂၀)။

အသင်းတော်ခုနှစ်ပါးတို့၏ နာမည်မှာ ခေတ်သမိုင်းကာလအဆင့်ဆင့်မှာရှိသော အသင်းတော်များ၏ အခြေအနေနှင့်ပုံဆောင်ထားပါသည်။

"ခုနှစ်ဟူသောနံပါတ်သည် ပြီးပြည့်စုံခြင်ကို ရည်ညွှန်းပါသည်။ တစ်နည်းအားဖြင့်အသင်းတော်ခုနှစ်ပါးတို့၏ သတင်းစကားသည် ကမ္ဘာ့သမိုင်းအဆုံးပိုင်းကာလအထိ ရောက်ရှိနေပါသည်။

ခရစ်တော်သခင်သည်ရွှေမီးခွက်ခုနှစ်လုံးအလယ်ဗဟိုမှာ လမ်းလျှောက်နေပါ၏။ အလယ်မှာ ဘုရားသခင်သည် မိမိ၏ ချစ်တပည့်တော်ယုံကြည်သူများနှင့်အမြဲမပြတ်ဆက်သွယ်လျက်နေကြောင်းကို ပုံဆောင်ပါသည်။ ကိုယ်တော်သည် ထိုသူတို့၏ အမှန်အကန်အခြေအနေကိုသိတော်မူ၏။ စည်းစနစ်ရှိမရှိ၊ ခရစ်ယာန်ဘာသာတရားကိုင်းရှိုင်းရိုသေမှုရှိမရှိ တွေ့မြင်၍နားလည်ပါ၏။ကိုယ်တော်သည် ကောင်းကင်သန့်ရှင်းရာဌာနတော်မှာ ကျွန်ုပ်တို့ လူသားများအတွက် ယဇ်ပုရောဟိတ်မင်းကြီးအမှုကိုပြုနေပါသော်လည်း ကမ္ဘာမြေကြီးပေါ်ရှိ အသင်းတော်များအလယ်မှာ လမ်းလျှောက်နေသည့်အလား ပုံဆောင်ထားပါသည်။

ထိုသခင်သည် မပြတ်လပ်သောနိုးကြားမှုဖြင့် မိမိ၏ သားသမီးတို့အား စောင့်ကြပ်ကြည့်ရှုနေပါ၏။ အကယ်၍သာ ဆီမီးခွက်များကို လူသားသက်သက်တို့၏လက်ထဲမှာသာစောင့်ရှောက်ထိန်းသိမ်းရန် အပ်နှင်းထားခဲ့ပါသော်မီးရောင်လက်သည့်မီးလျှံသည် လေတိုက်၍ ငြိမ်းသွားပေလိမ့်မည်။ ဤတွင် ဘုရားသခင်သည် စစ်မှန်သောအစောင့်စစ်သူရဲပင်ဖြစ်ပေသည်။ ကိုယ်တော်၏ အမြဲတမ်းစောင့်ရှောက်ထိန်းသိမ်းခြင်းအမှုနှင့် စောင့်ကြပ်နေသော ကျေးဇူးတော်တို့သည် အသက်တာနှင့်အလင်းအိမ်တို့၏ အရင်းအမြစ်ပင်ဖြစ်တော့သည်။

"လက်ယာလက်၌ ကြယ်ခုနှစ်လုံးကိုကိုင်၍ ရွှေမီးခွက်ခုနှစ်လုံးအလယ်၌သွားလာသောသူ၏အမိန့်တော်ကား" (ဗျာ ၂း၁)၊ အသင်းတော်အတွင်းရှိဆရာသမားတို့အားပြောနေခြင်းဖြစ်ပါသည်။ ထိုဆရာတို့သည်ကား အသင်းတော်၏ကြီးမားလေးလံသော တာဝန်ဝတ္တရားများ အပ်နှင်းခြင်းခံရသူများဖြစ်ကြလေသည်။ ကောင်းကင်ထက်ရှိကြယ်များကို ဘုရားသခင်က ထိန်းချုပ်လျက်ရှိပါသည်။

ထိုကြယ်တို့အား သခင်သည် အလင်းကိုပေး၏။ သူတို့၏လမ်းကြောင်းကိုလည်း သခင်သာရွှေ့ဆောင်လမ်းပြပြုပေးတော်မူပါသည်။ အကယ်၍သာ ဤအမှုကို သခင်သည် မပြုလုပ်ခဲ့ပါသော် ထိုကြယ်တို့သည် မြေပေါ်ကြွေကျရပေမည်။ ထိုကြောင့် သခင်သည် မိမိ၏စေတမန်ဝန်ဆောင်တို့အားအလင်းကိုပေး၍ လက်ဆင့်ကမ်းထွန်းလင်းစေ၏။ ထိုသူတို့အားဖြင့် သခင်သည် အလင်းကိုဆောင်စေပါ၏။ အကယ်၍သာ သခင်သည် ကောင်းကင်ဘုရားသခင်အားကြည့်ရှုသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ကယ်တင်ပိုင်ရှင် ယေရှုခရစ်တော်ကို အစဉ်မျက်မှောက်ပြု နေထိုင်သက်ရှင်ပါသော်၊ ထိုသူတို့သည်

သခင့်အလိုရှိသကဲ့သို့ လောကကမ္ဘာကြီးအားရောင်ပြန်ဟပ်စေနိုင်သည့် သခင်၏ တောက်ပထွန်းလင်းမှုကို သခင်သည်ပေးပါလိမ့်မည်။

ခရစ်တော်သခင်သည်မိမိ၏ယနေ့အသင်းတော်ကိုကြည့်ရှုထိန်းသိမ်းနေခြင်း

အသင်းတော်သမိုင်းဦးကာလတွင် ပေါ်ထွန်းခဲ့သောအပြစ်၏လျှို့ဝှက် ဆန်းကျယ်မှုနှင့်ပတ်သက်၍ ပေါလုက ကြိုဟောခဲ့သည့်အတိုင်း အသင်းတော် အတွင်းမှာ အခြားသောဧဝံဂေလိသည် နေရာယူနေ၏။ ယုံကြည်သူများစွာတို့ သည်လည်း တိုးပွားများယွင်းသော သွန်သင်ချက်များနောက်သို့ လိုက်ခဲ့ကြလေ သည်။

ဤလိုအချိန်အခါမျိုးမှာ ယောဟန်အား ဘုရားသခင်သည် မိမိ၏အလို တော်ကိုဖေါ်ပြတော်မူ၏။ ယုံကြည်သူအများစုတို့သည် ဧဝံဂေလိအမှန်တရား ၏ချစ်ခြင်းမေတ္တာဦးကို မျက်ခြည်ပြတ်သွားခဲ့လေပါပြီ။ သို့ဖြစ်၍ ဘုရားသခင် သည် သူတို့အား တောင်းပန်သွေးဆောင်နေတော့၏။ "ထိုကြောင့်၊ သင်သည် မရွေ့လျော့မီ ယခင်နေရာအရပ်ကို အောက်မေ့လော။ နောင်တရလော့။ ရှေး ဦးစွာသောအကျင့်ကိုကျင့်လော့။" (ဗျာ ၅)။

အသင်းတော်သည် စည်းကမ်းရှိရှိနှင့် ပဲ့ပြင်ဆုံးမခြင်းကိုလိုအပ်နေပါပြီ။ သို့ပါသော်လည်း ဘုရားသခင်၏ ဆုံးမပဲ့ပြင်ခြင်းသည် အမြဲတမ်းလိုလိုပင် ချစ် ခြင်းမေတ္တာ၏ သိမ်မွေ့မှုကို အခြေပြုပါသည်။ နောင်တရသော ယုံကြည်သူတိုင်း ငြိမ်သက်ခြင်းကို ပြန်လည်ရရှိမည်ဟူသောကတိတော်ကို ဘုရားသခင်သည်ပေး ထားတော်မူပြီမဟုတ်လော့။ "အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကို ဖွင့်အံ့။ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်း ငါ နှင့်အတူစားသောက်ရလိမ့်မည်။" (ဗျာ ၃း၂၀)။ ယုံကြည်သူတို့သည်လည်း နှိုး ဆော်တိုက်တွန်းမှုကိုခံယူရရှိကြပါသည်။ "မအိပ်ဘဲစောင့်၍နေလော့။ကျန် ရစ်၍သေလုသောအရာတို့ကိုပြုစုလော့။" "ငါသည်အလျင်အမြန်လာမည်။ သင် ၏သရဖူကို အဘယ်သူမျှမယူစေခြင်းငှာ ရခဲ့ပြီးသော အရာကိုစွဲကိုင်လော့။" (ဗျာ ၂၊ ၁၁)။

သက်ကြီးအိုယောဟန်သည် အမှောင်ခေတ်ရာစုနှစ်များစွာကိုပြန်လည် ရှုမြင်သုံးသပ်ဆင်ချင်လိုက်ပါ၏။ မြောက်မြားစွာသော ခရစ်ယာန်တို့သည် မိမိတို့၏ ယုံကြည်ခြင်းအတွက် မာတုရသေခြင်းကို ရင်ဆိုင်ခဲ့ရလေပြီကော။

သို့သော်လည်း ထိုရာစုနှစ်များအတွင်း သစ္စာရှိမြဲမြဲသော ယုံကြည်သူတို့အား ဘုရားသခင်သည် မစွန့်ပစ်သွားကြောင်းကိုလည်း ယောဟန်မြင်တွေ့ခဲ့ရပေသည်။ ဤဖြစ်ရပ်မှန်အခြေအနေသည် ကပ်ကမ္ဘာကုန်ခါနီးမှာလည်း ဖြစ်လာပေလိမ့်ဦးမည်တကား။ "သင်သည် ခံရမည်အရာတစ်စုံတစ်ခုမျှမကြောက်နှင့်။ သင်တို့သည် စုံစမ်းခြင်းကိုခံရမည်အကြောင်း စာတန်သည် သင်တို့တွင်အချို့ကို ထောင်ထဲ၌လှောင်ထား၍ သင်တို့သည် ဆင်းရဲခက်ခဲမှုကို ခံရကြလိမ့်မည်။. . . . သေသည်တိုင်အောင် သစ္စာစောင့်လော့။ သို့ဖြစ်လျှင်၊ အသက်သရဖူကိုငါပေးမည်။" (ဗျာ ၂း၁၀)။

ယောဟန်သည်ဘုရားသခင်၏ကတိတော်မြွတ်တို့ကို ကြားခဲ့ရပေသည်။"အကြင်သူသည်အောင်မြင်၏။ ထိုသူသည် ငါ၏ဘုရားသခင်ပရဒိသုဥယျာဉ်၌ရှိသောအပင်၏အသီးကိုစားစေခြင်းငှာ ငါအခွင့်ပေးမည်။" "ထိုသူ၏နာမကိုအသက်စာစောင်မှ ငါသည်အလျှင်းမချေ။ ငါ့အဖဘုရားသခင်ရှေ့၌လည်းကောင်း၊ ကောင်းကင်တမန်တော်တို့ရှေ့၌လည်းကောင်း၊ သူ၏ နာမကိုငါဝန်ခံမည်။" "အောင်မြင်သောသူသည် ငါ၏ပလ္လင်တော်မှာငါနှင့်အတူ ထိုင်နေရသောအခွင့်ကိုငါပေးမည်။" (ဗျာ ၂း၇၊၃း၅၊၂၁)။ ဤတွင် အပြစ်တရားကြောင့်ကြောက်ရွံ့ကာနေရသူတို့ ခိုလှုံကိုးစားဖို့ရာ အဖဘုရားသခင်ကို တွေ့မြင်ကြပြီဖြစ်သည်ကို ယောဟန်ရှုမြင်ခဲ့ရပါသည်။

ကယ်တင်ပိုင်ရှင်ယေရှုသခင်သည် "ယုဒအမျိုးခြင်္သေ့" ဟူ၍လည်းကောင်း၊ "အသေသတ်ပြီးသကဲ့သို့သော သိုးသငယ်" အဖြစ်လည်းကောင်းပုံဆောင်ထားသည်ကို ယောဟန်သည် သိရပါ၏။ (ဗျာ ၅း၅၊၆)။ ဤပုံဆောင်မှုများသည် တန်ခိုးတော်နှင့်သက်စွန့်သောချစ်ခြင်းမေတ္တာတို့၏ ပေါင်းစည်းမှုကို ပုံဆောင်ထားပါသည်။

ဘုရားသခင်၏ ကျေးဇူးတော်ကိုငြင်းပယ်သောသူတို့အတွက် "ယုဒအမျိုးခြင်္သေ့" သည် ကြောက်စရာကောင်းဘိသကဲ့သို့ ဘုရားသခင်၌ သစ္စာရှိတည်မြဲနေသောယုံကြည်သူ တပည့်တော်စုတို့၌ "အသေသတ်ပြီးသကဲ့သို့သော သိုးသငယ်" ကဲ့သို့ နူးညံ့သိမ်မွေ့ခြင်းရှိပါသည်။ ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်သောသူတို့၌ မီးတောက်အလင်းတိုင်သည် ကြောက်စရာအမျက်ဒေါသဖြစ်သကဲ့သို့ ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်သောသူတို့၌သနားကြင်နာမှုနှင့်ကယ်တင်ခြင်းခံစားရန်ဖြစ်ပါသည်။ဘုရားသခင်၏ကောင်းကင်

တမန်တို့သည်လည်း "ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာကောင်းကင်အောက် ထက်ဝန်းကျင်တို့မှခေါ်၍ စုရုံးကြလတ္တံ့။"(မဿဲ ၂၄း၃၁)။

ဘုရားသခင်၏လူတို့သည်အများစုဖြစ်လာသောအခါ

ဘီလီယံပေါင်းများစွာရှိသော ကမ္ဘာ့လူဦးရေနှင့်နှိုင်းသော်ဘုရားသခင်၏လူတို့သည် သိုးစုငယ်တစ်ခုမျှသာဖြစ်ပါသည်။ သို့သော်လည်း ဘုရားသခင်သည် ထိုသူတို့၏ ခိုလှုံရာရဲတိုက်ဖြစ်တော်မူပါလိမ့်မည်။ နောက်ဆုံးကောင်းကင်ထက်မှ တံပိုးမှုတ်သံကိုကြားရသောအခါ သေလွန်သောသူတို့သည် ရှင်ပြန်ထမြောက်၍ ကမ္ဘာ့သမိုင်းအခေတ်အဆက်ဆက်မှသစ္စာရှိမှန်ကန်သော သန့်ရှင်းသူတို့သည် စုဝေးကြသောအခါ ဘုရားသခင်၏ ချစ်သားသမီးတို့သည် အများစုဖြစ်လာပါလိမ့်မည်။

ခရစ်တော်သခင်၏ စစ်မှန်သောနောက်တော်လိုက်တို့သည် မိမိတို့ကိုယ်ကိုငြင်းပယ်၍ ခါးသီးသောစိတ်ပျက်စရာများစွာနှင့်ရင်ဆိုင်ကြုံတွေ့ရငြားလည်းထိုအရာတို့က ၄င်းတို့ကိုအပြစ်၏ကျိန်ခြင်းဆိုးကျိုး၊ မနှစ်မြို့ရွံရှာစရာအဖြစ်မှာမြင်တွေ့ခံစားစေပါသည်။

ခရစ်တော်သခင်၏ ဒုက္ခဆင်းရဲခြင်းအမှုကိုမျှဝေခံစားခဲ့သောကြောင့်လည်း ခရစ်တော်သခင်၏ ဘုန်းတော်အား မျှဝေခံစားနိုင်ခွင့်ကိုသူတို့ရရှိလေသည်။ ဘုရားသခင်၏ ကျန်ကြွင်းသောအသင်းတော်သည် နောင်သောအခါမှာ လုံးဝအောင်ပွဲခံမည်အကြောင်းကို ပုရောဖက်သည် မိမိ၏သန့်ရှင်းသောမြင်ခြင်းမှာ တွေ့မြင်ခဲ့လေပါပြီ။ "မီးနှင့်ရောသော ဖန်ရေကန်ကဲ့သို့ရှိသည်ကိုလည်း မြင်ရ၏။ အောင်မြင်သော သူတို့သည် ဘုရားသခင်၏စောင်းတော်တို့ကိုကိုင်လျက်၊ ဖန်ရေကန်နားမှာ ရပ်နေကြသည်ကိုမြင်ရ၏။" (ဗျာ ၁၅း၂)။

"ထိုနောက်မှငါကြည့်လျှင်၊ သိုးသငယ်သည် ဇိအုန်တောင်ပေါ်မှာ ရပ်နေ၏။ သူ၏နာမနှင့်ဘုရားသခင်၏နာမကို နဖူး၌အက္ခရာတင်သောသူတစ်သိန်းလေးသောင်းလေးထောင်လည်း သူနှင့်အတူရှိကြ၏။" (ဗျာ ၁၄း၁)။ ထိုသူတို့သည် ဤကမ္ဘာပေါ်မှာ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့နှင့်ချစ်မြတ်နိုးကာ နှလုံးရည်၊ လက်ရုံးရည်၊ ဉာဏ်စွမ်းရည်ရှိသမျှနှင့် သခင့်အစေကို ခံခဲ့ကြသူများဖြစ်ပါသည်။ ယခုတွင်မူ ဘုရားသခင်သည် ထိုသူတို့၏ "နဖူးပေါ်မှာ"

ဘုရားသခင်၏ နာမတော်ကိုထားရှိနိုင်ပါပြီ။ ခရစ်တော်ယေရှုသည်လည်းမိမိ၏ ချစ်သားသမီးများအဖြစ် ထိုသူတို့ကိုကြိုဆိုကာ "သာဓုသစ္စာရှိသောငယ်သား ကောင်း။ သင်၏သခင်နှင့်အတူ စည်းစိမ်ကို ဝင်စားလော့ဟုမိန့်တော်မူ၏။" (မဿဲ ၂၅:၂၁)။

"ထိုသူတို့သည်. . . သိုးသငယ်သွားလေရာရာအရပ်သို့နောက်တော်၌ လိုက်သောသူဖြစ်ကြ၏။"(ဗျာ ၁၄:၄)။ သိုးသငယ်နောက်တော်သို့ကောင်းကင် နိုင်ငံတော်မှာလိုက်သောသူအပေါင်းတို့သည် ဤကမ္ဘာမြေကြီးပေါ်မှာ အသက်ရှင် စဉ်အခါ သခင့်ကိုဦးစားပေး၍ နောက်တော်သို့လိုက်သင့်ကြသည် မဟုတ်လော။ ဤသို့သောသခင့်နောက်တော်လိုက်များသည် ဝတ်ကျေတမ်းကျေမဟုတ်ပါ။ စိတ် တိုခြင်းသဘောကို မစွန့်လွှတ်ခြင်းများကို ပယ်ရှား၍ ချစ်ခြင်းမေတ္တာနှင့်တကွ ယုံကြည်နားထောင်ကျင့်သုံးသက်ရှင်လိုစိတ်ရှိ၍ သိုးစုတို့သည် သိုးထိန်းနောက် သို့လိုက်သကဲ့သို့ ဖြစ်ရပါမည်။ သူတို့သည် "အပြစ်နှင့်ကင်းလွတ်ကြသည်ဖြစ် ၍ သူတို့နှုတ်၌လိမ်လည်မှုမရှိ။" (ဗျာ ၁၄:၅)။

"သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည်မိမိခင်ပွန်း ဖို့တန်ဆာဆင်သောမင်္ဂလာဆောင်သတို့သမီးကဲ့သို့ပြင်ဆင်လျက်၊ ဘုရားသခင် အထံတော်၊ ကောင်းကင်မှဆင်းသက်သည်ကို ငါမြင်၏။" (ဗျာ ၂၁:၂)။

"အသက်ပင်နှင့်ဆိုင်၍ မြို့တံခါးအတွင်းသို့ဝင်အံ့သောငှာဘုရားသခင် ၏ပညတ်တော်တို့ကို ကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏။" (ဗျာ ၂၂:၁၄)။

မင်္ဂလာရှိသော ဘုရားသခင်၏ သားစစ်သမီးမှန်များဖြစ်နိုင်ကြပါစေ ကန်သတည်း။

---ooo---

## အခန်း(၅၈)

## ဘုန်းတောက်သောခေတ်ကာလသည် ကျွန်ုပ်တို့၏ရှေ့မှာရှိခြင်း

ရှေးဦးတမန်တော်ကြီးများသည် ခရစ်ယာန်သာသနာပြုခြင်းမှအနားယူခဲ့ကြသည်မှာ တစ်ဆယ့်ရှစ်ရာစုနှစ်များထက်မကတော့ပါ။ သို့သော်လည်းခရစ်တော်သခင်အတွက် သူတို့၏ ပေးကမ်းအပ်နှံလုပ်ဆောင်မှုတို့သည် အသင်းတော်၏ရတနာသိုက်များတွင် တန်ဖိုးဖြတ်၍မရ။

အမြဲရှင်သန်နေဆဲဖြစ်ပါသည်။ဤတမန်တော်ကြီးများသည် ဧဝံဂေလိသတင်းကောင်းကို အားကြိုးမာန်တက်ဖိဖိစီးစီး၊ နေရာဒေသအနှံ့၊ လိုက်လံဟောပြောကြွေးကြော်ခဲ့ကြသည်နှင့်အမျှ၊ တစ်ကြိမ်တစ်ခါမျှမရှိခဲ့ဖူးသော ဘုရားသခင်၏ ဘုန်းတော်ဖြစ်သည့် ဘုရားသခင်က လူတို့ကိုဖေါ်ပြသော မြင်ကွင်းကျယ်ရုပ်မြင်သံကြားမျိုးသည်လည်း ရှိခဲ့ပါ၏။ဧဝံဂေလိသတင်းကောင်းသည် တိုင်းနိုင်ငံ လူမျိုးအသီးအသီးဆီသို့ လူမျိုးတစ်ဆက်အတွင်းမှာပင် ပျံ့နှံ့လေပါပြီ။

အစပထမမှာတော့ တမန်တော်ကြီးများတချို့သည် ပညာတတ်များမဟုတ်ကြပါ။

သို့သော်လည်း သူတို့၏သခင်ကြီး ယေရှုခရစ်တော်၏သွန်သင်ညွှန်ကြားမှုအောက်မှာပင် သူတို့ကိုအပ်နှင်းထားနိုင်လောက်အောင် ကြီးကျယ်သောအမှုတော်မြတ်အတွက် သူတို့သည် ပြင်ဆင်နိုင်ကြပါပြီ။ ထိုအခါမှစ၍ကျေးဇူးတော်နှင့် အမှန်တရားသည် သူတို့၏ စိတ်နှလုံးသားအိမ်ထဲမှာ ကိန်း အောင်းစိုးမိုးနေသဖြင့် တစ်ကိုယ်ကောင်းစိတ်ထားတို့သည်လည်း သူတို့မှကင်းဝေးပပျောက်ကြရလေသည်။

ထိုသူတို့၏ဘုရားသခင်နှင့် အနီးကပ်အကျွမ်းဝင်မိတ်သဟာယဖွဲ့ခြင်းအမှုကား၊ ကြီးမားဂုဏ်ယူဖွယ်ဖြစ်ပါ၏တကား။ ဧဝံဂေလိသတင်းကောင်းကို တိုက်ခိုက်လာမှု မှန်သမျှသည် ထိုသူတို့၏ အသည်းနှလုံးကို နုပ်နုပ်စဉ်းသကဲ့သို့ ခံစားစေသည်ဖြစ်ရကား၊ ခရစ်တော်အတွက်ဆိုလျှင် ရှိသမျှသော စွမ်းအားဖြင့် ရှုပ်ရှုပ်ခွံ့ခွံ့ အသုံးတော်ခံသက်သေပြုဟောကြားမြွက်ဆိုကာနတ်ဆိုးအင်အားစုကို

နှင့်တိုက်ပွဲဝင်ခဲ့ကြပါသည်။ သူတို့သည် များများမျှော်လင့်သောကြောင့်များများကြိုးစားလုပ်ဆောင်ကြ၏။ သူတို့၏ အမှန်တရားအသိစိတ်နှင့်ဆန့်ကျင်မှုမှန်သမျှကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းတို့ အချိုးညီကြီးထွားလာကြပုံမှာ ဘုရားသခင်၏အလိုတော်နှင့်ညီညွှတ်လှပေသည်။ အမှန်အားဖြင့် ယေရှုသခင်သည်သာလျှင်ဟောပြောပွဲရှိသမျှတိုင်း၏ ဆောင်ပုဒ်ပင်ဖြစ်တော့သည် မဟုတ်ပါလား။

သူတို့သည် ခရစ်တော်အကြောင်းကို ဟောပြောသက်သေခံသည်နှင့်အမျှ ထိုတရားစကားတို့သည် ကြားနာကြရသူတို့၏ နှလုံးသားအိမ်ကိုနူးညံ့ပျော့ပျောင်းစေပါ၏။ ကယ်တင်ပိုင်သူယေရှုအား ပြစ်တင်စော်ကား၊ ဆဲရေးတိုင်းထွာသောလူစုလူဝေးကြီးပင်လျှင် ယခုတွင် ကပ်တိုင်ပေါ်မှာ အသေခံခဲ့သောသခင်၏ တပည့်တော်များပါဟု မိမိတို့ကိုယ်ကို ဖေါ်ပြဝန်ချတောင်းပန်နေကြပါသည်။

တမန်တော်များသည် အလုပ်ကြမ်းနှင့်မကင်းကြပါ။ ပူဆွေးဝမ်းနည်းမှုအသရေဖျက်ခြင်းခံရမှုနှင့်နှိပ်စက်ညှင်းပန်းမှုတို့ကို ခုခံခဲ့ရပေသည်။ သို့ပါသော်လည်း ခရစ်တော်သခင်အတွက် ဤသို့ခက်ခဲမှု ဆင်းရဲခြင်းခံဖို့ရာဖိတ်ခေါ်ခြင်းခံရသည်ကိုပင် ဝမ်းမြောက်လျက်နေကြ၏။ သခင်၏အမှုတော်မြတ်မှာ သူတို့သည် အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အစေခံလိုကြ၏။

ခရစ်တော်သခင်အတွက် အောင်မြင်မှုကြီးကိုလည်း ကောင်းကင်၏ကျေးဇူးတော်ကြောင့် ဆွတ်ခူးရရှိခဲ့ကြပေသည်။ ယေရှုခရစ်တော်တည်ထားအုတ်မြစ်ချခဲ့သည့်အပေါ်မှာ တမန်တော်တို့သည် အသင်းတော်ကိုတည်ဆောက်ခဲ့ကြပါ၏။ ပေတရု၏ ဆိုစကားကိုကြားနာပါလေ။ "လူတို့ပယ်ထား၍ ဘုရားသခင်ရွေးချယ်တော်မူသော အသက်ကျောက်မြတ်တည်းဟူသော ထိုသခင်ထံသို့သင်တို့သည်ရောက်၍ အသက်ကျောက်များကဲ့သို့ အဆင့်ဆင့် အထပ်ထပ်တည်ဆောက်လျက်ရှိသဖြင့် အမှန်တရားတိုက်ဖြစ်ကြ၏။ ယေရှုခရစ်အားဖြင့် ဘုရားသခင်နှစ်သက်တော်မူရာ ယဇ်မီးရှို့မှုပြုသော သန့်ရှင်းသော ယဇ်ပုရောဟိတ်မျိုးလည်းဖြစ်ကြ၏။" (၁ပေ ၂း၄၊၅)။

တမန်တော်တို့သည် ဂျူးလူမျိုးနှင့်တစ်ပါးအမျိုးသားတို့သည် ကမ္ဘာ့ကျောက်ကျင်းဇရိယာမှာ ခရစ်ယာန်သာသနာကို ကြွေးကြော်နေကြပါ၏။ အုတ်မြစ်ချရန်"ကျောက်တို့ကို" စုသိမ်းရန်သည်မဟုတ်လော။ ပေါလုက "သင်တို့သည်တစ်ကျွန်းတစ်နိုင်ငံသားမဟုတ်၊ဧည့်သည်လည်းမဟုတ်။ သန့်ရှင်းသူတို့၏

အမျိုးသားချင်းဖြစ်ကြ၏။ ဘုရားသခင်၏ အိမ်တော်သားလည်းဖြစ်ကြ၏။တမန်တော်တို့မှစ၍ ပုရောဖက်များတည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏။ ထိုတိုက်ထောင့်အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ်သတည်း။ ထိုကျောက်နှင့်တစ်တိုက်လုံးသည်စေ့စပ်၍ ကြီးထွားသဖြင့် ဘုရားသခင်အဖို့အလို့ငှာ သန့်ရှင်းသော ဗိမာန်တော်ဖြစ်၏။" (ဧဖက် ၂း၁၉-၂၁)။

"ဘုရားသခင်၏ ကျေးဇူးတော်ကို ငါခံရသည်နှင့်အညီ၊ လိမ္မာသော ဗိသုကာကဲ့သို့ တိုက်မြစ်ကိုချပြီ။ အခြားသောသူသည် ထပ်ဆင့်၍တည်ဆောက်လ၏။ သို့ရာတွင် အဘယ်သို့ထပ်ဆင့်၍ တည်ဆောက်သည်ကို လူတိုင်းသတိပြုပါစေ။ အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော ချလျက်ရှိသောတိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်။"(၁ကော ၃း၁၀၊၁၁)။

ခေတ်အဆက်ဆက်တည်မြဲခိုင်မာသော ကျောက်ဆောင်ဟု သမုတ်ရမည့်ယေရှုခရစ်တော်အပေါ်မှာတမန်တော်တို့သည်တိုက်ကိုတည်ဆောက်ကြပါသည်။ ကျောက်များကိုတော့ ဤကမ္ဘာမှထွက်သောပစ္စည်းအဖြစ်အချောကိုင်၍ ထွင်းဆစ်ကာ စုသိမ်းကြရသည်။ ခရစ်တော်သခင်ကို ဆန့်ကျင်သောရန်သူများတို့ကြောင့်ထိုသူတို့၏အလုပ်သည်အလွန်မှပင်ခက်ခဲလှပေသည်။ထိုကျောက်ဆစ်သမားအမှုတော်ဆောင်တို့သည်တစ်ယူသန်သမားများ၊အစွဲအလမ်းကြီးသူများ၊မနာလိုဝန်တိုမုန်းတီးကြသူများနှင့်အပြိုင်အဆိုင်စကားနိုင်ထိုးကြရပေသည်။ ရှင်ဘုရင်နှင့်အစိုးရမင်းများ၊ ယဇ်ပုရောဟိတ်မင်းနှင့်နိုင်ငံရေးဗိသုကာရှင်များတို့သည်ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီးရန်ကြိုးစားကြ၏။သို့သော်လည်းသစ္စာရှိခိုင်မြဲသူခရစ်ယာန်တို့သည်ထိုဆောက်လုပ်ရေးလုပ်ငန်းကိုဆက်လက်၍လုပ်ကိုင်ကြသည်။

ဤသို့လျှင်အဆောက်အအုံကြီးသည် လှပတင့်တယ်ရှုမောဖွယ်ဖြစ်၍လာ၏။တစ်ခါတစ်ရံမှာအလုပ်အမှုဆောင်တရားဟောဆရာ၊ယုံကြည်သူသားသမီးတို့သည်ပတ်ဝန်းကျင်မှဂယက်ရိုက်ခတ်လာသည်အယူသီးမှုများကြောင့်မျက်စိကန်းလုနီးဖြစ်ခဲ့ရလေသည်။ဆန့်ကျင်သူအကျပ်ကိုင်လူတို့၏ကြမ်းကြုတ်မှု၊ရက်စက်မှုတို့ကိုလည်းခံရသဖြင့်ကြိုးပမ်းခဲ့လေသမျှဇာတ်မျောရတော့မလိုဖြစ်ခဲ့ရသည်။သို့သော်လည်းထိုဆောက်လုပ်ရေးသမားတို့သည်ဘုရားသခင်ကိုယုံကြည်အားကိုးစွဲလမ်းလျက်မိမိလုပ်ရသည့်အလုပ်အကိုင်ကိုသာရဲတင်းစွာဖိဖိစီးစီးဆက်လုပ်ကြပါသည်။

ဤသို့ဆက်လုပ်ရင်းနှင့်ဆောက်လုပ်ရေးဗိသုကာရှင်အမှုတော်ဆောင်များသည် တစ်ပါးပြီးလျှင်တစ်ပါးကျဆုံးခဲ့ရသည်။ သတေဖန်ဆိုလျှင် ကျောက်ခဲဖြင့်ပစ်သတ်ခံခဲ့ရ၏။ ယာကုပ်မှာ ဓါးဖြင့်ထိုးသတ်ခြင်းကိုခံခဲ့ရသည်။ ပေါလုကား ခေါင်းဖြတ်ခြင်းကိုခံခဲ့ရ၏။ ပေတရုသည် လက်ဝါးကပ်တိုင်ပေါ်တင်ရိုက်ခံကာ ဇောက်ထိုးချထားစေခဲ့၏။

ယောဟန်သည်လည်း ဆီပူဖြင့်အကြော်ခံလျက်ဘာမျှမဖြစ်သည်နောက်မှာ ပြည်နှင့်ဒဏ်ကိုခံခဲ့ရသည်။ သို့တိုင်အောင်လည်းအသင်းတော်သည်တိုးပွားလာ၏။ ကျဆုံးသူများ၏ နေရာမှာ ဆောက်လုပ်ရေး ဗသုကာပညာရှင်တရားဟောဆရာသစ်များနေရာယူကြကုန်၏။ ထိုအဆောက်အအုံကြီးလှပခိုင်ခံ့ပြီး စီရန်ကျောက်ကို တစ်တုံးပြီးလျှင်တစ်တုံးထပ်ဆင့်တည်ဆောက်သွားရသည်မှာ တာဝန်ဝတ္တရားပင်။

၄င်းနောက် ရက်စက်ကြမ်းကြုတ်သော နှိပ်စက်ညှင်းဆဲခြင်းသည်ရာစုနှစ်များစွာဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ၊ မိမိတို့၏လောကအသက်တာထက်ဘုရားသခင်၏ဗိမာန်တော်ကိုသာ၍ချစ်မြတ်နိုးသော ဘုရားသခင်၏တပည့်တော်တို့သည် တည်ဆောက်ရေးလုပ်ငန်းကိုလုပ်ဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသူများနှင့်လူတို့အား စာတန်နတ်ဆိုးမင်းသည် နည်းစနစ်အမျိုးမျိုးဖြင့် အနိုင်ယူဖို့ကြိုးစား၏။

သို့သော်လည်း ထိုသူတို့အား စာတန်သည် ဆီးထား၍မရပါချေ။ မိမိ၏ယုံကြည်ချက်ကို စောင့်ထိန်းသောသူတို့အား ဘုရားသခင်သည် ချီးမြှင့်တော်မူပါသည်။

မိမိတို့တာဝန်ထမ်းဆောင်ရာ အရပ်ဒေသများတွင် အသက်ပေးခဲ့ရသည်များရှိပါ၏။ သို့ပါသော်လည်း ဗိမာန်တော်တည်ဆောက်ရေးလုပ်ငန်းကြီးသည် ရှေ့သို့သာအမြဲချီနေပါသည်။

ဝေါလ်ဒင်စီများ၊ ဂျွန်ဝိကလစ်ဖ်၊ဟတ်စ်နှင့်ဂျရုမ်း၊ မာတင်လူသာနှင့်ဇင်ကလီ၊ ကရိမ္မယ်၊ လာတီမယ်၊ နော့မ်ခ်၊ ဟူဂရူးနော့တ်များ၊ ဂျွန်နှင့် ချားလ်ဝက်စလီညီအစ်ကိုများနှင့် အခြား သာသနာ့ခေါင်းဆောင်များစွာတို့သည် အုတ်မြစ်ချခံပစ္စည်းများအဖြစ် အသုံးတော်ခံခဲ့သကဲ့သို့ ထာဝရကာလ တစ်လျှောက်တွင်လည်း၊ သူတို့၏နာမည်မှာ မှတ်ကျောက်တင်ကျန်ရစ် နေလိမ့်မည်ဟုတ်လော။ ဘုရားသခင်၏နှုတ်ထွက်ကျမ်းစာကိုတိုင်းတစ်ပါးနိုင်ငံခြားဒေသများသို့

ခရစ်ယာန်သာသနာပြုရည်ရွယ်ချက်ဖြင့် ပုံစံအမျိုးမျိုးဆောက်ကာ ဖြန့်ဖြူးပေးကြသူတို့သည်လည်း အရေးကြီးနောက်ဆုံးသတင်းစကားအတွက် လမ်းချင်းပြင်ဆင်ပေးခြင်းပင်ဖြစ်ပါသည်။ ထိုသူတို့သည်လည်း တည်ဆောက်ရေးလုပ်ငန်းမှာ ပါဝင်ကြသူများဖြစ်ပေသည်။

နောက်ကြောင်းသမိုင်း၏ ရာစုနှစ်များစွာက ဖြစ်ရပ်မှန်တို့ကိုပြန်လှန်ကြည့်ပါ။ သုံးသပ်ပါ။ ဘုရားသခင်၏ ဗိမာန်တော်ကိုတည်ဆောက်သူတို့သည် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်ပေးခဲ့ပါသည်။ ခေတ်ကာလအဆက်ဆက်မှာ၌တန်ဖိုးမဖြတ်နိုင်သော ကျောက်သံပတ္တမြားရတနာအမှုတော်ဆောင်သက်သေခံတို့သည် ပြင်းပြသောဆန္ဒဖြင့် ခရစ်ယာန်တရားအလင်းကို ထွန်းလင်းစေကြပေလိမ့်မည်။ ဘုရားသခင်၏ ရွှေပညတ်တရားစစ်မှန်နှင့်အမှိုက်သရိုက်များယွင်းသောတရားတို့စပ်ကြား ကွာခြားမှုကြီးကို ဘုရားသခင်သည်ဖော်ပြသဖြင့် လူတို့သည် သိနားလည်လာကြပေလိမ့်မည်။

ကျွန်ုပ်တို့သည်ဆောက်လုပ်ရေးကိုမည်ကဲ့သို့ကူညီခြင်း

ပေါလု၊ အခြားသောတမန်တော်များနှင့်ဖြောင့်မတ်သူအပေါင်းတို့သည် ဘုရားသခင်၏ဗိမာန်တော်ကြီးကို မိမိတို့၏အစေခံခြင်းအတိုင်းအတာအလျောက် ဝိုင်းဝန်းကာတည်ဆောက်ခဲ့ကြပါသည်။ သို့ပါသော်လည်း အဆောက်အအုံကြီးသည် မပြီးပြတ်သေးပါ။ ယခုခေတ် နှစ်ဆယ့်တစ်ရာစုနှစ်မှာ အသက်ရှင်နေသောကျွန်ုပ်တို့သည် ဆက်လက်၍ ထိုလုပ်ငန်းစဉ်မှာပါဝင်တည်ဆောက်သွားရမည်ဖြစ်၏။

စမ်းသပ်မှုကို ခံနိုင်ရည်ရှိသောရွှေငွေနှင့် တန်ဖိုးကြီးကျောက်သံပတ္တမြားတို့ဖြစ်ရန် လိုအပ်ပေသည်။ ထိုကဲ့သို့ ဘုရားသခင်အတွက် တည်ဆောက်ရေးလုပ်ငန်းစဉ်မှာ ပါဝင်ပတ်သက်နေသောသူတို့အား ပေါလုသည် ဤသို့သောအားပေးစကားတို့ဖြင့် လုပ်ငန်းသက်သေကို ပြသခဲ့ပေသည်။ "ထိုတက်မြစ်အပေါ်၌ ထပ်ဆင့်၍ တည်ဆောက်သော အကြင်သူ၏ အလုပ်သည်မြဲ၏။ ထိုသူသည် အကျိုးကိုခံရလိမ့်မည်။ အကြင်သူ၏ အလုပ်သည် ကျွမ်းလောင်၏။ ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း မီးနှင့်လွတ်သကဲ့သို့ သူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။" (၁ကော ၃း၁၄၊၁၅)။ ထာဝရအသက်နှင့်ယှဉ်သော နှုတ်ထွက်ကျမ်းစာတော်ပါ ဧဝံဂေလိတရားတော်ကို သစ္စာရှိ

မြို့မြို့ရွာကိုင်၍ ဟောပြောဝေငှသက်သေခံသောသူ ခရစ်ယာန်သည် ခံနိုင်ရည်ရှိသော အုတ်မြစ်ချကျောက်ပစ္စည်းများကို စုသိမ်းပေးဆောင်သူဖြစ်ပေသည်။ ထိုသူသည်လည်း ကောင်းကင်နိုင်ငံတော်မှာ ပညာရှိသောဆောက်လုပ်ရေးဗိသုကာရှင်ဟု ချီးမွမ်းခြင်းကိုခံရပါလိမ့်မည်။

ယေရှုသည် မိမိ၏ တပည့်တော်တို့အား ခရစ်ယာန်သာသနာပြုခရီး ထွက်ရန် နှစ်ယောက်တစ်တွဲစေလွှတ်ခဲ့သကဲ့သို့ ယနေ့မှာလည်း ထိုသခင်သည် မိမိအသင်းတော်ရှိသင်းဝင်များကိုစေလွှတ်ကာခရစ်ယာန်သာသနာပြုစေပါသည်။ အကယ်၍သာ ထိုသူတို့သည် အချည်းနှီးလုပ်ဆောင်ရကြမည်မဟုတ်ပါ။

ယေရမိအားဘုရားသခင်က ဤသို့မိန့်တော်မူပါသည်။ "အကျွန်ုပ်သည် သူငယ်ဖြစ်ပါ၏ဟု မပြောနှင့်။ အကြင်သူရှိရာသို့သင့်ကို ငါစေလွှတ်၏။ ထိုသူရှိရာသို့သင်သွားရမည်။ အကြင်စကားကို ငါမှာထား၏။ ထိုစကားကိုသင်ဆင့်ဆိုရမည်။"

ထိုနောက်မှ ထာဝရဘုရားသခင်သည် မိမိလက်တော်ကိုဆန့်၍ မိမိအစေခံ၏ နှုတ်ကိုတို့လျက် "သင်၏နှုတ်၌ငါ့စကားကို ငါသွင်းထားပြီ" ဟုမိန့်တော်မူခဲ့ပါသည်။ (ယေရမိ ၁း၇၊၉)။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိက ပြောသောစကားတို့ကို ပြောရန်နှင့်ခရစ်ယာန်သာသနာခရီးသွားရန် အမိန့်တော်ချမှတ်နေပါပြီ။

ကျွန်ုပ်တို့၏ နှုတ်ပေါ်၌ သခင်၏တို့ထိခြင်းကို ကျွန်ုပ်တို့သည်ခံစားသိမြင်နိုင်ပါပြီလော။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိ၏ စိတ်သဘောနှင့်တန်ခိုးတော်အပေါင်းကိုဖေါ်ကျူးရန် ကျွန်ုပ်တို့အား စေခိုင်းနေပါသည်။ ဤလောကကမ္ဘာပေါ်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်အား ကိုယ်စားပြုရန်မှတစ်ပါး အခြားအဘယ်အရာကိုမျှ ကယ်တင်ပိုင်ရှင်သည် အလိုတော်မရှိတော့ပါပြီ။

အသင်းတော်သည် အမှန်တရာကိုကြွေးကြော်ရန် ဘုရားသခင်ခန့်အပ်ထားသောအင်အားစုကြီးတစ်ခုဖြစ်ပါသည်။ အကယ်၍သာ အသင်းတော်သည် ဘုရားသခင်အပေါ်သစ္စာရှိ၍ ဘုရားသခင်၏ပညတ်တော်အပေါင်းကိုသခင်အား ချစ်သောစိတ်နှင့် နားထောင်ကျင့်သုံးနေပါမူ၊ သူမအားဆန့်ကျင်မှုပြုမည့်အာဏာတန်ခိုးသည် ရှိနိုင်မည်မဟုတ်ပါ။

ဘုရားသခင်အဖို့ စိတ်အားကြီး၍ အမှုတော်မြတ်အတွက်ဧဝံဂေလိသာသနာပြုသက်သေခံထွက်သူတပည့်တော်စုတို့၌ ကြီးမားသောအင်အားတန်ခိုးများ

ရှိပါသည်။ ထိုစိတ်အားကြီးမှုသည် ကျွန်ုပ်တို့၏အတွင်းစိတ်၌ ခရစ်တော်သခင်၏ ပုံဝတ္ထုနှင့်လက်ဝါးကပ်တိုင်ပေါ်မှာ သက်စွန့်မေတ္တာ ပြသခဲ့ပုံကို ပြောချင်လှပါသည်။

မပြောဘဲ၊ သက်သေမခံဘဲမနေနိုင်ရလောက်အောင် သန့်ရှင်းသောဝိညာဉ်တော်မီးသည် စိတ်နှလုံးအိမ်ထဲမှာ လောင်ကျွမ်းနေပါ၏။ ခရစ်ယာန်တိုင်းသည် ခရစ်တော်သခင်အား စေ့စေ့ကြည့်ရှုခွန်အားယူရန်သာ မဟုတ်သေးပါ။ ထိုသခင်ခရစ်တော် တစ်ဖန်ကြွဆင်းလာခြင်းကို သူသည်လျင်မြန်စေပါလိမ့်မည်။ ခရစ်ယာန်သာသနာပြုသက်သေခံခြင်း အခွင့်ထူးကိုလည်း သူသည် တန်ဖိုးထားပါလိမ့်မည်။

အမှန်တရား၏ အောင်ပွဲခံခြင်းကိုမည်သည့်အရာကမျှ မရပ်တန့်စေနိုင်ခြင်း

အကယ်၍သာ အသင်းတော်သည် ခရစ်တော်ယေရှုသခင်၏သန့်ရှင်းဖြောင့်မတ်ခြင်းဝတ်ရုံကိုဝတ်ခြုံလျက်၊ ကမ္ဘာလောက၏ အညစ်အကြေးပေါင်းသင်းဆက်ဆံရေးအပေါင်းတို့မှ ကင်းရှင်းစွာရပ်တည်နေပါသော် သူမ (အသင်းတော်)၏နောင်ရေးမှာ ထွန်းတောက်သောနေ့တစ်ခု၏အရုဏ်ဆည်းဆာကဲ့သို့ ဖြစ်မည်။

အမှန်တရားသည် နည်းမျိုးစုံလင်စွာဖြင့်ငြင်းပယ်ခံဘဝမှာတချို့လူတို့၌ရှိနေပါသော်လည်း တစ်နေ့နေ့တစ်ချိန်ချိန်မှာ အောင်ပွဲဆင်နွှဲရမည်ကားဧကန်မုချပင်ဖြစ်၏။

ဘုရားသခင်၏ သတင်းစကားသည် ဆန့်ကျင်မှုနှင့်ဆုံတွေ့ရသောအခါ ဘုရားသခင်သည်ထပ်ဆင့်၍စွမ်းအင်ကိုပေးပါသည်။ ဘုရားသခင်၏စွမ်းအင်ပါဝင်သောကြောင့်လည်း အကြီးမားဆုံးဟန့်တားမှုများနှင့် ဆူးငြောင့်ခလုတ်များရှိနေပါသော်လည်း ထိုအရာတို့ကိုရှင်းပစ်ပယ်ရှားပေးပါလိမ့်မည်။

ဘုရားသခင့်သားတော်ယေရှုသခင်၏ပင်ပန်းနွမ်းနယ်၍ အသက်တော်ကိုစွန့်ခဲ့ရသောအမှုဖြစ်စဉ်အတွင်းမှာ အဘယ်အရာက ဘုရားသခင်အားစောင့်ထိန်းပေးနေပါသနည်း။ ကိုယ်တော်သည် ထာဝရကာလကို မျှော်ကြည့်သောအခါမိမိခံရသော ဆင်းရဲခြင်းခက်ခဲမှုကို မမှတ်မယူဘဲ မိမိ၏နှိမ့်ချသောသဘောကြောင့် အပြစ်ဖြေလွှတ်ခြင်းခံရပြီး ထာဝရအသက်သို့ ဝင်စားခွင့်ရသော သန့်ရှင်းသူများ၏ ပျော်ရွှင်မှုကိုတွေ့ရလေသည်။

ကျွန်ုပ်တို့၌လည်း နောင်ရေးအတွက်မျှော်မှန်းချက်ရှိနိုင်ပါသည်။ ထိုမျှော်မှန်းချက်ကား ကောင်းကင်နိုင်ငံတော်နှင့် စပ်ဆိုင်သောကောင်းချီးပင်ဖြစ်သတည်း။

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ထာဝရ မြို့တော်ကြီး၏လေ့ကားထစ်ဝင်ပေါက်မှာရပ်နေသဖြင့် ခရစ်တော်နှင့်အတူတွဲဖက်၍ သခင့်အစေခံခဲ့သောသူတို့အား ဖိတ်ခေါ်ကြိုဆိုလျက်နေသော စိတ်ချမ်းမြေ့စရာအသံတော်ကိုကြားနေရပါလိမ့်မည်။

"ငါ့ခမည်းတော်ထံ ကောင်းချီးကိုခံသော သူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သော နိုင်ငံကိုလာ၍ အမွေခံကြလော့"၊ ဟူသောစကားတော်ကိုမြွက်ဆိုနေစဉ်မှာ သန့်ရှင်းသူတို့သည် မိမိတို့၏ ကယ်တင်ရွေးနုတ်သူဘုရားသခင်၏ ခြေတော်ရင်းမှာ မိမိတို့၏ အသက်သရဖူတို့ကို ချထားကြကာ "အသေသတ်ခြင်းကို ခံခဲ့ပြီးသောသိုးသငယ်သည် တန်ခိုး၊ စည်းစိမ်ပညာ၊ အစွမ်းသတ္တိ၊ကျက်သရေ၊ကောင်းချီးတို့ခံထိုက်တော်မူ၏၊ဟုကြီးသော အသံနှင့်ပြောဆိုကြ၏။" (မဿဲ ၂၅း၃၄။ ဗျာ ၅း၁၂)။

ထိုနောက်မှ ကယ်တင်ရွေးနုတ်ခြင်းခံရသူတို့သည် မိမိတို့အားကယ်တင်ပိုင်ရှင်သခင်ယေရှုခရစ်တော်ထံတော်သို့ ပို့ဆောင်ပေးသော သူတို့ထံလှည့်၍ ကြိုဆိုစကားပြောကြားကာ အချင်းချင်းနှုတ်ဆက်ကြပါသည်။ ထိုမှလွန်သော် သန့်ရှင်းသူအပေါင်းတို့သည် ပေါင်းစည်း၍ လူသားတစ်နွယ်လုံးအတွက်အသက်ပေးကာ ကယ်တင်တော်မူခဲ့သော အရှင်သခင်ကို ချီးမွမ်းထောမနာပြုကြွေးကြော်ကြသည်။

ထိုကယ်တင်မှုကြီးကား လူအဖြစ်ကိုခံယူခဲ့သောဘုရားသခင်၏ အသက်နှင့်ရင်းခဲ့ရသည် မဟုတ်ပါလား။ တိုက်လှန်ပွဲကြီးပြီးသွားပါပြီ။စာတန်သည် ထာဝရပပျောက်သွား၍ ခရစ်တော်သခင်၏ နိုင်ငံတော်သည် အစဉ်အမြဲတည်နေပါပြီ။ အောင်မြင်ခြင်းသီချင်းသံတို့သည်လည်း ကောင်းကင်တစ်ခုလုံး၌ ပြည့်လျှံသွားပါတော့သည်။

ဤသူတို့သည် ကြီးစွာသော ဆင်းရဲအခက်အခဲအထဲကလွတ်မြောက်၍မိမိတို့ဝတ်ရုံကို သိုးသငယ်၏အသွေး၌ လျှော်၍ ဖြူစေသောသူဖြစ်ကြသတည်း။ ထိုကြောင့် ဘုရားသခင်၏ ပလ္လင်တော်တော်ရှေ့မှာ နေရာကိုရ၍ ဗိမာန်တော်၌

ဘုရားသခင်ကိုနေ့ညမပြတ် ဝတ်ပြုရကြ၏။ ပလ္လင်ပေါ်မှာ ထိုင်တော်မူသော သူသည် သူတို့တွင်တည်ရှိတော်မူမည်။. . . . . . . . . . . . . . . . . . . . . . . . ပလ္လင်တော်အတွင်း၌ရှိသော သိုးသငယ်သည် သူတို့ကိုလုပ်ကျွေး၍ အသက်စမ်း ရေတွင်းသို့ လမ်းပြလိမ့်မည်။ ဘုရားသခင်သည်လည်း သူတို့မျက်စိ၌ မျက်ရည် ရှိသမျှတို့ကို သုတ်တော်မူမည်ဟု ဆိုလေသည်။" (ဗျာ ၇း၁၄-၁၇)။

---ooo---